

www.burmeseclassic.com
အမှတ်(၂၅၂)၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ
ဂမ္ဘီရ
မဂ္ဂဇင်း
BURMESE CLASSIC
Graphic Design
Zay Phyo
09978816439
www.burmeseclassic.com

www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

## ပါဠိ-အနက်



သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။

အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလော-----င် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာ----င်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်အုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရှိသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ ဂင်္ဂါယ**-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နှောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-**အာဒရံ**-ရိုသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com



၁၉၉၅-ခုနှစ် ဩဂုတ်လတွင် စတင်ထုတ်ဝေသည့်

ဒီဒီး(နီကွန်)စိစစ်တည်းဖြတ်သည့်

# ဂမ္ဘီရ

မဂ္ဂဇင်း


**အကြံပေး**

ဦးစိန်မျိုးမြင့်

ဆရာ့ရန်အောင်ဟိန်း(B.Sc)

**အယ်ဒီတာ**

မောင်မောင်လတ်

အမှတ်(၂၅၂)၊ ၂၀၁၆ ဇူလိုင်လ


**၆။ မိုလ်တထောင်-ကိုဦး**

ဆင်တော်ဝပ်၍ ရွှေကြုတ်ဖွင့်ခဲ့သော စေတီတော်

**၁၄။ သစ္စာမင်းခေါင်**

ကိုလိုနီခေတ်အတွင်းက တည်ထားကိုးကွယ်ခဲ့ကြသည့် ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းကျေးရွာက ကိုးထပ်ကြီးဘုရားကြီး

**၁၈။ မောင်ထည်ဝါ(ပျော်ဘွယ်)**

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့၊ မြေငူကျွန်းပေါ်ရှိ သမိုင်းဝင် ဆံတော်ရှင်စေတီတော်မြတ်ကြီး

**၂၄။ ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)**

ဒေါ်ဦးဖွန်း၊ အိုဆာကာနှင့် သခင်မြမှသည် အာဂေဟာက်တောင်တော်သို့

**၃၄။ ရန်နိုင်**

ဘုရားကိုးဆူ (သို့မဟုတ်) ကိုးဆူဘုရား

**၃၈။ တက္ကသိုလ်မျိုး**

ဘန်ကောက်မြို့ ဗုဒ္ဓဝါဒနှင့် ဝိပဿနာ ကမ္မဋ္ဌာန်းတရား သင်ကြားပို့ချရာ ဗဟိုဌာန Wat Mahathat ဘုရားကျောင်းတော်

**၅၀။ နန္ဒာမောင်(သံဖြူဇရပ်)**

ကျောင်းတော်ကြီး(၁၈)ရပ်နှင့် ရာဇဂြိုဟ်မြို့ရိုးတံတိုင်း တောင်တန်းကြီးငါးသွယ်

**၅၆။ ကျော်ကျော်ဦး(ဒါးဘီး)**

အညာသိကောဖွဲ့သော

**၆၄။ မုံရွာ-နေစာ**

သစ်ငုတ်တိုလား ရဟန္တာလား

**၆၇။ တေအောင်**

ပုဒ်အာ

**၇၀။ ချစ်မင်းသူ**

ကြွေးမြီဟောင်းနှင့် ကြွေးမြီသစ်တို့ကို ပေးဆပ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com


၇၃။ ကိုရွှေမြသန်း(သမိုင်း)
မဆိုင်သူများနှင့် ပျော်ပါးခြင်း
၇၆။ နိုင်ငြိမ်း(အညာတက္ကသိုလ်)
နဝရတ်ကိုးသွယ် ဆင်စလွယ်နှင့်
၈၀။ သာထက်ဇော်(မကွေး)
နိမိတ်ရှာပြီး ဗေဒင်မှန်အောင်ဟောနည်း(၁)





၈၅။ မင်းနေထွန်း(ကန့်ဘလူ)
မျက်နှာမူပါ လာဘ်ရှိရာ
၈၈။ သုခစုစံ(ကျိုက်လတ်)
(၁၃၇၈)ခုနှစ် ပက္ခအဟောနှင့်
ယတြာ
၉၂။ မောင်ညာဏ်လင်း(တောင်ကုတ်)
ကံဖွင့်လျှင် ကံပွင့် ကံမြင့်စေတဲ့
ဂါထာများ
၉၇။ ကြည်ဝင်း(ဟသ်ာတ)
မဟော်သဓာ စစ်ထွက်ဂါထာ
၁၀၀။ ပုရောဟိတ် ဆရာဦးမြတ်စံ
ဖြဟ္မစိုရ် မေတ္တာလေးပါးအင်း
၁၀၄။ ပုရောဟိတ် ဆရာဦးမြတ်စံ
ပုတီးလက်ဆောင် အကြံအောင်
၁၀၈။ ဆရာကံထူး(ဝေဒသုတေသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ





၁၁၅။ ဆရာရန်အောင်
ဇမ္ဗူရီပရိုသတ်မေးချ မဖြေသည်
၁၂၀။ ဆရာရန်အောင်ဟိန်း(B.Sc)
ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လက်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား
၁၂၂။ မင်းမဟော်ညွန့်
နက္ခတ်ကောဇာ
ရက်မြတ်ကောင်း အချိန်အခါ
၁၂၈။ ဆရာရန်အောင်ဟိန်း(B.Sc)
နောက်ဆုံးတော့လည်း
လီယိုနာဒို ဒီကာပရီယို
အော်စကာဆုကြီး ရပါပြီ
၁၃၂။ ကြည်ဝင်း(ဟသ်ာတ)
ဓာတ်ပိဇ္ဇာဆရာကြီး ဦးစိန်ထွန်း၏
ဓာတ်စာတိုင်တွက်နည်း
၁၃၆။ ဟိန်း(ဘူမိ)
သွေးအားနည်းရောဂါနှင့်
သဘာဝကုထုံးနည်းများ
၁၄၀။ အဓိပတိ(အုန်းချော)
တစ်ဦးမေတ္တာ တစ်ဦးမှာ
၁၅၂။ အောင်ကျော်စွာ
ဆရာကြီးမြစကြာနှင့်
မန္တလေးတောင် မြွေကြီးနှစ်ကောင်သိုက်




www.burmeseclassic.com

www.burmeseclassic.com


၁၆၂။ မျိုးကြီး(အမရပူရာနေ)
ပဋ္ဌာန်းဆက်
၁၆၆။ ညီညီငြိမ်းချမ်း
စုန်းမီး
၁၇၀။ ဂျွန်ရလူမော်
သိုက်နန်းရှင်သခင်မနှင့် ထိုက်ဓာတ်ကား
၁၇၆။ မောင်လှယဉ်(မော်လမြိုင်)
ဆန်းကြယ်လွန်းသည့် ထိုအချစ်
၁၈၅။ စိုးယဉ်ထွန်း
အရုပ်တစ်ခု စိတ်ကိုးဆယ်
၁၉၂။ အာကာသ(သာစည်)
မိုက်မဲစွာ စိန်ခေါ်ပြ အချည်းနှီးသော မာန
၂၀၂။ ရှင်ထွေးအောင်
ဝိညာဉ်အလောင်းအစား
၂၀၆။ အသခ်ယာ
စက္ကန့်ပိုင်းအတွင်း
၂၁၄။ ကောင်းသော်
ထွက်တော်မူ နန်းကဗွာ
၂၂၀။ ကျော်မိုးလွင်
(ဝါးခယ်မ)
အမေ
ပုံပြင်မပြောခဲ့ပါ
၂၂၄။ ထွန်းတောက်
တောင်လမာအင်းဘေးက
ငွေယားတောင်သိုက်
၂၃၄။ သိန်းထွန်းသစ်
ကဝေစက်ဖြတ်ဆရာကြီး
၂၄၂။ တင့်ထူး(ဓေယျဝတီ)
ပျော်တတ်သော
သိုက်စောင့်
ဘိုးသူတော်
၂၄၈။ ဒါရိုက်တာမျိုးဇော်အောင်
ပွဲကျောင်းသား အဌ
၂၅၈။ ချစ်ဦးနိုင်
သရဲမနှင့်
လက်ထပ်မင်္ဂလာ
ဧည့်ခံပွဲ
၂၆၄။ မင်းသန့်ကျော်(ဇီးကုန်း)
ခရမ်းသီးနှစ်လုံးကြောင့် စုန်းပြုစားခြင်း
၂၇၂။ သျှင်ရဲထွဋ်(တောင်စွန်း)
သံသရာတစ်ကွေ့ဝယ်
၂၈၄။ ဝေယံလင်းခေါင်
မနုဿဆေးဆရာနှင့် ပေတဆေးဆရာ
၂၉၀။ ကျော်ဇော(စားကုန်)
ကိုယ်ကြမ္မာကိုယ် မကြည့်မိသော လက္ခဏာဆရာ
၃၀၁။ ကျော်ကျော်
အရိပ်များ၏အိမ်
၃၀၈။ ဆန်းဝင်း(အောင်မြေ)
ပရလောကသားနှင့် ကိုသာဘော်
၃၁၄။ မောင်ဒဿန(ဆင်ဖြူကျွန်း)
ဥပါဒါန်အစွဲအလမ်းများတွင်
စွမ်းအင်တစ်ရပ် ရှိနိုင်သလော
၃၂၂။ ကိုမောင်သန်းဝင်း
အမျိုးသမီး ဒရက်ကူလာ







**ထုတ်ဝေသူ** – ဦးသန်းဦး(မြဲ–၀၀၅၃၆) ၊ **ဂျွန်ရ** Logo – မောင်မောင်အောင် ၊ **မျက်နှာဖုံး** Graphic – ဇေမြိုး
**အတွင်းသရုပ်ဖော်** – ထွန်းအောင်၊ ဝင်းမြင့်အောင်၊ မောင်မြင့်ငြေး၊ မိုးကျော်၊ ညွန့်နိုင်လှ၊ AA။
**အတွင်းသားဖလင်**–STARS။ **တအုပ်ချုပ်**–အဂျေး။ **စောင်ရေ**–၅၀၀။ **တန်ဖိုး**–၂၀၀၀ ကျပ်
**မျက်နှာဖုံးပုံနှိပ်**–ဦးတိုးဝင်း(မြဲ–၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြဲ–၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
**အယ်ဒီတာအဖွဲ့ရုံး** ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၄၅ ၊ 📱 ၀၉၂၆၀၀၈၅၈၆၀




www.burmeseclassic.com

www.burmeseclassic.com

မိုလ်တာထောင်ကိုဦး

# ဆင်တော်ဝပ်၍ ရွှေကြုတ်ပွင့်ခဲ့သော စေတီတော်



ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဈေးအနီး၌ ရှေးဟောင်းသမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော်မြတ် ရှိလေသည်။ နှစ်ပေါင်းထောင်ကျော်ပြီဖြစ်သော စေတီတော်မြတ်သည် ထူးခြား၍ ထင်ရှားသော စေတီတော်ဖြစ်သည်။

နေ့စဉ် ဘုရားဖူးများဖြင့် စည်ကားလျက် ရှိပြီး အထူးသဖြင့် ဘုန်းပွင့်ကံပွင့် လာဘ်ပွင့်စေရန် မိဋ္ဌာန်၍ လာရောက်တရားအားထုတ်သူ များစွာရှိလေသည်။ စေတီတော် ဖြစ်တည်မှုအစမှာလည်း စိတ်ဝင်စားဖွယ်ရှိပြီး ဂမ္ဘီရစာဖတ်ပရိသတ်များ အသိပညာဗဟုသုတ ကြွယ်ဝစေရန် ရည်ရွယ်ရေးသားခြင်း ဖြစ်ပါသည်။

ရွှေဘုန်းပွင့်စေတီတော်သမိုင်းကြောင်း ရေးသားရန်အတွက် ကူညီပေးခဲ့ပါသော ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်အား ကျေးဇူးတင်ဝမ်းမြောက်ကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**__စေတီသမိုင်းအစ__**

**__ဥက္ကလာပမင်းမှ__**

ဥက္ကလာပမင်းကြီးသည်



www.burmeseclassic.com

www.burmeseclassic.com

မွန်တိုင်းဒေသကို အုပ်စိုးသောမင်းဖြစ်သည်။ ဘုန်းကံကြီးမားသော သာသနာပြုမင်း ဖြစ်သည်နှင့်အညီ နိုင်ငံ၏တောင်ဘက် ယခု တွံတေးမြို့၏ အရှေ့ဘက်၌ ပေါက္ခရဝတီမြို့ ရှိလေသည်။ ပေါက္ခရဝတီမြို့သား လှည်းတန်းကုန်သည် ဇနီးမောင်နှံဖြစ်သော သကာလနှင့် သတာပန်တို့မှ သားရတနာနှစ်ဦးဖြစ်သော တဖုဿနှင့် ဘလ္လိကညီနောင်နှစ်ဦးကို မွေးဖွားခဲ့သည်။ လူလားမြောက်၍ အရွယ်ရောက်လာသောအခါ မိဘတို့အား အနားပေးပြီးနောက် မိဘလုပ်ငန်းဖြစ်သော ကုန်သည်အလုပ်ကို ဆက်လက်တာဝန်ယူ လုပ်ကိုင်ခဲ့ကြသည်။

ထိုအချိန်၌ မဇ္ဈိမဒေသ အိန္ဒိယပြည်ဝယ် ဆန်တစ်ပြည်ကို ငွေအသပြာတစ်ပြည်ရကြောင်း သတင်းကြားရ၍ ညီအစ်ကိုနှစ်ဦးသည် လှည်းကုန်သည်ငါးရာကို ဦးဆောင်ပြီး ဆန်နှင့်တကွ အခြားပစ္စည်းများကို တင်ဆောင်ကာ မဇ္ဈိမဒေသသို့ သင်္ဘောဖြင့် ထွက်ခွာခဲ့ကြသည်။

မဇ္ဈိမဒေသ သင်္ဘောဆိပ်သို့ ရောက်ရှိပြီးနောက် လှည်းများ ငှားရမ်းကာ ပါလာသော ကုန်ပစ္စည်းများကို လှည့်လည်ရောင်းချကြ၏။

ထိုအချိန်၌ ဂေါတမမြတ်စွာသည် ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် ရာဇာယတန လင်းလွန်းပင်အောက်၌ သီတင်းသုံးနေတော်မူချိန်ဖြစ်သည်။


တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင် ဦးဆောင်သော လှည်းငါးရာတို့သည် မဟာဗောဓိပင်အနီးမှ ဖြတ်သန်းသွားခိုက် လွန်ခဲ့သော ငါးဘဝက အမိတော်စပ်ခဲ့ဖူးသည့် ဘုမ္မစိုးနတ်က လှည်းများအား မသွားနိုင်အောင် တားဆီးလေ၏။ ကုန်သည်ညီနောင်တို့က အကျိုးအကြောင်း မေးသောအခါ ဘုမ္မစိုးနတ်က ယခုအခါ မဟာဗောဓိပင်၏ တောင်မျက်နှာအရပ် ရာဇာယတန လင်းလွန်းပင်အောက်၌ ဘုရားရှင်သည် သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရရှိ၍ ဝိမုတ္တိသုခကို ခံစားနေတော်မူသည်။ ညီနောင်တို့သည် ဘုရားရှင်အား အာဟာရဖြင့် ဆက်ကပ်လုပ်ကျွေးကြလော့။



ရွှေဘုန်းပွင့်စေတီတော်မြတ်တွင်
တင်လှူပူဇော်ထားသည့်
စိန်ဖူးတော်အား အနီးကပ်မြင်ရစဉ်

ကောင်းကျိုးစီးပွားချမ်းသာကို ရရှိလိမ့်မည်ဟု ဆို၍ တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်သည် ပါရှိလာသော ထောပတ်၊ တင်လဲ၊ ပျားရည်တို့ဖြင့် ပြီးသည့် ပျားမုန့်ဆုပ်နှင့် ပျားမုန့်ကျွတ်တို့ကို စီမံပြီးနောက် ဘုရားရှင်ထံ သွားလေသည်။

ဘုရားရှင်ထံပါး ရောက်သောအခါ ပါလာသော



ရွှေဘုန်းပွင့်စေတီတော် အဝင်မုခ်ဦး

www.burmeseclassic.com



ဝက်ခေတ်ရာတန်ဆောင်းတော်အတွင်းရှိ
ရွှေဖယောင်းဘုရားရုပ်ပွားတော်များအား ဖူးမြော်ရစဉ်

ပျားမုန့်ဆုပ်တို့ကို ဆက်ကပ်လှူဒါန်းလေ၏။ ဘုရားရှင်သည် နတ်မင်းကြီးလေးပါး လှူဒါန်းထားသည့် သပိတ်လေးလုံးကိုထပ်၍ လက်တော်ဖြင့် ဖိလိုက်ရာ အနားလေးရစ် ပါရှိသော သပိတ်တစ်လုံးဖြင့် အလှူခံလေသည်။

ဘုဉ်းပေးသုံးဆောင်ပြီးနောက် တဖုဿ၊ ဘလ္လိကတို့အား တရားဟောကြားတော်မူ၏။

တရားတော်အဆုံး၌ ကုန်သည်ညီနောင်သည်-

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ..ဟု ဒွေဝါစိကသရဏဂုံကို ဆောက်တည်ကြကုန်၏။ ဒွေဝါစိကသရဏဂုံကို ဆောက်တည်ပြီးနောက် တပည့်တော်တို့ ကိုးကွယ်ဆည်းကပ်ပူဇော်ရန်အတွက် သင့်လျော်သော တစ်စုံတစ်ခုကို ပေးသနားတော်မူရန် တောင်းပန်လျှောက်ထားသဖြင့် ဘုရားရှင်လည်း လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကိုသပ်၍ လက်တော်၌ ပါရှိလာသော ဆံတော်ရှစ်ဆူကို ပေးသနားတော်မူလေသည်။ သိကြားမင်း စေခိုင်း၍ ဝိသကြုံနတ်သား ဖန်ဆင်းအပ်သော နဝရတ်စီ ရွှေကြုတ်တော်ဖြင့် ညီနောင်တို့က ခံယူတော်မူကြသည်။

ကုန်သည် ညီနောင်သည် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ဆံတော်ရှစ်ဆူကို ပင့်ဆောင်တော်မူ၍ မိုးဒါ့မြစ်၊ ဟူဂလီမြစ်အတိုင်း သင်္ဘောဖြင့် စုန်ဆင်းခဲ့ကြ၏။ ဇေယျဒီပကျွန်း၊ အဇ္ဈတ္တနာဂရမြို့ အကောက်ဆိပ်၌ အကောက်တော် ဝန်မင်းက ဆံတော်နှစ်ဆူကို အကောက်တော်အဖြစ် အဓမ္မသိမ်းယူတော်မူ၏။ ရှေ့သို့ခရီးဆက်ခဲ့ရာ နဂရာဇ်မော်အငူ (ယခု ပုသိမ်မော်တင်စွန်း) အရောက်၌ ဇေယျသေန နဂါးမင်းသည် သင်္ဘောကို ရပ်တန့်စေလျက် ဆံတော်နှစ်ဆူကို ကြည်ညိုတော်မူသဖြင့် ခိုးယူခဲ့လေ၏။

ညီနောင်နှစ်ဦးတို့သည် ဝမ်းနည်းကြေကွဲစွာဖြင့် ငိုကြွေးကာ သင်္ဘောကို ဆက်လက်ထွက်ခွာခဲ့ကြ၏။ ကုန်သည်ညီနောင်၏ ကြိုတင်သတင်းပို့မှုကြောင့် ဥက္ကလာပမင်းသည် ခေါဘဏီတပ်ခင်းကျင်း၍ စစ်ဗိုလ်ပေါင်း တစ်ထောင်ဖြင့် မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၅)ရက် စနေနေ့တွင် ဆံတော်ကြိုဆိပ်၌ ကြိုဆိုခဲ့ကြ၏။



မြန်မာမှုအနုပညာလက်ရာမြောက် ကိုးဆူတန်ဆောင်း

ကုန်သည်ညီနောင်သည် လမ်းတွင် ဆံတော်များ အဘင်းပင့်ဆောင်မှုနှင့် ခိုးယူခံ(ရ)... ...ကြ်ထားရာ ဥက္ကလာပမင်းမှ မြတ်စွာဘုရားရှင် ပေးသနားတော်မူသော ဆံတော်မြတ်ကို မိမိမှ ကိုးကွယ်

www.burmeseclassic.com


ထိုက်သူ ဖြစ်ပါက ဆံတော်အားလုံး မူလအတိုင်း ကိုးကွယ်ရပါလို၏ဟု မိန့်ဓွာန်တော်မူ၍ ကြုတ်တော်ကိုဖွင့်ရာ ဆံတော်ရှစ်ဆူကို အံ့ဖွယ် ဖူးတွေ့ရလေ၏။

ဗိုလ်တထောင်ဆိပ်ကမ်းအရပ်၌ ခြောက်လတိုင်တိုင် ပူဇော်ခံပြီးနောက် ဥက္ကလာပမင်းကြီးသည် ပရိသတ်ခြံရံလျက် ဆံတော်မြတ်ကို ရတနာဆင်တော်ဖြင့် မြောက်အရပ်စူးစူးသို့ ပင့်ဆောင်ခဲ့လေ၏။


ဝိဗ္ဗာရုပ်တုပုံတော် ပါရှိသော ငှက်မြတ်နားပုံစံ

ဆံတော်မြတ်ကို ပင့်ဆောင်လာစဉ် ယခု ရွှေဘုန်းပွင့်စေတီတော် တည်ထားရာ အရပ်သို့ ရောက်သောအခါ ရတနာဆင်တော်သည် ရှေ့သို့ဆက်၍မသွားတော့ဘဲ ဆင်တော်မှာ ဝပ်၍ ရပ်နားလေ၏။

မင်းကြီးနှင့် ကုန်သည်ညီနောင်သည် သင်္ကာမကင်းဖြစ်လျက် လမ်းတွင် ဆံတော်များ ခိုးယူခံရကြောင်း သတိရတော်မူ၍ မင်းမိန့်ဖြင့် ဆံတော်ကြုတ်ကို ဖွင့်စေ၏။ မူလအတိုင်း ဆံတော်ရှစ်ဆူမှာ ဖူးတွေ့ရပြီး ရောင်ခြည်တော်များ ကောင်းကင်၌ ကွန့်မြူးနေသည်ကို ထူးခြားအံ့ဩဖွယ် တွေ့မြင်ကြရလေ၏။ ၎င်းအရပ်ဒေသသည် မြေမျက်နှာပြင် ညီညာပြန့်ပြူးလျက် မင်္ဂလာဆင်တော် ဝပ်တော်မူ၍ သုံးရက်တိုင်တိုင် ပူဇော်ခံလေသည်။ ဆံတော်များ တစ်ထောက်ကိန်းဝပ်ရပ်နားရာ နေရာကို သာသနာ့အထိမ်းအမှတ်အဖြစ် ကျောက်တိုင် စိုက်ထူခဲ့၏။ နောင်အခါတွင် မင်္ဂလာဆင်တော် တစ်ထောက်ဝပ်နားခဲ့ရာ ဘူမိနက်သန်မြေနေရာတွင် စေတီတော်မြတ်တစ်ဆူ တည်ထားကိုးကွယ်တော်မူခဲ့၏။ ဗုဒ္ဓ၏ ဆံတော်မြတ် ပါရှိသော ရတနာကြုတ် ဖွင့်ခဲ့ရာ အရပ်ဒေသဖြစ်သောကြောင့် စေတီတော်ကို ရှေးအခါက ရွှေကြုတ်ဖွင့်စေတီတော်ဟု ခေါ်တွင်ကြကုန်၏။


ပုဏ္ဏိုလ်ထူးများ ကိန်းဝပ်ရာ တန်ဆောင်း


**<u>တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင် အတိတ်ဘဝကြောင်း</u>**

တဖုဿနှင့် ဘလ္လိက လောင်းလျာတို့သည် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ တစ်ဦးသောအမျိုးတွင် ပဋိသန္ဓေတည်တော်မူ၏။ အခါတစ်ပါး၌ ပဒုမုတ္တရမြတ်ဘုရားထံ တရားနာကြားစဉ် လူဒါယကာတို့တွင် အဦးဆုံး သရဏဂုံဆောက်တည်ခွင့်ရသော လူနှစ်ဦးအား ပထမ သရဏဂမန ဧတဒဂ်ဘွဲ့ ချီးမြှင့်တော်မူသည်ကို မြင်ရ၍ လောင်းလျာနှစ်ဦးတို့သည် တစ်ဆူဆူသော ဘုရားရှင်ထံတွင် ဤသို့သော ဧတဒဂ်ဘွဲ့မျိုး ရပါလို၏ဟု ကောင်းမှုကုသိုလ်ဖြင့် တောင်းဆုပြုတော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘဝပေါင်းများစွာ လူ၊ နတ်အဖြစ် ကျင်လည်ကြပြီး နောက် ဘုရားမပွင့်မီ သုညကမ္ဘာ၌ သုမနပစ္စေကဘုရားရှင်အား သစ်သီးကြီးငယ် လှူဒါန်း၍ ပါရမီတော်ဖြည့်ဆည်းကြကုန်၏။

သီခီမြတ်စွာဘုရားလက်ထက်၌ ပုဏ္ဏားအမျိုးတွင် သန္ဓေတည်လေ၏။ ဥဇီကသြဇီက မည်သော ကုန်သည်နှစ်ဦးသည် မြတ်စွာဘုရားအား ဦးဦးဖျားဖျား အာဟာရဆွမ်းလုပ်ကျွေးသည်ကို အားကျ၍ သတို့သားနှစ်ဦးသည် တိုင်ပင်ပြီးနောက် တစ်နေ့တွင် ဆွမ်းအလှူကြီးပေးလှူပြီး နောက် နောင်အခါ တစ်ဆူဆူသော ဘုရားရှင်အား ဦးဦးဖျားဖျား အာဟာရဆက်ကပ် လှူဒါန်းရပါလို၏ဟု ဆုတောင်းခဲ့ကြ၏။

ကဿပဘုရား လက်ထက်တော်၌ နွားအုပ်ထိန်းမျိုး ဂေါပါလကသူဌေး၏ သားများ ဖြစ်လာကြ၏။ သူဌေးသား ဘဝတွင်လည်း ရဟန်းသံဃာတော်တို့အား နေ့စဉ်နို့ဆွမ်းဖြင့် ဆက်ကပ်လှူဒါန်းကြကုန်၏။

ဂေါတမဘုရားရှင် မပွင့်မီ ဥက္ကလာဇနပုဒ် ပေါက္ခရဝတီ မည်သောမြို့၌ လှည်းကုန်သည်ကြီး အိမ်တွင် တဖုဿ၊ ဘလ္လိက ညီနောင်အဖြစ် မွေးဖွားခဲ့ကြ၏။

ဂေါတမမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကိုရပြီးနောက် ဥက္ကလာပမင်းအား ပေးအပ်ခဲ့၏။

ဘုရားရှင်သည် စကြဝဠာအနှံ့ လှည့်လည်တရားဟောတော်မူရင်း ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေစဉ် တဖုဿ၊ ဘလ္လိက ကုန်သည်ညီနောင်သည် တစ်ဖန် ရာဇဂြိုဟ်သို့ သွားရောက်၍ ဘုရားရှင်၏ တရားတော်ကို နာကြရာ တဖုဿသည် လူဒါယကာအဖြစ် သောတာပန်တည်လေ၏။ ဘလ္လိကကား ရဟန်းပြု၍ ဆဠဘိညာ ရဟန္တာ ဖြစ်တော်မူ၏။

အခါတစ်ပါး၌ ဂေါတမမြတ်စွာသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ဧတဒဂ်ရာထူး အသီးသီးချီးမြှင့်ဇတ်မူရာ တဖုဿနှင့် ဘလ္လိကညီနောင်သည် ရှေးဦးကိုးကွယ်ဆည်းကပ်ခြင်း သရဏဂုံအရာ၌ ဧတဒဂ်ဘွဲ့ထူး ချီးမြှင့်ခံရလေသည်။

**ရွှေကြုတ်ဖွင့်မှသည်**

ရာမညတိုင်း မွန်မင်းအဆက်ဆက်သည် ရွှေကြုတ်ဖွင့်စေတီတော်အား မွမ်းမံပြင်ဆင်၍ သူဌေးသူကြွယ် ဥပါသကာများကလည်း အစဉ်အဆက် ကိုးကွယ်ဆည်းကပ်ခဲ့ကြသည်။

နှစ်များစွာကြာလာသောအခါ စေတီတော်မှာ ပျက်စီးယိုယွင်းလျက် တောအတိဖုံးလွှမ်းကာ ပျောက်ကွယ်ခဲ့ရလေ၏။

သာသနာပြု ကြွလာကြသော ရဟန်းတော် နှစ်ပါးဖြစ်သည့် အရှင်သောဏနှင့် အရှင်ဥတ္တရ မထေရ်မြတ်ရဟန္တာ အရှင်နှစ်ပါးသည် အဘိညာဏ်စက္ခုဖြင့် ဗုဒ္ဓ၏ ဆံတော် ဓာတ်တော်များကို ရှာဖွေကြည့်ရှုတော်မူရာ ချုံနွယ်ပိတ်ပေါင်း လွှမ်းခြုံလျက် ရွှေကြုတ်ဖွင့်စေတီတော်ကို တွေ့တော်မူ၏။

ရှေးဟောင်းစေတီတော် ရွှေကြုတ်ဖွင့်စေတီကို ဗုဒ္ဓ၏ အဆုံးအမ၌ ကြည်ညိုလေးစားကြကုန်သော ဒါယကာ၊ ဒါယိကာမ ဥပါသကာများသည် စေတီတော်ကို ပြုပြင်မွမ်းမံပြင်ဆင်ပြီး ရဟန္တာနှင့် ဥပါသကာများက ဆံတော် မွေတော် အစစ်များ ထည့်သွင်းဌာပနာလျက် စေတီတော်မှာ အပျက်မှ အသစ်သို့ ရောက်ရှိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ရွှေဘုန်းပွင့်စေတီတော်

အောက်မြန်မာနိုင်ငံသည် (၁၈၅၂)ခုနှစ်မှစ၍ သူကျွန်ဘဝ ရောက်ရှိပြီးနောက် ဗြိတိသျှလူမျိုးတို့သည် ရန်ကုန်မြို့အား မြို့ကွက်အသစ်ရိုက်ကာ မြို့တော်အဖြစ် တည်ဆောက်ခဲ့၏။ ယခု ပုဇွန်တောင်ဟုခေါ်သော တောင်ကုန်းငါးကုန်းရှိရာ ပဇွန်တောင်းအရပ်ရှိ ချုံနွယ်ပိတ်ပေါင်းပြည့်နှက်ခဲ့သော မြေနေရာများကို ခုတ်ထွင်ရှင်းလင်းဖယ်ရှားကာ ဥယျာဉ်ခြံမြေများပြုလုပ်၍ စိုက်ပျိုးရေးလုပ်ကြသည်။

အိန္ဒိယနိုင်ငံမှ ရောက်လာသော ချစ်တီးလူမျိုး ဗုဒ္ဓဘာသာဝင် မူလိယပ္ပိသည် မြန်မာသက္ကရာဇ် (၁၂၁၄) ခုနှစ်၊ ခရစ်နှစ်(၁၈၅၂)ခုနှစ်တွင် ပဇွန်တောင်းအရပ်ရှိ မိမိပိုင် မြေများကို ခုတ်ထွင်ရှင်းလင်းရာမှ တောင်ကုန်းငယ်တစ်ခုတွင် စေတီဟောင်းတစ်ဆူကို တွေ့ရ၍ ဗုဒ္ဓဘာသာဝင် ဖြစ်သည်နှင့်အညီ နေ့စဉ် ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းကို ကပ်လှူတော်မူ၏။

မူလိယပ္ပိဥယျာဉ်ခြံအတွင်း ရှေးဟောင်းစေတီတစ်ဆူ ပေါ်လာကြောင်း သတင်းသည် ချက်ချင်းပျံ့နှံ့သွား၏။ ဗုဒ္ဓဘာသာဝင်တို့ သိရှိပြီး လာရောက်ဖူးမြော်ကြရာ အလွန်စည်ကားလှသည်။ ရှေ့နောက်မီသောလူကြီးများက ယင်းစေတီမှာ ရွှေကြုတ်ဖွင့်စေတီဖြစ်ကြောင်း ပြောပြ၍ မူလိယပ္ပိ သိရှိသွား၏။

တစ်နေ့တွင် မူလိယပ္ပိထံ ပိတ်ဖြူဝတ်သူတော်စင်တစ်ဦး ရောက်ရှိလာပြီး စေတီတော်ကို ပြန်လည်ပြုပြင်ရန် ပြောရာ မူလိယပ္ပိက မိမိမှာ ဆင်းရဲ၍ ခြံလုပ်ငန်း လုပ်ကိုင်ရသူဖြစ်သဖြင့် စေတီကိုမပြုပြင်နိုင်ကြောင်း ပြော၏။ ထိုအခါ သူတော်စင်က ပြုပြင်နိုင်သည့်အချိန်တွင် ပြုပြင်ပါမည်ဟု ကတိတောင်းသဖြင့် မူလိယပ္ပိက ကတိပေးလိုက်ရာ သူတော်စင်မှာ ထွက်ခွာသွားလေ၏။

ချစ်တီးလူမျိုး မူလိယပ္ပိသည် ခြံလုပ်ငန်းအပြင် အခြားကျပန်းအလုပ်များကိုလည်း လုပ်ကိုင်ရာ တစ်နေ့တခြား စီးပွားတိုးတက်လာ၏။ တစ်နေ့သောအခါ သူတော်စင် ရောက်ရှိလာပြီး မူလိယပ္ပိအား စေတီတော်ပြုပြင်ရန်ပြောရာ ချစ်တီးကုလားက စေတီတော်တည်ရန် မလုံလောက်မပြည့်စုံသေးကြောင်း ပြောသဖြင့် သူတော်စင်က မူလိယပ္ပိအား ရှိသည့်ငွေကြေးဖြင့် စေတီတော်ကို တည်စေ၍ ကျန်လိုအပ်သည့်ငွေအတွက် အသုံးပြုနိုင်ရန် ရွှေမန်ကျည်း



မဇ္ဈိမဒေသမှ ဆောင်ယူလာသော ဘုရားကြီး ပူဇော်ခဲ့သည့် ဒုံဖွယ်ဝိဇ္ဇာရုပ်တု




ဆုတောင်းပြည့်ဝသည့် ရွှေဘုန်းပွင့်ဘိုးဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com

တောင့်များ ပေးခဲ့သည်ဟု ဆို၏။

ထို့ကြောင့် မူလိယပွိုသည် ရွှေကြုတ်ဖွင့်စေတီတော်ကို ထီးတော်တင်ပြီးသည်အထိ ပြန်လည်တည်ထားနိုင်ခဲ့လေ၏။ စေတီတော်ကိုလည်း ရွှေကြုတ်ဖွင့်မှသည် ရွှေဘုန်းပွင့်စေတီဟု လူအများက ခေါ်တွင်ခဲ့ကြလေသည်။

**နတ်စင်တာရာဆရာတော်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်တွင် နတ်စင်တာရာဆရာတော် သီတင်းသုံးရာ ကျောင်းတိုက်ရှိ၏။ ဆရာတော်သည် အစဉ်သဖြင့် သက်သတ်လွတ် ဘုဉ်းပေးတော်မူ၏။ ဆရာတော်ကြီးကို ဒေဝံတေမိဇမနောမယ ဆရာတော်ဟုလည်း ခေါ်တွင်၏။

ဆရာတော်သည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ စေတီပုထိုးဟောင်းများအား ပြုပြင်တော်မူ၍ သာသနာပြုဆောင်ရွက်လျက်ရှိ၏။

(၁၉၂၈)ခုနှစ် မိုးရာသီတစ်နေ့တွင် ပဲခူးငလျင်ကြီးလှုပ်ခတ်မှုနှင့်အတူ ချစ်တီးလူမျိုး မူလိယပွိ တည်ထားခဲ့သော ရွှေဘုန်းပွင့်စေတီတော်မှာ အင်္ဂတေများ အက်ကွဲကာ စေတီတော်ပျက်ခဲ့ရသည်။ မနောမယနတ်စင်တာရာ ဆရာတော် ကြားသိတော်မူသောအခါ ကြွရောက်လာခဲ့ပြီး စေတီတော်ဂေါပကအဖွဲ့ဝင် လူကြီးများနှင့် တိုင်ပင်ညှိနှိုင်း၍ စေတီတော်ကို ခြုံငုံကာ အသစ်ပြန်လည် တည်ထားခဲ့လေသည်။


မနောမယနတ်စင်တာရာ ဆရာတော်ကြီးသည် မိဋ္ဌာန်ပြုလျက် ရွှေဘုန်းပွင့်စေတီတော်မြတ်ကို ဉာဏ်တော်၌ ပေါ်လာသည့် ပုံတော်အတိုင်း စေတီတော်ကို တည်ထားတော်မူခဲ့သည်။ ဆရာတော်၏ သီလ၊ သစ္စာ၊ တန်ခိုးတော်ကြောင့် ရွှေဘုန်းပွင့်စေတီတော်မှာ ယနေ့ မြင်တွေ့နေရသည့်အတိုင်း ကြည်ညိုသပ္ပာယ်စွာဖြင့် အသစ်ပြန်လည်တည်ထားနိုင်ခဲ့သည်။

ဆရာတော်သည် စေတီတော်၏ ထီးတော်၊ ငှက်မြတ်နားတော်၌ ဓာတ်သားဖြင့် ပြုလုပ်ထားသော ဝိန္ဓာရုပ်တုတစ်ခုကို ထည့်သွင်းလှူဒါန်းခဲ့သည်။ ထိုဓာတ်သားဝိန္ဓာရုပ်တုမှာ ထိုအခါက ငွေကျပ်နှစ်ရာသာ တန်သည်ဟု ဆို၏။

မကြာမီနှစ်များဆီက ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့သည် စေတီတော်၌ လှူဒါန်းထားရှိသည့် ရွှေ၊ ငွေ၊ ကျောက်သံရတနာများကို ပြန်လည်စစ်ဆေးကြည့်ရှုခဲ့ရာ အံ့ဖွယ်အဖြစ်ဆန်းနှင့် ကြုံခဲ့ရ၏။ မနောမယနတ်စင်တာရာ ဆရာတော် စီမံပြုလုပ်ထားသော ဓာတ်သားဝိန္ဓာရုပ်တုငယ်မှာ လှူခဲ့စဉ်က ရွှေမဟုတ်ဘဲ ဓာတ်သားအစစ်ဖြစ်၏။ ယခုအခါ ထိုဝိန္ဓာရုပ်တုငယ်မှာ ရွှေအတိပြီးသော ရွှေစင်ပုရပိုက်ခေါက်အဖြစ် ဝင်းဝင်းဝါဝါ တွေ့မြင်ကြရလေသည်။

**ဘက်စုံတည်ဆောက်ပြုပြင်မွမ်းမံခြင်း**

(၁၃၀၁)ခုနှစ်၊ တပေါင်းလတွင် ရွှေဘုန်းပွင့်စေတီတော်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ခေါင်းလောင်းဘုံအောက် ကြေးခွေ(၃)ရစ်အထိ ရွှေသင်္ကန်းကပ်လှူခဲ့သည်။ ထိုစဉ်က စိန်ဖူးတော်သည် မိုးကြိုးသား၊ ငှက်မြတ်နားတော်သည် ရွှေရည်စိမ် ငွေသားဖြစ်လေသည်။


စေတီတော်ဂေါပကဥက္ကဋ္ဌ ဦးတင့်လွင်က ရှင်းလင်းပြောကြားစဉ်

(၁၃၀၉)ခုနှစ်၊ တန်ခူးလပြည့်ကျော်တွင် ဒုတိယအကြိမ်မြောက် စေတီတော်အား ရွှေသင်္ကန်းကပ်လှူခဲ့ရာ၌ စိန်ဖူးတော်မှာ မိုးကြိုးမှသည် ရွှေအထိ တင်လှူနိုင်ခဲ့လေ၏။

ရွှေဘုန်းပွင့်စေတီတော်သည် ယခင်အခါများက ဘုရားပရိဝုဏ်ရင်ပြင်တော်မှာ ကျဉ်းမြောင်း၍ တရားဘာဝနာ ကျင့်ကြံအားထုတ်

www.burmeseclassic.com

www.burmeseclassic.com



အသစ်ထပ်မံပြုပြင်မွမ်းမံလျက်ရှိသော သာသနဗေဟိကဓမ္မာရုံ

သူများသာရှိခဲ့၏။ (၁၉၉၀-၉၁) ခုနှစ်တွင် စေတီတော် ဘက်စုံ တည်ဆောက် ပြုပြင်ခဲ့ရာ ဦးစွာ ဘုရားရင်ပြင်တော်ကို ချဲ့ထွင်၍ မုခ်ဦးလေးခု တည်ဆောက်ခဲ့၏။ မဟာရံတံတိုင်းကိုလည်း အသစ် ပြန်လည် ကာရံခဲ့လေသည်။ စက်တော်ရာတန်ဆောင်းကြီးအတွင်း ယိုယွင်းပျက်စီးနေပြီ ဖြစ်သည့် အမိုးမျက်နှာကြက်များကို ပြန်လည်ပြုပြင်ခဲ့လေသည်။

(၂၀၀၁-၂၀၀၂)ခုနှစ်တွင် ဒုတိယအကြိမ် စေတီတော်အား လုပ်ငန်းကြီး(၅)ရပ် ချမှတ်အကောင်အထည်ဖော်ခဲ့သည်။

(၁) စိန်ဖူးတော်၊ ငှက်မြတ်နားတော် ပြန်လည်ပြုပြင်ရန် နှင့် ရတနာစာရင်းကောက်ယူခြင်းလုပ်ငန်း၊

(၂) စေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း၊

(၃) ဓမ္မာရုံအသစ် တည်ဆောက်ခြင်းနှင့် အာရုံခံတန်ဆောင်းဟောင်း ဖျက်သိမ်းခြင်းလုပ်ငန်း၊

(၄) အတွင်းရင်ပြင်တော် ကျောက်ပြားခင်းခြင်းလုပ်ငန်း၊

(၅) အပြင်ပတ်လမ်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း... စသည်တို့ ဖြစ်ပါသည်။

ခေတ်အဆက်ဆက် စေတီတော်ကြီးအား ပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ခြင်းကြောင့် ယနေ့ကာလတွင် ရွှေဘုန်းပွင့်စေတီတော်မြတ်မှာ ကြည်ညိုသပ္ပာယ်တင့်တယ်စွာဖြင့် ဘုရားဖူးများစွာ စည်ကားလျက်ရှိပါသည်။ စေတီတော်ရင်ပြင်၌လည်း သာသနိကအဆောက်အအုံများသည် မြန်မာမှုအနုပညာလက်ရာမြောက်စွာ တွေ့မြင်နေရပါသည်။

ဂေါပကအဖွဲ့သည် သတ္တမအကြိမ် ဘက်စုံပထမပိုင်းလုပ်ငန်းများကို (၂၀၁၅)ခုနှစ်၊ အောက်တိုဘာလမှစ၍ ဆောင်ရွက်လျက်ရှိပါသည်။ အဓိကအားဖြင့် စေတီတော်ကြီး ကြံ့ခိုင်ရေးကို အထူးသဖြင့် ဦးစားပေး ဆောင်ရွက်ခဲ့သည်။

ငလျင်လှုပ်ခတ်သည့်အခါ စေတီတော်၏ အားအနည်းဆုံးနေရာဖြစ်သော ငှက်ပျောဖူးအောက် ဖောင်းရစ်နေရာသည် ပြိုကျပျက်စီးမှု အများဆုံးဖြစ်တတ်သောကြောင့် ယင်းနေရာပတ်လည်တွင် ခြောက်လက်မပတ်လည်ရှိသော ကာဗွန်ဖိုက်ဘာပြားများဖြင့် အစားထိုး ခတ်ဆင်ထားပြီး ဖြစ်ပါသည်။

သတ္တမအကြိမ် ဒုတိယပိုင်းလုပ်ငန်းများအဖြစ် စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ စေတီတော်ရှိ ဆင်းတုတော်အားလုံးနှင့် အရံစေတီတော်တို့ကို ရွှေသင်္ကန်းကပ်လှူခြင်း၊ သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

အလှူရေစက် လက်နှင့်မကွာ လှူဒါန်းလိုကြသော ပုဂ္ဂိုလ်များသည် ဂေါပကအဖွဲ့ရုံး ဖုန်း(၀၁)၂၉၀၄၂၅၊ (၀၁)၂၉၄၀၁၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဘုရားဖူး တရားဘာဝနာရှုမှတ်လျက် ဆုတောင်းပြည့်ဝသော ရွှေဘုန်းပွင့်ဘိုးဘိုးကြီးထံ လာရောက်ဆုတောင်းရင်း တစ်ခေါက်တစ်ခါ ရောက်အောင်လာခဲ့ပါဟု ဖိတ်ခေါ်ရင်း...။

ခုနှစ်နေ့သားသမီးများ
ဘေးဘယာကင်းဝေးကြပါစေ
**မိုလ်တာထောင်ကိုဦး**

**မှီငြမ်း**

သုသုက ပြုစုသည့် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသမိုင်း အကျဉ်းချုပ်။



www.burmeseclassic.com

www.burmeseclassic.com

သစ္စာမင်းခေါင်

# ကိုလိုနီခေတ်အတွင်းက တည်ထားကိုးကွယ်ခဲ့ကြသည့်

ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းကျေးရွာက

# ကိုးထပ်ကြီးဘုရားကြီး

မြန်မာနိုင်ငံသည် နယ်ချဲ့ဗြိတိသျှတို့၏ ကိုလိုနီဘဝ ကျရောက်နေစဉ်ကာလက မြန်မာတို့၏ အမျိုး၊ ဘာသာ၊ သာသနာသည် လွန်စွာညှိုးနွမ်း ထိခိုက်ခဲ့ရ၏။ နယ်ချဲ့တပ်များသည် မြန်မာဗုဒ္ဓဘာသာဝင်တို့ အမြတ်တနိုး ကိုးကွယ်ပူဇော်ကြသော ဗုဒ္ဓရုပ်ပွားတော်များကို ရိုက်ချိုးဖျက်ဆီးခြင်း၊ ကြေးဆင်းတုတော်များကို လက်နက်ခဲယမ်း ပြုလုပ်ရန် အရည်ကျိုပစ်ခြင်း စသည်တို့ကို ရိုင်းပျစွာ ပြုလုပ်ခဲ့ကြ၏။ နယ်ချဲ့ဗြိတိသျှတို့က မြန်မာတို့၏ အမျိုး၊ ဘာသာ၊ သာသနာကို ထိုကဲ့သို့ ဖိနှိပ်ချိုးနှိမ်ခဲ့ကြသော်လည်း မြန်မာနိုင်ငံတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားပြည်သူတို့သည် မိမိတို့၏ ဘာသာ၊ သာသနာကို မမေ့မပျောက်ဘဲ ဘုရား၊ စေတီ၊ ပုထိုးများကို မြန်မာနိုင်ငံအနှံ့အပြား၌ တည်ထားပူဇော် ကိုးကွယ်ခဲ့ကြလေ၏။ ထို့အတူ ကျောက်တန်းမြို့၏ အရှေ့တောင်ဘက် (၁၂) မိုင်အကွာတွင် တည်ရှိသော မင်္ဂလွန်းကျေးရွာမှ ဗုဒ္ဓဘာသာဝင် ကျေးရွာသူ ,ကျေးရွာသားတို့သည်လည်း လက်ရှိမိမိတို့ ရွာသူရွာသားများ ကြည်ညိုပူဇော် ကိုးကွယ်နိုင်ကြစေရန်နှင့် နောင်အစဉ်အဆက်သော ရွာသူရွာသားတို့သည်လည်း ကိုးကွယ်ကြည်ညိုနိုင်ကြစေရန်ဟူသော ကောင်းမြတ်သည့်စိတ်ဆန္ဒဖြင့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို မိမိတို့ကျေးရွာ၌ တည်ထားရန် စီစဉ်ဆောင်ရွက်ခဲ့ကြလေ၏။ ထိုသို့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တည်ထားရန် စီစဉ်ဆောင်ရွက်ခြင်းကို မင်္ဂလွန်းကျေးရွာ အရှေ့ကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော် 'ဦးရာဇိန္ဒက နာယကအဖြစ် ဦးဆောင်ခဲ့၏။

## ဘုရားတည်ရန် ချွေးနဲ့စာမှ ထည့်ဝင်လှူဒါန်းကြခြင်း

မင်္ဂလွန်းကျေးရွာသူ ကျေးရွာသားတို့သည် နယ်ချဲ့လက်အောက် ကျရောက်နေကြရသော်လည်း မိမိတို့၏ ဘာသာ၊ သာသနာကို မမေ့ဘဲ မိမိတို့၏ကျေးရွာ၌ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တည်ထားနိုင်ရန်အတွက် လိုအပ်သော ငွေကြေးကို မိမိတို့၏ ချွေးနဲ့စာမှ သဒ္ဓါတရားထက်သန်စွာဖြင့် ထည့်ဝင်လှူဒါန်းခဲ့ကြလေ၏။




ကိုးထပ်ကြီးဘုရားသို့ အဝင်မုခ်ဦး

## ရုပ်ပွားတော်စတင်တည်ထားခြင်း

လွန်ခဲ့သောနှစ်ပေါင်း(၁၀၆)နှစ်၊ မြန်မာသက္ကရာဇ် (၁၂၇၁)ခုနှစ်၊ တန်ခူးလဆုတ် (၇)ရက်နေ့တွင် မင်္ဂလွန်းကျေးရွာ အရှေ့ကျောင်းတိုက်အနီး၌ ရုပ်ပွားတော်ကို စတင်တည်ထားခဲ့ကြပြီး မြန်မာသက္ကရာဇ်(၁၂၇၁)ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက်နေ့တွင် ရုပ်ပွားတော်ကို တည်ထားပြီးစီးခဲ့၏။ ရုပ်ပွားတော်မှာ ထိုင်တော်မူရုပ်ပွားတော်ဖြစ်ပြီး ဉာဏ်တော်အမြင့်မှာ (၃၄)တောင် (၁)မိုက် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုလိုနီခေတ်အတွင်းက တည်ထားခဲ့သည့် နှစ်ပေါင်း(၁၀၆)နှစ်သက်တမ်းရှိ ကိုးထပ်ကြီးဘုရားအား အနီးကပ်ဖူးတွေ့ရစဉ်

**စာတ်တော်များဌာပနာခြင်း**

အဆိုပါရုပ်ပွားတော်တွင် ဓာတ်တော်ပေါင်း(၁၇၀၀)ကျော်ကို ဌာပနာထည့်သွင်းခဲ့ကြပြီး ရွာသူရွာသားများ လှူဒါန်းသော ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများကိုပါ ဌာပနာထည့်သွင်းကာ လှူဒါန်းပူဇော်ခဲ့ကြလေ၏။

**ဘွဲ့တော်ဆက်ကပ်ခြင်း**

အဆိုပါ ရုပ်ပွားတော်၏ ဘွဲ့တော်ကို ဆရာတော်ကြီးများ၊ နက္ခတ်ဗေဒင်ပညာရှင်များ၏ ဆုံးဖြတ်ချက်အတိုင်း မဟာအတုလဦးသျှောင် ကိုးထပ်ကြီးဘုရားဟူ၍ ဘွဲ့တော်ဆက်ကပ်ခဲ့ကြ၏။

**ဒေါက်တာဘမော် ကြွရောက်ခြင်း**

ဖော်ပြပါ ကိုးထပ်ကြီးဘုရား၏ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကို မြန်မာသက္ကရာဇ်(၁၂၇၁)ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပခဲ့ရာ ထိုစဉ်က မြန်မာနိုင်ငံ၏ အဓိပတိဒေါက်တာဘမော်ကိုယ်တိုင် ကြွရောက်ခဲ့၏။

**ဂန္ဓကုဋိတိုက်တော်အသစ် ပြန်ဆောက်ခြင်း**


နှစ်ပေါင်းရှည်ကြာ၍ ဟောင်းနွမ်းလာပြီဖြစ်သော အဆိုပါကိုးထပ်ကြီးဘုရား၏ ဂန္ဓကုဋိတိုက်တော်ကို ခရစ်နှစ်(၂၀၀၆)ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့တွင် မင်္ဂလွန်းကျေးရွာ၏ အရှေ့ကျောင်းတိုက်ဆရာတော် ဦးဆောင်ပြီး ဂန္ဓကုဋိတိုက်တော်အသစ် ပြန်ဆောက်ခဲ့ကြ၏။ ယခုအခါ ဂန္ဓကုဋိတိုက်တော်အသစ်၌ ကိန်းဝပ်စံပယ်နေသော အဆိုပါ ကိုးထပ်ကြီးဘုရားရုပ်ပွားတော်ကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်ကြပါ၏။

**ဂန္ဓကုဋိတိုက်တော်အတွင်းရှိ ရှေးဟောင်းရုပ်ပွားတော်များနှင့် မင်္ဂလာစည်တော်ကြီး**

ဖော်ပြပါ ကိုးထပ်ကြီးရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိတိုက်တော်အတွင်းတွင် အဆူဆူသော ရှေးဟောင်းရုပ်ပွားတော်များကိုလည်း သပ္ပာယ်စွာ ဖူးတွေ့နိုင်ပြီး မွေ့သဘင်အခမ်းအနားများ၊ အလှူမင်္ဂလာအခမ်း အနားများ၌ တီးခတ်လေ့ရှိသော သက်တမ်းနှစ်ပေါင်း(၁၀၀)ကျော်ရှိ မင်္ဂလာစည်တော်ကြီးကိုလည်း ထူးခြားစွာ တွေ့မြင်နိုင်ကြပါ၏။

**ကျောင်းထိုင်ဆရာတော် အဆက်ဆက်က ထိန်းသိမ်းစောင့်ရှောက်ခြင်း**

ယခုအခါ နှစ်ပေါင်း(၁၀၆)နှစ် သက်တမ်းရှိပြီဖြစ်သော အဆိုပါ ကိုးထပ်ကြီးဘုရားရုပ်ပွားတော်ကို မင်္ဂ



မင်္ဂလွန်းကျေးရွာက ကိုးထပ်ကြီးဘုရားသို့ အဝင်တံခါး

www.burmeseclassic.com

www.burmeseclassic.com




ကိုးထပ်ကြီးဘုရား၏ ဂန္ဓကုဋိတိုက်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ

လွန်းကျေးရွာ၊ အလယ်ကျောင်းတိုက်၌ အစဉ်အဆက် သီတင်းသုံးခဲ့ကြသော ဦးရာဇိန္ဒ၊ ဦးစက္ကိန္ဒ၊ ဦးတိလောက၊ ဦးသောဘိတ၊ ဦးကုဿလာစာရ စသည့် ကျောင်းထိုင်ဆရာတော်များက ထိန်းသိမ်းစောင့်ရှောက် ပြုပြင်ခဲ့ကြ၏။

**ကိုးထပ်ကြီးဘုရား၏ နှစ်(၁၀၀)ပြည့်ပွဲတော်**

ကိုလိုနီခေတ်တွင်းက တည်ထားခဲ့သော အဆိုပါ မဟာအတုလဦးသျှောင် ကိုးထပ်ကြီးဘုရား၏ နှစ်(၁၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကိုလည်း မြန်မာသက္ကရာဇ်(၁၃၇၁)ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြ၏။



ကိုးထပ်ကြီးဘုရားအား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ဆရာတော် ဦးကုဿလာစာရအား သက်တမ်းနှစ်ပေါင်း(၁၅၀)ကျော်ရှိ မဂ်လွန်းကျေးရွာ အလယ်ကျောင်းတိုက်၏ ရှေ့ဘက်၌ ဖူးမြင်ရစဉ်

**မြေငလျင်ကြောင့် ကိုးထပ်ကြီးဘုရား၏ ဦးခေါင်းတော် ပြတ်ကျခြင်း**

အဆိုပါ ကိုးထပ်ကြီးဘုရား တည်ထားပြီး နှစ်ပေါင်း(၂၆)နှစ်အကြာ မြန်မာသက္ကရာဇ်(၁၂၉၇)ခုနှစ်၊ ကဆုန်လဆန်း (၉)ရက်နေ့ ညတွင် ပြင်းထန်စွာလှုပ်ခတ်သော မြေငလျင်ကြောင့် ဘုရားကြီး၏ ဦးခေါင်းတော်မှာ ပြတ်ကျပြီး မြေခခဲ့ရလေ၏။ ထိုသို့ ပြတ်ကျမြေခခဲ့ရသော ဦးခေါင်းတော် နေရာတွင် ဦးခေါင်းတော်အသစ်ကို ပန်းရန်၊ ပန်းပု ဆရာကြီးများ ငှားရမ်းပြီး အသစ်တစ်ဖန် ထုလုပ်တပ်ဆင်ခဲ့ကြ၏။

**ကျိုက်ထီးရိုးစေတီ တည်ထားခြင်း**

မြေငလျင်ကြောင့် အဆိုပါ ကိုးထပ်ကြီးဘုရား၏ ဦးခေါင်းတော်မှ ပြိုကျလာခဲ့သည့် အုတ်များဖြင့် ဘုရားကြီး၏ အနောက်ဘက်တွင် ကျိုက်ထီးရိုးစေတီကို တည်ထားခဲ့ကြလေ၏။

(၇)နေ့သားသမီးတို့သည် မိမိတို့၏ နေ့နံအလိုက် ယင်းစေတီမှာ အဓိဋ္ဌာန်ဝင် ဆုတောင်းပါက လွန်စွာ ဆုတောင်းပြည့်သည်ဟု ဆို၏။

**ကြည်ညိုဖွယ်ဖူးမြော်နိုင်**

ကိုလိုနီခေတ်တွင်းက နယ်ချဲ့လက်ကိုင်တုတ် စစ်ပုလိပ်တို့၏ နှောင့်ယှက်ဟန့်တားမှု အမျိုးမျိုးကြားမှနေ၍ မဂ်လွန်းကျေးရွာသူကျေးရွာသားတို့က ဘာသာ၊ သာသနာ စိတ်ဓာတ်ပြည့်ဝစွာဖြင့် တည်ထားကိုးကွယ်ခဲ့ကြသော အဆိုပါ ကိုးထပ်ကြီးဗုဒ္ဓရုပ်ပွားတော်အား ယခုအခါ သစ်လွင်ခံ့ညားသော ဂန္ဓကုဋိတိုက်တော် အတွင်း၌ ကိန်းဝပ်စံပယ်လျက်ရှိသည်ကို ကြည်ညိုဖွယ် ဖူးတွေ့




www.burmeseclassic.com

www.burmeseclassic.com

နိုင်ကြပါ၏။

**လွယ်ကူစွာသွားရောက်နိုင်**

မြန်မာတို့၏ သမိုင်းတစ်ကွေ့မှ မျိုးချစ်မြန်မာ မင်္ဂလွန်းကျေးရွာသူ ကျေးရွာသားတို့ တည်ထားကိုးကွယ်ခဲ့ကြသော နှစ်ပေါင်း (၁၀၆)နှစ် သက်တမ်းရှိ အဆိုပါ မဟာအတုလဦးသျှောင် ကိုးထပ်ကြီးဘုရားကို သွားရောက်ဖူးမြော်ကြည်ညိုလိုသူတို့သည် ကျောက်တန်းမြို့မှတစ်ဆင့် ကား၊ ဆိုင်ကယ်တို့ဖြင့် လွယ်ကူစွာ သွားရောက်နိုင်ကြပါကြောင်း ရေးသားလမ်းညွှန်လိုက်ပါ၏။



မြေလျှင်ကြောင့် ကိုးထပ်ကြီးဘုရား၏ ဦးခေါင်းတော် မြတ်ဘုရားမှ
ထွက်ပေါ်လာခဲ့သော ရုပ်ပွားများဖြင့် တည်ထားခဲ့သည့်
ကိုးထပ်ကြီးဘုရားယခုရုပ်ကို ကျိုက်ထီးရိုးစေတီ

(၇)နေ့သားသမီးများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

မေတ္တာရည်၍
**သစ္စာမင်းခေါင်**

---




မှတ်ပုံတင်ပြီး

**'အဖေ့ဆေး'**

အမှတ်တံဆိပ်

**ဆီးချို သွေးချို**

**သောက်ဆေး**

သုံးစွဲရန် ဆေးပမာဏ

နံနက် အစာမစားမီ (၃) ပြား
နေ့လယ် အစာမစားမီ (၃) ပြား
ည အစာမစားမီ (၃) ပြား

**ပင်ရင်း** အမှတ် (၃၁)၊ (၀၂၂)လမ်း။
ရေတွင်းတုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**ဖုန်း – ၀၁ – ၃၇၆၇၀၁၊ ၀၁ – ၃၇၆၇၈၂၊ ၀၉ – ၇၃၂၀၀၉၇၀**

**အမြို့မြို့အနယ်နယ်ရှိသော**
**ဆေးပျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။**

တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ်– ၂/၂၁၁၃ တဆဆထလ (၂၃၉၈)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–TMR ၁၁၁၀၇မ(၁၁၁၄)
ကြော်ငြာခွင့်ပြုချက်အမှတ်–တဆဆက (စာနယ်ဇင်း) ၁၁၃/၃၇၁၃




www.burmeseclassic.com

www.burmeseclassic.com

မောင်ထည်ဝါ(ပျော်ဘွယ်)

## ရခိုင်ပြည်နယ် ပေါက်တောမြို့၊ မြေငူကျွန်းပေါ်ရှိ

### သမိုင်းဝင်

# ဆံတော်ရှင်စေတီတော်မြတ်ကြီး


ရခိုင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အနောက်ဘက် ရခိုင်ရိုးမတောင်တန်းကြီးနှင့် ဘင်္ဂလားပင်လယ်အော်တို့အကြားတွင် နတ်မြစ်ဝမှ မော်တင်စွန်းအထိ ရှည်လျားစွာ တည်ရှိနေသည်။ ကျွန်း၊ ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ရာ စသည့် သစ်တောဝါးတောများ ပေါများကြွယ်ဝသကဲ့သို့ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ငါးသား၊ ပုစွန် ရေထွက်ပစ္စည်း စသည့် သယံဇာတ သဘာဝအရင်းအမြစ်များလည်း ပေါများသည့်အပြင် ဆန်၊ စပါး၊ ပဲမျိုးစုံ၊ ကြံ၊ ဆေးရွက်ကြီးနှင့် ဟင်းသီးဟင်းရွက်များလည်း ထွက်ရှိသည့် ပြည်နယ်ဖြစ်သည်။

နိုင်ငံတော်က ယခုအခါ ရခိုင်ပြည်နယ်တွင် ကားလမ်း၊ ရထားလမ်း၊ တံတားများ စသည့် လမ်းပန်းဆက်သွယ်ရေးများကို တိုးချဲ့တည်ဆောက်ပေးမှုကြောင့် ခရီးလမ်းပန်းသွားလာမှု လွယ်ကူချောမွေ့လျက်ရှိပြီး စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအခွင့်အလမ်းများ တိုးတက်ဖွံ့ဖြိုးနေပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ်၌ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်၊ အံတော်ရှင် စေတီပုထိုးများနှင့် တန်ခိုးကြီးဘုရားများ တည်ရှိနေသဖြင့် ဘာသာရေး သာသနာရေးတို့ ထွန်းပြောင်လျက် ရေမြင့်လျှင် ကြာတင့် ဆိုသကဲ့သို့ ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းကားပြန့်ပွား စည်ကားလျက်ရှိနေပြီ ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် သမိုင်း၌ ထင်ရှားခဲ့သော ဓညဝတီ၊ ဝေသာလီ၊ လေးမြို့နှင့် မြောက်ဦးခေတ်တို့မှသည် ယနေ့ကာလတိုင်အောင် အမျိုး၊ ဘာသာ၊ သာသနာကို အသက်နှင့်ထပ်တူ ချစ်ခင်မြတ်နိုးတတ်သော ရခိုင်တိုင်းရင်းသားတို့ လက်ဆင့်ကမ်း သယ်ဆောင်ကြိုးပမ်းမှုများကြောင့် ဗုဒ္ဓသာသနာတော်မှာ နေတစ်ဆူ လတစ်ပါးကဲ့သို့ ထွန်းတောက်စည်ကားနေခြင်း ဖြစ်သည်။

လွန်ခဲ့သော ဒီဇင်ဘာလအတွင်းက ကျွန်ုပ်သည် ဘုမ္မရာဇာဝမ်းမှန်ဆေး ထုတ်လုပ်သူ ဆရာဦးရွှေထွန်းဖုံ (စာရေးဆရာ ကျော်စွာဟိန်း-ရွှေလှော်ကား)၏ ဖိတ်ခေါ်မှုကြောင့် ရခိုင်ပြည်နယ်၊ ပေါက်တောမြို့သို့ အလည်တစ်ခေါက် ရောက်ရှိခဲ့သည်။

ကျွန်ုပ်နှင့် ဦးရွှေထွန်းဖုံတို့ ရန်ကုန် အောင်မင်္ဂလာ အဝေးပြေးကားဂိတ်မှ ည(၇)နာရီတွင် ရိုးမသစ္စာ အမြန်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ မကွေးမြို့သို့ နံနက်(၆)နာရီခန့်တွင် ရောက်ရှိခဲ့၏။ မကွေးမြို့၌ ကားခေတ္တရပ်နားပြီး နံနက်စာ မကွေးမုန့်ဟင်းခါးကို စားသုံးကြပြီးသော် မကွေးမှ မင်းဘူးသို့ ရောဝတီမြစ်ကူးတံတားကို ဖြတ်ကျော်၍ မင်းဘူး-အမ်း ကားလမ်းအတိုင်း ရခိုင်ပြည်နယ်သို့ ခရီးဆက်ခဲ့ကြသည်။



ဆံတော်ရှင် စေတီတော်

ကျွန်ုပ် မူလစေ့နီးကျောင်း



www.burmeseclassic.com

www.burmeseclassic.com

သာသာဘဝတုန်းက ပထဝီဝင်ဘာသာရပ်တွင် အမ်းတောင်ကြားလမ်း အကြောင်းကို သင်ကြားခဲ့ရသည်။ အခုတော့ အမ်းတောင်ကြားလမ်းကို ကျွန်ုပ်ကိုယ်တိုင် ရောက်ရှိဖြတ်သန်းနေရပြီဖြစ်လို့ ဝမ်းသာကြည်နူး ဖြစ်ရပါသည်။

ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသော ရိုးမသစ္စာအမြန်ယာဉ်မှာ မြင့်မားသော ရခိုင်ရိုးမတောင်တန်းကြီးကို တက်ကာ ဆင်းကာ ကွေ့ကာ ပတ်ကာဖြင့် တောင်စွယ်တောင်တန်းအဆင့်ဆင့်ကို ကျော်ဖြတ်နေရသည်။ ကားလမ်း၏ တစ်ဖက်တွင် တောင်ကမ်းပါးယံကြီး ရှိနေသော်လည်း အခြားတစ်ဖက်တွင် အလွန်နက်ရှိုင်းသော လျှိုမြောင်ကြီးများ ရှိနေသဖြင့် တောင်တက်လမ်း ကားစီးခြင်း အတွေ့အကြုံမရှိသော ကျွန်ုပ်အဖို့မှာတော့ ကားတစ်စုံတစ်ခုဖြစ်ခဲ့သော် အစအနပင် ရှာ၍ရမည်မဟုတ်ဟု တွေးတောရင်းသည်းထိတ်ရင်ဖို ခံစားနေရသည်။

ညနေပိုင်း (၃)နာရီခန့်တွင် အမ်းမြို့လေးသို့ ဆိုက်ရောက်ခဲ့သည်။ ထိုအမ်းမြို့၌ ကားခေတ္တရပ်နားပြီး ခရီးဆက်ခဲ့ပြန်ရာ မင်းပြားမြို့သို့ ညနေ(၅)နာရီခန့်တွင် ရောက်ရှိခဲ့သည်။ မင်းပြားမြို့ စည်ပင်သာယာဈေးကြီးအနီးရှိ ထမင်းဆိုင်တွင် ကားရပ်နား၍ ညစာထမင်း စားသုံးခဲ့ကြသည်။

ညစာစားပြီးသောအခါ မင်းပြားမြို့မှ ကျွန်ုပ်တို့ ခရီးဆက်ခဲ့ပြန်ရာ ကျောက်တော်မြို့သို့ ည(၁၂)နာရီခန့်တွင် ရောက်ရှိခဲ့သည်။ ထိုမြို့၌ ကားအတွက် ဆီဖြည့်ပြီးနောက် ဆက်လက်ထွက်ခွာခဲ့ရာ ကုလားတန်မြစ်ကို ဖြတ်ကျော်ဆောက်လုပ်ထားသော ကစ္ဆပနဒီတံတား ဖြတ်ကျော်၍ မြောက်ဦးမြို့သို့ ရောက်ရှိခဲ့သည်။ မြောက်ဦးမြို့သည် ရခိုင်ဘုရင်များ ထီးနန်းစိုက်ရာမြို့တော်ဖြစ်ခဲ့သဖြင့် ထင်ရှားသောမြို့ဖြစ်သည်။ ထိုမှ ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက်(၆)နာရီခန့် စစ်တွေသို့ ကောင်းမွန်စွာ ရောက်ရှိခဲ့သည်။

ကျွန်ုပ်တို့လည်း စစ်တွေအဝေးပြေးဂိတ်၌ နံနက် စောစောခပ်ရှိန်းရှိန်းအရသာရှိသည့် ရခိုင်မုန့်တီသုပ်ကို တစ်ဝကြီး စားပစ်လိုက်၏။ နံနက်စောစောချမ်းချမ်းစီးစီးမို့ စပ်ရှိန်းရှိန်းအရသာက ခန္ဓာကိုယ်အားနွေးနွေးထွေးထွေး ဖြစ်စေပါသည်။ ထိုစဉ်အချိန်တွင် ရန်ကုန်မှ တယ်လီဖုန်းဆက် အကြောင်းကြားထားချက်အရ ပေါက်တောမြို့မှ ဦးရွှေထွန်းဖိ၏ အစ်ကိုကြီး ဦးအောင်သာဖိ လာရောက်ကြိုဆိုသဖြင့် ကျွန်ုပ်နှင့် ဦးရွှေထွန်းဖိတို့မှာ ဝမ်းသာမဆုံး ဖြစ်ရသည်။

ထို့နောက်မှာတော့ ဦးအောင်သာဖိ ယူလာသော မော်တော်ဘုတ်ဖြင့် စစ်တွေဆိပ်ကမ်းမှ ထွက်ခွာခဲ့ကြရာ နံနက်(၉)နာရီခန့်တွင် ပေါက်တောမြို့သို့ ဆိုက်ရောက်ခဲ့သည်။ တကယ်ဆိုရလျှင် ဦးရွှေထွန်းဖိ ဇာတိချက်ကြွေ ရခိုင်ဌာနေမွေးရပ်မြေ ပေါက်တောမြို့သို့ ပြန်မရောက်သည်မှာ နှစ်ပေါင်း(၂၀)ကျော်ခဲ့ပြီ။ ဦးရွှေထွန်းဖိ ရန်ကုန်မှ ပြန်ရောက်လာကြောင်း သတင်းစကား ကြားသိကြသော ငယ်ပေါင်းသူငယ်ချင်းများ တဖွဲဖွဲရောက်လာကြပြီး တစ်ယောက်တစ်ပေါက် ပြောဆိုနှုတ်ဆက်ကြသည်မှာ ကြည်နူးဝမ်းသာ ဖြစ်ရပါသည်။ ဦးရွှေထွန်းဖိ၏ မိဘ၊ဘိုးဘွားများနှင့် ညီအစ်ကိုမောင်နှမများကလည်း ဝမ်းသာမဆုံး ပျော်တပြုံးပြုံးဖြစ်နေကြသလို စကားလက်ဆုံ ပြောမကုန်အောင်ဖြစ်နေကြသည်။

ကျွန်ုပ်တို့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့သို့ ရောက်ရှိနေစဉ်အချိန်တွင် ကံကောင်းစွာပင် ပေါက်တောမြို့နယ်အနောက်ဖရုံကာကျွန်း ခေါ် မြေငူကျွန်းဆံတော်ရှင်စေတီတော်ဘုရား ပွဲတော်နှင့် ကြုံကြိုက်နေလေ၏။




ဘုရားတောင်မြို့ရှိ ပွဲဈေးတန်း



www.burmeseclassic.com

www.burmeseclassic.com



ဆံတော်ရှင်စေတီတော်အား အဝေးမှ ဖူးတွေ့ရစဉ်

ပေါက်တောမြို့သို့ရောက်ရှိပြီးနောက် သုံးရက်မြောက်နေ့တွင် အစ်ကိုကြီး ဦးအောင်သာဇံက သူ၏မော်တော်ဖြင့် ပို့ဆောင်ပေးမှုကြောင့် ကျွန်ုပ်နှင့် ဦးရွှေထွန်းဇံတို့ မြေငူကျွန်း ဆံတော်ရှင်စေတီတော်အား ဖူးမြော်ကြည်ညိုခွင့်ရခဲ့သည်။ ကျွန်ုပ်အဖို့မှာမူ ရခိုင်ပြည်နယ်သို့ရောက်ရှိရန် ခက်ခဲလှသဖြင့် ယခုကဲ့သို့ မြေငူကျွန်းဆံတော်ရှင်ဘုရားအား ဖူးမြော်ကြည်ညိုခွင့် ရသည့်အတွက် ဆရာဦးရွှေထွန်းဇံနှင့် ဦးအောင်သာဇံတို့အား ကျေးဇူးအထူးတင်ရပါသည်။

ကျွန်ုပ်တို့ကိုလိုက်ပို့သော မော်တော်သည် နံနက်(၇)နာရီတွင် ပေါက်တောမြို့ဆိပ်ကမ်းမှ မြေငူကျွန်းဆံတော်ရှင်စေတီတော်သို့ ဦးတည်ထွက်ခွာလာခဲ့ရာ မော်တော်ပေါ်မှာတော့ ကျွန်ုပ်တို့နှင့်အတူ အစ်ကိုကြီးဦးအောင်သာဇံမိသားစုများနှင့် မော်တော်မောင်းသူ လူငယ်နှစ်ယောက်တို့ ပါရှိကြသည်။

ကျွန်ုပ်ဘဝတွင် တစ်ကြိမ်တစ်ခါမှ မမြင်ဖူး၊ မကြုံဖူးသော ပင်လယ်ပြင်ကြီးကို မော်တော်ပေါ်မှ ငေးမောအံ့သြစွာ လှမ်းမျှော်ကြည့်ရင်း သည်းထိတ်ရင်ဖိုစွာဖြင့် လိုက်ပါလာခဲ့သည်။ ကျွန်ုပ်တို့လို ဘုရားဖူးလာသော မော်တော်များကိုလည်း တွေ့ရသည်။

ကျွန်ုပ်က အစ်ကိုကြီးဦးအောင်သာဇံအား 'ဒီဆံတော်ရှင်စေတီတော်ရဲ့ သမိုင်းကြောင်းဖြစ်စဉ်ကို ပြောပြပေးပါလား' ဟု မေးမြန်းတောင်းဆိုခဲ့ရာ 'အေးကွယ်‥ဘုရားဖူးလာတဲ့သူ တစ်ဦးအနေနဲ့ ဘုရားသမိုင်းကိုတော့ သိသင့်တာပေါ့ကွယ်' ဟုဆိုကာ ဆံတော်ရှင်စေတီ သမိုင်းအကျဉ်းကို ပြောပြပေးခဲ့သဖြင့် လေ့လာသိရှိ မှတ်သားခဲ့ရသည်။

◆◆◆

ရခိုင်ပြည်နယ်တွင် ဟိုးရှေးရှေးကာလတုန်းက ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦးခေတ်ဟူ၍ ရှိခဲ့ပြီး ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခမ်းနားစွာ နေထိုင်လာခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယင်းတို့အနက်မှ ဓညဝတီခေတ်ကို ခွဲခြားလေ့လာကြည့်လျှင် ပထမဓညဝတီ၊ ဒုတိယဓညဝတီနှင့် တတိယဓညဝတီဟူ၍ တွေ့ရှိရမည်ဖြစ်သည်။ တတိယဓညဝတီခေတ်၌ ထီးနန်းစိုးစံခဲ့သော ရခိုင်ဘုရင် စန္ဒသူရိယမင်းသည် မဟာသက္ကရာဇ်(၁၂၃)ခုနှစ်ကာလတွင် အနောက်မဇ္ဈိမဒေသ၌ ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူနေကြောင်း သတင်းစကား ကြားသိတော်မူခဲ့သည်။

အဆိုပါသတင်းကို ကြားသိတော်မူသော ရခိုင်ဘုရင်စန္ဒသူရိယမင်းသည် မြတ်စွာဘုရားရှင်အား ဖူးမြော်လိုသော သဒ္ဓါစိတ်ထက်သန်ပြင်းပြလာသောကြောင့် ဘုရားရှိရာ မဇ္ဈိမဒေသသို့ မျက်နှာမူ၍ ပန်းနံ့သာများစွဲကိုင်လျက် မနောအဓိဋ္ဌာန်ဖြင့် ပင့်ဖိတ်လေသောအခါ ဘုရားရှင်သည် နောက်ပါရဟန္တာများ ခြံရံလျက် ရခိုင်ဒေသအရပ်သို့ ကောင်းကင်ခရီးမှ ကြွချီတော်မူလာခဲ့ပြီးသကာလ သေလာဂီရိ ခေါ် ကျောက်တော်တောင်ထိပ်၌ သက်ဆင်းရပ်နားတော်မူသည်။

ထိုတောင်ထိပ်၌ ငါဘုရားသည် ဓညဝတီပြည်ကြီးမှ ဒွါရာဝတီမြို့(ယခု သံတွဲ)သို့ ဒေသစာရီကြွချီတော်မူသောအခါ လမ်းခရီးတွင် ငါရပ်တော်မူရာ နီလာပဗ္ဗတတောင်ထိပ်၌ စေတီတည်လတ်၍ ဆံတော်ရှင်စေတီ တွင်လတ္တံ့ဟု မြွက်ဟဗျာဒိတ် ခတ်နိုပ်တော်မူခဲ့ပြီး မင်းကြီးနှင့်တကွ မှူးမတ်ပြည်သူတို့အား တရားရေအေး တိုက်ကျွေးတော်မူခဲ့သည်ဟု သမိုင်းမှတ်တမ်းများက ဖွင့်ဆိုထားသည်။

စန္ဒသူရိယမင်းကြီးက ဘုရားရှင်ကိုယ်စား ကိုယ်ပွား



www.burmeseclassic.com

www.burmeseclassic.com


ထီးတော်ရှင်စေတီတော်အား ဖူးမျှော်ရာ၌

တော်ထားခဲ့ပါရန် လျှောက်ထားတောင်းပန်ချက်အရ သီရိဂုတ်တောင်၌ ကိုယ်စားတော် မဟာမုနိရုပ်ပွားတော်မြတ်ကို ဘုရားရှင်၏ ရှေ့မှောက်၌ သွန်းလုပ်ပူဇော်တော်မူပြီးနောက် မြတ်စွာဘုရားရှင်သည် ဒွါရာဝတီမြို့တော်သို့ ကောင်းကင်ခရီးလမ်းမှ ဆက်လက်ကြွချီတော်မူလာခဲ့သည်။ လမ်းခရီး၌ ကုလားတန်မြစ် ၏ ကစ္ဆပနဒီမြစ်အဆုံး သမုဒ္ဒရာပေါ် အရောက်တွင် ပင်လယ်ရေပြင်သည် လှိုင်းတံပိုးတို့ဖြင့် ရိုက်ခတ်ဆူပွက်လာပြီး လရောင်ဖြင့် အရပ်ရှစ်မျက်နှာအားလုံး လင်းလက်တောက်ပကုန်လေ၏။

ထိုဖြစ်ရပ်ကို နဂါးမင်း(၈)ဦးတို့က သိရှိကြသဖြင့် မြတ်စွာဘုရားရှင်အား စောင့်ဆိုင်းပင့်ဖိတ်ပြီးသကာလ နေ့ဆွမ်းဆက်ကပ်တော်မူလေ၏။ နှောင်းသူတို့ ဖူးမြော်ကြည်ညိုနိုင်ရန် ကိုယ်စားတော်ထားခဲ့ပါရန် တောင်းပန်လျှောက်ထားကြလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က မိမိဆံတော်နှစ်ဆူကို နဂါးမင်းတို့အား ပေးသနားတော်မူပြီး သာသနာငါးထောင် တည်စေအံ့ဟု ဗျာဒိတ်စကား မြွက်ကြားခဲ့လေ၏။ နဂါးအပေါင်းတို့လည်း ယခု မြေငူကျွန်း နီလာပဗ္ဗတတောင်ထွတ်ပေါ်၌ ကျောက်တုံးကျောက်ခဲများကိုစုဆောင်းပြီးလျှင် ဆံတော်မြတ်နှစ်ဆူကို ဌာပနာပြု၍ စေတီတော်ကို တည်ကြကုန်လေ၏။ ထိုစေတီ၏ဘွဲ့တော်ကို ဆံတော်ရှင်စေတီတော်ဟု သတ်မှတ်ခေါ်တွင်ခဲ့ကြသည်။

တစ်နေ့သောအခါ စန္ဒသူရိယမင်းကြီးသည် ဘုရားရှင်က နဂါးမင်းတို့အား ဆံတော်နှစ်ဆူ ပေးသနားခဲ့ပြီး နဂါးမင်းတို့က နီလာပဗ္ဗတတောင်ထွတ်ပေါ်၌ စေတီတော် တည်ထားကြောင်း ကြားသိတော်မူသဖြင့် စေတီတော်အား ဖူးမြော်ရန်အတွက် နောက်လိုက်ဗိုလ်ပါလူထုဖြင့် နီလာပဗ္ဗတတောင်သို့ ကြွချီလာခဲ့သည်။ နဂါးတို့တည်သော စေတီတော်ကို ဖူးမြော်ရာ လူတို့တည်သော စေတီတော်နှင့် မတူသည်ဖြစ်၍ မူလစေတီကိုငုံပြီးသကာလ မိမိ၏မကိုဋ်တော်နှင့် သဏ္ဍာန်တူအောင် ခိုင်ခံ့ကောင်းမွန်စွာ ပြန်လည်မွမ်းမံပြီးလျှင် မဟာသက္ကရာဇ်(၁၂၃)ခုနှစ်၊ နတ်တော်လဆန်း (၉)ရက်နေ့မှ လပြည့်နေ့အထိ စေတီတော်အား ရွှေသင်္ကန်းကပ်လှူပြီးလျှင် ထီးတော်တင်လှူပူဇော်ခဲ့ကြောင်း မှတ်တမ်းများက ဖော်ပြထားသည်။ ဆံတော်ရှင်ဘုရားသမိုင်း လက်ယာ၌ လူနှင့်နဂါး တည်တုံ့ကြသည် ဘုရားဆံတော်ရှင် မြတ်ရှင်ပင်ဟု စပ်ဆိုထားသည်။


အဆိုပါ ဆံတော်ရှင်စေတီအား ဝေသာလီခေတ်၌ ရခိုင်ဘုရင် မဟာသူရိယစန္ဒြားမင်းကြီးက လုံးတော်ပြည့်


စိုးမဲကျီးဆိပ်ကမ်းက ဘုရားဖူးခရီးသည်များ



www.burmeseclassic.com

www.burmeseclassic.com




ရွှေသင်္ကန်းကပ်လှူခဲ့သည်။ ထို့နောက် နှစ်ကာလကြာမြင့်လာသဖြင့် စေတီတော်မှာ ယိုယွင်းပျက်စီးလာခဲ့ပြန်ရာ မြောက်ဦးခေတ်သို့ ရောက်သည့်အခါ ရခိုင်ဘုရင် မင်းဖလောင်း၏မိဖုရား မဟာဒေဝီ စိုးမဲကျီက ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့သည်။ ထိုမှဆက်လက်၍ မပြုပြင်နိုင်ဘဲရှိနေခဲ့ရာမှ မြန်မာနိုင်ငံ နယ်ချဲ့အင်္ဂလိပ်တို့လက်အောက်ကျရောက်ခဲ့ပြီး ခရစ်နှစ်(၁၈၃၄)ခုနှစ်တွင် စစ်တွေမြို့မှ ဒေဝန်းကြီးအောင်ကျော်ရှိ ဦးဆောင်ပြီး မြေဥကျွန်း၊ ပိန္နဲချောင်းကျွန်း၊ ဇေဒီရှိုင်းကျွန်းများမှ လူအများစုပေါင်းပါဝင် ပြုပြင်မွမ်းမံခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် စစ်တွေမြို့မှ ဘုရားဒါယကာ၊ ဒါယိကာမများနှင့် နယ်သူနယ်သားများစုပေါင်း၍ အကြိမ်ကြိမ်ပြုပြင်မွမ်းမံ ထိန်းသိမ်းခဲ့ကြရာ ယနေ့ထိတိုင်ပင်ဖြစ်သည်။

ဆံတော်ရှင်စေတီတော်ကို ပေါက်တောမြို့နယ်ရှိ အနောက်ဖရုံကာကျွန်း ခေါ် မြေဥကျွန်း၏ တောင်ဘက်စွန်းတွင် ဘင်္ဂလားပင်လယ်အော်ကို မေးတင်ထားသည့် တောင်စွယ်ပေါ်၌ တည်ထားခြင်းဖြစ်ရာ ဘုရားတည်ရှိသည့်တောင်သည် စစ်တွေမြို့မှ (၁၈)မိုင်၊ ပေါက်တောမြို့မှ (၃၀)မိုင်ခန့်ကွာဝေးသည်။ ကမ်းခြေမှာ လှိုင်းလေပြင်းထန်သောကြောင့် လှေ၊ သင်္ဘော၊ မော်တော်၊ သမ္ဗန်များ လွယ်ကူစွာ ဆိုက်ကပ်နိုင်ခြင်း မပြုနိုင်ပါ။

သို့သော်လည်း တောင်၏အရှေ့ဘက်ရှိ စိုးမဲကျီဆိပ်ကမ်းမှာ လှိုင်းလေများငြိမ်သက်သဖြင့် မော်တော်၊ သင်္ဘော၊ လှေများ ဆိုက်ကပ်နိုင်သည်။ ဘုရားဖူးခရီးသည်များအတွက် ပွဲတော်ကာလအတွင်း ပြည်တွင်းရေကြောင်းပိုင် သင်္ဘောများနှင့် ပုဂ္ဂလိက အမြန်ယာဉ်များလည်း ပြေးဆွဲပေးကြောင်း သိရသည်။ ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသော မော်တော်သည်လည်း နံနက်(၁၁)နာရီခန့်တွင် စိုးမဲကျီဆိပ်ကမ်းသို့ ကောင်းမွန်စွာဆိုက်ရောက်ခဲ့သည်။ စိုးမဲကျီဆိပ်ကမ်း၏ ကမ်းပါးတစ်ဝိုက်တွင်လည်း ကျောက်ဆောင်ကျောက်သားများ တည်ရှိနေသဖြင့် ကမ်းသို့ တိုက်ရိုက်ဆိုက်ကပ်နိုင်ခြင်းမရှိပေ။ သင်္ဘောမှ ဆိပ်ကမ်းသို့ ကူးတို့၊ သမ္ဗန်များဖြင့်တစ်ဆင့် ကူးကြရသည်။

ကျွန်ုပ်တို့အဖွဲ့သည် ကမ်းပေါ်သို့ ရောက်သောအခါ ကမ်းခြေဆိုင်များတွင် ခေတ္တရပ်နားကြ၏။ ကမ်းခြေမှ တောင်ပေါ်စေတီရှိရာသို့ တစ်နာရီခွဲခန့် တောင်တက်ခရီးကို ဆက်လက်ချီတက်ကြရဦးမည်ဟု ဆိုပါသည်။ ပွဲတော် ကျင်းပရေးကော်မတီဝင် လူကြီးတစ်ဦး ပြောပြသည်က စိုးမဲကျီဆိပ်ကမ်းမှ


စိုးမဲကျီဆိပ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com

နေ၍ ဆံတော်ရှင်စေတီတော်ရှိရာသို့ တောင်ကိုးလုံးကို ကျော်ဖြတ်ရမည်ဟု ဆိုသည်။ တောင်ကိုးလုံးဟုဆိုသော်လည်း အလွန်မြင့်မားသောတောင်များ မဟုတ်ပါဟု ပြော၏။ ကျွန်ုပ်တို့အဖွဲ့လည်း ခေတ္တနားပြီးသော် စေတီရှိရာတောင်ပေါ်သို့ ခရီးဆက်လက်တက်ခဲ့ကြသည်။

ယင်းသို့ တောင်တက်ခရီးကိုဖြတ်သန်းနေစဉ် ကျွန်ုပ်ကျိုက်ထီးရိုးဘုရားဖူးသွားတုန်းက ခြေလျင်တက်ခဲ့ရသောခရီးစဉ်ကို ပြန်လည်မြင်ယောင်နေမိ၏။ ကျွန်ုပ်တို့အဖွဲ့စိုးမဲကျီဆိပ်ကမ်းမှ တစ်နာရီခွဲခန့် တောင်တက်ခရီးကိုအပြင်းနှင့်လာပြီးသည့် အခါ၌တွင် စေတီရင်ပြင်ပေါ်သို့ရောက်ရှိပြီး ပင်လယ်ပြင်ရှုခင်းအလှနှင့်အတူ ဆံတော်ရှင်စေတီတော်အား ဘွားခနဲ ဖူးတွေ့လိုက်ရသည်။ ရင်ပြင်ပေါ်မှ လှမ်းမြင်ရသော ပင်လယ်ပြင်ရှုခင်းကား လွန်စွာပင်ကျယ်ပြောလှသည်။ ကျွန်ုပ် ရိုးသားစွာဝန်ခံရလျှင် ဆုံးစမရှိသော ပင်လယ်ပြင်ကြီးကို ယခင်က လုံးဝမြင်ဖူးခဲ့ခြင်းမရှိပေ။ အခုလို ပင်လယ်ပြင်ကြီးကို တွေ့မြင်လိုက်ရသဖြင့် အံ့သြခြင်း၊ ဝမ်းသာခြင်း၊ လွမ်းမောခြင်းတို့ လုံးထွေးရစ်ပတ် ခံစားရသည်။

ကျွန်ုပ်တို့အဖွဲ့သည် ဘုရားတောင်ခြေ ပွဲခင်းအနီးရှိ တည်းခိုခန်းများတွင် ညအိပ်ရပ်နားခဲ့ကြသည်။ ညနေခင်းမှာတော့ ပွဲဈေးတန်းများသို့ လှည့်လည်သွားရောက် ကြည့်ရှုကြပြီး ညစာလည်း စားသောက်ကြရင်း အမှတ်တရပစ္စည်းများ ဝယ်ယူခဲ့သည်။

နောက်တစ်နေ့ မနက်စောစောတွင် ကျွန်ုပ်တို့အဖွဲ့ဘုရားရင်ပြင်ပေါ်သို့ တက်ရောက်၍ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် ဆွမ်းများ ဆက်ကပ်လှူဒါန်းကာ သုံးဆယ့်တစ်ဘုံသားအပေါင်းတို့အား ကုသိုလ်အမျှပေးဝေခဲ့ကြသည်။ ထို့နောက်မှာတော့ ကျွန်ုပ်တို့အဖွဲ့ ဘုရားရင်ပြင်ပေါ်မှ ဆင်းသက်ကာ ဆံတော်ရှင်စေတီ၏တောင်ဘက် ကမ်းခြေရှိ ဖြူလွှလွှသဲသောင်ပြင်၌ တည်ရှိနေသော ဘုရားခြေတော်ရာ၊ သိမ်တော်ရာ၊ စတုပါခေါ် စေတီငယ်များနှင့် နန်းရာကုန်းများဆီသို့ သွားရောက်လေ့လာခဲ့ကြသည်။

မြေငူကျွန်းဆံတော်ရှင်စေတီတော်မြတ်မှာ မြတ်စွာဘုရားရှင်၏ ဆံတော်များကို ဌာပနာသွင်းပူဇော်ထားခြင်းကြောင့် ရခိုင်ပြည်နယ်သာမက မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်၊ လူ ပြည်သူများနှင့် ကမ္ဘာလှည့်



ခရီးသည်များပါ လာရောက်ဖူးမြော်ကြသည်ကို တွေ့ခဲ့ရသည်။ မွန်းလွဲ(၁)နာရီခန့်တွင် ကျွန်ုပ်တို့ တောင်ပေါ်မှ စိုးမဲကျီဆိပ်ကမ်းသို့ ပြန်လည်ဆင်းခဲ့ကြသည်။ ထိုဆိပ်ကမ်းမှ မော်တော်ဖြင့် ပင်လယ်ပြင်ကို ဖြတ်သန်းကာ ပေါက်တောမြို့သို့ ပြန်လည်ထွက်ခဲ့ကြသည်။

ရခိုင်ပြည်နယ်သည် ရှေးဟောင်းသမိုင်းဝင် ထင်ရှားသော ဘုရားပုထိုးစေတီ၊ သိမ်ကျောင်း စသည့် ဘာသာရေး၊ သာသနာရေးဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိနေသည့်အပြင် စိမ်းလန်းသာယာသော တောတောင်စိမ့်စမ်းရှုခင်းများနှင့် အပန်းဖြေစရာ ပင်လယ်ကမ်းခြေအလှများ တည်ရှိသော ဒေသတစ်ခုဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ခရီးသွားလာမှု အဆင်ပြေချောမွေ့လာပါက ယခုထက် ပြည်တွင်းဘုရားဖူးခရီးသည်များနှင့် ကမ္ဘာလှည့်ခရီးသွားများပါ ပိုမိုဝင်ရောက်လာမည်ဖြစ်ရာ ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**မောင်ထည်ဝါ(ပျော်ဘွယ်)**

<u>ကျမ်းကိုး</u> * အောင်နိုင်သိမ်း(ဥသာ)၏
ကစ္ဆပနဒီဖြစ်စဉ်နှင့် စစ်တွေသမိုင်း။
* မြေငူကျွန်းဆံတော်ရှင်စေတီ နှီးနှောလွှာ။

www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်ဦးဖွန်း၊ အိုဆာကာနှင့် သခင်မြမှသည် အရေးတော်ပုံဆီသို့

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

နှင်းငွေသိပ်သိပ်ကြားကနေ မနက်စောစော(၅)နာရီ ခွဲလောက်မှာ ပေါင်းတည်ဘိုးဘွားရိပ်သာ ဝင်းတံခါး ပေါက်မှ ထွက်ခဲ့တယ်။

'(၁၂၉၁)ခုနှစ်တွင် ဒေါ်ဦးဖွန်း တည်ထောင်ခဲ့ သော··'ဆိုတဲ့ သံစာလုံးတွေက တံခါးမုခ်ဦးအထက်မှာ နှင်းစက်တွေသီးလို့ ကျန်ရစ်ခဲ့ပေါ့။


ရေစီးသံသဲ့သဲ့နဲ့ လှုလှပ် ရေတံခွန်ဘေးက ဒေါ်ဦး ဖွန်းရဲ့ ရွှေရောင်ရုပ်တုကို မီးရောင်လဲ့လဲ့မှာ လှမ်းမြင် လိုက်ရသေးတယ်။ ဒေါ်ဦးဖွန်း တည်ခဲ့တဲ့ တတိယ မြောက် လူ့အိုရုံကို ထားရစ်ပြီး နှင်းထုထဲကို ထိုးခွဲကာ ကိုယ်တို့ စီးနင်းလာတဲ့ ကားလေးနှစ်စီးကတော့ ရွှေ တောင်မြို့ဆီသို့ ဆက်လက်ပြေးနေရဲ့။

နှင်းမကွဲခင်မှာပဲ ရွှေတောင်ကို ရောက်ပါတယ်။ ကိုယ့်သူငယ်ချင်း ပြေပြေ(ဒေါက်တာပြေဝင်းခေါင်)နဲ့ မိုချို (ဒေါက်တာချိုချို)တို့က သူတို့ဒေသ အစားအစာကို ကျွေး ချင်လွန်းလို့ အိုဆာကာ ရွှေတောင်ခေါက်ဆွဲဆိုင်ကို ခေါ် ခဲ့တာပါ။ စောလွန်းလို့ ဆိုင်မဖွင့်သေးပါဘူး။ ဆိုင်ရှေ့ မလှမ်းမကမ်းမှာ မီးရှို့ထားတဲ့ အမှိုက်ပုံလေးသာ မီးခိုတွေ အူလို့ရယ်။ ဒါပေမဲ့ အလားတူ အခြား ရွှေတောင်ခေါက် ဆွဲဆိုင် တစ်ဆိုင်ဆိုင်တော့ ရှိဦးမယ်လို့ မလျှော့သော ဇွဲလုံ့လနဲ့ မြို့ကိုလှည့်ပြီး ထပ်ရှာတော့ ဝီရိယကောင်းစွာ ဖွင့်နေတဲ့ တစ်ဆိုင်ကို တွေ့လိုက်ရပါတယ်။

အဲဒီမှာ ဝမ်းမီးငြိမ်းပြီး ထွက်လာကြတော့ သူတို့ သားကြီး ကိုပြည့်စုံက သူ့ရဲ့ ပူပူနွေးနွေး ချစ်ဇနီးလေးကို ကားမောင်းရင်း မေးတယ်။

'ရွှေတောင်နဲ့ပတ်သက်လို့ ထူးခြားတာ ဘာတွေသိ သလဲ'တဲ့။

သုမြတ်သန္တာဇင်ကလည်း 'ရွှေတောင်ခေါက်ဆွဲ၊ ရွှေ တောင်လုံချည်··' စသဖြင့် သူ သိသမျှ ရွတ်ပါတယ်။


အာဇာနည်ခေါင်းဆောင်ကြီး သခင်မြရဲ့ မွေးရပ်မြေ သုံးဆယ်မြို့

ကိုယ်က 'ရွှေတောင် နန္ဒသူ၊ ရွှေတောင် ချည်မျှင်နဲ့ အထည် စက်ရုံ၊ ရွှေတောင် ရွှေမျက်မှန် ဘုရား'

စသဖြင့် ဖြည့်စွက်တော့ ကိုပြည့်စုံကပဲ-

'ရွှေတောင်တိုက်ပွဲ··'လို့ အဆုံးသတ် ဝင်ပြောပြီး အဖြေ ပေးတယ်။

သူက ရဲဘော်သုံးကျိပ်ဝင် ရွှေတူ-ဗိုလ်မင်းခေါင်ရဲ့ မြေးပမို့ အဘိုးလိုပဲ စာပေဝါသနာပါလို့

www.burmeseclassic.com

ရွှေတောင်တိုက်ပွဲ အကြောင်းကို အသေးစိတ် ဆက်ပြောပြသွားပါတယ်။

ဒီလိုနဲ့ ဆရာဇော်ဂျီရဲ့ ကဗျာတစ်စလို 'မိုးမင့်ရှင် နေပုလဲ သော်မှ ရဲခဲ့ရွှေသား…'လို့ ပြောရမယ့် နှင်းကွဲချိန်မှာ ပြည်မြို့ကနေ ဧရာဝတီမြစ်ကို ပြည် နဝဒေး တံတားကြီးကဖြတ်ပြီး တစ်ဖက်ကမ်းကူးရပါတယ်။ အဲဒီနောက် ပန်းတောင်းမြို့နယ်ထဲ ရောက်သွားပြီး ဥသျှစ်ပင်မြို့ကို ဖြတ်ရတယ်။ ဥသျှစ်ပင်ကနေ လမ်းခွဲပြီး (၈၃)မိုင်ဆက်သွားရင် တောင်ကုတ်မြို့ကို ရောက်ပါမယ်။ အကောက်တောင်ရှိရာ ထုံးဘိုကိုတော့ မဝေးလှတော့ပါဘူး။ လမ်းခရီးကလည်း လမ်းတွေ ကောင်းပြီး တောင်ကုန်းအဆင့်ဆင့်တွေနဲ့ ရှုခင်းတွေသာလို့ ကြည်နူးမိရဲ့။ ဥသျှစ်ပင်ကိုလွန်တော့ မြင်သာတောရ၊ ပဲကြီး၊ သူ့ရဲတန်း တံတားတွေကို ကျော်ရပါတယ်။ မုံရွာကတ္တရာလမ်းမကြီးရဲ့ ပြည်-ထုံးဘို-ကြံခင်းပိုင်းအတိုင်း လာပြီး ထုံးဘိုကို ချိုးကွေ့ဝင်လိုက်ကြတယ်။

ထုံးဘိုမြို့လေးဟာ မြို့သေးသေးလေးပေမယ့် သူ့အရှယ်နဲ့ အစွယ်နဲ့ သမိုင်းရှိတဲ့မြို့ပါ။ အာဇာနည်ခေါင်းဆောင်ကြီး သခင်မြရဲ့ မွေးရပ်မြေဖြစ်ပါတယ်။ ထုံးဘိုကို ရောက်ရင် အကောက်တောင်သွားဖို့ မြို့ရဲ့ မြစ်ဆိပ်ကို ဆင်းရတယ်။



အကောက်တောင်တော်

မြစ်ဆိပ် မရောက်ခင်လေးက လမ်းဆုံလမ်းခွမှာတော့ လက်ဝဲဘက်မှာ ရွှေဘုန်းပွင့်စေတီရှိပြီး လက်ယာဘက်မှာတော့ သခင်မြရဲ့ အထိမ်းအမှတ်ကျောက်တိုင်ကို တွေ့ရပါတယ်။ သံမဏိလက်တန်းတွေနဲ့ လမ်းလယ်အဝိုင်းမှာ လေးထောင့်အုတ်ခုံ ခံပြီး မျက်မှန်တပ်ကာ တိုက်ပုံနဲ့ ပုဆိုး ဝတ်ပြီး မတ်တပ်ရပ်နေတဲ့ သခင်မြရုပ်တုကို ထုလုပ်ပြီး ရွှေအိုရောင်ဆေး သုတ်ထားတာပါ။ အုတ်ခုံပတ်လည်မှာလည်း ပန်းတွေနဲ့ ဝေနေလို့ မကြာခင်ကမှ တန်ဆာဆင်ထားပုံရရဲ့။ အုတ်ခုံရဲ့ လေးဖက်လေးတန်မှာတော့ သခင်မြရဲ့ ကိုယ်ရေးအကျဉ်းချုပ်ကို အင်္ဂလိပ်-မြန်မာ ဘာသာတွေနဲ့ ရေးထိုးထားပါတယ်။

**အာဇာနည်မြေ**

'သခင်မြ၏၊ ဇာတိချက်ကြွေ၊ မွေးရပ်မြေဟု၊ တည်ထားရုပ်တု၊ ဂုဏ်ပြုဖော်ညွှန်း၊ ပြည့်မော်ကွန်းမို့၊ တောက်ထွန်းမြန်ပြည်၊ ဘာမထီတဲ့ အာဇာနည်'ဆိုတဲ့ ဆိုင်းဘုတ်ပြာကြီးကိုလည်း သံမဏိတန်းမှာ ချိတ်ဆွဲထားတယ်။

ငယ်မည်မောင်မြရွှေ 'အမျိုးသားခေါင်းဆောင်ကြီး သခင်မြ၏ (၁၁၇)နှစ်မြောက် မွေးနေ့အခမ်းအနား'ကို (၂၀၁၅)ခုနှစ်၊ အောက်တိုဘာလက ထုံးဘိုမှာ ကျင်းပ


အကောက်တောင်တော်မြင်ကွင်းကျယ်



www.burmeseclassic.com

www.burmeseclassic.com



ထုံးဘိုကားရပ်နားစခန်း

လိုက်ရတယ်။ ပြောင်းဖူး၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ မှျစ်၊ သရက်သီးစိမ်း၊ ကြက်သွန်၊ ဘူးသီး၊ ပဲတောင့်ရှည်တွေက ဝယ်ချင်စရာပါ။

ဈေးတန်းလေး နောက်မှာတော့ 'ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရုံး၊ ထုံးဘို၊ ပန်းတောင်းမြို့နယ်' ဆိုတဲ့ ဆိုင်းဘုတ်စိမ်းနဲ့ တစ်ထပ်အဆောက်အအုံလေးရှိပြီး အဲဒီမှာ ဒေသမြေပုံတွေရှိလို့ အပြေးအလွှား ဓာတ်ပုံရိုက်လိုက်ရတယ်။ အဲဒီမှာ အကောက်တောင်ရဲ့ မြင်ကွင်းကျယ်ပုံကို 'သောကြာဒူးရွာ၊ အကောက်တောင်၊ ဧရာဝတီတိုင်းဒေသကြီး' ဆိုတဲ့ ခေါင်းစီးစာတန်းနဲ့အတူ တွေ့ရပါတယ်။ သြော်··အကောက်တောင်ဟာ ဧရာဝတီတိုင်းဒေသကြီးထဲမှာကိုး။ မလှမ်းမကမ်းမှာပဲ 'ပဲခူးတိုင်းဒေသကြီး၊ ထုံးဘို၊ အကောက်တောင် တိုင်းဦးစေတီနှင့် နံရံကပ် ရုပ်ပွားတော်များ' ဆိုတဲ့ ပုံလည်း တွေ့ရတယ်။


အင်း··ထုံးဘိုကတော့ ပဲခူးတိုင်းဒေသကြီးမှာ ရှိနေတာလို့ သိလိုက်ရပြန်တယ်။

ကမ်းစပ်မှာတော့ 'အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး သခင်မြ မွေးရပ်မြေ ထုံးဘိုမြို့' ဆိုတဲ့ ဆိုင်းဘုတ်ကြီးကို ဂုဏ်ယူစွာ စိုက်ထူထားရဲ့။ ရှုခင်းသာ (Irrawaddy River & Akouk Taung View Point) လို့ ဗီနိုင်းပုံနဲ့ပါ ထုတ်ပြီး စိုက်ထူထားတဲ့ ဆိုင်းဘုတ်လေးကတော့ သစ်လုံးတိုင်လေးနဲ့ ခပ်ယိုင်ယိုင်ပါ။ မြစ်ကမ်းပါးကိုတော့ ဘာမှကြီးကြီးမားမား ခမ်းခမ်းနားနား မလုပ်ထားဘဲ သဲမြေကုန်းလျှော တစ်ခုပါ။

ကုန်းလျှောထိပ်က 'မန္တသုခရေပိုင်းကျောင်းတိုက် တက်စုံပြု

သွားကြောင်း ကြော်ငြာဘုတ်ကိုလည်း အဝိုင်းအတွင်းမှာ စိုက်ထူထားတာ တွေ့လိုက်ရပါတယ်။ သြော်··ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ အာဇာနည်ခေါင်းဆောင်ကြီးတွေဟာ နှစ်ပေါင်းများစွာ ချောင်ထိုးခံထားရာကနေ အသစ်တစ်ဖန်ပြန်လည်မွေးဖွားလာကြပြန်ပေါ့။ ပတ္တမြားမှန်ရင်တော့ ညွန့်မနစ်ပါဘူးလေ။

ထုံးဘိုကမ်းနားရောက်ပြီး ကားရပ်စခန်းမှာ ကားတွေရပ်ထားခဲ့ပါတယ်။ အဝေးပြေးကားကြီးတွေ၊ ဘုရားဖူးကားတွေနဲ့ ကားစခန်းမှာ စည်ကားနေရဲ့။ ကုက္ကိုပင်ကြီးအောက်မှာ ဘုရားဖူးတွေနဲ့အတူ ဒေသထွက်သီးနှံတွေ ရောင်းဝယ်နေကြတဲ့ ဈေးဆိုင်တန်းလေးကိုလည်း တွေ့




ထုံးဘိုဆိပ်ကမ်း



www.burmeseclassic.com

www.burmeseclassic.com




[illegible]

ပြင်ရန်' ဆိုတဲ့ အလှူခံမဏ္ဍပ်လေးနဲ့ ဈေးဆိုင်တန်းတွေကို ကျော်လွန်ပြီး မြစ်ဆိပ်ကို ဆင်းလာခဲ့တယ်။ အသက်ကယ် ဖော့အင်္ကျီ လိမ္မော်ရောင်တွေ အသင့်ချိတ်ဆွဲထားတဲ့ တဲလေးလည်း တွေ့လိုက်ရတယ်။ မြေသားကို အထစ်ပြုလုပ်ထားပြီး ဘေးမှာ ယာယီဝါးလက်တန်းလေး လုပ်ပေးထားတဲ့ လမ်းအတိုင်း မြစ်ဘေးကို ဆင်းခဲ့ပါတယ်။ မတ်စောက်မှုမရှိဘဲ ပြန့်ပြူးတဲ့ သဲမြေသောင်စပ်မှာတော့ စက်လှေပြာပြာလေးတွေက ကြက်တောင်စိုက် ရှိနေကြရဲ့။

အတော်အသင့်ကြီးတဲ့ တစ်ခြမ်းအမိုးပါ စက်လှေကို နှစ်သောင်းနဲ့ ငှားလိုက်ကြပြီး အကောက်တောင်ကြော (Akauk Taung hill ranges) ရဲ့ နံရံတွေမှာ ထွင်းထုထားတဲ့ ဆင်းတုတော်တွေကို ကြည့်ရှုဖူးမြော်ဖို့ လှေဆိပ်ကနေ ထွက်ခွာခဲ့ကြပါတယ်။ ဆောင်းလေအေးနဲ့အတူ မြစ်ပြင်ကျယ်ကြီးကို ဖြတ်တိုက်လာတဲ့ လတ်ဆတ်တဲ့လေကို ရှူရှိုက်လိုက်ရပါတယ်။ ဟင်းလင်းပြင်ရဲ့ လွတ်လပ်ပွင့်လင်းမှုကိုလည်း ခံစားမိရဲ့။

ထုံးဘိုဆိပ်ကမ်းကနေ တစ်ဆက်တည်းဖြစ်တဲ့ ကမ်းပါးဟာ တဖြည်းဖြည်း မြင့်တက်လာပြီး တောင်ကုန်းတန်းလေး ဖြစ်လာပါတယ်။ တစ်နေရာမှာတော့ တောင်ကုန်းတန်းလေးဟာ ပြတ်သွားပြီး ချောင်းငယ်လေးတစ်ခုက ဧရာဝတီမြစ်ထဲကို စီးဆင်းပူးပေါင်းလာရဲ့။ အဲဒီချောင်းရဲ့ ထုံးဘိုဘက်အခြမ်းဟာ ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး အခြားတစ်ဖက်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ် ဖြစ်ပါတယ်။ တိုင်းကြီးနှစ်တိုင်းရဲ့ နယ်ခြားဟာ ချောင်းကလေးပါပဲ။ ထုံးဘိုဘက်ခြမ်း သဲသောင်တစ်လျှောက်မှာ ကျောက်ချပ်တွေ စုပုံထားတာ အထပ်လိုက် အများကြီး တွေ့ရပါတယ်။ ကျောက်တုံးတွေ ဖွဲပြီး ရောင်းချဖို့ စုပုံထားတာပါတဲ့။ ဘယ်ဌာန၊ ဘယ်သူတွေရဲ့ ခွင့်ပြုချက်နဲ့ လုပ်တာပါလိမ့်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့၊ အကောက်တောင်ကြီးနဲ့ ဧရာဝတီမြစ် ဘေးကင်းလုံခြုံဖို့ကော ထည့်တွက်ခဲ့ကြပါသလား။

တောင်ကုန်းလေးထိပ်မှာတော့ တိုင်းဦးစေတီလေး



ထုံးဘို စခန်းရုံး



www.burmeseclassic.com

www.burmeseclassic.com




[illegible]

ရှိပါတယ်။ စေတီအရင်း တောင်ကုန်းကျောက်နံရံမှာလည်း နံရံကပ် ဆင်းတုတော်တွေ တန်းစီထွင်းထုထားရဲ့။ ဘူမိဖဿမုဒြာဟန် ထိုင်ကိုယ်တော်တွေ၊ သက်န်းတော်ကို ကိုင်ပြီး ရပ်တော်မူနေတဲ့ စီဝရဟတ္ထ မတ်ရပ်တော်တွေကို ကျောက်နံရံကိုနှိက်ကာ ထွင်းထုထားပြီး ဆင်းတုတော်တွေရဲ့ ဘေးမှာလည်း မုခ်လိုဏ်အချိုင့်(Nitch) ကို ထွင်းထုထားပါတယ်။ ဆင်းတုတော်တွေရဲ့ထိပ်က မုခ်အခုံးကိုတော့ အဝိုက်ပုံ (သို့မဟုတ်) ထောင့်ချွန်းပုံတွေ ထွင်းထားလေ့ရှိတယ်။ ဆင်းတုတော်မရှိတဲ့ မုခ်ကပ်အလွတ် အချို့ကိုလည်း တွေ့ရပါတယ်။ မုံရွာတစ်ဖက်ကမ်းက ဖိုးဝင်းတောင်မှာလည်း ဒီလိုကျောက်ထွင်းဆင်းတုတော်တွေ ဖူးတွေ့ခဲ့ဖူးရဲ့။

ဆင်းတုတော်တွေကို အဝါရောင်နဲ့ သင်္ကန်းညိုဝါဝါရောင်တွေ ဆေးသုတ်ကပ်လှူထားကြတယ်။ အဲဒီကို ထုံးဘိုကနေ တောင်(၁)ရပ်ကွက်၊ တောင်(၂)ရပ်ကွက်နဲ့ ရွာသစ်ကုန်းတွေကို ဖြတ်ပြီး မြစ်ကမ်းဘေးတစ်လျှောက် မြေလမ်းလေးကနေ ခြေကျင်လျှောက်ရင်း သွားနိုင်ပါတယ်။ အဲဒီတောင်ကြောလေးရဲ့ နောက်ကနေလည်း ကားလမ်းနဲ့ လာနိုင်သတဲ့။ ချောင်းကူးတံတားကို ဖြတ်ပြီးလည်း အကောက်တောင်ပေါ်က စေတီနားအရောက် ကားနဲ့ တက်နိုင်ပါတယ်။

တိုင်းဦးစေတီ၊ တိုင်းဦးကျောင်း ကျောက်နံရံတပ်ရုပ်ပွားတော်များနဲ့ သာသနိကအဆောက်အအုံများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် အလှူခံဌာနကလည်း စက်လှေငယ်နဲ့ မြစ်ထဲထွက်ကာ ကိုယ်တို့ စက်လှေတွေကို ကပ်လာပြီး အလှူခံကြတယ်။ မြစ်အလယ်တစ်နေရာမှာတော့ ဝါးတိုင်တွေ ဝန်းရံစိုက်ထားတဲ့နေရာကို တွေ့ရပါတယ်။ ရေတိမ်ပြီး သောင်ထွန်းနေတဲ့ နေရာပေါ့။ ‘ရေလယ်ခေါင် သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း’ လို့ ကလေးဘဝက စကားထာ ဖွက်ခဲ့ဖူးတာကို ပြန်သတိရမိပါတယ်။



ပဲခူးတိုင်းဒေသကြီး၊ ထုံးဘိုနဲ့ ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တို့ကြားရှိ နယ်ခြားချောင်းလေး


ချောင်းတစ်ဖက် ကမ်းပါးထိပ်မှာတော့ ‘ကြိုဆိုပါ၏၊ ရောဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်’ ဆိုတဲ့ အစိမ်းရောင်ဆိုင်းဘုတ်ကြီး ထောင်ထားပါတယ်။ နယ်ခြား



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းဘုတ်ကြီးကိုလွန်တာနဲ့ ကမ်းပါးရဲ့ ပစောက်ပုံအဝိုက်ဟာ တစ်ဆစ်ချိုးသွားတယ်။ တောင်ကြောရဲ့ အဲဒီ အခြမ်းဘက်မှာတော့ ကျောက်ကမ်းပါးဟာလည်း ပိုမိုမတ်စောက် ပီပြင်လာပြီး အပြန့်လည်း ပိုကျယ်လာကာ ဆင်းတုတော်တွေ ထွင်းထုလို့ ပိုကောင်းပြီး ဆူရေပိုများ၊ ပိုစိပ်လာတာကို သိသိသာသာ ဖူးမြင်ရတယ်။




ကျောက်ကမ်းပါးယံရှိ ကျောက်ကပ်ဆင်းတုတော်များ

မြစ်နဲ့ တောင်ခြေထိစပ်ရာ မြစ်ကြီးရဲ့ ကမ်းပါးမှာတော့ မြေလမ်းမရှိတော့ဘဲ အလွန်ကြီးမားတဲ့ ကျောက်တုံးကြီးတွေကိုသာ အဆင့်ဆင့်မြင်ရပါတယ်။ အတော်လှတဲ့ ကျောက်သားထုကြီးပါပဲ။ ဒီကျောက်သားတွေကြောင့်ပဲ ဧရာဝတီမြစ်ကြီးရဲ့ လှိုင်းတွေ နှစ်ပေါင်းများစွာ ရိုက်ခတ်လာခဲ့တဲ့တိုင် အကောက်တောင်ကြီး မပြိုမပျက် ခိုင်မြဲနေတာပေါ့။

**<u>အကောက်တောင်ဖြစ်ပေါ်လာပုံသမိုင်းကြောင်း</u>**

(၁၉)ရာစု ဒုတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ(the Second Anglo-Burmese War) အပြီးမှာ မြန်မာပြည်အောက်ပိုင်းကို ဗြိတိသျှ တိုက်ခိုက်သိမ်းပိုက်ထား(the British annexation) ပြီးမို့ မြန်မာနိုင်ငံဟာ မြန်မာမင်း အုပ်ချုပ်တဲ့ အထက်မြန်မာနိုင်ငံ(Upper Myanmar) နဲ့ ဗြိတိသျှတွေ အုပ်စိုးတဲ့ အောက်မြန်မာနိုင်ငံ(Lower Myanmar) လို့ ကွဲထွက်သွားခဲ့တယ်။ ဧရာဝတီမြစ်ဟာ မြန်မာနိုင်ငံ အပိုင်းနှစ်ပိုင်းကြားမှာ ကုန်သွယ်ရေးအတွက် အဓိကသယ်ယူပို့ဆောင်ရေး လမ်းကြောင်းပါ။ အဲဒီသယ်ယူပို့ဆောင်ရေး မြစ်ကြောင်းက လှေသင်္ဘောအားလုံး ရပ်နားပြီး ကုန်သွယ်ခွန်(trading taxes) တွေအတွက် စစ်ဆေးအကောက်,ကောက်ရာ နေရာကတော့ နှစ်ဖက်လုံးရဲ့ ဗြိတိသျှနဲ့ မြန်မာ အကောက်ခွန်ရုံးတွေရှိရာ ပြည်မြို့ရဲ့ မြောက်ဘက် အကောက်တောင်အကွေ့က (toll-posts) တွေပါပဲ။ အဲဒါကြောင့်လည်း ဒီနေရာကို မြန်မာလို အကောက်(taxes) မို့ အကောက်တောင်(Tax Mountain), (Customs Hill) လို့ အမည်ပေးခဲ့တာ ဖြစ်ပါတယ်။

အကောက်တောင်ကြောရဲ့ ကျောက်သားနံရံတွေမှာ



အကောက်တောင်အနီး ဧရာဝတီမြစ်ကမ်းပါးရှိ ကျောက်ဆောင်ကျောက်တုံးများ

www.burmeseclassic.com



ကျောက်ကမ်းပါးယံရှိ ကျောက်ကပ်ဆင်းတုတော်များ

ကျောက်ထွင်းဗုဒ္ဓဆင်းတုတော် (Buddha Images) တွေနဲ့ ပြည့်နှက်နေပါတယ်။ ဒီဆင်းတုတော်တွေကို ကုန်သည်လှေများက လှေထိုးသားတွေဟာ ကျောက်ချပြီး အနည်း ဆုံးတစ်ပတ်လောက်ကြာအောင် သူတို့ရဲ့ လှေကြီးတွေ ရပ်နားနေရချိန်လေးအတွင်းမှာ ဘုရားရှင်ကို ရည်မှန်းပူဇော် ထွင်းထုခဲ့တယ်လို့ ယုံကြည်ကြတယ်။ အဲဒီဆင်းတုတော်တွေအပြင် အမျိုးမျိုးသော သွေးအေးသတ္တဝါ (cold blooded animals)၊ အထူးသဖြင့် ငါး၊ ခရု၊ ပက်ကျိတို့လို ပင်လယ်မှာ နေထိုင်တဲ့ သတ္တဝါတွေရဲ့ ကျောက်ဖြစ်ရုပ်ကြွင်း(fossils) တွေကိုလည်း ဒီကျောက်တောင်မှာ တွေ့ရှိနိုင်ပါတယ်။

**ဘုရားတစ်ထောင် အကောက်တောင်**

အကောက်တောင်ကိုအလာ ကားလမ်းတစ်နေရာမှာ ဘုရားတစ်ထောင်–အကောက်တောင်လို့ လမ်းညွှန်တစ်ခုက ရေးသားထားလို့ ဒီကျောက်နံရံတွေမှာ တကယ်ပဲ ဆင်းတုတော်တစ်ထောင်လောက် ရှိနေသလား၊ မရှိလားတော့ မသိပါဘူး။ ရေဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်ထဲ ဝင်ကတည်းက ကျောက်နံရံကြီးမှာ ဆင်းတုတော်တွေ ပိုများလာပါတယ်။ အချို့သော တင်ပျဉ်ခွေ ဆင်းတုတော်မုခ်ကပ်တွေ တန်းစီနေတဲ့ကြား နေရာသေးသေးလေးတွေမှာတောင် မတ်ရပ်ဆင်းတုတော်လေးတွေနဲ့ ဖြည့်ထားတာ တွေ့ရရဲ့။ ဆင်းတုတော်လေးတွေကို ဘေးတိုက်တန်းစီ ထုလုပ်ထားသလို အထက်အောက်လည်း မုခ်ကပ်တစ်ခုနဲ့တစ်ခု အကြားမှာ ထုလုပ်ထားပြန်တော့ အဝေးကကြည့်ရင် မုခ်ကပ်တွေဟာ ပျားသလက်အုံထဲက အချိုင့်လေးတွေလို နေရာအကြားမလပ်အောင် ပြည့်နှက်နေတာပါ။ အချို့မုခ်ကပ် တစ်ခုထဲမှာ မတ်ရပ်ဆင်းတုတော်လေးနှစ်ဆူ ထည့်သွင်းထုလုပ်ထားတာမျိုးလည်း ရှိပါတယ်။ မုခ်ကပ်တွေကို ထုံးဖြူဖြူတွေ ဖွေးဖွေးလှုပ်အောင် သုတ်ထားလို့ တောတောင်စိမ်းစိမ်းနဲ့ ထုံးဖြူဖြူဟာ ပနံရလှပါတယ်။ ဆင်းတုတော်နဲ့ မုခ်ကပ်တွေ အားလုံးဟာ ရေဝတီမြစ်ကြီးဆီကို မျက်နှာတော်မူထားကြတာပါ။ အချို့ဆင်းတုတော်တွေရဲ့ ရှေ့နားကပ်လျက်မှာ ခြေသွားလမ်းလေးတွေ ...ည်းရှိလို့ သွားရောက်ဖူးမြော်နိုင်ကြပါတယ်။



ကျောက်ကမ်းပါးယံရှိ ကျောက်ကပ်ဆင်းတုတော်များ

ကျောက်နံရံ အလျားလိုက် ခပ်မျောမျော အရှည်လိုက် ဖြစ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တောင်ပေါ်ရှိ ကျောက်ကပ်ဆင်းတုတော်များ

တဲ့ နေရာလပ်တွေမှာတော့ လျောင်းတော်မူဆင်းတုတော်တွေကို အလိုက်သင့် ကြားညှပ်ပြီး ထွင်းထုထားပြန်ပါတယ်။ လျောင်းတော်မူ အများစုကို လက်ယာဘက် လက်တော်က တံထောင်ဆစ်မှာ ကွေးပြီး ဦးခေါင်းတော်ကို ထောက်မ,ထားဟန် ထုလုပ်ထားပေမယ့် တစ်ဆူသော လျောင်းတော်မူမှာတော့ လက်ယာလက်တော်ကို ရင်ဘတ်ပေါ်မှာ တံထောင်ဆစ်ကွေးပြီး တင်ထားရဲ့။ လျောင်းတော်မူအားလုံးရဲ့ ဦးခေါင်းတော်တွေကိုတော့ ကြံခင်းမြို့နယ်ဘက်ကို ဦးခေါင်းတော်ပြုထားတာပါ။ ဒီလျောင်းတော်မူ အားလုံးဟာ ပရိနိဗ္ဗာန် စံဝင်တော်မူပုံတွေ မဟုတ်ကြပါဘူး။ တစ်ခါ,တစ်ခါမှာတော့ ဆင်းတုတော်တွေကို မတ်ရပ်တော် တစ်လှည့်၊ ထိုင်ကိုယ်တော် တစ်လှည့် တစ်ဆက်တည်း ထွင်းထုသွားတာလည်း တွေ့ရပါတယ်။ တချို့မုခ်ကပ်ချိုင့်ခွက်တွေမှာတော့ မပြီးသေးသော ပန်းချီကားတစ်ချပ်လို တစ်ဝက်တစ်ပျက် ထွင်းထုထားတဲ့ ဆင်းတုတော်တွေလည်း ရှိပြန်ပါတယ်။ ဆင်းတုတော် ထုလုပ်ရင်း ရေကြောင်းသင့်လို့ အကောက်ခွန်တီစွတွေ ပြီးလို့များ လှေပြန်ထွက်



ကျောက်တောင်ပေါ်ရှိ ကျောက်ကပ်ဆင်းတုတော်များ

ရမှာမို့ ပြီးသလောက်နဲ့ ထားရစ်ခဲ့လေရော့သလားပဲ။ အဲဒီလို ဆင်းတုတော်တွေကို ပုံစံတကျ တစ်ရွယ်တည်း၊ တစ်ပုံစံတည်း၊ တညီတညာတည်း ထုလုပ်မထားတာကိုကဘဲ သဘာဝကျပြီး မတူညီမှုတွေ ပေါင်းစုကာ အလှတရားတစ်ခုကို ဖန်တီးသွားတာ ဖြစ်နိုင်ပါရဲ့။

'မဆီလေးရယ်မှ အိုမဆိုင်' လို့ပဲ ပြောချင်ပြောရော့။ ငယ်ငယ်တုန်းက ဖတ်ဖူးတဲ့ လွတ်လပ်ရေးရပြီးစ ဒီမိုကရေစီခေတ် ရောင်နီပျို့ချိန်မှာ ဝန်ကြီးချုပ်ဦးနုရဲ့ ထရုတ်ပြည် ချစ်ကြည်ရေးခရီးစဉ်အကြောင်း ထုတ်ဝေတဲ့ 'ဂန္ဓာလရာဇ်မှတ်တမ်း' ကို သတိရမိတယ်။ အဲဒီခရီးစဉ်မှာ စာရေးဆရာမကြီး ခင်နှင်းယုလည်း ပါသွားလေတော့ မမစုကလည်း ခရီးသွားဆောင်းပါးတစ်ပုဒ် ဝင်ရေးရပါတယ်။ တရုတ်ပြည်ကြီးကျယ်ပြန့်ခဲ့ညားပုံ၊ ပန်းရောင်စုံတွေနဲ့ စီမံအလှဆင်ထားတဲ့ ပန်းခင်းတွေ လှပပုံတွေကို ဖွဲ့နွဲ့ချီးမွမ်းပြပြီး ဆောင်းပါးအဆုံးမှာတော့ သိမ်မွေ့စွာ ကလောင်ယမ်းပြခဲ့တယ်။

ပန်းတိုင်းပွင့်ပါစေ ဆိုတဲ့အတိုင်း ပန်းတွေအစီအရီ ဖူးပွင့်နေကြပါတယ်တဲ့။ အဲဒါကို ဘယ်လိုများ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တောင်ပါးယံရှိ ကျောက်ဂူဆင်းတုတော်များ

ညီညီပွင့်အောင် ဖန်တီးထားပါလိမ့်လို့ ပန်းခင်းရဲ့အခြေကို စူးစမ်းကြည့်မိတော့ ပန်းပင်တွေကို ဝါးနဲ့ညှပ်ပြီး ညီနေအောင် ညှိထားတာကိုးတဲ့။ ဒါပါပဲ၊ ညီလွန်းတော့လည်း သဘာဝအလျောက် လွတ်လပ်စွာ ပွင့်လန်းတာ ဟုတ်ပါလေစလို့ တွေးချင်စရာပါပဲ။

ကျောက်တောင်တော်ရဲ့ နံရံမှာ ဆင်းတုတော် ပုံတော်တွေကလွဲလို့ အခြားဘာအရုပ်မှ ထွင်းထုမထားတာကိုလည်း သတိပြုမိပါတယ်။ ခြွင်းချက်အနေနဲ့ ဘူမိဖဿမုဒြာဟန် တင်ပျဉ်ခွေ(cross-legged) ဆင်းတုတော်တစ်ဆူရဲ့ ပလ္လင်တော်အောက်မှာသာ ဆင်လိုလို၊ ခြင်္သေ့လိုလို သတ္တဝါသုံးကောင်ရဲ့ မတ်တတ်ရပ်နေဟန် ရှေ့ပိုင်းသုံးခုကို မပီမပြင် တွေ့ရတာက လွဲလို့ပေါ့။

ခက်ခဲကြမ်းတမ်းပြီး မတ်စောက်လှတဲ့ ဒီကျောက်ကမ်းပါးယံကြီးမှာ ပင်ပန်းစွာ သွားရောက်ပြီး ရသမျှ အချိန်လေးနဲ့ ထွင်းထုသွားကြတဲ့ ရှေးက အမည်မသိ ကုသိုလ်တော်ရှင် လှေထိုးသားကြီးတွေကိုလည်း ချီးကျူးဂုဏ်ယူမိရင်း သူတို့ရဲ့ ကုသိုလ်အဖို့ကို အမျှဝေခဲ့မိပါတယ်။ ကမ္ဘာတည်

သရွေ့ ဗုဒ္ဓသာသနာတော်နဲ့အတူ ရှင်သန်တည်ရှိနေမယ့် ကုသိုလ်များလည်း ဖြစ်ရဲ့။

ဒါ့အပြင် ကျောက်ဆစ်ပညာရှင်တွေ မဟုတ်ပါဘဲ ခုလို အချိုးကျပြီး တင့်တယ်လှတဲ့ ဆင်းတုတော်တွေကို ထုလုပ်နိုင်ခဲ့ကြတာဟာ တော်ရုံတန်ရုံ စေတနာသဒ္ဓါတရားကြောင့် မဟုတ်ဘူးဆိုတာလည်း ဆင်ခြင်တွေးဆမိပါတယ်။ သူတို့တွေ အမှုမဲ့အမှတ်မဲ့ ထွင်းထုခဲ့တဲ့ ဆင်းတုတော်တွေကို မြန်မာပြည်တစ်ဝန်းကသာမက ကမ္ဘာ့နိုင်ငံ အတော်များများကပါ လာရောက်ဖူးမြော် လေ့လာကြည့်ရှုနေတာ သိနိုင်ခဲ့ကြရင် ဘယ်လောက်များ ဝမ်းသာပီတိ ဖြစ်နေမလဲလို့လည်း စိတ်ကူးကြည့်မိပါသေးတယ်။

ဆင်းတုတော်ကွန်ရက်များ အဆုံးမှာတော့ ကျောက်တောင်အထက်က စေတီကို တက်ရောက်ဖူးမြော်ဖို့ စက်လှေတွေ ဆိုက်ကပ်ရာ လှေဆိပ်ကို ရောက်ပါတယ်။ ကျောက်ဆောင်တွေကြားမှာ ကျောက်လှေကားထစ်တွေနဲ့ လှေကားကြီးနှစ်စင်းကို တွေ့လိုက်ရတယ်။ အထက်ပိုင်းက လှေကားထစ်တွေ ဘေးမှာတော့ လက်ရန်းဖြူဖြူတွေ




ဘုရားဖူးစက်လှေများ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ပါ။



ကျောက်ကမ်းပါးယံရှိ ကျောက်ကပ်ဆင်းတုတော်များ

စက်လှေတွေလည်း အဲဒီမှာ ဆိုက်ကပ်ပြီး ဘုရားဖူးတွေ ဆင်း၊ တက်နေကြပါတယ်။ အထက်ကို မတက်လိုရင်လည်း စက်လှေကို ပြန်ကွေ့ပြီး ထုံးဘိုကမ်းပါးဆီ ပြန်လှည့်ကာ အကောက်တောင်နံရံက ကျောက်နံရံကပ် ဘုရားတွေကို မြစ်ကျောကနေ နောက်တစ်ကြိမ် ပြန်ဖူးမြော်သွားနိုင်တယ်။

ခရီးသည်တွေ အလာများလို့ ကျောက်လှေကားတွေထက်မှာတော့ ဖြူနီဝါပြာ အရောင်စုံလှတဲ့ လူတွေ တက်သူတက်၊ ဆင်းသူဆင်း လုပ်နေကြကာ ဘုရားပွဲလို စည်ကားနေတာကို လှမ်းတွေ့နေရပေါ့။

အဲဒီတောင်ထိပ်က ရွှေမြင်တင်စေတီကို မြစ်ဘက်က မဟုတ်ဘဲ တောင်ကြောရဲ့ နောက်ကနေလည်း ကားလမ်းနဲ့ တက်နိုင်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ထုံးဘိုကနေ ကားနဲ့ တိုက်ရိုက်လာရင် ကံကြီးကုန်းရွာ၊ အေးစေတီဘုရား၊ မဟာသာဂီယဝံသသကျမုနိ ကြေးသွန်းဘုရားကြီး၊ မြတ်စွယ်တော်တိုက်တွေကို ဖြတ်ရပြီး ချောင်းကူးတံတားကိုကူးကာ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်ထဲကိုဝင်ကာ စေတီတော်ခြေရင်းမှာလည်း ကားရပ်နားစခန်းရှိတယ်လို့ သိရပေမယ့် သွားရောက်ဖူးမြော်ဖို့ အခွင့်မသာခဲ့ပါဘူး။ ဒီလောက်အထိ ပို့ပေးခဲ့တဲ့ သူငယ်ချင်းတို့ ဇနီးမောင်နှံကိုလည်း အထူးပဲ ကျေးဇူးတင်မိပါတယ်။

ကိုယ်က ရှေးဟောင်းသုတေသနသမားမို့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အကောက်တောင်ကို နောက်တစ်ခေါက် ပြန်လာခဲ့ပြီး အဲဒီတော့မှပဲ ရွှေပြောင်ပြောင် တောင်ပေါ်က ဘုရားကို စိတ်အေးလက်အေး ဖူးမယ်။ နံရံကပ်ကျောက်ထွင်းဆင်းတုတော်တွေရဲ့ လက်ရာတွေ၊ ထုလုပ်ဟန်တွေကို ခေတ်ကာလခွဲခြားတာ (Dating) တွေ လုပ်တော့မယ်လို့ တေးထားလိုက်ရဲ့။ ဘာပဲဖြစ်စေ အကောက်တောင်ကို ရောက်ဖူးချင်လိုက်တာဆိုတဲ့ အာသာဆန္ဒတစ်ခုကတော့ ပြည့်သွားခဲ့ပါပြီ ကောလေ။


တောင်ထိပ်သို့ အတက်လမ်းအစ မြင်ကွင်းတစ်ခု

**ကိုအေးမြင့်**
(မဟာဝိဇ္ဇာ၊ ရှေး–သု)

www.burmeseclassic.com

# ဘုရားကိုးဆူ (သို့မဟုတ်) ကိုးဆူဘုရား

ရန်နိုင်

တောင်ကြီးမြို့မှအလွန် ဟိုပုံးသို့ ဦးတည်ရာလမ်းခုလတ် လေးမိုင်ခရီးအရောက်တွင် ဘုရားကိုးဆူဘုရားကို ဖူးမြော်ရသည်။ လမ်း၏လက်ယာဘက်တွင် တွေ့ရှိရသော ဘုရားကိုးဆူကျောင်း မုခ်ဦးက လှမ်းလင့်ကြိုဆိုသည်။ လမ်းတစ်လျှောက်ရှိသည့် ရွာအမည်များကို ပအိုဝ်းဘာသာဖြင့် ရေးသားထားသည်ကို ထူးခြားစွာ တွေ့ရှိရသည်။ ကိုယ်ပိုင်အုပ်ချုပ်သောဒေသတွင် ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ့်စကားနှင့် ကိုယ့်စာပေက လိုက်လျောညီစွ။

မြန်မာနှင့် ပအိုဝ်းလူမျိုးတို့က တိုင်းရင်းသားအချင်းချင်းမို့ စာပေအရေးအသားချင်း ခပ်ဆင်ဆင်။ အထူးသဖြင့် သချ်ာအသုံးအနှုန်းတွင် ဆက်နွယ်နေသည့် အရေးအသား။ ပအိုဝ်းဘာသာစကားအရ ဘုရားကွတ်ဆူကျောင်းဟူ၍ ရေးသားသည်။ ကိုးကွယ်သော ဘာသာချင်းတူသဖြင့် ဘုရားချင်းအတူတူ။ မြန်မာသချ်ာအရ ကိုးအက္ခရာကို ပအိုဝ်းဘာသာအရ ကွတ်ဟုသုံးနှုန်းသော်လည်း အသံတူမိသားစု စကားလုံးများအဖြစ် သိသာမြင်သာ။

မုခ်ဦးအမည်ကြောင့် ဘုန်းကြီးကျောင်းနှင့် ဘုရားသို့ဝင်ရောက်ဖူးမြော်ပါသည်။

◆◆◆

ကျွန်တော်တို့မြန်မာပြည်တွင် ဘုရားကိုးဆူပူဇော်ပွဲကို ကျင်းပလေ့ရှိကြသည်။ ဘေးအန္တရာယ်အသွယ်သွယ် ရန်စွယ်အပေါင်းမှ ကင်းလွတ်ရေး၊ မကောင်းသောအတိတ်နိမိတ်များမှ ကင်းဝေးစေရန် အစဉ်အလာ။ မိမိတို့အတွက် ကျန်းမာရေး၊ ချမ်းသာရေး၊ အလုပ်အကိုင်၊ အကြံအစည်များ တိုးတက်အောင်မြင်စေရန်၊ လာဘ်လာဘပေါများစေရန် ရည်ရွယ်ချက်၊ ဤသို့ရည်မှန်းချက်ဖြင့် ဘုရားကိုးဆူပူဇော်လေ့ရှိကြသည်။

အိမ်တစ်အိမ်တွင် ဘုရားကိုးဆူပူဇော်ရန် တတ်သိနားလည်ကျွမ်းကျင်သူ ဆရာများကို ရှာကြံတိုင်ပင်ကြရသည်။ နည်းပြဆရာက ဦးဆောင်မှ ပိုမိုပီပြင်သော ကိုးကွယ်မှုဖြစ်လာသည်။ အထူးသဖြင့် ဘုရားကိုးဆူတင်မည့်သူက ညဘက်ပိုင်းတွင် ကျင်းပလေ့ရှိသည်။ အိမ်ဦးခန်းတွင် အခမ်းအနားကို ပြင်ဆင်ကြရသည်။ အိမ်ရှင်နှင့်အတူဧည့်သည်များက ဘုရားသို့ ကပ်လှူရန် ဆီမီး၊ အမွှေးတိုင်၊ ပန်းများ၊ ရေများ ယူဆောင်၍ ကပ်လှူကြသည်က အစဉ်အလာ။ အိမ်ရှင်က ဧည့်သည်အား လက်ဖက်ရည်အကြမ်း၊ လက်ဖက်သုပ်ဖြင့် ဧည့်ခံကြသည်။ အချို့ကမူ အခြားအကျွေးအမွေးဖြင့် ဖြည့်ဆည်းကြသည်။

နောက်တစ်ရက် အရုဏ်ဆွမ်းကို ဘုန်းကြီးများအား ပင့်ဖိတ်လျက် ဘုရားအနေကဇာတင်လေ့ရှိကြသည်။ တစ်နည်းအားဖြင့် ဘုရားကိုးဆူနှင့် ဘုရားအနေ



ဘုရားကိုးဆူကျောင်းတိုက် အဝင်မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ကာဓာတင်လေ့ ရှိကြသည်။ တစ်နည်းအားဖြင့် ဘုရားကိုးဆူနှင့် ဘုရားအနေကာဓာတင်ကို တွဲဖက်လျက် အလှူနှစ်မျိုး စပ်ဟပ်ကြခြင်းဖြစ်သည်။

ဘုရားကိုးဆူနှင့်ပတ်သက်၍ မြန်မာ-အင်္ဂလိပ် အဘိဓာန်ကို စဉ်းစားမိသည်။ အဘိဓာန်အလိုအရ ဘုရားကိုးဆူ ၏အဓိပ္ပာယ် ရှင်းရှင်းလင်းလင်း။ The Nine Deities represented by the Buddha and the eight arhats; namely ရှင်ရာဟုလာ၊ ရှင်ကောဏ္ဍည၊ ရှင်ရေဝတ၊ ရှင်သာရိပုတ္တရာ၊ ရှင်ဥပါလိ၊ ရှင်အာနန္ဒာ၊ ရှင်ဂဝံပတိ and ရှင်မောဂ္ဂလာန်ဟူ၍ ဖော်ပြထားသည်။

အဘိဓာန်သဘောအရ သေသေချာချာ စူးစမ်းကြည့် လျှင် ဘုရားကိုးဆူဆိုသည်မှာ လုံးဝမပြည့်စုံလှ။ မြတ်စွာဘုရားက တစ်ဆူတည်းသာ၊ ကျန်ရှစ်ပါးက ရဟန္တာများ။ သို့သော် ဘုရားကိုးဆူဟူ၍ ရောထွေးသုံးနှုန်းသည်။ တစ်နည်းအရ ရဟန္တာများကိုပင် ဘုရားဟု သတ်မှတ်သည့်သဘော။ ဘုရားကိုးဆူ နည်းပြဆရာများသည် အောက်ပါအစီအစဉ်အတိုင်း ဘုရားနှင့် ရဟန္တာရုပ်တုများကို နေရာချထားသည်။



မြတ်စွာဘုရားရုပ်တုတော်ကို မဏ္ဍိုမဗွေချက် အလယ်ဗဟိုကွက်၌ ထားရှိရသည်။

ဘုရား၏ တောင်ဘက်အရပ်၌ နေတော်မူသော ရှင်သာရိပုတ္တရာမထေရ်၊

ရှင်အာနန္ဒာကား ဘုရား၏အနောက်ဘက် ခပ်ကျကျနေရာ၊

ဘုရား၏ မြောက်ဘက်တွင် ရှင်မောဂ္ဂလာန်၊

ဘုရား၏ အနောက်မြောက်ရှိ ရှင်ဂဝံပတိ၊

ဘုရား၏ အနောက်တောင်အထိ ရှင်ဥပါလိ၊

ဘုရား၏ အရှေ့တောင်တွင် ရှင်ရေဝတနှင့် အရှေ့မြောက်မှာ ရှင်ရာဟုလာ၊

ဘုရား၏ အရှေ့ဘက်စူးစူးအရပ်၌ ရှင်ကောဏ္ဍည နေရာချထားကြသည်။

ရုပ်တုများက အရွယ်အစားတူတူ။ မည်သည့်ရုပ်တုက မည်သူမှန်း မသိရ။ ထိုအခါ၌ ရဟန္တာများရုပ်တုရှေ့တွင် စာဖြင့် ရေးသားခွဲခြားရသည်။ အဆိုပါ ရဟန္တာရှစ်ပါးဟု ရောထွေးတင်ပြသော်လည်း ရှင်အာနန္ဒာတစ်ပါးမှာ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးသည့် နောက်ပိုင်းတွင်မှ ရဟန္တာဖြစ်တော်မူသည်ဟု ကြားနာရဖူးသည်။ ထို့မျှသာမကသေး ဘုရားကိုးဆူတွင် ဂြိုဟ်ကြီး(၉)လုံးကိုလည်း တွဲဖက်ပူဇော်ကြသည်။

ဤကြုံတွေ့ပူဇော်ဖူးသော ဘုရားကိုးဆူနှင့် ယခုဖူးမြော်နေရသော ဘုရားကိုးဆူက မည်သို့ဆက်စပ်မည်နည်း။ ပူးတွဲပါပုံတော်တွင် စေတီတစ်ဆူနှင့် အရံစေတီများ စုစုစည်းစည်းကို ဖူးတွေ့ရသည်။ စေတီ၏ပုံတော်မှာ ရှမ်းပြည်နယ်တွင် တွေ့နေသည့်ပုံစံမျိုး။ သေးသွယ်ရှည်လျားသော စေတီတော်သဏ္ဌာန်များ အတွင်းဘက်၌ ကုဘုရား




www.burmeseclassic.com

www.burmeseclassic.com



ပုံစံမျိုး။ ဘုရားဖူးရန် အဝင်လမ်းများက ကျဉ်းမြောင်းစွာ တည်ထားဖွဲ့စည်းသည်။ စိတ်ကို မပြန့်ပွားရန် စူးစိုက်စေလိုသည့်သဘော။ အဝင်ဝတွင် အစောင့်အဖြစ် နတ်ပုံသဏ္ဌာန် ထုလုပ်ထားသည်။ အတွင်းသို့ဝင်လျှင် ဘေးတစ်ဖက်တစ်ချက်၌ ဘုရားပုံတူများကို ဖူးတွေ့ရသည်။ အတွင်းနံရံတွင် မတ်တတ်ရပ်ကိုယ်တော်ဘုရား နှစ်ဆူအား ဖူးရသည်။ နောက်ဆုံးနေရာ၌ ဘုရားတစ်ဆူ၊ ဘုရားပုံသဏ္ဌာန်များ ယခင်ဖူးတွေ့နေကျ ရှမ်းဘုရားများနှင့် ခပ်ဆင်ဆင်။ အထူးသဖြင့် ပင်းတယ ရွှေဥမင်ရှိဘုရားနှင့် ထပ်တူခံစားမိသည်။

ပင်းတယရွှေဥမင်ဂူ၌ အများဆုံး ဖူးတွေ့နေရသည်က ဘိသက္ကဂုရုဆင်းတုတော်။ ထိုဆင်းတုတွင် ထူးခြားသည်က လက်ဝဲလက်ပေါ်တွင် အမြိုက်ရေစင်အိုးကို တင်ထားသည်။ လက်ယာလက်ဝါးကို အခြားဆင်းတုများလို လက်ကိုမှောက်မထား။ လက်ဖဝါးကို လှန်၍ဖွင့်ပြထားသည်။ လက်ညှိုးနှင့်လက်မ၊ လက်ညှိုးနှင့် လက်ခလယ်၊ လက်ခလယ်နှင့် လက်ညှိုးတို့အကြား သစ်စေ့ကို ကိုင်ထားသည်။ သစ်စေ့မှာ ဖန်ခါးစေ့ဟု ပညာရှိများ ဆိုကြသည်။



ယခု ဘုရားကိုးဆူကို ဆင်းတုတော်များတွင် အမြိုက်ရေစင်အိုးများ ပါဝင်ထားသည်။ သို့သော် ညာဘက်လက်၌ ဖန်ခါးစေ့ကို ကိုင်မထား။ ဘိသက္ကဂုရုဆင်းတုတွင် ကျန်းမာရေး၊ ရုပ်နုပျိုရေးအတွက် ရည်ရွယ်ထားသည့် အချက်အလက်မှာ သစ်စေ့နှင့် အပြိုင်ရေစင်အိုး။ ယခုဖူးတွေ့ရသော ဆင်းတုမှာ သစ်စေ့မပါသော်လည်း အမြိုက်အိုး ပါဝင်နေသည်မှာ ထူးထူးခြားခြား။ ဘိသက္ကဂုရုဆင်းတုနှင့် တူသည်ဟုဆို၍ မရနိုင်သော်လည်း ဘယ်လက်ဖဝါးပေါ်မှ အမြိုက်အိုးကြောင့် ကျန်းမာရေးနှင့် သက်ဆိုင်သည်ဟု ဆိုရမည်။ ဆင်းတုဘုရားအပေါ် တွေးဆနိုင်းယှဉ် ဖူးမြော်ရင်း မေးမြန်းခဲ့သည်။

'ဘုရားကိုးဆူလို့ မည်သည့်အကြောင်းကို ပြုစုစဉ်းစားပါသလဲ'

မည်သူမျှ မဖြေဆို။ ဂေါပကကိုယ်၌က ဇဝေဇဝါ။ ယခင်က ကျောင်းတိုက်ဆရာတော်က အကြောင်းအား လျော့စွာ လူထွက်သွားသည်။ ယခုဆရာတော်က ပုဂံမှ ပြောင်းလာသည်မှာ မကြာသေး။

'ရှာက လူကြီးများ ပြောနိုင်မည်လား'

www.burmeseclassic.com

www.burmeseclassic.com

'ရှာက အသက်ကိုးဆယ်ကျော် လူကြီးတစ်ယောက် ဝင် မပြောနိုင်ပါ။ သူ့ မမွေးခင်ကတည်းက ဘုရားကိုးဆူ ရှိပြီးသားဟုသာ ပြောနိုင်တယ်'

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ မှတ်တမ်း၊ သူလှူထားသော ဘုရားထီးတင်သည့်အကြောင်း၊ နှစ်ပေါင်းနှစ်ရာကျော်ရှိ ရှေးဘုရင်မင်းမြတ် တည်ထားကိုးကွယ်သော သမိုင်းဝင်စေတီတော်ဟုသာ ဖော်ပြထားသည်။ မည်သည့် မြန်မာဘုရင်နှင့် ရှမ်းစော်ဘွားတို့၏ သမိုင်းစဉ်ဆက်ကို မဖော်ပြနိုင်။

မြတ်စွာဘုရားနှင့် ပတ်သက်သည့် ကိုးဂဏန်းပတ်သက်ဖူးသော ဓလေ့များကို ရှာဖွေလေ့လာရပြန်သည်။ ဘုရားဂုဏ်တော်ကိုးပါးလည်းရှိသည်။ ထိုအချက်နှင့် ဤဘုရားကိုးဆူက သက်ဆိုင်လေသလား။ ဘုရားပုံဟန်ကိုးပါးကိုလည်း ဖတ်ရှုမှတ်သားရပြန်သည်။ ဘုရားဆင်းတုပုံသဏ္ဌာန်များ ဖြစ်သည်။

ဗောဓိပင်နှင့် ပလ္လင်ရှိ မာန်နတ်ကို အောင်မြင်တော်မူဟန်။

အနိမိသဠ် ရပ်တော်မူသောပုံဟန်၊

ရတနာစင်္ကြံ သွားတော်မူဟန်၊

ဓမ္မစကြာတရား ဟောတော်မူဟန်၊

ရင်ဘတ်တော်ကို လက်ဖြင့်အုပ်ကာ အံ့သြနေတော်မူဟန်၊

မြေမှုန့်ကို လက်သန်းဖြင့်ချီ၍ ပြတော်မူဟန်၊

ကပ္ပိန္နမင်းကို ရုပ်တုဖန်ဆင်းတော်မူဟန်၊

လျောင်းဆက်ကျိန်းတော်မူဟန်၊

ပရိနိဗ္ဗာန်စံပြုတော်မူဟန် စသည့် ပုံဟန်ကိုးမျိုးကမူဒြာနှင့် ပတ်သက်ဆက်နွယ်နေပြန်သည်ဟု တွေးမိသည်။ ဘုရားပုံဟန်များကြောင့် ဘုရားကိုးဆူဟူ၍ သတ်မှတ်မည်ဟု ယူဆ၍မရနိုင်။ သိလိုမှုကြောင့် နှုတ်မှ ဖွင့်မေးမိပြန်သည်။

'ဘုရားကိုးဆူအမည်ကို သိနိုင်ကြပါသလား'

ဤမေးခွန်းကို မိမိက မမေးခင်ကတည်းက သူတို့လည်း သိလိုချင်ကြပုံ။ မေးမြန်း၍လည်း စုစည်း၍မရ။ အထောက်အထားလည်း မတွေ့ရ။ ပြန်လည်ပြောပြမည့်သူမရှိ။ သို့သော် ကြိုတင်စဉ်းစားတွေးခေါ်ပုံရသည်။

သည်ဘုရားမှာရှိတဲ့ စေတီပေါင်းက ကိုးဆူရှိတယ်ဟု



ဆက်စပ်စဉ်းစားမိသူက ဝင်ပြောပုံက မဝံ့မရဲ။

သူ့စကားကို ထောက်ထားလျက် ဖြစ်နိုင်မည်လားဟု စဉ်းစားရသည်။ စုစည်းထားသော စေတီရံများကို ကိုယ်တိုင် လိုက်လံရေတွက်သည့်အခါ သူစဉ်းစားပုံကို ငြင်း၍မရ။ မှန်နေသည်။ စေတီကိုးဆူရှိနေခြင်းကြောင့် ဘုရားကိုးဆူဟူ၍ သတ်မှတ်ထားလိုက်သည်က လောလောဆယ် အဖြေတစ်ခု ရလိုက်သည်ဟု ဆိုရမည်။

ကျွန်တော်ကမူ ဘုရားဘွဲ့အမည်ကို ဖတ်ရှုရသဖြင့် ဟိန္ဒူအယူအရ ဘုရားကိုးဆူပူဇော်ခြင်းကို ချိန်ကားစဉ်းစားသည်။ ဘုရားမုဒြာပုံဟန် ကိုးမျိုးကိုလည်း ဆက်စပ်ပုံဖော်သည်။ သို့သော် ပအိုဝ်းလူမျိုးများက သာမန်အားဖြင့် စေတီကိုးဆူကို အခြေတည်၍ ဘုရားဘွဲ့တော်ပေးကြသည်ဟူဆို။

တောင်ကြီးမြို့မှအလွန် ဟိုပုံးသို့ဦးတည်ရာ လမ်းခုလတ် လေးမိုင်ခရီးအရောက်တွင် ဘုရားကိုးဆူဘုရားနှင့် ဘုရားကိုးဆူဘုန်းကြီးကျောင်းကို ဖူးတွေ့ရမည်။ ကြုံကြိုက်လျှင် ဝင်ရောက်ဖူးမြော်ကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

**ရင်နိုင်**



www.burmeseclassic.com

www.burmeseclassic.com


Wat Mahathat ကျောင်းတော်၌ စံပယ်တော်မူသော (၁၃)ရာစုလက်ရာ ကြေးဆင်းတုတော်ကြီး

တက္ကသိုလ်မျိုး

## ဘန်ကောက်မြို့ ဗုဒ္ဓဝါဒနှင့် ဝိပဿနာတမ္ဘဋ္ဌာန်းတရား သင်ကြားပို့ချရာစတိုဌာန

# Wat Mahathat ဘုရားကျောင်းတော်

Wat Suthat ကျောင်းတော်မှ ထွက်ခဲ့ပြီးနောက် Wat Mahathat ကျောင်းတော်သို့ သွားရောက်ရန် လမ်းမပေါ် ထွက်၍ ကားငှားကြသည်။ စာရေးသူတို့ ရောက်ရှိနေသော ရက်သည် ထိုင်းဘုရင်မင်းမြတ်၏ မိဖုရားကြီး သီရိခေတ်၏ မွေးနေ့နှင့် ကြုံနေချိန်ဖြစ်၍ လမ်းမကြီးပေါ်များ၌လည်းကောင်း၊ လမ်းဆုံအဝိုင်းပတ်ကြီးများပေါ်၌လည်းကောင်း မိဖုရား၏ပုံများကို ခမ်းခမ်းနားနား စိုက်ထူထားသည်ကို တွေ့ရသည်။ ထိုင်းနိုင်ငံ အလံများနှင့် ဘုရင့်အထိမ်းအမှတ် အလံများကို လမ်းမကြီးတစ်လျှောက် စိုက်ထူထားသည်။ ကြီးမားလှသော ပိုစတာကြီးများ၌ မိဖုရားကြီးပုံနှင့်အတူ သားတော်အိမ်ရှေ့မင်းသား မဟာဗာဂျီရာလောင်ကွန်၏ ပုံများကိုလည်း ပူးတွဲဖော်ပြထားသည်။

မြဘုရားကိန်းဝပ်စံပယ်တော်မူရာ နန်းတော်အိမ်တော်အနီးရှိ လမ်းဘေးပလက်ဖောင်းပေါ်ရှိ သစ်ပင်ကြီးငယ်တို့၌ သစ်ခွပန်းအိုးများ ချိတ်ဆွဲထားရာ သစ်ခွပန်းတို့၏အလှသည် လမ်းတစ်လျှောက် လွှမ်းမိုးလျက်ရှိသည်။ ထိုင်းနိုင်ငံ၏အမှတ်အသား သစ်ခွပန်းများကို လမ်းဘေးနှစ်ဖက်ရှိ သစ်ပင်တို့၏ ပင်စည်၌ သဘာဝအတိုင်း ပေါက်ရောက်ဖူးပွင့်နေသည့်အလား ဖန်တီးထားသည်မှာ ထိုင်းတို့၏ ပန်းအလှဆင်ပညာရပ်၏ အစွမ်းပင်ဖြစ်သည်။ လမ်းဘေးသစ်ပင်များ၌ ချိတ်ဆွဲစိုက်ပျိုးထားသော သစ်ခွတို့မှာ ဒန်တိုဗီယာ ခေါ် သစ်ခွမျိုးများဖြစ်ပြီး ခရမ်းရောင်နှင့် အဖြူစပ်အပွင့်များဖြင့် အမြင်ဆန်းလှသည်။ တခြားအရောင်နှင့် သစ်ခွပန်းတချို့ကိုလည်း မြင်ရသော်လည်း ခရမ်းရောင်အဖြူစပ် ဒန်တိုဗီယာသစ်ခွတို့က အများစုဖြစ်သည်။

ထိုင်းလူမျိုးတို့သည် ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်(ဂျ်)(King Bhumibol Adulyadej)ကို အလွန်ပင် ချစ်ခင်လေးစားကြသူများဖြစ်သည်။ ထိုင်းဘုရင်ကြီးအပေါ် လေးစားချစ်ခင်ကြသလို မိဖုရားကြီးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com


လေးစားချစ်ခင်ကြသည်။ ထို့ကြောင့် မိဖုရားကြီး၏ မွေးနေ့ကို ဂုဏ်ပြုသည့်အနေနှင့် အစိုးရရုံးဌာနကြီးများ၏ အဆောက်အအုံကြီးများ ရှေ့၌လည်းကောင်း၊ ကုန်တိုက်ကြီးများ၏ရှေ့၌လည်းကောင်း၊ ဟိုတယ်ကြီးများ၏ရှေ့၌လည်းကောင်း၊ ဆေးရုံကြီးများနှင့် ပုဂ္ဂလိကအဆောက်အအုံကြီးများ၌လည်းကောင်း မိဖုရားသီရိခေတ်၏ ပုံတော်များကို တခမ်းတနား စိုက်ထူထားပြီး မီးရောင်စုံများ ထွန်းညှိကာ ဂုဏ်ပြုထားကြသည်မှာ ဘန်ကောက်မြို့တော် အနှံ့ပင် ဖြစ်သည်။

စာရေးသူမိသားစုသည် မိဖုရားကြီး သီရိခေတ်နှင့် သားတော်အိမ်ရှေ့မင်းသားပုံအနီးမှ အငှားကားကို ငှားရမ်းကာ Wat Mahathat ကျောင်းတော်သို့ ထွက်ခွာခဲ့ကြသည်။ Wat Suthat နှင့် Wat Mahathat ကျောင်းတော်တို့သည် အတော်ဝေးကွာမည်ဟု အထင်နှင့် အငှားကားငှား၍ စီးခဲ့ရာ ဆယ်မိနစ်ခန့်ပင် မကြာမီ Wat Mahathat ကျောင်းသို့ ရောက်ခဲ့သည်။ ဘန်ကောက်မြို့ Taxi ကားတို့သည် မီတာဖြင့် ပို့ဆောင်ကြရာ စတင်ငှားရမ်းပြီး မီတာလက်တံကို ချိုးလိုက်သည်နှင့် (၃၅)ဘတ်ဂဏန်း ပေါ်လာသည်။ သတ်မှတ်ထားသည့် ခရီးမိုင်ရောက်မှ မီတာခ တစ်ဘတ်ချင်း တက်သည်။ ယခု Wat Suthat နှင့် Wat Mahathat ကျောင်းတော်ဘုရားနှစ်ဆူခရီး၌ မီတာခမတက်မီ ရောက်သွား၍ (၃၅)ဘတ်သာ ပေးရသည်။ ခရီးမဝေးကွာလှကြောင်းလည်း ခန့်မှန်းသိလိုက်ရသည်။

စာရေးသူသည် ဘန်ကောက်၌ ဆေးကုသရန် လာရောက်ခြင်းဖြစ်ရာ တစ်ခေါက်ရောက်တိုင်း ဘန်ကောက်ဘုရား တစ်ဆူ၊ နှစ်ဆူ ဖူးပြီးမှပြန်သည်။ တစ်ခါတစ်ရံ သုံးလေးဆူမက နှစ်ရက်ဆက်၍ ဖူးခဲ့သည်။ ဘန်ကောက်ခရီး မကျွမ်းကျင်၍ တစ်နေရာတည်း၌ ကပ်လျက်ရှိသော ဘုရားများကို တစ်နေ့တည်း၊ တစ်ကြိမ်တည်း မဖူးမြော်မိဘဲ နှစ်ရက်ဆက်၍လည်းကောင်း၊ နှစ်ခေါက်ရောက်မှလည်းကောင်း ဖူးမြော်မိ၍ ခရီးစရိတ်လည်း ပိုကုန်ပြီး အချိန်လည်း အလွန်ကုန်ခဲ့ရသည်။ ထို့ကြောင့် ဘန်ကောက်သို့ ဘုရားဖူးရောက်သည့်အခါ အချိန်ကုန် ငွေကုန် သက်သာပြီး တစ်နေရာတည်းရှိ ဘုရားများကို တစ်နေ့တာအချိန်အတွင်း အပြီးအပြတ် ဖူးမြော်နိုင်ရန် လမ်းညွှန်ဇယားကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

ဘန်ကောက်မြို့၌ အဓိကထား၍ ဖူးမြော်ရမည်မှာ ဘုရင့်နန်းတော်အတွင်း၌ တည်ထားသော မြဘုရားဖြစ်သည်။ ဆုတောင်းလည်းပြည့်ပြီး ကမ္ဘာကျော် မြဘုရားဖြစ်၍ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်ရှိသူများ မလွဲမသွေ ဖူးမြော်ရမည့် ဘုရားတစ်ဆူပင်ဖြစ်သည်။ ဘန်ကောက်မြို့သို့ အလည်အပတ်သက်သက် လာသူများအနေနှင့်ကား ကျန်ဘုရားများကို ဖူးချင်မှ ဖူးပေမည်။ အထူးသဖြင့် ကုန်တိုက်ကြီးများ၊ ဈေးကြီးများ၊ ရေပေါ်ဈေးနှင့် တခြားလည်စရာပတ်စရာများသို့ ဦးစားပေး၍ သွားရောက်ကြမည် ဖြစ်သည်။

ဘန်ကောက်မြို့သို့ Tour ခရီးသည်ပို့ဆောင်ရေးနှင့် လိုက်ပါသူတို့အနေနှင့်လည်း Tour ကုမ္ပဏီ၏ အစီအစဉ်ဖြင့်သာ သွားလာရမည်ဖြစ်၍ စာရေးသူဖော်ပြမည့် ဘုရားဖူးခရီးစဉ်တို့နှင့် ကိုက်ညီချင်မှ ကိုက်ညီပေမည်။ ယခုအခါ Tour ကုမ္ပဏီအချို့သည် ဘုရားဖူးခရီးသက်သက် ပို့ဆောင်ပေးသည့်အနေနှင့် ကြီး(၉)ကြီး ဘုရားဖူးပို့ဆောင်ပေးမည့်အကြောင်း သတင်းစာများ၌ တွေ့နေရပေသည်။ ထိုခရီးစဉ်နှင့် လိုက်ပါသူများအနေနှင့် Tour ကုမ္ပဏီ ပို့ဆောင်


ရွှေမောင်းရုပ်ပွားတော်မြတ်အား အနီးကပ်ကြည့်ရှုဖူးမြော်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com


ရဟန္တာအရှင်မြတ်ကြီး ဖူးမြော်နေပုံနှင့်
ရုပ်ပွားတော်မြတ်ကြီး၊ စေတီတော်ဖူးမြော်ရစဉ်

ပေးမည့် အစီအစဉ်အတိုင်း လိုက်ပါရမည်ဖြစ်၍ စာရေးသူ ရေးဆွဲပေးသည့် အစီအစဉ်နှင့် သွားရန်မလိုပေ။

စာရေးသူ ရေးဆွဲပေးသည့် ဘုရားဖူးလမ်းညွှန်မှာ မိသားစုအလိုက် ဘန်ကောက်သို့ ဘုရားဖူးခရီးသက်သက် သွားလိုပါက နှစ်ရက်၊ သုံးရက်အတွင်း ဘန်ကောက်မြို့ရှိ တန်ခိုးကြီးဘုရားများကို ခရီးစရိတ်အကုန်အကျ သက်သက်သာသာနှင့် သွားလာနိုင်ရန် ရည်ညွှန်းဖော်ပြလိုက်ရခြင်း ဖြစ်သည်။

ယခုအခါ ထိုင်းနိုင်ငံသို့ ဗီဇာမလိုဘဲ အလွယ်တကူ သွားလာခွင့်ပြုထားခြင်းကြောင့် ဘန်ကောက်သို့ ဆေးကုသရန်အတွက်လည်းကောင်း၊ ဈေးဝယ်အလည်ခရီးအတွက်လည်းကောင်း၊ ဘုရားဖူးရန်အတွက်လည်းကောင်း၊ အလုပ်ကိစ္စ၊ ကုန်ရောင်းကုန်ဝယ်ကိစ္စအတွက်လည်းကောင်း သွားလာရန် လွယ်ကူ၍ နေ့စဉ် ခရီးသွားများဖြင့် စည်ကားနေသည်။ ထိုင်းတွင် နှစ်ပတ်နေထိုင်လည်ပတ်ခွင့်ဗီဇာ ရရှိ၍ လေယာဉ်လက်မှတ်ကို တစ်ပတ် (သို့မဟုတ်) နှစ်ပတ်စာ အသွားအပြန်ခရီးဝယ်ယူပြီး ရန်ကုန် (သို့မဟုတ်) မန္တလေးလေဆိပ်မှ ထွက်ခွာရုံသာဖြစ်၍ အခက်အခဲမရှိ သွားလာနိုင်လေသည်။ ထို့ကြောင့် တစ်ပတ်အတွင်း ဘန်ကောက်ရှိ ဘုရားစုံ အယုဒ္ဓယတစ်ရက်၊ ပတ္တရားတစ်ရက် အနဲ့သွားနိုင်လေသည်။ အထူးလိုအပ်သည်မှာ ဘန်ကောက်မြို့ရှိ မြန်မာစကားပြန် ဂိုက်တစ်ဦးနှင့်ကား ချိတ်ဆက်ထားရန် လိုသည်။ ထိုဂိုက်မှာလည်း ရိုးသားသောသူကို စုံစမ်းပြီးမှ ဆက်သွယ်ပါက စိတ်ချမ်းသာရမည်ဖြစ်သည်။ စကားပြန်ဂိုက်တစ်ဦး၏ ဝန်ဆောင်ခမှာ မနက်က မနက် ခြောက်နာရီမှ ညနေခြောက်နာရီအထိ ဘတ်တစ်ထောင် ဖြစ်သော်လည်း ယခုအခါ ဘတ်ထောင့်နှစ်ရာအထိ ဈေးမြင့်တက်ခဲ့သည်။ ထိုစကားပြန်ဂိုက်နှင့် စာရေးသူ လမ်းညွှန်လိုက်သည့် ဘုရားစာရင်းကိုပြ၍ ပို့ခိုင်းသော် နှစ်ရက် (သို့မဟုတ်) သုံးရက်အတွင်း ဘန်ကောက် ဘုရားစုံကို အတော်ပင် ပြည့်စုံအောင် ဖူးမြော်နိုင်ပေမည်။

(၁) မြဘုရား' (Wat Phra Kaew)
ပထမဆုံး နန်းတော်အတွင်းကို ဦးစွာဖူးမြော်ရန်

(၂) Wat Mahathat
မြဘုရားနှင့် ကပ်လျက်၌ တည်ရှိသည်။
Phra That Road (Near Sanam Luang Park, between the Grand Palace and the National Museum) Old City (Rattanakosin)

(၃) Wat Pho (ကျောင်းတော်မှုဘုရား)
မြဘုရားနှင့် ကပ်လျပ် တည်ရှိသည်။

(၄) Laha Parsat (Wat Ratahanaddaram) Golden Mout ရွှေတောင်ကုန်းဘုရားအနီး၌ရှိသည်။
(Maha Chai Road)

(၅) Golden Mout (Wat Saket) ရွှေတောင်ကုန်းစေတီ
Laha Parsat ဘုရားနှင့် ကပ်လျက်ရှိသည်။
(Between Boriphat Road and Lan Luang Road, off Ratchadamnoen Klang Road)

(၆) Wat Suthat (Bangkok Giant Swing)
(Bamrung Muang Road, Old City (Rattanakosin), Opposite Bangkok City Hall.

(၇) Marble Temple (Wat Benjamabhopit)
(69) Thanon Rama V Road, Dusit, Bangkok.
အထက်ပါ ဘုရား(၇)ဆူသည် ထိုင်းဘုရင့်နန်းတော်



www.burmeseclassic.com

www.burmeseclassic.com



Wat Mahathat ကျောင်းတော်အဝင်မုခ်ဦး

မြဲဘုရားကိန်းဝပ်စံပယ်တော်မူရာ နေရာ အနီးပတ်ဝန်းကျင်၌ တည်ရှိ၍ တစ်နေ့တည်း အစုံဖူးမြော်နိုင်သည်။ Marble Temple ဘုရားတစ်ဆူသာ အတန်ငယ် ဝေးသော်လည်း ကျန်ဘုရားခြောက်ဆူမှာ အနီးအနား၌သာရှိ၍ ကားငှားရန်မလိုဘဲ သွားရောက်ဖူးမြော်နိုင်သည်။ စာရေးသူ ဘန်ကောက်အတွေ့အကြုံ မရှိခင်က ထိုဘုရားတစ်ဆူချင်းကို တစ်နေ့စီ သွားဖူးခဲ့ရခြင်း၊ အစီအစဉ်တကျ မဖူးမြော်တတ်၍ အငှားကားဖြင့် လွန်းထိုးဖူးမြော်ရခြင်းများကြောင့် အချိန်ကုန် ငွေကုန် ဖြစ်ခဲ့ရသည်။ ကျန်တန်ခိုးကြီးဘုရားများဖြစ်သည့် စေတီရုပ်ပွားတော်များကို နောက်တစ်နေ့ အချိန်ယူ၍ သွားရောက်ဖူးမြော်နိုင်သည်။ နောက်ပိုင်း ဖူးမြော်ရမည့် ဘုရားများမှာ နန်းတော်နှင့် အနည်းငယ်ဝေးပြီး တစ်ဆူနှင့် တစ်ဆူလည်း အလှမ်းဝေးလှ၍ အောက်ပါအတိုင်း အငှားကားကို တစ်ဆူချင်း ငှားရမ်းသွားရောက်နိုင်သည်။ ပထမဆုံး တရုတ်တန်း၌ရှိသော Wat Traimit (Gold Buddha) ရွှေဘုရားကို စတင်သွားရောက်ဖူးမြော်ရမည်ဖြစ်သည်။ ရွှေဘုရားသည် Bangkok district of Samphanthawong in China Town ၌ ရှိသည်။

ရွှေဘုရား ဖူးမြော်ပြီးနောက် Wat Bowornniwet (Near the Wan Chart Bridge and Banglamphoo Market) နှင့် Wat Chana Songkhram (Chakkraphong Road, Bang Lamphu Sub-district, Phra Nakhon district) နှစ်ဆူကို ဆက်၍သွားရောက်ဖူးမြော်နိုင်သည်။ တစ်ဆူနှင့် တစ်ဆူမှာ သိပ်မဝေးလှ၍ Taxi ခ (၃၅)ဘတ်ထက် မကျော်လွန်ပေ။

ထိုဘုရားသုံးဆူ ဖူးပြီးနောက် ကျောက်ဖရားမြစ်ကိုကူးကာ (ကားနှင့်ပင် တံတားဖြတ်၍ ကူးရန်) Wat Rak-hang (Arun Arnarin Road, Sirirat Sub- district) ကို ဦးစွာဝင်ရောက် ဖူးမြော်ပြီးနောက် ဘန်ကောက်မြို့၌ အထင်ကရ စေတီတစ်ဆူဖြစ်သည့် Wat Arun (Yai district of Bangkok, on the Thonburi west bank of the chao. Pharya River) ကို ဖူးမြော်ရန် ဖြစ်သည်။ Wat Arun စေတီသည် Wat Pho ကျောင်းတော်မှဘုရားနှင့်လည်း မြစ်တစ်ဖက်ကမ်းစီ၌ တည်ရှိ၍ Wat Pho ဘုရားမှ မော်တော်ဘုတ်စီးပြီး လာရောက်ဖူးမြော်နိုင်သည်။ Wat Pho အနီး၌ တည်ရှိသော Wat Rakhang နှင့် Wat Kalayamat တို့ကို ဆက်၍ဖူးမြော်နိုင်လေသည်။

အထက်ပါအတိုင်း အစီအစဉ်ဆွဲ၍ ဘန်ကောက်မြို့ရှိ ဘုရားများကို ဖူးမြော်ခဲ့သော နှစ်ရက်အတွင်း အပြည့်အစုံ



ထိုင်းဘုရင်မင်းမြတ် [illegible] မွေးနေ့အထိမ်းအမှတ် [illegible] ကြီး ([illegible])



www.burmeseclassic.com

www.burmeseclassic.com

ဖူးမြော်နိုင်မည်ဖြစ်သည်။ စာရေးသူ ဖော်ပြခဲ့သော ဘုရားများသည် ဘန်ကောက်မြို့၌ရှိသော ဘုရားကျောင်းတော်၊ စေတီတော် ဘုရားများစွာအနက်မှ အထင်ကရဘုရားများသာဖြစ်သည်။ ဘန်ကောက်မြို့တော်၌ ကြီးကျယ်ခမ်းနားလှသော ကျောင်းတော်များ၊ ဘုရားများ အမြောက်အမြား ရှိသေးသည်ကိုလည်း သတိပြုရန်လိုသည်။ ယခု စာရေးသူ ဖော်ပြထားသော ဘုရားများအနက် ဘုရားဖူးပို့ဆောင်ပေးသော Tour ကုမ္ပဏီများ သတ်မှတ်ဖော်ညွှန်းသော ဆုတောင်းပြည့်ဘုရားကိုးဆူဖြစ်သည့်-

(၁). Wat Saket (Golden Mount)
(၂) Wat Suthat (Thanon charoen krung)
(၃) Wat Bowornn niwet
(၄). Wat Chana Songkhram
(၅) Wat Phraw (မြဘုရား)
(၆) Wat Phrachetuphon (လျောင်းတော်မူ)
(၇) Wat Kalaymait
(၈) Wat Arun (အာရုဏ်ဦးစေတီ)
(၉) Wat Rakhang

တို့ ဖြစ်သည်။ ယခုဆောင်းပါး ရေးသားတင်ပြနေသော Wat Mahathat ဘုရား မပါဝင်ပေ။ ထို့နည်းတူ Golden Buddha ရွှေဘုရားလည်း ပါဝင်ခြင်းမရှိပေ။ သို့သော်လည်း Wat Mahathat မှာ ထင်ရှားကျော်ကြားသော ဘုရားတစ်ဆူဖြစ်၍ ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပေသည်။

◆◆◆

စာရေးသူတို့ မိသားစုသည် Wat Mahathat ကျောင်းတော်ရှေ့ လမ်းမကြီးပေါ်၌ဆင်းပြီး ဘုရားကျောင်းတော်အတွင်းသို့ဝင်ရန် ဂိတ်ပေါက်နံပါတ်(၂)မှ ဝင်ရောက်ခဲ့သည်။ ဝင်လျှင်ဝင်ချင်း ကြေးနက်ဖြင့် သွန်းလောင်းထားသော ထိုင်းဘုရင်တစ်ပါး၏ပုံကို မြင်တွေ့ရသည်။ ခြေတွဲလျောင်းချထိုင်လျက် အနေအထား သွန်းလောင်းထားပြီး ပေါင်ပေါ်၌ ဓားရှည်တစ်လက်ကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ပြီး ထိုင်လျက်အနေအထား မြင်ရသည်။ ခေါင်း၌လည်း ရှေးထိုင်းစစ်သူကြီးတို့၏ အဆောင်အယောင် ခမောက်ဦးထုပ်ကို ဆောင်းထားသည်။ ရုပ်တုအောက်ခြေ၌ ယိုးဒယားအက္ခရာဖြင့် စာတန်းရေးထိုးထားသည်ကို တွေ့ရသည်။ ထိုင်းအက္ခရာမတတ်၍ ဘယ်ဘုရင်မင်းမြတ်အမည်ပါဟု ဖော်ထုတ်နိုင်ခြင်း မရှိပေ။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နှင့် တစ်နိုင်ငံလုံးသို့ ကမ္ဘာလှည့်ခရီးသွားများ သန်းနှစ်ဆယ်နီးပါး တစ်နှစ်၊တစ်နှစ် ဝင်ထွက်သွားလာနေရာ ဘုရားကျောင်းများ၊ စေတီများ၊ ပြပေါက်များ၊ ပန်းဥယျာဉ်များ၌ မှတ်သားဖွယ်ရာများကို အင်္ဂလိပ်အက္ခရာနှင့် မရေးထိုးဘဲ ထိုင်းအက္ခရာနှင့်သာ ရေးထိုးလေ့ရှိသည်မှာ လေ့လာသူ၊ လည်ပတ်သူတို့အနေနှင့် အခက်အခဲများစွာ ဖြစ်ကြရသည်။ ခြွင်းချက်အနေနှင့်ကား တချို့နေရာတို့၌ အင်္ဂလိပ်အက္ခရာနှင့် ရေးထိုးထားသည်ကို တွေ့ရသော်လည်း နေရာတချို့သာ ဖြစ်သည်။


ဂိတ်ပေါက်ဝမှ ဝင်ရောက်ပြီးနောက် ကျောင်းတော်ကြီးအတွင်း၌ မော်တော်ယာဉ်များ ရပ်နားထားသည်ကို တွေ့ရပြီး ထိုမော်တော်ယာဉ်ရပ်နားရာအဆုံး၌ ရှည်လျားသော ဝင်ပေါက်စောင်းတန်းကြီးကို တွေ့ရသည်။ စောင်းတန်းအဝင်မုခ်ဝမှ အတွင်းသို့ ဝင်မိသောအခါ ရွှေရောင် ဝင်းနေသော ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်အဆူဆူကို ကြည်ညိုဖွယ် တွေ့ရသည်။ ဉာဏ်တော်အရွယ်တူများ ဖြစ်ရုံသာမက ပုံစံတူ ရွှေသင်္ကန်းကပ်လှူထားသော ရုပ်ပွားတော်များ ဖြစ်သည်။ အဝင်မုခ်ဝ ဘေးတစ်ဖက်တစ်ချက်ရှိ အာရုံခံစောင်းတန်း


Wat Mahathat ကျောင်းတော်ဘေးရှိ စောင်းတန်းအဝင်ဝ
ကြည်ညိုဖွယ် ရုပ်ပွားတော်များ



www.burmeseclassic.com

www.burmeseclassic.com



Wat Mahathat ကျောင်းတော်ကြီးအတွင်းရှိ ရှေ့တော်ကိုးကွယ်ရာ ရှေးဟောင်းရုပ်ပွားတော်ကြီးအား ဖူးမြော်ရစဉ်



ရှေးဟောင်းရုပ်ပွားတော်တစ်ဆူအား ဖူးမြော်ရစဉ်


နှစ်ဖက်စလုံး၌ တန်းစီ၍ ကိုးကွယ်ထားသည်မှာ စောင်းတန်းအဆုံးထိဖြစ်သည်။ ဘန်ကောက်မြို့ရှိ ဘုရားကျောင်းတော်ကြီး အတော်များများသည် ရှည်လျားလှသော စောင်းတန်းလေးသွယ်ဖြင့် ဝိုင်းရံထားပြီး ထိုအာရုံခံစောင်းတန်းလေးသွယ်၌ ဗုဒ္ဓရုပ်ပွားတော်များကို သပ္ပာယ်စွာ ကိုးကွယ်ထားကြသည်ကို တွေ့မြင်ကြရသည်။ Wat Mahathat ကျောင်းတော်ကြီးသည် တန်ဆောင်းကြီး နှစ်ခုအား ပေနှစ်ဆယ်ခြား၍ အပြိုင်တည်ဆောက်ထားရာ စာရေးသူတို့သည် လက်ယာဘက်ရှိ တန်ဆောင်းကြီးအတွင်းသို့ စတင်ဝင်ရောက်ခဲ့သည်။

ဘုရားကျောင်းတော်ကြီး၏ဘေး စင်္ကြံ၌ ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော ထိုင်းအမျိုးသမီး ယောဂီများကို တွေ့မြင်ရသည်။ တချို့လည်း စာဖတ်လျက်လည်းကောင်း၊ တချို့လည်း တရားအားထုတ်၍လည်းကောင်း တွေ့ရသည်။ တချို့သော ယောဂီများက စကားအချေအတင်ပြောနေသည်ကိုလည်း တွေ့ရသည်။ မြန်မာနိုင်ငံဘုရားကျောင်းကန်များ၌ ဥပုသ်သီတင်း လာရောက်ဆောက်တည်ကြသော ဥပုသ်သည် အမျိုးသမီးများ နေ့လယ်နေ့ခင်း စကားဝိုင်းဖွဲ့နေပုံကို သွား၍အမှတ်ရမိသည်။

တန်ဆောင်းကြီး၏ ခန်းမကြီးအတွင်းသို့ ဝင်ရောက်လိုက်သောအခါ ဉာဏ်တော်မြင့်မားလှသော ရွှေရောင်ဝင်းလျက် ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဘူမိဖဿမုဒြာဟန်ဖြင့် ဖူးမြော်ရသည်။ ရုပ်ပွားတော်မြတ်ကြီး၏ရှေ့၌ ရဟန္တာတစ်ပါးသည် ဘုရားရှင်အား ကြည်ညိုနေဟန်နှင့် ဘေးတစ်ဖက်စီ၌လည်း ရဟန္တာတစ်ပါးစီ ကြည်ညိုနေဟန်ကို ဖူးတွေ့ရသည်။ Wat Mahathat ဗုဒ္ဓရုပ်ပွားတော်သည် မှန်စီရွှေချပလ္လင်တော်ထက်၌ သီတင်းသုံးတော်မူရာ ဖူးမြင်ရသူတို့အနေနှင့် ကြည်ညိုသဒ္ဓါတရား ထက်သန်စေရန် လှုံ့ဆော်နေသည့်အလားပင်ဖြစ်သည်။ ရုပ်ပွားတော်မြတ်ရှေ့၌လည်း အဖြူရောင်ဖယောင်းတိုင်များကို စိုက်ထူထားရာ အမြင်ဆန်း၍နေသည်။

စာရေးသူသည် Wat Mahathat ရုပ်ပွားတော်မြတ်ကြီး မျက်နှာတော်အား အနီးကပ်ဓာတ်ပုံမှတ်တမ်းရိုက်ယူသလို ဘေးစောင်း၊ ဘေးဘက်၊ အနောက်ဘက် စသည်ဖြင့် ထောင့်စုံနေရာစုံမှ ဓာတ်ပုံမှတ်တမ်း ရိုက်ယူခဲ့သည်။ ရုပ်ပွားတော်မြတ်ကြီးသည် အချိုးအစားကျနပြီး ယိုက်ရာ

www.burmeseclassic.com


ဗုဒ္ဓဘုရားရှင်ဓာတ်တော် ကိန်းဝပ်စံပယ်တော်မူရာ
စေတီငယ်


ဒုတိယဂန္ထကုဋိတိုက်ရှိ ကြည်ညိုဖွယ် ဗုဒ္ဓရုပ်ပွားတော်များ

မြောက်လှကြောင်းကိုလည်း သတိပြုမိသည်။

ရုပ်ပွားတော်မြတ် သီတင်းသုံးစံပယ်တော်မူရာ ဂန္ထကုဋိတိုက်ကြီး၏ နံရံ၌လည်း ထိုင်းဘုရင်မင်းမြတ်နှစ်ပါး၏ ဓာတ်ပုံများ ချိတ်ဆွဲထားရာ ဤဘုရားကျောင်းတိုက်ကြီးကို တည်ဆောက်လှူဒါန်းသော ဘုရင်များ၏ပုံဟု ခန့်မှန်းယူဆရသည်။ Wat Mahatl.at ရုပ်ပွားတော်ကြီး၏ ဂန္ထကုဋိတိုက်အတွင်း၌ပင် ဆရာတော်သုံးပါး၏ ရုပ်တုသုံးဆူကိုလည်း တွေ့ရသည်။ တစ်ဆူမှာ ရွှေပိန်းအပြည့်ချထားသော်လည်း နှစ်ဆူမှာ ရွှေတစ်ပိုင်းတစ်စ ချထားသည်ကို တွေ့ရသည်။ ထိုဆရာတော်ကြီးသုံးပါးသည် ဤ Wat Mahathat ကျောင်းတိုက်ကြီး၏ ရှေးအစဉ်အဆက် အုပ်ချုပ်ကျောင်းထိုင်တော်မူခဲ့သော ဆရာတော်ကြီးများ ဖြစ်မည်ဟု ခန့်မှန်းယူဆမိသည်။

ရုပ်ပွားတော်မြတ်ကြီး သီတင်းသုံးစံပယ်တော်မူရာ ဂန္ထကုဋိခန်းမကြီးအတွင်း၌လည်း အဖြူရောင်ဝတ်စုံနှင့် ထိုင်းအမျိုးသမီး ယောဂီအများကိုလည်း ဆိတ်ငြိမ်စွာ ထိုင်လျက် ဘုရားအာရုံပြုနေသည်ကို တွေ့ရသည်။ ထိုင်း ယောဂီအမျိုးသမီးအများစုမှာ အသက်အရွယ်အရ လူလတ်ပိုင်းနှင့် လူကြီးပိုင်းများသာ ဖြစ်သည်ကို တွေ့ရသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်၍ ဒုတိယအရွယ်၊ တတိယအရွယ် ကာလ ရောက်ကြပြီးဖြစ်၍ နောင်တမလွန်အရေး၊ ဘဝကူးကောင်းရေးအတွက် တရားဓမ္မ ကျင့်ကြံအားထုတ်ခြင်းသည် ကောင်းမြတ်သော အားထုတ်မှုပင်ဖြစ်ကြောင်း တွေးတောနေမိသည်။ Wat Suthat ကျောင်းတော်၌လည်းကောင်း၊ ယခု Wat Mahathat ကျောင်းတော်၌လည်း တွေ့မြင်ရသော ပိတ်ဖြူစင်ကြယ်ဝတ် ယောဂီအများစုသည် အမျိုးသမီးများသာ ဖြစ်နေသည်ကို တွေ့ရသည်။ အမျိုးသားများကား သံသရာကို ခင်တွယ်ကာ အဖန်တလဲလဲ သံသရာလည်စေမည့် ဒေါသ၊ မောဟ၊ လောဘ အလုပ်များ၌သာ ကျင်လည်နေကြ၍လောမသိ ဘုရား၊ ကျောင်း၊ ကန်၊ ဓမ္မရိပ်သာတို့၏ တွေ့ရမြင်ရ နည်းပါးလျက်ရှိသည်ကို မြန်မာနိုင်ငံ၌လည်း တွေ့ရသည်။ ထို့ကြောင့် နတ်ပြည်နတ်ဘုံ၌ နတ်သားဦးရေ နည်းပါးကာ နတ်သမီးဦးရေ ပေါများနေရခြင်းလောဟု တွေးတောရင်း စာရေးသူ ပြုံးနေမိသည်။

◆◆◆




www.burmeseclassic.com

www.burmeseclassic.com

လက်ယာဘက်ကျောင်းတော်ကြီးမှ ထွက်ခဲ့ပြီး လက်ဝဲဘက်ကျောင်းတော်ကြီးအတွင်းသို့ ဝင်ရောက်လိုက်သောအခါ ကြီးမားလှသော ဗုဒ္ဓရုပ်ပွားတော်ကြီးရှေ့၌ အနီရောင်ကော်ဇောကြီးကို ခင်းထားလျက် ရဟန်းတော်၊ ဆရာတော်များ ခုံများနှင့်လည်းကောင်း၊ သံဃာစင်ပေါ်၌လည်းကောင်း ထိုင်တော်မူလျက်တွေ့ရသည်။ သံဃာတော်များ၏ ရှေ့စားပွဲခုံတန်းလျားပေါ်၌ လှူဖွယ်ပစ္စည်းများကို တန်းစီ၍ချထားသည်။ အလှူအတန်းကုသိုလ်ပြုပွဲကျင်းပရန် ပြင်ဆင်ထားသည်ဟု ထင်မိသည်။ တန်ဆောင်းကြီးအတွင်း သံဃာတော်များပြည့်နေ၍ ဝင်ခွင့်ပြု၊မပြုသိရန် အပေါက်ရှိ သံဃာတော်တစ်ပါးအား လက်အုပ်ချီဟန်ပြပြီး ဆင်းတုတော်ကြီးထံ လက်ညှိုးညွှန်ပြလိုက်သောအခါ သံဃာတော်သည် ခေါင်းညိတ်ပြီး ဝင်ခွင့်ပြုသောကြောင့် ကျောင်းတော်ကြီးအတွင်းသို့ စာရေးသူတို့မိသားစု ဝင်ရောက်ပြီး ပထမဦးစွာ ရုပ်ပွားတော်မြတ်ကြီးအား ဦးချကန်တော့ကြသည်။

ရုပ်ပွားရှေ့၌လည်း သံဃာတော်ဆယ်ပါးကျော်သည် ညီညီညာညာ တန်းစီထိုင်နေတော်မူပြီး ရွတ်ပွားပူဇော်ရန် စောင့်ဆိုင်းနေဟန်နှင့် ငြိမ်သက်နေသည်။ ရုပ်ပွားတော်မြတ်ကြီးသည် ပထမဦးစွာ လက်ယာဘက်တန်ဆောင်းကြီးအတွင်း ဖူးမြော်ခဲ့သော Wat Mahathat ရုပ်ပွားတော်လောက် ဉာဏ်တော်မမြင့်ပေ။ ဗုဒ္ဓရုပ်ပွားတော်ရှေ့၌ ရုပ်တော်မူမြတ်စွာရုပ်ပွားတော် ခြောက်ဆူမှာလည်း ရွှေသင်္ကန်းဖြင့် ကြည်ညိုဖွယ်ပင်ဖြစ်သည်။ ထိုင်တော်မူရုပ်ပွားတော်ကြီးမှာ ရွှေရောင်အဆင်းဖြင့် သပ္ပာယ်လှပေသည်။ ရုပ်ပွားတော်မြတ်ရှေ့၌ ရုပ်ပွားတော်မြတ်အား ကျောပြုကာ ထိုင်တော်မူသော ရဟန်းတော်များသည် ဘာသာရေးအခမ်းအနားတစ်ရပ် ကျင်းပရန် အသင့်အနေအထားနှင့် ထိုင်နေတော်မူသည်ကို သတိပြုမိ၍ ဗုဒ္ဓရုပ်ပွားတော်အား အလျင်အမြန် ဦးချကန်တော့ပြီး ရုပ်ပွားတော်မြတ်ကြီး၏ အနောက်ဘက်ရှိ ဂန္ဓကုဋိတိုက်ဘက်သို့ သွားရောက်ကြည့်ရှု ကြည်ညိုရာ စေတီတော်ငယ်တစ်ဆူကို ဖူးမြော်ရလေသည်။ စာရေးသူတို့သည် ထိုင်းဘုရားစေတီများ၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဓာတ်တော်,မွေတော်များကို ဌာပနာထည့်သွင်းပူဇော်ပြီး ယခုဖူးမြော်ရသည့် စေတီငယ်များ တည်ထားတတ်သည်ကို အများအပြား ဖူးမြော်ခဲ့ဖူးရာ ယခု ရွှေစေတီတော်အတွင်း၌လည်း ဓာတ်တော်,မွေတော်များကို ဌာပနာထည့်သွင်းပူဇော်ထားပေမည်ဟု တပ်အပ်သေချာ တွေးမိသည်။ ရွှေစေတီတော်အား မှန်များဖြင့် လုံလုံခြုံခြုံ ကာရံထားသည်ကို ကြည့်ခြင်းအားဖြင့် အဖိုးတန် ရတနာများနှင့် စီမံတည်ထားခြင်းဖြစ်သည်ကိုလည်း တွေးမိသည်။

စေတီတော်ကိန်းဝပ်ရာ ဂန္ဓကုဋိတိုက်အတွင်း၌လည်း ရွှေပြားသင်္ကန်းများ ဆက်ကပ်လှူဒါန်းထားသော ဗုဒ္ဓရုပ်ပွားတော်အဆူဆူကိုလည်း မုဒြာဟန်အမျိုးမျိုးနှင့် ဖူးမြော်ရလေသည်။ အများအားဖြင့် ဘူမိဖဿမုဒြာဟန်၊ ဗျာဒိတ်ပေးဟန်ပုံတော်များဖြစ်သည်။ ထိုင်းဗိသုကာပညာရပ်သည် ဗုဒ္ဓမြတ်စွာဘုရားပုံတော်များ ထုလုပ်ရာ၌ အလွန်ပင် လက်ရာမြောက်လှသည်။ ရှေးအယုဒ္ဓယခေတ်ကလက်ရာ၊ အယုဒ္ဓယမတိုင်မီလက်ရာများကိုလည်း ပထမမြောက်ရာမင်းကြီးအနေဖြင့် ထိုင်းနိုင်ငံအနှံ့မှ ပင့်ဆောင်ပြီး ဘန်ကောက်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများ(Tamples) ၌ ကိုးကွယ်ထားရာ စာရေးသူဖူးမြော်ခဲ့ဖူး၍ လက်ရာအလွန်



Wat Mahathat ရှေးဟောင်းရုပ်ပွားတော်နှင့် စာရေးသူတို့ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ကြီး၌ ဆုပ်ချုပ်ခဲ့သော
ဆရာတော်ကြီးရုပ်တု



Wat Mahathat ကျောင်းတော်ကြီး၏
ဆရာတော်ကြီးတစ်ပါး ရုပ်တု

မြောက်ကြောင်း ရေးသားနိုင်ခြင်းဖြစ်သည်။ Golden Buddha ရွှေဘုရား၊ Wat Suthat ဘုရားတို့သည် ထိုင်းနိုင်ငံ၏ (၁၃)ရာစုလက်ရာများဖြစ်ပြီး လက်ရာအနုစိတ်လှသည်။ ယခုခေတ်လက်ရာများမှာလည်း ဗုဒ္ဓရုပ်ပွားတော်ထွင်းထုရာ၌လည်းကောင်း၊ သွန်းလောင်းရာ၌လည်းကောင်း အနုစိတ်ပြီး လက်ရာမြောက်လှသည်။ Wat Mahathat တန်ဆောင်းအတွင်းရှိ ဖူးမြော်ရသော ရုပ်ပွားတော်အဆူဆူသည်လည်း ရှေးခေတ်ဟောင်းရုပ်ပွားတော်များ ဖြစ်ဟန်တူပြီး သပ္ပာယ်လှပေသည်။

Wat Mahathat ကျောင်းတော်ကြီး၌ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးနှစ်ဆူကို ဖူးမြော်ခဲ့ရသလို ထိုင်းရဟန်းတော်များကိုလည်း ဖူးမြော်ကြည်ညိုခွင့်ရခဲ့သည်။ ဘန်ကောက်ရှိ ကျောင်းတိုက်အတော်များများသို့ ဘုရားဖူးရင်း ရောက်ရှိခဲ့ဖူးသော်လည်း သံဃာတော်အများအပြားကို ယခုလိုတစုတဝေးတည်း မဖူးခဲ့ဘူးပေ။ တစ်ပါးစ နှစ်ပါးစလောက်သာ ဖူးခဲ့ရသည်။ ယခု Wat Mahathat ကျောင်းတော်ကြီး၌ကား ရဟန်းသံဃာတော်ပေါင်းများစွာကို တစ်နေရာတည်း၌ တစုတဝေးတည်း ဖူးမြော်ခွင့်ရသလို အဖြူရောင်ဝတ်စုံနှင့် ယောဂီအများအပြားကိုလည်း တစုတဝေးတည်း တွေ့ခဲ့ရသည်။ တရားအားထုတ်ကြသည်ကိုလည်း တွေ့ရသည်။

ထို့ကြောင့် စာရေးသူအနေနှင့် စိတ်ဝင်စား၍ လေ့လာကြည့်သောအခါ Wat Mahathat ဘုရားကျောင်းတော်ကြီးသည် ထိုင်းနိုင်ငံ၌ ဝိပဿနာကမ္မဋ္ဌာန်းတရားနှင့်ပတ်သက်သော ဗဟိုဋ္ဌာနချုပ်ကြီးတစ်ခုအဖြစ် ရပ်တည်နေပြီး ထိုင်းနိုင်ငံ၏ ဘုန်းတော်ကြီးများ၊ သီလရှင်များ စနစ်တကျလေ့လာကျင့်ကြံအားထုတ်သည့် အချက်အချာကျောင်းတော်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

Wat Mahathat ကျောင်းသည် ဗုဒ္ဓစာပေနှင့် ဝိပဿနာကမ္မဋ္ဌာန်း လေ့လာသင်ကြားရာ ဌာနကြီးအဖြစ် အရေးပါလှသည်။ အင်္ဂလိပ်ဘာသာစကားဖြင့်လည်း သင်ကြားပို့ချသောကြောင့် နိုင်ငံခြားသားများအတွက် အလွယ်တကူလေ့လာနိုင်သည်။ ထို့ကြောင့် Wat Mahathat ကျောင်းတော်ကြီးသည် ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ကြီး တည်ထောင်ခဲ့သော ဆရာတော်ကြီး၏ ရုပ်ထု

တွင် သိမြင်အောင် လေ့ကျင့်သင်ကြားရာဌာနအဖြစ် အထူးထင်ရှားသည်။ ကျောင်းတော်ကြီး၌ ဝိပဿနာကမ္မဋ္ဌာန်းတရားအား နေ့စဉ် နံနက်(၇)နာရီမှ (၁၀)နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ(၁)နာရီမှ ညနေ(၅)နာရီအထိ တစ်ကြိမ်နှင့် ညနေ(၆)နာရီမှ (၈)နာရီထိ တစ်ကြိမ် သင်တန်းဖွင့်လှစ်ပို့ချလျက်ရှိသည်။ သင်တန်းပို့ချရာတွင်လည်း လေ့လာ၊ လေ့ကျင့်ရာတွင် လွယ်ကူစေရန် ယောဂီတစ်ဦးချင်း နားလည်သဘောပေါက်စေရန် အင်္ဂလိပ်စကားပြောတတ်ကျွမ်းသော လက်ထောက်ဘုန်းကြီးတစ်ပါးက ကူညီပြသပေး၍ သင်တန်းသားတို့ လေ့လာ၊ လေ့ကျင့်ရာ၌ လွယ်ကူစေသည်။

စာရေးသူသည် Wat Mahathat ကျောင်းတော်ကြီး၏ ထူးခြားလှစွာသော ဝိပဿနာ ကမ္မဋ္ဌာန်းတရား လေ့ကျင့်သင်ကြားရာ ရိပ်သာကြီးတစ်ခုဖြစ်ကြောင်း သိရ၍ မြန်မာနိုင်ငံရှိ ပရိယတ်အထူးပြု တည်ထောင်ဖွင့်လှစ်ထားသည့် မဟာစည်သာသနာ့ရိပ်သာ၊ ရွှေတောင်ကုန်းသာသနာ့ရိပ်သာနှင့် တခြား၊တခြားသော သာသနာ့ရိပ်သာများကို သွားရောက်သတိပြုမိသည်။ မြန်မာနိုင်ငံရှိ ဝိပဿနာကမ္မဋ္ဌာန်းတရား အားထုတ်ရာ ရိပ်သာများသည် ယခုအခါ၌ အတော်ဖြစ်ထွန်းလျက် ယောဂီရာပေါင်းများစွာကို တရားစခန်းများဖွင့်လှစ်ကာ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပို့ချလျက် လက်တွေ့ တရားကမ္မဋ္ဌာန်း အားထုတ်မှုကို လေ့ကျင့်ပေးလျက်ရှိသည်ကို နှိုင်းယှဉ်သတိပြုမိသည်။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ Wat Mahathat ဘုရားကျောင်းတော်ကြီးကား ဝိပဿနာကမ္မဋ္ဌာန်းတရားကို လေ့လာသင်ပေးခြင်း၊ လက်တွေ့လေ့ကျင့်စေခြင်းများကို စနစ်တကျဆောင်ရွက်လမ်းညွှန်ပေးနေပုံကိုလည်း မှတ်တမ်းပြုမိသည်။

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ် သွားစဉ်က နိုင်ငံခြားသားအတော်များများကို မြတ်စွာဘုရား ပွင့်တော်မူရာ မဟာဗောဓိပင်ခြေရင်း၌ ဝိပဿနာတရားအားထုတ်နေသည်ကို တွေ့ရ၍ စာရေးသူအနေနှင့် စူးစမ်းလေ့လာရာ နည်းစနစ်နှင့် ကျင့်ကြံအားထုတ်ပုံကို ထိုင်းနိုင်ငံ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများမှ သင်ယူခဲ့ကြောင်း သိခဲ့ရာ ယခု Wat Mahathat ကျောင်းတော်ရောက်မှ သဘောပေါက်ခဲ့ရသည်။ ဝိပဿနာကမ္မဋ္ဌာန်းတရားအား အင်္ဂလိပ်ဘာသာ



Wat Mahathat ကျောင်းတော်ကြီးခြံ၌ ယောဂီများ နားနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ကြီးကို တည်ထောင်ခဲ့သူ ဘုရင်မင်းမြတ်

နှင့် စနစ်တကျသင်ကြားမှုကြောင့် အနောက်ဥရောပနိုင်ငံများ၊ အမေရိကန်နိုင်ငံ စသည့်နိုင်ငံခြားသားအများစု ဝိပဿနာကမ္မဋ္ဌာန်းတရားကို ထိုင်းဗုဒ္ဓဘာသာ၏နည်းအတိုင်း လေ့ကျင့်အားထုတ်ကြခြင်းဖြစ်ကြောင်း သဘောပေါက်ခဲ့သည်။

◆◆◆

စာရေးသူတို့သည် Wat Mahathat ကျောင်းတော်ကြီးအနှံ့ လေ့လာစရာများလေ့လာပြီး ဖူးမြော်စရာဘုရား ရုပ်ပွားဆင်းတုတော်များကို ဖူးမြော်ကြည်ညိုပြီး ထိုကျောင်းတော်မှ ပြန်လည်ထွက်ခွာသောအခါ မွန်းလွဲ(၁)နာရီပင် ထိုးပေတော့မည်။ ယနေ့ Gold Mout ရွှေတောင်ကုန်းဘုရား၊ Wat Suthat ဘုရားကျောင်း၊ Wat Mahathat ကျောင်း စသည့် ကျောင်းတော်သုံးကျောင်းကို အလျင်အမြန် လေ့လာဖူးမြော်ရင်း ဓာတ်ပုံမှတ်တမ်းများလည်း ရိုက်ယူရင်း အချိန်အတော်ပင်ကုန်ခဲ့သည်။ ထို့ကြောင့် တည်းခိုရာအခန်းသို့ပြန်ရန် Taxi ငှားပြီးပြန်ကြသည်။

နောက်နေ့ (၁၅-၈-၂၀၁၅)ရက်နေ့ တစ်ရက် ဘန်ကောက်၌ နေရမည်ဖြစ်၍ ကျန်နေသေးသော ထင်ရှားကျော်ကြား တန်ခိုးကြီးဘုရားများကို ဆက်လက်ဖူးမြော်ရန် စိတ်အားသန်နေမိသည်။ ဘုရားများ လှည့်လည်ဖူးမြော်စဉ်၌ စိတ်အာရုံသည် ဖူးမြော်နေရသည့် ဘုရားများအပေါ် ကြည်ညိုသဒ္ဓါစိတ် စူးရောက်နေချိန်ဖြစ်၍လောမသိ မိမိခံစားနေရသော အသည်းဝေဒနာနှင့်ပတ်သက်၍ စိုးရိမ်စိတ်၊ ကြောင့်ကြစိတ်များ မဖြစ်ပေါ်ဘဲ အေးချမ်းသော၊ ကြည်လင်ချမ်းမြေ့သောစိတ်များ၊ မုဒိတာပွားသောစိတ်များဖြင့်သာ ဝေဒနာကို မေ့မေ့ပျောက်ပျောက် ဖြစ်နေသည်။ ဗုဒ္ဓဘုရားရှင်အား ဦးချပူဇော် ဆုတောင်းသောအခါ၌သာ ထိုအသည်းဝေဒနာ ပျောက်ကင်းချမ်းသာပြီး သာသနာ့အကျိုး ဆောင်ရွက်နိုင်ရန်၊ ကာယ်မ,တော်မူရန်နှင့် အသက်နှင့်ခန္ဓာ မကွာမီ၊ ရုပ်နာမ်မချုပ်မီ ဝိပဿနာဉာဏ်အမြင်ရပါလို၏ဟူသောဆုကိုသာ တောင်းမိလေသည်။ ငယ်စဉ်ကလို လောဘ၊ ဒေါသ၊ မောဟ မကင်းသောဆုကိုကား မတောင်းမိတော့ပေ။

◆◆◆

စာရေးသူ ဖူးမြော်ခဲ့သော Wat Mahathat ကျောင်းတော်ကြီးသည် ဘန်ကောက်မြို့တော်ကြီး စတင်တည်ထောင်ခဲ့သော (၁၇၈၂)ခုနှစ်မတိုင်မီကပင် တည်ထောင်ခဲ့သော ကျောင်းတော်ဖြစ်သည်။ ထိုကျောင်းတော်ကြီး ထင်ရှားအရေးပါလာရခြင်းမှာ စကြဝဠာမြောက်ရာမမင်းကြီးဖြစ်လာမည့် မောင်းကွတ်မင်းသား (Prince Mongkut) သည် ထိုကျောင်းတော်၌ ရဟန်းဝယ်ဝတ်ခဲ့ဖူးပြီး ထိုမင်းသား မင်းဖြစ်သောအခါ၌ Wat Mahathat ကျောင်းတော်ကြီးသည် မောင်းကွတ်မင်းကြီး၏ အလေးပေးပြုပြင် ပြန်လည်တည်ဆောက်ခဲ့ခြင်းကြောင့် ကြီးကျယ်ခမ်းနားလာခြင်းဖြစ်သည်။

Wat Mahathat ကျောင်းတော်ကြီးသည် အထက်၌ဖော်ပြခဲ့သည့်အတိုင်း ထိုင်းဗုဒ္ဓဘာသာဝင်တို့၏ ဝိပဿနာတရားရိပ်သာကြီးတစ်ခု ဖြစ်ခဲ့သည်။ အထူးသဖြင့် ထိုင်းတို့၏ Mahanikai ဘာသာရေးအဖွဲ့၏ ဌာနချုပ်ဖြစ်ပြီး ဗုဒ္ဓဝါဒလေ့ကျင့်သင်ကြားရာ အထူးသဖြင့် သံဃာတော်များ ဗဟိုဌာနဖြစ်သည်။ ထိုကျောင်းတော်ကြီးသည် အရှေ့တောင်အာရှ၌ ထင်ရှားသော ဗုဒ္ဓစာပေလေ့ကျင့်သင်ကြားရာ ဝိပဿနာလေ့ကျင့်သင်ကြားရာ ဗဟိုဌာန Center



www.burmeseclassic.com

www.burmeseclassic.com

for Vipassun Meditation ဗုဒ္ဓတက္ကသိုလ်ကြီးလည်းဖြစ်သည်။ သင်ကြားပို့ချရာတွင် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချခြင်းကြောင့် နိုင်ငံတကာမှ ဗုဒ္ဓစာပေ၊ ဗုဒ္ဓဝါဒများကို လေ့လာသင်ကြားလိုသူ အမြောက်အမြား လာရောက်သင်ကြားကြ၍ အထူးထင်ရှားသည်။

Wat Mahathat ကျောင်းတော်ကြီး Thammasat University အနားၡ တည်ရှိပြီး Na Phrathat လမ်းပေါ်၌ တည်ရှိ၍ သွားလာရန် လွယ်ကူသည်။ ကျောင်းတော်ကြီးအား နံနက်(၉)နာရီမှ ညနေ(၅)နာရီအတွင်း ဖွင့်လှစ်ထားရှိသည်။ ဝင်ကြေးပေးရန်မလိုဘဲ အခမဲ့ဝင်ရောက်ဘုရားဖူးနိုင်သည်။ ကျောင်းတော်ကြီးအတွင်း၌ ရဟန်းတော်များကို စာပေသင်ကြားနေပုံများကို တွေ့မြင်နိုင်သလို ဘုရားတန်ဆောင်းများအတွင်း၌လည်း အဖြူရောင်ဝတ်စုံများနှင့် ဝိပဿနာတရား ကျင့်ကြံအားထုတ်နေကြသူများကိုလည်း တွေ့နိုင်သည်။

Wat Mahathat ကျောင်းတော်ကြီးအတွင်းရှိ (၁၃)ရာစုလက်ရာ ကြေးဆင်းတုရုပ်ပွားတော်ကြီးရှေ့မှောက်၌လည်း ပန်း၊ ဆီမီး၊ လှူဖွယ်ပစ္စည်းအစုစုနှင့် လာရောက်ဖူးမြော်ကြသည့် ထိုင်းလူမျိုးတို့မှာလည်း အထူးများပြားလှသည်။ တရိုတသေ ပူဇော်ဖူးမြော်ကြပြီး ဆုတောင်းကြ၊ ရွတ်ဖတ်ပူဇော်ကြသည်ကို ကြည့်ခြင်းအားဖြင့် ဆုတောင်းပြည့် ရုပ်ပွားတော်တစ်ဆူ ဖြစ်ကြောင်းကိုလည်း ခန့်မှန်းသိရှိနိုင်သည်။ ထို့ကြောင့် စာရေးသူသည် အထက်၌ ရေးသားခဲ့သည့်အတိုင်း လောဘ၊ ဒေါသ ကင်းသော နိဗ္ဗာန်ဆုကို တောင်းမိခြင်း ဖြစ်သည်။ ဝိပဿနာတရားကျင့်ကြံအားထုတ်ရာ ထူးခြားသည့် ကျောင်းတော်ကြီး၌ မဂ်တရား ဖိုလ်တရား အမြန်ရရန် ဆုတောင်းမိခြင်းသည် ဘူမိနက်သန့်မှန်ရာမြေ၌ တောင်းသောဆုဖြစ်၍ တောင်းသောဆုနှင့် ပြည့်ဝပေမည်ဟု ယုံကြည်ရင်း ပီတိဖြစ်နေမိပေတော့သည်။

**တက္ကသိုလ်မျိုး**

**မှီငြမ်း**

(၁) အင်တာနက်မှတ်စု

(၂) ကိုယ်တိုင်ဖူးမြော်လေ့လာခြင်း။


# ချက်ချင်းသောက်–လက်ငင်းပျောက်



အမှတ်တံဆိပ်

အစာအိမ်လေနိုင်သောက်ဆေး

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လှူဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်းထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော 'အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးစွမ်းကောင်းတစ်လက်' ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010697

ပျောက်ကင်းနိုင်သော ရောဂါများ

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်၊ အစားများအစားမှား၍ မအီမလည်ဖြစ်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းပျက်ခြင်း၊ လေနှင့်ဝမ်း မကျွဲခြင်း၊ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည် စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ပင်ရင်း – ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြီးန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅ ၉၉ ၃၂

www.burmeseclassic.com

# ကျောင်းတော်ကြီး(၁၈)ရပ်နှင့် ရာဇဂြိုဟ်မြို့ရိုးတံတိုင်း တောင်တန်းကြီးငါးသွယ်

နန္ဒာမောင်(သံဖြူဇရပ်)

**တစ်မူထူးခြားသည့် မြို့တော်ရာဇဂြိုဟ်**

ဂေါတမဘုရား လက်ထက်တော်အခါက အနောက်မဇ္ဈိမဒေသ အိန္ဒိယတစ်ခွင်တွင် မဟာဇနပဒ ခေါ် တိုင်းကြီး(၁၆)တိုင်းနှင့် မဟာနာဂရ ခေါ် မြို့တော်ကြီးများအပါအဝင် မြို့ကြီး၊ မြို့ငယ်ပေါင်း (၂၄၈)မြို့ရှိသည်ဖြစ်ရာ ကျေးရွာပေါင်းမှာ ထောင်သောင်းချီမျှရှိမည် ဖြစ်လေ၏။

ရာဇဂြိုဟ်သည် ဘုရားလက်ထက်တော်က မြို့တော်ကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သော်လည်း အခြားသောမြို့တော်များနှင့် မတူသော ထူးခြားသည့် မြို့ကြီးတစ်ခုဖြစ်လေသည်။ ရှေးက ပုရ ခေါ် မြို့ပုံစံများသည် မြေစေး(သို့မဟုတ်) မီးမဖုတ်သော အုတ်ခဲများဖြင့် တည်ဆောက်ပြီး ကျယ်ပြန့်မြင့်မားသော ခံတပ်မြို့ရိုး ရှိကြလေ၏။ မြို့တွင်း၌သာ လူနေအိမ်ခြေရှိ၏။ နောက်တစ်မျိုးမှာ နာဂရဟူ၍ ဖြစ်ရာ မြို့တွင်း၊မြို့ပြင် နှစ်ဌာနလုံး၌ လူနေရပ်ကွက်ရှိ၍ သတ်မှတ်ထားသည့် အတိုင်း အတာအလျောက် အကျယ်အဝန်းရှိသော မြို့ကြီးများ ဖြစ်၏။

ပထမမြို့အမျိုးအစားမှာ တောင်ကုန်းတောင်စွန်းများတွင် မြို့ကို တည်ဆောက်ထားပြီး ဒုတိယအမျိုးအစားမှာ မြေပြန့်လွင်ပြင်များ၌ တည်ဆောက်ထား၍ အရံအတားမြို့ရိုးတံတိုင်းများ၊ ဝင်ပေါက်တံခါးများဖြင့် ခိုင်ခိုင်ခံ့ခံ့ ထည်ထည်ဝါဝါ တည်ဆောက်ထားကြ၏။ ရာဇဂြိုဟ်သည် သဘာဝတောင်တန်းကြီးများ တံတိုင်းကြီးသဖွယ် ကာဆီးထားသည့်အပြင် မြို့ရိုးတံခါးပေါက်များ တည်ဆောက်ထားသဖြင့် မြို့အမျိုးအစား နှစ်မျိုးလုံး အကျုံးဝင်သည့် ထူးခြားသောမြို့တော်ကြီး ဖြစ်လေ၏။

**ကျောင်းတော်ကြီး(၁၈)ရပ်ဟူ၍**

ရာဇဂြိုဟ်ကို ဝေဘာရတောင်၊ ဝေပုလ္လတောင်၊ ဂိဇ္ဈကုဋ်တောင်၊ ပဏ္ဍဝတောင်၊ ဣသိဂိလိတောင်ဟူသော တောင်ငါးလုံးတို့ မြို့ရိုးတံတိုင်းကြီးသဖွယ် ပတ်လည်ဝန်းရံကာဆီးထား၏။ မြို့ရိုးအတွင်း၌ ဗိမ္ဗိသာရ၏မြို့သစ်ကြီးတည်ရှိသလို အပြင်ဘက်၌ အဇာတသတ်၏မြို့သစ်ကြီးရှိလေ၏။ ထိုမြို့ကြီးနှစ်မြို့အကြား မြို့ရိုးတောင်ကုန်းများအနီးတွင် ဝေဠုဝန် စသည့်တောဥယျာဉ်များ ရှိလေ၏။

ထိုဥယျာဉ်များ၊ မြို့ရိုးတောင်ကုန်းတောင်စောင်းများတွင် ဝေဠုဝန်ကျောင်းတော် အစရှိသည့် ကျောင်းတော်ကြီး(၁၈)ရပ်ကို ရာဇဂြိုဟ်မင်းများ၊ သူဌေးသူကြွယ်များက ဘုရားရှင်နှင့် ရဟန်းပရိသတ်များ စိတ်အေးချမ်းသာစွာ သီတင်းသုံးနေထိုင်ရန် တည်ဆောက်လှူဒါန်းထားကြလေ၏။ ထို့ပြင် ရဟန်းတော်များ မိုးတွင်းကာလ ဝါဆိုကြသော လိုဏ်ဂူကြီးများလည်း ရှိလေ၏။ လိုဏ်ဂူကြီးများသည် ဂေါတမ၊ တိန္ဒုက၊ တပေါဒါ၊ ကပေါတ စသည်တို့ဖြစ်ရာ ယင်းတို့မှာ ကျောင်းတော်ကြီးများသဖွယ်လည်း ဖြစ်လေ၏။



မြိတ်ဗုဒ္ဓဘုရားကျောင်းတော်ရာ

**ရာဇဂြိုဟ်မြို့တော်ရှိ ကျောင်းကြီး(၁၈)ရပ်ဟူ၍**

(၁) ဝေဠုဝန်ကျောင်းတော်-ဝေဘာရတောင် မြောက်ဘက်၌ ရှိ၏။

(၂) ဥပ္ပသောဏ္ဏိကကျောင်းတော်-



www.burmeseclassic.com

www.burmeseclassic.com

ဝေဘာရတောင် အရှေ့ဘက်၌ ရှိ၏။

(၃) ပဏ္ဍရယကျောင်းတော်-ဝေဘာရတောင် အရှေ့ဘက်၌ ရှိ၏။

(၄) ဂေါတမကန္ဒရကျောင်းတော်-ဝေဘာရတောင် အရှေ့ဘက်၌ ရှိ၏။

(၅) တန္ဒုကရဟကျောင်းတော်-ဝေဘာရတောင် အရှေ့ဘက်၌ ရှိ၏။

(၆) တပေါဒါကန္ဒရကျောင်းတော်-ဝေဘာရတောင် အရှေ့ဘက်၌ ရှိ၏။

(၇) တပေါဒါရာမကျောင်းတော်-ဝေဘာရတောင် အရှေ့ဘက်၌ ရှိ၏။

(၈) ဣန္ဒသာလဂူဟကျောင်းတော်-ဝေဘာရတောင် အရှေ့ဘက်၌ရှိ၏။

(၉) ပိပ္ပလိဂူဟကျောင်းတော်-ဝေဘာရတောင် အရှေ့ဘက်၌ ရှိ၏။

(၁၀)ကာဠသိလာကျောင်းတော်-ဣသိဂိလိတောင်နံရံ၌ ရှိ၏။

(၁၁)ဂိဇ္ဈကုဋ်တောင်ထိပ်ကျောင်းတော်-ဂိဇ္ဈကုဋ်တောင်၌ ရှိ၏။

(၁၂)စောရပပါတကျောင်းတော်- ဂိဇ္ဈကုဋ်တောင်၌ ရှိ၏။

(၁၃)ကာလဝနယျာနကျောင်းတော်-ဂိဇ္ဈကုဋ်တောင်နံရံ၌ ရှိ၏။

(၁၄)မဒ္ဒကုစ္ဆိမိဂဒါယကျောင်းတော်-ဂိဇ္ဈကုဋ်တောင်ခြေ၌ ရှိ၏။

(၁၅)ဇီဝကမ္ဗဝနကျောင်းတော်- ဂိဇ္ဈကုဋ်တောင်ခြေ၌ ရှိ၏။

(၁၆)မောရနိပါဝကျောင်းတော်-ဂိဇ္ဈကုဋ်တောင်ခြေ၌ ရှိ၏။

(၁၇)လဋ္ဌိဝနုယျာနကျောင်းတော်-ဂိဇ္ဈကုဋ်တောင်ခြေ၌ ရှိ၏။

(၁၈) အန္ဓကဝိန္ဒကကျောင်းတော်-ဂိဇ္ဈကုဋ်တောင် အရှေ့မြောက်ဘက်၌ ရှိ၍ သိပ္ပိနီချောင်းငယ် ခြားလေ၏။

**ရာဇဂြိုဟ်ကို ဝိုင်းရံထားသော တောင်တံတိုင်းငါးရပ်**


ဘုရားလက်ထက်တော်က ရာဇဂြိုဟ်ကို တံတိုင်းသဖွယ် ဝိုင်းရံထားသော သဘာဝတောင်တန်း တံတိုင်းကြီးငါးရပ် ရှိလေ၏။ ယင်းသဘာဝမြို့ရိုးတံတိုင်းကြီးများသည် ရာဇဂြိုဟ်သားတို့အား ရန်သူတို့ စစ်မက်ဘေးမှ ကာကွယ်ပေးခဲ့၏။ လုံခြုံမှုပေး၍ နွေးထွေးစေခဲ့၏။

ထိုမျှမဟုတ်သေး လုံခြုံမှုရှိလှသဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေးတို့ကို တိုးတက်အောင် ကြံဆောင်လုပ်ကိုင်နိုင်၍ ရာဇဂြိုဟ်သည် ကြီးပွားချမ်းသာလာ၏။ ထို့ကြောင့်လည်း အများနှင့်မတူအောင် မြတ်ဗုဒ္ဓနှင့် ဗုဒ္ဓမြတ်စွာသာသနာကို ကောင်းစွာထိတွေ့ကြည်ညိုခွင့်ရ၍ ကံကောင်းသူများ ဖြစ်ကြလေ၏။

**ဝေဘာရတောင်**

ဝေဘာရတောင်သည် ရာဇဂြိုဟ်မြို့ အနောက်ဘက်နှင့် အနောက်မြောက်ဘက်အရပ်၌ရှိ၍ တောင်ခြေတွင် တပေါဒါမြစ် ရှိလေ၏။ ဗိမ္ဗိသာရမင်းသည် ခေါင်းဆေးမင်္ဂလာပြုရန်အလို့ငှာ ရောက်ရှိလာချိန်တွင် ရဟန်းတော်များ တပေါဒါမြစ်၌ ရေချိုးခြင်း မပြီးဆုံးနိုင်၍ ခေါင်းဆေးမင်္ဂလာ မပြုနိုင်ဘဲ ပြန်သွားရ၏။ ထိုသည်ကို အကြောင်းပြု၍ ဘုရားရှင်က ရဟန်းတော်များအား တစ်ကြိမ်ရေချိုးပြီးလျှင် (၁၅) ရက်အတွင်း နောက်ထပ်မချိုးရဟု ပညတ်တော်မူခဲ့ဖူး၏။


ဟိန္ဒူများသည် ဝေဘာရတောင်မှထွက်သော ရေပူကို ဇာတ်နိမ့်,ဇာတ်မြင့် ခွဲခြားသော ရေချိုးခန်းများတွင် ဇာတ်အလိုက် ရေချိုးကြရ၏။ ဝေဘာရတောင်ပေါ်တွင် လူအမည် ပိပ္ပလ ခေါ် အရှင်မဟာကဿပထေရ် သီတင်းသုံးခဲ့သော လိုဏ်ဂူ ရှိ၏။ တောင်စောင်း၌ အရှင်မဟာကဿပနှင့် ရဟန္တာငါးရာတို့ ပထမသင်္ဂါယနာတင်သော သတ္တပဏ္ဏိ


ဂိဇ္ဈကုဋ်တောင်ထွတ်



www.burmeseclassic.com

www.burmeseclassic.com



ဝေဘာရတောင်ခြေရှိ ဗိမ္ဗိသာရမင်း၏ ဘဏ္ဍာတိုက်

ကျောက်လိုဏ်ဂူကြီး ရှိလေ၏။ ထိုလိုဏ်ဂူမှ အရှေ့မြောက်တောင်ခြေသို့ လှမ်းမျှော်ကြည့်လျှင် ဝေဠုဝန်ကျောင်းတော်ကို မှုန်ပျပျမြင်တွေ့နိုင်၏။

ဝေဘာရတောင်ခြေရင်း အတွင်းဘက်ကျကျတွင် ဗိမ္ဗိသာရမင်း၏ ရွှေတိုက်တော်ခေါ် ဘဏ္ဍာတိုက် ရှိလေ၏။ ရာဇဂြိုဟ်ရှိ ဘုရားသီတင်းသုံးသော ဝေဠုဝန်ကျောင်းတော်ကြီးအပါအဝင် ကျောင်းတော်ကြီးတစ်ဝက်ကျော်လောက်သည် ဤဝေဘာရတောင်ကို ဗဟိုပြု၍ တည်ရှိကြ၏။ မှီခိုကြရလေ၏။ ထိုသို့ ဘုရားရှင် တပည့်သာဝက ရဟန္တာကြီးများ ထိုဝေဘာရတောင်၌ အများဆုံး သီတင်းသုံးနေထိုင်ခဲ့ကြသဖြင့် တောင့်တကာ့တောင်တွင် အမြတ်ဆုံးနေရာဌာနဖြစ်သည်ဟု ဆိုနိုင်လောက်မည် ဖြစ်လေ၏။

## ဝေပုလ္လတောင်

ဝေပုလ္လတောင်သည် ရာဇဂြိုဟ်မြို့မြောက်ဘက်၌ ရှိလေ၏။ အပြင်ဘက်ခြမ်းတောင်ခြေတွင် ဒေဝဒတ်ကျောင်းဆောင်ရှိ၍ အတွင်းဘက်တောင်ခြေရင်း၌ ရဟန်းတော်များ သီတင်းသုံးနေထိုင်သော လိုဏ်ဂူနှင့် လူနေအိမ်များ ရှိလေ၏။ ထိုနေအိမ်များသည် ရာဇဂြိုဟ်မြို့အပြင်ဘက် ဗဟိနဂရ နေရာဒေသဖြစ်၍ ဧကနာလ၊ အမ္ဗသဏ္ဍ၊ ခနုမက အမည်တွင်သော ရွာများဖြစ်၏။

မြတ်စွာဘုရားရှင်သည် အနမတဂ္ဂသုတ္တန်၌ လူတစ်ဦးတစ်ယောက်သည် သံသရာ၌ သေဆုံးပြီးတိုင်း ကြွင်းကျန်သော အရိုးများကို တစ်နေရာတည်းစုပုံထားပါမူ ဤဝေပုလ္လတောင်ကြီးတမျှ မြင့်ပေလိမ့်မည်ဟူ၍ သာဓကထားဟောကြားဆုံးမဖူးလေ၏။

## ဂိဇ္ဈကုဋ်တောင်

ဂိဇ္ဈကုဋ်တောင်သည် ရာဇဂြိုဟ်မြို့၏ အရှေ့ဘက်တွင်ရှိ၏။ တောင်တန်းသည် မြောက်ဘက်မှ တောင်ဘက်သို့တန်းလျက် မြို့၏ အရှေ့တောင်ထောင့် အနီးလောက်တွင် အရှေ့သို့ ချိုးကွေ့သွား၏။ ရာဇဂြိုဟ်မြို့ အရှေ့ဘက်တံခါးမှ ထွက်လျှင် လက်ဝဲဘက်၌ ဂဇ္ဈိကုဋ်တောင်တန်း၊ လက်ယာဘက်တွင် ပဏ္ဍဝတောင်တန်းတို့သည် ယှဉ်တွဲလျက် ရှိလေ၏။

တောင်ခြေတွင် ဆရာဇီဝက,က ဘုရားရှင်အား ကျောင်းဝတ္ထုကံမြေအဖြစ် လှူဒါန်းသော သရက်တောဥယျာဉ် အမ္ဗဝန ရှိလေ၏။ မြတ်စွာဘုရားသည် ဆရာဇီဝက၏ သရက်တောကျောင်း၌ အဇာတသတ်မင်းအား သာသနာ့ဝန်ထမ်း ရဟန်းဖြစ်ရခြင်း အကျိုးရှိပုံ ဖော်ညွှန်းသော သာမညဖလသုတ္တန်ကို ဟောကြားတော်မူခဲ့၏။

ဂိဇ္ဈကုဋ်တောင်အနီးတွင် တိရစ္ဆာန်များကို ဘေးမဲ့ပေးသော မဒ္ဒကုစ္ဆိမိဂဒါသ မိဂဒါဝုန်တော ရှိလေ၏။ ထို့ပြင် ဗိမ္ဗိသာရမင်းဥယျာဉ်လည်းရှိသေးရာ ထိုဥယျာဉ်သည် ရာဇဂြိုဟ်မှ အလွန်ဝေးကွာသော နဂရူပစာရ အတိဒူရအရပ်၌ရှိလေ၏။ ဘိက္ခုနီကျောင်းတိုက်လည်း ရှိလေရာ ဂဇ္ဈကုဋ်တောင်၌ မြစ်ဖျားခံသော သပ္ပိနီမြစ်ကမ်းပေါ်တွင် ရှိလေ၏။

တောင်သည် တောင်တန်းရှည်ကြီး ဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

အခြားသောတောင်စွယ်တောင်ပြတ် တောင်ကလာပ်တောင်ငယ်များစွာလည်း တသီးတခြား ရှိနေကြ၏။ တောင်အနီးတွင် သုမာဂ အမည်ရှိသော ရေကန်တစ်ခုရှိရာ ထိုရေကန်၏ ကန်ပေါင်ရိုးတွင် ဒေါင်းငှက်များ အစာကျွေးသဖြင့် မောရနိဝါပဟူ၍ ခေါ်ဆိုကြလေ၏။


ထိုနေရာတစ်ဝိုက်တွင် ရသေ့ရဟန်းများလည်း စုဝေးသီတင်းသုံး နေထိုင်ကြ၏။ ဘုရားရှင်သည် မောရနိဝါပ ပရိဗ္ဗာဇကာရာမ၌ ဥဒါယီထေရ်အား အကြောင်းပြု၍ ပစ္စည်းလေးပါး၌ ရောင့်ရဲစွာ သုံးစွဲခြင်းကြောင့် တပည့်များက သူ့ဆရာအပေါ်၌ ရှိသေကြခြင်း ဖြစ်သည်ဟူ၍ ဟောကြားတော်မူခဲ့၏။

နောက် ဂိဇ္ဈကုဋ်တောင် အနီး၌ရှိသော ပဋိဘာနကူဋတောင်သည် ကြောက်မက်ဖွယ်ရာ ချောက်ကမ်းပါးရှိသော တောင်ဖြစ်၏။ ရဟန်းတစ်ပါးက ဘုရားရှင်အား ထိုတောင်ချောက်ကမ်းပါးထက် ကြောက်မက်ဖွယ်ရာကောင်းသော ချောက်ကမ်းပါး ရှိသေးသလားဟု မေးမြန်းလျှောက်ထားရာ ဘုရင်က ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်းနှင့် သေဆုံးရခြင်းတို့က ထိုချောက်ကမ်းပါးထက် ကြောက်မက်ဖွယ်ရာကောင်းလှ၏ဟု မိန့်မှာဆုံးမခဲ့ဖူးလေ၏။


တောင်တန်းပေါ်တွင် ယခင်က ကူဋကာဂါရ ကျောင်းနေထိုင်သည့် ကူဋကဂူဗိမာန်ရှိရာ ထိုနေရာ၌ ဂေါတမဘုရားရှင် ခေတ္တခဏမျှ သီတင်းသုံးခဲ့ဖူး၏။ တောင်ထိပ်၌ သူကရခတ ကျောက်လိုဏ်ဂူရှိရာ ထိုလိုဏ်ဂူ၌ ဘုရားရှင်၏ တရားတော်နာကြားပြီးနောက် အရှင်သာရိပုတ္တရာသည် ရဟန္တာအဖြစ်ဆိုက်ရောက်ခဲ့၏။ ထို့အတူ တူတော်မောင် အရှင်ဒီဃနက္ခသည်လည်း သောတာပန်တည်ခဲ့လေ၏။

နောက်တစ်ဦးမှာ ဘုရားရှင်၏ ရူပကာယတော်၌ မခွဲမခွာ အကြည်ညိုသန့်လွန်းသူ ဝက္ကလိရဟန်းကြီးသည်လည်း ဘုရားရှင် နှင့်ထုတ်သဖြင့် စိတ်မကောင်းကြီးစွာဖြစ်လျက် ဤဂိဇ္ဈကုဋ်တောင်ကမ်းပါးမှ ခုန်ချသေဆုံးရန် ကြံစည်ခဲ့ဖူးလေ၏။

ယခုတိုင် ဂိဇ္ဈကုဋ်တောင်စွန်း အဆင်းအလယ်တောင်ခုလတ်မှ ဖြတ်ကူးသွားလျှင် တော်တော်လှမ်းလှမ်းတွင် တောင်တစ်လုံး ရှိ၏။ တောင်လုံးကို ဂိဇ္ဈ-လင်းတငှက်၊ ကူဋ-ရပ်နားခြင်း လင်းတငှက်ရပ်နားခြင်းနှင့် တူသော တောင်စွယ်တစ်ခု ရှိလေ၏။ ယင်းကိုအစွဲပြု၍ တောင်တန်းကို ဂိဇ္ဈကုဋ်တောင်ဟုလည်း ခေါ်တွင်ခဲ့ခြင်း ဖြစ်လေ၏။ ထိုတောင်စွယ်၏ လက်ယာဘက်တွင် ကျောက်ဂူကြီးနှစ်ခု



www.burmeseclassic.com



တောင်များစေပါတွင်ကာရံထားသော ရာဇဂြိုဟ်မြို့အမြင်တစ်ပိုင်း

အာရုံပြုလျက် ဗုဒ္ဓနုဿတိ ဘာဝနာပီတိအဟုန်ကြောင့် စကြံလျှောက်အသက်ရှင်နေနိုင်သေးသည်ကို သားတော်က အထင်အမြင်လွဲမှားကာ ခြေဖဝါးစားခွဲခံရသည့် ဗိမ္ဗိသာရမင်း၏ ကြေကွဲဖွယ်ဖြစ်စဉ်များ ရှိခဲ့လေ၏။

နှင့် စင်္ကြံလမ်းရှိ၏။ ထိုကျောက်လိုဏ်ဂူတို့၌ အာနန္ဒာထေရ်နှင့် အာဂန္တုရဟန်းများ သီတင်းသုံးနေထိုင်ခဲ့လေ၏။ တောင်စွယ်ထိပ်တွင် စေတီတစ်ဆူနှင့် ရင်ပြင်အဆောက်အအုံနေရာဟောင်းအချို့ ရှိသေးရာ ယခုအခါ ဘုရားဖူး ရဟန်းရှင်လူပရိသတ်များ အပန်းဖြေနားနေ ကုသိုလ်ယူရန် နေရာဌာနများ ဖြစ်လေ၏။

မြတ်စွာဘုရားသည် ထိုလင်းတငှက် နှုတ်သီးနှင့်တူသော ကျောက်တုံးအောက်လိုဏ်ဂူ၌ မကြာခဏ သီတင်းသုံးတော်မူလေ့ရှိပြီး အကြိမ်(၂၀)မြောက် ဝါကပ်တော်မူသော နေရာဌာနလည်း ဖြစ်လေ၏။

ဂိဇ္ဈကုဋ်တောင်မှ အတော်လှမ်းလှမ်းရှိ သားတော်အဇာတသတ်၏ အကျဉ်းစခန်းတွင် အကျဉ်းကျခံပြီး အစာရေစာဖြတ်ခံထားရသော်လည်း ခမည်းတော်ဗိမ္ဗိသာရသည် ဂိဇ္ဈကုဋ်တောင်စွယ် လိုဏ်ဂူရှိ ရှင်တော်မြတ်ဘုရားအား

## ပဏ္ဍဝတောင်

တောင်တန်းသည် ရာဇဂြိုဟ်၏ အရှေ့တောင်ဘက်တွင်ရှိ၏။ ဘုရားအလောင်းတော် သိဒ္ဓတ္ထရဟန်းသည် ရာဇဂြိုဟ်မြို့၌ ဆွမ်းခံပြီးသည့်အခါ ထိုပဏ္ဍဝတောင်ခြေ ကျောက်ဖျာထက်၌ ဆွမ်းဘုဉ်းပေးလေ့ရှိ၏။

ထို့ပြင် ရာဇဂြိုဟ်မြို့တောင်ဘက် အရှေ့ဘက်ခြမ်း ပဏ္ဍဝတောင်ခြေ၌ ရှေးခေတ် ကျောက်လှည်းဘီးရာများ ထင်ကျန်ရစ်ခဲ့သော ကျောက်တုံးများ၊ လှည်းသွားလမ်းကြောင်းများ ရှိလေ၏။ ရှေးဟောင်းသုတေသနဌာနက ထိုကျောက်တုံးများ၊ လှည်းသွားလမ်းများကို အုတ်တံတိုင်းများ၊ ကျောက်ဖျာသံဆူးကြိုးများဖြင့် အပြန့်အတားဖြစ်အောင် ကာရံထိန်းသိမ်းထားရှိလေ၏။

## ဣသိဂိလိတောင်

တောင်တန်းသည် ရာဇဂြိုဟ်၏တောင်ဘက် အနောက်ခြမ်း၌ ရှိလေ၏။ များစွာသောနိဂဏ္ဍာတို့သည် ထိုဣသိဂိလိတောင်နံဘေး ကျောက်ဖျာထက်၌ ထိုင်လျက် ကျင့်ကြံခြင်းကိုပယ်၍ မတ်တတ်ရပ် ကျင့်ကြကုန်၏။ ဦးတည်ချက်မှာ ချွန်တန်ခိုးရရှိရေးပင် ဖြစ်လေ၏။ အတ္တကို လွဲမှားစွာပယ်၍ အစွန်းရောက်ဝါဒီ ဂိုဏ်းရဟန်း ဖြစ်လေ၏။

ဘုရားရှင်သည် ထိုဣသိဂိလိတောင်၌ သီတင်းသုံး နေထိုင်တော်မူစဉ် ရဟန်းတို့အား ထိုတောင်၌ သီတင်းသုံးသွားကြသော ပစ္စေကဗုဒ္ဓါအရှင်မြတ်(၅၀၀)တို့၏အမည်ကို ထုတ်ဖော်ဟောကြားတော်မူခဲ့လေ၏။ နောက်ပိုင်းတွင် ဘုရားရှင်ကို ယုံကြည်ကိုးကွယ်လာသည့်



ဂိဇ္ဈကုဋ်တောင်ပေါ်ရှိ လင်းတနှုတ်သီးနှင့်တူသော ကျောက်တုံးကြီး

www.burmeseclassic.com

www.burmeseclassic.com

အဇာတသတ်မင်းသည် မြတ်စွာဘုရားဓာတ်တော်များကို ရှေးဦးစွာ ဤကျဲသိဂိလိတောင်ခြေတွင် သိမ်းဆည်းထားသည်ဟု ဆိုလေ၏။

**သက်မဲ့တောင်တော် ငါးလုံးမှသည်**

ရာဇဂြိုဟ်မြို့တော်ကြီးအား သက်မဲ့တောင်ကြီးငါးလုံးက ကာဆီးခိုမိုးပေးထား၏။ ဝန်းရံထားသည့် တောင်တန်းများက သက်မဲ့ဖြစ်၍ ဘာမျှမသိ။ သို့သော် ဘုရားရှင်နှင့် ရဟန်းပရိသတ်၊ လူပရိသတ်များ၊ ဗိမ္ဗိသာရမင်း၊ အဇာတသတ်မင်း၊ သူဌေးသူကြွယ်၊ ကုန်သွယ်လယ်လုပ်ဆင်းရဲသားဓားမခုတ်များအား သက်တမ်းကာလတစ်ခု၊ မျိုးနွယ်ဆက်တစ်ဆက်မျှ ကောင်းကောင်း၊ဆိုးဆိုး အလုပ်အကျွေးပြုသွားခဲ့သည်ကား အမှန်ပင် ဖြစ်လေ၏။

ယခုအခါ ဘုရားရှင်နှင့်တကွ ထိုထိုသော ပုဂ္ဂိုလ်သတ္တဝါများအားလုံးသည် တစ်ဦးတစ်ယောက်မျှ မရှိကြတော့။ သို့သော် ရာဇဂြိုဟ်၏ တောင်ကြီးငါးလုံးသည်ကား ဤကမ္ဘာမြေပြင် အိန္ဒိယတိုက်ငယ်၌ ယနေ့တိုင် ကြွင်းကျန်တည်ရှိနေဆဲဖြစ်၏။ ထိုသက်မဲ့တောင်တန်းများကသာလျှင် သက်ဝင်လှုပ်ရှားခဲ့သော ရှေးကရာဇဂြိုဟ်၏ ပုံရိပ်လွှာကို လွှမ်းမောဖွယ်အမှန်တကယ် ပုံဖော်ပေးနိုင်မည် ဖြစ်လေ၏။


ထိုထိုသောအကြောင်းခြင်းရာ အဖြစ်အပျက်များသည် နှစ်ပေါင်းထောင်ချီကာ ကြာညောင်းခဲ့ပြီးဖြစ်သော်လည်း ယနေ့ပင် ဖြစ်ပျက်နေသလို ထင်ယောင်မြင်ယောင်နေမိသည့်အလျောက် အဖသတ်အဇာတသတ်မင်းကိုဖယ်၍ ထိုတောင်တန်းတောင်လုံးကြီးများ၊ လိုဏ်ဂူများ၊ ကျောင်းတော်များထက်၌ သီတင်းသုံးမွေ့လျော်ခဲ့ကြသည့် ဘုရားရှင်နှင့် ရဟန်းပရိသတ်များ၊ ခမည်းတော်ကြီး ဗိမ္ဗိသာရမင်း၏ သည်းခံခွင့်လွှတ်ရင်း ဘဝကူးပုံ စသည့် ကြည်ညိုဖွယ်ပုံရိပ်များကို ရင်တွင်း၌ မှန်းဆပုံဖော်ရင်း စာရှုသူများ ပီတိသုခတစ်စက်တစ်ပေါက်မျှ ရယူနိုင်မည်ဆိုလျှင် စာရေးသူအဖို့ များစွာကျေနပ်နှစ်သိမ့်ရမည်ဖြစ်ပါကြောင်း ဆန္ဒပြုတင်ပြလိုက်ရပေသတည်း။

**နန္ဒာမောင်(သံဖြူဇရပ်)**

**စာကိုးစာရင်း** *✱ ဆရာတော်ဦးသြဘာသ သာဝတ္ထိ မြန်မာကျောင်း၏ မဇ္ဈိမဒေသမြို့ရွာများမှ သမိုင်းရုပ်ကြွင်း ပုံရိပ်လွှာများနှင့် မိမိ၏ ဗုဒ္ဓဂယာဘုရားဖူး အတွေ့အကြုံအရ ရေးသားရခြင်း ဖြစ်ပါကြောင်း။*


နှလုံးတုန်၊ ရင်ခုန်၊ မူးဝေသူများအတွက်

# နန်းထိပ်တင်



နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သတ်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင်လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(စာနယ်ဇင်း)]

**နှလုံးအားတိုးဆေး**

ပင်ရင်း နန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
☏ ၀၉၂၀၀၀၉၉၇၊ ☎ (၀၁)၂၁၀၈၈၃
ရန်ကုန် ငြိမ်းချမ်းမြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50. 51)ရွှေပြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
☏ ၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအောင်မြင့် မြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/Eရုံ(သဇင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချို မန္တလေးမြို့ ☎ (၀၂)၃၁၀၈၈




www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်ဦး(ဒါးဘီး)

# အရှုံးသိကောက်ကျော

မြတ်စွာဘုရားရှင်ဟာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူလာတဲ့အခါမှာ မိမိပေါက်ရောက် သိမြင်တော်မူသော တရားဓမ္မလမ်းစဉ်ကို ဆင်ခြင်တော်မူလိုက်ပါတယ်။ အဲသလို ဆင်ခြင်တော်မူတဲ့အခါမှာ လွန်စွာမှ နက်နဲခက်ခဲသော တရားတော်ကြီးကို ညစ်ကြေးမြူ ကိလေသာထူပြောသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား ပြန်လည်ဟောကြားဆိုဆုံးမဖို့ရန် မလွယ်ကူနိုင်ကြောင်းကို သိမြင်ကာ မိမိတစ်ပါးတည်း ဖိုလ်ချမ်းသာဖြင့်သာ နေလိုရန်ဆုံးဖြတ်ချက်ချလိုက်တယ်လို့ ဆိုပါတယ်။

ဒီအကြောင်းကို သဟမ္ပတိ အမည်ရှိသော ဗြဟ္မာမင်းကြီးက သိလေတော့ အခုလို တောင်းပန်လျှောက်ထားလိုက်ပါတယ်။

'သစ္စာလေးပါးကိုပြတော်မူသော လူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရား..ခပ်သိမ်းကုန်သော နတ်၊ ဗြဟ္မာတို့ နှစ်လိုအပ်စွာ လောကီ၊ လောကုတ္တရာ ပစ္စုပ္ပန် သံသရာစည်းစိမ်အား ပြီးစေတတ်သော တရားဒေသနာတော်ကို ဟောကြားပေးတော်မူပါဘုရားတဲ့။

ထိုအခါ မြတ်စွာဘုရားရှင်မှ မဟာသက္ကရာဇ်(၁၀၃) ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့တွင် ဗာရာဏသီပြည် သားသမင်တို့ကို ဘေးမဲ့ပေးရာ သားပေါင်းစုံတဲ့ ဣသိပတန အမည်ရှိသော မိဂဒါဝုန်တောကြီးထဲမှာ ပဉ္စဝဂ္ဂီများဖြစ်ကြတဲ့ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ



www.burmeseclassic.com

www.burmeseclassic.com

ပါဠိဦးအား ဓမ္မစက္ကပ္ပဝတ္တနသုတ္တန် (ဓမ္မစကြာ) တရားတော်ကို ဟောကြားဆုံးမတော်မူခြင်း ဖြစ်ပါတယ်။

ဟောကြားသော အချိန်ကတော့ နေဝင် လထွက် ချိန်ခါလို့ ဆိုပါတယ်။ ဒီဓမ္မစက္ကပ္ပဝတ္တနသုတ္တန်(ဓမ္မစကြာ) တရားတော်ကြီးဟာ မြတ်စွာဘုရားရှင်ရဲ့ တရားဦး ဟောကြားတော်မူသော ဒေသနာတော်ကြီးပဲဖြစ်ပါတယ်။

**အစွန်းတရားနှစ်ပါး**

မြတ်စွာဘုရားရှင်ဟာ ပဉ္စဝဂ္ဂီရဟန်းတွေကို-

ရဟန်းတို့--ရဟန်းဖြစ်သူ သစ္စာလေးပါးကို သိမြင်လိုသူဟာ အစွန်းတရားနှစ်ပါးကို ရှောင်ရှားရမယ်တဲ့။ အစွန်းတရား နှစ်ပါးက ဘာတွေလဲဆိုတော့-

(၁) ကာမသုခလ္လိကာနုယောဂေါနဲ့

(၂) အတ္တကိလမထာနုယောဂေါတို့ပဲ ဖြစ်ကြပါတယ်။

ကာမသုခလ္လိကာနု ယောဂေါဆိုတာ ငါးဖြာအာရုံ ကာမဂုဏ်တရားတွေနဲ့ ပျော်မွေ့နေခြင်းကို ပြောတာပါ။

ကာမဂုဏ်တရားတွေနဲ့ ပျော်မွေ့နေခြင်းကို ရှင်တော် မြတ်စွာဘုရားက-

(၁) ဟီနော-ယုတ်ညံ့တယ်တဲ့။

(၂) ဂါမ္မော-ရွာသူတို့ရဲ့ဥစ္စာ ဖြစ်တယ်တဲ့။

(၃) ပေါထုဇ္ဇနိကော-ပုထုဇဉ်တို့ရဲ့ အလေ့အကျင့်သာ ဖြစ်ပါတယ်တဲ့။

(၄) အနရိယော-အရိယာတို့ရဲ့ဥစ္စာ မဟုတ်ပါတဲ့။

(၅) အနတ္ထသံဟိတော-စီးပွားချမ်းသာ ဖြစ်ကြောင်းနဲ့ လုံးဝမဆပ်ပါဘူးတဲ့။

နောက် ဒုတိယအစွန်း တစ်ပါးကတော့ အတ္တကိလမထာနု ယောဂေါ အကျင့်ပဲ ဖြစ်ပါတယ်။ အတ္တကိလမထာနု ယောဂေါ အကျင့်ဆိုတာ မိမိကိုယ်ကို အဖန်တလဲလဲ ပင်ပန်းဆင်းရဲစွာ ဖြစ်စေတတ်သော အကျင့်တရားကို ပြောတာပါ။

ဒီအတ္တကိလမထ အကျင့်ကိုတော့ ရှင်တော်မြတ်ဘုရားက ကာမသုခလ္လိက အကျင့်ကိုတော့ ယုတ်ညံ့သော အကျင့်၊ ရွာသူတို့ရဲ့ အလေ့ကိုတော့ မပြောပါဘူး။ ဒါပေမဲ့ ဒီအကျင့်ကလည်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်တရားတော့ မဟုတ်ပြန်ပါဘူး။ ဒုက္ခော-ဆင်းရဲတယ်လို့ပဲ ပြောပါတယ်။ အနရိယော-အရိယာတို့ရဲ့ စီးပွားဥစ္စာမဟုတ်ဘူး။ တိတ္ထိတို့ရဲ့ ဥစ္စာသာဖြစ်တယ်။ အနတ္ထသံဟိတော- စီးပွားချမ်းသာဖြစ်ကြောင်းနဲ့ လုံးဝမဆပ်ဘူးလို့ပဲ ဆိုပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက ဒီအစွန်းတရားနှစ်ပါးကို ယောစာယံ၊ ယောစ အယံဒွေအန္တာ အယုတ်တရား နှစ်ပါးသာ ဖြစ်ပါတယ်တဲ့။

**မဇ္ဈိမပဋိပဒါကျင့်စဉ်**

နိဗ္ဗာန်ချမ်းသာကိုရလိုသော ပဉ္စဝဂ္ဂီရဟန်းတို့ကို မြတ်စွာဘုရားရှင်က ကာမသုခလ္လိကာနု ယောဂေါအကျင့်နဲ့ အတ္တကိလမထာနု ယောဂေါအကျင့် အစွန်းတရားနှစ်ပါးကို ရှောင်ရှားဖို့ ဝေဖန်ထောက်ပြကာ ဆိုဆုံးမလိုက်ပါပြီ။

ရှင်တော်ဗုဒ္ဓက သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်ချင်တယ်။ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုချင်တယ်ဆိုရင် ဒီအစွန်းတရားနှစ်ပါးကို ရှောင်ရှားကာ မဇ္ဈိမပဋိပဒါ အလယ်အလတ်ကျင့်စဉ်ကိုသာ ကျင့်ဆောင်ရမယ်တဲ့။

မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ် အကျင့်တရားမှသာ မြတ်သောအကျင့်လို့ ဆိုပါတယ်။ ဒါဆိုရင် မြတ်သောအကျင့်တရားတွေက ဘာတွေလဲလို့ဆိုရင် အင်္ဂါရှစ်ပါးနဲ့ပြည့်စုံသော မဂ္ဂင်ရှစ်ပါးပဲ ဖြစ်ပါတယ်။

**မဂ္ဂင်ရှစ်ပါး**

(၁) သမ္မာဒိဋ္ဌိမဂ္ဂင် -မှန်ကန်သောအမြင်၊

(၂) သမ္မာသင်္ကပ္ပမဂ္ဂင် -မှန်ကန်သောကြံစည်မှု၊

(၃) သမ္မာဝါစာမဂ္ဂင်-မှန်ကန်သောစကား၊

(၄) သမ္မာကမ္မန္တမဂ္ဂင်-မှန်ကန်သောအလုပ်၊

(၅) သမ္မာအာဇီဝမဂ္ဂင်-မှန်ကန်သောအသက်မွေးမှု၊

(၆) သမ္မာဝါယာမမဂ္ဂင်-မှန်ကန်သောလုံ့လ၊

(၇) သမ္မာသတိမဂ္ဂင်-မှန်ကန်စွာအောက်မေ့မှု၊

(၈) သမ္မာသမာဓိမဂ္ဂင်-မှန်ကန်သောတည်ကြည်မှု။

ဒီအင်္ဂါရှစ်ပါးနဲ့ ပြည့်စုံသော အကျင့်တရားမှသာ ကိလေသာကို ငြိမ်းသတ်နိုင်မယ်။ ထူးသောဉာဏ်ဖြင့် သစ္စာလေးပါးကို သိမြင်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာ ဖြစ်ပါတယ်။

**ဒုက္ခသစ္စာ**

ရှင်တော်ဗုဒ္ဓက ပဉ္စဝဂ္ဂီရဟန်းတွေကို ရဟန်းဖြစ်သူ (နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုလိုသူ)ဟာ အစွန်းတရား


www.burmeseclassic.com

www.burmeseclassic.com

နှစ်ပါးကို ရှောင်ကြဉ်ရမယ်။ အလယ်အလတ် မဇ္ဈိမပဋိပဒါ လမ်းစဉ်ကိုသာ ကျင့်ဆောင်ရမယ်လို့ ဆိုဆုံးမလိုက်ပြီး ခန္ဓာရလာရခြင်းရဲ့ အပြစ်အနာဆာတွေကို မီးမောင်းထိုးပြလိုက်ပြန်ပါတယ်။

'ရဟန်းတို့..ဤသည်ကား ဆင်းရဲခြင်းဖြစ်သော အရိယာသစ္စာတရားပါပဲတဲ့။

ခန္ဓာရလာရခြင်းရဲ့ ဆင်းရဲခြင်းတရားတွေကတော့-

(၁) ဇာတိပိ-ပဋိသန္ဓေနေရခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။
(၂) ဇရာပိ-ဆိုးရွားယှောင်းနွမ်း အိုမင်းရင့်ရော်ခြင်းသည်လည်း၊ ဒုက္ခာ-ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။
(၃) ဗျာဓိပိ-ဖျားနာရခြင်းသည်လည်း၊ ဒုက္ခော-ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။
(၄) မရဏံပိ-သေရခြင်းသည်လည်း၊ ဒုက္ခံ-ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။
(၅) အပ္ပိယေဟိ-မချစ်မနှစ် လိုအပ်သောသူတို့နှင့်၊ သမ္ပယောဂေါ-အတူတကွ ပေါင်းယှဉ်နေရခြင်းသည်လည်း၊ ဒုက္ခော-ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။
(၆) ပိယေဟိ-ချစ်နှစ်လိုအပ်သောသူတို့နှင့်၊ ဝိပ္ပယောဂေါ-ကွေကွင်းကင်းကွာ ရှဲခွာဖဲကြဉ် မပေါင်းသင်ရခြင်းသည်လည်း၊ ဒုက္ခော-ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။
(၇) ယံပိစ္ဆံ-လိုချင်တာကို၊ နလဗ္ဘတိ-မရအပ်၊ တံပိ-တောင့်တတိုင်း မရခြင်းသည်လည်း၊ ဒုက္ခံ-ဆင်းရဲ၏။
(၈) သံခိတ္တေန-အကျဉ်းအားဖြင့်၊ ပဉ္စ-ငါးပါးကုန်သော၊ ဥပါဒါနက္ခန္ဓာပိ-ဥပါဒါန်၏ အာရုံဖြစ်သော ဤခန္ဓာကိုယ်ကြီးသည်၊ ဒုက္ခာ-ဆင်းရဲ၏'

လို့ ဟောတော်မူလိုက်ပါတယ်။

ဒီလို ခန္ဓာရလာခြင်းရဲ့ ဆင်းရဲခြင်းတရားတွေဟာ ပုထုဇဉ်များအနေဖြင့် မသိမမြင်နိုင်ဘဲ အရိယာတို့သာ သိမြင်အပ်တဲ့ သစ္စာတရားဖြစ်လို့ ဒုက္ခအရိယသစ္စံလို့ ဆိုခြင်းဖြစ်ပါတယ်။

**သမုဒယသစ္စာ**

ဘဝတစ်ခု ရလာရခြင်းဟာ ပဋိသန္ဓေရတဲ့ အချိန်က စပြီး သေဆုံးရတဲ့အချိန်ထိ ချမ်းသာသုခဆိုတာ တစ်ကွက်မှ ရှာလို့မတွေ့နိုင်ပါဘူးတဲ့။ အဲသလို ချမ်းသာမဖက် ဆင်းရဲခြင်းသက်သက်ဖြစ်သော ခန္ဓာတရားရလာရခြင်းဟာလည်း အကြောင်းတရားရှိလို့သာ ရရှိလာရခြင်းပဲ ဖြစ်ပါတယ်။ အကြောင်းတရားမှလွတ်သော အကျိုးတရားဆိုတာ ဘယ်သောအခါမှ မရှိနိုင်ပါ။

ဒါကိုပဲ ဗုဒ္ဓမြတ်စွာက ပဉ္စဝဂ္ဂီရဟန်းများကို-

'ရဟန်းတို့..တွယ်တာမှုတဏှာနဲ့ လိုချင်မှုလောဘတရားများဟာ ဘဝသစ်၌ လွန်စွာနှစ်သက်ပါတယ်တဲ့။ တဏှာလောဘတရားဟာ အပြောအားဖြင့်သာ ကွဲပြားခြားနားနေပေမယ့် သဘောတရားအားဖြင့်တော့ အတူတူပါပဲ။

**တဏှာသုံးပါး**

(၁) ကာမတဏှာ-ရူပါရုံ အစရှိသော ဝတ္ထုကာမ တရားကို တပ်နှစ်သက်မှုတဏှာ၊
(၂) ဘဝတဏှာ-သဿတဒိဋ္ဌိနှင့်တကွဖြစ်သောတဏှာ၊
(၃) ဝိဘဝတဏှာ-ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာ။

ဒီတဏှာသုံးပါးစလုံးဟာ တရားကိုယ်အနေနဲ့ ကြည့်မယ်ဆိုရင်တော့ လောဘစေတသိက် တစ်ပါးတည်းသာ ရှိပါတယ်။ ခန္ဓာရလာခြင်းရဲ့ အကြောင်းတရားများဖြစ်လို့ ဒုက္ခသမုဒယံ ဒုက္ခဖြစ်ကြောင်းလို့ ဆိုပါတယ်။ ပုထုဇဉ်တွေအနေနဲ့ မသိမမြင်နိုင်ဘဲ အရိယာများသာ သိမြင်အပ်တဲ့တရားဖြစ်လို့ ဒီသစ္စာကိုလည်း မြတ်စွာဘုရားရှင်က အရိယာသစ္စံလို့ ဆိုခြင်းဖြစ်ပါတယ်။

**နိရောဓသစ္စာ**

တပ်မက်ခြင်းတဏှာ လောဘဖြစ်ခဲ့ရင် ဒုက္ခသစ္စာ ခန္ဓာတရားကြီး ရရှိလာရသလို တပ်မက်ခြင်း တဏှာလောဘ ချုပ်ငြိမ်းခဲ့မယ် ဆိုရင်လည်းပဲ ချမ်းသာမှုအစစ်ဖြစ်တဲ့ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းသော နိဗ္ဗာန်ချမ်းသာမြတ်ကို ရရှိမှာဖြစ်ပါတယ်။

ချမ်းသာမှုအစစ်ဖြစ်တဲ့ နိဗ္ဗာန်ရဲ့ သတ္တိထူးတွေကတော့-

(၁) ယေ-အသောသဝိရာဂနိရောဓော-အကြင် အကြွင်းမဲ့ တပ်ခြင်းကင်းရာ ချုပ်ရာဖြစ်သောနိဗ္ဗာန်။
(၂) ယော-စာဂေါ-အကြင်စွန့်ရာဖြစ်သောနိဗ္ဗာန်၊
(၃) ယော-ပဋိနိဿဂ္ဂေါ-အကြင်ဝေးစွာ၊ စွန့်ရာဖြစ်သော နိဗ္ဗာန်၊



www.burmeseclassic.com

www.burmeseclassic.com

(၄) ယာ-မုတ္တိ-အကြင်လွတ်ရာဖြစ်သောနိဗ္ဗာန်၊
(၅) ယော-အနာလယော-အကြင်ကပ်ငြိခြင်းကင်းရာဖြစ်သော နိဗ္ဗာန်··

လို့ ဒီနိရောဓသစ္စာအခန်းမှာ ရှင်တော်မြတ်ဘုရားက ပဉ္စဝဂ္ဂီရဟန်းတွေကို ဟောကြားဆုံးမတော်မူပါတယ်။

အဲဒီဒုက္ခချုပ်ငြိမ်းတဲ့ နိရောဓသစ္စာတရားတော်ကြီးဟာလည်း အရိယာများသာ သိသင့်သိထိုက်သော သစ္စာတရားတော်ကြီးဖြစ်လို့ ရှင်တော်မြတ်ဘုရားက ဒုက္ခနိရောဓအရိယသစ္စလို့ ဆိုပြန်ပါတယ်။

**မဂ္ဂသစ္စာ**

တဏှာလောဘတရားတွေ ဖြစ်ခဲ့မယ်ဆိုရင် ဒုက္ခသစ္စာ အကျိုးတရားတွေ ရမယ်။ တဏှာလောဘ ချုပ်ငြိမ်းတော့ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရတဲ့ နိဗ္ဗာန်ချမ်းသာမြတ်ကို ရရှိတယ်လို့ဆိုရင် တဏှာလောဘတရားကို ဘယ်လိုချုပ်ငြိမ်းအောင် လုပ်မလဲ။ တဏှာလောဘ တရားဟာ သူ့အလိုလိုတော့ ချုပ်ငြိမ်းမှာတော့ မဟုတ်ပါဘူး။ တဏှာလောဘ ဖြစ်ပေါ်ခွင့်မရရှိအောင် မဂ္ဂသစ္စာကို ပွားများအားထုတ်ရပါလိမ့်မယ်။ မဂ္ဂသစ္စာဟာ ပွားများရတဲ့ သစ္စာတရားတော်ကြီးပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာက ပဉ္စဝဂ္ဂီရဟန်းတွေကို-

'ရဟန်းတို့··ဤသည်ကား ဆင်းရဲ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်တရားဖြစ်သော အရိယသစ္စာတရားတည်း။ အင်္ဂါရှစ်ပါးရှိ၏။

(၁) သမ္မာဒိဋ္ဌိ-ကောင်းစွာ မြင်ခြင်း၊
(၂) သမ္မာသင်္ကပ္ပေါ-ကောင်းစွာ ကြံစည်ခြင်း၊
(၃) သမ္မာဝါစာ-ကောင်းစွာ ဆိုခြင်း၊
(၄) သမ္မာကမ္မန္တော-ကောင်းစွာ ပြုခြင်း၊
(၅) သမ္မာအာဇီဝေါ-ကောင်းစွာ အသက်မွေးခြင်း၊
(၆) သမ္မာဝါယာမော-ကောင်းစွာ အားထုတ်ခြင်း၊
(၇) သမ္မာသတိ-ကောင်းစွာ အောက်မေ့ခြင်း၊
(၈) သမ္မာသမာဓိ-ကောင်းစွာ တည်ကြည်ခြင်း··

လို့ ဟောကြားဆုံးမတော်မူတာပါ။

အခုလို အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံစွာပွားများ အားထုတ်နေသော ယောဂီပုဂ္ဂိုလ်များဟာ ဒုက္ခနိရောဓဂါမိနီပဋိပဒါ ဒုက္ခ၏ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်တရားတစ်ကြောင်းတည်းသောလမ်းသာ ဖြစ်ပါတယ်လို့ ဆိုပါရစေ။

အဲသလို မြတ်စွာဘုရားရှင်ဟာ ပဉ္စဝဂ္ဂီရဟန်းတို့အား သစ္စာလေးပါးကို သရုပ်အားဖြင့် ပြတော်မူပြီး ၄င်းသစ္စာလေးပါးစလုံးကို တစ်ပါးချင်းစီခွဲကာ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်သုံးပါးဖြင့် ကိုယ်တိုင်သိကြောင်းကို ပြန်လည်ဝေဖန်သုံးသပ်ကာ ဟောကြားတော်မူပြန်ပါတယ်။

အခုလို ဉာဏ်သုံးဉာဏ်ဖြင့် ကိုယ်တိုင်သိကြောင်းကို ဝေဖန်သုံးသပ် ထောက်ပြလိုက်ခြင်းဟာ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် မိမိကိုယ်ကို ဘုရားဖြစ်ကြောင်း သက်သေပြလိုက်တဲ့ သဘောပါပဲ။

ဘာလို့လဲဆိုတော့ ပဉ္စဝဂ္ဂီရဟန်းတွေဟာ အလောင်းတော် တောထွက်စဉ်အခါက ဥရုဝေလတောကြီးထဲမှာ အလုပ်အကျွေးပြုစုခဲ့တဲ့ ရဟန်းပုဏ္ဏားတွေပါ။

အလောင်းတော်က အတ္တကိလမထအကျင့်ဟာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တရားမဖြစ်နိုင်လို့ အလယ်အလတ် မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ကျင့်တဲ့အခါမှာ ပဉ္စဝဂ္ဂီပုဏ္ဏားတွေက သိဒ္ဓတ္ထမင်းသားဟာ အခုလို ကျင့်နေရင်တော့ ဘုရားမဖြစ်နိုင်တော့ဘူး။ သူဘုရားအဖြစ်ကို မျှော်ကိုးပြီး တရားဦး နာကြားဖို့ရန် စောင့်ဆိုင်းလာခဲ့ရတာတွေဟာ ငါတို့အတွက် အလကားပဲ။ အချိန်ကုန်တာပဲ အဖတ်တင်တယ်။ တို့ဘာသာ သူနဲ့ ဝေးရာသွားပြီး တရားကျင့်တော့မယ်ဆိုပြီး အလောင်းတော်နဲ့ဝေးရာ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောအရပ်ကို ထွက်ခွာသွားခဲ့တယ်လို့ ဆိုပါတယ်။

အလောင်းတော်ဟာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူလာပြီးတဲ့အခါ သဟမ္ပတိဗြဟ္မာမင်းကြီးရဲ့ တောင်းပန်လျှောက်ထားမှုကြောင့် တရားဦးဓမ္မစကြာဒေသနာတော်ကို ဟောကြားရန် ဣသိပတန မိဂဒါဝုန်တောကြီးထဲကို ပဉ္စဝဂ္ဂီများရှိရာသို့ ကြွမြန်းလာပါတယ်။

ဒီအချိန်မှာ ပဉ္စဝဂ္ဂီရဟန်းငါးဦးက ဘုရားရှင်ကြွမြန်းလာတာကို အဝေးက လှမ်းမြင်လိုက်တဲ့အခါ သိဒ္ဓတ္ထမင်းသားဟာ သူ့အနားမှာ ပြုစုလုပ်ကျွေးမယ့်သူ မရှိတော့လို့ ငါတို့ရှိရာအရပ်ကို စုံစမ်းပြီးတော့ လိုက်လာတာ စသဖြင့် ဒီလိုပဲ တွေးထင်မြင်မိကြပါတယ်။

တကယ်တော့ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားအဖြစ်သို့ ရောက်ရှိလို့ ပဥ္စဝဂ္ဂီရဟန်းတွေကို တရား ဦးဓမ္မစကြာ ဟောကြားဖို့ရန်အတွက် ကြွမြန်းလာတာပဲ ဖြစ်ပါတယ်။ ဘုရားရှင်ဟာ သူတို့ငါးဦးနဲ့တွေ့ပြီး တရား ဟောကြားနေတဲ့အချိန်ထိ ပဥ္စဝဂ္ဂီငါးဦးဟာ ဘုရားရှင်ရဲ့ ထံပါးကို သံသယဝင်နေကြတုန်းပါ။

ဒါကြောင့် ဓမ္မစကြာတရားဒေသနာတော်ကြီးမှာ ရှင်တော်ဗုဒ္ဓက သစ္စာလေးပါးကို ပြတော်မူပြီး သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် သုံးပါးဖြင့် ပိုင်းခြားပြတော်မူတဲ့အခါမှာ ဘာပြောသလဲဆိုတော့ မှန်ကန်သောဉာဏ်အမြင်ဖြင့် မစင်ကြယ်သေးသမျှ ကာလပတ်လုံး ငါသည် လောက၏ အတုမရှိဘုရားဖြစ်ပြီဟု ဝန်မခံခဲ့ပါဘူး။ မှန်ကန်သောဉာဏ်အမြင်ဖြင့် ထိုးထွင်း၍ သိတော်မူမှသာ ငါသည် လောက၏ အတုမရှိ မြတ်ဗုဒ္ဓဟူသာ ဝန်ခံတာပါလို့ ဆိုပါတယ်။ ဒါအပြင် မြတ်စွာဘုရားရှင်က ပဥ္စဝဂ္ဂီရဟန်းတွေကို တရားနိဂုံးချုပ်အနေနဲ့ ဆိုလိုက်ပါသေးတယ်။

ငါ၏ ကိလေသာတို့မှ လွတ်မြောက်မှုသည် မပျက်စီးနိုင်ပြီ။ ဤဘဝကား အဆုံးသောဘဝတည်း။ ယခုအခါ ဘဝသစ်၌ ဖြစ်ခြင်းမရှိတော့ပြီဟု ငါ့အား အသိအမြင်ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ်လာ၏တဲ့။

**ပဥ္စဝဂ္ဂီရဟန်းတို့ တရားတော်ကို နှစ်သက်ကြပုံ**

မြတ်စွာဘုရားရှင် တရားနိဂုံးချုပ် ဟောကြားပြီးတဲ့အခါမှာတော့ ပဥ္စဝဂ္ဂီရဟန်းတို့ဟာ ဘုရားရှင် ဟောကြားဆုံးမတော်မူသော တရားဒေသနာတော်ကို နှစ်သက်ဝမ်းမြောက်စွာ သာဓုသုံးကြိမ်ခေါ်ဆိုတော်မူကြပြီး ဘုရားရှင်အား ရိုသေစွာ ရှိခိုးဦးချကန်တော့ကြပါတော့တယ်။

**အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ**

ပဥ္စဝဂ္ဂီငါးဦးအနက်မှ အသက်အကြီးဆုံးဖြစ်တဲ့ အရှင်ကောဏ္ဍညပုဏ္ဏားကြီးဟာ ဘုရားရှင်ရဲ့ထံပါး၌ ယုံမှားခြင်း၊ ဘုရားရှင် ဟောကြားဆုံးမတော်မူသော တရားဒေသနာတော်အပေါ်၌ ယုံမှားခြင်းဖြစ်တဲ့ ဝိစိကိစ္ဆာနဲ့ အယူမှားခြင်း မိစ္ဆာဒိဋ္ဌိတရားနှစ်ပါးကို ကင်းစင်တော်မူကာ သောတာပန်တည်သွားခဲ့ပါပြီ။

ကျန်ရှိတဲ့ အငယ်ပုဏ္ဏား လေးဦးကတော့ ဘုရားရှင်ရဲ့ ဒေသနာတော်အဆုံးမှာ အယူဖြောင့်မတ်သော သမ္မာဒိဋ္ဌိဉာဏ်အမြင်တွေ ရရှိကုန်ကြတယ်လို့ ဆိုပါတယ်။

**နတ်၊ ဗြဟ္မာတို့ကလည်း ကောင်းချီးပေးပုံ**

ဒေသနာတော်ရဲ့အဆုံးမှာ အရှင်ကောဏ္ဍညက သောတာပန်တည်ပြီး ကျန်ရှိပုဂ္ဂိုလ်လေးဦးဟာ မှန်ကန်သောဉာဏ်အမြင်တွေ ရရှိသွားကြသလို နတ်၊ ဗြဟ္မာများကလည်း သာဓုခေါ်ဆိုကာ အဆင့်ဆင့် ကောင်းချီးပေးတော်မူကြပါလေရဲ့။

ပထမဆုံး ဘုမ္မစိုးနတ်ရဲ့ သာဓုခေါ် ကောင်းချီးပေးသံကို ကြားရလို့ စတုမဟာရာဇ်နတ်များကလည်း သာဓုခေါ်ဆိုကာ ကောင်းချီးပေးတော်မူပါတယ်။

စတုမဟာရာဇ်နတ်များက သာဓုခေါ် ကောင်းချီးပေးသံကို ကြားရတော့ တာဝတိံသာနတ်များကလည်း သာဓုခေါ်ဆိုကာ ကောင်းချီးပေးတော်မူပြန်ပါတယ်။

တာဝတိံသာနတ်များရဲ့ ကောင်းချီးပေး သာဓုခေါ်သံကို ယာမာနတ်နတ်များက ကြားပြန်တော့ ယာမာနတ်များကလည်း သာဓုခေါ် ကောင်းချီးပေးတော်မူပြန်ပါတယ်။

ယာမာနတ်တို့ရဲ့ သာဓုခေါ် ကောင်းချီးပေးသံကို ကြားရလို့ တုသိတာနတ်များကတစ်ဆင့် သာဓုခေါ် ကောင်းချီးပေးတော်မူကြတယ်။

တုသိတာနတ်များရဲ့ သာဓုခေါ်သံကို ကြားရကာ နိမ္မာနရတိနတ်များကလည်း သာဓုခေါ်ဆိုကာ ကောင်းချီးပေးကြပြန်ပါတယ်။

နိမ္မာနရတိနတ်တို့ရဲ့ သာဓုခေါ် ကောင်းချီးပေးသံကို ပရနိမ္မိတဝသဝတ္တီ နတ်များကလည်း ကြားသိရကာ သာဓုခေါ် ကောင်းချီးပေးတော်မူကြပြန်ပါတယ်။

ပရနိမ္မိတဝသဝတ္တီနတ်များရဲ့ သာဓုခေါ် ကောင်းချီးပေးသံကိုတစ်ဆင့် ဗြဟ္မာများက ကြားသိရလို့ အဆင့်ဆင့် သာဓုခေါ် ကောင်းချီးပေးတော်မူလိုက်ကြရာ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် ကောင်းချီးပေး သာဓုခေါ်သံက ပျံ့နှံ့သွားပါတယ်။

အဲသလို နတ်၊ ဗြဟ္မာများ အဆင့်ဆင့်သာဓုခေါ် ကောင်းချီးပေးကြလိုက်တာ စကြဝဠာတစ်သောင်းသော လောကဓာတ်ကြီးပါ တုန်လှုပ်ခါယမ်းသွားတယ်ဆိုပဲ။

ဒီအချိန်မှာ မြတ်စွာဘုရားရှင်ရဲ့ ဒေသနာဉာဏ်အလင်းဓာတ်က နတ်၊ ဗြဟ္မာတို့ရဲ့ တန်ခိုးရှိန်ဘော် အာနုဘော်ကို ကျော်လွန်ကာ အတိုင်းအရှည်ပမာဏ တိုင်းတာလို့ မရဘဲ ပျံ့နှံ့သွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ မြတ်စွာဘုရားရှင်က ဝမ်းမြောက်သောစကားတို့ ဓကြဲဝဋ္ဌာတိုက်တစ်သောင်း ကြားသိသွားရလေအောင် ဥဒါန်းကျူးတော်မူလိုက်ပါတယ်။

ဘော-အိုရဟန်းတို့၊ ကောဏ္ဍညော-ကောဏ္ဍညသည်၊ ဝတ-စင်စစ်၊ အညာသိ-သစ္စာလေးပါးကို သိသွားလေပြီလို့ ဆိုပါတယ်။ ဒီဥဒါန်းကျူးရင့်တော်မူသောစကားကို အကြောင်းပြုပြီး အရှင်ကောဏ္ဍညဟာ အညာသိကောဏ္ဍညလို့ အမည်တွင်သွားခဲ့ပါတယ်။

<u>အညာသိကောဏ္ဍညရှင်ရဟန်းအဖြစ် တောင်းခံပုံ</u>

ရတနာမြတ်သုံးပါးမှတစ်ပါး အခြား ကိုးကွယ်ရာ၊ အားထားရာ မရှိဟု အသိမှန် စင်ကြယ်သွားလေသော အရှင်ကောဏ္ဍညဟာ မြတ်စွာဘုရားရှင် ဥဒါန်းကျူးရင့်တော်မူပြီးတဲ့ အချိန်မှာပဲ-

ဘန္တေ-အရှင်ဘုရား၊ အဟံ-တပည့်တော်သည်၊ ဘဂဝတော-မြတ်စွာဘုရားရှင်၏၊ သန္တိကေ-အထံတော်၌၊ ပဗ္ဗဇ္ဇံ-ရှင်၏အဖြစ်ကို၊ လဘေယျံ-ရချင်ပါ၏၊ ဥပသမ္ပဒံ-ပဉ္စင်းအဖြစ်၊ လဘေယျံ-ရချင်ပါ၏လို့ လျှောက်ထားတောင်းခံတော်မူလိုက်ပါတယ်။

<u>ဧဟိဘိက္ခုရဟန်းဖြစ်ပုံ</u>

အဲသလို အရှင်ကောဏ္ဍညဟာ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရလိုကြောင်းကို တောင်းခံလျှောက်တင်လိုက်သောအခါ မြတ်စွာဘုရားရှင်က အရှင်ကောဏ္ဍညရဲ့ ရှစ်ပါးပရိက္ခရာလှူဒါန်းခဲ့ဖူးလေသော ရေးကုသိုလ်ကံ အထူးရှိလေတော့-

ဘိက္ခု-ရဟန်း၊ ဧဟိ-လာလှည့်၊ ဓမ္မော-တရားတော်ကို၊ သွာက္ခာတော-ကောင်းစွာဟောအပ်ပြီ၊ ဒုက္ခဿ-ဝဋ်ဆင်းရဲ၏၊ အန္တကိရိယာယ-အဆုံးကိုပြုခြင်းငှာ၊ သမ္မာ-ကောင်းစွာ၊ ဗြဟ္မစရိယံ-အထက်မဂ်သုံးပါးတည်းဟူသော မြတ်သောအကျင့်ကို၊ စရ-ကျင့်လော့လို့ မိန့်တော်မူလိုက်ရာ အရှင်အညာသိကောဏ္ဍညဟာ ပဉ္စင်းရဟန်းအဖြစ်ကို ရရှိသွားပါတော့တယ်။

ကျော်ကျော်ဦး(ဒါးသီး)

<u>ကျမ်းကိုး</u> ✻ ဓမ္မစက္ကပဝတ္တနသုတ္တန်။

မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်

**ဆရာမကြီး ဒေါ်ခေါဦးစံ (ရှမ်းပြည်)**

**B.A (History)**

**ဗေဒင် လက္ခဏာ ဝေဒပညာရှင်**

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသောဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃၂၄၀၇၉၆ ၊ ၀၉ ၃၂၂၂ ၇၇ ၉၇



www.burmeseclassic.com

www.burmeseclassic.com

(က)

စကားနည်း ရန်စဲထုံးကို နှလုံးမူကာ စကားမပြောဘဲ ဆိတ်ဆိတ်နေသူကို မတုန့်မလှုပ် ကျောက်ဆစ်ရုပ်၊ တုံးတို့ ဘာဝေ တိတ်တိတ်နေလေ့ရှိသူကို မတုန့်မလှုပ် လူ့သစ်ငုတ်ဟု ပြောလေ့ရှိကြသည်။ တေမိမင်းသား ဝင်စားသလား အောက်မေ့ရသည်ဟူ၍လည်း ဓာတ်ကြီး ဆယ်ဘွဲ့နှင့်နှိုင်း၍ မရိုင်းအောင် ပြောတတ်ကြသည်။

# မုံရွာ ငှက
## သစ်ငုတ်တိုလား ရဟန္တာလား



အမှန်စင်စစ် စကားမပြော တုံးတိုဘာဝေနေလျှင်လည်း မကောင်းပေ။ ကရားရေလွှတ်လို တတွတ်တွတ်ပြောလွန်းလျှင်လည်း မသင့်ပေ။ ပေါက်ပေါက်ဖောက်သလို စကားတွေ တောင်စဉ်ရေမရ တောက်လျှောက်ပြောတတ်သူတွေလည်း ရှိလေသည်။ စကားများလျှင် အမှားပါ၏ဆိုသော နီတိကိုလည်း သတိပြုရပေမည်။

စကားအရာ ပြောဆိုကြရာတွင် သစ္စဝါစာ-မှန်သော စကားကို ပြောရမည်။ ဘူတဝါဒီ-ဟုတ်ရာကိုသာ ပြောသင့်သည်။ မှန်သည်ပင်ဖြစ်ဦးတော့၊ ကာလဝါဒီ-ပြောသင့်ချိန်ခါ ရောက်မှ ပြောရသည်။ စကားခြောက်ခွန်း လူ၌ထွန်း လေးခွန်းကိုပယ် နှစ်ခွန်းတည် ဟူ၍လည်း ရှိသည်။ နှစ်ခွန်းမှာ မှန်လည်း မှန်ရမည်။ အကျိုးလည်း ရှိရမည်။ သူတစ်ပါး နာခံချင်သော နားထောင်ချင်သော စကားလည်း ဖြစ်ရမည်။ အကျိုးရှိသော မှန်သော စကားဖြစ်ပါက သူတစ်ပါး နာခံချင်သည်ဖြစ်စေ၊ နားမထောင်ချင်သည်ဖြစ်စေ အကျိုး

www.burmeseclassic.com

တရား တိုးပွားမှုကို ရှေးရှု၍ ဦးစားပေး၍ ပြောသင့်ကြောင်း ညွှန်းဆိုထား၏။

(ခ)

အလောင်းတော် တေမိမင်းသား စကားမပြောတာက တော့ လောကအပြစ်များကိုသိ၍ ရှင်ဘုရင် မလုပ်ချင်၍၊ မုသားမပြောလို၍ ဖြစ်သည်။ တရားသဘောအရ ပြော ရသော် မြင်သော်လည်း မမြင်သလို(အကန်းလို) နေသင့် သည်။ ကြားသော်လည်း နားပင်းသူလို နေသင့်သည်၊ စကားပြောတတ်သော်လည်း အ႕အ၊ အဆွံ့လို နေရမည် စသဖြင့် ညွှန်ပြထားပေသည်။

စကားများခြင်း၊ စကားမပြော တုံဏှိဘာဝေနေခြင်းတို့ နှင့်ပတ်သက်၍ အကျိုးအပြစ်တို့ကို နိဒါန်းချီကာ ရေးသား လိုက်ခြင်းမှာ အကြောင်းရှိပါသည်။ အကြောင်းမှာ မတုန် မလှုပ် သစ်ငုတ်တိုပမာ အချိန်ကာလရှည်ကြာစွာ ဈာန်ဝင် စားနေတော်မူခဲ့သော ရဟန္တာမထေရ်ကြီးတစ်ပါးအကြောင်း ကို တင်ပြလို၍ ဖြစ်သည်။

ဘွဲ့နာမတော်မှာ အရှင်ကောဏ္ဍည ဖြစ်သည်။

မြတ်ဗုဒ္ဓ ဓမ္မစက္ကပဝတ္တနသုတ် (ဓမ္မစကြာ)တရားဦး ဟောတော်မူစဉ်က ပဉ္စဝဂ္ဂီငါးဦးထဲတွင် ရှေးဦးစွာ တရား ထူးသိမြင် သောတာပန်တည်ခဲ့သော အရှင်မြတ်မှာလည်း ကောဏ္ဍညပင် ဖြစ်သည်။ ရှေးဦးစွာ သစ္စာသိမြင်သူဖြစ်၍ အညာသိကောဏ္ဍညဟူ၍ ဝိသေသပြု ခေါ်ဝေါ်ကြသည်။ ရတ္တညူဧတဒဂ်ရ ပုဂ္ဂိုလ်ထူးကြီးလည်းဖြစ်၏။ အညာသိ ဆိုတာ ရှေးဦးစွာ တရားသိမြင်သူ ဖြစ်၏။

ယခု အရှင်ကောဏ္ဍညသည်ကား သစ်ငုတ်ပမာ မတုန်မလှုပ် ကြာရှည်စွာ နေတော်မူခဲ့သောကြောင့် ခါဏုကောဏ္ဍညမထေရ်ဟု ခေါ်တွင်စေခဲ့၏။ ခါဏုဆိုတာ သစ် ငုတ်ဟု အဓိပ္ပာယ်ရသည်။ ကောဏ္ဍညချင်း မတူပါ။ ရော ထွေးမသွားစေလို၍ ခွဲခြားရေးသားအပ်ပေ၏။

သစ်ငုတ်တမျှ ငြိမ်သက်လှပေသော ခါဏုကောဏ္ဍည မထေရ်၏ ဖြစ်စဉ်က ဒီလိုပါ။

(ဂ)

ကောဏ္ဍညမထေရ်သည် မြတ်ဗုဒ္ဓထံမှ ကမ္မဋ္ဌာန်း တရား သင်ယူကာ တောရဆောက်တည်ပြီး တရားဓမ္မ ကြိုး ထုတ်အားထုတ်လေရာ မကြာမတင် ရဟန္တာအရှင်မြတ်ကြီး ဖြစ်ခဲ့၏။ အရှင်မြတ်ကြီးသည် မြတ်ဗုဒ္ဓကို ဖူးမြင်ရန်အလာ ထမ်းခရီးမှာ ပင်ပန်းသဖြင့် ကျောက်ဖျာတစ်ခုပေါ်တွင်ထိုင် ကာ ဈာန်ဝင်စားနေလေ၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် ခိုးသူငါးရာတို့သည် ရွာတစ် ရွာကို လုယက်ဖျက်ဆီးပြီး ဥစ္စာပစ္စည်းများကို သယ်ဆောင် လာကြရင်း ကျောက်ဖျာအနီးသို့ ရောက်သောအခါ မော မောပန်းပန်းဖြင့် အပန်းဖြေ စခန်းချကြသည်။ ဤတွင် ကျောက်ဖျာပေါ်တွင် ဈာန်သမာပတ်ဝင်စားနေသော အရှင် မြတ်ကြီးကို သစ်ငုတ်ထင်မှတ်ကြကာ သူတို့၏ ပစ္စည်းထုပ် များကို တင်ကြသည်။ ဥစ္စာထုပ်ကို မှီထောင်သူက ထောင် ကြသည်။ အရှင်မြတ်ကြီးကတော့ ဘာမျှမသိပေ။ မတုန် မလှုပ် တုံဏှိဘာဝေ။

(ဖလသမာပတ်၊ နိရောဓသမာပတ်များ ဝင်စားချိန် တွင် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ချုပ်ငြိမ်းနေသလို မိုးကြိုးပစ်သည်ကိုပင် မသိနိုင်ဟု ဆိုပါသည်။ ယခုလည်း ကြည့်၊ အရှင်မြတ်ကြီးခမျာ ခိုးသားငါးရာတို့က သစ်ငုတ် ကြီး ထင်မှတ်ပြီး ,ပစ္စည်းထုပ်ကို ဦးခေါင်းပေါ် တင်သူ ကတင်၊ ခန္ဓာကိုယ်ကို မှီထောင်သူကထောင်ထား စသည် အားဖြင့် သူတို့ပြုသလို နုရမည့်အနေအထားပင်ဖြစ်သည်)

ဤသို့ဖြင့် ခိုးသားငါးရာတို့သည် ပစ္စည်းထုပ်များ မှီတင်းဝိုင်းရံပြီး မောမောပန်းပန်းဖြင့် အိပ်စက်ကြလေ၏။

နံနက်ဝေလီဝေလင်း အရုဏ်တက်ချိန်တွင် အိပ်ရာမှ နိုးလာကြပြီး သူတို့၏ ဥစ္စာပစ္စည်းများ အသီးသီးယူဆောင် ကြလေသည်။ ညတုန်းက မှောင်နှင့်မည်းမည်းဖြစ်၍ သဲသဲ ကွဲကွဲ မမြင်ခဲ့ကြသော သစ်ငုတ်ထင်သည့်အရာသည် ယခု အရုဏ်လာ အလင်းရောင်ဖြင့် မြင်မိကြလေပြီ။

ဘီလူး‥ဘီလူး‥ဘီလူးဟူ၍အော်ကာ ကြောက်လန့် ပြီး ထွက်ပြေးကြသည်။

'သင်တို့ မကြောက်ကြလင့်။ မပြေးကြပါနှင့်။ ငါ ဘီလူးမဟုတ်ပါ၊ ငါဟာ ရဟန်းတစ်ပါးပါ'

(ဤတွင် စဉ်းစားဆင်ခြင်စရာ ရှိသည်မှာ အရှင် ကောဏ္ဍညသည် သစ်ငုတ်ကြီးပမာ မတုန်မလှုပ်ရှံမှုမက ကြောက်ရလန့်ရလောက်အောင် အရုပ်ဆိုး အကျည်းတန် ပုဂ္ဂိုလ်ကြီးလား၊ (သို့မဟုတ်) နံနက်အရုဏ်ကျင်း ဝေလီ ဝေလင်းအချိန်ဖြစ်၍ အလင်းရောင်ကောင်းစွာမရသေးသော ကြောင့် အမြင်မသဲမကွဲဖြစ်ကာ ဘီလူးသရဲ ထင်ကြခြင်း လားဟူ၍ ဖြစ်သည်။ မည်သို့ဖြစ်စေ ခိုးသားငါးရာတို့ကမူ အရှင်မြတ်ကြီးကို ဘီလူး‥ဘီလူးဟု ကြောက်လန့်သွားကြ သည်ကား အမှန်ပင် ဖြစ်ခဲ့လေ၏။)



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတွင် ခိုးသားငါးရာတို့သည် ရဟန်းအသွင် အမှန်အတိုင်းမြင်ကာ အမြင်မှန် ရရှိသွားကြ၏။

'တပည့်တော်တို့ သစ်ငုတ်မှတ်ထင်ပြီး ပစ္စည်းတွေ တင်မိထားမိတာကို သည်းခံတော်မူပါဘုရား။ ခွင့်လွှတ် တော်မူပါဘုရား'

ထို့နောက်တွင်ကား ခိုးသားငါးရာတို့သည် သူတို့ပြု မိမှားတာကို ဝန်ချတောင်းပန်ရုံမျှမက လူဆိုးသူခိုးဘဝမှ လွတ်မြောက်ချိန်ကျပြီထင့်။ အရှင်မြတ်ကြီးကို ဥပဇ္ဈာယ် အရာထား၍ အားလုံး ရဟန်းပြုသွားကြလေသတည်း။

ထိုအချိန်အခါမှ စတင်၍ အရှင်ကောဏ္ဍညအရှင်မြတ်ကြီးသည် ခါဏုကောဏ္ဍည ကိုယ်တော်ကြီးဟု အမည်တွင် ခဲ့ပါ၏။

(ဃ)

မြတ်ဗုဒ္ဓထံမှောက် ရောက်ကြပြီ။

ခါဏုကောဏ္ဍညမထေရ်သည် တပည့်ငါးရာတို့နှင့် အတူ မြတ်ဗုဒ္ဓထံ မှောက်ရောက်ကြပြီးနောက် တပည့် ငါးရာတို့၏ ဖြစ်စဉ်ထုပ္ပတ် အကြောင်းရပ်အစုံကို မြတ်ဗုဒ္ဓ အား လျှောက်ထားတင်ပြလေ၏။

ထိုအခါ မြတ်ဗုဒ္ဓက ရဟန်းတို့အား အောက်ပါတရ ဒေသနာကို ဟောကြားတော်မူ၏။

ယောစ ဝဿသတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော

ဧကာဟံ ဇီဝိတံ သေယျော၊ ပညဝန္တဿ ဈ

ယိနော။

(ဓမ္မပဒဂါထာ- ၁၁

ရဟန်းတို့..ဤသို့ပညာနည်းစွာ အသက်တစ်ရာ ရခြင်းထက် ယခုအခါ ဉာဏ်ပညာနှင့် ပြည့်စုံကြ သမထဝိပဿနာတရားများ အားထုတ်ကြကာ တစ်ရက်တ မျှ အသက်ရှည်ပြီးနေရခြင်းက အလွန်သာ၍မြတ်ပေ၏

တရားအဆုံး၌ ခိုးသားငါးရာဘဝမှ ရဟန်းပြုလာ သူအားလုံး အရဟတ္တမဂ်၊ ဖိုလ်ပေါက်ကာ ရဟန္တာမျ အဖြစ်သို့ ရောက်ရှိသွားကြလေ၏။

နမော သမ္မာသမ္ဗုဒ္ဓဿ

မုံရွာ-နေ

(ဓမ္မပဒ၊ အဋ္ဌကထာ၊ သဟဿဝဂ်၊ ခါဏုကောဏ္ဍ ထေရဝတ္ထုကို မှီခိုကြည်ညိုရေးသားပါသည်။)


ဆရာဦးသိန်းဝင်း
B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၃၂)

ပြည်တော်စံ
တိုင်းရင်းဆေးကုခန်း

နှလုံး၊ အဆည်း၊ ကျောက်ကပ်၊ အာရုံကြော အားနည်း၊ လေငန်း/လေဖြတ်၊ ကိုယ်ခံအားကျခြင်း၊ အကြောနှင့်ပတ်သက်သော ရောဂါများ ကုသပေးပါသည်။

✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ အထူးကုသပေးပါသည် ✤

လေဖြတ်ခြင်းကို
ကြိုတင်ကာကွယ်ပါ

လေဖြတ်မည့် လက္ခဏာများ

* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ သတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ၊ လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁:၀၀)နာရီမှ ညနေ(၄:၃၀)နာရီထိ (တနင်္လာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
☎ ၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁ ၆၅၂ ၇၂၄

www.burmeseclassic.com

# တောရအောင်
# ပုဒိအာ



တစ်နေ့သောလပြည့် ဥပုသ်နေ့တွင် သီတင်းသည် တစ်ဦးက သူသိလိုသော ပြဿနာတစ်ခုကို တင်ပြလာသည်မှာ "ပုဒိအာဆိုတဲ့ စကားအဓိပ္ပာယ်ကို သိချင်ပါတယ် ခင်ဗျာ။ ဘာဖြစ်လို့လဲဆိုတော့ စာရေးဆရာတချို့ကလည်း သူတို့စာ အဆုံးမှာ ပုဒိအာနှင့် ပြည့်စုံပါစေလို့ ရေးထားတတ်ကြတယ်။ တချို့ တောနယ်ဘက်က အိမ်ကြီးအိမ်ကောင်းတွေရဲ့ တံခါးဝမှာလည်း ပုဒိအာ အရပ် ဆိုပြီး ရေးတာကို တွေ့ဖူးပါတယ်။ အရပ်အဓိပ္ပာယ်ကိုတော့ သိပါတယ်။ အဲဒီ ပုဒိအာအဓိပ္ပာယ်ကိုတော့ မသိပါဘူး။ အဲဒါကိုသိရင် တစ်ဆိတ်လောက် ရှင်းပြပေးပါ" ဟူ၍ ဖြစ်လေသည်။

အကြည့်များ တစ်ယောက်ကိုတစ်ယောက် ရောက်ကုန်၏။ မည်သူ ရှင်းမည်နည်းဟူသော အကြည့်များ ဖြစ်ကြသည်။ ထို့ကြောင့် ကျွန်တော်ကပဲ ပုဒိအာကို မည်သို့ စတင်ကိုးကွယ်ယုံကြည် ဆည်းကပ်ခဲ့ပါသည်ဟူသော အကြောင်းရင်းကို အခြေခံ၍ အားလုံးကို ရှင်းပြရတော့သည်။

◆◆◆

အစိုးရတာဝန်ဖြင့် အင်းလေးသို့ နှစ်အတန်ကြာသွားရောက်နေထိုင်ခဲ့ရသော ကျွန်တော့်မိတ်ဆွေတစ်ဦးသည် သူ၏ တာဝန်ဝတ္တရားများဖြင့် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာသောအခါ ကျွန်တော်နှင့်လာတွေ့ပြီး လက်ဆောင်ထူးတစ်ခု လာပေးသည်။ ထိုလက်ဆောင်ကား တခြားမဟုတ်ပါ။

မိတ်ဆွေသည် အင်းလေးတွင် နေရသည့်အခိုက် ဥဒေါင်းတောင်ဆရာတော်ဘုရားကြီး ဦးကုမာရထံ မပြတ်သွားရောက်ဖူးမြော်ကာ ဆရာတော်ဘုရားကြီး၏ ဆုံးမသြဝါဒစကားများကို နာယူသည်။

ဆရာတော်ဘုရားကြီး ဆုံးမသည်က "ဒါယကာကြီး... မြတ်စွာဘုရားရဲ့ ပုဒိအာနဲ့ အနုလုံ ပဋိလုံ ရွတ်ဖတ်ပြီး မပြတ်ပူဇော်ပါ။ ဘုန်းကြီးလည်း တစ်သက်လုံး ဒီအတိုင်း ပူဇော်ခဲ့တယ်။ ဆုတောင်းဖို့ မလိုဘူး။ လိုရာဆန္ဒ ပြည့်ဝလိမ့်မယ်"

စကားတိုတိုပင် ဖြစ်သော်လည်း မိတ်ဆွေသည် ထိုအချိန်မှစ၍ ဆရာတော် မှာကြားတော်မူသည့်အတိုင်း၊

www.burmeseclassic.com

ဘုရားဝတ်ပြုသည့်အချိန်တိုင်း ပုဒိအာကို အပြန်အလှန် ရွတ်ဆိုပူဇော်ခြင်းဖြင့် ဝတ်မြဲလာခဲ့သည်။ ဘာမျှမကြာလိုက်ပါချေ၊ ဇနီး လူမမာနှင့် သားသုံးယောက်ကို စိတ်မချစွာထားပစ်ခဲ့ရသည့် ရန်ကုန်မြို့သို့ ပြန်လာခွင့်ရခဲ့သည်။ ဆရာတော်ဘုရား မှာကြားလိုက်သည့် ပုဒိအာအကျိုးပါပဲဟု ယုံကြည်ချက် ပြင်းထန်သွားသည်။

ထို့ကြောင့် ကျွန်တော့်ကိုလည်း ပုဒိအာကို အနုလုံ ပဋိလုံ ပူဇော်ပါဟု မိတ်ဆွေက တိုက်တွန်းသည်။ သို့သော် ကျွန်တော့်အနေနှင့် ပုဒိအာကို ကြားသာကြားဖူး၍ ဘာကို ဆိုလိုမှန်း မသိကြောင်း မိတ်ဆွေကို ပြောပြကာ ပုဒိအာ အဓိပ္ပာယ်ကို မေးရသည်။

ထိုအခါမှ မိတ်ဆွေက 'ပုဒိအာဆိုတာ တခြားမဟုတ်ဘူးလေ ပဋ္ဌာန်ဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်နဲ့ အာသဝက္ခယဉာဏ်ဆိုတဲ့ ဉာဏ်တော်သုံးပါးကို အတိုကောက် ခေါ်တာပေါ့။ အဲဒီဉာဏ်တော်သုံးပါး အနက်အဓိပ္ပာယ်ကို မြင်အောင်အာရုံပြုပြီး မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို အနုလုံ ပဋိလုံ ပူဇော်ကြည့်ပါ။ မြဲမြဲစွဲစွဲယုံကြည်ပြီး သဒ္ဓါစိတ်၊ ကြည်ညိုစိတ်နဲ့ ဝတ်မပျက် ပူဇော်ကြည့်ပါ။ အကျိုးပေးပါလိမ့်မယ်။ မယုံမရှိပါနဲ့၊ ကျွန်တော့်ကိုယ်တွေ့ပါပဲ'ဟု လှိုက်လှဲစွာ ပြောပါသည်။

ကျွန်တော့်မိတ်ဆွေသည် ဥဒေါင်းတောင်ဆရာတော်ဘုရားကြီးက သူ့ကို ညွှန်သည့်အတိုင်း၊ အားထုတ်သည့်အတိုင်း သူ့ကို အကျိုးပေးသည်ဟု ဆိုခြင်းမှာ ဟုတ်ပါလိမ့်မည်။ ကျွန်တော့်မိတ်ဆွေသည် အမှန်စကားကိုသာ ပြောတတ်သည်ဟုလည်း ကျွန်တော်ယုံကြည်ပါသည်။ သို့သော် ခက်နေသည်က ကျွန်တော်ဖြစ်သည်။ အရာရာကို ဆန်းစစ်တတ်သည်မှာ ကျွန်တော်၏ဉာဉ်လို ဖြစ်နေသောကြောင့် ဤဉာဏ်တော်သုံးပါးနှင့်ပတ်သက်၍ ကျွန်တော့်မှာ များစွာ သိနားလည်လိုလာပြန်သည်။

ထို့ကြောင့် မြတ်စွာဘုရားရှင် လောကသုံးပါး၏ အထွတ်အထိပ်သို့ ဘဝိဿရအဖြစ် ရောက်တော်မမူမီ ဤဉာဏ်တော်သုံးပါးကို ရရှိတော်မူပုံအကျဉ်းနှင့်ပတ်သက်၍ ရေးသားဖော်ပြထားသည့် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး၏ ဇိနတ္ထပကာသနီကျမ်း ပထမပိုင်း ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းကို ရှာဖွေ၍ ဖတ်ရလေသည်။


ထိုအခါ ဘုရားလောင်းသည် ဘုရား မဖြစ်သမျှ ဤနေရာမှ ငါ မထတော့ပြီဟု စတုရင်္ဂဝီရိယဖြင့် နေတော်မူသော် သိကြားမင်းသည် တစ်ကြိမ်မှုတ်လေလျှင် လေးလကြာမျှ အသံစဲသော အတောင်တစ်ရာနှစ်ဆယ်ရှိ ဝိဇယုတ္တရမည်သော ခရုသင်းကိုမှုတ်လျက်၊ ကာလနဂါးမင်းသည် တစ်ထောင်သော ဂါထာထုံးဖြင့် ကောင်းချီးပေးလျက်၊ ဗြဟ္မာမင်းသည် ထီးဖြူမိုးလျက်၊ သုယာမနတ်မင်းကြီးကား သားမြီးယပ်ခတ်လျက်၊ သန္တုသိတနတ်မင်းကြီးကား ပတ္တမြားယပ်ခတ်လျက်၊ ပဉ္စသိခ်နတ်မင်းသည် ဥသျှစ်သီးမှည့်အဆင်းရှိသော ဗေလုဝပဏ္ဍုမည်သောစောင်းကိုတီးလျက်၊ များစွာသောနတ်တို့သည် အထူးထူးသော ပူဇော်သက္ကာရဖြင့် ပူဇော်လျက်နေကြစဉ် ဝသဝတ္တိနတ်မင်းလာ၍ လက်ဝဲတစ်ထောင့်နှစ်ယူဇနာ၊ လက်ယာတစ်ထောင့်နှစ်ယူဇနာ၊ နောက်မျက်နှာက စကြဝဠာတံတိုင်းအထိ၊ အထက်ကို ကိုးယူဇနာရှိသော နတ်စစ်သည်ဗိုလ်ပါအပေါင်းတို့ ဝန်းရံလျက် ယူဇနာ တစ်ရာ့ငါးဆယ်ရှိသော ဂိရိမေခလာဆင်ထက်၌ စီးကာ အသီးသီးလက်နက်ကိုင်သော လက်ရုံးတစ်ထောင်ကို ဖန်ဆင်းလျက်၊ တိုက်ဖျက်လာသည်ကို ပါရမီတော်အဟုန်ဖြင့် နေမဝင်မီ အောင်မြင်တော်မူပြီးမှ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကိုရ၍ မိုးသောက်ယံအခါ စကြဝဠာတစ်သောင်းလုံးကို တုန်လှုပ်စေလျက် ပဋိစ္စသမုပ္ပာဒ်မှစ၍ အာနာပါနစတုတ္ထဈာန်ကို ဝင်စားကာ ဝိပဿနာပွားစေသည်တွင် အစဉ်အတိုင်းရအပ်သော အာသဝက္ခယဉာဏ်ဖြင့် ကိလေသာအပေါင်း ထောင်းထောင်းပြတ်လျက် မဂ်လေးတန်ကို ရခဲ့ပေသည်။ မဂ်ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာပီတိ တစ်ဆယ့်ကိုးချက်၏ အဆုံး၌ အလုံးစုံသောတရားကို သိတတ်သော၊ သဗ္ဗညုတဉာဏ်တော်ကိုရ၍ သက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်သည်နှင့်တစ်ပြိုင်နက် စန်းနှင့်ဝိသာခါ အကြိုက်တွင် လောကသုံးပါး၏ အထွတ်အထိပ်ဘဝိဿရအဖြစ်သို့ ရောက်တော်မူ၍ အနေကဇာတိသံသာရစသောဥဒါန်းကို ကျူးရင့်တော်မူ၏ဟု တွေ့ရှိမှတ်သားရလေသည်။

ဘုရားဖြစ်တော်မူခြင်း၏ အကျဉ်းမျှသော အဓိပ္ပာယ်ကို တွေ့မြင်ဖတ်ရှုလိုက်ရခြင်းနှင့်ပင် ပုဒိအာကို ရှင်းလင်းနားလည်စွာ သဘောပေါက်သွားပြီဖြစ်၍ ကျွန်တော့်မိတ်ဆွေ တိုက်တွန်းလက်ဆောင်ပေးခဲ့သည့်နေ့မှစ၍ ပုဒိအာကို စွဲမြဲစွာဖြင့် အနုလုံပဋိလုံ ရွတ်ဖတ်ပူဇော်ခဲ့၏။

ပုံတော်ကို ရည်မှန်းပူဇော်ခြင်းမဟုတ်ဘဲ ဂုဏ်တော်ကို

www.burmeseclassic.com

www.burmeseclassic.com



ညည်မှန်းပူဇော်ခြင်းဖြစ်သည်ဟု အာရုံပြုကာ-

ရှေးဘဝ၌ ဖြစ်ပျက်ဖူးသည်များကို အစဉ်အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသဉာဏ်တော်၊ နတ်မျက်စိတို့ကဲ့သို့ အထူးမြင်တတ်သော ဒိဗ္ဗစက္ခုဉာဏ်တော်၊ ကိလေသာအာသဝေါ ကုန်ခန်းစေတတ်သော အရဟတ္တမဂ်ဉာဏ်တည်းဟူသော အာသဝက္ခယဉာဏ်တော် စသည်ဖြင့် စိတ်မျက်စိထဲတွင် ဉာဏ်တော်အစဉ်အလိုက် မှတ်သားစွဲမြဲလာသည်အထိ အပြန်အလှန်ရွတ်ဆိုပွားများ အာရုံထားကာ ပူဇော်သမှုပြုခဲ့သည်မှာ ယခုဆိုလျှင် ငါးနှစ်ကျော်ကာလသို့ပင် ရောက်ရှိသွားပြီဖြစ်ကြောင်းကို ကျွန်တော်ရှင်းပြလိုက်သည်။

ပုဒိအာဆိုသော စာသုံးလုံး၏ အဓိပ္ပာယ်ကို သိချင်၍ တင်ပြလာသော ဓမ္မမိတ်ဆွေလည်း ကြည်နူးစွာဖြင့် သာဓုခေါ်လေပြီ။

ဤတွင် ကျွန်တော့်ကိုယ်တွေ့ ကြုံသရွေ့ ဖော်ပြရလျှင် ပုဒိအာတည်းဟူသော ဉာဏ်တော်သုံးပါးကို ဝတ်မပျက် ပူဇော်လာသည့်နေ့မှစ၍ ကျွန်တော်သည် လောကဓံ၏ ထုထောင်းချက်ကို မည်မျှပင် ခံစားတွေ့ကြုံရပါသော်လည်း နှလုံးစိတ်ဝမ်း အေးချမ်းစေသော ဖြေဆေးတရားမြတ်ကို ချက်ချင်းရရှိစေခြင်း၊ ပတ်ဝန်းကျင်တွင် တွေ့ကြုံမြဲဖြစ်သော မလိုမုန်းထား ငြူစူရန်ပွားသူများနှင့် မည်သည့်အခါမျှ မတွေ့ကြုံရခြင်း၊ အလွန်ခရီးသွားသူ ဖြစ်ပါသော်လည်း ခရီးလမ်းနှင့်ပတ်သက်၍ မည်သည့်အခါမျှ အန္တရာယ်စွန်းငြိခြင်း မရှိခဲ့၊ မကြုံခဲ့သည်မှာ ပုဒိအာဉာဏ်တော်သုံးပါး၏ တန်ခိုးအာနိသင်များ ဖြစ်ပါသည်ဟုသာ ဆိုပါရစေတော့။

**တေဇအောင်**








www.burmeseclassic.com

www.burmeseclassic.com

# ချစ်မင်းသူ
# ကြွေးမြီဟောင်းနှင့် ကြွေးမြီသစ်တို့ကို ပေးဆပ်ခြင်း

မြန်မာ့ရိုးရာဓလေ့ ယဥ်ကျေးမှုတွင် အမိ,အဖတို့ကို အလေးထားကာ သားသမီးများက တစ်ဖန်ပြန်၍ ပြုစုစောင့်ရှောက်ကာ လုပ်ကျွေးလေ့ရှိကြ၏။ အမိ,အဖတို့မှာ အနန္တောအနန္တငါးပါးဂိုဏ်းဝင်များ ဖြစ်ကြပါ၏။ ဤသို့ အနန္တောအနန္တဂိုဏ်းဝင် အမိ,အဖတို့အား ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းကို မင်္ဂလာတစ်ပါးအဖြစ် သတ်မှတ်ကြ၏။ အမိ,အဖတို့မှာ



www.burmeseclassic.com

www.burmeseclassic.com

သားသမီးများကို မွေးဖွားသည်မှ အစပြု၍ ကြီးပြင်းအရွယ်ရောက်သည်အထိ အစာရေစာ ကျွေးမွေးစောင့်ရှောက်ကြ၏။ ဘေးဥပဒ်အန္တရာယ် မရရှိအောင် ကာကွယ်ပေးကြ၏။

ထို့ပြင် ပညာကို သင်ပေးကြ၏။ လိမ္မာရေးခြားရှိစေရန် ဆုံးမသွန်သင်၍ လမ်းကောင်းလမ်းမှန်တို့ကို ရွေးချယ်ပေးခဲ့ကြသူများ ဖြစ်ပါ၏။ ထို့ကြောင့် အမိ,အဖတို့သည် သားသမီးများ၏ ကျေးဇူးရှင်များဟု ခေါ်ဆိုကြပါ၏။ ထိုကျေးဇူးရှင် မိဘနှစ်ပါးတို့ အသက်အရွယ် ကြီးပြင်းလာသည့်အခါတွင် အလုပ်လုပ်ကိုင်၍ သားသမီးများတို ရှာဖွေကျွေးမွေးရန် မစွမ်းသာတော့ချေ။ ထိုအခါမျိုးတွင် သားသမီးများက အမိ,အဖတို့၏ ကျေးဇူးတရားကို သိတတ်စွာ ပြန်လည်ပြုစု လုပ်ကျွေးကြရန် သင့်ပါ၏။ ဤသို့ ကျေးဇူးသိတတ်ခြင်းကြောင့် အကျိုးမယုတ်ပုံကို တကိတ္တနိပါတ်၊ ကေဒါရဇာတ်တွင် တွေ့ရ၏။ သားသမီးဖြစ်သူများ အသိတရားများ မွေးမြူနိုင်ကြစေရန် ထပ်ဆင့်ရေးသား တင်ပြအပ်ပါ၏။

ဟိုးရှေးရှေးအခါက မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့မြောက်အရပ်၌ရှိသော သာလိန္ဒိယမည်သောရွာတွင် ကောသိယဂေါတ္တ အမည်ရှိ ပုဏ္ဏားနေ၏။ ထိုပုဏ္ဏားသည် အပယ်တစ်ထောင်ရှိသောလယ်တွင် သလေးတို့ကို စိုက်၏။ ထိုလယ်တို့ကို သူရင်းငှားချ၍ စောင့်ရှောက်စေ၏။ သူရင်းငှားလည်း လယ်တော၌ လယ်တဲထိုးကာ နေ့,ညမပြတ် စောင့်ရှောက်၏။

ထိုလယ်၏ အရှေ့မြောက်အရပ်တွင် လက်ပံတောကြီး ရှိ၏။ ထိုလက်ပံတောတွင် ကျေးများ မှီတင်းနေထိုင်ကြလေ၏။ ထိုကျေးအပေါင်းတို့၏ ကျေးမင်းကား အဆင်းလှ၏။ ခွန်အားကြီး၏။ ကျေးမင်း၌ အိုမင်းမစွမ်းသော အမိ,အဖတို့ရှိ၏။ ကျေးမင်းသည် မိဘနှစ်ပါးအား အစာရှာ မသွားစေဘဲ လက်ပံတော၌သာ နေစေကာ မိဘနှစ်ပါးအတွက် အစာတို့ကို ဆောင်ယူလျက် ကျွေးမွေးပြုစု၏။

တစ်ခါတွင် ကျေးမင်းနှင့် ကျေးသားအပေါင်းတို့သည် ကောသိယဂေါတ္တ၏ လယ်တောသို့ အုပ်စုဖွဲ့ ပျံသန်းလာကြကာ သလေးစပါးတို့ကို စားသောက်ကြ၏။ ထိုလယ်တို စောင့်ရှောက်သော ကောသိယဂေါတ္တ၏ သူရင်းငှားသည် ကျေးအုပ်စုတို့ကို ပျံပြေးရန် ခြောက်လှန့်တားမြစ်၏။ သို့သော် ကျေးအုပ်စုကား ပျံမပြေးကြ။ ကျေးတို့သည် သူတို့အလိုရှိသမျှ စားသောက်ပြီးမှသာ ပျံပြေးကြ၏။ ကျေးမင်းမှာမူ မိဘများစားသုံးရန်အတွက် သလေးနှံများကို သူ၏ နှုတ်သီးဖြင့် ကိုက်ချီဆောင်ယူလျက် ပျံသန်း၏။ ဤသို့ဖြင့် ကျေးမင်းနှင့် ကျေးအုပ်စုတို့သည် လယ်တောသို့ နေ့စဉ်ရက်စက် လာရောက်စားသောက်လေရာ သူရင်းငှားက လယ်ရှင် ကောသိယဂေါတ္တထံသို့သွား၍ ဖြစ်ကြောင်းကုန်စင် အကြောင်းကြားပြောပြလေ၏။

'အရှင်··သလေးလယ်သည် သလေးနှံတို့နှင့် ပြည့်စုံလှပါ၏။ ထိုသလေးနှံတို့ကို ကျေးတို့ ဝင်ရောက်စားသောက်လာကြ၏။ ထိုကျေးတို့ကို မောင်းထုတ်တားမြစ်သော်လည်း မရပါ။ ထိုကျေးများထဲတွင် တစ်ကောင်သောကျေးသည် နီသောနှုတ်သီး၊ ချင်ရွှေးစေ့နှင့်တူသော မျက်စိ၊ နီသောလည်ရေး သုံးရစ်ရှိ၏။ ဥဒေါင်းငှက်မျှ ကြီးမားသော ကိုယ်ခန္ဓာလည်းရှိ၏။ ဤသို့ ကောင်းခြင်းများနှင့် ပြည့်စုံသောကျေးသည် သလေးတို့ကို အလိုရှိသမျှ စားသောက်ပြီးလျှင် အပြန်တွင် သလေးနှံတို့ကို ကိုက်ချီယူဆောင်၍ သွားတတ်၏'

'အို··သူရင်းငှား၊ မြင်းမြီးကျော့ကွင်းကိုထောင်၍ ထိုကျေးကို အရှင်ဖမ်းကာ ငါ့ထံ ယူလာခဲ့ချေ'ဟု ကောသိယဂေါတ္တ ပုဏ္ဏားက သူ၏ သူရင်းငှားကို မှာကြားခိုင်းစေ၏။

သူရင်းငှားလည်း သူ၏လယ်ရှင်ပုဏ္ဏား မှာကြားသည့်အတိုင်း ကျေးမင်းဆင်းသက်ရာအရပ်၌ ကျော့ကွင်းထောင်လေ၏။ မကြာမီ ကျေးမင်းသည် ကျော့ကွင်း၌မိ၏။ ကျေးမင်းသည် ကျော့ကွင်း၌မိနေကြောင်း အခြားကျေးများကို ချက်ချင်းမသိစေဘဲ မြည်သံမပေး တိတ်ဆိတ်စွာ သည်းခံအောင့်အည်းနေ၏။ အခြားကျေးများအစာစားပြီးလောက်မှ ကျော့ကွင်းမိသည့်အသံကို သုံးကြိမ်တိုင်တိုင်ပြု၏။ ထိုအခါ ကျေးတို့သည် ကျေးမင်း၏ အသံကို ကြားသောအခါ ဘေးအန္တရာယ်ရှိသည်ကို သိ၍ ဝေးရာသို့ ချက်ချင်းထပျံပြေးကြ၏။

သူရင်းငှားသည် ကျေးမင်း၏ မြည်သံကိုလည်းကောင်း၊ အခြားသောကျေးတို့၏ ရုတ်ရုတ်သဲသဲမြည်သည့်

www.burmeseclassic.com

အသံကိုလည်းကောင်း ကြားရသောအခါတွင် ကျော့ကွင်းထောင်ရာ အရပ်သို့ သွားရောက်ကြည့်၏။ ထိုအခါ ကျော့ကွင်း၌မိနေသော ကျေးမင်းကိုတွေ့၏။ ထို့နောက် ကျော့ကွင်း၌ ဖမ်းမိထားသော ကျေးမင်းကို ဖမ်းယူ၍ လယ်ရှင် ကောသိယဂေါတ္တထံသို့ သွားရောက်ပေးအပ်လေ၏။

ကောသိယဂေါတ္တသည် ကျေးမင်းအား ရင်ခွင်၌ ထားပြီးလျှင်-

'အမောင်ကျေးသား.. အမောင်ကျေးသားသည် အခြားသော ကျေးသားများကဲ့သို့မဟုတ်ဘဲ သလေးနှံတို့ကို အလိုရှိသမျှ စားသုံးသည့်အပြင် ကိုက်ချီယူဆောင်၍ပင် သွားသေး၏။ လက်ပံတော၌ ကျီဆောက်ကာ ငါ၏ သလေးနှံတို့ဖြင့် ထိုကျီကို ဖြည့်လေသလော' ဟု မေး၏။

ထိုအခါ ကျေးမင်းက-

'အရှင်..ငါ့၌ ကျီမရှိ။ ငါသည် ကြွေးမြီဟောင်းကို ဆပ်ခြင်းအလို့ငှာ၊ ကြွေးမြီသစ်ကို ချခြင်းအလို့ငှာ၊ ဥစ္စာရွှေအိုးကို မြှုပ်နှံခြင်းအလို့ငှာ အပြန်တွင် သလေးနှံတို့ကို ကိုက်ချီဆောင်ယူသွား၏' ဟု ဖြေ၏။

'အမောင်ကျေးသား..ကြွေးမြီဟောင်းဆပ်ခြင်း ဆိုသည်မှာ အဘယ်နည်း။ ကြွေးမြီသစ်ချခြင်း ဆိုသည်မှာ အဘယ်နည်း။ ဥစ္စာရွှေအိုးမြှုပ်နှံခြင်း ဆိုသည်မှာ အဘယ်နည်း' ဟု ပုဏ္ဏားက မေး၏။

'အရှင်..ငါ၏မိဘသည် အိုမင်းမစွမ်းရှိပြီ။ မိဘနှစ်ပါးအတွက် သလေးနှံတို့ကို ဆောင်ယူကျွေးမွေးပြုစု၏။ ဤသည်ကား ကြွေးမြီဟောင်းကို ဆပ်ခြင်းမည်၏။ ငါ့၌ အတောင်အလက် မစုံသေးသော ငယ်နုသည့် သားသမီးငယ်တို့ ရှိ၏။ ထိုသားသမီးငယ်တို့ကို ငါ ကျွေးမွေးပြုစုရ၏။ ဤသည်ကား ကြွေးမြီသစ်ချခြင်းမည်၏။ ထို့ပြင် လက်ပံတော၌ အင်အားနည်းပါး၍ အစာရှာမထွက်နိုင်သော ကျေးတို့ ရှိကြ၏။ ထိုကျေးတို့အား ငါသည် ကောင်းမှုလို၍ အစာပေး၏။ ဤသို့ပေးခြင်းကို ဥစ္စာမြှုပ်နှံခြင်းဟု ပညာရှိတို့က ဆိုကုန်၏' ဟု ကျေးမင်းက ကောသိယဂေါတ္တ ပုဏ္ဏားအား ရှင်းပြ၏။

ထိုအခါမှ ကျေးမင်းသည် မိဘတို့ကို လုပ်ကျွေးပြုစုနေသူမှန်း သိရ၏။ ထို့အပြင် သားသမီးနှင့် အဆွေခင်ပွန်း



တို့အပေါ်၌လည်း သိတတ်သော ကျေးမင်းအပေါ် ကရုဏာသက်မိကာ သူပိုင်ဆိုင်သော အပယ်တစ်ထောင်ရှိသည့် လယ်၌ ကျေးအပေါင်းတို့ကို သလေးနှံတို့အား လိုသလောက် စားသောက်ခွင့်ပေး၏။ ကျေးမင်းကား ရှစ်ပယ်မျှရှိသော လယ်ကိုသာယူ၍ သလေးနှံတို့ကို ကိုက်ချီကာ မိဘများထံသို့ ပြန်လာခဲ့၏။ မိဘများသည် ထောင်ချောက်မှ လွတ်လာသော ကျေးမင်းကိုမြင်လျှင် ရွှင်လန်းဝမ်းသာကြလေ၏။

ဤသို့ ကျေးမင်း လွတ်မြောက်လာရခြင်းမှာ မိဘကျေးဇူးကို ဆပ်ခြင်း၏ အကျိုးကျေးဇူးပင်ဖြစ်၏။ ဤသာဓကယူ၍ လူငယ်မောင်မယ်တို့အနေဖြင့် အမိ,အဖတို့ကို ရိုသေခြင်း၊ ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းများကို မဖြစ်မနေ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါ၏။ ဤအကြောင်းသည် မင်္ဂလာရှိသောအကြောင်းဖြစ်၍ မင်္ဂလာအမှုကို ပြုသောသူအား သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့က အစဉ်တစိုက် စောင့်ရှောက်တတ်ကြ၏။ လူချစ်နတ်ချစ်သော ကိစ္စဖြစ်၍ လူငယ်မောင်မယ်များ ကြိုးစားရွက်ဆောင်ကြစေရန် တိုက်တွန်းရေးသားအပ်ပါ၏။

ချစ်မင်းသု



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်၏ပျက်စီးခြင်းဟု ဆိုအပ်သော ကာယဒုစရိုက်သုံးပါးကို စောင့်ရှောက်ရာ၏။ ကိုယ်ဖြင့် စောင့်ရှောက်သည် ဖြစ်ရာ၏။ ကာယဒုစရိုက်စွန့်ပယ်၍ ကိုယ်ဖြင့် သုစရိုက်ကျင့်ရာ၏။ (ဓမ္မပဒ)





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်၏ပျက်စီးခြင်းဟု ဆိုအပ်သော ကာယဒုစရိုက် သုံးပါးအနက်မှ တစ်ပါးဖြစ်သည့် ကာမေသုမိစ္ဆာစာရကံ နှင့် ပတ်သက်သည့် မဆိုင်သူများနှင့်ပျော်ပါးခြင်းကို ရှောင် ကြဉ်နိုင်ရန်အတွက် သိသင့်သိထိုက်သည်များကို စေတဒဂ် အရှင်ပညာဇောတ၏ ဗုဒ္ဓဓမ္မပြဿနာများ(၁)မှ ကောက် နုတ်ရေးသား တင်ပြလိုက်ပါသည်။

ကာမေသုမိစ္ဆာစာရကံဆိုသည်မှာ ကာမမှုတို့၌ ယုတ် ယုတ်မာမာကျင့်ခြင်းကို ကာမေသုမိစ္ဆာစာရဟု ခေါ်ခြင်း ဖြစ်သည်။

မိမိဇနီးမယား၊ မိမိယောက်ျားတို့၌ ပျော်ပါးခြင်းမှာ လောကနိယာမအရ မကဲ့ရဲ့ထိုက်၍ ယုတ်မာသည်ဟု မဆို နိုင်။ မဆိုင်သူများနှင့် ပျော်ပါးခြင်းကား လောကနိယာမ အရ ကဲ့ရဲ့ထိုက်၍ ယုတ်မာ၏။ မိစ္ဆာစာရ မှားယွင်းသော အကျင့်ဖြစ်၏။

မသွားလာထိုက်သော၊ မပျော်ပါးထိုက်သော မိန်းမ, ယောကျ်ားဖြစ်ခြင်း၊ ထိုယောကျ်ား,မိန်းမတို့၌ မှီဝဲလိုသော စိတ်ရှိခြင်း၊ မှီဝဲမှုလုံ့လပြုခြင်း၊ မဂ်အချင်းချင်းကျင့်ခြင်းကို သာယာခြင်း စသည့် အင်္ဂါလေးပါးနှင့် ညီညွတ်ပြည့်စုံပါက ကာမေသုမိစ္ဆာစာရကံထိုက်၏။ ကံမြောက်၏။

မသွားလာထိုက်သော မိန်းမ,ယောကျ်ားဟု ဆိုရာတွင် မိန်းမအတွက် ကာမေသုမိစ္ဆာစာရ၊ ယောကျ်ားအတွက် ကာမေသုမိစ္ဆာစာရဟူ၍ နှစ်မျိုးရှိသည်။

မိခင်စောင့်ရှောက်အပ်သောမိန်းမ၊ ဖခင်စောင့်ရှောက် အပ်သောမိန်းမ၊ မိဘနှစ်ပါးစလုံး စောင့်ရှောက်အပ်သော မိန်းမ၊ အစ်မ၊ ညီမတို့ စောင့်ရှောက်အပ်သောမိန်းမ၊ မောင် ကြီး(အစ်ကို)၊ မောင်ငယ်တို့ စောင့်ရှောက်အပ်သော မိန်းမ၊ ဆွေမျိုးတို့က စောင့်ရှောက်အပ်သောမိန်းမ၊ အနွယ်တူလူတို့ က စောင့်ရှောက်အပ်သောမိန်းမ၊ အတူတစ်ကွ တရားကျင့် ဖော်တို့က စောင့်ရှောက်အပ်သောမိန်းမ စသည့်(၈)ယောက် သောမိန်းမတို့သည် မိမိတို့၏ကာမကို ယောကျ်ားအားပေး သော်လည်း မိမိတို့မှာ ကာမေသုမိစ္ဆာစာရမဖြစ်ပါ။ မိမိတို့ ၏ ကာမအတွေ့ကို မိဘ စသည့်တို့က မပိုင်၍ဖြစ်သည်။ မိဘစသည်တို့က စောင့်ရှောက်သည်ဆိုသော်လည်း သူတစ် ပါးတို့ မစော်ကားရအောင် စောင့်ရှောက်ထားခြင်းဖြစ်သည်။ ထို(၈)ယောက်သော မိန်းမတို့၌ သွားလာသော ပျော်ပါး သော ယောကျ်ားတို့၌ ကာမေသုမိစ္ဆာစာရကံထိုက်၏။

မင်းပြစ်မင်းဒဏ်မကင်းသောမိန်းမ၊ အစောင့်အရှောက် ရှိသောမိန်းမ၊ ဥစ္စာဖြင့်ဝယ်အပ်သောမိန်းမ၊ သူ၏မယားဖြစ် ရန်အတွက် သဘောတူသဖြင့် သူ့အိမ်၌သွားနေသောမိန်းမ၊ စည်းစိမ်ဥစ္စာအတွက် သွားရောက်နေထိုင်သောမိန်းမ၊ အဝတ် တန်ဆာအတွက် သွားရောက်နေထိုင်သောမိန်းမ၊ ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားရသောမိန်းမ၊ ချအပ်သော ခေါင်းခု ရှိသောမိန်းမ၊ မယားပြုရန် သိမ်းပိုက်အပ်သော သုံ့ပန်းမိန်းမ၊ အစေခံမယားမိန်းမ၊ ကျွန်မယားမိန်းမ၊ အတည်အမြဲမဟုတ် တစ်ခဏမယားမိန်းမဟုဆိုအပ်သော မိန်းမ(၁၂)ယောက်တို့ သည် မိမိတို့၏ ကာမကိုပိုင်ဆိုင်သော ယောကျ်ားများကိုသာ မိမိတို့၏ကာမကို ပေးခွင့်ရှိ၏။ အခြားသော ယောကျ်ား တို့အား ပေးလျှင် နိုးပေးရာရောက်၍ မိမိတို့သည်လည်း ကာမေသုမိစ္ဆာစာရကံထိုက်၏။ သွားလာသူ၊ ပျော်ပါးသူ ယောကျ်ားတို့၌လည်း ကာမေသုမိစ္ဆာစာရကံထိုက်၏။

ယောကျ်ားတစ်ယောက်သည် မိမိပိုင်ဆိုင်သည့်ဇနီးမှ တစ်ပါး အခြားသောမိန်းမ ဘယ်မိန်းမနှင့်မဆို ဖော်ပြပါ မိန်းမ(၂၀)တို့ကို သွားလာရာ၌ ကာမေသုမိစ္ဆာစာရကံထိုက် ၏။

မိန်းမတို့၌လည်း ပထမပိုင်း ဖော်ပြထားသည့် (၈) ယောက်သော သူတို့အတွက် ကာမေသုမိစ္ဆာစာရကံမထိုက် သော်လည်း အပြစ်တော့ရှိ၏။ ဒုတိယပိုင်းဖော်ပြထားသည့် မိန်းမ(၁၂)ယောက်သည် သူတို့ကိုယ်တိုင်တွင်လည်း ကာမေ သုမိစ္ဆာစာရကံထိုက်၏။

သို့အပြင် မောင်အတွင်း၌ သူ့ဇနီးကို ကိုယ့်ဇနီး ထင် မှတ်၍ သွားလာသောယောကျ်ားနှင့် ကိုယ့်ယောကျ်ားထင်၍ သည်းခံသော မိန်းမတို့မှာ ဖော်ပြပြီးသည့် အင်္ဂါလေးပါးနှင့် ညီညွတ်၍ ကာမေသုမိစ္ဆာစာရကံထိုက်၏။ သို့သော် နိုးလို သောစိတ်မပါဘဲ အထင်မှားပြီးဖြစ်ရသည့်အတွက် အပြစ် တော့ သိပ်မကြီးပါ။

သမီးရင်းကို ကျူးလွန်သောဖခင်သည် သမီးကို မိခင် မှ တစ်ဖက်တစ်လမ်း စောင့်ရှောက်လျက်ရှိသေးလျှင် ဖခင်၌ ကာမေသုမိစ္ဆာစာရကံထိုက်၏။ မိခင်မရှိလျှင်သော်လည်း ကောင်း၊ မစောင့်ရှောက်ဘဲထားလျှင်သော်လည်းကောင်း ဖခင်၌ ကာမေသုမိစ္ဆာစာရကံမထိုက်ပါ။

ဖခင်အိမ်မှာနေသူ သမီးဖြစ်လျှင် ဖခင်၏အစောင့် အရှောက်ကသာ အဓိကလိုရင်းကျ၏။ အစောင့်အရှောက် တစ်မျိုးရှိလျှင် အခြားတစ်မျိုးမှ အစောင့်အရှောက် မဖြစ် နိုင်ပါ။ အကယ်၍ ဖခင်နှင့်အတူမနေဘဲ အစ်မ၊ ညီမ



www.burmeseclassic.com

www.burmeseclassic.com

သည်တို့၏ အစောင့်အရှောက်ခံနေသူ (သို့မဟုတ်) သီလရှင်ဖြစ်၍ တရားက စောင့်ရှောက်နေသူကို ဖခင်က ကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရကံထိုက်၏။

တိရစ္ဆာန်မတို့၌ အမြဲလင်ဖြစ်သော တိရစ္ဆာန်အထီးရှိလျှင်သော်လည်းကောင်း၊ ဆိုင်ရာမိဘက စောင့်ရှောက်ထားလျှင်သော်လည်းကောင်း ကာမေသုမိစ္ဆာစာရကံထိုက်၏။

အရှုံးမကို မိဘစသည်တို့က အုပ်ထိန်းထားလျက်ရှိသေးလျှင် ကာမေသုမိစ္ဆာစာရကံထိုက်၏။

အကယ်၍များ ယခုဖော်ပြပြီးခဲ့သည့် မဆိုင်သူများနှင့်သွားလာမိ၊ ပျော်ပါးမိပါက-

မိစ္ဆာစာရကျူးလွန်ကလည်း၊
မုန်းကြသူများ၊ ရန်သူပွား၍၊
ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏။
ဣတ္ထိပဏ္ဍုတ်၊ မျိုးရိုးခါခါ၊
မျက်နှာမလှ၊ အရှက်ရှလျက်၊
လက္ခဏာလက္ခဏ္ဍ ယွင်းသွေ့ချို့သိမ်၊
စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊

ရှောင်ကအပြန် အကျိုးတည်းဟုဆိုသည့် အပြစ်နှင့်အကျိုးများကို ခံစားကြရပါမည်။

ထိုအပြစ်များသည် ကာမေသုမိစ္ဆာစာရကံအတွက်သက်သက်သာသာဖြစ်ကြောင်း ရေးသားဖော်ပြရင်းဖြင့်ဆက်လက်၍ အားလုံးသောကာမများအတွက် အပြစ်များကို ဆင်ခြင်နိုင်ရန် ဗုဒ္ဓစရိတမှ ဆင်ခြင်ဖွယ်ရာများကိုဖော်ပြလိုက်ပါ၏။

◆◆◆

သံသရာတွင် ကာမအာရုံနှင့်တူသော အစီးအပွားမဲ့ခြင်းမျိုးမရှိပါ။ သို့ရာတွင် မောဟကြောင့် လူတို့သည် ထိုအာရုံတွင် ခုံမင်တပ်မက်နေကြပါသည်။ ဤသဘောကို သိမြင်ပါလျှင် အစီးအပွားမဲ့ခြင်းမှကြောက်သော အဘယ်ပညာရှိသည် ကိုယ်တိုင်အစီးအပွားမဲ့ခြင်းကို လိုလားပါမည်နည်း။

လူသည် သမုဒ္ဒရာတိုင်အောင် မြေကိုရသော်လည်းသမုဒ္ဒရာတစ်ဖက်သို့ အောင်မြင်လို၏။ သတ္တဝါတို့သည်ကာမဂုဏ်ခံစားရာ၌ မရောင့်ရဲသည်မှာ စီးဝင်သောရေဖြင့်သမုဒ္ဒရာမရောင့်ရဲသကဲ့သို့ပင် ဖြစ်၏။

ကာမတို့မှာ အရသာအနည်းငယ်သာရှိ၍ အနှောင့်အဖွဲ့က အဓိကဖြစ်ပါသည်။ ရောင့်ရဲမှုလုံးဝမရှိပါ။ သူတော်ကောင်းတို့ ကဲ့ရဲ့အပ်ပါသည်။ ယုတ်မာခြင်းမြဲ၏ဟု သိ၍



အဘယ်သူသည် ကာမမည်သောအဆိပ်ကို ယူမည်နည်း။

ကာမအာရုံတို့သည် ကြိုးစားမှုရ၍ စောင့်ရှောက်ထားလည်း လှည့်ပတ်ပြီး ပြန်သွားပါသည်။ ထို့ကြောင့် ခေတ္တငှားသည့်အရာဝတ္ထုကဲ့သို့သော ထိုအာရုံ၌ စောင့်စည်းသောအဘယ်ပညာရှိသည် မွေ့လျော်ပါမည်နည်း။

အကြင်ကာမတို့သည် အမျိုးမျိုးအဖုံဖုံ ထက်သန်စွာကြိုးစားခြင်းကြောင့်ရသော်လည်း တစ်ခဏအတွင်း ပျက်စီးသွားတတ်ပါသည်။ အိပ်မက်ကဲ့သို့သော ထိုကာမတို့၌ မိမိကိုယ်ကိုသိသော အဘယ်သူသည် နှစ်သက်မည်နည်း။

အကြင်ကာမတို့ကြောင့် လူတို့သည် မိမိကိုယ်ကို ရေ၊မီး၊ သားရဲတို့၌ စွန့်ပစ်ကြပါသည်။ ရန်သူကဲ့သို့ မကောင်းသော ထိုကာမတို့၌ ဘယ်သူ ချမ်းသာဖြစ်ပါမည်နည်း။

ပညာမဲ့သူတို့သည် ကာမတို့ကြောင့် ကခုန်၏။ သတ်ဖြတ်၏။ ဆွေမျိုး စသူတို့ဒုက္ခရောက်၏။ သနားစရာကောင်းသော ဤသက်ရှိဇီဝလောကသည် ကာမအတွက် တပ်မက်ဆင်းရဲယုတ်ညံ့ဖြစ်ပြီး အားကုန်၍ သေခြင်းသို့ ရောက်ပါသည်။

ကာမဂုဏ်အာရုံ လိုက်စားသူသည် လူ့လောက၌အဘယ်နည်း။


ကာမဂုဏ်၏အာရုံ လိုက်စားသူသည် လူ့လောက၌ငြိမ်းချမ်းရေးမရနိုင်သလို နတ်ပြည်၌လည်း ငြိမ်းချမ်းရေးမရပါ။ လေနှင့်တကွသော မီးသည် ထင်းဖြင့်ရောင့်ရဲမပြေသကဲ့သို့ အာရုံဝေတ်သူသည် အာရုံဖြင့် ရောင့်ရဲမပြေနိုင်ပါ။

ကိုရွှေမြသန်း(သမိုင်း)



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြိုး(၂၄)ကုံးပါ မင်းစလွယ်

# နဝရတ်ကိုးသွယ် ဆင်စလွယ်နှင့်

နီငြိမ်း(အညာတက္ကသိုလ်)



ရွှေ(၁၂)ကြိုးစပ် ဂုဏ်ထူးဆောင်စလွယ်

(၁)

## စလွယ်ဆိုသည်မှာ

ဂမ္ဘီရမဂ္ဂဇင်းတွင် စလွယ်မျိုးစုံ(Sashes) အကြောင်း တင်ပြပါမည်။ စလွယ်နှင့်ပတ်သက်၍ မြန်မာစွယ်စုံကျမ်း အတွဲ(၃)တွင် ဖော်ပြထားပါသည်။

ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့၌လည်း ရွှေစည် ဟီးတီး၊ ရွှေထီးဆောင်းဆောင်း၊ ရွှေဖောင်းသွယ်သွယ်၊ ရွှေစလွယ်နှင့်၊ လူပြည်လူထွတ်၊ လူများနတ်ဟု ဆရာ တော်က ရေးသားခဲ့ပြီး တန်တားဦးတည် မော်ကွန်းတွင် လည်း ပုဏ္ဏားယောင်ကား၊ ဟန်ဆောင်တင့်တယ်၊ ဘွဲ့ စလွယ်နှင့်၊ စံပယ်ပစ်တင်၊ ဝတ်ဆင်ဟု ရေးသည်ကို တွေ့ ရပါသည်။

စလွယ်ဟူသည်ကား ဂုဏ်ထူးဆောင်အထိမ်းအမှတ် အဖြစ် လက်ဝဲပုခုံးစွန်းတွင်တင်၍ လက်ယာနံပါးသို့ သွယ်တန်းချရသော ပစ္စည်းပေတည်း။ ၎င်းကို စလွယ် ကြိုးသိုင်းသည်ဟု ခေါ်၏။

စလွယ်ကို ရွှေမျှင်ငွေမျှင် ချည်မျှင်များဖြင့် လုပ် သည်။ မြန်မာမင်းများလက်ထက်က စလွယ်ကို ဗောင်း နားတောင်းများနှင့်အတူ ရာထူးဌာနန္တရအလိုက် တပ်ဆင် စေသည်။

(၂)

## စလွယ်တင်ခြင်းအမျိုးမျိုး

ဘုရားပုဏ္ဏားတို့၏အဆိုအရ သက္ကတကျမ်းများ၌



www.burmeseclassic.com

www.burmeseclassic.com

စလွယ်ဆင်ခြင်း အကျိုးများကို ရေးထားပါသည်။

အဘယ်တို့ပါနည်း။

* မြင့်မြတ်ခြင်း၊ စင်ကြယ်ခြင်း၊
* ဘုရားရှင်တို့၏ အမူအကျင့်နှင့် ညီလျော်ခြင်း၊
* အသက်ရှည်ခြင်း၊
* ရန်သူများက မဖျက်ဆီးနိုင်ခြင်း၊
* တင့်တယ်ခြင်း၊
* ပညာဉာဏ်များခြင်း၊
* ခွန်အားကြီးခြင်း၊
* ဘုန်းတန်ခိုးကြီးခြင်းတို့ပေတည်း။

ရှေးစာဟောင်းများကို လေ့လာသောအခါ စလွယ်ဆင်ခြင်း အလေ့အထမှာ မဇ္ဈိမဒေသမှ ဓလေ့များ ခေတ်တွင် မြန်မာပြည်သို့ ရောက်ခဲ့ခြင်းဖြစ်၏။



...ဦးစနှင့် ဝန်ကတော်တို့၏စလွယ်ပုံ

**စလွယ်အမျိုးမျိုး ဘုန်းတန်ခိုး**

* ချကြိုး(၂၄)လုံးပါသည့် မင်းစလွယ်၊
* ချကြိုး(၂၁)ကုံးပါသော ဥပရာဇတို့၏စလွယ်၊
* ချကြိုး(၁၈)သာပါသော မင်းညီမင်းသားများ၏ စလွယ်၊
* ချကြိုး(၁၅)ကြိုးပါသော မဟာမျိုးမဟာနွယ်စလွယ်၊
* ချ(၁၂)ကြိုးပါသော အဂ္ဂမဟာသေနာပဋိတို့၏စလွယ်၊
* ချ(၉)ကြိုးပါသော မှူးမတ်စလွယ် (ဦးပေစိပုံကြည့်)၊
* ချ(၆)ကြိုးပါသော မှူးမတ်ငယ်စလွယ်၊
* ချ(၃)ကြိုးတပ် အမတ်ငယ်များအတွက် စလွယ်တို့ ဖြစ်ပါသည်။

(၃)

**စလွယ်ဝတ်ဆင်ရသူတို့၏ဝတ္တရား**

* ကိုယ်,နှုတ်ငြိမ်သက်ရခြင်း၊
* ကိလေသာခေါင်းပါးခြင်း၊
* စင်ကြယ်ခြင်း၊
* ရောင့်ရဲရခြင်း၊
* သည်းခံခြင်း၊
* ရတနာပုံသုံးပါးကို ဦးညွှတ်ခြင်း၊
* သူတစ်ပါးကိုနှိုင်နင်းခြင်း၊
* အမှန်အကန်ပြောလေ့ရှိခြင်း (စလွယ်ဆင်သူများ မုသားမဆိုရ)။

(၁၁၄၆)ခုနှစ် ဘိုးတော်မင်းတရား လက်ထက်တွင် စွယ်တော်ဆင်ရန် အမိန့်ပြန်တန်းတစ်စောင် ထွက်ခဲ့ပါသည်။

အမိန့်တော်ကား-



[illegible] စလွယ်ဆင်ယင်ထားသော
ဝန်ကြီးတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



ဝီလျံမင်းသား

"ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူသော ဆင်ဖြူများရှင် မင်းတရားကြီး အမိန့်ရှိလိုက်သည်။ ငါ့အရှင်ကေရာဇ်မင်းတို့ဝယ် မင်းမြောက်တန်ဆာငါးပါးနှင့် စလွယ်စသည်တို့ကိုယူဆောင်၍ ဘိသိက်ခံမည်။ ဘိသက်ခံခြင်းကား ပစ္စုပ္ပန်အကျိုးစီးပွားသာမဟုတ်၊ မင်းဆွေမင်းမျိုးများတို့အတွက်ဖြစ်၏။ သတ္တဝါအပေါင်းအတွက် မင်းကျင့်ရာဆယ်ဖြာကို ကျင့်ကြံမည်။ ရှေးလူများကဲ့သို့ နောက်လူများကလည်း စလွယ်ဆင်ကာ မင်းမိန့်များကို နာခံကြစေ၊ လိုက်နာအမြဲနှလုံးစွဲ၍ ကျင့်ကြံကြစေ" ဟု ပါရှိသည်။

(၄)

## နိုင်ငံရပ်ခြားစလွယ်များ

ပုံတွင် ဝီလျံမင်းသား၏စလွယ်နှင့် ဂုဏ်ထူးဆောင်တံဆိပ်ကို ပြသထားပါသည်။ မင်းသားဘေးမှ ဝန်ကြီးချုပ်မှာလည်း စလွယ်ငါးကြိုးရသူဖြစ်၍ ဖော်ပြလိုက်ပါသည်။ ရွှေကြိုး(၁၂)ကုံးပါသော မြန်မာ့ဂုဏ်ထူးဆောင်စလွယ်များလည်း ခေတ်မီဆန်းပြားသည်ဟု ဆိုရမည်။ (ပုံများကိုရှုပါ)



ဂုဏ်ထူးဆောင်ဝန်ကြီး

အနောက်တိုင်းနိုင်ငံမှ ဝီလျံ(Willian) မင်းသား၏စလွယ်နှင့် အခမ်းအနားဝတ်စုံမှာ ဂုဏ်ထူးဆောင်အမှတ်အသားပင်ဖြစ်၏။ သူ၏ဘေးမှ ဝန်ကြီးတစ်ဦးကလည်း ရွှေကြိုး(၅)ကြိုးပါ စလွယ်ကို ဆင်လျက်တွေ့ရကြောင်း နိုင်ငံရပ်ခြား စလွယ်များကိုပါ ရှာဖွေတင်ပြအပ်ပါသည်။

**နိုငြိမ်း(အညာဗဟုသုတ)**

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိဗေဒင် ဟောခန်းသို့ မကွေးမြို့နယ်၊ မြင်ကွန်းအုပ်စုအတွင်းရှိ သာယာကုန်းရွာကလေးမှ ဒေါ်ထားထားဟူသော အမျိုးသမီးကြီးတစ်ဦး ရောက်လာလေသည်။

သူမသည် ရပ်ရေးရွာရေးတို့တွင် စွမ်းစွမ်းတမံ ကူညီ ရိုင်းပင်းတတ်ပြီး သာသနာရေး၊ ဘာသာရေးကိစ္စတို့တွင် လည်း အားတက်သရောရှိလှသူတစ်ဦး ဖြစ်ပေ၏။ ထို အမျိုးသမီးကြီးသည် ဝမ်းရေးအတွက် အညာဒေသထွက် ဟင်းသီးဟင်းရွက်နှင့် စားကုန်သောက်ကုန်များကို ရောင်းချကာ ဖြေရှင်းနေသူလည်း ဖြစ်ပေသည်။ ထိုသို့ အလုပ် နှင့် လက် မပြတ်လပ်အောင် ရှန်းကန်နေရသည့်ကြားက နေ ကျွန်တော့်ဆီကို ဗေဒင်ပညာလည်း လာရောက်သင် ကြားသေး၏။

ဘဝပေးအခြေအနေအရ ရွာဘုန်းတော်ကြီးစာပေသာ

# နိမိတ်ရှာပြီး ဗေဒင်မှန်အောင်ဟောနည်း(၁)

## သာထက်ဇော်

(မကွေး)





www.burmeseclassic.com

www.burmeseclassic.com

သင်ကြားခဲ့ရပေမယ့်လည်း ဝါသနာကြီးလွန်းလှ၍လော၊ ဉာဏ်ကောင်းလွန်းလှ၍လောမသိ တစ်နှစ် နှစ်,နှစ်အတွင်း မှာပင် ဗေဒင်ပညာရပ် အတော်များများကို တတ်ကျွမ်းနားလည်ခဲ့ပေပြီ။ သို့မေမယ့်လည်း သူမသည် ဗေဒင်ပညာနှင့် ပတ်သက်လာလျှင် အားရကျေနပ်သည်ဟု အလျဉ်းမရှိ။ တတ်သည်ထက်တတ်၊ သိသည်ထက်သိအောင် အမြဲလေ့လာလိုက်စားလျက်ရှိသူပင် ဖြစ်တော့၏။

ထို့ကြောင့် ကျွန်တော့်မှာ ရံဖန်ရံခါ သူမအသက်ကို ကန့်တော့ပြီး ငေါက်တန်ငေါက် ဆူတန်ဆူ ပူတန်ပူ လုပ်ရခြင်းမျိုးလည်း ရှိပေသည်။

ထိုဒေါ်ထားထားသည် ကျွန်တော့်ဆီ ရောက်လာတိုင်း ဘာစကားတစ်ခွန်းမျှ မပြောရသေးခင် တို့ဆရာရေ ဟူသည့် အာလုပ်စကားဖြင့် နိဒါန်းချီလေ့ရှိ၏။

'တို့ဆရာရေ..ကျုပ် ဆရာ့ဆီက ဗေဒင်အကြွေးရဖို့ ရှိသေးတယ်နော်။ မှတ်မိသေးလား။ (၂၀၁၅)ခုနှစ်၊ ဇန်နဝါရီလကတည်းက၊ အခု (၂၀၁၆)နှစ်ဝက်တောင် ကျိုးလာပြီ'

'တစ်သက်နဲ့ တစ်ကိုယ်ဗျာ မကြားဖူးဘူး။ ဗေဒင်ဆရာက ဗေဒင်လာသင်တဲ့ တပည့်ကို ဗေဒင်အကြွေးပေးစရာ ရှိရတယ်လို့။ ခေါင်းသုံးပြီးလည်း ပြောစမ်းပါ ဒေါ်ထားထားရယ်'

'အဲဒါကြောင့် တို့ဆရာကို ပြောတာ၊ မှတ်ဉာဏ်မကောင်းတော့ပါဘူးလို့။ အမတ်ကြီး ဦးပေါ်ဦးလောက်တောင် မှတ်ဉာဏ်မကောင်းဘူး။ ခတ်ကျလိုက်တာနော်'

'စကားကြောတွေ ရှည်မနေစမ်းပါနဲ့ဗျာ။ လိုရင်းကိုပဲ ပြော'

'လိုတိုရှင်း ပြောရရင်တော့ (၂၀၁၅)ခုနှစ်၊ ဇန်နဝါရီလကတည်းက ကျုပ်တို့ဆရာဆီ ဗေဒင်လာမေးတာ မှတ်မိသေးလား'

'မှတ်မိတယ်'

'အဲဒီတုန်းက တို့ဆရာလေ ကျုပ်ကို လက်ချောင်းထိပ်လေးတွေမှာရှိတဲ့ ခရုပတ်ဗွေတွေအကြောင်း သင်ပေးခဲ့တယ်လေ။ အဲဒီလို သင်ပေးလို့လည်းပြီးရော အိမ်ပြန်ခါနီးမှာ ကျုပ်က တို့ဆရာကို ပြောခဲ့တယ်။ တို့ဆရာဆီ နောက်တစ်ခေါက် ရောက်လာခဲ့ရင်တော့ ဗေဒင်လာမေးတဲ့သူကို ဗေဒင်ဆရာက ခင်ဗျား ဘာဖြစ်နေတယ်၊ ဘာဖြစ်လိမ့်မယ်၊ ဘာနေ့သားသမီးဆိုပြီး ဒက်ခနဲ ကွက်တိမှန်အောင် ဟောတဲ့နည်း သင်ပေးရမယ်လို့ ကျုပ်ပြောခဲ့တယ်လေ။ ကဲ..မှတ်မိပြီလား'

'မှတ်မိပါတယ် ဒေါ်ထားထားရယ်။ ကဲ..ခင်ဗျား မှတ်စုစာအုပ်ကြီး ထုတ်ဗျာ'

ကျွန်တော်သည် ဒေါ်ထားထား သိလိုသည့် နိမိတ်အဟော (သို့မဟုတ်) ကရိဏ်းအဟောများကို သေချာကျနစွာ ရှင်းလင်းပြောဆို သင်ကြားပေးခဲ့သည်။

ဂမ္ဘီရမဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးအနေဖြင့်လည်း ဗေဒင်ပညာရပ်၏ နက်နဲကျယ်ပြန့် ခက်ခဲပုံနှင့် ဗဟုသုတအလို့ငှာ တစ်စုံတစ်ရာ အကျိုးရရှိပေလိမ့်မည်ဟု ယူဆမိပေသည်။

**မှတ်ချက်**-ယခုဖော်ပြမည့် နိမိတ်အဟောများသည် ဗေဒင်ဆရာဆီ ဗေဒင်လာမေးကြသူများ၏ လျှပ်တစ်ပြက်လှုပ်ရှားသည့် ကိုယ်,လက်,အမူအရာများကို ကြည့်၍ ဟောပြောနည်း ဖြစ်ပါသည်။ တမင်တကာလုပ်သော အမူအရာများကို ဟောပြောခြင်း မဟုတ်ပါကြောင်း၊ အကယ်၍ တမင်တကာ ဟန်ပန်အမူအရာများကို ဟောပြောမိပါကလည်း ဟောပြောပါကလည်း လုံးဝမှန်ကန်မှု မရှိနိုင်ပါကြောင်း သိစေအပ်ပါသည်။

(၁) ကျုံ့ကျုံ့ထိုင်ပြီး ခြေထောက်ကိုင်ပြီး မေးလာပါက ခရီးသွားလာရာကနေ ပြန်လာသူဟု ဟောပါ။

(၂) ကွမ်းကို လက်ဆောင်ပေးပြီး မေးလာပါက သိပ်မကြာခင် ခြေလေးချောင်းသတ္တဝါ ဝင်တော့မယ်ဟု ဟောပါ။

(၃) ဦးခေါင်းဆောင်းပြီး လက်ထောက် မေးလာပါက လက်ရှိရာထူးကနေ တစ်ဆင့်နိမ့်ကျတော့မယ် ဟောပါ။

(၄) ငှက်ပျောသီး လက်ဆောင်ပေးပြီး မေးလာပါက ပစ္စည်းပျောက်မယ်။ ကြာသပတေးသား သိမ်းထားတာပါ။ (၃)ရက်ကြာရင် ပြန်ရမယ်။ အခုလာမေးသူဟာ ဗုဒ္ဓဟူးသားသမီးဟု ဟောလိုက်ပါ။

(၅) ဆံမြိတ်ထုံးပြီး လှပစွာ ဝတ်ဆင်လာကာ မေးလာခဲ့ပါက အိမ်ထောင်ဆက် များတယ်ဟု ဟောပါ။

(၆) ဆံပင်ကိုခွဲပြီး လာမေးပါက လူကြီးနှိပ်စက်ခြင်းခံရမယ်။ အမူအခင်းလည်း ကြုံရတတ်တယ်။ သတိ

www.burmeseclassic.com

ထားပါဟု ဟောပါ။

(၇) ဆံထုံးမှာ ပန်းပန်ပြီး လာမေးပါက ခင်ပွန်းကြောင့် စိတ်ညစ်ရမယ်၊ (သို့မဟုတ်) တစ်ခုလပ်ဖြစ်တယ်ဟု ဟောပါ။

(၈) ဆံပင်ကို ဖားလျားချပြီး လာမေးပါက ဟိုဟိုဒီဒီ သွားလာချင်စိတ်ပေါက်နေမယ်။ စိတ်လောကြီးနေတယ်။ ရန်သူများနေမယ်။ အကြွေးအစည် ပျက်နေတယ်ဟု ဟောပါ။

(၉) ဆံထုံးမှာ ဘီးစိုက်ပြီး လာမေးပါက လင်သားကြောင့် စိတ်ညစ်နေမယ်၊ (သို့မဟုတ်) တစ်ခုလပ်ဖြစ်တယ်ဟု ဟောပါ။

(၁၀) ဆောင့်ကြောင့်ထိုင်ပြီး လာမေးပါက ကြာသပတေးသားသမီးဟု ဟောပါ။ အမျိုးသမီးဖြစ်ခဲ့ရင် သူများယောကျ်ားနှင့် ပွေရှုပ်မယ်။ ဗုဒ္ဓဟူးသားကို ရှောင်ကြဉ်ပါ။ မရှောင်ကြဉ်ပါက အဆိပ်ရှိသတ္တဝါကိုက်တာ ခံရလိမ့်မယ်ဟု ဟောပါ။

(၁၁) ဆံပင်ကိုဖြန့်ပြီး လာမေးပါက အမှုအခင်းကြုံမယ်။ သတိထားဟု ဟောပါ။

(၁၂) ဆောင့်ကြောင့်ထိုင်ပြီး ပါးပြင်ကိုင်၍ လာမေးပါက ခရီးသွားရလိမ့်မယ်ဟု ဟောပါ။

(၁၃) ဆေးလိပ်သောက်ပြီး လာမေးပါက သောကြာသားသမီးတစ်ယောက် ခရီးဝေးက လာတော့မယ်။ အခုလာမေးတာ စနေသားဟု ဟောပါ။

(၁၄) မျက်စိကိုပွတ်၊ နှပ်ညှစ်ပြီး လာမေးပါက (၁၀) ရက်အတွင်း အိမ်က လူတစ်ယောက် စိတ်ဆိုးကာ အိမ်ပေါ်ကနေ ဆင်းသွားလိမ့်မည်ဟု ဟောပါ။

(၁၅) နားရွက်ကိုကိုင်ပြီး လာမေးပါက စနေနံနဲ့ပတ်သက်၍ အနှောင့်အယှက်တွေ့မယ်။ အစွပ်စွဲခံရလိမ့်မယ်ဟု ဟောပါ။

(၁၆) နဖူးကိုစမ်းပြီး ပွတ်သပ်ပြီး မေးလာပါက ရိုးရာယုံကြည်မှုကို ပြန်လည်ဆန်းစစ်ပါ။ အစွဲရှိနေတယ်ဟု ဟောပါ။

(၁၇) နှာခေါင်းကိုကိုင်ကာ ပွတ်သပ်ပြီး လာမေးပါက ခရီးသွားနေသူတစ်ဦး၏ အကြောင်းကို သိချင်၍ လာမေးတာပါ။

(၁၈) နှာခေါင်းကိုပိတ်ပြီး လာမေးပါက အိမ်မှာ လူမမာတစ်ယောက် ရှိနေတယ်ဟု ဟောပါ။

(၁၉) နှုတ်ခမ်းကို လက်ဖြင့် ပိတ်ပြီး၊ ကာပြီး လာမေးပါက သူများနဲ့ စိတ်ဆိုးနေမယ်၊ ငွေကုန်ကြေးကျများလိမ့်မည်ဟု ဟောပါ။

(၂၀) ချက်နေရာကိုစမ်းပြီး မေးလာပါက သူများအငယ်အနှောင်း ဖြစ်မယ်။ အိမ်နီးချင်းနဲ့ ပွေရှုပ်မယ်။ အရှက်ကွဲလိမ့်မည်ဟု ဟောပါ။

(၂၁) ပန်းပန်ပြီး လာမေးပါက ရည်းစားနဲ့ ကွဲနေလိမ့်မယ်။ မိဘသဘောမတူလို့ပါ။ ရည်းစားက စနေသားပါဟု ဟောပါ။

(၂၂) ပန်းပွင့်ကိုနမ်းပြီး လာမေးပါက စနေသားသမီးကို ချစ်နေသူပါ။ ဒါပေမဲ့ သူနဲ့ ကွဲမှာပါဟု ဟောပါ။

(၂၃) ထန်းလျက် လက်ဆောင်ပေးပြီး လာမေးပါက အဲဒီသူဟာ စနေသားသမီးဖြစ်မယ်။ အိမ်မှာ ပျားစွဲလိမ့်မယ်။ စွဲခဲ့ရင် တခြားအိမ်ကို (၃)ရက်လောက် ပြောင်းနေပေးပါ။

(၂၄) ရယ်မောပြီး မေးလာပါက ခရီးသွားရမယ်။ ရေကြောင်းခရီး မသွားသင့်ပါ။ အဆိပ်ရှိသတ္တဝါကိုက်လိမ့်မယ်ဟု ဟောပါ။

(၂၅) ဒူးပေါ် လက်တင်ပြီး လာမေးပါက စနေသားသမီးနဲ့ စကားများရလိမ့်မယ်။ တနင်္လာသားသမီးနဲ့ စနေသမီးကြောင့် အရှက်ကွဲရတော့မယ်ဟု ဟောပါ။

(၂၆) ညာဘက်ဒူး ထောင်ပြီး ဘယ်ဘက်ဒူးကို အောက်ချကာ ဒူးပေါ် လက်တင်ပြီး လာမေးပါက ကံကောင်းလာပြီ။ ဘာမှမပူပါနဲ့တော့ဟု ဟောပါ။

(၂၇) မေးထောက်ပြီး လာမေးပါက ကိုယ့်အိမ်မှာ ခရီးသွားနေတဲ့သူ ရှိမယ်။ အဲဒီသူ ခရီးသွားရင်း အမြင့်က ပြုတ်ကျလိမ့်မယ်ဟု ဟောပါ။

(၂၈) ပါးစပ်ကို တစ်ခုခုနဲ့သုတ်ပြီး လာမေးပါက တစ်ယောက်ယောက်နဲ့ အမှုအခင်းဖြစ်မယ်။ စကားများရလိမ့်မည်ဟု ဟောပါ။

(၂၉) သွားကြားထိုးပြီး လာမေးပါက အငယ်အနှောင်းရှိမယ်။ လမ်းမှာ ချိန်ထားခဲ့တယ်။ ယူထားတဲ့ပစ္စည်းက အစစ်မဟုတ်ဘူး။ ရောင်းမှား ဝယ်မှား ဖြစ်လိမ့်မယ်ဟု ဟောပါ။

(၃၀) လှလှပပဆံမြိတ်တွဲနဲ့ လာမေးပါက ယောကျ်ားနဲ့



www.burmeseclassic.com

www.burmeseclassic.com

ကွဲ၊ မိခင်နဲ့လည်း ကွဲပြီးနေရမယ်ဟု ဟောပါ။

(၃၁) အိပ်ရာထဲကနေ လဲလျောင်းရင်းကနေ မေးလာပါက စနေ၊ တနင်္ဂနွေ သားသမီးဖြစ်မယ်။ အိမ်ထောင်ပြု ရတော့မယ်။ ကံကောင်းစပြုလာပြီ။ ကြိုးစားပါ။ ခရီးသွားချင်နေမယ်။ သွားပါဟု ဟောပါ။

(၃၂) လက်ဝါး (သို့မဟုတ်) မျက်နှာကို လက်ကိုင်ပဝါ (သို့မဟုတ်) အဝတ်နဲ့သုတ်ပြီး လာမေးပါက မင်္ဂလာကိစ္စတစ်ခု လုပ်ရမယ်။ ခြေနှစ်ချောင်း ဝင်တော့ မယ်ဟု ဟောပါ။

(၃၃) လည်ပင်းကို လက်ဖြင့်စမ်းပြီး လာမေးပါက ရည်းစားများမယ်။ အိမ်ထောင်ပျက်လိမ့်မယ်။ ခရီးသွား တဲ့သူ အိမ်မှာရှိနေတယ်ဟု ဟောပါ။

(၃၄) လက်ကိုဆွဲပြီး မေးလာပါက သူများစွပ်စွဲတာ ခံရ မယ်ဟု ဟောပါ။

(၃၅) လက်နှစ်ဖက်ယှက်ပြီး လာမေးပါက ကိုယ့်ကြောင့် ဖြစ်စေ၊ သားသမီးကြောင့်ဖြစ်စေ အရှက်ကွဲလိမ့် မယ်ဟု ဟောပါ။

(၃၆) လက်ထိပ်ကို ဆိတ်ပြီး မေးလာပါက အဆိပ်ရှိ သတ္တဝါ အကိုက်ခံရမယ်ဟု ဟောပါ။

(၃၇) လက်ကိုဖြန့်ပြီး လာမေးပါက အမှုအခင်းကြုံမယ်။ သတိထားဟု ဟောပါ။

(၃၈) လက်မကို လက်ညှိုးဆုပ်ပြီး လာမေးပါက အိမ်မှာ ကလေးငယ်ရှိရင် အဲဒီကလေး သူငယ်နာပါနေ တယ်။ ဂရုစိုက်ဟု ဟောပါ။

(၃၉) လက်နောက်ပစ်ပြီးဖြစ်စေ၊ နောက်ကိုလှည့်ပြီးဖြစ် စေ မေးလာပါက ကောင်းစားနေရာကနေ တဖြည်း ဖြည်း ကျဆင်းလာတယ်ဟု ဟောပါ။

(၄၀) လက်နှစ်ဖက်ကိုထပ်ပြီး မေးလာပါက မင်္ဂလာ ဆောင်ရတော့မယ်ဟု ဟောပါ။

(၄၁) လက်မကို ဆွဲပြီး၊ ကိုင်ပြီး မေးလာပါက အမှုအခင်း ကြုံနိုင်တယ်။ မုဆိုးမနဲ့ စကားပြောရမယ်ဟု ဟော ပါ။ သားအတွက် ဟောပါ။

(၄၂) လက်ညှိုးကိုဆွဲပြီး မေးလာပါက ပြဿနာတက် တော့မယ်ဟု ဟောပါ။

(၄၃) လက်ခလယ်ကိုဆွဲပြီး မေးလာပါက အကြံအစည် အားလုံး ပျက်စီးလိမ့်မယ်။ ဒါပေမဲ့ ပြန်ကောင်းလာ လိမ့်မယ် ဟုဟောပါ။

(၄၄) လက်သူကြွယ်ကိုဆွဲပြီး မေးလာပါက ခြေနှစ်ချောင်း ဝင်လိမ့်မယ်။ ငွေဝင်မယ်။ လူပျို၊ အပျိုဖြစ်ရင် အိမ်ထောင်ကျတော့မယ်ဟု ဟောပါ။

(၄၅) လက်သန်းကိုဆွဲပြီး မေးလာပါက ကိုယ့်ထက်ငယ် ရွယ်သူနဲ့ စကားများရတော့မယ်ဟု ဟောပါ။

(၄၆) လက်ပိုက်ပြီး မေးလာပါက အရေးကြီးတဲ့ ပုဂ္ဂိုလ် တစ်ယောက် ရောက်လာလိမ့်မယ်ဟု ဟောပါ။

(၄၇) ရင်ဘတ်ကိုစမ်းပြီး မေးလာပါက အုပ်ထိန်းသူတွေ ထားတဲ့ကြားကနေ အိမ်ထောင်ရေး သစ္စာမဲ့မယ်။ အမှုဖြစ်မယ်။ ကိုယ့်ထက် ကြီးတဲ့သူနဲ့ လွန်ကျူး လိမ့်မည်ဟု ဟောပါ။

(၄၈) တင်ပျဉ်ခွေပြီး မေးလာပါက ခရီးသွား၍ မရသေး ပါ။ မလုပ်ဖြစ်သေးပါဟု ဟောပါ။

(၄၉) တံတောင်ဆစ်ကိုကိုင်ပြီး မေးလာပါက ရန်ဖြစ်မှုနဲ့ အမှုအခင်းကြုံလိမ့်မည်ဟု ဟောပါ။

(၅၀) ထိုင်ရာကနေ နောက်ဆုတ်ပြီး ပြင်ထိုင်၍ မေးလာ ပါက လူကြီးသူမအတွက် စိတ်ဆင်းရဲနေတယ်ဟု ဟောပါ။ အိမ်က နှင်ချလိမ့်မယ်ဟု ဟောပါ။

(၅၁) တုတ်၊ ဓား လက်နက်တစ်ခုခုကိုကိုင်ပြီး မေးလာပါ က အိမ်မှာ လူမမာရှိနေတယ်။ အိမ်ခဏပြောင်းရ မယ်။ အိမ်အောက်မှာ ခြတောင်ပို့ရှိတယ်။ ဒါမှ မဟုတ် ကြေးအိုးကွဲ၊ ဖလားကွဲ တစ်ခုခုရှိရမယ်။ ဥရုတိုင်မှာ အခက်ရှိနေတယ်။ ကောင်းကင်နတ်ကို ပူဇော်ပါ။ အားလုံးကောင်းသွားပါလိမ့်မယ်ဟု ဟော ပါ။

(၅၂) ဖဝင်မေးနေရင်းက ဟိုရွှေ့ဒီရွှေ့ လုပ်နေပါက စိတ် ပြောင်းချင်နေတယ်။ ဒီအိမ်မှာ မပျော်ပါဟု ဟော ပါ။

(၅၃) ညာဘက် တင်ပါးကို စမ်းပြီး မေးလာပါက ယောကျ်ားဖြစ်လျှင် ပစ္စည်းပျောက်လိမ့်မယ်။ အမျိုး သမီးဖြစ်လျှင် အိမ်ထောင်ကျတော့မယ်ဟု ဟောပါ။

(၅၄) ဘယ်ဘက်တင်ပါးကို စမ်းပြီးမေးလာပါက ယခု စန်းအလွန်ပွင့်နေတယ်။ အိမ်ထောင်ကျတော့မယ်ဟု ဟောပါ။

(၅၅) ညာဘက်ပေါင်ကို စမ်းပြီးမေးရင် အိမ်မှာသူစိမ်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ရောက်လာလိမ့်မယ်ဟု ဟောပါ။

(၅၆) ဘယ်ဘက်ပေါင်ကို စမ်းပြီးမေးရင် သူစိမ်းအမျိုးသမီးတစ်ယောက် ရောက်လာလိမ့်မယ်ဟု ဟောပါ။ ထို့ပြင် ပေါင်ကို လှုပ်ပြီး မေးလာပါက ညီမအငယ်နဲ့ ပတ်သက်ပြီး ဟောပါ။

(၅၇) ရှိခိုးပြီး မေးလာပါက အိမ်မှာ သားချင်း(၁၀) ယောက် ကျော်တယ်ဟု ဟောပါ။ အိမ်ရှေ့မှာ သစ်ပင် (သို့မဟုတ်) ဘုရား၊ စေတီ၊ ပုထိုး ရှိနေတယ်ဟု ဟောပါ။ ကျန်းမာရေးအကြောင်း မေးလာပါက အရမ်းညှံ့နေတယ်ဟု ဟောပါ။ ကိုယ့်ကို သူများက မကောင်းပြောလိမ့်မယ်ဟု ဟောပါ။

(၅၈) ခါးကို နှိုက်ပြီး မေးလာပါက ရှိသမျှ ပစ္စည်းတွေ ကုန်တော့မယ်ဟု ဟောပါ။

(၅၉) ချိုင်းကို မ,ပြီး မေးလာပါက အန္တရာယ်ကြုံလာတော့မည်ဟု ဟောပါ။

(၆၀) ဝမ်းလျားမှောက်ပြီး မေးလာပါက လုပ်သမျှ အကြံအစည်တွေ ပျက်ရမယ်။ ဆုံးရှုံးမှုတွေ များနေလိမ့်မယ်ဟု ဟောပါ။

(၆၁) ခြေထောက်ဆင်းပြီး မေးလာပါက အရောင်းအဝယ်မှာ ဆုံးရှုံးခဲ့တယ်။ အသက်ဘေးဥပဒ် ရှိနေတယ်ဟု ဟောပါ။

(၆၂) ခြေထောက်လိမ်ပြီး မေးလာပါက အချုပ်အနှောင် ခံရတော့မယ်ဟု ဟောပါ။

(၆၃) တံုးပေါ်ထိုင်ပြီး (သို့မဟုတ်) တိုင်ကိုမှီပြီး မေးလာပါက ကိုယ့်ထက်ကြီးတဲ့ စနေသမီးကို အားကိုးနေရလိမ့်မယ်ဟု ဟောပါ။

(၆၄) ကြိုးတွေကိုင်ပြီး မေးလာပါက အချုပ်အနှောင်ခံရတော့မယ်။ အမှုအခင်းကြုံလိမ့်မယ်ဟု ဟောပါ။

(၆၅) အထုပ်တစ်ခုခုကိုကိုင်ပြီး မေးလာပါက ကလေးတွေ ကျန်းမာရေးချို့တဲ့မယ်ဟု ဟောပါ။

(၆၆) စကားတစ်ခွန်းကို ထပ်ခါတလဲလဲ မေးလာပါက အင်္ဂါသားသမီးဖြစ်တယ်ဟု ဟောပါ။

(၆၇) ပဝါခြုံပြီး လာမေးပါက ဒီလထဲ အကြွေးဟောင်းတွေ ပြန်ရတော့မယ် တနင်္လာသားဟု ဟောပါ။

(၆၈) ဆံပင်ဖားလျားချပြီး ခင်ပွန်းအကြောင်း လာမေးပါက သောကြာသားဖြစ်တယ်ဟု ဟောပါ။ အကြံအစည်တွေ အောင်မြင်မယ်။ ယောကျ်ားက အတည်တကျ အလုပ်မလုပ်ဘူးဟု ဟောပါ။

(၆၉) ဆံပင်မှာ အပ်စိုက်ပြီးလာမေးပါက စနေ၊ တနင်္ဂနွေ သမီး ဖြစ်မယ်။ သူချစ်သူကို မယုံရ။ သူချစ်သူဟာ ခရီးသွားနေရင်းက အမှုအခင်းကြုံလိမ့်မည်ဟု ဟောပါ။

(၇၀) အပ်ချုပ်ရင်း မေးလာပါက ကိုယ့်ချစ်သူက တနင်္ဂနွေ (သို့မဟုတ်) တနင်္လာသား ဖြစ်မယ်။ သူ အမှုအခင်း ကြုံလိမ့်မယ်ဟု ဟောပါ။

(၇၁) ပစ္စည်းတစ်ခုကို ထမ်းပြီးမေးလာပါက အရင်တုန်းက သူများရဲ့ အခိုင်းအစေ လုပ်ခဲ့ရတယ်ဟု ဟောပါ။

(၇၂) ဗေဒင်မေးနေတုန်း ကျီးသာတဲ့အသံကြားရင် ငွေဝင်မယ်။ လူကြီးတွေရဲ့ စောင့်ရှောက်မှုခံရမယ်ဟု ဟောပါ။

(၇၃) ဗေဒင်မေးနေတုန်း အိမ်မြှောင်စုတ်ထိုးသံကြားရင် ခရီးသွားတဲ့သူ ပြန်လာတော့မယ်။ မလာသေးရင် သတင်းကြားရလိမ့်မည်ဟု ဟောပါ။

(၇၄) ခေါင်းမြီးခြုံပြီး လာမေးပါက သူများ အငယ်အနှောင်းဖြစ်မယ်။ သူများယောကျ်ားနဲ့ မှားယွင်းလိမ့်မယ်။ ကြီးတဲ့သူကြောင့် စိတ်ဒုက္ခရောက်ပြီး မျက်ရည်ကျရလိမ့်မယ်ဟု ဟောပါ။

(၇၅) တစ်ယောက်ယောက်ကို ဖိပြီးမေးလာပါက အဖိခံရတဲ့သူရဲ့ ဇနီးမယားနဲ့ တခြားသူနဲ့ ရှုပ်နေတယ်ဟု ဟောပါ။

'ကဲ..ဒေါ်ထားထားရေ၊ ခင်ဗျား အရမ်းသင်ချင်၊ တတ်ချင်လှချည်ရဲ့ဆိုတဲ့ ဒက်ခနဲကွက်တိမှန်အောင် ဗေဒင်ဟောနည်းကတော့ ဒီနေရာမှာ တစ်ခန်းရပ်ကြဦးစို့။ နောက်အခေါက်တွေ ရောက်လာတော့မှပဲ ရှေ့ဆက် သင်ကြသေးတာပေါ့ဗျာ။ (၂)ကြိမ်လောက်တော့ ထပ်သင်ရဦးမယ်'

'ဟုတ်ကဲ့ပါ တို့ဆရာရေ'

ဗေဒ္ဒ ဟာဆေ ရက္ခတိ ဓမ္မစာရီ

သာထက်ဇော်(မကွေး)



www.burmeseclassic.com

www.burmeseclassic.com



# မျက်နှာမူပါ လာဘ်ရှိရာ

မင်းနေထွန်း(ကန့်ဘလူ)

ကျွန်တော် ပညာရေးဝန်ထမ်းဘဝကာလတုန်းက တွေ့ကြုံခဲ့ရတာလေးနဲ့ အစပျိုးချင်ပါတယ်။ မူလတန်းဆင့်မှာ ပြဋ္ဌာန်းထားတဲ့ သင်ရိုးကဗျာရွေးတစ်ပုဒ်ပါ။

အဲဒီကဗျာလေးကတော့-

*မျက်နှာမူပါ နေထွက်ရာ*
*လက်နှစ်ဖက်ကို ဆန့်တန်းပါ။*
*အရှေ့နေတောက် ကျောအနောက်*
*ဝမ်းမြောက်ဝမ်းသာ မှတ်ကြပါ။*
*ဟောဒါလက်ယာ တောင်ဘက်ပါ*
*ဟောဒါလက်ဝဲ မြောက်ဘက်ပဲ*..လို့ ဖြစ်ပါတယ်။

တစ်ရက်မှာ ဒီကဗျာလေးကို ကျွန်တော်က ကျောင်းသားကျောင်းသူလေးတွေကို အားပါးတရ ရွတ်ဆိုသင်ကြားပေးခဲ့ပါတယ်။ သင်ကြားပေးလို့မှ သိပ်မကြာခင်မှာပါပဲ ကျောင်းသားဟောင်းဖြစ်တဲ့ မောင်သံဒိုင်ဆိုတဲ့ ကလေးက 'ဆရာကြီး..ကျွန်တော့်ကို ဝင်ခွင့်ပြုပါခင်ဗျ' ဆိုပြီး ကျွန်တော့်စာသင်ခန်းထဲကို ဝင်လာပါတယ်။

မောင်သံဒိုင်ဆိုတာ ကျွန်တော့်ကျောင်းက ထွက်သွားတဲ့ ကျောင်းသားဟောင်း တစ်ယောက်ပါ။ မိဘတွေက ဆင်းရဲကြတဲ့အထဲ သားသမီးတွေကများတော့ သူ့ခမျာ ကျောင်းထွက်သွားရရှာပြီး သူ တစ်ပါးရဲ့ ကျွဲ၊ နွားတွေကို အစားထိန်းကျောင်း ဝင်ငွေရှာနေရရှာသူလေးပါ။ အသက် (၁၂၊ ၁၃)နှစ်လောက်ပဲ ရှိဦးမှာပါ။

'သား..ဘာပြောချင်လို့လဲ။ ဆရာကြီး ဘာကူညီရမလဲ'

လို့ ကျွန်တော်ကမေးတော့ သွားလေးဖြဲပြီးပြုံးတယ်။ ပြီးတော့မှ-

'ကျွန်တော့်စိတ်ထဲမှာ မရှင်းတာလေးရှိလို့ ဆရာကြီးကို မေးချင်လို့ပါ' တဲ့။

ကျွန်တော်ကလည်း မေးပါပေါ့။ ဆရာကြီးသိတဲ့ကိစ္စအကြောင်းအရာဆို ရှင်းပြပေးမယ်ပေါ့။ ဒီတော့မှ-

'ဒီလိုပါ ဆရာကြီး..လူတစ်ယောက် အိမ်ထဲကို ဝင်လာရင် ဝင်လာတယ်လို့ ပြောကြတယ်။ အဲဒီလူ အိမ်ထဲက ပြန်ထွက်သွားရင် ထွက်သွားတယ်လို့ ပြောကြတယ်။ အခု နေကြီးက ကျွန်တော်တို့ ကမ္ဘာထဲကို ဝင်လာတာမဟုတ်ဘူးလား ဆရာကြီး။ ညနေကျတော့ အဲဒီနေမင်းကြီးက ကျွန်တော်တို့ ကမ္ဘာကြီးက ပြန်ထွက်သွားတာ မဟုတ်ဘူးလား ဆရာကြီး။ မျက်နှာမူပါ နေထွက်ရာဆိုတော့ နေထွက်သွားတဲ့ဘက်ကို မျက်နှာမူရင်ရော မှားမလား' တဲ့ မေးပါလေရော။

သူတွေးမိသလို သူမြင်သလို ပြောတာမို့ သူ့ကို အပြုံးနဲ့ ကျွန်တော်ကြည့်နေမိပေမယ့် သူနားလည်သဘောပေါက်အောင် ဘယ်လိုရှင်းပြရမှန်း ရုတ်တရက်မသိသလို ဖြစ်သွားခဲ့ဖူးပါတယ်။ အမြင်၊ အယူအဆ၊ အတွေးအခေါ် မတူကြလေတော့ ဆန့်ကျင်ဘက်အမြင်၊ ဆန့်ကျင်ဘက်အယူအဆ၊ ဆန့်ကျင်ဘက်အတွေးအခေါ်ဆိုတာ ရှိတယ်လို့ တင်ပြချင်တာပါ။

ခုလည်း ကျွန်တော်က မျက်နှာမူပါ လာဘ်ရှိရာဆိုပြီး သူ့နေ့နဲ့ သူ့နံ၊ သူ့အရပ်နဲ့ သူ့ထောင့် လာဘ်ရှိရာတွေကို ဖော်ပြပေးမှာ ဖြစ်ပါတယ်။ ကျွန်တော့်တင်ပြချက်နဲ့ မတူတဲ့ အမြင်၊ မတူတဲ့ အယူအဆ၊ မတူတဲ့ အတွေးအခေါ်တွေ ရှိကောင်းရှိနိုင်ပါတယ်။ ရှိခဲ့ရင်လည်း အများပြည်သူပဲရိသဘ်အတွက် ဖော်ထုတ်တင်ပြပေးကြပါလို့ ကြိုတင်မေတ္တာရပ်ခံထားလိုပါတယ်။

ဘာကြောင့် လာဘ်ရှိရာအရပ် လာဘ်ရှိရာထောင့်ကို ဖော်ပြရသလဲဆိုရင် လူအတော်များများက မေးတတ်ကြတဲ့ မေးခွန်းရှိနေလို့ပါပဲ။ အဲဒီမေးခွန်းကတော့ ကျွန်တော်၊ ကျွန်မတို့လည်း ဒီဂါထာ ရွတ်ဖတ်သရဇ္ဈာယ်တာပါဗျ။ သူတို့ကျ အကျိုးပေးပြီး ကျွန်တော်,ကျွန်မတို့ကျ ဘာလို့အကျိုးမပေးတာလဲဆိုတဲ့ အမိပ္ပာယ်ရတဲ့ မေးခွန်းမျိုးတွေပါ။

ဂါထာ၊ မန္တန် ရွတ်ဖတ်သရဇ္ဈာယ်တာ တူပါလျက်နဲ့

www.burmeseclassic.com

အကျိုးပေးမတူတဲ့ အကြောင်းအချက်များစွာတွေအနက်မှာ ဒီလာဘ်နေအရပ် လာဘ်နေထောင့် မှန်ကန်မှု ရှိခြင်း၊ မရှိခြင်း ဆိုတာလည်း တစ်ခုအပါအဝင် ဖြစ်နေလို့ပါပဲ။ ဒီလာဘ်နေအရပ်၊ လာဘ်နေထောင့် မှန်မှန်ကန်ကန် ရွေးချယ်အသုံးချတတ်မှုဟာ လောကီကိစ္စဝိစ္စ အတော်များများမှာ အရေးကြီးနေလို့ပါပဲ။ ဒါကြောင့် မျက်နှာမူပါ လာဘ်ရှိရာလို့ ညွှန်းဆိုလိုက်ခြင်း ဖြစ်ပါတယ်။

လာဘ်ရှိရာအရပ်ထောင့်ကို ရွေးချယ်ရာမှာ အင်္ဂဝိဇ္ဇာဗေဒင်နည်းပညာကို အသုံးပြုပြီး ရွေးချယ်ပြလိုပါတယ်။ အခြားဗေဒင်နည်းပညာများလည်း ရှိကောင်းရှိနိုင်ပါတယ်။ အင်္ဂဝိဇ္ဇာဗေဒင်နည်းပညာနဲ့ ရွေးမယ်ဆိုရင် ဇေယျ၊ ဝရ၊ လာဘဆိုတဲ့ အခေါ်အဝေါ် သတ်မှတ်ထားတာကို သိရပါမယ်။ ဒါမှလည်း လာဘ လာဘ်ကို ရွေးတတ်မှာပါ။ ဒီတော့ အင်္ဂဝိဇ္ဇာမူလ သူရဿလို့ခေါ်တဲ့ တနင်္ဂနွေ အင်္ဂဝိဇ္ဇာနံတိုင်ကို လေ့လာပါ့မယ်။

သူရဿ တနင်္ဂနွေတိုင်ကို လေ့လာတဲ့အခါမှာ သူရဿ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒြာ၊ သောရီ၊ ဂုရု၊ ဘောမလို့ခေါ်တဲ့ ဂြိုဟ်(၇)လုံး နံ(၇)နံ ပေါ်ထွက်လာပါလိမ့်မယ်။ အဲဒီဂြိုဟ်(၇)လုံးဟာ တနင်္ဂနွေ၊ သောကြာ၊ ဗုဒ္ဓဟူး၊ တနင်္လာ၊ စနေ၊ ကြာသပတေးနဲ့ အင်္ဂါဆိုပြီး ဖြစ်လာပါမယ်။

| | | | |
|---|---|---|---|
| ၅ | ဂုရု | ၅ | (ဇေယျ) |
| ၂ | စန္ဒြာ | ၂ | (ဝရ) |
| ၆ | သောကြ | * ၆ | (လာဘ) |
| ၁ | သူရဿ | ၁ | |
| ၄ | ဗုဒ္ဓ | ၄ | |
| ၀ | သောရီ | ၀ | |
| ၃ | ဘောမ | ၃ | |

အဲဒီသူရဿ တနင်္ဂနွေကို အချိန်(၈)ပိုင်း ပိုင်းတဲ့အခါမှာ ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း အချိန်(၁း၃၀)နာရီ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | |
| ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | |
| ၆ | ၄ | ၂ | ၀ | ၅ | ၃ | *၁ | (လာဘ) |
| ၁ | ၆ | ၄ | ၂ | ၀ | ၅ | *၃ | (အချိန်) |
| ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | |
| ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | |
| ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | |

ဟာ တနင်္ဂနွေနေ့အတွက် တနင်္ဂနွေသားသမီးများအဖို့ လာဘချိန် လာဘ်ချိန်ပါပဲ။

တစ်နည်းအားဖြင့် တနင်္ဂနွေနေ့ အင်္ဂါချိန်ဟာ တနင်္ဂနွေ သားသမီးများအဖို့ တနင်္ဂနွေနေ့အဖို့ လာဘချိန် လာဘ်ချိန် ပါပဲ။ ဒီအချိန်မှာ လာဘ်ရှိရာ အရပ်ကတော့ အရှေ့တောင် ထောင့်အရပ်ပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ အရပ်ထောင့်သတ်မှတ်ပုံ သတ်မှတ်နည်း ကိုလည်း သိဖို့လိုမှာ ဖြစ်ပါတယ်။ အခြေခံအရပ်သတ်မှတ် တဲ့ အဋ္ဌလင်္ခွင်နဲ့ သတ်မှတ်ထားတာမဟုတ်ဘဲ တစ်နည်း တစ်ဖုံ တစ်ကဏ္ဍအဖြစ် သတ်မှတ်ထားပါတယ်။ သတ်မှတ် ပုံက (အ၊ မြတ်၊ ဆုံး၊ ကို၊ တို့၊ ယူ၊ လို့၊ သွား)လို့ ဖြစ်ပါ တယ်။ အဋ္ဌလင်္ခွင် တနင်္ဂနွေအရပ်မှ အစပြုပြီး နာရီ လက်တံသွားသဖွယ် သတ်မှတ်ထားခြင်း ဖြစ်ပါတယ်။

| | | |
|---|---|---|
| * အ | မြတ် | ဆုံး |
| → သွား | | ကို |
| လို့ | ယူ | တို့ |

| | | |
|---|---|---|
| * ၁ | ၅ | ၃ |
| ၆ | | ၂ |
| ၄ | ၈ | ၀ |

ဒီတော့ တနင်္ဂနွေနေ့ တနင်္ဂနွေသားသမီးများအ ညနေ(၃း၀၀)နာရီမှ (၄း၀၀)နာရီအတွင်း လာဘထော အရပ် အရှေ့မြောက်အရပ်ဟာ လာဘ်နေအရပ်ဖြစ်တယ်



www.burmeseclassic.com

www.burmeseclassic.com

သိရမှာ ဖြစ်ပါတယ်။

တနင်္လာသားသမီးများ တနင်္လာနေ့အတွက် ညနေ (၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ဗုဒ္ဓဟူးထောင့်အရပ် တောင်အရပ်ဟာ လာဘ်နေအရပ်ဖြစ်တယ်လို့ သိရမှာ ဖြစ်ပါတယ်။

အင်္ဂါသားသမီးများ အင်္ဂါနေ့အတွက်ကတော့ ညနေ (၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း အရှေ့တောင်ထောင့် အရပ်ဟာ လာဘ်နေအရပ် ဖြစ်ပါတယ်။

ဗုဒ္ဓဟူးသားသမီး ဗုဒ္ဓဟူးနေ့များအတွက်ကတော့ ညနေ (၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း အနောက်မြောက်ထောင့် အရပ်ဟာ လာဘ်နေအရပ် ဖြစ်တယ်လို့ သိရမှာ ဖြစ်ပါတယ်။

ကြာသပတေးသားသမီးများ ကြာသပတေးနေ့အဖို့ ကတော့ ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီ အရှေ့အရပ်ဟာ လာဘ်နေအရပ်ဖြစ်ပြီး-

သောကြာသားသမီး သောကြာနေ့များအဖို့ကတော့ ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း မြောက်အရပ်ဟာ လာဘ်နေအရပ် ဖြစ်ပါတယ်။

စနေသားသမီးများ စနေနေ့အဖို့ကတော့ ညနေ(၃း၀၀) နာရီမှ (၄း၃၀)နာရီအတွင်း အနောက်တောင်အရပ်ဟာ လာဘ်နေအရပ်ဖြစ်ပြီး ဗုဒ္ဓဟူး မွန်းလွဲပိုင်းမွေး ရာဟုသား သမီးများ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်း ညနေ(၃း၀၀)နာရီမှ (၄း၃၀) နာရီအတွင်း အနောက်အရပ်ဟာ လာဘ်နေအရပ်ပဲ ဖြစ်ပါတယ်။

အကျဉ်းမှတ်သားထားဖို့ကတော့ ဘယ်နေ့နံသားသမီး ပဲဖြစ်ဖြစ် ကိုယ့်နေ့နံနေ့ ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီ အတွင်း စောစောက တင်ပြထားခဲ့တဲ့ လာဘ်နေအရပ်ရွေး လက်ာအရ (အ၊ မြတ်၊ ဆုံး၊ ကို၊ တို့၊ ယူ၊ လို့၊ သွား)အတိုင်း ပဲ အရပ်မျက်နှာတွေကို မှတ်သားထားလို့ရပါတယ်။

ဒါက နေ့သား၊ နေ့သမီးတွေအဖို့ ကိုယ့်နေ့နံ လာဘ်နေ အရပ်ကို အလွယ်သိမှတ်စေတဲ့သဘောပါ။ နောက်တစ်ခု သိဖို့လိုတာက ကိုယ့်နေ့ကိုယ့်နံ မဟုတ်တဲ့ နေ့ရက်တွေမှာ အခြားနေ့နံသားတစ်ဦးဦးက လောကီရေးကိစ္စ တစ်စုံတစ်ခု စီရင်လုပ်ဆောင်တဲ့အခါမှာလည်း လာဘ်နေအရပ်ထောင့် မှန်ကန်စွာ ဆောင်ရွက်လို့ရပါတယ်။

ဥပမာအားဖြင့် တနင်္ဂနွေသားသမီး တစ်ယောက် ယောက်က လောကီရေးရာအစီအရင် ကိစ္စတစ်ခု ဆောင်

| | | |
|---|---|---|
| ၁ | ၅ | ၃ |
| ၆ | | ၂ |
| ၄ | ၈ | ၀ |

| | | |
|---|---|---|
| အရှေ့မြောက် | အရှေ့ | အရှေ့တောင် |
| မြောက် | | တောင် |
| အနောက်မြောက် | အနောက် | အနောက်တောင် |

ရွက်စရာရှိလို့ ဗုဒ္ဓဟူးနေ့မှာ စီရင်ဆောင်ရွက်မယ်ဆိုရင် အဲဒီ ဗုဒ္ဓဟူးနေ့ ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း အနောက်မြောက်အရပ်ဘက်ကို မျက်နှာမူပြီး စီရင်ဆောင် ရွက်ရမှာ ဖြစ်ပါတယ်။ စီရင်ဆောင်ရွက်လို့ရပါတယ်။ အဲဒါ ဟာ လာဘ်နေဘက်ကို မျက်နှာမူခြင်းပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ကုသိုလ်ရချင်လို့ ပြုမူဆောင်ရွက်တဲ့ အမှု ကိစ္စအဝဝနဲ့ လောကီအစီအရင်အရ ပြုမူဆောင်ရွက်တဲ့ အမှုကိစ္စအဝဝကို ခွဲခြားမြင်ဖို့ လိုပါတယ်။ ကုသိုလ်ရချင်လို့ ပြုမူဆောင်ရွက်တဲ့ အမှုကိစ္စမှာ နေ့ရက်မလိုပါ။ အချိန်နာရီ၊ အခါ မလိုပါ။ မိမိတို့ အဆင်ပြေလွယ်ကူချောမောတဲ့ နေ့၊ အချိန်မှာ ပြုလုပ်နိုင်ပါတယ်။ လောကီရေးရာကိစ္စ၊ အဓိဋ္ဌာန် ကိစ္စတွေမှာတော့ သူ့နည်းသူ့ဟန်၊ သူ့ဥပဒေသအရ သတ် မှတ်ထားတဲ့အတိုင်းပဲ ဆောင်ရွက်မှသာ အောင်မြင်မှုကို ရမှာဖြစ်ကြောင်း စေတနာမောင်း ဝေဒမောင်းခတ်လိုက်ရပါ တယ်ခင်ဗျား။

ပညာရှင်အပေါင်းကို မသောင်းသောဂါရဝဖြင့်
မင်းနေထွန်း(ကန့်ဘလူ)



www.burmeseclassic.com

www.burmeseclassic.com

## (၁၃၇၈)ခုနှစ်

# ပက္ခအဟောနှင့်ယတြာ


သုခစုစံ(ကျိုက်လတ်)

မဟာဘုတ်ဗေဒင်ပညာတွင် ပက္ခအယူအဆရှိပါသည်။ အထွန်းနှင့် ပုတိ၊ ရာဇနှင့် သိုက်၊ အဓိပတိနှင့် မရဏ၊ ဘင်္ဂနှင့် ဘင်္ဂဟူ၍ ပက္ခအတွဲ(၄)တွဲ ရှိပါသည်။ ထပ်မံ၍ ခွဲခြားသိရန်မှာ ပုတိမှ အထွန်းသို့ တက်သော အတွဲသည် အကောင်းပက္ခဖြစ်ပြီး အထွန်းမှ ပုတိသို့ ဆင်းသော အတွဲသည် အဆိုးပက္ခဖြစ်ပါသည်။ မရဏမှ အဓိပတိသို့တက်သော အတွဲသည် အကောင်းပက္ခဖြစ်ပြီး အဓိပတိမှ မရဏသို့ဆင်းသော အတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။ သိုက်မှ ရာဇသို့သွားသော အတွဲသည် အကောင်းပက္ခဖြစ်ပြီး ရာဇမှ သိုက်သို့သွားသော အတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။ ဘင်္ဂနှင့်ဘင်္ဂအတွဲသည် အဆိုးပက္ခ ဖြစ်ပါသည်။


ထို့ကြောင့် အကောင်းပက္ခ(၃)တွဲနှင့် အဆိုးပက္ခ(၄)တွဲဟူ၍ ပက္ခအတွဲ(၇)တွဲ ဖြစ်သွားပါသည်။




(အကောင်းပက္ခ)





(အဆိုးပက္ခ)




(၆)ကြွင်းမဟာဘုတ်

(၇)ရက်သားသမီး အားလုံးတို့သည် မြန်မာနှစ် တစ်နှစ်တွင် ပက္ခတစ်လုံးလုံးနှင့် မိမိနေတတ်ပါသည်။ အကောင်းပက္ခမိခြင်းနှင့် အဆိုးပက္ခမိခြင်းဟူ၍သာ ကွာခြားကြမည် ဖြစ်ပါသည်။ ယခုလာမည့် (၁၃၇၈)ခုနှစ်သည် (၆)ကြွင်းသော မဟာဘုတ်နှစ် ဖြစ်ပါသည်။




(၆)ကြွင်းမဟာဘုတ်နှစ်တွင် ကြာသပတေးသားသမီးများသည် ပုတိဌာနရှိ စနေဂြိုဟ်နှင့် အဆိုးပက္ခမိနေမည် ဖြစ်ပါသည်။ ထို့ကြောင့် အတိုက်အခံ၊ အနှောင့်အယှက်ရန်ပေါ်ခြင်း၊ အမှုအခင်းဖြစ်ပွားတတ်ခြင်း၊ လူမျိုးကွဲနှင့် ပြဿနာပေါ်ခြင်း၊ သူခိုး၊ အဆိပ်ရှိသတ္တဝါ ရန်ကြုံခြင်း၊ သူတစ်ပါး အကောက်ကြံခံရခြင်း၊ နတ်တိုက်ခံရခြင်း၊ နတ်ဖမ်းစား ခံရတတ်ခြင်း၊ အပူလောင် ဓာတ်လိုက်၊ မီးဘေးကြုံရတတ်ခြင်း၊ လောဘကြီးလျှင် မှားတတ်ခြင်း၊ ကိုယ်ဝန်ထိခိုက်တတ်ခြင်း၊ သူတစ်ပါးအတွက် သက်သေလိုက်ရတတ်ခြင်း၊ တရားအားထုတ်ရာတွင် အနှောင့်အယှက်ပေါ်ခြင်း၊ ထင်ပေါ်အောင်နေလျှင် အန္တရာယ်ရှိတတ်ခြင်း၊ ထိခိုက်ဒဏ်ရာ၊ သွေးထွက်သံယိုဖြစ်ခြင်း အစရှိသော စနေနံ့ပရိယာယ် အဆိုးသည့်များကို




www.burmeseclassic.com

www.burmeseclassic.com


ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

**စနေသားသမီးများသည်** အထွန်းဌာနရှိ ကြာသပတေးဂြိုဟ်နှင့် အကောင်းပက္ခမိပါသည်။ ထို့ကြောင့် စိတ်ဆွေကောင်း ဆရာသမားကောင်းတို့၏ မ,စကူညီခံရတတ်ခြင်း၊ မြေ၊ အမွေကိစ္စများ အကျိုးခံစားရခြင်း၊ သင်တန်းတက်ရခြင်း၊ စာမေးပွဲအောင်ခြင်း၊ ကိုယ်ပိုင်ငွေများ စုမိဆောင်းမိနိုင်ခြင်း၊ ဘာသာရေးလုပ်ငန်းများ လုပ်ကိုင်ရတတ်ခြင်း၊ ဘုန်းကြီး၊ ဘုရားဖူးရသောခရီးများ သွားလာရခြင်း၊ အတွေးအခေါ်ကောင်းများ ပေါ်ခြင်း၊ အစိုးရဌာန လုပ်ငန်းများ အောင်မြင်ခြင်း၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ နေအိမ်သို့ ရောက်လာတတ်ခြင်း၊ မျက်မှန်သမားများ အကြည်မာတတ် ပိုရ၍ ပါဝါလျော့လာတတ်ခြင်း အစရှိသော ကြာသပတေးပရိယာယ် အကောင်းများကို အနှောင့်အယှက်မကင်း အတိုက်အခံမကင်းဘဲ ကြုံတွေ့ကြရမည် ဖြစ်ပါသည်။




**အင်္ဂါသားသမီးများသည်** မရဏဌာနရှိ တနင်္လာဂြိုဟ်နှင့် အဆိုးပက္ခမိပါသည်။ ထို့ကြောင့် ငွေကြေးအခက်အခဲ ပြဿနာ၊ ဆုံးရှုံးမှုများ ကြုံတွေ့ရတတ်ခြင်း၊ အချစ်ရေး လမ်းခွဲရတတ်ခြင်း၊ ကား,ခွေး အန္တရာယ်ရှိခြင်း၊ မိခင်၊ အစ်မတို့ ကျန်းမာရေးညံ့တတ်ခြင်း၊ အလှူကိစ္စ၊ မင်္ဂလာ ကိစ္စတို့ပျက်ခြင်း၊ ခါး၊ ခြေ၊ ကျောက်ကပ်တွင် ဝေဒနာ ပေါ်ခြင်း၊ ခြေနစ်ချောင်းထွက်ခြင်း၊ ရေနစ်တတ်ခြင်း၊ ဝင်ငွေထက် ထွက်ငွေများခြင်း၊ ကြွေးတောင်းရခက်၊ ငွေချေးငှားရ ခက်တတ်ခြင်း၊ ရွှေထည်မှ ကျောက်တို့ ပြုတ်တတ်၊ ထွက်တတ်ခြင်း၊ ရောဂါသည်ခြေနစ်ချောင်း ညအိပ်ညနေ လက်ခံသော် လာဘ်တိတ်တတ်ခြင်း၊ မိခင်,အစ်မတို့နှင့် စကားများ ရန်ပေါ်တတ်ခြင်း အစရှိသော တနင်္လာပရိယာယ် အဆိုးအညံ့များကို ကြုံတွေ့ရမည် ဖြစ်ပါသည်။

**တနင်္လာသားသမီးများသည်** အမိပတိဌာနရှိ အင်္ဂါဂြိုဟ်နှင့် အကောင်းပက္ခမိပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်နှင့် အဆင်ပြေခြင်း၊ ချီးကျူးခံရခြင်း၊ အောက်လက်ငယ်သားအကျိုးပေးခြင်း၊ ညီငယ်,ညီမငယ်တို့ အဆင်ပြေခြင်း၊ ခင်ပွန်းသည်အောင်မြင်ခြင်း၊ စက်မှုလုပ်ငန်းများ အကျိုးပေးခြင်း၊ ဆန်၊ ဆီ၊ စက်၊ စိန်၊ ဆေးတို့ဝင်ခြင်း၊ အကျိုးပေးခြင်း၊ မုဆိုးဖို၊ မုဆိုးမတို့၏ စောင့်ရှောက်ကူညီခံရခြင်း၊ စစ်ဖက်နှင့်အကျိုးပေးခြင်း၊ စာကောင်းပေကောင်းမှ စိတ်ကူးကောင်းများရရှိခြင်း၊ အနာနှင့်ဆေး တွေ့လွယ်ခြင်း၊ စာကြည့်ချိန်များရ၍ ပညာထူးချွန်တတ်ခြင်း အစရှိသော အင်္ဂါပရိယာယ်အကောင်းများကို အနှောင့်အယှက်မကင်း၊ အတိုက်အခံမကင်းဘဲ ကြုံတွေ့ကြရမည် ဖြစ်ပါသည်။




**ဗုဒ္ဓဟူးသားသမီးများသည်** သိုက်ဌာနရှိ တနင်္ဂနွေဂြိုဟ်နှင့် အဆိုးပက္ခမိပါသည်။ ထို့ကြောင့် အလုပ်ပျက် အကိုင်ပျက် အလုပ်မှ ရပ်နားရတတ်ခြင်း၊ အလုပ်ပြုတ်ခြင်း၊ အိုးအိမ်ကိစ္စ စိတ်ဆင်းရဲရခြင်း၊ အိမ်ထောင်ရေး အညံ့ကြုံခြင်း၊ ဦးခေါင်းပိုင်းဆိုင်ရာဝေဒနာ၊ အူရောင်၊ အရိုးတွင် ထိခိုက်ဒဏ်ရာရတတ်ခြင်း၊ အင်း၊ အဆောင် ဝင်လာလျှင် ခိုက်တတ်ခြင်း၊ ဖခင်,ကြီးကဲသူတို့နှင့် အဆင်မပြေဖြစ်ခြင်း၊ ၄င်းတို့ ကျန်းမာရေးညံ့တတ်ခြင်း၊ အိမ်ထောင်ဦးစီးအတွက် သောကရောက်ခြင်း၊ ကြီးကဲသူ၊ အထက်အရာရှိတို့၏ အထင်လွဲ၊ ပြစ်တင်ခံရခြင်း၊ အိမ်မကပ်ရတတ်ခြင်း၊ မျက်နှာကောင်းမရ အရှိန်အဝါ မှေးမှိန်ခြင်း၊ အိမ်ထောင်စိတ် ကုန်ခန်းခြင်း၊ အကြီးအကဲများနှင့် ပူးတွဲတာဝန်ထမ်းဆောင်ရပါက အန္တရာယ်ရှိခြင်း အစရှိသော တနင်္ဂနွေပရိယာယ် အဆိုးအညံ့များကို ကြုံတွေ့ကြရမည် ဖြစ်ပါသည်။


**တနင်္ဂနွေသားသမီးများသည်** ရာဇဌာနရှိ ဗုဒ္ဓဟူးဂြိုဟ်နှင့် အကောင်းပက္ခမိပါသည်။ ထို့ကြောင့် ရွှေဝင်ခြင်း၊ ရဟန်းဝတ်ရတတ်ခြင်း၊ အလှူဒါနပြုရတတ်ခြင်း၊ တောင်အရပ်မှ လာဘ်ဝင်ခြင်း၊ ကရင်၊ ရှမ်း၊ တရုတ်လူမျိုးတို့၏ အကျိုးပြုကူညီခံရတတ်ခြင်း၊ ဘုရား၊ ရှင်သီဝလိ၊ ဓာတ်တော်တို့ကြွလာတတ်ခြင်း၊ သတင်းကောင်းကြားရခြင်း၊ ညီအစ်ကိုမောင်နှမသားသမီးတို့ တိုးတက်အောင်မြင်အဆင်



www.burmeseclassic.com

www.burmeseclassic.com

ပြေခြင်း၊ လူမှုရေးလုပ်ငန်းများ အောင်မြင်ခြင်း၊ အရောင်းအဝယ်ဖွံ့ဖြိုးခြင်း၊ ရွှေ၊ လက်ဖက်၊ လက်ဖက်ရည်၊ ရေ၊ အရက်၊ ဗီဒီယို၊ ယပ်တောင်၊ အအေးဆိုင်လုပ်ငန်းများ အကျိုးပေးခြင်း၊ ဓာတ်ပုံဆိုင်၊ အနုပညာလုပ်ငန်းများ တိုးတက်မှုရှိခြင်း အစရှိသော ဗုဒ္ဓဟူးပရိယာယ်အကောင်းများကို အနှောင့်အယှက်မကင်း အတိုက်အခံမကင်းဘဲ ကြုံတွေ့ကြရမည် ဖြစ်ပါသည်။




**သောကြာသားသမီးများ**သည် ဘင်္ဂဠာနရှိသော ကြာဂြိုဟ်နှင့် အဆိုးပက္ခမိပါသည်။ ထို့ကြောင့် သီလပျက် သောလုပ်ရပ်တို့ကို လုပ်မိခြင်း၊ သီလပျက်သူတို့၏ ဒုက္ခပေးခံရတတ်ခြင်း၊ သွေးထွက်သံယိုဖြစ်ခြင်း၊ သံဆူး၊ သွပ်ပြားရှခြင်း၊ ဆွေမျိုးတို့နှင့် ပြဿနာပေါ်ခြင်း၊ ဇနီးအတွက် စိတ်ဆင်းရဲရခြင်း၊ ခရီးစဉ်ပျက်ခြင်း၊ နာရေးခရီးသွားရခြင်း၊ ရေလမ်းခရီးအညံ့ရှိခြင်း၊ စကားပြောမှားဆိုမှားဖြစ်ခြင်း၊ စကားကြောင့် ပြဿနာပေါ်ခြင်း၊ အစားအသောက်ကြောင့် ကျန်းမာရေးညံ့ခြင်း၊ ဇိမ်ခံပစ္စည်း၊ အနုပညာအသုံ ထွက်ပစ္စည်းများ ပျက်ခြင်း၊ ထွက်ခြင်း၊ သွေးတိုး၊ သွားနာ၊ သွားကိုက်၊ သွေးသားပိုင်းဆိုင်ရာရောဂါဖြစ်ခြင်း အစရှိသော သောကြာပရိယာယ် အဆိုးအညံ့များကို ကြုံတွေ့ကြရမည် ဖြစ်ပါသည်။

(၇)နေ့သားသမီးများအတွက် ပက္ခယောချက်များကို ဖော်ပြခဲ့ပြီးဖြစ်သဖြင့် ပက္ခပညာရပ်အရ ယတြာခန်းများကို ဆက်လက်ရေးသား ဖော်ပြပေးပါမည်။

**တနင်္ဂနွေသားသမီးများ**

ဗုဒ္ဓဟူးနေ့ နံနက်(၁၀)နာရီမှ မွန်းတည့်(၁၂)နာရီအတွင်းတွင် ကိုရင်ကို လိမ္မော်သီး(၄)လုံး ဆက်ကပ်လှူဒါန်းပါ။ ဝဇိရာဂါထာကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

**တနင်္လာသားသမီးများ**

အင်္ဂါနေ့ နံနက်(၁၁)နာရီမှ (၁)နာရီအတွင်းတွင် သီလရှင်ဆရာကြီး၊ ဆရာလေးများကို ဆွမ်းဆန်ကပ်လှူပါ။ စိန္တာမဏိမန္တန်ကို နေ့စဉ် သက်စေ့ရွတ်ဖတ် ပူဇော်ပါ။

**အင်္ဂါသားသမီးများ**

တနင်္လာနေ့ ညနေ(၄)နာရီမှ (၆)နာရီအတွင်းတွင် ခွေးလေခွေးလွင့်များကို အစာကျွေးပါ။ ကျောက်ခဲလမ်းခင်း၊ ချိုင့်ခွက်ဖို့ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

တနင်္ဂနွေနေ့ နံနက်(၈)နာရီမှ (၁၀)နာရီအတွင်းတွင် ဘုန်းကြီးတစ်ပါးကို အာလူးကြော် ကပ်လှူပါ။ အောင်စကြာမန္တန်ကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။

**ကြာသပတေးသားသမီးများ**

စနေနေ့ မွန်းတည့်(၁၂)နာရီမှ မွန်းလွဲ(၂)နာရီအတွင်းတွင် နွား (သို့မဟုတ်) ဒရယ်ကို အစာသွားကျွေးပါ။ ဘုန်းကြီးကျောင်းကို ထင်း၊ မီးသွေး လှူဒါန်းပါ။

**သောကြာသားသမီးများ**

သောကြာနေ့ မွန်းလွဲ(၂)နာရီမှ ညနေ(၄)နာရီအတွင်းတွင် သိုး (သို့မဟုတ်) သမင် (သို့မဟုတ်) ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူကို အစားအစာသွားကျွေးပါ။ သဲများ ချိုင့်ခွက်ဖို့၊ သဲလမ်းခင်းပါ။

**စနေသားသမီးများ**

ကြာသပတေးနေ့ နံနက်(၆)နာရီမှ (၈)နာရီအတွင်းတွင် ဘုရားရှင်ကို ပန်းသီး (သို့မဟုတ်) ပဲကြော်ကပ်လှူပါ။ ပဌာန်းဂါထာကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။ ယတြာများကို တစ်လလျှင် (၁)ကြိမ်ခန့် လစဉ်ဆောင်ရွက်သွားရပါမည်။ ပက္ခယတြာများကို ဆောင်ရွက်ခြင်းဖြင့် အဆိုးပက္ခသမားများအနေဖြင့် အဆိုးများပြေလျော့ လျော့နည်းပျောက်ကွယ်စေကာ အကောင်းပက္ခသမားများအနေဖြင့် ကောင်းကျိုးများကို အတိုက်အခံ အနှောင့်အယှက် ရန်ကင်းရှင်းစွာဖြင့် ရရှိခံစားကြရမည်ဖြစ်ပါသည်။

(စကားချပ်-အကောင်းပက္ခသမားများသည် ကောင်းကျိုးများကို ရရှိမည်ဖြစ်သော်လည်း ပက္ခ၏ သဘောသဘာဝအရ အတိုက်အခံ၊ အနှောင့်အယှက်၊ ရန်များနှင့် မကင်းတတ်ကြပါ။)

**ကောင်းမှုအကြောင်းပြ**
**တောင်းဆုပြည့်ပါစေ**
**သုခစုစ်(ကျိုက်လတ်**



www.burmeseclassic.com

www.burmeseclassic.com


ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်

ဆီး(နီ၊ဝါ၊လွန်၊နည်း၊များ) ခြင်း၊

ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊အောင့်)

ဆီးပူညောင်းကျ၊ ဆီးကြောင့်မျက်စိ

မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြောတက်၊

အသည်းရောင်အသားဝါ

ရောဂါများအတွက် သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

Diseases to be applied

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ဝင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ ကန္တရဝတီဆေးတိုက်၊ အမှတ်–၇၄၁၊ ဓနသိဒ္ဓိလမ်း

(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉ ၅၁ ၄၀၃၈၉ ၊ ၀၉ ၄၂၀ ၀၀၇ ၀၈၅

www.burmeseclassic.com

ယခင်လက တနင်္ဂနွေသားသမီးတို့အတွက် ကံပွင့် ကံမြင့်စေတဲ့ဂါထာကို ရေးသားတင်ပြခဲ့ပါသည်။ တစ်နေ့စီ ခွဲပြီးတင်ပြနေလျှင် မလိုအပ်ဘဲ ဆောင်းပါးများစွာ ရေးသားနေရပေမည်။ စာဖတ်သူများလည်း လပေါင်းများစွာ စောင့်ဖတ်နေရပေမည်။ ထို့ကြောင့် ယခုလ ဤဆောင်းပါး၌ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေသားသမီးတို့အတွက် ကံပွင့်ကံမြင့်စေမည့် ဂါထာများကို အသီးသီးတင်ပြပေးပါအံ့။

ရှေးဦးစွာ တနင်္လာသားသမီးများ ကံပွင့်လျှင် ကံပွင့် ကံမြင့်လျက် အကျိုးပေး ထက်သန်နိုင်တဲ့ ဂါထာ(၂) ဂါထာကို တင်ပြပါမည်။



(၁) သရဏာဂံရော နောမာမ၊
အတ္တဒသီ စ ဝေဿဘူ၊
စန္ဒဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။
(၂) နဝေနာ နေန ကမ္မေန၊
ပေါရာဏာကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝတု မေ။

နံပါတ်တစ်ဂါထာက တနင်္လာနေ့ဖွား ဘုရားလေးဆူ ဘွဲ့တော်များနှင့် ယင်းဘုရားလေးဆူတို့အား တနင်္လာသားသမီးတို့က ရှိခိုးကြောင်း ပြသပါသည်။ နံပါတ်နှစ်ဂါထာက ထိုသို့ တနင်္လာနေ့ဖွား မြတ်ဘုရားတို့အား ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ကုသိုလ်ကံစေတနာအသစ်ကြောင့် ရှေးရှေးဘဝ ရှေးရှေးသော ကာလများက ပြုခဲ့ဖူး၊ ဖြစ်ခဲ့ဖူးတဲ့ အကုသိုလ်ကံဟောင်း ကံကြွေးကံစ ဟူသမျှ မီးမှာ ကျရောက်တဲ့ မျိုးစေ့ မပေါက်ရောက်နိုင်တော့ သကဲ့သို့ ခန်းခြောက်ပျောက်ပျက်ပါစေသတည်းလို့ ဆုတောင်းခြင်းကို ပြသ၏။

ထို့အပြင် ထိုဘုရားလေးဆူတို့ရဲ့ တန်ခိုးရှိန်စော် အာနုဘော်အစွမ်းသတ္တိကြောင့် တနင်္လာသား

# မောင်ညာကျော်လင်း
(တောင်ကုတ်)
## ကံပွင့်လျှင်
## ကံပွင့် ကံမြင့်စေတဲ့ ဂါထာများ

သမီး တပည့်တော်၊ တပည့်တော်မအား နေ့ရောညပါ ချိန်ခါမလပ် အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေသတည်းလို့ ဆုတောင်းခြင်းကိုလည်း ပြသပါသည်။

တစ်နည်းပြောပါက နဝေနာ နေန ကမ္မေန ပေါရာ



www.burmeseclassic.com

www.burmeseclassic.com

ထက် ဝိနသသတုဆိုတဲ့ ပထမဂါထာဝက်က အကျိုးစီးပွား နဲ့ကို ဖယ်ရှားပြုပါသည်။ မေတ္တာဘာဝနာစကားဖြင့် ပြောပါက မိမိကိုယ်မိမိ အဟိတာပနယာန မေတ္တာပို့သလိုက်ခြင်း ဖြစ်ပါသည်။ အဟိတ-အကျိုးစီးပွားမဲ့ကို၊ အပနယန-ဖယ်ရှားတဲ့ မေတ္တာပါ။ စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ ဘဝတု မေ ဆိုတဲ့ နောက်ဂါထာဝက်ကတော့ အကျိုးစီးပွားကို လိုလားတောင့်တပြုပါသည်။ မေတ္တာဘာဝနာစကားဖြင့် ပြောပါက မိမိကိုယ်ကိုမိမိ ဟိတာမိဂမာမိဗ္ဗာယ မေတ္တာပို့သခြင်း ဖြစ်ပါသည်။ ဟိတ-အကျိုးစီးပွားကို၊ အမိဂမ-ရခြင်းငှာ၊ အမိပ္ပာယ-အလိုရှိတဲ့မေတ္တာပါပဲ။

ဘုရားရှိခိုးပြီး ရတဲ့ကုသိုလ်ကြောင့် ဆိုးကျိုးတွေပျောက် ကောင်းကျိုးတွေရောက်အောင် ဆုတောင်းခြင်းသည် ဘာမှမလုပ်ဘဲ ဆုတောင်းခြင်းမဟုတ်။ ကောင်းတဲ့အကြောင်းတရားကို လုပ်ဆောင်ပြီးမှ အကျိုးကောင်းကိုတောင့်တခြင်း ဖြစ်ပါသည်။ အချို့က ဘာမှမလုပ်ဘဲ ထိုင်ဆုတောင်းနေတယ်လို့ ထင်မှတ်ကြပါသည်။

ဘာဝနာကုသိုလ်ထူးနှင့်စပ်ပြီး ကံသုံးပါးမြောက်အောင် ရွတ်ပွားသရဇ္ဈာယ်နေတဲ့ ရောမကုသိုလ်ကံ အလုပ်ကြီးကိုမူ အလုပ်ဟုမထင်ဘဲ တစ်နပ်စာ၊ တစ်ဘဝစာအတွက် လောဘ၊ ဒေါသ၊ မောဟတွေဖက်ပြီး လုပ်ရတဲ့ အလုပ်ကိုမှ အလုပ်ကြီးရယ်လို့ ထင်မှတ်နေခြင်းကား တကယ်တော့ အမှားဆိုမှ တကယ့်အမှားကြီးပါ။ ဘာဝနာကုသိုလ်နှင့်စပ်တဲ့ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းက တစ်နပ်စာ၊ တစ်ဘဝစာတွက် အထောက်အကူပြုပေးနိုင်သလို သံသရာဘဝအဆက်ဆက်တွက်လည်း ကောင်းကျိုးအဆက်ဆက် ပေးအပ်ပါသည်။ အလွယ်ပြောပါက ပထမဈာန်စေတနာ၊ အထမြောက်လျှင် ဤဘဝချမ်းသာရ၏။ ဒုတိယဈာန်ကစပြီး ဆဋ္ဌမဈာန်တိုင်အောင် အလယ်ဈာန် ငါးချက်စေတနာ အထမြောက်အောင်မြင်ပါက တတိယမြောက်နောက်ဘဝမှစ၍ တောက်လျှောက်ဆိုသလို မီရာ,မီရာဘဝတိုင်းမှာ ချမ်းသာရပေလိမ့်မည်။ သတ္တမဈာန်စေတနာအထမြောက်အောင်မြင်ပါမူကား ဒုတိယမြောက် နောက်ဘဝ၌ ချမ်းသာပေမည်။ ထို့ကြောင့် သံသရာဘဝအဆက်ဆက်အတွက် အားကိုးရ၏။ ဤဘဝတွက်လည်း အဘက်ဘက်က ကောင်းပေသည်။

အနက်မြန်မာသံစာစာဖြင့် ရွတ်ဖတ်ပူဇော်နိုင်ရန် ဂါထာအနက်ကို တင်ပြပါဦးအံ့။

(၁) <u>တနင်္လာနေ့ဖွား ဘုရားလေးဆူရှိခိုးဂါထာအနက်</u>

သရဏင်္ကရော-သရဏင်္ကရာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ အနောမစ-အနောမာမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ အတ္ထဒဿီစ-အတ္ထဒဿီအမည်ရှိတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ဝေဿဘူ-ဝေဿဘူ(ဝိတ်သဘူဟုဖတ်) အမည်ရှိတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ဣမေ စတုရောဗုဒ္ဓါ-ဤလေးဆူကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်၊ စန္ဒဝါရေ-တနင်္လာနေ့၌၊ အဘိဇာတာ-မီးရှူးသန့်စင် ဖွားမြင်တော်မူကြကုန်၏။ တေ-တနင်္လာနေ့ဖွား လေးဆူသော မြတ်ဘုရားတို့ကို၊ အဟံ-ဘုရားတပည့်တော်,တပည့်တော်မသည်၊ သာဒရံ-ရိုသေလေးမြတ်စွာ၊ နမဿာမိ-ခြေလက်နဖူး တံတောင်ဒူးဟု ငါးဦးထိမျိုး ရှိခိုးပါ၏ အရှင်ဘုရား။

(၂) <u>ဆုတောင်းဂါထာအနက်</u>

နဝေနာ နေန ကမ္မေန-ဤသို့ တနင်္လာနေ့ဖွား လေးဆူသော မြတ်ဘုရားတို့အား၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ရသော ကုသိုလ်ကံစေတနာအသစ်ကြောင့်၊ ပေါရာဏကံ-ရှေးဘဝ၌ ပြုခဲ့ဖူး ဖြစ်ခဲ့ဖူးသော အကုသိုလ်ကံကြွင်းကံစ ဟူသမျှသည်၊ ဝိနဿတု-မီးမှာကျရောက် မျိုးစေ့မပေါက်သကဲ့သို့ ခန်းခြောက်၍သာ ပပျောက်ပါစေသတည်း။ စတုန္နံ ဗုဒ္ဓ တေဇေန-လေးဆူကုန်သော တနင်္လာနေ့ဖွား မြတ်ဘုရားတို့၏ တန်ခိုးရှိန်စော် အာနုဘော်အစွမ်းသတ္တိကြောင့်၊ မေ-တပည့်တော်,တပည့်တော်မအား၊ သဒါ-အခါခပ်သိမ်း၊ သုခီ-ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းရှိသည်၊ ဘဝတု-ဖြစ်ပါစေသတည်း၊ ဖြစ်ပါစေသား အရှင်ဘုရား။

(၃) <u>အင်္ဂါနေ့ဖွား ဘုရားလေးဆူရှိခိုးဂါထာနှင့်အနက်</u>

ဒီပင်္ကရာ ပဒုမောစ၊
ဓမ္မဒဿီ ကကုသန္ဓော။
ဘောမဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

ဒီပင်္ကရော-ဒီပင်္ကရာမြတ်စွာဘုရားရှင်ကိုယ်တော်



www.burmeseclassic.com

www.burmeseclassic.com

မြတ်ကြီးသည်လည်းကောင်း၊ ပဒုမောစ-ပဒုမမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ဓမ္မဒဿီ-ဓမ္မဒဿီ အမည်ရှိတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ကကုသန္ဓော-ကကုသန်အမည်ရှိတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ဣမေစတုရောဗုဒ္ဓါ-ဤလေးဆူကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်၊ ဘောမဝါရေ-အင်္ဂါနေ့၌၊ အဘိဇာတာ-မီးရှူးသန့်စင် ဖွားမြင်တော်မူကြကုန်၏။ တေ-ထိုအင်္ဂါနေ့ဖွား လေးဆူသော မြတ်ဘုရားတို့ကို၊ အဟံ-ဘုရားတပည့်တော်၊ တပည့်တော်မသည်၊ သာဒရံ-ရိုသေလေးမြတ်စွာ၊ နမဿာမိ-ခြေလက်နဖူး တံတောင်ဒူးဟု ငါးဦးထိမျိုး ရှိခိုးပါ၏ အရှင်ဘုရား။

(၄) <u>ဆုတောင်းဂါထာနှင့် အနက်</u>

နမောနာ နေနကမ္မေန၊
ပေါရာဏကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝတု မေ။

နမောနာ နေန ကမ္မေန-ဤသို့ အင်္ဂါနေ့ဖွား လေးဆူသော မြတ်ဘုရားတို့အား ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ရသော ကုသိုလ်ကံစေတနာ အသစ်ကြောင့်၊ စတုန္နံ ဗုဒ္ဓ တေဇေန-လေးဆူကုန်သော၊ အင်္ဂါနေ့ဖွား မြတ်ဘုရားတို့၏၊ တန်ခိုးရှိန်စော် အာနုဘော်အစွမ်းသတ္တိကြောင့်ဟူ၍ တနင်္လာနေ့ဖွားနေရာတွင် အင်္ဂါနေ့ဖွားဟု အစားထိုး ရွတ်ဆိုရုံသာထူး၏။ ကျန်အားလုံး တူပါသည်။

(အခြားနေ့များတွင်လည်း ရှိခိုးဂါထာကိုသာ အနက်ပေးပြပါတော့အံ့။ ဆုတောင်းဂါထာအနက်ကို ရှေ့ဂါထာအနက်အား မှီ၍ ဗုဒ္ဓဟူးနေ့ဖွား၊ ကြာသပတေးနေ့ဖွား.. စသည်ဖြင့် ပြောင်းဆိုပါလေ။)

(၅) <u>ဗုဒ္ဓဟူးနေ့ဖွား ဘုရားလေးဆူရှိခိုးဂါထာအနက်</u>

ကောဏ္ဍညော နာရဒေါ သတ္တာ၊
သိဒ္ဓတ္ထ ကောဏာဂမနာ
ဗုဒ္ဓဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

ကောဏ္ဍညော-ကောဏ္ဍည (ကွန်းဒင်ညဟုမှတ်) မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ နာရဒေါသတ္တာ-နာရဒမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ သိဒ္ဓတ္ထ ကောဏာဂမနာ-သိဒ္ဓတ္ထမြတ်စွာဘုရားနှင့် ကောဏာဂုံမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်လည်းကောင်း၊ ဣမေ စတုရော ဗုဒ္ဓါ-ဤလေးဆူကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်၊ ဗုဒ္ဓဝါရေ-ဗုဒ္ဓဟူးနေ့၌၊ အဘိဇာတာ-မီးရှူးသန့်စင် ဖွားမြင်တော်မူကြကုန်၏။ တေ-ထိုဗုဒ္ဓဟူးနေ့ဖွား လေးဆူသောမြတ်ဘုရားတို့ကို၊ အဟံ-ဘုရားတပည့်တော်၊တပည့်တော်မသည်၊ သာဒရံ-ရိုသေလေးမြတ်စွာ၊ နမဿာမိ-ခြေလက်နဖူး တံတောင်ဒူးဟု ငါးဦးထိမျိုး ရှိခိုးပါ၏ အရှင်ဘုရား။

(၆) <u>ဆုတောင်းဂါထာနှင့်အနက်</u>

နမောနာ နေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒါ သုခီ ဘဝတု မေ။

(နမောနာ နေနကမ္မေနှင့် စတုန္နံ ဗုဒ္ဓတေဇေနတွင် ဗုဒ္ဓဟူးနေ့ဖွားဟု အစားထိုး ရွတ်ဖတ်ရုံမျှသာ ထူး၏။ ကျန်အားလုံး တူပါသည်။ ရှေ့နည်းမှီ၍ ဆိုပါလေ။)

(၇) <u>ကြာသပတေးနေ့ဖွားဘုရားလေးဆူ ရှိခိုးဂါထာနှင့် အနက်</u>

မင်္ဂလော ပဒုမုတ္တရော၊
တိဿော နာထောစ ကဿပေါ၊
ဂုရုဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

မင်္ဂလော-မင်္ဂလမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ပဒုမုတ္တရာ-ပဒုမုတ္တရမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ တိဿော နာထောစ-တိဿမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ကဿပေါ-ကဿပနွယ်ဖွား မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ဣမေ စတုရော ဗုဒ္ဓါ-ဤလေးဆူကုန်သော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်၊ ဂုရုဝါရေ-ကြာသပတေးနေ့၌၊ အဘိဇာတာ-မီးရှူးသန့်စင် ဖွားမြင်တော်မူကြကုန်၏၊ တေ-ထိုကြာသပတေးနေ့ဖွား လေးဆူသော မြတ်ဘုရားတို့ကို၊ အဟံ-ဘုရားတပည့်တော်၊တပည့်တော်

www.burmeseclassic.com

သည်၊ သာဒရံ-ရှိသေလေးမြတ်စွာ၊ နမဿာမိ- ခြေလက်နဖူး တံတောင်ဒူးဟု ငါးဦးထိမျိုး ရှိခိုးပါ၏ အရှင်ဘုရား။

(၉) ဆုတောင်းဂါထာနှင့်အနက်

နဝေနာ နေန ကမ္မေန၊
ပေါရာဏာကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒ္ဒါ သုခီ ဘဝတု မေ။

(ကြာသပတေးနေ့ဖွားဟု အစားထိုးရွတ်ဆိုရုံသာထူး၏။ ကျန်အားလုံး တူပါသည်။ ရှေ့ဂါထာကိုမှီ၍ ဆိုပါလေ။)

(၉) သောကြာနေ့ဖွား ဘုရားလေးဆူ ရှိခိုးဂါထာနှင့် အနက်

သုမနော သုမေဓာ ဗုဒ္ဓေါ၊
ဖုဿ ဓိနော စ ဂေါတမော။
သုက္ကဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

သုမနော-သုမနမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး သည်လည်းကောင်း၊ သုမေဓာဗုဒ္ဓေါ-သုမေဓာမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ဖုဿဓိနောစ-ဖုဿမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ဂေါတမော-ဂေါတမနွယ်ဖွား မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ဣမေ စတုရော ဗုဒ္ဓါ-ဤလေးဆူကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်၊ သုက္ကဝါရေ-သောကြာနေ့၌၊ အဘိဇာတာ-မီးရှူးသန့်စင် ဖွားမြင်တော်မူကြကုန်၏။ တေ-ထိုသောကြာနေ့ဖွား လေးဆူသောမြတ်ဘုရားတို့ကို၊ အဟံ-ဘုရားတပည့်တော်,တပည့်တော်မသည်၊ သာဒရံ-ရိုသေလေးမြတ်စွာ၊ နမဿာမိ-ခြေလက်နဖူး တံတောင်ဒူးဟု ငါးဦးထိမျိုး ရှိခိုးပါ၏ အရှင်ဘုရား။

(၁၀)ဆုတောင်းဂါထာနှင့်အနက်

နဝေနာ နေန ကမ္မေန၊
ပေါရာဏာကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒ္ဒါ သုခီ ဘဝတု မေ။

(သောကြာနေ့ဖွား လေးဆူသော မြတ်ဘုရားဟု အစားထိုး ရွတ်ဆိုရုံသာထူး၏။ ကျန်အားလုံး တူပါသည်။ ရှေ့ဂါထာကိုမှီ၍ ဆိုပါလေ။)

(၁၁)စနေနေ့ဖွားဘုရားလေးဆူ ရှိခိုးဂါထာနှင့် အနက်

တဏှင်္ကရော ရေဝတော စ၊
သုဇာတော စ ဝိပဿီ ကော၊
သောရီဝါရေ အဘိဇာတာ၊
တေ နမဿာမိ သာဒရံ။

တဏှင်္ကရော-တဏှင်္ကရ(တံနှင်ကရာဟုဆို) မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ရေဝတောစ-ရေဝတမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ သုဇာတောစ-သုဇာတမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ဝိပဿီကော-ဝိပဿီမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်လည်းကောင်း၊ ဣမေ စတုရော ဗုဒ္ဓါ-ဤလေးဆူကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်၊ သောရီဝါရေ-စနေနေ့၌၊ အဘိဇာတာ-မီးရှူးသန့်စင် ဖွားမြင်တော်မူကြကုန်၏။ တေ-ထိုစနေနေ့ဖွား လေးဆူသောမြတ်ဘုရားတို့ကို၊ အဟံ-ဘုရားတပည့်တော်,တပည့်တော်မသည်၊ သာဒရံ-ရိုသေလေးမြတ်စွာ၊ နမဿာမိ-ခြေလက်နဖူး တံတောင်ဒူးဟု ငါးဦးထိမျိုး ရှိခိုးပါ၏ အရှင်ဘုရား။

(၁၂)ဆုတောင်းဂါထာနှင့် အနက်

နဝေနာ နေန ကမ္မေန၊
ပေါရာဏာကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓတေဇေန၊
သဒ္ဒါ သုခီ ဘဝတု မေ။

(စနေနေ့ဖွား လေးဆူသောမြတ်စွာဘုရားဟု ပြောင်းလဲဆိုရုံသာ ထူး၏။ ကျန်အားလုံး တူပါသည်။ နည်းမှီ၍ ဆိုပါလေ။)

ဤတွင် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနေ့ဖွား ဘုရားလေးဆူ ရှိခိုးဂါထာနှင့် အနက်များ၊ ဆုတောင်းဂါထာနှင့်၊ အနက်များ ပြီးပြည့်စုံပါပြီ။

ယခင်လတုန်းက တနင်္ဂနွေနေ့ဖွား ဘုရားလေးဆူ ရှိခိုးဂါထာနှင့် အနက်ကို တင်ပြခဲ့ပါသည်။ အချုပ်ဆိုရသော် ခုနစ်နေ့သားသမီးများအတွက် နေ့အလိုက်ဘုရား

www.burmeseclassic.com

လေးဆူ ရှိခိုးဆုတောင်းဂါထာများကို အနက်မြန်မာပြန်နှင့်တကွ တင်ပြပြီးပါပြီ။ နှစ်ကျိပ်ရှစ်ဆူဘုရားရှိခိုးဂါထာများကို တစ်နေ့လျှင် လေးဆူစီ ခွဲထားခြင်း ဖြစ်ပါသည်။ ခုနစ်နေ့သားသမီးတို့အနေဖြင့် မိမိတို့မွေးနံ့ဆိုင်ရာ ဘုရားလေးဆူ ရှိခိုးဆုတောင်းဂါထာများကို အနက်နှင့်တကွ သိသွားပြီး ဖြစ်ပါသည်။ သိသွားပြီဆိုလျှင် ဗဟုသုတအတွက်တော့ လုံလောက်တော့၏။ ကံပွင့်ကံမြင့်ဖို့ရာကား သိရုံဖြင့် မလုံလောက်သေးပေ။ ကိုယ်တိုင်ကျင့်ကြံအားထုတ်ရန် လိုအပ်၏။

ကံနှင့်အကျင့် ညီမှပွင့်၏ ဆိုသည့်အတိုင်း ရှေးရှေးဘဝက ကုသိုလ်ကံများ ပွင့်လာမြင်လာစေရန် ယခုဘဝတွင်လည်း ကောင်းတဲ့အကျင့်စရဏာများကို ကိုယ်တိုင်ကျင့်ကြံရ၏။ သို့မှသာ ရှေးကုသိုလ်ကံထူးများ ဖူးငုံပွင့်အာလာမည်။ ကံသစ်များလည်း မြင့်တက်လာပေမည်။

ကံဟောင်းပွင့်၍ ကံသစ်မြင့်လာပါက ရှေးရှေးဘဝတို့က ပြုခဲ့ဖူး၊ ဖြစ်ခဲ့ဖူးတဲ့ အကုသိုလ်ကံကြွင်းကံစများလည်းပဲ လောင်မီးကျခံရတဲ့မျိုးစေ့သည် တစ်ဖန်ပြန်လည်၍ ပေါက်ရောက်နိုင်ခြင်း မရှိတော့သကဲ့သို့ ဆိုးကျိုးဆိုးပြစ်များ ပေးနိုင်စွမ်းမရှိတော့ဘဲ ပြေပျောက်သွားရပေသည်။ အကြောင်းတရားအနေဖြင့် ပြောပါက အကုသိုလ်ကင်း၍ ကုသိုလ်သွင်းပြီးသား ဖြစ်သွား၏။ အကျိုးတရားအနေဖြင့် ပြောပါက ဆိုးကျိုးဆိုးပြစ်များ ကင်းစင်သွားပြီး ကောင်းကျိုးချမ်းသာများ ရောက်လာရပေမည်။

မိမိနှင့် နေ့တူနံတူ မွေးဖွားတော်မူကြတဲ့ ဘုရားလေးဆူအား အာရုံပြုပြီး ဂါထာများရွတ်ဆိုတာ နေ့စဉ်ပုံမှန် ရှိခိုးသွားပါက မိမိတို့ဘဝထဲသို့ ကောင်းမှုကုသိုလ်နှင့် ကောင်းကျိုးချမ်းသာများ စီမံဝင်လာမှာ သေချာ၏။ ဆိုးကျိုးဆိုးပြစ်များလည်း မိမိတို့ဘဝထဲမှ ထွက်ခွာသွား၍ မိမိတို့နှင့်ဝေးရာသို့ ရောက်သွားပေမည်။

ကိုယ်စီ,ကိုယ်စီ အသီးသီး ရွတ်ဖတ်ပူဇော် ရှိခိုးနိုင်ကြပြီး အန္တရာယ်ကင်းဘေးရန်ရှင်းကာ ကောင်းကျိုးချမ်းသာမင်္ဂလာနှင့် ပြည့်စုံလျက် နှစ်သက်တောင့်တအပ်သော လိုအင်ဆန္ဒဟူသမျှ ပြီးပြည့်စုံနိုင်ကြပါစေဗျာ။

**မောင်ဉာဏ်လင်း(တောင်ကုတ်)**


# တောင်တွင်းကြီးမဟာတံခွန်

## နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်

**အမှတ်-၄၃၇(၃-လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**☎ ၃၀၈၆၂၁ ၊ 📱 ၀၉ ၅၀ ၆၉၇၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅**

**အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစုံးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး)စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်းဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။**

www.burmeseclassic.com

မဟော်သဓာပညာရှိသုခမိန်ဟာ အခက်အခဲပြဿနာများကို ရင်ဆိုင်ဖြေရှင်းရတဲ့အခါမှာဖြစ်စေ၊ ရန်သူနဲ့တွေ့ကြုံပြီး တိုက်ပွဲဝင်ရတဲ့အခါမှာဖြစ်စေ ဘယ်သောအခါမှ ရှုံးနိမ့်ခြင်း မရှိခဲ့ပါဘူး။ သူနဲ့ ရင်ဆိုင်ခဲ့ရသူတွေမှာသာ ပြေးကွဲသူကွဲ၊ ဒူးပြဲသူပြဲနဲ့ ပုဆိုးမနိုင် ပဝါမနိုင် အလဲလဲ အကွဲကွဲ အရှုံးကြီး ရှုံးသွားကြတာပါပဲ။

မဟော်သဓာသုခမိန်ဟာ ဘဝအဆက်ဆက် ပါရမီဖြည့်ဆည်းလာခဲ့တဲ့ ဘုရားအလောင်းတော်ကြီးဖြစ်ခဲ့လို့ ရန်သူတွေအပေါ်မှာ အောင်နိုင်ခဲ့သလို ပြဿနာများကို ဖြေရှင်းနိုင်ခဲ့သူလို့ဆိုရင် ဒီအဖြေဟာ အမှားကြီးမှားတဲ့ အဖြေ ဖြစ်ပါတယ်။

အရေးကြုံရင် သက်လုံကောင်းဖို့လိုတယ်ဆိုတဲ့ ရှေးလူကြီးများ ဆိုရိုးစကား ရှိပါတယ်။ မဟော်သဓာပညာရှိသုခမိန်မှာလည်း အရေးကြုံရင်သုံးတဲ့ စစ်ထွက်ဂါထာ



# မဟော်သဓာ စစ်ထွက်ဂါထာ

**မြည့်စင်း**(တသံတ)

www.burmeseclassic.com

www.burmeseclassic.com

အဆောင်တစ်ခု ရှိပါတယ်။

ဒီဂါထာအဆောင်ကို ယုံကြည်စွာနဲ့ အသုံးပြုခဲ့ပါက နေ့စဉ် ကြုံတွေ့နေရတဲ့ လောကီလူမှုဒုက္ခ ကိစ္စရပ်များကို မဟော်သဓာပညာရှိသုခမိန်လိုပဲ ရင်ဆိုင်ဖြေရှင်းအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ မဟော်သဓာ စစ်ထွက်ဂါထာတော်ကို မဟုတ်မမှန်ဖို့၊ မတရားတဲ့ လုပ်ရပ်တွေမှာ အသုံးမချမိဖို့ လိုအပ်ပါတယ်။ အကယ်၍ အသုံးချမိရင်လည်း အောင်မြင်မှု မရနိုင်ပါဘူး။

မိမိမှာ အမှန်တကယ် ဒုက္ခတွေနဲ့ ရင်ဆိုင်တွေ့ကြုံနေရမယ်။ အမှုအခင်းများနဲ့ ရင်ဆိုင်ဖြေရှင်းရမယ်။ ကျဉ်းထဲ ကျပ်ထဲမှာ ရောက်နေမယ်ဆိုရင် ယုံကြည်စိတ်ချစွာနဲ့ အသုံးပြုပါက ကျိန်းသေမုချ အောင်နိုင်သူတစ်ဦး ဖြစ်မှာ မလွဲပါ။ မမှန်ကန်လျှင်တော့ ရှုံးနိမ့်မှုနဲ့ ကြုံတွေ့ရမှာ မလွဲပါဘူး။

စာမေးပွဲဖြေဆိုမယ့် ကျောင်းသားကျောင်းသူတွေ၊ လုပ်ငန်းခွင်ဝင်ရမယ့် အင်တာဗျူးဖြေဆိုမယ့်သူတွေဟာ မဟော်သဓာစစ်ထွက်ဂါထာအတိုင်း ဆောင်ရွက်ခဲ့မယ်ဆိုရင် အစစအရာရာ လွယ်ကူချောမွေ့စွာနဲ့ ဖြေဆိုအောင်မြင်နိုင်သူဖြစ်မှာ မလွဲပါဘူး။

ပထမဦးစွာ မဟော်သဓာ စစ်ထွက်ဂါထာကို အရကျက်မှတ်ထားပါ။

(၁) အ..တောင်၊ မှုကွဲ..အ..တောင်း။
(၂) ကြောင်..အိပ်။
(၃) စိတ်,လက် မီးကင်။
(၄) လေးတွင် စိုက်ကြည့်။
(၅) မိမှာ ဝင်,ထွက်။
(၆) သင့်တွက် ဝ စား။
(၇) တ,ကား ငြင်းခုံ။

မဟော်သဓာ စစ်ထွက်ဂါထာရဲ့ အဓိပ္ပာယ်ကတော့-

**(၁) အ,တောင်**

တနင်္ဂနွေနေ့တွင် မိမိနေအိမ်မှ မထွက်မီ တောင်အရပ်သို့ ခြေ(၃)လှမ်း လှမ်းပါ။ ပြီးမှ မိမိဆောင်ရွက်ဖွယ် ကိစ္စအဝဝကို ဆောင်ရွက်ပါက လျင်မြန်ချောမွေ့အောင်မြင်ပြီးစီးမှာ မုချပါပဲ။

**အ,တောင်း (မှုကွဲ)**

တနင်္ဂနွေနေ့တွင် အမှုအခင်း၊ အလုပ်ကိစ္စများကို ရင်ဆိုင်ဖြေရှင်းစရာရှိပါက မိမိအိမ်ရှိ လူတစ်ဦးတစ်ယောက်ထံမှ စတိအဖြစ် တစ်စုံတစ်ခုကို တောင်းခံပြီးမှသာ လုပ်ကိုင်စရာများကို ရင်ဆိုင်ဖြေရှင်းပါ။

**(၂) ကြောင် အိပ်**

တနင်္လာနေ့မှာ မိမိဆောင်ရွက်စရာ၊ ကြွေးတောင်းစရာနဲ့ အခြားအမှုကိစ္စအဝဝကို ရင်ဆိုင်ဖြေရှင်းဖို့ ရှိခဲ့ရင် အိပ်ရာက နိုးတဲ့အခါ မထဘဲ တစ်ရေးလောက် ပြန်မှေးအိပ်လိုက်ပါဦး။ ပြီးမှ အိပ်ရာက,ထ၊ မိမိဆောင်ရွက်စရာများကို ပြုလုပ်ဆောင်ရွက်ပါက အောင်မြင်မှုကို ကျိန်းသေရရှိပါမယ်။

**(၃) စိတ်,လက် မီးကင်**

အင်္ဂါနေ့မှာ ရင်ဆိုင်ဖြေရှင်းရမယ့် အကြောင်းအရာများ ရှိခဲ့ရင်တော့ အဲဒီအကြောင်းကိစ္စတွေကို သွားရောက်မဖြေရှင်းမီ မိမိရဲ့အိမ်က မီးဖိုမှာ မိမိရဲ့ လက်နှစ်ဖက်ကို မီးကင်လိုက်ပါ။ ပြီးတာနဲ့ ရဲရဲရင့်ရင့်သာသွားပြီး ရင်ဆိုင်ပစ်လိုက်ပါ။

**(၄) လေးတွင် စိုက်ကြည့်**

ဗုဒ္ဓဟူးနေ့မှာတော့ မိမိရဲ့ အရိပ်ရုပ်ပုံကို မှန် (သို့မဟုတ်) ရေထဲမှာ ခေတ္တခဏ စိုက်ကြည့်ပါ။ ပြီးတာနဲ့ အမှုကိစ္စ ရင်ဆိုင်စရာများကို သွားရောက်ရင်ဆိုင်လိုက်ပါ။

**(၅) မိမှာ ဝင်,ထွက်**

ကြာသပတေးနေ့မှာ အမှုကိစ္စ မဆောင်ရွက်မီ မိမိရဲ့ အိမ်ပေါ်မှာဖြစ်စေ၊ ခြံထဲမှာဖြစ်စေ အဝင်၊ အထွက် (၃) ကြိမ် ပြုလုပ်ပါ။ ပြီးမှသာ ဆောင်ရွက်စရာအမှုကိစ္စတို့ကို ဆောင်ရွက်ပါက အောင်မြင်မှုရရှိပါလိမ့်မယ်။

**(၆) သင့်တွက် ဝ,စား**

သောကြာနေ့မှာ မိမိစားသောက်နေကျ ပုံမှန်စားနေတာထက် အနည်းငယ်ပိုပြီးစားလိုက်ပါ။ အဲဒီလို စားသောက်ပြီးတာနဲ့ ရင်ဆိုင်ဖြေရှင်းစရာများရှိရင် သွားရောက်ဖြေရှင်းလိုက်ပါ။ အောင်မြင်မှုရမှာ မြေကြီးလက်ခတ် မလွဲပါဘူး။

**(၇) တ,ကား ငြင်းခုံ**

စနေနေ့မှာတော့ ရင်ဆိုင်တွေ့ကြုံလာရမယ့် အမှုကိစ္စအရေးအခင်းတို့ကို မဖြေရှင်းမီ နီးစပ်ရာလူတစ်ယောက်ယောက်နဲ့ အကြောင်းအရာတစ်ခုခုကို ငြင်းခုံလိုက်ပါ။ ပြီးတာနဲ့ မိမိရင်ဆိုင်ဖြေရှင်းရမယ့် အကြောင်းကိစ္စအရပ်



www.burmeseclassic.com

www.burmeseclassic.com

ရပ်ကိုသွားတွေ့ပြီး ဖြေရှင်းလိုက်ပါ။ ဤကဲ့သို့ သွားရောက်ဖြေရှင်းခဲ့လျှင် အားလုံးပြေလည်မှုရရှိပြီး အောင်မြင်မှာ မလွဲပါဘူး။

မဟော်သဓာစစ်ထွက်ဂါထာဟာ နာမည်ဆန်းသလို ပြုလုပ်ရမယ့် အကြောင်းအရာတွေဟာလည်း ဆန်းပြားလှပါတယ်။ လူတိုင်း လုပ်ဆောင်လို့ရပြီး လွယ်ကူရှင်းလင်းတဲ့ အရာများလည်း ဖြစ်ပါတယ်။

လွယ်ကူတယ်ဆိုပြီး အထင်မသေးစေလိုပါ။ တကယ်ပဲ ယုံယုံကြည်ကြည်နဲ့ ပြုလုပ်ခဲ့ရင် ဟုတ်မှဟုတ်ပါရဲ့လား။ ဒီနည်းဟာ မယုံကြည့်နိုင်လောက်အောင် အစွမ်းထက်မြက်နေပါလားဆိုတာကို သိမြင်လာပါလိမ့်မယ်။

ဒီမဟော်သဓာ စစ်ထွက်ဂါထာကို လွန်ခဲ့သောနှစ်ပေါင်း(၃၀)ကျော်ကပင် ရရှိခဲ့ပြီး ယနေ့ထက်တိုင်အောင်လည်း အသုံးပြုနေပြီး အောင်မြင်မှုများကို ရရှိခဲ့ပါတယ်။ ပညာကို သေရွာ ယူမသွားစတမ်း ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဤနည်းပညာကိုပေးခဲ့တဲ့ ရခိုင်ဆေးဆရာကြီး ဦးခင်ဝင်း ကွယ်လွန်အနိစ္စ ရောက်ပြီးတဲ့နောက်မှာ ဒီနည်းကို ထုတ်ဖော်ဖြန့်ဝေပါတယ်။

တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို မဟော်သဓာစစ်ထွက်ဂါထာနဲ့ ဆင်တူယိုးမှား ဂါထာများစွာ ရှိပါတယ်။ ဘယ်ဂါထာမှ မှန်တယ် မပြောလိုပါ။ ယုံကြည်စိတ်ချစွာနဲ့ ပြုလုပ်သူများအတွက် အကျိုးရှိမယ်ဆိုရင် ဖော်ပြရကျိုးနပ်မယ်လို့ ထင်ပါတယ်။

စာဖတ်သူများဟာ ယုံကြည်စိတ်ချစွာနဲ့ စမ်းသပ်နိုင်ပါတယ်။ အထက်မှာ ဖော်ပြခဲ့တဲ့အတိုင်း မိမိဘက်က မှန်ကန်ဖို့ လိုအပ်ပါတယ်။ မမှန်ကန်ခဲ့ရင် အောင်မြင်မှုကို မရရှိနိုင်ပါဘူး။

အမှုကိစ္စများသာမက စာမေးပွဲဖြေဆိုခြင်း၊ အလုပ်ဝင်ရောက်ဖြေဆိုခြင်း၊ နိုင်ငံခြားသွားမည့်ကိစ္စ စသော အကြောင်းအရာများကိုလည်း မိမိတို့ဉာဏ်ရှိသလို ချဲ့ထွင်၍ အသုံးပြုနိုင်ပါကြောင်းကို မေတ္တာဖြင့် တင်ပြလိုက်ရပါတယ်။

**ကြည်ဝင်း(ဟသ်ာတ)**


# ဆရာကြီးဦးအောင်ထွန်း

## [အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ်အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ❖ ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- ❖ အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- ❖ လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- ❖ လေဖြတ်ခံရပြီး ပုံမှန်ခြေ၊လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ❖ ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၈





www.burmeseclassic.com

www.burmeseclassic.com

# ဗြဟ္မစိုရ်တရားလေးပါးအကြောင်း

ပုရောဟိတ် ဆရာဦးမြတ်စံ



ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ (၁၅)နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ စာရေးသူ ပြည်ပနိုင်ငံတွင် ရောက်နေခိုက် ကွယ်လွန်သွားခြင်း ဖြစ်ပါသည်။ ဖခင်ကြီး သက်ရှိထင်ရှားရှိစဉ် အသက်(၈၀) ကျော်ခန့်လောက်ကတည်းက နံနက်စောစော ဘုရားရှိခိုး တရားအားထုတ်လေ့ရှိသည်။ တရားမှတ်ပြီးနောက် အိမ်ရှေ့တွင် အမှိုက်ကောက်၊ တံမြက်စည်းလှည်း၊ လမ်းကို ရေဖျန်းလေ့ရှိပါသည်။ ထိုသို့ နေ့စဉ်ကိစ္စများ ဆောင်ရွက်နေစဉ် ဝေနေယျသတ္တဝါတို့အား မေတ္တာပို့လေ့ရှိပါသည်။

ယခုအခါ Paradigm(ပါရာဒိုင်း-အပြောင်းအလဲ)ကြောင့် ရုပ်မြင်သံကြားမှ သက္ကဋဘာသာနွယ်သော အသံဖြင့် မေတ္တာပို့ကို ထုတ်လွှင့်လေ့ရှိပါသည်။ မြန်မာလို အနက်အဓိပ္ပာယ်ကိုတော့ အမျိုးသားတေးသံရှင်တစ်ဦးက နောက်ခံဘာသာပြန်ပေးပါသည်။ မေတ္တာပို့သံကို နားထောင်ရင်း စာရေးသူလည်း ဆရာကြီးဦးသုခ၏ သုခမှတ်စုမှ ဗြဟ္မာစိုရ်တရားလေးပါးအကြောင်း ဖတ်ရှုနေပါသည်။

စာရေးသူ၏အိမ်သို့ နံနက်စောစော မလာစဖူး လူငယ်တစ်ယောက်က တံခါးခေါက်သဖြင့် အိမ်ရှင်မက ထ၍ တံခါးဖွင့်ပေးလိုက်ရာ 'ကျွန်တော့်ကို ဝင်ခွင့်ပြုပါ၊ အစ်ကိုဆရာ ရှိပါသလား ခင်ဗျာ'ဟု ရည်မွန်သောအသံဖြင့် နှုတ်ဆက်ပြီး ပြောပြောဆိုဆို ဝင်ထိုင်လိုက်ပါသည်။

လက်ထဲတွင်လည်း စာအုပ်ကြီး တပွေ့တပိုက် ပါလာပါသည်။ အစ်ကိုဆရာဟု ခေါ်ရခြင်းမှာ ၎င်း၏အစ်ကိုနှင့် စာရေးသူတို့မှာ သူငယ်ချင်း သက်တူရွယ်တူများဖြစ်ကြပြီး ယခု သူ့အစ်ကိုမှာ လူ့လောကတွင် မရှိတော့ပါ။ နောက်ပြီး ဆရာဟု ခေါ်ရခြင်းမှာ ငယ်စဉ်က ထိုလူငယ်အား သိုင်းပညာ သင်ပေးခဲ့သော ဆရာဖြစ်ခဲ့ဖူး၍ အစ်ကိုဆရာဟု ခေါ်ခြင်း ဖြစ်ပါသည်။ မကြာခင်ကမှ တောင်ကိုရီးယားမှ အလုပ်လုပ်ပြီး ပြန်လာသူ ဖြစ်ပါသည်။

ထိုလူငယ်က 'အစ်ကိုဆရာကို ကျွန်တော်ဝယ်ထားတဲ့ လက္ခဏာဗေဒင်၊ တက်ကျမ်းစာအုပ်တွေနဲ့ လာကန်တော့တာပါ'ဟု ပြောပါသည်။

'အစ်ကိုဆရာ ရုံးခန်းမှာဆို ဧည့်သည်တွေနဲ့ စကားပြောရတာ မလွတ်လပ်တာနဲ့ အိမ်ကို မနက်စောစော လာခဲ့ရတာပါ အစ်ကိုဆရာ'ဟု ပြောပြပါသည်။

ထိုလူငယ်က စကားဆက်၍ '(၂၀၁၅)ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်က ရုပ်မြင်သတင်းမှာ ကြော်ငြာသွားတာ နိုင်ငံတော်အကြီးအကဲတွေနဲ့ အနိုင်ရပါတီခေါင်းဆောင်တို့ တွေ့ဆုံဆွေးနွေးကြမယ်လို့ သိရပါတယ် အစ်ကိုဆရာ'ဟု ပြောပါသည်။

ကျွန်ုပ်က စကားဖြတ်၍ 'နိုင်ငံတော်မှာ နိုင်ငံတော်အကြီးအကဲက တစ်ဦးတည်း ရှိပါတယ်။ ဒါကို နိုင်ငံတော် နေ့ကြီးရက်ကြီး အခမ်းအနားတွေမှာ MC လို့ခေါ်တဲ့ အခမ်းအနားမှူးက နိုင်ငံတော်အကြီးအကဲများ ကြွရောက်လာပြီဖြစ်၍ဟု ပြောလေ့ရှိကြပါတယ်။ အမှန်တော့ နိုင်ငံတော်မှာ နိုင်ငံတော်အကြီးအကဲက တစ်ယောက်တည်း ရှိပါတယ်'ဟု ရှင်းပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မဆလလက်ထက်တွင် မဆလပါတီဥက္ကဋ္ဌကြီးသည် နိုင်ငံတော်အကြီးအကဲ ဖြစ်ပါသည်။ နဝတ၊ နအဖ လက်ထက်တွင် တပ်ချုပ်ကြီးသည် နိုင်ငံတော်အကြီးအကဲ ဖြစ်ပါသည်။ ယခု အစိုးရ လက်ထက်တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲ ဖြစ်ပါသည်။ သို့ရာတွင် တပ်မတော်တွင် တပ်မတော်အကြီးအကဲသည် တပ်ချုပ်ကြီး ဖြစ်ပါသည်။ PROTOCOL (သံတမန်အချင်းချင်း ဆက်ဆံရာတွင်) H.E (His Excellency) ဟု ဝိဂြိုဟ်ပြုခေါ်လေ့ရှိပါသည်။ ယခုအခါ နိုင်ငံခြားတိုင်းပြည် အကြီးအကဲတွေနှင့် ဆက်ဆံရသော နိုင်ငံခြားဆက်ဆံရေးမူဝါဒတွင် နိုင်ငံအကြီးအကဲ(State Leader) ကို ဖော်ညွှန်းရာတွင် အဓိက အရေးပါသော နေရာတွင် ရှိပါသည်။

ထိုလူငယ်က သေချာစွာ နားစိုက်ထောင်ရင်း 'ဒါနဲ့ အစ်ကိုဆရာ ဘာဘာစာအုပ် ဖတ်နေတာလဲ' ဟု စူးစမ်းသော သဘောဖြင့် ပြောပါသည်။

'ဪ..ဒါလား ဘဘဆရာကြီးဦးသုခရဲ့ သုခမှတ်စုပါ။ သိလိုတဲ့ အကြောင်းအရာတွေကို မှတ်စုထုတ်ထားတော့ ရှာရလွယ်၊ မှတ်လို့ လွယ်တာပေါ့' ဟု ရှင်းပြလိုက်ပါသည်။

လူငယ်က 'အစ်ကိုဆရာရယ်..ဆရာကြီးဦးသုခက သူ့ရဲ့ စာအုပ်တိုင်းမှာ သုခိအတ္တာနံ ပရိဟရန္တုလို့ ရေးပြီး အဆုံးသတ်လေ့ရှိတယ်နော်' ဟု ပြောပါသည်။

ကျွန်ုပ်က 'ဒါတင်ဘယ်ကမလဲ၊ ဂမ္ဘီရဆရာကြီး မင်းသိင်္ခကလည်း သူ့ရဲ့ စာအဆုံးသတ်မှာ သဗ္ဗေသတ္တာ ကမ္မသကာလို့ အဆုံးသတ်လေ့ရှိပါတယ်' ဟု ရှင်းပြလိုက်ပါသည်။

'အဲဒါတွေက မေတ္တာပို့တာတွေပေါ့ကွာ' ဟု ကျွန်ုပ်က အတိုချုပ်စကားကို ဖြတ်လိုက်ပါသည်။

အိမ်ရှင်မ ချည့်ခံသော ကော်ဖီမုန့်တို့ဖြင့် လူငယ်အား 'မုန့်လည်းစား၊ ကော်ဖီလည်း သောက်ကွာ' ဟု လောကဝတ်ပြုလိုက်ပါသည်။

ထိုလူငယ်က ကော်ဖီကို တစ်ကျိုက်မော့သောက်ရင်း 'လူကြီးတွေတွေ့ရင် ဆွေးနွေးကြတာ အပြုသဘောဆောင်ရင် ပြည်သူတွေအတွက် ကောင်းတာပေါ့နော်' ဟု ဆက်၍ ပြောပါသည်။

ကျွန်ုပ်က 'နိုင်ငံရေးနှင့်ပတ်သက်လို့ အဲဒါက Positive Engagement (အပြုသဘောဆောင်ခြင်း)လို့ ခေါ်တယ်ကွ' ဟု ရှင်းပြပါသည်။


'ဒီလို အပြုသဘောဆောင်ဖို့ရာ GROUND လို့ အခြေခံအမြင်သဘောတရားတွေ တူဖို့ ဆိုတယ်ကွ။ အဓိက,ကတော့ကွာ မေတ္တာဖြင့် အောင်နိုင်ခြင်းပေါ့ကွာ' ဟု ရှင်းပြလိုက်ပါသည်။

လူငယ်က 'ဒါဆို မေတ္တာအပြန်အလှန်ရှိဖို့၊ အပြန်အလှန်ထားဖို့ကို အစ်ကိုဆရာရဲ့ ဂမ္ဘီရအမှုနဲ့ ကြိုတင်စီရင်လို့ မရဘူးလား။ စွမ်းဆောင်လို့ ရမလားဟင်' ဟု သွေးတိုးစမ်းသောသဘောဖြင့် ကျွန်ုပ်အား မေးခွန်းထုတ်လိုက်ပါသည်။

ထိုအခါ လူငယ်အား ဗဟုသုတအလို့ငှာလည်းကောင်း၊ ယခု Hot ဖြစ်နေသော (ရေပန်းစားနေသော) တွေ့ဆုံပွဲအကြောင်း မပြောခင် ဆရာကြီးဦးကျော်ရင် သင်ပေးခဲ့သော ဗြဟ္မာစိုရ်အင်းအကြောင်းကို ရှင်းပြလိုက်ပါသည်။

ရှေးသရောအခါက ဖြစ်ပါသည်။ တိုင်းပြည်အကြီးအကဲ ဘုရင်ထီးဘုရားကြီးသည် တောလည်ထွက်ရင်း လူစုကွဲကာ တောပုန်းကြီးများ၏ ဖမ်းဆီးခြင်းခံရပါသည်။ ထိုအကြောင်းကို အောင်းကင်အမြင်နက္ခတ် ကျွမ်းကျင်သော ပုဏ္ဏားကြီးက အိပ်နေသော သားဖြစ်သူအား 'သားရေ ထ..ထ၊ အခု ငါတို့ထီးဘုရားကြီး တိုင်းပြည်အရှင် သခင်ကြီးက ကံမကောင်းလှဘူးကွ။ အကျပ်အတည်း တွေ့နေတယ်။ နက္ခတ်တာရာတွေ ကြည့်ရတာ အပြောင်းအလဲတွေ ဖြစ်နေတယ်'

www.burmeseclassic.com



ဟု ပြောပါသည်။

သားဖြစ်သူကလည်း အိပ်ရာမှ လူးလဲထလာပြီး ဖခင်ပုဏ္ဏားကြီး လက်ညှိုးထိုးပြသော ကောင်းကင်အမြင်နက္ခတ်ကို မော့ကြည့်ရင်း 'ဒါဆို အဘ၊ သားတို့ ဘာလုပ်ရမှာလဲ။ သားတို့ သားအဖတွေက တောကြီးမျက်မည်းထဲ နေတာ။ နန်းတွင်းက မှူးမတ်တွေ၊ ပုဏ္ဏားတွေ၊ ပညာရှိတွေ ရိက္ခာစားသလို စားရတာလည်းမဟုတ်၊ ကိုယ့်ရိက္ခာကိုယ် စိုက်ပျိုးစားနေတာလေ' ဟု စောဒကတက်ရင်း ပြောပါသည်။

ထိုအခါ ပုဏ္ဏားကြီးက ညောင်ပင်ကြီးအောက်တွင် ကန်တော့ပွဲများ၊ ပန်း၊ ဆီမီး၊ သောက်တော်ရေများ ပြင်ဆင်ရင်း 'ဒီလိုရှိတယ် သားရဲ့၊ ထီးဘုရားကြီးရဲ့ ဘုန်းရှိန် ကံရှိန်ကြောင့်တို့ တိုင်းသူပြည်သားတွေ စည်ပင်ဝပြောစွာနဲ့ နေရတာလေ။ ဒါက ထီးဘုရားကြီးရဲ့ ကျေးဇူးပေါ့ကွယ်။ ကျေးဇူးသိမှ ကျေးဇူးရှိတာ သားရဲ့' ဟု ပြောပြောဆိုဆို မန္တန်များကို ရွတ်ဖတ်နေပါသည်။

ဆီမီးခွက်တွင်ထည့်၍ စီရင်သောအင်းမှာ ဗြဟ္မာစိုရ် မေတ္တာလေးပါးအင်းဟု ဆရာကြီး ဦးကျော်ရင် ပြောပြချက်အရ သိရပါသည်။

ထိုသို့ စီရင်နေစဉ် အဖမ်းခံနေရသော ဘုရင်ကြီးအား တောပုန်းကြီး၏ တပည့်တစ်ယောက်မှ သနားကာ မေတ္တာဖြင့် ကြိုးကို ဖြေပေးလိုက်၍ လွတ်လာပါသည်။ ဘုရင်ကြီးလည်း ခြေဦးတည့်ရာ ပြေးလာရာ မီးလှဲ့လှဲ့မြင်သော တဲနှင့် မနီးမဝေး ညောင်ပင်ကြီးနားရောက်ပြီး ပုဏ္ဏားသားအဖနှင့် တွေ့ပါသည်။ သိပ်မကြာလိုက်ပါ၊ မြင်းခွာသံ ကြားသဖြင့် ပုဏ္ဏားကြီးက ဘုရင်ကြီးအား ဘုရင်မှန်း မသိသော်လည်း သူတစ်ပါးအသက်ကို ကယ်လိုသောစိတ်ဖြင့် ကန်တော့ပွဲစင်အောက်တွင် ဝှက်ထားလိုက်ပါသည်။ တောပုန်းကြီးများ စီးလာသော မြင်းစီးအဖွဲ့ လွန်သွားမှ ထမင်းဆာနေသော ဘုရင်ကြီးအား အစားအသောက် သီးနှံများကျွေးပြီး လမ်းပြ၍ လွှတ်လိုက်ပါသည်။ သို့သော် ပုဏ္ဏားကြီး သားအဖသည် ဘုရင်ကြီးမှန်း မသိရှာကြပါ။

နန်းတော်သို့ ပြန်ရောက်သောအခါ ညီလာခံခေါ်ပြီး တောတွင်းအဖြစ်အပျက်နှင့် ပုဏ္ဏားသားအဖအကြောင်းကို ပြော၍ ကျေးဇူးသိတတ်သော ပုဏ္ဏားကြီးနှင့် သားတို့သည် ဘုရင်ထီးဘုရားကြီး၏ ရိက္ခာကို မရစေကာမူ ထီးဘုရားကြီး အသက်ကို ကယ်တင်ခဲ့သော ကျေးဇူးရှင်များဖြစ်၍ နန်းတွင်းသို့ ခေါ်ယူစေ၍ သူကောင်းပြုရန် မှူးကြီးမတ်ရာတို့အား ညွှန်ကြားလိုက်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ယ | အ | စ္စ | အ | ဟော | နံ | ဟာ |
| မှ | ပ | ထာ | တ္တာ | ရိ | ဝေ | ဿ |
| ခိ | ဿ | က္ခာ | ဗ္ဗာ | သ | ရ | ပ |
| ဗျာ | လ | က | နံ | ဒု | အ | ရာ |
| ဿ | သု | ဂ | ဒ္ဓ | ကာ | ပ္ပ | ဿ |
| ဝိ | အ | ဟော | မ္မ | တော | ဟော | နိ |
| ဿ | ဋ္ဌ | မာ | ဿ | ဃာ | ဿ | တ္တိ |

ဗြဟ္မာစိုရ်မေတ္တာလေးပါးအင်း (မီးထွန်းအင်း)

ထိုအကြောင်း ရှင်းပြပြီး ကျွန်ုပ်က 'အခုလည်း ငါတို့တစ်တွေက တိုင်းပြည်ရဲ့ ရိက္ခာ၊ လစာ၊ ပင်စင်၊ ထောက်ပံ့ကြေးတွေ မစားရသော်ငြားလည်း ကျေးဇူးသိတတ်သူ တစ်ယောက်အနေနဲ့ (၂၀၁၅)ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့မှာ တွေ့ဆုံပွဲ အောင်မြင်ရေးအတွက် မင်းပြောတဲ့ ဆရာ့ရဲ့ ဂမ္ဘီရ အစွမ်းနဲ့ မေတ္တာပို့ ဆုတောင်းကြတာပေါ့ကွာ။ ဆိုင်ရာ ဂြိုဟ်ထောင့်တွေမှာ မေတ္တာပို့ ဆုတောင်းပြီး ကာယကံရှင်တွေရဲ့ ကိုယ်စောင့်နတ်တွေကို မေတ္တာပို့ကြရအောင်' ဟု ရှင်းပြလိုက်ပါသည်။

'ကျိုက္ကဆံဘုရားမှာ ပုဏ္ဏားကြီး သားအဖလို ဆုတောင်းကြတာပေါ့ကွာ' ဟု ပြောလိုက်ပါသည်။

(နံ) နေရာတွင် ကာယကံရှင်၏မွေးနံ ထည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**အင်းဆံဂါထာ**

*ဥုံ··အဝေရာ ဟောန္တု*
*အဗျာပဇ္ဈာဟောန္တု*
*အနီဃာဟောန္တု*
*သုခီအတ္တာနံ ပရိဟရန္တု*
*ဒုက္ခာမုစ္စန္တု ယထာလဒ္ဒ*
*သမ္ပတ္တိတော မာဝိဂစ္ဆန္တု*
*ကမ္မဿကာ။*

**မြန်မာပြန် အနက်အဓိပ္ပာယ်မှာ-**

အဝေရာ-ကိုယ်တွင်း,ကိုယ်ပ နှစ်ဌာနတို့၌ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဈာ-စိုးရိမ်နှောင့်၍ ကြောင့်ကြခြင်း၊ တောင့်တခြင်း မရှိကြ ကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။ အနီဃာ-ဆင်းရဲငြိုငြင်ခြင်း၊ ပင်ပန်းခြင်း၊ ဘေးဒုက္ခ မရှိကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။ သုခီ-ကိုယ်,စိတ်နှစ်ပါး ချမ်းသာစွာ၊ အတ္တာနံ-မိမိကိုယ်ကို၊ ပရိဟရန္တု-သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။ ဒုက္ခာ-ဆင်းရဲ ခြင်းအပေါင်းမှလည်းကောင်း၊ သံသရာတည်းဟူသော ဒုက္ခဝဋ်ဆင်းရဲအပေါင်းမှ၊ မုစ္စန္တု-မပျောက် မပျက် အမြဲမသွေ တည်ကြပါစေကုန်သတည်း။ ယထာလဒ္ဒသမ္ပတ္တိတော-အကြင်,အကြင် ရမြဲ တိုင်းသော စည်းစိမ်ဥစ္စာ ရတနာရွှေငွေအပေါင်းတို့သည်၊ မာဝိဂစ္ဆန္တု-မပျောက်မပျက် အမြဲမသွေ တည်ရှိစေကြပါကုန်သတည်း၊ ကမ္မဿကာ-ရှေးခါခုပြု ကောင်းမှု,မကောင်းမှု အကြောင်းနှစ်ဖြာ ကံသာလျှင် မိမိဥစ္စာ ရှိကြကုန်သည် ဖြစ်ပါစေသတည်း။

အထက်ပါအင်းကို တွေ့ဆုံဆွေးနွေးမည့် ကာယကံရှင်များ၏ မွေးနံထောင့်တွင် ဖယောင်းတိုင်၌ပတ်၍ ထွန်းပါ။ အချင်းချင်း အပြန်အလှန် မေတ္တာထား(Mutual Benefit) ၍ အကျိုးရှိစွာ ဆွေးနွေးခြင်းဖြင့် ရလဒ်ကောင်းများ ရရှိနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သော နိုင်ငံခေါင်းဆောင်ကောင်း ပေါ်ထွက်လာနိုင်မည် ဖြစ်ပါသည်။

ဒါမျှမကပါ။ အလုပ်ကိစ္စ အင်တာဗျူး(Interview)၊ သင်္ဘောသားများ သင်္ဘောတက်ရန် စောင့်ဆိုင်းနေစဉ် အေးဂျင့်(Agent) လိုင်း(ကုမ္ပဏီ)မှသော်လည်းကောင်း အမြန်ဆုံး ခေါ်ယူနိုင်ရန် စီရင်နိုင်ပါသည်။ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း(D.E) ခုံဖွဲ့စစ်ခြင်း ခံသူများလည်း အမှန်တရား ပေါ်လွင်နိုင်စေပါသည်။

ထိုမျှမကသေး အမှုရင်ဆိုင်နေရသောသူများက တရားသူကြီးက မျှတသော တရားစီရင်ခြင်းကို ရရှိနိုင်ပါသည်။ တရားမအမွေမှုတွင် တရားမျှတစွာ အမွေခွဲဝေ ခံစားရမည် ဖြစ်ပါသည်။

ဖော်ပြပါ ဗြဟ္မာစိုရ်အင်းအား စီရင်ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်အကျိုး၊ မိမိအကျိုး ကောင်းမွန်စွာ ခံစားရရှိနိုင်ကြပါစေရန် ကောင်းမြတ်သော စေတနာဖြင့် ဖော်ညွှန်းရေးသားလိုက်ပါသည်။

မေတ္တာရည်၍
ပုရောဟိတ် ဆရာဦးမြတ်စံ
ဖုန်း - ၀၉ ၅၁ ၇၆၆၄၆




www.burmeseclassic.com

www.burmeseclassic.com

# ပုတီးလက်ဆောင် အကြံအောင်

## ပုရောဟိတ် ဆရာဦးမြတ်စံ



(၂၀၁၆) ဇန်နဝါရီလ (၁)ရက် နှစ်သစ်ကူးနေ့ဖြစ်ပါသည်။ ခါတိုင်းထက် စောစောထကာ ဘုရားဝတ်ပြုခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းကို အရင်ဦးစားပေးလိုက်ပါသည်။ မိတ်ဆွေတစ်ယောက်၏ အကူအညီပေးမှုဖြင့် FORD DOUBLE CAB ကားသည် လေဟုန်စီးသကဲ့သို့ သန်လျင်-ကျောက်တန်း ကားလမ်းပေါ်တွင် ပါဒကြီးသို့ ဦးတည်နေပါသည်။ ကားပေါ်တွင် စာရေးသူအပါအဝင် လူ(၅)ဦးက ဓမ္မမိတ်ဆွေများဖြစ်ကြပါသည်။

ပါဒကြီးရောက်လျှင် ညာဘက်သို့ ချိုးဝင်ပြီး ကျိုက္ကမော့တောင်သို့ ဆက်လက်မောင်းနှင်လာပါသည်။ တောင်ခြေတွင်ရှိသော ဘုန်းကြီးကျောင်းသို့ဝင်၍ ဆရာတော်အား ဖူးမြော်ကာ ရန်ကုန်မှ ဝယ်လာသော မုန့်ပုံး၊ မုန့်ဘူးများဖြင့် ကန်တော့ကြပါသည်။

ဆရာတော်ကမင် ပေးနေကျဆု ပေးပြီးသောအခါ စာရေးသူဘက်လှည့်ကာ 'ဒကာမြတ်စံက ဗားမဲ့ဂူကို အဓိဋ္ဌာန်ဝင်ဖို့ လာတာမဟုတ်လား၊ အခြားဘာများ လျှောက်စရာ ရှိပါသေးလဲ' ဟု မိန့်ပါသည်။

ထိုအခါ စာရေးသူက 'တပည့်တော်က ကျိုက္ကမော့တောင်ဘုရားကို ရောက်ရင် ဆောင်ရွက်နေကျ နိမ္မိတရုံဘုရားရယ်၊ ဗားမဲ့ဂူမှာ အမြဲကန်တော့ပွဲထိုး အဓိဋ္ဌာန်ဝင်လေ့ရှိပါတယ်ဘုရား။ ဒါကြောင့် ရန်ကုန်က အမွေးတိုင်၊ အလင်းတိုင်၊ အောင်သပြေပန်းတွေ တစ်ခါတည်း ဝယ်လာပါတယ်ဘုရား' ဟု ဆရာတော်အား လျှောက်တင်လိုက်ပါသည်။

ဆရာတော်ဘုရားက 'ဒါဆို ဒကာမြတ်စံ အဓိဋ္ဌာန်ကိစ္စ ဆက်ဆောင်ရွက်ပေတော့။ ဘုန်းကြီးလည်းကျောင်း ဝေယျာဝစ္စတွေ လုပ်လိုက်ဦးမယ်' ဟု ပြောပြောဆိုဆို ကျောင်းသန့်ရှင်းရေးလုပ်ရန် ထသွားပါတော့သည်။

ကျိုက္ကမော့ဘုရား ရင်ပြင်တော်ပေါ်ရောက်လျှင် ရင်ပြင်တော်ပေါ်တွင် ရှိသော ဒေသခံ ဉပါသကာများ၊ ဓမ္မမိတ်ဆွေများက 'ဆရာကြီး ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ရောက်တာ အတော်ကြာနေပြီနော်၊ နေမှကောင်းရဲ့လား' အစရှိသော ပဋိသန္ဓာရစကားတို့ဖြင့် ခရီးဦးကြိုပြုကြပါသည်။

ဘုရားဝေယျာဝစ္စ ဆောင်ရွက်ပေးလေ့ရှိသော သူ တစ်ဦးကို အကူညီတောင်း၍ ပါလာသော သပြေပန်းကို ရေဆေးသန့်စင်စေပြီး ဘုရားရင်ပြင်တော်ပေါ်ရှိ ညောင်ရေ အိုးများတွင် ပူဇော်စေပါသည်။ အဓိဋ္ဌာန်ပွဲ(၂)ပွဲဝယ်၍ မိဖုရားရှပ်ပွားတော် တန်ဆောင်းတွင် တစ်ပွဲ၊ ဗားမဲ့ ဝိဇ္ဇာ ဂူတွင် တစ်ပွဲ ပူဇော်ပါသည်။

စာရေးသူ အလုပ်များနေစဉ် အတူပါလာသော ဓမ္မ မိတ်ဆွေက 'ဆရာဗားမဲ့ဂူက လူအရောက်အပေါက် နည်း သလား မသိဘူး သစ်ပင်၊ နွယ်ပင်၊ ချုံတွေနဲ့ အုံ့ဆိုင်း နေပါတယ်။ သတိနဲ့ သွားနော်' ဟူ၍ ကြိုတင်သတိပေး ထားပါသည်။

ဆရာတော်မှလည်း ယခုအခါ အုတ်ဖုတ်လုပ်ငန်းတွေ ရှိတော့ ထင်းအတွက် သစ်ခုတ်တဲ့သူတွေ မရှိသလောက် ဖြစ်သွားတယ်။ ဒါကြောင့် သဘာဝပတ်ဝန်းကျင်က မြန်မြန်စိမ်းလန်းစိုပြည်လာတာပါဟု မိန့်ခဲ့ဖူးပါသည်။

ဗားမဲ့ဝိဇ္ဇာဂူသို့ သတ္တိကြီးစွာဖြင့် ရင်ပြင်တော် လှေ ကားမှ ဆင်းသွားပြီး ကန်တော့ပွဲကို ပူဇော်လိုက်ပါသည်။ သိပ်မကြာလိုက်ပါ၊ ဘုရားရှိခိုးနေစဉ်အတွင်း ရဟန်း တစ်ပါး သင်္ကန်းခြုံ၍ ရောက်လာပါသည်။ စာရေးသူ ကတော့ အဓိဋ္ဌာန်မပျက်၊ ဘုရားရှိခိုး၊ ဂါထာရွတ်၊ ပုတီး စိပ် ပြုလုပ်နေပါသော်လည်း မိမိစိတ်က မလုံဖြစ်နေပါ သည်။ လူသူအရောက်အပေါက်နည်းသော ဗားမဲ့ဝိဇ္ဇာဂူ တွင် သူတော်စင်များမဟုတ်ဘဲ သူတော်မဟုတ် သူယုတ် မာများက မိမိအသက်အန္တရာယ် ပြုသွားမလားဟူသော စိုးရိမ်စိတ်က ဖြစ်ပေါ်နေပါသည်။

ဆီမီးနံ့သာတိုင် ပူဇော်နေသော ရဟန်းက 'ဒကာ·· စိတ်ထဲမှာ ဘာမှတွေးပူမနေနဲ့။ ဒကာ ဒီကိုလာတာ အဓိ ဋ္ဌာန်ဝင်ဖို့ မဟုတ်လား။ အာရုံတွေ မပြားနဲ့လေ။ ပုတီး စိပ်စရာရှိတာ စိပ်ပေါ့။ အာရုံလည်း မပြားနဲ့၊ အာရုံလည်း မများနဲ့၊ ပုတီးလည်း မများနဲ့လေ။ ဒကာကို အဘဘိုးထွန်း လှိုင် မှာသွားတာတွေ မေ့နေပြီလား၊ ဘုန်းကြီးနဲ့ ဘိုးထွန်း လှိုင် ဒီဂူမှာ အတူအဓိဋ္ဌာန်ဝင်ခဲ့တာ။ ဒါကြောင့် ဒကာက ဘိုးထွန်းလှိုင် တပည့်မို့လို့ အခု ကျုပ်က တွေ့ရအောင်ရယ်၊ စောင့်ရှောက်ရအောင်ရယ် ကြွလာခဲ့တာပါ' ဟု မိန့်ပါသည်။

ထိုအခါကျမှ စာရေးသူလည်း ဟင်းချနိုင်ပါတော့ သည်။ အဘဘိုးထွန်းလှိုင် ညောင်တုန်းဓာတ်စခန်းတွင် မိန့်မှာခဲ့သော စကားမှာ 'မောင်ကျော်ရင်နဲ့ (ဆရာကြီး ရန်ကုန်ကျော်ရင်) တပည့်တွေကို မှာလိုက်တယ်၊ ဗေဒင် ဆရာ လုပ်မယ့်သူတွေက အာရုံမပြားရဘူး၊ အာရုံမများ ရဘူး၊ ပုတီးမများရဘူးကွယ့်' ဟု မိန့်ခဲ့ဖူးပါသည်။

စာရေးသူက အထွန့်တက်၍ 'ပုတီးမများရဘူး ဆိုတာ ပုတီးအများကြီး မစိပ်ရတာလားဘုရား' ဟု လျှောက်တင်လိုက်ရာ အဘမှ ဆေးတံကိုခဲပြီး တရှိုက်ဖွာ ကာ ဆေးတံကို သေးချ၍ 'မှတ်ထား ဟကောင်ရ၊ ပုတီးမများရဘူးဆိုတာ ဟိုပုတီး ဒီပုတီးက ကောင်း တယ်။ ဘယ်ဆရာက စီရင်ပေးတာ ဓာတ်ပုတီး၊ သိမ်ဝင် ပုတီး၊ ရွှေပုတီး၊ ငွေပုတီးတွေနဲ့ ပုတီးရွေးနေရတာနဲ့ အချိန် ကုန်နေတာကို ပြောတာကွ' ဟု မိန့်ပါသည်။

ယခုလည်း ဗားမဲ့ဝိဇ္ဇာဂူတွင် ဆုံတွေ့နေရသော ရဟန်းမှာ အဘဘိုးထွန်းလှိုင်ကဲ့သို့ပင် ပုတီးမများရန် ထပ်မိန့်နေပါသည်။ နောက်ပြီး စာရေးသူ လာမယ်မှန်း သိ၍ ကြိုစောင့် ကြိုရောက်နေသည်ဟု မိန့်ခဲ့ရာ ထူးသည့် ပုဂ္ဂိုလ်ဟု ထင်ပါသည်။ ဘာပဲပြောပြော 'ပုဂ္ဂိုလ်ထူးနှင့် တွေ့မှတော့ ဆုံတုန်း ကြုံခိုက် သိလိုသောကိစ္စ လျှောက် လိုသော အကြောင်းအရာကို လျှောက်တင်မှဟု တွေး၍ လျှောက်မည်ဟု ကြံရွယ်လိုက်ပါသည်။

ထိုအခါ ရဟန်းက 'ဒကာ··ဘာမှ လျှောက်မနေနဲ့၊ မေးမနေနဲ့။ ဒကာ မေးမယ့်ဟာ ဘုန်းကြီးသိတယ်။ အဘ ဘိုးထွန်းလှိုင် ညွှန်ကြားချက်ထဲမှာ ပုတီးမများနဲ့ဆိုတော့ ဘယ်ပုတီးကို စိပ်ရမလဲ၊ ဘယ်လိုစီရင်ရမလဲဆိုတာ သိ ချင်နေတာမဟုတ်လား။ ဘုန်းကြီးပြောတာ လိုက်မှတ်' ဟု ဆိုကာ အောက်ပါအတိုင်း ပုတီးစီရင်နည်းကို ပြောပါ သည်။

ကျိုက္ကမော့တောင် ဗားမဲ့ဝိဇ္ဇာဂူတွင် တွေ့ခဲ့သော ရဟန်းတစ်ပါးမှ (၇)နေ့သားသမီး စီရင်ရမည့် ပုတီးအစီ အရင်ကို အောက်ပါအတိုင်း ဖော်ပြပါသည်။

အထက်ပါပုတီးကို စီရင်ပြီးသောအခါ မိမိဆန္ဒရှိရာ ပုတီးစိပ်ကို စွဲမြဲစွာ (ထုံ)စိပ်ပါ။ ဥပမာ-ပုတီးပတ်ရေ (၁)သောင်း၊ (၁)သိန်း စသည်ဖြင့် နေ့စဉ် (၉)ပတ်၊



www.burmeseclassic.com

www.burmeseclassic.com

| နေ့သား | ပင်လယ်ကူး | စေတီခေါင်း | ပုတီးအသား |
|---|---|---|---|
| တနင်္ဂနွေ | ဒန်းကြီး/ထောက်ကြံ့ | ထိမ်သား(အင္ဂွေ) | အုန်းသား၊ အင်သား |
| တနင်္လာ | သြဇာ | ပေါက်သား(ဂမ္ဘွေ) | ကံ့ကော် |
| အင်္ဂါ | ခရေ | ပေါက်သား(စိန်ပန်း) | ဆီးသား |
| ဗုဒ္ဓဟူး | စိန်ပန်း | ထိမ်သား(ဒန်းလှ) | လင်းလွန်း |
| ကြာသပတေး | လောက်သေ | ကျွန်း(ဂမ္ဘွေ) | ပေါက်သား |
| သောကြာ | ဝိတောက် | အင်(ဦးသာ) | သီဟိုဠ် |
| စနေ | သစ်အယ် | အင်(အင္ဂွေ) | ထိမ်/ထန်း |

**စေတီခေါင်းတွင် စီရင်ထားသော နံတွဲအသားများ**

ဓာတ်မိတ်- အင္ဂွေ ဂမ္ဘွေ စရေ ဝံသေ

အိမ်ထောင်မိတ်- ဦးသာ စိန်ပန်း ဒန်းလှ ကိုရှာ

အမြစ် အညွန့်- ပင်လယ်ကူးတွင် စီရင်သားသော ဓာတ်သားအတွဲများ ဖြစ်ပါသည်။

(၁၈)ပတ်၊ (၂၇)ပတ်စသည်ဖြင့် စိပ်ပါ။ ရက်ကြာသောင်း လာသည်နှင့်အမျှ ပုတီးပတ်ရေ သောင်းဂဏန်း၊ သိန်းဂဏန်း ရလာမည်။

၁။ ပုတီးမစိပ်မီ ပရိကံပြုထားသင့်ပါသည်။ ဥပမာ- ကိုယ်လက်သန့်စင်ခြင်း၊ လျှော်ဖွပ်ထားသော အဝတ်အစားများကို ဝတ်ဆင်ခြင်း၊ မိုက်ဆာတတ်ပါက အစာရေစာ စားသောက်ခြင်း၊ အပေါ့၊အလေး ကြိုတင်စွန့်ထားခြင်းတို့ ဖြစ်ပါသည်။

၂။ တိတ်ဆိတ်ငြိမ်သက်ပြီး အာရုံမပြားစေသော နေရာ ဖြစ်ခြင်း၊ ပတ်ဝန်းကျင်မှ ဆူညံသံအနှောင့်အယှက် ကင်း ရပါမည်။

၃။ မှက်၊ ခြင်၊ ယင် ကင်းအောင် စီမံထားရပါမည်။ ဥပမာ-တရားထိုင်ခြင်ထောင်၊ လေဝင်လေထွက်ကောင်း သဖြင့် ခြင်၊ ယင်၊ အနံ့များ ကင်းစင်ရပါမည်။

၄။ ဘုရားရှိခိုး၊ ငါးပါးသီလခံယူခြင်း၊ အနန္တောအနန္တ ငါးပါးကို မိမိ၏ ရှိပ်နှင့်နာမ်(၂)ပါးကို လျှပြီးမှ ပုတီးစိပ် သင့်ပါသည်။

၅။ ထိုသို့ ပုတီးစိပ်ခြင်းမပြုမီ မိမိနှင့်အတူ သူတော် စင် သူတော်မြတ်များ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၊ ဝိဇ္ဇာမိုရ်များ၊ ဆရာတော်၊ သမားတော်များကို ပင့်ဖိတ်၍ တရားအားထုတ်နိုင်ရန် ပင့်ဖိတ်ပါ။

၆။ ပုတီးစိပ်ခြင်းကိစ္စ အဓိဋ္ဌာန်ပြီးမြောက်ပါက ပင့်ဖိတ် ထားသော ပုဂ္ဂိုလ်များကို ပြန်၍ကြွလှမ်းနိုင်ရန် မေတ္တာ ရပ်ခံပါ။

၇။ ပြုသမျှကုသိုလ်အတွက် အမျှဝေခြင်း ဆောင်ရွက် ပါ။။

ရဟန်းတော်ကြီး အမိန့်ရှိသမျှကို လိုက်မှတ်ပြီးသော အခါ စာရေးသူက 'အရှင်ဘုရားကို အဘဘိုးထွန်းလှိုင် ကဲ့သို့ ဆရာအဖြစ် မှတ်တင်၍ တပည့်တော်မှ တပည့် အဖြစ် ခံယူပါသည်။ တပည့်အဖြစ် သတ်မှတ်ပါဘုရား ဟု လျှောက်တင်ပါသည်။ အရှင်ဘုရားနဲ့ နောက်ဘယ် တော့မှ ဘယ်နေရာမှာ ပြန်ဆုံခွင့်ရှိပါသလဲ မိန့်ပါ' ဟု လျှောက်ထားလိုက်ပါသည်။

ဆရာတော်က 'ဒကာ တင်သလို ဘိုးထွန်းလှိုင်လို တင်ချင်ရင် တင်နိုင်ပါတယ်။ လာမယ့် တပေါင်းလပြည့် နေ့မှာ ကိုးထပ်ကြီးဘုရားက ဗားမဲ့ဂူမှာ ဆုံကြတာပေါ့။ လိုအပ်တဲ့ ပညာတွေ ထပ်ပေးရတာပေါ့ကွယ်' ဟု ပြော ပြောဆိုဆိုဖြင့် ဗားမဲ့ဂူ၏နောက် သစ်တောအတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားပါတော့သည်။

မေတ္တာရည်၍
**ပုရောဟိတ် ဆရာဦးမြင့်စိုး**
ဖုန်း - ၀၉ ၅၁ ၇၆၆၄၆



www.burmeseclassic.com

www.burmeseclassic.com





တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၇၇၅၂

# မြတ်ပန်းပွင့်

## ကလေးအားဖောရအားဆေး

ကလေးများ အားအင်ပြည့်ဖြိုး၍ စိတ်ရွှင်လန်းစေခြင်း
အစာစားချင်စိတ်ကို ဖြစ်ပေါ်စေ၍ အစာကြေလွယ်ခြင်း
နှစ်ခြိုက်စွာအိပ်ပျော်စေ၍ ဖွံ့ဖြိုးကြီးထွားမှုကိုဖြစ်စေခြင်း
ဖျတ်လတ်တက်ကြွ၍ ထူးချွန်ထက်မြက်စေခြင်း




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၁၀၀၆YR၀၄၇၇၀

# မြတ်ပန်းပွင့်

## သွေးတိုး၊ နှလုံးသွေးကြောကျဉ်းသောက်ဆေး

သွေးတိုး နှလုံးသွေးကြောကျဉ်းခြင်း၊ အသဲအဆီဖုံးခြင်း၊
ရင်ဘတ်-ကျောတင်းခြင်း၊ အောင့်ခြင်း၊ အဝလွန်ခြင်း၊
ခေါင်းအုံ့/လေးခြင်း၊ မျက်နှာအမ်းခြင်း၊ ဆီးချို-သွေးချိုဖြစ်ခြင်း၊
မီးယပ်ထိန်ငုပ်ခြင်း၊ မူးမော်ခြင်းများအတွက် အထူးကောင်းမွန်သော
ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
၀၉၀၅Y၆၃၉၄



# စော်ဘွား

## အကြောပြေလိမ်းဆေး

အဆစ်အမြစ်ရောင်ခြင်း၊ လေးဘက်နာရောဂါ၊ ခါးနာ၊
အကြောတင်၊ အကြောလွဲခြင်း၊ ပခုံးကပ်၊ ဇက်ကြောတက်၊
မူးဝေခြင်း၊ ကြွက်တက်ခြင်း၊ ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ခြင်း
စသည့်ဝေဒနာများ ခံစားနေရပါက မိမိလိမ်းလိုသောနေရာတွင်
၎င်းဆေးကို အသားထဲသို့ စိမ့်ဝင်သွားအောင် နာနာပွတ်လိမ်းပါက
အချိန်အနည်းငယ်အတွင်း သက်သာပျောက်ကင်းစေပါသည်။

မြတ်ပန်းပွင့်ဆေးတိုက်၊ အမှတ် (၈၃)၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ - (၀၁) ၂၂၇၃၆၈


www.burmeseclassic.com

www.burmeseclassic.com

# [၂၀၁၆]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း၊ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နက္ခရွှတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရိယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇ံ ၃၂')၊ မြောက်လတ္တီတွဒ်(၁၆ံ ၂၁')ကို အခြေခံကာ လ၊အလိုက် နေထွက်၊နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ်သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀ - ၈:၄၀ | မကာရ |
| ၈:၄၀ - ၁၀:၄၀ | ကုမ် |
| ၁၀:၄၀ - ၁၂:၄၀ | မိန် |
| ၁၂:၄၀ - ၁၄:၄၀ | မိဿ |
| ၁၄:၄၀ - ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀ - ၁၈:၄၀ | မေထုန် |
| ၁၈:၄၀ - ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀ - ၂၂:၄၀ | သိဟ် |
| ၂၂:၄၀ - ၂၄:၄၀ | ကန် |
| ၂၄:၄၀ - ၂:၄၀ | တူ |
| ၂:၄၀ - ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀ - ၆:၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၄၀ - ၈:၄၀ | မကာရ |
| ၈:၄၀ - ၁၀:၄၀ | ကုမ် |
| ၁၀:၄၀ - ၁၂:၄၀ | မိန် |
| ၁၂:၄၀ - ၁၄:၄၀ | မိဿ |
| ၁၄:၄၀ - ၁၆:၄၀ | ပြိဿ |
| ၁၆:၄၀ - ၁၈:၄၀ | မေထုန် |
| ၁၈:၄၀ - ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀ - ၂၂:၄၀ | သိဟ် |
| ၂၂:၄၀ - ၂၄:၄၀ | ကန် |
| ၂၄:၄၀ - ၂:၄၀ | တူ |
| ၂:၄၀ - ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀ - ၆:၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆:၁၀ - ၈:၁၀ | မိန် |
| ၈:၁၀ - ၁၀:၁၀ | မိဿ |
| ၁၀:၁၀ - ၁၂:၁၀ | ပြိဿ |
| ၁၂:၁၀ - ၁၄:၁၀ | မေထုန် |
| ၁၄:၁၀ - ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀ - ၁၈:၁၀ | သိဟ် |
| ၁၈:၁၀ - ၂၀:၁၀ | ကန် |
| ၂၀:၁၀ - ၂၂:၁၀ | တူ |
| ၂၂:၁၀ - ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀ - ၂:၁၀ | ဓနု |
| ၂:၁၀ - ၄:၁၀ | မကာရ |
| ၄:၁၀ - ၆:၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅:၄၅ - ၀၇:၄၅ | မိဿ |
| ၀၇:၄၅ - ၀၉:၄၅ | ပြိဿ |
| ၀၉:၄၅ - ၁၁:၄၅ | မေထုန် |
| ၁၁:၄၅ - ၁၃:၄၅ | ကရကဋ် |
| ၁၃:၄၅ - ၁၅:၄၅ | သိဟ် |
| ၁၅:၄၅ - ၁၇:၄၅ | ကန် |
| ၁၇:၄၅ - ၁၉:၄၅ | တူ |
| ၁၉:၄၅ - ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅ - ၂၃:၄၅ | ဓနု |
| ၂၃:၄၅ - ၀၁:၄၅ | မကာရ |
| ၀၁:၄၅ - ၀၃:၄၅ | ကုမ် |
| ၀၃:၄၅ - ၀၅:၄၅ | မိန် |

www.burmeseclassic.com

www.burmeseclassic.com

**မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၅ - ၇:၂၅ | ပြိဿ |
| ၇:၂၅ - ၉:၂၅ | မေထုန် |
| ၉:၂၅ - ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅ - ၁၃:၂၅ | သိဟ် |
| ၁၃:၂၅ - ၁၅:၂၅ | ကန် |
| ၁၅:၂၅ - ၁၇:၂၅ | တူ |
| ၁၇:၂၅ - ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅ - ၂၁:၂၅ | ဓနု |
| ၂၁:၂၅ - ၂၃:၂၅ | မကာရ |
| ၂၃:၂၅ - ၁:၂၅ | ကုမ် |
| ၁:၂၅ - ၃:၂၅ | မိန် |
| ၃:၂၅ - ၅:၂၅ | မိဿ |

**ဇွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၅:၂၀ - ၇:၂၀ | မေထုန် |
| ၇:၂၀ - ၉:၂၀ | ကရကဋ်, |
| ၉:၂၀ - ၁၁:၂၀ | သိဟ် |
| ၁၁:၂၀ - ၁၃:၂၀ | ကန် |
| ၁၃:၂၀ - ၁၅:၂၀ | တူ |
| ၁၅:၂၀ - ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀ - ၁၉:၂၀ | ဓနု |
| ၁၉:၂၀ - ၂၁:၂၀ | မကာရ |
| ၂၁:၂၀ - ၂၃:၂၀ | ကုမ် |
| ၂၃:၂၀ - ၁:၂၀ | မိန် |
| ၁:၂၀ - ၃:၂၀ | မိဿ |
| ၃:၂၀ - ၅:၂၀ | ပြိဿ |

**ဇူလိုင် (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၅:၃၀ - ၇:၃၀ | ကရကဋ် |
| ၇:၃၀ - ၉:၃၀ | သိဟ် |
| ၉:၃၀ - ၁၁:၃၀ | ကန် |
| ၁၁:၃၀ - ၁၃:၃၀ | တူ |
| ၁၃:၃၀ - ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀ - ၁၇:၃၀ | ဓနု |
| ၁၇:၃၀ - ၁၉:၃၀ | မကာရ |
| ၁၉:၃၀ - ၂၁:၃၀ | ကုမ် |
| ၂၁:၃၀ - ၂၃:၃၀ | မိန် |
| ၂၃:၃၀ - ၁:၃၀ | မိဿ |
| ၁:၃၀ - ၃:၃၀ | ပြိဿ |
| ၃:၃၀ - ၅:၃၀ | မေထုန် |

**ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၅:၄၀ - ၇:၄၀ | သိဟ် |
| ၇:၄၀ - ၉:၄၀ | ကန် |
| ၉:၄၀ - ၁၁:၄၀ | တူ |
| ၁၁:၄၀ - ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀ - ၁၅:၄၀ | ဓနု |
| ၁၅:၄၀ - ၁၇:၄၀ | မကာရ |
| ၁၇:၄၀ - ၁၉:၄၀ | ကုမ် |
| ၁၉:၄၀ - ၂၁:၄၀ | မိန် |
| ၂၁:၄၀ - ၂၃:၄၀ | မိဿ |
| ၂၃:၄၀ - ၁:၄၀ | ပြိဿ |
| ၁:၄၀ - ၃:၄၀ | မေထုန် |
| ၃:၄၀ - ၅:၄၀ | ကရကဋ် |

**စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၀ - ၇:၅၀ | ကန် |
| ၇:၅၀ - ၉:၅၀ | တူ |
| ၉:၅၀ - ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀ - ၁၃:၅၀ | ဓနု |
| ၁၃:၅၀ - ၁၅:၅၀ | မကာရ |
| ၁၅:၅၀ - ၁၇:၅၀ | ကုမ် |
| ၁၇:၅၀ - ၁၉:၅၀ | မိန် |
| ၁၉:၅၀ - ၂၁:၅၀ | မိဿ |
| ၂၁:၅၀ - ၂၃:၅၀ | ပြိဿ |
| ၂၃:၅၀ - ၁:၅၀ | မေထုန် |
| ၁:၅၀ - ၃:၅၀ | ကရကဋ် |
| ၃:၅၀ - ၅:၅၀ | သိဟ် |

**အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၅:၅၅ - ၇:၅၅ | တူ |
| ၇:၅၅ - ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅ - ၁၁:၅၅ | ဓနု |
| ၁၁:၅၅ - ၁၃:၅၅ | မကာရ |
| ၁၃:၅၅ - ၁၅:၅၅ | ကုမ် |
| ၁၅:၅၅ - ၁၇:၅၅ | မိန် |
| ၁၇:၅၅ - ၁၉:၅၅ | မိဿ |
| ၁၉:၅၅ - ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅ - ၂၃:၅၅ | မေထုန် |
| ၂၃:၅၅ - ၁:၅၅ | ကရကဋ် |
| ၁:၅၅ - ၃:၅၅ | သိဟ် |
| ၃:၅၅ - ၅:၅၅ | ကန် |

**နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဗြိစ္ဆာ |
| ၈:၅၅ - ၁၀:၅၅ | ဓနု |
| ၁၀:၅၅ - ၁၂:၅၅ | မကာရ |
| ၁၂:၅၅ - ၁၄:၅၅ | ကုမ် |
| ၁၄:၅၅ - ၁၆:၅၅ | မိန် |
| ၁၆:၅၅ - ၁၈:၅၅ | မိဿ |
| ၁၈:၅၅ - ၂၀:၅၅ | ပြိဿ |
| ၂၀:၅၅ - ၂၂:၅၅ | မေထုန် |
| ၂၂:၅၅ - ၂၄:၅၅ | ကရကဋ် |
| ၂၄:၅၅ - ၂:၅၅ | သိဟ် |
| ၂:၅၅ - ၄:၅၅ | ကန် |
| ၄:၅၅ - ၆:၅၅ | တူ |

**ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အတွင်း**

| မွေးချိန် | လဂ် |
|---|---|
| ၆:၅၅ - ၈:၅၅ | ဓနု |
| ၈:၅၅ - ၁၀:၅၅ | မကာရ |
| ၁၀:၅၅ - ၁၂:၅၅ | ကုမ် |
| ၁၂:၅၅ - ၁၄:၅၅ | မိန် |
| ၁၄:၅၅ - ၁၆:၅၅ | မိဿ |
| ၁၆:၅၅ - ၁၈:၅၅ | ပြိဿ |
| ၁၈:၅၅ - ၂၀:၅၅ | မေထုန် |
| ၂၀:၅၅ - ၂၂:၅၅ | ကရကဋ် |
| ၂၂:၅၅ - ၂၄:၅၅ | သိဟ် |
| ၂၄:၅၅ - ၂:၅၅ | ကန် |
| ၂:၅၅ - ၄:၅၅ | တူ |
| ၄:၅၅ - ၆:၅၅ | ဗြိစ္ဆာ |

## (၂၀၁၆)ခုနှစ်၊ ဇူလိုင်လအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### မိဿလဂ် (Aries)



ဆယ်ရက်အတွင်း အိမ်ထောင်ဖက်နှင့် စကားခိုက်ရန် ဖြစ်ရတတ်၏။ ထို့ကြောင့် အပြောအဆိုဆင်ခြင်ပါ။ အကြွေးတင်တတ်၏။ ဖျားနာရောဂါလည်း ခံစားရတတ်၏။ အထူးသတိထား နေထိုင်ပါ။ ပညာသင် လူငယ်များ ပညာရေးအဆင်ပြေမည်။ စာမေးပွဲအောင်မည်။ အချစ်ရေးမှာ ကံကောင်းနေမည်။ ငွေကြေးရလွယ်မည်။ တပည့်တပန်း လက်အောက်ငယ်သားနှင့် ပတ်သက်ပြီး စိတ်ချမ်းသာရမည်။ စာပေလုပ်ငန်းရှင်များ၊ ရုပ်ရှင်ပွဲစားများ စိတ်ဝင်စားမှု အားကောင်းပြီး အကျိုးအမြတ်ရရှိမည်၊ အိုးအိမ်ဝယ်လိုသူများ ဝယ်ဖြစ်သွားမည်။ အကြီးအကဲများ ကူညီမ,စမှုကို ရရှိမည်။ အလုပ်အကိုင်နှင့် အခွင့်အလမ်းများ လွဲချော်နေပါက အမဲသားရှောင်ပါလေ။ ရွှေကုန်သည်များ ရောင်းအားကောင်းနေတတ်၏။ အလွတ်သဘောအရ ပေါင်းသင်းဆက်ဆံရသော မိတ်သစ်များကို သတိထား

www.burmeseclassic.com

ပါ။ စကားဖွာ၍ အသားမပါတဲ့လူများ မိမိနှင့် ပတ်သက်လာတတ်၏။ တစ်နပ်စာကိုမကြည့်ဘဲ ဝေးဝေးက ရှောင်လိုက်ပါ။ စီမံကိန်းလုပ်ငန်းများ ကိုင်တွယ်ရလျှင် စာရင်းအင်း မှားတတ်၍ အထူးသတိထားပါ။ လုပ်ငန်းသာ ပုံမှန်လုပ်ပါ။ ငွေစုဖို့ မကြိုးစားပါနှင့်။ နောက်တော့ အလိုလိုစုမိလျက်သား ဖြစ်သွားလိမ့်မည်။ ဘယ်သူက ဘာပဲပြောပြော (၈၊ ၉)နှင့် (၁၈၊ ၁၉)ရက်များကို ကံကောင်းရက်များအဖြစ် သတ်မှတ်လုပ်ဆောင်ပါ။ ရက်ရာဇာပဲဖြစ်ဖြစ်၊ ပြဿဒါးပဲဖြစ်ဖြစ် (၁၅၊ ၁၆၊ ၁၇)ရက်များကို ရှောင်ပါ။

**ယတြာ** - ဆီးညွန့်(၈)ညွန့်ကို အင်္ဂါထောင့် ဂြိုဟ်တိုင်ဘုရားတွင် ကပ်လှူပူဇော်ပြီး ဓာတ်မြေကို သတိရပေးပါ။

## ပြိဿလက် (Taurus)



မှတ်ဉာဏ်များ အားကောင်းနေပြီး စာကျက်လို့ အလွန်ကောင်းနေမည်။ အလုပ်တွင် ပျော်ရွှင်ပြီး ဝင်ငွေကောင်းက စုမိဆောင်းမိ ရှိနေမည်။ မြူတီပါလာ၊ Spa စတဲ့ အလှပြင်လုပ်ငန်း လုပ်ကိုင်သူများ၊ ကေတီဗွီ၊ ကာရာအိုကေ စတဲ့ ဖျော်ဖြေရေးလုပ်ငန်း လုပ်ကိုင်သူများ ကောင်းစားနေမည်။ သို့သော် ကာမဂုဏ် လိုက်စားလွန်းသူများ သွေးကတစ်ဆင့် ရောဂါရတတ်ပါသည်။ သင့်အချစ်ရေးကတော့ ယခင်ထက် အလားအလာကောင်းနေမည်။ အိမ်ထောင်ပြုလိုစိတ် ပြင်းပြနေတတ်၏။ အကြံကောင်းပေးရလျှင် မပြုစေချင်ပါ။ ပြုမိလျှင် သာယာမှုထက် သောကပိုတတ်ပါသည်။ မည်သည့်ကုန်ပစ္စည်းမဆို လူကြုံမပါးပါနှင့်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ပါက အထူးသတိထားပါလေ။ ဘာပဲပြောပြော ဖွဲ၊ လုံ့လ၊ ဝီရိယ ကောင်းနေမှာ သေချာ၏။ နေအိမ်နေရာဒေသနှင့် ပတ်သက်တဲ့ အပူသောက ကင်းဝေးသွားမည်။ အမေ့ကို ဘယ်လိုပြောရမယ်ဆိုတဲ့ သီချင်းစာသားကို ဆိုညည်းရလောက်အောင် အမေနှင့်ပတ်သက်တဲ့ ဝေဒနာတစ်ခု ခံစားရတတ်၏။ လဆန်း(၁၊ ၂)ရက်နှင့် လကုန်ခါနီးတွင် ထူးထူးခြားခြား ပျော်ရွှင်ရလိမ့်မည်။

**ယတြာ**

မုန့်တီသုပ် ခေါက်ဆွဲသုပ် လက်ဖက်သုပ် စတဲ့ အသုပ်တစ်ခုခုဝယ်ပြီး မိသားစုကို ကျွေးလိုက်ပါ။

## မေထုန်လက် (Gemini)




ကျန်းမာပျော်ရွှင်ခြင်း၊ အနှစ်နှစ်အလလက ရည်ရွယ်လာခဲ့သော ဘဝရည်ရွယ်ချက်များ အောင်မြင်ခြင်း ရှိမည်။ ငွေကြေးစုဆောင်းမိခြင်း၊ လုံ့လ၊ ဝီရိယကောင်းမွန်ခြင်း၊ အကြီးအကဲမ၊ စခြင်း စတဲ့ ကောင်းကျိုးချမ်းသာများ ဆက်တိုက်ဖြစ်ပေါ် ရရှိနေမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး သာယာလှပနေမည်။ ရေသန့်လုပ်ငန်းရှင်များ၊ အုတ်လုပ်ငန်းရှင်များ အဆင်ပြေမည်။ အချစ်ရေး စိတ်ဝင်စားနေသူများ လုပ်ငန်းတူချစ်သူများကလွဲလို့ ကျန်ချစ်သူများ သိပ်အဆင်မပြေချင်ပါ။ ဂုဏ်သိက္ခာ တိုးတက်မြင့်မားနေပြီး အလုပ်အကိုင်လည်း ယခင်ထက်ပိုက အဆင်ပြေနေမည်။ သတိထားရမှာက ညီကိုမောင်နှမ၊ ဆွေမျိုးသားချင်းများနှင့် စကားများရတတ်ပါသည်။ ဆေးဝါးနှင့် စားသောက်ကုန် ရောင်းဝယ်သူများ အရင်းအနှီး လျှော့ပါ။ အကြွေးရစရာရှိသည်များ မရဘဲရှိမည်။ သားရေး၊သမီးရေး အနည်းငယ်စိတ်ပူနေရတတ်၏။ ပညာသင်လူငယ်များ အနှောင့်အယှက်ကြုံလာပြီး လမ်းလွဲသွားတတ်၏။ ပြင်းထန်သော ခံယူချက်ကြောင့် ပညာရေးရပ်တန့်သွားတတ်၍ ဆရာ့စကားထက် မိဘစကားကို နားထောင်သင့်တဲ့ ကာလပါ။ (၄၊ ၅)နှင့် (၁၃၊ ၁၄)ရက်များကို ကံကောင်းရက်များဟု မှတ်ပါ။ ရှောင်ရမှာကတော့ (၂၀၊ ၂၁)နှင့် (၂၉၊ ၃၀)ရက်များ ဖြစ်ပါသည်။ ယခုလတွင် နေထိုင်မကောင်းဖြစ်ပါက ရေသာ များများသောက်ပေးပါ။ ပျောက်သွားပါလိမ့်မည်။

**ယတြာ**

စားနေတဲ့ဆန် (၈)ဆုပ်ယူပြီး ငှက်စာကျွေးလိုက်ပါ။ ပြီးလျှင် တတ်သလောက် မေတ္တာပို့လိုက်ပါ။

## ကရကဋ်လက် (Cancer)



ဆေးရုံ၊ ဆေးခန်း ရောက်ရတတ်၏။ (သို့မဟုတ်) မမျှော်လင့်ဘဲ ခရီးဝေးသွားရတတ်ပါသည်။ အထူးအားဖြင့် လဆန်း(၄၊ ၅)ရက်ကို သတိထားပါ။

www.burmeseclassic.com

www.burmeseclassic.com

သင်တန်းတစ်ခုခု တက်ရောက်ရတတ်၏။ စက်မှုဆိုင်ရာ သင်တန်းဆိုပါက အထိတ်တလန့်ဖြစ်ရတတ်၏။ စိုးရိမ်ထိတ်လန့်စရာ မကောင်းတဲ့ အချစ်မျိုး တွေ့ရတတ်ပါသည်။ ယခင်က အဆင်မပြေခဲ့တဲ့ အလုပ်အကိုင်ကိစ္စ ယခုလတွင် အဆင်ပြေသွားမည်။ အိမ်ထောင်ရေးအကြောင်း ခေါင်းထဲ မထည့်တာဘဲ ကောင်းပါတယ်။ အိမ်ထောင်ရှင်များဆိုပါက အနာဟောင်းကို မတူးဆွမိပါစေနှင့်။ တူးဆွမိလျှင် ပြဿနာအကြီးအကျယ် ဖြစ်တတ်ပါသည်။ (၁၀)ရက်အတွင်း နေအိမ်နေရာဒေသနှင့်ပတ်သက်ပြီး စကားခိုက်ရန် ပြောရတတ်၏။ ဆိုးကျိုးအားလုံးကို ရှောင်ရှားနိုင်ရန် ဂုဏ်သိက္ခာ ထိခိုက်နိုင်တဲ့ အလုပ်ဟူသမျှကို ရှောင်ပါလေ။ မခံချင်စိတ် ပြင်းပြလေ စုငွေ စုမရလေ ဖြစ်နေတတ်၏။ ရသမျှနှင့် ကျေနပ်တတ်တဲ့ အလေ့အထကို မွေးထားပါ။ ဖခင် (သို့မဟုတ်) ဖခင်နှင့်တူသောသူ၊ ဌာနဆိုင်ရာ အကြီးအကဲရဲ့ မေတ္တာစေတနာပါတဲ့ ဆိုဆုံးမမှုကို ခံယူရလိမ့်မည်။ ကိုယ်ပိုင်စည်းကမ်း ကိုယ်ကျင့်တရား ပျက်ချင်စိတ် ခဏ,ခဏ ဖြစ်လာတတ်၏။ အနာရောဂါဟောင်း ပြန်ပေါ်လာလျှင် မွေးနေ့တိုင်း အိပ်ရာကို သန့်ရှင်းရေးလုပ်ပေးပြီး အလင်းလှူပေးပါ။ အကြံအစည် အောင်မြင်ရန် (၆၊ ၇)နှင့် (၂၀၊ ၂၁)ရက်များကို ဆောင်ပါ။ ရှောင်ရမှာကတော့ (၁၈၊ ၁၉)ရက်များပါပဲ။

**ယတြာ**

ကြက်ဥကြော်ဖြင့် မွေးနေ့သုံးပတ်လောက် အိမ်ရှိဘုရားကို အသေအချာ ဆွမ်းကပ်ပါလေ။

## သိဟ်လဂ် (Leo)



နှစ်ပတ်လောက် ကျန်းမာရေး အားမရဖြစ်နေမည်။ (၁၆)ရက်နေ့ နောက်ပိုင်းလောက်မှ အစစအရာရာ ပြန်လည်ကောင်းမွန်လာပေလိမ့်မည်။ အချစ်ရေး အဆင်ပြေသလောက် မောက်မောက်မားမား ဖြစ်တတ်၍ လက်မထပ်ရသေးသော ချစ်သူစုံတွဲများ အထူးသတိထားသင့်တဲ့ ကာလပါ။ ဦးခေါင်း၊ ဦးနှောက် အာရုံကြောနှင့် ပတ်သက်တဲ့ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်၏။ အလုပ်မှ အကျိုးအမြတ် ခံစားရမည်။ ငါဆိုတဲ့ အတ္တစိတ်ကို အတတ်နိုင်ဆုံး ချိုးနှိမ်ထားပါ။ ကောင်းကျိုးခံစားရပါလိမ့်မည်။ ယခုလက်ရှိနေရာမှ အရှေ့မြောက်အရပ်သို့ ပြောင်းရွှေ့ရကိန်း ရှိ၏။ မပြောင်းလိုပါက မိမိအိမ်တွင် အိပ်ရာပြောင်း၍ တစ်ပတ်လောက် အိပ်လိုက်ပါ။ အိမ်ထိုင်နေရင်း သိက္ခာကျရတတ်၍ မိမိထက်ငယ်သော အင်္ဂါ၊ စနေ သားသမီးများကို သတိထားပြီး ပေါင်းသင်းဆက်ဆံပါ။ ရွှေထည်၊ ငွေထည် လက်ဝတ်လက်စား ပျောက်ရတတ်၏။ လယ်ယာစိုက်ပျိုးရေး ဝန်ထမ်းများ၊ တောင်သူလယ်သမားများ လာဘ်လာဘဝင်ငွေ ကောင်းနေမည်။ လက်နက်ကိုင်တပ်ဖွဲ့များ အပြောင်းအရွှေ့ဖြစ်ပြီး ထိခိုက်ဒဏ်ရာလည်း ရတတ်၏။ သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများ ရာထူးတိုးတတ်၏။ (၁၈၊ ၁၉)နှင့် (၂၇၊ ၂၈)ရက်များကို ဆောင်ပါ။

**ယတြာ**

ဘာသာရေးအဆောက်အအုံ တစ်ခုခုတွင် သန့်ရှင်းရေးလုပ်ပြီး မွေးနေ့တွင် ခိုစာကျွေးလိုက်ပါ။ အညှီအဆိုးများ ကင်းစင်သွားလိမ့်မည်။

## ကန်လဂ် (Virgo)



လဆန်းစကပင် (၂၇)ရက်အထိ ဝင်ငွေ လာဘ်လာဘ၊ ကျန်းမာရေး၊ အလုပ်အကိုင် အစစအရာရာ ကောင်းမွန်နေပါလျက် လကုန်ခါနီးတော့မှ မထင်မှတ်တဲ့ ကျန်းမာရေးဖောက်သွားတတ်၏။ ကိုယ်ဝန်ဆောင် မိခင်လောင်းများဆိုပါက (၂၀၊ ၂၁)ရက်များတွင် ကလေးမွေးခြင်းကို ရှောင်သင့်ပါသည်။ သမ္မာအာဇီဝကျကျ လုပ်ကိုင်စားသောက်သူများ အထူးအားဖြင့် စာပေရပ်ဝန်းကလူများ ဝင်ငွေကောင်းမည်။ လယ်ယာဥယျာဉ်ခြံမြေ လုပ်ကိုင်သူများ၊ သစ်သီးပွဲရုံများ၊ ဖျော်ရည်ထုတ်လုပ်ရောင်းချသူများ သိသိသာသာ အောင်မြင်မည်။ ပညာရေးဝန်ထမ်းများ စိတ်သောကများနေရမည့် ကာလပါ။ ရေထွက်ပစ္စည်း ရောင်းဝယ်သူများ၊ ရေကြောင်းခရီးနှင့် ပတ်သက်တဲ့ လုပ်ငန်းရှင်များ၊ သင်္ဘောသားများ ဝင်ငွေကောင်းမည်။ သို့သော် သင်ကိုယ်တိုင်က မလုပ်ချင်မကိုင်ချင် ဖြစ်နေတတ်၍ စိတ်ကို အားတင်းလိုက်ပါ။ ရွှေပန်းထိမ်လုပ်ငန်းရှင်များ ရွှေကုန်သည်များ လူသိမခံချင်လောက်အောင် ဝင်ငွေကောင်းမည်။ ဥပဒေနှင့် မကင်းသူများ



www.burmeseclassic.com

www.burmeseclassic.com

ဆက်လုပ်နေပါက အရင်းအနှီးပြတ်ရုံတင်မက လုပ်ပါ အချုပ်အနှောင်ခံရတတ်၏။ ဓာတုဗေဒ ဓာတ်သတ္တုရှာဖွေရေး လုပ်ငန်းရှင်များ၊ အထည်ချုပ်စက်ရုံပိုင်ရှင်များ မှိုင်တွေနေရတတ်၏။

ယတြာ - ဖော်စိမ်းနှင့် ရွက်လှပန်းကို ပူးချည်ပြီး မိမိမွေးနံထောင့် ဗြိဟ်တိုင်ဘုရားတွင် လှူဒါန်းလိုက်ပါ။ အညံ့အဆိုးများ ကင်းပြီး လိုအင်ဆန္ဒ ပြည့်ဝလိမ့်မည်။

## တူလာ် (Libra)



အိမ်ထောင်ပြုချင်စိတ် ဖိတ်ဖိတ်ယိုနေတတ်၏။ အိမ်ထောင်ရှိပြီးသူများကား မသင့်မတင့် တကျက်ကျက် ဖြစ်နေတတ်၏။ ဆေးကုမ္ပဏီများတွင် လုပ်ကိုင်နေသူများ ပြဿနာတက်လိမ့်မည်။ မည်သည့်အလုပ်ပဲလုပ်လုပ် မည်သို့ပင်အောင်မြင်,အောင်မြင် သင် ယခုလ ငွေမစုနိုင်သေးပါ။ လှငယ်လှရွယ်အချို့ ငယ်ငယ်ရွယ်ရွယ်နှင့် မျက်မှန်တပ်နေရလိမ့်မည်။ မိမိတက်ရောက်သင်ယူလိုသော သင်တန်းအတွက် စိတ်က ထက်သန်နေသော်လည်း ငွေကြေးအခက်ခဲကြောင့် အထမမြောက်ဘဲ ရှိနေမည်။ မပူပါနှင့်။ (၂၂၊ ၂၃၊ ၂၄)ရက်လောက်တွင် ကူညီမည့်သူ ပေါ်လာလိမ့်မည်။ ယုံကြည်ရပါတယ်ဆိုတဲ့ ငယ်ပေါင်းမိတ်ဆွေတစ်ဦး သင့်အား သစ္စာဖောက်သွားတတ်၏။ ရာထူးတိုးစာမေးပွဲ ဖြေဆိုထားသူများ၊ အနုပညာသင်တန်း တက်ရောက်သင်ယူသူများ ဂုဏ်သိက္ခာရှိရှိနှင့် အဆင်တပြေ အောင်မြင်သွားလိမ့်မည်။ ကျောင်းသူကျောင်းသားများ အထူးသတိထားရမည့် ကာလပါ။ သတိလွတ်တာနှင့် ပညာရေးရပ်သွားနိုင်ပါသည်။ ရှေ့နေ၊ ပွဲစားများဆိုပါက အလုပ်အကိုင်အသစ်ကြောင့် ဘဝစိုပြေသွားတတ်၏။ လွတ်လပ်စွာပြောဆိုခွင့်ဆိုတဲ့ စကားလုံးကို အများသုံးသော်လည်း ယခုလတွင် သင် မသုံးသင့်ပါ။ သုံးလျှင် သင်ကိုယ်တိုင် မလွတ်လပ်ဘဲ ဖြစ်သွားတတ်ပါသည်။ (၄၊ ၅)နှင့် (၂၆၊ ၂၇)ရက်များကို အလုပ်သစ်အတွက် ဆောင်ပါလေ။ ရှောင်ရမှာကတော့ (၁၀၊ ၁၁၊ ၁၂)ရက် သုံးရက်ပါ။

ယတြာ - ဆရာသမားကို နှမ်းဆီတစ်ပုလင်း ကန်တော့လိုက်ပါ။ လိုအင်ဆန္ဒများ ပြည့်ဝသွားလိမ့်မည်။

## ဗြိစ္ဆာလာ် (Scorpio)




ကျန်းမာရေးကိုပဲ အထူးသတိထား[...] ပေးပါ။ ကျန်းမာရေးကောင်းနေပါက[...] အလုပ်အကိုင်ရော ဝင်ငွေပါ အဆင်[...] ပြေနေလိမ့်မည်။ အှတ်လုပ်ငန်းရှင်များ[...] ရောင်းဝယ်သူများ၊ အုန်းသီးရောင်းဝယ်သူများ အထူးက[...] ကောင်းတဲ့ လပါ။ ချစ်သူရှိသူ စုံတွဲများ အချစ်ရေ[...] အဆင်ပြေလင့်ကစား အိမ်ထောင်ရေးအတွက် လုံး[...] ညှိနှိုင်းလို့မရနိုင် ဖြစ်နေမည်။ မညှိပါနှင့်၊ ပိပိရိရိ နေ[...] လိုက်ပါ။ အချိန်တန်ရင် နွားပိန်ကန်ပါလိမ့်မည်။ ကျောင်[...] တစ်ဖက် အလုပ်တစ်ဖက် ပညာနှင့်စီးပွား တွဲရှာနေသူ[...] များ ပညာရော စီးပွားပါ ပြောစရာမရှိလောက်အောင် အဆင်ပြေနေမည်။ ယခုလ၌ အလှပြင်ဆိုင် ဖက်စပ်ဖွင့်ဖို့[...] ကြံစည်နေသူများ အချိန်ဆွဲမနေပါနှင့်၊ ဖွင့်လိုက်ပါ။ [...] ကို အောင်မြင်ရမည်။ စက္ကူနှင့် စာရေးကိရိယာ ရောင်း[...] ဝယ်သူများ အရှုံးပေါ်တတ်၏။ အရှုံးမပေါ်လျှင် ပြဿနာ[...] ဝင်လာတတ်ပါသည်။ မဟုတ်ကဟုတ်က စည်းရုံးခဲ့ခြင်း[...] ကြောင့် မအိပ်ဝံ့ မစားဝံ့လောက်အောင် စိုးရိမ်သောက[...] ရောက်နေရပေလိမ့်မည်။ ရည်ရွယ်ချက်၊ ရည်မှန်းချက်[...] များ အကောင်အထည်ဖော်လိုပါက (၁၅၊ ၁၆)ရက်များ[...] တွင် စတင်ပါ။ နိုင်ငံရပ်ခြား သွားရောက်ရန် စီစဉ်သူများ[...] အဆင်တပြေ ရောက်သွားမည်။

ယတြာ

ဆန္ဒင်းမကင်းမုန့်ဝယ်ပြီး အိမ်ရှိဘုရားကို ဆွမ်းကပ်[...] ပါ။ ကိုယ်တိုင်လည်း အရှေ့ဘက်အရပ်သို့ မျက်နှာမူပြီး[...] စားပါလေ။

## ဓနုလာ် (Sagittarius)



ယခင်လကထက် ပို၍ အလုပ်အကိုင်[...] အဆင်ပြေမည်။ ဂုဏ်သိက္ခာ တိုးတက်[...] မြင့်မားမည်။ စည်းစိမ်ဥစ္စာ တိုးပွား[...] မည်။ အိမ်ထောင်ရေး သာယာမည်[...] ငွေကြေးကတော့ လဆန်းပိုင်း ဆယ်ရက်လောက်အထိ[...] ဝင်နေပြီး နောက်ပိုင်းတွင် ဝင်ငွေနည်းသွားမည်။ ပ[...] သင် လှငယ်များ အောင်မြင်ခါနီး အဖျက်ဝင်တတ်သဖြ[...] အပေါင်းအသင်း မမှားအောင် သတိပြုပါ။ အချစ်ရေ[...]



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားသူများ ပထမပတ်တွင် စတင်ကြိုးစားပါ။ နောက်အပတ်များတွင် အချစ်ရေး စတင်ကြိုးစားပါက အဆင်ပြေမလိုလိုနှင့် နောက်ဆုံးတွင် မပြေဖြစ်သွားတတ်ပါသည်။ မိမိအိမ်၌ မပျော်ဘဲ အရပ်တစ်ပါး ထွက်သွားချင်စိတ် ပေါက်နေတတ်၏။ အမှောင်လောကမှ ဟန်ဆောင်ကောင်းသူများ ယခုလ၌ ဟန်မဆောင်နိုင် ဖြစ်နေမည်။ စုငွေများများ မစုဖြစ်၍ မလုပ်ချင် မကိုင်ချင် ဖွဲ့၊ လုံ့လ၊ ဝီရိယများ လျော့ကျနေမည်။ ဘာသာရေးစာပေ၊ (သို့မဟုတ်) လေးနက်သောစာပေ ထုတ်ဝေဖြန့်ချိသူများ အထူးအောင်မြင်မည်။ ရာထူးကြီးသူများ ပြုတ်ကျသွားတတ်၏။ အထူးအားဖြင့် ပြန်တမ်းဝင်အရာရှိများ သတိထားရမည်။ ယခင်က ရစရာရှိတဲ့ ကြွေးဟောင်းအချို့ ပြန်ရတတ်၏။ အချို့ကတော့ ဆုံးသွားနိုင်ပါသည်။ မိမိထက် ကြီးကဲသူများက အကူအညီပေးမည့်စကားပြောလာပါက (၁၆)ရက်နောက်ပိုင်းမှ လက်ခံပါ။ ငွေကြေးအတွက် လုပ်ဆောင်စရာရှိသည်ကို (၁၊ ၂)နှင့် (၂၇၊ ၂၈)ရက် (၄)ရက်မှာ လုပ်ဆောင်ပါ။

ယတြာ

စနီးတာဝါ(၅)ခုကို မိမိစေတနာရှိသူအား ပေးလှူလိုက်ပါ။ သိသိသာသာ အဆင်ပြေလာလိမ့်မည်။

## မကာရလဂ် (Capricorn)



ကိုယ့်ကိုယ်ကိုယ် စည်းကမ်းရှိလှပြီထင်နေတတ်သော်လည်း ဒီတစ်ခါတော့ စည်းကမ်းပျက်နေတတ်ပါသည်။ အလုပ်လုပ်ပြီး အကျိုးမခံစားရလို့ စိတ်ဓာတ်ကျနေတတ်၏။ ပုံမှန်ပဲ လုပ်ကိုင်ပါ။ အကျိုးအမြတ်က အလိုလိုရောက်လာလိမ့်မည်။ သူများတွေ အဆင်ပြေတယ်ဆိုပြီး အားကျလို့ အိမ်အရောင်းအဝယ် ကိစ္စတွေ ဝင်မလုပ်ပါနှင့်။ ရပ်တန့်ခြင်း ဆုံးရှုံးနစ်နာခြင်းများနှင့် ရင်ဆိုင်ရတတ်ပါသည်။ သင် စိတ်ဓာတ်ကျပြီး ဇွဲ၊ လုံ့လ၊ ဝီရိယ လျော့ကျနေသည်ကို သိပါ၏။ သို့သော် ဇွဲလုံ့လဖြင့် ကြိုးစားပါလို့ပဲ တိုက်တွန်းပါရစေ။ သင် ဘဝကယ်အောင်မြင်သွားမှာပါ။ သစ်တောရေးရာနှင့် ပတ်သက်သမျှ ဝန်ထမ်းရော အရာရှိရော ပုဂ္ဂလိကလုပ်ငန်းရှင်များပါ အားလုံးပါပဲ ပထမပတ် ကုန်တာနှင့် ကံကြမ္မာအရှိန်မြင့်တက်သွားလိမ့်မည်။ ဤဟောစာတမ်းကို သတိပေးစာတစ်ပုဒ်လို နှလုံးမသွင်းပါက ဂုဏ်သိက္ခာ အကြီးအကျယ် ကျဆင်းခြင်းနှင့် ကြုံတွေ့ရလိမ့်မည်။ လိုတိုရှင်းပြောပါက ယခုလတွင် အကောင်းထက် အဆိုးများပါသည်။ ဘာပဲဖြစ်ဖြစ်ပါ အကြံပေးချင်တာကတော့ ငွေကြေး၊ အချစ်ရေး၊ သားရေးသမီးရေး၊ ပညာရေး ကိစ္စများကို (၂၊ ၃)နှင့် (၂၉၊ ၃၀)ရက်များတွင် ဆောင်ရွက်ပါလေ။ ကိုယ်ရေးကိုယ်တာ ကိစ္စများကိုမူ (၆၊ ၇)နှင့် (၂၀၊ ၂၁)ရက်များတွင် ဆောင်ရွက်ပါလေ။

ယတြာ

အုန်းသီးပေါင်မုန့်(၃)ခု၊ ပဲပေါင်မုန့်(၂)ခုကို ကြွေပန်းကန်ပြားပေါ်တင်ပြီး မိမိကြည်ညိုရာ ဘုရားတစ်ဆူဆူအား အသေချာအာရုံပြုပြီး လှူပါလေ။

## ကုမ်လဂ် (Aquarius)



ကုမ္ပဏီ ဖက်စပ်လုပ်ငန်းများကလွဲလို့ သင့်ရဲ့ ကိုယ်ပိုင် ပုဂ္ဂလိကလုပ်ငန်းများ အဆင်မပြေနိုင်သေးပါ။ အလုပ်အကိုင်ရှာဖွေနေသူများ အဆင်မပြေနိုင်ပါ။ အိမ်ထောင်ရေးလည်း ကသိကအောက် ကတောက်ကဆဖြစ်နေတတ်၏။ အိမ်ဈေးဆိုင် ဖွင့်ထားသူများ၊ ရေသန့်နှင့် အဖျော်ယမကာ လုပ်ငန်းရှင်များ၊ တရားဟော တရားပြဗေဒင်ဟော စာသင်ဇာပြစတဲ့ ပါးစပ်ရင်းနှီးလုပ်ကိုင်သူများ အဆင်ပြေမည်။ အိမ်ခြံမြေပွဲစားများ အလုပ်ဖြစ်မည်။ အဆိပ်ဆေး(ဥပမာ–ခြင်ဆေးခွေ၊ ပိုးသတ်ဆေး စသည်) ရောင်းဝယ်သူများ အကျိုးဖြစ်ထွန်းမည်။ အိမ်ရောင်းလိုသူများ၊ အိမ်ထောင်ပြုလိုသူများ အဆင်တပြေ အောင်မြင်သွားမည်။ ချစ်သူစုံတွဲများ မှားယွင်းစွာ အိမ်ထောင်ကျတတ်၏။ သင်ကိုယ်တိုင် စည်းရုံးရေးမှူးဆိုပါက ဘာသာရေးဆိုင်ရာ စည်းရုံးရေး မလုပ်မိပါစေနှင့်၊ လုပ်မိပါက ဒုက္ခရောက်ရတတ်ပါသည်။ အချစ်ရေးစတင်ရန် တာစူနေသူများ (၁၁)ရက်အတွင်း စတင်ပါ။ လေး,ငါးရက်အတွင်းမှာပင် ပြေလည်သွားလိမ့်မည်။ သင်တန်းတစ်ခုခုတက်ရောက်သင်ယူရန် ကြံစည်နေသူများ အထမြောက်သွားမည်။ အိမ်ထောင်ရှင်များ အငယ်အနှောင်းပြဿနာဖြစ်လာတတ်၍ အိမ်ထောင်ဖက်အား ဂရုစိုက်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ကယ်၊ ကား စတဲ့ ယာဉ်ရထား ဝယ်ရန် ကြံစည်သူများ ဝယ်ဖြစ်သွားမည်။

**ယတြာ** - အုန်းဆွမ်းကောင်းကောင်းချက်ပြီး ဘုန်းကြီး ဆွမ်းလောင်းပါ။ မတတ်နိုင်သူများ ဩဇာသီး၊ အုန်းဆီလွယ်ရာကို မိမိထက် ငယ်သူအား ပေးလှူပါ။

## မိန်လဂ် (Pisces)



အိမ်အိုအိမ်ဟောင်း (သို့မဟုတ်) ရုံးအိုရုံးဟောင်း တစ်ခုခုသို့ ပြောင်းရွှေ့ရလိမ့်မည်။ သို့သော် စိတ်တိုင်းကျဖြစ်ပြီး ပျော်ရွှင်လိမ့်မည်။ အစာအိမ်လေရောဂါကို အထူးသတိထားပါ။ စာပေအလုပ်ဖြင့် အသက်မွေးသူများ အများစိတ်ဝင်စားခြင်းကို ခံရတတ်ပါသည်။ သင်ကိုယ်တိုင်လည်း ဖွဲလုံ့လကောင်းနေမည်။ စုငွေအားလုံး လုပ်ငန်းထဲ ထည့်သုံးနေရ၍ သုံးငွေ ကျပ်နေမည်။ ဘဝကို အခန်းဆက် ဝတ္ထုတစ်ပုဒ်လို သဘောထားပြီး အခန်းလိုက် ကြိုးစားပါ။ အောင်မြင်မှုများ ရရှိလိမ့်မည်။ နိုင်ငံခြားသင်္ဘောသားများ အိမ်ပြန်ခရီး လာပမည်။ ဆေးဝါးဓာတုနှင့်ပတ်သက်တဲ့ ဝန်ထမ်းများ၊ ဆေးဆိုင်များ၊ ဆရာဝန်,ဆရာဝန်မများ ရပ်တန့်ဆုံးရှုံးခြင်းများ ရှိတတ်၏။ အိမ်ဖော်သွားလုပ်သူများ ရက်စက်ခြင်းနှင့် ကြုံတွေ့ရလိမ့်မည်။ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ အထူးကံကောင်းတဲ့ ကာလပါ။ အထည်အလိပ်၊ ထီး၊ ဖိနပ် ရောင်းဝယ်သူများ ရောင်းအားကျမည်။ အိမ်ခန်းဝယ်ချင်သူများ နှစ်ပတ်အတွင်း စာချုပ်ပါ။ သို့မဟုတ်ပါက နောက်ဆက်တွဲ ပြဿနာများ ရှုပ်ထွေးလာတတ်ပါသည်။ (၆၊ ၇)နှင့် (၁၅၊ ၁၆)ရက်များကို ဆောင်ပြီး (၈၊ ၉)နှင့် (၂၂၊ ၂၃)ရက်များကို ရှောင်ပါ။

**ယတြာ** - အာတာလွတ်ဥ ပြုတ်ဝယ်ပြီး သံဃာ(၉)ပါး ပြည့်အောင် ဆွမ်းလောင်းပါ။ အဆင်ပြေသွားလိမ့်မည်။

**ရွှင်လန်းချမ်းမြေ့ကြပါစေ**

**ဆရာကံထူး(ဝေဒသုတေသီ)**

☎ ၀၉ ၄၀ ၁၅၃ ၄၄ ၉၉


**အဘဆရာကြီး မင်းသိင်္ခ ၏ တပည့်ရင်း**

**ဆရာ မိုးသစ်ခိုင်**

Myanmar Astro Research Bureau
Hony Research (RayKhar Ganita) (Group-18)
B.A in (Astrology) Jyotish Sastri
Dip. (Astrology) Jyotish Bharati
M.A.R.P (Kolkata) (India)



မိတ်ဆွေ

ဘဝဆိုတာ လွင့်မျောနေတဲ့ အိပ်မက်တစ်ခု မဟုတ်တာ အသေအချာပါပဲ။

ဒီတော့ သင်ဟာ ဘယ်တော့ ဘာဖြစ်မလဲ ဆိုတာ ကြိုတင်ပြီး သိထားရင် မကောင်းပေဘူးလား။

ကျွန်ုပ်က သင့်ကံကြမ္မာ အတက်အကျ အနိမ့်အမြင့်ကို ရက်၊ လ၊ နှစ်နဲ့တကွ တိကျစွာ တွက်စစ်လို့ ဟောပြောပေးရပါအံ့။

ဇာတာ ဗေဒ လက္ခဏာ

အမှတ်(၁၄၀)၊ ဦးချစ်မောင်လမ်း၊ နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉ ၇၃၀ ၈၁ ၂၁၉




www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ဖြေသည်

## ဂမ္ဘီရမဂ္ဂဇင်း (ဗေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

- မေးသူ၏အမည် ------------------------------------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------------------
- မွေးဖွားရာ မြို့/ရွာ ------------------------------------
- အချိန်နာရီ (နေ့/ည) ------------------------------------

**မေးခွန်းများ**

(၁) ------------------------------------------------

(၂) ------------------------------------------------

(၃) ------------------------------------------------


www.burmeseclassic.com

www.burmeseclassic.com



**မခွေ့ရည်ထွန်း**

**(၁၃-၁၂-၁၉၈၃၊ မွန်းလွဲ ၁း၀၅ နာရီ၊ ရန်ကုန်မြို့)**




၁။ *ဖူးစာရှင်၏ အသက်အရွယ်၊ အလုပ်အကိုင်၊ ပုံသဏ္ဌာန်။*

(၇)တန့်သခင် ၄ဟူးကြုံပြ်ဟ် ခနေရာသီတွင် ရပ်တည်ပြီး တူရာသီတွင် စနေကြုံပြ်ဟ်နှင့် ပူးယှဉ်ရပ်တည်သော ဖြကြာပိုင် နက္ခတ်ကို စီးထားသည်။ ဖူးစာရှင်သည် ဇာတာရှင်ထက် အနည်းငယ် အသက်ပိုကြီးမည်။ ကိုယ်ခန္ဓာ တောင့်တင်း၍ အရပ်အသင့်အတင့် မြင့်မည်။ မျက်နှာ သောင့်ကျကျရှိမည်။

၂။ *ဖူးစာရှင်သည် ယခု တွေ့ဆုံနေရသူလား။*

(၇)တန့်သခင် ၄ဟူး ခနေရာသီတွင် ရပ်တည်၍ တူရာသီမှာ စနေကြုံပြ်ဟ်က (၃)တန့်အထူးမြင် ကြုံနေသည်။ လက်ထပ်ချိန်တွင် တွေ့ဆုံပြီးနှင့်သူ ဖြစ်မည်။


၃။ *ဘဝတွင် အပျိုကြီးကံ ပါသလား။*

(၇)တန့်သခင် ၄ဟူး ခနေရာသီတွင် ရပ်တည်ကာ (၈)တန့်ရာသီ (၇)တန့်ဘာဝရပ် ဖြကြာပိုင် နက္ခတ်အား စီးထား၍ ဘဝတွင် အိမ်ထောင်ကျပါမည်။ အပျိုကြီး ဇာတာမျိုး မဟုတ်ပါ။

**မမြင့်မြင့်အေး**

**(၇-၁၂-၁၉၈၉၊ နံနက် ၄း၁၅ နာရီ၊ ရန်ကုန်မြို့)**

၁။ *မိဘကို လုပ်ကျွေးပြုစုနိုင်မည်လား။*




(၄)တန့်(မိခင်)ဘာဝသခင် စနေ (၃)တန့်ဘာဝတွင် ရပ်တည်ပြီး (၉)တန့်(ဖခင်)ဘာဝ ၄ဟူးသည်လည်း (၃)တန့်ဘာဝတွင်ပင် ရပ်တည်သည်။ မိဘများအား အထိုက်အလျောက် ထောက်ပံ့ပေးနိုင်ပေမည်။

၂။ *ပညာရေးတွင် ပါရဂူဘွဲ့ ရနိုင်မည်လား။*

(၉)တန့်ဘာဝသခင် ၄ဟူး (၃)တန့်ဘာဝတွင် (၄၊ ၅)တန့်သခင် စနေနှင့် ပူးယှဉ်သည်ကို (၃၊ ၆)တန့်သခင် ၅တေး(ပညာရေးကာရက) (၉)တန့်မှ အမြင်ကြုံထား



www.burmeseclassic.com

www.burmeseclassic.com


သည်။ ပါရဂူဘွဲ့ထိ သင်ယူခွင့် ကြုံရတတ်သော်လည်း အပြီးမသတ် ဖြစ်တတ်သည်ကို သတိပြုရမည်။ ကြားတွင် ကာလတစ်ခု ခေတ္တနားပြီး ပြန်လုပ်ဆောင် ကြိုးစားယူရခြင်းမျိုးနှင့် ကြုံရတတ်သည်။

၃။ *အိမ်ထောင်ရေးကံ၊ ကောင်း/မကောင်း။*

(၇)တန့်သခင်ဂြိုဟ် အင်္ဂါ လဂ်တွင် ပူး၍ (၇)တန့် (မိမိပိုင်ဘာဝ)အား ပြန်မြင်ထားသည်။ အိမ်ထောင်ရေးတွင် ပဋိပက္ခ၊ ခိုက်ရန်ဒေါသများစွာ ကြုံရတတ်သည်။

**ခေင်ဇင်**

**(၃၀-၆-၁၉၈၇၊ ည ၈း၀၀ နာရီ၊ ရန်ကုန်မြို့)**




၁။ *အိမ်ထောင်ရေးကံဇာတာ၊ ရှေ့ရေး။*

(၇)တန့်တွင် ၃ဂိါဂြိုဟ် ရပ်တည်ပြီး (၇)တန့်သခင် ၂လ်ာဂြိုဟ် (၈-တန့်ရာသီ) (၇)တန့်ဘာဝတွင်ပင် ရပ်တည်သည်။ ရာဟုသည် မိန်ရာသီ (၃-တန့်)မှ (၇)တန့်ဘာဝကို (၅)တန့်အထူးမြင်ထားသည်။ အိမ်ထောင်ရေးကံကောင်းပါ။ အိမ်ထောင်ရှိပါက တကျက်ကျက် အိမ်ထောင်ရေးမျိုး ဖြစ်နေတတ်သည်။

၂။ *အနုပညာဖြင့် အောင်မြင်မှု ရ/မရ။*


(၅)တန့်သခင်ဂြိုဟ် ဖြကြာ (၅)တန့် ပြိဿရာသီတွင်ပင် ရပ်တည်၍ (၁၊ ၂)တန့်သခင် စနေဂြိုဟ်က (၁၁)တန့်မှမြင်၍ အနုပညာဘက်တွင် အထိုက်အလျောက် အောင်မြင်မည်။

၃။ *ပညာရေးကံ ကောင်း/မကောင်း။*

(၄)တန့်တွင် ၅တေးဂြိုဟ် ရပ်တည်ပြီး (၄)တန့်သခင်ဂြိုဟ် အင်္ဂါ (၇)တန့်တွင် ၅တေးပိုင် နက္ခတ်ကို စီးပြီး ရပ်တည်ပေရာ ပညာရေးကံ ကောင်းပါသည်။

**ကိုစိုးမင်းဦး**

**(၈-၈-၁၉၇၈၊ နံနက် ၈း၀၀ နာရီ၊ ဘားအံမြို့)**




၁။ *တစ်ဘဝလုံးအတွက် မည်သည့်လုပ်ငန်းမျိုးဖြင့် အကျိုးပေးမည်နည်း။*

(၁၀)တန့်သခင် ဖြကြာဂြိုဟ် (၂)တန့်တွင် ၂လ်ာ၊ ၃ဂိါ၊ ရာဟုတို့နှင့် ပူးယှဉ်ရပ်တည်သည်။ မကြာခဏ အလုပ်ပြောင်းရတတ်ခြင်း၊ အလုပ်တစ်ခုမက လုပ်ရတတ်ခြင်းမျိုး ရှိတတ်သည်။ စားသောက်ကုန်၊ စက်ပစ္စည်း၊ စက်မှုလုပ်ငန်း၊ ရေ၊အရည်(အအေး၊ ရေသန့်၊ အချိုရည်)နှင့်ပတ်သက်သော လုပ်ငန်းမျိုးများထဲမှ အကျိုးပေးပါသည်။

၂။ *ဒီနှစ်ကုန်တွင် ထီပေါက်ကိန်း ရှိပါသလား။*

(၃)တန့်သခင်ဂြိုဟ် ဖြကြာ (၂)တန့်တွင် ရပ်တည်၍ (၄၊ ၉)တန့်သခင် အင်္ဂါဂြိုဟ်၊ (၁၂)တန့်သခင် ၂လ်ာဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်နေသည်။ ထီပေါက်ကံ အားနည်းပါသည်။ ဆုကြီးထိ မပေါက်နိုင်ပါ။ ဆုသေးများ လောက်သာ ရတတ်သည်။ (၂၀၁၇)ခုနှစ်အတွင်း၌ ထီပေါက်ကံ ရှိပါသည်။

၃။ မည်သည့်အသက်ပိုင်းတွင် *ကြီးပွားမလဲ။*

(၁၁)တန့်တွင် (၁၂-တန့်ရာသီ) မိမိပိုင်နက္ခတ်ကို စီး၍ လဂ်သခင် ၁်နေနှင့် ပူးယှဉ်ရပ်တည်နေသော ၅တေး ထူလ၊ (၂၊ ၁၁)တန့်သခင် ၄ဟူးဘုတ္တိဒသာ စားဝင်မည့် (၂၀၁၉)ခုနှစ်မှ (၂၀၂၂)ခုနှစ်အတွင်း ကြီးပွားနိုင်ပေသည်။

**K.T.N**


**(၆-၂-၁၉၈၄၊ နံနက် ၆း၁၅ နာရီ၊ ရန်ကုန်မြို့)**

၁။ *မျှော်လင့်ထားသောသူတစ်ဦးနှင့် ပြန်ဆုံတွေ့ခွင့် ရှိ/မရှိ။*



www.burmeseclassic.com

www.burmeseclassic.com




ကောဇာ ၅တေး (၃၊ ၁၂ တန့်သခင်) (၈)တန့်တွင် ဝကြသွား၍ ရောက်ရှိနေပေရာ မျှော်လင့်ထားသူနှင့် ပြန်ဆုံတွေ့ရန် မဖြစ်နိုင်တော့ပါ။

၂။ *နိုင်ငံခြားကိန်း။*


(၁၂)တန့်သခင်ဂြိုဟ် ၅တေး (၁၂)တန့်တွင် (၅၊ ၁၀)တန့်သခင် ဗကြာဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေ၍ ဘဝတွင် နိုင်ငံခြားခရီးကိန်း ရှိပါသည်။ (၂၀၁၉)ခုနှစ်မကျော်မီ သွားရကိန်း ရှိနေသည်။

၃။ *မိဘများကို လုပ်ကျွေးနိုင်မည်လား။*

(၄)တန့်သခင်(မိခင်) အင်္ဂါဂြိုဟ် (၁၀)တန့်၌ ရပ်တည်ပြီး (၉)တန့်သခင်(ဖခင်) ၄ဟူးဂြိုဟ် လက်တွင် ပူးယှဉ်နေပေရာ မိဘများအား လုပ်ကျွေးနိုင်ပါလိမ့်မည်။

## မဆွေဆွေဝင်း

**(၂-၇-၁၉၇၈၊ ည ၉း၀၀ နာရီ၊ မင်းကင်းမြို့)**




၁။ *အနုပညာဖြင့် အကျိုးပေး/မပေး။*

(၅)တန့်သခင် ဗကြာဂြိုဟ် (၇)တန့်တွင် (၆၊ ၉) တန့်သခင် ၄ဟူးဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်သည်။ ယင်းဂြိုဟ်များကို (၁၀၊ ၁၁)တန့်သခင်များ အမြင်အယှဉ်မရှိ၍ အနုပညာလုပ်ငန်းဖြင့် မအောင်မြင်နိုင်ပါချေ။

၂။ *မိဘကို ကျွေးမွေးဆပ်နိုင်မည်လား။*


(၄)တန့်သခင် အင်္ဂါဂြိုဟ် (၈)တန့်တွင် (၁၁၊ ၂) တန့်သခင်ဂြိုဟ် စနေနှင့် ပူးယှဉ်ရပ်တည်ခြင်း (၉)တန့်သခင်ဂြိုဟ် ၄ဟူး (၇)တန့်တွင် (၅၊ ၁၀)တန့်သခင် ဗကြာနှင့် ပူးယှဉ်ရပ်တည်သည်။ မိဘအား ရေရှည်လုပ်ကျွေးခွင့် မရနိုင်ပါ။

၃။ *မည်သည့်အရွယ်တွင် ချမ်းသာမလဲ။*

(၁၊ ၂)တန့်သခင် (၈)တန့်ရပ် စနေဂြိုဟ်၏ ထူလဒသာ စားဝင်မည့် (၂၀၂၅)ခုနှစ် နောက်ပိုင်းရောက်မှ ဓနဥစ္စာ ပြည့်စုံကြွယ်ဝလာပေမည်။

## မခင်ဇင်ဝင်း

**(၈-၄-၁၉၈၆၊ နံနက် ၃း၂၀ နာရီ၊ မူဆယ်မြို့)**




၁။ *ဝန်ထမ်းပြင်ပစီးပွားရေး ဘယ်လမ်းကြောင်း ရွေးသင့်သလဲ။*

(၁၀)တန့်သခင် အင်္ဂါဂြိုဟ် (၁၁)တန့်ဘာဝတွင် ရပ်တည်၍ (၂)တန့်ရပ် (၆)တန့်သခင် ၂လ်ာဂြိုဟ် (၇)တန့်သခင် အင်္ဂါဂြိုဟ်တို့ကို (၄)တန့်အထူးမြင် ကြည့်ထားသည်။ ပြင်ပဝန်ထမ်း (သို့မဟုတ်) စီးပွားရေး နှစ်ရပ်တွင် နှစ်သက်ရာ ရွေးချယ်လုပ်ဆောင်နိုင်သည်။ အစိုးရ ဝန်ထမ်း မမြဲတတ်ပါ။

၂။ *ထီပေါက်ကံ ရှိ/မရှိ။*

(၃)တန့်သခင် အင်္ဂါဂြိုဟ် (၁၁)တန့်ဘာဝတွင် ရပ်တည်၍ (၉)တန့်ရပ် ကိတ်ဂြိုဟ်ပိုင် နက္ခတ်ကို စီးထားကာ (၂)တန့်ရှိ ၁နွေ၊ ၂လ်ာတို့ကို (၄)တန့်အထူးမြင်ရှု ဘာဝတွင် ထီပေါက်ကိန်း ရှိပါသည်။ ကိတ် ထူလ၊ ၁နွေ ဘုတ္တိ (၂-တန့်ရပ်) ဒသာကာလ (၁၆၉-၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com


(၂၂-၁-၂၀၁၇)အတွင်း ထိုက်စမ်းကြည့်ပါလေ။

၃။ *အိမ်ထောင်ရေးကံ ကောင်း/မကောင်း။*

(၇)တန့်သခင် ၁နေဂြိုဟ် (၂)တန့်တွင် ၂လ်ာဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်၍ အိမ်ထောင်ကံ အလတ်စား ကောင်းပါမည်။ အိမ်ထောင်သက်တမ်းအတွင်း ခေတ္တ ခွဲနေရမှုမျိုးကား ပေါ်တတ်သည်။

**တိုးမြင့်ဇော်**

**(၄-၂-၁၉၈၁၊ ည ၈း၁၆ နာရီ၊ လားရှိုးမြို့)**




၁။ *ကိုယ်ပိုင်စီးပွားရေး လုပ်နိုင်မည့်ကံ ပါ/မပါ။ စီးပွားရေးလုပ်ငန်း အကျိုးပေး။*

(၁၀)တန့်သခင် ၄ဟူးဂြိုဟ် (၅)တန့်တွင် ရပ်တည်၍ ဝန်ထမ်းအကျိုးမပေးပါ။ (၇)တန့်သခင်ဂြိုဟ် ၅တေး လဂ်တွင် (၅၊ ၆)တန့်သခင် စနေနှင့်ပူးကာ (၇)တန့်အား မြင်နေခြင်းကြောင့် စီးပွားရေးဘက် လုပ်ရမည်။ ပြင်ပ ကုမ္ပဏီဝန်ထမ်း စသည်လည်း လုပ်နိုင်သည်။ ရေ၊ အရည်နှင့် ပတ်သက်သော လုပ်ငန်း၊ ဆက်သွယ်ရေး ပစ္စည်း၊ စက်ပစ္စည်း၊ စက်မှုလုပ်ငန်း အကျိုးပေးသည်။

၂။ *အိုဇာတာ ကောင်း/မကောင်း။*


အသက်(၆၀)နှစ်နောက်ပိုင်း စားဝင်မည့် ကိတ် ထူလ၊ ၆ကြာ ထူလတို့တွင် ကိတ်သည် (၂၊ ၁၁)တန့် အကျိုးဆောင်၍ ၆ကြာသည် (၆၊ ၃၊ ၈)တန့် အကျိုးဆောင်ဖြစ်၍ အိုဇာတာ အလတ်စားသာ ကောင်းပေမည်။

၃။ *အိမ်ထောင်ကံ ကောင်း/မကောင်း။*

(၇)တန့်သခင်ဂြိုဟ် ၅တေး လဂ်မှနေ၍ (၅)တန့်၊ (၇)တန့်၊ (၉)တန့်တို့အား အမြင်ကြံ့နေ၍ အိမ်ထောင်ကံ ကောင်းပါသည်။

**ဒေါ်တင်တင်လတ်**

**(၂၀-၁၂-၁၉၇၃၊ နံနက် ၉း၄၅ နာရီ၊ သံတွဲမြို့)**




၁။ *ဘဝတွင် ဘယ်လိုအဆင့်အတန်းမျိုးနှင့် နေသွားရမှာလဲ။*

လဂ်သခင် စနေဂြိုဟ် (၆)တန့်ဘာဝတွင် ရပ်တည်၍ (၁၀)တန့်သခင့်ဂြိုဟ် ၆ကြာ လဂ်တွင် ၅တေးနှင့် ပူးယှဉ်ရပ်တည်သည်။ ဘဝကံ အလတ်စား ကောင်းပါသည်။ လူလတ်တန်းစား ဘဝမျိုးတွင် နေသွားရပေမည်။

၂။ *ကျောက်အရောင်းအဝယ်နှင့် ကြီးပွားနိုင်မည်လား။*

(၁၀)တန့်သခင် ၆ကြာဂြိုဟ် လဂ်တွင် ပူး၍ (၁၀)တန့်ရပ် ၂လ်ာဂြိုဟ်ပိုင်နက္ခတ်အား စီးထားသော်လည်း (၃၊ ၁၂)တန့်သခင် ၅တေးဂြိုဟ်နှင့် ပူးယှဉ်နေ၍ ကျောက်အရောင်းအဝယ် အသင့်အတင့်သာ အကျိုးပေးပါမည်။

၃။ *အေးချမ်းစွာ တရားအားထုတ်နိုင်မည့်နှစ်။*

(၁၀)တန့်သခင် ၆ကြာ လဂ်တွင် ၅တေးနှင့် ပူးသည်ကို အခြားပါပဂြိုဟ်များ အမြင်အယှဉ်မရှိ၍ အေးချမ်းစွာ တရားအားထုတ်ခွင့် ကြုံပေမည်။ အသက်(၅၀) ကျော်ပြီးမှ ယင်းအခွင့်အရေးမျိုး ရရှိပေမည်။


**ဆရာရန်အောင်ဟိန်း(B.Sc)**

(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်)
အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊
(CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆၊
၀၉ ၂၆၁ ၄၄ ၇၇ ၆၆၊
၀၉ ၇၉၅ ၄၂၀ ၃၉၄




www.burmeseclassic.com

www.burmeseclassic.com



ဆရာရန်အောင်ဟိန်း(B.Sc)

## (၂၀၁၆)ခုနှစ်၊ ဇူလိုင်လအတွင်း

# မနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လက်နှင့်မွှန်းတည့်မျဉ်းဖြတ်စဉ်ဟော

(၂၀၁၆)ခုနှစ်၊ ဇူလိုင်လအတွင်း၌ မနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ လက်နှင့် မွှန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားများကို အထူးတွက်ချက် ဖော်ပြပေးထားပါသည်။ ယင်းကာလများတွင် မဟာဝေဒဗ္ဗမန္တန်၊ စူဠဝေဒဗ္ဗမန္တန်နှင့် အခြားလာဘ်ဝင်ဂါထာများ ရွတ်ပွားခြင်း၊ လာဘ,နေဆိုင်ရာ အဆောင်,ယတြာများ စီရင်လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးများ ခံစားရပါလိမ့်မည်။

အထူးမှာ (၂၁-၇-၂၀၁၆) ညနေ(၄း၄၀း၃၄)နာရီမှ (၂၂-၇-၂၀၁၆) ညနေ(၄း၁၀း၅၇)နာရီ အတွင်း စန်း (ခေါ်) တနင်္လာဂြိုဟ်သည် မနသိဒ္ဓိနက္ခတ် နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ဖြတ်ကျော်စီးနင်းနေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၂၁-၇-၂၀၁၆) ည(၇း၄၄း၄၄)နာရီမှ (၈း၃၀း၄၅)နာရီ အတွင်းနှင့် မွှန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၂၂-၇-၂၀၁၆) နံနက်(၁း၂၄း၂၅)နာရီမှ (၂း၁၆း၀၃) နာရီအတွင်းတို့တွင် လာဘ,နေဆိုင်ရာများ အထူးစီမံ ဆောင်ရွက်နိုင်ကြပါသည်။

**ဆရာရန်အောင်ဟိန်း(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

## (၂၀၁၆)ခုနှစ်၊ ဇူလိုင်လအတွင်း

**နေသိဒ္ဓိရှုကျွတ်နေမယ်ပယ်ပေါ် လက်ဖြတ်ထားသော**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၂၁:၀၃:၂၂ | ၂၁:၄၉:၂၃ |
| ၂ | ၂၀:၅၉:၂၆ | ၂၁:၄၅:၂၇ |
| ၃ | ၂၀:၅၅:၃၀ | ၂၁:၄၁:၃၁ |
| ၄ | ၂၀:၅၁:၃၄ | ၂၁:၃၇:၃၅ |
| ၅ | ၂၀:၄၇:၃၈ | ၂၁:၃၃:၄၀ |
| ၆ | ၂၀:၄၃:၄၂ | ၂၁:၂၉:၄၄ |
| ၇ | ၂၀:၃၉:၄၇ | ၂၁:၂၅:၄၈ |
| ၈ | ၂၀:၃၅:၅၁ | ၂၁:၂၁:၅၂ |
| ၉ | ၂၀:၃၁:၅၅ | ၂၁:၁၇:၅၆ |
| ၁၀ | ၂၀:၂၇:၅၉ | ၂၁:၁၄:၀၀ |
| ၁၁ | ၂၀:၂၄:၀၃ | ၂၁:၁၀:၀၄ |
| ၁၂ | ၂၀:၂၀:၀၇ | ၂၁:၀၆:၀၈ |
| ၁၃ | ၂၀:၁၆:၁၁ | ၂၁:၀၂:၁၂ |
| ၁၄ | ၂၀:၁၂:၁၅ | ၂၀:၅၈:၁၆ |
| ၁၅ | ၂၀:၀၈:၁၉ | ၂၀:၅၄:၂၁ |
| ၁၆ | ၂၀:၀၄:၂၃ | ၂၀:၅၀:၂၅ |
| ၁၇ | ၂၀:၀၀:၂၈ | ၂၀:၄၆:၂၉ |
| ၁၈ | ၁၉:၅၆:၃၂ | ၂၀:၄၂:၃၃ |
| ၁၉ | ၁၉:၅၂:၃၆ | ၂၀:၃၈:၃၇ |
| ၂၀ | ၁၉:၄၈:၄၀ | ၂၀:၃၄:၄၁ |
| ၂၁ | ၁၉:၄၄:၄၄ | ၂၀:၃၀:၄၅ |
| ၂၂ | ၁၉:၄၀:၄၈ | ၂၀:၂၆:၄၉ |
| ၂၃ | ၁၉:၃၆:၅၂ | ၂၀:၂၂:၅၃ |
| ၂၄ | ၁၉:၃၂:၅၆ | ၂၀:၁၈:၅၇ |
| ၂၅ | ၁၉:၂၉:၀၀ | ၂၀:၁၅:၀၂ |
| ၂၆ | ၁၉:၂၅:၀၄ | ၂၀:၁၁:၀၆ |
| ၂၇ | ၁၉:၂၁:၀၉ | ၂၀:၀၇:၁၀ |
| ၂၈ | ၁၉:၁၇:၁၃ | ၂၀:၀၃:၁၄ |
| ၂၉ | ၁၉:၁၃:၁၇ | ၁၉:၅၉:၁၈ |
| ၃၀ | ၁၉:၀၉:၂၁ | ၁၉:၅၅:၂၂ |
| ၃၁ | ၁၉:၀၅:၂၅ | ၁၉:၅၁:၂၆ |

## (၂၀၁၆)ခုနှစ်၊ ဇူလိုင်လအတွင်း

**နေသိဒ္ဓိရှုကျွတ်နေမယ်ပယ်ပေါ် မှန်းထောင့်မျဉ်းဖြတ်ထားသော**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၂:၄၆:၅၉ | ၃:၃၈:၃၇ |
| ၂ | ၂:၄၃:၀၃ | ၃:၃၄:၄၁ |
| ၃ | ၂:၃၉:၀၇ | ၃:၃၀:၄၅ |
| ၄ | ၂:၃၅:၁၁ | ၃:၂၆:၄၉ |
| ၅ | ၂:၃၁:၁၅ | ၃:၂၂:၅၃ |
| ၆ | ၂:၂၇:၁၉ | ၃:၁၈:၅၈ |
| ၇ | ၂:၂၃:၂၃ | ၃:၁၅:၀၂ |
| ၈ | ၂:၁၉:၂၇ | ၃:၁၁:၀၆ |
| ၉ | ၂:၁၅:၃၁ | ၃:၀၇:၁၀ |
| ၁၀ | ၂:၁၁:၃၆ | ၃:၀၃:၁၄ |
| ၁၁ | ၂:၀၇:၄၀ | ၂:၅၉:၁၈ |
| ၁၂ | ၂:၀၃:၄၄ | ၂:၅၅:၂၂ |
| ၁၃ | ၁:၅၉:၄၈ | ၂:၅၁:၂၆ |
| ၁၄ | ၁:၅၅:၅၂ | ၂:၄၇:၃၀ |
| ၁၅ | ၁:၅၁:၅၆ | ၂:၄၃:၃၄ |
| ၁၆ | ၁:၄၈:၀၀ | ၂:၃၉:၃၉ |
| ၁၇ | ၁:၄၄:၀၄ | ၂:၃၅:၄၃ |
| ၁၈ | ၁:၄၀:၀၈ | ၂:၃၁:၄၇ |
| ၁၉ | ၁:၃၆:၁၂ | ၂:၂၇:၅၁ |
| ၂၀ | ၁:၃၂:၁၇ | ၂:၂၃:၅၅ |
| ၂၁ | ၁:၂၈:၂၁ | ၂:၁၉:၅၉ |
| ၂၂ | ၁:၂၄:၂၅ | ၂:၁၆:၀၃ |
| ၂၃ | ၁:၂၀:၂၉ | ၂:၁၂:၀၇ |
| ၂၄ | ၁:၁၆:၃၃ | ၂:၀၈:၁၁ |
| ၂၅ | ၁:၁၂:၃၇ | ၂:၀၄:၁၅ |
| ၂၆ | ၁:၀၈:၄၁ | ၂:၀၀:၂၀ |
| ၂၇ | ၁:၀၄:၄၅ | ၁:၅၆:၂၄ |
| ၂၈ | ၁:၀၀:၄၉ | ၁:၅၂:၂၈ |
| ၂၉ | ၀:၅၆:၅၃ | ၁:၄၈:၃၂ |
| ၃၀ | ၀:၅၂:၅၈ | ၁:၄၄:၃၆ |
| ၃၁ | ၀:၄၉:၀၂ | ၁:၄၀:၄၀ |



www.burmeseclassic.com

www.burmeseclassic.com




မင်းမဟော်ညွှန့်

# နက္ခတ်ဗေဒ ရက်မြတ်ကောင်း အချိန်အခါ

## (၂၀၁၆)ခုနှစ်၊ ဇူလိုင်လအတွက် ဈေးကွက်ခန့်မှန်းချက်


မေထုန်ရာသီ၌ ၁နေ့ဂြိုဟ် ရှိနေသဖြင့် ဝါဂွမ်း၊ နှမ်း၊ ဆီ၊ သစ်ဥ၊ သစ်မြစ်၊ ဆန်စပါး ရှားအံ့။ ကရကဋ်ရာသီ၌ ၁နေ့ဂြိုဟ်နှင့် ၄ဟူးဂြိုဟ်၊ ၆ကြာဂြိုဟ်တို့ ရှိနေ၍ မိုးကြီးပြီး အစာရှားပါးအံ့။ သိဟ်ရာသီ၌ ၄ဟူးဂြိုဟ်သည် ဇူလိုင်လကုန်ခါနီး (၂၈)ရက်၌ ကူးပြောင်းချိန်၌ ဆန်စပါး မပေါမရှား ရှိအံ့။ ၄င်းသိတ်ရာသီ၌ ၅တေးဂြိုဟ်နှင့် ရာဟုဂြိုဟ်တို့ ရှိနေခိုက် ဝုန်းရည်ကြီးနှင့် ထင်းရှူးဆီ၊ ချင်းစိမ်း ရှားပါးအံ့။ တူရာသီ၌ ၃ဂါဂြိုဟ် ရှိသဖြင့် ဆန်စပါး၊ မတ်ပဲ၊ ဝါဂွမ်း၊ ဝါချည် ရှား၍ ဈေးမြင့်အံ့။ ဗြိစ္ဆာရာသီတွင် အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့ ရှိသဖြင့် အုပ်ချုပ်သူတို့ အမျက်ထွက်အံ့။

### ၁-၇-၂၀၁၆ (သောကြာနေ့)
### (၁၃၇၈)ခုနှစ်၊ နယုန်လဆုတ် (၁၁)ရက်




မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ကုမ္ပဏီသစ် ထူထောင်ရန်၊ ဂီတ အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ အား ကစားလုပ်ငန်း လုပ်ဆောင်ရန်၊ ဆေးရုံ, ဆေးခန်း ဖွင့်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စာပေ ကျမ်းဂန် ရေးသားပြုစုရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ လယ်ယာသီးနှံ ရိတ်သိမ်းရန်၊ ပညာ စသင်ရန်၊ ကျောက်မျက်ရတနာ သွေးရန်၊ စာအုပ်ထုတ်ဝေရေး စတင်လုပ်ကိုင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလ ဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည် ပေးလိုပါက မောင်သျှားထက်မောင်၊ မသိမ့်သိမ့်မြတ်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး မြောက်အရပ်တွင် လာဘ်ပွင့်မည်။

### ၂-၇-၂၀၁၆ (စနေနေ့)
### (၁၃၇၈)ခုနှစ်၊ နယုန်လဆုတ် (၁၂)ရက်




ဂုဏ်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ ထီးတော်တင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချ,တိုင်ထူရန်၊ နာမည်ပေး ကင်ပွန်းတပ်ရန်၊ ငွေကြေး



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စ ဆောင်ရွက်ရန်၊ မိတ်သစ်ဆုံရန်၊ မော်တော်ယာဉ်ကား၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ အချစ်ရေးကိစ္စ ဆောင်ရွက်ရန်၊ အိမ်သစ်တက်ရန်၊ မျိုးစေ့ချ စိုက်ပျိုးရန်၊ ကောက်ရိတ်သိမ်းရန်၊ အထက်သို့ အစီရင်ခံစာ တင်သွင်းရန်၊ လေကြောင်းခရီးသွားရန်၊ ကုန်ပစ္စည်း ဝယ်ယူသိုလှောင်ရန်၊ အဝတ်အထည် ရက်လုပ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထွန်းဇော်မောင်၊ မဒေလီမြင့်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အနောက်တောင်အရပ်တွင် လာဘ်ပွင့်မည်။

**၃-၇-၂၀၁၆ (တနင်္ဂနွေနေ့)**

**(၁၃၇၈)ခုနှစ်၊ နယုန်လဆုတ် (၁၃)ရက်**




ချမ်းသာကြွယ်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ အစွမ်းထက်ဆေးဝါး ဖော်စပ်ရန်၊ ဗျူတီပါလာလုပ်ငန်းများ ဆောင်ရွက်ရန်၊ ခရီးထွက်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ကုန်ပစ္စည်းသိုလှောင်ရန်၊ လက်ဝတ်ရတနာ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ မိတ်ဆုံစည်းခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ထိုးရန်၊ ဥယျာဉ်ခြံလုပ်ငန်း စတင်ရန်၊ စပါးကျီ ကြီးရန်၊ အိမ်ပြောင်း၊အိမ်တက်ရန်၊ လက်ထပ်မင်္ဂလာပွဲနှင့် ရှင်ပြုပွဲ ကျင်းပရန်၊ ပညာစသင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အစိမ်းရောင်ဖြစ်ပြီး အနောက်တောင်အရပ်တွင် လာဘ်ပွင့်မည်။

**၅-၇-၂၀၁၆ (အင်္ဂါနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆန်း (၁)ရက်**


အဆောက်အအုံ တည်ရသောယုဂ် ရရှိသဖြင့် ယနေ့ အနုပညာလုပ်ငန်းများ စတင်ရန်၊ မော်တော်ယာဉ် ရေချရန်၊ တိရစ္ဆာန် ရောင်းဝယ်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊



မျိုးစေ့ချ စိုက်ပျိုးရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ဥယျာဉ်ခြံလုပ်ငန်းများ စတင်ရန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ထုတ်လုပ်ရန်၊ ဗျူတီပါလာလုပ်ငန်း ဆောင်ရွက်ရန်၊ နာမည်ပေး ကင်ပွန်းတပ်ရန်၊ ငွေချေးငှားအပ်နှံရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ အဝတ်အထည် ရက်လုပ်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစန္ဒာမြင့်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး အရှေ့တောင်အရပ်တွင် လာဘ်ပွင့်မည်။

**၆-၇-၂၀၁၆ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆန်း (၂)ရက်**




မိတ်သင်္ဂဟ ပေါများသောယုဂ် ရရှိသဖြင့် ယနေ့ ကြော်ငြာဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ ထီးတော်တင်ရန်၊ ရဟန်းခံရှင်ပြုရန်၊ အဆောက်အအုံဆောက်လုပ်ရန်အတွက် အုတ်မြစ်ချရန်၊ တိုင်ထူ၍ လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ဥယျာဉ်ခြံ သီးနှံများ ဆွတ်ခူးရန်၊ လေကြောင်းခရီးသွားရန်၊ ရဟန်းခံရှင်ပြုရန်၊ စေ့စပ်၊လက်ထပ်ရန်၊ စပါးရိတ်သိမ်းရန်၊ အလုပ်သစ်လျှောက်ရန်၊ လုပ်ငန်းသစ်စတင်ရန်၊ ရတနာရောင်းဝယ်၊ဝတ်ဆင်ရန်၊ အဝတ်သစ်ချုပ်လုပ် ဝတ်ဆင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမြင့်မောင်၊ မရွှေယမင်း..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး အနောက်မြောက်အရပ်တွင် လာဘ်ပွင့်မည်။

**၇-၇-၂၀၁၆ (ကြာသပတေးနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆန်း (၃)ရက်**

ဘဝအဆင့်အတန်း တိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း၊ရေ

www.burmeseclassic.com



ကန့်၊အဝီစိတွင်း တူးဖော်ရန်၊ စပါးရိတ်သိမ်းရန်၊ ကုန်ရောင်း၊ကုန်ဝယ်ရန်၊ စာပေလုပ်ငန်းနှင့် စာပေတိုက်သစ် ဖွင့်ရန်၊ အားကစားပြိုင်ပွဲ စတင်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ ကုမ္ပဏီထောင်၍ ရင်းနှီးမြှုပ်နှံရန်၊ ရဟန်းခံရှင်ပြုရန်၊ ပညာစသင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းမောင်၊ မမြင့်မြတ်မေ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်မည်။

**၁၀-၇-၂၀၁၆ (တနင်္ဂနွေနေ့)**


**(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆန်း (၆)ရက်**



ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ ပန်းချီ၊ ပန်းပု စသော ပန်း(၁၀)မျိုးလုပ်ငန်း စတင်ရန်၊ အိမ်တိုင်ထူရန်၊ လှေကားထောင်ရန်၊ အိမ်သစ်တက်ရန်၊ လယ်ယာဥယျာဉ်ခြံ သီးနှံများ ဆွတ်ခူးရိတ်သိမ်းရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်မည်။

**၁၂-၇-၂၀၁၆ (အင်္ဂါနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်**



တိထိရက်မြတ်ယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ ဗျူတီပါလာလုပ်ငန်း ဆောင်ရွက်ရန်၊ အဝတ်အစားသစ်ဝတ်ရန်၊ လက်ဝတ်ရတနာသစ် ဝတ်ဆင်ရန်၊ ရဟန်းခံရှင်ပြုပွဲ ကျင်းပရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ ဆံရိတ်၊ဆံသ ပြုလုပ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံပါတီဧည့်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာစကား ပြောရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစန္ဒာမြင့်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး တောင်အရပ်တွင် လာဘ်ပွင့်မည်။

**၁၄-၇-၂၀၁၆ (ကြာသပတေးနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆန်း (၁၀)ရက်**



အဆောက်အအုံ တည်ရသောယုဂ် ရရှိသဖြင့် ယနေ့ လက်ထပ်မင်္ဂလာပွဲနှင့် ရဟန်းခံရှင်ပြုပွဲ ကျင်းပရန်၊ နာမည်ပေးကင်ပွန်းတပ်ရန်၊ ကုန်ပစ္စည်း ရောင်းဝယ်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ အစွမ်းထက်ဆေးဝါး ဖော်စပ်ရန်၊ ဆေးရုံ၊ဆေးခန်းသစ် ဖွင့်ရန်၊ အလှအပရေးရာကိစ္စ ဆောင်ရွက်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ အိမ်တက်၊အိမ်ပြောင်းရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ စပါးကျီသွင်းရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းမောင်၊ မမြင့်မြတ်မေ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်မည်။

**၂၁-၇-၂၀၁၆ (ကြာသပတေးနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆုတ် (၂)ရက်**



ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရား၊ပုထိုး၊စေတီ တည်ရန်၊ ထီးတော်တင်ရန်၊ မြေသန့်မင်္ဂလာပြုလုပ်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်စီ၊တိုင်

www.burmeseclassic.com

www.burmeseclassic.com

ရန်၊ အိမ်သစ်တက်၍ အိမ်ပြောင်းရွှေ့ရန်၊ လက်ထပ်မင်္ဂလာနှင့် စေ့စပ်ကြောင်းလမ်းရန်၊ နာမည်ပေးကင်ပွန်းတပ်ရန်၊ ပညာစသင်ရန်၊ ဆံရိတ်၊ဆံသ ပြုရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ဆေးဖော်စပ်ရန်၊ မျိုးစေ့ချ စိုက်ပျိုးရန်၊ လုပ်ငန်းသစ် စတင်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြသွေးမောင်၊ မမြသရဖူ‥ဟု ပေးနိုင်သည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်မည်။


၂၂-၇-၂၀၁၆ (သောကြာနေ့)
(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆုတ် (၃)ရက်




အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံရှင်ပြုရန်၊ ကျော်ငြာဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်မြစ်ချ၊ အုတ်မြစ်ကိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်၊မုခ်ဦးပြာသာဒ်ဆောက်လုပ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ၊အုတ်စီ၊ကျောက်သွေးဆောင်းရန်၊ အိမ်တိုင်ထူရန်၊ လှေကားထောင်ရန်၊ အိမ်သစ်တက်ရန်၊ မျိုးစေ့ချ စိုက်ပျိုးရန်၊ လယ်ယာသီးနှံပင်များ ဆွတ်ခူးရိတ်သိမ်းရန်၊ အထက်လူကြီးများထံ အစီရင်ခံစာ တင်သွင်းရန်၊ အလုပ်လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သျှားထက်မြင့်၊ မသူဇာမြင့် ‥ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အပြာနုရောင်ဖြစ်ပြီး မြောက်အရပ်တွင် လာဘ်ပွင့်မည်။


၂၃-၇-၂၀၁၆ (စနေနေ့)
(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆုတ် (၄)ရက်

အမွှကိစ္စ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ အိမ်အဆောက်ပစ္စည်း ရောင်းဝယ်ရန်၊ နာမည်ပေးကင်ပွန်းတပ်ရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ ဂီတ၊သဘင်၊ရုပ်ရှင်




လုပ်ငန်း စတင်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဆေးရုံ၊ ဆေးခန်းသစ် ဖွင့်လှစ်ရန်၊ စပါးပျိုးကြဲရန်၊ လယ်ယာသီးနှံများ ရိတ်သိမ်းရန်၊ အဝတ်အထည် ရက်လုပ်ရန်၊ ယာဉ်၊စက်ပစ္စည်း ဝယ်ယူရန်၊ ရေကြောင်း၊လေကြောင်းခရီး သွားရန်၊ ကုမ္ပဏီသစ် ထူထောင်ရန်၊ လုပ်ငန်းသစ် လျှောက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထူးဇော်မောင်၊ မထိုက်စံမြင့်‥ ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အနောက်တောင်အရပ်တွင် လာဘ်ပွင့်မည်။

၂၄-၇-၂၀၁၆ (တနင်္ဂနွေနေ့)
(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆုတ် (၅)ရက်





ကြံစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ အောင်ဘာလေထီ ကံစမ်းရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ စာပေရေးသားထုတ်ဝေ ဖြန့်ချိရန်၊ သိပ္ပံ၊ဝိဇ္ဇာပညာရပ်များ သင်ယူရန်၊ ပျိုးနုတ်၊ကောက်စိုက်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ကျင်းတူး၊အုတ်မြစ်စီ၊ အိမ်ပြောင်း၊အိမ်တက်ရန်၊ ရဟန်းခံရှင်ပြုရန်၊ မျိုးစေ့ချ စိုက်ပျိုးရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ ခရီးသွားရန်၊ အာမခံ လက်မှတ်ရေးထိုးရန်၊ ကုမ္ပဏီသစ် ထူထောင်ရန်၊ အစုရှယ်ယာဝင်ရန်၊ လုပ်ငန်းသစ် စတင်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ‥ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်မည်။

၂၆-၇-၂၀၁၆ (အင်္ဂါနေ့)
(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆုတ် (၇)ရက်

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ရဟန်းခံရှင်ပြု၍ စေ့စပ်၊

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပွဲ ကျင်းပရန်၊ ဆံရိတ်၊ဆံသ ပြုလုပ်ရန်၊ ဗျူတီပါလာလုပ်ငန်း ဆောင်ရွက်ရန်၊ လက်ဝတ်ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားရန်၊ မိတ်ဆုံစည်ခံပွဲ ကျင်းပရန်၊ အချစ်ရေးစကားဆိုရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဝင်းမောင်၊ မစန္ဒာမြင့်··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး အရှေ့တောင်အရပ်တွင် လာဘ်ပွင့်မည်။

**၂၈-၇-၂၀၁၆ (ကြာသပတေးနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆုတ် (၉)ရက်**



ပစ္စည်းဥစ္စာ ပေါများသောယုဂ် ရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ဓာတ်သတ္တုနှင့် ရေနံ၊ဓာတ်ငွေ့ တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ ပန်းချီ၊ပန်းပု လက်မှုပညာလုပ်ငန်း စတင်ရန်၊ သိပ္ပံ၊ ဝိဇ္ဇာ ပညာရပ်များ သင်ယူရန်၊ မိတ်ဆွေသစ်နှင့် တွေ့ဆုံရန်၊ ငွေကြေးချေးငှား၊အပ်နှံရန်၊ စပါးပျိုးကြဲရန်၊ အလုပ်လျှောက်ရန်၊ ကုန်ပစ္စည်းသစ်များ ဈေးကွက်သို့ စတင်ဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်မင်းမောင်၊ မမြင့်မြတ်မေ··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်မည်။

**၂၉-၇-၂၀၁၆ (သောကြာနေ့)**


**(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆုတ် (၁၀)ရက်**



မင်းချီးမြှောက်ခံရသောယုဂ် ရှိသဖြင့် ယနေ့ အားကစားပြိုင်ပွဲများ ကျင်းပရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ကုန်ပစ္စည်းများ ဈေးကွက်သို့ စတင်ဖြန့်ချိရန်၊ စာပေလုပ်ငန်း စတင်ရန်၊ သိပ္ပံ၊ဝိဇ္ဇာ ပညာရပ်များ သင်ယူရန်၊ စေတီ၊ဘုရားများတွင် ထီးတော်တင်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ အဆောက်အအုံအတွက် ပန္နက်ရိုက်ရန်၊ အုတ်မြစ်ချ၊အုတ်စီရန်၊ စေ့စပ်၊လက်ထပ်ပွဲ ကျင်းပရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ စတင်တူးဖော်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ အဝတ်အစား ဒီဇိုင်းသစ်များ ချုပ်လုပ်၊ဝတ်ဆင်ရန်၊ လယ်ယာဥယျာဉ် သစ်ပင်စိုက်ပျိုးရန်၊ လယ်ယာမြေ ထွန်ယက်ရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သျှားထက်မင်း၊ မသူသူမေ··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး မြောက်အရပ်တွင် လာဘ်ပွင့်မည်။

**၃၁-၇-၂၀၁၆ (တနင်္ဂနွေနေ့)**

**(၁၃၇၈)ခုနှစ်၊ ဝါဆိုလဆုတ် (၁၂)ရက်**




အထက်မြှောက်နက္ခတ် ရှိသဖြင့် ယနေ့ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အဆောက်အအုံ တိုင်ထူ၊အုတ်မြစ်ချ၊ ကျောက်သွေးလောင်းရန်၊ အိမ်သစ်တက်ရန်၊ လှေကားထောင်ရန်၊ ဆိုင်းဘုတ်သစ်တင်ရန်၊ သီးပင်များ ဆွတ်ခူးရန်၊ အထက်လူကြီးများထံ အစီရင်ခံစာတင်ရန်၊ အလုပ်သစ် လျှောက်ရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့ မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အေးချမ်းမောင်၊ မအေးချမ်းမေ··ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်မည်။

ဝေဒ-တပသီ
မင်းမဟော်ညွန့်
ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၃



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B.Sc)

နောက်ဆုံးတော့လည်း

# လီယိုနာဒို ဒီကာပရီယို

# အော်စကာဆုကြီး ရပါပြီ



နာမည်ကျော် တိုက်တန်းနစ်ရုပ်ရှင် သရုပ်ဆောင် မင်းသား လီယိုနာဒို ဒီကာပရီယို(Leonardo DiCaprio) သည် အော်စကာဆုနှင့် အကြိမ်ကြိမ်လွဲခဲ့ရပြီး နောက်ဆုံးတွင်တော့ (၂၈-၂-၂၀၁၆)တွင် အကယ်ဒမီဆုပေးပွဲ၌ အော်စကာဆုကြီးကို ဆွတ်ခူးနိုင်ခဲ့လေပြီ။ အော်စကာဆု နာမည်အတင်ခံရခြင်း (၅)ကြိမ်ကြုံခဲ့ရပြီး ယခုမှ ဆုကြီးကို ဆွတ်ခူးသိမ်းပိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။

လီယိုနာဒိုကို (၁၁-၁၁-၁၉၇၄) နံနက်(၂း၄၇)နာရီတွင် မြောက်လတ္တီတွဒ်(၃၄ံ ၃')၊ အနောက်လောင်ဂျီတွဒ် (၁၁၈ံ ၁၃')၊ လော့စ်အိန်ဂျလိစ်မြို့တွင် မွေးဖွားခဲ့သည်။

သူ၏ ဇာတာမှာ တစ်ဖက်ပါအတိုင်း ဖြစ်သည်။

ဇာတာတွင် ချီးကျူးဂုဏ်ပြုခံရခြင်းကို ဖော်ပြသော (၁၀)တန့်ဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ၅တေးဖြစ်သည်။ ၅တေးဂြိုဟ်သည် (၆)တန့် စနေပိုင်ရာသီတွင် ရပ်တည်ကာ (၁၀)တန့်ရပ် စနေဂြိုဟ် (၅၊ ၆.သခင်)အား (၅)တန့် အထူးမြင် ကြည့်ထားပါသည်။

သို့ဖြစ်၍ အနုပညာနယ်ပယ်တွင် အောင်မြင်ကာ ဂုဏ်ပြုချီးကျူးခံရခြင်း၊ အကယ်ဒမီဆုကဲ့သို့ ရုပ်ရှင်ထူးချွန်ဆုမျိုး ရခြင်းကို ဖော်ပြနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com




ထို့ပြင် (၁၁)တန့် (ဆန္ဒပြည့်ဝ စိတ်တိုင်းကျ အောင်မြင်မှုကို ဖော်ပြသော) ဘာဝ ဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် အင်္ဂါဖြစ်သည်။ အင်္ဂါသည် (၃၊ ၈)တန့်သခင်ဖြစ်ကာ (၂)တန့်၌ ရပ်တည်နေသည်။ (၃)တန့်ရပ် ရာဟုပိုင် နက္ခတ်ကို စီးထားသည်။ ထို့ပြင် အင်္ဂါဂြိုဟ်သည် (၁၊ ၉)တန့်သခင် ဗြဟာဂြိုဟ်၊ (၁၂)သခင် ဥဿဂြိုဟ်၊ (၁၊ ၁၀)တန့်သခင် ဗုဒ္ဓဟူးဂြိုဟ်တို့နှင့် ပူးယှဉ်ရပ်တည်နေသည်။

(၈၊ ၉)တန့်များ ပါဝင်နေခြင်းကြောင့် အောင်မြင်ရရန် ကြန့်ကြာရခြင်း၊ စိတ်ပျက်လက်ပျက် နှောင့်နှေးမှုကြုံပြီးမှ ရရှိရခြင်းတို့ ဖြစ်ရပေသည်။

**အောင်စကားဆုရသောကာလ**

အော်စကားဆု ရချိန်တွင် ၅တေး ထူလ၊ ရာဟု ဘုတ္တိ၊ ၁နွေ အန္တရ၊ ၁နွေ သုခုမဒသာ စားဝင်နေခဲ့သည်။




ထူလဒသာသခင် ၅တေးဂြိုဟ်သည် (၄၊ ၇)တန့် သခင်ဖြစ်ပြီး (၆)တန့်(ယှဉ်ပြိုင်အောင်မြင်ခြင်း)ဘာဝတွင် ရပ်တည်ကာ (၃)တန့် (ဆုလက်မှတ်၊ တံဆိပ် ရရှိခြင်း)ရပ် ရာဟုပိုင်နက္ခတ်ကို စီးထားသည်။ ၅တေးသည် (၁၀)တန့်နှင့် (၁၀)တန့်ရပ် (၅၊ ၆)တန့်သခင် စနေအားလည်း (၅)တန့်အထူးမြင် ကြုံထားသည်။

ဘုတ္တိဒသာသခင်ဂြိုဟ် ရာဟုသည် (၃)တန့်ဘာဝတွင် ရပ်တည်၍ (၃၊ ၈)တန့်သခင်အဖြစ် (၂)တန့်၌ ရပ်တည်သော အင်္ဂါ(ဗြိစ္ဆာရာသီ)ကို ကိုယ်စားပြုထားသည်။ (၁၊ ၁၀)တန့်သခင်အဖြစ် လဂ်ဘာဝ(၁-တန့်)တွင် ရပ်တည်သော ဗုဒ္ဓဟူးဂြိုဟ်ပိုင် ဘုတ္တိနက္ခတ်ကို စီးထားသည်။

အန္တရနှင့် သုခုမဒသာသခင် ၁နွေဂြိုဟ်သည် (၁၂)တန့်သခင်


www.burmeseclassic.com

www.burmeseclassic.com



အဖြစ် (၂)တန့်ဘာဝတွင် ရပ်တည်ကာ (၆)တန့်ရပ် ထူလဒသာသခင်ဂြိုဟ် ၅တေးပိုင် နက္ခတ်ပေါ် စီးထားသည်။ (၁၊ ၁၀)တန့်သခင်အဖြစ် (၁)တန့်တွင် ရပ်တည်သော ၄ပဟူးဂြိုဟ်ပိုင် ဘုတ္တိနက္ခတ်ပေါ်တွင်ပင် စီးထားသည်။

အော်စကာဆု လက်ခံရရှိခဲ့သော (၂၈-၂-၂၀၁၆) ည(၈း၀၀)နာရီ (လော့စ်အိန်ဂျလိစ်)တွင် ကောဇာ ၅တေး (ဒသာသခင်)သည် သိဟ်ရာသီမှနေ၍ ကုမ်ရာသီရှိ မူလ ၅တေးဂြိုဟ် (၆-တန့်ရပ်)အား အမြင်ကြံ့ထားသည်။

ကောဇာ ၁နွေဂြိုဟ်သည် ကုမ်ရာသီပေါ်၌ မူလ ၅တေးဂြိုဟ်ပေါ် အံသာတူထပ်ကာ (၃)တန့်ရပ် ရာဟုနက္ခတ်အား စီးနင်းနေခဲ့သည်။

ကောဇာ ၂လ်ာဂြိုဟ်သည် တူရာသီတွင် ၅တေးပိုင် နက္ခတ် (ထူလသခင်)အား, စီးနင်းနေခဲ့သည်။

ဤအချက်များ အားလုံးက လီယိုနာဒို ဒီကာပရီယို ၏ အော်စကာ(ရုပ်ရှင်သရုပ်ဆောင် ထူးချွန်ဆု)ရခြင်းကို ထောက်ပံ့ပေးနေခဲ့ပါသည်။

**အနာဂတ်အလားအလာ**

စားဝင်ဆဲ ၅တေး ထူလဒသာသည် (၂၀၁၆)ခုနှစ်၊ ဩဂုတ်လကုန်ပိုင်းထိ စားဝင်နေပေမည်။ ၅တေးသည် (၃၊ ၆)တန့်ဘာဝများအတွက် အားကောင်းစွာ အကျိုးဆောင်ပြီး (၁၁)တန့်သခင်အဖြစ် လဂ်ဘာဝ၌ ရပ်တည်နေသော ၂လ်ာပိုင်နက္ခတ်ကို စီးထားသည်။ ကိတ်ပိုင် ဘုတ္တိနက္ခတ်၌ တည်နေ၍ ရုပ်ရှင်သရုပ်ဆောင်အဖြစ် အောင်မြင်မှုများ ဆက်လက်ရရှိနေပေမည်။

(၁၄-၈-၂၀၁၆)မှ (၁၄-၈-၂၀၃၅)ထိ စနေထူလဒသာ ဆက်လက်စားဝင်ပေမည်။ (၅၊ ၆)တန့်သခင်အဖြစ် (၁၀)တန့်၌ ရပ်တည်ကာ ၅တေးပိုင်နက္ခတ် (၆-တန့်ရပ်)နှင့် ၄ပဟူးပိုင် ဘုတ္တိနက္ခတ် (၁-တန့်ရပ်)အား စီးထားသော စနေထူလဒသာကား ၅တေးထူလဒသာထက် သာလွန်သော အောင်မြင်မှုများကို ဆက်လက်ဖြစ်ပေါ်စေပါမည်။

**ရန်အောင်ဟိန်း(B.Sc)**

**ကျမ်းကိုး**

* (၂၀၁၆)ခုနှစ်၊ မတ်လ၊ K.P Ezine.

www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသုခ သွေးသန့်အားတိုးဆေး



နှလုံးသုခ(သွေးသန့်)
0601 Y 2128

ဤဆေးသည် နှလုံးတုန်၊ ရင်ခုန်ခြင်း၊ မောပန်း၊ မူးဝေခြင်း၊ နှလုံးစူးအောင့်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ အိပ်မပျော်၊ စားမဝင်သူများ၊ စိတ်နှလုံးနောက်သူများ၊ သွေးဆုံးမီးယပ် ရောဂါသည်များ၊ မီးယပ်သွေးဆင်း လွန်သူများနှင့် အထူးသင့်လျော်ပါသည်။


အမျိုးသား၊ အမျိုးသမီးများ အထွေထွေအားနည်းခြင်းအတွက် အားဆေးကောင်းတစ်လက်ဖြစ်သည်။

ကလေးငယ်များအား ရွှေးစေ့ခန့် မပြတ်ခွန့်ပေးပါက ကျောက်၊ ဝက်သက် စသောရောဂါများအတွက် ကာကွယ်နိုင်ပါသည်။

လူကြီး – ဆေးတစ်ပဲသားခန့်
တစ်နေ့ (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်သည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၀၈၃၆

# အကြောသုခ ဒဏ်ကြေလိမ်းဆေး



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအဆီ)
0203 Y 4340



0203 Y 4340



အကြောသုခ(ဒဏ်ကြေလိမ်းဆေးအရည်)
0502 Y 3750

ဤလိမ်းဆေးသည် အရိုးအဆစ် နာကျင်ကိုက်ခဲခြင်း၊ အဆစ်လွဲခြင်း၊ အကြောတင်၊ အကြောညှပ် ...ကြောထုံးခြင်း၊ ဇက်ကြောတက်ခြင်း၊ ထုံကျင်ကိုက်ခဲခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ လေငန်း ...ရောဂါတို့ကိုပါ အထူးပျောက်ကင်းစေပါသည်။

**ဖြန့်ချိရေး**
မော်လမြိုင်ဖြန့်ချိရေး - ၆၁၅(A)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့ ☎ ၀၅၇-၂၁၀၈၃၆

www.burmeseclassic.com

## မာတိကဝိဇ္ဇာဆရာကြီး ဦးစိန်ထွန်း၏

# မာတ်စာတိုင်တွက်နည်း

ကြည်ဝင်း(ဟင်္သာတ)

မာတ်ဝိဇ္ဇာဆရာကြီး ဦးစိန်ထွန်းဟာ ဟင်္သာတမြို့ တစ်ဖက်ကမ်းမှာရှိတဲ့ သာရဝေါအပိုင် ယွန်းသွယ်ရွာက ဖြစ်ပါတယ်။ ဆရာကြီးဟာ အစာလည်းဆေး ဆေးလည်း အစာဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ လူနာတစ်ယောက်ကို ကုသရာမှာ မာတ်စာတိုင်နဲ့ တွက်ချက်ပြီး သင့်လျော်တဲ့ မာတ်စာကျွေးပြီး ဆေးကုသပါတယ်။ ဆရာကြီး တွက်ချက်ပြီး ကျွေးတဲ့မာတ်စာကို စားသောက်မိတာနဲ့ လူနာအများဟာ ပြန်လည်ကျန်းမာလာတာ များပါတယ်။

ခါးကိုက်၊ ခါးနာဝေဒနာ ဖြစ်သူများပင်လျှင် မိမိနဲ့ သင့်လျော်တဲ့ မာတ်စာ၊ အပူစာ၊ အအေးစာ စသည်တို့ကို စားမိတာနဲ့ ခါးကိုက်ခါးနာ ဝေဒနာရောဂါ လျင်မြန်စွာ ပျောက်ကင်းသက်သာကြပါတယ်။

များသောအားဖြင့် လူအများစုဟာ ဒဏ်ကြေဆေးဆိုပြီးရော ဒဏ်ကြေလိမ်းဆေးမှာလည်း အပူဆေး၊ အအေးဆေးဆိုတာ ရှိပါတယ်။ ယခု ခါးကိုက်ခါးနာတဲ့အခါမှာ ကပ်တဲ့ ကပ်ခွာတွေမှာ အပူကပ်ခွာ၊ အအေးကပ်ခွာ (၂)မျိုး ရှိသလို ဒဏ်ကြေလိမ်းဆေးလည်း အပူ,အအေး(၂)မျိုး ရှိပါတယ်။ ဒဏ်ကြေလိမ်းဆေး အပူ,အအေး မခွဲခြားတတ်ဘဲ ဒဏ်ကြေလိမ်းဆေး အအေးနဲ့လိမ်းမှ ပျောက်မယ့်ဝေဒနာကို ဒဏ်ကြေလိမ်းဆေးအပူနဲ့ လိမ်းမိရင် ရောဂါမသက်သာတဲ့အပြင် ပိုလို့ဆိုးဝါးကိုက်ခဲတဲ့ ဒဏ်ကိုခံရတတ်ပါတယ်။

မာတ်စာတိုင်တွက်နည်းနဲ့ တွက်ချက်ပြီး မိမိနဲ့ သင့်တော်တဲ့ အစားအစာကို စားမိလျှင်တော့ ဆေးဝါးသုံးဆောင်စရာမလိုဘဲ ရောဂါဝေဒနာမှ ပျောက်ကင်းချမ်းသာရာ ရစေပါတယ်။ တစ်ခုသတိပြုရမယ့် အကြောင်းကတော့ မိမိအသက်ကို အမှန်မသိခဲ့လျှင်တော့ မာတ်စာတိုင်တွက်နည်းနဲ့ တွက်ချက်မစားသင့်ပါဘူး။ ဆေးပေးမှားတတ်တဲ့အတွက် အထူးသတိထားရမယ့်အချက် ဖြစ်ပါတယ်။

ကျွန်တော် ဟင်္သာတအပိုင် ကြွက်ကျွန်းကျေးရွာမှာ မူလတန်းကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်အခါက ဆင်းရဲလွန်းလို့ တောင်ပို့ကို နေအိမ်အဖြစ် လုပ်နေရရှာတဲ့ ဆေးဆရာကြီးတစ်ဦးကို တွေ့ခဲ့ကြုံခဲ့ရပါတယ်။ ဆရာကြီးဟာ တောင်ပို့ကို အိမ်လုပ်နေရလို့ တောင်ပို့ဆရာကြီးလို့ နာမည်ကြီးပါတယ်။

ရောဂါဝေဒနာရှင်တွေ ဆေးကုသဖို့ လာပင့်ရင် ဘယ်တော့မှ မငြင်းပါဘူး။ သူနေတဲ့ တောင်ပို့ကိုမှီပြီး သက်ငယ်ပျစ်၊ လေးငါးဆယ်ပျစ်မိုးထားတဲ့ တစ်ဖက်ရပ်တဲကလေးကနေ လူနာရှိတဲ့အိမ်ကို လိုက်သွားပါတယ်။

ရောဂါဝေဒနာရှိသူ အိမ်ကို ရောက်တဲ့အခါမှာတော့ အဲဒီအိမ်ကို တစ်ပတ်,ပတ်ကြည့်ပြီး အိမ်ဘေးခြံဝင်းထဲမှာ ရှိတဲ့ အပင်တစ်ပင်ကို နုတ်ယူစေပါတယ်။ ပြီးတာနဲ့ အဲဒီအပင်ကို ထုထောင်းပြီး တစ်ပင်လုံး ပဥ္စ(၅)ပါးကို အရည်ကျိုသောက်၊ ဒါမှမဟုတ် အဲဒီအရည်နဲ့ တစ်ကိုယ်လုံးလိမ်း၊ သို့မဟုတ်ပါက အဲဒီအပင်ကို မြေအိုး၊ ဒန်အိုး၊ ဒယ်အိုး တစ်ခုခုမှာ ထည့်ကျိုပြီး အဲဒီအရည်နဲ့ လူနာကို ရေချိုးပေးစသည့်ဖြင့် ဆရာကြီးလုပ်ခိုင်းတဲ့အတိုင်း လုပ်လိုက်တာနဲ့ ဝေဒနာရှင်တွေမှာ ယူပစ်သလို ရောဂါပျောက်ကြပါတယ်။

ဒါပေမဲ့ ဆရာကြီးခမျာမှာတော့ ဆေးဖိုးဝါးခ မရပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆရာကြီးက သူ့ဆေးမကုဘဲ လူနာတွေခြံထဲက သစ်ရွက်၊ သစ်သီး၊ သစ်ဥ၊ သစ်ဖုတွေနဲ့ကုတော့ ဆေးဖိုးပေးစရာ မလိုဘူးဆိုပြီး ခြေကြွခ မပေးကြပါဘူး။ ဆေးဖိုးမပေးလည်း နောက်တစ်ခါ လာခေါ် ဆရာကြီးကတော့ မငြင်းဘဲ ဆေးလိုက်လို့ ကုသပေးပါတယ်။ ဒါကြောင့် ဆရာကြီးဟာ ကွယ်လွန်အနိစ္စရောက်သည်အထိ တောင်ပို့မှာ တစ်ဖက်ရပ်တဲကလေးနဲ့ နေရရှာပြီး ဆင်းရဲနွမ်းပါးစွာနဲ့ ဘဝဆုံးရရှာပါတယ်။ အင်မတန်မှ တန်ဖိုးရှိတဲ့ ဆေးဝါးပညာရပ်တစ်ခုဟာလည်း ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com


မှာတူ ပျောက်ကွယ်ခဲ့ရပါတယ်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် လက်ထက်တော်အခါ က သမားတော်ကြီးဇီဝကဟာ ဆေးဝါးပညာ သင်ကြား တတ်မြောက်လို့ ဒိသာပါမောက္ခဆရာကြီးကို မိမိနေရပ်ကို ပြန်ချင်တဲ့အတွက် ခွင့်တောင်းတဲ့အခါမှာ ဒိသာပါမောက္ခ ဆရာကြီးက မြို့ပြင်ပတ်လည် တစ်ဂါဝုတ်အတွင်းရှိ ရှိသမျှ သစ်ပင်သစ်ရွက်များထဲမှာ သွားရှာချေ။ ဆေးဖက်မဝင်တဲ့ သစ်ပင်တွေ့ရင် တူးယူခဲ့ဆိုပြီး တူရွင်းတစ်ချောင်း ပေး လွှတ်လိုက်ပါတယ်။ ဇီဝကဟာ သစ်ပင်မှန်သမျှ ဆေးဖက် ဝင်နေတာ တွေ့တာနဲ့ ဆရာကြီးကို ဆေးဖက်မဝင်တဲ့ အပင် မှန်သမျှမရှိကြောင်း ပြန်လည်မြောပြတဲ့အခါ ဆရာကြီးက ဇီဝကကို အမောင် ဆေးပညာတတ်မြောက်ပြီ၊ ကိုယ့်နေရပ် အသကိုပြန်ပြီး အသက်မွေးဝမ်းကျောင်းပြုပေတော့လို့ ပြော ပြီးပြန်ခွင့်ပေးလိုက်တဲ့ ဆေးဝါးပညာရပ်မျိုးကို တောင်ပို့ ဆရာကြီး တတ်မြောက်တယ်လို့ ယူသော်ရ၏လို့ ထင်ပါ တယ်။

ဓာတ်စာတိုင်တွက်နည်းကို အသုံးပြုတော့မယ်ဆိုရင် အောက်ပါဂါထာကို အလွတ်ကျက်မှတ်ရပါမယ်။

| | | | | | | |
|---|---|---|---|---|---|---|
| အောင် | လံ | ထူ | စစ် | သူ | ကြီး | ပွဲ |
| ၁ | ၄ | ၀ | ၃ | ၆ | ၂ | ၅ |

နေ့နံသင့်ဗေဒင်မှာ မဟာဘုတ်ထူတဲ့လက်ာ ဖြစ်ပါ တယ်။ ခုနစ်(၇)ကို သုဝ(၀)လို့ ယူပါ။ အသက်ကို မှန် အောင်တွက်ပြီး (၇)ဖြင့်စား၊ အကြွင်းမှစ၍ လက်ာအမှတ် စဉ်အတိုင်း ချပါ။ အမှတ်စဉ်အတိုင်း ချပါ။





အမှတ်စဉ်(၁၊ ၂ ၊ ၃)သည် တည့်စာ။
အမှတ်စဉ်(၇၊ ၆ ၊ ၄)သည် မသင့်စာ။
အမှတ်စဉ်(၄)သည် ဆန်းစာ (မတည့်ဆုံး)

အမှတ်စဉ်(၅)သည် ကြားစာဖြစ်၍ စားသည့်ဖြစ်စေ၊ မစားသည့်ဖြစ်စေ အကျိုးအပြစ် မရှိပါ။

ဥပမာ-အသက်(၅၁)နှစ်သား၊ (၅၁)ကို (၇)ဖြင့် စား သော် အကြွင်း(၂) ရပါသည်။ ရလဒ်ကို မယူပါ။ လက်ာ အရ (၂)သည် (ကြီး)ဖြစ်၍ (၂)မှစ၍ လက်ာဆုံးသည်အထိ အမှတ်စဉ်အတိုင်း ချပါ။

(၂)ခုကြွင်း ဓာတ်စာတိုင်




(၂)ခုကြွင်း

သင့်စာ - တနလ်ာ၊ ကြာသပတေး၊ တနင်္ဂနွေ။


မသင့်စာ - သောကြာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး။

သင့်စာ - ကြံ၊ ကြက်သား၊ သကြား၊ သဘော်၊ ငှက်ပျော၊ ဘဲသား၊ အုန်းထမင်း။

မသင့်စာ - အအေး၊ ရှောက်၊ ငါးထွေ၊ ပုစွန်၊ ငါး သလောက်၊ ကန်စွန်း။

(၁)ခုကြွင်း ဓာတ်စာတိုင်

သင့်စာ - ဥ၊ အုန်း၊ ဝက်သား၊ ရှောက်၊ ဖရုံ၊ ဖရဲ၊




(၁)ခုကြွင်း




www.burmeseclassic.com

www.burmeseclassic.com

ငါးထွေ၊ ငါးသလောက်၊ အမဲသား၊ နွားနို့၊ မုန့်ဟင်းခါး၊ ထန်းလျက်။

မသင့်စာ - ဆီး၊ ကန်စွန်း၊ ပုစွန်၊ ကောက်ညှင်း၊ ဆိတ်သား၊ ကြံ၊ ကြက်သား၊ သကြား၊ ကြက်ဟင်းခါးသီး။

(၃)ခုကြွင်း ဓာတ်စာတိုင်





(၃)ခုကြွင်း

သင့်စာ - ဆီး၊ ပုစွန်၊ ကောက်ညှင်း၊ ဆီကြော်၊ ဆီချက်၊ ကြံ၊ ကြက်သား၊ သကြား၊ သခွား၊ ကြက်ဟင်းခါး။

မသင့်စာ - ဘူး၊ ပဲ၊ ချဉ်ပေါင်၊ အအေး၊ ရှောက်၊ ဝက်သား၊ ငါးထွေ၊ ငါးသလောက်၊ အမဲသား၊ မုန့်ဟင်းခါး၊ နွားနို့၊ နာနတ်၊ ထန်းလျက်။

(၄)ခုကြွင်း ဓာတ်စာတိုင်





(၄)ခုကြွင်း

သင့်စာ - ဖရုံ၊ ဖရဲ၊ ရုံးယို၊ ဝက်သား၊ ရှောက်၊ ငါးထွေ၊ ငါးသလောက်၊ အမဲသား၊ မုန့်ဟင်းခါး၊ နွားနို့၊ ဆီး၊ ကန်စွန်း၊ ပုစွန်၊ ဆီကြော်၊ ဆီချက်၊ ကောက်ညှင်း။

မသင့်စာ - ဥ၊ အုန်း၊ ဘူး၊ ပဲ၊ ချဉ်ပေါင်၊ ငှက်ပျော ဘဲသား၊ သခွား။

(၅)ခုကြွင်း ဓာတ်စာတိုင်





(၅)ခုကြွင်း

သင့်စာ - ဘူး၊ ပဲ၊ ချဉ်ပေါင်၊ ဘဲသား၊ ဥ၊ အုန် ထမင်း၊ ဖရုံ၊ ဖရဲ၊ ရုံးယို၊ ဝက်သား၊ ရှောက်၊ ငါးထွေ ငါးသလောက်။

မသင့်စာ - ထန်းလျက်၊ အမဲသား၊ မုန့်ဟင်းခါ နွားနို့၊ နာနတ်၊ သရက်၊ သကြား၊ သခွား၊ ကြက်ဟင်းခါ ကြံ၊ ကြက်သား။

(၆)ခုကြွင်း ဓာတ်စာတိုင်




(၆)ခုကြွင်း

*သင့်စာ - ကြံ၊ ကြက်သား၊ သကြား၊ သခွား၊ ဘူ* ပဲ၊ ချဉ်ပေါင်၊ ဘဲသား၊ သဘော်၊ ငှက်ပျော။


မသင့်စာ - ဥ၊ အုန်း၊ နွားနို့၊ နွားသား၊ မုန့်ဟင်းခါ နာနတ်၊ ဆီး၊ ကန်စွန်း။



www.burmeseclassic.com

www.burmeseclassic.com

**ကွင်းဓာတ်စာတိုင်**




(၇)ခုကြွင်း

သင့်စာ – နွားနို့၊ နွားသား၊ မုန့်ဟင်းခါး၊ ထန်းလျက်၊ ကန်စွန်း၊ ပုစွန်၊ ကောက်ညှင်း။

မသင့်စာ – ကြက်၊ ကြက်သား၊ သကြား၊ သခွား၊ ကြက်ဟင်းခါး၊ ဥ၊ အုန်း၊ ရှောက်၊ ဝက်၊ ငါးထွေ၊ ငါး အလောက်။

(၂)ခုကြွင်း ဓာတ်စာတိုင်သမားအတွက် နေမကောင်းလျှင် လိမ်းရှူရန် ကုက္ကိုရွက်၊ ကွမ်းရွက်၊ ကြောင်ပန်းရွက်၊ သွေးငန်းဆေးရှူ၊ ခြေဖဝါးမှစ၍ တစ်ကိုယ်လုံး များများ လိမ်းရပါမယ်။

ကုက္ကိုရွက်ပြုတ်ရည်နဲ့ ရေပတ်တိုက်ရပါမယ်။ ရေချိုးပြီး လိမ်းလိုလျှင် ကုက္ကိုခေါက်ကို နံ့သာဖြူနဲ့ရောကာ လိမ်းပါ။ မန်ကျည်းခေါက်ကို သွေး၍ လိမ်းလျှင်လည်း ရပါတယ်။

ဝက်သား၊ ရှောက်သီး၊ သံပရာသီး မတည့်ပါ။ အအေးစာ မတည့်ပါ။ (၂)ခုကြွင်းသမားကို နမူနာကို ကျန်သူများ ဆောင်ရန်၊ ရှောင်ရန်တို့ကို နည်းယူနိုင်ပါတယ်။

ဓာတ်စာတိုင်တွက်နည်းဖြင့် လူသားတို့၏ ကျန်းမာရေး တိုးတက်ကောင်းမွန်အောင် အစာလည်းဆေး၊ ဆေးလည်း အစာဟူသော ဆောင်ပုဒ်အရ အစားတစ်လုတ်ဖြင့် ကုသ ကယ်တင်နိုင်သည့် ရှေးမြန်မာသမားတော်တို့၏ လျှို့ဝှက် ရှားပါးသော နည်းပညာတစ်ရပ်ကို ထုတ်ဖော်တင်ပြလိုက် ရပါသည်။

ကြည်ဝင်း(ဟသ်ာတ)

ဘုရားသုံးဆူ တည်ဖို့ရန်အတွက် အဘဝိဇ္ဇာတို့ရဲ့ အိပ်မက်ပေးစေခိုင်းချက်အရ



အထူးအမိန့်ဖြင့် သာသနာပြုလျက်ရှိသော

ဆရာမကြီး အေးမိုးမိုး

စိတ်မနောအာရုံ အကြားအမြင်လက္ခဏာဖြင့် (၇)ရက်သားသမီးများတို့မှာ ဖြစ်ပေါ်တတ်သည့်
ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက် ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အပြောင်းအရွှေ့ပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးက မေတ္တာ၊ စေတနာ ရှေ့ထားပြီး အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၂၁၁ ၉၁၂ ၅၂၀ ၊ ၀၉၄၂၁ ၀၂၁ ၁၆၈

www.burmeseclassic.com

# သွေးအားနည်းရောဂါနှင့် သဘာဝကုထုံးနည်းများ

ဟိန်း(ဘူမိ)

**ရောဂါလက္ခဏာများ**

သွေးအားနည်းရောဂါ၏ လက္ခဏာများမှာ အားနည်းမောပန်းလွယ်ခြင်း၊ ပင်ပန်းနွမ်းနယ်လွယ်ခြင်း၊ ခွန်အားမဲ့၍ ထိုင်းမှိုင်းလေးလံသည်ဟု ခံစားရခြင်း၊ မျက်တွင်းကျသကဲ့သို့ဖြစ်ခြင်း၊ အရွယ်မတိုင်မီ ပါးရေတွန့်ခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ အသက်ရှူရှိုက်မှု တိုတောင်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ဒဏ်ရာများပျောက်ရန် ကြာမြင့်တတ်ခြင်း၊ ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ စိတ်ကျရောဂါ ခံစားရခြင်းတို့ ဖြစ်သည်။ ကိုယ်သားကိုယ်ရေ ဖြူဖျော့ဖျော့ဖြစ်နေတတ်သည်။ လက်သည်းများ ကြွပ်ဆတ်နေပုံပေါ်ပြီး နှုတ်ခမ်းထောင့်များတွင် အနာလေးများ ပေါက်နေတတ်သည်။

သွေးအားနည်းရောဂါ၏ သိမ်မွေ့သော လက္ခဏာများကို လူငယ်လူရွယ်များမှာထက် သက်ကြီးပိုင်းများတွင် ဆန်းစစ်တွေ့ရှိရန် ခဲယဉ်းပေသည်။ ယင်းရောဂါလက္ခဏာများသည် ကင်ဆာ၊ အနာပေါက်ခြင်း၊ လိပ်ခေါင်း၊ ရောဂါပိုးဝင်ခြင်းနှင့် အခြားရောဂါများ၏ အောက်တွင် အခြေခံ၍ ဖြစ်ပေါ်ရတတ်သည်။ ဟောမိုဂလိုဘင်လျော့ကျခြင်း၊ ရင်တဒိတ်ဒိတ်ခုန်ခြင်း (သက်ကြီးပိုင်းများအတွက်)၊ အသက်ရှူရခက်ခြင်း၊ မူးဝေခြင်းတို့ ဖြစ်လာတတ်ပေသည်။

**အကြောင်းရင်းများ**

ရိုးတွင်းခြင်ဆီတွင်း၌ သွေးနီဆဲလ်များ လျော့နည်းစွာ ဖွဲ့စည်းဖြစ်ပေါ်ခြင်း၊ ရိုးတွင်းခြင်ဆီတွင် ထိခိုက်မှုတစ်စုံတစ်ရာ ဖြစ်ပေါ်ခြင်း (သို့မဟုတ်) သံဓာတ်၊ ဗီတာမင်နှင့် ပရိုတိန်းတို့ စားသုံးမှု လျော့နည်းခြင်းတို့မှာ သွေးအားနည်းရောဂါ ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်သည်။ အခြားအကြောင်းရင်း တစ်ရပ်မှာ ဒဏ်ရာအနာတရဖြစ်၍ သွေးထွက်လွန်ခြင်း ဖြစ်သည်။ အခြားအကြောင်းရင်းများထဲတွင် အစာချေရည် အားနည်းလှခြင်း (သို့မဟုတ်) သံဓာတ်နှင့် ပရိုတိန်းတို့ကို ခြေ[ဖျက်]ဖျက်ရန် ဟိုက်ဒိုကလိုရစ်အက်စစ် အားနည်းလှခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပူပင်သောကများကြောင့် ခန္ဓာကိုယ်တွင်း အစာခြေရည် ထွက်ပေါ်မှုအပေါ် အဟန့်အတား ကြုံရ[တတ်]တတ်ခြင်းတို့ ဖြစ်သည်။ အူသိမ်အူမတွင်းမှ ကပ်ပါး[ပိုး]ကောင်များ၊ သံကောင်များကြောင့်လည်း သွေးအားနည်းရောဂါ ခံစားရစေတတ်သည်။ ယင်းအတွက် သွေးသွင်းခြင်း (ဝါ) ဗီတာမင်နှင့် သွေးအားတက်စေသော သံဓာတ်ပါသော ဆေးများ တိုက်ကျွေးပေးခြင်း ပြုပေးရပါသည်။

သက်ကြီးပိုင်းများအတွက် အာဟာရဓာတ် မပြည့်ဝခြင်းက သွေးအားနည်းရောဂါ ခံစားစေရတတ်ခြင်း အကြောင်းတစ်ရပ် ဖြစ်နေတတ်သည်။ သက်ကြီးပိုင်းများမှာ လူငယ်လူရွယ်များထက် သွေးအားနှင့် တစ်ရှူးအ[စား]များ လျော့ကျနေတတ်၍ ဂရုပြုပေးရမည်။ သက်ကြီးပိုင်းများတွင် ဖောလစ်အက်စစ် လျော့နည်းနေတတ်သော်လည်း သွေးအားနည်းရောဂါ ခံစားရခြင်းတွင် ဖောလစ်အက်စစ် လျော့ကျခြင်းမျိုးကြောင့်ဟု တွေ့ရခဲပါသည်။

**ကုသခြင်း**

သွေးအားနည်းရောဂါကို ကုသရာတွင် စားသောက်မှုပုံစံ(diet) သည် အရေးအပါဆုံး ဖြစ်သည်။ ပေါင်မုန့်ဖြူ၊ ဆန်ဖြူ၊ သကြားတို့ကဲ့သို့ ပြုပြင်ထားသော စားစရာများသည် ခန္ဓာကိုယ်တွင်း များစွာလိုအပ်သော သံဓာတ်များကို ဆွဲယူသွားတတ်သည်။ သံဓာတ်ကို သဘာဝအော်ဂဲနစ်စားစရာများမှ အမြဲရယူသင့်သည်။ အင်အော်ဂဲနစ် သံဓာတ်ကား ဘေးဒုက္ခပေးကြောင်း အထောက်အထားများ ရှိပါသည်။ ယင်းက ဗီတာမင်များကို ဖျက်



www.burmeseclassic.com

ဆီးသစ်ခြင်း၊ မပြည့်ဝဆီများကို ဖျက်ဆီးပစ်ခြင်း၊ အသည်းကို ဖျက်စီးစေခြင်း၊ ကိုယ်ဝန်ဆောင် မိခင်လောင်းများအတွက် သားဖွားစေခြင်း (ဝါ) နောက်ကျခြင်းမျိုးများကို ဖြစ်ပေါ်စေတတ်ပါသည်။

စားသောက်မှုပုံစံတွင် အယ်ကာလီဓာတ် လွှမ်းမိုးစွာ ပါဝင်သင့်ပါသည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို အစိမ်းအတိုင်း စားပေးသင့်ပါသည်။ သံဓာတ်ကြွယ်ဝလှသည့် ဟင်းသီးဟင်းရွက်များမှာ ဟင်းနုနယ်၊ ကြက်သွန်နီအစိမ်းရောင်(green onions)၊ မုန်လာဥနီ၊ မုန်လာဥနီအလုံး(beet)၊ တရုတ်နံနံ၊ ခရမ်းချဉ်သီး၊ အာလူး(အခွံပါဝင်)၊ ဆလတ်ရွက် စသည်တို့ ဖြစ်သည်။ သံဓာတ်ကြွယ်ဝသော အသီးများမှာ ငှက်ပျောသီး၊ ပန်းသီး၊ စပျစ်သီးအရောင်ရင့်(dark grapes)၊ တရုတ်ဆီးသီး၊ စပျစ်သီးခြောက်နှင့် စတော်ဘယ်ရီသီးတို့ ဖြစ်သည်။ ငှက်ပျောသီးတွင် သံဓာတ်၊ ဖောလစ်အက်စစ်နှင့် ဘီ(၁၂)(B 12) တို့ ပါဝင်၍ အထူးအကျိုးရှိစေသည်။


အခြားသံဓာတ်ကြွယ်ဝသော စားစရာများမှာ ဂျုံဆန်လုံးညို၊ ပဲသီးတောင့်များ၊ မဲပိစပ်၊ နေကြာစေ့၊ ဥများနှင့် ပျားရည်များ ဖြစ်သည်။ ပျားရည်တွင် ကြေးဓာတ်ပါ ကြွယ်ဝရကား သံဓာတ်ကို စုပ်ယူရရန် အထောက်အကူပြုပေးပါသည်။ နို့၊ အိမ်လုပ် ကော့တိတ်ချိစ်နှင့် ဥများကဲ့သို့ စားစရာများတွင် ပရိုတိန်းဓာတ် မြင့်မား၍ ဇီဝဆေးသဘောအရ တန်ဖိုးရှိလှသည်။

ဗီတာမင်၏(B 12) သည် သွေးအားနည်းရောဂါကို ကာကွယ်ရာ (ဝါ) ကုသရာတွင် မပါမဖြစ် အရေးကြီးသည်။ ယင်းဗီတာမင်ကို တိရစ္ဆာန်ပရိုတိန်းများထဲတွင် တွေ့ရတတ်ပြီး ကျောက်ကပ်၊ အသည်းကဲ့သို့ အော်ဂဲနစ်အသားများထဲတွင် တွေ့ရတတ်သည်။ အသားစားလွန်းခြင်းက ဟောမိုဂလိုဘင် မြင့်မားခြင်းနှင့် ဆက်စပ်မှုများကြောင်း တွေ့ရတတ်ပေသည်။ သို့သော် ယင်းမှာ ဆိုးကျိုးလည်း ရှိပေသည်။ သွေးအားနည်းရောဂါ၏ အကြောင်းတစ်ရပ်မှာ အူသိမ်၊ အူမတွင်း ပုပ်သိုးမှုကြောင့် ဖြစ်ရတတ်ပြီး အသား အစားများသူများတွင် တွေ့ရတတ်သည်။ ထို့ပြင် တိရစ္ဆာန်လောကမှ ရောဂါများ အသားများမှာ ပါလာတတ်ပါသည်။ အခြား ဗီတာမင် ဘီ(၁၂) ကြွယ်ဝစွာ ရရှိစေသော စားစရာများမှာ နို့၊ ဒိန်ခဲ၊ မြေပဲ တို့ ဖြစ်သည်။ ဂျုံစေ့နှင့် ပဲပိစပ်တို့တွင်လည်း ဘီ(၁၂) ကြွယ်ဝစွာ ပါဝင်သည်။ ဟင်းသီးဟင်းရွက်သာ စားသုံးသူများသည် နို့၊ ဥ၊ နို့ထွက်ပစ္စည်းများကိုပါ မှီဝဲသင့်ပါသည်။

သွေးအားနည်းရောဂါကို ကာကွယ်ရန်အတွက် ဘီ(၁၂)ပါဝင်သော ဗီတာမင်(ဘီ)အုပ်စုကို အထက်ဖော်ပြပါ စားစရာများထဲမှ ရရှိနိုင်ပါသည်။ နို့၊ ဟင်းသီးဟင်းရွက် ရောနှောစားသုံးသူများအတွက် အဆင်ပြေလှပေသည်။ သံဓာတ်ကို စုပ်ယူမှု အားကောင်းစေရန် အက်စ်ကောဘစ်အက်စစ်(ascorbic acid) ကို မှီဝဲပေးရသည်။ ရှောက်သီး၊ သံပရာသီးကဲ့သို့ အချဉ်သီးမျိုးနှင့် အခြား အက်စ်ကောဘစ်အက်စစ် ကြွယ်ဝသော စားစရာများကို စားသုံးပေးရသည်။

**မုန်လာဥနီလုံး(Beet)**


ဖော်ပြခဲ့သည့်အတိုင်း မုန်လာဥနီ(beet) သည် သွေးအားနည်းရောဂါကို ကုသရာတွင် အလွန်အားကောင်းလှသည်။ ယင်းကို သစ်သီးရည်(juice) ပြုလုပ်၍ သောက်သုံးပေးနိုင်သည်။ ယင်းတွင် ပိုတက်စီယမ်ဓာတ်၊ မီးစုန်းဓာတ်၊ ကစီဓာတ်၊ ပရိုတိန်း၊ အဆီ၊ ဗီတာမင် ဘီ(၁)၊ ဘီ(၂)၊ နီယာစင်၊ ဘီ(၆)၊ စီနှင့် ဗီတာမင်(ပီ)တို့ ပါဝင်သည်။ သံဓာတ်ပါဝင်မှု မြင့်မားလှ၍ ယင်းသစ်သီးရည်သည် သွေးနီဥဆဲလ်များကို အားကောင်း သန်မာစေပါသည်။ ခန္ဓာကိုယ်ကို လတ်ဆတ်သော အောက်စီဂျင်များဖြင့် အထောက်အကူပြုပေးပါသည်။



မုန်လာဥနီလုံး

www.burmeseclassic.com

ဂျာမနီမှ ဒေါက်တာဖရစ်ဇ်ကိုင်တဲလ်၏ အဆိုအရ "မုန်လာဥနီလုံး၏ အရည်သည် ခန္ဓာကိုယ် ခုခံအားကို တိုးတက်အားကောင်းစေပြီး သွေးအားနည်းရောဂါကို ကုသရာတွင် အထူးစွမ်းရည်မြင့်လှသည်။ အထူးသဖြင့် လူငယ်များနှင့် ဆယ်ကျော်သက်များအတွက် အစွမ်းထက်လှသည်။ အခြားသွေးအားတည်ဆောက်ပေးသော ကုထုံးများထက် ပို၍ထက်မြက်သည်" ဟု ဒေါက်တာဖရစ်ဇ်က ဆိုခဲ့ပါသည်။


ဆလတ်ရွက်


## ဆလတ်ရွက်(Lettuce)

သွေးအားနည်းရောဂါအတွက် အခြားထိရောက်သော ကုထုံးတစ်ခုမှာ ဆလတ်ရွက်ဖြစ်သည်။ ယင်းတွင် သံဓာတ် အားထားလောက်အောင် ပါဝင်ပြီး ဟေမိုဂလိုဘင်ကို ကောင်းစွာထောက်ပံ့ပေးနိုင်သော ဟင်းသီးဟင်းရွက်ပင် ဖြစ်သည်။ ယင်းအတွက် သွေးအားနည်းရောဂါအတွက် သွေးအားတိုးစေသော စားစရာကောင်းတစ်ခု ဖြစ်သည်။ ယင်းကို စားသုံးခြင်းဖြင့် အင်အော်ဂဲနစ် သံဓာတ်များထက် ပို၍စွမ်းအားမြင့်မားသော သံဓာတ်အားကို ခန္ဓာကိုယ်က စုပ်ယူရရှိမည်။


ဟင်းနုနယ်

## ဟင်းနုနယ်(Spinach)

သွေးအားနည်းရောဂါအတွက် တန်ဖိုးရှိလှသည်။ သံဓာတ် မြင့်မားအားကောင်းစွာ ပါဝင်သည်။ ခန္ဓာကိုယ်စံနစ်မှာ စုပ်ယူပြီးနောက် ဟေမိုဂလိုဘင်နှင့် သွေးနီဥဆဲလ်များကို ဖွဲ့စည်းဖြစ်ပေါ်စေနိုင်သည်။ ယင်းအတွက် သွေးကို တည်ဆောက်ရန်နှင့် သွေးအားနည်းရောဂါကို ကာကွယ်ကုသရန် အကျိုးထူးသော စားသုံးပင်ဖြစ်သည်။


ပဲပိစပ်

## ပဲပိစပ်(Soyabean)

သံဓာတ်ကြွယ်ဝလှ၍ သွေးအားနည်းရောဂါကို ကုသရာတွင် ထိရောက်လှကြောင်း ထင်ရှားသော သက်သေသာဓကများ ရှိပြီးဖြစ်သည်။ သို့သော် သွေးအားနည်းရောဂါ ခံစားရသူသည် အစာခြေစနစ် အားနည်းတတ်


ဗာဒံသီး



www.burmeseclassic.com

www.burmeseclassic.com

သေရာ ပဲပိစပ်ကို ပဲနို့ကဲ့သို့ ပေါ့ပါးသော အာဟာရ အသွင်မျိုးဖြင့် အသုံးပြုစေရပါမည်။

**ဗာဒံသီး(Almond)**

သွေးအားနည်းရောဂါကို ဗာဒံစေ့ဖြင့် ထိရောက်စွာ ကုသပေးနိုင်ပါသည်။ အော်ဂဲနစ် ဗာဒံသီး(၁၀၀)ဂရမ်တွင် ကြေးနီဓာတ် (၁.၁၅)မီလီဂရမ် ပါဝင်ပေသည်။ ကြေးနီဓာတ်၊ သံဓာတ်နှင့် ဗီတာမင်ဓာတ်များ ပေါင်းစည်းခြင်းက သွေးတွင်း ဟေမိုဂလိုဘင်ဓာတ်ကို ဓာတ်ပြုဖြစ်ပေါ်စေသည်။ ယင်းအသီးခြောက်သည် ယင်းအတွက်ကြောင့်ပင် သွေးအားနည်းရောဂါကို ကုသရာ၌ အသုံးဝင်လှသည်။

**နှမ်းနက်စေ့(Black Sesame Seeds)**

နှမ်းနက်စေ့တွင် သံဓာတ်ကြွယ်ဝလှ၍ သွေးအားနည်းရောဂါအတွက် တန်ဖိုးရှိလှသည်။ ရေနွေးနွေးတွင် နှမ်းနက်စေ့များကို နာရီအတန်ကြာ စိမ်ထားပြီး ခပ်ပျစ်ပျစ် ကြိတ်ကာ အသုံးပြုပေးရသည်။ ယင်းနှမ်းနက်စေ့ အရည်ပျစ်ပျစ်ကို နွားနို့တစ်ခွက်တွင် အချိုအရသာ



နှမ်းနက်စေ့

အတွက် ထန်းလျက်ရောကာ သောက်ပေးစေပါက သွေးအားနည်းရောဂါကို ထိရောက်စွာ ကုသပေးရာ ရောက်ပေသည်။

ဟိန်း(ဘူမိ)

<u>ကျမ်းကိုး</u>

* Naturopathy for Longevity
  by Dr. H.K. Bakhru.

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"



စန်းသော်တာ

အမှတ်တံဆိပ်



ကွမ်းရွက်ဆီလိမ်းဆေး (အအေး)

- အကိုက်အခဲပျောက်လိမ်းဆေး၊
- ရင်လှူးဆေး၊
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျိုးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လှူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မသောဘိ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၈၂

ဆိုင်ခွဲ- စန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလှိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဝပ်ချောင်းမြို့နယ်၊ ဖုန်း-၇၀၉၀၆

www.burmeseclassic.com

တစ်နေ့သ၌ ကျွန်ုပ်သည် အလုပ်နားရက်ဖြစ်သောကြောင့် ပက်လက်ကုလားထိုင်တွင်ထိုင်၍ စာအုပ်တစ်အုပ်ကို စိတ်ပါဝင်စားစွာ ဖတ်နေခိုက် ကျုပ်ဝင်ခဲ့ပါရစေဟူသော အသံအား နားနားကပ်၍ ကြားလိုက်ရသောကြောင့် တွန့်ခနဲဖြစ်သွားကာ မော့ကြည့်လိုက်မိလေသည်။ ဝင်ခဲ့ပါရစေဟူသော ဧည့်သည်,သည် ကိုယ့်အနားပင်ရောက်နေလေပြီ။

ဩော်··ရပါတယ်၊ ထိုင်ပါဟုဆိုကာ အိမ်ရှင်၏ဝတ္တရားအတိုင်း နေရာထိုင်ခင်း လုပ်ပေးရင်း တစ်ချက်အကဲခတ်ကြည့်လိုက်မိသည်။

အသားက ညိုညိုနှင့် အသက်က ခြောက်ဆယ်၊ ခြောက်ဆယ့်ငါးဝန်းကျင်ခန့် ရှိပေလိမ့်မည်။ ထိုသူ၏ အလွန်ထင်ရှားသော မြင်လွှယ်,မှတ်လွယ်သော အရာများမှာ အရုပ်အမောင်းကောင်းလွန်းခြင်းပင်။ ခြောက်ပေနီးပါး ရှိသော အရပ်သည် ဇရာရုပ်ပေါက်နေသော်လည်း ခါး တစ်ချက်မျှ မကိုင်းဘဲ တုတ်တုတ်ခိုင်ခိုင် ထောင်ထောင် မောင်းမောင်းနှင့်။ ဆိုရလျှင် အညာသားရုပ်ပေါက်နေသည်။ နားရွက်ကြီးများမှာ ကြီးမားကျယ်ပြန့်ရုံမက စွန့်ကား၍ အောက်ပိုင်းအထိ ရှည်လျားလှပေသည်။ နှုတ်ခမ်းသည် ထူသည်၊ ပြည့်သည်။ စကားပြောလိုက်သော အခါ အရပ်အမောင်း၊ အသားအရေနှင့် ခြားနားစွာ သွားများသည် သေး၍ စေ့ပိတ်နေသည်။ ဖြူဖွေးနေသည်။



# အမိပတိ (အုန်းချော)

# တစ်ဦးမေတ္တာ တစ်ဦးမှာ

www.burmeseclassic.com

www.burmeseclassic.com

အဘက်ကြမ်းကြီးတစ်ထည်ကို ပခုံးပေါ်တင်လျက် လွယ်အိတ်ကြီးကိုလည်း လွယ်ထားလိုက်သေးသည်။ ဦးခေါင်းတွင် ဝါးခမောက်စောင်းထားသော်လည်း မြင်ရသလောက်ဆံပင်များသည် တစ်ပင်မျှ ဖြူတာ မပါပေ။

ပုံသဏ္ဌာန် ထူးခြားသော အနီဧည့်သည်အား တစ်ချက်မျှ လှမ်းကြည့်မိသော ကျွန်ုပ်သည် ကြည့်ရင်း၊ ကြည့်ရင်းနှင့်ပင် မှင်တက်မိနေသည်။

ခြေဖဝါး၊ လက်ဖဝါးကြီးများမှာလည်း လွန်စွာကြီးမား၍ ကြမ်းတမ်းပုံရသော အနီ ထိုဧည့်သည်က-

'ကျုပ် ဆရာဆီကို တကူးတက လာခဲ့တာပါ'

'ကောင်းပါပြီ။ ကျွန်တော် ဘာများကူညီပေးနိုင်မလဲ သိဘူး'

'ကျုပ်မှာ မြေကိစ္စအရှုပ်အရှင်းတွေ ဖြစ်နေတယ်။ အခုဆို တဖြည်းဖြည်းနဲ့ ပိုပိုဆိုးလာလို့ ဆရာဆီက အကြံဉာဏ်ပဲဖြစ်ဖြစ်၊ အဆောင်ပဲဖြစ်ဖြစ် ရနိုင်ရင် လိုချင်ပါတယ်'

'ဒါနဲ့ စကားမစပ်ဗျာ၊ ကျွန်တော်က ဗေဒင်ဟောခန်းလည်း ဖွင့်မထားဘူး။ ဆိုင်းဘုတ်လည်း ထောင်မထားပါဘဲနဲ့ မိတ်ဆွေကြီးက ဘယ်လိုကဘယ်လို စုံစမ်းပြီး ရောက်လာရတာလဲ။ အဲလိုမေးလို့ စိတ်မရှိပါနဲ့။ မိတ်ဆွေကြီးကို ကျွန်တော် တစ်ခါမှ မမြင်ဖူးသလို ဒီနယ်သားလည်း ဟုတ်မယ် မထင်လို့ပါ'

'ဟုတ်ပါတယ်၊ ဒီနယ်သား မဟုတ်ပါဘူး။ ဒါပေမဲ့ နေတာကတော့ ဒီနယ်မှာပဲ နေတာပါ။ ဆရာ့အကြောင်းကိုလည်း ဒီလိုပဲ စုံစမ်းပြီး ရောက်လာတာပါ'

ရှင်းသလိုလို ရှုပ်သလိုလိုနဲ့ ဘာမှရေရေရာရာမပါသော ထိုဧည့်သည်၏ စကားအား ကျွန်ုပ်လည်း အလည်လည်နှင့်ပင် ခေါင်းညိတ်လိုက်မိလေသည်။ ကျွန်ုပ်သည် သိသန့်ကြီး မဟုတ်သော်လည်း တစ်ဖက်တစ်လမ်းမှ ကျွန်ုပ်ဝါသနာပါသော ဗေဒင်ပညာဖြင့် အလျဉ်းသင့်သလို ကူညီပေးနေကျဖြစ်သောကြောင့် ထူးထူးထွေထွေ မေးနေတော့ဘဲ ကျွန်ုပ် ဗေဒင်တွက်နေကျစာအုပ်နှင့် ဘောပင်ကို သွားယူ၍ အဆင်သင့်ပြင်ကာ-

'ကဲ..ဒါဆိုလည်း ကျွန်တော့်ကို မွေးသက္ကရာဇ်လေး တစ်ချက်လောက် ပြောပါဦး'

ဟု ဆိုလေရာ ထိုဧည့်သည်သည် မျက်နှာတစ်ချက်ပျက်သွားကာ တွေဝေနေလျက် အတန်ကြာမှ-

'မွေးသက္ကရာဇ် မပြောလို့ မရဘူးလား။ ကျုပ်က မေ့နေလို့။ တခြားနည်းနဲ့ တွက်ကြည့်လို့ရရင် တွက်ပေးပါလား'

ကျွန်ုပ် ပင့်သက်ရှိုက်လိုက်မိလေသည်။ ထို့နောက် မတ်တတ်ရပ်ကာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ထိုလူထူးဆန်းဧည့်သည်အကြောင်းကို အစမှစ၍ ပြန်လည်သုံးသပ်ကြည့်သည်။

ခန္ဓာကိုယ်ကြီး ထွားကျိုင်းသလောက် ခြေသံတစ်ချက်မျှ မကြားရ။ ရှိစေတော့။ ကျွန်ုပ်စာအုပ်ထဲ အာရုံဝင်စားနေလို့ပဲ ထားလိုက်ဦး။ ဘယ်ရပ်ကွက်၊ ဘယ်အနားက၊ နာမည်ဘယ်လို၊ ဘယ်ခုနှစ်ဖွားဟူ၍ တစ်ခုမျှ မသိရ။ ဥပဓိရုပ်ကတော့ အရိုးခံရုပ်မျိုး။ ခေါင်းဆောင်ကောင်းတစ်ယောက်၏ ရုပ်သွင်မျိုး။

သူ့ကြည့်ရင်းနှင့်ပင် မဟာဗန္ဓုလ၏ငယ်ဘဝ ငရစ်ကိုပဲ မျက်စိထဲမြင်လာသလိုလို၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျပဲ သတိရသလိုလိုနှင့် ကိုယ်တစ်ခါမှ မမြင်ဖူးဘဲ ဓာတ်ပုံတွေ၊ ပန်းချီကားတွေကိုကြည့်ပြီး သတိရနေသော မိမိပဲ ရူးသွပ်နေရော့လားမသိ။

ကျွန်ုပ် ဒုတိယမ္ပိ ပင့်သက်ရှိုက်ထုတ်ရင်း-

'ဒီလိုရှိတယ် မိတ်ဆွေကြီး၊ မိတ်ဆွေက ကျွန်တော် လိုလားတဲ့ အချက်အလက်တွေကို ဘာမှတိတိပပ မပြောပြနိုင်လေတော့ ကျွန်တော်က ဒီပြဿနာမှာ မိတ်ဆွေကြီး မှန်ပါတယ်လို့ ဘယ်လိုယူဆရမှာလဲ။ ကျွန်တော်ပေးလိုက်တဲ့ အကူအညီတစ်ခုက လူမိုက်အားပေးဖြစ်နေရင် မခက်ပေဘူးလား'ဟု ကျွန်ုပ်ကပြောလေရာ ထိုသူသည် ဆိတ်ဆိတ်ငြိမ်သက်နေလေသည်။

အမှန်ဆိုရလျှင် ထိုဧည့်သည် ရောက်လာသည့်အချိန်ကို အခါယူ၍ အင်္ဂဝိဇ္ဇာနည်းနှင့် တွက်၍ရသလို သုံးတန်ပေါ်နိစ် အခါယူနည်းနှင့်လည်း တွက်ယူ၍ ရနိုင်သည်။ နောက်တစ်ဖန် ထိုထူးဆန်းသော ဧည့်သည်၏အသံ (သို့မဟုတ်) ထိုဧည့်သည်,သည် မျက်နှာမူ၍ ထိုင်နေသော အရပ်မျက်နှာ စသည် တစ်ခုခုကိုယူ၍ အခါတိုင်ထူကာ တွက်ချက်၍ အနီးစပ်ဆုံးဖြစ်အောင် ဟော၍ရသော်လည်း ထိုဧည့်သည်၏ ထူးခြားချက်များကြောင့် မဟောခြင်းဖြစ်သလို ယင်းဧည့်သည်ကလည်း ဗေဒင်မေးရန် လာသည်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်။ အခဆောင်၊ ယတြာ၊ ဓာတ် ရိုက်ဓာတ်ဆင် တစ်ခုခု လိုလား၍ လာခြင်းဖြစ်လေသည်။

'နားလည်ပါတယ်။ ဆရာ့ရဲ့ အခက်အခဲကိုလည်း သဘောပေါက်ပါတယ်။ ဆရာ့ကို ကျုပ် တစ်ခုပြောနိုင်တာက ကျုပ်ဘက်က မှန်ကန်တယ်ဆိုတာပဲ။ ကျုပ်မှာ သူတစ်ပါးကို ဒုက္ခရောက်စေလို၊ ပျက်စီးစေလိုတဲ့စိတ် မရှိဘူးဆိုတာနဲ့ ကျုပ်ဘက်က မှန်ကန်တယ်ဆိုတဲ့ အယူအဆတွေအတွက် မိုးကောင်းကင်ကြီးကို သက်သေတည်ပြီး လောကပါလနတ်အပေါင်းကို တိုင်တည်သစ္စာဆိုဝံ့တယ်။ ကျုပ်ဘက်က ဖောက်ကျစ်စဉ်းလဲတဲ့စိတ်နဲ့ သူတစ်ပါး ပျက်စီးအောင် လုပ်တယ်ဆိုရင် ကျုပ်ရဲ့ဦးခေါင်းကို အချိန်မဆိုင်း အခါမဆိုင်းဘဲ မိုးကြိုးစက်ကွင်းနဲ့ ပစ်ခွင်းနိုင်တယ်။ နောက်ထပ် မဟာပထဝီမြေကြီးကိုလည်း တိုင်တွယ်ပြီး ကျိန်ဆိုဝံ့တယ်။ ကျုပ်မှာ ညစ်ညမ်းတဲ့စိတ် ရှိတယ်ဆိုရင် အချိန်အခါမရွေး ကျုပ်ရဲ့ ခြေအစုံကို အစပြုလို့ ခန္ဓာကိုယ်တစ်ခုလုံးကို ဝါးမျိုနိုင်တယ်။ ကျုပ်ဘက်က မမှန်ကန်သောစကား ထွက်ဆိုခဲ့ရင် လောကပါလနတ်အပေါင်းက အချိန်အခါမရွေး ဒဏ်ခတ်နိုင်တယ်။ အဲဒီအပြစ်ဒဏ် အားလုံးကို ကျုပ်ရဲ့ မှန်ကန်မှုအတွက် သစ္စာပြု ကျိန်ဆိုပါတယ်'

ကျွန်ုပ်သည် မြေကြီးပေါ် ဒူးထောက်လိုက်၊ မိုးပေါ်မော့ကြည့်လိုက်နှင့် ပြောဆိုတိုင်တည်နေသော ထိုဧည့်သည်၏ ပုံပန်းသဏ္ဌာန်နှင့် ဩဇာအာဏာပါသောအသံကို နားထောင်ရင်း အံ့ဩမှင်တက်မိနေလေသည်။

တော်တော်ကြီးကြာမှပင်-

'ကောင်းပါပြီ။ မိတ်ဆွေကြီးရဲ့ ဥပမိရုပ်ကိုကြည့်ပြီး အစကတည်းက ယုံကြည်သလို အခုလိုပြောတော့ ပိုပြီး ယုံကြည်ပါတယ်။ ကျွန်တော့်ဘက်ကလည်း ကိုယ့်ရဲ့ ပေါ့ဆမှုတစ်ခုကြောင့် သူတစ်ပါးကို ပျက်စီးသွားစေနိုင်တာကို ဆင်ခြင်မိလို့ ဒီလိုပြောရခြင်းပါ။ ကဲ..မိတ်ဆွေ၊ အခုအရေးကြီးဆုံးနဲ့အညီ အနီးဆုံးအခက်အခဲကို ကျွန်တော့်ကို ပြောပြပါ'

'အရေးတကြီးဆို မနက်ဖြန်မှာ သူတို့ဘက်က အာဏာရှိတဲ့ ခေါင်းဆောင်နဲ့ သွားတွေ့စကားပြောရမှာပါ'

'ဒီလိုဆိုရင် မိတ်ဆွေအနေနဲ့ မိတ်ဆွေရဲ့နေ့နံနဲ့ မိတ်ဆွေသွားတွေ့မယ့်သူရဲ့ အမည်ဖြစ်ဖြစ်၊ နေ့နံဖြစ်ဖြစ် ပြောပြဖို့ လိုလိမ့်မယ်ဗျ'

ကျွန်ုပ်ကဆိုလျှင် ထိုပုဂ္ဂိုလ်သည် တော်တော်ကြီးကို တိတ်ဆိတ်သွားလေသည်မှာ အတန်ကြာသည်အထိ ဘာစကားမျှ ထွက်မလာပေ။

ထို့ကြောင့် ကျွန်ုပ်က-

'ကျွန်တော့်အနေနဲ့ နေ့နံလောက်ကတော့ သိသင့်ပါတယ်။ ဒါမှ လုပ်ရကိုင်ရတာ အဆင်ပြေမှာပါ။ အဲဒါမှ မသိနိုင်ရင်တော့ မိတ်ဆွေကြီးကို အားနာစွာနဲ့ပဲ ငြင်းရပါလိမ့်မယ်'ဟု ပြောလိုက်မိလေသည်။

ကျွန်ုပ်သည် မိမိနားလည်တတ်ကျွမ်းသောပညာနှင့် ယှဉ်၍ လတ်၊ မြတ်မရွေး မှန်ကန်မှုတစ်ခုတည်းကိုကြည့်၍ အားတက်သရော ကူညီသည့်အကျင့်ရှိတာ မှန်ပေသော်လည်း ယခုကဲ့သို့ မိမိကို ဘာမျှသိခွင့်မပေးသောသူနှင့် မကြုံဖူးသောကြောင့် စိတ်ထဲတွင် ဘဝင်မကျ ဖြစ်မိလာတာတော့ အမှန်ပင်။ ထို့ကြောင့်သာ သည်စကားမျိုး ထုတ်ပြော၍ ငြင်းမိခြင်း ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဤကဲ့သို့ မငြင်းဆန်ဘူးပေ။

'ကောင်းပါပြီ၊ ကျုပ်ပြောပြပါ့မယ်။ ကျုပ်နေ့နံက စနေ၊ သူ့နေ့နံက ဗုဒ္ဓဟူးလို့ သတ်မှတ်လို့ ရပါတယ်။ အဲလောက်သိရရင် ဆရာ့အနေနဲ့ အဆင်ပြေလိမ့်မယ်လို့လည်း ထင်မိပါတယ်'

'ရပါတယ်လေ။ မိတ်ဆွေကြီးက စနေဆိုတော့လည်း စနေပေါ့။ နေ့နံလွဲလို့ မထိရောက်ရင်တော့ ကျွန်တော့်ကို အပြစ်မတင်စေချင်ဘူး'

'ရပါတယ်ဗျာ၊ မလွဲပါဘူး။ အပြစ်လည်း မတင်ပါဘူး'ဟု ဆိုလေသောကြောင့် ကျွန်ုပ်သည် စာအုပ်နှင့် ဘောပင်နှင့် သေချာအောင် ချတွက်၍ ဗလာစာရွက်တစ်ရွက်တည်း ကူးရေးနေမိသည်။

ထိုဧည့်သည်ကို မသိမသာ အကဲခတ်ကြည့်လိုက်သောအခါ တစ်ယောက်တည်း နှုတ်ခမ်းတလှုပ်လှုပ်နှင့် တစ်ချက်၊တစ်ချက် နောက်ကျောမလုံသလို လှည့်လှည့်ကြည့်နေသည်။ ကျွန်ုပ်သည် ကိုယ်လုပ်ရမယ့် အလုပ်ကိုသာ ဆက်လုပ်နေမိသည်။

ထိုပုဂ္ဂိုလ်၏ ပြောပြချက်အရ မနက်ဖြန် သွားတွေ့ရမည်ဖြစ်သောကြောင့် မနက်ဖြန်သည် ကြာသပတေးနေ့ ဖြစ်ရာ အခါယူရန်အတွက် ချတွက်နေမိသည်။




www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေးနေ့ -
၅ - ၆း၀၀ နာရီမှ ၇း၃၀ နာရီ
၃ - ၇း၃၀ နာရီမှ ၉း၀၀ နာရီ
၁ - ၉း၀၀ နာရီမှ ၁၀း၃၀ နာရီ
၆ - ၁၀း၃၀ နာရီမှ ၁၂း၀၀ နာရီ
၄ - ၁၂း၀၀ နာရီမှ ၁း၃၀ နာရီ
၂ - ၁း၃၀ နာရီမှ ၃း၀၀ နာရီ
၀ - ၃း၀၀ နာရီမှ ၄း၃၀ နာရီ
၅ - ၄း၃၀ နာရီမှ ၆း၀၀ နာရီ။

ကြာသပတေးနေ့၏ နေ့အခါတိုင်ကို အထက်ပါအတိုင်း တောင်တွင်းအကျော် ခင်ကြီးဖျော်၏ နည်းစနစ်အတိုင်း တစ်နာရီခွဲကို တစ်ခါပိုင်း၍ နေ့အခါတိုင်ထုပြီး အောက်တွင် အချိန်အခါတိုင်ကိုပါ ရွေးထုတ်၍ တွဲပြီး ထုလိုက်သည်။




ကျွန်ုပ်သည် အထက်ပါအတိုင်းထု၍ ဖယားဖောက်ချကြည့်လိုက်ပြီး ကျွန်ုပ်၏ ပုဂ္ဂိုလ်ကြီး၏ စနေနံတိုင်ထိပ်တက်နေသော အင်္ဂါအခါကို ရွေးလိုက်သည်။ အင်္ဂါအခါတွင် စနေနံသည် တိုင်ထိပ်ဓေယျဟုခေါ်သော အောင်မြင်ခြင်း နေရာတွင်လည်းကောင်း၊ အင်္ဂါအခါ မဟာဘုတ်တွင် စနေနံသည် အဓိပတိနေရာတွင်လည်းကောင်း ရှိနေကြသလို တစ်ဖက်လူ၏ ဗုဒ္ဓဟူးနံသည် ပုတိအခါတွင် ရောက်နေသောကြောင့် အင်္ဂါအခါယူ၍ ကြာသပတေးနေ့ အင်္ဂါအခါဖြစ်သော နံနက်(၇)နာရီခွဲမှ (၉)နာရီအတွင်းကိုလည်းကောင်း၊ တစ်ဖန် တြိစတုနင်းကြမ်းပြုဟူသော စာတ်ဆင်နည်းအရ ဗုဒ္ဓဟူး၏ တြိရှန်းနှင့် စတုရန်းကို အစဉ်လိုက်တွဲယူသော် သနပ်ကိုရလေသည်။ ထို့ကြောင့် သနပ်ရွက်ကို နင်းကြမ်းအဖြစ် အဆောင်ယူစေလျက် စာရွက်တစ်ရွက်တွင် ရေးမှတ်ပြီး ထိုထူးဆန်းသော ပုဂ္ဂိုလ်အား ပေးလိုက်သောအခါ -

'ဆရာ..ဘယ်လိုမှ မအောက်မေ့ပါနဲ့။ ကျုပ်စာမတတ်ဘူးဗျ။ ဒါကြောင့် ဖြစ်နိုင်ရင် ဆရာပဲ ဖတ်ပြပေတော့ဗျာ'

ကျွန်ုပ် သက်မ,ချလျက်-

'ကိုင်း...ဒါဖြင့် မိတ်ဆွေကြီး၊ သေချာနားထောင်ပေတော့။ မိတ်ဆွေကြီးက မနက်ဖြန်မှာ နှစ်ဦးနှစ်ဖက်တွေ့ဆုံစကားပြောမှာဆိုလျှင်ဖြင့် မနက်ဖြန်က ကြာသပတေးနေ့ ဖြစ်တဲ့အတွက် နံနက်(၇)နာရီခွဲမှ (၉)နာရီအတွင်း သွားပြောချေဗျာ။ သွားမပြောခင် ညကတည်းက သနပ်ရွက်(၁၇)ရွက်ကို တစ်ဖက်လူ ဗုဒ္ဓဟူးသားရဲ့အမည်ရေးပြီး မိတ်ဆွေကြီးအိပ်တဲ့ အိပ်ရာအောက် ခြေရင်းပိုင်းမှာ ခင်းပြီး အိပ်ထား'

'(၁၇)ရွက်လုံးကို အမည်ရေးရမှာလား'

'ဟုတ်ပါတယ်။ ရေးပြီးရင်လည်း ခြေရင်းပိုင်းမှာ ထားပါ။ ခေါင်းရင်းပိုင်း ဘယ်လိုမှ မရောက်ပါစေနဲ့။ ကိုယ့်ရဲ့ နိမ့်ကျတဲ့ နေရာပေါ့ဗျာ'

'ဟုတ်ကဲ့၊ ရှင်းပါတယ်ဗျာ'

'အဲ..မနက်(၇)နာရီခွဲမှ (၉)နာရီအတွင်း သွားတွေ့တဲ့အချိန်မှာ အဲဒီသစ်ရွက်ထဲက နှစ်ရွက်လောက်ကို ဖိနပ်အောက်မှာ ခင်းပြီး စီးသွား။ (၁၇)ရွက်လုံးကို နှစ်ဖက်ခွဲပြီး ဖိနပ်အောက်မှာ ညှပ်ပြီး နင်းသွားနိုင်ရင်တော့ အကောင်းဆုံးပေါ့။ လွယ်ပါတယ်။ တစ်ခုမှတော့ ခက်တာ မပါပါဘူးဗျာ'

'မပါပါဘူး၊ လုပ်နိုင်ပါတယ်။ ကိုင်း..ဒါဖြင့် ကျုပ်ပြန်ပါဦးမယ်။ အချိန်လည်း တော်တော်လင့်သွားပြီ။ ကျုပ်မှာ ဘာမှတော့ ကန်တော့စရာ မပါဘူးဗျ။ ဒါပေမဲ့ မကြာခင် တစ်ချိန်ချိန်မှာတော့ အခွင့်အခါသင့်ရင် ကျုပ်ဘက်က ပြန်ပြီးကူညီနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်'

ဟု ပြောလျက် နှုတ်ဆက်ပြီး ပြန်သွားလေသည်။

ထိုပုဂ္ဂိုလ် ပြန်သွားသည်ကို မျက်စိတစ်ဆုံးကြည့်၍ ခဏမျှအကြာတွင် ကျွန်ုပ်လည်း မရည်ရွယ်ပါဘဲ ထိုသူ



www.burmeseclassic.com

www.burmeseclassic.com

၏နောက်မှ နောက်ယောင်ခံကာ လိုက်သွားမိလေသည်။ ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်၏ အိမ်ဝိုင်းထဲမှထွက်၍ တောင်ဘက်ကို သွားလေရာ ကျွန်ုပ်လည်း လိုက်သွားလေသည်။ ကျွန်ုပ်၏ အိမ်ဝိုင်းသည် အုန်းချောရွာ၏ တောင်ဘက်အစွန်းတွင်ဖြစ်ရာ ကျွန်ုပ်အိမ်၏ တောင်ဘက်တွင် အိမ်ခြေများများစားစားမရှိဘဲ ငါးအိမ်တန်း သုံးတန်းသာ ရှိလေရာ ဆိုရလျှင် သုံးအိမ်ကျော်ဟု ပြောနိုင်သည်။ ထိုသုံးအိမ်ကျော်သည်နှင့် တောင်ဘက်တွင် ခ·လ·ရ(၇၆) တပ်မှ စစ်တပ်ကွင်းနှင့် ယာခင်းများမှာ မျက်စိတစ်ဆုံး ရှိလေရာ ထိုပုဂ္ဂိုလ် ဘယ်ဆီကိုပြန်မလဲဟူသော အတွေးကြောင့် ပို၍စိတ်ဝင်စားသွားလေသည်။

ကျွန်ုပ် ဆက်၍လျှောက်လာရာ အိမ်များကိုလွန်၍ ကွင်းစပ်သို့ရောက်သော် နောက်က လိုက်နေရင်းနှင့်ပင် ပျောက်သွား၏။ ဘယ်ရောက်သွားသနည်း။ ချုံတစ်ခုခုထဲဝင်၍ အပေါ့အလေး စွန့်လေသလား စသည့်အတွေးများနှင့် ကျွန်ုပ်သည် ကွင်းပြင်အစပ်တွင် မတ်တတ်ရပ်၍ အတန်ကြာအောင် စောင့်နေသော်လည်း ထူးခြားမလာ။ ယာခင်းများနှင့် တစ်မျှော်တစ်ခေါ် ကျယ်ပြောလေရာ အကွယ်အကာ ကြီးကြီးမားမားဟူ၍မရှိ။ တကယ့်မျက်စိတစ်ဆုံး ကြည့်ပါမှ တောင်ဘက်အစွန်အဖျားတွင် ကွင်းပြင်အစပ်တွင် ပေါက်နေသော လက်ပံပင်ကြီးကိုသာ မှုမှုကလေး မြင်ရလေသည်။ ထိုလက်ပံပင်ကို လွန်လေလျှင်တော့ အစ်မတော်စောမွန်လှ တည်ထားကိုးကွယ်ခဲ့သော ရွှေစာရံစေတီသို့ ရောက်လေသည်။ ဒါပေမဲ့ ပြောလို့သာ လွယ်သည်၊ ကျွန်ုပ်ရပ်နေသော အုန်းချောရွာစွန်မှ ရေတွက်သော် သုံးမိုင် နှစ်ဖာလုံခန့် ရှိသောကြောင့် အတော့်ကို ဝေးသေးသည်။

သည်သို့ဆိုလျှင် အနီ့ထိုပုဂ္ဂိုလ် ဘယ်ရောက်သွားသနည်း။ ကျွန်ုပ်လည်း ဦးနှောက်အခြောက်ခံ စဉ်းစားမနေတော့ဘဲ အိမ်သို့သာ ပြန်လာခဲ့လေသည်။ အိမ်ရောက်လေသော် ဇနီးဖြစ်သူ၏ ကွက်ကြည့်,ကွက်ကြည့်နှင့် ကြည့်နေသော မျက်လုံးများကို တွေ့နေရသော်လည်း ရှင်းပြမနေတော့ဘဲ ခြံထဲ သရက်ပင်အောက်ရှိ ကုလားထိုင်သို့သာ တန်းလျှောက်လာခဲ့သည်။ မိန်းမဆိုတာကလည်း စပ်စုတဲ့ နေရာမှာတော့ ဝါသနာအပါဆုံးပေမို့လား။

နောက်တစ်နေ့ နေ့လယ်ပိုင်းတွင်ဖြစ်သည်။ ကျွန်ုပ်သည် ရာသီဥတုအနည်းငယ် ပူလာသောကြောင့် အရိပ်အာဝါသကောင်းသော ခြံထောင့်ရှိ သရက်ပင်အောက်တွင် ပက်လက်ကုလားထိုင်နှင့်ထိုင်ကာ ထုံးစံအတိုင်း စာအုပ်တစ်အုပ်ကို ဖတ်နေရင်းမှ မှေးခနဲအိပ်ပျော်သွားမိလေသည်။ ကျွန်ုပ်သည် ငယ်စဉ်ကတည်းကပင် အအိပ်အင်မတန် ဆတ်သူဖြစ်သည်။

ခြိုးခြိုးချွတ်ချွတ် အသံကြားလျှင်ပင် လန့်နိုးတတ်သော ကျွန်ုပ်သည်-

'ဆရာ··အိပ်ပျော်နေလား မသိဘူး'

နားနားကပ် ပြောလိုက်သောအသံကြောင့် ဖျတ်ခနဲလန့်နိုးသွားလျက် ဘေးဘယ်ညာကို ကြည့်လေသော် ကျွန်ုပ်နှင့် ဝါးတစ်ပြန်ခန့်အကွာတွင် ရပ်နေသော မနေ့က ရောက်လာသည့် ထိုပုဂ္ဂိုလ်ကို တွေ့ပြန်သည်။

'ဆရာ··အိပ်ပျော်နေတယ်ထင်လို့ ခွင့်မတောင်းဘဲဝင်ခဲ့မိပြီ။ ခွင့်လွှတ်ပါဗျာ'

ကျွန်ုပ် ရုတ်တရက် ဘာမှ ပြန်မပြောမိသေးပေ။ ကျွန်ုပ်တွေးနေသည်က အိပ်ရေးအင်မတန်ပါးသော ကျွန်ုပ်ထိုသူ၏ခြေသံကို ဘာကြောင့်မကြားသနည်း။ ထိုပုဂ္ဂိုလ်သည် ဝါးတစ်ပြန်အကွာမှ ပြောသောစကားသံသည် အဘယ်ကြောင့် အနားနားကပ် ပြောဘိသကဲ့သို့ ရှိလေသနည်း။ ကျွန်ုပ် တွေဝေစွာ စဉ်းစားနေသောကြောင့် ဧည့်သည်အား ဖိတ်ခေါ်ရန်ပင် မေ့နေမိသည်။

'ဆရာ··စိတ်အနှောင့်အယှက် မဖြစ်ဘူးဆိုလျှင်ဖြင့် ကျုပ်လာခဲ့လို့ရမလား'

'ရောက်လာမှတော့ဖြင့် လာပါလေ၊ ထိုင်ပါ'ဟု ကျွန်ုပ်ကဆိုလျှင် ထိုထူးဆန်းသောဧည့်သည် ဝင်ရောက်ထိုင်လေပါမှ ထိုဧည့်သည်လက်ထဲတွင်ဆွဲလာသော အိတ်တစ်လုံးကို မြင်လေတော့သည်။

'ဆရာ··မနေ့က မှာတဲ့အတိုင်း တစ်သဝေမတိမ်းလုပ်တာ အဆင်ပြေပါတယ်။ ဒါပေမဲ့ ပြတ်ပြတ်သားသားတော့ မဟုတ်သေးဘူးပေါ့။ ဘေးကနေ ကဖျက်ယဖျက်လုပ်နေတဲ့သူတွေကြောင့် ပေရှည်နေမှာစိုးလို့ ဆရာ့ဆီတစ်ခေါက်ပြန်လာတာပါ။ ဟောဒါက ဆရာတို့မိသားစုအတွက် ကျုပ်ရဲ့လက်ဆောင်ပါ။ ဆရာ့ပညာကို တန်ဖိုးဖြတ်တာ မဟုတ်ပါဘူး'ဆိုကာ ယူလာသော အိတ်ကို ကျွန်ုပ်ရှေ့ရှိ စားပွဲသေးသေးလေးပေါ်တွင် တင်လိုက်လေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ထူးဆန်းသည်မှာ အမြဲတမ်း ပေါ့ပါးနေတတ်သော ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်နှင့်တွေ့တိုင်း တွေတွေငေးငေး ဖြစ်နေတတ်လေသည်။ ထို့ကြောင့်ပင်-

'လက်ခံပါဆရာ။ မတရားသဖြင့် ယူလာတဲ့ပစ္စည်း ပျောက်သလို တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထားပြီး ပေးတာကြောင့် အာဟာရလည်း ဖြစ်ပါတယ်။ ဘေးလည်း ကင်းပါတယ်'

'ကျွန်တော် လက်ခံပါတယ်။ ကျွန်တော်တွေးနေတာက ရေရေရာရာမသိဘဲ လုပ်ကိုင်ပေးနေတာ မှန်ကန်မှုမှ ရှိရဲ့လားလို့ စဉ်းစားနေတာပါ။ ကျွန်တော့်ရဲ့အယူအဆက ပေးခင်ဖြစ်စေ၊ ဗိန္ဒောဖြစ်စေ သိလလုံးဖို့က အဓိကအရေး အကြီးဆုံးလို့ ခံယူထားတာကြောင့် အပြန်ပြန်အလှန်လှန် ဆန်နေရတာပါ'

'စိတ်မကောင်းပါဘူး ဆရာ၊ ကျုပ်ဘက်က ဆရာ့ကို ပြောခဲ့သလို ဘယ်တော့မှ ယုတ်ညံ့တဲ့စိတ် မမွေးပါဘူး။ အခါ ကျုပ်ရဲ့ကတိပါ။ ဒါပေမဲ့ ကျုပ်အကြောင်းကို ခုရေ နေ့တွင်းကျ မပြောပြနိုင်သေးတာ စိတ်မကောင်းနိုင်တာ ပါ။ ဒါလည်း တစ်နေ့နေ့တော့ ဆရာ သူ့အလိုလို သိလာ ရမှာပါ'

ဟုတ်တော့လည်း ဟုတ်လေသည်။ ဥပမိရှပ်ကအစ ပြောတာဆိုတာ သွားတာလာတာအဆုံး ဘယ်နေရာမှ ချို့ယွင်းသွားတာကို ရှာမတွေ့သေးပေ။ ကျွန်ုပ်လည်း လူကဲ ခတ်ပညာ မညံ့ပါ။ လွဲခဲပါသည်။ ဒါပေမဲ့ ထိုသူကို အကဲခတ်ရာမှာတော့ ဘယ်နေရာမှ သံသယဖြစ်စရာ မတွေ့ပါ။ ထို့ကြောင့် ပေါက်တဲ့နဖူး မထူးတော့ပေ။


စပြီးမှတော့ဖြင့် ဆုံးခန်းတိုင်မှသာ သင့်ပေတော့မည်မို့ ဘာမှထွေထွေထူးထူး ပြောမနေတော့ဘဲ အိမ်ပေါ်သို့တက် ကာ ဗလာစာအုပ်၊ ဘောပင်နှင့် အိမ်ထဲတွင် အမြဲတမ်း ဝယ်ထားလေ့ရှိသော သွပ်ပြားပလိပ်ပြားကို နှစ်လက်မခွဲ ပတ်လည်ဖြတ်၍ ခြံထဲသို့ တစ်ခေါက် ပြန်ဆင်းလာခဲ့ လေသည်။ ထို့ နောက်-

'ကဲ..မိတ်ဆွေကြီး၊ ကျွန်တော် ပြောတာကို သေ သေချာချာမှတ်ထားပါ။ အခု ကျွန်တော် အင်းတစ်ခု ချပေးလိမ့်မယ်။ ကြီးလေးလုံးအင်းလို့ ခေါ်တယ်။ အင် မတန် အစွမ်းထက်တဲ့ စွယ်စုံအင်းပေါ့။ အဲဒီအင်းကို အိမ်ရောက်ရင် စင်ကြယ်အောင် ထပ်ပြီးဆေး၊ ကျွန်တော် လည်း အခုတစ်ခါ သန့်စင်အောင် ဆေးပြီးမှ အင်းချမှာ။ ဆေးပြီးရင် မေတ္တာသုတ် ငါးခေါက်ရွတ်ရမယ်။ မရွတ်ခင် မှာ ဘုရားရှိခိုး၊ ငါးပါးသီလခံပြီးမှရွတ်။ လက်အုပ်ချီပြီး အင်းပြားကို လက်ဝါးနှစ်ခုကြားမှာ ထားပြီးရင် သောက် ရေအိုးထဲထည့်သာ ထားလိုက်။ ရေတော့ မခန်းစေနဲ့။ ရေအမြဲ ရှိပါစေ။ အဲဒီ သောက်ရေအိုးထဲကရေကို ပုံမှန် သောက်။ မိတ်ဆွေကြီးရဲ့ပြဿနာ ဖြေရှင်းတော့မယ်ဆို ရင် မသွားခင်က သောက်သွား။ အောင်မြင်လိမ့်မယ်'

'ဆရာပြောတာတွေ အကုန်လုပ်နိုင်ပါတယ်။ ဒါ ပေမဲ့ မေတ္တာသုတ်တော့မရဘူး။ ဒါကြောင့် ဖြစ်မယ်ဆိုရင် သတ္တဝါတွေ မေတ္တာပို့ပြီး လုပ်လိုက်ချင်တယ်'

'ရပါတယ်၊ အဆင်ပြေသလိုလုပ်ပါ' ဆိုလျက် ကျွန်ုပ် လုပ်ငန်း စလေတော့သည်။ အင်းချသည်ဆိုရာတွင် ရမ်းချ ခြင်းထက် အခါယူ၍ချပါက ပို၍ထိရောက်သောကြောင့် အခါတိုင် ထူကြည့်လိုက်လေသည်။

| | | |
|---|---|---|
| (၆:၀၀)နာရီ မှ (၇:၃၀)နာရီ | ၅ | |
| (၇:၃၀)နာရီ မှ (၉:၀၀)နာရီ | ၃ | အဓိပတိ ၆ ဓေယျ |
| (၉:၀၀)နာရီ မှ (၁၀:၃၀)နာရီ | ၁ | ပုတိ ၃ သုခံ |
| (၁၀:၃၀)နာရီ မှ (၁၂:၀၀)နာရီ | ၆ | ရာဇ ⓪ လာဘံ |
| (၁၂:၀၀)နာရီ မှ (၁:၃၀)နာရီ | ၄ | ② မိတ္တံ |
| (၁:၃၀)နာရီ မှ (၃:၀၀)နာရီ | ② | ၅ သောကံ |
| (၃:၀၀)နာရီ မှ (၄:၃၀)နာရီ | ၀ | ၁ ဗျာကံ |
| (၄:၃၀)နာရီ မှ (၆:၀၀)နာရီ | ၅ | ၄ မရဏံ |
| | (နေ့တိုင်) | (အခါတိုင်) |



(အခါမဟာဘုတ်)

www.burmeseclassic.com

www.burmeseclassic.com

အထက်ပါအတိုင်းထူ၍ နာရီကိုကြည့်လိုက်သော အခါ မွန်းလွဲနှစ်နာရီခွဲလေပြီ။ ထို့ကြောင့် တနင်္လာအခါ နှင့် ထူကြည့်ရာ စနေနံသည် ဇေယျအခါ မရသော်လည်း မညံ့သောနေရာတွင် ရှိလေသည်။ အခါမဟာဘုတ် ထူ ကြည့်သောအခါ ထိုသူ၏ မွေးနံစနေက ရာဇဂြိုဟ်ခုံတွင် ရောက်နေသောကြောင့် အကောင်းကြီးမဟုတ်တောင် မညံ့ တာကတော့ သေချာနေသည်။ ထို့ကြောင့် မွန်းလွဲနှစ်နာရီခွဲ အချိန်ကို အခါယူ၍ ကြီးလေးလုံးအင်း ချလိုက်လေသည်။

ကြီးလေးလုံးအင်းဆိုသည်မှာ ဗျည်းအက္ခရာ သုံး ဆယ့်သုံးလုံးထဲမှ (က၊ ဃ၊ ဏ၊ ဋ္ဌ)ဟူသော ကြီးလေး လုံးကို အင်းဆံချခြင်းဖြစ်သည်။ မည်သည့်စကားကိုပြော ပြော၊ မည်သည့်စာကိုရေးရေး ဗျည်းအက္ခရာ သုံးဆယ့် သုံးလုံးနှင့် မကင်းပေ။ ထို့ကြောင့် ထိုဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးထဲမှ ကြီးလေးလုံးကို အင်းချပါက ပြော တိုင်း အောင်နိုင်သော အင်မတန်မှ အစွမ်းထက်လှပေ သည်။ အချိန်ခါသင့် တတ်ပါက ပိုကောင်းလေသည်။

| | | | | |
|---|---|---|---|---|
| က | ဏီ | ဋ္ဌီ | နိုင်စေ | ဃ |
| နိုင်စေ | ဃု | ကာ | ဏု | ဋ္ဌီ |
| ဏိ | ဋ္ဌာ | စနေ / ဗုဒ္ဓဟူး | ဃာ | ကိ |
| ဃီ | ကု | ဏာ | ဋ္ဌု | နိုင်စေ |
| ဋ္ဌ | နိုင်စေ | ဃိ | ကီ | ဏ |

(လိုရာသုံး ကြီးလေးလုံးအင်း)

အင်း၏အလယ်ကောင်အကွက်တွင် နိုင်စေလိုသူ၏ နံကို အပေါ်မှာထား၍ ရှုံးစေလိုသူ၏နံကို အောက်မှာ ထားကာ ကျန်အကွက်များတွင် နိုင်စေဟု ရေးရသည်။ လိုရာသုံးဟု ဆိုရခြင်းမှာ လင်မယားပြန်ပေါင်းချင်သည် ဆိုပါက အလယ်ကောင်တွင် လင်မယားနှစ်ယောက်၏ နေ့နံကိုရေး၍ လွတ်နေသော ကျန်အကွက်များတွင် ပေါင်း ရပါစေဟု ရေးရသည်။ ဥစ္စာပျောက်ပါက အလယ် ကောင်အကွက်တွင် ပိုင်ရှင်၏နေ့နံကိုရေး၍ အောက်တွင် ပျောက်သောပစ္စည်း၏ အမည်ကိုရေးပြီး ကျန်သည့်လွတ် နေသော အကွက်များတွင် ပြန်ရပါစေဟု ရေးရသည်။

ကျွန်ုပ်သည် ထိုစွယ်စုံသုံးအင်းအား ချရေး၍ ထို ပုဂ္ဂိုလ်အားပေးကာ-

'ကဲ..ရော့ဗျာ၊ မှန်ကန်အောင် အသုံးချနိုင်ပါစေ။ အမှန်တရားအတွက် ဖြစ်ပါစေလို့ပဲ ဆန္ဒပြုပါတယ်'

'စိတ်ချပါ။ ဆရာ့ပညာကို အလွဲသုံးစား ပြုမိရင် ကျုပ်လည်း တူသောအကျိုး ခံရပါစေလို့ ဆန္ဒပြုပါတယ်'

ဟု ထိုပုဂ္ဂိုလ်မှ ပြန်လည်ဆန္ဒပြုနေစဉ်-

'ဘယ့်နှယ်လဲ၊ ကြိုးစားလှချည်လား။ တစ်ယောက် တည်း စာကျက်နေတာပေါ့'ဟူသော အသံကြားသော ကြောင့် ကျွန်ုပ်လှည့်ကြည့်ရာ ဟိုဘက်ရပ်ကွက်မှ ကျွန်ုပ် ၏ ဘော်ဒါကြီး ဦးငွေသန်းကို တွေ့လိုက်လေသည်။

'လာဗျို့၊ ထိုင်။ ဦးငွေသန်းနှယ်..မျက်စိမှုန်ရန်ကော ဗျာ။ ဘယ့်နှယ် ကျွန်တော်တစ်ယောက်တည်းရမှာလဲ။ ဒီမှာလေ။ ဟင်..'

ကျွန်ုပ် မျက်လုံးပြူးသွားမိလေသည်။ အံ့သြလွန်း၍ ပါးစပ်ပင် မပိတ်နိုင်သလို ဘာစကားမှ မပြောနိုင်တော့ ပေ။ စောစောတုန်းကမှ ကျွန်ုပ်နှင့် စကားပြောနေသော ပုဂ္ဂိုလ်သည် အစအနပင် မမြင်ရလေအောင် ပျောက်ခြင်း မလှ ပျောက်သွားသောကြောင့်ပင် ကျွန်ုပ် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လေရာ ပုန်းခိုစရာဟူ၍ ကျွန်ုပ်၏အပေါ် တွင် အုပ်မိုးနေသော သရက်ပင်သာလျှင်ရှိလေရာ ကျွန်ုပ် သည် သရက်ပင်နောက်ဘက်တွင် ရှိလိုရှိငြား တစ်ပတ် ပတ်၍ ရှာကြည့်ရာ မတွေ့ပေ။ ထို့ကြောင့် အပင်ပေါ် မော့ကြည့်တော့လည်း မတွေ့တော့ပေ။ ထူးဆန်းပေစွ တကား။

ကျွန်ုပ် ကုလားထိုင်သို့ ပြန်ရောက်သောအခါ ဦးငွေ သန်းသာမက ဘယ်အချိန်က ရောက်နေသည်မသိသော ကျွန်ုပ်၏ ဇနီးသည်ပင် ကျွန်ုပ်ကို သနားစရာ သတ္တဝါ တစ်ကောင်ကို ကြည့်နေဘိသကဲ့သို့ မျက်ရည်အဝိုင်းသား နှင့် ကြည့်နေလေသည်။ ကျွန်ုပ် မည်သို့ဖြေရှင်းရမည် နည်း။ ထိုပုဂ္ဂိုလ်အား သူတို့ မမြင်လိုက်ကြသည်မှာ သေချာပေပြီ။ ကျွန်ုပ် ကုလားထိုင်တွင်ထိုင်၍ တံခါး ဆစ် နှစ်ဖက်ကို ဒူးပေါ်ထောင်လျက် နဖူးအား လက်ဝါး



www.burmeseclassic.com

www.burmeseclassic.com

တုတ်ကောက်နှင့်ထောက်ကာ ခေါင်းငုံ့၍ မျက်မှောင်ကြုတ်ကာ တွေးစားနေမိသည်။

'မနက်က အိမ်နိုင်နဲ့ ဈေးအသွားမှာ ဆုံမိလို့ သူက မင်းခွင့်တိုင်ပင်မှ ငါသိရတာပါ။ မင်းလည်း စာပေဗဟု သုတ လိုက်စားတဲ့နေရာမှာ ငါတို့ထက် အများကြီး သာ လွန်တဲ့ သူမို့ မိကျောင်းမင်း ရေခင်းပြ ဆိုသလို ဖြစ်မှာစိုး ရတယ်။ ငါ အကြံပေးချင်တာကတော့ ကိုယ့်စိတ်ကို ထိန်းပေါ့ကွာ။ ပြီးတော့ အာရုံလေးဘာလေးငြိမ်အောင် တရားလေးဘာလေး ထိုင်ပေါ့။ မင်းခြံက လုံပါတယ်။ ရှော်ပါနဲ့။ ငါနဲ့ မင်းဇနီး အိမ်နိုင်ကလွဲပြီး ဘယ်သူမှ သေိသလို ဘယ်သူမှ မမြင်ပါဘူး'

ရုတ်တရက် ကမ္ဘာကြီးချာချာလည်သွားသည် ထင်ရ လောက်သည်။ ကျွန်ုပ်ဦးခေါင်းအား မိုးကြိုးအစင်းပေါင်း မြောက်မြားစွာ ပစ်တာထက် ပိုဆိုးလေသည်။ ဦးငွေ သန်း၏ စကားအသွားအလာအရ ကျွန်ုပ်ကို ယဉ်ယဉ် လေးနှင့် ရူးနေသည်ဟု ပြောလိုက်ခြင်းပင်တည်း။

'ဟုတ်ပါတယ်။ ကိုစိုးမှာ စိတ်ညစ်စရာ ဘာတွေ များ ရှိနေလို့လဲ။ ဦးလေးဦးငွေသန်း ဆိုတာကလည်း ကိုယ့်မိဘလို နေတဲ့သူပဲ။ ကျွန်မတို့ကို ပြောပြပါလား။ ရင်ထဲပေါ့သွားတော့ ကောင်းတာပေါ့'

ဟု ဇနီးဖြစ်သူ အိမ်နိုင်ကပါ ဝင်ရောက်ပြောလေသော ကြောင့်-

'မင်းတို့ဆိုလိုတဲ့သဘောက ငါ့ကို စိတ်ဝေဒနာခံစား နေရတဲ့သူ တစ်ယောက်လို့ ပြောချင်တာလား'

'အဲလိုသဘောတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ စိတ် ဖိစီးမှုတွေ တစ်အားများလာရင် မဖြစ်သင့်တာတွေ ဖြစ် လာမှာစိုးလို့ပါ'

သူမ ဘယ်လိုပင် စကားကို လှအောင်ပြောပါစေ နောက်ဆုံး၌ ကျွန်ုပ်အား ရူးနေသည်ဟု ဆိုလိုခြင်းသာ ဖြစ်လေသည်။

'ကဲ..ဒီလိုဆိုရင် မင်းလည်းထိုင်၊ ဦးငွေသန်းလည်း ရှိမသေ ထိုင်ပါ။ ကျွန်တော်ရှင်းပြတာကို ဆုံးအောင် နားထောင်ကြည့်ပေါ့။ ပြီးမှ ဆက်ပြောကြတာပေါ့'ဟု ဆိုကာ ကျွန်ုပ်လည်း အစမှသည် ဦးငွေသန်း ရောက်လာ သည်အထိ ရှင်းပြလိုက်လေသည်။ ပြီးသွားမှပဲ ဘယ့် နှယ်လဲဟု သူမတို့နှစ်ယောက်ဘက်ကို မေးငေါ့ပြလိုက် လေသည်။

ထိုအခါ ဇနီးဖြစ်သူအိမ်နိုင်က-

'ဒါဆိုရင် ကိုစိုးလည်း ကျွန်မ ရှင်းပြတာကို ခဏ သည်းခံပြီး နားထောင်ကြည့်ပါ။ မနေ့က မနက်ပိုင်းမှာ ကိုစိုး စာအုပ်ဖတ်နေတာ အစက ဘာမှမထူးခြားပေမယ့် သိပ်မကြာဘူး။ အိမ်ပေါ်ကို စာအုပ်နဲ့ ဘောပင်လာယူ တယ်။ ဒါနဲ့ မေဒင်မေးတဲ့သူ များလာလို့လားဆိုပြီး လှမ်း ကြည့်လိုက်တော့ ကိုစိုးတစ်ယောက်တည်း။ လက်ဟန် ခြေဟန်နဲ့ စကားတွေပြောလိုက်၊ ထိုင်လိုက်၊ ထလိုက်နဲ့ တော်တော်ကြာတယ်။ ပြီးတော့မှ တစ်ယောက်တည်း တောင်ဘက်ကွင်းထဲသွားလို့ ကျွန်မက ထူးခြားတယ်ဆို ပြီး နောက်က လိုက်ကြည့်မိတယ်။ ကိုစိုးပုံစံက အိပ်မက် ယောင်ပြီး လမ်းထလျှောက်သလိုမျိုး ဘယ်သူ့ကိုမှလည်း လှည့်မကြည့်ဘူး။ ရှေ့ကိုပဲ တစ်အားအာရုံရောက်နေတာ။ တောင်ဘက်ကွင်းပြင်နား ရောက်တော့လည်း မတ်တတ် ရပ်ပြီး အကြာကြီးပဲ။ ပြီးတော့မှ လှည့်ပြန်လာတာ။ ကျွန်မလည်း မေးဖို့စိတ်ကူးပြီး မမေးဖြစ်ဘူး'

'ဘာဖြစ်လို့ မမေးတာလဲ'

'မမေးရဲလို့။ ဒီနေ့မနက် ဈေးသွားရင်း ဦးငွေသန်း နဲ့တွေ့မှ စကားစပ်မိပြီး ပြောဖြစ်တာ'

ကျွန်ုပ်လည်း ကိုယ့်နဖူးကိုယ်ရိုက်၍ ကုလားထိုင် ပေါ် ပက်လက်လှန်နေမိသည်။ အိမ်နိုင်သာ မနေ့ကတည်း က မေးလိုက်ရင် ရှင်းသွားနိုင်သော်လည်း အခုတော့ ကျွန်ုပ် ဘယ်လောက်ရှင်းပြ,ရှင်းပြ သူတို့ လေသံသာ ပြောင်းသွားသည်၊ မျက်လုံးအကြည့်တွေက မပြောင်းလဲ။

ကျွန်ုပ် မျက်စိကိုမှိတ်၍ သူတို့လက်ခံလာရန် မည် သို့ရှင်းပြရသော် ကောင်းမည်နည်းဟု စဉ်းစားနေရသည်။ မရှင်းပြလို့ကလည်းမဖြစ်။ အိမ်ထောင်ဦးစီးတစ်ယောက် အနေနဲ့ပဲဖြစ်ဖြစ်၊ ဦးငွေသန်းအတွက် အပေါင်းအသင်း တစ်ယောက်အနေနဲ့ပဲဖြစ်ဖြစ် လူပေါ်ကြီးတစ်ယောက် ဖြစ်သည်ဟု အထင်မှားကာ မလေးမစား ဖြစ်သွားနိုင် သည်။ ကိုယ်က သူတို့ထင်သလို ရောဂါသည်ဖြစ်နေလျှင် တော့ ကိစ္စမရှိ။ ခံနိုင်ရည်ရှိသည်။ အခုတော့ နိုင်လုံ အောင် မရှင်းပြနိုင်လျှင် အကောင်းစင်စစ်က တကယ်ပင် ရူးသွားနိုင်လေသည်။

ကျွန်ုပ် မျက်စိမှိတ်လျက် စဉ်းစားနေရာမှ ရှော်ခနဲ

www.burmeseclassic.com

သတိရလိုက်သည်။ အိတ်၊ ဟုတ်သည်။ ထိုပုဂ္ဂိုလ်ယူလာသောအိတ် ဘယ်ရောက်နေသနည်း။ ကျွန်ုပ် မျက်စိဖွင့်ကြည့်ရာ အိတ်လေးသည် သည်အတိုင်းပင် ရှိနေသောကြောင့် ဝမ်းသာအားရရယ်မောရ၍ ကျွန်ုပ်သည် ထခုန်လေရာ ဇနီးဖြစ်သူ အိခိုင်နှင့် ဦးငွေသန်းတို့၏မျက်နှာမှာ ထိတ်လန့်လွန်းအားကြီး၍ သွေးစုပ်ဖြူရော်သွားကြသည်မှာ ပြောစရာပင်မရှိ။

'အိတ်··ဒီအိတ်ပဲ။ ငါ့ရဲ့သက်သေဟာ ဒီအိတ်ပဲ။ ဟင်း··ဟင်း··ဟင်း'

'စိုးကြီး··စိုးကြီး'

'ရတယ် ဦးငွေသန်း၊ ကျွန်တော် ဘာမှမဖြစ်ဘူး။ ကျွန်တော် ခင်ဗျားတို့ကို သက်သေပြချင်လို့။ အိခိုင်··မင်း ဒီအိတ်ကို မြင်ဖူးလား' ဟုမေးရာ အိခိုင်သည် မျက်နှာငယ်လေးနှင့် ခေါင်းယမ်းပြလေသည်။

'တို့အိမ်မှာရော တွေ့ဖူးလား'

'ဟင့်အင်း'

'ဘယ်တွေ့ဖူးမှာလဲ။ မင်းတို့ကို ပြောပြတဲ့အထဲမှာ ငါ့ဆီလာတဲ့ပုဂ္ဂိုလ်က အိတ်တစ်အိတ် လက်ဆောင်လာပေးတယ်ဆိုတာ ဒီအိတ်ပဲ။ ဘယ်မှာလဲ၊ ငါ ရူးလား။ မင်းတို့ပြောမှပဲ ငါတောင် ကိုယ့်ကိုယ်ကိုယ် တကယ်များ ရူးသွားသလားလို့ ကယောင်ကတမ်းတွေ တွေးနေရတယ်'

'ထူးတော့ ထူးဆန်းနေပြီ စိုးကြီး။ မင်းပြောတာတွေဟာ အမှန်တွေဆိုရင် တော်တော့ကို ထူးဆန်းနေပြီ' ဟု ဦးငွေသန်း က ခေါင်းတယမ်းယမ်းနှင့် ပြောလေသည်။

'ဘာထူးဆန်းလို့လဲ ဦးငွေသန်းရဲ့။ သူက အခက်အခဲရှိလို့ လာအကူအညီတောင်းတယ်။ ကျွန်တော်က ပြန်ကူညီလိုက်တယ်။ ဒါကြောင့် ဒီအိတ်ထဲက ပစ္စည်းတွေကို လက်ဆောင်လာပေးတာပဲ'

'သူ့ပုံစံက ဘယ်လိုပုံစံလဲ။ ထပ်ပြောပါဦး'

'ဦးငွေသန်းကလည်း စောစောက ပြောပြီးပါပကောဗျာ။ ဝါးခမောက်တစ်လုံး ဆောင်းထားတယ်။ လွယ်အိတ်တစ်လုံး လွယ်ထားတယ်။ အသက်က ခြောက်ဆယ်ကျော်ထဲကပဲ။ ဒါပေမဲ့ ဆံပင်တစ်ပင်မှ မဖြူဘူး။ သွားတစ်ချောင်းမှ မကျိုးဘူး။ ခြောက်ပေလောက်ရှိတဲ့ အရပ်ကြီးက ခါးတစ်ချက်မှ မကိုင်းဘူး'

'အဲဒါကြောင့် ထူးဆန်းတာပေါ့။ ငါ့မျက်စိမကောင်းဘူးဆိုရင်တောင် သည်လောက်ကြီးတဲ့ လူတစ်ယောက်ကိုတော့ဖြင့် မြင်နိုင်ပါတယ်။ အခုတော့ ငါရော အိခိုင်ရော လူမပြောနဲ့ လူနဲ့တူတဲ့ အရိပ်လေးတောင် မမြင်လိုက်ဘူး။ ဒီလိုပြောလို့ မင်းစကားကို မယုံလို့ မင်းစိတ်မနှံ့ဘူးထင်လို့ မဟုတ်ဘူး။ ထူးဆန်းလို့ပြောနေတာ' ဟု ဆိုသောကြောင့် ကျွန်ုပ် နည်းနည်းဘဝင်ကျသွားသည်။

ထိုစဉ် ဦးငွေသန်းက 'ပြောနေ ကြာတယ်။ မင်းလူရဲ့ အိတ်ကို ဖွင့်ကြည့်ကွာ' ဟု ဆိုသောကြောင့် ဖွင့်ကြည့်ရာ ကြီးမားသော ငှက်ပျောဖီးကြီး သုံးဖီးကိုသာ တွေ့ရလေသည်။

ငှက်ပျောဖီးကြီးများမှာ လွန်စွာကြီးမား၍ တစ်ဖီးလုံး နီရဲနေလေသည်။ ငှက်ပျောသီးကြီးများမှာလည်း ပြည့်ဖြိုး၍ နီရဲကာ လုံးပြောင်နေသည်မှာ အားရပါးရရှိလှသည်။ မွှေးကလည်း တော်တော်မွှေးလေသည်။ သေချာအနံ့ခံကြည့်ပါမှ မွှေးမှန်း သိရလေသည်။

'မတရားသဖြင့်ယူလာတဲ့ ပစ္စည်းမဟုတ်သလို တစ်ဦးနဲ့တစ်ဦး မေတ္တာရှေ့ထားပြီးပေးတာကြောင့် အာဟာရလည်း ဖြစ်ပါတယ်။ ဘေးလည်း ကင်းပါတယ်'

ကျွန်ုပ် ထိုပုဂ္ဂိုလ်ပြောသွားသော စကားများကို ပြန်လည်ကြားယောင်ရင်း ငှက်ပျောဖီးကြီးထဲမှ အလွန်လှပြီး ထွားကျိုင်းလှသော အလုံးသုံးလုံးကို ဖြုတ်ကာ-

'ကဲ··ရော့ဗျာ၊ သုံးဆောင်ဦး။ တစ်ဦးနဲ့တစ်ဦး မေတ္တာရှေ့ထားပြီး ပေးတာကြောင့် အာဟာရလည်း ဖြစ်ပါတယ်။ ဘေးလည်း ကင်းပါတယ်' ဟုဆိုလျက် ဦးငွေသန်း တစ်လုံး၊ ကျွန်ုပ် တစ်လုံး၊ ကျွန်ုပ်၏ဇနီး အိခိုင်ကို တစ်လုံး ပေး၍ စားစေရာ အိခိုင်သည် ငှက်ပျောသီးကို လှမ်းယူလိုက်သော်လည်း မစားရဲသလို ဖြစ်နေသည်။

ဦးငွေသန်း က လူကြီးမို့ ထိန်းနိုင်သော်လည်း စိတ်ထဲတွင် မယုံမရဲ ဖြစ်နေပုံရလေသည်။ ငှက်ပျောသီးကြီးကို ကိုင်၍ မစားဘဲ ကြည့်နေကြသောကြောင့် ကျွန်ုပ်ကပင် အခွံနွှာ၍ ရှေ့မှ ဦးဆောင်ပြီး စားပြရန် ပြင်လိုက်လေသည်။ ကျွန်ုပ်၏ မိတ်ဆွေကြီးကို ကျွန်ုပ် ယုံကြည်လေသည်။ သူပြောသွားသော စကားကလည်း နားထဲက မထွက်ပေ။ ထို့ကြောင့် အခွံနွှာ၍ တစ်ကိုက်မျှကိုက်ပြီး စားကြည့်လိုက်ရာ လွန်စွာမှ အရသာရှိလှသောကြောင့် တစ်ဝက်တိတိ ကုန်အောင်စားလိုက်မိလေသည်။ ကျွန်ုပ်

www.burmeseclassic.com

[illegible]သည်ကိုကြည့်၍ စားချင်စိတ်ပေါက်လာ၍ထင်သည်၊ ဦးငွေသန်းနှင့် အိခိုင်လည်း ပြိုင်တူစားကြလေသည်။

သူတို့သည် သုံးချိုး တစ်ချိုးခန့် ကုန်သည်အထိ [illegible]ပြီးသော် ကျွန်ုပ်တို့သုံးဦးသည် စကားမဆိုဖြစ်ကြဘဲ တစ်ဦးနှင့်တစ်ဦး ကြည့်နေကြလေသည်။

တော်တော်ကြီး ကြာပါမှ-

'စိုးကြီး··မင်း ဘယ်လိုနေလဲ'

'ကျွန်တော် ဦးငွေသန်းတို့ကို ရှင်းပြနေရတာနဲ့ စကားတွေ အများကြီးပြောနေရလို့ အာခေါင်တွေခြောက်ပြီး ရေငတ်နေတာ'

'အခုရော'

'ရေမငတ်တော့တဲ့အပြင် အမောလည်း တော်တော်ပြေသွားတယ်ဗျ။ အသက်ရှူရတာတောင် ရှင်းလင်းပြီး ပေါ့နေသလိုပဲ'

'အေး··ငါလည်း အဲဒီလိုပဲ။ မင်းတောင် ဒီလောက်မောနေရင် ငါ့အသက် ငါ့အရွယ်နဲ့ဆို ငါက ပိုမောတာပေါ့။ ပြီးတော့ ညက မျက်စိတွေကြောင်ပြီး အိပ်မပျော်တာနဲ့ မင်းဆီ လာတာရယ်၊ ခေါင်းတွေက ဒိန်းဒိန်းနဲ့ကိုက်နေတာ'

'အခုရော'

'ယူပစ်သလိုပဲကွ၊ ဘာမှကို မဖြစ်တော့ဘူး။ ပြီးတော့ နေရတာ ထိုင်ရတာ၊ စကားပြောရတာ အခုမှ အားရပါးရ ဖြစ်လာသလိုပဲ'

'ဟုတ်တယ်၊ ကျွန်မလည်း စိတ်တွေညစ်ပြီး ရင်ဘတ်ထဲ တလှပ်လှပ်နဲ့ မောနေတာ အခုတော့ ရင်ထဲကို အေးပြီး ငြိမ်းသွားသလိုပဲ'ဟု အိခိုင်ကပါ ဝင်ပြောလေသည်။

ထိုကဲ့သို့ ကျွန်ုပ်တို့သုံးဦး စကားပြောနေစဉ်တွင်-

'အောင်မယ်လေး မောင်စိုးရယ်၊ နင်တို့က ဒီမှာ စကားကောင်းနေကြတယ်။ ငါတို့မှာတော့ ကမ္ဘာပျက်နေသလိုပါပဲ။ တကယ်ပါ'

စကားသံ အော်ကျယ်ကျယ်နှင့်အတူ ကျွန်ုပ်၏အစ်မအကြီးဆုံးဖြစ်သူ မနှင်းနှင်းခိုင်သည် သူမ၏သား ကျွန်ုပ်၏ တူဖြစ်သူအား ကျောပိုးလျက် ရောက်လာလေတော့သည်မှာ အမောတကောနိုင်လှလေသည်။

သူမ၏ အနောက်တွင်လည်း အိမ်အနီးအပါးမှ အမျိုးသမီး လေး,ငါးယောက်ခန့် ပါလာလေရာ-

'ဟောဗျာ၊ ဘယ်လိုဖြစ်လာကြတာလဲဟ။ ဘာဖြစ်ကြတာလဲ'ဟုဆိုလျက် ကျွန်ုပ် ထိုင်ရာမှ ထမိသလို အိခိုင်ကလည်း ပါလာသည့် လူအားလုံး ထိုင်နိုင်ရန် ထိုင်ခုံများ သယ်၍ ချပေးလေသည်။

'အမယ်လေးတော်··နင်တို့ မကြားဘူးပေါ့။ တစ်ရပ်ကွက်လုံး အုတ်အော်သောင်းတင်း ဖြစ်နေတာတောင်'

'ကဲပါဟာ··လိုရင်းကို ပြောစမ်းပါ။ ဘယ်လိုတွေဖြစ်တာလဲ၊ နင့်ကြည့်ပြီး ငါ့မှာ ထိုင်ပဲ ထိုင်ရတော့မလို ထပဲ ပြေးရတော့မလိုနဲ့'

ကျွန်ုပ်တို့ မောင်နှမများသည် အကြီးအငယ်ဖြစ်နေကြသော်လည်း အသက်အရွယ်မှာ သိပ်မကွာလှသောကြောင့် သူငယ်ချင်းများသဖွယ် ဆက်ဆံကြသည်မှာ အကျင့်ပါနေကြလေသည်။ ကြည့်ရသည်မှာ ကျွန်ုပ်၏ တူလေး တစ်ခုခုဖြစ်လာပုံရသောကြောင့် ကျွန်ုပ်မှာ ထိုင်ရမလို ထရမလို ဖြစ်နေလေသည်။ ကျွန်ုပ်၏ တူလေးမှာ အခုမှ ငါးနှစ်ကျော် ခြောက်နှစ်ထဲ ရောက်ခါရှိသေးသည်။

'နင့်တူ အကောင်ကိုက်လို့'

'ဘာ'

'ဟ··ဒါဆို ဆေးခန်းပြေးလေ။ လာ··လာ··ဘာလို့ အချိန်ဆွဲနေတာလဲ'

ဟု ကျွန်ုပ်က ကလေးကို ထပွေ့လေရာ-

'ဆေးခန်းက ပြန်ခဲ့ပြီ ဦးစိုးရဲ့'ဟု ကလေးက ထပြောလေသည်။

ကျွန်ုပ်အံ့သြရပါသည်။ ကလေးသည် ဝေဒနာခံစားနေရသည့်ပုံ စိုးစဉ်းမျှ မရှိပေ။

ကျွန်ုပ် အူလည်လည် ဖြစ်နေသောကြောင့် ဘေးတွင်ထိုင်နေသော ဒေါ်ကြီးသန်းနုက-

'ဒီလို မောင်စိုးရဲ့၊ ငါတို့က တောင်တက်ယာခင်းတွေနား ထင်းခြောက်သွားကောက်ကြတာ။ မင်းတူကသားလည်း ရောက်ဖူးချင်လို့ဆိုပြီး လိုက်လာရင်းနဲ့ လမ်းမှာ အကောင်ရှည်ကိုက်လိုက်တာ။ ငါတို့လည်း သိသိချင်း ဒူးဆစ်နားလောက်ကနေ နွယ်ကြိုးနဲ့ တင်းအောင် စည်းပြီး ကျောပိုးမယ်လုပ်တော့ ဘယ်ကနေဘယ်လို ရောက်လာတယ် မသိဘူး။ လူကြီးတစ်ယောက် ရောက်လာပြီး အကောင်ကိုက်တာ မှတ်တယ်ဆိုပြီး ကလေးကို အောက်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ချခိုင်းပြီး တတွတ်တွတ်နဲ့ မန်းမှုတ်နေတာ မှတ်တယ်။ ငါတို့ကိုလည်း ဝေးဝေးသွားနေ။ ခင်ဗျားကလေး ဘာမှ မဖြစ်စေရဘူးဆိုလို့ ငါတို့ ခပ်လှမ်းလှမ်းကနေ ကြည့်နေရတယ်။ အောင်မလေး··ပြောရင်း ကြက်သီးတောင်ထတယ်' ဟုဆိုလျှက် ဒေါ်သန်းနုက ကျောတွန့်ပြလေသည်။

'လုပ်ပါ၊ ဆက်ပြောပါဦး'

ဟု ကျွန်ုပ်က ဝင်ထောက်လေမှ-

'မြွေကြီး နည်းတာမဟုတ်ဘူး။ လက်ကောက်ဝတ်လောက်ရှိတယ်။ တရွေ့ရွေ့နဲ့လာပြီး မင်းတူရဲ့ ခြေထောက်ကို နမ်းတာမှတ်တာ။ အဲလူကြီး ပြောပြတော့မှ သူကိုက်ထားတဲ့ အဆိပ်တွေကို သူကိုယ်တိုင် လာစုပ်ယူတာဆိုလားပဲ။ မြွေကြီးလည်း ပြန်သွားရော လူကြီးက မိုးပေါ်မော့ပြီး တတွတ်တွတ်နဲ့ရွတ်ဖတ်ပြီး ကလေးကို လက်ဖဝါးနဲ့ သပ်သပ်ချကာ မင်းတူ ငုတ်တုတ်ထထိုင်တာပဲကွယ့်။ ပြီးတော့မှ ငါတို့ကို လက်ယပ်ခေါ်လို့ ငါလည်း ဟန်ဆောင်မနေတော့ဘူး။ ကျေးဇူးတင်လွန်းလို့ ထိုင်ကန်တော့လိုက်တာပဲ။ ငါ့နေရာက နေကြည့်လေ၊ ကလေးများ တစ်ခုခုဖြစ်သွားရင် ငါခေါ်သွားတာဆိုတော့ ငါ့တာဝန် ဘယ်ကင်းမှာလဲ'

'ဒါပေါ့ဗျာ၊ ကန်တော့သင့်တာပေါ့'

'ငါကလည်း ကျေးဇူးတင်စကားပြောတော့ အစ်မကြီး ကျုပ်ကတောင် ပြန်ပြီးကျေးဇူးတင်ပါသေးတယ်။ အခါအခွင့်သင့်လို့ ပြန်လည်ကူညီခွင့်ရတာဆိုလို့ ပြောပြီး ထွက်သွားတော့တာပဲ'

ကျွန်ုပ် ဖျတ်ခနဲ တစ်စုံတစ်ယောက်ကို မျက်စိထဲ မြင်လိုက်သောကြောင့်-

'ဒေါ်ကြီး တွေ့လိုက်တဲ့လူက ဝါးခမောက်ဆောင်းထားတယ်။ အသက်က ခြောက်ဆယ်ကျော်လောက်ရှိပြီ။ လွယ်အိတ်တစ်လုံးလည်း လွယ်ထားတယ်။ အရပ်က ထောင်ထောင်မောင်းမောင်းနဲ့ ဟုတ်လား'

'ဟုတ်လိုက်တာမှကွယ်၊ မင်းတောင် ·ဘေးကနေ ထိုင်ကြည့်နေသလား မှတ်ရတယ်။ အဲဒါ မင်းမိတ်ဆွေ လား'

ကျွန်ုပ် ဒေါ်သန်းနုစကားအား ပြန်လည်မဖြေဖြစ်ပါ။ ဦးငွေသန်းဘက်သို့လှည့်ကာ ဘယ့်နှယ်လဲဟု မေးငေါ့ပြ လိုက်လေသည်။ ပြီးမှ-

'ဟုတ်ပါတယ်၊ ကျွန်တော့်မိတ်ဆွေပါ။ ဒါပေမဲ့ ဆေးခန်းတော့ သွားသင့်တာပေါ့။ ပိုတယ် မရှိပါဘူး'

'ငါတို့ အခု ဆေးခန်းက ပြန်ခဲ့တာပဲ။ ဟိုရောက်တော့ အဆိပ်စုပ်ထုတ်တော့ မရှိဘူး၊ အဆိပ်မတွေ့ဘူးတဲ့။ ဒါပေမဲ့ အဆိပ်ဖြေဆေးတော့ ထိုးပေးလိုက်တယ်။ အကိုက်ခံထားရတဲ့ ခြေထောက်ကို လှုပ်လှုပ်ရှားရှား မလုပ်ပါနဲ့ဦး။ ထူးထူးခြားခြားရှိရင် ချက်ချင်းပြန်လာခဲ့ပါလို့ မှာလိုက်လို့ တို့ လမ်းတောင် မလျှောက်ခိုင်းရဲဘူး။ ကျောပိုးလာတာ ကြည့်ပေတော့' ဟု ကျွန်ုပ်၏အစ်မ မနှင်းခိုင်က ဝင်ပြောလေသည်။

သို့နှင့် ကျွန်ုပ်က ကလေးအား-

'ငါ့တူ··အခု ဘယ်လိုနေသေးလဲ'

'ညောင်းတာလား မသိဘူး၊ မလှုပ်ချင်ဘူး' ဟု ပြော လေသည်။ နုန်းခွေနေသည်ဟု မပြောတတ်၍ ဖြစ်မည်။

'စိုးကြီး··ငှက်ပျောသီးကျွေးလိုက်ပါလား'

ဟု ဦးငွေသန်းက ဝင်ပြောလေရာ-

'ဟုတ်ပေသားပဲ။ ကဲ··ရော့၊ ဒေါ်ကြီးတို့ပါ စားကြ အမောပြေပေါ့' ဟု တစ်ယောက်တစ်လုံးစီ ဝေငှပေးလိုက် သည်။

'ဦးစိုး··ငှက်ပျောသီးကြီးတွေကလည်း လှလိုက် တာ။ စားရမှာ နှမြောစရာကြီး'

'အေးဟဲ့၊ အကြီးကြီးတွေ'

'စားကြပါ၊ စားကြပါ။ တစ်ဦးနဲ့တစ်ဦး အမတ္တာရှေ



www.burmeseclassic.com

www.burmeseclassic.com

ပြီး ပေးတာကြောင့် အာဟာရလည်း ဖြစ်ပါတယ်။ လည်း ကောင်းပါတယ်’ဟု ဆိုလေရာ မည်သူမျှ တစ် ကုန်အောင် မစားနိုင်ကြပေ။

တော်တော်ကြာပါမှ-

‘ဒီငှက်ပျောသီး ထူးတော့ ထူးခြားလောက်တယ်။ တော့ အမောပြေရုံတင်မကဘူး၊ အကြောအချဉ်တွေပါ ပြေကုန်တယ် မှတ်တာပဲ’

‘ဟုတ်တယ်။ ကျွန်မတို့လည်း တစ်ဝက်ပဲ စားရ သေးတယ်။ ညစာတောင် ထမင်းလွတ်သွားလောက် တယ်’

ဟု တစ်ယောက်တစ်ပေါက် ပြောဆိုနေကြပြီး ရောက် တော်ရာရာ ခဏမျှပြောဆို၍ ပြန်မယ်ပြင်ကြလေရာ-

‘ဟဲ့..ကလေးရောဟု ဒေါ်သန်းနုမေးမှ သတိရပြီး ကြည့်လေရာ ကလေးမှာ ခုန်ပေါက်၍ ဆော့နေပေပြီ။ ဟဲ့..ဟဲ့..သားလေး၊ ဘာလို့ အဲလောက်ဆော့နေတာလဲ။ လာ..လာ’

ဟု မနှင်းခိုင်က အော်လေရာ-

‘သား ဘာမှမဖြစ်တော့ဘူး မေမေရဲ့’ဟု အဝေးမှ လှမ်းအော်လေသည်။

‘ကဲ..ငါ့မောင်ရေ၊ မင်းတူကြည့်ရတာနဲ့တင် မင်း ငှက်ပျောသီး တော်တော်စွမ်းပုံရတယ်။ အဲဒါ ဘာငှက် ပျောသီးလဲ’

‘ဘာငှက်ပျောသီးလဲတော့ မသိဘူး။ ဒေါ်ကြီးတို့နဲ့ တွေ့ခဲ့တယ်ဆိုတဲ့ ပုဂ္ဂိုလ်က လက်ဆောင်ပေးသွားတာ’

ဟု ဆိုလေမှ-

‘သြော်..ဒါကြောင့်ကိုး’ဟု ပြိုင်တူရေရွတ်၍ ပြန် သွားကြလေသည်။

တဖြည်းဖြည်းနှင့် လူစုကွဲသွားကြသည်မှာ ကျွန် တော်တစ်ယောက်တည်းသာ ကျန်ခဲ့လေသည်။ ထိုပုဂ္ဂိုလ် သည် ထိုနေ့မှစ၍ နောက်ဘယ်တော့မှ မတွေ့ရတော့ပါ။ နှစ်တွေသာ ပြောင်းလဲခဲ့သော်လည်း ကျွန်ုပ်ကိုယ်တိုင် အဖြေရှာ၍မရသလို ယနေ့တိုင်လည်း သတိတရရှိနေဆဲ ပါတည်း။

**အဓိပတိ(အုန်းချော)**






www.burmeseclassic.com

www.burmeseclassic.com



# အောင်တော်မူ

## ဆရာကြီးမြစကြာနှင့် မန္တလေးတောင် မြွေကြီးနှစ်ကောင်သိုက်


မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံတွေ၊ အနုပညာ အမွေအနှစ် သမိုင်းတွေ၊ နန်းဝင်မှတ်တမ်းကမ္ပည်းတွေကို ရှာဖွေလေ့လာကြည့်မည်ဆိုပါက ရတနာပုံရွှေမန္တလေးမြို့တွင်သာ အများအပြားတွေ့မြင်ကြရပေမည်။ မန္တလေးမြို့ဆီသို့ ရောက်သွားသူတိုင်း သွားရအလွယ်အကူဆုံးဖြစ်သည့် ရုပ်ရှင်တော်မြတ် မဟာမြတ်မုနိဘုရားကြီး၏ ပင်ဖူးမည်။ ညဥ့်အိပ်တည်းခိုဖို့ အချိန်တွေ ရမည်ဆိုလျှင် အလုမ်းမဝေးပေါင် မန္တလေးတောင် မြွေကြီးနှစ်ကောင် သွားကြည့်ရအောင် ဆိုသော သီချင်းအတိုင်း နန်းတော်ရှေ့ ကျုံးအရှေ့မြောက်ထောင့်ရှိ ရသေ့ကြီးဦးခန္တီ ဆက်လက် သာသနာပြုခဲ့သည့် မန္တလေးတောင်ပေါ်ဆီသို့ တက်ရောက်ဘုရားဖူးခဲ့ကြပြန်သည်။

ရသေ့ကြီးဦးခန္တီ မန္တလေးတောင်သို့ မရောက်မီ ကာလက ဦးနန္ဒိယကိုယ်တော်လက်ထက်တွင် ဗျာဒိတ်ပေး ဘုရားကြီးကို ပြန်လည်ထုလုပ်ခဲ့ကြသူများမှာ မြောက်ပြ လင်းဇင်းရပ်မှ ပန်းဘဲအလုပ်သမားများ ပါဝင်ဆောင်ရွ ခဲ့ဖူးသည်။ မန္တလေးတောင် မြွေကြီးနှစ်ကောင် ဇာ လမ်းမှာ ဒုတိယကမ္ဘာစစ်ပြီးခါစ ပန်းဘဲ ဆရာကြီး ဦးဘေ တို့ လက်ထက်တွင် ပေါ်ပေါက်ခဲ့ခြင်းပင် ဖြစ်သည်။

တစ်ညတွင် မြောက်ပြင် လင်းဇင်းရပ်ရှိ ဦးဘေ ဝင်းအတွင်းသို့ အလွန်ကြီးမားသော မြွေကြီးနှစ်ကော ရောက်လာသည်။ နံနက်မိုးလင်းသော်လည်း မြွေကြီးမျ မှာ ဦးဘေခြံတွင်းမှ ထွက်ခွာသွားမည့်ပုံ မပေါ်ခဲ့ ဦးဘေက မြန်မာဆေးဆရာကြီးတစ်ဦးလည်း ဖြစ်ခဲ့သေ လည်း မြွေကို ကြောက်လန့်သဖြင့် မြွေဆရာ ကို ဆိုသူအား အကူအညီတောင်းခဲ့သည်။ သို့ဖြစ်၍ ဦးလုံး မြွေကြီး နှစ်ကောင်ကို ဦးဘေခြံထဲမှ ဖမ်းယူသွားသည်

ငင်းနောက် ဦးလုံးသည် မြွေကြီးများဖြင့် အလမ္ပာ ပြစားရာ အတော်စီးပွားဖြစ်သွားသည်။ ထိုစဉ်မှာ မန္တ တောင်ထိပ်၌ ဗျာဒိတ်ပေးဟန် ရုပ်ပွားတော်ကြီး တည် သော ဘုန်းတော်ကြီး ဦးနန္ဒိယက ကြားသိသွား

www.burmeseclassic.com



မြွေကြီး နှစ်ကောင်ကို ဦးလုံးထံမှ အလှူခံလိုက်သည်။ ၎င်းမြွေကြီး နှစ်ကောင်ရှိလျှင် ရုပ်ပွားတော် ဆီသို့ ဘုရားဖူးလာသူ များပြီး အလှူငွေ ကောင်းစွာရရှိ နိုင်ကြောင်း ဆရာတော်က တွေးမိသည်။

ဤသို့ဖြင့် မြွေကြီး နှစ်ကောင်မှာ မန္တလေးတောင် ထက်သို့ ရောက်ရှိလာခဲ့သည်။ အမှန်တကယ်ပင် မြွေကြီးများ ရောက်လာပြီးနောက် ဘုရားဖူးသူများ တစ်စ,တစ်စ တိုးပွားလာခဲ့ကြရာ မကြာမီ ရုပ်ပွားတော်ကြီး ပြီးစီးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တချို့ကလည်း မြွေကြီးနှစ်ကောင်က အိပ်မက်ပေးသည်ဆိုပြီး မြွေကြီးများရှိရာသို့ တလူလူလာ လာခဲ့ကြသည်။ ၄င်းမြွေကြီးနှစ်ကောင်သည် မန္တလေးတောင်ထက်၌ (၁)နှစ်နှင့် (၈)လကြာ နေသွားခဲ့သည်။ ရုပ်ပွားတော်ကြီးအပြီးတွင် ဆရာတော်ဦးနန္ဒိယမှ မြွေကြီးများအား ရန်ကင်းတောင်ဘက်သို့ သွားရောက်လွှတ်ပေးလိုက်၏။ သို့တိုင်အောင် မန္တလေးတောင် မြွေကြီးနှစ်ကောင် သွားလို့ ကြည့်ရအောင် သိချင်းမှာမူ ခေတ်စားနေဆဲပင်ဖြစ်သည်။

ရသေ့ကြီးဦးခန္တီလက်ထက် တောင်ပေါ်တက် စောင်းတန်းများ တည်ဆောက်သောအခါတွင်လည်း သံထည်ဖြင့် မြွေကြီးနှစ်ကောင်ရုပ်ကို သွန်းလုပ်ထားခဲ့သည်မှာ ဒုတိယကမ္ဘာစစ်မီးကြီး မတောက်လောင်မီကပင်ဟု သိရသည်။

တောင်ခြေရှိ ခြင်္သေ့ကြီးနှစ်ကောင်မှ အစပြု၍ အုတ်လှေကားစောင်းတန်းအတိုင်း မှန်မှန်တက်သွားလျှင် ဖြန့်ကြီး (ခေါ်) မြတ်စောညီနောင်ဘုရား၊ ဂန္ဓကုဋိတိုက်၊ တောင်ထိပ် ဆုတောင်းပြည့်အာရုံခံနှင့် မြွေကြီးနှစ်ကောင်ရုပ်တုများကို ယနေ့တိုင် တွေ့မြင်နိုင်ပါသေးသည်။ ဤမန္တလေးတောင်ပေါ်မှ မျက်စိနှစ်လုံးဖြင့် အုပ်စီးပြီးကြည့်လိုက်လျှင် နန်းတော်ပြအိုး၊ စေတီပုထိုးတို့သာမက ကျုံးရေပြင်ကျယ်၊ သစ်ပင်စိမ်းစိမ်း သဘာဝရောင်စုံရှုခင်းပန်းချီကား တစ်ချပ်ကို ရှုစားရသလို တွေ့မြင်ကြရပေလိမ့်မည်။

ပြီးတော့ မန္တလေးတောင်ပေါ်မှ မြွေကြီးနှစ်ကောင်ရုပ်တုများလည်း ကြည့်နေရင်းမှ လှုပ်ရှားလာမလားဟု အထင်မှားလောက်ဖွယ် အသက်ဝင်လှပေသည်။ ၄င်းမြွေကြီးနှစ်ကောင်မှာ သိုက်အဆက်မှ ရောက်လာရသည့် အကြောင်းဖြစ်ရပ်မှန် ဇာတ်လမ်းကိုလည်း ယနေ့ခေတ်မန္တလေးသူ မန္တလေးသားများသာမက မြန်မာပြည်တစ်လွှားရှိ ဗုဒ္ဓဘာသာအနွယ်ဝင်များမှန်သမျှ သိချင်ကြပေလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်စာရေးသူသည် ဆရာကြီးမြစကြာနှင့် မန္တလေးတောင် မြွေကြီးနှစ်ကောင်သိုက်ဟူသော ဖြစ်ရပ်မှန် ဇာတ်လမ်းကြီးကို အထူးကြိုးစားတင်ဆက်ရေးသားပါတော့မည်။

လွန်ခဲ့သော ဒုတိယကမ္ဘာစစ်မတိုင်မီကာလက ဆရာကြီးမြစကြာဟူသော အထက်ဂိုဏ်းဆရာကြီးက လယ်တွင်းဒေသဘက်ရောက်ခိုက် မန္တလေးတောင် တစ်ဝိုက်ရှိ ဘုရားများကို ဖူးမြော်ရန် ရောက်လာမည်။ စောင့်နေပါဟု လူကြုံသတင်း ပါးလိုက်သည်။ ကျွန်ုပ်လည်း ဆရာကြီးမြစကြာနှင့် တပည့် ဆရာကောက်ဆိုင် ဆိုသူတို့ကို လေးစားသမှုရှိသဖြင့် မန္တလေးတောင်သို့ လိုက်ပို့ဖြစ်ခဲ့သည်။

တောင်ထိပ်ရှိ မြွေကြီးနှစ်ကောင်ရုပ်တုနားအရောက်တွင် ဘုရားဖူးလာသူ တစ်ဦးက 'ဒီမြွေကြီးနှစ်ကောင်လည်း ဘုရားဖူးရောက်လာကြတာ'ဟု သူ့အထင် သူ့အမြင်နှင့် သမိုင်းမှန်မသိဘဲ ပြောလိုက်သည်ကို ကျွန်ုပ်နားဖြင့် ဆတ်ဆတ်ကြားလိုက်ရသည်။

ထိုအခါ ကျွန်ုပ်လည်း ဆရာကြီး မြစကြာအား ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း ဆိုသလို 'အမှန်ပင် ဘုရားဖူးလာတယ်ဆိုရင် မြွေခေါင်းတွေက ဘုရားဘက် မျက်နှာလှည့်နေရမှာ မဟုတ်လား ဆရာကြီး'ဟု မေးခဲ့မိသည်။

'ရသေ့ကြီးဦးခန္တီ ပုံစံပေး သွန်းလုပ်ခိုင်းတုန်းကတော့ ဘုရားကိုမျက်နှာမူ ပြုလုပ်ခဲ့တယ်တဲ့။ ဒါပေမဲ့ မြွေခေါင်းက မိုးလင်းတာနဲ့ သူ့အလိုအလျောက် ယခုမြင်တွေ့ရသလိုမျိုး ပြန်ဖြစ်နေတယ်တဲ့။ နှစ်ခါတိတိ ပြင်ကြည့်ပေမယ့် ဒီအတိုင်းပြန်ဖြစ်နေလို့ လက်လျှော့ထားလိုက်ရတယ်ဆိုပြီး သက်ကြီးစကားကို ဗဟုသုတအဖြစ်ကြားဖူးတယ်'ဟု မြွေကြီးနှစ်ကောင် ရာဇဝင်အား စတင်ရှင်းပြခဲ့သည်။

ထိုအခါ ကျွန်ုပ်လည်း တစ်ဆင့်စကား ကြားဖူးနေသည်မှာ ဤမန္တလေးတောင်မှ မြွေကြီးနှစ်ကောင်မှာ သိုက်ဆက်မှလာသော မြွေကြီးများဖြစ်ကြောင်း သိထားသဖြင့် မြွေကြီးများ မျက်နှာမူရာဆီသို့ သေချာကြည့်နေမိတော့သည်။

'မောင်ခင်မောင်ဦးက ဘာဖြစ်လို့ ဒီနေရာကို ကြည့်နေရတာလဲ။ ဘာတွေများ မြင်နေလို့လဲကွ'ဟု ဆရာကြီးမြစကြာက မေးမြန်း၏။

'ကျွန်တော့်ရဲ့စိတ်ထဲမှာ ဒီနေရာကို ကြည့်နေရင်းက တစ်မျိုးဖြစ်နေမိတယ် ဆရာကြီး။ တစ်ခုခုတွေ့မြင်ရလိမ့်မယ်လို့ ထင်နေလို့ပါ'

ထိုအခါ ဆရာကြီးမြစကြာမှ မျက်မှောင်ကြုတ်ငေး စားလိုက်ပြီးနောက် ပြုံးရယ်လိုက်ကာ-

'ဒီကနေ့က လပြည့်နေ့ မဟုတ်လား။ အဲဒါ ထူ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ပဲကွယ့်။ လပြည့်နေ့ဆို သူတို့ဟာ မန္တလေးတောင်ကို ရောက်လာတတ်တယ်။ အနယ်နယ်က ဘုရားဖူးသူတွေနဲ့ ရောနှောပြီး လူယောင်ဖန်ဆင်းလာတာပေါ့’

ဆရာကြီးမြစကြာအား-

‘ဘယ်သူတွေက ဥစ္စာစောင့်လဲ’

ဟု ပြန်မမေးရဲတော့သဖြင့် အတူပါလာသူ ဆရာကောက်ဆိုင်အား ကျွန်ုပ်က မေးမြန်းကြည့်ရာ-

‘ဘုရားသာသနာကြီး စည်ပင်တိုးတက်အောင် ပြုစုဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေကိုလှူဒါန်းဖို့ ဘုရားသိုက်က ဥစ္စာစောင့်တွေဆိုတာ ရှိတယ်။ မန္တလေးတောင်ကို သာသနာပြုနေတဲ့ ရသေ့ကြီးဦးခန္တီကို ဥစ္စာစောင့်တွေက စောင့်ရှောက်ကူညီနေတယ်ကွ’

‘ဒါနဲ့ ဆရာကောက်ဆိုင်၊ ဒီရသေ့ကိုယ်တော်ကြီးက ဘယ်ဇာတိလဲ။ ဘယ်က ကြွလာတာလဲ။ တချို့က ရသေ့ကြီးဦးခန္တီဆိုတာ သီပေါဘုရင် အသွင်ပြောင်း ရုပ်ဖျက်ပြီး မန္တလေးတောင်ပေါ်မှာ သာသနာပြုနေတာတဲ့။ အိန္ဒိယကို ပါတော်မူသွားတာက ဘုရင်အတုလို့ ပြောကြသူတွေ ရှိနေတော့ ဖြစ်နိုင်ပါ့မလားဗျာ’

‘ဒီစကားက ယုတ္တိမရှိပါဘူး။ အိန္ဒိယပါသွားတာ သီပေါမင်းအတုဆိုရင် မိဖုရားဖြစ်သူ စုဖုရားလတ်က အတပ်တောင်ခံမှာ မဟုတ်ဘူး’ဟု ဆရာကောက်ဆိုင်မှ ယုတ္တိရှိရှိ ချေပပြောဆိုလိုက်၏။

ကျွန်ုပ်လည်း ဤချေပမှုကို သဘောကျသည်။ စုဖုရားလတ်ဆိုတာက နန်းမတော်မယ်နု မျိုးဆက်ပင်။ ခပ်ထက်ထက် ရှိလှသည်။

‘တကယ်တော့ ရသေ့ကြီးဦးခန္တီဇာတိက ရမည်းသင်းနယ်ထဲကပါ။ ရဟန်းဝါ(၂၀)ရတော့မှ ရသေ့ဘဝပြောင်းပြီး မန္တလေးတောင်အပါအဝင် မြို့(၂၀)က (၄၇)ဌာနမှာ သာသနာ့အဆောက်အအုံတွေ ဆောက်လုပ်လှူဒါန်း ဦးဆောင်ခဲ့သူ ပုဂ္ဂိုလ်ကျော်ကြီးပေါ့ကွာ’ဟု ဆရာကောက်ဆိုင်က ရှင်းပြခဲ့သည်။

‘သက္ကရာဇ်အတိအကျ ပြောရမယ်ဆိုရင် (၁၂၆၉)ခုနှစ်မှစပြီး (၁၃၁၀)ပြည့်နှစ်အထိ နှစ်ပေါင်း(၄၀)ကျော် မန္တလေးတောင်ကို ဗဟိုပြုပြီး သာသနာပြုခဲ့တယ်။ နိုင်ငံရပ်ခြားကဖြစ်ဖြစ် မန္တလေးမြို့ရောက်ရင် မန္တလေးတောင်ပေါ် သွားကြတယ်။ ရှုခင်းအလှတွေကို တစ်ဝကြီး ကြည့်ခဲ့ကြတယ်။ နောက်ပြီး အဲဒီကိုလိုနီခေတ် အစိုးရလက်ထက်မှာ သာသနာပြုအလုပ်တွေကို ငွေကုန်ကြေးကျခံလုပ်နိုင်တဲ့ ငွေစက္ကူထုတ်စက် ရှိနေတယ်လို့ သံသယတွေ ဝင်လာခဲ့ကြတယ်။

ဒီတော့ ရသေ့ကြီးဦးခန္တီက ရွှေဖြစ်၊ ငွေဖြစ်နည်းလက်တွေ့လုပ်ပြလိုက်တာပေါ့။ သူ့ကျွန်ဘဝမှာဆိုတော့ အုပ်ချုပ်သူ နိုင်ငံခြားသားတွေက ဘာသာခြားဖြစ်နေတော့ လောကုတ္တရာဝိဇ္ဇာရေနည်းတွေမှာ ရွှေ၊ ငွေဝင်တဲ့နည်းတွေ ရှိနေတယ်ဆိုတာ သူတို့ မသိလို့ပေါ့ကွာ’

‘ဒီလိုဆိုရင် ဆရာကောက်ဆိုင်၊ ရသေ့ကြီးဦးခန္တီက ပုဂံခေတ် အရှင်အရှင်ဂေါ်ဏတို့လို အဂ္ဂိရတ်ထိုးပြခဲ့တာလားဟင်’

‘ဘယ်က အဂ္ဂိရတ်ထိုးရမှာလဲ မောင်ခင်မောင်ဦးရာ။ လာဘ်လာဘရှင်ပြီး ငွေဝင် ရွှေဝင်စေတဲ့ ဂါထာ၊ မန္တန်တွေ ရွတ်ဆိုခဲ့တာကိုးကွ။ ဒါကြောင့် ယနေ့ခေတ်မှာလည်း ဦးခန္တီဂါထာဆိုပြီး နာမည်သတင်း ကြီးနေတယ်လေကွာ’

‘ဟုတ်လား ဆရာကောက်ဆိုင်၊ ကျွန်တော်တော့ မရဘူး။ မှတ်မိလွယ်အောင် တစ်ခေါက် ရွတ်ဆိုပြပါဦး’

‘ကဲ..ဒီလိုဆိုလည်း ဆရာရွတ်ပြပေးပါမယ် မောင်ခင်မောင်ဦးရယ်’ဟု ပြောဆိုကာတီခံကာ ဆရာကောက်ဆိုင်မှနေ၍ အောက်ဖော်ပြပါဂါထာကို ရွတ်ဆိုပြလိုက်လေ၏။

**ဦးခန္တီဂါထာ**

*အရဟံ ဗဟိ အန္တဧယံ သုဂတံ*
*အမိတံ ဝိရဇံ လလိတံ အတုလံ*
*စရဏံ တိဘဝူပသမံ ယမကံ*
*သုခဒံ သရဏံ ပဏမာမိ ဇိနံ။*

ဒီဂါထာရွတ်ပြီး မကြာခင် ဘုရားဖူးရောက်နေတဲ့ ဒကာ၊ဒကာမတွေက သာသနိကအဆောက်အအုံတွေ ပြုပြင်ဖို့ အလှူငွေတွေသာမက ဝတ်စားလာတဲ့ ရွှေ၊ ငွေ လက်ဝတ်လက်စားတွေပါ ထည့်ဝင်လှူဒါန်းကြသတဲ့။

ရသေ့ကြီးဦးခန္တီက သူ့ရဲ့ ငွေလုပ်စက်က ဒီနည်းပါပဲဆိုပြီး အင်္ဂလိပ်အရာရှိတွေကို လက်တွေ့သက်သေပြနိုင်ခဲ့တယ်။ ရွှေ၊ ငွေ လှူဒါန်းသူတွေထဲမှာ သိုက်အဆက်က ဥစ္စာစောင့်မတွေလည်း လူသားတွေနဲ့ ရောနှောလိုက်ပါလာတတ်ကြတာပေါ့ကွာ’ဟု ထုတ်ဖော်ပြောလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်ရယ်မသိ ကျွန်ုပ်လက်မောင်းများတွင် ကြက်သီးဖြန်းဖြန်း ထလာလေတော့၏။

သို့သော် ကျွန်ုပ်မှာ မရဲဘဲ ကျွဲပြီးတယ်လို့ ပြောချင်ပြောကြပါစေတော့။

ဆရာကြီးမြစကြာကို လူတွေနဲ့ရောပြီး ပါလာတတ်တဲ့ ဒီဥစ္စာစောင့်မတွေနဲ့ ကြုံတွေ့ဖူးအောင် စောင့်ကြည့်ချင်လိုက်တာဗျာဟု ကျွန်ုပ်က ပြောလိုက်မိပြန်၏။

'ဆရာကြီးမြစကြာကတော့ ပြောတာပဲ။ ဥစ္စာစောင့်တွေက သာသနာကိုပြုစုတဲ့ ပုဂ္ဂိုလ်မှန်သမျှကို ကူညီလှူဒါန်းတတ်ကြတယ်။ မန္တလေးတောင်သာသနာပြုလုပ်ငန်းမှာ သိုက်ဘယ်နှစ်ခုက ကူညီနေတာလဲဗျ ဆရာကောက်ဆိုင်'

ဟု မေးလိုက်မိသောအခါ ဆရာကောက်ဆိုင်မှ-

'ဖြည်းဖြည်းပေါ့။ ဆရာကြီးမြစကြာ ကိုယ်တိုင်အပြောကို မနက်ဖြန်ထိ စောင့်နားထောင်ပေါ့'ဟုပင် မယုတ်မလွန် အဖြေစကားကို ပြန်လည်ကြားလိုက်ရပါတော့သည်။

ကျွန်ုပ်စိတ်ထဲတွင် မန္တလေးတောင်ပေါ်မှ ဇရပ်၊ တန်ဆောင်း၊ ကျောင်းတို့၌ အလှူ့ဒါယကာတို့၏ ဆိုင်းဘုတ်ကမ္ပည်းတွေကို တွေ့မြင်နေကြရသောကြောင့် ဥစ္စာစောင့်သိုက်မှ လှူသည်ဟု အစက မထင်ခဲ့ချေ။

ထို့ကြောင့် နောက်တစ်နေ့တွင်မှ ဆရာကြီးမြစကြာကို စောင့်မေးတော့မည်ဟုဆိုကာ နန်းရှေ့ပန်းချီကျောင်းအဆောင်သို့ ပြန်သွားရပြန်သည်။ ဆရာကြီးမြစကြာတို့ဆရာ့တပည့်က ရဟန်းပျိုကျောင်းတိုက်တွင် တည်းခိုရန် ကျောင်းတိုင်ကိုယ်တော်အား လျှောက်ကြားထားပြီဖြစ်၍ တည်းခိုစားရေးတို့အတွက် စိတ်အေးခဲ့ရလေပြီ။

◆◆◆

နောက်တစ်နေ့တွင် ကျွန်ုပ်သည် တောင်ခြေရင်း ခြသေ့်ကြီးနှစ်ကောင်နားမှ စောင့်နေမိသည်။ ဆရာကြီးမြစကြာနှင့် ဆရာကောက်ဆိုင်တို့က ဘယ်အချိန်ကရောက်နေကြသည်မသိ၊ ရသေ့ကြီးဦးခန္တီ၏ ပိဋကတ်ကျောက်စာကောင်းမှုတော်ဘုရားတွေထဲမှ ထွက်လာကြလေသည်။

'မောင်ခင်မောင်ဦး..ဒီနေရာကိုရောက်နေတာ တော်တော်ကြာနေပြီလား။ ဆရာတို့က မရောက်သေးဘူးထင်လို့ ကုသိုလ်တော်ထဲမှာ ကျောက်စာတွေကို ဖတ်ကြည့်နေတယ်။ ကဲ..ကဲ..တောင်ပေါ် တက်ကြရအောင်'

ပြောပြောဆိုဆို ဆရာကြီးမြစကြာသည် မန္တလေးတောင်ပေါ်သို့တက်ရန် လှေကား၊ တန်ဆောင်းဘက်သို့ သွားခဲ့သည်။ ကျွန်ုပ်လည်း ရုတ်တရက် ထိုင်ရာမှထလိုက်သောအခါ မျက်စိထဲတွင် လက်ခနဲဖြစ်သွားသည်။ လူမှာလည်း မူးဝေသလို ဖြစ်သွားသောကြောင့် ဆရာကောက်ဆိုင်ကို အတင်းဆွဲထားလိုက်ရပါတော့၏။

'မောင်ခင်မောင်ဦး..ဘာဖြစ်တာလဲ။ သတိထားပေါ့ကွယ့်'

ဆရာကြီးမြစကြာမှ ကျွန်ုပ်၏ခေါင်းကို တစ်ချက်ပုတ်လိုက်သည်။ ပြီးတော့ တောင်မြောက်လေးပါးကို ကြည့်လိုက်သေးသည်။ မည်သည့်အရာကို တွေ့လိုက်သည် မသိပါ။

ဆရာကြီးမြစကြာသည် တစ်ချက်ပြုံးရယ်လိုက်ပြီးနောက် ကျွန်ုပ်အား-

'ကဲ..ကဲ..လာပါကွာ။ ဖိုးသိချင်လေးကို သူတို့နှုတ်ဆက်ကျီစားလိုက်ဟန်တူပါရဲ့'ဟု ပြောပြန်သည်။

ဆရာကြီးစကားကြောင့် ကျွန်ုပ်စိတ်ထဲတွင် တစ်... ဖြစ်လာသည်။ မည်သူတွေက ကျီစားသနည်း ရှာဖွေကြည့်သည်။ မလှမ်းမကမ်းတွင် ရပ်နေကြသော မိန်းမပျိုလေးတစ်သိုက်ကို သတိထားလိုက်မိသည်။

ဆရာကြီးမြစကြာတို့ကို စောင့်နေစဉ်ကပင် ထိုမိန်းမပျိုလေးတစ်သိုက်သည် ကျွန်ုပ်ထိုင်နေသော နေရာအနီးတစ်ဝိုက်တွင် ရယ်မောသွားလာကာ ပျော်ရွှင်နေကြသည်။ ကျွန်ုပ်စိတ်ထဲမှာ သူတို့သည် ဘုရားဖူးလာကြသူတွေဟု အမှတ်တမဲ့နေလိုက်၏။ ဆရာကြီးမြစကြာတို့ ရောက်လာချိန်တွင် ရယ်မောနေသံများ တိတ်သွားသည်။ ဆရာကြီးက ကျွန်ုပ်အား တောင်ပေါ်သို့တက်ရန်ပြောသည် မျက်...



www.burmeseclassic.com

www.burmeseclassic.com

ထဲတွင် လက်ခဲ့ဖြစ်သွားကာ ဆရာကြီးကိုယ်တိုင်က သူတစ်ပါး ကျီစားသလို ပြောလိုက်ခြင်းကြောင့် ငှင်းမိန်းမ ပျိုလေးတစ်သိုက်ကိုပင် မသင်္ကာဖြစ်လာမိတော့၏။

ကျွန်ုပ်အနေဖြင့် ဆရာကြီးမြစကြာအား ထပ်မံမေးမြန်း ၍ မရလိုက်ပါ။ ချက်ချင်းဆိုသလိုပင် ဆရာကြီးမြစကြာ က လှည့်ထွက်သွားသဖြင့် ကျွန်ုပ်တို့ တပည့်နှစ်ယောက် နောက်က လိုက်လာရပါတော့သည်။ မိန်းမပျိုလေးတွေ ရပ်နေသောနေရာကို လှည့်ကြည့်၊လှည့်ကြည့်နှင့် လိုက် ပါလာခဲ့ရသော်လည်း စိတ်ထဲတွင် သူတို့သည် ဘယ် အတွက်ကြောင့် ကျီစားရလေသနည်း။

ဆရာကောက်ဆိုင် ပြောပြခဲ့သော ဥစ္စာစောင့်မတွေ ဟော တစ်ခုခုတော့ဖြစ်ရမည်ဟု အောက်မေ့ဆုံးဖြတ်လိုက် သည်။ ထိုအခါ ကျွန်ုပ်၌ အမြဲဆောင်ထားလေ့ရှိသော သစ်ဖွဲ့စလွယ်ကြီးကို ကိုင်တွယ်စမ်းသပ်မိပြန်သည်။

ဆရာကောက်ဆိုင်က လေသံတိုးတိုးဖြင့်–

'ဒီဟာမတွေကို ဂရုစိုက်မနေပါနဲ့ကွာ။ ဆရာကြီး နောက်ကို မြန်မြန်ရောက်အောင် လိုက်စမ်းပါကွယ်'ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း အမီလိုက်နေရပါတော့၏။

ဆရာကြီးမြစကြာကား စကားကို တစ်ခွန်းမှ ပြန်ပြော ခြင်း မရှိသဖြင့် ကျွန်ုပ်တို့မှာ စကားစပြောရန် ကျပ်နေ ပါတော့သည်။

ထိုသို့ ကျွန်ုပ်တို့ မန္တလေးတောင်ပေါ် တက်နေစဉ်တွင် မိန်းမပျိုလေးတို့မှာ နောက်ကနေ၍ ဆူညံစွာပြောဆိုရယ် မောကာ တက်လိုက်လာကြပြန်သည်။ အသံများကြားနေ သဖြင့် ကျွန်ုပ်မှာ လှည့်ပီပီ မကြည့်ဘဲ မနေနိုင်အောင် ဖြစ်လာသည်။ လှည့်ကြည့်လိုက်ပြန်သောအခါတွင် သူမ တို့မှာ ဘုရားဖူးတက်လာသူနှင့် ရောနှောသွားလာနေကြ တော့သည်။ သူမတို့ကို အကဲခတ်ကြည့်မိပြန်သော် လက် ထဲတွင် ပန်းခိုင်တွေကိုင်၍ထားသည်ကို သတိပြုမိလိုက် သည်။

ကျွန်ုပ်တို့သည် စောင်းတန်းတစ်လျှောက် တည်ထား သော ဘုရား၊ ဇရပ်များသို့ရောက်တိုင်း ဝင်၍ဖူးမြော်ကြ သောအခါတွင် သူမတို့ကလည်း နောက်နားမှနေ၍ ဟို သွားသလိုလို ဒီလာသလိုလို လုပ်ပြနေကြသည်။ ဆရာ ကြီး မြစကြာနှင့် ကျွန်ုပ်တို့ ထွက်သွားကြသောအခါတွင် တန်ဆောင်းထဲသို့ ဝင်လာသည်။ ဘုရားဖူးကြသည်။

ထို့ကြောင့် သူတို့အား ချောင်းမြောင်းရန် ကျွန်ုပ်စိတ်ထဲ ပေါ်လာသည်။ သို့ဖြစ်၍ ဗျာဒိတ်ပေးကိုယ်တော်ကြီးတန် ဆောင်းအတွင်း ရောက်သောအခါတွင် စတင်အကောင် အထည်ဖော်လိုက်သည်။ ဘုရားကို ပေါက်ဆိန်ပေါက် အမြန်ကန်တော့လိုက်ပြီး နောက်နားတွင် ဘုရားရှိခိုးနေ သော ဆရာကောက်ဆိုင်ကို ကြည့်ခဲ့သည်။ ဘုရားကိုသာ စူးစိုက်အာရုံပြုနေသဖြင့် ကျွန်ုပ်မှာ စကားမပြောရဲသေး။

ဦးချပြီးမှသာ ဆရာကောက်ဆိုင်အား လက်တို့လိုက် ပြီး လေသံဖြင့်–

'ဆရာကောက်ဆိုင် . . တောင်ခြေမှာတွေ့ခဲ့ရတဲ့ မိန်းမ ပျိုလေးတစ်သိုက် ကျွန်တော်တို့နောက်ကို အမြဲလိုက်နေ တယ်ဆရာ။ သူတို့အကြောင်း သိရအောင် လိုက်ကြည့်ချင် တယ်'ဟု ကျွန်ုပ်က တိုးတိုးလေးပြောလိုက်သည်။

ထိုစကားကြောင့် ဆရာကောက်ဆိုင်က–

'မင်းတစ်ယောက်တည်း တွေ့ကရာတွေ မကြံနဲ့။ ဆရာကြီးမြစကြာ သိသွားရင် ပြောနေလိမ့်မယ်။ သူတို့ ဟာ သူတို့ သွားလာနေကြတာ ဘာဖြစ်ဖြစ်ပေါ့။ နောက် ဖြစ်လာရင်လည်း ကြည့်လုပ်ရမှာပေါ့'ဟု ပြောလိုက် သည်။

'မဟုတ်ဘူး ဆရာ၊ သူတို့ဟာ အခုအတိုင်းဆိုရင် ဘုရားဖူးတွေလိုပဲ သွားလာနေကြတာ။ ဘယ်လိုအကြံ အစည်နဲ့ လိုက်နေကြတယ်ဆိုတာ သိရရောပေါ့ ဆရာ။ အဲဒီလို သိတဲ့အခါမှာ ဆရာကြီးမြစကြာရော ကျွန်တော်တို့ ပါ ကြိုတင်ပြီး တားဆီးထားလိုက်ရုံမဟုတ်လား'ဟု ပြော လိုက်သည်။

ထိုအခါ ဆရာကောက်ဆိုင်လည်း ဘယ်ကဲ့သို့ စိတ် ကူးရလာသည် မသိပါ။

ဆရာကြီးမြစကြာ ဘုရားရှိခိုးနေစဉ်မှာပင် နောက်သို့ တစ်ချက်လှည့်ကြည့်လိုက်ပြီးမှ ကျွန်ုပ်အား–

'မင်းကိုလည်း သူတို့က သိနေပြီထင်တယ်။ တောင် ခြေမှာတောင် ကျီစားလိုက်သေးတယ်လို့ ဆရာကြီး မြစကြာကိုယ်တိုင်က ပြောလိုက်သေးတယ်မဟုတ်လား။ သူတို့ကို စုံစမ်းမယ်ဆိုရင် ကိုယ်က သူတို့ထက် ဉာဏ်များ ရမယ်'ဟု ဆရာကောက်ဆိုင်မှ ကျွန်ုပ်အား သတိပေးသလို ပြောလိုက်ပြန်သည်။

'ဆရာကောက်ဆိုင်ရယ် . . ဘာမှ ထွေထွေထူးထူးလုပ်



www.burmeseclassic.com

www.burmeseclassic.com

စရာ မရှိပါဘူး။ အခု သူတို့က ဟိုအောက်ဘက် တန်ဆောင်းမှာ ရှိနေကြတယ်မဟုတ်လား။ ဒီတော့ အခု ကျွန်တော်တို့ ရောက်နေတဲ့နေရာက ပြန်ပြီး အောက်ဘက်ကို ပြန်ဆင်းသွားသလိုလုပ်မယ်။ ပြီးမှ သူတို့နောက်က ကျွန်တော်လိုက်ခဲ့မယ်။ ဒီအကြောင်းတွေကို ဆရာကြီးမြစကြာ သိရင် တားမြစ်မှာပဲ။ ဒီတော့ ဘုရားကန်တော့အပြီး ဆရာကြီး ဒီကထွက်ရင် ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်ခဲ့မယ်။ ဆရာကြီးမြစကြာနောက်က ဆရာပဲ ဂရုစိုက် မပျက်လိုက်သွား။ ကျွန်တော် ရအောင်စုံစမ်းမယ် ဆရာကောက်ဆိုင်'

စိတ်အားထက်သန်နေသူ ကျွန်ုပ်အား ပြောမရတော့မှန်းသိသဖြင့် ဆရာကောက်ဆိုင်အနေဖြင့် ခေါင်းကို မသိမသာညိတ်လိုက်တော့၏။

ထိုအခိုက်မှာ ဆရာကြီးမြစကြာလည်း ဘုရားကို ဝပ်ချလိုက်ပြီး တန်ဆောင်းထဲမှ ပြန်ထွက်သွားတော့သည်။

အကြံသမား ကျွန်ုပ်သည် ဆရာကြီးမြစကြာနောက်သို့ မလိုက်တော့ချေ။ အသာရပ်၍ ကျန်ရစ်ကာ မိန်းမပျိုလေးတစ်သိုက်ရှိရာသို့ ကြည့်လိုက်သည်။

ကျွန်ုပ်ရှိရာ စောင်းတန်းအုတ်လှေကားဆီ လာနေကြလေပြီ။ ကျွန်ုပ်သည် ကြံစည်တွေးတောသည့်အတိုင်း အောက်ဘက်တွင် တစ်စုံတစ်ခုကျန်ရစ်ခဲ့သကဲ့သို့ ခပ်သုတ်သုတ် ပြန်ဆင်းသွားလိုက်သည်။ သူမတို့အနားမှ ဖြတ်ရှောင်သွားသော်လည်း ဂရုမစိုက်သလို ဆင်းသွားသောအခါ ကျွန်ုပ်၏နှာခေါင်းတွင် အလွန်ထူးခြားသော အမွှေးအနံ့ကို ရှူရှိုက်ခံစားလိုက်ရသည်။

ထိုကဲ့သို့အနံ့ရလိုက်ခြင်းမှာ သူတို့လက်ထဲတွင်ပါလာသော ပန်းများက ထွက်ပေါ်လာသောအနံ့ဟု ထင်ရသော်လည်း မည်သည့်ပန်းအနံ့ဟု ခွဲခြားမရနိုင်ချေ။ ထူးခြားသောအနံ့တစ်မျိုးဖြစ်နေ၍ သူတို့ကိုင်ထားသောပန်းတွေကို အမှတ်တမဲ့ကြည့်မိသည်။ ထိုခဏတွင်ပင် သူတို့အားလုံးသည် ဝိုင်း၍သဘောကျသလို ဟားခနဲရယ်လိုက်သဖြင့် ကျွန်ုပ်မှာ နောက်ထပ်မကြည့်ဝံ့တော့။ ကြံစည်ထားသည့်အတိုင်း အောက်ဘက်သို့ ဆင်းလာသည်။

ခပ်လှမ်းလှမ်းရောက်မှ အပေါ်ကို ပြန်၍ကြည့်လိုက်သောအခါ သူတို့လည်း တောင်ပေါ်သို့ ဆက်တက်သွားသဖြင့် ကျွန်ုပ်လည်း ပြန်တက်လိုက်ခဲ့ရသည်။ သို့ဖြင့် တန်ဆောင်းတစ်နေရာရှိ ဘုရားရှေ့တွင် ထိုင်၍ရှိခိုးနေသည်ကို တွေ့ရ၏။ ကျွန်ုပ်လည်း သူမတို့အား အသာရပ်၍ အမောဖြေသလို အယောင်ဆောင်နေလိုက်သည်။ ပြီးတော့ တန်ဆောင်းနံရံအကွယ်တွင် အသာရပ်စောင့်ကြည့်ဖြစ်ခဲ့သည်။

ကျွန်ုပ်၏အပြုအမူမှာ ပတ်ဝန်းကျင်တွင် သွားလာနေကြသော လူတွေသိလျှင် အရူပ်ဆိုးနေပေလိမ့်မည်။ မသင်္ကာဖွယ် မိန်းမပျိုလေးတွေကို ယခုကဲ့သို့ ချောင်းမြောင်းကြည့်သည်မှာ အမှန်စင်စစ် မသင့်လျော်ချေ။ ကျွန်ုပ်ကိုယ်တိုင် သိသော်လည်း သူမတို့ကား လူသားတွေလော၊ ဥစ္စာစောင့်တွေလောဟု စုံစမ်းရန် အကြောင်းပေါ်လာသောကြောင့်ပင် ဖြစ်သည်။

နာရီဝက်ခန့်ကြာသည့်တိုင်အောင် သူမတို့သည် ဤတန်ဆောင်းနေရာတွင် ထိုင်စကားပြောနေပြန်သည်။ ထိုအခါမှ ကျွန်ုပ်မှာ ရှေ့တိုးရမလို နောက်ဆုတ်ရမလိုနှင့် အကျပ်ရိုက်နေတော့၏။ သူမတို့ကို ထားခဲ့ပြီး ဆရာကြီးမြစကြာနှင့် ဆရာကောက်ဆိုင်နောက် လိုက်သွားမည်ဆိုပါက ရည်ရွယ်ချက်သို့ ရောက်မည်မဟုတ်။ ဆရာကောက်ဆိုင်မှမေးလျှင် အစောင့်ကြီးစောင့်ပြီး အကြောင်းမထူးဘဲ လာရသလောဟု အပြစ်တင်ပေမည်။

သို့အတွက်ကြောင့် ကျွန်ုပ်သည် ဖွဲကောင်းကောင်းနှင့်ပင် ဟိုကြည့်ဒီကြည့်နှင့် မယောင်မလည်လုပ်နေရသည်။ ဤအချိန်တိုင်အောင် မိန်းမပျိုမချောလေးတို့တစ်သိုက်မှာ ထိုင်နေကြပြီး တဟားဟားနှင့် ပြောဆိုရယ်မောနေရုံမက ကျွန်ုပ်ကိုလည်း မကြာခဏ လှည့်ကြည့်နေကြတော့သည်။ ကျွန်ုပ်အကြံသိသွား၍ ရန်မူမည်ကိုလည်း စိုးရိမ်လာမိသည်။

မကြာမီ သူမတို့ အသိုက်ထဲမှ မချောလေး တစ်ယောက်က ကျွန်ုပ်ရပ်ကြည့်နေသောနေရာသို့ ကြည့်လိုက်ပြီးလျှင် တစ်ယောက်တည်း စကားပြောသလိုလို ပြောလိုက်ပြီးလျှင် သူတို့၏ မိန်းမပျိုအဖော်တွေဘက်သို့ လှည့်၍-

'ညီမတို့ရေ ဒီဘက်ကို ထွက်လာကြဟေ့။ ဒီဘက် ရှုခင်းတွေက အတော်ကြည့်လို့ကောင်းတယ်'ဟု လှမ်းအော်ပြောလိုက်၏။

ထိုအခါ တန်ဆောင်းထဲ ထိုင်နေသော မိန်းမပျိုတ



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်မှာ ဖြန်းခနဲ ထရောက်လာ၏။ ကျွန်ုပ်အကြံအစည်ကိုသိ၍ သူမတို့က လက်ဦးယူသလောဟု တွေးမိကာ အခြားနေရာဆီသို့ ထသွားလိုက်သည်။ သူမတို့ကလည်း ဆက်ကြပ်မခွာ လိုက်လာကြပြန်သည်။

ကျွန်ုပ် ပြောင်းထိုင်ရာသို့ သူမတို့ရောက်လာသဖြင့် အခက်တွေ့လျက်ရှိနေသည်။ ဦးဆောင်မိန်းမပျိုက အနားကပ်လာပြီးလျှင် တစ်စုံတစ်ခုကို ပြောမလို့လုပ်လိုက်ပြီးမှ မပြောဘဲ သူမ၏ အဖော်မိန်းမပျို တစ်သိုက်ဘက်ဆီသို့ လှည့်လိုက်ပြီးလျှင်-

'ဒီအနားမှာ ထိုင်ကြရအောင်ဟေ့၊ ဒီမှာလည်း အဖော်သစ် တွေ့နေတယ်'ဟု ပြောလိုက်ပြန်သည်။

ထိုသောအခါ ကျွန်ုပ်မှာ ထိုင်နေရလည်းအခက် ထသွားရမှာလည်းအခက် ဖြစ်နေပါတော့၏။ သူမတို့ကို သတိထားမိသည်မှာ အနားရောက်လာတိုင်း အတော်မွှေးကြိုင်လှွန်းသောအနံ့ကို ရှူရှိုက်နေရသည်။ ဘယ်လိုအနံ့ဟုလည်း မပြောပြနိုင်ပြန်ချေ။

ဤအချိန်တွင် ရှေ့ဆက်တက်သွားသော ဆရာနှစ်ပါးကိုလည်း သတိမရအောင်ဖြစ်နေသည်။ သူမတို့ ဘယ်သွားသွား လိုက်ကြည့်မယ်ဟူသောစိတ်သာလျှင် ဖြစ်နေတော့သည်။ ဤကဲ့သို့ ကျွန်ုပ်စိတ်ကိုပင် တစ်မျိုးတစ်မည်ဖြစ်အောင် စိတ်ညှို့ခံထားရလေသလား မသိပါ။ အနံ့တွေက မွှေးကြိုင်လှွန်းသဖြင့် ကျွန်ုပ်စိတ်ထဲတွင်လည်း သူတို့နှင့် အတူတူထိုင်နေရန်ပင် အကြံပေါ်လာတော့၏။

အနားရောက်လာမှ မိန်းမပျိုတစ်သိုက်မှာ (၇) ယောက်ရှိကြောင်း တွေ့ရသည်။ ကျွန်ုပ်နှင့်အနီးတွင် မိန်းမပျိုခေါင်းဆောင်လုပ်သူက ထိုင်လိုက်သည်။ ယခင်ကမူ ကျွန်ုပ်မှာ ရှောင်ထွက်သွားချင်စိတ် ဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါတွင် ထမသွားချင်ဘဲ သူတို့ကိုပင် စကားစမြည်ပြောရန်ပင် ထူးဆန်းလှစွာ ဖြစ်ပေါ်နေသည်။ စကားစမရှိသေးသဖြင့် သူတို့ကို မသိမသာကြည့်၍ အရိပ်အကဲစောင့်နေရသည်။ ခေါင်းဆောင်အမျိုးသမီးကပင် စကားဆိုလာသည်။

'ဒီကလည်း မန္တလေးတောင်ပေါ် ဘုရားဖူးလာတာပဲ ထင်ပါရဲ့'

ကျွန်ုပ်မှာ ရုတ်တရက် စကားမပြောနိုင်ဘဲ ခေါင်းညိတ်ဝန်ခံလိုက်၏။

'ဘယ်ကနေပြီး လာတာလဲရှင်။ တစ်ယောက်တည်းပဲလား'ဟု ထပ်၍မေးနေပြန်သောကြောင့် ကျွန်ုပ်မှာ ပြောရကျပ်သွားသည်။

ဘယ်လိုပြောရမည်နည်းဟု စဉ်းစားလိုက်သောအခါမှ ဆရာကြီးမြစကြာတို့ကို တစ်ချက်သတိရလိုက်သဖြင့် မျက်လုံးပြူးသွား၏။

'အဖော်တွေနဲ့ ကွဲသွားလို့ ဒီက ထိုင်စောင့်နေတာပါ'

ဟု ရုတ်တရက် အကြံရ၍ ပြောလိုက်သောအခါ ဝိုင်း၍ ရယ်လိုက်ကြပြီး-

'ဒါဖြင့် ရှင်ဟာ ဟိုမှာထိုင် ဒီမှာ ထိုင်လုပ်နေပါလား။ အဖော်တွေကို လိုက်ရှာဦးမှပေါ့'

'ထူးတော့ မထူးပါဘူးဗျာ။ ဒီက စောင့်နေတာပဲကောင်းပါတယ်'

ရှင့်အဖော်တွေက တောင်ပေါ် တက်သွားလို့လား။ တောင်အောက်ကပဲ မလာသေးလို့လား။ ဘယ်နေရာမှာကွဲသွားကြတာလဲဟု ရယ်ရယ်မောမောနှင့် မေးနေကြသဖြင့် ကျွန်ုပ်လှည့်ပတ်ပြောနေသည်ကို သိသွား၍ မေးနေသလော။

သူမတို့ကို သိရအောင် ဆိုပြီးလျှင်-

'အဲဒါမပြောတတ်လို့ အခုလိုထိုင်နေရတာပေါ့။ သိမှဖြင့် ထလိုက်သွားမှာပေါ့။ ခင်ဗျားတို့နဲ့ရော မတွေ့လိုက်ဘူးလားဗျ'ဟု ကျွန်ုပ်က အကြောင်းရိုက် မေးလိုက်၏။

သူမမှာ ရုတ်တရက် လစ်ခနဲ ဖြစ်သွားပြီး-

'ကျွန်မတို့တက်လာကြတုန်းကတော့ တွေ့လိုက်ပါရဲ့။ တောင်ပေါ်ကို တက်သွားတယ် မဟုတ်လား'ဟု လွှတ်ခနဲ ပြောပြီးမှ မျက်နှာက တစ်မျိုးဖြစ်သွားကာ ကျွန်ုပ်အား စိုက်ကြည့်လိုက်ပြန်သည်။

ထိုအခိုက် အဖော်မိန်းမပျိုက ထွက်လာပြီး-

'ကျွန်မတို့ တွေ့လိုက်တာက ဒီက အဖော်မဟုတ်ဘူးထင်တယ်မမ။ တခြားအဖွဲ့က ဖြစ်လိမ့်မယ်ထင်တယ်'

ဟု ပြောလိုက်မှ ခေါင်းဆောင် အမျိုးသမီးသည် တစ်ဖန်ပြန်၍-

'ဟုတ်ပါရဲ့ရှင်။ ညီမတွေ ပြောသလိုများ ဖြစ်လေမလား မသိဘူး။ ကျွန်မ အထင်နဲ့ ပြောလိုက်မိတာပါ။ ဟုတ်ချင်မှလည်း ဟုတ်မယ်'ဟု နောက်ယောင်ခံ၍ ပြောလိုက်ပြန်သဖြင့် ကျွန်ုပ်ဝမ်းထဲတွင် ကြိတ်၍ ရယ်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com

ပါတော့၏။

'မြင်ချင်လည်း မြင်မှာပါ။ ခင်ဗျားတို့က မျက်စိတွေ အများသားဆိုတော့ တစ်ယောက်မမြင်ရင် တစ်ယောက် မြင်မှာပါပဲ။ သူတို့ တောင်ပေါ် တက်သွားကြလို့သာ။ အခုချိန်အထိ ဒီနေရာကို ရောက်မလာသေးတာဖြစ်မှာပဲ' ဟု ကျွန်ုပ်က ပြန်ပြောလိုက်သောအခါ မိန်းမပျိုတစ်သိုက် ဝိုင်းရယ်လိုက်ကြတော့သည်။

'ကျွန်မတို့လည်း ရှင့်လို မျက်လုံးနှစ်လုံးစီပဲရှိပါတယ် ရှင်။ ပိုပြီးမရှိပါဘူး'

ဟု ပြောင်သလိုလုပ်၍ ပြောနေပြန်သဖြင့်-

'မဟုတ်ပါဘူးဗျာ။ ကျွန်တော်က တစ်ယောက်တည်းမို့ ပြောတာပါ။ ခင်ဗျားတို့က အများဆိုတော့ မျက်လုံးတွေက များတယ်မဟုတ်လား။ ဘယ်နေရာကြည့်ကြည့် မြင်ကြရမှာပဲ' ဟု ကျွန်ုပ်ကလည်း အကျွမ်းဝင်သလို ပြောလိုက်သောအခါ အားလုံးကပင် ကျွန်ုပ်အား စိုက်၍ ကြည့်နေကြ၏။

ထိုအခိုက် ကျွန်ုပ်ကပင် ထပ်၍-

'ခင်ဗျားတို့က ဘယ်ကလာကြတာလဲဗျ။ တောင်ပေါ်အထိ မတက်ကြတော့ဘူးလား' ဟု အမှတ်တမဲ့ မေး



လိုက်ပြန်၏။

သူမက ခေါင်းကို ခါယမ်းပြလိုက်ပြီး-

'ကျွန်မတို့ ဂန္ဓကုဋိတိုက်ကိုတော့ ရောက်အောင်သွားမယ်။ တောင်ထိပ်ထိတော့ မတက်ဘူး။ ရှင်ရော တောင်ပေါ်သွားဦးမလား'

'ဘုရားဖူးလာတာပဲဗျာ။ နှစ်ပေါ်အောင် သွားကြမှပေါ့။ ထူးခြားဆန်းကြယ်တာတွေ ကြည့်ရမယ်ဆိုရင် ကျွန်တော်က ဘယ်နေရာမှ မရှောင်ဘူး။ လိုက်ကြည့်တာပဲဗျ' ဟု ပြောလိုက်သောအခါ သူမမျက်နှာသည် ပြန်လည်ရွှင်လာကြပြီးလျှင် အရောတဝင်လည်း ဖြစ်လာကြသည်။

'ကဲ..ဒါဖြင့် ဂန္ဓကုဋိကို တက်ကြရအောင်။ ဒီမှာ ထိုင်နေကြလို့လည်း မပြီးသေးဘူးရှင့်။ အဖော်တွေကိုလည်း ဟိုမှာ တွေ့ချင်တွေ့လိမ့်မယ်ပေါ့' ဟု ပြောသဖြင့် ကျွန်ုပ်စိတ်ထဲတွင် ဆရာကြီးမြစကြာတို့သည် ထိုနေရာတွင် ရှိနေသည်ကို သိသဖြင့် သူမတို့က ပြောလေသလားဟု အောက်မေ့ကာ ထိတ်ခနဲ ဖြစ်သွားပါတော့၏။

ပြောပြောဆိုဆိုပင် သူမတို့သည် ထိုင်ရာမှထလိုက်ကြသဖြင့် ကျွန်ုပ်မှာ အခက်ကြုံနေရပါတော့သည်။ အဖော်နှင့်ကွဲနေကြောင်းပြောမိသည်မှာ ဤတစ်ခါ အကျပ်ရိုက်နေပါတော့သည်။ ထ၍မလိုက်ပါက ကျွန်ုပ်စကား လွဲနေတော့မည်။ အကယ်၍ ဂန္ဓကုဋိတိုက်ကြီးတွင် ဆရာကြီးမြစကြာတို့နှင့်တွေ့လည်း အကြောင်းကြောင်းဖြစ်အောင် လုပ်ဦးမည်ဟု ကြံပြီးလျှင် သူမတို့နှင့် အတူတူပင် ထလာမိတော့၏။

ထိုသို့လာကြ၍ ဂန္ဓကုဋိတိုက်ကြီးအဝင်ဝသို့ ရောက်သောအခါ သူတို့သည် အတော်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်လာကြကာ တစ်ယောက်တစ်မျိုး စကားကိုပြောလာကြသည်ကို သတိထားလိုက်မိ၏။ ထိုအချိန်က အဆောက်အအုံတို့မှာ ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးနေ၏။ ၄င်းအပျက်အစီးများကိုကြည့်၍ သူမတို့မှာ ဝမ်းနည်းခြင်း မရှိကြချေ။

ရသေ့ကြီးဦးခန္တီက ပြုပြင်ရင် ကုသိုလ်ထပ်ရဦးမှာပေါ့ဟု ပြောဆိုကြကာ အတော်ပင် သဘောကျနေကြသဖြင့် ကျွန်ုပ်စိတ်ထဲတွင် မခံချင်အောင် ဖြစ်လာတော့သည်။

'ခင်ဗျားတို့ အခုပြောဆိုနေကြတာက ဒီ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြီးပျက်နေတာကိုကြည့်ပြီး ဝမ်းသာနေကြတာလားဗျ'

ဟု ခပ်ဆတ်ဆတ် မေးလိုက်သောအခါ သူမတို့အားလုံးကပင် ဟားတိုက်၍ ရယ်လိုက်ကြကာ-

'ရှင်ကော ဝမ်းမသာဘူးလား။ အရင်လှူဒါန်းခဲ့တာလည်း ကုသိုလ်တစ်မျိုး ရတာပေါ့။ နောက်ထပ်လုပ်ရင်ကုသိုလ်ထပ်ပြီး တစ်ခါရတာပေါ့။ အဲဒါ ဝမ်းသာစရာပေါ့ရှင်။ ကျွန်မတို့ကတော့ ကုသိုလ်သာ အမြဲရနေရင်ဝမ်းသာကြတာပါပဲ'ဟု ပြောလိုက်သဖြင့် ကျွန်ုပ်၏စိတ်ထဲတွင် သူမတို့ပြောသောစကားမှာ ကောင်းသလောက်အခုကဲ့သို့ ပြောရန်မသင့်ဟု အောက်မေ့မိပါ၏။

တန်ဆောင်းအတွင်းသို့ ရောက်သောအခါ သူတို့သည် တိုက်ကြီးရှေ့တွင် ဟိုကြည့်သလို ဒီကြည့်သလိုလုပ်နေကြပြန်၏။ ကျွန်ုပ်သည် သူတို့၏ အရိပ်အခြည်ကိုအကဲခတ်ရင်း တစ်စုံတစ်ခုကို ရှာဖွေသလိုလုပ်ကာ သူတို့နှင့် ခပ်ခွာခွာနေ၍ ထွက်သွားလိုက်သည်။ ထိုအခါကျွန်ုပ်နောက်သို့ မိန်းကလေးနှစ်ယောက် လိုက်လာပြီးခေါင်းရင်းဘက်ဆီ တစ်စုံတစ်ခုကြည့်ရှုရန် ခေါ်သွားပါတော့၏။

အတွင်းဘက် ရောက်သောအခါ စကားပြောသံကြားရသဖြင့် ကျန်သောမိန်းမပျိုတစ်သိုက်မှာ ဘယ်အချိန်ကရောက်နေသည်မသိ၊ ကျွန်ုပ်ကိုလည်း လှမ်းခေါ်သဖြင့်သေကာသလိုဖြစ်သွား၍ ခေါ်ရာသို့မလိုက်ဘဲ အသာရပ်နေလိုက်မိ၏။

'ခင်ဗျားတို့နဲ့ ကျွန်တော်လိုက်လို့ဖြစ်မှာ မဟုတ်ဘူးဗျ။ ကျွန်တော့်ရဲ့အဖော်ကို တွေ့အောင် ရှာရဦးမယ်။ ခင်ဗျားတို့ချည်း သွားကြဗျာ'ဟု ပြောလိုက်သည်။

'ရှင့်အဖော်တွေကို စိတ်မပူပါနဲ့။ ခဏကြာရင် ရှင်တို့ချင်း တွေ့ရမှာပဲ။ လာပါ။ ကျွန်မတို့နဲ့ အတူတူသွားရအောင်'ဟု ထပ်၍ ခေါ်နေပြန်၏။

ကျွန်ုပ်အား အကောက်ကြံလေမလားဟု စိတ်ထဲတထင့်ထင့်ဖြစ်လာကာ-

'နေပါစေဗျာ။ ကျွန်တော် ဒီဂန္ဓကုဋိတိုက်ထဲဝင်ပြီးဘုရားရှိခိုးလိုက်ဦးမယ်။ နောက်မှ ကျွန်တော့်ရဲ့အဖော်တွေကို တောင်ပေါ် တက်ရှာမယ်'

'ဒါဖြင့်လည်း သွားရှာပေါ့။ ကျွန်မတို့က ရှင့်ကိုထူးထူးဆန်းဆန်းတွေပြမလို့ ခေါ်တာပါ'ဟု လှမ်းပြောလိုက်၏။

'နောက်ကြုံရင် ကြည့်ရတာပေါ့ဗျာ။ ကျွန်တော်ကတော့ နေရာမရွေးပါဘူး'ဟု ပြောလိုက်သောအခါ သူမတို့က သဘောကျစွာဖြင့် တခစ်ခစ်ရယ်ကျန်ခဲ့ကြ၏။

ဂန္ဓကုဋိကျွေသို့ ရောက်သည့်တိုင်အောင် သူမတို့ကစောင့်ကြည့်နေသဖြင့် ဘုရားကို ဦးသုံးကြိမ်ချ ဆုတောင်းကန်တော့လိုက်ရလေ၏။

အတန်ကြာအောင်ပင် ကျွန်ုပ်သည် ဘုရားရှိခိုးနေလိုက်ပြီး တစ်ဖက်သို့ လှည့်ကြည့်လိုက်သောအခါ သူမတို့နှင့် ရင်ဆိုင်နေရပြန်သဖြင့် ကျွန်တော်ကပင်-

'ခင်ဗျားတို့က ဘယ်ကိုမှ မသွားကြဘူးလား။ ကျွန်တော်ကတော့ တောင်ပေါ်ကို တက်ဦးမယ်။ ခင်ဗျားတို့ရော မလိုက်ဘူးလား။ တစ်ခါတည်း သွားရအောင်'

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ-

'ကျွန်မတို့က တောင်ပေါ်ကိုမတက်တော့ဘူး။ ဒီမှာပဲနေလိုက်ကြတော့မယ်။ တောင်ပေါ်မှာ ရှင် ဘယ်လောက်ကြာမလဲ'ဟု မေးပြန်၏။

ကျွန်ုပ်မှာ ရုတ်တရက် မပြောနိုင်သေးဘဲ ခဏကြာမှ-

'ဘယ်ပြောနိုင်မလဲဗျ။ ကျွန်တော့်အဖော်တွေကို ရှာရဦးမယ်။ နောက်ပြီး ကြည့်ရှုစရာတွေကိုလည်း လျှောက်ကြည့်ဦးမယ်။ ခင်ဗျားတို့ရော လိုက်ဦးမလား'ဟု ကျွန်ုပ်က ထပ်ခေါ်လိုက်ပြန်သည်။

ထိုအခါတွင် အကြီးအကဲဖြစ်ဟန်တူသူ အမျိုးသမီးက-

'ရှင်တစ်ယောက်တည်း သွားပါတော့။ ကျွန်မတို့လိုက်လို့မဖြစ်ဘူး။ ဒီမှာပဲနေတော့မယ်။ ရှင်ပြန်လာရင်ကျွန်မတို့နဲ့ တွေ့ချင်တွေ့ဦးမှာပေါ့။ ကဲ..ကဲ..သွားတော့လေ'ဟု ကျွန်ုပ်အား ပြောနေပြန်သဖြင့် ကျွန်ုပ်လည်းသူမတို့အား ပြန်ချောင်းရန် အကြံပေါ်လာကာ သူမတို့ကိုနှုတ်ဆက်၍ ဂန္ဓကုဋိတန်ဆောင်းအတွင်းမှ ထွက်လာကာမြွေကြီးနှစ်ကောင် တည်ရှိရာ မန္တလေးတောင်ပေါ်သို့တက်လာခဲ့ပါတော့သတည်း။

(ဆက်ရန်)

**အောင်ကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# မိုးကြိုး
# ပဋ္ဌာန်းဆက်





www.burmeseclassic.com

www.burmeseclassic.com

(တစ်)

ခပ်မော့မော့လေး လျှောက်လာရသည်မို့ အသက်ရှူသံတွေမြန်ကာ ရင်ထဲမှာ နွေးနွေးလေးဖြစ်နေရာက ဘုရားရင်ပြင်ပေါ်သို့အရောက် မြောက်ပြန်လေက တစ်ချက်ဆွဲလိုက်သဖြင့် စိမ့်ခနဲ အေးလို့သွား၏။

ဒေါ်ကြည်ကြည်မာ အနွေးဆွယ်တာ ကျောက်စိမ်းရောင်လေးပေါ် တွဲလွဲကျနေသည့် ခေါင်းစွပ်နှင့်တွဲလျက်သိုးမွေးလည်ပတ်ဖြူဖြူလေးကို လည်တိုင်ဆီပတ်ကာ အအေးဓာတ်ကို ကာကွယ်လိုက်သည့်ခဏ ရုတ်တရက်တွေ့လိုက်ရသည့်မြင်ကွင်းက အသက်ရှူပင် မှားလို့သွားတော့သည်။

'မငြိမ်း..မငြိမ်း..မငြိမ်း'

ချက်ချင်းကြီး လက်မောင်းကို အတင်းလှုပ်ယမ်းကာ အထိတ်တလန့် ခေါ်လိုက်သံကြောင့် ဘေးမှအတူပါလာသည့် မငြိမ်းပွင့် ရင်ဘတ်ကို လက်နှစ်ဖက်နှင့်ဖိရင်း-

'အစ်မရယ်၊ ဖြည်းဖြည်းပြောပါ။ အထိတ်တလန့်နဲ့ ကျွန်မ ရင်တုန်လိုက်တာ'

'ဟို..ဟိုမှာ တွေ့လား'

ဒေါ်ကြည်ကြည်မာ လက်ညှိုးညွှန်ရာ ရှေ့တူရူမှာ ရွှေစေးချထားသည့် တိုင်လေးတိုင်နှင့် ပြာသာဒ်အမိုးများအောက်မှ ရွှေရောင်ဝင်းနေသော ဘုရားစေတီလေး။

'မှတ်မိလား'

'ဘယ်တုန်းက ဘာကိုမှတ်မိရမှာတုံး။ အရင်းမရှိအများမရှိနဲ့ လုပ်ပြန်ပြီ'

'ဘုရားနဲ့ တိုင်လေးတိုင်လေ။ မငြိမ်းကို အစ်မပြောပြနေတဲ့ အိပ်မက်ထဲမှာ ခဏ,ခဏဖူးရတယ်ဆိုတဲ့ ဘုရားပေါ့'

'အင်း..မှတ်မိပြီ၊ မှတ်မိပြီ။ အစ်မ နှစ်ခါလား၊ သုံးခါလား ပြောဖူးထင်ပါရဲ့။ အဲဒီတုန်းကပြောတော့ ကျွန်မမှတ်မိတာ တိုင်လုံးတွေက အနီရောင်ရဲရဲ မဟုတ်ဘူးလား'

'အင်း..ဟုတ်တယ်၊ အနီရောင်။ နေဦး၊ လာ..လာ'

ဒေါ်ကြည်ကြည်မာ- မလှမ်းမကမ်းတွင် ယောဂီတံတက် လေး ပခုံးပေါ်တင်ပြီး မြက်တံမြက်စည်းလေးနဲ့ တံမြက်လှည်းနေတဲ့ ခြောက်ဆယ်ကျော် ခုနစ်ဆယ်တွင်း အမယ်ကြီးဆီ မငြိမ်းပွင့်ကို စိတ်မြန်လက်မြန်နဲ့ ဆွဲခေါ်လို့သွား၏။

'အမေကြီး..ဒီမှာနေတာ ကြာပြီလား'

'ကျုပ်က ဒီမှာမွေး ဒီမှာ ကြီးပါတော်။ ဟိုးက ကျုပ်တို့ရွာပေါ့။ ကလေးမ ဘာသိချင်လို့တုံး'

အမယ်ကြီးက မလှမ်းမကမ်းရှိ သစ်ပင်အုံ့အုံ့နှင့် သွပ်မိုးပြောင်ပြောင်များ ပြောက်ကျား,ပြောက်ကျား တွေ့နေရသည့်ရွာဆီ လှမ်းပြီး ညွှန်ပြသည်။

'သြော်..အရင် ဒီဘုရားက တိုင်လုံးတွေက ဒီလိုပဲ ရွှေရောင်ဟုတ်ရဲ့လားလို့ပါ'

'ဘယ်ဟုတ်လိမ့်မလဲ၊ အနီရောင်။ အနီရောင်မှ ရဲရဲတောက်လို့။ အရင်ကဆို မန်ကျည်းကိုးပင် ထန်းကိုးပင်ပဲရှိတာ။ အဘတည်ခဲ့တဲ့ဘုရား၊ အဘရဲ့ အောင်မြေပေါ့။ အခု နေပြည်တော်ကြီးဖြစ်လာမှ လူနေရပ်ကွက်တွေနဲ့ ဖြစ်သွားပြီး တိုင်ကြီးတွေကိုလည်း ရွှေချလိုက်ကြတာ ဘုရားကိုလည်း ဉာဏ်တော်မြှင့်လိုက်ကြလို့လေ။ ဟိုအရင်ကဆို ဒီအဘ ဘုရားလာဖို့ တသီးတသန့် စီစဉ်လာကြရတာ။ အခုတော့ သာသနာပိုပြီးကျယ်ပြန့်သွားတာပေါ့။ သွားရလာရအောင် အဆင်ပြေသွားတာကိုးနော်။ ပန်းကပ်ချင်ရင်လည်း ရတယ်နော်။ အောင်ပန်းစုံခုနစ်ရာ အဘကိုမှန်းပြီး ပွဲဆက်ချင်လည်း ဒီဘက်က သုံးထောင်၊ နောက်ဘက်က ငါးထောင်'

ဘုရားစေတီနှင့် မလှမ်းမကမ်းရှိ နီးတောင်းဝိုင်းဝိုင်းလေးများတွင် အစီအရီထည့်ထားသည့် ငှက်ပျောပွဲ၊ အုန်းပွဲများနှင့် အောင်သပြေ၊ အုန်း၊ ဒန်း၊ မြေဇာ စသည့် နေ့နံစုံပန်းတို့ စုပေါင်းကာ နီးပြားဖြင့် စည်းထားသည့် ပန်းစည်းများ ထားရှိရာ နောက်ဘက်ရှိ စားပွဲရှည်ဆီ လက်ညှိုးညွှန်ပြရင်း ကွမ်းတမြုံ့မြုံ့နှင့် ရှင်းပြကာ ဈေးခေါ်ညွှန်းသည်။

ကဲ..ဘယ့်နှယ်ရှိစဆိုသည့်သဘောဖြင့် ကြည်ကြည်မာ မငြိမ်းပွင့်ကို ပြုံးပြီး ခေါင်းညိတ်ပြသည်။

'ဒီတစ်ခါ ပန်းနှစ်စည်းပေး၊ ပွဲကတော့ နောက်တစ်ခေါက်ပေါ့။ အမိဋ္ဌာန်အောင်မှ'

နှစ်ယောက်သား ပန်းစည်းတစ်စည်းစီကိုင်ရင်း ဘုရားကို တစ်ပတ်,ပတ်ပြီး လျှောက်လာကြသည်။

'ဟုတ်ပါ့နော် အစ်မ၊ ထူးဆန်းလိုက်တာ'

'အစ်မအိပ်မက်ထဲက ဘုရားရဲ့ ဉာဏ်တော်ကလည်း



www.burmeseclassic.com

www.burmeseclassic.com

အခုလောက်မမြင့်ဘူး မငြိမ်းရဲ့။ ဟိုးအရင်က ဘုရားနေမှာပေါ့။ ကဲ..ဘုရားဝတ်ပြုလိုက်ကြရအောင်။ အစ်မကတော့ ထုံးစံအတိုင်း နည်းနည်းကြာမယ်နော်'

'ကြည့်ကျက်လည်း လုပ်ဦးနော် အစ်မ။ ဥပ္ပါတသန္တိဘုရားကြီးမှာတုန်းကလို ဖြစ်နေဦးမယ်'

'ဖြစ်ဖြစ်ပေါ့၊ မငြိမ်း ပါတာပဲ'

ရယ်ရယ်မောမော ပြောပြောဆိုဆိုနှင့် တနလာ ထောင့်ရှိ သစ်သားပြားအခင်းလေးပေါ်ထိုင်ကာ ဒေါ်ကြည်ကြည်မာ ကျန်ရစ်သည်။

မငြိမ်းပွင့် သူ့ရဲ့ မွှေးနေမွှေးနံ့ အင်္ဂါထောင့်ဘက်စီ ဆက်လျှောက်လာခဲ့ရင်း စိတ်ကမချ။ ဒေါ်ကြည်ကြည်မာ ဥပ္ပါတသန္တိဘုရားကြီးမှာ ဖြစ်ပျက်ခဲ့သည်များကို လောလောလတ်လတ်လို စိတ်ထဲမှာ မြင်ယောင်လို့လာမိလေသည်။

## (နှစ်)

ရွှေတိဂုံပုံတူပြု၍တည်ထားပြီး လိုဏ်ဘုရားဖြစ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လိုဏ်၏ အတွင်းဘက် နံရံများ၌ မြတ်ဗုဒ္ဓဖွားတော်မူခန်း၊ ဘုရားအဖြစ်သို့ ရောက်တော်မူခန်း၊ ပဥ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဦး ဟောတော်မူခန်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခန်း စသည် ဗုဒ္ဓဝင်များကို စကျင်ကျောက်ပြားကြီးများဖြင့် ထုဆစ်ပုံဖော် ဆင်ယင်ထားပြီး လိုဏ်၏အပေါ်မျက်နှာကြက်တွင်လည်း နှစ်ဆယ့်လေးပစ္စည်း မဟာပဋ္ဌာန်းတော်ကို ပါဠိ၊ မြန်မာ၊ အင်္ဂလိပ် ဘာသာသုံးမျိုးဖြင့် ရေးထိုးထားကာ ခံ့ညားထည်ဝါလှပြီး လိုဏ်၏အလယ် စေတီတော်၏ အောက်တည့်တည့်တွင် တည်ထားသည့် ဗုဒ္ဓဆင်းတုတော်လေးဆူကိုလည်း လေးဖက်လေးတန်မှ အေးချမ်းစွာ ဦးခိုက်ပူဇော်နိုင်သဖြင့် မငြိမ်းပွင့်တို့လို နေပြည်တော်သားဝန်ထမ်းတွေ၊ မိသားစုတွေ ရုံးပိတ်ရက်အားလပ်ချိန်များမှာ မကြာခဏ ဖူးမြော်ရောက်ကြ၏။

ထိုနေ့က ကဆုန်လပြည့် ရုံးပိတ်ရက် ဥပုသ်နေ့ပေမို့ ဘုရားကြီးသို့ ရောက်ခဲ့ကြခြင်းတည်း။ ဒေါ်ကြည်ကြည်မာ သူ့ရဲ့ထုံးစံအတိုင်း ဘုရားပန်းကပ်၊ ကန်တော့ဝတ်ပြုပြီး မေတ္တာသုတ်တော်ကို တစ်ရာ့ရှစ်လုံးပုတီးဖြင့် တစ်ပတ်စိပ်၍နေ၏။ ထိုစဉ်မှာပင်။

'ကြောက်တယ်..ကြောက်တယ်..ကြောက်တယ်'

ဟု မျက်စိကြီးစုံမှိတ်ကာ ကျိုးရှန်းအော်လေတော့၏။ ရုတ်ရုတ်,ရုတ်ရုတ်နှင့် လူအများဝိုင်းအုံလာကြရာ မငြိမ်းပွင့် ဘုရားကန်တော့နေရာက အပြေးတစ်ပိုင်းနဲ့ ရောက်သွားကာ ဖေးမ,၍ အပြင်သို့ ခေါ်ထုတ်လာခဲ့ပြီး အမျိုးဆောင်ပိတောက်(...)သို့ အမြန်သုတ်ချောတင်ရလေတော့၏။

ဒေါ်ကြည်ကြည်မာ ပြန်လည်၍ပြောပြသည်မှာ သူမမေတ္တာသုတ်ပုတီး(၉၀)လုံး စိပ်ပြီးချိန်တွင် မျက်စိမှိတ်ထားသည့် အာရုံထဲ၌ အရပ်ခုနစ်ပေခန့်ရှိသည့် ဦးခေါင်းတွင် မောက်တိုဆောင်းထားသော ရှေးဟောင်းစစ်သူကြီးဝတ်စုံ အစိမ်းရောင်ဝတ်တစ်ဦးနှင့် အနီရောင်ဝတ်တစ်ဦးတို့သည် သူမ ပုတီးစိပ်နေသည့် ဘေးတစ်ဖက်တစ်ချက်စီ၌ လှံရှိုးကို မြေမှာထောက်၊ လှံသွားကို အပေါ်ဘက်မှာထောင်ပြီး ကိုင်ထားကာ ရပ်နေကြသည်ကို မြင်တွေ့နေရပြီး မျက်စိဖွင့်ကာ ကြည့်လိုက်ပြန်တော့လည်း မျက်စိနှင့် တပ်အပ်မျက်ဝါးထင်ထင် မြင်လိုက်ရ၍ မျက်စိကို စုံမှိတ်ပြီး ကြောက်လန့်တကြား အော်လိုက်မိခြင်းပါတဲ့။

အခုလည်း အိပ်မက်ထဲမှာ ခဏ,ခဏဖူးရတဲ့ ဘုရားကို ဆိုက်ဆိုက်မြိုက်မြိုက် ဖူးလိုက်ရတော့ ထူးထူးဆန်းဆန်း ဘာတွေဖြစ်လာဦးမည် မသိတတ်နိုင်ပါ။

ကဲ..ဖြစ်ကာမှ ဖြစ်ရော။ မငြိမ်းပွင့် အတွေးစကိုဖြတ်ပြီး ဘုရားကို အာရုံပြု ပန်းကပ်လှူကာ ရှိခိုးကန်တော့လိုက်တော့၏။

## (သုံး)

ဒေါ်ကြည်ကြည်မာနှင့် မငြိမ်းပွင့်တို့ နှစ်ယောက်သား ဘုရားရှိခိုး ပုတီးစိပ်ကိစ္စဝိစ္စတွေပြီးတော့ အစီအရီလှူဒါန်းထားသည့် ပွဲပေါင်းများစွာ၏နောက်ဘက်တွင် ရွှေပိန်းချထားတဲ့ အဘရဲ့ ထိုင်ကိုယ်တော်ကြီးကို ဦးခိုက်ပြီး တတ်အားသမျှ လှူဒါန်းဆုတောင်းမှုများ ပြုခဲ့ကြသည်။

'အစ်မ..ဒီတစ်ခါတော့ ချောလို့။ ကျွန်မဖြင့် ဘုရားသာ ကန်တော့နေရတယ် စိတ်က မဖြောင့်ဘူး။ ဘာများဖြစ်လာဦးမလဲလို့'

'မယ်ငြိမ်းရယ်..ကျုပ်ကို ရှင်က ပြဿနာမကြီးများ မှတ်နေလို့လား။ တကတည်း။ တစ်ခါလေး ဖြစ်ဖူးတာကို'

နှစ်ယောက်သားရယ်မောရင်း ဘုရားစေတီမှ လမ်းဆီ ဆင်းလာခဲ့ကြ၏။ မြေနီလမ်းမအစပ်သို့အရောက် ဒေါ်ကြည်ကြည်မာ ဘုရားစေတီအား တစ်ချက်လှည့်ကာ ဖူး

www.burmeseclassic.com

လိုက်သည်တွင် ဘုရားစေတီဘေး၌ ပင်နီတိုက်ပုံအင်္ကျီ၊ ဖွက်ကျဲလုံချည်နှင့် ဖြူဖြူသန့်သန့် ထွားထွားကျိုင်းကျိုင်း အဘကြီးတစ်ယောက် သူတို့နှစ်ယောက်ကို ပြုံးပြုံးကြီး ကြည့်လို့နေ၏။

'ဘုရားရေ..ကျုပ်တို့ ဘုရားပေါ်မှာတုန်းက မတွေ့မိပါလား'

ဒေါ်ကြည်ကြည်မာစိတ်ထဲက ရေရွတ်လိုက်စဉ် ဖြန်းခနဲ ကြက်သီးထလို့သွားသည်။

'မငြိမ်း..မငြိမ်း'

မငြိမ်းပွင့်ဘက်လှည့်ကာ လက်မောင်းကို အတင်းဆိုင်လှုပ်၏။

'ဟိုမှာ..ဟိုမှာ ကြည့်စမ်း'

မငြိမ်းပွင့် ပြူးပြူးပြာပြာနှင့် ဒေါ်ကြည်ကြည်မာ ကြည့်ရာဘက်ကို သမင်လည်ပြန် လိုက်ကာကြည့်၏။ ဘာမျှမရှိ။

'ဘာ..ဘာလဲ အစ်မရဲ့၊ ဘာမှမရှိပါဘူး'

'ဟောတော့..ခုနက အစ်မတွေ့လိုက်ရတဲ့ ပင်နီတိုက်ပုံနဲ့ အဘကြီး ဘယ်ရောက်သွားပါလိမ့်။ မငြိမ်းတွေ့မိလိုက်သေးလား'

'အစ်မနဲ့တော့ အထူးအဆန်းတွေချည်းပဲ။ ဘာမှမတွေ့ပါဘူး။ အစ်မ မျက်စိမှားတာများလား'

'မဟုတ်ရပါဘူးအေ၊ ကျုပ် ဒီမျက်စိနဲ့ သေသေချာချာ မြင်လိုက်ရတာပါတော်'

ဒေါ်ကြည်ကြည်မာ သူမ၏မျက်လုံးကို လက်ညှိုးနဲ့ထိုးကာ ပြသည်။

'အင်း..ဒါဆိုရင်တော့ အဘက သူ ဒီဘုရားမှာရှိနေတဲ့အကြောင်း၊ စောင့်ရှောက်နေတဲ့အကြောင်း၊ အရင်ဘဝက ပဋ္ဌာန်းဆက်ရှိခဲ့တဲ့ အစ်မကို ကိုယ်ထင်ပြလိုက်တာလားမှ မသိတာ'လို့ မငြိမ်းပွင့်စိတ်ထဲ ပေါ်လာတာ ပြောလိုက်တော့ ဒေါ်ကြည်ကြည်မာရဲ့မျက်နှာမှာ အပြုံးတွေဝေလို့။

အဘအောင်မင်းခေါင်နှင့် ပဋ္ဌာန်းဆက်များကား ပြောမယုံ ကြုံဖူးမှသိ ဆိုရပေတော့မည်တည်း။

**မျိုးကြီး(အမရဋ္ဌာနေ)**


# ဆရာကြီးရာဇာဇော်ဝင်း(LL.B)

**နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ**



ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရှေးမူမပျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေး ပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဉာဏ်ပူဇော်ခ ၇၀၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသင်္ဘောသားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမှုနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမောသော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး,အပျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်, ခြံ,ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာ့ထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဉာဏ်ပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် နောက်ဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။ အမှတ်-၁၀၉(A)(မြေညီထပ်)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ဝိတ်ရက်မရှိ)

☎ (01)394727, (01)399426, 📱 09 7300 9994, 09 51 52521

www.burmeseclassic.com



(၁)

မည်သူမဆို တစ်သက်နှင့်တစ်ကိုယ် ဘယ်လိုမှ မေ့ဖျောက်မရသည့် အကြောင်းအရာကိစ္စရပ် တစ်ခုမဟုတ်တစ်ခု ရှိကြလိမ့်မည် ထင်ပါသည်။ သူ့ဘဝတွင်လည်း အမှန်တကယ် မျက်မြင်ကိုယ်တွေ့ ကြုံဆုံသိမြင်ခဲ့ဖူးသည့် ဖြစ်ရပ်မှန် အကြောင်းအရာတစ်ခု ရှိခဲ့၏။ အဲဒါကတော့ ရုပ်ထဲ ရွာထဲ ခေါ်ဝေါ်ကြသည့် စုန်းမီး။

(၂)

ရောဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်တွင် ရှိသော ထန်စဉ်လှကျေးရွာ၏ နှလုံးသည်းပွတ်ဖြစ်သည့် ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီးဆီမှ မီးရောင်ကို မြင်နေရပြီ ဖြစ်သည်။ လပြည့်၊ လကွယ် ညတိုင်း မီးပူဖော်လေ့ရှိသည့် အစဉ်အလာပဲဖြစ်၏။ ခေတ်အဆက်ဆက် သမိုင်းအစဉ်အလာ ကြီးမားလွန်းလှသည့် ဘုရားစေတီဖြစ်သည်ဟု ရှေ့မီ နောက်မီ လူကြီးသူမများ ပြောသံကို ကြားမိသည်။

# စုန်းမီး

## ညီညီငြိမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com

'ကြွက်နီ..လာလေကွာ။ ဘာလုပ်နေတာလဲ'

'ဘုရား..ဘုရားလေး၊ ဘုရားရှိခိုးနေတာ'

'မြတ်စွာဘုရား'

ဒီကောင့်အကြောင်း သူ သိသည်။ ဘုရားရှိခိုးနေတာက နည်းနည်း၊ ဆုတောင်းနေတာက များများ။ ဘုရားကို ဆုများဆာတွေ လုပ်ဦးတော့မှာ။ ပါးစပ်က ဘုရား,ဘုရား သတ်က ကားရှား,ကားရှား ပုံစံကြီး။

ပခုံးမှာက ငါးဖမ်းထည့်ဖို့ ပလိုင်းကို လွယ်ထားသည်။ လက်ထဲမှာက ငါးထိုးတဲ့မှိန်း။ ဘာပဲဖြစ်ဖြစ်လေ ဘုရားကို သတိရတာ ကောင်းပါတယ်။ လူကြီးသူမတွေ သည်း အဲဒီလိုပြောတတ်ကြတဲ့ဥစ္စာ။

'မိုးဦး..ငါတို့ မနေ့ကရတဲ့ နေရာကိုပဲ သွားမယ်၊ သိလား'

'အေးပါဟ'

လက်ထဲက သုံးခွမှိန်းကို ခပ်ဆဆကိုင်ရင်း နဖူးတွင် စွပ်ထားသည့် ကျားခေါင်းမီးခွက်ကို အနေအထားမှန်အောင် ပြုပြင်နေရသေးသည်။

သည်မြေ၊ သည်ရေ၊ သည်အင်း၊ သည်ချောင်းသည် သူတို့ရဲ့ ဘဝတက္ကသိုလ်ပဲဖြစ်၏။ အဘိုးလည်း သည်လိုပဲ နေသွားခဲ့သည်။ အဖေလည်း သည်လိုပဲ နေသွားခဲ့သည်။ သူတို့လည်း သည်လိုပဲ နေနေခြင်းဖြစ်သည်။ နေတတ်သူ များအတွက်တော့ ကျေနပ်စရာ၊ ပျော်စရာ၊ လွမ်းမောဖွယ် ရာများ အတောမသတ်။

'မိုးဦး သိလား၊ ညနေက ငါ့အစ်မကြီးလေ..'

'လင်နောက် လိုက်သွားလို့လား။ အေးတာပေါ့၊ ဆန် ဆုန်တောင် သက်သာသေးတယ်'

'ခွီး..မင်းဘကြီးတဲ့မှပဲ။ ငါက အကောင်းပြောမလို့ ဟာ။ သူတို့ သရဲအကြောင်း ပြောနေကြတာကွ'

'အင်း..'

'အစကတော့ ရိုးရိုးသရဲအကြောင်းပဲ ပြောနေကြတာ ကွ။ သရဲခေါင်းပြတ်တို့ ဘာတို့ပေါ့။ နောက်တော့ စုန်းတွေ၊ တစေတွေအကြောင်း ရောက်သွားတယ်။ စုန်းမှာမှ တိမ် ညွန့်စားတဲ့စုန်း၊ ချေးစားတဲ့စုန်း၊ မီးကစားတဲ့စုန်းတဲ့'

'မီးကစားတဲ့စုန်း'

'အေး..အဲဒီစုန်းမျိုးက ည,ညလူခြေတိတ်ရင် သချိုင်း ကုန်းမှာ စုန်းတွေစုပြီး မီးကစားတာတဲ့လေ။ မီးလုံးကြီးတွေ က ရဲနေတာပဲတဲ့လေ။ ပြီးတော့ အပေါ်ကို ပျံတက်သွားကြ ရောတဲ့'

'မင်းအစ်မကြီးက ဘယ်သူတွေကို လျှောက်ပြောတာ လဲ'

'လျှောက်မပြောဘူး၊ အိမ်ပေါ်မှာ ထိုင်ပြောကြတာ။ အစ်မမိညိုနဲ့ အစ်မသောင်းရင်တို့ အပျိုတွေနဲ့ ကလေးပုစု ခရုတွေကို ပြောတာ။ ငါ ဝင်ပြောလိုက်ချင်တာ လျှာကို ယားနေတာပဲ။ ကျောင်းက ဆရာလေးညီငြိမ်းဆွေပြောတဲ့ လူတချို့နဲ့ လူတော်တော်များများဟာ အထင်ကိုသာ ကိုး ကွယ်ပြီး အမြင်ကို မယုံချင်ကြဘူး ဆိုတာလေ။ ထိပ်ခေါက် ခံရမှာစိုးလို့ အသာလေးငြိမ်ပြီး နားထောင်နေရတယ်။ အဲ..သဘက်အကြောင်းလည်းရောက်ရော ဖာတ်ပျက်တော့ တာပဲ'

'ဘယ်လို..ဘယ်လို'

'သဘက်ကွာ၊ ငါ့အစ်မကြီးက သဘက်အကြောင်း ကို ဆက်ပြောတာ။ သဘက်က ဇရပ်ပျက်ကြီးထဲမှာ အိပ်နေ တာတဲ့။ နားရွက်ကြီးတစ်ဖက်ကို အိပ်ရာခင်းသလိုခင်း၊ နားရွက်တစ်ဖက်ကို စောင်လို ခြုံလို့တဲ့။ အဲ..အဲဒီနေရာ လည်းရောက်ရော, အိမ်မှာမွေးထားတဲ့ကြောင် ရွှေဝါကြီး က အပေါ်ထပ်ခိုးပေါ်ကနေ ထောင်ထားတဲ့ ဖျာလိပ်ပေါ်ကို ခုန်ချတာ။ ဘာပြောကောင်းမလဲ ဖျာလိပ်ကြီးလည်း ဝုန်းခနဲ ပစ်လဲရော အောင်မယ်လေးဆိုပြီး လန့်အော်ကြတာ ပွက် လောကို ရိုက်သွားတာပဲ။ အစ်မ..အစ်မမိညို ကြောက် ကြောက်နဲ့ ထပြေးတာ အဟီး..ထဘီ ပါမသွားဘူး။ အဟား..'

'ဟော့ကောင်..အစ်မမိညိုက. ငါ့အစ်မကွ'

'အေးပါ၊ သရဲအကြောင်းပြောတဲ့ ငါ့အစ်မလည်း လန့် ပြီး တက်သွားလိုက်တာ။ ရှူးတွေဘာတွေ ထွက်လို့။ လူ ကြီးတွေလာပြီး မနည်းနှာနှပ်ယူရတယ်။ အဟား..'

'ဖွီး..ကြောက်တတ်တဲ့သူများ ကြောက်စရာကို ကြံ ဖန်တွေးပြီး ကြောက်စရာတွေပဲရွေးပြီး ပြောတတ်ကြတယ်။ ထူးရော။ မင်းလည်း ကြောက်တတ်လား ကြွက်နီ'

'အိုး..လာထား၊ ကြောက်မွေးပါရင် ဇာဂနာနဲ့ နုတ် ပစ်မယ်။ တို့ငယ်ငယ်က မင်း မှတ်မိသေးလား မိုးဦး။ မင်းအဖေလေ ငါတို့ကို ပုစွန်တုပ်ကြီးတွေ မီးဖုတ်ပြီး ကျွေး တာ စားလို့ကောင်းလားတဲ့။ စားလို့ကောင်းတာပေါ့ကွ။ မှတ်ထား။ အဲဒါ တစ္ဆေသား၊ အဲဒါ သရဲသား၊ အဲဒါ ဒီ လူးသားဆိုပြီးတော့ ကျွေးတာ။ တစ္ဆေသရဲဆိုတာ ညအခါ



www.burmeseclassic.com

www.burmeseclassic.com

မှ ထွက်တာဆိုလို့ မင်းနဲ့ငါ တစ္ဆေသရဲ လိုက်ရှာကြတာလေ။ မီးဖုတ်စားမလို့။ ဟား..ဟား..ဟား'

'မင်းက မှတ်မိသေးတာပဲ'

'မှတ်မိပါတယ်ဆို'

'လာကွာ၊ ရောက်ခါနီးပြီ'

အဲဒီလိုပါပဲ... လူကြီးမဟုတ်၊ ကလေးမဟုတ်တဲ့ အလယ်တန်းကျောင်းသားဘဝမှာ လောကကို စူးစမ်းရှာဖွေရင်း တစ်ဖက်တစ်လမ်းကနေ မိသားစုဝန်ကို နိုင်သရွေ့ထမ်းရင်း ကြီးပြင်းခဲ့ရတဲ့ တောခလေ့ရွာစရိုက် တောရပ်ဌာနီပါပဲ။

ဟောသည် ဝဲဒေါင့်ရွာနဲ့ ထန်းစဉ်လှရွာဆိုတာ ဘာဝေးတာမှတ်လို့။ ကျောင်းဆင်း,ကျောင်းတက် ချွေးပင်မထွက်တဲ့ခရီး မဟုတ်ပါလား။

ထန်းစဉ်လှရွာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးဆီမှ မီးရောင်က ကောင်းကင်ယံကို ဖောက်ထွက်တော့မတတ်ပါပဲ။

'အူဝဲ..အူဝဲ.. အငဲ.. အူဝဲ..အူဝဲ'

'အောင်မငီး'

'ဘုရား..ဘုရား..ထန်းစဉ်လှဘုရား ကယ်ပါ'

သူတို့ကြားရတဲ့အသံက မွေးကင်းစကလေးသေးသေးလေး ငိုနေတဲ့အသံမျိုး။ နားနဲ့ ဆတ်ဆတ်ကို ကြားလိုက်ရခြင်းဖြစ်သည်။

သူတို့ ရောက်နေတဲ့နေရာက ဝဲဒေါင့်နဲ့ ထန်းပင်ကွင်းရွာကြား သချိုင်းကုန်းတောအစပ် တူးမြောင်းရိုးအစပ်။

အချိန်က ညကြီးမင်းကြီး။

'မိုး..မိုး..မိုးဦး'

'ဟေ'

'ကြား..ကြားလား'

'အင်း..ကြားတယ်။ မင်း ဘယ်လိုထင်လဲ'

'ငါ..ငါ..ငါထင်တယ်'

ကြွက်နီ ချက်ချင်းကြီး ငှက်ဖျားတက်သလို အသံကြီးဖြစ်သွားသည်။ သူ ကျားခေါင်းမီးရောင်ဖြင့် မွှေ့ပတ်ကြည့်သည်။ သချိုင်းကုန်းမှာ မှောင်မည်းနေသဖြင့် ဘာကိုမျှ မမြင်ရ။ လေကြမ်းကြမ်း တစ်ချက်မွှေ့လိုက်သဖြင့် တောအုပ်မှာ ချိုးချိုးချွတ်ချွတ် လှုပ်လှုပ်ရှရှ ဖြစ်သွားပြီး ထိမ်ပင်မြင့်မြင့် အရိပ်မည်းမည်းကြီးများမှာ တစ္ဆေသရဲတွေ ယိမ်းကသကဲ့သို့ ရှန်းကြွလာသလိုလို ထင်ရ၏။

'ဂီး..ဂစ်..အောင်မငီးဗျ'

အရေးတည်း ငှက်ဆိုးလို့ခေါ်ကြတဲ့ လင်ကောင်ဖိုးငှက်က သူနဲ့ ကြွက်နီနှစ်ယောက်ကြားက ဖြတ်ပျံသွားသည်။

သချိုင်းကုန်း၊ ကလေးငိုသံ၊ ညကြီးမင်းကြီး။

'အူဝဲ..အူဝဲ..အူဝဲ..အူဝဲ'

သူ အသံကြားရာကို ကျားခေါင်းမီးဖြင့် မိမိရရရှာသည်။

'ဟေ..ဟာ..ငါထင်တယ်၊ ငါထင်တယ်။ ငါးဖရုံကြီး၊ ငါးဖရုံကြီး နှစ်ကောင်ကွ'

အသံထက်မြန်တဲ့အလျင်နဲ့ ကိုရွှေကြွက်နီ တူးမြောင်းအစပ် ရွှံ့ညွှန်ပေါ်မှာ မြင်နေရတဲ့ ငါးဖရုံကြီးနှစ်ကောင်ကို ကျွမ်းကျင်လိမ္မာစွာဖြင့်ဖမ်းပြီး ပလိုင်းထဲကို ကောက်ထည့်နေပါတော့တယ်။

'ဟူး..'

အခုမှပဲ သက်ပြင်းချမိလေသလားမသိ။ လူကြီး ခြေသလုံးလောက်ရှိပြီး သူတို့ လက်လံလောက်ရှိသည့် ငါးဖရုံခေါ် ငါးလင်ပန်းကြီးနှစ်ကောင်။ ဈေးကောင်းရမှာတော့ မပူနဲ့။ ငါးရှဉ့်နှင့်တူပေမယ့် ငါးရှဉ့်ထက် ဈေးပိုကောင်းတဲ့ ငါးဖရုံကြီးပါပဲ။ ကြွက်နီ ပလိုင်း ပြည့်သွား၏။

ပျော်နေတဲ့ကြွက်နီရဲ့ ပလိုင်းထဲကို ကျားခေါင်းမီးနဲ့ ထိုးကြည့်တော့ သွားတွေ အကျဲသားနဲ့။ ပါးစပ်ကြီး ဖြဲဟနေပါသည့် ငါးဖရုံကြီးခေါ် ငါးလင်ပန်းကြီးနှစ်ကောင်။ အသည်းအူတုန်ရှိလိုက်ပါဘိ။

အဲ..ဖြစ်ချင်တော့ အဲဒီအချိန်မှာပဲ ကျားခေါင်းမီးက ဖျတ်ခနဲ ကျွမ်းသွားခြင်း ဖြစ်သည်။

'ကြွက်..ကြွက်နီ..မင်းမှာ ဘတ်သီးအပိုပါလား'

'ဟင့်အင်း..မင်းမီးသီး ကျွမ်းသွားပြီလား။ ကျွမ်း..ကျွမ်းကွာ၊ ဒီညတော့ တို့နှစ်ယောက် မဟာကံထူးရှင်တွေပဲ။ ဟား..ဟား..ဟား..ပြန်ကြမယ်'

ရပါတယ်။ သွားနေကျလမ်းပဲဟာ၊ ကြောက်စိတ်သိပ်မရှိပါဘူး။ မီးသီးကျွမ်းသွားလို့။ အားငယ်တာလေး နည်းနည်းပါ။ မီးသီး အပိုယူမလာမိတဲ့ သူ့ကိုယ်သူ အပြစ်တင်နေမိသည်။

'ကြွက်နီ..သီချင်းလေးဘာလေး ဆိုကွာ'

'ရတယ်လေ၊ အဟဲ.. ဟိုတုန်းက သီချင်းလေးမကောင်းလား။ မီးဘေးရှောင် မလောင်ခင် ဘားကြပါ



www.burmeseclassic.com

www.burmeseclassic.com

သူ ထိုမီးကို အကြွင်းအကျန်ထားရင် မှား..မှား..မှား..ဦး..ရှေ့..ရှေ့မှာ မီး..မီးတွေ'

'ဟင်..အမငီး'

ဆေးလိပ်မီးစတွေလို အများကြီး၊ လှုပ်လှုပ်ရွရွနဲ့ ဖျာကြီးတစ်ချပ်စာလောက်ရှိသည်။ လိမ္မော်ရောင် မီးစမီးနရဲရဲတွေက ပြန့်သွားလိုက်၊ စုသွားလိုက်နဲ့။

ဟော..ကြည့်နေရင်းမှာပဲ အလုံးကြီး ဖြစ်သွားပြီ။ ဘောလုံးကြီးလိုပဲ မီးလုံးကြီးက လှုပ်နေသည်။ မီးပွားလိုအမျိုးတွေက မီးလုံးကြီးကို လာကပ်သည်။

ဟော..ဟော..ကြွလာပြီ၊ ကြွလာပြီ။ တစ်ထွာ၊ တစ်တောင်၊ တစ်လံ၊ ဝါးတစ်ရပ် မြင့်ပြီ၊ မြင့်ပြီ။ လေစုန်အတိုင်း မျောလွင့်သွားတာ တရွေ့ရွေ့။

'ကြွက်နီရေ..အောင်မငီး'

ဘာပြောကောင်းမလဲ၊ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်။ လက်ထဲကိုင်ထားတဲ့ သုံးခွမှိန်းတွေ၊ ဆောင်ပုံတွေ၊ ငါးထိုးမှိန်းတွေ လွှတ်ချပြီးတော့ကို ပြေးလိုက်တာ။ ခလုတ်တိုက်လို့ တိုက်မှန်းမသိဘူး၊ အဟုတ်။

ရွာကျောင်းက ကျောင်းဆရာလေး ဦးညီငြိမ်းဆွေထွက်လာတယ်။ အိပ်မှုန်စုံမွှားနဲ့ ရွာထဲက ကာလသားကြီးတွေ လိုက်လာတယ်။ လူအင်အားတောင့်တော့ သူနဲ့ ကြွက်နီကြောက်တော့ဘူး။ အရေးထဲ ကြွက်နီက သူ့ငါးဖရုံကြီးနှံကောင်ကို အလေးခံပြီး သယ်လာသေးတော့တယ်။

'ဘယ်အနားမှာ တွေ့တာလဲ'

'ဒီ..ဒီနားမှာ တွေ့တာ ဆရာလေး'

'မင်းတို့မီးတွေ အကုန်ပိတ်လိုက်'

မီးတွေ ပိတ်လိုက်တဲ့အခါ မီးပွားစလိုအရာတွေ လှုပ်လှုပ်ရွရွ မြင်ကြရသည်။ ဆရာလေးက တုတ်တစ်ချောင်းနဲ့ မီးပွားတွေကို ထိုးမွှေလိုက်၏။

'အဲဒါ စုန်းမီးမဟုတ်လား၊ မီးစုန်းလို့ခေါ်တယ်။ သိပ္ပံအခေါ် ဖော့စဖရပ်၊ အဲဒီလိုခေါ်တယ်။ ဘာမှကြောက်စရာမလိုဘူး။ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးဘူး။ သက်ရှိသတ္တဝါတွေရဲ့ အရိုးစုတွေ အချိန်ကာလကြာမြင့်လာတဲ့အခါမှာ ထွက်ပေါ်လာတဲ့ မီးစုန်းဓာတ်တစ်မျိုးဖြစ်တယ်။ မိုးဦး ပြောသလို အမှုန်အမွှားသေးသေးလေးတွေ စုပေါင်းပြီး တင်းနစ်ဘောလုံး၊ ခြေကန်ဘောလုံးလောက်လည်း ဖြစ်လာနိုင်တယ်။ လေစုန်အတိုင်း မျောလွင့်နိုင်တယ်။ တို့တောမှာတော့ စုန်းမီးပေါ့ကွာ။ တကယ်တော့ ဒါဟာ မီးစုန်းပဲ။

ကဲ..ကဲ..ပြန်ကြမယ်၊ အချိန်မရှိတော့ဘူး။ ဒီအကြောင်း ကျောင်းရောက်မှ မင်းတို့ကိုနားလည်အောင် ဆရာရှင်းပြမယ်။ ဟုတ်ပြီလား။ လာ..ပြန်စို့။ ဩော်..မိုးဦးနဲ့ ကြွက်နီ'

'ဗျာ..ခင်ဗျာ'

'မင်းတို့နှစ်ယောက် ကျောင်းမှန်မှန် တက်ကြနော်။ ပညာသင်ခွင့်ရတဲ့အချိန်မှာ ပညာရှာကြ။ ငါးရှာ၊ ဖားရှာ၊ လိပ်ရှာတာက ဘယ်အချိန်ရှာရှာ ရှာတတ်ရင် ရတယ်။ ဟုတ်ပြီလား'

'ဟုတ်'

ပြောလို့သာ ပြောလိုက်ရတယ်။ ကျေးလက်က အချိန်ပိုဘဝတက္ကသိုလ် တက်နေကြသူတွေရဲ့အကြောင်း ဆရာလေးသာလျှင် အသိဆုံး။ ဆရာလေး သက်ပြင်းမြေ့မြေ့ချလိုက်မိသည် ထင်၏။

(၃)

မည်သူမဆို တစ်သက်နှင့်တစ်ကိုယ် မေ့ဖျောက်၍မရသော အကြောင်းအရာကိစ္စရပ် တစ်ခုမဟုတ် တစ်ခုတော့ ရှိကြလိမ့်မည် ထင်သည်။

**ညီညီငြိမ်းချမ်း**

(ဆောင်ပုံ–ငါးဖမ်းကိရိယာတစ်မျိုး)

*(ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ထန်းစဉ်လှ ကျေးရွာသို့ မှတ်မှတ်ရရ..)*





www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရ

# လူမော်

# သိုက်နန်းရှင်သခင်မ

နှင့်

# ထိုက်ဇာတ်ကား

ဤဖြစ်ရပ်သည် ဖြစ်ရပ်မှန်ဖြစ်ကြောင်းကို ရိုးသားစွာ ဝန်ခံပါသည်။ နှစ်အားမြင့် ပြောရလျှင်မူ အနှစ်နှစ်ဆယ်ပင် မကတော့ပေ။

ဒါရိုက်တာဇော်မော်လင်းသည် သိုက် ဟူသော ဗီဒီယိုဇာတ်လမ်း ရိုက်ကူးရင်း ကျွန်တော်နှင့်တိုင်ပင်၍ ဇာတ်ညွှန်းရေးခိုင်းရာမှ ဤဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ် စတင်ဖြစ်ထွန်းခဲ့ခြင်း ဖြစ်လေသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် သိုက်ဟူသော ဇာတ်လမ်းကို ဇာတ်ညွှန်းပွဲ၍ ရေးသားခဲ့ရာ (၁၀)ရက်ခန့် ကြာလေ၏။ ဇာတ်ညွှန်းပွဲ၍ ပြီးသောအခါ၌ ကျွန်တော်သည် ဇာတ်ညွှန်းဖိုင်ကို ဒါရိုက်တာခေါ်မော်လင်းအား ပေးအပ်ခဲ့လေ၏။

ကျွန်တော်ရေးဖွဲ့ခဲ့သော ၎င်းဇာတ်ညွှန်းအား ဒါရိုက်တာခေါ်မော်လင်း ကျေနပ်ပုံရ၏။ သူ၏ ငွေကြေးနှင့်ပင်အရင်းအနှီးပြုကာ ရိုက်ကူးခဲ့လေသည်။

ရိုက်ကွင်းတည်ရာမှာ ဒေးစွန်ပါဖြစ်၏။ ဗီဒီယိုဇာတ်ကားအမည်မှာ သိုက်ဖြစ်၍ ၎င်းဒေးစွန်ပါဒေသနှင့်လည်း ကွန်ဖွာလိုက်ဖက်သော ရေခံမြေခံ ဖြစ်လေ၏။

ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့သည် ဒေးစွန်ပါသို့ ခရီးထွက်ခဲ့ကြလေ၏။ ရောက်ရှိသောအခါ၌မူ ကျွန်တော်တို့ရုပ်ရှင်အဖွဲ့ ဒေးစွန်ပါမုခ်ဦးကျောင်း၌ တည်းခိုကြလေ၏။

ဆရာတော်ဘုရားမှာ အရှင်အာဒိစ္စဝံသ ဘွဲ့မည်ရှိ၏။ ရုပ်ရှင်အဖွဲ့သားများနှင့် ချစ်ခင်ရင်းနှီးစွဲလည်း ရှိလေ၏။ (ယခု ၎င်းဆရာတော်ဘုရား ဦးအာဒိစ္စဝံသသည် လွန်ခဲ့သောနှစ်ကမှ ဘဝနတ်ထံပျံလွန်တော်မူသွားခဲ့ပြီး ဖြစ်လေသည်။)

ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့သားများသည် တက်တက်ကြွကြွ ရှိနေကြလေ၏။ ဆရာတော်ဘုရားကြီးကလည်း ကောင်းစွာခွင့်ပြုသောကြောင့် ဆရာတော်ကြီး၏ ကျောင်းဝင်း၌ပင် သိုက်ဗီဒီယိုဇာတ်ကားအတွက် ပွဲပေးပူဇော်ကြလေ၏။

ယင်းသို့ ဂုန်တော့ပွဲပေး၍ သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့အား ကန်တော့နေကြစဉ်မှာပင် မထင်မှတ်သော ဖြစ်ရပ်တစ်ခုနှင့် ကြုံရလေ၏။ ရုတ်တရက်ဆိုသလို မင်းသမီးသူဇာမော်လင်းသည် ခေါင်းငိုက်စိုက်ကျလာပြီး ပါးစပ်ကလည်းဗလွေးဖြင့် ဝူးဝူးဝါးဝါး အသံများ ထွက်လာ၏။ စကားတော့ စကားပင်။ သို့သော် မသဲကွဲ၍ ဘာပြောနေမှန်း မသိကြပေ။

ကျွန်တော်ကတော့ မင်းသမီး သူဇာမော်လင်း အမှောင့်ဆောက်နှောင့်ပြီဟု သတိထားလိုက်မိ၏။ ဒေးစွန်ပါသည် သမိုင်းကြောင်းရှိ၏။ ကြားဖူး၏။ ပုဂ္ဂိုလ်စုံ၊ ဓာတ်စုံ၊ သိုက်စုံ၊ နတ်စုံသည်ဟု ကျွန်တော် ကြားဖူးထားသောကြောင့် ယင်းသို့ အထင်ရောက်ခဲ့ခြင်း ဖြစ်လေသည်။ အမှန်တကယ်တော့မူ မင်းသမီးသူဇာမော်လင်းအား သိုက်ပုဂ္ဂိုလ် တစ်စုံတစ်ယောက်က ဝင်ပူးကပ်လိုက်ခြင်းသာ ဖြစ်လေသည်။

'ဟဲ့ . . နင်တို့က ပမာမခန့် ငါ့နယ်မြေမှာ သိုက်ဆိုတဲ့ ဓာတ်ရှင် လာရိုက်တာ။ ဘာသဘောလဲဟဲ့'

ဘယ်သူ့အမိန့်နဲ့ လုပ်တာလဲဟု သိုက်ပုဂ္ဂိုလ်က မင်းသမီး သူဇာမော်လင်းကို ပူးကပ်နှုတ်စီး၍ ပြောလိုက်၏။ အသံမှာ သူဇာမော်လင်း၏အသံ မဟုတ်မှန်း ကျွန်တော် ကောင်းစွာ သတိပြုမိလေ၏။ အသံမှာ ဩ၍ ဩဇာရှိပုံရ၏။

မင်းသမီးသူဇာမော်လင်းမှာ ဒါရိုက်တာခေါ်မော်လင်း၏ သမီးရင်း ဖြစ်လေ၏။

'ငါ မကျေနပ်ဘူးဟေ့။ သိုက်ဆိုတဲ့ ဓာတ်ရှင်ကားနာမည် ခုချက်ချင်း ပြောင်းလိုက်'ဟု သိုက်ပုဂ္ဂိုလ်က သူဇာမော်လင်း၏ နှုတ်ကိုစီး၍ ဆက်ပြောလေ၏။

ကျွန်တော်တို့ရုပ်ရှင်တစ်ဖွဲ့သားလုံး အူကြောင်ကြောင်ဖြင့် ဘာလုပ်၍ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွားကြလေတော့၏။ ကျွန်တော်တို့ အားလုံးလိုလိုပင် ကြောက်ရွံ့ထိတ်လန့်၍နေကြလေ၏။

ထိုစဉ် စတင်လှုပ်ရှားသက်ဝင်လာသူမှာ ဒါရိုက်တာခေါ်မော်လင်း ဖြစ်သည်။

'သမီးသူဇာ ဘာဖြစ်တာလဲ။ သတိထားလေ'ဟု ဒါရိုက်တာခေါ်မော်လင်းက မင်းသမီးပခုံးကိုင်၍ သတိပေးသည်။

'ဖယ် . . မကိုင်နဲ့၊ ငါက နင့်သမီးမဟုတ်ဘူး။ နင်က အဖွဲ့ခေါင်းဆောင်လုပ်ပြီး ဘာမှလည်းမသိဘူး။ နင်တို့ပွဲကို ပြန်ပြီးကြည့်လိုက်စမ်း။ ဘယ်မှာလဲ ငါ့ပွဲ။ ငါ့ပွဲလည်း မပါဘူး။ ငါ့နယ်မြေမှာ အဲဒီလိုလုပ်လို့ မရဘူးဟေ့။ အားလုံးဒုက္ခရောက်သွားမယ်။ ငါ ဘာလဲသိလား။ သိုက်နန်းရှင် မြနန်းနွယ်ကို မထီလေးစားလုပ်လို့ မရဘူးဟေ့'ဟု အသံဩဩဖြင့် ကျယ်လောင်စွာ ပြောလိုက်သောကြောင့် ကျွန်တော်တို့အားလုံး သိုက်နန်းရှင်ပုဂ္ဂိုလ် မြနန်းနွယ် ဝင်ရောက်ပူးကပ်နေကြောင်း သိရှိလိုက်ရတော့၏။

ဤကိစ္စမှာ သက်သက်လှုပ်ရှားမှု၊ လုပ်ကြံမှုမဟုတ်မှန်း ကျွန်တော် သဘောပေါက်လိုက်လေ၏။

ဒါရိုက်တာခေါ်မော်လင်းနှင့် မယားညီအစ်ကို တော်စပ်သော ကိုငြိမ်းမောင်ဆိုသူက ရုတ်တရက် ထိုင်ရာမှ

www.burmeseclassic.com

ထကာ-

'ဘုရားပွဲနဲ့ပေါင်းပြီး ကန်တော့ပွဲပေးထားတာ။ ခင်ဗျားက ဘာမကျေမနပ် ဖြစ်နေတာလဲ'

ဟု ရုတ်တရက် ဝင်ပြောလိုက်သောကြောင့် ကျွန်တော်က ကိုငြိမ်းမောင်၏ပခုံးကို လှမ်းဆွဲ၍-

'ကိုငြိမ်းမောင်··ခင်ဗျားပြောတာကြီးက မဟုတ်သေးဘူးဗျာ။ အခုဝင်ပူးနေတဲ့ ပုဂ္ဂိုလ်က ဘာအမိန့်ရှိမလဲ မသိသေးဘူး။ ထင်ရာတွေ လျှောက်ပြောမနေနဲ့။ ပြဿနာ တက်ကုန်လိမ့်မယ်'ဟု ဟန့်လိုက်ရလေ၏။

ကိုငြိမ်းမောင်မှာ အရက်အနည်းငယ် မူးနေပုံရသည်။

'ဟဲ့··နင်က ဘာလဲ။ ငါ့ကို ဘာမှတ်လို့လဲ။ စမ်းချင်တဲ့ သဘောလား'ဟု ပုဂ္ဂိုလ်က ကြိမ်းစပြုလာ၏။

ကိုငြိမ်းမောင်ကလည်း မလျှော့ပေ။ မူးမူးရူးရူးဖြင့် အကောင်ဝင်လုပ်၏။

'ဒီမယ် သိုက်နန်းရှင်၊ ကျုပ်တို့က လူသားတွေ၊ နင့်လို နာနာဘာဝမဟုတ်ဘူး။ စမ်းချမ်စမ်းလိုက်။ လုပ်ရဲရင် လုပ်ကြည့်လိုက်'ဟု ကိုငြိမ်းမောင်က အထွန့်တက်၍ ပြောလေ၏။

'သြော်··နင်က ငါ့ကို အကဲစမ်းတယ်ပေါ့ ဟုတ်လား။ အေး··နင်တို့မင်းသမီးကို ငါ လိပ်ပြာနုတ်ပြီး ခေါ်သွားပြမယ်။ ကြည့်နေ'

ဟု သိုက်နန်းရှင်က ပြောလိုက်ရာ ဒါရိုက်တာဇော်မော်လင်း ပျာယာခတ်၍ ထိတ်လန့်ကြောက်ရွံ့သွားကာ-

'ဟောကောင် ငြိမ်းမောင်၊ မင်းပါးစပ် ပိတ်ထားစမ်း။ သူ့ဇာက ငါ့သမီးကွ။ အဆုံးရှုံးမခံနိုင်ဘူး'ဟု ဆိုကာ ကိုငြိမ်းမောင်ကို တွန်းထုတ်လေ၏။

အားနှင့်မာန်နှင့် တွန်းထုတ်လိုက်သောကြောင့် ကိုငြိမ်းမောင် ဒယီးဒယိုင်ဖြင့် လဲပြိုကျလေ၏။

ထို့နောက် ကိုဇော်မော်လင်းက လက်အုပ်လေးချီ၍-

'ကျွန်တော်တောင်းပန်ပါတယ် သိုက်နန်းရှင်သခင်မ။ ကျွန်တော့်သမီးကိုတော့ ဒုက္ခပေးပါနဲ့ဗျာ။ သူ့မှာ အပြစ်မရှိပါဘူး။ အမိုက်အမဲ ကိုငြိမ်းမောင်ကိုလည်း ဒုက္ခမပေးပါနဲ့။ ကျွန်တော် သူ့ကိုယ်စား တောင်းပန်ပါတယ်။ မေတ္တာရပ်ခံပါတယ် သိုက်နန်းရှင်သခင်မရယ်'ဟု ပြော၍ တောင်းပန်လေ၏။

ဘယ်အချိန်က ရောက်နေမှန်းမသိသော ဆရာတော် ဘုရား ဦးအာဒိစ္စဝံသက-

'ငါ ရပ်ကြည့်နေတာ ကြာပြီ။ ဒီကိစ္စ ငါ အကုန် ရှင်းမယ်။ ဟိုကောင် ငြိမ်းမောင်၊ မင်းမှားတယ်။ နတ်နဲ့ နဂါး မလှည့်စားကောင်းဘူးကွ။ ခုကိစ္စမှာ မင်းလွန်တယ်။ ငါ့ဘုရားဆောင်ကိုသွားပြီး ပုတီးစိပ်နေ။ ငါ ကြည့်လုပ်ပေး မယ်။ သွား၊ မြန်မြန်ထွက်သွားတော့။ မသွားရင် မင်း ဒုက္ခရောက်လိမ့်မယ်။ သွားလို့ပြောနေတာ ဘာရပ်လုပ် နေတာလဲ'ဟုဆို၍ ကြိမ်လုံးဖြင့် ဖျန်းခနဲ နှစ်ချက်ဆင့်၍ ရိုက်လိုက်လေ၏။

ကိုငြိမ်းမောင်လည်း ဆရာတော်ဘုရားကို ကြောက် ပြီး ထွက်သွားလေတော့၏။

ကိုငြိမ်းမောင် ထွက်သွားပြီးနောက်၌ ဆရာတော် ဘုရားက-

'ကဲ··ပြောကြစမ်း၊ ဘာတွေဖြစ်နေကြတာလဲ'ဟု မေးလိုက်လေ၏။

'ဒီမှာ ဘာပုဂ္ဂိုလ်လည်းမသိဘူးဘုရား၊ သိုက်နန်းရှင် လို့တော့ ပြောနေတာပဲ။ မင်းသမီးကို ဝင်ပူးနေတယ် ဘုရား'ဟု ကျွန်တော်က ကြားဝင်၍ လျှောက်တင်လိုက် ၏။

'သြော်··ညည်းက သိုက်နန်းရှင်ကိုး'

ဟု ဆရာတော်ဘုရားက ပြောလိုက်ရာ သိုက်နန်း ရှင်က-

'မှန်ပါတယ်ဘုရား။ ဆရာတော်ဘုရားကို တပည့် တော်မ ကန်တော့ပါတယ်ဘုရား။ တပည့်တော်မရဲ့ ပိုင် နက်ထဲမှာ အကြောင်းမကြား ဘာမကြားနဲ့ ကျူးကျော် စော်ကားတာ မကျေနပ်ဘူးဘုရား။ သိုက်ပွဲလည်း မပေး ဘူး။ အဲဒါ တပည့်တော်မ မကျေနပ်ဘူးဘုရား။ သူတို့ အားလုံးကို အပြစ်ပေးဆုံးမချင်လို့ ဆရာတော်ဘုရားဆီ တပည့်တော်မ ခွင့်တောင်းပါတယ်ဘုရား။ ဆရာတော် ဘုရား ခွင့်ပြုတော်မူပါဘုရား'ဟု သိုက်နန်းရှင်က လျှောက် ကြားတောင်းဆိုလေ၏။

ဆရာတော်ဘုရားက ခေါင်းတညိတ်ညိတ်လုပ်က ဒါရိုက်တာဇော်မော်လင်းကို တစ်ချက်ကြည့်လိုက်ပြီး-

'ဒါရိုက်တာ ကြားတယ်နော်။ လူ့စည်း ဘီလူး ဆိုတာရှိတယ် ဆရာရဲ့။ ဆရာတို့က ခြည့်ညည်



www.burmeseclassic.com

တို့က အိမ်ရှင်တွေ။ အဲဒီတော့ အိမ်ရှင် ကျေနပ်အောင်၊ ကျေနပ်အောင် လုပ်ဆောင်ပေးဖို့က ဧည့်သည်ရဲ့ တာဝန် ပဲ တဲ့··ဒီကသိုက်နန်းရှင်မက လိုအပ်တာရှိရင် ကျုပ်ကို ပြော။ ကျုပ်ကိုယ်တိုင် ဆောင်ရွက်ပေးမယ်၊ ပြဿနာတွေ ရှာနဲ့။ အဲဒီရုပ်ရှင်အဖွဲ့က ကျုပ်လူတွေ၊ ငြိမ်းငြိမ်းချမ်းချမ်း ပဲ ကျုပ် ကြိုက်တယ်။ လိုတာပြော၊ ဆန္ဒရှိတာပြော'

ဟု ပြောလိုက်ရာ သိုက်နန်းရှင်မ ဆိုသူက-

'တပည့်တော်မအတွက် သိုက်ပွဲတစ်ပွဲ သီးသန့်လို ချင်ပါတယ်ဘုရား။ နောက်ပြီး သိုက်ဆိုတဲ့ ဇာတ်ရှင် အမည်ကိုလည်း ပြောင်းပေးစေချင်ပါဘုရား' ဟု ပန်ကြား ဘာ ဆန္ဒတောင်းခံလေ၏။

ထိုအခါ ဆရာတော်ဘုရားကြီးက-

'ကောင်းပြီ၊ ဆောင်ရွက်ပေးမယ်။ ကဲ··ဒါရိုက်တာ ဆရာကြီး ကြားတယ်နော်။ ကျေနပ်အောင် သီးသန့်သိုက်ပွဲ တစ်ပွဲ ဆောင်ရွက်ပေးလိုက်ပါ။ နောက်ပြီး သိုက်ဆိုတဲ့ နာမည်ကိုလည်း ထိုက်လို့ ကျုပ် ပြောင်းပေးလိုက်မယ်။ ဒါရိုက်တာကြီး ကျေနပ်ရဲ့လား'

ဟု မေးလိုက်ရာ ဒါရိုက်တာဇော်မော်လင်းက-

'ကျေနပ်ပါတယ်ဘုရား။ တပည့်တော် ကျေနပ် အောင် လုပ်ပေးပါ့မယ်ဘုရား' ဟု ပြန်၍ တင်လျှောက် လိုက်လေ၏။

'ကိုင်း··သိုက်နန်းရှင်၊ ကျေနပ်ရဲ့လား'

ဟု ဆရာတော်ဘုရားက သိုက်နန်းရှင်ကို မေးလိုက် ရာ သိုက်နန်းရှင်လည်း-

'ကျေနပ်ပါတယ်ဘုရား။ တပည့်တော်မကို ခွင့်ပြု ပါဦးဘုရား' ဟု လျှောက်တင်ကာ ရုတ်တရက် ထွက်ခွာ သွားပုံရလေ၏။

မင်းသမီးသူဇာမော်လင်းသည် တစ်ကိုယ်လုံး လှုပ် ခါယမ်း၍ ပစ်လဲကျသွားရာ ဒါရိုက်တာဇော်မောင်လင်း က ကမန်းကတန်း ပွေ့ဖက်၍ ထားလိုက်ရလေ၏။

'သမီး··သမီး··သူဇာ'

'ဖေဖေ··ဖေဖေ··သမီး ဘာဖြစ်လို့လဲဟင်'

မင်းသမီးသူဇာမော်လင်း ဘာမျှသိရှာလိမ့်မည်မထင်။ ဖခင်ဖြစ်သူ ဒါရိုက်တာဇော်မော်လင်းက အကျိုးအကြောင်း အကုန်ရှင်းပြ ပြောဆိုလိုက်တော့မှ သိရှိခံစားသွားပုံရပြီး ရှက်ကိုးရှက်ကန်းဖြစ်၍နေတော့၏။

ထို့နောက်တော့ ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့သားများက သိုက်ပွဲတစ်ပွဲကို သီးသန့်လှူဒါန်းပူဇော်ပေးပြီး သိုက်ဟူ သော ဇာတ်ကားအမည်ကိုလည်း ထိုက်ဟု ပြောင်းလဲ ပေးခဲ့သောကြောင့် ချောချောမောမော ကောင်းကောင်း မွန်မွန်ဖြင့် ဇာတ်ကားကြီး ပြီးဆုံးသည်အထိ ရိုက်ကူး နိုင်ခဲ့ကြလေ၏။

ထိုက်ဟူသော ဗီဒီယိုဇာတ်ကားကြီးရိုက်ကူး၍ ပြီးစီး ခဲ့သော်လည်း ပြဿနာတစ်ခုက တွေးစရာအဖြစ် တင် ကျန်ခဲ့၏။

ယင်းမှာ ကျွန်တော်တို့ ရုပ်ရှင်အဖွဲ့က ဒါရိုက်တာ ဇော်မော်လင်း၏ မယားညီအစ်ကိုတော်စပ်သော ကိုငြိမ်း မောင်ကိစ္စ ဖြစ်သည်။

၎င်းသည် ဇာတ်ကားစရိုက်သည့်နေ့ကစပြီး ပြီးဆုံး သည်အထိ စကားမပြော နှုတ်ပိတ်ကာ လေဖြတ်သကဲ့သို့ ဖြစ်နေသောကြောင့် ရိုက်ကွင်းသို့ မလိုက်ပါနိုင်ခဲ့။ ဇာတ် ကားပြီးမှ စကားပြောခြင်း၊ နှုတ်ဖွင့်ခြင်း၊ နေထိုင်ပြန် ကောင်းလာခြင်းမှာ ထူးဆန်းအံ့ဩဖွယ်တစ်ရပ်ပင် ဖြစ် ပါတော့သတည်း။

ဂမ္ဘီရ-လှမော်



www.burmeseclassic.com



# မောင်လှေယဉ် (မော်လမြိုင်)

## ဆန်းကြယ်လွန်းသည့် ထိုအချစ်

**ကျွန်ုပ်နာမည် မောင်တိဿဆိုပေမယ့်**

ကျွန်ုပ်နာမည် ဟုတ်လား။

ကျွန်ုပ်အမေ မွေးတုန်းက အဖေနဲ့အမေက ပေးခဲ့တဲ့ နာမည်က မောင်တိဿလို့ ပေးခဲ့တာပဲ။ ကျွန်ုပ်အသက် (၁၈)နှစ်ရောက်တော့ ပါဋ္ဌလိပုတ်ပြည့်ရှင်ဘုရင် အသောက မင်းကြီးဆီမှာ အမှုထမ်းမှပဲ မောင်တိဿကနေ အရှေ့က ဘွဲ့တစ်ခု ထပ်တိုးပေးလိုက်လို့ လုဒ္ဒကတိဿ ဖြစ်သွားရပါတယ်။

ကျွန်ုပ်လုပ်ကိုင်ရတဲ့ အလုပ်ကလည်း ကျွန်ုပ်အဘိုး၊ ကျွန်ုပ်အဖေတို့ လုပ်ကိုင်ခဲ့တဲ့ အလုပ်ဆိုတော့ ခက်ခဲမှုမရှိပါဘူး။ အဘိုးကလည်း မုဆိုး၊ အဖေကလည်း မုဆိုးဆိုတော့ ကျွန်ုပ်လည်း မုဆိုးပေါ့လေ။

လုဒ္ဒကဆိုတော့ ကျွန်ုပ်အလုပ်နဲ့ညီတဲ့ ဘွဲ့ဆိုတော့ ကျွန်ုပ် ကျေကျေနပ်နပ် ခံယူလိုက်ပါတယ်။

ပါဋ္ဌလိပုတ်ပြည်ကြီးကို အုပ်စိုးမင်းပြုနေတဲ့ အသော[illegible] (သို့မဟုတ်) သီရိဓမ္မာသောကမင်းကြီးကို အတိုင်းတို[illegible] အပြည်ပြည်က တလေးတစားထားရတဲ့ မင်းကြီးပါ။ အ[illegible] သဖြင့် ဗုဒ္ဓဘာသာဝင်နိုင်ငံများက အထူးလေးစားရတဲ့ မ[illegible] ကြီးပါ။

မင်းကြီးသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်[illegible] သာသနာတော် အဓွန့်ရှည်ရေးအတွက် ကုဋေတစ်ရာ[illegible] အကုန်အကျခံပြီး သာသနာပြုခဲ့တဲ့ မင်းမြတ်တစ်ပါး[illegible] အသောကမင်းတရားကြီးလောက် မည်သည့်မင်းတို့[illegible] အကုန်အကျခံဖူးတာ မတွေ့ရချေ။

ဒါပေမဲ့ သူ့မှာ တစ်ခုပြောစရာရှိတာက နေ့စဉ် အ[illegible] ဟင်း သုံးလေးငါးမျိုးမပါရင် မစားနိုင်တာပါပဲ။ မင်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



ခြားဘဲ တစ်ပြေးညီ အုပ်ချုပ်နေတာကိုး။

ဒီနေ့လည်း နှင်းမှုန်တွေ ဝိတ်မှောင်နေအောင် ကျနေပေမယ့် အိမ်ထဲမှာ နွေးနွေးထွေးထွေးကွေး မနေနိုင်ဘဲ ကျွန်ုပ်လက်စွဲ ဒူးလေး၊ မြားဘူးနဲ့ ရေဘူးတို့ကို ကျောမှာ လွယ်ပြီး အရုဏ်မလာမီ တောထဲ ထွက်ခဲ့ပါတော့တယ်။ စောင်ကြမ်းကြီး ခြုံထားပေမယ့် ခိုက်ခိုက်တုန်အောင် ချမ်းအေးလာလို့ မြန်မြန်လေး လျှောက်လိုက်တော့မှ ချွေးလေးစို့လာပြီး သွေးပူနွေးထွေးလာတော့တယ်။

ကျွန်ုပ် တောထဲဝင်ခဲ့တာ ခရီးအတော်လေးပေါက်ခဲ့ပါပြီ။ နေထန်းတစ်ဖျားလောက် ရောက်ခဲ့ပေမယ့် သားကောင်မပြောနဲ့၊ ပုတ်သင်ညိုတောင် မတွေ့ရလို့ ကျွန်ုပ် အံ့ဩမိနေရပါတယ်။ တောကောင်တွေ တောများ ပြောင်းသွားသလား ထင်ရအောင် တစ်တောလုံး တိတ်ဆိတ်နေတယ်။

မရမပြန် ကျွန်ုပ်အဓိဋ္ဌာန် ဆိုတဲ့အတိုင်း ရှေ့ဆက်သာတိုး တိုးသာရေလို့ ကိုယ့်ကိုယ်ကိုယ် အားပေးပြီး တောထဲကိုသာ တိုးခဲ့တော့တယ်။

ကျွန်ုပ် ရှေ့ကိုတိုးသွားလေလေ တောကနက်လာတော့

ကြိုက်တဲ့ အသားက မြို့ပြမှာရှိတဲ့ အသားထက် တောကောင်တွေထဲမှ ကျက်စားနေတဲ့ သမင်၊ ဒရယ်၊ ချေသား တို့ကို ပိုကြိုက်နှစ်သက်တာပါပဲ။ ဒါကြောင့်လည်း ကျွန်ုပ် ကတီသ နေ့စဉ် တောဝင်နေရတာပါ။

သီရိမ္ဗာသောကမင်းကြီး လက်ထက်မှာ ကျွန်ုပ်အဘိုးနဲ့ ကျွန်ုပ်အဖေတို့လည်း တာဝန်ထမ်းဆောင်ခဲ့သလို ကျွန်ုပ်လည်း အဘိုးတို့၊ အဖေတို့အတိုင်း တာဝန်ကျေရမှာ ကျွန်ုပ်ရဲ့တာဝန်သာဖြစ်တာမို့ တာဝန်ကျေခဲ့လို့လည်း မင်းတရားကြီးက အရေးပေးခဲ့ပြီး သားလို စောင့်ရှောက်ခဲ့တာပါ။

မိုးသဲကြီးမဲကြီး ရွာနေလည်း မနားနိုင်၊ ပူအိုက်နေလည်း နေရိပ်မခိုနိုင်၊ နှင်းမှုန်းသဲသဲမဲမဲကျနေပြီး ခိုက်ခိုက်တုန်အောင် ချမ်းနေပေမယ့် ကွေးမနေနိုင်ဘဲ ကျွန်ုပ်တို့ ချမ်းခင်လေးစားရတဲ့ မင်းကြီးထံမှာ တာဝန်ဆောင်နေရတာပါ။ မင်းကြီးကလည်း ပြည်သူပြည်သားတွေ ချစ်ခင်လေးစားလောက်အောင် မင်းကျင့်တရားဆယ်ပါးနဲ့ ညီညွတ်နေတာပါ။ ပြည်သူပြည်သားတွေကို ကျောသားရင်သား မခွဲ



www.burmeseclassic.com

www.burmeseclassic.com

လမ်းပင်ပျောက်မတတ် ဖြစ်နေပါပြီ။ ပြန်လှည့်လို့က မဖြစ်၊ အဓိက သားကောင်ရဖို့ပင် မဟုတ်လား။

'လုဒ္ဒကတိဿရေ..မင်းမှာ တာဝန်ကြီးက ကုပ်မှာ ပိုးလို့နေတယ်။ ဒါက သားကောင်ရဖို့ပဲ။ မရလို့ကတော့ မင်းတရားကြီးရဲ့ သန်လျက်က မင်းကုပ်မှာ ဝဲနေတယ်ကွ။ တောထဲကို ဆက်သာတိုးတော့။ သားကောင်ကို တွေ့အောင်သာ ရှာပေတော့'

ကိုယ့်ကိုယ်ကိုယ် အားပေးပြီး မျက်လုံးရှင်ရှင်ထားလို့ သားကောင်ရှာရင်း တောသာ တိုးခဲ့ရတော့တယ်။ နေဝင်တော့မှာမို့ တောထဲမှာ အမှောင်ရိပ်က စောစောဝင်လာတာမို့ အိပ်ဖို့နေရာကိုရှာပြီး သစ်ပင်ကြီးပေါ် တက်အိပ်လိုက်ရတယ်။

နောက်တစ်နေ့ အလင်းရောင်ရလာတော့ တောဆက်တိုးရင်း သားကောင်ရှာပေမယ့် သားကောင်ကလည်း မရ၊ လမ်းစကလည်းပျောက်၊ ဝမ်းကလည်းဟာ ရေကလည်း ငတ်တော့ ကျွန်ုပ် ဒုက္ခလှလှကြီး ရောက်နေပါပြီ။

ကျွန်ုပ် တောထဲဝင်လာတာ ငါးရက်သာ ရောက်ခဲ့ပေမယ့် သားကောင်လည်းမရ၊ ပြန်လမ်းလည်းမတွေ့၊ အစာရေစာကလည်း မစားရတော့ ကျွန်ုပ် လမ်းလျှောက်ဖို့တောင် အနိုင်နိုင်မို့ ရေနစ်သူ မြက်တစ်ပင်ရှာသလို ကယ်သူကို တွေ့လိုတွေ့ငြား အဝေးကို မျှော်ကြည့်လိုက်တော့ မီးခိုးတန်းကလေးကို ကျွန်ုပ်မြင်တွေ့လိုက်လို့ ကိုယ်ကို အနိုင်နိုင်သယ်ပြီး မီးခိုးထွက်ရာကိုမှန်းပြီး လာခဲ့တော့တယ်။

ကျွန်ုပ် တွေ့လိုက်တာက သစ်ခက်တဲလေးတစ်လုံး။ ကျွန်ုပ် တဲရှေ့လည်းရောက်ရော ပုံလဲကျပြီး မေ့မြောသွားတော့တယ်။

## တရားရှင်ရဲ့ ကရုဏာရေသ

ကျွန်ုပ် အချိန်မည်မျှကြာအောင် မေ့မြောသွားသည်မသိ 'လူလေး..လူလေး' ဟုခေါ်ပြီး လှုပ်နှိုးနေသံ ကြားလိုက်ရလို့ လန့်နိုးလာပြီး လေးနဲ့မြားကို ကောက်ကိုင်လိုက်မိတယ်။

ကရုဏာမျက်လုံးအစုံနဲ့ ကြည့်နေတဲ့ တရားရှင်ရသေ့အိုကြီးတစ်ပါးကို ဖူးတွေ့လိုက်ရလို့ ထထိုင်ပြီး ရိုသေစွာ ဦးချလိုက်ပါတယ်။

'လူလေး..ဘယ်အရပ်ကလဲ။ နာမည်ဘယ်လိုခေါ်သလဲကွယ်'

'တပည့်တော်အမည် လုဒ္ဒကတိဿပါဘုရား။ နေတာကတော့ အသောကမင်းတရားကြီး စိုးစံနေတဲ့ ပါဋလိပုတ်ပြည်က မုဆိုးကျော်ပါဘုရား။ အခု တပည့်တော် ဘယ်နေရာကို ရောက်ရှိနေပါသလဲ အရှင်ဘုရား'

'ဒီတောတောင်ကြီးဟာ တရားဓမ္မရှာမှီးနေတဲ့ ဟိမဝန္တာတောကြီးပဲ လူလေး။ သူတော်ကောင်းတို့ ပျော်မွေ့နေတဲ့ ဒီဟိမဝန္တာတောတောင်တွေမှာ ဘယ်သားသတ်မုဆိုးအကုသိုလ်ဂုဏ်ရှာသူတို့ သားကောင်ရှာလို့ မရတဲ့အပြင် ဒုက္ခ...သာ တွေ့ကြရပါတယ် လူလေး။ အခု လူလေးကိုယ်တွေ့ပဲမဟုတ်လား'

'မှန်လှပါ အရှင်ရသေ့ဘုရား၊ တပည့်တော် ဒီတောထဲမှာ အစာရေစာငတ်ပြီး လမ်းပျောက်နေတာ ခြောက်ရက်ရှိနေပါပြီ။ တပည့်တော် နေရပ်ပြန်နိုင်ဖို့ လမ်းပြပေးတော်မူပါဘုရား'

'ဖြည်းဖြည်းပေါ့ လူလေးရယ်။ အခု လူလေး အားလည်းပြတ်နေတာဆိုတော့ ချက်ချင်းပြန်ရင် လူလေး ဒုက္ခရောက်မှာပေါ့။ တစ်ပတ်လောက် သည်မှာနား အားမွေးပြီးမှ ပြန်ပါ လူလေး။ ဘရသေ့ လမ်းပြပေးပါ့မယ်ကွယ်'

ဘရသေ့ပြောတာလည်း နည်းလမ်းကျနေတော့ ကျွန်ုပ် နာခံလိုက်ရပါတယ်။ ဘရသေ့ ချကျွေးတဲ့ ငှက်ပျောသီး အေးမြတဲ့ရေတို့ကို စားလိုက်ရလို့ အနည်းငယ် အားပြည့်လာခဲ့တယ်။

'ရော့..လူလေး၊ ဒီဆေးကို သောက်လိုက်ပါ။ အားအင်ပြည့်လာလိမ့်မယ်'

ဘရသေ့က ပုလင်းလေးတစ်လုံးထဲ ဆေးနီလုံးလေးတစ်လုံး လှမ်းပေးလာလို့ ကျွန်ုပ် ရိုသေစွာ လှမ်းယူလိုက်ပြီး ပါးစပ်ထဲ ထည့်လိုက်ရင်ပဲ ရင်ထဲ အေးမြသွားသလို ခံစားရပြီး အိပ်ချင်လာပါတော့တယ်။

'လူလေး..အိပ်လိုက်ပါဦး။ ဘရသေ့ တရားမှတ်လိုက်ဦးမယ်'

ကျွန်ုပ် ဘယ်လောက်အိပ်ပျော်သွားသည်မသိ၊ တစ်ရေးနိုးလာလို့ ကြည့်လိုက်တော့ ဘရသေ့ တရားရှုမှတ်နေတုန်းပင် ရှိသေးတယ်။ အိပ်ချင်လာပြန်လို့ တစ်ဖန် ပြန်အိပ်သွားပြန်တယ်။ ကျေးငှက်တို့ ကျီကျီကျာကျာ အော်မြည်တွန်ကျူးသံတွေကြားမှ ကျွန်ုပ် နိုးလာပါတယ်။

သည်အခါမှာတော့ ဘရသေ့ စင်္ကြံလျှောက်ပြီး မေတ္တာပို့နေတာကို ကျွန်ုပ်တွေ့ရတယ်။ ဪ..ဘရသေ့ တစ်ညလုံး မအိပ်ဘူးထင်ပါရဲ့လို့လည်း တွေးနေမိပါတယ်။ မကြ

www.burmeseclassic.com

www.burmeseclassic.com

ခင် ရောင်နီတောင် လာတော့မှာပါလား။

'လူလေး..ထတော့ကွယ့်။ ဒီမှာ ငှက်ပျောသီးတွေနဲ့ ရေ ချထားတယ်။ မျက်နှာသစ်ပြီး ထစားဦးကွယ်။ ဘရသေ့ သစ်သီးရှာထွက်ဦးမယ်။ စားသောက်ပြီး နားနားနေနေ အနားယူနေပေါ့ကွယ်။ ဘရသေ့ သစ်သီးရှာမသွားခင် လူလေးကို သတိပေးခဲ့ရဦးမယ်။ လူလေး ဒီမှာနေတုန်းဟိုမြောက်ဘက်က ရေကန်ကြီးဆီ မသွားလေနဲ့နော်။ အရမ်းအန္တရာယ်ရှိတယ်'

ဘရသေ့ ကျွန်ုပ်အား သတိပေးပြီး တောတွင်းကို သစ်သီးရှာ ထွက်သွားပါတယ်။ လူဆိုတာကလည်း အခက်သားလား။ ဒါ မလုပ်နဲ့နော်ဆို လုပ်ချင်တတ်တာ၊ ဒီကိုသွားနဲ့ဆို သွားချင်ကြတာ ဓမ္မတာပါ။ အခုလည်း ဘရသေ့ တားခဲ့သည့်ကြားထဲမှ သွားချင်တဲ့စိတ်က တားဆီးလို့ မရတော့ဘဲ သွားချင်လာပါတယ်။

ကျွန်ုပ်လည်း ငှက်ပျောသီး နှစ်လုံး,သုံးလုံးကို အမြန်စား၊ ရေသောက်လိုက်ပြီး လေးနဲ့မြားကိုယူကာ ရေကန်ကြီးဘက်ကို ထွက်လာပါတော့တယ်။ ဘရသေ့ ပြန်လာရင်တော့ ဆူမှာ မြင်မိပါတယ်။

**ကျွန်ုပ်ရင်ထဲမှ အချစ်မီး တညီးညီး**

ကျွန်ုပ် မြင်တွေ့လိုက်ရတဲ့ ရေကန်ကြီးကိုကြည့်ပြီး တအံ့တသြဖြစ်နေမိတယ်။ ရေကန်ကြီးက အလွန်ကျယ်ပြန့်ပြီး ကြာပန်းမျိုးစုံ ဖူးပွင့်ဝေဆာနေတယ်။ သည်လောက်တောတောင်ထူထပ်ပြီး သစ်ပင်ကြီးငယ်တို့ ဝိုင်းရံထားပေမယ့် ရေကန်ကြီးထဲမှာ သစ်ရွက်ခြွေး၊ သစ်ရွက်ပုပ်တို့တစ်ရွက်မှ ကျမနေတာကလည်း ထူးခြားနေတယ်။ ရေတို့က ကြည်စိမ်းနေပြီး အောက်ခြေမှ သန္တာကျောက်ရောင်စုံများ၊ ငါးမျိုးစုံ၊ လိပ်မျိုးစုံတို့ ကူးခပ်နေတာကိုလည်း အတိုင်းသား မြင်နေရတယ်။

ဒီကန်ကြီးရဲ့ သဘာဝအလှကို အလွန်တော်တဲ့ ပန်းချီဆရာကတောင် ရေးချယ်နိုင်မယ် မဟုတ်ပါဘူး။ အသောကမင်းတရားကြီး ပျော်ပါးတဲ့ ပါဠလိပုတ်ပြည်က ရေကန်ကြီးဟာ အတိုင်းတိုင်းအပြည်ပြည်တွင် အလှဆုံး၊ အဆန်းကြယ်ဆုံးလို့ အများက ဆိုကြတယ်။

ကျွန်ုပ် အခုတွေ့နေရတဲ့ ရေကန်ကြီးနဲ့ မင်းတရားကြီးရဲ့ ရေကန်တို့ ယှဉ်လိုက်တော့ မင်းတရားကြီးရဲ့ကန်ဟာချက်ကျောက်လိုဖြစ်သွားပြီး ဟိမဝန္တာတောထဲက ရေကန်ကြီးက ပတ္တမြားပမာ အကွာကြီး ကွာခဲ့ရတော့တယ်။

မကြာခင်အချိန်မှာတော့ ဒီကန်ရဲ့အလှကို ပိုလို့အသရေတင့်စေမယ့် အလှတရားတို့ ပေါင်းဖြည့်လာမှာကို ကျွန်ုပ် မထင်မိခဲ့ပါဘူး။

ကန်ရဲ့အလှကို ကျွန်ုပ် ငေးမောမိနေစဉ်မှာပဲ ကောင်းကင်ယံမှ ငှက်တောင်ပံခတ်သံများ ကြားလာရပြီး တစ်တောလုံး လေပြင်းတိုက်သလိုဖြစ်သွားလို့ ကျွန်ုပ်လည်း နီးရာချုံထဲ အမြန်ဝင်ပုန်းလိုက်ရပြီး လေးနဲ့မြားကို အသင့်ကိုင်ပြီး စောင့်ကြည့်နေမိတယ်။

မကြာခင်မှာပဲ အလွန်လှပတင့်တယ်တဲ့ ငှက်တစ်သင်း ရေကန်ဆီကို ဆင်းသက်လာကြတာကို ကျွန်ုပ် တွေ့လိုက်ရတယ်။ အပေါ်ပိုင်း လူသားကိုယ်နဲ့ ခြေထောက်တို့က ငှက်ခြေထောက်များ ဖြစ်နေတာကို တအံ့တသြတွေ့ရပြန်တယ်။ လူ,မက နတ်တမျှလှပတဲ့ ငှက်ပျိုလေးတို့ ကိုယ်ပေါ်မှာ ဘယက်ဒွါဒရာ ပြိုးပြိုးပြက်ပြက်နဲ့ မျက်စိမှာ ကျိန်းအောင် ဝင်းလက်နေတာကို ဝတ်ဆင်ထားပြန်တယ်။ ကျွန်ုပ် ရေကြည့်လိုက်တော့ ခုနစ်ဦး။ ဒီခုနစ်ဦးထဲက အငယ်ဆုံး ငှက်ပျိုလေးကို ကျွန်ုပ် မျက်တောင်မခတ်ဘဲ ငေးမိနေမိတယ်။ ဒီခုနစ်ဦးထဲက သူလေးက အလှဆုံးဖြစ်နေတာကိုး။

အလွန်လှပတဲ့ ငှက်မိန်းမပျိုလေးတို့ သူတို့ကိုယ်ပေါ်က ငှက်ဘယက်ဒွါဒရာတန်ဆာနဲ့ အင်္ကျီ၊ ထဘီများ ချွတ်ပုံပြီး ပကတိကိုယ်လုံးလေးများနဲ့ ကန်ထဲကို ဆင်းသွားကာ သာယာလှတဲ့ သီချင်းသံတို့ သီဆိုလို့ ပျော်ပါးမြူးထူး ရေကစားနေကြတယ်။

သူတို့လေးတို့ အားရအောင် ရေကစားကြပြီး ကုန်းပေါ်ပြန်တက်ကာ ဘယက်ဒွါဒရာ အဝတ်တို့ကို ပြန်ဝတ်ဆင်ပြီး တေးသီချင်းတွေဆိုကာ ကောင်းကင်ပေါ်ကို ပြန်တက်၍ ကျွန်ုပ်ရှေ့မှ ပျောက်ကွယ်သွားပါတော့တယ်။

**အလွမ်းတွေ ရင်မှာပိုက်ပါလို့**

ကျွန်ုပ်အသည်းနှလုံးမှာ အချစ်မြားသင့်ခဲ့ပါပြီ။

တစ်ညလုံး လူးကာလွန့်ကာနဲ့ အိပ်လို့မပျော်တော့ပါ။ အသည်းနှလုံးမှာ စူးဝင်နေတဲ့ အချစ်မြားကို ဆွဲထုတ်ဖို့ ကျွန်ုပ် မစဉ်းစားတော့ပါ။

မနက်က ကျွန်ုပ်တွေ့ခဲ့ရတဲ့ လူလား၊ နတ်သမီးလေလားလို့ ဝေခွဲမရခဲ့တဲ့ အလှမယ်လေးရဲ့ ပြစ်မျိုးမဲ့မတင် အလှကို ကျွန်ုပ်မျက်စိထဲ ရင်ထဲက မထွက်နိုင်တော့ပါချေ။ အိပ်ချင်စိတ်မရှိဘဲ ဟိုစောင်းဒီစောင်း သက်ပြင်းအခါခါချရင်း မိုးလင်းခဲ့ရတယ်လေ။ အစာစားဖို့လည်း သတိမရ၊

www.burmeseclassic.com



ဝေယျာဝစ္စလုပ်ဖို့ကလည်း မလုပ်နိုင်ဘဲ ခွေ၍သာ နေမိတယ်။

ဘရသေ့ ညက တစ်ညလုံး တရားအလုပ် လုပ်နေလို့ ကျွန်ုပ်အဖြစ်ကို ရိပ်မိနေပြီး ဖြစ်ပါမယ်။ ဘာတစ်ခွန်းမှ တော့ မဖွင့်ဟသေးပါဘူး။

'လူလေး..ထတော့လေ။ မျက်နှာလေးသစ်ပြီး အဆာပြေ စားလိုက်ဦး။ ခဏနေ ရောင်နီလာရင် ဘရသေ့ သစ်သီးရှာ သွားတော့မယ်'

ကျွန်ုပ် အိပ်နေရာက မထဘဲ သက်ပြင်းချသံသာ လွှမ်းမိုးနေလို့ ဘရသေ့ တိုက်ရိုက်မေးလာပါတယ်။

'လူလေး..ဟိုရေကန်ကြီးဆီကို ရောက်ခဲ့ပြီ မဟုတ်လား'

'မှန်လှပါ ဘရသေ့ခင်ဗျာ၊ ကျွန်ုပ် သွားခဲ့မိပါတယ်'

ကျွန်ုပ် အမှန်ကို ဝန်ခံလိုက်ရပါတယ်။ ဝန်မခံလို့လည်း မဖြစ်တော့ဘူးလေ။ ကျွန်ုပ်အခြေအနေက သိသာလွန်းနေတာကိုး။

'သြော်..လူလေးရယ်၊ မသွားပါနဲ့ တားထားတဲ့ နေရာကို သွားခဲ့တာကိုး။ လူလေးရယ်..ဒီတော့ လူလေး ဘာဆက်လုပ်မလဲ'

'ကျွန်ုပ်ကို ကယ်ပါဦး ဘရသေ့ရယ်။ သူ့ကို တစ်နေ့ မမြင်ရရင် တပည့်တော် သေရဖို့ များပါတယ်'

'အင်..ဒုက္ခ..ဒုက္ခ..ဒုက္ခပါလားကွယ်။ လူတွေရဲ့ အရှုပ်ထဲကို မဝင်ချင်လို့ လွတ်ကင်းရာ တောကြီးထဲမှာ တရားလာရှာနေကာမှ အခုတော့ လူလေးအရှုပ်ထဲကို ဝင်ရတော့မှာပေါ့ကွယ်။ ဒီကိန္နရာညီအစ်မ ခုနစ်ဖော်က တစ်ပတ်တစ်ခါ ဒီကန်ကြီးမှာ ရေလာကစားတတ်ကြတယ်။ သူတို့ ရေလာကူးတဲ့အခါ လူလေးမြင်တဲ့အတိုင်း သူတို့ရဲ့ ဘယက်ဒ္ဒါဒရာ အဝတ်တွေကို ချွတ်ပုံကြတယ် မဟုတ်လားကွယ်။ လူလေးက သူတို့ ချွတ်ပုံထားတဲ့နေရာ မလှမ်းမကမ်းမှာပုန်းနေ၊ သူတို့ ရေချိုးဆင်းတဲ့အခါ လူလေးချစ်တဲ့ ကိန္နရီမလေးရဲ့ ဘယက်ဒ္ဒါဒရာကို ယူထားလိုက်ပေါ့။ တခြားကိန္နရီတွေက သူတို့အဝတ် ဘယက်ဒ္ဒါဒရာတွေ ဝတ်ဆင်ပျံနိုင်ကြပေမယ့် ဘယက်ဒ္ဒါဒရာမရှိတဲ့ ကိန္နရီမလေးကတော့ ပျံနိုင်တော့မှာ မဟုတ်ဘူးကွယ်။ ဒါဆို လူလေး နားလည်ပြီပေါ့ကွယ်'

'မှန်လှပါ၊ ကျွန်ုပ် မုဆိုးကျော်မို့ သားကောင်တွေ မတွေ့အောင် ပုန်းနိုင်ပါတယ်ခင်ဗျာ'

ကျွန်ုပ်ချစ်ရလွန်းတဲ့ ကိန္နရီမလေးကို ဖမ်းနိုင်ရန် နည်းလမ်းရပြီမို့ ဝမ်းသာစွာနဲ့ ငှက်ပျောသီး၊ ရေတို့ကို သောက်ပြီး ဘရသေ့ သစ်သီးရှာသွားတာနဲ့ ကျောင်းရဲ့ဝေယျာဝစ္စကို လုပ်ကိုင်နေပါတော့တယ်။

ဒီနေ့ တစ်ပတ်ပြည့်ပြီမို့ ကိန္နရီမလေးတို့ ညီအစ်မခုနစ်ဖော် ရေလာကစားကြမည်။ ကျွန်ုပ်လည်း စောစောစီးစီး ဝီရိယကောင်းစွာနဲ့ ဝမ်းပြည့်ပြီး လေးနဲ့မြားကိုယူကာ ကန်ကြီးဆီကို ထွက်လာပြီး သူတို့ ဘယက်ဒ္ဒါဒရာများထားတဲ့နေရာနဲ့ မနီးမဝေး ချုံကောင်းကောင်းတွင် ဝင်၍ ပုန်းနေလိုက်တယ်။

မကြာခင်မှာပဲ ကောင်းကင်ယံမှ တောင်ပံခတ်သံများ ကြားရပြီး ကိန္နရီခုနစ်ဖော်တို့ မြေပြင်ပေါ်ကို ဆင်းလာတော့တယ်။ သူလေးတို့ဟာ တစ်ဦးကိုတစ်ဦး နောက်ပြောင်ကျီစယ်ကြပြီး သူတို့ရဲ့ ဘယက်ဒ္ဒါဒရာများကို ချွတ်ကြကာ ကိုယ့်နေရာကိုယ် ပုံကာ ရေကန်ထဲကို ဆင်းသွားတော့တယ်။ ကျွန်ုပ်လည်း အငယ်ဆုံးကိန္နရီမလေးရဲ့ ဘယက်ဒ္ဒါဒရာများ ချွတ်ပုံထားတဲ့နေရာကို မှတ်ထားကာ စောင့်ဆိုင်းနေတယ်။

တစ်အောင့်အကြာ သူတို့ ရေငုပ် နောက်ပြောင်ဆော့ကစားနေကြတုန်း ကျွန်ုပ်ချစ်ရတဲ့ ကိန္နရီမလေးရဲ့ ဘယက်ဒ္ဒါဒရာတို့ကို သွားကောက်ယူပြီး ချုံထဲ ပြန်ဝင်နေလိုက်ရုံ လုပ်တုန်း ကျွန်ုပ်ကိုမြင်လိုက်ရတဲ့ ကိန္နရီမတစ်ယောက်က တစ်ဦးကိုတစ်ဦး သတိပေးပြီး ကုန်းပေါ် အမြန်တက်ကာ အဝတ်အစား၊ ဘယက်ဒ္ဒါဒရာများ ဝတ်ဆင်၍ ကောင်းကင်ကို ပျံတက်ပြေးသွားကြတယ်။ အဝတ်အစားသယ်ဆောင်ပြီး

www.burmeseclassic.com

ဘယက်ဒ္ဒါဒရာမရှိ၍ မပြန်နိုင်သူက ကျွန်ုပ်ချစ်ရလွန်းတဲ့ ကိန္နရီမလေးပင်။

ကိန္နရီမလေးက ကျွန်ုပ်ကို အံ့ဩထိတ်လန့်စွာနဲ့ ငေးကြည့်နေရှာတယ်။ ကျွန်ုပ် သူမကို မကြောက်ရွံ့စေရန် ကြင်နာစွာ ပြုံးပြလိုက်ရပါတယ်။

'မောင်ကြီးရယ်..နှမငယ်ရဲ့ ဘယက်ဒ္ဒါဒရာတွေ ပြန်ပေးပါရှင်။ အစ်မတော်တွေ ပြန်ရောက်လာလို့ နှမငယ် မရောက်ရင် ဖမည်းတော် စိတ်ဆိုးပါလိမ့်မယ် ရှင်ရယ်'

'မပြန်ပါနဲ့တော့ နှမငယ်ရယ်။ မောင်ကြီး နှမငယ်ကို တွေ့ကတည်းက တစ်ပတ်လုံး မစားနိုင်၊ မသောက်နိုင်၊ အိပ်နိုင်နဲ့ နှမငယ်သာ စိုးမိုးနေတာပါကွယ်။ နှမငယ်နဲ့သာ မောင်ကြီး ခွဲရရင် မောင်ကြီး အသက်ရှင်မှာ မဟုတ်ပါဘူး။ နှမငယ် တကယ်ပြန်ချင်တယ်ဆိုရင် ဒီလေးနဲ့ မောင်ကြီးကို ပစ်သတ်ပြီးမှ ပြန်ပါ နှမရယ်'

ကျွန်ုပ် မုဆိုးလူကြမ်းကြီးဟာ အချစ်နဲ့ပတ်သက်လာတော့လည်း နှလုံးသားက နူးညံ့လာပါတယ်။

'အမျိုးဇာတ်မတူလို့ မဖြစ်နိုင်ပါဘူး မောင်ကြီးရယ်။ ပြန်ခွင့်ပြုပေးပါ မောင်ကြီးရယ်'

ကိန္နရီမလေးရဲ့အသံက ကရုဏာလွှမ်းနေပြီး ကြင်နာတဲ့ မျက်လုံးနဲ့ ကြည့်နေလို့ ကျွန်ုပ် သူ့လက်ကလေးကို အသာအယာဆွဲလိုက်တော့ မရုန်းရှာဘဲ ကျွန်ုပ်ရင်ခွင်ထဲကို ရောက်လာတော့တယ်။ ကျွန်ုပ် သူ့မျက်နှာအနှံ့ကို အနမ်းပန်းတို့ ပွင့်စေပြီး နှုတ်ကလည်း 'ချစ်တယ်..ချစ်ရလွန်းသူလေးရယ်'လို့ အရူးလို ဆိုနေမိတော့တယ်။

သူလေးက ကျွန်ုပ်ရင်ခွင်ထဲက အသာအယာ ရုန်းထွက်ပြီး ချစ်ရည်ရွှန်းတဲ့ မျက်လုံးနဲ့ ကြည့်နေရှာတယ်။ ကျွန်ုပ် သူလေးရဲ့လက်ကို အသာအယာဆွဲပြီး ကျောင်းသင်္ခမ်းဆီကို ခေါ်ဆောင်လာတော့တယ်။

ကျွန်ုပ်တို့ကျောင်းသင်္ခမ်းလေးကိုရောက်တော့ ဘရသေ့ပြန်ရောက်ပြီး စောင့်နေပါတယ်။ ကျွန်ုပ်တို့ နှစ်ဦးက ဘရသေ့ကို ရိုသေစွာ ကန်တော့လိုက်ကြပါတယ်။

'လူလေးရဲ့ချစ်သူက လူသားမဟုတ်ဘူးနော်။ မြို့ကို ခေါ်သွားရင် သူ ပျော်မှာမဟုတ်ဘူး။ လူလေး အတင်းခေါ်သွားရင်လည်း လူစော်နံလို့ မကြာခင် သေမှာပဲကွယ့်။ သူ့ကို တကယ်ချစ်ရင် လူလေး အနစ်နာခံရလိမ့်မယ်နော်'

'မှန်လှပါ ဘရသေ့ခင်ဗျာ။ ဘရသေ့စကားကို မြေဝယ်မကျ နားထောင်ပါ့မယ်'

'သာဓု..သာဓု..သာဓု..ဘရသေ့ကျောင်းနဲ့ မနီးမဝေးမှာ တဲလေးတစ်လုံးထိုးပြီး စိုက်ပျိုးစားသောက်ကာ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေကြပေါ့ကွယ်။ တကယ်လို့ သူက သားနဲ့ အတူမနေချင်တော့ဘူး၊ ပြန်ချင်တယ်ဆိုရင် သူမကို မညှဉ်းဆဲဘဲ ဘယက်ဒ္ဒါဒရာကို ပြန်ပေးပြီး ပြန်ပါစေကွယ်'

**မလှုပ်သာ မလွန့်သာ ကျွန်ုပ်ရင်ထဲမှာ**

ကျွန်ုပ်နဲ့ ချစ်သူကိန္နရီမလေးတို့ဟာ ဘရသေ့ကျောင်းသင်္ခမ်းနဲ့ မနီးမဝေးမှာ တဲလေးတစ်လုံးထိုးပြီး စိုက်ပျိုးစားသောက်ရင်း ချစ်ခင်ကြည်နူးစွာ ပေါင်းသင်းနေထိုင်လာခဲ့ကြရာ ချစ်သူကိန္နရီမလေးမှာ ကိုယ်ဝန်ရလာပြီး ဥနှစ်လုံး ပေါက်ဖွားလာတယ်။ အချိန်တန်တော့ ဥနှစ်လုံးကနေ သားယောကျာ်းလေးနှစ်ယောက် ပေါက်ဖွားလာလို့ သားကြီးအား မဟာတိဿ၊ သားငယ်လေးအား စူဠတိဿလို့ မှည့်ခေါ်ပြီး ချစ်မဝ ရှုမဝ ယုယုချစ်ခင်စွာနဲ့ နေလာကြရာ ခုနစ်နှစ်ပြည့်ခါနီးတွင် ကျွန်ုပ်ရင်ကို တုန်လှုပ်စေတဲ့အဖြစ်က ပေါ်လာခဲ့တော့တယ်။

'မောင်ရယ်..နှမငယ်တို့ ကိန္နရီ၊ကိန္နရာတို့ဟာ ခုနစ်နှစ်လျှင်တစ်ကြိမ် မင်းကြီးကို ကန်တော့တဲ့ပွဲတော် ကျင်းပကြပါတယ်။ ဒီပွဲတော်ကို ကိန္နရီ၊ကိန္နရာတွေ ဘယ်နေရာရောက်ရောက် မဖြစ်မနေ ကိန္နရီပြည်ကြီးကို အရောက်ပြန်ကြရပါတယ်။ နှမလည်း မဖြစ်မနေသွားရမှာမို့ ဘယက်ဒ္ဒါဒရာကို ခဏပြန်ပေးပါ မောင်ရယ်'

'ပေးချင်ပါတယ်ကွယ်။ နှမ ပြန်မလာရင် မောင်ကြီး ရင်ကွဲပြီး သေရလိမ့်မယ်ကွယ်'

'သြော်..နှမကို စိတ်ချပါ မောင်ရယ်။ မောင်နဲ့သားတို့ နှစ်ဦးကို ခွဲမသွားနိုင်ပါဘူး မောင်ရယ်။ ပွဲတော်ပြီးတာနဲ့ မောင်နဲ့သားတို့ထံကို ချက်ချင်းပြန်လာခဲ့ပါ့မယ်'

ကျွန်ုပ်မှာ မလှုပ်သာမလွန့်သာဘဲ ဘယက်ဒ္ဒါဒရာကို ပေးလိုက်တော့ ကိန္နရီမလေးလည်း ဘယက်ဒ္ဒါဒရာတို့ ဝတ်ဆင်ပြီး သူ့ရဲ့ပြည်ကို ပြန်သွားတော့တယ်။ ကျွန်ုပ်နဲ့ သားနှစ်ယောက်တို့ကို ချစ်သူ ကိန္နရီမလေး ခွဲခွာသွားခဲ့တာ ခြောက်လကျော်လို့ ခုနစ်လထဲပင် ရောက်ခဲ့ပါသော်လည်း ကိန္နရီမလေးကတော့ ပြန်မရောက်လာသေးပါဘူး။ ဒီလောက်ကြာလာတော့မှ ကျွန်ုပ်တို့ သားအဖသုံးဦးကို ကိန္နရီမလေး စိမ်းကားသွားပြီလို့ ယူဆပြီး ကလေးနှစ်ဦးကို လက်ဆွဲကာ ဘရသေ့ခြေတော်ရင်းကို ဦးခိုက်လာရပါတော့



www.burmeseclassic.com

www.burmeseclassic.com

တယ်။

'ဘရသေ့ဘုရား‥ကျွန်ုပ်တို့ သားအဖတွေကို သူတို့အမေ ကိန္နရီမလေး ပစ်ပြေးသွားပါပြီဘုရား'

'ခြော်‥လူလေးရယ်၊ သူတိုင်းပြည် သူပြန်ရောက်သွားတော့လည်း ဘယ်ပြန်လာပါ့မလဲ။ စိတ်ကိုသာ ဖြေပါတော့ကွယ်။ သူ့ဌာနေမှာ ပျော်သလိုသာ နေပါစေတော့ကွယ်။ သူ့ကိုယ်ပွား သားလေးနှစ်ယောက်ကိုသာ ကောင်းစွာကျွေးမွေးပေတော့ကွယ်'

'ဘရသေ့ရယ်‥သူ ပြန်မလာမယ့်အတူတူ သူနဲ့ပျော်ခဲ့၊ ကြည်နူးခဲ့တဲ့ သည်နေရာလေးမှာ ကျွန်ုပ် မပျော်ပိုက်တော့ပါဘူး။ ကျွန်ုပ်တို့ သားအဖတို့ကို ပါဠလိပုတ်ပြည်ကို ပြန်နိုင်ဖို့ လမ်းပြပေးတော်မူပါ ဘရသေ့ဘုရား'

'ကောင်းတာပေါ့ လူလေးရယ်။ ဘရသေ့ လမ်းပြပေးလိုက်ပါ့မယ်။ ကိုယ့်မြို့ကိုယ့်ရွာ ပြန်ရောက်ရင်သာ အကုသိုလ်အလုပ်တွေကို ရာသက်ပန်မလုပ်တော့ပါဘူးလို့ ကတိပေးပါ လူလေးရယ်'

ကျွန်ုပ်လည်း အရွယ်ရလာပြီဖြစ်လို့ ဘရသေ့ကို ကတိခံပြီး ဘရသေ့ လမ်းပြတဲ့အတိုင်း သားအဖသုံးဦး ပြန်လာကြတော့တယ်။



ကိုယ့်မြို့ကိုယ့်ရွာ ပြန်ရောက်တော့ မင်းမြတ်ထံ ဝင်တွေ့ပြီး အကျိုးအကြောင်းလျှောက်ထားကာ မုဆိုးအလုပ်မှ နားခွင့်ပြုပေးပါရန် ကျွန်ုပ် အသနားခံတဲ့အတိုင်း အသောက မင်းမြတ်က ခွင့်ပြုတော်မူလို့ သားနှစ်ယောက်ကို ပြုစုပျိုးထောင်ရင်း ရဟန်းသံဃာတော်များကို နေအိမ်ကို ပင့်ဖိတ်ပြီး ဆွမ်းလောင်းလှူတာတ်ခဲ့ပါပြီ။ ကျွန်ုပ်နာမည် လုဒ္ဒကတိဿကနေ ဥပသကာတိဿ ဖြစ်လာခဲ့ပါပြီ။

တစ်နေ့ ကျွန်ုပ်အိမ်ကို နေ့စဉ် ဆွမ်းခံကြွနေတော်မူတဲ့ မဟာကရုဏာဘွဲ့ အမည်ရှိသော ရဟန်းတော်ကြီးတစ်ပါးက သားနှစ်ယောက်ကို ပညာသင်ပေးရန် ပြောဆိုပြီး ခေါ်သွားပါတယ်။

ကျွန်ုပ်ချစ်ရတဲ့ သူတို့အမေ ကိန္နရီမလေးကိုယ်ပွားသည်သားနှစ်ယောက်ကိုသာကြည့်ပြီး အလွမ်းဖြေနေရပေမယ့် သူတို့ရဲ့ပညာရေးမို့ ရင်နင့်နင့်နဲ့ ထည့်လိုက်ရပါတယ်။ သူတို့ကို အောက်မေ့သတိရတိုင်း သူတို့ ပညာသင်ကြားနေတဲ့ ကျောင်းတော်ကြီးကိုသွားပြီး အလွမ်းဖြေနေရတယ်။

သားနှစ်ဦးလည်း ပညာလေး အတော်တတ်လာတော့ သူတို့ဆရာ ရဟန်းတော်က ကျွန်ုပ်ကို ပစ္စယာနုဂ္ဂဟ ခံယူစေပြီး သာမဏေပြုပေးလိုက်ပါတယ်။ သားသာမဏေနှစ်ပါး အသက်နှစ်ဆယ်ပြည့်လာခဲ့တော့ သားသာမဏေနှစ်ပါးလုံးကို ကျွန်ုပ်ကပင် ရဟန်းအဖြစ်ကို ချီးမြှောက်နိုင်ခဲ့ပေမယ့် ကျွန်ုပ် တင်းပြည့်ကျပ်ပြည့် ဝမ်းမသာနိုင်ခဲ့ပါဘူး။ သူတို့ရဲ့အမေ ကိန္နရီမလေး ကျွန်ုပ်အနားမှာသာ ရှိနေရင် ဝမ်းသာမှု ပြည့်စုံသွားမှာပါ။

သားတော် ရဟန်းတော်နှစ်ပါးလည်း သူတို့ဆရာ မထေရ်ကြီးနဲ့ တောရပ်ဆောက်တည်ပြီး ရဟန်းတရားတို့ပွားများလာခဲ့ရာ မကြာမီမှာပင် နောင်တော် မဟာတိဿမထေရ် ရဟန္တာအဖြစ်ကို ရောက်တော်မူခဲ့ပါတယ်။

သားတော်ကြီး မဟာတိဿမထေရ် ရဟန္တာဖြစ်ပြီး မကြာမီမှာပင် ရောဂါဝေဒနာ စွဲကပ်လာတော့တယ်။ မဟာတိဿမထေရ်ရဲ့အနာကို တချို့က ကင်းကိုက်နာလို့ ဆိုကြတယ်။ တချို့လူများကတော့ လေနာရောဂါလို့ ဆိုကြပါတယ်။ မဟာတိဿမထေရ်မြတ်မှာ ငှက်မျိုးကိန္နရီသွေးတစ်ဝက်ပါနေလို့ ကင်းဆိပ်နဲ့ မတည့်ဘူးလို့လည်း ကျွန်ုပ်ကို ပြောလာကြပါတယ်။

ကင်းဆိပ်ပြေစေဖို့ ထောပတ်ကို စားပေးရတာ၊ ကင်းကိုက်ခံရတဲ့ နေရာကိုလည်း လိမ်းပေးပါက ကင်းဆိပ်



www.burmeseclassic.com

www.burmeseclassic.com

ပြောတယ်လို့ နားလည်သူတွေ ကျွန်ုပ်ကိုပြောလာလို့ ထောပတ်ကို တစ်မြို့လုံးအနှံ့လိုက်ရှာ၊ လိုက်အလှူခံပါသော်လည်း မရနိုင်လို့ ကျွန်ုပ် လက်မှိုင်ချရပါတော့တယ်။ (လေနာရောဂါ ပျောက်ဆေးမှာလည်း ထောပတ်ပါပါတယ်။)

ကျွန်ုပ် ထောပတ်ကို ရှာရန်မှာ ရဟန်းတော်များရဲ့ ဝိနည်းဓမ္မကံနဲ့အညီ အပ်စပ်တဲ့ထောပတ်ကို အပူတပြင်း ရှာနေစဉ်မှာပင် သားတော်ရဟန္တာမြတ်မှာ ပရိနိဗ္ဗာန်စံဝင်တော်မူသွားပါတော့တယ်။

ကျွန်ုပ် ပူဆွေးသောကရောက်ရုံကလွဲလို့ ဘာများတတ်နိုင်တော့မှာလဲ။ သားတော်ကြီး ရဟန္တာမြတ်ရဲ့ ကံတရားအတိုင်းသာလို့သာ ကျွန်ုပ် ဖြေသိမ့်ရပါတော့တယ်။

**အပိုတစ်ဝက် အပျော်တစ်ဝက်**

ထောပတ်မရရှိလို့ မဟာတိဿရဟန္တာမြတ် ပရိနိဗ္ဗာန်စံဝင်ရတဲ့သတင်းကို သီရိဓမ္မာသောကမင်းကြီး ကြားသိတော်မူလို့ စိတ်တော် ညှိုးနွမ်းညစ်ညူးရပါတယ်။

'သြော်··ငါကဲ့သို့ သာသနာကို အလွန်ကြည်ညိုပြီး အထက်ဘက်က ထောက်ပံ့နေတဲ့ မင်းတစ်ပါး ရှိနေပါလျက် အနည်းငယ်မျှသော ထောပတ်ကို မရရှိလို့ ရဟန္တာအရှင်မြတ်တစ်ပါး ပရိနိဗ္ဗာန်စံဝင်ခဲ့ရသည်မှာ လွန်စွာမှ ဝမ်းနည်းဖွယ်ရာ ကောင်းလှပါတယ်'

မင်းတရားကြီးက ညီလာခံခေါ်ယူပြီး ဝန်မင်း၊ မှူးတော်တို့ကိုခေါ်ပြီး ကျောင်းတော်ကို ကြွတော်မူကာ ထိုသတင်းမှန်၊မမှန် စုံစမ်းလေတယ်။ မှန်ကန်ကြောင်းသိရလို့ လွန်စွာဝမ်းနည်းတော်မူကာ ကျောင်းထိုင်မထေရ်ကြီးအား လျှောက်ထားပါတယ်။

'မထေရ်မြတ်ကြီးဘုရား··ယခု ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့တဲ့ အရှင်မြတ်ရဲ့မိသားစုများနဲ့ ကျွန်ုပ်တွေ့လိုပါတယ်ဘုရား'

မင်းကြီး အခေါ်ခိုင်းလိုက်လို့ ကျွန်ုပ် ကျောင်းတော်ကို ရောက်လာပြီး မင်းကြီးရှေ့တွင် ခစားခဲ့ပါတယ်။

'မှန်လှပါ အရှင်မြတ်၊ ကျွန်ုပ်ဟာ အရှင်က အရှင်မင်းကြီးရဲ့ တောလိုက်မုဆိုးကျော် လုဒ္ဒကတိဿ ဖြစ်ပါတယ်ဘုရား။ သားကောင်ရှာဖွေရင်း ဟိမဝန္တာတောတွင်း ကိန္နရီလေးနဲ့ ချစ်ကျွမ်းဝင်ပြီး ဤသားနှစ်ဦးကို ရရှိခဲ့ပါတယ်။ သားတော်များရဲ့မယ်တော် ကိန္နရီမလေးလည်း သူ့တိုင်းပြည်ကို ပြန်သွားပြီး ပြန်မလာလို့ ကျွန်ုပ်တစ်ဦးတည်းသာ ရှိပါတယ် အရှင်မင်းကြီး'

'အမောင်တိဿ··သင်ရဲ့ဇနီး ကိန္နရီမလေး ပြန်လာခြင်းကို အလိုရှိပါသလား'

ကျွန်ုပ်အကြောင်းကို သိသွားလို့ မင်းကြီးက မေးလာပါတယ်။

'ကျွန်ုပ်ချစ်ဇနီး ပြန်လာတာကို အလိုရှိပါတယ်ဘုရား'

သီရိဓမ္မာသောကမင်းကြီးလည်း ကျွန်ုပ်စကားကို ကြားလိုက်ရတာနဲ့ မင်းကြီးလက်ခလယ်မှာ စွပ်ထားတဲ့ ပတ္တမြားလက်စွပ်ကိုချွတ်ကာ လက်စွပ်မှာ သီရိဓမ္မာသောကမင်းတရားဟူသည့် အမည်ကို ရေးသားတော်မူပြီး-

'ကျွန်လက်ဝတ်ရတနာသည် ပရိနိဗ္ဗာန်စံဝင်ခဲ့သော ရဟန္တာအရှင်မြတ်ရဲ့ မယ်တော်ဖြစ်တဲ့ ကိန္နရီမရဲ့ လက်ချောင်းမှာစွပ်၍ ဤကျောင်းတော်ကို ခေါ်ဆောင်လာစေ'

မင်းတရားကြီးက လက်စွပ်ကို အမိန့်ပြန်တမ်းထုတ်ပြီး တမန်တော်အဖြစ် ကောင်းကင်ကို ပစ်လွှတ်လိုက်ပါတယ်။

သီရိဓမ္မာသောကမင်းတရားကြီးရဲ့ ဘုန်းကံမှာ အလွန်အံ့သြဖွယ်ရာကောင်းပါတယ်။ မင်းတရားကြီးရဲ့ ရှေးရေးကောင်းမှုကုသိုလ်ကံတို့ကြောင့်ပင် ကောင်းကင်ကို တစ်ယူဇနာ၊ မြေအောက်ကို တစ်ယူဇနာထိ အာဏာပျံ့နှံ့တော်မူပါတယ်။

ဟိမဝန္တာတောတွင်းမှာသာ ပေါက်ရောက်တဲ့ နာဂလတာမည်တဲ့ ဒန်ပူ၊ သျှိသျှားသီး၊ သရက်သီး၊ နံ့သာပျောင်း၊ နံ့သာမှုန့်၊ နတ်မျက်စဉ်းတို့ကို နတ်တို့က ယူဆောင်လာပြီး ဆက်သ,လာရပါတယ်။

အနောတတ်ရေအိုင်မှ တစ်နေ့ ရှစ်ထမ်းသောရေကိုလည်း နတ်တို့ကပဲ ပို့ဆက်လာရပါတယ်။ ဟိမဝန္တာ၌သာ ပေါက်ရောက်တဲ့ သလေးစပါးကို ငှက်တို့က ပို့ဆက်ရပါတယ်။

ပျားကြီး၊ ပျားငယ်တို့ကလည်း နီးရာအရပ်မှာ ပျားသလက်မရှိတဲ့ ပျားရည်တို့နဲ့ ချွဲလာရပါတယ်။ ရေအောက်မှ ကာလနဂါးကိုပင် ခေါ်နိုင်စွမ်းရှိပါတယ်။

ဒါကြောင့်လည်း ကျွန်ုပ်ချစ်ဇနီး ကိန္နရီမလေးဟာလည်း မင်းကြီးရဲ့ တန်ခိုးအာဏာစက်နဲ့ မင်းတရားကြီးရဲ့ လက်စွပ်ကို စွပ်မိတော့ မလွန်ဆန်ဝံ့တော့ဘဲ လိုက်ခဲ့ရတော့တယ်။

ကိန္နရီမလေးလည်း သားတော်အကြီး ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့တာကို တွေ့မြင်ရလို့ နှလုံးကြေကွဲမတတ် ပူဆွေး

www.burmeseclassic.com

www.burmeseclassic.com

ငိုကြွေးပါတယ်။ ငိုကြွေးလို့ အားရမှပဲ မင်းကြီး မေးမြန်းပါတယ်။

'ချစ်သမီး‥ သင့်သားတော်ကြီး ရဟန္တာမြတ်အား သင်္ဂြိုဟ်ပူဇော်ပြီးပါက သင့်ရဲ့ငွေတောင်ပြည်ကို ပြန်မှာလား။ ဒါမှမဟုတ် သင့်ရဲ့ ကျန်နေသေးတဲ့ သားရမာန်း၊ သင့်ချစ်လင်တို့နဲ့ အတူနေလိုပါသလား'

'မြတ်သောမင်းကြီး‥ကျွန်ုပ် အလွန်ချစ်မြတ်နိုးလှပါတဲ့ ဒီလင်၊ ဒီသားတော်တို့နဲ့ မခွဲမခွာနေလိုပါတယ်ဘုရား။ ကိန္နရီပြည်ကိုရောက်ရှိပြီး ဖခမည်းတော်ရဲ့ မင်းအာဏာနဲ့ တားဆီးထားလို့သာ ငွေတောင်ပြည်မှာ မပျော်ပိုက်ဘဲ ဒီလင်၊ ဒီသားတို့ကို အောက်မေ့သတိရရင်း နေ့စဉ် ငိုကြွေးပြီး နေခဲ့ရပါတယ်။ အခု လူ့ပြည်ကို ရောက်လာပြီဖြစ်လို့ ဒီလင်၊ ဒီသားတို့နဲ့သာ သေသည်အထိ ပျော်ရွှင်စွာနေလိုပါတယ် အရှင်မင်းကြီးဘုရား'

'ကောင်းပေပြီ ချစ်သမီး၊ သင် မပြန်လိုပါက သင်တို့မောင်နှံ အသက်မွေးရန် ရွာများကို ပေးသနားတော်မူမယ်'

မင်းတရားကြီးလည်း ဤသို့မိန့်ဆိုပြီး မဟာတိဿမထေရ်မြတ်ရဲ့ အလောင်းတော်ကို ခမည်းတော်၊ မယ်တော်စုံလင်စွာနဲ့ မီးသင်္ဂြိုဟ်ပူဇော်ပြီး နန်းတော်ကို ပြန်ကြွတော်မူတယ်။

ကျွန်ုပ်မှာ သားတော်ကြီး ပရိနိဗ္ဗာန်စံဝင်ခဲ့၍ ပူဆွေးသောက ရောက်ခဲ့သော်လည်း သားတော်ငယ် စူဠတိဿရဟန်းတော်နဲ့ အသည်းနှင့်အောင်ချစ်ရတဲ့ ကိန္နရီမလေးတို့ ကျွန်ုပ်အပါးမှာရှိနေလို့ ဖြေသာပါသေးတယ်။

**<u>သန္တိသုခ ရည်မျှော်ရင်း</u>**

ရဟန္တာမြတ်တစ်ပါး ပရိနိဗ္ဗာန်စံဝင်ရတဲ့အတွက် စိတ်မချမ်းမသာဖြစ်နေတဲ့ သီရိမေဃာသောကမင်းတရားကြီး ဒါမှမဟုတ် အသောကမင်းတရားကြီးဟာ နန်းတော်ကို ပြန်ရောက်တာနဲ့ ဝန်၊ မှူးမတ်တို့ကို ချက်ချင်းခေါ်ပြီး အရေးတကြီး အမိန့်ချမှတ်ပါတော့တယ်။

'မင်းကြီးများ‥ငါကိုယ်တော်မြတ်ဟာ ဗုဒ္ဓသာသနာတော်ကို အဘက်ဘက်က ထောက်ပံ့နေပါလျက် အနည်းငယ်မျှသော ထောပတ်ကို ရှာ၍မရရှိလို့ ရဟန္တာမြတ်တစ်ပါး ပရိနိဗ္ဗာန်စံဝင်ခဲ့ရလို့ ငါကိုယ်တော် နှလုံးကြေကွဲ ဝမ်းနည်းမိတယ်။

နောင် ဒီလိုအဖြစ်ဆိုးမျိုး မကြုံရလေအောင် မြို့လေးမြို့ ထောင့်လေးထောင့်မှာ ကန်ကြီးကြီး တစ်ထောင့်မှာ တစ်



ကန်တူးပြီး ထောပတ်၊ ပျားရည်၊ တင်လဲ၊ သကာတို့ကို တစ်ကန်စီထည့်ပြီး သံဃာတော်တို့ကို ရေစက်ချ လှူတော်မူမယ် မင်းကြီးများ'

'သင့်မြတ်လှကြောင်းပါ အရှင်မင်းမြတ်'

သီရိမေဃာသောကမင်းတရားကြီးရဲ့ ဒါနကုသိုလ်တရားကို ဝန်ကြီး၊ မှူးမတ်တွေက ကောင်းချီးပေးလိုက်တဲ့ အသံတို့ဟာ ဘဝဂ်ထိတိုင် လွှင့်ပျံ့ကုန်ပါတော့တယ်။

ကျွန်ုပ် ဥပသကာတိဿနဲ့ ဇနီး ဥပါသိကာ ကိန္နရီမယ်တို့နှစ်ဦးဟာ သီရိမေဃာသောကမင်းတရားကြီးရဲ့ အရိပ်အာဝါသအောက်မှာ မင်းတရားကြီးချီးမြှင့်ထားတဲ့ရွာများမှ ရရှိထားတဲ့ အခွန်အတုပ်များကို သာသနာတော်အတွက်သာ အသုံးပြုပြီး သားတော်ငယ် စူဠတိဿအရှင်မြတ်နဲ့တကွ ရဟန်းသံဃာတော်များရဲ့ဝတ်တို့ကို အသက်ထက်ဆုံး လုပ်ကျွေးပြုလုပ်ရင်း တစ်ဖက်ကလည်း သန္တိသုခ အေးငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်လမ်းစဉ်ကို သားရဟန်းတော်နဲ့ ရဟန်းတော်များရဲ့ သွန်သင်ဆုံးမမှုအောက်တွင် ပွားများအားထုတ်ရင်း အေးချမ်းစွာ နေထိုင်ကြပါတော့တယ်။

(မဟာဝံသကျမ်းတွင် သားတော်ကြီး ကောဋ္ဌပုဏ္ဏမထေရ်နဲ့ သားတော်ငယ် သုမိတ္တတိဿထေရ်တို့ဟု ပါရှိပါတယ်။)

ကောင်းကျိုးလိုရာ ပြည့်ပါစေ

မောင်လှယဉ်(မော်လမြိုင်)

**<u>ကျမ်းကိုး</u>**

မဟာဝံသကျမ်း၊ မဟာဝင်ကျမ်းနဲ့ ဇမ္ဗူဒီပသီရိ ဋ္ဌဝတ္ထုတို့ကို ခံစားရေးဖွဲ့ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

မြို့ဟောင်း ရွာဟောင်းဆိုတာက မြို့သစ်ရွာသစ်၊ ရပ်ကွက်အသစ် တိုးချဲ့လိုက်လို့ ဖြစ်ပေါ်လာ၍ ခေါ်ဆိုခြင်း ဖြစ်သည်။ ရှေးဟောင်းမြို့ပျက်ကြီးများ၊ ရွာဟောင်းကြီးများက ခေတ်စနစ်ပြောင်းလွဲမှုနှင့်အတူပင် ပျောက်ကွယ်ကုန်ပြီဖြစ်သည်။



# မိုးယဉ်ဇွန်း

## အရုပ်တစ်ခု စိတ်ကိုးဆယ်

ကိုးကန့်ရွာ၊ ကိုးချောင်းရွာ၊ ကိုးလှေရွာ ဆိုသည့် ရွာစဉ်များက ကြခတ်ဝါးရုံမြို့ဟောင်းကြီးနှင့် အဆက်အစပ် အနီးအနားရှိခဲ့သည့် ရွာများဖြစ်သည်။ ရာဇဝင်သမိုင်းကြောင်းတွေက တောတွင်းသား မင်းသွေးအစစ်ဖြစ်သည့် မောင်ဒီနှင့် ယှက်နွယ်ပတ်သက်သည်။

ရှည်လျားသောသမိုင်းကြောင်း ဖြစ်မှာစိုး၍ ရွှေတချောင်းရွာနှင့် ရွှေလှေကြီးရွာတို့၏ ဓားလွယ်နှတ်ရွာ၊

www.burmeseclassic.com

ကြာဖြူကန်ရွာက ရွာအရေး၊ ဘုရားကျောင်းကန်တို့၏ ဝေယျာဝစ္စကို အချိန်ပြည့် လုပ်ကိုင်ဆောင်ရွက်၍ စိပ်ပုတီးနှင့် လက် မပြတ်။ ဘုရား၊ တရား၊ သံဃာ အလုပ်နှင့် မွေ့လျော်နေသော ဦးမောင်ဆယ်။ ကြာဖြူကန် တစ်ရွာလုံးနှင့် အနီးအပါး ရွာအများစုကတော့ အဘဆယ်၊ အဘိုးဆယ်လို့ အခေါ်များကြသည်။ ထိုဦးမောင်ဆယ်က ကြာဖြူကန်ရွာ၏ ဇာတိချက်မြှုပ်၊ မျိုးရိုးစဉ်ဆက်ကလည်း သည်ရွာသည်မြေတွင် ကြီးပြင်းသူများ။ လယ်ချောင်း၊ ကျွဲ၊နွားပိုင်နှင့်ဖြစ်ပြီး အသက်က ခုနစ်ဆယ်ကျော်။ ဇနီးသည် ဒေါ်မေသိန်းက ချောင်းကောက်ရွာသူ။ အသက်လေးဆယ်ကျော် ငါးဆယ်နားနီးမှ ကံပေါ်၍ သားသမီးရရှာသည်။

မွေးလိုက်သည်က သားယောကျ်ားလေး တိုးပိုင်ဟု ချစ်စနီးနှင့် အမည်ပေး၍ တိုးပိုင်လေး သုံးနှစ်ပြည့်ပြီး လောကစရိုက် ကုန်ဆုံးလို့ ဦးမောင်ဆယ်တို့ သားအဖကိုပဲ လူ့ဘဝတွင် ထားခဲ့ပြီး ဘဝပြောင်းသွားသည်။ တိုးပိုင်က အမိမဲ့သားဖြစ်ပေမယ့် အဖ၏ အုပ်ထိန်းမှုအောက်တွင် မိကောင်းဖကောင်း၏သား ပီသခဲ့သည်။ သားသမီး လိမ္မာတော့ မိဘစိတ်ချမ်းသာ ဆိုသလိုပင်။ ကျောင်းပညာ ဆယ်တန်းမအောင်ခဲ့ပေမယ့် လယ်ယာအလုပ်ကို ဖခင်ကြီး ဦးမောင်ဆယ်မှာ ပြန်မကြည့်ရအောင် ထောင့်စေ့သေချာ စိတ်ချရသည်။ သူရင်းငှားများနှင့်အတူ တွဲယှက်လုပ်ကိုင်သည်။ ရွာဓလေ့ လူပျိုကာလသားဘဝ ထန်းရည်၊ အရက်၊ ကြက်၊ ဖဲလောင်းကစား မရှိ။ လူငယ်လူပျိုလူရွယ်ချင်းပင် ပြောစမှတ်ဖြစ်ရသည်။

'သားရေ..အဖေကြီးကွာ နေ့တ်ဘုရားကို ကိုမြတို့၊ ဘဖိုးမွေးတို့နဲ့ လိုက်သွားမလို့ကွာ။ အဲဒါ..'

'ဟာ..အဖေကြီးရယ်၊ သားကို စိတ်ချပါ။ ဒီပြင် အကြောင်းသာ မှာစရာရှိရင် မှာခဲ့ပါ'

'အေးပါကွယ်၊ အေး..အေး..ကိုစစ်ကျွန်နဲ့ ပျော်ဘွယ်ကြီးက ကိုဖြိုးတို့လာရင် စပါးကိစ္စ အဆင်ပြေအောင် လုပ်ပေးလိုက်ပါ။ သူတို့မှာ အလှူအတန်းက ရှိနေလို့ သားရယ်'

'ဟုတ်ကဲ့ပါ အဖေကြီးရယ်၊ စိတ်ချသွား'

'အေး..အေး..သားရယ်'

တိုးပိုင်က အဖေဖြစ်သူ၏ ဘုရားအလုပ်၊ တရားအလုပ် လုပ်သည်ကို ကျေနပ်ကြည်ဖြူ၍ အဘက်ဘက်မှ ဖြည့်ဆည်းပေးသည်။ ဦးမောင်ဆယ်ကလည်း ဇနီးအိမ်ရှင်မ သည် ကွယ်လွန်ပြီးမှ ရွာစဉ်တို့တွင်ရှိသော စေတီ၊ ဘုရားများမှ အဖော်အပေါင်းများနှင့်ရော တစ်ဦးတစ်ယောက်တည်းပါ ရက်တို၊ ရက်ရှည် အဓိဋ္ဌာန်ဝင် ဥပုသ်စောင့် တရားစခန်းဝင်ခြင်းများပြုသည်။ ပျော်ဘွယ်ကြီးရွာမှ ဆရာ သက်ကြီး၏ တရားစခန်းကိုပင် နှစ်စဉ်ဝင်ရောက်သည်။ လက်ခိုက်၊ ကော့မှူး၊ ကြိုက်ပါ၊ ကြိုက်ဖူး၊ ကျွဲမင်းကုန်း... ဘုရား၊ စေတီများမှာပင် တရားထိုင် အဓိဋ္ဌာန်ဝင်သည်။

ရွာသူရွာသားတချို့က ဂမ္ဘီရလမ်းလိုက်နေသူ၊ ဘိုး တော်လုပ်မလို့ဟုပင် ကွယ်ရာတွင် ပြောကြသည်။ ဦး မောင်ဆယ်ကလည်း သျှောင်တစောင်းတွင် ပဝါဖြူပေါင်း ၍ ပုဆိုးအဖြူ၊ ရှင်အင်္ကျီလက်ရှည်အဖြူနှင့် စိပ်ပုတီးက လည်မှာဆွဲလျက်။ တစ်ခါတစ်ရံတွင် လက်ကိုင်တောင် ဝှေးက ပါသေးသည်။

ဦးမောင်ဆယ်တစ်ယောက် နေ့တ်ဘုရားမှ ပြန်လာပြီး ချောင်းကိုးချောင်းအပိုင် ချောင်းကောက်ရွာ၏တောင်ဘက် တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းတို့ကို ကုန်းလမ်းပေါက် သော တောစပ်ဇရပ်လေးမှ ရှေးဟောင်းစေတီလေးတစ်ဆူ တွင် ဆယ်ရက်စခန်း တရားပတ်ဝင်၍ အဓိဋ္ဌာန်ပြုပြီး ပုတီးစိပ်လေသည်။ စားရိက္ခာခြောက်များနှင့် ဖယောင်း တိုင်၊ အမွှေးတိုင်များ၊ အခင်းများကို နှစ်ကြီးပင်တစ်ပင် ၏အောက်တွင် ရှင်းလင်း၍ စုပုံချထားပြီး စေတီလေး၏ ဘေးနေရာအနည်းငယ်ကို အမှိုက်သစ်ရွက်ခြောက်များ၊ မြက်ပင်များကို ရှင်းလိုက်သည်။ သစ်ကိုင်းခြောက်အတော် များများကိုလည်း လိုက်ကောက်၍ စုလိုက်သည်။ ညရေး ညတာတွင် မီးဖိုရန်အတွက်ဖြစ်သည်။

စေတီလေးကို လှည့်ပတ်ကြည့်လိုက်ရာ-

'ဝါးရုံပင်တွေနဲ့ တောင်ပို့ကလေးတွေပါလား။ အင်း.. မြွေတွေတော့ ခိုအောင်းမှာ။ အင်းလေ..ငါက ကောင်းတာ လုပ်တာပဲ။ မေတ္တာပို့ရင် သူတို့ကလည်း ငါ့ကို မေတ္တာ ထားကြမှာပါ'

ထိုနေရာက တွံတေးတောကြီးတန်းနှင့် တစ်ဆက် တည်းဖြစ်ပြီး ရှေးက ရွာကြီးရွာငယ်ဟောင်း ရွာပျက်ကြီး ဖြစ်သည်။ ဦးမောင်ဆယ် စေတီလေး၏ အောက်ခြေတွင် တရားထိုင်ပြီး ဒုတိယညတွင် တရားဖြုတ်၊ မေတ္တာပို့



www.burmeseclassic.com

www.burmeseclassic.com

အမျှဝေပြီး သစ်ကိုင်းခြောက်ကလေးများကိုစု၍ မီးဖိုပြီး အခင်းခင်းကာ ကျောဆန့်လိုက်သည်။ မွေးပျံ့သော တောပန်းရနံ့ကို ရှူရှိုက်မိသဖြင့် မိတ်ထားသော မျက်လုံးကို ပြန်ဖွင့်ကြည့်ရာ မျက်ခွံမှာ အလွန်လေးလံပြီး ဖွင့်မရဘဲ ဖြစ်လျက် လုံးဝအိပ်ပျော်သလို ဖြစ်သွားသည်။

တောင်ကမူ ခပ်မို့မို့အပေါ်တွင် မတ်တတ်ရပ်၍ လက်ညှိုးတစ်ချောင်းထိုးပြီး ဦးမောင်ဆယ်ကို ကြည့်နေသော လူကြီးမှာ ဖျင်ကြမ်းအင်္ကျီ ရင်ဘတ်ဟနှင့် ပုဆိုးတိုတို အကွက်ကျဲဝတ်ထားပြီး သျှောင်ထုံးကို ဘေးတစောင်း ထုံးထားပေမယ့် ပဝါပေါင်းထားခြင်းတော့ မရှိပေ။ ဦးမောင်ဆယ်က ကြည့်၍ပဲနေပြီး စကားမပြော ဖြစ်သလို ထိုလူကြီးကလည်း ဘာမှမပြောဘဲ တဖြည်းဖြည်း မှေးမှိန်၍ ပျောက်ကွယ်သွားသည်။

ဦးမောင်ဆယ် အိပ်ရာနိုးတော့ အတော်ဝေးဝေးမှ ကြက်တွန်သံကို ကြားလိုက်မိသည်။ ရေပုလင်းထဲမှ ရေအနည်းငယ်နှင့် မျက်နှာကို သန့်လိုက်ပြီး ဖယောင်းတိုင်များကို စေတီလေး၏ခြေရင်းတွင် ထွန်းညှိလိုက်ပြီး မေတ္တာပို့ခြင်းပြု၍ တရားထိုင်လိုက်သည်။ တရားဖြုတ်တော့ အလင်းရောင်ပင် အတော်ဖြစ်လာသည်။ ညကဖြစ်သော ကိစ္စက ခေါင်းထဲကို ရောက်လာသဖြင့် အိတ်ထဲမှမုန့်ကို ထုတ်စားပြီး ပုလင်းထဲမှရေကို သောက်လိုက်သည်။ နေရာမှထပြီး စေတီလေး၏ တစ်ဖက်တွင်ရှိသော တောင်ကမူမို့မို့များကိုကြည့်ပြီး တောင်ပို့မြင့်မြင့်အနားကို ကပ်လိုက်သည်။ ချုံနွယ်ပင်တို့ကို လက်တနိုင် ဆွဲချုရှင်းလိုက်ရာ အုတ်ချပ်အပါးအပြားကြီးတို့ကို တွေ့လိုက်သဖြင့် အုတ်ချပ်ကို ဆွဲကိုင်ကြည့်လိုက်ရာ လက်ထဲကို ပါလာသည်တွင် အုတ်ချပ်တို့ကို ဆက်၍ဆွဲဖယ်ယူလိုက်ရာ စီ၍တပ်ထားသလိုဖြစ်နေသော အုတ်ချပ်တို့က ဆွဲယူတိုင်း ပါပါလာသည်။

'ဟင်..ဒါ စေတီဟောင်းရဲ့ ဖိနပ်တော်နဲ့တူတယ်။ အဲ..အုတ်ပေါက်ပါလား'

ဦးမောင်ဆယ်က တွေးရင်းနှင့်ပင် အုတ်ချပ်လေး၊ ငါးချပ်ကို ဖယ်လိုက်သည်။

'ဟော..ယွန်းသေတ္တာလေးပါလား။ ဘုရားဌာပနာသေတ္တာနဲ့တူတယ်'

အတွေးနှင့် လက်ကပါ လှမ်းယူလိုက်ပြီး ယွန်းသေတ္တာလေးကို ဖွင့်လိုက်မိသည်။

သေတ္တာထဲတွင် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများ ပါမည်ဟု ထင်မှတ်ရာ မြင်တွေ့လိုက်ရသည့်အရာကြောင့်-

'ဟင်..ဒါ..ဒါ ဘာလဲ။ ဟို..နတ်ရုပ်၊ အဲ..ဘိုး.. ဘိုးတော်။ ဟာ..ည..ညက ငါ အိပ်..အိပ်မက်လိုလိုနဲ့ တွေ့တဲ့ လူ..လူကြီးပုံ၊ အင်း..လူကြီးအရုပ်'

ဦးမောင်ဆယ်မှာ နှုတ်က အသံမထွက်ပေမယ့် စိတ်ထဲ စကားလုံးမျိုးစုံဖြစ်သွားအောင် အံ့ဩမိသည်။

အရုပ်က အင်္ကျီရင်ဘတ်ဟပြဲ၊ ပုဆိုးအကွက်နှင့် သျှောင်တစောင်းပါ ဖြစ်၍-

'ဒါ ငါ့ကို ပုဂ္ဂိုလ်တွေက ပေးတာပဲဖြစ်မယ်။ တော်သေးတာပေါ့။ စေတီရဲ့ ဌာပနာပစ္စည်းဆိုရင် ငါ့အတွက် မကောင်းဘူး။ လူတွေ အထင်လွဲစရာဖြစ်မှာ'

ထိုနေ့မှာ တရားအလုပ်များ ပြီးသည်တွင် အိပ်သည့် ခေါင်းရင်းတွင် ယွန်းသေတ္တာနှင့် အရုပ်ကိုထည့်၍ အိပ်လေသည်။

'ဟေ့..ကိုရင်၊ ထ..ထ..ကျုပ်နဲ့ လိုက်ခဲ့။ ထ'

ဦးမောင်ဆယ်၏ခေါင်းရင်းမှ လူတစ်ယောက်နိုးသံကို ကြားလိုက်ရသဖြင့်-

'ဟာ..ဒီနေရာမှာ ဘယ်သူက လာနိုးတာလဲ။ မဟုတ်သေးပါဘူး'

ဦးမောင်ဆယ်က တစ်ဖက်ကိုလှည့်၍ ပြန်အိပ်လိုက်သည်။ ကြက်တွန်သံနှင့်အတူ ဦးမောင်ဆယ် နိုးလာသည်။ အခါတိုင်း လုပ်နေကျအတိုင်း ပြုလုပ်ပြီး ခေါင်းရင်းမှ ယွန်းသေတ္တာလေးကိုယူ၍ ဖွင့်ကြည့်လိုက်ရာ ပုံစံမပျက် အရာမယွင်းဘဲရှိနေသည့် လူကြီးပုံအရုပ်ကို တွေ့လိုက်ရသောကြောင့် ယွန်းသေတ္တာလေးကို ပြန်ပိတ်ထားလိုက်သည်။

ဦးမောင်ဆယ်၏ အဓိဋ္ဌာန်ရက် ပြည့်သွားသည်။ တောင်ပို့အုတ်ပုံထဲမှရသောအရုပ်က ယွန်းသေတ္တာလေးနှင့် သည်အတိုင်းပင်။

အရုပ်ကို ရပြီးသည့်ညမှစ၍ ခေါင်းရင်းဘက်က လူတစ်ယောက်၏ 'ကိုရင်..ထ..ထ၊ ကျုပ်နဲ့ လိုက်ခဲ့၊ ထ' ဆိုသည့် ခေါ်သံ၊ ပြောသံက ကြားနေရသည်။

ဦးမောင်ဆယ် ရွာကို ပြန်ရောက်လာသည်။ တိုးရိုင်က ဖခင်ကြီးကို ဆီးကြို၍ ပါလာသောပစ္စည်းများယူ၍



www.burmeseclassic.com

www.burmeseclassic.com

နေရာတကျ သိမ်းပေးလိုက်သည်။ ယွန်းသေတ္တာလေးကို တော့ ဦးမောင်ဆယ်က ကိုယ်တိုင်ပင် ဘုရားခန်းထဲဝင်၍ ထားလိုက်သည်။

'အဖေကြီး..ထမင်းစားရင် အသင့်ပဲနော်'

'အေးပါ..သားရယ်၊ အဖေကြီး ခဏ နားလိုက်ဦး မယ်'

'ဟုတ်ကဲ့ အဖေကြီး'

ခဏကြာ သားအဖနှစ်ယောက် ထမင်းစားကြပြီး ဦးမောင်ဆယ်က ဘုရားရှိခိုး ပုတီးစိပ်သည်။ တိုးပိုင်က ဖခင်ကြီးကို ခြေဆုပ်လက်နှယ်ပြုပြီး ကန်တော့၍ အိပ်ရာ ဝင်ခဲ့သည်။ ဦးမောင်ဆယ်လည်း အိပ်ပျော်သွားလေသည်။

'ဟော့..ကိုရင်၊ ထ..ထ။ ကျုပ်နဲ့ လိုက်ခဲ့၊ ထ'

◆◆◆

တိုးပိုင် အိပ်ရာမှနိုးတော့ ဦးမောင်ဆယ်က ဘုရားရှိခိုး ပြီး၍ တရားပင် ဆက်ထိုင်နေသည်။ သူရင်းငှားများ ရောက်လာသဖြင့် တိုးပိုင်က ပြောစရာရှိတာတွေ ပြောဆို မှာကြားပြီး ဖခင်ကြီးအတွက် နံနက်စာ အဆာပြေစားရန် လုပ်ကိုင်ပြီး မီးဖိုထဲတွင် မိန်းကလေးတစ်ဦးလို ချက်ပြုတ် နေသည်။

ချက်ရင်းပြုတ်ရင်းမှ ညက ကြားရသော 'ဟော့.. ကိုရင်၊ ထ..ထ ကျုပ်နဲ့ လိုက်ခဲ့။ ထ'ဆိုသည့် နှိုးသံ၊ ခေါ်သံကို စဉ်းစားမိလိုက်သည်။ ကြားဖူးနားဝရှိထား သလို အဖေ့ကို ပုဂ္ဂိုလ်ထူးများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် များက လာခေါ်လေသလား အဖေကိုင်လာသည့် ယွန်း သေတ္တာလေးကို ပုဂ္ဂိုလ်တွေက ပေးလိုက်တာလားဟု လျှောက်၍တွေးမိလိုက်သည်။

ဦးမောင်ဆယ်က ဘုရားခန်းထဲမှ ထွက်လာသည်။ တိုးပိုင်က ဖခင်ကြီးကို နံနက်စာ အဆာပြေ ပြင်ကျွေး သည်။ အဆာပြေစာစားပြီး ဦးမောင်ဆယ်က ရွာဦး ဘုန်းကြီးကျောင်းကို ထွက်သွားသည်။

တိုးပိုင်က ဘုရားစင်ပေါ်မှ ယွန်းသေတ္တာလေးကို ယူ၍ ဖွင့်ကြည့်လိုက်ရာ-

'ဟင်..လူကြီးရုပ်ပုံအရုပ်၊ အဲ..ရုပ်တု။ ဒါ ဘိုး တော်လား၊ ပုဂ္ဂိုလ်လားပဲ'

တိုးပိုင်က ကြည့်ပြီး ပြန်ထားလိုက်သည်။

'သားရေ..ရွာဦးကျောင်းဆရာတော်က အဖေ့ကို ဒီည ကျောင်းမှာ အိပ်ပေးပါတဲ့ကွာ။ အဲဒါ အဖေ ကျောင်း မှာ သွားအိပ်မယ်'

'ဟုတ်ကဲ့ အဖေကြီး'

ဦးမောင်ဆယ်က ညနေပိုင်းတွင် ရွာဦးဘုန်းကြီး ကျောင်းကို သွားသည်။ သူရင်းငှားများလည်း ပြန်သွား သည်။ တိုးပိုင် တစ်ယောက်တည်း။ နံနက်ပိုင်းက ကြည့်မိ သော ယွန်းသေတ္တာလေးယူ၍ဖွင့်ပြီး အိပ်ရာထဲထိ ယူကာ သေချာစွာကြည့်လေသည်။

အရုပ်၏ပုံက ရှေးဟောင်းလူကြီးပုံ သျှောင်တစောင်း နှင့် အင်္ကျီရင်ဘတ်ဟပြဲ။ ပုဆိုးကွက်ပုံဖြစ်၍ တိုးပိုင်က သဘောကျသွားသည်။ ခဏလေးပင် ပန်းရနံ့က သင်းပျံ့ ရှာ မွှေးလာပြီး တိုးပိုင် အိပ်ပျော်သွားလေသည်။

'ဟော့..မောင်ရင်ငယ်၊ ထ..ထ..ကျုပ်နဲ့ လိုက်ခဲ့ ထ'

'ဗျာ၊ ဟို ဘယ်..ဘယ်ကို လိုက်ရမှာလဲ'

'ဟော့..မောင်ရယ်ငယ်၊ ထ..ထ..ကျုပ်နဲ့ လိုက်ခဲ့ အသပြာလည်း ရမယ်၊ ရတနာလည်း ရမယ်။ ထ'

'ဗျာ'

တိုးပိုင်မှာ ယွန်းသေတ္တာလေးထဲက လူကြီးပုံနှင့်တူ သော လူကြီးကို ဗျာဆိုတာ တစ်လုံးပဲပြောနိုင်ပြီး အိပ်ရာ မှထ၍ လိုက်ပါသွားမိသည်။ သွားသည့်နေရာကိုမသိ အိမ်ကြီးတစ်အိမ် တံခါးများက ဟင်းလင်းဖွင့်၍ ထိုအိမ် ကြီး၏ အခန်းတစ်ခန်း၊ ဗီရိုကြီးက ပွင့်လို့။ ဗီရိုထဲ ဝင်းဝင်းပြောင်ပြောင် ရွှေထည်လက်ဝတ်လက်စားများ ကျောက်ရောင်စုံများ၊ ငွေစက္ကူ အထပ်လိုက်။

တိုးပိုင် အိပ်ရာထဲ ပြန်ရောက်နေသည်။

ဘေးတွင်ချထားသော အဝတ်ထုပ်ကြီး အထုပ် ဖြေကြည့်လိုက်ရာ-

'ဟာ..ရွှေထည်တွေ၊ ကျောက်တွေ၊ ငွေစက္ကူတွေ ဒါ..ဒါတွေ ငါ..ငါ့အခန်းထဲကို ဟင့်အင်း..ဒါ..ဒါ ငါ့ဟာ မဟုတ်ဘူး။ ဒုက္ခပဲ၊ ငါ မခိုးဘူး။ ငါ သူ မဟုတ်ဘူး'

တိုးပိုင်တစ်ယောက် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား တွေနှင့် ချွေးပြန်၍ တုန်တုန်ယင်ယင်ဖြစ်ပြီး အဝတ် ပြန်ထုတ်၍ အထုပ်ကြီးကို ပြန်မကိုင်ရဲဘဲ သူ့အိပ်ခန်း လှည့်ပတ်ကြည့်လိုက်ရင်း ဘာလုပ်ရမလဲ တွေးလို



www.burmeseclassic.com

www.burmeseclassic.com

သည်မှာ မိုးလင်းသွားသည်။

မြို့ဝင်းထဲကို သူရင်းငှား ဖိုးနီ၊ ငပျော့၊ မောင်ရီတို့ဝင်လာသံကို ကြားလိုက်ရသည်။ တိုးပိုင်မှာ ကြောက်ကြောက်လန့်လန့်နှင့် ပစ္စည်းထုပ်ကြီးကိုယူပြီး မီးဖိုခန်းထဲကိုဝင်၍ ပစ္စည်းဟောင်းများထားသည့်နေရာတွင်ချပြီး အပေါ်မှ ပစ္စည်းဟောင်းများ ထပ်တင်ဖုံးဖိထားလိုက်သည်။

'ကိုတိုးရေ'

'မောင်တိုး..ညီလေး၊ တံခါးဖွင့်လေကွာ။ ပြန်အိပ်နေလား'

ကိုဖိုးနီနှင့် ငပျော့တို့က အသံပေးလိုက်သည်။

'ဖိနေလို့၊ အဲ..နိုးပြီ။ ကိုကြီးဖိုးနီ..လာပြီ'

တံခါးဖွင့်လိုက်သဖြင့် သူရင်းငှားများက ဝင်လာပြီး အိမ်ထဲကို ဟိုကြည့်သည်ကြည့် ကြည့်ကြသည်ကို တိုးပိုင်မှာ မလုံမလဲနှင့် ဖြစ်နေသည်။ စိတ်ဂနာမငြိမ်ဘဲ ဖြစ်နေသည်မှာ သိသာလွန်းလှသည်။

'ဟ..ငါတို့ဇာတ်လိုက် အဘဆယ် မရှိတာနဲ့ ရည်းစားနဲ့ ချိန်းတွေ့ထားသလို မလုံမလဲဖြစ်နေလိုက်တာကွာ'

'ကိုကြီးဖိုးနီကလည်း ကျုပ်တို့ဇာတ်လိုက်က ပျိုတိုင်းကြိုက်ဗျ။ လူက မလှုပ်မခြောက်နဲ့မို့ပါဗျာ'

ရယ်သံတွေ ထွက်လာပေမယ့် တိုးပိုင်၏အသံ မပါ။ ရယ်ဖို့နေနေသာသာ တိုးပိုင်၏ ရင်ထဲတွင် နွားငှေ့၊ ကျွဲငှေ့နေသည်။

ရွာဦးဘုန်းကြီးကျောင်းမှပြန်လာသည့် ဦးမောင်ဆယ်က နေအတော်မြင့်မှ အိမ်ကိုရောက်သည်။ တိုးပိုင်မှာ ညှို့ခန်းထဲတွင်ထိုင်နေလျက်။

ဦးမောင်ဆယ်က သားဖြစ်သူကို ကြည့်၍-

'သား..မောင်တိုး၊ နေမကောင်းဘူးလား'

'ဟို..အဖေကြီး၊ သား..ကောင်း၊ အဲ..နေကောင်းပြီး သား မကောင်းဘူး'

'ဟေ..ငါ့သား ဘာဖြစ်နေတာလဲ။ သားပြောတဲ့စကားက အဖေ နားချာလည်လည်သွားတယ်'

'ဟို..ဟို..အဖေကြီးကို သားပြောစရာရှိတယ်။ အဲ..အဲဒါ ဘယ်သူမှ မကြားမှဖြစ်မယ် အဖေကြီး'

တိုးပိုင်စကားကြောင့် ဦးမောင်ဆယ် မျက်ခုံးတွန့်သွားပြီး နောက်မှ ပြုံး၍-

'သားရယ်..အဖေက အဖေလည်း ဟုတ်တယ်၊ အမေလည်း ဟုတ်တယ်။ ဒီသားအဖပဲရှိတာ။ ပြောစရာရှိတာ ပြောပေါ့ကွ။ မိန်းမတောင်းပေးရမှာလား။ ဘယ်သူ့သမီးလဲ။ ပြော..သား'

'မဟုတ်..ဟုတ်ပါဘူး အဖေကြီးရယ်'

တိုးပိုင်က ပြောရင်းနှင့် အိမ်တံခါးကို ထပိတ်လိုက်သည်။ ဦးမောင်ဆယ်က သား၏ အရှက်အကြောက်ကြီးမှု၊ ရိုးသားမှုကိုသိ၍ ကြည့်နေလိုက်သည်။

တိုးပိုင်က ဖခင်ကြီးခြေထောက်နားတွင် ဒူးတုပ်ထိုင်၍-

'အဖေကြီး..အဖေကြီး ပြန်လာတဲ့နေ့က ပါလာတဲ့ ယွန်းသေတ္တာလေး..'

'ဟေ..သား..မောင်တိုး၊ အဲဒီယွန်းသေတ္တာလေးကို'

'ဟုတ်တယ် အဖေကြီး၊ အဲဒီညက လူတစ်ယောက်ရဲ့ ဟော့..ကိုရင်၊ ထ..ထံ၊ ကျုပ်နဲ့ လိုက်ခဲ့။ ထလို့ပြောလိုက်သံကို သားကြားတယ်။ အဖေကြီးကိုမေးမလို့ မနက်ကျတော့ အဖေကြီးက ဘုန်းကြီးကျောင်းသွားလို့ မမေးရဘဲ သား ယူကြည့်မိတယ်'

'ဟာ..သားရယ်၊ အဖေ့ကို မေးမှပေါ့။ သား လူကြီးအရုပ်ကိုမြင်ပြီး လန့်သွားလား'

'အဲဒီလန့်တာထက် ပိုဆိုးတဲ့အဖြစ် ဖြစ်နေတယ် အဖေကြီး'

တိုးပိုင်က ညက အဖြစ်အပျက်အားလုံးကို ဖခင်ကြီး ဦးမောင်ဆယ်ကို တစ်ခုမကျန် ပြောပြလေသည်။

ဦးမောင်ဆယ်မှာ ရင်ဘတ်ကိုဖိ၍-

'အဲဒါမှ ဒုက္ခပဲ သားရယ်။ တို့သားအဖ အခုမှ သူခိုး ဘဝရောက်ရတယ်။ အဲဒါ အဖေ့ကြောင့် ငါ့သားလေး ရိုးသားပါလျက်နဲ့ ဒီအရုပ်ကြောင့် သူခိုးလို့အပြောခံရတာ။ ပြီးတော့ ရာဇဝတ်ကြောင်းကလည်း လိုက်လာဦးမယ်'

ဦးမောင်ဆယ်မှာ သားတိုးပိုင်ကိုဖက်၍ အိုကြီးအိုမနှင့် မျက်ရည်ဖြိုင်ဖြိုင်ကျရသည်။

'အဖေကြီး မငိုပါနဲ့။ သားအပြစ် သားခံပါ့မယ်။ ရွာက လူတွေက အဖေကြီးကို အထင်သေးကြမှာ။ သားစိတ်မကောင်းဘူး အဖေကြီးရယ်'

'သား..မောင်တိုး၊ အဲဒီလူ့ရုပ်ရော'

'ရှိတယ် အဖေကြီး။ သားအိပ်ရာပေါ်မှာ'



www.burmeseclassic.com

www.burmeseclassic.com

'အဖေ စဉ်းစားဦးမယ်။ အဲဒီအရုပ် သွားယူ'

'ဟုတ်ကဲ့ အဖေကြီး'

တိုးပိုင် ယူလာသောအရုပ်ကို ယွန်းသေတ္တာလေးထဲ ပြန်ထည့်ပြီး ဘုရားစင်ပေါ်မှာပင် တင်ထားလိုက်သည်။ တစ်ညရောက်ခဲ့ပြီ။ ည၏တိတ်ဆိတ်မှုက ရွာစလေ့အတိုင်း ကြက်သံ၊ ဘဲသံ၊ နွား၊ ကျွဲတို့၏ လှုပ်ရှားသံနှင့် တစ်ခါ တစ်ရံ ခွေးအူသံ၊ ခွေးဟောင်သံပဲ ကြားရသည်။

ဦးမောင်ဆယ်က ယွန်းသေတ္တာလေးထဲမှ လူကြီး၏ ရုပ်တုလေးကိုထုတ်ပြီး ရှေ့တည့်တည့်တွင် ချထားပြီး ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေ၍ ရုပ်တုကိုပါ လူချင်း စကားပြောသလို မေတ္တာရပ်ခံ၍ အကျိုးအကြောင်းပြော ပြီး တရားထိုင်လိုက်သည်။

တိုးပိုင်ကလည်း အခန်းထဲတွင် အိပ်မရဘဲ ငုတ် တုတ်ထိုင်နေပြီး ဖြစ်ခဲ့သည့်အကြောင်း တွေး၍ ကြောက်ရွံ့ နေသည်။ အခန်းထဲနှင့် ဘုရားခန်းမှာပါ မွှေးပျံ့သောရနံ့ကို ဦးမောင်ဆယ်ရော တိုးပိုင်ပါ ရရှိလိုက်သည်။

'ဟော့··ကိုရင်ရဲ့၊ ကျုပ်က ကိုရင်တို့ သားအဖကို ကူညီလိုက်တာပါ။ ပစ္စည်းဥစ္စာတွေကို ကိုရင်ရဲ့သား ကိုရင်ငယ်ကိုခေါ်သွားပြီး ပေးလိုက်လို့ သူတစ်ပါးပစ္စည်း ခိုးခိုးတယ်လို့ထင်ပြီး သားရော အဖေပါ စိတ်သောက တွေ ရောက်လိုက်ကြတာ။ ကျုပ်က ယွန်းသေတ္တာထဲမှာ အပိတ်အလှောင်ခံထားရတာ နှစ်ပေါင်းက မင်းငယ် သီပေါ ကုလားဖြူတွေ ခေါ်ဆောင်သွားပြီးကတည်းက ကိုရင်ငယ်လေး ယွန်းသေတ္တာကိုဖွင့်ပြီး အပြင်ထုတ်ပေးတဲ့ အချိန်ထိပဲ။ ကိုရင် ကျုပ်အကြောင်းက ဒီလိုကွ··'

♦♦♦

'သီပေါမင်းနှင့် မိဖုရားများ နောက်ပါအခြွေအရံတို့ ကို ကုလားဖြူတို့က သင်္ဘောဆိပ်ကို ခေါ်ဆောင်သွားစဉ် နန်းတွင်း၌ ရုတ်ရုတ်သဲသဲ လှုပ်လှုပ်ရွရွနှင့် ဂနာမငြိမ် ဖြစ်နေကြပြီး မှူးမတ်တချို့နှင့် နန်းတွင်းသား နန်းတွင်း သူက ဒီမှာဖြင့် မနေသင့်တော့ဘူး။ တို့ရဲ့ အရှင်သခင်ကို ခေါ်ဆောင်သွားပြီ။ ရတနာပစ္စည်းဥစ္စာတွေကိုလည်း သိမ်း ယူသွားပြီ။ နန်းကိုပါသိမ်း၍ နောင်မည်သို့ပြုမည်မသိပါ။ အမောင်တို့၊ အမိတို့ ကိုယ်ပိုင်ပစ္စည်းဥစ္စာနှင့် ကိုယ့်တစ်မိ သားကိုခေါ်ငင်၍ အဝေးကိုရှောင်ဖယ်ကြပါလို့ ပြောကြ တော့ ကျုပ်က ကနောင်ကိုယ်တော်ကြီးရဲ့ အိမ်တော်ပါ တစ်ယောက်ဖြစ်လို့ ကနောင်ကိုယ်တော်ကြီးရဲ့ တီထွင် ကြံဆမှုမှာ အားတက်သရော ပါဝင်မှုကြောင့် ပေးအပ်တဲ့ ဆုတော် လာဘ်တော်များနဲ့ မင်းတုန်းသခင်ကြီး ချီးမြှင့်မှု တွေကိုပါ စုဆောင်းသိုမှီးထားတာ။ ကျုပ်မှာလည်း အိမ် သူက ကိုယ်လေးလက်ဝန်နဲ့ဆိုတော့ အောက်အရပ်လှေနဲ့ စုန်ဆင်းတဲ့ အစုအဖွဲ့နဲ့ပါပြီး သစ်ပင်စိုက်ပျိုးလို့ရတဲ့ နေရာ ရှာပြီး နေရာထိုင်ခင်းလုပ်လိုက်တာ တွံတေးတောကြီးတန်း လို့ ခေါ်ပါခေါ်၊ ကြခတ်ဝါးရုံမြို့ဟောင်းနဲ့ တစ်ဆက် တစပ်ဖြစ်တဲ့ ဒီနေရာကိုရောက်ပြီး လှေကင်းရွာအမည် သတ်မှတ်ပြီး ကျုပ်က အုပ်ထိန်းပြီး နောက်ပါတစ်စုနဲ့ ရွာတည်ပြီးနေခဲ့တာ'

ယွန်းသေတ္တာလေးထဲမှ လူရုပ်တုက ဦးမောင်ဆယ် ကို လူရင်းတစ်ဦးကို ပြောသလိုမျိုး ပြောပြနေသည်။

ဦးမောင်ဆယ်က တရားထိုင်သလိုထိုင်နေပြီး မှိတ် ထားသည့် မျက်လုံးထဲတွင် မြင်နေရသော ယွန်းသေတ္တာ ထဲမှ လူရုပ်တုပုံလူကြီးကို အနီးကပ် အကောင်အထည် လိုက် မြင်နေရသဖြင့် အံ့ဩမိသည်။ မြန်မာလူမျိုးအစစ် သျှောင်တစောင်းနှင့် နားတွင် ရွှေပြားဖက်လိပ်နားတောင်း၊ ပုဆိုးတိုတို၏ အောက်ဒူးဆစ်မှ ထိုးကွင်းမင်ကြောင်များ ကြောင့်ပင် ဦးမောင်ဆယ်၏စိတ်တွင်ဖြစ်နေသော ဒွိဟ သံသယစိတ်မှ ပုဂ္ဂိုလ်ကိုစွဲဖြစ်မှုပင် ရှင်းသွားသည်။

'ဟော့··ကိုရင်ရဲ့၊ ကျုပ်ကို ဘာဘာညာညာ မထင်နဲ့ နော်။ ကြားထဲမှာ ကြုံဆုံဖြတ်သန်းခဲ့ရတဲ့ ခေတ်အဆက် ဆက်က တွေ့မြင်ဖူးတဲ့ လူအထွေထွေရဲ့ စိတ်အခြေအနေ ကို အတော်များများ သိခဲ့ပြီလေ။ ရှိပါစေ ကိုရင်ရယ်·· ကျုပ်ပေးတဲ့ရတနာနဲ့ အသပြာက ရွှေနန်းမြေက အထွက် မှာ ပါလာတဲ့ ကျုပ်အပိုင်ပစ္စည်းတွေပ ကိုရင်ရယ်။ လှေ တော်သားထဲက တစ်ယောက်သူဖြစ်တဲ့ ငပန်းလှ ဆိုသ ဟာက အသားထဲက လောက်ထွက်၊ သစ္စာဖောက်ပြီး ကျုပ်ရဲ့ အပိုင်ပစ္စည်းတချို့ အစုအဖွဲ့ထဲက အပိုင်တို့ကို ရော ယူပြီး ပြေးသပေါ့လေ။ အခုမှ လူရေခြုံလို့ လူ ကောင်းယောင်ဆောင်နေတာ။ ကျုပ်က ကိုရင်ငယ်ကို ခေါ်ပြီး ပြန်ယူပေးတာပါ။ ကျုပ်က အဲဒီအတွက်ကြောင့် သစ္စာနဲ့ အမိဌာန်မြို့ ရုပ်ခန္ဓာသဏ္ဌာန်တူနဲ့ တာဝန်ကျေ အောင် စောင့်မျှော်ခဲ့ရတာ။ ဘုရားစေတီ ဌာပနာမဟုတ် သလို သူတစ်ပါးရဲ့ပစ္စည်းလည်း မဟုတ်ပါဘူး။ ဒါ

www.burmeseclassic.com

ကြောင့် စိတ်မပွားဘဲ သုံးပါ၊ လျှုပါ။ လျှုပြီးတိုင်းလည်း ရေသဖိုလ်နဲ့ လှေကင်းသားတစ်စုကို အမျှပြု သည်လို့ဆိုပါလေ ကိုရင်'

ရုပ်တုလူကြီး၏ စကားအဆုံးတွင် ဦးမောင်ဆယ်ကို တစ်ဦးတစ်ယောက်က နောက်မှနေပြီး တွန်းလိုက်သလိုဖြစ်သွားသည်။

ထိုအခါမှ ဦးမောင်ဆယ်က ဘုရားကိုဦးချပြီး နေရာမှ ထရင်း-

'သားရေ..မောင်တိုး၊ ဟေ့..အဖေ့သား'

ဖခင်ကြီး၏ခေါ်သံကိုကြားမှ ငူငူငိုင်ငိုင်ဖြစ်နေသော တိုးပိုင်မှာ အိပ်ရာပေါ်မှ ကမန်းကတန်းထလိုက်သည်။

'အဖေကြီး..ဘာ..ဘာဖြစ်လို့လဲ။ သား..သား..ဘာလုပ်ပေးရမလဲဟင်'

ညဦးလယ်အချိန်တွင် ဘုရားခန်းမှအထွက်တွင် မျက်နှာပြုံးရွှင်၍ အသံကပါကြည်လင်ပြီး ဝမ်းသာလှိုက်လှဲမှုပါ၍ ဖခင်ကြီးအတွက် စိတ်သက်သာပြီး ကိုယ့်အတွက်ကတော့ ရင်ပူနေတုန်းပင်။

'သားရေ..လောကမှာ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်တယ်ဆိုတဲ့ လောကနိယာမအတိုင်းပဲ သားရဲ့'

'ဗျာ..အဖေကြီး၊ ဘယ်လောကရဲ့ နိယာမလဲ အဖေကြီး'

'အမှန်တရားလေ သားရယ်..တရားတော်က စိတ်တစ်ခု ရုပ်ကိုးဆယ်လို့ ဆိုထားတာ။ အဟင်း..တို့သားအဖကွာ အရုပ်တစ်ခုကြောင့် စိတ်ကိုးဆယ်ဖြစ်ပြီး သောကတွေ ဖြစ်လိုက်ရတာ။ အခုမှပဲ စိတ်အေး ရင်အေးရတယ် သားရဲ့။ အဲဒါ..'

ဖခင်ကြီး၏ အားပါးတရနှင့် ဝမ်းသာအားရစကား၏ အဓိပ္ပာယ်ကို ဖခင်ကြီးက စကားကုန်ရှင်းပြမှ ရတနာပစ္စည်းများ၊ ငွေကြေးများကိစ္စက ရှင်းလင်းသွားပြီး အပူလုံးစိုးရိမ်မှုများ ပျောက်ကွယ်သွားသည်။

လိုက်၍မမီသော အဖြစ်ထူး အဖြစ်ဆန်းများက လောကတွင် လူတွေနှင့်အတူ ရှိနေမည် ဖြစ်လေသည်။

**စိုးယဉ်ထွန်း**


နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟောသက်ရှိခဲ့သော

# ဆရာကြီးအရဟံဆရာအောင်

## အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

**မော်လမြိုင်၊ ခေါင်းဆေးကျွန်း။ ပဲခူး ဒေးဖွန်ပါ။ သန်လျင် ကျောက်တန်း ဘုရားတည်နယ်လှည့်သာသနာပြု**

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊
  နိုင်ငံခြားကိစ္စ၊ သင်္ဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြွေးကိစ္စများ၊ အမှုအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။
  ကံစမ်းလုပ်ငန်းများနှင့် ထီကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(၇း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ(တနင်္လာနေ့ပိတ်သည်)
မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)
အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊
အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံ့သာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆




www.burmeseclassic.com

www.burmeseclassic.com




လူ့ဘဝတွင် ရနိုင်သောစည်းစိမ်တို့တွင် မင်းစည်းစိမ်ကား အကြီးမားဆုံးဖြစ်သည်။ မင်း၏စည်းစိမ်ကို ခံစားရသော လူ့ဘဝကား အမြင့်ဆုံးသော လောကီလူ့ဘဝဖြစ်သည်။ မင်း၏ စည်းစိမ်ကဲ့သို့ မဟုတ်စေကာမူ မတောင့်မတ ကြောင့်ကြမဲ့နေရခြင်းကလည်း လူ့ချမ်းသာစစ်စစ်ပင်ဖြစ်လေသည်။

လူအများတကာသည် မရှိဆင်းရဲသောဒုက္ခကို မည်သူမျှ မလိုချင်ကြဘဲ ကြီးပွားချမ်းသာမှုကိုသာ အမြင့်တနိုး ထားကြသည်။ ဦးတင်မောင်ကား ဤစည်းစိမ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



နှင့်နေနိုင်ရန် အပတ်တကုတ် ကြိုးပမ်းခဲ့ရသည်။ အနှစ်နှစ်အလလ ကြိတ်ကြိတ်ခဲခဲ မြိုးမြိုးမြက်တာစုဆောင်းခဲ့ရသဖြင့်လည်း အောက်သက်ကျေ၍နေသည်။

ဦးတင်မောင်သည် နမော်နမဲ့ ပေါက်လွှတ်ပဲစား နေနိုင်သော သူ့သားသမီးများကိုလည်း စိတ်တိုင်းမကျဖြစ်ကာ အားမလိုအားမရ ရှိတတ်ချေသည်။

တိုးတက်ခေတ်မီသော မျက်မှောက်ကာလတွင်မှ လူလာဖြစ်သည့် သူ့သားသမီးများကို-

'ကံသိပ်ကောင်းတဲ့ကောင်တွေ။ တို့ငယ်ငယ်တုန်းက များ ပေါင်ညောင်းညာနေအောင် နွားစာစဉ်းရ၊ ရေရှားပါးလို့ အဝေးသွားပြီး ခဲရာခဲဆစ် ရေသယ်ရနဲ့ နားရတယ် အားတယ် မရှိပါဘူး။ သင်းတို့ကျမှပဲ ပဒေသာပင်တွေက ပေါ်ပေါက်လာလိုက်ကြတာ' ဟု အမြဲလိုလို ပြောဆိုလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုအခါ သုံးလက်မ၊ နှစ်လက်မ အစရှိသော ကော်ပိုက်များနှင့် မြေအောက်ကိုဖောက်၍ရသော အဝီစိရေကား ကိုယ့်ဝိုင်းကိုယ့်ခြံထဲတွင်ပင် ရနေသည်။ မြင်းခြံလုပ် နွားစာစဉ်းခုံတို့ကလည်း တောင်သူလုပ်ပြီး နွားနှင့်မကင်းသည့် အိမ်တိုင်းလိုလိုတွင် ရှိကြသည်။ ရေလိုချင်၊ နွားစာစဉ်းချင်လျှင် အင်ဂျင်စက်လေး လှည့်နှိုးလိုက်ရုံသာ လုပ်လိုက်ရသည်။

တယ်လီဖုန်း၊ ဆိုင်ကယ်၊ တီဗွီဆိုသည်ကား နေ့စားကျပန်းအလုပ်သမားများလည်း ကိုင်တွယ်သုံးစွဲနိုင်ကြသည်။ လယ်တောမှနေပြီး ရွာကအိမ်ကို မှာစရာရှိလျှင်ပင် ဖုန်းလေးဆက်ပြီး ပြောလိုက်ရုံသာ။

ဦးတင်မောင်သည် မြင်ပြင်းခပ်ကတ်ကတ် ဖြစ်နေသော သူ့သမီးများကို ကြည့်ကြည့်ပြီး–

'လှမ်းမြင်နေရတဲ့ အချင်းချင်းကိုခေါ်တာ လက်ကွင်းမှုတ်ပြီး လေချွန်ခေါ်လည်း ရတဲ့ဟာများ ဖုန်းနဲ့လှမ်းခေါ်ရတယ်လို့။ မင်းတို့ဟာက အလကားရတာလည်း တစ်ခုမှ မပါဘဲ တစ်ဆိတ်ရှိဖုန်း၊ တစ်ဆိတ်ရှိဆိုင်ကယ်၊ ချေးယိုသေးပေါက်သွားတာတောင် ဆိုင်ကယ်ပါမှလို ဖြစ်နေပြီတဲ့။

အစားအသောက်ဆိုလျှင်လည်း သူ့အတိုင်း အလိုအလျောက် အရသာရှိနေသည့် အသားငါးဟင်း ချက်စားသည်ပင် ဟင်းချိုမှုန့်ပါမှ။ အသုပ်အနယ်တို့တွင် ဟင်းချိုမှုန့်ကို နိုင်းချင်းဖြူးစားနေချေသည်။ ကိုယ့်လယ်တောချိုစည်းတန်းက ပေါခြင်းသောခြင်း ရနေသော ကန်စွန်း၊ ဟင်းနုနယ်၊ ကင်းပုံ၊ ပိလော အစရှိသော အသီးအရွက်များကို စားရကောင်းမှန်းပင် မသိတော့ချေ။ ဆိုးဆေး၊ ဖျန်းဆေး၊ ကြီးထွားဆေး မပါသော သဘာဝသီးနှံတို့ကို မျက်ကွယ်ပြုပြီး ပိုက်ဆံပေး၍ ဝယ်စားသည်ကိုမှ အကောင်းထင်နေကြသည်။

ဦးတင်မောင်တို့ ခပ်ငယ်ငယ်အရွယ်တွင် ဟင်းချိုမှုန့်ကလည်း ပေါ်ခါစဖြစ်၍ အဆန်းတကြယ် လုပ်ချေသေးသည်။ အချိုဟင်းထဲ ဟင်းချိုမှုန့်ခတ်သည်ပင် ကြေးဖွန်းအမြီးဖျားကို ရေဆွတ်တို့ယူကာ ကပ်ပါလာသော အမှုန့်အနည်းငယ်မျှနှင့် ရောင့်ရဲတင်းတိမ်သည်။

ဦးတင်မောင်သည် လယ်ကြားကရသော မျှစ်ဆတ်ရေစိမ်ကျကျထည့်ချက်သည့် ပိလောဟင်းကား အချိုမှုန့်မပါဘဲ ချွဲကျိကျိလေးနှင့် အလွန်ချိုလှသည်ဟု ဆို၏။ ခံသီးအစိမ်းထောင်း အချဉ်ဖန့်ဖန့်လေးနှင့် လိုက်ဖက်သည်လည်း ပြော၏။ စိမ်းစားငါးပိ လောက်စာလုံးခန့်ကို ခြေမွခတ်ပြီး ဖရုံရွက်နှင့် ဝါးရင်းမှို ဟင်းချိုချက်စားသည့်နေ့တို့တွင် ထမင်းအိုးချိုးကပ် မကျန်အောင်ပင် စားကောင်းလှသည်ဟု ပြောသည်။

ဤခေတ်တွင်မူ အစားအသောက်ကို ငမ်းငမ်းတက်စားသုံးသရမ်းလာသည်နှင့်အမျှ ရောဂါဆန်းအမျိုးမျိုး ပိုမိုများပြားလာသည်။ ခေတ်ပေါ်စက်ကိရိယာတို့ကို မကျွမ်းကျင်ဘဲ ကိုင်တွယ်လက်တည့်စမ်းလာသည်နှင့်အတူလည်း ထိခိုက်ရှနာမှုတွေ မကြာခဏ အဖြစ်များလာလေသည်။

တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်လျော်ညီစွာ ရပ်ရွာထဲတွင် တစ်ယောက်တလေက တယ်လီဖုန်းကိုင်သည်ကိုမြင်လျှင် ကျန်သူတို့က လိုက်ဝယ်ကိုင်သည်။ ဆိုင်ကယ်စီးသည်တွေ့လျှင် မဖြစ်မနေ ဝယ်၍စီးသည်။ တောင်သူတစ်ဦးက နွားစာစဉ်းစက် ဝယ်သောအခါတွင်လည်း အခြားသူတို့က အားကျမခံ ဝယ်ကြပြန်သည်။

ပင်နယန်ခွေးသွားစိပ်တို့ဖြင့် ဓားနှစ်ချောင်းတပ် နွားစာစဉ်းခုံကို အင်ဂျင်စက်မောင်း လည်ပတ်စေသည်။ ပြောင်းဖူးရိုး၊ နံ့စားပြောင်း၊ မြက်၊ ကောက်ရိုး အစရှိသည်တို့ကို ဓားဖြင့် နုပ်နုပ်ခုတ်ဖြတ်ရန်အတွက် ပင်နယန်နှစ်ခုကြားသို့ လက်နှင့် နှိပ်သိပ်ထိုးထည့်ပို့ပေးရသော စက်ကိရိယာမျိုးဖြစ်သည်။

မြန်ဆန်တွင်ကျယ်လိုက်သည်ကလည်း ခြေနင်းခုံနှင့် ခါတိုင်း တစ်ညနေ စဉ်းရသော နွားစာကို နာရီဝက်ခန့်နှင့် ပြီးစီးသည်။ သို့သော်လည်း ငိုက်မျဉ်း၍ဖြစ်စေ၊ စကားတပြောပြောနှင့် ငေးမောပြီးဖြစ်စေ ရှေ့က နှိပ်သွင်းသော လက်တစ်ဖက်သည် ပင်နယန်နှစ်ခုကြားထဲ ပါသွားတတ်သည်။ ထိုအခါ မွကြေသွားသောလက်ကို အနည်းဆုံး လက်ကောက်ဝတ်ခန့်က ဖြတ်ပစ်ပြီး အနာကျက်အောင် ဆေးကုယူရသည်။

တမာပင်ရွာတွင် တင်မောင်ဟူသော နာမည်တူတွေ ပေါများလွန်း၍ ခွဲခြားသိစေရန် တင်မောင်၏ရှေ့တွင် နာမဝိသေသတပ်ကာ ခေါ်ရသည်။ တင်မောင်ကျိုး၊ ငပိန်တင်မောင်၊ ဗိုက်ကားတင်မောင် အစရှိသည်ဖြင့် ဖြစ်သည်။ ထိုသည်ထဲတွင် အရွယ်ကြီးခါမှသာ ဦးတင်မောင်ဟူ၍ တယောင်တဆောင်ဖြစ်သွားသော လက်ပြတ်တင်မောင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်လည်း အပါအဝင်ဖြစ်လေသည်။

◆◆◆

အညာမြေဒေသ၏ ပြယုဂ်ဖြစ်သော တမာ၊ မန်ကျည်း၊ ထနောင်း၊ ဆီး အစရှိသော အပင်တို့သည် နေရာတိုင်းလိုလိုတွင် ရှိသည်။ ထန်းပင်တချို့တလေနှင့် ကုက္ကိုပင်တို့ကိုလည်း ကြိုကြား၊ကြိုကြား နေရာ ခပ်များများတွင် တွေ့ရသေးသည်။

တင်မောင်နေသောရွာသည် အညာတမာ ဝါတာတာတို့ ပေါများ၍လားမသိ တမာပင်ရွာဟုခေါ်၍ ရွာနှင့်အနည်ကား လိုက်ဖက်လှချေသည်။ အိမ်ခြေ နှစ်ရာကျော်ကျော်ခန့်သာရှိသော တမာပင်ရွာတွင် တောင်သူလယ်ယာလုပ်ငန်းဖြင့်သာ အသက်မွေး၍ စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်း အစရှိသော သီးနှံတို့ကို စိုက်ပျိုးလုပ်ကိုင်ကြသည်။

နေဝင်ရိုးရီ လယ်တောကပြန်ရောက်သည်နှင့် လှည်းပေါ် ရိုတ်တင်လာသော ပြောင်း၊ ပြောင်းဖူးရိုး၊ မြက်တို့ကို စားတပ်ခြေနင်းစဉ်းခုံတွင် နုပ်နုပ်ပါအောင် စဉ်းရသည်။ ငါးနှီးခံတောင်းပြဲဖြင့် စဉ်းဖတ်များကို ထည့်သယ်၍ နွားတစ်ရှဉ်းတပ်ထားသော စားကျင်းရှည်ထဲ အားထည့်ပြီး ရေခပ်စပ်စပ်နှင့် ရောသမမွှေကာ ကျွေးကြသည်။

တင်မောင်တို့ခေတ်ကာလ ခပ်ငယ်ငယ်က လုပ်ငန်းနှင့်ပတ်သက်လာလျှင် ကောင်းသောယှဉ်ပြိုင်မှုစိတ်ဓာတ်ကို လူတိုင်း ထားရှိတတ်ကြသည်။ သူ့ထက်ပိုပြီး ကောက်ပဲသီးနှံထွက်ရှိအောင်၊ သူ့နွားထက် ငါ့နွားက သာလွန်ညဝပြောနေအောင် အပြိုင်အဆိုင်ကြိုးစားလုံးပန်းကြသည်။ နွားတို့ကို ဗိုက်ပြည့်အောင်ကျွေး၍ ရေမိုးချိုး ထမင်းစားပြီးနောက် ရွာထဲရှိ တစ်အိမ့်တစ်အိမ်သို့လည်းကောင်း၊ လမ်းဆုံစုရပ်နေရာသို့လည်းကောင်း အလည်အပတ်ထွက်ကြသည်။

ကာလသားတစ်သိုက်တို့ စုစည်းဆုံမိသည်နှင့် ရွာအလယ်လမ်းမတစ်လျှောက်တွင် အပြေးပြိုင်ချင်ပြိုင်၊ မပြိုင်လျှင် ပလွေကိုမှုတ်ကာ သီချင်းဆိုဖြစ်ကြသည်။ တစ်ခါတလေ မုန့်စားတမ်းပြိုင်ရာ လက်ခုပ်လက်ဝါးတီးကာ အားပေးသံဆူညံစွာ တရုန်းရုန်းနှင့် ပျော်ရွှင်ဖွယ်ကောင်းလှလေသည်။

ရေနွေးငွေ့ဖြင့်ကျက်သည့် မြေအိုးအဖုံး(စလောင်းဖုံး) ခပ်သေးသေးတွင်ထည့်ပြီး ဆန်ကြမ်းမှုန့်နှင့်လုပ်၍ရောင်းသော ဒေါ်နက်ထယ်၏ မုန့်ပေါင်းကား နာမည်ကြီး၏။ ပဲလွမ်းစေ့ ဖြူးတိုးဖြောက်တောက်နှင့် ပူပူနွေးနွေး စားရသော အရသာသည် တစ်မျိုးတစ်မည် ကောင်းလှချေ၏။

လှည်းပုံတောင်း၊ ဒေါက်၊ တကူတို့ကို သစ်သားနှင့်လုပ်၍ နှစ်လက်မခန့်ဖြက်ရှိသော သံပင်နှင့်ပတ်ထားသည့် လူတစ်ရပ်ခန့်အမြင့် လှည်းဘီးရှိ၏။ ယင်းလှည်းဘီးပေါ်သို့တက်ပြီး မုန့်ပေါင်းသုံးခုကုန်အောင် မတ်တတ်ရပ်၍ စားပြရသော လောင်းတမ်းကစားဖြစ်၏။ မလဲမပြု လိမ့်မကျစေဘဲ မုန့်ကုန်သည်အထိ စားပြရခြင်း ဖြစ်၏။ ထိုအခါ သူ့ဘက်ကိုယ့်ဘက် အားပေးသူတို့နှင့် တဝါးဝါး တဟားဟား ပွဲကျစည်ကားပြီး သောင်းသောင်းညံ၍နေ၏။ မုန့်စားသူသည် မုန့်မကုန်မီတွင် လှည်းဘီးပေါ်မှ ယိုင်လဲကျသွားလျှင် အရှုံးဖြစ်၍ ကာလသားတစ်သိုက်ကို မုန့်ပေါင်းအစ ပြန်ဝယ်ကျွေးရသည်။

တချို့လည်း မုန့်ကို လှည်းဘီးပေါ်တက်ပြီး စားပြရသည်တော့မဟုတ်။ တစ်ထုပ်လျှင် ငါးခုစီပါသော သဲတော လမုန့်ကို ငါးထုပ်ကုန်အောင် သောက်ရေမကူဘဲ စားရသော လောင်းတမ်းကစားကလည်း ရှိသေးသည်။ သတ်မှတ်ချိန်အတွင်း မကုန်လျှင် စားသူကရှုံးပြီး ထုံးစံအတိုင်း နိုင်သူတို့ကို ပြန်လည်ကျွေးရသည်။

အာခံတွင်းကပ်သော ယင်းမုန့်ကို လွယ်လင့်တကူ မျိုချမရသည်နှင့်ပင် မျက်ကလူးဆန်ပျာဖြစ်၍ တော်စွလျော်စွလူ ကုန်အောင် မစားနိုင်ပေ။ လည်စင်းပြီး ဆို့မြို့နေသဖြင့် ဝိုင်းဝန်းအားပေးလျက် ခွက်ခွက်လန်ရယ်မောရသည်။ တစ်ခု၊ နှစ်ခုကျန်နှင့်ပင် အချိန်စေ့ကာ စားသူက လက်မြှောက်အရှုံးပေးသွားရသည်။

သို့သော်လည်း သူတို့၏ပြိုင်ပွဲတွင် တာတီးတစ်ယောက်ကိုတော့ ပွဲပယ်ထားကာ လက်မခံရဲကြ။ တာတီးကား ပုကွကွ၊ လူဖလံ၊ ဗိုက်ရွဲလေးနှင့် အတော်စားနိုင်သဖြင့် နာမည်တစ်လုံးနှင့် နေသူဖြစ်၏။ တာတီး လိုက်ပါသော ပေါင်းပေါက်၊ ပျိုးနုတ်၊ စပါးရိတ် အစရှိသည်တို့တွင် ထမင်းမလောက်မငဖြစ်တတ်ပြီး ဆန်ကို သီးသန့် တိုးချက်ရသည်ဟု ကျော်ကြားနေလေသည်။

ထိုခေတ်ထိုအခါက တီဗွီ၊ ဗီဒီယိုတို့ကလည်း မပေါ်သေး။ ရုပ်ရှင်ကြည့်ချင်လျှင်တောင် အနီးဆုံး သုံး,လေးမိုင်ခန့်ဝေးသည့် ဟံဇားသို့ သွားကြည့်ရသည်။ သည့်ကြောင့်ထိ

www.burmeseclassic.com

ရွာဘုရားပွဲ ရှိလျှင်ရှိ၊ မရှိလျှင် ကြံပေါက်ကြံစည် ဖန်တီးပြီး ပျော်နေကြရသည်။

မိုးနည်းရပ်ဝန်းဒေသဖြစ်၍ သောက်သုံးရေရှားပါးပြီး ရေနှင့် နေ့စဉ် တစ်လုပ်ဖြစ်နေသည်။ လှည်းနွားရှိသူတို့က ဆယ်ဝင်သံပုံး၊ ဆယ့်ငါးပုံးဆံ့ခန့် သစ်သားရေစည်ဖြင့် ရေပေါများရာသို့ သွားရောက်သယ်ယူ၍ ပခုံးထမ်း ခေါင်းရွက်သမားတို့က နီးရာစိမ့်ရေတွင်းမှ စစ်ပြုခပ်ယူကြသည်။

တမာပင်ရွာ၏အရှေ့ဘက် ရွာအပြင် ခပ်လှမ်းလှမ်းတွင် မန်ကျည်းပင်တွင်းဟုခေါ်သော အများသုံးရာ ရေတွင်းတစ်တွင်းရှိသည်။ အနက်ဆယ့်လေးငါးတောင်ခန့် တူး၍ လေးဖက်လေးနေရာမှ လေးတောင်ခန့်ရှည်ပြီး နှစ်ထွာဆိုင်သန်သန် အတုတ်ရှိသော တုတ်ခွေတို့ကို မြေပြိုမကျစေရန် စီထပ်ချထားသော တွင်းမျိုးဖြစ်သည်။

တစိမ့်စိမ့်ထွက်သောရေကား တစ်မိနစ်လျှင် ခေါင်းရွက်မြေအိုးတစ်လုံးပြည့်အောင်ရဖို့ ခဲယဉ်း၏။ ပုံးသေးသေးကို ကြိုးတပ်ပြီး ရေငင်ဆွဲတင်ရရာ ပုံးအလုံးတို့နှင့် ရေမပါနိုင်၍ တမင်တကာ စီမံထားသော သံပုံးပြားချပ်ချပ်ဖြင့် ခြစ်ခြစ်ခြုတ်ခြုတ် ခပ်ယူရ၏။ ဆယ်ကြိမ်ထက်မနည်း ခေါက်တုံ့ခေါက်ပြန် သယ်ယူဆွဲငင်မှ ရေအိုးတစ်လုံးပြည့်သည်။

ရေတွင်း၏ အပေါ်တွင် အုပ်မိုးနေသော ရှေးမန်ကျည်းပင်ကြီးတစ်ပင်ရှိ၍ ယင်းအပင်ကို အမှီပြုပြီး မန်ကျည်းပင်တွင်းဟု ခေါ်ဆိုကြသည်။ အဆိုပါမန်ကျည်းပင်ကား အခြောက်အလှန့်ကြမ်းတမ်းသည်ဆို၍ ညကြီးမင်းကြီးတွင် အဖော်မပါဘဲ ရေခပ်မသွားရဲကြ။ အရှေ့ဘက်ထွက်နေသော ကိုင်းတက်တွင် ခြေနှင့်ချိတ်၍ ဇောက်ထိုးကျွမ်းပြန်လုပ်နေသော အကောင်ကြီးကို အချို့မြင်ရသည် ပြောလိုပြော၊ မကောင်းဆိုးဝါး ခွေးနက်ကြီးတစ်ကောင် ထွက်ထွက်လာသည် ဆိုလိုဆိုနှင့် ပြောမဆုံးပေါင် ဖြစ်နေလေသည်။

လူသူတိတ်ဆိတ်၍ မှောင်ရိပ်ကျသော ညဉ့်ဦးကာလတို့တွင် သရဲတစ္ဆေမကြောက်တတ်သော ကိုကြီးသာစိန်၏ ချက်ဖြစ်၏။ ရေပုံးဆိုင်းထမ်း သုံးလေးခေါက်ရောက်အောင် သယ်ထားလျှင် သူ့အိမ်သုံးဖို့အတွက် တစ်ရက်စာ လုံလောက်၏။ အိုးခွက်ပလုံးတို့ကလည်း သည့်ထက်ပိုပြီး ထည့်စရာမရှိ။ သည်ရေလောက်ဖြင့် ကွမ်းတစ်ယာညက်ပဲ ကြာမည်ဟု ကိုကြီးသာစိန်က တွက်ထားလိုက်သည်။

ထိုစဉ်က ခေတ်ခဲထည့်ထိုးသော လက်နှိပ်ဓာတ်မီးကို ကိုင်လေ့ကိုင်ထနည်းပါးသေး၍ ရေနံဆီသုံး မီးပုံးမီးခွက်တို့ကိုသာ သုံးစွဲကြသည်။ ကိုကြီးသာစိန်သည် တောင်လေခပ်ဖြူးဖြူးတွင် မီးငြိမ်းမသွားစေရန် မီးခွက်ထည့်ကိုင်ထားသော သံမီးပုံးကို ဟိုသည်စောင်းငဲ့၍ ရေတွင်းရှိရာသို့ လာနေသည်။ ရေနံဆီမီးရောင်နီကြင်ကြင်က လမ်းမြင်သာရုံသာဖြစ်၍ မြွေပါးကင်းပါးအန္တရာယ်ကလည်း တစ်မှောင့် ကြောက်ရသေးသည်။

ကိုကြီးသာစိန်ကို ကျီစားခြောက်လှန့်ရန် တမင်ကြံစည်စောင့်ဆိုင်းနေသော တင်မောင်နှင့် သာခွေးတို့ နှစ်ယောက်ကား ကွယ်ရာတွင် ပုဆိုးခြုံ၍ ပုန်းလျှိုးနေ၏။ ကိုကြီးသာစိန်သည် မီးပုံးတကိုင်ကိုင်၊ ရေပုံးဆိုင်းထမ်းကို ထမ်း၍ တင်မောင်တို့ ပုန်းကွယ်ရာရှေ့နားသို့ တဖြည်းဖြည်း ရောက်လာ၏။

တင်မောင်သည် လျှပ်တစ်ပြက် ဘွားခနဲထွက်လာ၍ ကိုကြီးသာစိန်၏လက်ထဲမှ မီးပုံးကို ဆွဲလုယူကာ မီးခွက်ကို မှုတ်ပစ်လိုက်၏။ သာခွေးကလည်း ရေပုံးဆိုင်းထမ်းကို နောက်မှနေ၍ ဆောင့်ဆွဲချလိုက်ရာ ဝုန်းခနဲမြည်ကာ လွင့်ကျသွားသည်။ ဆိုးဆိုးဆတ်ဆတ်တုန်ကာ လန့်ဖျပ်သွားသော ကိုကြီးသာစိန်သည် သရဲ..သရဲ..သရဲခြောက်တယ်ဟုအော်၍ မီးပုံးနှင့် ရေဆိုင်းထမ်းကို ထားရစ်ခဲ့ကာ တစ်ချိုးတည်း ပြန်ပြေးသွားလေသည်။

ဖုတ်၊ ပြိတ္တာ၊ သရဲ၊ တစ္ဆေကို မကြောက်တတ်ပါဟု ဆိုသော ကိုကြီးသာစိန်တစ်ယောက် လန့်ဖျပ်ဖျားနာသွားပြီး သုံးလေးရက်ခန့် ဆေးကုယူရသည်။ တင်မောင်တို့ကလည်း သူတို့ အပျော်အပြက်စတာပါ။ ကျီစားတာပါဟု ပွပွနွှေးနွှေး မပြောရဲသေး။ တဖြည်းဖြည်းကျမှသာ တစ်ယောက်စကား တစ်ယောက်နားဖြင့် ကိုကြီးသာစိန် သိရှိပြီး ရှက်ကိုးရှက်ကန်း ဖြစ်နေချေသည်။

တန်ဆောင်မုန်းလတွင် ထွန်းပေါ်သော ကြတ္တိကာနက္ခတ်ကို သူခိုးနက္ခတ်ဟူ၍ အယူရှိကြ၏။ လူငယ်လူရွယ် ကာလသားတစ်သိုက်တို့က ယင်းလပြည့်ညတွင် ပျော်ရွှင်စရာအလို့ငှာ ကျီးမနိုးပွဲပြုလုပ်ကြ၏။ ကျီးမနိုးပွဲကား နံနက်ခင်း ကျီးမနိုးမီ အိမ်ရှင်များမသိစေဘဲ အလွယ်တကူ ချီမ,သယ်ယူနိုင်သော ပစ္စည်းတို့ကိုခိုးယူ၍ …



www.burmeseclassic.com

www.burmeseclassic.com

ထမ်းမတို့တွင် သွားရောက်စုပုံထားခြင်း ဖြစ်၏။

ရယ်ရွှင်ဖွယ်ဖြစ်စေရန် တစ်အိမ်တစ်အိမ်က စားပွဲတန်းလျား၊ လှည်း၊ နွား အစရှိသည်တို့ကို အပြန်အလှန်ထားပေးခြင်းတို့ ဖြစ်၏။ နံနက်အိပ်ရာနိုးသည်နှင့် သူ့တစ်ပါးပစ္စည်းက ကိုယ့်အိမ်ရောက်နေပြီး ကိုယ့်ပစ္စည်းကပျောက်ဆုံးနေ၏။ စားပွဲတန်းလျားများထမ်းကာ ပြန်တည့်ယူရ၊ လယ်ထွန်ထွက်ခါနီးမှ နွားအချင်းချင်း အပြန်အလှန်ဆွဲယူရနှင့် ပျော်ရွှင်ရယ်မောရသလို စိတ်ဆိုးစရာလည်းကောင်းလှလေ၏။

တင်မောင်ပါဝင်သော ကိုရင်ဖိုးထောင်တို့ ကာလသား တစ်သိုက်သည် ပစ္စည်းများ ခိုးယူကျီစယ်၍ အားမရသေး၊ အပျိုကြီးမနီ နေလှန်းထားသော ရေလဲထဘီကို ရအောင်ယူသည်။ ယင်းထဘီကို ဝါးလုံးတွင် ချည်တုပ်ပြီး လူသွားလူလာများသော လမ်းဆုံလမ်းခွတွင် ထောင်စိုက်ထားသည်။ ဝေလီဝေလင်း နံနက်စောစော လယ်တောသို့ထွက်ရာတွင် နွားများ ရှေ့မတိုးဘဲ တွန့်ဆုတ်နေသဖြင့် ဟ..ဘာကြီးပါလိမ့်ဟု ထိတ်ခနဲဖြစ်လျက် ရှောင်ကွင်းသွားကြသည်။ နေထွက်တပြူ ဘုန်းကြီးကျောင်း ဆွမ်းပို့သွားသူတို့ကလည်း ထဘီနဲ့တူလိုက်တာဆိုကာ ပြောသွား၊ ကွင်းသွားကြသည်။

ဘဘီပျောက်နေသူ မနီက ဟိုလူခိုးသည်ထင်၊ သည်[illegible]သည်ထင်နှင့် ဥစ္စာပျောက် ငရဲရောက် ဆိုသလိုမျိုး ဖြစ်[illegible]သည်။ လူသွားလူလာ ရှုပ်ယှက်ခတ်ချိန်ကျမှ [illegible]ဘင်းချရှိပြီး ရှက်ကိုးရှက်ကန်းနှင့် သွားရောက်ဖြုတ်ယူရသည်။ တန်ဆောင်မုန်းလပြည့်ည၏ ကျီးမနိုးပွဲကား တစ်ညတည်းနှင့် ရယ်မောပျော်ရွှင်ဖွယ်ရာ စိတ်ဆိုးစိတ်အခန့်မသင့်စရာတို့နှင့် ပြီးဆုံးသွားခဲ့သည်။

လမ်းဆုံလမ်းခွတစ်နေရာတွင် ယမန်နေ့ညက ဖြစ်စဉ်များကို ပြန်လည်စားမြုံ့ပြန်ပြောဆိုကြရင်း တင်မောင်တို့တစ်သိုက် တဝါးဝါးတဟားဟား ပွဲကျနေကုန်သည်။

'အပျိုကြီးမနီ ရေလဲထဘီကို လမ်းဘက်ကနေပြီး ချိတ်နဲ့ လှမ်းကော်ယူတာ တော်သေးတာပေါ့ကွာ။ သူတို့ခွေးညိုကြီးက သိပ်အကိုက်ကြမ်းတာ။ မနိုးလို့ တော်သေးတာပေါ့'

ကွမ်းတံတွေးကို ပျစ်ခနဲထွေး၍ တင်မောင်ကပြော၏။

'မင်းက ဝိုင်းအပြင်က လှမ်းယူတာများ အဆန်းလုပ်လို့။ တက်ပုနဲ့ငါ ဘကြီးမြဝိုင်းထဲအထိဝင်ပြီး စားပွဲတန်းလျားတွေ ဝင်ထမ်းတာ တစ်ယောက်တောင်မှ မနိုးဘူး'

ပလတ်စတစ် ညစ်ထပ်ထပ်တွင် ထုပ်ထားသော တင်မောင်၏ ကွမ်းထုပ်ကို ကိုရင်ဖိုးထောင်က လှမ်းယူ၍ ကွမ်းရွက်ပေါ် ထုံးတို့ရင်း ပြောလိုက်၏။ ကိုရင်ဖိုးထောင်၏ စကားကြောင့် တင်မောင်တစ်ယောက် မခံချိမခံသာ ဖြစ်သွားဟန်တူသည်။

'ဘကြီးမြတို့ဝိုင်းက ခြံတံခါးမရှိ ခွေးမရှိနဲ့ ခဲရာခဲဆစ်လုပ်လို့ကွာ'

တင်မောင်က မာန်ပါသောလေသံဖြင့် ပြောပြန်၏။

'ဟကောင်၊ အဲလောက် မလွယ်ဘူးကွ။ မတော်လို့ ဘကြီးမြ ကြားသွားရင် ဒေါသက ကြီးသနဲ့။ ထလာပြီး တုတ်စာကျွေးလိုက်မလား၊ လောက်စာလုံးစာကျွေးမလား မသိဘူး ငါ့ကောင်ရ။ ဟား..ဟား..ဟား'

ကိုရင်ဖိုးထောင်က ပြောပြီး ရယ်မောနေသည်။ ထိုင်၍ နားထောင်နေသော တက်ပု၊ သာမွေး၊ ဖိုးကျော်တို့ကလည်း ကိုရင်ဖိုးထောင်၏စကား သံယောင်လိုက်ပြီး ရောရယ်နေကြသည်။

'လူအိုလူမင်းတွေ နေတဲ့အိမ်၊ ခွေးမရှိဘာမရှိ အစွမ်းကြီး လုပ်လို့ကွာ'

တင်မောင်က မကျေမချမ်းပြော၍ အိမ်သို့ပြန်ရန်



www.burmeseclassic.com

နေရာမှထရာ ကျန်သူတို့လည်း ပြန်ချိန်တန်ပြီဖြစ်၍ မတ်တတ်ရပ်ကာ ဖုန်ခါနေကြသည်။ တမာပင်ရွာလေးကား ညဥ့်ကိုးနာရီ ရေဒီယိုပိတ်ချိန်ဆိုလျှင် အိပ်ရာဝင်ကြသဖြင့် တိတ်ဆိတ်ငြိမ်သက်စပြုလျက်ရှိသည်။

'ဝိုင်းထဲအထိ တို့လို မဝင်ရဲဘဲ အပြင်ကနေ လှမ်းယူတာများ သတ္တိကောင်းကြီး လုပ်လို့ကွာ'

ကိုရင်ဖိုးထောင်က စောစောက စကားကို အပြီးမသတ်သေးဘဲ တင်မောင်အား ဆွလိုက်ပြန်၏။

'မင်း ဘာတမ်း လောင်းမတုံး။ ငါ အခု တစ်ခုခုဝင်ယူပြမယ်'

တင်မောင်သည် မခံချင်စိတ်ဖြစ်ကာ ဒေါသသံလေးပါလာ၏။

'အဲဒါတော့မဖြစ်ဘူး တင်မောင်။ ကျီးမနိုးပွဲကို ရွာဓလေ့အရ ခွင့်ပြုတာ။ မနေ့က လပြည့်ည တစ်ညတည်းရယ်။ မင်း အဲလောက်သတ္တိကောင်းရင် သုသာန်ကုန်းသွားပြီး လူသေမြှုပ်ထားတဲ့ မြေပုံပေါ်ကို ငုတ်ရိုက်ရဲလို့လား'

'သွားရဲသလားတော့ မမေးနဲ့ မောင်။ သရဲအလွန်ခြောက်တယ်ဆိုတဲ့ တို့လယ်ပွဲက ကုက္ကိုပင်ကြီးအောက်တစ်ယောက်တည်း ညအိပ်လာတဲ့ကောင်ပါကွ'

'ကဲ..အပြောကြီးတဲ့ကောင် အဲလိုဆို ဘာတမ်းလောင်းမတုံး'

တင်မောင်သည် စကားကို ချက်ချင်းမတုံ့ပြန်သေးဘဲ ခဏမျှငြိမ်ကျသွားသည်။ တကယ်တမ်း စိန်ခေါ်ပြီဆိုတော့လည်း ရောက်တတ်ကရာ စဉ်းစားပြီး ကျောချမ်းသလိုလိုဖြစ်ချင်လာသည်။ ကြမ်းကျဲလျှင် နုတ်ရသော်လည်း စကားကျဲထားသော တင်မောင်ကား နောက်အဆုတ်ရခက်နေချေသည်။

'မင်း ဘာတွေစဉ်းစားနေတာလဲ။ ကြောက်ချေးပန်းသွားပြီ မဟုတ်လား'

ကိုရင်ဖိုးထောင်က တင်မောင်အား သရော်လိုက်ပြန်သည်။

'စိန်လိုက်လေ'

တင်မောင်က ပြောလိုက်ခြင်းဖြစ်၏။ တင်မောင်၏ စိန်ခေါ်သံကြောင့် အဖော်တစ်သိုက်တို့ကား လရောင်ပျပျတွင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အံ့အားသင့်နေကြလေသည်။

သူတို့၏ လောင်းတမ်းပွဲကား တင်မောင့်မှ ဖိုးထောင်တို့ ပြောသည့်အတိုင်း သုသာန်ကုန်းပေါ်သို့ ရောက်အောင်သွားပြီး လူသေမြှုပ်ထားသော မြေပုံထက် ငုတ်တစ်ချက်ရိုက်ခဲ့ရုံပဲ ဖြစ်သည်။ သို့မှလည်း သွားရောက်စစ်ဆေးကြည့်ရှုကြသည့်အခါ တင်မောင် ရောက်ရှိခဲ့ကြောင်း အထောက်အထား ခိုင်လုံပေမည်။ တင်မောင်အား ဓားရှည်ကောင်းကောင်းတစ်ချောင်းနှင့် မြေပုံပေါ် ရိုက်ခဲ့ရမည့် မှတ်သား၍ ပေးလိုက်သော တုတ်တိုတစ်ချောင်း ပေးလိုက်ရန်ဖြစ်သည်။

တင်မောင်သည် ကဖျက်ယဖျက်လုပ်၍ ရောက်အောင် မသွားရဲဘဲ လမ်းခုလတ်မှ လှည့်ပြန်လာပါက အဖော်အားလုံးကို မနက်ဖြန်ညတွင် လမုန့်အဝဝယ်ကျွေးရမည်။ အကယ်၍ ပြောဆိုလိုက်သည့်အတိုင်း တင်မောင်က လုပ်ဆောင်နိုင်ခဲ့မည်ဆိုလျှင်တော့ မကြာမီ ရိတ်သိမ်းတော့မည့် သူ့လယ်က စပါးကို ပြီးဆုံးသည်အထိ ဝိုင်းဝန်းကူညီရိတ်ပေးရမည် ဖြစ်သည်။

◆◆◆

တမာပင်ရွာလေးကား ညဥ့်နက်သည်ထက် နက်လာသဖြင့် တိတ်ဆိတ်ငြိမ်သက် အိပ်မောကျလျက်ရှိ၏။ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နေ့ ညသည် လပြည့်ဝန်းကြီးထိန်ထိန်ညီးလျက်ရှိချေ၏။ တင်မောင်တို့ လူငယ်တစ်သိုက်သည် ရွာ၏နောက်ဘက်တွင်ရှိသော မန်ကျည်းပင်အုံ့အုံ့ကြီးအောက်တွင် ရောက်နေကြလေ၏။

မန်ကျည်းပင်နေရာမှလှမ်းကြည့်လျှင် ရွာ၏အနောက်မြောက် ခပ်လှမ်းလှမ်းတွင် ညို့မှိုင်းအုပ်မိုး၍နေသော သုသာန်ကုန်းပေါ်ရှိ ဖျောက်ဆိပ်ပင်အိုကြီးကို လရောင်နှင့်မြင်နေရသည်။ ချောင်းကြိုမြောင်းကြား ယာခင်းချုပ်စပ်များ၏ အလယ်တွင်ရှိသော ဖျောက်ဆိပ်ပင်အိုကား ထီးတည်းမည်းမည်းကြီး ဖြစ်သည်။

တင်မောင်သည် သူ့ပုဆိုးညိုညစ်ညစ်ကို ဒူးဆစ်ထိအောင် ပြင်ဝတ်လိုက်၏။ ရဲဆေးတင်သည့်အနေဖြင့် ပလတ်စတစ်အိတ်ထဲမှ ကွမ်းထုပ်ကိုထုတ်၍ ကွမ်းတစ်ယာ ယူဝါးလိုက်သေး၏။ ဖိုသီဖတ်သည်နိုင်သော အင်္ကျီကလည်း ခပ်မှိန်မှိန်ဖြစ်၍ သူ့တစ်ကိုယ်လုံးကား မည်းယောင်းယောင်း ဖြစ်နေ၏။ လက်ထဲတွင်လည်း ငုတ်

www.burmeseclassic.com

ချွန်နှင့် ဓားကို ကိုင်ထားရာ ပြောရလျှင် တင်မောင်သည် ကောင်းဆိုးဝါး တစ်ကောင်နှင့် တူနေပါချေ၏။

'အေး..မင်းတို့ ပြန်တော့ မသွားကြနဲ့ကွနော်။ ငါ မလာခင် ပြန်သွားရင်တော့ ငါ့ကို အဆိုးမဆိုနဲ့။ အဟုတ် လုပ်မှာ သိလား။ ကဲ..သွားပြီ။ တင်မောင်တဲ့ကွ၊ တစ် ခောင်တည်းရှိတယ်'

'အေးပါကွာ၊ မင်း မလာမချင်း မပြန်ကြပါဘူး။ အောက်ကိုလည်း ကြည့်သွားကွနော်။ သရဲအခြောက်ခံရမှာ က နောက်မှ၊ မြွေပါးကင်းပါး ထက်နင်းမိနေဦးမယ်'

တင်မောင်သည် ပြောပြောဆိုဆို သုတ်ခနဲထွက်သွား ရာ သာမွေးက လှမ်းစလိုက်သေးသည်။

ရွာအနောက်မြောက်ထောင့်မှ ခွေးတစ်ကောင်သည် တဝုတ်ဝုတ် ထိုးဟောင်၍ ဆွဲဆွဲငင်ငင် အူနေလေ၏။ လပြည့်ကျော် (၁)ရက်နေ့ ည၏ လရောင်ကား လင်းအား ကောင်းသော်လည်း ချုံပိတ်ပေါင်း၊ ယာစည်းတန်းသစ်ပင် တို့ကြောင့် မှောင်ရိပ်ကျနေ၏။

တင်မောင်သည် အချင်းချင်း စကားကျွံပြီး ရက်၍ သာ စိန်ခေါ်ခဲ့သော်လည်း ယခုလို အဖော်မပါ တစ် ယောက်တည်း ဖြစ်သောအခါ သိမ်ငယ်ချင်စိတ် ဝင်လာ သည်။ အခြားသောသုသာန်ဆိုလျှင် ကိစ္စမရှိ။ ကိုယ့်ရွာက ခည်းသူဆုံး၍ မည်သည့်အခါက သင်္ဂြိုဟ်ထားသည်ကို ...နေသော သုသာန်ဖြစ်သည်။

...သာလလောက်ကမှ မီးမဖွားနိုင်ဘဲ ဆုံးသွား ...သော မိရင်၏မြေပုံကား လောလောလတ်လတ် ရှိနေ သေး။ မိရင်ဆိုသည်ကလည်း တင်မောင်နှင့် ခင်မင်ရင်း နှီးပြီး တစ်ယောက်နှင့်တစ်ယောက် ကျီစယ်နောက်ပြောင် အစသန်ဖက်များ ဖြစ်ခဲ့ကြသည်။ မတော် မှောင်ရိပ်ထဲ က ထွက်လာပြီး စလိုက်မှဖြင့်ဟု တင်မောင်၏ ခေါင်းထဲ အတွေးဝင်လာကာ ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားလေသည်။

တင်မောင်သည် တန့်ခနဲ ခဏရပ်၍ ရှေ့ကိုလှမ်း ကြည့်လိုက်၏။ ဖျောက်ဆိပ်ပင်အရိပ်ကျနေသော သုသာန် ကုန်းကား မှောင်နှင့်မည်းမည်းဖြစ်နေ၏။ သုသာန်ကုန်း ထဲဝင်ရန် ယာကွက်တစ်ကွက်သာ ခြားတော့၏။ အမှောင် အောက်တွင် ထိုးဖောက်၍မြင်နေသော အုတ်ဂူတို့သည် မည်းမည်းငုတ်ငုတ် ထိုင်နေသဖွယ်ရှိ၏။

တင်မောင်ကား သုသာန်ကုန်းထဲဝင်ရန် ချီတုံချတုံဖြစ် နေ၏။ သည်ထိအောင် ရောက်လာပြီးမှ လှည့်ပြန်မည်ဆို လျှင် တစ်သက်လုံးအရှက်ရပြီး ပြောစရာစကား အဖြတ် တင်နေတော့မည်။ ခပ်စောစောက ငါ့စကား နွားရပြော ပြီး ရှုံးလိုက်ရအကောင်းသားဟုလည်း နောင်တ,ရမိသည်။ အို..ရှုပ်ပါတယ်ဆိုကာ နှုတ်က လွှတ်ခနဲ အသံထွက်သွား ပြီး မာန်တင်းလိုက်လေသည်။

တင်မောင်သည် ညာဘက်လက်တွင် ဓားကို ကျစ် ကျစ်ပါအောင်ဆုပ်၍ ဘယ်လက်က ငုတ်ချွန်ကိုင်ကာ တရွေ့ရွေ့လျှောက်လာ၏။ နီးသည်ထက် နီးလာသည်နှင့် အမျှ ဖွေးဖွေးဖြူသော အုတ်ဂူအသစ်နှင့် ဂူအို ဂူပျက်အချို့ ကို ထင်ရှားစွာမြင်လာရ၏။ အပင်ရိပ်အစပ်တွင် မြေပုံတစ် ခုကိုပင် လှမ်းမြင်နေရ၏။

'ဖြုန်း..ဖြော..ဖြော..ဖြော'

ကြောက်လန့်တကြား ထပျံသွားသော ငှက်တချို့၏ ဖြုန်းခနဲမြည်သံ၊ တောကြွက်တို့ တဖြောဖြော ချုံတိုးသံ ကြောင့် တင်မောင် လန့်ဖျပ်သွားသည်။ တကျည်ကျည် တကျာကျာနှင့် ဂူပေါက်ရှိရာမှလာသော ကြွက်တစ်အုပ် ၏ အသံကား တင်မောင်၏ကြောက်စိတ်ကို နှိုးဆွပေး သလို ဖြစ်နေသည်။

တင်မောင်လည်း လရောင်ပျပျနှင့် မြင်ရသော အနီး ကပ်ဆုံး မြေပုံတစ်ခုဆီသို့ ချဉ်းကပ်သွားလိုက်၏။ ဘေး ပန်းကို အကဲခတ်ကြည့်ရင်း ဆောင့်ကြောင့်ထိုင်လိုက်ပြီး ငုတ်ချွန်ကို ဘယ်ဘက်လက်နှင့်ကိုင်၍ မြေပုံပေါ်သို့ စိုက် ချလိုက်၏။ ငုတ်ချွန်သည် မြေအပွတွင် ဖြုတ်ခနဲ ဝင်သွား သော်လည်း အောက်ထဲရှိ အမာတစ်ခုပေါ် ထိုးမိနေ၍ ငုတ်မမြဲသေးဘဲ ဖြစ်နေ၏။

ချွေးစေးများကပ်အောင် တင်းတင်းဆုပ်ထားသော ညာဘက်လက်မှ ဓားနောင့်ဖြင့် ငုတ်ကို တဒေါက်ဒေါက် ရိုက်သွင်းရာ တုန်ယင်သောလက်ကြောင့် ငုတ်တစ်ဖက် ကိုင်ထားသော ဘယ်လက်ပေါ်သို့ ချော်ချော်ကျနေ၏။ မှန်းစမ်း ရိုက်ရသဖြင့်လည်း ရိုက်ချက်မထိဘဲဖြစ်နေလေ ၏။

ခဏမျှအကြာတွင် ငုတ်ချွန်သည် စွတ်ခနဲဝင်သွားပြီး ပုပ်အဲ့အဲ့အနံ့ကြီးကလည်း ထောင်းခနဲထွက်လာ၏။ တင် မောင်သည် အနံ့အသက်ဆိုးဝါးလွန်းသဖြင့် ဆတ်ခနဲမျက် နှာကို လွှဲလိုက်၏။ ထိုစဉ် ခွေးတစ်ကောင်ဟု ယူဆရသော



www.burmeseclassic.com

www.burmeseclassic.com

မည်းမည်းသဏ္ဍာန်သည် ဘွားဆို ချုံတိုးထွက်ပြေးသွား၏။ ယိမ်းယိုင်လှုပ်ယမ်း၍ကျန်ခဲ့သော မရွေးပင် ဖြူဖွေးဖွေးကား တင်မောင့်ဆီသို့ တရွေ့ရွေ့လာနေသော နာနာဘာဝကြီးတစ်ကောင်လို ထင်နေရ၏။

တင်မောင်လည်း နေရာမှပြေးရန် ဆိုးဆိုးဆတ်ဆတ်တုန်ယင်နေသည့်ကြားက လျှပ်တစ်ပြက်ထလိုက်ရာ ငုတ်ကိုင်ထားသော ဝဲဘက်လက်အား အောက်မှဆွဲထားသလို ဖြစ်နေ၏။ "ဟာ..ငါ့လက်ကို ဆွဲတယ်၊ ဆွဲတယ်။ ကဲဟာ..ကဲ့ဟာ"ဟု အသံပျာကြီးနှင့် ကတုန်ကယင်ဆို၍ တစ်ဖက်လက်တွင်ရှိသောဓားဖြင့် ခုတ်ချလိုက်လေ၏။

တင်မောင်၏ ဘယ်ဘက်လက်ဖျားတို့သည် ပူခနဲကျင်ခနဲ ဖြစ်သွားပြီး တစစ်စစ်နှင့် နာကျင်လာ၏။ အမှန်တော့ တင်မောင်သည် ငုတ်ကိုရိုက်စဉ်က ဖိုးရိုးဖားရားဖြစ်နေသော အင်္ကျီလက်ဖတ်ပါ ရောရိုက်ခဲ့ခြင်းဖြစ်၍ ပြန်အထတွင် တစ်စုံတစ်ယောက်က ဆွဲထားသလို ဖြစ်နေ၏။

တင်မောင်သည် ထွန့်ထွန့်လူး နာကျင်ကိုက်ခဲလာသော လက်အား ဓားကိုချ၍ ရှုံ့မဲ့ပြီး ဆုပ်ထားလိုက်လေ၏။ ပါးစပ်ကလည်း တကျွတ်ကျွတ်လုပ်၍ စုတ်သပ်နေလေသည်။

"အဖေ့ပါးစပ်ကြီး ရှုံ့မဲ့လို့ လက်ကိုလည်း ဆုပ်ထားသေး။ လက်ဒဏ်ရာက ပြန်နာနေလို့လားဟင်"

ဦးတင်မောင်သည် အနီးတွင်ရှိသော သမီးငယ်စာဥ၏အသံကြောင့် ဖျတ်ခနဲသတိဝင်လာပြီး နှုတ်ခမ်းမွေးတွေ ထိုးထိုးထောင်ထောင်ဖြစ်လာအောင် ခပ်ပြုံးပြုံးကြီးလုပ်နေသည်။

"မဟုတ်ပါဘူး သမီးရယ်။ ညည်းအစ်ကိုတွေ ပေါ့ပြက်ပြက် ရွှပ်ပက်ပက်နိုင်တာကိုမြင်ပြီး အတွေးအုချာ ပေါက်သွားတာပါ။ ပြိုင်ဆိုင်မှုဂုဏ်မာနဆိုတာ ရှိသင့်တာထက်ပိုနေရင်တော့ မကောင်းဘူးပေါ့သမီး။ အဖေ ငယ်ငယ်ကတောင် အဲလိုမထားသင့်တဲ့မာန ရှိခဲ့မိလို့ မိုက်မိုက်မဲမဲ စိန်ခေါ်ရာက ဓားထိတဲ့ လက်တစ်ဖက် သွေးဆိပ်တက်ပြီး ပေဘာဒီနေရာက ဖြတ်လိုက်ရတာလေ"

**အာကာသ(သာစည်)**


**ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်**
Ph.D (Hon - Doctor of Astrology)
**[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]**
**အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။**
အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်၊
စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်၊
**အခန်း(၄)၊ အနောက်ဘက်မုခ်၊ ခြသေ့်နှစ်ကောင်အနီး၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့၊ ☎ ၀၉ ၅၀ ၇၅၈၂၇**


**ဒေါက်တာယတြာဆေဒီ**
Ph.D (India)., M.Sc (Chemistry)
ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့
ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ
လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်
ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...
**ကြိုးစား ရဇာ်ချိန်းထား**
လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။
**အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ☎ ၀၉ ၅၀ ၅၀၇၃၅**




www.burmeseclassic.com

www.burmeseclassic.com



# ရှင်ဖွေးအောင်
# ဝိညာဉ်အလောင်းအစား

ညသည် မှောင်ပိန်းနေ၏။ မနက်ခင်းက မြင်တွေ့ခဲ့ရသော အိမ်ကြီးသည် အမှောင်အောက်၌ ငုပ်လျှိုး ပျောက်ကွယ်လျက်နေတော့၏။ ကျွန်တော်သည် အသင့် ဆောင်ယူလာသော လေးတောင့်ထိုးလက်နှိပ်ဓာတ်မီးဖြင့် ထိုအိမ်ကြီးရှိရာသို့ မှန်းဆ၍ ထိုးကြည့်လိုက်၏။

အိမ်ရှေ့၌ လူတစ်ယောက် ရပ်နေသည်ကို အလင်း ရောင်အောက်၌ မြင်လိုက်ရသော်လည်း ရုတ်တရက်ဆို သလိုပင် ထိုလူသည် လေတိုက်သလို ရိပ်ခနဲ ထွက်ပြေး ပျောက်ကွယ်သွားလေ၏။

ကျွန်တော်သည် လက်နှိပ်ဓာတ်မီးဖြင့် ဟိုထိုး သည် ထိုး လိုက်ထိုးကြည့်သည်။ ဘာအရိပ်အယောင်မျှ ထပ် မတွေ့ရတော့ပေ။

'မင်း အဲဒီအိမ်ထဲမှာ တစ်ညတိတိ အိပ်စက်နိုင် မင်းလိုတာ၊ တောင်းတာ ပေးမယ်' ဟု အလေး

www.burmeseclassic.com

www.burmeseclassic.com

သုပ်ခဲ့သော ဦးဇော်၏စကားကို ပြန်ကြားယောင်သည်။

ကျွန်တော်၏ သူငယ်ချင်းများကလည်း ကျွန်တော့်ကို အားပေးကြလေ၏။

'မင်းက သတ္တိကောင်းပါတယ် ကိုထွေးရာ။ စစ်သားလူထွက် တစ်ယောက်ပဲ။ အလောင်းအစား လုပ်လိုက်စမ်းပါ။ ဦးဇော်က မင်း နိုင်ရင် တောင်းတာပေးမယ်လို့ ဆိုခဲ့တာပဲဟာ။ ဦးဇော်က သူဌေး။ မင်း နိုင်လို့တောင်းရင် မင်းတောင်းသလို သူပေးမှာ သေချာတယ်' ဟု ဤသို့ သူငယ်ချင်းများက အားပေးခဲ့ကြ၏။

အမှန်တော့ ကျွန်တော်သည် သူတို့ပြောသကဲ့သို့ပင် စစ်သားလူထွက်တစ်ယောက် ဖြစ်လေသည်။

စစ်တိုက်ရာ၌သာ သတ္တိကောင်းသော ကျွန်တော်သည် တစ္ဆေ၊ သရဲ၊ နာနာဘာဝ၊ ဝိနာဘာဝဆိုသည့် ဒုရလောကသားများကိုတော့ မမြင်ဖူး၊ မတွေ့ဖူး၊ မကြုံဖူး၊ ဆုံဖူးသော်လည်း ကြောက်သည်တော့ အမှန်ပင်။ မင်း တစ္ဆေသရဲ မြင်ဖူးလို့လားဟု ကျွန်တော့်ကို မေးလျှင် ကျွန်တော့်၌ အဖြေရှိသည်။ ၎င်းအဖြေမှာ မမြင်ဖူးဘူးဟူသော ကျွန်တော်၏ အဖြေပင် ဖြစ်လေ၏။

ထိုနေ့မတိုင်မီ တစ်ရက်အလိုက ဦးဇော်နှင့် ကျွန်တော်ထိုအိမ်ဟောင်းကြီးနှင့်ပတ်သက်ပြီး စကားစပ်ကာ ပြောဆိုခဲ့ကြလေ၏။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ဖြစ်သည်။

'အဲဒီအိမ်ကြီးက တစ္ဆေအရမ်းခြောက်တာကွ။ ဟိုးအရင်တုန်းက မင်းတောင် မွေးသေးဦးမှာ မဟုတ်ဘူး။ ငါ့အသက်(၂၀)လောက်က ထင်တယ်။ အဲဒီအိမ်မှာ ကုလားလင်မယား နှစ်ယောက်က ဆွဲကြိုးချပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့ကြတာကွ'

'ဟင်··ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ကြတာလဲ ဦး'

'အဲဒီကုလားလင်မယားမှာ သားနှစ်ယောက်နဲ့ သမီးတစ်ယောက်ရှိတယ်။ သားနှစ်ယောက်က အရမ်းဆိုးတာ။ အရက်လည်း သောက်တယ်။ ဂန်ဂျာလို့ခေါ်တဲ့ ဆေးခြောက်လည်း ရှူတယ်။ မိဘနှစ်ပါးကိုလည်း နေ့တိုင်း ဒုက္ခပေးတယ်။ နောက်ဆုံးတော့ အဲဒီသားနှစ်ယောက်ရဲ့ဒဏ်ကို မခံနိုင်တော့လို့ စိတ်ဆင်းရဲပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ကြတာတဲ့'

'တော်တော်ဆိုးတဲ့ သားတွေဗျာ'

'အဲဒီသားဆိုး နှစ်ယောက်လည်း သိပ်ပြီးကြာကြာ မနေလိုက်ရပါဘူးကွာ။ သူတို့လည်း တစ်ယောက်က အရက်မူးလွန်လို့ အန်ဖတ်ဆို့ပြီး သေတယ်။ တစ်ယောက်ကတော့ ရူးသွပ်ပြီး ချောင်းထဲကျ သေတယ်။ ချောင်းထဲမျောသွားတာ အလောင်းတောင် ရှာမတွေ့ဘူး'

'မိဘကို စော်ကားလို့ သေရတာပဲ။ ကျွန်တော်မသနားဘူး။ သေတောင် နည်းသေးတယ်။ ဒါထက် ကျန်တဲ့သမီးတစ်ယောက်ကရော ဦး'

ဟု ကျွန်တော်က မေးလိုက်ရာ ဦးဇော်က-

'ကုလားလင်မယား နှစ်ယောက်က ခြောက်တယ်ဆိုလား။ အဲဒါကြောင့် အိမ်မှာ တစ်ယောက်တည်း မနေဝံ့လို့ အိမ်က ထွက်သွားလိုက်တာ ခုထိ ပြန်မရောက်လာတော့ဘူး။ တချို့ကတော့ အဲဒီကုလားမလေးလည်း ရူးသွားတယ်ဆိုလား ဘာလားပဲကွ။ ပြန်ကိုပေါ်မလာတာ ခုဆို အနှစ်ငါးဆယ်တောင် မကတော့ဘူး။ တချို့ကတော့ သေပြီလို့တောင် ပြောကြတယ်' ဟု ဆိုလေ၏။

'ဒါဆို ဒီအိမ်ကြီးက ခိုက်လို့နဲ့ တူတယ်။ ဒါမှမဟုတ် ကျိန်စာသင့်နေတဲ့ အိမ်ကြီးများ ဖြစ်နေမလားမသိဘူး' ဟု ကျွန်တော်က ထင်မြင်ချက်ဖြင့် ပြောလိုက်၏။

'ဟုတ်မှာပေါ့'

'နေပါဦး၊ အခု ဒီအိမ်ကြီးက ပိုင်ရှင်မဲ့ဖြစ်နေတဲ့ သဘောလား ဦး'

ဟု ကျွန်တော်က မေးလိုက်လျှင် ဦးဇော်က-

'သေချာတာပေါ့။ ပိုင်ရှင်မဲ့နေတာကတော့ အမှန်ပဲကွ'

'အဲဒီကိစ္စကို ဆွေမျိုးသားချင်းတွေ မသိကြဘူးလား ဦး။ အဲဒီ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားကြတဲ့ ကုလားလင်မယားရဲ့ ဆွေမျိုးမျိုးစပ်တွေကို ပြောတာ'

ဟု ကျွန်တော်က ဆက်မေးရာ ဦးဇော်က-

'မရှိကြလို့နေမှာပေါ့ကွာ။ ငါလည်း သေသေချာချာ မသိပါဘူး' ဟု ဆိုလေ၏။

ကျွန်တော်က ဦးဇော်တို့ရွာဇာတိမဟုတ်ပေ။ ဦးဇော်တို့ ရွာကို တာဝန်အရ ကျောင်းဆရာဘဝဖြင့် ရောက်လာခဲ့သူ ဖြစ်၏။ တာဝန်အရဆို၍ အစိုးရကိစ္စ၊ အစိုးရတာဝန်ဖြင့် ရောက်လာခြင်းမျိုးကား မဟုတ်ချေ။ မိမိ

www.burmeseclassic.com

သဘောဖြင့်၊ မိမိတာဝန်ဖြင့် ရောက်လာခြင်းမျိုးသာဖြစ်၏။ သူငယ်ချင်းတစ်ယောက်က အလည်အပတ် လာရောက်ဖို့ ဖိတ်ခေါ်ခဲ့ရာမှ ရောက်လာရင်း သူငယ်ချင်း၏ ရွာ၌ ပျော်၍ သောင်တင်ခဲ့ခြင်း ဖြစ်လေ၏။

ယခုဆိုလျှင် တစ်နှစ်ခန့်ပင် ကြာညောင်းခဲ့ပြီ ဖြစ်လေ၏။ သူငယ်ချင်း၏အမည်မှာ စိန်လှမောင်ဟူ၍ ဖြစ်လေ၏။ စာဖတ်သူ ရွာသူရွာသားများနှင့် ကလေးသူငယ်များကို စေတနာ့ဝန်ထမ်း လစာမယူဘဲ စာသင်ပြကာ ကျောင်းဆရာ လုပ်နေခဲ့ခြင်းဖြစ်၏။ စိန်လှမောင်နှင့်ပတ်သက်ပြီး ကျွန်တော့်မှာ မိတ်ဆွေသူငယ်ချင်းများ တိုးပွားလာကာ သူ့ဦးဇော်နှင့်ပါ ရင်းနှီးသိကျွမ်းခဲ့ခြင်း ဖြစ်လေ၏။

'မောင်ထွေး..မင်း ဘာတွေစဉ်းစားနေတာလဲ'ဟု ဦးဇော်၏ အမေးစကားကြောင့် ကိုယ့်အကြောင်း ကိုယ်တွေးနေရာမှ ကျွန်တော် အတွေးပြတ်သွားလေ၏။

'ဘာရယ်မဟုတ်ပါဘူး ဦးရယ်၊ ဦးပြောတဲ့ ကုလားလင်မယား အိမ်ကြီးအကြောင်း စိတ်ဝင်စားလို့ တွေးနေမိတာပါ'

'စိတ်ဝင်စားတယ်ဆိုရင် မင်းနဲ့ငါ အလောင်းအစား လုပ်ကြည့်ကြမလား'

'ဘယ်လိုအလောင်းအစားမျိုးလဲ ဦး'

'မင်းက စစ်မှုထမ်းခဲ့ဖူးတာဆိုတော့ သတ္တိတော့ ကောင်းမှာပါ။ အလောင်းအစားက အဲဒီအိမ်ကြီးမှာ မင်း တစ်ညလုံး တစ်ယောက်တည်း အိပ်ရဲပါ့မလား။ အိပ်ရဲရင် မင်းလိုတာ ငါ့ဆီတောင်း၊ ငါပေးမယ်။ တစ္ဆေသရဲ ခြောက်လို့ မအိပ်ရဲဘဲ ထွက်ပြေးလာရင်တော့..'

ဟု ပြောရင်းတန်းလန်း စကားကို ရပ်နားလိုက်သဖြင့် ကျွန်တော်က–

'မအိပ်ရဲလို့ ကြောက်ပြီး ကျွန်တော်ထွက်ပြေးလာခဲ့ရင် ကျွန်တော်က ဦးကို ဘာပြန်ပေးရမလဲ'ဟု ပြန်၍ မေးလိုက်လေ၏။

'မင်း ပေးစရာမလိုဘူး။ မင်းဘက်က အိပ်ရဲခြင်း၊ မအိပ်ရဲခြင်းနဲ့ပဲ ဆိုင်တယ်'

'အလောင်းအစားကို ငယ်ငယ်ကတည်းက ဝါသနာထုံလာတဲ့ ဦးဇော်ပဲကွာ။ ကတိတည်ပါတယ်'

ဤသို့ဖြင့် ဦးဇော်နှင့် ကျွန်တော်သည် အလောင်းအစား လုပ်ခဲ့ကြလေတော့၏။

◆◆◆

အစဦးက ဖော်ပြခဲ့သည့်အတိုင်း ညသည် တိတ်ဆိတ်ငြိမ်ချက်သားကောင်းလျက် ပိန်းပိတ်စွာ မှောင်လျက်ရှိ၏။ စောစောက ရိပ်ခနဲမြင်တွေ့လိုက်ရသော အရိပ်သဏ္ဌာန်သည် ယခုအချိန်ထိ ပြန်လည်ပေါ်ပေါက်လာခြင်း မရှိတော့သဖြင့် ကျွန်တော်လည်း အိမ်ကြီးအတွင်းသို့ တစ်လှမ်းချင်း ဝင်ရောက်လာခဲ့တော့၏။

အိမ်အတွင်းပိုင်းကို လက်နှိပ်ဓာတ်မီးဖြင့် အနှံ့ထိုး ကြည့်လိုက်သည်။ ထင်သာမြင်သာရှိသော အရာအားလုံးတို့သည် ဖရိုဖရဲဖြစ်နေကြလေ၏။ ဘယ်နေရာကြည့်ကြည့် ရှုပ်ပွလျက် ရှိ၏။

ကျွန်တော်ရောက်ရှိနေသော အခန်းမှာ ဧည့်ခန်းဟု ထင်သည်။ တစ်ခန်းလုံး မှောင်ပိန်းနေသောကြောင့် လက် နှိပ်ဓာတ်မီးကို ထွန်းထားရလေ၏။ ဖယောင်းတိုင်နှင့် မီးအိမ်တစ်ခုခု တွေ့လို့တွေ့ငြား ကျွန်တော်ရှာကြည့်သည် ရလျှင် တွေ့လျှင် ကျွန်တော် မီးညှိထွန်းမည်ဟု စိတ်အကြံ ရှိ၏။ ကျွန်တော်၏ စိတ်အကြံသည် မအောင်မြင်ခဲ့ေ ဖယောင်းတိုင်ရော မီးအိမ်ရော ရှာမတွေ့ခဲ့သောကြောင့် ဖြစ်လေ၏။

အိပ်စက်ဖို့ ကျွန်တော် နေရာရှာလိုက်သည်။ ထိုစဉ် ပင် ကျွီဟူသော အသံတစ်ခု ညဉ့်ယံကို ခွင်းဖောက် ချောက်ချားစွာ ထွက်ပေါ်လာလေ၏။

ကျွန်တော်ရှိနေသော အခန်း၏ ရှေ့တည့်တည့် အခန်းတစ်ခုမှ တံခါးဖွင့်လိုက်သံ ဖြစ်သည်။

ကျွန်တော် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက် ရိပ်ခနဲ လျှင်မြန်စွာဖြင့် အရိပ်သဏ္ဌာန်သည် ကျောခိုင် လိုက်လေ၏။

ကျွန်တော်သည် လက်နှိပ်ဓာတ်မီးကို အဆက်မပြတ် ထိုးလျက်ထားရင်း 'ဟိတ်..ဘယ်သူလဲ'ဟု အသံပြု မေးလိုက်၏။

တစ်ဖက်မှ ပြန်၍အသံမပြုသောကြောင့် ဒုတိ အကြိမ် 'ဟေ့..ဘယ်သူလဲလို့ မေးနေတယ်လေ'ဟု မေးလိုက်၏။

အရိပ်သဏ္ဌာန်သည် ဘာအသံမှ ပြန်လည်တုံ့ပြ မရှိဘဲ လှစ်ခနဲ ပြေးထွက်သွားလေ၏။ ကျွန်တော်သ



www.burmeseclassic.com

www.burmeseclassic.com

ပြေးထွက်သွားသော အရိပ်သင်္ချာန်ကို လျှင်မြန်စွာ ခုန်အုပ်လိုက်ပြီး တိုက်ခိုက်လေ၏။

'ခွပ်'

လက်ထဲက လက်နှိပ်ဓာတ်မီးဖြင့် ကျွန်တော် ရိုက်ထည့်လိုက်သည်။

'အား'

ကျွန်တော်၏ ရိုက်ချက်မှာ အတော်အတန် ပြင်းထန်လေ၏။ အရိပ်သင်္ချာန်သည် နောက်စေ့ကို ကောင်းစွာ ထိမှန်သွားသောကြောင့် အားဟုအော်ပြီး ဆက်ပြေးသွားလေတော့၏။

ကျွန်တော်၏ လက်နှိပ်ဓာတ်မီးလည်း မှန်သားများ ကွဲစင်ကြေမွသွားပြီး မီးလုံးပါ ပျက်စီးသွားသောကြောင့် မီးထိုး၍ မရတော့ပေ။

အမှောင်ထုကြားတွင် တစ္ဆေလော ဘာလော မသိသော အရိပ်သင်္ချာန်ကိုလည်း ရှာ၍မတွေ့တော့ပေ။ ဘယ်ရောက်သွားမှန်းလည်း မသိတော့ပေ။

ကျွန်တော်သည် ကတိကဝတ်ပြုခဲ့သည့်အတိုင်း ထိုကုလားလင်မယားအိမ်ကြီးအတွင်း၌ တစ်ညတာကုန်ဆုံးခဲ့ပြီး မနက်ကျတော့ ဦးဇော်နှင့် ကျွန်တော် ဆုံဖြစ်၏။ ကျွန်တော်၏သူငယ်ချင်းများက ကျွန်တော့်အား ကောင်းချီးသြဘာတို့ဖြင့် ဂုဏ်ပြုအားပေးကြလေ၏။

ကျွန်တော်နှင့် အလောင်းအစားပြုခဲ့သော ဦးဇော်က 'ငါ ရှုံးသွားပြီ။ မင်း နိုင်တဲ့အတွက် မင်းကြိုက်တာ တောင်းပေတော့'ဟု ဆိုလေ၏။

ကျွန်တော်သည် ရိုးသားစွာဝန်ခံရလျှင် ဦးဇော်၏ တစ်ဦးတည်းသောသမီးလေး ရွှေရည်ကို ချစ်မြတ်နိုး၍ တောင်းခံလိုသော်လည်း ဦးဇော်အနေအထားကိုမြင်ပြီး ကျွန်တော် မတောင်းရက်တော့ပေ။

ကျွန်တော်၏ စိတ်ထဲတွင်လည်း ဦးဇော်ကို သနားနေမိ၏။ ထို့အတူ အားလည်း နာမိနေလေ၏။ အဘယ်ကြောင့်ဆိုသော် ဦးဇော်၏ခေါင်းတွင် ပတ်တီးစည်းထားလျက် ကျွန်တော့်ကိုလည်း ရှက်ကိုးရှက်ကန်းဖြင့် ကြည့်နေသောကြောင့်တည်း။


ရှင်ထွေးအောင်




သုခရတနာ

ဓမ္မစာပေဖြန့်ချိရေး

- ပဋ္ဌာန်းပါဠိတော်
- ပရိတ်ကြီး(၁၁)သုတ်ပါဠိတော်
- ဓမ္မစကြာနှင့်
  အနတ္တလက္ခဏသုတ် ပါဠိတော်
- ဓာရဏပရိတ် အဘိဏှသုတ်နှင့်
  ပရိမိတ္တဇာလသုတ် ပါဠိတော်



R 4/5907

ဓာတ်တော်ကောင်းလက်ကမ်း ဘုရားစာအုပ်များ ရရှိနိုင်ပါသည်။

အမှတ်-၅၃၂(ပထမထပ်)၊ ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)အထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၇၃၁ ၉၉၄၂၅ ၊ ၀၉ ၇၃၀ ၇၆၅၉၄

www.burmeseclassic.com

အချိန်အားဖြင့် မှောင်ရီဖျိုးဖျဖြစ်သဖြင့် လမ်းမကြီးတစ်လျှောက်ရှိ ဟိုတယ်များ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များ၊ ကာရာအိုကေဆိုင်များမှ တဖျတ်ဖျတ်တလက်လက် တောက်ပလျက်ရှိသော နီယွန်မီးရောင်များကြောင့် ဓီဇဝါလမ်းမကြီးတစ်လျှောက် ရောင်စုံတောက်ပလျက် ရှိသည်။ လူစည်ကားဆုံးအချိန်ဖြစ်၍ ကားများကလည်း ဥဒဟိုပြေးလွှားလျက်ရှိသည်။ စည်ဘီယာဆိုင်များမှ ထွက်ပေါ်လာသော တေးသံရှင်များ၏ သီဆိုသံက တစ်ချက်,တစ်ချက် ပျံ့လွင့်လာသည်။

ကိုအောင်ထိုက်သည် မီးကျောင်းသားရေဖြင့် ချုပ်ထားသော တစ်ပေခန့်ရှိ ပိုက်ဆံအိတ်ကလေးကိုကိုင်၍ တစ်လှမ်းချင်း လေးလေးပင်ပင်နှင့် လျှောက်လာသည်။ တစ်နေရာအရောက် ဓီဇဝါလမ်းမကြီးကို ဦးတိုက်ထားသော ပုန်းညက်လမ်းထဲသို့ ချိုးဝင်လိုက်ပြန်သည်။ ကိုအောင်ထိုက်၏ ခေါင်းထဲတွင် စိတ်ညစ်စရာတွေ ရှိနေသောကြောင့် တစ်လှမ်းချင်း လှမ်းလာပြီး ကိုင်ထားရသည့် ပိုက်ဆံအိတ်ကလေးကိုပင် လေးနေသည်ဟု စိတ်ထဲမှာ ထင်နေမိသည်။

ကိုအောင်ထိုက်၏ မျက်စိထဲတွင် အသားညိုညို၊ နဖူးကျယ်ကျယ်၊ အရုပ်မြင့်မြင့် ကွမ်းတမြုံ့မြုံ့ဝါးကာ မေးခွန်းများ ထပ်ကာ,ထပ်ကာ မေးနေသော ဒုရဲအုပ်၏ မျက်နှာကို တရေးရေး မြင်လာသည်။

ကိုအောင်ထိုက်က ကုန်တိုက်တစ်ခု၏ စီမံအုပ်ချုပ်မှု မန်နေဂျာဖြစ်၍ ငွေရေးကြေးရေးကိစ္စများသည် ကို






www.burmeseclassic.com

www.burmeseclassic.com

အောင်ထိုက်နှင့် လုံးဝမသက်ဆိုင်။ ထို့ကြောင့်လည်း မသိပါ။ နားမလည်ပါ၊ မဆိုင်ပါ။ မပတ်သက်ပါ ဆိုသော အဖြေများသာ ပေးခဲ့သည်ဖြစ်သော်လည်း စခန်းမှူးနှင့် ဒုရဲအုပ်တို့၏ (၁)နာရီခန့်ကြာအောင် ဖြေခဲ့ရသော မေးခွန်းများကြောင့် ဓာခွေးပင် ပြန်ခဲ့ရသည်။ ယခုတော့လည်း စိတ်ထဲက ပေါ့ပါးသွားသလို ခံစားလိုက်ရသော်လည်း အမှုအခင်းနှင့် ပတ်သက်၍ စစ်ဆေးမေးမြန်းမှုကို ပထမဦးဆုံးအကြိမ် ကြုံတွေ့လိုက်ရသောကြောင့် ခေါင်းထဲက နောက်တောက်တောက်ပင် ဖြစ်နေမိသည်။

ကိုအောင်ထိုက်လုပ်သော ဂန့်ဂေါ်ကုန်တိုက်သည် အခါကြီးရက်ကြီးမှလွဲ၍ နေ့စဉ် နံနက်(၆)နာရီမှ ည(၉)နာရီအထိ ပိတ်ရက်မရှိ ဖွင့်သည်။ တစ်နေ့လုံး ရောင်းရငွေများကို ညစဉ် (၉)နာရီခွဲတွင် စာရင်းနှင့်တကွ ဆိုင်ရှင်ထံ ပို့ရသည်။ အရောင်းမန်နေဂျာနှင့် ဆိုင်လုံခြုံရေး(၂)ဦးက ရန်ကုန်ထဲရှိ ဆိုင်ရှင်ထံ သွားရောက်ပို့ရသည်။ ဆိုင်က ရန်ကုန်မြို့နှင့် အနည်းငယ်လှမ်းသောကြောင့် မီးခံသေတ္တာ မထားချေ။

နေ့စဉ် လုပ်နေကျအတိုင်းဖြစ်၍ မနေ့က အရောင်းမန်နေဂျာနှင့် လုံခြုံရေး(၂)ဦးက ငွေထုပ်များကို သွားအပို့တွင် လူတစ်စုက အမှတ်မထင် အနုကြမ်းစီးသွားခြင်းဖြစ်သည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း အရောင်းမန်နေဂျာ၊ လုံခြုံရေးနှစ်ဦးနှင့် ယာဉ်မောင်းကို ကြိုးနှင့်တုပ်ကာ လူရှင်းသော မြို့စွန်တစ်နေရာတွင် ချထားခဲ့ပြီး ကားပါ အပိုင်စီးသွားခြင်း ဖြစ်သည်။

ဆိုင်ရှင်က နောက်တစ်နေ့မှ ရဲစခန်းတွင် တိုင်ချက်ဖွင့်သောကြောင့် ထိုနေ့တွင် ကုန်တိုက်ပိတ်ကာ ကုန်တိုက်ကြီးတစ်ခုလုံး ရဲများဖြင့် ရှုပ်သွားတော့သည်။ ကိုအောင်ထိုက်မှာ ထိုအမှုနှင့်ပတ်သက်၍ မည်သို့မျှ သက်ဆိုင်ခြင်းမရှိသော်လည်း ရဲလုပ်ထုံးလုပ်နည်းအရ မေးသင့်မေးထိုက်သူများကို တစ်စုံတစ်ခုသော သဲလွန်စရနိုင်ရေးအတွက် မေးမြန်းနေခြင်း ဖြစ်သည်။

ကိုအောင်ထိုက်သည် ပုန်းညက်လမ်းအတိုင်း လျှောက်လာရင်း နဖူးပေါ်က ချွေးစေးများကို လက်နှင့် သပ်ချလိုက်သည်။ ခါတိုင်း ကုန်တိုက်မှအပြန်တွင် သူငယ်ချင်းတစ်ယောက် ကားကြုံနှင့် လိုက်လေ့ရှိသော်လည်း ဒီနေ့တွင် ရဲမှ အစစ်ဆေးခံရန်ရှိနေ၍ မစောင့်တော့ရန် ဖုန်းဆက်ထားပြီး ဖြစ်သည်။ လိုင်းကားစီးရန်လည်း ကိုအောင်ထိုက် ပြန်ချိန်ဆို ကားကကျပ်၊ လူပေါင်းစုံ၊ အနံ့ပေါင်းစုံတို့ကြောင့် ခေါင်းနောက်ရသည့်အထဲ ခေါင်းကိုက်သွားနိုင်သောကြောင့် ကုန်းကြောင်းပင် လျှောက်လာခဲ့ခြင်း ဖြစ်သည်။

ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာရင်း ကိုအောင်ထိုက်နောက်ဘက်မှ ဖိနပ်သံတစ်ခုကို သတိထားမိလိုက်သည်။ ဖိနပ်သံက သူ့နောက်မှ တချွပ်ချွပ် သူ့ခြေလှမ်းသလို ခြေလှမ်းမှန်မှန်နှင့် လိုက်လာနေခြင်း ဖြစ်သည်။ သူ့ခြေထောက်က ခပ်သွက်သွက်တိုးလျှောက်လျှင် နောက်က ဖိနပ်သံက ခပ်သွက်သွက်ကြားလာသလို သူ ခပ်ဖြည်းဖြည်း လျှောက်ပါက ဖိနပ်သံက ခပ်ဖြည်းဖြည်း ကြားရသည်။

တစ်နေရာအရောက်တွင် သူ့နောက်ကို ဖျတ်ခနဲလှည့်ကြည့်လိုက်သောအခါ ခပ်မည်းမည်းအရိပ်တစ်ခုကို လှမ်းမြင်လိုက်ရသည်။ ပထမတော့ သူ့ကိစ္စနှင့်သူ လျှောက်လာသည်ကို မိမိစိတ်ကထင်လို့ပဲဟု ယူဆသော်လည်း နောက်မှ ကြားလာရသော ဖိနပ်သံက နီးသည်ထက်နီးလာသောကြောင့် တစ်စုံတစ်ခုများ ဖြစ်လေမလားဟု စိတ်က ထင်လိုက်မိသည်။ ဖြတ်သွားဖြတ်လာကားများကို လိုက်ကြည့်သလိုလိုနှင့် မျက်စိက နောက်ကို ဈေကြည့်လိုက်သော်လည်း ဖိနပ်သံနှင့်အတူ ခပ်မည်းမည်းအရိပ်က နောက်က လိုက်နေဆဲ ဖြစ်သည်။

မနေ့က ကုန်တိုက်မှကားကို အနုကြမ်းစီးမှုနှင့်ပတ်သက်၍ ရဲက မသင်္ကာသောကြောင့် မိမိနောက်မှပင် လိုက်နေသလား။ မိမိကိုင်ထားသော ပိုက်ဆံအိတ်ကို အထင်ကြီး၍ လုမည့်သူများ လိုက်နေသလား။ သို့လော,သို့လောနှင့် ကိုအောင်ထိုက်က ခပ်သွက်သွက်ပင် ဆက်လျှောက်လာခဲ့သည်။ မိမိတိုက်ခန်းကို ရောက်ဖို့က မိနစ်(၂၀)လောက် လျှောက်ရဦးမည်။

ဖြတ်သွားဖြတ်လာ ကားများကိုကြည့်ရင်း တစ်စုံတစ်ခုကို တွေးမိကာ ပလက်ဖောင်းတွင်ရပ်၍ ကကတစ်စီးကို ဖျတ်ခနဲ လှမ်းတားလိုက်သည်။ အနားရောက်မှ ယာဉ်မောင်းက လက်ခါပြသွားသောကြောင့် နောက်တစ်စီးကို လှမ်းတားရန် အစောင့်တွင် မည်းမည်းအရိပ်တစ်ခုက အနားကို ရောက်လာသည်။ လှည့်ကြည့်လိုက်သောအခါ ဂျင်းဘောင်းဘီ၊ ဂျာကင်အင်္ကျီနှင့် လျှာထိုးဦးထုပ်လေး

www.burmeseclassic.com

ကို ဆောင်းထားသော အရုပ်ခပ်မြင့်မြင့် လူတစ်ယောက်က ကိုအောင်ထိုက် အနားကို ကပ်လာသည်။

ကိုအောင်ထိုက်သည် အနားသို့ကပ်လာသော ထိုလူကို အကဲခတ်ရင်း လက်ကိုင်အိတ်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားလိုက်သည်။ ထိုလူသည် သိဟောင်းကျွမ်းဟောင်းထဲက မဟုတ်ဘဲ ဖြူဖွေးသောသွားများပေါ်အောင် ပြုံးပြလာသောကြောင့် ကိုအောင်ထိုက်သည် သဘောမပေါက်နိုင်အောင် ဖြစ်သွားရသည်။

'ဒီမှာ ကိုအောင်ထိုက်၊ ခင်ဗျားကတော့ ကျုပ်ကို သိမှာ မဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားကိုတော့ ကျုပ်က ကောင်းကောင်းကြီး သိနေပါတယ်။ ကျုပ် ခင်ဗျားနဲ့ စကားအေးအေးဆေးဆေး ပြောချင်တယ်'

အေးစက်မာကျောသော မျက်လုံးဖြင့် စိုက်ကြည့်ကာ စကားပြောလာသော ထိုလူအား ကိုအောင်ထိုက်က ခပ်တည်တည်ဖြင့် စောင်းငဲ့ကြည့်လိုက်သည်။

ထိုလူက ဘေးဘီဝဲယာကို တစ်ချက်ကြည့်လိုက်ရင်း-

'သိပ်မစိုးရိမ်ပါနဲ့ဗျာ။ ရှင်းရှင်းပြောရရင် ကျုပ်ကတော့ မနေ့က ခင်ဗျားတို့ ကုန်တိုက်က ငွေပို့တဲ့ကားကို အနှောက်ယှက်ပြီး အကြမ်းစီးသွားတဲ့ အဖွဲ့ရဲ့ ခေါင်းဆောင်ပဲ'

ထိုလူ၏ စကားကြောင့် ကိုအောင်ထိုက်သည် နှလုံးသွေးများ ရပ်ဆိုင်းသွားသလို ခံစားလိုက်ရသည်။ တစ်ဆက်တည်းပင် လုံးဝစကားပြန်မပြောနိုင်ဘဲ လျှာထိုး ဦးထုပ်အောက်မှ ထိုလူ၏ စူးရှတောက်ပြောင်သော မျက်လုံးအစုံကို စိုက်ကြည့်နေမိပြန်သည်။

'ကျုပ်တို့အဖွဲ့ဟာ အခု အခြေအနေမကောင်းတော့ဘူး။ ရဲတွေက လက်ဦးသွားလို့ ရန်ကုန်မြို့အလွန်မှာပဲ နှစ်ယောက်အဖမ်းခံလိုက်ရတယ်။ ကျန်တဲ့ ကျုပ်တပည့်တစ်ယောက်နဲ့ ကျုပ်တောင် ချက်ချင်း လူချင်းခွဲပြီး ထွက်လာတာ ဟိုကောင်တော့ ဘယ်ကိုပြေးပြီလဲ မသိဘူး။ ကျုပ်ကတော့ ဒီမှာကျန်နေခဲ့တာ။ ခက်တာက ဒီမြို့ရဲ့လမ်းဆုံတိုင်းကို ရဲတွေက လူခွဲပြီး ပိုက်စိပ်တိုက်ရှာနေတယ်။ ဒီလောက်ဆို ခင်ဗျား သဘောပေါက်လောက်ပါတယ်။ အဲဒီတော့ ခင်ဗျား ကျုပ်ကို တစ်ခုလောက် ကူညီပါ။ ဒီတစ်ညတော့ ခင်ဗျားအခန်းမှာ ကျုပ်ကို တည်းခိုခွင့်ပေးပါ။ မနက်ဖြန် မနက်ကိုတော့ ကျုပ်သွားပါ့မယ်။ ကျုပ်နာမည်က ဘတင့်လို့ ခေါ်ပါတယ်'

ဘတင့်ဆိုသူက ကိုအောင်ထိုက်ကို စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်ကာ ကိုအောင်ထိုက်၏ အဖြေကို စောင့်မျှော်နေရာမှ စိတ်မရှည်နိုင်ဟန်ဖြင့်-

'တကယ်လို့ ခင်ဗျားငြင်းမယ်ဆိုရင်တော့ ခင်ဗျားခန္ဓာကိုယ်ထဲကို ကျည်ဆန်ခြောက်တောင့်လုံး ပစ်ထည့်လိုက်ရမှာပဲ။ လွန်ခဲ့တဲ့(၃)လလောက်ကတည်းက ခင်ဗျားတို့စတိုးဆိုင်က လူတွေအကြောင်းကို ကျုပ်က လေ့လာထားပြီးသား။ ခင်ဗျားကိုလည်း ကျုပ် ကောင်းကောင်းသိတယ်။ ရွှေဟင်္သာအိမ်ရာ၊ တိုက်(၆)၊ အခန်း(၂)မှာ ခင်ဗျား နေတယ်။ ခင်ဗျားမှာ ဇနီးနဲ့ ကလေးတစ်ယောက် ရှိတယ်။ ခင်ဗျားဇနီးက ကျောင်းဆရာမ ဆိုတာကအစ ကျုပ်သိတယ်။ ကဲ··ကိုအောင်ထိုက်၊ အချိန်သိပ်မရှိတော့ဘူး။ ကျုပ်တို့ လုပ်ငန်းစလိုက်ကြရအောင်'

ဘတင့်က စကားကိုဖြတ်လိုက်ကာ ဂျာကင်အင်္ကျီ ညာဘက်အိတ်ထဲသို့ လက်နှိုက်လိုက်ပြီး မသိမသာလှုပ်ပြလိုက်သည်။ သေနတ်ပြောင်းနှင့်တူသော ဖုချွန်နေသည့် အရာတစ်ခုကို မီးရောင်အောက်မှာ တွေ့လိုက်ရသည်။

ကိုအောင်ထိုက်၏ မျက်နှာတစ်ပြင်လုံး သွေးမရှိလောက်အောင်ပင် ဖြူရော်သွားသည်။ ကြောက်ရွံ့စိတ်တို့ဖြင့် ဘာလုပ်ရမှန်း မသိလောက်အောင် တွေဝေသွားသည်။

'ကဲ··ကိုအောင်ထိုက်၊ ဣန္ဒြေရရကလေးနဲ့ ဘာမှမဖြစ်သလို ခင်ဗျားရှေ့ကနေ ဖြည်းဖြည်းလျှောက်။ ကျုပ်နောက်ကနေ လိုက်ခဲ့မယ်။ ခင်ဗျား နောက်ကို လုံးဝလှည့်မကြည့်နဲ့။ သဘောပေါက်တယ်နော်'

ကိုအောင်ထိုက်က စကားတစ်လုံးမှ ပြန်မပြောနိုင်ဘဲ သွေးမရှိတော့သော မျက်နှာဖြင့် ဣန္ဒြေဆည်ကာ တစ်လှမ်းချင်း လျှောက်လာသည်။ ကိုအောင်ထိုက်၏ အတွေးထဲတွင်ကား ဇနီးနှင့် သားကလေးမျက်နှာကို မြင်ယောင်နေသည်။ ယနေ့ညအဖို့ သူတို့မိသားစု၏ ကံကြမ္မာကို ဘယ်လိုဖန်တီးရမည်ကို မတွေးရဲအောင် ဖြစ်နေလေသည်။ နောက်မှ ဖိနပ်သံကား စည်းချက်မှန်စွာ ကပ်ပါလာလျက်။

♦♦♦

အဝေးမှ လှမ်းကြည့်လိုက်သောအခါ တိုက်ခန်းမှ မီးရောင်ကို မြင်လိုက်ရသည်နှင့် ဇနီးသည် ရှိမှာနှင့်



www.burmeseclassic.com

www.burmeseclassic.com

သားငယ်တို့ အိမ်မှာရှိနေမှန်း ကိုအောင်ထိုက် သဘောပေါက် လိုက်သည်။ တိုက်ခန်းနားကို ရောက်သည်နှင့် အခြားအခန်းဖော်များ တွေ့လိုတွေ့ငြား ကြည့်သော်လည်း တစ်ယောက်မှ မတွေ့။ မိမိအခန်းနားသို့ ရောက်ချိန်တွင် ဘတင့်သည် ကိုအောင်ထိုက် အနားသို့ ကပ်ကာ-

'ကိုအောင်ထိုက်··အိမ်ထဲကို ခင်ဗျား ရှေ့က အရင်ဝင်ရမယ်။ တံခါးပြန်ပိတ်ဖို့က ကျုပ်တာဝန်။ ခင်ဗျားဇနီးကိုလည်း စကားမပြောရဘူး။ အိမ်ထဲရောက်ရင် ကျုပ်အစီအစဉ်အတိုင်း လိုက်နာရမယ်'

ဘတင့်၏အသံကား မာကျောလှသည်။ သူ့မျက်လုံးနှစ်လုံးက စူးရှတောက်ပြောင်နေသည်။ မလိုက်နာပါက ရက်စက်မည့်သဏ္ဌာန်ကို ဆောင်လျက်ရှိသည်။

အိမ်ရှေ့တံခါးမကြီးတွင် တပ်ဆင်ထားသော လူခေါ်ဘဲ(လ်)ကလေးကို နှိပ်လိုက်သည်နှင့် မရှေးမနှောင်းမီပင် တံခါးမကြီး ပွင့်လာသည်နှင့်တစ်ပြိုင်နက် နှစ်ဦးစလုံး ရှေ့ဆင့်နောက်ဆင့် ဝင်လိုက်ကြသည်။ ဘတင့်က တံခါးကို ကျောနှင့်ကပ်ကာ ပိတ်လိုက်ပြီး ဂျာကင်အင်္ကျီအိတ်ထဲမှ သေနတ်ကို ထုတ်ချိန်လိုက်သည်။

ပထမတော့ ကိုအောင်ထိုက်၏ဇနီး မရွှေမာသည် အံ့သြကြောက်ရွံ့စွာ ငေးကြောင်၍ကြည့်နေရင်းမှ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်လာကာ အနားတွင် ရပ်နေသော (၁၀)နှစ်သားလောက်ရှိ ကလေးလေးအား ပခုံးကိုဆွဲကာ ဖက်ထားလိုက်သည်။ ကလေးလေးက လူစိမ်းဘတင့်ကို တစ်လှည့် ကိုင်ထားသော သေနတ်ကိုတစ်လှည့်၊ ဖခင်ကိုအောင်ထိုက်ကိုတစ်လှည့် ကြောက်ရွံ့တွေဝေစွာဖြင့် ငေးကြည့်နေသည်။

ဘတင့်က သေနတ်ချိန်ထားရင်းက လက်တစ်ဖက်ဖြင့် တံခါးခလုတ်ကို ပိတ်လိုက်ကာ အခန်းတစ်ခုံးလုံးအား မျက်လုံးဝေ့ကြည့်လိုက်သည်။

'ကဲ··ခင်ဗျားတို့ စကားတစ်ခွန်းမှ မပြောကြနဲ့။ ဟောဟိုဧည့်ခန်းက ကုလားထိုင်ပေါ် သွားထိုင်ကြ'

ကိုအောင်ထိုက်က ဘတင့်၏အမိန့်အတိုင်း ဇနီးသည်နှင့် သားကလေးကိုခေါ်ကာ ဧည့်ခန်းဆီသို့ ထွက်သွားသည်။ ကိုအောင်ထိုက်၏ သားကလေးမှာ မလိုက်ချင်လိုက်ချင်နှင့် ဘတင့်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

'ဟေ့··သွားလေ၊ ဘာကြည့်နေတာလဲ'

ဘတင့်က. သေနတ်ချိန်လျက်နှင့် ကုလားထိုင်အလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

မရွှေမာဘက် လှည့်ကာ-

'ဒီက ကိုအောင်ထိုက်ဇနီးက'

'ကျွန်မနာမည် မရွှေမာပါ'

'ဟုတ်ပြီ မရွှေမာ၊ ခင်ဗျားကတော့ ကျုပ်ကို သိမှာမဟုတ်ဘူး။ ကိုအောင်ထိုက်ကို ပြောပြပြီးပါပြီ။ ကျုပ်ကတော့ ဓားပြလူဆိုးတစ်ယောက်ပဲ။ ခင်ဗျားတို့အိမ်မှာ တစ်ညတည်းခိုဖို့ ရောက်လာတယ်ဆိုပါတော့။ ခင်ဗျားတို့အားလုံး ကျုပ်ဆန္ဒကို လိုက်လျောရင် ခင်ဗျားတို့မိသားစုကို ဘာမှအန္တရာယ်မှ မပေးဘူးဆိုတာ ကျုပ်ကတိပေးတယ်။ ကျုပ်က သေလူတစ်ယောက်ပဲ။ ကျုပ်ကို ရဲဘက်အပ်ဖို့ ကြံနေ၊ ဒါမှမဟုတ် တစ်စုံတစ်ခု ကျုပ်အပေါ် ဖောက်ဖျက်ဖို့ ကြံရင်တော့ ကျုပ်သေနတ်ထဲက ကျည်ဆန်တွေဟာ ခင်ဗျားတို့မိသားစုအတွက်ပဲလို့ မှတ်လိုက်ပါ။ ကျုပ်ပြောတာကို မရွှေမာ သဘောပေါက်တယ်နော်။ ကျုပ်ပြောတာတွေ မဖောက်ဖျက်ဘူးဆိုရင်တော့ မရွှေမာ ကျုပ်ကို ကြောက်စရာမလိုဘူး။ လန့်စရာလည်း မလိုဘူး။ မနက်မိုးလင်းတာနဲ့ ကျုပ် ဒီအိမ်ကနေ အေးအေးဆေးဆေး ထွက်သွားမယ်'

ဘတင့်၏ စကားအဆုံးတွင် ကိုအောင်ထိုက်တို့ လင်မယားသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြောက်စိတ်များ မွန်ထူသွားကြသည်။ ဘတင့်က သေနတ်ကို စားပွဲပေါ်တင်လိုက်ကာ စီးကရက်တစ်လိပ်ကို ထုတ်သောက်လိုက်သည်။ ပေါ့ပါးလန်းဆန်းသွားဟန်ဖြင့် မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်သည်။ ကိုအောင်ထိုက်တို့ ဇနီးမောင်နှံကား စကားတစ်လုံးမှမပြောနိုင်ဘဲ ကျောက်ရုပ်များကဲ့သို့ ငြိမ်သက်နေကြသည်။

'သြော်··မေ့နေတယ်။ မင်းနာမည်က ဘယ်သူလဲကွ။ ဒီကို လာပါဦး'

ဘတင့်က ကိုအောင်ထိုက်၏ သားကလေးကို သတိရ၍ ခေါ်လိုက်သည်။ ကလေးက ဘတင့်၏မျက်နှာကို မကြည့်ရဲသကဲ့သို့ ခေါင်းကို ငုံ့နေသည်။

'လာပါကွယ့်၊ အန်ကယ့်ကို မကြောက်ပါနဲ့။ စောစောက အန်ကယ်က အော်လိုက်လို့ ကြောက်သွားပြီထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com

စာေစာက တင်းမာခက်ထန်သလောက် ယခုအခါတွင် ပျော့ပျောင်းသိမ်မွေ့စွာ အပြောအဆို ပြောင်းလဲသွားသဖြင့် ကလေးက ဘတင့်အား မကြည့်ရဲ ကြည့်ရဲနှင့် မျက်လုံးကလေးလှန်ကာ ကြည့်လိုက်သည်။

'ပြောပါကွယ့်၊ မင်းနာမည် ဘယ်သူလဲ'

'ဝေမိုးအောင်'

ဘတင့်က ဖော်ရွေစွာပြုံးပြရင်း သဘောကျသွားဟန်ဖြင့် ဝေမိုးအောင်၏ ပခုံးပေါ်ကို လက်တစ်ဖက် တင်လိုက်ကာ-

'ဩော်··မင်းနာမည်က ဝေမိုးအောင်လား။ နာမည်ကလေးက လှတယ်။ မင်းကလည်း ချစ်စရာကောင်းတယ်။ အန်ကယ့်ကို ကြောက်သလား။ အန်ကယ်က အလကားလူကြီးပါကွာ။ အန်ကယ့်သေနတ်ထဲမှာလည်း ကျည်ဆန်တစ်တောင့်မှ မရှိပါဘူး'

ဘတင့်က ဝေမိုးအောင်ကိုကြည့်၍ ခပ်အုပ်အုပ်ကလေးရယ်လိုက်ပြီး စီးကရက်တိုကို နောက်ဆုံးဖွာရှိုက်၍ ဖန်ခွက်ကလေးထဲသို့ ပစ်ထည့်လိုက်သည်။ ကိုအောင်ထိုက်တို့မိသားစုမှာ ဘတင့်ကိုကြည့်၍ အသက်ပင် မရှုရဲ။

'ကိုင်း··ခင်ဗျားတို့ ကျုပ်ကို ခုထက်ထိ ကြောက်နေတုန်းပဲလား။ ကျုပ်ဟာ ဒီတစ်ည ခင်ဗျားတို့ရဲ့ ဧည့်သည်ပါ။ ရန်သူ မဟုတ်ပါဘူး။ ခင်ဗျားတို့စိတ်ထဲမှာ ကျုပ်ဟာ ပုရွက်ဆိတ်ကလေးတစ်ကောင် အိမ်ထဲ ဝင်လာတယ်လို့ပဲ သဘောထားလိုက်။ ဒီစားပွဲပေါ်က သေနတ်ကလည်း ခင်ဗျားတို့ကို ဘယ်လိုမှ ရန်မရှာဘူး။ အဲ··ကျုပ်အပေါ် သစ္စာဖောက်ရင်တော့ သူ့အလုပ်သူ လုပ်လိမ့်မယ်။ ကဲ··သေနတ်ကို ကျုပ်သိမ်းထားလိုက်မယ်။ မိုးလင်းရင် ကျုပ် ဒီအိမ်မှာ မရှိတော့ဘူးလို့သာ မှတ်ထားလိုက်'

ဘတင့်က စားပွဲပေါ်က သေနတ်ကိုယူကာ ဂျာကင်အင်္ကျီအိတ်ထဲကို ထည့်လိုက်သည်။

'ဩော်··စကားပြောရလွန်းလို့ ကျုပ် အခုမှ သတိရတယ်။ တစ်နေ့လုံး ပြေးလွှားနေရလို့ ဘာမှမစားမရသေးဘူး။ တစ်ခုခုစားပါရစေဗျာ။ မရွှေမာက ကော်ဖီတစ်ခွက်လောက်ဖျော်ပေးရင် သိပ်ကောင်းမှာပဲ။ ကျွန်တော် ဆာလှပြီ။ ခုမှပဲ ဖွင့်ပြောရတော့တယ်'

မရွှေမာက ကိုအောင်ထိုက်ကို ကြည့်လိုက်သည်။ ကိုအောင်ထိုက်က မသိမသာ ခေါင်းညိတ်ပြလိုက်သဖြင့် မရွှေမာက ထမင်းစားခန်းဘက်ကို ထသွားသည်။

'ကိုင်း··ခါတိုင်းညတွေလိုပဲ ပျော်ပျော်ရွှင်ရွှင် နေကြ တာပေါ့။ မရွှေမာက ကျွန်တော်တို့အားလုံးအတွက် ကော် ဖီ ဒါမှမဟုတ် စားစရာတစ်ခုခု စီစဉ်ပေးပါ။ ဝေမိုးအောင် နဲ့ ကျွန်တော်က စကားပြောရင်း နေရစ်မယ်။ အခုလို တစ်ညတာ တည်းခိုခွင့်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ'

မရွှေမာ၏ စိတ်ထဲတွင် လွတ်မြောက်ရေးအတွက် ဘယ်လိုကြံဆရမလဲဟု အစွမ်းကုန်ကြံဆနေမိသည်။ ကော် ဖီပန်းကန်များကို အသင့်ပြင်ရင်း မရွှေမာ၏ လက်တို့မှာ တဆတ်ဆတ်တုန်လျက်ရှိသည်။ စတော်ဘယ်ရီသုတ်ထား သည့် ပေါင်မုန့်အချပ်များကို (၃၊ ၄)ချပ်စီခွဲ၍ ပန်းကန် အသေးကလေးများတွင် ထည့်လိုက်သည်။ အမဲသားလုံး ကြော်ကလေးများကို ပန်းကန်အကြီးတစ်ချပ်ထဲတွင်ထည့် ပြီး စင်မြင့်ပေါ်က အချိုရည်ဘူးကို လှမ်းယူလိုက်စဉ်တွင် မရွှေမာသည် ဖန်ပုလင်းအရှည်တစ်လုံးကို သွားမြင်လိုက် သည်။

ထိုပုလင်းကလေးကို မြင်လိုက်သည်နှင့် မရွှေမာ သည် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်သည်။ ကို အောင်ထိုက် ကုန်တိုက်တွင် အရေးပေါ် အချိန်ပိုဆင်း သည့်အခါများ၌ အချိန်မတော် အလုပ်ပြီးလျှင် ကုန်တိုက် မှာပင် အိပ်တတ်သောကြောင့် အိပ်ပျော်စေရန်အတွက် ကော်ဖီထဲတွင် ထည့်သောက်လေ့ရှိသည့် အိပ်ဆေးပုလင်း ကလေးပင်ဖြစ်သည်။ ၎င်းအိပ်ဆေးမှာ ဇွန်းတစ်ဝက် မ တရှိ ထည့်သောက်ရုံနှင့် နှစ်ခြိုက်စွာ အိပ်မောကျစေနိုင် ၍ အကယ်၍များ တစ်ဇွန်းလောက်သာ ထည့်လိုက်ပါက မည်သို့ဖြစ်နိုင်သည်ကို မရွှေမာ စဉ်းစားမိလိုက်သည်။

ကော်ဖီပန်းကန်များကို ပြင်ဆင်ရင်း မရွှေမာ၏စိတ် ထဲတွင် ယောက်ယက်ခတ်နေသည်။ လျင်မြန်စွာ ဆုံးဖြ နိုင်မှ သူ့အစီအစဉ်များ အောင်မြင်နိုင်မည်ကိုတွေးရင်း မရွှေမာ ချွေးများပြန်လာသည်။ အိပ်ဆေးလွန်၍ သေမ သွားနိုင်သလို ရာဇဝတ်ကောင်တစ်ယောက် သေဆုံးသွ ပါက ဘာတွေဖြစ်လာနိုင်သလဲ၊ မရွှေမာသည် အတွေး စုံဖြင့် ပန်းကန်များကို အယောင်ယောင်အမှားမှား ကိုင် မိသည်။ နောက်ဆုံးတွင် မရွှေမာသည် ဆုံးဖြတ်ချက်တ ချလိုက်ကာ အိပ်ဆေးပုလင်းကို ဖွင့်လိုက်သည်။ ကျေ ပန်းကန်တစ်လုံးထဲသို့ အိပ်ဆေးတစ်ဇွန်း လောင်းချလို



www.burmeseclassic.com

www.burmeseclassic.com

သည်။ သေချာအောင် နောက်ထပ်နည်းနည်း ထပ်ထည့်လိုက်ပြန်သည်။

အစီအစဉ်အားလုံး ပြီးသောအခါ မရွှေမာသည် ကော်ဖီခွက်ကို ဗန်းကိုမ,ကာ ဧည့်ခန်းထဲသို့ ယူလာခဲ့သည်။ ဧည့်ခန်းထဲတွင် ဘတင့်က ရယ်ရယ်မောမောဖြင့် ခင်ပွန်းဖြစ်သူနှင့် စကားပြောနေသည်ကို တွေ့ရသည်။ မရွှေမာသည် ဣန္ဒြေမပျက်ပင် ကော်ဖီဗန်းကို စားပွဲပေါ်တင်လိုက်သည်။

ပထမဦးစွာ ဘတင့်ဘက်သို့ ကော်ဖီတစ်ခွက်ကို ချလိုက်ကာ လက်သုတ်ပဝါတစ်ထည်ကို တရိုတသေခင်းပေးလိုက်သည်။ ပြီးမှ ကိုအောင်ထိုက်နှင့် ဝေမိုးအောင်ဆီသို့ ကော်ဖီတစ်ခွက်စီ ပေးလိုက်သည်။ ပေါင်မုန့်ပန်းကန်များကို တစ်ပန်းကန်စီ ချပေးလိုက်သည်။ အမဲသားလုံးကြော်ပန်းကန်ကိုတော့ အလယ်တွင် ထားလိုက်သည်။

'ကဲ..သောက်နိုင်ကြပါပြီ'

မရွှေမာ၏အသံကြောင့် ဘတင့်သည် စကားဖြတ်လိုက်ကာ ကော်ဖီပန်းကန်များကို ကြည့်လိုက်သည်။

'ကိုအောင်..သောက်လေ'

'သောက်တာပေါ့။ ပူပါသေးတယ်ကွာ'

'ရေနွေးက တည်ထားတာ ကြာပါပြီ။ မပူပါဘူး။ သောက်လိုက်'

မရွှေမာက ကော်ဖီပန်းကန်ကို ကိုအောင်ထိုက်အားအတင်းထိုးပေးနေသည်။ ကိုအောင်ထိုက်က စိတ်မပါတပါဖြင့် လှမ်းယူလိုက်သည်။

'ဖြည်းဖြည်းပေါ့ဗျာ။ မရွှေမာက ဘာဖြစ်လို့ အရေးတကြီး သောက်စေချင်ရတာလဲ။ ကျွန်တော့်အပေါ်မှာ ရိုးမှ ရိုးရဲ့လား။ ဟဲ..ဟဲ..အဆိပ်တွေများ ထည့်တိုက်လိုက်ရင် ထောင်ထဲမရောက်ဘဲ သေမင်းနဲ့ တွေ့နေရပါလိမ့်မယ်။ ကျွန်တော်တော့ မရွှေမာကို သိပ်မယုံချင်တော့ဘူး။ ကဲ..ပန်းကန်ချင်း လဲသောက်ရအောင်'

ဘတင့်က သူ့လက်ထဲမှ ကော်ဖီပန်းကန်ကို လှမ်းပေးလိုက်ရင်း မရွှေမာ၏မျက်နှာကို စိုက်ကြည့်လိုက်သည်။

'အို..ကျွန်မမှာ ဒီလိုသဘောမျိုး မရှိပါဘူးရှင်'

ပြောသာပြောလိုက်ရသော်လည်း မရွှေမာ၏ အသံကတုန်ယင်နေသည်။ သို့သော် ဣန္ဒြေကား မပျက်ပေ။

'ဒါဆိုလည်း ပြီးတာပါပဲ။ ကော်ဖီပန်းကန်ချင်း လဲသောက်တာ ဘာမှပြဿနာမရှိပါဘူးနော်'

ဘတင့်၏ဆန္ဒအတိုင်း ကော်ဖီပန်းကန်ချင်း လဲလိုက်ကြသည်။

'ကဲ..မရွှေမာကို ကျေးဇူးတင်တဲ့အနေနဲ့ ကျုပ်တို့နှစ်ယောက် တစ်ပြိုင်နက် သောက်ကြရအောင်'

ကိုအောင်ထိုက်နှင့် ဘတင့်တို့နှစ်ယောက်သည် ကော်ဖီကို တစ်ကျိုက်ချင်းသောက်ကာ ပေါင်မုန့်များကို တစ်ချပ်ပြီးတစ်ချပ် စားလိုက်၊ အမဲသားလုံးကြော်များကို စားလိုက်နှင့်။

◆◆◆

'နေပါဦး မရွှေမာ၊ မင်း ဘယ်လိုလုပ်လိုက်တာလဲ'

'အို..ဘယ်လိုလုပ်ရမှာလဲ။ ကျွန်မ ဆုံးဖြတ်ချက်နဲ့ ကျွန်မ လုပ်လိုက်တာပေါ့။ သူ့ခမျာ အိပ်ဆေးလွန်ပြီး သေများ သေသွားမလား မသိဘူး'

မရွှေမာသည် ကုလားထိုင်ပေါ်တွင် မေးကြီး နောက်လှန်ကာ အသေကောင်ကဲ့သို့ အိပ်ပျော်နေသော ဘတင့်ကိုကြည့်ရင်း ပြောလိုက်သည်။

'ကိုယ်နားလည်အောင် ရှင်းပြစမ်းပါဦး မရွှေမာ'

'အမှန်က သူ့ကို ကြည့်ရတာ သိပ်ပါးနပ်ပုံရတယ်။ ဒီတော့ အိပ်ဆေးခတ်တာကို သူစဉ်းစားမိရင် ပန်းကန်ချင်း လဲသောက်မယ်ဆိုတာ ကျွန်မတွေးမိတယ်။ ဒါကြောင့် အိပ်ဆေးပါတဲ့ပန်းကန်ကို ကိုအောင့်ဘက် တမင်ထိုးပေးတာ။ ပထမ ကိုအောင်က ငြင်းနေသေးတယ်မဟုတ်လား။ ဒါကြောင့် ဘတင့်စိတ်ထဲမှာ မသင်္ကာဖြစ်လာအောင် အိပ်ဆေးပါတဲ့ပန်းကန်ကို တမင် ကိုအောင် သောက်ဖို့ ထပ်ပြောတာ။



www.burmeseclassic.com

ဒီတော့ ကျွန်မဆင်တဲ့အကွက်ထဲ ဝင်လာပြီး ကျွန်မကို မယုံသင်္ကာဖြစ်လာတယ်။ နောက်ဆုံးတော့ ကိုအောင့်ဆီကို ပေးထားတဲ့ ပန်းကန်နဲ့ သူက လဲသောက်တယ်။ ကဲ..သဘောပေါက်ပြီလား'

ကိုအောင်ထိုက်က အတန်ကြာအောင် စဉ်းစားနေပြီးမှ သဘောပေါက်လာကာ ပြုံးသွားသည်။

'နေပါဦး။ မရွှေမာ ပေးတဲ့အတိုင်း ကိုယ်က ယူသောက်လိုက်ရင် ဘယ်လိုလုပ်မလဲ'

'အို.. အဲဒီတော့လည်း ကိုအောင်ကို ဘယ်အသောက်ခံမလဲ။ ကိုအောင့်က ချိုချိုကြိုက်တတ်တယ်၊ သကြားလိုသေးတယ်ဆိုပြီး အိပ်ဆေးပါတဲ့ ကော်ဖီပန်းကန်ကိုသွန်ပစ်၊ အသစ်ထပ်ဖျော်လာမှာပေါ့။ ဒါပေမဲ့ ဒီအထိတောင် မဖြစ်ပါဘူး။ ဒီလူက လူပါးဆိုတော့ ကိုအောင်ဘက်ကို အတင်းထိုးပေးနေကတည်းက သူက သံသယဝင်နေပြီ။ အခုတော့ အဆင်ပြေသွားပြီ မဟုတ်လား။ ကဲ..ရဲဌာနကိုသာ ဖုန်းဆက်တော့'

ကိုအောင်ထိုက်က မရွှေမာ၏ ပါးနပ်လျင်မြန်မှုကို ချီးကျူးရင်း ကုလားထိုင်ပေါ်တွင် အိပ်ဆေးမိနေသော ဘတင့်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

'နေပါဦး မရွှေမာ၊ အိပ်ဆေး ဘယ်လောက်ထည့်လိုက်တာလဲ'

'ကိုအောင် သောက်နေကျ တစ်ဝက်ထက် ပိုပြီးတော့ တစ်ဖွန်းအပြင် သေချာအောင် နည်းနည်းတောင် ထပ်ထည့်လိုက်သေးတယ်'

'ဒီလောက်ဆိုရင်တော့ မသေနိုင်ပါဘူး။ နှစ်နှစ်ခြိုက်ခြိုက်တော့ အိပ်ပျော်နေဦးမှာပါပဲ'

ကိုအောင်ထိုက်က တယ်လီဖုန်းစားပွဲဆီသို့ လှမ်းသွားလိုက်သည်။ မရွှေမာကမူ ဝေမိုးအောင်ကို ရင်ခွင်ထဲသို့ဆွဲသွင်းရင်း တရှူးရှူးအိပ်ပျော်နေသော ဘတင့်၏ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

**အသခ်ယာ**

<u>ဝန်ခံချက်</u>

FRANCIS DONNE ၏ " IN A SECOND" ကို မြန်မာမှုပြုထားပါသည်။


## စိတ်မနှောအာရုံ အကြားအမြင် လက္ခဏာ

## ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

## ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ



(၇)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက် ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ စေတနာ ရှေ့ထားပြီး "အထူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ ဃိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368


www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၀၊ တာဆလေ (တိုး)–၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တာဆဝက (တနယ်ဖင်း) ၁၃၀/၀၀၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာဝ့ယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်တကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဝိတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရော အတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေဝန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းတာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

**ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။**

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်–ရ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၆၉၀၅၈၇၊ ၀၉–၅၁–၈၈၆၃၂

မုံရွာဆရာမိုး – ဖုန်း–၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)



www.burmeseclassic.com

www.burmeseclassic.com

ရေသိုးရွာသို့ မရောက်သည်မှာ အနှစ်နှစ်ဆယ်ခန့် ရှိပြီ။ ရေသိုးရွာသည် အိမ်ခြေငါးရာခန့်ရှိ ရွာကြီး တစ်ရွာ ဖြစ်ပါသည်။ မြို့မှ သွားပါက ငါးမိုင်ခန့်ဝေးသော ကားလမ်းဖြစ်သည်။

ကျွန်တော်သည် ညနေ နေအေးချိန်ရောက်မှ မော်တော်ဆိုင်ကယ်ဖြင့် မြို့က ထွက်ခဲ့သည်။ နာရီဝက်ခန့် လာလိုက်သည်နှင့် အုန်းပင်များ၊ ကွမ်းသီးပင်များနှင့် စိမ်းစိမ်းစိုစိုရှိနေသော ရေသိုးရွာကို အဝေးက မြင်ရသည်။ နေမဝင်ခင် ရေသိုးရွာ အစ်ကိုကြီး၏အိမ်သို့ ရောက်ချင်ပါသည်။ အစ်ကိုကြီးနှင့် တွေ့ရုံတွေ့ပြီး မြို့သို့ ပြန်ရမည်ဖြစ်၍ ဆိုင်ကယ်ကို ဂရုစိုက်မောင်းခဲ့သည်။

အစ်ကိုကြီးက ရေသိုးရွာတွင် အိမ်ကြီးတစ်လုံး ဝယ်ထားကြောင်း၊ သူ့အိမ်ကို ရောက်အောင် လာကြည့်ရန် အတန်တန် မှာကြားသဖြင့် ရောက်အောင် သွားရခြင်း ဖြစ်သည်။

ယခင် လူပျိုဘဝက အစ်ကိုကြီး၏အိမ်တွင် အတူ နေခဲ့သော်လည်း အိမ်ထောင်ကျသည်နှင့် ဇနီးနှင့်အတူ နေရန် ရန်ကုန်သို့ ပြောင်းခဲ့ခြင်းဖြစ်သည်။ ယခုမှ သူငယ်ချင်း တစ်ဦး၏ သစ်ဝယ်ယူရေးအတွက် ကူညီရန် လိုက်ပါလာခဲ့ရပါသည်။ သူငယ်ချင်းနှင့်အတူ တည်းရ



# ကောင်းသော
## ထွက်တော်မူ နန်းကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြစ်၍ အလုပ်အားသည့်အချိန်တွင် အစ်ကိုကြီးထံ ရောက်ဖြစ်သည်။ အစ်ကိုကြီးက တွေ့လိုက်သည်နှင့် သူ ဝယ်ထားသော အိမ်အကြောင်းပြောကာ သူ့အိမ် လာကြည့်ရန် ဖိတ်ခေါ်ခဲ့သည်။ အစ်ကိုကြီးထံ မဖြစ်မနေ သွားရသည်ဖြစ်၍ သူငယ်ချင်း၏ ဆိုင်ကယ်နှင့် ထွက်ခဲ့သည်။

ရေသိုးရွာသို့ ဝင်ခဲ့မှ ငယ်စဉ်ကျောင်းတွင် အလွန်ခင်မင်ခဲ့ရသော ရေသိုးရွာက သူငယ်ချင်းကို အမှတ်ရသည်။ သူငယ်ချင်း၏အိမ်သို့ သုံးခေါက် ရောက်ဖူးပါသည်။ ထိုသူငယ်ချင်းကို သတိရသော်လည်း သူ့နာမည်ကို ရုတ်တရက် စဉ်းစားမရဖြစ်နေသည်။ ရွာအဝင်ဝတွင် လက်ပြနှုတ်ဆက်နေသူကို မြင်ရသဖြင့် ထိုလူ၏အနီးတွင် ဆိုင်ကယ်ကို ရပ်လိုက်သည်။

'ဟေး..ငကောင်း'

သူက စတင်နှုတ်ဆက်ပါသည်။ ငယ်စဉ်က ခင်မင်ခဲ့သော သူငယ်ချင်းဖြစ်သည်။ ကျောင်းတွင် ခုံချင်းကပ်၍ ထိုင်သဖြင့် အလွန်ရင်းနှီးခဲ့သည်။ သူက နှုတ်ဆက်နေသော်လည်း သူ့နာမည်ကို စဉ်းစား၍မရ ဖြစ်နေသည်။

'မင်း..မင်းနာမည်'

နောက်ဆုံး အားနာသော်လည်း သူ့နာမည်ကို မေးလိုက်ရသည်။

'လှဆောင်'

သူပြောမှ သတိရသည်။ လှဆောင်၊ သူ့နာမည် လှဆောင် မှန်သည်။

'လှဆောင်..မတွေ့တာကြာပေမယ့် မင်းကို သတိရနေတယ်။ မင်းအိမ်ကို ငါရောက်ဖူးတယ်လေ။ ရွာနောက်က ထန်းတောမှာ မင်းနဲ့ငါ ထန်းရည်သောက်ခဲ့တာ သတိရတယ်'

လှဆောင်က စကားပြန်မပြောသော်လည်း သူ့ကို သတိရသည်ဆို၍ ကျေနပ်ပုံရသည်။

'ငါ့အစ်ကိုကြီးက ဒီရွာမှာ အိမ်တစ်လုံး ဝယ်လိုက်တယ်'

'အေး..အေး'

'ငါက ရန်ကုန်မှာ နေတာဆိုတော့ မြို့ကို ပြန်မရောက်တာတောင် ကြာပြီ။ အစ်ကိုကြီးက သူ့အိမ် လာကြည့်ပါဆိုလို့ အခု လာခဲ့တာ။ မင်းရော အရင်အိမ်ကြီးမှာပဲ နေသလား'

'မဟုတ်ဘူး၊ ရွာအနောက်ပိုင်းကို ပြောင်းသွားရပြီ'

'မင်း ဘာတွေလုပ်နေသလဲ။ ကျန်းမာရေးရော ကောင်းရဲ့လား။ အရမ်းပိန်သွားသလိုပဲ'

'ဒီလိုပါပဲ။ အိမ်ဝယ်တာ မင်းအစ်ကိုကြီးလား'

'ဟုတ်တယ်လေ၊ အထက်တန်း ကျောင်းအုပ်က အငြိမ်းစားယူပြီး ဒီရွာမှာ အေးအေးချမ်းချမ်း နေချင်လို့ ပြောင်းလာတာ'

'မင်းအစ်ကိုကြီးကို တစ်ခုပြောပေးပါလား'

သူက မရဲတရဲနှင့် တောင်းပန်စကား ပြောနေပါသည်။

'ဘာကို ပြောပေးရမလဲ။ ပြောလေ'

'ဟို..ဟို..ငါ သွားတော့မယ်'

လှဆောင်က ဘာမှမပြောတော့ဘဲ နောက်သို့ လှည့်ပြန်ရန် ဟန်ပြင်နေသည်။ ကျွန်တော် နောက်သို့ လှည့်ကြည့်လိုက်ရာ အင်းခွေးကြီးတစ်ကောင် ပြေးလာသည်ကို တွေ့ရသည်။ လှဆောင်က ခွေးကိုကြောက်၍ ပြေးခြင်းဖြစ်မည်။ ခွေးကြီးသည် ကျွန်တော့်ဘေးတွင် ရပ်လိုက်သည်။ သေသေချာချာကြည့်မှ အိမ်မှာ မွေးထားသော တိုက်ဂါးဖြစ်ကြောင်း သိရသည်။ တိုက်ဂါးသည် မမျှော်လင့်ဘဲ ကျွန်တော့်ကို တွေ့လိုက်သဖြင့် ဝမ်းသာစွာ အမြီးနန့်၍ နှုတ်ဆက်နေခြင်းဖြစ်သည်။

အိမ်က ခွေးဖြစ်၍ ကြောက်စရာမရှိကြောင်း လှဆောင်ကို အားပေးရန် ကြည့်လိုက်စဉ် လှဆောင်ကို လုံးဝမတွေ့ရတော့ပါ။ လိုက်လံရှာဖွေပါသော်လည်း လှဆောင်၏ အရိပ်အယောင်ကိုမျှ မမြင်ရတော့ပါ။

ကျွန်တော်သည် ဆိုင်ကယ်ပေါ်တက်၍ ရွာထဲသို့ ဝင်ခဲ့ရာ တိုက်ဂါးက လမ်းပြပြီး ရှေ့ကသွားသဖြင့် နောက်က လိုက်ရုံဖြင့် အစ်ကိုကြီး၏အိမ်သို့ ရောက်ခဲ့ပါသည်။ အိမ်ထဲသို့ ဝင်လိုက်သည်နှင့် ထမင်းစားနေသော အစ်ကိုကြီးကို တွေ့လိုက်ရပါသည်။

'ဟာ..မင်းက အိမ်ကို တန်းတန်းမတ်မတ် ရောက်လာတာပဲ။ အိမ်ကို မင်း ရှာနေရမယ်ထင်တာ'

'တိုက်ဂါးက လမ်းထိပ်က လာကြိုနေလို့ အဆင်ပြေတာပါ'

'ထမင်းစားမလား'

'မြို့ပြန်ရောက်မှ စားတော့မယ် အစ်ကိုကြီး၊ ဟိုမှာ



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းက စောင့်နေတယ်'

အစ်ကိုကြီး ထမင်းစားနေစဉ် အိမ်အတွင်းအပြင်ကို လျှောက်ကြည့်နေမိသည်။ အိမ်ကြီးမှာ ခမ်းနားကြီးကျယ် ပါသော်လည်း ဟောင်းနွမ်းနေသဖြင့် ပြန်လည်ပြုပြင်စရာ များကို တွေးနေရသည်။ ခြံမှာလည်း ကျယ်ဝန်းသဖြင့် အေးချမ်းစွာနေလိုသူ အစ်ကိုကြီးအတွက် အကောင်းဆုံး ဖြစ်ပါသည်။

အစ်ကိုကြီး ထမင်းစားပြီးသည်နှင့် ရေနွေးကြမ်း အတူသောက်ရင်း စကားပြောနေခဲ့ကြသည်။

'အစ်ကိုကြီး ဒီအိမ်ကို ဝယ်ဖြစ်ပုံ ပြောပါဦး'

'မြို့မှာရှိတဲ့အိမ်ကလည်း အိုဟောင်းပြီကွာ။ အဲဒီအိမ် ကို ဖျက်ပြီး တိုက်သစ်ဆောက်ဖို့ စိတ်ကူးတယ်။ တိုက် ဆောက်ပြီးရင်လည်း အိမ်ငှားစားတော့မယ်'

'အခု ဒီမှာ အစ်ကိုကြီးတစ်ယောက်တည်းဆိုတော့ မိသားစုကို ဘယ်တော့မှ ခေါ်မှာလဲ'

'အချိန်တော့ စောင့်ရဦးမယ်။ ချက်ချင်းခေါ်လို့ မဖြစ် သေးဘူး'

'ဘာလို့စောင့်ရမှာလဲ။ မမကြည်တို့က မလိုက်ချင် လို့လား'

'စောင့်ရတဲ့ အကြောင်းရင်း သိချင်ရင် မင်း ဒီမှာ တစ်ညလောက် အိပ်ကြည့်ပါလား။ ဒါကြောင့် မင်းကို ခေါ်လိုက်တာ'

'ဘာလဲ၊ ဒီအိမ်မှာ အခြောက်အလှန့်ရှိလို့လား'

'ရှိတာပေါ့။ ရှိလို့လည်း ဒါလောက် ဈေးသက်သာ ရတာပေါ့'

'မဝယ်ခင်က ဒီအိမ်အကြောင်း မစုံစမ်းခဲ့ဘူးလား'

'စုံစမ်းစရာ မလိုပါဘူးကွာ။ ပထမအိမ်ရှင်က ငါ့ လက်အောက်မှာ လုပ်ခဲ့တဲ့ အထက်တန်းပြဆရာ တစ် ယောက်ပါ။ သူကလည်း ဈေးသက်သာတယ်ဆိုပြီး ဝယ် ခဲ့တာ။ ဝယ်ပြီး နေလို့ကိုမရတဲ့အဆုံး ရတဲ့ဈေးနဲ့ ရောင်း ခဲ့တာပါ။ ငါ့ကိုတော့ အပြည့်အစုံပြောပြပြီးမှ ရောင်း တာပါ။ ငါလည်း ကျေနပ်လို့ ဝယ်ခဲ့တာပါပဲ'

'အခြောက်အလှန့်က တော်တော်ကြမ်းသလား'

'ဒီအိမ်မှာ မကျွတ်မလွတ်တဲ့လူ နေတယ်။ မိသားစု ရောက်လာရင် ကြောက်လန့်မှာ စိတ်ပူလို့ မခေါ်သေးတာ ပါ။ လောလောဆယ် ဒီမှာရှိနေတဲ့ နာနာဘာဝကို အရင် ရှင်းရဦးမယ်'

'အစ်ကိုကြီး မကြောက်ဘူးလား'

'ငါက မကြောက်ပါဘူး။ ငါ့မှာ ပုတီးရှိနေတာပဲ။ ဒါပေမဲ့ ငါ့ဇနီးနဲ့ ကလေးတွေက ကြောက်တတ်တယ်'

'အဖော်တစ်ယောက် ခေါ်ထားပါလား'

'တိုက်ဂါးက အကောင်းဆုံးအဖော်ပေါ့ကွာ။ ငါ့ တပည့် တစ်ယောက်လည်း ညဘက် လာအိပ်ပါတယ်။ တကယ်တော့ တိုက်ဂါးက အားကိုးရတယ်။ ဒီအိမ်ကို နာနာဘာဝ အဝင်အထွက်ရှိတိုင်း တိုက်ဂါးက အရင်သိ တယ်။အိမ်ထဲ ဝင်လာကတည်းက အဲဒီနာနာဘာဝ အပေါ် ထပ်ကို တက်သွားတဲ့အထိ မာန်ဖီပြီး ဒေါသထွက်နေတော့ တာပါ။ လူတွေက နာနာဘာဝ ဝင်တာ,ထွက်တာ သတိ မထားမိပေမယ့် တိုက်ဂါးက သိတယ်'

'ခြောက်လှန့်တာမျိုး ကျွန်တော် တစ်ခါမှ မကြုံဖူး သေးဘူး'

'ကြုံချင်ရင် တစ်ညလောက် လာအိပ်ပါလား'

'မနက်ဖြန်ည ကျွန်တော်လာခဲ့မယ်'

'ဒီမှာ ညစာစားပေါ့'

'ဟုတ်ကဲ့ပါ အစ်ကိုကြီး'

အစ်ကိုကြီးနှင့် အတိတ်က အကြောင်းများကို အတန် ကြာ စကားပြောဆိုကြပြီး ကျွန်တော်ပြန်ခဲ့သည်။ အပြန် လမ်းတွင် အစ်ကိုကြီး၏အိမ်အကြောင်း စဉ်းစားရင်း ပြန် ခဲ့သည်။ ရေသိုးရွာအထွက် လမ်းခွဲတစ်ခု အရောက်တွင် ကန်ဦးဘုန်းကြီးကျောင်းကို သတိရပြန်သည်။ ထိုဘုန်း ကြီးကျောင်းတွင် ငယ်စဉ်က လှဆောင်နှင့်အတူ ကိုရင် ဝတ်ခဲ့ကြသည်ကို သတိရပြန်သည်။ အစ်ကိုကြီးက နာနာ ဘာဝရှိမှန်းသိလျက် ထိုအိမ်ကို ဈေးသက်သာ၍ ဝယ် ခဲ့သည့်အကြောင်းတွေးမိရာ ကန်ဦးကျောင်းဆရာတော်ထံ တင်ပြရလျှင် ကောင်းမည်ဟု အကြံတစ်ခု ရလိုက်သည်။

နောက်နေ့တွင် မနက်ပိုင်း သူငယ်ချင်း၏ သစ်ဝယ် ယူရေးလုပ်ငန်းများ နှစ်ယောက်အတူလုပ်ကိုင်ပြီး နေ့လယ် တွင် ရေသိုးသို့သွားရန် ထွက်ခဲ့သည်။ ညနေအချိန် လမ်းခွဲ သို့အရောက် ကန်ဦးကျောင်းဘက် ဦးတည်ခဲ့သည်။ ကန် ဦးကျောင်းမှာ လမ်းဆုံမှ တစ်မိုင်ခန့်သာဝေးသဖြင့် မကြာ မီ ရောက်ခဲ့ပါသည်။

ကျောင်းအဝင်ဝတွင် ဆရာတော်ကို တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ကယ်ရပ်ကာ ဆရာတော်၏ရှေ့တွင်ထိုင်ပြီး ဦးသုံးကြိမ်ချကာ ကန်တော့လိုက်သည်။ ဆရာတော်သည် သေချာကြည့်ပြီးမှ မှတ်မိသွားပါသည်။

'ဟဲ့ကောင်··နင် ငကောင်းမဟုတ်လား'

'မှန်ပါတယ်ဘုရား'

'နင့်ကို မမြင်ရတာ ကြာပါပြီကော'

'တပည့်တော် ရန်ကုန်ရောက်နေတယ်ဘုရား'

'ဒါကြောင့် လှဆောင်က မင်းကိုတွေ့တယ် ပြောတာကိုး'

'မနေ့က လှဆောင်နဲ့ တွေ့ပါတယ်'

'လှဆောင်က မင်းကို ဘာပြောလိုက်သလဲ'

'လှဆောင်က တစ်ခုခုပြောချင်ပုံရတယ်။ ဒါပေမဲ့ ပြောမသွားဘူး'

'မင်းကို မပြောဖြစ်လိုက်လို့ မင်းကို ပြောပေးပါလို့ ငါ့ဆီ လာပြောသွားတာဖြစ်မယ်'

'ဘယ်တုန်းက လာတာလဲဘုရား'

'ညကပေါ့။ လာ··လာ··အေးအေးဆေးဆေး စကားပြောရအောင် ကျောင်းပေါ် သွားကြမယ်'

ကျောင်းပေါ်တွင် ထိုင်မိကြမှ ဆရာတော်က စတင်ပြောပါသည်။

'မင်းရောက်မလာရင်တောင် ငါက မင်းကိုရှာရတော့မှာ။ လှဆောင်မှာတာ ပြောရမယ်လေ'

'လှဆောင်ကိစ္စက အရေးကြီးလို့လား'

'သူ့အတွက် သိပ်အရေးကြီးတာပေါ့'

'လှဆောင်နဲ့ ညက ဘယ်မှာတွေ့တာလဲဘုရား'

'လှဆောင်က ငါ့ကို အိပ်မက်လာပေးတယ်။ မင်းကို ပြောပေးပါတဲ့။ မင်းအစ်ကိုကြီးက အလှူအတန်းလုပ်ပြီး သူ့ကို အမျှဝေပေးဖို့ ပြောသွားတယ်'

'အမျှဝေရအောင် သူက ဘာဖြစ်လို့လဲ'

'မင်း မသိဘူးလား။ လှဆောင်သေတာ ခြောက်လလောက်ရှိပြီ။ သူက မင်းအစ်ကိုကြီး ဝယ်လိုက်တဲ့အိမ်ကို စွဲလမ်းပြီး မကျွတ်မလွတ်ဘဲ အဲဒီအိမ်ကြီးမှာ နေနေတာ'

'တပည့်တော် တကယ်မသိပါဘူးဘုရား။ ဒါဆို လှဆောင်က အဲဒီမှာရှိနေတာကိုး။ အစ်ကိုကြီးကတော့ ပြောပါတယ်။ မကျွတ်မလွတ်တဲ့ နာနာဘာဝ ဒီအိမ်မှာ ရှိနေတယ်။ ဒါကြောင့် ဒီအိမ်ကို ဈေးသက်သက်သာသာနဲ့ ဝယ်လို့ရတာလို့'

'ဟုတ်တယ်၊ အဲဒီကိစ္စ လှဆောင်က မင်းတို့ကိုအကူအညီတောင်းမလို့ မင်းတို့အိမ်က ခွေးထွက်လာလို့ မင်းကို မပြောခဲ့ရလို့ ငါ့ဆီ လာပြောသွားတယ်။ သူက အဲဒီခွေးကို ကြောက်နေတာ'

'အဲဒီအိမ်မှာ လှဆောင်က မကျွတ်မလွတ်ဘဲ ရှိနေတာကိုး။ ကောင်းမှုလုပ်ပြီး အမျှဝေဖို့တာဝန် တပည့်တော်ယူပါ့မယ်။ အစ်ကိုကြီးကိုတောင် ပြောစရာမလိုပါဘူး။ ဒါဆို စိတ်ချနေပါဘုရား။ ဒီည အခြေအနေကြည့်ပြီး နောက်နေ့ ဆရာတော်ဆီ တပည့်တော် ပြန်လာခဲ့ပါမယ်။ အမြန်ဆုံး ရက်သတ်မှတ်ပြီး ဆွမ်းကျွေးအလှူလုပ်ပါ့မယ်'

ဆရာတော်ကို နှုတ်ဆက်ပြီး ရေသိုးရွာသို့ လာခဲ့သည်။ ရွာအဝင်တွင် လှဆောင်ကို တွေ့လို့တွေ့ငြား ရှာကြည့်သော်လည်း အရိပ်အယောင်မျှပင် မတွေ့ရပါ။ အိမ်သို့ ဝင်လိုက်သည်နှင့် တိုက်ဂါးက ကြိုဆိုနေပါသည်။ တိုက်ဂါး၏အသံကြောင့် အစ်ကိုကြီး ထွက်လာပြီး သူ့တပည့်တစ်ဦးနှင့် မိတ်ဆက်ပေးပါသည်။

'ညီလေး··ဒါ အစ်ကိုကြီးရဲ့တပည့်ဟောင်း တင်အောင်ကြည်ပါ။ ဒီရွာမှာ သူက စတိုးဆိုင်ဖွင့်ထားတယ်လေ။ အစ်ကိုကြီးဆီကို နေ့တိုင်းလာပြီး ထမင်းဟင်းချက်ပေးတယ်။ ညလည်း လာအိပ်ပေးတယ်။ ဒီညတော့ မင်းရောက်လာလို့ သူ့ကို ပြန်လွှတ်လိုက်မယ်။ ငါပြောထားလို့ မင်းကိုတော့ သူက သိပြီးသားပါ'

'ဒါဆို သူ့ကို ပြန်လွှတ်လိုက်ပါ အစ်ကိုကြီး'

တင်အောင်ကြည်က ထမင်းပြင်၍ ကျွေးပါသည်။ ပန်းကန်များ ဆေးကြောသိမ်းဆည်းပြီးမှ ပြန်ရန်ပြင်ဆင်ပါသည်။

'မောင်တင်မောင်ကြည်··မင်းနဲ့အတူ ရွာထဲ လိုက်ခဲ့မယ်'

အစ်ကိုကြီးထံ ခွင့်တောင်းပြီး တင်အောင်ကြည်နှင့် လိုက်ခဲ့ပါသည်။

'ညီလေး··မိုးမချုပ်စေနဲ့နော်'

'စိတ်ချပါ အစ်ကိုကြီး၊ ချက်ချင်းပြန်လာခဲ့ပါမယ်'

အစ်ကိုကြီးက မှာကြားနေ၍ ပြန်ပြောရသေးသည်။

တင်အောင်ကြည်နှင့် ရွာလယ်လမ်းကို လျှောက်ကြရင်း သိလိုသမျှကို မေးရသည်။



www.burmeseclassic.com

www.burmeseclassic.com

'မင်း ကိုလှဆောင်ကို သိသလား'

'သိတာပေါ့။ ဦးလှဆောင်က ကျွန်တော့်ရဲ့ဦးလေး အရင်းပဲ'

'ဦးလှဆောင်က မကျွတ်မလွတ်ဘဲ အိမ်ကြီးမှာ ရှိနေတာရော သိသလား'

'သိတာပေါ့။ ဦးလေးက ဒီအိမ်ကြီးကို သိပ်စွဲလမ်းတာ'

'ဘယ်လိုစွဲလမ်းတာလဲ'

'ဦးလှဆောင်က မိဘနှစ်ပါးနဲ့ ဒီအိမ်ကြီးမှာ နေခဲ့တာ။ အိမ်ထောင်ကျတော့လည်း ဒီအိမ်ကြီးမှာ ဆက်နေခဲ့တယ်။ မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်တော့ သူတို့ဇနီးမောင်နှံ နှစ်ယောက်တည်းနေကြတာ။ သူ့ဇနီးဆုံးတော့ သူတစ်ယောက်တည်း ကျန်တယ်။ အိမ်အကျယ်ကြီးမှာ သူတစ်ယောက် အထီးကျန်မနေဖို့ ဆွေမျိုးတွေက ပြောကြပေမယ့် သူက ဘယ်မှမသွားဘဲ ဒီအိမ်မှာပဲ နေခဲ့တယ်။ နောက်ဆုံး သူ ကျန်းမာရေးမကောင်းလို့ အိပ်ရာထဲလဲချိန် ပြုစုမယ့်လူတွေမရှိလို့ သူ့ကိုခေါ်ပေမယ့် သူ့အိမ်ကို သူခင်တွယ်ပြီး ဘယ်ကိုမှမသွားဘဲ သေသည်အထိ နေသွားခဲ့တာပါ'

'အစ်ကိုကြီးက ပြောတယ်၊ ညဘက် အိမ်ပေါ်တက်တဲ့ ခြေသံတွေ ညတိုင်း ကြားရတယ်လို့ ပြောတယ်။ အဲဒါရော ဟုတ်သလား'

'ဟုတ်တာပေါ့၊ ဦးလှဆောင်လာတယ်ဆိုတာ ကျွန်တော်ကတော့ သိပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဦးလေး ဖြစ်နေလို့ ဆရာကြီးကို မပြောရက်လို့ မပြောခဲ့ပါဘူး'

'ဦးလှဆောင်ကို သူသေပြီးမှ လူကိုယ်တိုင် မြင်ဖူးသေးသလား'

'ဦးလှဆောင်ကို ကိုယ်တိုင် တစ်ခါမှ မတွေ့ရပါဘူး'

'အစ်ကိုကြီးကရော ရိပ်မိပုံရသလား'

'ဆရာကြီးက ဘယ်သူဆိုတာ သိပုံမရပါဘူး။ နာနာဘာဝ ရှိတယ်ဆိုတာလောက်ပဲ သိတာပါ'

'ဦးလှဆောင်က ဒီအိမ်မှာရှိနေတာ သေချာတယ်နော်'

'သေချာပါတယ်။ သူ့အခန်းထဲမှာ သူ့ပစ္စည်းတွေက အရင်တုန်းကအတိုင်းပဲ ရှိနေသေးတယ်။ သူကလည်း သူ့အခန်းမှာပဲ နေတာ သေချာပါတယ်'

'တင်အောင်ကြည်··မင်းကို တစ်ခုပြောချင်တယ်။ ဦးလှဆောင် ကျွတ်လွတ်သွားအောင် အလှူအတန်းလုပ်ပြီး အမျှပေးဝေချင်ပါတယ်။ မင်း ကူညီနိုင်မလား'

'ကျွန်တော်ကိုယ်တိုင် ကုသိုလ်လုပ်ချင်နေတာပါ။ သူ့အတွက် ဒါနမှုပြုမယ်ဆိုရင် ကျွန်တော် အစအဆုံး ကူညီပါ့မယ်'

'ကြားရတာ ဝမ်းသာတယ်ကွာ။ တို့ အလှူတစ်ခု လုပ်ကြတာပေါ့။ ကဲ··မင်းလည်း အိမ်ပြန်ပေတော့'

တင်အောင်ကြည်ကို နှုတ်ဆက်၍ ပြန်ခဲ့သည်။ တင် အောင်ကြည်ထံမှ သိလိုသမျှအားလုံး သိလိုက်ရသဖြင့် လှဆောင်အတွက် ကောင်းမှုကုသိုလ်ပြုပေးရန် စီစဉ်ရ တော့မည်။ အိမ်သို့ ပြန်ရောက်သည်နှင့် အစ်ကိုကြီးနှင့် ညဥ့်နက်သည်အထိ စကားပြောနေခဲ့ကြသည်။

'ညီလေး··မင်း အိပ်ချင်အိပ်တော့လေ။ အစ်ကိုကြီး ပုတီးစိပ်ဦးမယ်'

'အပေါ်ထပ်ကို လာမယ်ဆိုတဲ့ ဧည့်သည်က ဘယ် အချိန်လာမှာလဲ အစ်ကိုကြီး'

'မလာမှာမပူနဲ့၊ လာကိုလာမှာ။ မင်း မသိလိုက်မှာ လည်း မစိုးရိမ်နဲ့။ သူလာရင် မင်းသိမှာပါ။ ကဲ··စိတ်ချ လက်ချ အိပ်ပေတော့'

အစ်ကိုကြီးက ပုတီးစိပ်တော့မည်မို့ အိပ်ရာဝင်ခဲ့ သည်။ လှဆောင်၏ အကြောင်းကိုတွေးရင်း ရုတ်တရက် အိပ်မပျော်ခဲ့ပါ။ ညဥ့်နက်၍ အအေးဓာတ်ပိုလာသဖြင့် အိပ်ပျော်သွားပါသည်။

'ဝုတ်··ဝုတ်··ဝုတ်'

တိုက်ဂါး၏ ရူးရူးဝါးဝါးအော်သံကြောင့် လန့်နိုး သည်။ အိပ်ရာက လူးလဲထလိုက်သည်။ တိုက်ဂါးသည် အိမ်အဝင်တံခါးဝကိုကြည့်ကာ ဟောင်နေသည်။ တို ဂါးမှာ ရန်သူ အိမ်ထဲဝင်လာမှန်း သိသော်လည်း အနီး မကပ်ရဲဘဲ ခပ်ခွာခွာက ဟောင်နေသည်။ အပေါ်ထ သို့တက်သည့် လှေကားဆီသို့ လိုက်ဟောင်နေသည်။ လှေ ကားပေါ် တက်သွားသူကို တိုက်ဂါးက တက်မလိုက်ဘဲ မော့ကြည့်ရင်း ဟောင်နေပါသည်။ လှေကားပေါ်သို့ တ သွားသည့်ခြေသံကို ကြားနေရသည်။ အကောင်အ မမြင်ရသော်လည်း တစ်စုံတစ်ယောက် လှေကားပေ

www.burmeseclassic.com

www.burmeseclassic.com

တက်သွားသည်ဟု သိသာလှပါသည်။

ကျွန်တော်သည် ဓာတ်မီးကိုယူကာ အပေါ်ထပ်သို့ တက်ခဲ့သည်။ အပေါ်ညာဘက် အခန်းတံခါးသည် လှပ်ခါလျက်ရှိသဖြင့် ထိုအခန်းသို့ ဝင်သွားခြင်းဖြစ်ရမည်။ တံခါးကို တွန်း၍ဖွင့်လိုက်ရာ စေ့ရုံသာ စေ့ထားသဖြင့် အလွယ်တကူ ပွင့်သွားပါသည်။ အခန်းထဲတွင် မည်သူမှ ရှိမနေပါ။ ခုတင်ပေါ်တွင် တစ်ယောက်အိပ်ရန် အိပ်ရာခင်း ရှိသည်။ ခုတင်၏ ခေါင်းရင်းတွင် လှဆောင်၏ဓာတ်ပုံက ချိတ်လျက်ရှိသည်။ အခန်းထဲတွင် တစ်စုံတစ်ဦး ရှိနေကြောင်း ခန့်မှန်းရသော်လည်း မည်သည့်အရာကိုမှ မတွေ့ရပါ။ အခန်းထဲအနှံ့ ရှာကြည့်သော်လည်း လုံးဝ မတွေ့ရပါ။

'ဟော့ကောင် လှဆောင်၊ မင်းပြောချင်တဲ့စကားကို ငါသိခဲ့ရပြီ။ မင်းအတွက် ကောင်းမှုလုပ်ပေးပြီး အမျှဝေဖို့ မဟုတ်လား။ စိတ်ချ လှဆောင်၊ ငါကိုယ်တိုင် လုပ်ပေးမယ်။ သာဓုခေါ်ပြီးရင်တော့ မင်း လွတ်ရာကျွတ်ရာ သွားပေတော့။ ဒီအိမ်မှာ ဆက်နေခွင့် မရှိတော့ဘူး။ မင်းရဲ့ဓာတ်ပုံနဲ့ ပစ္စည်းအားလုံးကိုလည်း ကန်ဦးကျောင်းကို လှူလိုက်တော့မယ်။ မင်း သာဓုခေါ်နိုင်ဖို့ ပြင်ဆင်ထားပါ။ မနက်ဖြန်နေ့လယ် ဆွမ်းကျွေးနိုင်အောင် ငါစီစဉ်တော့မယ်'

ကျွန်တော်၏ စကားအဆုံးတွင် အေး..အေးဟူသော အသံကို ပီပီသသကြီး ကြားလိုက်ရပါသည်။ ထိုအချိန် အိမ်မြှောင်စုတ်ထိုးသံများကို အဆက်မပြတ် ကြားနေရပါသည်။

'လှဆောင်..ငါပြောတာ မင်းနားလည်တယ်ဆိုတာ ငါသိလိုက်ရပြီ။ နှုတ်ဆက်ပါတယ် သူငယ်ချင်း'

ကျွန်တော် အောက်ထပ်သို့ ဆင်းသည်။ ကျွန်တော့်ကို စောင့်နေသော အစ်ကိုကြီးကို အသင့်တွေ့ရသည်။

'မင်း အပေါ်ထပ်မှာ ဘယ်သူနဲ့ စကားပြောနေတာလဲ။ စကားပြောနေသံတွေ ကြားရလို့'

'ဒီအိမ်မှာကပ်နေတဲ့ နာ့နာဘာဝကို တွေ့ခဲ့ရတယ် အစ်ကိုကြီး၊ မနက်ဖြန် ဒီအိမ်မှာ ဘုန်းကြီးငါးပါး ဆွမ်းကျွေးပြီး သူ့ကို အမျှပေးလိုက်ရင် သူ ဒီအိမ်က ထွက်သွားတော့မှာပါ'

'ဟုတ်ရဲ့လားကွာ'

'ဟုတ်ပါတယ် အစ်ကိုကြီး၊ ကဲ..အစ်ကိုကြီး စိတ်ချလက်ချ အိပ်ပေတော့။ အခုအချိန်ကစ၍ သူ မနှောင့်ယှက်တော့ပါဘူး။ သာဓုခေါ်ပြီးရင် သူ ဒီအိမ်က အပြီးထွက်သွားတော့မှာ။ မနက်ဖြန်ညကစပြီး သူ ဒီကိုလာမှာ မဟုတ်တော့ပါဘူး။ ကျွန်တော် မနက်စောစောထပြီး ဆွမ်းကျွေးဖို့ တင်အောင်ကြည်နဲ့ စီစဉ်ပါ့မယ်။ ကန်ဦးကျောင်းက ဘုန်းကြီးငါးပါးပင့်မယ်။ နောက်ပြီး မမကြည်နဲ့ ဆွေမျိုးတွေကို ခေါ်လာခဲ့တော့မယ်'

အစ်ကိုကြီးကိုပြောပြီး အိပ်ရာဝင်ခဲ့သည်။ မနက်ဖြန် ‌ ‌ ရမည့် အလုပ်များကို စဉ်းစားရင်း အိပ်မပျော်နိုင်အောင် ရှိပါသည်။ မိုးလင်းခါနီးမှ ခဏအိပ်ပျော်သွားသော်လည်း မိုးလင်းသည်နှင့် အိပ်ရာကထကာ တင်အောင်ကြည်၏အိမ်သို့ သွားရသည်။ တင်အောင်ကြည်အား ဈေးဖိုးငွေများပေးကာ ချက်ပြုတ်ရေး တာဝန်ပေးခဲ့သည်။ ကန်ဦးကျောင်း ဆရာတော်အား နေ့လယ်ဆွမ်းကပ်ရန် လျှောက်ထားခဲ့ပြီး မြို့သို့ ပြန်ခဲ့သည်။ မမကြည်နှင့် ဆွေမျိုးတစ်စု လာနိုင်ရန်ကား စီစဉ်ပေးခဲ့ပြီး ရေသိုးသို့ ပြန်ခဲ့ရသည်။

နံနက်ဆယ်နာရီခွဲတွင် ဆွမ်းကျွေးပြီး လှဆောင်၏ အမည်ကိုခေါ်ကာ အမျှသုံးကြိမ် ပေးလိုက်ပါသည်။

'လှဆောင်ရေ..အမျှ..အမျှ..အမျှ..ယူတော်မူပါ'

သာဓုသုံးကြိမ် ခေါ်ပြီးသည်နှင့် အိမ်ရှေ့ သပြေပင်ကြီးပေါ်မှ သပြေရွက်ဝါများ လှုပ်ခါချလိုက်သလို အစုလိုက် အပြုံလိုက် ဝဲကာ,ဝဲကာ ကျလာပါတော့သည်။ လှဆောင် နှုတ်ဆက်သွားခြင်း ဖြစ်ပေလိမ့်မည်။

အလှူပွဲပြီးသည်နှင့် အိမ်ပေါ်ထပ် လှဆောင်၏ အိပ်ခန်းထဲက လှဆောင်၏ဓာတ်ပုံ၊ အိပ်ရာနှင့် အသုံးအဆောင်ပစ္စည်းများ အားလုံးကိုသိမ်းကာ ကန်ဦးကျောင်းသို့ ပို့လိုက်ပါသည်။

ထိုနေ့ ညမှစ၍ အစ်ကိုကြီးတို့အိမ်တွင် ညဘက် ဘာသံမှမကြားရတော့ပါ။ အိမ်ကိုသံယောဇဉ်တွယ်ငြိပြီး ကွယ်လွန်ခဲ့သော်လည်း နာနာဘာဝဘဝနှင့် အိမ်တွင်နေခဲ့သော သူငယ်ချင်းလှဆောင် ထွက်တော်မူ နန်းကစွာခြင်း ဖြစ်ပါသည်။

**ကောင်းဆော်**



www.burmeseclassic.com

www.burmeseclassic.com



# ကျော်မိုးလှိုင်(ဝါးခယ်မ)

## အမေ ပုံပြင်မပြောခဲ့ပါ

ကျွန်တော်တို့ ငယ်စဉ်က
အမေ မကြာခဏပြောခဲ့ဖူးသည်။
အပင်ကြီးတွေအောက်မှာ မအောင့်နိုင်လို့ အပေါ့အပါး
သွားခဲ့ရင် တောင်းပန်ရှိခိုးပြီးမှ သွားပါတဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့် အမေပြောခဲ့သည်ကို ထိုစဉ်က ကျွန်တော်တို့ မသိခဲ့ပါ။

ဆီးသွားချင်လျှင် နီးစပ်ရာအပင်အောက်မှာသာ လွယ်လွယ်သွားခဲ့ကြပါသည်။

ကျွန်တော်တို့ လူပျို့ပေါက်စအရွယ် ရောက်လာစဉ်တွင် ကျွန်တော်နေသော ရွာသစ်ရွာ၊ ကမ်းနားလမ်း၊ ယမုံသီတာလမ်း၊ ဝါးခယ်မမြို့ဘက်ကမ်းကူးသော ကူးတို့ဆိပ်အနီးမှာ အုန်းပင်ကြီး(၂)ပင် တစ်ပင်နှင့်တစ်ပင် နှစ်ပေအကွာ ယှဉ်လျက် ရှိနေပါသည်။

အလေ့ကျပေါက်သော အပင်လား၊ ပိုင်ရှင်ရှိသော အပင်လား ကျွန်တော်တို့ မသိပါ။

ထူးဆန်းသည်ကား ကျွန်တော်သိမီသမျှ နှစ်ပင်စလုံး အုန်းသီး,သီးသည်ကို မတွေ့ခဲ့ဖူးပါ။ ကမ်းပြိုပြီး အုန်းပင်နှစ်ပင်လုံး ပါသွားသည်အထိပင် ဖြစ်ပါတော့သည်။

ရေးလိုသည်မှာ ထိုအုန်းပင် နှစ်ပင်နှင့် ဆက်နွှယ်ထူးဆန်းသော ဖြစ်ရပ်များ ကြုံတွေ့ရပုံကိုပင် ဖြစ်ပါသည်။

အုန်းပင်ညီနောင်ဟု ဆိုရမည်လား မသိပါ။ အရွယ်အစား အပင်မြင့်မားပုံ အချိုးကျရှိနေပါသည်။ ထိုအုန်းပင် (၂)ပင်မှာ ဝါးခယ်မမြစ်ကမ်းနားစပ်တွင်ပေါက်နေ၍ အရှေ့ဘက်တွင် ဝါးခယ်မမြို့ဘက်ကမ်းကူးသော ကူးတို့ဆိပ် ရှိပါသည်။ ထိုမှာက သရက်ပင်နှင့် ပွေးပင်ကြီးများ ရှိနေပါသည်။

အုန်းပင်ကြီး(၂)ပင်၏ အနောက်ဘက် ကမ်းနားစပ်မှာ ဆောက်ထားသော အောင်ဘောက်တူရုံ ရှိပါသည်။ ပိုင်ရှင်မှာ ဦးအောင်တင် ဖြစ်ပါသည်။ လှေ၊ သမ္ဗန်များ ထိုဘောက်တူရုံ၌ တည်ဆောက်ပါသည်။ ဘောက်တူစပ်သည်ဟုလည်း ဆိုပါသည်။ ထိုစဉ်က ရွာသစ်ကူးတို့ ဆိပ်မှာ အမိုးအကာ၊ ခုံတန်းလျား မရှိခဲ့ပါ။ နေပူမိုးရွာ ဒဏ်ခံနိုင်အောင် ဘောက်တူရုံ၌သာ ခေတ္တနားခိုကြပါသည်။

အုန်းပင်ကြီး(၂)ပင်သည် ရွာသစ် နောက်ဖေးလမ်း ယခုအခါ တွဲ အ·ထ·က(၁)သို့သွားသော ကျောင်းလမ်းထိပ်တွင် ရှိနေခြင်း ဖြစ်ပါသည်။

ထိုစဉ်က ကျောင်းလမ်း ဘယ်ဘက်အခြမ်း ရွာသစ်အနောက်ဘက်ကျကျတွင် လူနေအိမ်များနှင့် အိမ်ခန်းငှားစားသော ဦးဆောင်တန်းလျား ရှိနေပါသည်။

ထိုအုန်းပင်(၂)ပင်နှင့် ဆက်စပ်သော ပုဂ္ဂိုလ်တစ်ဦး ရွာသစ်ကျောင်းလမ်း အိမ်စု၌ ပေါ်ပေါက်လာခဲ့သည်။ သူကား ဝါးခယ်မမြို့စာတိုက်မှာ အလုပ်လုပ်သော စာပို့သမား ကိုတင်မြင့် ဖြစ်ပါသည်။

အသက်အားဖြင့် သုံးဆယ်ဝန်းကျင်ရှိ၍ ရွာသစ်သူနှင့် အိမ်ထောင်ကျကာ ရွာသစ်မှာ လာနေသူ ဖြစ်ပါသည်။

တစ်ခုသောမိုးရာသီ ည(၉း၀၀)နာရီအချိန်တွင် ဖြစ်ပါသည်။ ထိုနေ့က လစာထုတ်သည့်နေ့ဖြစ်၍ ကိုတင်မြင့် အိမ်ကို တန်းမပြန်ဘဲ အပေါင်းအဖော်များနှင့် ယမကာရသော အကင်စုဆိုင်မှာ ဝိုင်းဖွဲ့ခဲ့ကြသည်။

သူရာအရက်က ဆီးရှုင်စေသည်။ ကိုတင်မြင့်တစ်ယောက် အိမ်ပြန်ရောက်သည်အထိ မအောင့်နိုင်တော့ ရွာသစ်ဘက်ကမ်း ကူးတို့ကပ်သည်နှင့် အုန်းပင်ကြီး(၂)ပင်ကြားမှာ ဆီးသွားလိုက်သည်။

ကိစ္စပြီးသည်နှင့် ဇော်ဝင်းထွဋ်သီချင်းကို အော်ဟစ်ဆိုကာ အုန်းပင်(၂)ပင်တည့်တည့် ကျောင်းလမ်းဘယ်ဘက်အခြမ်းရှိ သူ့အိမ်ကို သိုင်းကွက်နင်းကာ လျှောက်သွားလိုက်သည်။

ထိုည ကိုးနာရီအချိန်တွင်ဖြစ်သည်။ မိုးသံလေသံနှင့်အက ကိုတင်မြင့်အိမ်ဆီမှ မချိမဆံ့အော်သံကြီးကို အိမ်နီးနားချင်းများ ကြားလိုက်ကြရသည်။

'အောင်မယ်လေး··အောင့်တယ်,အောင့်တယ်၊ကြောက်ပါပြီဗျ။ နောက်ကို အပင်အောက်မှာ သေးမပေါက်ရဲတော့ပါဘူးခင်ဗျ'

ကိုတင်မြင့်တစ်ယောက် မျက်လုံးပြူး ချွေးပြန်ကာ လူးလိမ့်နေတော့သည်။

ဘေးပတ်ဝန်းကျင်အိမ်မှလူများ ကိုတင်မြင့် အော်သံကြောင့် ထွက်လာကြည့်ရှုကြသည်။ ကြည့်ရုံကြည့်၍ မည်သူမျှ ဘာလုပ်ရမည် မသိကြ။ ကိုတင်မြင့်အဖို့ ကံကောင်းသွားသည်ကား ဝိုင်းဝန်းကြည့်သူများထဲတွင် လမ်းသွားရင်း လူအုံနေသည်ကိုတွေ့၍ ဘကြီးမြိုင် ဝင်လာခြင်းပင်ဖြစ်၏။

'ဘာဖြစ်ကြတာလဲ'

'တင်မြင့်တို့လင်မယား ရန်ဖြစ်ကြတာလား'

ဘကြီးမြိုင်ကို ကြည့်နေသူ အားလုံးက လမ်းဖယ်ပေးကြသည်။

'ကယ်··ကယ်ပါဦး ဘကြီးမြိုင်ရယ်။ ကိုမြင့် အလုပ်ကအပြန် မျက်လုံးပြူးပြီး ကယောင်ကတမ်းတွေ လျှောက်ပြောနေတယ်'

ကိုတင်မြင့်မိန်းမ မကြင်စောက ဘကြီးမြိုင်အင်လာ

www.burmeseclassic.com

သည်ကိုတွေ့၍ ငိုလိုက်ပြောလိုက်သည်။

ဘကြီးမြိုင်က ကြမ်းပြင်တွင် လူးလိမ့်နေသော ကိုတင်မြင့်အနား ကပ်သွားခဲ့သည်။

ကိုတင်မြင့်ကား လူးလိမ့်နေ၍ ဝတ်ထားသော ပုဆိုးက ကျွတ်နေသည်။

'ဟယ်··ဒီကောင် ကပ်ပယ်အိတ်က ပုံမှန်မဟုတ်ပါလား။ ဒီကောင် ကယောင်ကတမ်းနဲ့ ဘာတွေပြောသလဲ'

'ကြောက်တယ်··ကြောက်တယ်၊ နောက်ကို အပင်အောက်မှာ သေးမပေါက်တော့ပါဘူးလို့တော့ ပြောတယ် ဘကြီး'

ဝိုင်းကြည့်နေသူထဲမှ ဒေါ်အေးရီက ဝင်ပြောလိုက်သည်။ ဘကြီးမြိုင်က သဘောပေါက်သွားဟန်တူသည်။ ကိုတင်မြင့်ကိုကြည့်၍ ခေါင်းတညိတ်ညိတ်လုပ်နေသည်။

'ကဲ··ကျုပ် သဘောပေါက်သွားပြီ။ မောင်တင်မြင့်··အဘမြိုင်ကို မှန်မှန်ပြောစမ်း။ မင်းအလုပ်ကအပြန် ဘယ်အပင်အောက်မှာ အပေါ့စွန့်မိသလဲ'

အားလုံးက စိတ်ဝင်စားသွားကြသည်။ အဘမြိုင်နှင့် အနီးဆုံးနေရာကို တိုးဝေ့လာခဲ့ကြသည်။

'ကိုတင်မြင့်ကား စဉ်းစားနေခြင်း မရှိပါ'

အဘမြိုင်အမေးကို ချက်ချင်းပင် ပြန်ပြောလာခဲ့သည်။

'ကျွန်တော်··ကျွန်တော် ကူးတို့ဆိပ်နားက အုန်းပင်ညီနောင်ကြားမှာ အပေါ့သွားမိပါတယ် အဘမြိုင်'

'အပင်တွေမှာက လူတွေ မမြင်နိုင်တဲ့ အစောင့်တွေရှိတတ်ကြတယ်ကွယ့်။ ဒါကိုမသိဘဲ အညစ်အကြေးစွန့်တော့ ဒုက္ခရောက်တော့တာပေါ့'

ထိုစဉ်က ကျွန်တော်ကိုယ်တိုင် ဝိုင်းကြည့်သူတွေထဲတွင် ပါနေ၍ အမေ့ပြောစကားကို ပြန်လည်ကြားယောင်မိခဲ့ရသည်။

'ကဲ··ကဲ··လူပဲဖြစ်ဖြစ်၊ ပရလောကသားပဲဖြစ်ဖြစ် တောင်းပန်ရင် ခွင့်လွှတ်တတ်ကြပါတယ်'

'မကြင်စော ထိုင်မနေနဲ့ ထ။ ဖယောင်းတိုင်ယူ၊ အမွှေးတိုင်ယူ၊ အုန်းပင်(၂)ပင်ကြားမှာ ထွန်းညှိပြီး တောင်းပန်။ ငါပါ လိုက်မယ်။ ရှေ့က တိုင်ပေးမယ်။ ညည်းက လိုက်ဆို'

မိုးတွင်းဖြစ်၍ မိုးလုံသော အောင်ဘောက်တူရုံမှာပင် အဘမြိုင် ဦးဆောင်ကာ ပြုလုပ်ခဲ့ကြသည်။ ထူးဆန်းသည်ကား အမှန်ပင် ဖြစ်ပါ၏။

လူးလိမ့်နေသော ကိုတင်မြင့် လူကောင်းတစ်ယောက်လို ထထိုင်နိုင်ခဲ့သည်။ အုန်းပင်ဘက်လှည့်၍ ရှိခိုးနေ၏။ အဆမတန် ရောင်ရမ်းနေသော သူ့ကပ်ပယ်အိတ်လည်း ပုံမှန်ပြန်ဖြစ်သွားခဲ့သည်။

◆◆◆

ဒုတိယအကြိမ် တွေ့ကြုံခဲ့သူကား ကျွန်တော့်သူငယ်ချင်း ကွယ်လွန်သွားပြီဖြစ်သော ကိုဝေပင် ဖြစ်ပါသည်။

တစ်ခုသော မိုးတွင်းညတစ်ညတွင်ပင် ဖြစ်ပါသည်။ ရွာသစ်မြောက်ပိုင်း ခရေမြိုင်လမ်း၊ မင်္ဂလာဆောင်အိမ်မှာ ကိုဝေ သီချင်းသွားဆိုခဲ့သည်။

ကိုဝေကား အနုပညာမျိုးရိုးရှိသူ ဖြစ်ပါသည်။ နာမည်ကြီးစတီရီယိုအဆိုတော် ကိုင်ဇာ၏ ဦးလေးတော်သူ ဖြစ်ပါသည်။ အဆိုကောင်း၍ ရှင်ပြုပွဲ၊ မင်္ဂလာပွဲများ၌ သူ မပါလျှင် မပြီးသလို ရှိခဲ့ပါသည်။

ကျွန်တော် ဂမ္ဘီရမဂ္ဂဇင်းမှာရေးခဲ့သော ရွှေသစ်ကထိန် အရပ်ဇာတ်ဆရာ ကိုဝေပင် ဖြစ်ပါသည်။

ထိုညက ကျွန်တော်နှင့် ကွယ်လွန်သူ ဖိုးဇော်။ ဖိုးဇော်မှာလည်း အနုပညာမျိုးရိုးရှိသူ ဖြစ်ပါသည်။ ကွယ်လွန်သူ အကယ်ဒမီ စန္ဒယားလှထွတ်မှာ သူ့ဦးလေး ဖြစ်ပါသည်။

ဖိုးဇော်နှင့် ကျွန်တော်က မယ်ဒလင် တီးပါသည်။ ကိုဝေနှင့် ကွယ်လွန်သူ ကျွန်တော့်အစ်ကို ကိုဘုန်းက သီချင်းဆိုပါသည်။

ကြွားသည်ဟု ဆိုချင်ဆိုကြပါ။

ကျွန်တော်ကိုယ်တိုင်ကလည်း အနုပညာမျိုးရိုးရှိသူ ဖြစ်ပါသည်။ ယခုအခါ အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင် ဖြစ်နေသော ငယ်အမည် တာတူးလေး၊ အနုပညာအမည် ရန်ပိုင်စိုးသည် ကျွန်တော့်အစ်ကိုတစ်ဝမ်းကွဲမှ မွေးသော ကျွန်တော့်တူပင် ဖြစ်ပါသည်။

ကိုဝေ၊ တာတူးလေး၊ ကွယ်လွန်သူ တေးရေးဆရာ မောင်ဆွေနွယ်၊ တာတူးလေးကို အကြောင်းပြု၍ ခင်မင်ရသော သူငယ်ချင်းများလည်း ဖြစ်ကြပါသည်။

ထိုညက ကိုးနာရီအချိန်သာ ပါမစ်ရှိ၍ မင်္ဂလာဆောင်မှ တီးဝိုင်း လူစုခွဲခဲ့ကြသည်။ ကျွန်တော်၊ ဖိုးဇော်၊ အစ်ကို ကိုဘုန်းက ရွာသစ်ကမ်းနားလမ်း၊ ယမုံသီတာလမ်း၊ အရှေ့ခြမ်းမှာ နေ၍ ကိုဝေက ရွာသစ်ကမ်းနားလမ်း ကူးတို့ဆိပ် အနီးတွင် နေပါသည်။

ကျွန်တော်နှင့် ဖိုးဇော် အနောက်ခြမ်းတွင်နေသော

www.burmeseclassic.com

www.burmeseclassic.com

ကိုဝေကို လိုက်ပို့ကြသည်။ အစ်ကိုက အိပ်ချင်၍ အိမ်မှာ နေခဲ့သည်။

ဆန်းစလကြောင့် မိုးတွင်းည အလှက မစို့မပို့လှနေတော့သည်။

'ခဏဟေ့'

ရှေ့မှ သွားနေသော ကိုဝေက အုန်းပင်(၂)ပင်နား အရောက်တွင် ပြောလိုက်သည်။

ရုတ်တရက်ဖြစ်၍ ကျွန်တော် တားချိန်ပင် မရလိုက်ပါ။

ကိုဝေ[illegible]က် အုန်းပင်(၂)ပင်ကြားတွင် အပေါ့ရှန့်ပါလေတော့သည်။

'မင်းကွာ..ကိုတင်မြင့်အကြောင်း မကြားဘူးလား။ ဒီအပင်(၂)ပင်က ကြမ်းတယ်ကွ။ ရှိခိုးတောင်းပန်လိုက်'

ကျွန်တော်က ကိုတင်မြင့်အဖြစ် ကိုယ်တွေ့ကြုံဖူး၍ ကိုဝေနား ကပ်ကာ ပြောလိုက်သည်။

'တော်စမ်းပါကွာ၊ ဒါတွေ အယုံအကြည် မရှိပါဘူး။ အိပ်ချင်ပြီ။ ငါ့အိမ်က နီးနေပြီပဲ။ မင်းတို့ ပြန်ကြတော့'

ထိုညက ကျွန်တော်တို့ ကောင်းကောင်းမအိပ်ခဲ့ကြရပါ။ အဘမြိုင်ကို သွားခေါ်ကာ ကိုတင်မြင့်လုပ်သလို လုပ်လိုက်ကြရသည်။

'ဘယ့်နှယ်လဲ ကိုဝေ၊ မင်းယုံပြီလား'

မိုးလင်းချိန် ကျွန်တော်နှင့် ဖိုးဇော် ကိုဝေ့အိမ် အခြေအနေ သွားကြည့်ကာ ကျွန်တော်က ကိုဝေ့ကို မေးကြည့်လိုက်သည်။

'အေးကွာ..မင်းပြောသလို အဲဒီညက တောင်းပန်ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး။ အဘမြိုင်ကိုလည်း သွားကန်တော့ရဦးမယ်'

ယခုအခါ အုန်းပင်ညီနောင် မရှိတော့ပါ။

ထို့အတူ ဖိုးဇော်၊ ကိုဝေ၊ အဘမြိုင်၊ ကိုတင်မြင့်၊ ကျွန်တော့်အစ်ကို ကိုဘုန်းတို့သည်လည်း ကွယ်လွန်သွားကြပြီ ဖြစ်ပါ၏။

အမေကွယ်လွန်ခဲ့သည်မှာ နှစ်များစွာ ကြာခဲ့ပါပြီ။ အမေသည် သစ်ပင်အကြောင်း ပုံပြင်ပြောခဲ့သည် မဟုတ်ကြောင်း ယခုအခါ ကျွန်တော် ကောင်းကောင်းနားလည်သွားပြီ ဖြစ်ပါတော့သည်။

ကျော်မိုးလွင်(ဝါးခယ်မ)


နယ်လှည့်သာသနာပြု ဖိုးမမွှသိဒ္ဓိ၏တပည့်

# ဆရာမပွင့်သစ္စာထင် (Eco.)



(မွေးရာပါ အကြားအမြင်)

သင့်ရဲ့ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊
ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ
လမ်းညွှန်ပေးပါသည်။

လိုအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်၊

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ☏ ၀၉ ၄၂၈ ၃၁၇၂၉၉




www.burmeseclassic.com

www.burmeseclassic.com

အရှေ့ရိုးမကြီး၏ တောင်လက်မောင်း၊ တောင်စွယ် တောင်တန်းများ၏ တောင်ရင်းတောင်ခြေ တစ်နေရာတွင် ဖြစ်၏။ ထို့ကြောင့် တောရိပ်တောင်ရိပ်များ ရှိနေ၍ ပတ်ဝန်းကျင်တစ်ခွင်လုံး ရှုချင်စဖွယ်ဖြစ်နေသည်။

တောင်လမာအင်းကြီးနှင့်တကွ အနီးအနားတွင် ရာသီပေါ်စိုက်ခင်းများ၊ လယ်ယာများ၊ ထိုဘက်တွင် တောင်တန်းတောင်စွယ်နှင့် သစ်တော ဝါးတောကြီးများ ကြည့်မဆုံး မျှော်မဆုံးလောက်အောင်ပင် ရှိနေလေသည်။

ထို့ကြောင့် တစ်ဖက်တွင် တောင်စွယ်တောင်တန်းကြီးများရှိပြီး တစ်ဖက်တွင် တောင်လမာအင်းကြီး ရှိနေသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းစိုနေ၍ စိုက်ခင်းများလည်း ဖြစ်ထွန်းကြသည်။

အင်းစပ်တွင် ကျွဲကျောင်းသား၊ နွားကျောင်းသားများ ပြေးလွှား ဆော့ကစားနေကြသည်။ အင်းကြီးမှာ (၇)မိုင်ကျော်ကျယ်ပြန့်၏။ ငါး၊ ပုစွန်များလည်း ပေါသည်။ ထို့ကြောင့် ရေပျော်ငှက်များ ကျက်စားကြက် ရှိကြသည်။

ကမျိုး လှေကလေးဖြင့် ပိုက်ဖော်၍လည်း ရှိကြသည်။ အင်းရေစပ်တွင် ကွန်ပစ်နေကြသည့် ယောကျာ်းကြီးများ၊ လက်ထွန်ပစ်နေကြသည့် လူငယ်လူရွယ်များ၊ ယက်သဲ့ဖြင့် ငါးသဲ့နေကြသည့် မိန်းမများကိုလည်း ဟိုတစ်စု သည်တစ်ယောက် တွေ့နေရသည်။



ဆယ်တန်းကျောင်းသားလေး မောင်ထွန်းရီသည် အင်းဘောင်တစ်လျှောက်၌ ဦးတည်ရာမဲ့ လျှောက်သွားနေမိ၏။ ကြပ်ခေါင်းတို(မောင်လှ)ကို များစွာသတိရနေမိသည်။ ကြပ်ခေါင်းတိုမှာ မောင်ထွန်းရီ၏ အချစ်ဆုံး၊ အခင်ဆုံး သူငယ်ချင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



# တောင်လမှာအင်းဘေးက ငွေယားတောင်သိုက်

ကြပ်ခေါင်းတိုက အတော်လေးပင် စိတ်ရင်းသဘော ကောင်းသည်။ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်းလည်းရှိသည်။ သူတစ်ပါးတို့၏အကျိုးကို လိုလားပြီး ကူညီဆောင်ရွက်ပေးတတ်သူလည်း ဖြစ်သည်။ ထို့ကြောင့် လူကြီး,လူငယ် အားလုံးတို့က ကြပ်ခေါင်းတိုအား ချစ်ခင်ကြသည်။

ကြပ်ခေါင်းတိုမှာ အတွင်းစိတ်ရင်း ဖြူစင်ရိုးစင်းသော်လည်း အသားမည်းပြီး အရုပ်ဆိုးသည်။ မျက်လုံးပြူးပြီး သွားလည်းခေါသည်။ ခေါင်းမှာ ဒက်စွဲပြီး ကိုယ်မှာလည်း ဝဲယားဖုများ စီလျက်ရှိသည်။ စိတ်ရင်းသာ မကောင်းလျှင် ခင်ချင်စရာပင် မရှိပေ။

မိဘများကလည်း အလွန်အမင်းဆင်းရဲကြသည်။ တစ်နေ့လုပ် တစ်နေ့စား ဆိုဘိသို့ ကြုံရာကျပန်း ရှာဖွေအလုပ်



www.burmeseclassic.com

www.burmeseclassic.com

များကို လုပ်ကိုင်ရင်းကသာ ခက်ခက်ခဲခဲ ဝမ်းရေးကို ဖြေရှင်းနေကြရသည်။

ထိုသို့သဘောရှိ၍ ကြပ်ခေါင်းတို့ အရွယ်ရောက်လာလျှင်ပင် ဘဝအဖော်မွန်အဖြစ် မေတ္တာသက်ဝင် ချစ်ခင်မည့် မိန်းကလေးတစ်ဦးတစ်ယောက် ရှိနိုင်ပါ့မလားဟူ၍ပင် မောင်ထွန်းရီ တွေးခဲ့သည်။

တစ်ချိန်တစ်ခါက ဤပတ်ဝန်းကျင်၌ ဆိုခဲ့သည့် အတွင်းစိတ်ရင်းဖြူစင်သော မောင်ရပ်ဆိုးလေး ကြပ်ခေါင်းတို့နှင့် မောင်ထွန်းရီတို့ လျှောက်သွားနေခဲ့ကြဖူးသည်။ ငှက်ထောင်၊ ငါးဖမ်း၊ မုဆိုးအလုပ်ကို ဝါသနာပါသော ကြပ်ခေါင်းတို့၏နောက်မှ မောင်ထွန်းရီ အကြိမ်ကြိမ်လိုက်ခဲ့ဖူးသည်။

မောင်ထွန်းရီနှင့် ကြပ်ခေါင်းတို့တို့မှာ အချစ်ဆုံးသူငယ်ချင်းများ ဖြစ်ကြသည့်အလျောက် ကြပ်ခေါင်းတို့က မောင်ထွန်းရီ ကျောင်းပိတ်ရက်တိုင်း သည်ပတ်ဝန်းကျင်သို့ ခေါ်လာမြဲဖြစ်သည်။ ထို့နောက် ငါးဖမ်း၊ ငှက်ထောင်၊ ပုတက်ထောင် စသော အသေးစားမုဆိုး၊ တံငါလုပ်ငန်းလေးများကို လုပ်လေ့ရှိကြသည်။ ကျောင်းသားဖြစ်သော မောင်ထွန်းရီက ဘာမျှမတတ်တော့ ဆရာကြပ်ခေါင်းတို့ လုပ်သမျှကို စိတ်ဝင်စားစွာဖြင့် နောက်မှလိုက်၍ ကြည့်နေခဲ့ဖူးသည်။

မောင်ထွန်းရီက တံငါ၊ မုဆိုးလေး ကြပ်ခေါင်းတို့၏နောက်မှ လိုက်နေခဲ့ဖူးသော်လည်း ထိုအချိန်ကပင် အကုသိုလ်ကို ကြောက်တတ်သည်။ မိဘ,ဆရာသမားများက ဆိုဆုံးမထားကြ၍ဖြစ်သည်။ ထို့ကြောင့် ရံခါ ကြပ်ခေါင်းတို့ကိုပင် မုဆိုး၊ တံငါ မလုပ်ရန် တားမြစ်ခဲ့ဖူးသည်။

သို့သော်လည်း ကြပ်ခေါင်းတို့မှာ မုဆိုး၊ တံငါနှင့် ကြုံရာကျပန်း အလုပ်များကို လုပ်ကိုင်စားသောက်ကြရသော မိဘနှစ်ယောက်တို့မှ မွေးဖွားလာသူလေးဖြစ်၍ အထုံပါနေသောကြောင့် ဝါသနာတစ်ခုလို မုဆိုး၊ တံငါ လုပ်ရသည်ကို ပျော်နေပုံရသည်။ ထို့ကြောင့် စိတ်ပါလက်ပါလည်း လုပ်သည်။

ငှက်၊ ပုတက်၊ ငါး၊ ဖား၊ ပုစွန် တစ်ကောင်ကောင်ရလျှင်လည်း ထခုန်လုမတတ်အောင်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတတ်သည်။ သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ခြင်းမှာ အကုသိုလ်ဟူ၍ကား သိဟန်ပင် မတူပေ။

နောက်ပိုင်း မောင်ထွန်းရီက သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ခြင်းမှာ အကုသိုလ်ဖြစ်၍ ငရဲကျတတ်သည့် အကြောင်း၊ ဝဋ်လိုက်တတ်သည့် အကြောင်းများကို မိဘဆရာသမားများက သင်ပြထားကြသည့်အတိုင်း ကြပ်ခေါင်းတို့အား ပြောဖန်များလာသောအခါ-

'အေးပါကွာ၊ နောက်တော့ ငါ မလုပ်ဘဲ နေပါ့မယ်။ အခုတော့ ရတုန်း လုပ်လိုက်ဦးမယ်'ဟုဆိုကာ ဆက်လုပ်နေပြန်သည်။

အလွန်ချစ်ခင်ကြသည့် သူငယ်ချင်းအရင်းကြီးဖြစ်၍ မောင်ထွန်းရီကလည်း အတင်းအကျပ်ကြီး မပြောရက်ပေ။

မောင်ထွန်းရီနှင့် ကြပ်ခေါင်းတို့တို့သည် လေးတန်းကျောင်းသားအရွယ်တိုင်အောင် ကျောင်းပိတ်ရက်တိုင်း ဤပတ်ဝန်းကျင်၌ ကျင်လည်နေခဲ့ကြဖူးသည်။ မောင်ထွန်းရီ လေးတန်းအောင်၍ မြို့ကျောင်းသို့ ပြောင်းနေသည်အထိ ဖြစ်သည်။

မောင်ထွန်းရီ တောင်ငူမြို့ကိုပြောင်း၍ ဆင်သူဌေးကြီး ဘကြီးဦးချစ်၏ အိမ်မှာနေ၍ ကျောင်းတက်ပြီး မကြာမီပင် ကြပ်ခေါင်းတို့တစ်ယောက် ပျောက်ခြင်းမလှစွာဖြင့် ပျောက်သွားရသည့် အကြောင်းကို ကြားလိုက်ရသည်။

ထို့ကြောင့် မောင်ထွန်းရီမှာ မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားခဲ့ရသည်။ အချစ်ဆုံးသူငယ်ချင်းတစ်ယောက် ဆုံးရှုံးသွားရခြင်းကြောင့် ဝမ်းနည်းကြေကွဲလည်း ဖြစ်ခဲ့ရသည်။

မောင်ထွန်းရီသည် မဟောင်းသေးသော အတိတ်အကြောင်းလေးတစ်ခုကို ပြန်ပြောင်းစဉ်းစားရင်း တောင်လမာအင်းဘေး တစ်နေရာတွင် ဦးတည်ရာမဲ့ လျှောက်သွားနေမိသည်။ ပတ်ဝန်းကျင်များကိုလည်း အကြောင်းမဲ့ ကြည့်ရင်းက ငေးနေမိသည်။

◆◆◆

တစ်နေ့သောအခါတွင် ကြပ်ခေါင်းတို့က ပြောသည်။

'သူငယ်ချင်း…ငါ အကုသိုလ်အလုပ်တွေကို မလုပ်တော့ဘူးကွ'

'ဟာ'

မောင်ထွန်းရီ အံ့သြသွား၏။ ထို့ကြောင့် မေးကြည့်လိုက်သည်။

'တကယ်များလား'

'တကယ်ပေါ့ကွ။ ငါ သားငါးသတ် အလုပ်တွေကို မလုပ်တာ ကြာပြီပဲ။ မင်းသာ မပြောသေးတာ'

'ဘာဖြစ်လို့တုံး။ အကုသိုလ်တွေကို မလုပ်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ အကြောင်းများရှိလို့လား။ ငါက မကြာခဏပြော ပြနေလို့များလား'

'အကြောင်းရှိတာပေါ့။ ဒါပေမဲ့ မင်းပြောတာတွေ သက်သက်တော့ မဟုတ်ဘူးကွ။ ဘိုးတော်ကြီးက ဆုံးမ ထားလို့လေ'

'ဘိုးတော်ကြီး၊ ဘိုးတော်ကြီးဆိုတာ ဘယ်သူတုံး'

'လာပါ၊ တောင်လမာအင်းဘက် သွားရအောင်။ အဲဒီ ရောက်တော့မှ ပြောမယ်။ ပြီးတော့ ပြလည်း ပြမယ်'

'ပြမယ်။ ဘာကိုပြမှာတုံး'

'လာပါဆိုကွာ၊ ဟိုရောက်တော့ ပြမှာပေါ့'

ကြပ်ခေါင်းတိုက ဘာပြမယ်ဟု တိတိကျကျမပြောဘဲ ခေါ်လာခဲ့၍ မောင်ထွန်းရီမှာ နားမလည်စွာဖြင့်ပင် လိုက် လာရ၏။ ကြပ်ခေါင်းတိုက ခြေလှမ်းမြန်မြန်ဖြင့် သွားလွန်း နေ၍ မောင်ထွန်းရီမှာ ပြေးသလောက်နီးပါးမြန်သော ခြေ လှမ်းများဖြင့်ပင် လိုက်ပါနေရသည်။

ခပ်သွက်သွက်လျှောက်လာကြရင်း တောင်လမာအင်း ကြီး၏အနားသို့ ရောက်လာကြသည်။ အင်းစောင်းတခို၌ ကျွဲကျောင်းသား၊ နွားကျောင်းသားများ ဟိုတစ်စု သည်တစ် စု ထိုင်နေကြသည်။ တချို့လည်း လျှောက်[illegible]နေကြသည်။ တချို့ ပေါက်ပင်အောက်မှာ စုထိုင်နေကြသည်။ ကွန်ပစ် ငါးသဲ့နေကြသူများကိုလည်း တွေ့နေရသည်။

ကြပ်ခေါင်းတိုက ထိုထိုလူစုဘက်ကို မသွားဘဲ သီး သန့်ရှောင်ကွင်းကာ အရှေ့တောင်ထောင့်ကျကျ ကျောက် တောင်ဘက်ကိုသာ ဦးတည်ပြီး သွားနေသည်။ ကျောက် တောင်ခြေသို့ ရောက်လျှင် ကြပ်ခေါင်းတိုက ပြောသည်။

'မောင်ထွန်းရီ..မင်း ဒီမှာကျန်ခဲ့ကွာ။ ငါ ကျောက် တောင်ထဲသို့ ခဏသွားလိုက်ဦးမယ်'

'ဘာကျောက်တောင်ထဲကို သွားမှာတုံး။ ငါတစ် ယောက်တည်း မနေရဲဘူးကွ'

'ဘာမှ ကြောက်စရာ မရှိပါဘူးကွ'

'အာ..ငါတစ်ယောက်တည်း မနေရဲဘူးကွ'

'ဘာ..မနေရဲစရာရှိလဲ'

မောင်ထွန်းရီ သက်ပြင်းတစ်ချက် ချလိုက်၏။ ထို့ နောက် ကြပ်ခေါင်းတိုအား မေးလိုက်သည်။

'နေစမ်းပါဦး၊ မင်းက အဲဒီကျောက်တောင်ထဲ ဘာ သွားလုပ်မှာတုံး။ ချေးပါချင်လို့လား'

ကြပ်ခေါင်းတိုက တစ်ချက်ရယ်လိုက်ပြီး-

'မဟုတ်ဘူးကွ၊ မင်းထင်တာ လုံးဝမဟုတ်ဘူး'

'မဟုတ်ရင် ငါလည်း လိုက်မယ်ကွာ'

'ရော်..ဟား..ဟား..မင်းလိုက်လို့ မရဘူးကွ။ ဒါ ကြောင့် ပြောနေတာပါ။ ဒီနေရာက ကျန်နေခဲ့။ ငါ တစ် အောင့်လေးပဲ ကြာမှာ'ဟု ပြောထားခဲ့ပြီး ကြပ်ခေါင်းတို သည် ကျောက်တောင်ကြီး၏ လှိုဏ်ထဲသို့ သုတ်ခနဲ ပြေးဝင် သွားလေသည်။

မောင်ထွန်းရီ သက်မ,တစ်ချက်ချကာ ကျန်နေခဲ့၏။ သူ့အား မခေါ်ဘဲ တစ်ယောက်တည်း ထွက်သွားသဖြင့် မောင်ထွန်းရီ မကျေနပ်သလို ခံစားရမိသည်။

တစ်အောင့်အကြာတွင် ကြပ်ခေါင်းတို ပြန်ထွက်လာ သည်။ ဘာမှန်းမသိ လက်မှာလည်း တစ်ဖက်ဆုပ်၍ ပါလာ သည်။

'ဒီမှာ ကြည့်ပါ'

ကြပ်ခေါင်းတိုက သူဆုပ်ယူလာသည်များကို ဖြောက် ပြသည်။ မောင်ထွန်းရီ ကြပ်ခေါင်းတို၏ မျက်နှာကို စိုက် ကြည့်ရင်း လှမ်းသွားပြီး ကြည့်သည်။

'ဒါ ဘာတွေတုံး။ မင်း ပြောကြည့်စမ်းပါ'ဟု ကြပ် ခေါင်းတိုက မေးသည်။

မောင်ထွန်းရီက ကျောက်တောင်ထဲသို့ ဝင်မလိုက်ရ သည်ကို မကျေနပ်ဖြစ်ပြီး ဘာမျှမပြောဘဲ ကြပ်ခေါင်းတို ၏ မျက်နှာကိုသာ စိုက်ကြည့်နေ၏။

'ကြည့်လေ၊ ဒါ ဘာတွေတုံး'ဟု ကြက်ခေါင်းတိုက ထပ်မေးသည်။

'ဟ..ဘယ်သိမလဲကွ။ မင်း ရမိရရာ ကောက်လာ တာကို'

ကြပ်ခေါင်းတိုက သဘောကျစွာဖြင့် တစ်ချက်ရယ် လိုက်ပြီး-

'အ,လိုက်တဲ့အကောင်၊ မောင်ထွန်းရီ..မင်း ကိုယ့် လစိကို ကျောက်တုံးနဲ့ ထုသေဖို့ပဲ ကောင်းတော့တယ်'

'ဟိုက်ကောင်၊ မင်းမရိုင်းနဲ့နော်။ နွားစကား မပြောနဲ့'

'ဒီမှာ ကြည့်လေ။ အဲလောက်ထိ သူဌေးသားတစ် ယောက် လုပ်နေပြီး ဒါတွေတောင် မသိဘူးတဲ့။ ပြောရင် လည်း မကြိုက်သေးဘူး။ ဒီအပြားတွေက ငွေပြားတွေကွ။ ဒါက ငွေမန်ကျည်းသီး နှစ်တောင့်ပဲ'

'အစကပင် သိသားပဲ။ မင်း စောက်မြင်ကပ်လို့ မပြောတာ'



www.burmeseclassic.com

www.burmeseclassic.com

'ဟောဗျာ၊ ငါ့စောက်မြင်ကပ်လို့ မပြောတာတဲ့။ ဘယ်လောက်အထိ ပါးချဖို့ ကောင်းလိုက်သလဲ။ တကယ်မသိတာ။ မသိလို့ မပြောဘူး။ သူများဆီမှာ အတိုးခံရလို့ မျက်နှာဘီလူးရုပ်ပေါက်တာတောင် ငါ့ရှီး မလျှော့ဆိုတဲ့ အကောင်မျိုးပဲ။ ဟိုအထဲတော့ မင်းခေါ်သွားလို့ မရလားကွ။ အဲဒီအထဲကို မင်းအဘအိမ်များ မှတ်နေသလား'

'မင်းအထဲက ဘာမို့လို့လဲ'

'သိုက်နန်းလေ။ အဲဒါ တို့မောင်နှမတွေရဲ့ သိုက်နန်းကြီးပဲ။ အဲဒီအထဲက မင်း မြင်ဖူးအောင်လို့ ဒါတွေကို ယူလာပြီး ပြတာ'

မောင်ထွန်းရီ မျက်လုံးပြူးသွားလေသည်။ စိတ်ဆိုးဒေါသများလည်း ပျောက်သွားသည်။ ထို့နောက် ကြပ်ခေါင်းတိုက သိုက်နန်းဟုဆိုသည့် ကျောက်တောင်ကြားကို တစ်အောင့်လေး စိုက်ကြည့်လိုက်ပြီး သက်မ,တစ်ချက်ကိုချကာ ကြပ်ခေါင်းတို၏မျက်နှာကို တစ်ချက်ကြည့်ပြီး သူ့လက်ထဲမှ ငွေပြားများနှင့် ငွေမန်ကျည်းသီးတောင့် နှစ်တောင့်ကိုပါ ကိုင်ကြည့်သည်။

'ဒါမျိုးတွေအထဲမှာ အများကြီးရှိသေးတယ်ကွ။ အတုံးတွေကြီးလည်း မနည်းဘူး' ဟု ကြပ်ခေါင်းတိုက ပြောသည်။

'ဟာ..ဒါဆိုရင် တို့ ပွပြီပဲကွ။ ဟင်'

မောင်ထွန်းရီ၏ မျက်နှာတွင် အစက ထွက်ခဲ့သော ဒေါသ၊ တိုခဲ့သောစိတ်များ ယခုအချိန်တွင် လုံးဝမရှိတော့ဘဲ မျက်နှာထန်လျက် လှူးလိုက်သကဲ့သို့ ဖြစ်သွားလေသည်။

'ဟိုက်ကောင်..မပွနဲ့ကွ။ ဒါတွေကို ယူသွားလို့မရဘူး'

'ဟာ..ဘာဖြစ်လို့တုံး။ ဘယ်သူမှ မမြင်ဘူးလေ။ ဒါတွေကို ဒီအတိုင်း ခါးပိုက်ထဲ ထည့်သွားရင် ရတာပဲ'

'မမကြီးက ယူမသွားရဘူးလို့ ပြောတယ်ကွ။ အခုယူလာတာတောင် မင်းပြချင်လို့ ခဏလေးပါဆိုလို့သာ ခွင့်ပြုလိုက်တာပါ'

'မမကြီးဆိုတာ ဘယ်သူတုံး'

'တို့သိုက်စောင့်မမကြီးလေကွာ။ အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူတဲ့အခါ ကျောင်းတော် ဆောက်လုပ်ရန်အတွက်ဆိုတဲ့ သိုက်ကို စောင့်ရှောက်နေကြရတာ'

'သိုက်စောင့်မမက မင်းရဲ့ အစ်မကြီးဆိုတော့ မင်းလည်း အဲဒီအထဲကပဲလား'

'ဟုတ်တယ်လေ'

'ဟောဗျာ'

မောင်ထွန်းရီ မျက်လုံးပြူးသွားပြန်လေသည်။ ထို့နောက် ကြပ်ခေါင်းတိုကိုလည်း အသေအချာ စူးစိုက်ကြည့်သည်။

'ငါက အငယ်ဆုံးဆိုတော့ အလိုလိုက်ကြတယ်လေ။ ဒါကြောင့် အလည်သဘောနဲ့ လူ့ပြည် လာခွင့်ပြုလို့ အခုလို မင်းတို့နဲ့ တွေ့ခွင့်ရနေတာပေါ့' ဟု ကြပ်ခေါင်းတိုက ရှင်းပြ သည်။

မောင်ထွန်းရီ တစ်ချက်၊ နှစ်ချက် ခေါင်းညိတ်လိုက် ၏။ ထို့နောက် ပြောလိုက်သည်။

'ဒါဆိုလည်း အထဲကဟာတွေကို မပေးရင်နေ၊ ဒါတွေ တော့ ပေးလိုက်ပါလို့ သွားပြောလိုက်ပေါ့ကွ။ ကိုယ့်အစ်မပဲ မင်းပြောရင် ရလောက်ပါတယ်'

ကြပ်ခေါင်းတိုက တစ်ချက်ပြုံး၏။ ထို့နောက် ပြော သည်။

'မလုပ်ပါနဲ့၊ အစ်မကြီးက ဒါတွေအားလုံးကို စောင့် ရှောက်နေရပေမယ့် ကျောင်းတော်ဆောက်ရန်အတွက်ချည်း ဆိုတော့ အစ်မကြီးလည်း မပိုင်ဘူးလေ။ သာသနာ့ပစ္စည်း ချည်းပဲဥစ္စာ'

မောင်ထွန်းရီ တစ်အောင့်လေး စဉ်းစားလိုက်၏။ ထို့ နောက် ပြောသည်။

'ဟုတ်ပြီ၊ ဒါဆိုရင် အထဲကဟာတွေကို မရရင် နေပါ စေ။ တို့ ဒါတွေတော့ ယူသွားကြရအောင်။ မင်းအစ်မကြီး က မင်းတော့ မလုပ်လောက်ပါဘူး'

ကြပ်ခေါင်းတိုက တစ်ချက်ရယ်ပြီး ပြော၏။

'မရဘူးကွ။ ဒါတွေကိုသာ ယူသွားရင် ဒီအင်းကြီးရဲ့ ဟိုဘက်တောင် မရောက်ဘူး။ ယားလို့ သေတော့မှာပဲ'

'အဲဒီလိုလည်း ယားတတ်သလား'

'ယားတာပေါ့ကွ။ အခုတောင် ငါယူပြီးပြလို့သာ မင်း မယားတာ။ အဲလိုသာမဟုတ်ရင် ကိုင်ကြည့်တာနဲ့တောင် ယားလောက်ပါတယ်'

'ဒါဆိုရင် လုံးဝယူလို့မရဘူးပေါ့'

'မရဘူး၊ လုံးဝပဲ။ ယူရင် မနေနိုင်မထိုင်နိုင်ဖြစ်အောင် ယားတော့မှာပဲ။ သူ့နေရာပြန်ပို့မှ အယားပျောက်တာ'

မောင်ထွန်းရီ သက်မ,တစ်ချက်ကို ထပ်ကာချလိုက် ၏။ သည်ငွေသားများကို လုံးဝယူလို့မရဘူးဟု သိလိုက် လည်း စိတ်ပျက်သွား၏။ လက်ဖြင့် ကိုင်ကြည့်ခွင့်ရနေ



www.burmeseclassic.com

www.burmeseclassic.com

ချက်နှင့် ယူခွင့်မရှိသောကြောင့် အတော်လေးလည်း မကျေနပ်ဖြစ်သွားမိသည်။ ထို့ကြောင့် ကြပ်ခေါင်းတို့အား ပြန်ပက်ထိုက်သည်။

'ဟုတ်ပြီ၊ ဒါဆိုလည်း ယားမှာကို သိသိကြီးနဲ့ ငါယူရဲတော့ပါဘူး။ ဒါပေမဲ့ မင်း ရွာထဲက ကိုစိန်မောင်ရဲ့ မြီးမ မတင်မေကိုတော့ နည်းနည်းလေးပဲဖြစ်ဖြစ် သွားပေးလိုက်ပါကွာ'

'ဟ..ဘာလို့ပေးရမှာတုံး။ အဲလောက်ထိ ယားပါ့ဘယ်ဆိုမှ'

'ယားတတ်လို့ သွားပေးလိုက်ပါ ပြောတာပေါ့ကွ။ ခုအလော မတင်မေတစ်ယောက် ဘာကြောင့်မှန်းမသိ နေရင်းထိုင်ရင်း လင်စိတ်သားစိတ်ကုန်လာလို့ လင်မယားကွာမယ်တင်းမယ်နဲ့တောင် ဖြစ်နေကြတာလေ။ မင်း မကြားသေးဘူးလား'

'ငါ..တယ်..ဒီကောင်၊ အကောင်းမှတ်လို့ နားထောင်နေတာ'

မောင်ထွန်းရီက သဘောကျပြီး တဟားဟားရယ်၏။ ကြပ်ခေါင်းတို့ကမူ ပြုံးရုံပြုံးသည်။ ငွေယားပြားများနှင့် ငွေမန်ကျည်းသီးတောင့်များကိုလည်း ကိုင်ပွတ်ကြည့်နေသည်။

ထို့နောက် ကြပ်ခေါင်းတို့က ပြောပြသည်မှာ-

သူတို့သိုက်မှာ မောင်နှမသုံးယောက်ရှိကြသည်။ သိုက်စောင့်သက်တမ်းက ရှည်လွန်း၍ သိုက်စောင့်ဘဝတွင် ငြီးငွေ့လာသောကြောင့် မောင်နှမသုံးယောက် အလှည့်ကျလူ့ ရွာကို လာလေ့ရှိကြသည်။ လူ့ရွာကို လာသော်လည်း အိမ်ထောင်သားမွေးခွင့်ကို မရကြပေ။ အိမ်ထောင်ပြုလျှင်လည်း သိုက်ချုပ်ဘိုးတော်က ဒဏ်ခတ်ပြီး သိုက်နန်းကို ပြန်ခေါ်ယူလေ့ရှိသည်။ ထိုအခါ ဝမ်းနည်းကြေကွဲဖွယ်ရာများနှင့် ကြုံကြရသည်။

ထို့ကြောင့် ထိုအဖြစ်မျိုးနှင့် မကြုံမတွေ့စေရန်အတွက် ယခု ကြပ်ခေါင်းတို့ လူ့ရွာသို့ လာခါနီးတွင် အစ်မတော်နှစ်ယောက်နှင့် သိုက်ချုပ်ဘိုးတော်တို့ တိုင်ပင်ကြပြီး အိမ်ထောင်မကျနိုင်စေရန် ရွယ်တူမိန်းကလေးများ စိတ်မဝင်စားကြစေရန် ကြံရွယ်၍ ဆင်းရဲသောမိဘများအိမ်သို့ အဆိုးဆုံးရုပ်လက္ခဏာဖြင့်သာ ပို့လွှတ်ကြသည့်အကြောင်းကို ပြောပြသည်။

သူ့ကိုလည်း အစ်မတော်နှစ်ယောက်နှင့် သိုက်ချုပ်ဘိုးတော်ကြီးက မပြတ်ကြည့်ရှုစောင့်ရှောက်လျက် ရှိနေကြသည်။ သိုက်ချုပ်ဘိုးတော်ကြီးက ကြပ်ခေါင်းတို့သည် ဆင်းရဲသော မိဘများအိမ်မှာ လူဖြစ်နေရ၍ ဖားဖမ်း၊ ငှက်ထောင်၊ ငါးနိုက် လုပ်နေသည်ကို အကုသိုလ်များသောကြောင့် မကြိုက်လှ၍ ထိုအလုပ်ကို ဆက်မလုပ်ရန် ဟောပြောဆုံးမ တားမြစ်လိုက်သောကြောင့်လည်း ယခု ကြပ်ခေါင်းတို့သည် ထိုထိုအကုသိုလ်အလုပ်များကို မလုပ်တော့သည့် အကြောင်းကိုပါ မောင်ထွန်းရီအား ပြောပြသည်။

သို့မှ မောင်ထွန်းရီမှာ ကြပ်ခေါင်းတို့၏ ဖြစ်ကြောင်းကုန်စဉ်များကို နားလည်လိုက်ရသည်။ ကံတရား၏ လှည့်ပတ်တတ်ပုံကို စဉ်းစားမိ၍ ကြပ်ခေါင်းတို့အား အတော်လေးပင် စိတ်မကောင်းဖြစ်သွားမိသည်။

◆ ◆ ◆

ယခုအခါ ကြပ်ခေါင်းတို့သည် နွားအငှားကျောင်းနေ၏။ တစ်လကျောင်းလျှင် နွားတစ်ကောင် တစ်ကျပ်နှုန်းရ၍ နွားကောင်ရေများများကျောင်းလေ ငွေပိုရလေဖြစ်၏။ ထို့ကြောင့် အသေးစားမုဆိုး၊ တံငါလုပ်သလောက်နီးပါး ဝင်ငွေရှိသည်။ အကုသိုလ်လည်း မတက်တော့။

သည်အချိန်၌ အချစ်ဆုံးလက်တွဲဖော်သူငယ်ချင်းဖြစ်သော မောင်ထွန်းရီလည်း တောင်ငူမြို့ကိုပြောင်းပြီး ကျောင်းတက်နေသည်။ ထို့ကြောင့် ကြပ်ခေါင်းတို့မှာ နွားကျောင်းသားများနှင့် မိတ်ဖွဲ့နေရလေသည်။

လူကျောင်းသား မောင်ထွန်းရီက တစ်ယောက်တည်း၊





www.burmeseclassic.com

www.burmeseclassic.com

နွားကျောင်းသား မိတ်ဆွေတွေက အများကြီး။ ထို့ကြောင့် ကြပ်ခေါင်းတိုမှာ မောင်ထွန်းရီကို ရံခါမျှသာ သတိရပြီး နွားကျောင်းသားလေးများနှင့်သာ ပျော်နေမိလေသည်။

ကြပ်ခေါင်းတိုအုပ်စု အင်းစောင်းထဲက မြက်နုတောသို့ နွားများအား မောင်းပို့ထားခဲ့ပြီး သရက်ပင်ကြီးအောက်သို့ လျှောက်လာကြသည်။ ထိုအခါ သရက်ပင်ကြီးအောက်၌ ချေးသိပ်ရင်း နားနေသော အသက်(၅၀)ကျော်ခန့် လူကြီးတစ်ယောက်ကို တွေ့ကြရသည်။

လူပုံက အရပ်မြင့်မြင့်နှင့် ခံ့သည်။ ရှမ်းလူမျိုးဖြစ်ဟန်တူသည်။ ရှမ်းဘောင်းဘီ၊ ရှမ်းတိုက်ပုံ၊ ရှမ်းအင်္ကျီ၊ ရှမ်းခေါင်းပေါင်း စသည်များကို စမတ်ကျကျ ဝတ်ဆင်ထားသည်။ တည်ကြည်သော အမူအရာကိုလည်း ဆောင်သည်။ ထို့ကြောင့် ကြပ်ခေါင်းတိုက ထိုလူကြီး၏အနား သွားထိုင်ပြီး မေးကြည့်လိုက်သည်။

'ဘကြီး⋯ဘယ်အရပ်ကလာလို့ ဘယ်ကိုသွားတာပါလဲခင်ဗျာ'

ထိုလူကြီးက ကြပ်ခေါင်းတို ခြေဆုံးခေါင်းဆုံးကြည့်နေ၏။ ထို့နောက် ကြပ်ခေါင်းတို မေးသည်ကို မဖြေဘဲ ကြပ်ခေါင်းတိုကိုသာ ပြန်မေးသည်။

'မင်းတို့က ဒီဒိုးသောင်ရွာကချည်းပဲလား'

'ဟုတ်ပါတယ် ဘကြီးရဲ့။ သားတို့က ဒီဒိုးသောင်ရွာသားလေးတွေ စုပေါင်းပြီး နွားကျောင်းနေကြတာပါ'

ထိုလူကြီးက ကြပ်ခေါင်းတိုကို အသေချာကြည့်ပြန်သည်။ နွားကျောင်းသားကလေးများထဲတွင် ကြပ်ခေါင်းတို၏ ရည်မွန်စွာဖြင့် ပြောဆိုတတ်ပုံ၊ သွက်လက်ပုံများကို အကဲခတ်မိသွားသည်။ ထို့နောက် ကြပ်ခေါင်းတိုနှင့် တစ်အောင့်လေး စကားပြောကြည့်ပြီးနောက် ဥပါယ်တံမျဉ်ဖြင့် သရက်ပင်ကြီးအောက်မှ ကျန်သော နွားကျောင်းသားလေးများအား မောင်းထုတ်လိုက်၏။ ထို့နောက် ကြပ်ခေါင်းတိုကို ပြောပြသည်။

'ငါ အစက မင်းမေးတာကို အခုမှပဲဖြေမယ်။ ငါ့နာမည်က ဆရာသာဂရလို့ ခေါ်ပါတယ်။ ငါ ဒီအရပ်ကို ဦးတည်ပြီး လာခဲ့တာပဲ။ ဒီအနားတစ်ဝိုက်မှာ ငွေယားသိုက်ရှိတယ်။ အဲဒီငွေယားသိုက်ကို မောင်နှမသုံးယောက်တို့က စောင့်ရှောက်ကြတယ်။ သူတို့မောင်နှမသုံးယောက်မှာ အစွမ်းအထက်ဆုံးဖြစ်တဲ့ မောင်ငယ်လေးက အခု လူ့ရွာကို ရောက်နေတယ်။ အဲဒီမောင်ငယ်လေး သိုက်စောင့်အဖြစ်နဲ့ သိုက်နန်းထဲသို့ ပြန်မရောက်ခင် ငါက သူ့အစ်မနှစ်ယောက်ကို ဖမ်းချုပ်ပြီး သူတို့ စောင့်ရှောက်နေကြတဲ့ ရတနာတွေကို ယူဖို့ လာခဲ့တာကွ'

'သြော်⋯သြော်⋯လက်စသတ်တော့ ဘကြီးက သိုက်ဆရာကြီးကိုး'

'ဟုတ်တယ်ကွယ့်၊ ဒါကြောင့် ဘကြီးက မင်းရဲ့သွက်လက်ပုံလေးတွေကို သဘောကျလို့ ဘကြီးနဲ့အတူ သိုက်လိုက်ရအောင်ဆိုပြီး ပြောမလို့ပါပဲ'

ကြပ်ခေါင်းတိုက တစ်ချက်ပြုံးပြီး သိုက်ဆရာကြီးအား စိုက်ကြည့်နေ၏။

'မင်း ငါနဲ့ တကယ် သိုက်လိုက်မယ်မဟုတ်လား'

ကြပ်ခေါင်းတိုက ဘာမျှမပြောသေးဘဲ ပြုံး၏။

'မင်းနဲ့ငါ သိုက်လိုက်မယ်ဆိုရင်တော့ ဒီအကြောင်းကို ရွာသားတွေ မသိစေနဲ့။ ရွာသားတွေက သိသွားကြရင် အနှောင့်အယှက်ဖြစ်လာနိုင်တယ်ကွ'

'ဟုတ်ကဲ့၊ ဘယ်သူ့မှ မပြောပါဘူး။ ဒါပေမဲ့ ဘကြီးရဲ့ လုပ်ငန်းစဉ်တွေကိုတော့ ကျွန်တော့်ကို ကြိုပြောထားမှ ဖြစ်မယ်ထင်တယ်'

'ပြောပြမှာပေါ့ကွ။ ကိုယ်နဲ့ အတူလုပ်မယ့်လူကို အကြောင်းအရာပြောမပြလို့ ရမလား။ ဒါပေမဲ့ အခုတော့ ရက်လိုသေးလို့ နီးမှပြောပြပါမယ်'

'ရက်လိုသေးတယ်ဆိုတော့ နောက် ဘယ်နှစ်ရက်လောက်များ လိုပါသေးသလဲခင်ဗျ'

'အခုမှ လဆန်းပဲ ရှိသေးတယ်ကွ။ လုပ်ရမှာက လကွယ်ညပဲ။ ဒီတော့ သရဲတစ္ဆေတွေကို မကြောက်တတ်တဲ့လူ မင်းအပါအဝင် လေးယောက်၊ ငါနဲ့ပါဆိုရင်တော့ ငါးယောက်ပေါ့။ ဒီထက်တော့ လူပိုခေါ်လို မရဘူးနော်'

'ဟုတ်ကဲ့၊ ဘကြီးညွှန်ကြားတဲ့အတိုင်းပဲ လိုက်လုပ်ပါ့မယ်။ ရွာထဲမှာ သရဲမကြောက်တတ်တဲ့လူတွေလည်း ရှိပြီပါတယ်။ အဲဒီအထဲက ကျွန်တော် အဆင်ပြေမယ့်လူတွေကို ရွေးခေါ်ပါမယ်။ နောက်ရော ဘာတွေလိုသေးလဲ ပြောပါ'

သိုက်ဆရာကြီးသည် တစ်အောင့်လေး စဉ်းစားလိုက်ပြီး–

'အင်း⋯ငါက ဘေးလူတွေကို အသိအမြင်မခံချင်တာကြောင့် မင်းက ငါ ဒီရက်တွေအတွင်းမှာ စားသောက်ရအောင် ဆန် ဒါမှမဟုတ် ပေါင်မုန့်ဆယ်လုံးလောက်



www.burmeseclassic.com

www.burmeseclassic.com

လာပို့ထားပါ'

'ဟုတ်ကဲ့၊ လာပို့ပေးထားပါ့မယ်'

'အေး..ဒီလောက်ဆိုရင်တော့ ပြည့်စုံပါပြီ။ လက္ခယ်ညမှာသာ မင်းအပါအဝင် လူလေးယောက် တစ်ယောက်ကန်တော့ပွဲတစ်ပွဲစီနဲ့ မပျက်မကွက် လာခဲ့ကြပါ'

◆◆◆

တောင်လမာအင်းကြီး၏ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုဖြင့် ပိတ်ပိတ်ဖုံးနေ၏။ လက္ခယ်ညဖြစ်၍ ကောင်းကင်တစ်ခွင်၌ မှိန်မှိန်ပျပျကြယ်ရောင်လေးမျှသာရှိသည်။ အင်းရေပြင်သည် ကြယ်ရောင်ကြောင့် အနည်းငယ် လင်းလက်နေသည်။

ညငှက်မျိုးနွယ်တွင် ပါဝင်သည့် စစ္စလီများ အင်းရေပြင်ကြီးကို ဖြတ်ပျံသွားကြသည်။ မြေဝပ်ငှက်များ ကြပ်ခေါင်းတိုတို့အုပ်စု နီးလာသည်နှင့် ထပြန်သွားကြသည်။ ထို့နောက် တစ်နေရာတွင် ပြန်ဝပ်ကြပြန်သည်။

ချုံထဲသို့ တဖြုန်းဖြုန်းဖြင့် ပြေးဝင်သွားကြသည်ကိုမူ ယုန်လား၊ တောကြောင်လား၊ ခွေးများပေလား မကွဲပြားချေ။ ကြပ်ခေါင်းတိုတို့ သရက်ပင်ကြီးဆီသို့ ဦးတည်ပြီး လျှောက်သွားနေကြသည်။

'ဘယ်သူတွေလဲကွ'

သိုက်ဆရာကြီးက ခပ်ငေါက်ငေါက်လေသံဖြင့် လှမ်းမေးသည်။

'ကျွန်တော်တို့လေ ဘကြီး၊ ဘကြီးခေါ်ထားလို့ လာကြတာလေ'ဟု ကြပ်ခေါင်းတိုက မတိုးမကျယ်ပြောလိုက်၏။

'ဩော်..အေး..အေး'

သိုက်ဆရာကြီး ပြန်ထိုင်သွားသည်ကို တွေ့လိုက်ရ၏။ ကြပ်ခေါင်းတိုတို့ အနားသို့ ရောက်လာကြသည်နှင့် သိုက်ဆရာကြီးက စကားမဆိုသေးဘဲ တစ်ယောက်ချင်း ကြည့်နေသည်။ ပြီးမှ ကြပ်ခေါင်းတိုတို့၏ လူနာမည်များကို တစ်ယောက်ချင်း မေးမြန်းပြီး မှတ်သားသည်။

ထို့နောက် ကန်တော့ပွဲငါးပွဲအပြင် လိုအပ်သောအလင်းတိုင်၊ အမွှေးတိုင်များကို စစ်ဆေးသည်။ သိုက်ဆရာကြီးမှာလည်း ကညင်ဆီမီးတိုင်ကြီး ဆောင်ထားသည်ကို တွေ့ရသည်။

ညသန်းခေါင်ယံအချိန်တွင် ကျောက်တောင်ခြေ၌ လုပ်ငန်းစကြသည်။ ဦးစွာ ရာဇမတ်ကာပြီး ကန်တော့ပွဲငါးပွဲကို စင်ဆောက်ပြီး တင်မြှောက်လိုက်ကြသည်။ ထို့နောက် သိုက်ဆရာကြီး၏ ကညင်ဆီမီးတိုင်ကြီးအပါအဝင် အလင်းတိုင်များကို ညှိထွန်းလိုက်ကြပြီး အမွှေးတိုင်များကိုလည်း စီနေအောင် ညှိထွန်းကြသည်။

'ကိုင်း..မင်းတို့အားလုံး ဒီနေရာက ငါ့အမိန့်မရဘဲ တစ်ယောက်မှ ထမသွားရဘူး။ စည်းအပြင်ရောက်သွားရင် ငါ တာဝန်မယူဘူး'

သိုက်ဆရာကြီးက ဘိုသံကြီးဖြင့်ပြော၏။ ထို့နောက် ကြပ်ခေါင်းတိုတို့လူစုကို တစ်ယောက်ချင်း ကြည့်လိုက်ပြီး ထပ်ပြောသည်။

'ဟေး..ဟိုအကောင်တွေ၊ မင်းတို့သုံးယောက်က ကြပ်ခေါင်းတိုကို ဖမ်းတုပ်လိုက်ကြစမ်း'

အားလုံး မျက်လုံးပြူးသွားကြ၏။ ကြပ်ခေါင်းတိုက သိုက်ဆရာကြီးအား ငေးစိုက်ကြည့်နေရင်းက မေးသည်။

'ဘကြီးက ကျွန်တော့်ကို ဘာလို့ ဖမ်းတုပ်မှာလဲဗျ'

သိုက်ဆရာကြီးက ကြပ်ခေါင်းတိုပြောသည်ကို ဘာမျှ မတုံ့ပြန်ဘဲ ဆက်ပြီးသာ အမိန့်ပေးလေသည်။

'ဟေး..ဟိုသုံးကောင် ငါပြောတာကို မကြားကြဘူးလားကွ'

သိုက်ဆရာကြီးက ငေါက်ပြီး ထပ်ဆင့်အမိန့်ပေးလိုက်၍ ဝတုတ်၊ သံခဲနှင့် ရှမ်းကြီးတို့မှာ ငေးကြောင်နေကြရာမှ ကြောက်လန့်ပြီး ကြပ်ခေါင်းတိုအား ကြိုးဖြင့် ဖမ်းတုပ်ကြလေသည်။ ကြပ်ခေါင်းတိုလည်း ဘာမျှမပြော၊ မရုန်းမကန်ဘဲ ငြိမ်၍သာ အတုပ်ခံနေလေ၏။ မလှုပ်သာအောင် ကြပ်ခေါင်းတို၏ ခေါင်း၊ ခြေ၊ ကိုယ်၊ လက်များကို တုပ်နှောင်လိုက်ကြပြီးနောက် သိုက်ဆရာကြီးက ထပ်ဆင့်အမိန့်ပေးပြန်သည်။

'အဲဒီအကောင်ကို စည်းဝိုင်းမယ့်နေရာရဲ့ဟိုဘက် ကိုက်ငါးဆယ်အကွာလောက်မှာ သွားချထားလိုက်ကြ။ ဒီသိုက်ကို စောင့်နေကြတဲ့ တစ္ဆေ၊ သရဲ၊ ဘီလူး၊ သဘက်တွေ နှောင့်ယှက်ဖို့ လာကြတဲ့အခါ စားသောက်ကြအောင် အစာအဖြစ် ကျွေးလိုက်ကြ။ တစ္ဆေ၊ သရဲ၊ ဘီလူး၊ သန့်ဘက်တွေက ဒီကောင်ကို စားသောက်နေကြတုန်း ငါက ဒီသိုက်ကို ဖွင့်မယ်'

ဆရာကြီး၏အာဏာကို မဖီဆန်ရဲကြသဖြင့် ဆရာကြီးခိုင်းစေသည့်အတိုင်း ကြပ်ခေါင်းတိုကို ဝက်တုပ်တုပ်၊ ဝက်ထမ်းထမ်းပြီး စည်းဝိုင်းမည့် အပြင်ဘက်သို့ ထမ်းထုတ်ကြသည်။ ကြပ်ခေါင်းတိုလည်း ဝတုတ်တို့ ပြုသမျှကို န



www.burmeseclassic.com

www.burmeseclassic.com

သည်ဆိုဘိသို့ ငြိမ်လျက်သာပါလာလေသည်။

ဝတုတ်တို့လူစုလည်း ဆရာကြီးသတ်မှတ်ထားသည့် နေရာတွင် ကြပ်ခေါင်းတို့အား ချထားခဲ့ပြီး ပြန်လာကြသည်။ ဝတုတ်တို့ အနားသို့ ပြန်ရောက်လာကြသည်နှင့် ဆရာကြီးလည်း စည်းသုံးတန် တားလိုက်သည်။ ထို့နောက် ဝတုတ်တို့ နားမလည်နိုင်သော ဂါထာ၊ မန္တန်များကို ရွတ်ဆိုကာ အင်း၊ အိုင်၊ ခါးလှည့် ဂါထာစုတ်ပြီး မန်းမှုတ်လေသည်။

ပြီးမှ-

'အို..ငွေယားသိုက်ကို စောင့်ရှောက်နေကြကုန်သော သရဲ၊ တစ္ဆေ၊ မြေဖုတ်ဘီလူး စသည့်သိုက်စောင့်အပေါင်းတို့၊ ယခုအမြန်ပင်လျှင် လာရောက်၍ ဤကြပ်ခေါင်းတို့အမည်ရှိသော လူသားကလေးအား ငါကျွေးမွေးပါ၏။ သတ်ကုန်လော့၊ စားကုန်လော့။ ထို့နောက် သင်တို့၏ သိုက်နန်းတံခါးကိုလည်း အသာတကြည် ဖွင့်ပေးကြကုန်လော့။ ငါဆရာသာဂရကိုယ်တိုင် ဆေးဝါးမန္တန်ကြိမ်လုံးဒဏ်ဖြင့် ဖွင့်ရပါမူ သင်တို့ သက်သာကြလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ဤလူသားငယ် ကြပ်ခေါင်းတို့၏ အရေနုနု အရိုးကြွပ်ကြွပ်ကလေးကို အရသာရှိရှိ စားသောက်ပြီးသကာလ သင်တို့၏ သိုက်နန်းကြီးကို ဖွင့်ပေးကြပါကုန်လော့'

သိုက်ဆရာကြီးသည် အောင်မြင်သော အသံကြီးဖြင့် အရုပ်လေးမျက်နှာသို့လှည့်၍ အထက်ပါအတိုင်း အော်ပြောလိုက်လေသည်။ ထို့ကြောင့် ဝတုတ်တို့လူစုလည်း ကြက်သီးဖြန်းဖြန်းထသွားကြလေသည်။

ထို့နောက် ဘယ်ကမှန်းမသိ အနောက်တိုင်း လူ့ဂုဏ်ဆန်းကြယ် ဇာတ်ကားများမှာသာ မြင်ဖူးသော အမွေးအမှင်များ ထူထေးပြီး လူလိုလို ဘီလူးလိုလို အရုပ်အမောင်း(၉) ပေခန့်မြင့်မည်ဟု ထင်ရသည့် သတ္တဝါကြီးငါးကောင် ပေါ်လာကြလေသည်။

သူတို့၏လက်တွင် မိုန်း၊ တင်းပုတ် စသည်များလည်း ကိုင်၍ပါလာကြသည်။ ထိုသတ္တဝါကြီး ငါးကောင်သည် တစ်အောင့်ကြာအောင် ငြိမ်သက်လျက် အခြေအနေအရပ်ရပ်ကို အကဲခတ်ကြည့်နေကြလေသည်။

ရုပ်ဆင်းသဏ္ဌာန် အင်မတန်ဆိုးပြီး မျက်လုံးကြီးများမှာလည်း မီးဝင်းဝင်းတောက်နေကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ဝတုတ်တို့လူစုမှာ ထိုသတ္တဝါကြီးများအား စေ့စေ့ပင် မကြည့်ရဲကြတော့ဘဲ အသက်ထွက်လုမတတ်အောင်ပင် ကြောက်နေကြလေသည်။

သို့သော်လည်း သတ္တဝါကြီးများသည် သိုက်ဆရာကြီးနှင့်တကွ ဝတုတ်တို့လူစုကို ဘာမျှမလုပ်၊ ဂရုပင်မစိုက်ကြဘဲ ကြပ်ခေါင်းတို့ဆီကိုသာ တန်းသွားကြလေသည်။

ထို့ကြောင့် ဝတုတ်တို့လူစုမှာ ကြပ်ခေါင်းတို့အတွက် အလွန်အမင်းစိုးရိမ်ပြီး မျက်လုံးများ ပြူးပိုင်းသွားကြလေသည်။ သတ္တဝါကြီးငါးကောင်သည် ကြပ်ခေါင်းတို့အား လည်ကုပ်ချိုးစားကြလိမ့်မည်ဟုလည်း ထင်လိုက်ကြသည်။ ထို့ကြောင့် ဝတုတ်တို့လူစုမှာ ရဲရဲပင် မကြည့်ဝံ့ကြတော့။

သို့သော် ဝတုတ်တို့ထင်သလို တစ်ခုမျှ မဟုတ်ပေ။ သတ္တဝါကြီးငါးကောင်လုံးပင် ကြပ်ခေါင်းတို့၏ အနားသို့ ရောက်လျှင် အရိုအသေပေးကာ ဒူးထောက်ထိုင်လိုက်ကြပြီး လည်ချောင်းသံသြသြကြီးဖြင့် ဝတုတ်တို့ နားမလည်နိုင်သော စကားများကို ကြပ်ခေါင်းတို့အား ပြောကြလေသည်။ ထို့နောက်ဆက်ကာ ကြပ်ခေါင်းတို့၏အသံကို ကြားလာရသည်။

'သင်တို့အားလုံး နားထောင်ကြ။ သိုက်ဆရာကြီးသာဂရကို မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ကြပြီးတော့ ငါ့ကိုလည်း အစ်မတော်များဆီကို ပို့ပေးကြစေ'

ကြပ်ခေါင်းတို့၏ စကားအဆုံးတွင် ကျောက်တောင် နံရံကြီးမှ ကျောက်သားကျောက်စကလေးများ တဖြိုးဖြိုး တဖြောက်ဖြောက် ပြုတ်ကျလာပြီး တစ်ဆက်တည်းပင် မိုးချုန်းသံကဲ့သို့ မြည်ဟိန်းသော အသံကြီးဖြင့် ကျောက်နံရံကြီး သိုက်နန်းကြီး ပွင့်သွားလေသည်။

အထဲတွင် မီးမရှိဘဲ ငွေရောင်ကဲ့သို့ ဆွဲဆွဲဖြူနေသော အလင်းရောင်ကြီး ရှိနေသည်ကို တွေ့ကြရသည်။ ထိုအလင်းရောင်ရှိနေသောကြောင့် အပ်ကိုချထားလျှင်ပင် မြင်ရလောက်အောင် လင်းထိန်နေလေသည်။ ဝတုတ်တို့လည်း အတွင်းပိုင်းသို့တိုင်အောင် မမြင်ရဘဲ ငွေသားအတူ ဆွဲဆွဲဖြူသော ကျောက်ဂူဝကြီးကိုမျှသာ မြင်နေရ၍ ကျောက်ဂူကြီး၏ အတွင်းပိုင်း၌ မည်သည့်ဥစ္စာရတနာနှင့် အစောင့်အရှောက်ကြီးများ ရှိနေမည်ကို မသိနိုင်ကြပေ။

ဝတုတ်တို့လူစု ကျောက်ဂူဝကြီးကို ငေးကြည့်နေကြစဉ်မှာပင် ထိုသတ္တဝါကြီးငါးကောင်သည် ကြပ်ခေါင်းတို့အား သယ်မ,ပြီး ကျောက်ဂူကြီးထဲသို့ သွင်းယူသွားကြလေသည်။

ထို့ကြောင့် ဝတုတ်တို့လူစုမှာ အလွန်အမင်းထူးဆန်း အံ့သြပြီး ငေးနေမိကြ၏။ သိုက်ဆရာကြီးကို ကြောက်ကြ၍ ကြပ်ခေါင်းတို့၏ အဖြစ်ကိုလည်း လိုက်ပြီးမတွေ့

www.burmeseclassic.com

www.burmeseclassic.com

ကြမေ။

ထို့နောက်တစ်ဖန် စဉ်းစားမိကြသည်မှာ နာနာဘာဝကြီးများက ဝတုတ်တို့၏ လူငယ်များထဲမှ ခေါင်းဆောင်ဖြစ်သော ကြပ်ခေါင်းတိုကိုပင် ကျောက်ဂူကြီးထဲသို့ သွင်းယူသွားကြလေရာ ဝတုတ်တို့အဖို့လည်း အခြေအနေဟန်ဖွယ်မရှိ။ အသက်အန္တရာယ်ပင် ဖြစ်လာဖွယ်ရှိသည်ဟုတွေးပြီး ကြောက်စိတ်များဝင်လာကာ စည်းကိုဖောက်၍ ထွက်ပြေးကြလေသည်။

မီးခိုးများ ဟုန်းဟုန်းတောက်လျက် စည်းသုံးတန် တစ်ပြိုင်နက် ကျိုးပေါက်သွားပြီးနောက် ဘယ်အရပ်မှ ရောက်လာကြမှန်း မသိနိုင်သော နာနာဘာဝကြီးများသည် ကြောက်မက်ဖွယ်ရာ လည်ချောင်းသံကြီးများဖြင့် ဟိန်းဟောက်လျက် သိုက်ဆရာကြီး ဦးသာဂရအား ဝိုင်းအုံသွားကြလေသည်။

ဝတုတ်တို့လူစု အသက်လုထွက်ပြေး၍ အတန်အသင့်ခရီးပေါက်သောအခါ နောက်ဘက်သို့ ပြန်လှည့်ကြည့်ကြ၏။ ထိုအခါ နာနာဘာဝကြီးများကို တစ်ကောင်မျှ မတွေ့ရတော့ဘဲ သိုက်ဆရာကြီး ဦးသာဂရသည်သာ ရေပြင်၌ အူယားဖားယားကူးခပ်ပြီး အော်ဟစ်နေသည်ကို တွေ့ကြရလေသည်။

♦ ♦ ♦

နောက်(၁၅)ရက်အကြာတွင်ဖြစ်၏။ ထိုအချိန်၌ မြို့ကျောင်းတက်နေသော မောင်ထွန်းရီသည်လည်း ကျောင်းပိတ်၍ ရွာကို ပြန်ရောက်နေလေပြီ။ ထိုအချိန်တွင် ရွာထဲ၌ ငွေယားတောင်သိုက်အကြောင်းကို ပျားစွဲသကဲ့သို့ ပြောနေကြသည်။ ငွေယားတောင်သိုက်နန်းမှ ကြပ်ခေါင်းတိုလေးအား အရှင်ခေါ်သွားသည့် အဖြစ်ကိုလည်း တစ်ရွာလုံး စုတ်တသသဖြင့် ကြေကွဲနေကြသည်။ သူ၏ မိဘများမှာ မူကား သူတို့သားလေး ကြပ်ခေါင်းတို၏ အဖြစ်ကိုတွေးပြီး မျက်ရည်ပင် မဆည်နိုင်ကြတော့ပေ။

ကြပ်ခေါင်းတိုလေးသည် ကျောက်ဂူကြီး ပြန်ပိတ်သွားပြီးနောက် အသက်ရှူကျပ်၍ပင် ကူပါ,ကယ်ပါ တစာစာဖြင့် အော်ညည်းငိုယိုလျက် သေဆုံးသွားရလေသလားဟုလည်း ယူဆနေကြသည်။ သူ့အစ်မများကပင် လိပ်ပြာနုတ်ပြီး ဥစ္စာစောင့်အဖြစ်သို့ ပြောင်းလဲလိုက်ကြပြီလားဟု ထင်သူကလည်း ထင်နေကြသည်။

တချို့ကမူ ထိုသို့ဖြစ်နိုင်ဖွယ်မထင်။ သူ့အစ်မများက



တစ်နေ့ကျလျှင် ကြပ်ခေါင်းတိုလေးကို ယခင်အတိုင်း လူအဖြစ်ဖြင့်ပင် လူ့ပြည်က သူ့မိဘများထံ ပြန်ပို့ပေးလိမ့်မည်ဟုလည်း စောင့်မျှော်နေကြသည်။

သို့သော် ရွာသူရွာသားများ ထင်မြင်ယူဆနေကြသလိုတစ်ခုမျှ ဖြစ်မလာခဲ့ပေ။ ထိုဖြစ်စဉ်၏နောက်ပိုင်း (၁၅)ရက်ပြည့်မြောက်သော လပြည့်သန်းခေါင်ယံအချိန်၌ ကောင်းကင်ယံမှ မောင်းထုသံ တည်ည်ဖြင့် သီဆိုသံ၊ စောင်းငြင်းပတ်သာ တူရိယာသံ စသောငြိမ့်ညောင်းသည့် အသံများနှင့် ဆင်အော်သံ၊ မြင်းဟီသံများကိုပါ ကြားကြရသည်။

ထို့ကြောင့် ဒိုးသောင်တစ်ရွာလုံး အထူးအဆန်း တအံ့တသြဖြစ်ပြီး ထွက်ကြည့်ကြသည်။ ထိုအခါ ကောင်းကင်ယံ၌ ငွေရောင်ဆွတ်ဆွတ်ဖြူသော အတန်းကြီးတစ်တန်းကို မြင်လိုက်ကြရလေသည်။

ထိုအတန်းကြီးသည် မြောက်မှတောင်သို့ တရွေ့ရွေ့ဖြင့် ရွေ့လျားသွားလေသည်။ ဒိုးသောင်ရွာသူရွာသားများမှာ ထိုအဖြူတန်းကြီး မြင်ကွင်းမှ ပျောက်သွားသည်အထိ ရပ်ကြည့်နေကြလေသည်။

ထိုနေ့အချိန်မှစ၍ ငွေယားတောင်သိုက်အကြောင်းကိုလည်း တစ်စွန်းတစ်စမျှ မကြားရတော့ပေ။ ဘယ်နေရာ၊ ဘယ်ဒေသကို ပြောင်းရွှေ့သွားမှန်းပင် မသိရတော့။

**ထွန်းတောက်**

**စာကြွင်း**

*ဤစာတတ်လမ်း၌ ထိုအချိန်က တောင်ငူမြို့နယ်၊ ဒိုးသောင်ရွာ ဦးထိန်+ဒေါ်မယ်ခွေးတို့၏သား (၇)တန်းကျောင်းသားလေး ကြပ်ခေါင်းတို၏ အချစ်ဆုံးသူငယ်ချင်း ဖြစ်ခဲ့ဖူးသော မောင်ထွန်းရီမှာ ယခု ဤစာရေးသူသာလျှင်ဖြစ်ပါကြောင်း..။*



www.burmeseclassic.com

www.burmeseclassic.com

# သိန်းဖွန်းသစ်

## ကဝေစက်ဖြတ်ဆရာကြီး



(၁)

ကျိုက်ဇကောရွာထိပ်၌ ကားရပ်ပေးလိုက်သည်နှင့် ကျွန်တော် ကားပေါ်မှ ဆင်းလိုက်ရသည်။ ဝါး တစ်ရိုက်လောက် လမ်း လျှောက်လာသည်နှင့် ရွာလယ်လမ်းမကြီးကို တွေ့လိုက်ရသည်။ ဆရာကြီး ဦးမောင်လှ၏ နေအိမ်ကို မေးရန် လမ်းထိပ်ရှိ အကြော်တဲထဲသို့ ဝင်လိုက်ရသည်။

အကြော်သည် အဒေါ်ကြီးအား မေးကြည့်လိုက်သည်နှင့် -

'ကဝေစက်ဖြတ်ဆရာကြီးလား။ ရွာလယ်လမ်းဆုံး ရောက်ရင် လယ်ကွင်းတွေရဲ့ အစပ်နားမှာ တဲတစ်လုံး တွေ့လိမ့်မယ်'

ကျွန်တော် အဒေါ်ကြီးအား ကျေးဇူးတင်ကြောင်း ပြောကြားပြီး အကြော်(၃)ခု ဝယ်လိုက်သည်။

ဆရာကြီး ဦးမောင်လှ စားရန်ဖြစ်သည်။

ပဲကြော်များမှာ ကြီးမားလှပြီး တစ်ခုကို (၁၀)ပြားသာ ပေးရသည်။ အဒေါ်ကြီးက ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးအတွက် တစ်ခုပိုထည့်ပေးလိုက်သည်။

အင်ဖက်ဖြင့် ထုပ်ပေးသော ပဲကြော်ထုပ်ကိုကိုင်ပြီး ရွာလယ်လမ်းအတိုင်း လျှောက်လာခဲ့ရသည်။ ကျိုက်ဇကောရွာမှာ ရွာကြီးဖြစ်ပြီး ရန်ကုန်–မန္တလေး ကားလမ်းဘေး၌ ရွာတည်ထားရာ ဝင်ကောင်းထွက်ကောင်း သွားလာရေးလွယ်ကူလှသော ရွာတန်းရှည်ကြီးဖြစ်သည်။ ပဲခူးရိုးမနှင့်နီး၍ သစ်ကောင်းဝါးကောင်းများဖြင့် ဆောက်လုပ်ထားသော သုံးပင်တိုင်အိမ်ကြီးအိမ်ကောင်းများ ရှိကြသည်။ အိမ်ဝိုင်းများ ကျယ်ဝန်းလှပြီး ကိုယ့်ဝင်းကိုယ့်ခြံနှင့် သန့်သန့်ပြန့်ပြန့် နေနိုင်ကြသည်။

ကျွန်တော့်အား ဆရာကြီးပညာရှေ့ မှာလိုက်သော စကားကို ကြားယောင်လာမိသည်။

'ဘုရားကြီး၊ ဘုရားလေး၊ ဝမ်းဘဲအင်း၊ ကျိုက်ဇကောရွာတွေမှာ ကဝေပညာသည်တွေ၊ အောက်လမ်းဆရာတွေ များတယ်ကွယ့်။ ခေတ်ကြီးတိုးတက်ပြောင်းလဲလာတာရယ်၊ ဆရာကြီးဦးမောင်လှ ကဝေတွေကို အပြတ်ရှင်းထားတာရယ်ကြောင့် မျိုးဆက်တွေ ပြတ်ကုန်ကြတယ်။ ကျိုက်ဇကောရွာကိုဝင်ရင် မေတ္တာပို့ပြီး သမ္ဗုဒ္ဓေဂါထာကြီး ရွတ်သွားကွယ့်။ လက်ကျန်ပညာသည်တွေ ရှိသေးတယ်'

ကျွန်တော် ဆရာကြီးကို တမ်းတမိ၏။ ဒေးစွန်ပါတောင်တော် အမိဌာန်အပြီး ကျွန်တော့်ကို ထိုရွာသို့ လွှတ်လိုက်၏။ တစ်ဦးတည်းမို့ အားငယ်မိ၏။ ဆရာကြီးဦးမောင်လှကို ကျွန်တော် မြင်ဖူး၊ တွေ့ဖူးခြင်း မရှိချေ။ ကျွန်တော့်ကို ဆရာကြီး ခိုင်းလိုက်ခြင်းမှာ အကြောင်းမဲ့တော့ မဖြစ်တန်ရာ။ သတိတမံ ဉာဏ်မြေကတုတ် ပညာကို ချွန်းအုပ်၍ သွားရပေမည်။

'သွားမှာသာ သွားစမ်းပါ လူလေးရာ။ ဆရာကြီးဦးမောင်လှနှင့်တွေ့ရင် မင်းကို ဘာကြောင့်သွားခိုင်းရတယ်ဆိုတာ သိလာပါလိမ့်မယ်။ တစ်နေ့နေ့ တစ်ချိန်ချိန် ဂန္ဓာရီခရီးကို မင်းတစ်ယောက်တည်း သွားရမှာ။ အလေ့အကျင့်လုပ်ပေးနေတာ လူလေးရဲ့'

ကျွန်တော့်စိတ်ထဲ ဝမ်းနည်းလာမိသည်။ ဆရာကြီးပညာရှေ့ ကျွန်တော့်ကို ထားရစ်ခဲ့ချိန်နီးပြီလားဟု ထင်မြင်လာမိသည်။ ရွာလယ်လမ်းအတိုင်း ဝါး(၃)ရိုက်လောက် လျှောက်လာမိသည်နှင့် လမ်းလယ်မှာ မတ်တတ်ရပ်နေသော အသက်ကြီးကြီး လူပုဂ္ဂိုလ်တစ်ဦးကို တွေ့လိုက်ရသည်။ အသက်(၆၀)ကျော်ခန့်ရှိမည်ထင်ရပြီး အသားညိုညို၊ အရပ်ပုပု၊ ကိုယ်ခန္ဓာဝဖိုင့်၍ သျှောင်တစ်စောင်းထုံးထားပြီး မျက်နှာသုတ်ပဝါတဘက်ကို ခေါင်းပေါင်းထား၏။ အညာဖျင်ပင်နီကြမ်းတိုက်ပုံ၊ လုံချည်အကွက်ကျဲကြီး ဝတ်ထားသည်။ မျက်နှာတွင် နေကာမျက်မှန်တပ်ထားပြီး ခံ့ညားသောဥပဓိရုပ်ရှိသည်။ ကျွန်တော် ဆရာကြီးဦးမောင်လှမှန်း သိလိုက်၏။ ဆရာကြီးကို ကျွန်တော် လက်အုပ်ချီ၍ ဂါရဝပြုလိုက်ရင်း နှုတ်ဆက်လိုက်ပါသည်။

'ဆရာလေး လာမယ်ဆိုတာ ကြိုသိလို့ လာစောင့်နေတာ'

ဆရာကြီးဦးမောင်လှက ရှေ့မှ ဦးဆောင်လမ်းပြခေါ်သွား၏။ ဝါးနှစ်ရိုက်လောက် သွားပြီးသည်နှင့် လယ်ကွင်းတွေအစပ်နား ရောက်လာသည်။ လမ်းဘယ်ဘက်သို့ ချိုးကွေ့လိုက်သည်နှင့် မြေစိုက်တဲလေးတစ်လုံး တွေ့လိုက်ရသည်။ ဆရာကြီးဦးမောင်လှက ခြံဝရောက်သည်နှင့် ခြံတံခါးလေးမှာ လူတစ်ဦးက ဖွင့်ပေးသလို ကျွီခနဲမြည်ပြီး ပွင့်သွား၏။ ဆရာကြီး၏ တဲအိမ်လေးပတ်လည် ဝါးလုံးများဖြင့် ကာရံထား၏။ အခိုင်အခံ့မဟုတ်ပါ။ ခြံစည်းရိုးနယ်နိမိတ် သတ်မှတ်ထားခြင်းသာဖြစ်သည်။

တဲအိမ်လေးထဲသို့ ဝင်လိုက်ကြသည်။ ဆရာကြီးနေသော တဲလေးသည် မကျယ်ဝန်းလှပါ။ မြေစိုက်တဲလေးဖြစ်ပြီး တဲတစ်ဝက်မှာ မြေကြီးဖြစ်၍ ဘုရားခန်းနေရာကို ဝါးခင်းဖြင့် အဆင့်လုပ်ထားသည်။ တဲခြေရင်းဘက်တွင် လိုက်ကာကာထားသော အခန်းလေးရှိသည်။ မြေကြီးတစ်ဝက်မှာ သန့်ရှင်းတောက်ပြောင်နေပြီး ကုလားများအိပ်သော ကြိုးတပ်ခုတင်လေးတစ်လုံး ရှိနေသည်။

'ဆရာလေး..ဘုရားစင်ရှေ့အဆင့်ပေါ်မှာ ထိုင်ပါ'

ဆရာကြီးပြောသံကြောင့် အခန်းကျဉ်းလေးထဲမှ အသက်(၆၀)ကျော်အရွယ်ရှိ အမျိုးသမီးကြီးတစ်ဦး ထွက်လာပါသည်။ ထိုအမျိုးသမီးကြီးအား မြင်တွေ့လိုက်သည်နှင့် ဆရာမကြီးဒေါ်မြင့်ဖြစ်ကြောင်း သိလိုက်ရသည်။ ဆရာမကြီးဒေါ်မြင့်သည် ဆရာကြီးဦးမောင်လှအား ပါရမီဖြည့်နေသူတစ်ဦး ဖြစ်သည်။ ဆရာကြီးဦးမောင်လှသည် ပညာစွမ်းထက်မြက်သူဖြစ်ပြီး သူ့ပညာဖြင့် စုန်း၊ ကဝေများကို သုတ်သင်ခဲ့သည်။ ဆရာကြီးဦးမောင်လှသည်



www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းဆေးဆရာလည်းဖြစ်သည်။ (၇)နေ့သားသမီးကို ဆေးကုသ၍ အသက်များ ကာကွယ်ပေးနေသူဖြစ်သည်။ အသပြာဆရာ မဟုတ်ဘဲ စေတနာဆရာဖြစ်သည်။ နယ်လှည့်ဆေးကုသရာတွင် ဗေဒင်၊ လက္ခဏာ၊ အင်္ဂဝိဇ္ဇာပညာရပ်များကိုပါ တတ်ကျွမ်းထား၍ ထိုပညာရပ်များဖြင့်ပါ (၇)နေ့သားသမီးများ၏ ပညာရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးကိုပါ တွက်ချက်ဟောပြောပေးပြီး မှန်ကန်လွန်း၍ နာမည်ကြီးလှသည်။ ဇနီးနှင့် သားသမီး(၅)ယောက်ကို သမ္မာအာဇီဝအလုပ်ဖြင့် လုပ်ကိုင်ကျွေးမွေးနေသူဖြစ်သည်။ ရတနာသုံးပါးကို မြဲမြံစွာ ဆည်းကပ်ကိုးကွယ်ထားပြီး သရဏဂုံတည်သူ ဖြစ်သည်။ ဒေးစွန်ပါတောင် ဦးဖိုးဦးစခန်းအနီး တောရကျောင်း၌ ဆရာသမားဖြစ်သူ ချင်းရသေ့ထံ သွားရောက်ဂါရဝပြုပြီး အဓိဋ္ဌာန်တည်ဆောက်တတ်သည်။

ဘုရားကြီး၊ ဘုရားလေး၊ ဝမ်းဘဲအင်း၊ ကျိုက်ဇကောကျေးရွာများသို့ နယ်လှည့်ဆေးကုပေးနေသူ ဆရာတစ်ဦးဖြစ်သည်။ ဒေသခံရွာသူ၊ စုန်း၊ ကဝေ ပညာသည်များ၊ အောက်လမ်းဆရာများအနေဖြင့် ဆရာကြီး ဦးမောင်လှကို သူတို့ စားကျက်ဝင်လှသူဟု သတ်မှတ်ထားကြသည်။ စုန်း၊ ကဝေ၊ ရွာသူများမှာလည်း ဒေသခံရွာသူရွာသားများကို သူတို့အတတ်ပညာဖြင့် အပင်းသွင်းခြင်း၊ ပုဏ္ဏကတိုက်ခြင်း၊ ထိတ်လန့်ဖွယ် အစိမ်းသရဲများ ပြသ၍ ခြောက်လှန့်ကြခြင်းဖြင့် လုပ်ကိုင်နေပြီး သူတို့လုပ်သမျှ ကိစ္စတိုင်းကို သူတို့ပညာဖြင့် ပြန်လည်ချေဖျက်ပြီး စားသောက်နေကြသူများဖြစ်သည်။ ဆရာကြီးဦးမောင်လှကြောင့် သူတို့စားကျက် ပျက်ပြားလာကြရသည်။

ဆရာကြီးကို သူတို့ပညာဖြင့် လုပ်ကိုင်၍မရသောကြောင့် အခါအခွင့်ကို စောင့်စားနေကြချိန် ဆရာကြီးက ဇနီးဖြစ်သူ ဒေါ်ဖြူကို ကျိုက်ဇကောရွာသို့ အလည်ခေါ်လာခဲ့သည်။ ပဲပေါ်ချိန်၊ နှမ်းပေါ်ချိန်ဖြစ်၍ ကျိုက်ဇကောရွာရှိ တပည့်များထံ ခေတ္တထားခဲ့ပြီး ဒေးစွန်ပါတောင် ချင်းရသေ့ထံ အဓိဋ္ဌာန်ဝင် သွားရောက်တည်ဆောက်ရာ (၉)ရက်မျှ ကြာသွားခဲ့သည်။ ဆရာကြီး၏ဇနီး ဒေါ်ဖြူမှာ စိတ်စေတနာကောင်းပြီး ရိုးသားသူဖြစ်၍ ဆရာကြီး၏ ပါရမီဖြည့်ဖက်လည်း ဖြစ်သည်။ ဆရာကြီး အဓိဋ္ဌာန်ပြီး၍ ကျိုက်ဇကောမှ ဇနီးဖြစ်သူကို ဝင်ခေါ်ပြီး ရန်ကုန်မြို့သို့ ပြန်ခဲ့ကြသည်။

ဒေါ်ဖြူမှာ ရန်ကုန်ပြန်ရောက်ပြီးနောက်ပိုင်း လည်ပင်းကြီးရောဂါ စွဲကပ်လာခဲ့သည်။ တဖြည်းဖြည်း လည်ပင်းကြီးရောဂါ ရင့်မာလာချိန်မှသိရ၍ ဆရာကြီး ဦးမောင်လှ ကုသ၍ မပျောက်တော့ချေ။ ခေတ်ဆရာဝန် အထူးကုများဖြင့် ရောဂါရှာဖွေရာတွင်လည်း ရောဂါမပေါ်ဘဲ ဆရာဝန်များက အမျိုးအမည်မသိရောဂါဟုသာ သတ်မှတ်ကြသည်။ လည်ပင်းကြီးရောဂါ ကြီးလာ၍ လည်ချောင်းပြွန်ကို ဖိညှစ်ပြီး အစာစား၍ မရတော့ဘဲ ဒေါ်ဖြူမှာ တပိန်ပိန်တလိန်လိန် ဖြစ်လာခဲ့ရသည်။ အရိုးပေါ် အရေတင်၍ အိပ်ရာထဲ ဗုန်းဗုန်းလဲသည့်အခါကျမှ ဆရာကြီးဦးမောင်လှက ချင်းရသေ့ကို ဒေးစွန်ပါတောင်မှ ပင့်ဆောင်လာပြီး ဇနီး၏ရောဂါပြသရာမှ စုန်း၊ ကဝေများ၏ လက်ချက်ဖြင့် အပင်းသွင်းခံရကြောင်း သိလိုက်ရသည်။

ရောဂါကျွမ်းနေပြီဖြစ်၍ ဆရာချင်းရသေ့မှာ တောက်တစ်ချက်သာ ခေါက်နိုင်ပြီး ကုသခြင်းကို လက်လျှော့လိုက်ရသည်။ ဇနီးဆုံးပါးသွားပြီး သားသမီးများလည်း အရွယ်ရောက်လာပြီဖြစ်၍ သမီးကြီးထံ အပ်နှံပြီး ဒေးစွန်ပါတောင် ချင်းရသေ့ထံ တပည့်ခံပြီး ကဝေနှိမ်နင်းရေးပညာရပ်များကို သုံးနှစ်သုံးမိုး သင်ကြားတတ်မြောက်ပြီး ဘုရားကြီး၊ ဘုရားလေး၊ ဝမ်းဘဲအင်း၊ ကျိုက်ဇကောရှိ စုန်း၊ ကဝေ၊ ရွာသူ၊ အောက်လမ်းဆရာများကို ပညာစွမ်းဖြင့် နှိမ်နင်းရာမှ လက်လွန်ပြီး သတ်သည်အထိ ကျူးလွန်မိတော့သည်။ လူသတ်ကံ များလာသည့်အတွက် သရဏဂုံကွယ်လာပြီး လူ့လောက၊ လူ့နယ်ပယ်၌ တစ်ပွဲစားကဲ့သို့ ပ,သပူဇော်မှုကို ခံယူနိုင်သည့် ဆရာကြီးတစ်ဆူ ဖြစ်လာတော့သည်။

အမေမြင့်မှာ ယောဂီဝတ်ဖြင့် ဒေးစွန်ပါတောင် တောရစခန်း၌ အဓိဋ္ဌာန်ရက်ရှည် ဝင်နေသူဖြစ်ပြီး သရဏဂုံ(၃)ပါး မြဲသူဖြစ်၍ ဆရာကြီး ဦးမောင်လှကို ဆက်လက်ပြီး လူသတ်မှုကံ မဖြစ်စေရန် တရားချ ပြောဆိုဆုံးမပေးနေသူဖြစ်သည်။

'လူလေး..မင်းက အမေးအမြန်းစူးစမ်းတာ ဝါသနာပါတဲ့သူ ဖြစ်တယ်။ ဆရာကြီးဦးမောင်လှကိုတွေ့ရင် သူ့ဘဝဖြစ်စဉ်တွေ ဘာမှမမေးနဲ့နော်။ သူပေးတာယူ၊ သူကျွေးတာစား၊ သူပြောတာ နားထောင်ပြီး ပြန်လာခဲ့



www.burmeseclassic.com

တော့။ သူ့ပညာစကားတွေပြောရင် ဗဟုသုတအဖြစ် နားထောင်မှတ်သားခဲ့'

ဆရာကြီး ပညာရွှေက ဆရာကြီး ဦးမောင်လှ ဘဝအကြောင်းကို ပြောပြရင်း ကျွန်တော့်အား မှာကြားလိုက်ပါသည်။ ဆရာကြီး ဦးမောင်လှ၏ စိတ်နာကြည်းမှုအား အသစ်တစ်ဖန် ပေါ်ပေါက်လာခြင်း မရှိစေရန် ဖြစ်သည်။

ဆရာကြီးဦးမောင်လှသည် လူ့ဘဝကူးပြောင်းချိန် နီးလာပြီဖြစ်သောကြောင့် သတိပေးစကား မှာကြားလိုက်ခြင်းလည်း ဖြစ်ပါသည်။

(၂)

ဝယ်လာသော အကြော်များကို အမေမြင့်လက်သို့ ပေးအပ်လိုက်ပါသည်။

'ဆရာလေးလည်း ဆာလှရော့မယ်။ ဒေါ်မြင့်ရေ.. ထမင်းပွဲ ပြင်တော့ဗျာ'

ဆရာကြီးဦးမောင်လှ မျက်စိ(၂)လုံး ကွယ်နေသည်ကို ဆရာကြီး နေကာမျက်မှန်ချွတ်လိုက်မှ သိရတော့သည်။ ဆရာကြီးသည် မျက်စိကွယ်နေသော်လည်း အကြားအမြင် သန်လှသည်။ ဘုရားစင်ရှေ့ ကွပ်ပျစ်ပေါ် ထမင်းပွဲပြင်ပြီး ကျွန်တော့်ကို အရင်စားစေပါသည်။

'ဆရာကြီးတို့လည်း စားကြပါ။ အတူတူစားတာပေါ့'

'ဆရာလေး စားနှင့်ပါ။ ကျုပ်တို့ နောက်မှစားပါ့မယ်။ ရဲရဲသာစားပါ။ သန့်သန့်ပြန့်ပြန့် လုပ်ထားပါတယ်'

ဆရာကြီးဦးမောင်လှ တိုက်တွန်းလွန်း၍ ကျွန်တော် ထမင်းစားလိုက်ပါသည်။ အမေမြင့်က ကြက်သားကြော်၊ ငါးပိရည်၊ တို့စရာများ ဖွယ်ဖွယ်ရာရာ လုပ်ထား၍ စားကောင်းလှသည်။ ကျွန်တော် ငါးပိရည်နှင့် တို့စရာကို ကြိုက်နှစ်သက်သူ ဖြစ်ပါသည်။

'လူလေး..ငါ့နောက်က လိုက်နေချိန် မင်း သက်လွတ်သက်ကင်း စားရမယ်နော်။ ငါနဲ့ ကင်းကွာချိန် စားချင်တာ စားပေတော့။ မင်းကို ဘေးမဲ့ပေးထားမယ်'

ဆရာကြီးပညာရွှေ စကားကို ထမင်းစားရင်း ကြားယောင်လာမိသည်။

'ဦးသူတော်က တော်တော်လေးပေါက်ရောက်နေပြီဗျ။ ဆရာကောင်းတပည့် ပန်းကောင်းပန်ရတယ်။ ကျုပ်ကိုလည်း အဝေးကနေပြီး မေတ္တာထားလို့ ကယ်ပေးပါဦးလို့ ပြောပေးပါဗျာ'

ဆရာကြီးဦးမောင်လှပြောရင်း မျက်ရည်များကျဆင်းလာသည်။ ကျွန်တော်လည်း စိတ်မကောင်းဖြစ်ရသည်။

ဦးမောင်လှဟာ အောက်လမ်းပညာရပ်မှာ အင်မတန်ထူးချွန်တဲ့သူဖြစ်တယ်။ ဇနပုဒဂန္ဓာရီခေါ်တဲ့ အနိမ့်စားပညာသည်လိုင်းမှာ လူသတ်တဲ့ကံ ကင်းရင် မှော်ပညာကို အဆင့်မြင့်တက်လှမ်းပြီး အောက်လမ်းဝိဇ္ဇာကနေ အထက်လမ်း ဝိဇ္ဇာဓိုရ်လိုင်းကို အင်း၊ ဆေး၊ စမ၊ မန္တန်လိုင်းကနေ ပေါက်ရောက်နိုင်တယ်။ အရိယာမဂ် မရနိုင်ပေမယ့် ဂန္ဓာရီ ဝိဇ္ဇာဓိုရ်အဖြစ် ပေါက်မြောက်နိုင်တယ်'

ဆရာကြီးပညာရွှေ စကားများကို ကြားယောင်လာမိသည်။ ကျွန်တော် ထမင်းစားပြီးချိန် ဆရာကြီးဦးမောင်လှနှင့် အမေမြင့်တို့ မြေကြီးပေါ် ခုံခင်း၍ ထမင်းစားကြသည်။ ဘုရားစင်ရှေ့ ကွပ်ပျစ်ပေါ် ထမင်းစားကြရန် ပြောသော်လည်း မစားကြပါ။ ကျွန်တော့်အား ရေနွေးကြမ်း၊ မြေပဲကြော်ဖြင့် တည်ခင်းပေးထားပါသည်။

'လူလေး..မင်းက ထမင်းစားပြီးရင် အိပ်တတ်တယ်နော်။ ဦးမောင်လှအိမ်မှာ မအိပ်မိဖို့ သတိထားရမယ်'

ဆရာကြီး အမှာစကားကြောင့် ကျွန်တော်ငိုက်မျဉ်းလာမိသည့်တိုင် မအိပ်မိအောင် စိတ်တင်းထားရသည်။ ထိုအချိန်မှာပင် ကျွန်တော့်နားသို့ ဒေါက်ခနဲ မြည်ပြီး အရုပ်ကလေးတစ်ရုပ် ကျလာသည်။ ထိုအရုပ်ကလေးမှာ ခုန်ဆွ ခုန်ဆွနှင့် ကျွန်တော့်နားသို့ ကပ်လာသည်။ ကျွန်တော့်ကိုယ်နှင့် မထိခင် တုံးလုံးလဲသွားသည်။ အရုပ်ကလေးကို ကျွန်တော် ကောက်ကိုင်လိုက်သည်။ ဂဝံမျက်နှာဖုံး အရုပ်ကလေး ဖြစ်သည်။ ထိုအရုပ်ကလေးအား မှော်အတတ်ဖြင့် သက်ဝင်လှုပ်ရှားအောင် စီမံထားရှိသည်။ အဆင့်နိမ့်သော အိမ်တာလီမှ စုန်းများကို ဂဝံမျက်နှာဖုံးက နိုင်သည်။

ဆရာကြီး ဦးမောင်လှက ထမင်းဝိုင်းမှ ထလာပြီး–

'ဆရာလေးကို အရှိအသေပေးတာပါ။ ဆရာလေး ပညာကို ယှဉ်လို့မရပါဘူး'

ကျွန်တော့်မှာ ဥပဇ္ဈာယ်ဆရာ ဦးသိန်းစံ တိုက်ထားသော ပထမံအင်းများ၊ ဆရာကြီးပညာရွှေ တိုက်ထားသော အင်းစဉ်များ သောက်မျိုထားသော အ[illegible] ရှိသည်။

www.burmeseclassic.com

'လူလေး..ဘာလုပ်လုပ် သရဏဂုံတည်ထားရမယ်'

ဆရာကြီးပညာရှေ့ အမှာစကားကြောင့် ကျွန်တော် ထမင်းစားခါနီး ထမင်းဖြူသုံးဆုပ်ကို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ စိတ်ထဲမှ ရွတ်ဆို၍ အရင်စားသည်။

'သဝေမပါ ကိုးဂါထာဆိုတဲ့ သရဏဂုံသုံးပါးဟာ ကိုယ်လုံးခြုံရင် လုံတယ်ကွယ့် လူလေးရ'

သရဏဂုံသုံးပါး တည်ခြင်းကြောင့် ကျွန်တော့် ပါးစပ်ထဲ မသန့်ရှင်းသောအရာများ ထမင်း၊ မုန့်တို့ကို စားလို့ ပါလာလျှင် ထင်ရှားစွာ သိရသည်။ ဝမ်းထဲမရောက်တော့ပါ။ သမ္ဗုဒ္ဓေဂါထာကြီးကို တစ်နေ့ကိုးခေါက် ည၊ နံနက် ရွတ်ခိုင်းသည်။ ပွဲတွေ့ပင် ဖြစ်သည်။ အခက်အခဲများ၊ အန္တရာယ်များ၊ သူတစ်ပါးလုပ်ကြံသည့် အန္တရာယ်များ လွတ်ကင်းခဲ့ဖူးသည်။

ဆရာကြီးဦးမောင်လှက ပညာသည်တွေအကြောင်း ရှင်းပြသည်။

'ဂဝံမျက်နှာဖုံး ဂဝံသားပိုက် အရုပ်တွေကို မှော်သွင်းပြီး စီမံပြုလုပ်ထားကြတာ။ ကဝေပညာသည်တွေမှာလည်း အမျိုးမျိုးရှိကြတယ်။ မြင်းကဝေ၊ နတ်ကဝေ၊ ရက္ခိုက်ကဝေ၊ နရကဝေ၊ ဘီလူးကဝေ၊ နဂါးကဝေ၊ ဂဠုန်ကဝေ၊ ဆင်ကဝေတွေ ရှိကြတယ်'

'စုန်းမတွေမှာ တန်ခိုးကြီးတဲ့ စုန်းဘီလူး၊ မှော်နှာခေါင်းစုန်း၊ ပြန်ဟာစုန်း၊ နောက်သို့စုန်း၊ ကျားစုန်းတွေ ရှိတယ်။ စုန်းအမျိုးပေါင်း(၆၆)ပါး ရှိတဲ့အထဲမှာ ကဝေပုံ(၉)ပါး၊ ကလေးစုန်း၊ မှော်ဝင်စုန်း၊ အိမ်တလီမ့်စုန်း၊ ဓော်ဂနီစုန်း၊ သားစားစုန်းအပါအဝင် (၇)ပါး၊ မြေခြောက်ပါးကိုစွဲ၍ဖြစ်သော စုန်း(၆)ပါး၊ အမောက်သုံးဆယ်ရှိပြီး တန်ခိုးကြီး တဲ့စုန်း(၆)ပါး၊ အမောက်ရှိတဲ့စုန်းမျိုး(၁၂)ပါး၊ စက်ဝန်းလေးခုစီရှိတဲ့ စုန်းမျိုး(၄)ပါး၊ နာနာရုပ်များစွာ ဖန်ဆင်းနိုင်တဲ့ စုန်းမျိုး(၉)ပါး၊ စုန်းအများထက် တန်ခိုးကြီးတဲ့ စုန်းမျိုး(၆)ပါး၊ ကဝေအိမ်တလီမ့် စတဲ့စုန်းမျိုး(၇)ပါး၊ အမျိုးပေါင်း(၆၆)ပါး ရှိတယ်။ ဒီဂဝံမျက်နှာဖုံး အရုပ်ကလေးက ဂမုန်းပြန်ပေါင်းနဲ့ လုပ်ထားတာ။ တချို့ ဂဝံသားပိုက်နဲ့စို့ ဟန်အရုပ်ကို ကိုယ်ဝန်ဆောင်မိန်းမ သေတဲ့ အရိုးကိုယူပြီး ထုလုပ်ကြတယ်။ ပီယ၊ ကာယ၊ အကာအကွယ်အစုံ သုံးကြတာပေါ့။ စုန်းကဝေကိုနိုင်တဲ့ ဂမုန်းပေါင်း (၇၅)မျိုးရှိတယ်။ ဂမုန်းသူတော်ရောင်၊ ဂမုန်းနီ၊ ဂမုန်းနက်၊ ဂမုန်းကတိုး၊ ဂမုန်းခတ္တာ၊ ဂမုန်းပြာသာဒ်၊ ဂမုန်းရစ်၊ ဂမုန်းသဃ်ာစင်၊ ဂမုန်းကိုရံကြီး အပါအဝင် ဂမုန်းပေါင်းကို ဆေးကြိတ်ရတယ်။ ပြီးတော့ ဆေးတောင့်လုပ်ရတယ်။ ကဝေစက် ဖြတ်ဆေးကျတော့ သမင်ကျား ကိုက်ရေ၊ လူ့ဝမ်းတွင်းကရတဲ့အပင်း၊ လူရိုး၊ လင်းလေ မိတ်သလင်၊ ရေတ်၊ ထမင်းရည်နှင့် သင့်လျော်ရုံရေပြီး ညက်အောင် ကြိတ်ရတယ်။ ပြီးတော့ ဆေးတောင့်လုပ်ရတယ်။ လိမ်းဆေး၊ သောက်ဆေး သုံးလို့ရတယ်။ ကဝေမြောက်စုန်းဆေး၊ ရွာသူဆေး၊ ဒဏ်ပြန်ဆေး၊ ပယောဂနိုင်ဆေး၊ စက်ဖြတ်ဆေး၊ ပယောဂမျက်စဉ်းဆေး၊ နတ်လှံဆေး အမျိုးမျိုးရှိတယ်'

ဆရာကြီးဦးမောင်လှသည် ကျွန်တော့်ကို ရှင်းပြ၍ မောသွားဟန်တူသည်။ ခေတ္တ စကားဆက် ပြတ်သွားသည်။ အမေမြင့် လာချပေးသော မြေပဲကြော်နှင့် ရေနွေးကြမ်းတို့ကိုငုံ့ပြီး ရေနွေးတစ်ခွက် ဆရာကြီးဦးမောင်လှကို ပေးလိုက်ရသည်။ ဆရာကြီး ရေနွေးသောက်နေစဉ် ကျွန်တော်မေးလိုသော၊ သိလိုသော စကားများ များစွာရှိသည်။ ဆရာကြီးပညာရှေ့ မှာကြားလိုက်သောစကားကို မပယ်လှန်ဝံ့၍ နှုတ်ဆိတ်နေရသည်။

'ဆရာလေးရဲ့..ကျုပ်တို့ ဆေးတွေ စီရင်တဲ့အခါ ထက်မြက်အောင်၊ နက္ခတ်၊ ခပါဒ်၊ စုတ်၊ အဝင်အထွက် ကြည့်ပြီး စီရင်ရတယ်။ ကိုယ်နေတဲ့ အပိုင်ရဲ့ဒွါနကို သွားပြီး ပိုက်ဆံပေး၍ ဆေးစီရင်ကြောင်း အာဏာစက်တောင်းရတယ်။ မင်းအာဏာပါမှ ပိုထက်မြက်တာ။ အောက်လမ်းဆေးတွေဆိုပေမယ့် အစွမ်းထက်ပါတယ်။ မိစ္ဆာတွေဖြစ်တဲ့ စုန်း၊ ကဝေ၊ သရဲ၊ သဘက်၊ အောက်လမ်းဆရာ၊ မှော်ဆရာတွေက လူတွေကို အမျိုးမျိုးနှိပ်စက်တတ်ကြတာ။ ကျေးလက်တောရွာတွေမှာ သူတို့ပညာတွေနဲ့ ဗိုလ်ကျကြတာ။ ကျုပ်က တန်ပြန်နှိမ်နင်းရတာ'

ဆရာကြီးဦးမောင်လှက စကားစ ဖြတ်လိုက်သည်။ အမေမြင့်က ဆရာကြီးဦးမောင်လှကို အမောပြေသွေးဆေးလေး လာတိုက်သည်။

'ဆရာလေးရဲ့အမေတို့ အသက်တွေက (၈၀)နားကပ်နေကြပြီ။ သေမင်းခေါ်ချိန် နီးလာပြီပေါ့'

အမေမြင့်အသံက တုန်ယင်နေသည်။ ဝမ်းနည်း

www.burmeseclassic.com

www.burmeseclassic.com

ဟန်ရှိသည်။

'ကျုပ်ပညာတွေကို ခင်ဗျားဆရာကြီးထံ အပ်လိုက်ပြီ။ ကျုပ်စီရင်ထားတဲ့ ဆေးတွေကို ခင်ဗျားဆရာကြီးထံ ယူသွားပေးပါ။ ကျုပ်တို့ မရှိတဲ့နောက် ဒီဆေးတွေကို မသူတော် လူယုတ်မာတွေလက်ထဲ မရောက်စေချင်ဘူး။ ကျုပ်ပညာနဲ့ ကဝေတွေကို သတ်တဲ့ကံကြောင့် မျက်စိနှစ်ကွင်း ကွယ်ရတာပဲ။ မကောင်းမှုပြုလုပ်ထားတဲ့ ကံတွေပေါ့ဗျာ'

ဆရာကြီးဦးမောင်လှပြောရင်း မျက်ရည်များ ကျလာသည်။ ကျွန်တော် စိတ်မကောင်းဖြစ်ရသည်။ မြတ်ဗုဒ္ဓ၏ တရားဓမ္မလမ်းကြောင်းအရ ထိုဆရာကြီးများသည် တစ်ဘဝစံ၊ တစ်လမ်းသွားများ ဖြစ်ကြပေလိမ့်မည်။ ကိုယ့်အတတ်နှင့် ကိုယ်စူးထားသော ပညာများကို နုတ်ပယ်၍ မရတော့ပေ။ အိမ်ပတ်ဝန်းကျင်၌ ခြေသံများ တရှပ်ရှပ် သွားနေသံ ကြားရသည်။

'ဟဲ့ကောင်တွေ…မကြားခင် နင်တို့လွတ်လပ်တော့မှာ၊ ငြိမ်ငြိမ်နေကြစမ်း'

ဆရာကြီးဦးမောင်လှ အော်ငေါက်သံကြောင့် ခြေသံများ ပျောက်သွားကြသည်။

(၃)

အချိန်ကား သက်ကြီးခေါင်းချချိန် ရှိပြီဖြစ်သည်။ တောအရပ်ဖြစ်၍ သန်းခေါင်ယံကြက်တွန်သံ ကြားရသည်။ အမေမြင့်သည် ကျွန်တော့်နောက်ရှိ စင်ပေါ်မှ ယွန်းကွမ်းအစ်ကြီးတစ်လုံး မ,ချလိုက်သည်။ ဆရာကြီးဦးမောင်လှကို အကုန်အပ်လိုက်ပါသည်။ ဆရာကြီး ဦးမောင်လှက ဆေးကွမ်းအစ်ကြီးကို ကျွန်တော့်ထံ လက်ဆင့်ကမ်းပေးပါသည်။ ကျွန်တော် ကွမ်းအစ်ကြီးကို ဖွင့်ကြည့်လိုက်သည်။ အံနှစ်ဆင့်ပါနေပြီး ဆေးတောင့်များ အပြည့် ဖြစ်သည်။ ဆေးတောင့်ပေါင်းတစ်ရာကျော်မည် ထင်ပါသည်။

'ဆရာလေး…အိပ်ချင်လှရော့မယ်။ အိပ်လိုက်ပါ တော့။ မနက်စောစော ထပြန်ရမှာလေ။ ညောင်လေးပင်မြို့ က ထွက်လာတဲ့ လိုင်းကားက မနက်(၆)နာရီဆို ကျိုက်ဇကောကို ရောက်လာပြီ။ ကားအမီ အိပ်ရာထမှဖြစ်မယ်'

ကျွန်တော် ဆရာကြီး ဦးမောင်လှကို လှမ်းကြည့်လိုက်တော့ ကုလားခုတင်လေးပေါ် လဲလျောင်းနေသည်။ ကျွန်တော် ဘုရားရှိခိုး မေတ္တာပို့ပြီး ခင်းထားသော အိပ်ရာပေါ် လှဲချလိုက်သည်။ ကျိုက်ဇကောရွာမှာ ခြင်မရှိပေ။ ပက်လက်လှန်အနေအထားဖြင့် သရဏဂုံ(၃)ပါးကို စိတ်အာရုံထဲမှ ရွတ်ဆိုရင်း မှေးခနဲ အိပ်ပျော်သွားသည်။ ကျွန်တော့်တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။ အောင်မင်းခေါင်ဓာတ်ပေါင်းစုံစေတီ၌ ကျွန်တော် အဓိဋ္ဌာန်ဝတ်တည်ဆောက်ရင်း တပို့တွဲလပြည့်နေ့တွင် ဓာတ်စီးခံရဖူးသည်။ ယခုအချိန်တွင်လည်း ကျွန်တော့်ခန္ဓာကိုယ်တွင် ဓာတ်စီးချင်သလို ဖြစ်လာသည်။ ကျွန်တော် အိပ်၍မရတော့ပါ။ ဆရာကြီးဦးမောင်လှက စကားလှမ်းပြောသည်။

'ဆရာလေး… ကိုယ်ခံပညာ ကောင်းလွန်းတယ်။ ကျုပ်တဲ့မှာ ခင်ဗျား အိပ်လို့မရဘူး။ ကျုပ် သတိလစ်သွားတာ။ ခင်ဗျားကိုယ်မှာ အင်းစောင့်၊ ဆေးစောင့်တွေ ရှိတယ်။ အိပ်ချင်ရင် အပြန် လိုင်းကားပေါ်မှာသာ အိပ်သွားပေတော့။ ကျုပ်တို့ စကားပြောကြတာပေါ့'

ဆရာကြီးဦးမောင်လှ လှဲနေရာမှ ထလာသည်။

'ကျုပ်နဲ့ ကဝေပညာသည်တွေ ဒေးစွန်ပါတောင်ခြေမှာ ပညာချင်းပြိုင်ကြတုန်းကပေါ့။ ဆရာကြီးဦးမောင်လှ ကဝေပညာသည်များနှင့် တိုက်ရိုက်ပြိုင်ဆိုင်ခဲ့ခြင်း အကြောင်းကို နားထောင်ရပါသည်။ (အခါအခွင့်ကြုံလျှင်





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ရေးသားတင်ပြပါမည်။)

ဆရာကြီးဦးမောင်လှ ပြောစကားများကို နားထောင်ရင်း စိတ်ဝင်စားလာမိ၍ လင်းကြက်တွန်သံ ကြားချိန် အမေမြင့် အိပ်ရာမှ ထလာသည်။ တဲရှေ့မှ လှမ်းခေါ်သံ ကြားလိုက်ရသည်။ အမေမြင့် တဲအပြင်သို့ ထွက်သွားသည်။ ခဏအကြာ ဆီထမင်းနှင့် ငါးခြောက်မီးဖုတ်များ ပန်းကန်ပြားအပြည့် ယူလာသည်။ ဝမ်းဘဲအင်း၊ ပျဉ်းပုံကြီး၊ ပျဉ်းပုံလေး၊ ကျိုက်ဇကောရွာများမှာ အင်း၊ အိုင်၊ ချောင်း၊ မြောင်းပေါများ၍ ငါးပိ၊ ငါးခြောက်များ ပေါများလှသည်။ ထမင်းဆိုင်များ၌ ငါးရံ့ခြောက်၊ ငါးရံ့အူ၊ ငါးရံ့ခေါင်းခြောက်ဟင်းများ ရောင်းသည်။ ကျွန်တော် ဆီထမင်းနှင့် ငါးရံ့ခြောက်ဖုတ်ကို တစ်ဝကြီးစားလိုက်ရသည်။ လိုက်ဖက်သော အစားအစာလည်း ဖြစ်သည်။

မကြာမီ အရုဏ်တက်ချိန် ရောက်လာသည်။ ကျွန်တော် ဆရာကြီးပညာရွှေ ပေးလိုက်သော ငွေ(၁၀)ကျပ်နှင့် ဆရာကြီးဦးမောင်လှနှင့် အမေမြင့်တို့အား ဦးသုံးကြိမ်ချ ကန်တော့လိုက်ပါသည်။ ဆရာကြီးတို့နှစ်ဦးသည် ဆုပေးစကား မပြောကြပေ။ ကျွန်တော့်အား ဆရာကြီးဦးမောင်လှက ကျိုက်ဇကောရွာထိပ်ထိ လိုက်ပို့သည်။ ဆေးကွမ်းအစ်ကြီးကို ပိုက်၍ ကျွန်တော် သယ်လာခဲ့ရသည်။ ဆရာကြီးဦးမောင်လှသည် မျက်စိနှစ်ကွင်း အလင်းမရသော်လည်း ကျွန်တော့်ရှေ့မှ ခပ်သွက်သွက်သွားနေ၍ မီအောင်လိုက်ရသည်။ သောင်လေးပင်မြို့ဘက်မှလာသော လိုင်းကားရောက်လာ၍ ဆရာကြီးကို နှုတ်ဆက်ပြီး ကားပေါ် တက်လိုက်ရသည်။ မတ်တတ်ရပ်ပြီး လက်ပြကျန်ရစ်ခဲ့သော ဆရာကြီးဦးမောင်လှကို ကျွန်တော် နောက်ဆုံးတွေ့မြင်လိုက်ရခြင်းပင်ဖြစ်သည်။ ကားစပယ်ယာက ဆရာကြီး ဦးမောင်လှ၏ ဧည့်သည်ဖြစ်၍ ကားခ မယူပါ။ ဆရာကြီး အစွမ်းထက်ကြောင်း ပြောကြားလိုက်သေးသည်။

ပဲခူးမြို့ ကိုးသိန်းတောင်မှ စောင့်မျှော်နေမည့် ဆရာကြီး ပညာရွှေထံ နေမွန်းတည့်အမီ ကျွန်တော် အရောက်သွားရပေဦးမည်။

**သိန်းထွန်းသစ်**


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိုမက်**

**နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး** — **ဟိမဝန္တာ သွေးသန့်ဆေး**

**ခရုသင်း** — **သမင်ဖြူ**

ခရုသင်း၊ သမင်ဖြူ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကစွဲကြိုက်၊ ရေယုန်၊ မုက္ခရုနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို

**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါ အထူးကုဆေးတိုက်

**အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



(ဧ ဧ ယျ ဝ တီ)

# ပျော်တတ်သော သိုက်စောင့်ကိုးသူတော်

အောင်မိုး တက္ကသိုလ်ဝင်တန်း အောင်ပြီးသောအခါ သူ့အား မိဘများက တက္ကသိုလ်ဆက်ထားပေးနိုင်ရန် အင်အားမရှိကြသဖြင့် တက္ကသိုလ်တက်ခွင့် မရခဲ့ရှာပေ။ ငွေ ကြေးပြည့်စုံကြသည့် မိဘများ၏ သားသမီးများကတော့ ဆက်ထားပေးနိုင်ကြ၍ သူတို့၏ သားသမီးများအား တက္ကသိုလ်ပညာသင်ယူနိုင်ရန် ပို့ပေးခဲ့ကြလေသည်။

တက္ကသိုလ်ဆက်တက်ကြမည့် သူငယ်ချင်းများက တက္ကသိုလ်သို့ မသွားကြသေးမီ နှစ်ရက်အလိုတွင် အောင်မိုး အိမ်သို့ ရောက်လာခဲ့ကြသည်။

'ဟာ··သူငယ်ချင်းတို့၊ လာကြကွာ။ မင်းတို့တွေ တိုင်ပင်ပြီး အတူလာခဲ့ကြတာလားကွ။ လူစုံလှချည်လား'

'အမေရေ··အမေ၊ ဒီမှာ သားရဲ့ သူငယ်ချင်းတွေ ရောက်လာတယ် အမေ။ သူတို့ကိုဧည့်ခံဖို့ တစ်ခုခုလုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com

ပါဦး အမေရာ'

အောင်မိုးက သူ့မိခင်အား သူငယ်ချင်းများကို ဧည့်ခံကျွေးမွေးရန် သူ့မိခင်ကို စီစဉ်ခိုင်းနေခြင်းဖြစ်သည်။

'မင်းတို့ကတော့ တက္ကသိုလ်ဆက်တက်ကြရတော့မှာမို့ ပျော်နေကြမှာပဲနော်'

'အေး..ဟုတ်တယ်။ တက္ကသိုလ်ဆက်တက်ရမှာမို့ ငါတို့ ပျော်နေတာတော့ အမှန်ပဲကွ။ ဒါပေမဲ့ ငါတို့သူငယ်ချင်းတွေထဲမှာ မင်း ဆက်ပြီးမတက်နိုင်တာသိရလို့ ငါတို့စိတ်မကောင်းကြဘူးကွာ'

'ဒါကတော့ကွာ၊ မင်းတို့က ဘဝပေးကုသိုလ် ကောင်းခဲ့ကြလေတော့ မင်းတို့မိဘတွေက ဆက်ထားပေးနိုင်ကြပေမယ့် ငါ့မိဘတွေက ဘဝပေးကုသိုလ် နိမ့်ပါးကြတဲ့အတွက် မထားပေးနိုင်ခဲ့ကြဘူးလေကွာ'

'ဒါပေမဲ့ အားမငယ်ပါနဲ့ အောင်မိုးရာ၊ ပြင်ပဝိဇ္ဇာနဲ့ ဖြေရင် ရနိုင်ပါတယ်ကွာ'

'ကဲ..သားတို့၊ လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းသောက်ကြဦးကွယ်။ အမေတို့က ဒီလောက်ပဲ တတ်နိုင်ကြလို့ မင်းတို့ကို အားနာတယ်ကွယ်'

'အို..ဒေါ်လေးရယ်၊ ကျွန်တော်တို့က အောင်မိုးရဲ့ အခင်ဆုံးသူငယ်ချင်းတွေပါ။ ဒါကြောင့်လည်း တက္ကသိုလ်မသွားကြမီမှာ သူငယ်ချင်းကို လာနှုတ်ဆက်တာပါ'

'ကဲ..ကဲ..လက်ဖက်သုပ်တွေစားရင်း ရေနွေးကြမ်းသောက်ကြဦးကွယ့်'

'ဒေါ်လေးသုပ်ပေးတဲ့ လက်ဖက်သုပ်က မြေပဲဆန်တွေအများကြီးနဲ့ ထည့်သုပ်ပေးတာဆိုတော့ ကျွန်တော်တို့အားလုံး ကြိုက်ကြပါတယ်'

ရောက်လာကြသော သူငယ်ချင်းတစ်စုလည်း လက်ဖက်သုပ်ကို အားပါးတရစားကြကာ ရေနွေးကြမ်းသောက်ကြသည်။

'ဒီမှာ အောင်မိုး..ငါတို့တော့ သန်ဘက်ခါမှာ တက္ကသိုလ်သွားကြရတော့မယ်ကွ။ မသွားမီ မင်းကို လာနှုတ်ဆက်ကြတာပဲ။ ငါတို့ပြောသလို ပြင်ပဝိဇ္ဇာနဲ့ ဖြေပါကွာ'

'အေးကွာ..ငါလည်း အလုပ်တစ်ခုရှာလုပ်ပြီး ပြင်ပဝိဇ္ဇာနဲ့ ဖြေမယ်လို့တော့ စိတ်ကူးထားပါတယ်ကွာ'

'ဒီလိုမှပေါ့ သူငယ်ချင်းရယ်၊ မင်းဘဝ မြင့်မားနိုင်ဖို့အတွက် ဒီတက်နဲ့ မလှော်နိုင်ရင် တခြားတက်နဲ့ လှော်ခတ်ရင်း ပန်းတိုင်ရောက်အောင် လှော်ခတ်ယူရမှာပဲလေကွာ'

'မင်းတို့ ဒီမြို့မှာ မရှိကြရင်တော့ ငါ ပျင်းနေမှာပဲကွ။ အခုလိုလာပြီး သူငယ်ချင်းကောင်းပီသစွာနဲ့ လာနှုတ်ဆက်ကြတာ ငါ သိပ်ဝမ်းသာမိပါတယ်ကွာ'

'ကဲ..ငါတို့ ကြိုတင်ပြင်ဆင်ကြရဦးမှာမို့ ပြန်ကြတော့မယ်ကွာ'

'မင်းတို့ တက္ကသိုလ်တက်နေကြရင်တော့ ငါ့ဆီကို စာရေးကြပါကွာ'

'ရေးမှာပါကွာ၊ စိတ်ချပါ'

'ကဲ..ဒေါ်လေးရေ၊ ကျွန်တော်တို့ ပြန်ကြတော့မယ်။ လက်ဖက်သုပ်လည်း စားကောင်းကောင်းနဲ့ စားလိုက်ကြတာ ပြောင်သွားတာပဲ ဒေါ်လေးရေ'

ထိုသို့ဖြင့် အောင်မိုးသူငယ်ချင်းများလည်း ပြန်သွားခဲ့ကြတော့သည်။

သူတို့ တက္ကသိုလ်သို့ ရထားစီး၍ သွားကြမည်ဖြစ်သဖြင့် အောင်မိုး ဘူတာသို့ လိုက်ပို့ပေးခဲ့သည်။ ရထားထွက်လျှင် သူငယ်ချင်းများက ရထားအပေါက်မှ လက်ပြနှုတ်ဆက်သွားကြသည်။ အောင်မိုးလည်း ပြန်၍ လက်ပြနှုတ်ဆက်ရင်း မျက်ရည်ဝဲကာ ကျန်ရစ်ခဲ့ရှာလေသည်။

◆◆◆

'ဟေ့..အောင်မိုး၊ မင်း မူလတန်းပြဆရာတွေ လျှောက်လွှာခေါ်နေတာ သိလား'

'ဟာ..မသိသေးဘူးကွ'

'မြို့နယ်ပညာရေးမှူးရုံးမှာ သွားလျှောက်ရမှာလေ။ လျှောက်လွှာပိတ်ရက်က လကုန်မှဆိုတော့ မီသေးတယ်ကွ။ ရုံးက လျှောက်လွှာတောင်း ဖြည့်စွက်ပြီး လျှောက်လိုက်လေကွာ။ ငါတောင် လျှောက်ထားခဲ့ပြီးပြီ'

ဘဝတူ ဆယ်တန်းအောင်ခဲ့သော မြသိန်းက သတင်းပေးလာခဲ့ခြင်းဖြစ်သည်။

'အင်း..ငါ့ရည်မှန်းချက်က ရရာအလုပ်တစ်ခု ဝင်လုပ်ရင်းနဲ့ ဘွဲ့ရသည်အထိ ပြင်ပဝိဇ္ဇာဖြေမှာဆိုတော့ အလုပ်ခေါ်တုန်း ဝင်လျှောက်ထားမှပဲ'

လျှောက်ထားခဲ့ပြီး တစ်လခန့်အကြာတွင်တော့ ရေးဖြေ၊ နှုတ်ဖြေများ ဖြေဆိုကြရလေသည်။ ဖြေဆိုသူပေါင်း သုံးရာလောက်ရှိသည်။ ခန့်ထားမှာက ဦးရေ(၈၀)ဟု သိရသည်။ နှုတ်ဖြေ၊ဖြေဆိုပြီးသောအခါ ခန့်ထားခံရသူတို့အား အကြောင်းကြားပေးမည်ဟု သိရသဖြင့် အကြောင်းကြားစာ အလာကိုသာ စောင့်မျှော်ကြရတော့သည်။

www.burmeseclassic.com

နောက်တစ်လခန့်အကြာတွင် လူတစ်ယောက်က နာမည်မေးပြီး လိပ်စာအရ စုံစမ်းလာခဲ့သည်။

'ဒီအိမ်က ဦးအောင်မိုးအိမ်ပါလားခင်ဗျ'

'ဩော်··ဟုတ်ပါတယ်။ ကျွန်တော် ဦးအောင်မိုးပါပဲ'

'ဟောဒီမှာ ခင်ဗျားတို့ကို အလုပ်ခန့်ထားတဲ့စာပါ။ သောကြာနေ့မှာ စစ်ဆေးဖို့ ရုံးကို လာခဲ့ပါ'

သောကြာနေ့၌ ခန့်ထားခံရသူများ စုံညီရောက်လာကြကာ ဖြူးပြည်သူ့ဆေးရုံသို့ သွားကြပြီး ဆေးအစစ်ခံကြရလေသည်။

'ဟာ··ငါတာဝန်ကျတဲ့ ကျောင်းက ပြောင်သေရွာအစိုးရမူလတန်းကျောင်း ဆိုပါလား'

'ဇေယျဝတီရဲ့မြောက်ဘက် နှစ်မိုင်လောက်ပဲဝေးတဲ့ရွာပဲ'

ထိုကျောင်းသို့ ကား၊ ဆိုက်ကား တစ်ခုခုစီးသွားနိုင်၍တော်သေးသည်။

သည်နေ့ ဆရာအောင်မိုး သူတာဝန်ကျသည့်ကျောင်းသို့ လာခဲ့သည်။ တစ်ကျောင်းလုံးမှ ကျောင်းအုပ်ဆရာကြီးတစ်ဦးတည်းသာရှိ၏။ အတန်းများကတော့ သူငယ်တန်းမှ စတုတ္ထတန်းအထိရှိပြီး ကျောင်းသားဦးရေ နှစ်ရာကျော်ရှိနေသည်။

'ကဲ··ဆရာရောက်လာပြီဆိုတော့ ကျွန်တော်လည်း မနက်ဖြန်မှာ ဆရာအတတ်သင် တစ်နှစ်သွားရမှာပါ။ ဆရာတို့ ဟောဒီ (ခ)စာရင်း၊ (က)စာရင်း စာအုပ်တွေ အပ်ပေးပါတယ် ဆရာ'

ဆရာအောင်မိုးလည်း အပ်ပေးလာသော စာရင်းဇယားများ၊ ကျောင်းပစ္စည်းများအား စာရင်းနှင့်တကွ စိစစ်လက်ခံယူခဲ့သည်။

'ကျောင်းကတော့ဆရာ အထက်ကိုတင်ပြပြီး တောင်းထားခဲ့တာ ကျနေပြီလို့တော့ သိရပါတယ်။ ဘယ်နေ့ကစပြီး ဆောက်မလဲ မသိရသေးပါဘူး။ အခုတော့ ဘုန်းကြီးဆွမ်းစားကျောင်းပေါ်မှာပဲ ဆရာတော်ခွင့်ပြုချက်နဲ့ သင်ကြားနေရပါတယ် ဆရာ'

ကျောင်းအုပ်ဆရာကြီးလည်း လွှဲစရာကိစ္စများ၊ ကျောင်းသားများနှင့် မိတ်ဆက်ပေးခဲ့ပြီးလျှင် သူ၏ သင်တန်းသွားရမည့် ကိစ္စအတွက် ပြင်ဆင်နိုင်ရန် သွားခဲ့တော့သည်။ နေ့ခင်း ထမင်းစားချိန် လွှတ်သောအခါ ဆရာတော့်ကျောင်းပေါ်တက်ကာ ဝတ်ပြုခဲ့သည်။

'ကျောင်းဆရာက ဘယ်ကလာရတာလဲ ဆရာ'

'တပည့်တော် ဇေယျဝတီကပါဘုရား'

'တပည့်တော်ရော တပည့်တော်ရဲ့ တပည့်ကျောင်းသားအားလုံးကို ဆရာတော့်ကို အပ်နှံပါရစေဘုရား။ မလိမ္မာတာ၊ မသင့်လျော်ရာ တွေ့မြင်ခဲ့ရင်လည်း ဆုံးမသွန်သင်ပေးပါဘုရား'

'ဂပည့်ခတ်ာက တစ်ကျောင်းလုံးမှာရှိတဲ့ ကျောင်းသားအားလုံးကို တစ်ယောက်တည်းနဲ့ သင်ကြားရင်း ထိန်းရမှာပါဘုရား'

'အေးပေါ့ ဆရာရယ်၊ ကျုပ်လည်း ကလေးတွေကို စောင့်ရှောက်ပေးပါတယ်။ ဒီကလေးတွေက ကျုပ်ရဲ့ ဆွမ်းဒကာ၊ဒကာမတွေရဲ့ သားသမီးတွေပဲလေ'

'ဟဲ့··မောင်ကျောင်းသားတို့၊ လာကြစမ်း။ ဟောဒီ အချိုပွဲစားပွဲကို ဆရာ့နားကို မရွှေ့သွားကြစမ်း'

'ဆရာ··ရေနွေးကြမ်းသောက်ဦး၊ မုန့်တွေလည်း စားပါ ဆရာ'

'နေ့ခင်းပိုင်း ကျောင်းပေါ်လာပြီး ရေနွေးကြမ်းသောက်နိုင်ပါတယ် ဆရာ'

ဆရာအောင်မိုးက ရွာမှ ကိုးကွယ်ထားသော ဆရာတော်ကို အပ်နှံကာ အဆင်ပြေအောင် နေခဲ့၏။ စာကိုတော့ ဘာသာရပ်တစ်လှည့်စီနှင့် တန်းစေ့အောင် နေ့စဉ် သင်ပေးခဲ့သည်။ ယဉ်ကျေးလိမ္မာစေရန် အပြောအဆို၊ အနေအထိုင်၊ အပြုအမူကစ၍ မည်ကဲ့သို့ပြောဆိုသင့်သည်၊ မည်သို့ပြုမူသင့်သည်များကိုပါ သွန်သင်ပေးခဲ့သည်။

ယခုဆိုလျှင် သူ၏ တပည့်ကလေးများမှာ ပြောဆိုသည်ကအစ ယဉ်ကျေးလာကြသည်။ လူကြီးသူမများကို တွေ့လျှင် လက်ကလေးပိုက်ကာ ဦးကလေးညွတ်ပြီး သွားတတ်ခဲ့ကြသည်။ လမ်းတွင် ရဟန်းသံဃာတွေ့လျှင် ဖိနပ်ချွတ်၍ ထိုင်ကာ ကန်တော့တတ်လာကြသည်။ သူတို့၏ သားသမီးကလေးများ လိမ္မာယဉ်ကျေးလာကြသည်ကို တွေ့မြင်ကြသောအခါ မိဘများလည်း သဘောကျခဲ့ကြလေသည်။

တဖြည်းဖြည်းနှင့် ကျောင်းတက် သင်ကြားလာခဲ့ရာ စာမေးပွဲနီးကပ်လာခဲ့တော့သည်။ သူငယ်တန်းမှ တတိယတန်းအထိ ကျောင်းစစ်စာမေးပွဲကို သူ့အတန်းနှင့်သူ ဖြေဆိုပြီးသွားခဲ့ပြီဖြစ်သည်။ စတုတ္ထတန်းက မြို့နယ်စစ်ဖြစ်၍ မတ်လထဲရောက်မှ မြို့ပေါ်ကကျောင်းတွင် သွားရောက်ဖြေ

www.burmeseclassic.com

www.burmeseclassic.com

ရမည်ဖြစ်သည်။ အောက်အတန်းငယ်များ စာမေးပွဲဖြေပြီးသည်နှင့် ကျောင်းပိတ်ပေးခဲ့သည်။ စတုတ္ထတန်းကိုသာ ကျောင်းတက်စေပြီး စာမေးပွဲအတွက် ပြန်လှန်လေ့ကျင့်သင်ကြားခြင်းကို ဆောင်ရွက်နေရသည်။

မြို့နယ်စစ်ဖြစ်ခြင်းကြောင့် ဂရုတစိုက်သင်ပေးနေရသည်။ မေးခွန်းဟောင်းများကိုလည်း လေ့ကျင့်ပေးရသည်။ အောင်စာရင်းထွက်လို့ အကျအရှုံးများလျှင် သင်သည့်ဆရာလည်း ညံ့ဖျင်းရာကျပြီး မိဘများလည်း သူတို့၏ကလေးကျရှုံးရသဖြင့် စိတ်မချမ်းမသာ ဖြစ်ကြရပေမည်။ ထို့ကြောင့် အားလုံးအောင်မြင်နိုင်စေရန် အထူးဂရုစိုက်လေ့ကျင့်နေရလေသည်။

စာမေးပွဲဖြေရက် နီးလာလျှင် ကလေးများကို ကျောင်းမှာ လာအိပ်စေပြီး ညဘက်ပါ ကျက်မှတ်ခိုင်းရတော့သည်။ ညဘက်တွင် ဆွမ်းစားကျောင်းပေါ်မှာတင် ည(၁၀)နာရီထိ ကျက်စေခဲ့သည်။ နေ့စဉ် ညနေ(၆)နာရီတွင် ကျောင်းသို့ မီးခွက်ကိုယ်စီ ယူလာစေကာ မီးထွန်းပြီး လေ့ကျင့်ကြရသည်။

'မင်းတို့အိမ်က ထမင်းစားသောက်ပြီးတာနဲ့ ကျောင်းကို အချိန်မီရောက်အောင် လာခဲ့ကြနော်။ ပျက်ကွက်မရှိစေနဲ့'

'ဟုတ်ကဲ့ပါ ဆရာ'

တစ်နေ့ ရွာထဲမှ ကျောင်းသားမိဘတစ်ဦးက ထမင်းစားဖိတ်သဖြင့် ထမင်းစားသွားခဲ့ရသည်။ ကျောင်းသားများကတော့ ကျောင်းသို့ (၆)နာရီမထိုးမီကတည်းက ရောက်နေကြသည်။ ဆရာ ရွာထဲက ပြန်မလာသေးသဖြင့် ကျောင်းဝိုင်းထဲတွင် ပြေးလွှားကာ ဆော့နေကြလေသည်။

ည(၇)နာရီလောက်မှ ဆရာအောင်မိုး ကျောင်းသို့ ပြန်ရောက်လာကာ ကလေးများကို ကျောင်းပေါ် တက်စေခဲ့သည်။

'ဆရာ..ကျွန်တော်တို့ကျောင်းဝိုင်းထဲ ပြေးလွှားဆော့နေတုန်းမှာ ဟိုဆွမ်းစားကျောင်းပေါ်က ဖြူဖြူကြီးဆင်းသွားတာ မြင်လိုက်တယ် ဆရာ'

'အိုကွာ..ကျောင်းမြောက်ဘက် ကျောင်းစုရွာက ခွေးအဖြူလာပြီး ဆွမ်းကျန်တွေ လာရှာစားတာနေမှာပေါ့ကွာ'

'ကဲ..ကဲ..သမိုင်းစာအုပ် ထုတ်မယ်ဟေ့'

'မနေ့က ကျက်ခိုင်းထားတာတွေ ရကြပြီလားကွ'

ကျက်ခိုင်းထားသည်ကို တစ်ဦးချင်း အလွတ်ပြောစေခဲ့သည်။

'ဟို..စံထွေးက ကောင်းကောင်းမရဘူး။ စဉ်းစားပြီး ထစ်ထစ်ငေါ့ငေါ့နဲ့ ပြောနေရတယ်။ သေချာရအောင် မကျက်ခဲ့ဘူးလားကွ'

'ကျက်ခဲ့ပါတယ် ဆရာ'

'ကျက်ခဲ့ရင် သေချာပြောပြနိုင်ရမှာပေါ့။ နောက်ကိုပေးလိုက်ရင် သေချာကျက်လာခဲ့။ မပေါ့နဲ့ဟေ့။ စာမေးပွဲက ကပ်လာပြီကွ'

စာများ လေ့ကျင့်ပြီးကြ၍ ည(၁၀)နာရီထိုးလျှင် သိမ်းစေ၍ အိပ်ကြစေသည်။ ကျောင်းသူကလေးများကို ကျောင်းသားနှစ်ယောက် အဖော်ခေါ်၍ မီးအုပ်ထွန်းပြီး ရွာထဲအရောက် လိုက်ပို့ပေးခဲ့ရသည်။ ပြီးမှ ကျောင်းသို့ ပြန်လာခဲ့ရသည်။

တစ်ညတွင် ကျောင်းသားများ စာကျက်ပြီးသွား၍ နားခွင့်ပေးခဲ့ပြီး ကျောင်းသူကလေးများကိုလည်း ရွာထဲပို့ပြီး ပြန်လာကာ အိပ်ရာဝင်ပြီး တုံးလုံးလှဲခဲ့တော့သည်။ လူက သောင်းညာ၍ တုံးလုံးလှဲနေပေမယ့် မျက်စိကြောင်ပြီး အိပ်မပျော်နိုင်ဘဲ မှိန်းနေမိသည်။ ကျောင်းသားများကတော့ ခေါင်းချသည်နှင့် အိပ်ကုန်ကြ ပြီဖြစ်သည်။ ဆရာအောင်မိုးသာလျှင် တောစဉ်းစား တောင်စဉ်းစားနှင့် အိပ်မပျော်ဘဲ ရှိနေသည်။

'ဗုန်း'

'ဟာ'

'အိပ်ရာဘေးက ထရံကြီးကို လက်ဝါးကြီးနဲ့ တစ်အားပုတ်လိုက်တဲ့ အသံကြီးပါလား'

နားစွင့်ကြည့်မိတော့ အပြင်မှာ ဘာမျှ လှုပ်ရှားသံ မကြားရပေ။ တစ်ယောက်ယောက်က ပြက်နောက်ပြီး လာပုတ်ခဲ့သည်လည်း မဖြစ်နိုင်။ အချိန်ကိုကြည့်မိတော့ ညသန်းခေါင်ကျော်နေပေပြီ။ ဘေးသစ်ပင်က အသီးကြွေကျရင်လည်း ကျောင်းထရံကိုမထိဘဲ မြေပြင်ပေါ်ကိုသာ ကျစရာရှိသည်။ ဆရာအောင်မိုးလည်း ထိုထရံပုတ်သံကြီးကို ကြားခဲ့ပြီး အမျိုးမျိုးတွေးကြည့်နေမိသည်။ တွေးရင်း စိတ်ထဲ မတင်မကျနှင့်ပင် အိပ်ပျော်ခဲ့တော့သည်။

နံနက်လင်း၍ အိပ်ရာမှ ထလျှင်ထချင်း ညကအပုတ်ခံရသောထရံကို အပြင်မှ သွားကြည့်မိသည်။ တစ်စုံတစ်ခု ကျနေသည်ကိုလည်းကောင်း၊ ခြေရာလက်ရာကိုလည်းကောင်း ဘာကိုမျှ မတွေ့ရပေ။

'အင်း..ဟိုတလောက ညနေမှောင်ခြေသန်းအချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းစားကျောင်းပေါ်မှ ဖြူဖြူကြီးဆင်းသွားကြောင်း ပြောခဲ့ ကြတယ်။ ညက ထရံပုတ်သံကြီး ထပ်ကြားရပြန်တယ်။ ဘာတွေလဲ၊ ဘယ်လိုတွေ နားလည်ရမှာလဲ'

ဆရာအောင်မိုးတစ်ယောက် အစဉ်းစားရကျပ်နေပေတော့၏။ ထို့ကြောင့် စဉ်းစားမရသည်ကို စိတ်အပင်ပန်းခံပြီး စဉ်းစားမနေတော့ဘဲ မသိလိုက် မသိဘာသာ နေခဲ့လေသည်။

တစ်ညတွင် ကလေးများ စာကျက်ပြီးကြ၍ ည(၁၀)နာရီ ထိုးပြီးသဖြင့် နားစေခဲ့ပြီး သံချောင်းဆိုသော ကျောင်းသားလေးကို မီးအုပ်ကိုင်၍ ရှေ့ဆုံးမှ မီးပြသွားစေလျက် ရွာသို့ပြန်ပို့ပေးရမည့် ကျောင်းသူကလေးများကို အလယ်မှ သွားစေကာ ဆရာအောင်မိုးက နောက်ဆုံးမှ လိုက်ပါလာခဲ့သည်။ ဘုန်းကြီးကျောင်းဝိုင်း အထွက်ပေါက်မှ ထွက်လာကြကာ ရေမရှိသော ကျောင်းတောင်ဘက်မှ ချောင်းထဲဖြတ်ဆင်းကြသည်။ သံချောင်းက ရှေ့မှ မီးအုပ်ကိုင်၍ သွားနေသည်။ အောင်မိုးက တစ်ဖက်ချောင်းကမ်းပါးမှ ရပ်နေလျက် ကျောင်းသူများ ချောင်းထဲဖြတ်ကူးအပြီးကို ရပ်စောင့်နေ၏။ သူတို့အားလုံး တစ်ဖက်ကမ်းပါးထိပ်သို့ တက်သွားကြပြီး ရွာဘက်သို့ မျက်နှာမူကာ လျှောက်နေကြမှ ဆရာအောင်မိုးက ချောင်းကိုဖြတ်၍တက်ပြီး ကျောင်းသူလေးများ၏ နောက်နားက လိုက်ပါလာသည်။



'ကျွတ်..ကျွတ်..ကျွတ်'

'ဟင်..ငါ့နောက်နားက တကျွတ်ကျွတ်နဲ့ သစ်ရွက်ခြောက်ကိုနင်းလာတဲ့ အသံပါလား။ ဘယ်သူများပါလိမ့်'

ထိုအတွေးဖြင့် အသံကြားရာနောက်ဘက်သို့ သမင်လည်ပြန် လှည့်ကြည့်ခဲ့မိသည်။

'ဟာ..ဖြူဖြူကြီးပါလား'

'ခေါင်းမပါဘဲ ငါ့နောက်က မားမားကြီးရပ်နေတာပါလား'

'ဟေ့..သံချောင်း၊ မီးအုပ်ကို ဒီကို မြန်မြန်ယူခဲ့စမ်းကွာ'

'ငါ့နောက်က ဖြူဖွေးပြီး မားမားကြီးကို ကြည့်စမ်း'

'ဟုတ်တယ် ဆရာ။ တရွေ့ရွေ့နဲ့ ခေါင်းလည်းမပါဘဲ နောက်ဘက်ကို ပြန်သွားနေတယ်'

'ဘာကြီးလဲကွာ။ ခဲနဲ့ ကောက်ပေါက်စမ်းကွာ'

ဆရာအောင်မိုးပါ ခဲကောက်၍ ထိုဖွေးဖွေးကြီးကို ပစ်ခဲ့ကြသည်။ ရွေ့သွားနေရာနောက်သို့လိုက်၍ ပစ်ပေါက်ကြရာ ရှေ့နားက ချောင်းဘေးမှ ညောင်ပင်ကြီးနားရောက်သွားလျှင် ထိုဖြူဖြူနှင့် ခေါင်းမပါသော မားမားသဏ္ဍာန်ကြီးမှာ မြင်ကွင်းမှ ရုတ်တရက် ပျောက်ကွယ်သွားတော့သည်။

'ဆရာ..ဘာကြီးလဲ၊ သမီးတို့ ကြောက်တယ်'

'အို..ဘာကြောက်ရမှာလဲ။ ဆရာတို့ပါ ရှိနေတာပဲ'

ဆရာအောင်မိုးလည်း သံချောင်းနှင့်အတူ ကျောင်းသူလေးများအား ရွာထဲလိုက်ပို့ပေးပြီး ကျောင်းသို့ ပြန်လာကြကာ ဆရာတော်အား အဖြစ်အပျက်ကို လျှောက်ထားလိုက်သည်။

'သြော်..ဘာမှမဟုတ်ပါဘူး ဆရာရယ်။ ကြောက်စရာ မရှိပါဘူး'

'ကဲ..ကဲ..သွားအိပ်ကြချေ'

ဆရာတော်က ထိုသို့ပြောပြီးလျှင် ကျောင်းပေါ်မှ ကျောင်းဝိုင်းထိပ်အပေါက်ဝသို့ ဆင်းသွားသည်။ တစ်အောင့်လောက်ကြာမှ ကျောင်းပေါ် ပြန်ကြွသွားခဲ့သည်။

နောက်နေ့ခင်း၌ ဆရာအောင်မိုး ကျောင်းပေါ်တက်ကာ ရေနွေးကြမ်းနှင့် ဆရာတော်ကျွန်သော အချိုပွဲမုန့်များ စားနေကာ လျှောက်ထားပြန်သည်။

'ညတုန်းက တပည့်လေးတွေက တစ်အားကြောက်လန့်သွားကြတာပါဘုရား။ တော်တော်ကြာ ကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတောင် မလာရဲကြမှာ စိုးရပါတယ်ဘုရား'

ဆရာတော်လည်း အခြေအနေမှန်ကို ပြောပြမထား လျှင် ဆရာရော ကလေးတွေပါ ကြောက်ရွံ့နေကြမည်ကို စိုးရိမ်ခဲ့ပြီး အကြောင်းစုံကို မိန့်ကြားခဲ့လေသည်။

'ဒီလိုပါ ဆရာ၊ ကျုပ်ရဲ့ ကျောင်းဝိုင်းထဲမှာက သိုက် ရှိနေတယ်။ အဲဒီသိုက်ကို အထက်ဘိုးတော်များက ဘိုး သူတော်တစ်ပါးကို အစောင့်အရှောက်ထားခဲ့ပါတယ်။ ဒီ ဘိုးသူတော်ကြီးဟာ ကျောင်းဝိုင်းကိုပါ စောင့်ရှောက်ပေး ပါတယ်။ ညဘက်မှာ ကျောင်းအိပ်ကြတဲ့ ဘုန်းကြီးကျောင်း သားတွေ လသာသာမှာ ကျောင်ဝိုင်းထဲ ဆော့ကစားနေ ကြရင် ဘိုးသူတော်ကြီးဟာ ပျော်ပြီး သူပါ ကျောင်းသား ယောင်ဆောင်ပြီး ဝင်ဆော့ပါတယ်။

အဲ..ကျောင်းသားတွေမောလို့ အိပ်ကြရင် သူက ဟို လိုလို ဒီလိုလိုနဲ့ မအိပ်သေးဘဲ ထိုင်နေမလိုလိုနဲ့ ဆရာတို့ ဆွမ်းစားကျောင်း ခြေရင်းဘက်က သရက်ပင်ကြီးပေါ် လွှား ခနဲ ခုန်တက်သွားတာ ကျောင်းသားတချို့က တွေ့မြင်ခဲ့ကြ တယ်လေ။ အခုလည်း သူ ဒီကျောင်းဝိုင်းထဲမှာ သိုက် စောင့်ပြီး ကျောင်းကိုပါ စောင့်နေရကြောင်း သိလေအောင် ပထမ ဆွမ်းစားကျောင်းပေါ်က ဆင်းပြခဲ့တယ်။ ဆရာ့ကို ကလေးတွေက ပြောပြတော့ ဆရာက ခွေးအဖြူ ဆွမ်းကျန် လာရှာရင်း ဆင်းသွားတာပဲလို့ ထင်ခဲ့တယ်။

နောက်တစ်ကြိမ် ဆွမ်းစားကျောင်းထရံကိုပုတ်ပြီး အသိပေးခဲ့တယ်မဟုတ်လား။ ဘယ်လိုမှအသိပေးမရခဲ့တော့ နောက်ဆုံးမှာ တစ်ည ကျောင်းသူကလေးများအား ရွာကို ပြန်အပို့မှာ ဖြူဖြူမားမားကြီးနဲ့ ခေါင်းမပါတဲ့သဏ္ဌာန် ပြခဲ့ တော့မှပဲ ဆရာကိုယ်တိုင် တွေ့ခဲ့ရတယ်မဟုတ်လား'

'မှန်ပါတယ်ဘုရား'

'ဆရာသိသွားပြီဆိုတော့ ကလေးတွေကို အပေါ့အပါး သွားကြတာ အရမ်းမသွားကြဖို့ သတိပေးပါ။ ကျုပ်လည်း ဘိုးသူတော်ကြီးကို ကလေးတွေ ကြောက်အောင်လန့်အောင် မနှောင့်ယှက်ဖို့ မေတ္တာရပ်ခံထားပါတယ်လေ'

ဆရာတော်မှ အကြောင်းစုံ ရှင်းပြခဲ့တော့မှပင် ဆရာ အောင်မိုး သိလာခဲ့ရကာ သူ့တပည့်များအား အပေါ့အပါး စွန့်ရာတွင် တွေ့ရာနေရာ၌ မစွန့်ကြဖို့ သတိပေးထားရမည် ဟု တွေးခဲ့မိလေတော့သည်။

တင့်ထွား(ဇေယျဝတီ)



(ယောမြို့) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

# ရှမ်းဆရာ ဦးစိုင်းငွေလှိုင်

(ဝမ်းတွင်းမှော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များဖြင့်သာ ကူညီဆောင်ရွက်မည်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ၊ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း ဝိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

ဆရာနှင့်တွေ့ချိန် - နေ့စဉ် (တနင်္လာနေ့မှအပ)

နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ

အမှတ်-၄၀၇၊ လှော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၇၃၀ ၇၂၉၇၀

www.burmeseclassic.com



ဒါရိုက်တာ

# မျိုးဇော်အောင်

## ပွဲကျောင်းသား အဂ္ဂ

ကွက်လပ်တစ်ခု၏ မြေကျင်းကို မြေအပြည့်ဖိသိပ်ထားသောကြောင့် မြေကျင်းမှာ မြေပြင်မျက်နှာပြင်နှင့် တစ်ပြေး တစ်ညီတည်း ဖြစ်၍နေလေ၏။ ရာဇမတ်များ ကာရံထားပြီး အုန်းပွဲ၊ ငှက်ပျောပွဲ၊ အလင်းတိုင်၊ အမွှေးတိုင်များ မရှိရင် ဤနေရာကွက်လပ်၌ မြေကျင်းရှိသည်ဟုပင် မထင်ရပေ။

ထိုအချိန်မှာပင် ဆရာတော်ဘုရားကြီး ဦးနန္ဒာသီရိနှင့် ဦးပဥ္စင်းကုမာရတို့ ရောက်လာပြီး ဦးပဥ္စင်းက-

'ဟော့··ဟော့··ဒကာတို့,ဒကာတို့၊ ဟောဒီ ရာဇမတ်ကာထားတဲ့ အကွက်နဲ့ ခပ်ဝေးဝေးမှာ နေကြ။ တော်နေကြာရင် အဂ္ဂ မြေကျင်းကို ဖောက်ခွဲပြီး ထွက်လာလိမ့်မယ်' ဟု ဦးပဥ္စင်းကုမာရက သတိပေးသည်။

ပရိသတ်များ ရှဲသွားကြ၏။

သည့်တွင် ဆရာတော်ဘုရားကြီးက-

'ကုမာရဆရာတော်တို့ ပွဲကျောင်းပညာရပ်က မြန်မာ လူမျိုး ဗုဒ္ဓဘာသာဝင်တွေအတွက် သိပ်အရေးပါပြီး အဆင့် အတန်းမြင့်တဲ့ ပညာတစ်ရပ်ပဲကွယ့်။ ဆရာတော်၏ ဘိုး တော်၊ ဘေးတော် လက်ထက်က သင်ကြားပေးခဲ့တာ ခုထိ ဆရာတော် ဒီပညာနဲ့ အမွေအနှစ် အခြေခံတွေကို ရသ သလောက် ရပြီးပြီပဲ။ ဒီပညာရပ်ကို ရှေ့ဆက်ပြီး မတိ ကော မပပျောက်ဖို့ အဓိက အရေးကြီးတယ်'

ဆရာတော်ဘုရားကြီး၏ သက်တော်မှာ (၈၀)ကျော်



www.burmeseclassic.com

www.burmeseclassic.com



ဝါတော်မှာလည်း (၆၀)ကျော်ခန့် ရှိပေပြီ။

သည်တွင် ဘုန်းကြီးကျောင်းဝင်းအတွင်းမှ ကုလားတက် အုန်းမောင်းခေါက်သံ ပေါ်ထွက်လာလေ၏။

'တုံ..တုံ..တုံ'

ကြားလိုက်ရပြီးနောက်-

'ကဲ..အချိန်စေ့ပြီ ကုမာရ'

ဟု ပြော၍ လက်ထဲမှ ကိုင်ဆောင်ထားသော တောင်ဝှေးဖြင့် ဆရာတော်ဘုရားကြီးက ရာဇမတ်ကာထားသော မြေပြင်ကို တောင်ဝှေးဖြင့်-

'ဖုန်း..ဖုန်း..ဖုန်း'

ရိုက်ချလိုက်လေတော့၏။

မြေပြင်မှာလည်း ငလျင်ငယ်တစ်ခု လှုပ်ခါယမ်းသွားသလို ရာဇမတ်ကွက်အတွင်း မြေကျင်းမှ မီးခိုးငွေ့များပမာ ဖုန်မှုန့်များ တငွေ့ငွေ့ထွက်ပေါ်လာပြီး မြေကြီးများမှာလည်း လှုံ၍ထွက်လာကြလေတော့၏။

တစ်ဆက်တည်းလိုပင် 'ကျား..ကျား..ကျား'ဟု အော်ဟစ်သံကြီးနှင့်အတူ အဂ္ဂ မြေကျင်းမြေကြီးထဲမှ လေမှာ လွင့်ပျံခုန်ထွက်လာလေတော့၏။

ပရိသတ်များမှာလည်း လက်ခုပ်တဖြောင်းဖြောင်းနှင့် ဆီးကြိုနှုတ်ဆက်ကြလေတော့၏။

'ဆရာတော်ဘုရား..ဒကာအဂ္ဂတော့ ဓာတ်ကြီးလေးပါး ဂါထာမန္တန်အစွမ်းနဲ့ ပွဲကျောင်းရဲ့ မြေသျှုံးမိုးပျံပညာရပ် အစွမ်းတွေကြောင့် ခုန်ထွက်လာပြီဘုရား'

'ဟာ..အဂ္ဂ၊ သိပ်တော်တယ်။ မြေတွင်းထဲမှ ခုန်ထွက်လာနိုင်ပြီ။ ဒါမှ တို့အဂ္ဂကွ၊ တို့အဂ္ဂ'

ပရိသတ်တို့၏ သံပြိုင်အော်ဟစ်သံများ လျှံထွက်လာလေတော့၏။ ဆရာတော်ဘုရားကြီးနှင့် ဦးပဥ္စင်းကုမာရ ရှိရာသို့ အဂ္ဂလက်ကို ဦးတင်၍လျှောက်လာကာ ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းတွင် ဆောင့်ဆောင့်ထိုင်ကာ ဦးသုံးကြိမ်ချ၍ ရိုရိုသေသေ ကန်တော့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'အဂ္ဂ··ခန္ဓာကိုယ် ထိခိုက်မှုရှိလား'

'မရှိပါဘူးဘုရား'

'စိတ်ပိုင်းရော ထိခိုက်မှုရှိလား'

'မရှိပါဘူးဘုရား'

'ဒါဆို ငါတပည့် မြေသျှိုးမိုးပျံ ပဋ္ဌာန်ဓာတ် အောင်ပြီကွယ့်'

'မှန်ပါဘုရား'

'အိမ်း··ဒါဖြင့်ရင် ခု ဓာတ်ကြီး(၄)ပါးရဲ့ ဂါထာမန္တန် စာန်ဖိုးကို သိပြီမှတ်လား'

'သိပါပြီဘုရား'

'ဒါဖြင့် ထပ်ရွတ်ပြစမ်း..အဂ္ဂ'

'စက္ခုမာဓရ၊

မာစိဗ္ဗော

ဓမ္မည္ယု ဓမ္မသာမိကော။

ဗလူပေတော

ဗလဓရော

ဝရဒေါ ဒေတု မေတုံပါဘုရား'

'အိမ်း··ကောင်းပါ့ကွယ်။ အဲဒီဓာတ်ကြီးလေးပါး ဂါထာမန္တန်တော်ကို နေ့စဉ် ရွတ်ဖတ်ခြင်းဖြင့် ကိုယ်ခန္ဓာရဲ့ ကြံ့ခိုင်ကျန်းမာမှု၊ ရောဂါဘယကင်းဝေးမှုနှင့် ကပ်ရောဂါများရဲ့ ဘေးဥပဒ်က ကင်းဝေးစေနိုင်တယ်ကွယ့်။ ကိုယ်ကျန်းမာမှုသာမက စိတ်လေလွင့်ခြင်း၊ ဦးခေါင်း မကြည်လင်ခြင်း၊ တွေဝေခြင်းတို့ကိုပင် ပျောက်ကင်းစေတဲ့ ဂါထာဖြစ်တယ်ကွယ့်။

တချို့က စမကြီး(၄)ပါး ဂါထာရယ်လို့လည်း ခေါ်ဆိုကြတယ်။ ဂါထာအစလုံးများကို ကောက်ယူရင် (စ၊ ဓ၊ ဗ၊ ဝ)ဖြစ်လို့ လောကီသိဒ္ဓိလမ်းမှာသုံးတဲ့ အခြေခံစမကြီးဖြစ်တာကြောင့် အကျိုးကျေးဇူးများတဲ့ ဂါထာမန္တန်ဖြစ်တယ်။ (စ၊ ဓ၊ ဗ၊ ဝ) ဂါထာမန္တန်ဟုလည်း ခေါ်ကြတယ်ကွယ်'

ဟု ဆရာတော်ဘုရားကြီး မိန့်တော်မူပြီးတွင် အဂ္ဂက–

'ဘဘုရား··တပည့်တော် ပွဲကျောင်းပညာရပ်နဲ့ပတ်သက်ပြီး သိချင်ပါတယ်ဘုရား'ဟု မေးမြန်းနေလေတော့၏။

'အိမ်း··ပွဲကျောင်းပညာရပ်ဆိုတော့ ပြောပြရမှာပေါ့လေ။ ရှေးတုန်းကတော့ အရည်းကြီးပညာရပ်၊ ပွဲကျောင်းဆိုပြီး အင်မတန် တန်ခိုးတောဇာ ကြီးခဲ့တာပေါ့ အဂ္ဂ'

'မှန်ပါ့ဘုရား၊ ပွဲကျောင်းပညာဆိုတာ ဘယ်လိုပညာရပ်မျိုးကို ဆိုလိုတာလဲဘုရား။ တပည့်တော် သိချင်ပါတယ်ဘုရား။ အမိန့်ရှိပါဘုရား'ဟု အဂ္ဂက လျှောက်ထားလေ၏။

ထိုအခါ ဆရာတော်ဘုရားက–

'အိမ်း··မင်း နားလည်အောင် ရှင်းပြရမယ်ဆိုရင်တော့ အရည်းကြီးတို့ရဲ့ ပွဲကျောင်းပညာရပ်ဆိုတာ ဒီလိုကွယ့်'ဟူ၍ အစချီကာ အောက်ပါအတိုင်း သမိုင်းကြောင်း အထောက်အထား အခိုင်အမာဖြင့် ရှင်းပြလိုက်လေတော့၏။

◆◆◆

ပွဲကျောင်းပညာရပ်ဟူသည်မှာ ပုဂံခေတ်ဦးပိုင်းက စတင်၍ ထွန်းကားစည်ပင်လာသော အတတ်ပညာတစ်မျိုး ဖြစ်လေ၏။

မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ သာသနာတွင် ကျောင်းဟူ၍ ပေါ်ပေါက်သုံးနှုန်းခဲ့ရာမှ ကျောင်းနှစ်မျိုးနှစ်စား ရှိလာခဲ့လေ၏။ တစ်မျိုးကား အရညဝါသီကျောင်း၊ နောက်ကျောင်း တစ်မျိုးကား ဂါမဝါသီကျောင်းဟူ၍ ဖြစ်လေ၏။ အရညဝါသီကျောင်းကား တရားဘာဝနာ အားထုတ်ရာကျောင်း ဖြစ်၍ စာပေအတတ်ပညာတို့ကို သင်ကြားပေးသော ကျောင်းကား ဂါမဝါသီကျောင်းဟူ၍ ကျောင်းနှစ်မျိုးနှစ်စား ထွန်းကားစည်ပင်ခဲ့သည် ဟူ၏။

မြန်မာမင်းများအဆက်ဆက် လက်ထက်တော်က နိုင်ငံတော်အုပ်ချုပ်မှုစနစ်တွင် သာသနာရေးနှင့် ပညာရေးသည် အစဉ်အမြဲတွဲလျက် ဖွံ့စည်းခဲ့ကြလေ၏။ နိုင်ငံတကာတက္ကသိုလ်များကိုလည်း သာသနာပိုင်းရဟန်းများက ဦးဆောင်ခဲ့ကြလေ၏။ ဂါမဝါသီကျောင်းအုပ်စုတွင် ပါဝင်သော ပွဲကျောင်းများကို စတင်တည်ထောင်သူများမှာလည်း အရည်းများ ဖြစ်ကြလေ၏။

အရိယမှလာသော အရည်းသည် အနက်အဓိပ္ပာယ်အားဖြင့် ကောင်းမွန်မြင့်မြတ်လေ၏။ ပုဂံခေတ်အစောပိုင်း စောရဟန်းဘွဲ့ခံ တောင်သူကြီးမင်းလက်ထက် (၂၉၃)ခုနှစ်တွင် တစ်ပြည်လုံးက အရည်းများကိုသာ ကိုးကွယ်ခဲ့ကြသည်။ အရည်းတို့၏ဝါဒမှာ တန္တရဖြစ်သည်။ မန္တန်ဂါထာ ပရိတ်များ ရွတ်ဖတ်ကြသည်။ ထိုကာလတွင် အရည်းများလည်း ကျော်ကြား၍ ပွဲကျောင်းများလည်း လျှမ်းလျှမ်းတောက် ခေတ်စားခဲ့လေ၏။ အရေးပါ အရာရောက်ခဲ့ကြလေ၏။

မြန်မာတို့၏ ဝိဇ္ဇာအတတ်ပညာ(၁၈)ရပ်နှင့် အင်္ဂါရသိပ္ပအတတ်ပညာ(၁၈)ရပ်ကို မင်းအဆက်ဆက် တန်[illegible] ထားခဲ့ကြလေ၏။ ထိုပညာရပ်များကို ပွဲကျောင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

သင်ကြားပေးကြလေ၏။

ထိုစဉ်ကာလက ပွဲကျောင်းများ၏ သင်ရိုးညွှန်းတမ်းများ လေ့လာနိုင်ပေ၏။ ဗေဒင်ကျမ်း၊ ဓာတ်ကျမ်း၊ ဆေးကျမ်း၊ အနှိပ်ကျမ်း၊ ယတြာကျမ်း၊ သေနင်္ဂဗျူဟာကျမ်း၊ ဂဏာသျှတ္တရကျမ်း၊ ဒသဗေဒမြင်းကျမ်း၊ သိုင်းပညာ၊ လက်ဝှေ့ထိုးသတ်နည်းပညာ၊ အနုသုခုမပညာ၊ ပန်းဆယ်မျိုး အတတ်ပညာ စသည်တို့ ဖြစ်ကြလေ၏။

၎င်းပညာရပ်များအထဲမှ ဗေဒင်ကျမ်းနှင့်ပတ်သက်၍ အထူးထွန်းကားခဲ့သည်ဟု သိရလေ၏။ ထိုခေတ်အခါက ပွဲကျောင်းထွက် ဗေဒင်ပညာမှာ လွန်စွာအံ့ဖွယ်ဘနန်းဖြစ်ခဲ့လေ၏။

ဟံသာဝတီ ဆင်ဖြူရှင်အား ရခိုင်သို့ စစ်ချီရာတွင် နတ်ရွာစံမည်ဟု အတတ်ဟောခဲ့ဖူးလေ၏။ အလောင်းဘုရား ယိုးဒယားသို့ စစ်ချီရာတွင် စစ်ကားအောင်မည်၊ ဘုရင်သည် နန်းမြေစခန်းသို့ အပြန်လမ်း၌ ကံကုန်မည်ဟု ဟောခဲ့၏။ ဤကား ရဲရဲတောက်ဗေဒင်ပညာ၏ စွမ်းရည်တစ်ခု ဖြစ်သကဲ့သို့ ပွဲကျောင်းပညာရပ်ဟုလည်း မည်ပေ၏၊ ခေါ်ပေ၏။

သာလွန်မင်းတရား နတ်ရွာစံမည့်ရက်ကို တိတိကျကျ ဟောကိန်းထုတ်ပေးနိုင်သည့်ပညာရပ်၊ ထိုကဲ့သို့ ထိပ်တန်းသို့ ရောက်ခဲ့သော ပွဲကျောင်း၏ သင်ရိုးညွှန်းတမ်းများက လေးစားစရာ။ ထို့ပြင် စစ်ချီ၊ စစ်တက်၊ စစ်အောင်မည်၊ မအောင်မြင်ကိုလည်း ဗေဒင်ပညာက ကြို၍ဟောနိုင်လေ၏။ အားဖြည့်ပေးနိုင်လေ၏။

ဆေးကျမ်းပညာရပ်နှင့် ပတ်သက်၍လည်း မြန်မာ့တိုင်းရင်းဆေးပညာတွင် သစ်ဥ၊ သစ်ဖု၊ သစ်မြစ်များနှင့် ဆေးဖော်ကုသရသော ဗိန္ဓောနည်း၊ အစာလည်းဆေး၊ ဆေးလည်းအစာ ဟူသော စကားနှင့်အညီ ဓာတ်စာဖြင့် တွဲဖက်ကုသရသောနည်း၊ ဂြိုဟ်စာကျွေးကုသရသည့် နက္ခတ်နည်း၊ စုန်းကဝေ၊ တစ္ဆေများကို ကုသရသော ပယောဂနည်း စသည်တို့ကို ပွဲကျောင်းများက သင်ကြားပေးလေသည်။ ထို့ပြင် ဗရင်ဂျီနည်း ဆေးပညာကိုလည်း ဖြည့်စွက်သင်ကြားပေးလေ၏။

ဗရင်ဂျီနည်းဆိုသည်မှာ အနောက်တိုင်းဆေးပညာဖြစ်သည်။ အေဒီ(၉၇၄)၊ သက္ကရာဇ်(၁၆၁၂)ခုနှစ် ကာလတွင် ပေါ်တူကီလူမျိုး စစ်ဗိုလ်အရာရှိ ငဇင်ကာ (ခေါ်) ဖိလစ်ဒီဗရစ်တိုသည် သန်လျင်ဘက်တွင် စခန်းချနေသည့် ကနဦးပိုင်းကာလများက နိုင်ငံ၏ ပြည့်ရှင်မင်းအား သင့်အောင်ပေါင်း၍ ခညောင်းခဲ့၏။ နောက်ပိုင်း၌ ပုန်ကန်ခြားနားလျက် သန်လျင်တွင် တစ်ဗိုလ်တစ်မင်း ခံယူရန် ကြိုးစားသည်။

အနောက်ဘက်လွန်မင်းက ထိုလူမျိုးခြားသားကို ဝင်ရောက်တိုက်ခိုက် အနိုင်ယူသည်။ မြန်မာပြည်တွင် စတင်ခြေကုပ်ယူသော နယ်ချဲ့စနစ်အား အမြစ်မှ နုတ်ပယ်လိုက်ခြင်းဟု ဆိုနိုင်သည်။

ထိုစစ်ပွဲတွင် ကုလားဖြူ၊ ကုလားမည်း သုံ့ပန်း နှစ်ထောင်ကျော် လက်ရဖမ်းဆီးမိသည်။ သူတို့အား နေစရာပေး၍ တတ်ကျွမ်းသော ပညာအလျောက် အသက်မွေးဝမ်းကျောင်းပြုခွင့် ပေးခဲ့သည်။

ထိုသုံ့ပန်းထဲတွင် ဆေးပညာရှင်၊ ဆေးဆရာများ ပါဝင်လေ၏။ ထိုသုံ့ပန်းများထဲမှ ဆေးပညာစနစ်ကို ရရှိခဲ့ကြလေ၏။ ထိခိုက်ရှနာ ကျိုးပဲ့ပြတ်တောက်သော ဒဏ်ရာများအတွက် အလွန်အကျိုးဖြစ်သော ကုထုံးပညာဖြစ်သည်။ ထိုဆေးပညာကို ပွဲကျောင်းများက မြန်မာမှုပြုသည်။

ပွဲကျောင်းဆေးကျမ်းပညာတွင် တွဲဖက်သင်ကြားပေးလေသည်။ တစ်နည်းအားဖြင့် မြန်မာတိုင်းရင်းဆေးပညာတွင် ဗရင်ဂျီနည်းက ပါဝင်လာလျက် တိုးတက်ခဲ့သည်ကို မည်သူမျှ မငြင်းနိုင်ပေ။

ပွဲကျောင်းများက သေနင်္ဂဗျူဟာနည်းပညာ၊ စစ်သုံးဆင်၊ စစ်မြင်းအင်္ဂါကျမ်း၊ အတတ်ပညာ၊ သိုင်းပညာ၊ လက်ဝှေ့၊ လက်ပွေ့၊ ထိုးသတ်နည်းများက ယောကျ်ားကောင်းတို့ တတ်အပ်သော အခြေခံပညာ။ သို့ရာတွင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများဘက်က အတွေးက စိုးရိမ်စရာ။ တိုင်းပြည်မငြိမ်မသက်ဖြစ်အောင် တော်လှန်ပုန်ကန်မည့်သူများ စုစည်းရာဌာနဟု အဆင့်ရောက်လာကြသည်။ ထို့ကြောင့် ပွဲကျောင်းများ၏ ရှေ့အလားအလာ ကံကြမ္မာက ညှိုးနွမ်းမှေးမှိန်ခဲ့ရသည်ဟု ဆိုရမလိုပင်။

အေဒီ(၁၁၇၄)၊ သက္ကရာဇ်(၁၈၀၂)ခုနှစ်တွင် အနော်ရထာမင်းကြီးက အရည်းများကို သာသနာတော် သန့်စင်ရေး လှုပ်ရှားမှုအတွက် နှိပ်ကွပ်ခဲ့လေ၏။ အရည်းများ ထွက်ပြေးကြရလေ၏။ ပွဲကျောင်းများလည်း တစ်ကြိမ်ဖျက်သိမ်းခံရလေ၏။ အေဒီ(၁၂၁၇)၊ သက္ကရာဇ်(၁၈၅၅)ခုနှစ်တွင်တစ်ကြိမ် ပွဲကျောင်းများ ဖျက်သိမ်းခံရပြန်လေ၏။ အမရပူရမြို့တည် မင်းတရားကလည်း ပွဲကျောင်းများကို ဖယ်ရှားနှိမ်နင်းပြန်သည်။ ရခိုင်ဘုရင် မင်းရာဇာကလည်း


www.burmeseclassic.com

www.burmeseclassic.com

ဂါမဝါသီကျောင်းများကို အမိန့်စာထုတ်ဖြစ်၍ ဖျက်သိမ်းစေခဲ့ပြန်ကာ ထိုအချိန်ကာလတွင် ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန် ဖြစ်၏။

အကြိမ်ကြိမ်အထပ်ထပ် နှိပ်ကွပ်ခံခဲ့ရသော် ပွဲကျောင်းပညာရေးမှာ မြန်မာ့သမိုင်း စာမျက်နှာတွင် နေရာမရနိုင်တော့ချေ။

ဆရာတော်ဘုရားကြီးသည် အထက်ပါအတိုင်း သမိုင်းကြောင်းချီ၍ အရည်းတို့၏ ပွဲကျောင်းပညာရပ်ကို ရှင်းပြခဲ့သဖြင့် အဂ္ဂသည် နားလည်သဘောပေါက်၍ သွားလေတော့၏။

'တပည့်တော် ပွဲကျောင်းပညာရပ်ကို အသက်ပေးပြီး စောင့်ရှောက်ထိန်းသိမ်းပါ့မယ်ဘုရား။ လောကီပညာရပ်တွေ အများကြီးကိုလည်း တတ်အားရှိသရွေ့ ဆည်းပူးလေ့လာ သင်ကြားပါ့မယ်ဘုရား။ ပြီးတော့ ပွဲကျောင်းပညာရပ်ကို အသုံးပြုပြီး အမျိုး၊ ဘာသာ၊ သာသနာနဲ့ နိုင်ငံတော်ကိုလည်း ကာကွယ်စောင့်ရှောက်ပေးပါ့မယ်လို့ ဆရာတော်ဘုရား ရှေ့မှောက်မှာ တပည့်တော် ကတိသစ္စာပြုပါတယ်ဘုရား' ဟု ဆို၍ ဆရာတော်ဘုရားအား ဦးခိုက်ကန်တော့လေ၏။

'အိမ်း··အိမ်း··ကောင်းပေစွ၊ ကောင်းပေစွ။ သာဓု··သာဓု··သာဓု။ ကိုင်း··ငါ့တပည့်ရေ' ဟု ပြောပြောဆိုဆို အဂ္ဂ၏ နဖူးပြင်ကို လက်ဝါးဖြင့် သုံးချက်ပုတ်ရိုက်လိုက်လေ၏။

ပြီးနောက်-

'ကဲ··မင်းလမ်း မင်းလျှောက်တော့။ ငါလည်း ငါ့လမ်း ငါလျှောက်တော့မယ်။ လောကမှာ ဘယ်ပုဂ္ဂိုလ်၊ ဘယ်သတ္တဝါပဲဖြစ်ဖြစ် ကိုယ့်လမ်း ကိုယ်ထွင်ပြီး သွားကြတာပဲ အဂ္ဂ။ မင်းလည်း ပွဲကျောင်းပညာ ရသွားပြီ။ ဒါပေမဲ့ ပွဲကျောင်း ပညာရပ်က မကုန်ခန်းသေးဘူး။ အဆုံးလည်း မသတ်သေးဘူး။ ဘယ်မှာဆုံးမယ်ဆိုတာကိုတော့ တစ်ချိန်သောအခါမှာ မင်းသိလာလိမ့်မယ်။ နောက်ထပ် မင်း ပွဲကျောင်းဆရာတစ်ဦးနဲ့ ထပ်တွေ့လိမ့်ဦးမယ်။ အဲဒီမှာ ပညာဆက်သင်ပေါ့ကွာ။ ငါကတော့ မင်းကို ဆက်မသင်ပေးနိုင်တော့ဘူး။ အထက်အမိန့်နဲ့ ငါ ထွက်ရတော့မယ်။ ကဲ·· အဂ္ဂ ကျောင်းပေါက်၊ အထုပ်ပြင်ပြီး မင်းလမ်း မင်းခရီးကို သွားတော့။ ငါမှာတဲ့ ခင်ပွန်းကြီးဆယ်ပါးနဲ့ ငါးပါးသီလကိုတော့ အလေးထား အမိကစောင့်ထိန်းရမယ်ကွယ့်။ အဲဒါ မင်းအတွက် ပွဲကျောင်းပညာထက် ပိုပြီးလုံခြုံစိတ်ချရတဲ့ မြတ်ဗုဒ္ဓရဲ့ မေတ္တာတရားတော်တွေပဲ အဂ္ဂ'

ရှည်လျားသော စကားနှင့် အမှာစကားများကို ပြောကြားပြီးနောက် ဆရာတော်ဘုရားသည် မြောက်အရပ်စူးစူးသို့ ထွက်ခွာသွားလေတော့၏။ အဂ္ဂလည်း ကျောင်းတော်ကြီးရှိရာသို့ ထွက်သွားလေ၏။ အဂ္ဂ၏ပညာရပ်ကို လာရောက်ကြည့်ရှုကြသော ပရိသတ်တို့သည်လည်း အလျှို၊အလျှိုဖြင့် ထွက်ခွာသွားကြလေတော့သတည်း။

◆ ◆ ◆

အဂ္ဂသည် ဆရာတော်ဘုရားကြီး၏ ပညာရည်နို့ကို သောက်စို့ခဲ့ရသော်လည်း ဆရာတော်ဘုရားကြီးကိုမူ ကောင်းစွာလုပ်ကိုင်ပြုစုပေးခြင်း မရှိခဲ့ရသောကြောင့် စိတ်ထဲ သိပ်မကောင်းရှာခဲ့ပေ။ ဆရာတော်ဘုရားကြီးနှင့် အတူနေခဲ့ရစဉ်က စာပေဗဟုသုတများ များစွာဆည်းပူးလေ့လာခဲ့ရ၏။ လောကီလောကုတ္တရာများ ကြားနာခဲ့ရ၏။ ဘာသာရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆရာတော်ဘုရားကြီး အမြဲသတိပေးဆုံးမလေ့ရှိသည်မှာ ခင်ပွန်းကြီးဆယ်ပါးကို မပြစ်မှားဖို့၊ ငါးပါးသီလကို စောင့်ထိန်းဖို့ စသည့်စကားရပ်တို့ကို ပြန်၍အမှတ်ရမိလေ၏။

အဂ္ဂ၏ ဇာတိချက်ကြွေ မွေးရပ်မြေမှာ ဖြူးမြို့ဖြစ်လေသည်။ ဖြူးမြို့ကိုပဲ အဂ္ဂ ဦးတည်၍ ခရီးဆက်ခဲ့လေ၏။ ဖြူးသို့ရောက်လျှင် ဘာလုပ်ကိုင်စားသောက်ရမည်ကို ဦးစွာစဉ်းစားသည်။ လောလောဆယ်တော့ ကောင်းစွာစဉ်းစား၍ မရသေးပေ။ တောင်ငူသို့ ခဏဝင်ခိုမည်ဟု အဂ္ဂ စဉ်းစားသည်။ တောင်ငူမှာ ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်ရှိသည်။ သူက ကရာတေးပညာရှင်တစ်ယောက်ဖြစ်သည်။ သင်တန်းလည်း ဖွင့်ထားသောကြောင့် အခြေအနေကောင်းသည်ဟု ဆိုရပေမည်။

သူ့ဆီမှာ တစ်ရက်တန်တန်၊ နှစ်ရက်တန်တန် ခေတ္တတည်းခိုပြီးမှ ဖြူးမြို့သို့ ခရီးဆက်မည်ဟု အဂ္ဂ စိတ်ကူးထားလေသည်။

တောင်ငူသို့ အဂ္ဂ ရောက်လာသောအခါ သူငယ်ချင်းတိုက်ကောင်းက ကောင်းစွာခရီးဦးကြိုပြုသောကြောင့် ဝမ်းသာကျေနပ်ရလေ၏။ တိုက်ကောင်းနှင့် အဂ္ဂတို့က ငယ်သူငယ်ချင်းများ မဟုတ်ကြသော်လည်း ကြီးမှ တိုက်ကောင်း ဖြူးကျောင်း လာတက်၍ ကြီးသူငယ်ချင်းများဖြစ်သည်။ တိုက်ကောင်းက ရန်ကုန်မှလာ၍ ဖြူးမြို့တွင် ဖွင့်ထားသော



www.burmeseclassic.com

www.burmeseclassic.com

သော ဂျူဒိုကရာတေးသင်တန်းကို ကျောင်းတစ်ဖက်၊ သင်တန်းတစ်ဖက် သင်ကြားခဲ့သည်။ တစ်ခါတလေ အဂ္ဂလည်း သွားရောက်လေ့လာ ဆည်းပူးခဲ့သည်။ အဂ္ဂနှင့် တိုက်ကောင်းတို့ တစ်ယောက်စိတ်ဓာတ် တစ်ယောက်သိကြ၍လည်း သံယောဇဉ်ရှိခဲ့ကြခြင်း ဖြစ်၏။

'ကိုအဂ္ဂ··ခင်ဗျားက စာမလာ သတင်းမကြားဘဲ လေတိုက်သလို ဖြုန်းစားကြီးရောက်လာတော့ ကျွန်တော် အံ့တောင်သြတယ်ဗျာ။ ဒါပေမဲ့ မဆုံဖြစ် မတွေ့ဖြစ်တာ ကြာတော့လည်း တွေ့ရတာဝမ်းသာတယ် သူငယ်ချင်းရေ။ ဒါထက် ကိုအဂ္ဂ လောကီပညာရပ်တွေ လိုက်စားနေတယ်လို့ ကြားတယ်။ အကြားပေါက် အမြင်ပေါက်ရင် ဒီက သူငယ်ချင်း တိုက်ကောင်းကိုပဲ ပစ်မထားနဲ့ဦး၊ မ,စဦးနော်'

တိုက်ကောင်းက ရွှန်းသလို အတည်လို ပြောသည်။ သူငယ်ချင်းတွေမို့ ပွင့်ပွင့်လင်းလင်း ပျော်ပျော်ရွှင်ရွှင်ဖြင့် ပြောတာမျိုးလည်း ဖြစ်နိုင်ငွလသည်။

'အကြားအမြင်က နားကောင်း မျက်စိကောင်းရင် အားလုံး ကြားနိုင်၊ မြင်နိုင်တာပဲ ကိုတိုက်ကောင်း။ ဘာဆန်းတာ မှတ်လို့ဗျာ'

'အဲဒီလို ရိုးရိုးကြားတာ မြင်တာကို ပြောတာမဟုတ်ဘူး။ စုပါ,ပါဝါမျိုးနဲ့ မြင်တာ၊ ကြားတာ ကို ပြောတာ။ ဥပမာဗျာ ထွက်ရပ်ပေါက်ဘိုးတော်တွေလို အကြားဓာတ်၊ အမြင်ဓာတ်ကို ကျွန်တော်ပြောတာ ကိုအဂ္ဂ'

'ဒီမယ် ကိုတိုက်ကောင်း၊ ကျုပ်က အဲဒီလောက်တော့ မဖြစ်သေးပါဘူးဗျာ။ အခုမှ စခါစ ကြိုးစားခါစပဲ ရှိပါသေးတယ်။ တကယ်ဖြစ်လာခဲ့ရင်တော့ မစမှာပေါ့ဗျာ။ အနည်းဆုံးကတော့ ဓာတ်လုံးတစ်လုံးတော့ ရမှာပေါ့။ ကျေနပ်တယ်မို့လား'

အဂ္ဂက အတည်ပေါက်နှင့် အရွှန်းဖောက်လိုက်သောကြောင့် တိုက်မောင်း တဟက်ဟက် ရယ်မောလေသည်။ ထိုအချိန်မှာပင် တိုက်မောင်းထံ ကရာတေးတပည့်များ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြလေ၏။

'ရောက်တုန်းရောက်ခိုက် ကျွန်တော့်သင်တန်းကိုလိုက်ခဲ့ ကိုအဂ္ဂ။ ဟိုရောက်တော့ စကားလည်းပြော၊ ကရာတေးပညာကိုလည်း လေ့လာရတာပေါ့။ ဖြူးတုန်းက ကိုအဂ္ဂလည်း ကျွန်တော်တက်နေတဲ့ ဂျူဒိုကရာတေးသင်တန်းကို လေ့လာဖူးတာပဲ'

'ဒါကလည်း သူငယ်ချင်းရှိလို့ လေ့လာတဲ့သဘောပါ။ အဲဒီနောက်ပိုင်း ဘကြီးဘုန်းကြီးခေါ်လို့ မန္တလေးမြို့ ရန်ကင်းတောင်ခြေရှိ ဓမ္မရံသီကျောင်းရောက်သွားခဲ့လို့ ဆုံးခန်းတိုင် မလေ့လာနိုင်ခဲ့ပါဘူးဗျာ'

'ဒီမယ် ကိုအဂ္ဂ··ကရာတေးက သက်လုံကိုယ်ခံပညာရပ်မှာ စိတ်အချရဆုံး ပညာတစ်ရပ်ပဲဗျာ။ ကိုယ်ကာ အရမ်းလုံတာ။ ဪ··ဒါထက် ပြောရဦးမယ်။ တောင်ငူ ရွှေဆံတော်ဘုရားပွဲ ရှိတယ်ဗျာ။ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ၊ အလံလုပွဲတွေလည်း ရှိတယ်။ ကျွန်တော့်တပည့်တွေတောင် အလေ့အကျင့်ရအောင် ဝင်ထိုးကြလိမ့်မယ်'

တိုက်ကောင်းက ကရာတေးပညာရပ်ကို အထင်ကြီးစွာ ပြောသည်။

သူ့တပည့်တွေကိုလည်း ပြိုင်ပွဲဝင်နိုင်းမည်ဟု ဆိုသဖြင့် အဂ္ဂက-

'လိုင်းချင်းလည်းမတူ၊ ပညာရပ်ချင်းလည်း မတူဘူး။ ဖြစ်ပါ့မလား ကိုတိုက်ကောင်းရဲ့။ ကျွန်တော်သိသလောက်ပြောရရင် လက်ဝှေ့က မာတယ်နော်၊ မနုဘူး။ ကရာတေးတော့ ကျွန်တော် မပြောတတ်ဘူး။ တချို့သိုင်းဝညာရှင်တွေတောင် လက်ဝှေ့နဲ့ ယှဉ်ထိုးသတ်တာ မနိုင်ကြဘူး။ အရှုံးများတာ ကျွန်တော် မြင်ဖူး၊ ကြားဖူးတယ် ကိုတိုက်ကောင်း'

ဟု ဆိုလိုက်ရာ တိုက်ကောင်းက-

'ဒါကတော့ဗျာ အခြေခံမပိုင်ဘဲ တတ်ယောင်ကားတက်ထိုးလို့ ရှုံးတာနေမှာပေါ့ဗျာ။ ကျွန်တော့်တပည့်တွေက အခြေခံကောင်းပြီးသားတွေ။ တတ်ယောင်ကားတွေ မဟုတ်ဘူး။ ကရာတေးခါးပတ်နက်ရထားတဲ့ ကိုယ်ခံကောင်းတဲ့ သတ်ပုတ်ရေးသမားတွေဗျ။ ကိုအဂ္ဂ မြင်ရမှာပါလေ။ ခု ရွှေဆံတော်ဘုရားပွဲမှာ ကျွန်တော့်တပည့်တွေနဲ့ မြန်မာလက်ဝှေ့သမားတွေ ပွဲကြီးပွဲကောင်းပေါ့ဗျာ။ ကိုင်း··သင်တန်းခန်းမကို သွားကြမယ်။ လာဗျာ ကိုအဂ္ဂ'ဟု တပည့်များကို ပြော၍ တိုက်ကောင်းသည် အဂ္ဂလက်ကိုဆွဲ၍ သင်တန်းခန်းမသို့ သွားကြလေတော့၏။

◆ ◆ ◆

'ဟိုင်း··ယား'

'ဟိုင်း··ယား'

တိုက်ကောင်း၏ ကရာတေးသင်တန်းသားနှစ်ယောက် ယှဉ်ပြိုင်ထိုးသတ်နေခြင်းဖြစ်သည်။ အဂ္ဂ၏ အမြင်အတွေ့မှာတော့ ကရာတေးတိုက်ကွက် ထိုးသတ်နေသည်ကို ရင်ထဲမှာသာ ခံစားပြီး ဝေဖန်ပြောဆိုမှုမရှိဘဲ ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

'ကိုအဂ္ဂ··ဘယ်လိုမြင်လဲ။ ကျွန်တော့်သင်တန်းသားတွေရဲ့ အခြေအနေ' အလားအလာကောင်းရဲ့လား'

'မဆိုးပါဘူး'

'ကိုအဂ္ဂရဲ့ မဆိုးပါဘူးဆိုတဲ့ ဝေဖန်ချက်က လိုအပ်သေးတယ်လို့ ကျွန်တော့်အမြင်က သဘောရသလိုပဲ ကိုအဂ္ဂ။ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ဝေဖန်ပါ ကိုအဂ္ဂ။ ကျွန်တော် စိတ်မဆိုးပါဘူး'

'သူများပညာရပ်ကို ကျွန်တော် မဝေဖန်ချင်ဘူးဗျာ။ ညဘုရားပွဲကျရင် ကိုတိုက်ကောင်းရော ကျွန်တော်ရော ရှိနေကြမှာပဲ။ အဲဒီအခါကျရင် နှုဝဖန်တာထက် ပိုပြီးသိသာထင်ရှား မြင်ရမှာပါ။ ပညာတစ်ရပ်ဆိုတာ စောပြီး ကောင်းတယ်၊ မကောင်းဘူးလို့ ဝေဖန်ပိုင်းဖြတ်လို့ မရဘူးလေ။ ပွဲဝင်မှ စင်မြင့်ပေါ်မှာ လက်တွေ့မြင်ရတာ အဆုံးအဖြတ်ပေးတာ။ အဲဒီအခါကျမှ ပညာရပ်ကို သေသေချာချာ လက်တွေ့ မျက်တွေ့ မြင်နိုင်တာဗျ ကိုတိုက်ကောင်း။ အခုဟာက စောပါသေးတယ်။ ကျွန်တော် ဘာမှမဝေဖန်ချင်ဘူး သူငယ်ချင်း'

'ရပါတယ် သူငယ်ချင်း၊ မဝေဖန်လည်း ကျွန်တော် စိတ်မဆိုးပါဘူး။ ခင်ဗျားလည်း အရင် ကျွန်တော့် ဖြူးမှာ ကျောင်းလာနေတုန်းက ကျွန်တော်တတ်တဲ့ ဂျူဒိုကရာတေးပညာကို လေ့လာဖူးခဲ့တာပဲ။ ကျွန်တော့်တပည့်တစ်ယောက်နဲ့ စမ်းကြည့်ပါလား။ အပျင်းပြေပေါ့ဗျာ'

'ဟာ··မလုပ်ပါနဲ့ သူငယ်ချင်းရာ။ တိုက်ခိုက်ရေးပညာရပ်ဆိုတာ အပျင်းအပြေလုပ်လို့ မရဘူးလေ။ မတော်တဆ တိုက်ခိုက်ရင်း အခန့်မသင့်ရင် သေသွားနိုင်တယ်။ အကျိုးမရှိတာတွေ မလုပ်ပါနဲ့ ကိုတိုက်ကောင်းရာ။ အကျိုးရှိမယ့် ညက သိပ်မကြာခင် ရောက်လာတော့မှာပါ။ အဲဒီအခါကျမှ ဘုရားပွဲမှာ တက်ထိုး၊ ထိုးကြေးဆုလည်းရမယ်။ အောင်မြင်မှုလည်း ရမယ်။ အဲဒီလို လုပ်စမ်းပါ။ ကျွန်တော်နဲ့ထိုးလို့ ဘာထူးမှာလဲ။ ဘာအကျိုးရမှာလဲ။ ဘာမှရမှာ မဟုတ်ဘူး။ အနာတရပဲ ရမှာ။ အခန့်မသင့်ရင် သေတောင် သေသွားနိုင်သေးတယ် သူငယ်ချင်း'

အဂ္ဂစကားကြောင့် တိုက်ကောင်း ဟက်ခနဲ ရယ်လေသည်။ ဘာသဘော ဘာအဓိပ္ပာယ်နှင့် ရယ်သည်တော့ အဂ္ဂ မသိပေ။

'ကိုတိုက်ကောင်းက ဘာကြောင့်ရယ်တာလဲဗျာ' ဟု အဂ္ဂက မေးလိုက်သည်။

'ကိုအဂ္ဂက ကျွန်တော့်တပည့်နဲ့ ထိုးရမှာ သိက္ခာကျတယ် အောက်ကျတယ်လို့ ထင်နေလို့လားဗျာ'

'မထင်ပါဘူး ကိုတိုက်ကောင်း၊ မလိုအပ်ဘူးထင်လို့ ကျွန်တော် ငြင်းတာပါ'

'ဒီလိုဆို ကျွန်တော့်နဲ့ ထိုးကြည့်လေ။ ကျွန်တော် လျှော့ထိုးပေးမယ်။ ဘယ့်နှယ်လဲ ကိုအဂ္ဂ'

'ဟာဗျာ··ကိုတိုက်ကောင်းကလည်း မလုပ်ပါနဲ့ဗျာ။ စောစောက ကျွန်တော်ပြောခဲ့တယ်နဲ့တူတယ်။ တိုက်ခိုက်ရေးပညာရပ်ဆိုတာ ကိုယ်ခံပညာရပ် ဆိုတာတွေဟာ လျှော့ထိုး၊ လျှော့ထိုးလို့ ရတာမဟုတ်ဘူး သူငယ်ချင်း။ အားပါလာရင် ထိုးချက်တွေ၊ တိုက်ချက် တိုက်ကွက်တွေ လျှော့လို့မရဘူးလေ။ ပြင်းထန်လာတတ်တဲ့သဘော ရှိတယ်ဗျာ။ ခင်ဗျားလည်း သင်တန်းဆရာတစ်ယောက်ပဲလေ။ ကျွန်တော် ပြောနေစရာတောင် မလိုပါဘူး. ကိုတိုက်ကောင်း'

အဂ္ဂစကားကို' အဆုံးသတ်လိုက်သည်။

တိုက်ကောင်းတစ်ယောက် သူ့တပည့်များနှင့် အလုပ်ရှုပ်နေသည်။

အဂ္ဂ တိုက်ကောင်းကိုကြည့်ပြီး အဂ္ဂစိတ်ထဲမှာ-

'အင်း··သူငယ်ချင်း ကိုတိုက်ကောင်းတစ်ယောက် တပည့်တပန်းတွေ မြောက်ပင့်မှုနှင့် ပညာမာနတွေ တက်နေပါလား' ဟူ၍ အဂ္ဂရင်ထဲ စိတ်ထဲတွင် ရေရွတ်မိလိုက်လေ၏။

◆ ◆ ◆

တောင်ငူ ရွှေဆံတော်ဘုရားပွဲကြီးက အလွန်စည်ကားလျက် ရှိလေ၏။ အဂ္ဂ၊ တိုက်ကောင်းတို့နှင့်အတူ မြန်မာ့လက်ဝှေ့အလံလုပွဲနှင့် စိန်ခေါ်ပွဲဆီသို့ တိုက်ကောင်း၏ ကရာတေးတပည့်သုံးယောက်နှင့်အတူ ပါလာကြလေ၏

ပွဲဈေးအကြော်ဆိုင်တစ်ဆိုင်တွင် အဂ္ဂတို့ အကြော်ဝင်စားကြရင်း တိုက်ကောင်းက-

'ကိုအဂ္ဂ··ဒီပွဲမှာ ကျွန်တော့်တပည့် သုံးယောက်စလုံး ဝင်ပြိုင်ကြမှာဗျာ။ လိုအပ်ရင် ကျွန်တော်လည်း ထိုင်းလက်ဝှေ့သမားနဲ့ ထိုးသတ်ဦးမှာ'

တိုက်ကောင်းက အကြော်စားရင်း တက်တက်ကြွကြွ ပြောသည်။ သူ့တပည့်သုံးယောက်ကလည်း တက်ကြွနေကြလေ၏။

'မြန်မာအချင်းချင်းထိုးလို့ အနိုင်ရလည်း ကျွန်တော်ကတော့ အထင်မကြီးဘူး။ အဲ··ကိုတိုက်ကောင်းသာ ထိုင်း

www.burmeseclassic.com

www.burmeseclassic.com

ကို ထိုးလို့ အနိုင်ရခဲ့ရင်တော့ အထင်ကြီးမယ်၊ ဂုဏ်ယူမယ်။ ပြီးတော့ ယောဒီမှာ ကျွန်တော့်မိဘ နှစ်ပါးဆီက ကျွန်တော်အမွေရခဲ့တဲ့ စိန်ရံထားတဲ့ ပတ္တမြားလက်စွပ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ကိုတိုက်ကောင်းကို ကျွန်တော် ဆုအဖြစ် ချီးမြှင့်မယ်ဗျာ။ ကျွန်တော် တကယ်ပြောနေတာနော် ကိုတိုက်ကောင်း'

'တယ်ရက်ရောပါလား ကိုအဂ္ဂ။ တကယ်ပြောနေတာနော်'

'ကျွန်တော် ယောကျ်ားပါ။ ကိုတိုက်ကောင်း..ခင်ဗျား တပည့်တွေကို အထင်သေးလို့ ပြောနေတာ မဟုတ်ဘူး။ မြန်မာ အချင်းချင်းထိုးသတ်လို့နိုင်တာကို အဆန်းတကြယ်လို့ ကျွန်တော် မထင်မိလို့ပါ။ ခင်ဗျားရဲ့ပညာကို လေးစားပါတယ်။ ဂုဏ်လည်းယူပါတယ်။ ခုက်တာက ကျွန်တော်က နိုင်ငံရပ်ခြားတိုင်းတစ်ပါး ပညာရပ်ကို အထင်မကြီးဘူး ကိုတိုက်ကောင်း။ ဂျူဒို၊ ကရာတေးလည်း တကယ်တော့ ဂျပန်ပညာရပ်ပဲ။ မွေထိုင်းပညာရပ်ကလည်း ထိုင်းပညာရပ်ပဲ။ ကျွန်တော်က မြန်မာ့ပညာရပ်နဲ့ထိုးလို့ အနိုင်ရတာကို ပိုပြီး တန်ဖိုးထားတယ်။ ပိုပြီးလည်း လေးစားတယ်။ ဂုဏ်လည်းယူတယ်။ အခု သူ[illegible]ျင်းကိုတိုက်ကောင်းက ထိုင်းကို အနိုင်ထိုးနိုင်တယ်ဆိုရင်တော့ မြန်မာတစ်ယောက်ဖြစ်တဲ့ ကိုတိုက်ကောင်းကို မြန်မာလူမျိုးတွေအတွက် ဂုဏ်ယူမယ်၊ လေးစားမယ်။ သူငယ်ချင်းတစ်ယောက်အနေဖြင့် ဂုဏ်ယူမယ်။ ဆုအဖြစ် ကျွန်တော် အမြတ်နိုးဆုံးထားတဲ့ ပတ္တမြားလက်စွပ်ကို ဆုချမယ်ဗျာ။ ဒါ ကျွန်တော်ရဲ့ ရင်ထဲကလာတဲ့ သစ္စာစကားအစစ်ပဲ ကိုတိုက်ကောင်း'

အဂ္ဂစကားဆုံးတော့ တိုက်ကောင်းက အံ့သြသွားဟန်ဖြင့် အဂ္ဂကို စိုက်ကြည့်သည်။ စကားတော့ မဆိုဖြစ်ပေ။

'ပွဲဝင်တော့ ကိုအဂ္ဂ မြင်ရမှာပါ။ ယိုးဒယားမွေထိုင်းပညာရှင်ပါယုက်ကို ကျွန်တော် အနိုင်ထိုးပြီး ခင်ဗျားရဲ့ဆုကို အရယူပြမယ်ဗျာ။ စောင့်သာကြည့်ပေတော့ ကိုအဂ္ဂရေ'

'ယူနိုင်ပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်။ နိုင်ပါစေလို့လည်း ထပ်ပြီးဆုတောင်းပေးပါတယ်ဗျာ'

ထို့နောက် အကြော်ဆိုင်မှ ထွက်ခဲ့ကြပြီးနောက် တိုက်ကောင်းနှင့်အတူ သူ့တပည့်များက လက်ဝှေ့ရုံထဲ ဝင်သွားကြသည်။ အဂ္ဂကတော့ ပွဲကြည့်ပရိသတ် ဒိုင်အဖွဲ့၏ နောက်တန်းမှာ ထိုင်ရသည်။

'ဒီပွဲမှာ ထိုင်းလက်ဝှေ့သမားတွေလည်း ပါတယ်ဗျာ။ ပွဲကတော့ ပွဲကြီးပွဲကောင်းပဲ။ ခက်နေတာက ကျွန်တော်တို့ မြန်မာ့လက်ဝှေ့သမားတွေက ထိုင်းကို အနိုင်မထိုးနိုင်တာက ဆိုးတယ်'

ပွဲကြည့်ပရိသတ်ထဲက တစ်ယောက်က ဝေဖန်ပြောဆိုလိုက်ခြင်း ဖြစ်လေ၏။ ထိုလူမှာ မြန်မာပြည်မှာနေတဲ့ ကုလားကပြားတစ်ယောက် ဖြစ်လေသည်။ အဂ္ဂသေးက နေပြီး အနောက်ဘက်က သူ့လူတစ်ယောက်ကို လှည့်၍ ပြောလိုက်ခြင်း ဖြစ်လေသည်။

'ထိုင်းဖြစ်ဖြစ်၊ မြန်မာဖြစ်ဖြစ်၊ ကုလားပဲဖြစ်ဖြစ် အခြေခံပညာရပ်ကောင်းမယ်၊ သတ္တိရှိမယ်၊ ခွဲကောင်းမယ်၊ သက်လုံကောင်းမယ်ဆိုရင် အဲဒီ(၄)ချက်နဲ့ ပြည့်စုံရင် ပြည့်စုံတဲ့လူ နိုင်တာပဲဗျာ။ ကျုပ်ကတော့ အဲဒီလိုပဲ မြင်တယ်။ မြန်မာကလွဲရင် ဘယ်လူမျိုးကိုမှ အထင်မကြီးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က မြန်မာလူမျိုး ဖြစ်နေလို့ပဲ'

အဂ္ဂက ဤသို့ အားနှင့်မာန်နှင့် ပြောချလိုက်သောအခါ ထိုင်းကို အထင်ကြီးနေသော ထိုကုလားကပြားသည် ပါးစပ်ပိတ်၍သွားလေ၏။

လက်ဝှေ့ပွဲ စတင်ကျင်းပကြောင်း ကြေညာပြီး မကြာမီမှာပင် လက်ဝှေ့ပွဲ စတင်ထိုးသတ်ကြလေတော့၏။ ၄င်းပွဲစဉ်များတွင် တိုက်ကောင်း၏ တပည့်သုံးယောက်စလုံး ရှုံးနိမ့်သွားကြသဖြင့် အဂ္ဂ စိတ်မကောင်းဖြစ်မိရလေ၏။

ထိုင်းပါယုက်နှင့် တိုက်ကောင်းတို့ပွဲကတော့ တော်တော်လေး ကြည့်ကောင်းသည်။ သူတစ်ပြန် ကိုယ်တစ်ပြန်ပွဲမျိုးဖြစ်၍လည်း ပွဲကြည့်ပရိသတ်များ ရင်တဖိုဖိုဖြင့် လက်ခုပ်သြဘာသံများ ရုံကွဲမတတ် ဆူညံသွားကြလေ၏။ အား



www.burmeseclassic.com

www.burmeseclassic.com

ပေးမှုမှာ တစ်ခဲနက်ဖြစ်လေသည်။

လေးချီအရောက်မှာ တိုက်ကောင်း၊ ပါယုက်၏ တံတောင်ချက် မိသွား၏။ ဒိုင်လူကြီးက နံပါတ်စဉ်(၁၀)ထိ ခေါ်သည်။ တိုက်ကောင်း မထနိုင်တော့။ ပါယုက်ကို အရှုံးပေးလိုက်ရလေ၏။

အဂ္ဂသည် ရုတ်တရက် ထိုင်ရာမှ ဖြုတ်ခနဲ ထလိုက်သောကြောင့် ဘေးနားက ကုလားကပြား လန့်သွားပုံရ၏။

'ကျုပ်··ထိုင်းနဲ့ထိုးမယ်'ဟု လူအုပ်ကြားကနေ အဂ္ဂ အော်ပြောလိုက်၏။

ရှေ့တန်းရှိ ဒိုင်အဖွဲ့ဝင်များကလည်း အဂ္ဂကို လှည့်ကြည့်ကြသည်။

စင်မြင့်ပေါ်က တိုက်ကောင်းကို အနိုင်ထိုးသတ်ခဲ့သော ထိုင်းလက်ဝှေ့သမား ပါယုက်ကလည်း 'ဟော့ကောင်··မင်းတက်ခဲ့၊ မင်းကို သတ်မယ်'ဟု မြန်မာစကား မပီကလာ ပီကလာနှင့် အဂ္ဂကို စိန်ခေါ်သည်။

ထိုစဉ် တပည့်များ တွဲခေါ်လာသော တိုက်ကောင်းကလည်း-

'ကိုအဂ္ဂ··ခင်ဗျား သွားမယှဉ်နဲ့၊ မပြိုင်နဲ့။ သူငယ်ချင်းမှာက ကရာတေးအခြေခံလောက်ပဲ သိထားတာ။ ခင်ဗျားသေသွားလိမ့်မယ် ကိုအဂ္ဂ'ဟု အဂ္ဂလက်မောင်းကိုဆွဲ၍ ပြောသည်။ ဟန့်တားလေ၏။

'ကိုတိုက်ကောင်း··ကျုပ်က ခင်ဗျားတို့ရဲ့ ကရာတေး ဂျူဒိုကို မစော်ကားဘူး။ ကျုပ်က ပွဲကျောင်းပညာကလွဲလို့ ကျန်တာ ကျုပ် ဘာမှနားမလည်ဘူး။ စာရင်းထဲလည်း မရှိဘူး။ ကျုပ် ဒီထိုင်းက ပါယုက်ဆိုတဲ့ကောင်ကို အလဲထိုးပြီး မြန်မာ့သတ္တိ ပွဲကျောင်းပညာရပ်ကို ဘာလဲဆိုတာ ပြကိုပြမယ်'ဟု တက်တက်ကြွကြွ ပြောလိုက်သောကြောင့် ဒိုင်တစ်ဖွဲ့လုံးက အဂ္ဂဆီ အာရုံရောက်သွားကြလေ၏။

ထိုင်းလက်ဝှေ့သမား ပါယုက်ကလည်း စိန်ခေါ်နေသောကြောင့် ဒိုင်အဖွဲ့က ခွင့်ပြုလိုက်လေ၏။

အဂ္ဂကို လက်မှတ်ထိုးခိုင်းပြီး စင်မြင့်ပေါ်သို့ တက်ခွင့်ပြုလိုက်သည်နှင့် ထိုင်းလက်ဝှေ့ကျော် ပါယုက်သည် စင်ပေါ်တွင် မျောက်တစ်ကောင်လို လက်ဝှေ့ပြ၍နေလေ၏။

အဂ္ဂကို လက်ဝှေ့ရေး ပြခိုင်းသောအခါ အဂ္ဂမှာ လက်ဝှေ့ရေး မပြတတ်၍ ပရိသတ်များကို မတ်တတ်ရပ်လျက် လက်အုပ်ချီကာ ကန်တော့လေ၏။

ပွဲစဉ်ပထမအချီ စတင်လိုက်သည်နှင့် ထိုင်းလက်ဝှေ့ကျော် ပါယုက်သည် ဘယ်ညာဝိုက်လက်သီးစုံနှင့် ဒူးပျံနှင့် ပတ်တံတောင်များ ဝင်လာသည်။ အဂ္ဂ ကောင်းစွာ ရှောင်တိမ်းနိုင်ခဲ့လေသည်။

သည့်နောက် အဂ္ဂ၏ ပတ်ခြေအစုံနှင့် ဖြောင့်လက်သီး တစ်လုံး ပစ်သွင်းလိုက်သည်။ အရှိန်အားမာန်ပြင်း၍ ပါယုက်တစ်ယောက် ကြိုးဝိုင်းအပြင်သို့ လွင့်စဉ်သွားသောကြောင့် လျင်မြန်သွက်လက်လှသော အဂ္ဂက ပါယုက်၏ ခြေအစုံကို ဖမ်းဆွဲ၍ ကြိုးဝိုင်းအတွင်းသို့ ပြန်ချပေးလိုက်၏။ ထူးဆန်းသော အဂ္ဂ၏ တိုက်ကွက်ကြောင့် လက်ဝှေ့ရုံ တစ်ရုံလုံး ဆူညံပွက်လောရိုက်ကာ လက်ခုပ်သံများ ထွက်ပေါ်သွားလေတော့၏။

တိုက်ကောင်းနှင့် သူ့တပည့် သုံးယောက်တို့မှာလည်း အဂ္ဂ၏ တိုက်ကွက်ကိုမြင်ပြီး အထူးအဆန်းဖြစ်ကာ အံ့အားသင့်လျက် ရှိနေတော့၏။

ကြိုးဝိုင်းအတွင်း ပြန်ကျလာသော ထိုင်းလက်ဝှေ့ကျော် ပါယုက်မှာ စကားမေးပင် မရတော့ဘဲ သွေးများအန်ကာ ငြိမ်သက်သွားလေ၏။ ဒိုင်လူကြီးများကလည်း အမှတ်စဉ် ရေတွက်သည် (၁၀)ပြည့်သည်အထိ ပါယုက် မထတော့။

'ထိုင်းပါယုက် သေပြီနဲ့တူတယ်'

ဒိုင်လူကြီးအဖွဲ့ဝင်များ၏ ဝေဖန်သံများ ပေါ်ထွက်လာသည်။ ပရိသတ်များ ငြိမ်သက်အံ့အားသင့်ပြီး စင်ပေါ်တွင် တည်တည်ငြိမ်ငြိမ်ရှိနေသော အဂ္ဂကို ကြည့်နေကြသည်။ လက်ဝှေ့ပွဲ ဒေါက်တာက သတိမရသေးသော ပါယုက်ကို စမ်းသပ်စစ်ဆေးပြီး ခေါင်းကို ခါယမ်းလိုက်သည်။

'ပါယုက် မသေဘူး၊ ပါယုက် မသေဘူး။ ကျုပ် သေအောင်ထိုးသတ်ခဲ့တာ မဟုတ်ဘူး။ သူ နှလုံးရပ်ပြီး မေ့နေတာ'ဟု အဂ္ဂက ပါယုက်ကိုကြည့်ပြီး ဒေါက်တာနှင့် ဒိုင်အဖွဲ့ဝင်များကို ပြောလိုက်သည်။

သည့်နောက် အဂ္ဂ ပါယုက်ထံသွားပြီး နှလုံးရပ်မှုကို အကြောကိုင်ပြီး ရင်ဘတ်ကို နှိပ်ပေးလိုက်လေ၏။

သည့်နောက် ပါယုက် ပြန်သတိရလာသောကြောင့် ဒိုင်လူကြီးများနှင့် ဒေါက်တာပါ အံ့ဩ၍သွားကြလေ၏။

ပါယုက် အဂ္ဂအား လက်အုပ်ချီ၍ ကန်တော့လိုက်သည်။ သည်တွင် အဂ္ဂကတော့ တောင်ငူသား ငယ်သူငယ်ချင်း တိုက်ကောင်းရှိရာသို့ တစ်လှမ်းချင်း တစ်လှမ်းချင်း လျှောက်၍··လျှောက်၍···။

ဒါရိုက်တာမျိုးဇော်အောင်



www.burmeseclassic.com

www.burmeseclassic.com

# ထာဝရငွေပဒေသာပင်များလှူဒါန်းနိုင်ပါသည်




ဆဋ္ဌသံဃာယနာ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး တည်ထောင်၍ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရုတိပိဋကမင်းကွန်းဆရာတော်ဘုရားကြီးနှင့် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပြည်ဆရာတော်ကြီးတို့ စီမံဆောင်ရွက်တော်မူခဲ့ကြသော အစိုးရတိပိဋကဓရ၊ တိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ ( D.Litt,Ph.D.) ဒေါက်တာဘွဲ့ရ ဆရာတော်ကြီးများ၏ ဩဝါဒခံ နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးသည် နိကာယ်ငါးရပ် စာလျှောက်မေးပွဲကြီးကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ အမျိုးသာနေ့မှစ၍ ခြောက်ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်မှာ (၄၁)ကြိမ် ရှိပြီးဖြစ်ပါသည်။

အစိုးရတိပိဋကဘွဲ့တော်များကို ဆွတ်ခူးရရှိတော်မူသွားကြသော သုတဗုဒ္ဓ သာသနာ့အာဇာနည် အရှင်သူမြတ်များဖြစ်ကြသည့် ယောဆရာတော်ကြီးမှစ၍ ယခုသက်တော်ထင်ရှားရှိကြသော တိပိဋကအရှင်သူမြတ် (၁၆)ပါးတို့သည် နိုင်ငံတော်အစိုးရ၏ တိပိဋကရွေးချယ်ရေးစာမေးပွဲကို ပေါင်းကူးတံတားသဖွယ် တိုက်ရိုက်အထောက်အကူပြုနေသော နိကာယ်သာနာတော်ထွန်းကားရေးအသင်းကြီး၏ စာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ကာ အစိုးရတိပိဋက ပန်းတိုင်ကို လှမ်းကိုင်ဆွတ်ခူး အောင်ပွဲထူးကြီးကို ရရှိတော်မူသွားကြသော အရှင်မြတ်များချည်း ဖြစ်ကြပါသည်။

သို့ဖြစ်ပါ၍ နိကာယ်ငါးရပ်စာလျှောက်မေးပွဲနှင့် စာအောင်သံဃာ ပူဇော်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပူဇော်နိုင်ရန်-

(၁) ငွေရတုပဒေသာပင် ကျပ်တစ်သိန်း / တစ်သိန်းနှင့်အထက် ပဒေသာပင်၊
(၂) ထောင်စုနှစ် ပဒေသာပင် ( ၅၀၀၀ိ/- ကျပ်တန် တစ်ပင်နှင့်အထက် )၊
(၃) စာအောင်ဆုနှင်း အလှူတော်ငွေ
(၄) စာလျှောက်မေးပွဲ အလှူတော်ငွေ
(၅) ဆွမ်း / ကွမ်း /ဆေး အလှူတော်ငွေ

လှုပင်သေသော်လည်း အလှူမသေသည့် ပညာဒါနထာဝရပဒေသာပင်များကို သားစဉ်မြေးဆက် သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် စိုက်ထူလှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**နိကာယ်သာသနာတော်ထွန်းကားရေးအသင်း**

ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ ကန်အဲ့ဘူတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-(ရုံး) ၀၉-၇၃၀၂၂၀၉၃၊ (ဥက္ကဋ္ဌ) ၀၁-၅၄၂၅၉၈၊ (အတွင်းရေးမှူး) ၀၁-၅၃၇၄၃၇၊



www.burmeseclassic.com

www.burmeseclassic.com

တော်လှန်ရေးကောင်စီ တက်ခါစ အချိန်တုန်းက ဆိုပါတော့။

အဲဒီအခါက ကျုပ်တို့တောရွာရဲ့ အနေအထားဟာ ကိုယ့်အရပ် ကိုယ့်ဓလေ့၊ ကိုယ့်အုပ်ချုပ်ရေးနဲ့ နေခဲ့ကြတယ်ဆိုရင် မမှားပါဘူး။ မြို့ပြရဲ့ အုပ်ချုပ်ရေးက ဝေးလံတဲ့ တောရွာဒေသအထိ တော်တော်နဲ့ ရောက်မလာနိုင်ဘူး။ အရေးဟယ် အကြောင်းဟယ် ဆိုတာနဲ့ မြို့ပြကို သွားအားကိုးနေလို့ မရဘူး။ လတ်တလောမှာ ကိုယ့်ဟာကိုပဲ ဖြေရှင်းနေကြရတာပါ။ သူခိုး၊ ဓားပြရန်ကအစ သူပုန်သူကန်ရန် အဆုံးပေါ့။

ဒီလိုအခါမျိုးမှာ ကျုပ်တို့ရွာမှာ မောင်းကိုင်ပိုင်ခွင့်ရှိသူ နှစ်ယောက်ရှိတယ်။ တစ်ယောက်က သူကြီးဖြစ်ပြီး နောက်တစ်ယောက်က လူပျိုခေါင်းဖြစ်တယ်။ သူကြီးကတော့ မောင်းအဲကြီးကို ကိုင်တွယ်ခွင့်ရထားပြီး အရေး အကြောင်းရှိပြီဆိုတာနဲ့ သူ စုနိုင်းစေချင်တဲ့ နေရာက နေပြီး သူ့ရဲ့မောင်းကြီးကို ထုတော့တာပဲ။

ဒီအခါမလာမနေရပါ။ စာသင်ကျောင်းမှာ၊ ဘုန်းကြီးကျောင်းမှာ၊ ဒါမှမဟုတ် သူ့ရဲ့အိမ်မှာ စသည်ဖြင့် လူစုပြီး လုပ်ရမယ့်အလုပ်ကို ပြောလေ့ရှိတယ်။ သူ့မောင်းသံကို ကြားရပြီဆိုတာ ရောက်ရာအရပ်ကနေပြီး လုပ်နေတဲ့အလုပ်



# ချစ်ဆိုင် သရဲမနှင့် လက်ထပ်မင်္ဂလာဆောင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

ကို ထားပြီး လာစုရတယ်။

လူပျိုခေါင်းကတော့ဖြင့် မောင်းအလတ်ကို ကိုင်ခွင့်ရပြီး ရပ်ရွာရဲ့ သာရေး၊နာရေးတွေမှာ ပါဝင်ဆောင်ရွက်ရတယ်။ ဆောင်ရွက်တဲ့နေရာမှာ အပျို၊လူပျိုတွေရဲ့အားနဲ့ ဆောင်ရွက်ရတာပါ။ သူ့ရဲ့မောင်းသံကို ကြားရပြီဆိုတာနဲ့ သူလည်း ခုနကပြောခဲ့တဲ့ သူကြီးမောင်းသံလိုပါပဲ။ ရောက်ရာအရပ်ကနေပြီး လုပ်နေတဲ့အလုပ်ကို ဒီအတိုင်းထားခဲ့လို့ လာရတယ်။ ခိုင်လုံတဲ့အကြောင်းပြချက် မရှိပါဘဲနဲ့ ပျက်ကွက်ရင်တော့ ဒဏ်ငွေရိုက်ပိုင်ခွင့်ရှိတယ်။ ဒီ့ထက် ဆိုးလာရင်တော့ သပိတ်မှောက်ခွင့်အထိ လုပ်ပိုင်ခွင့်ရှိတယ်။ သူ သပိတ်မှောက်လိုက်တဲ့အိမ်ကို သာရေးဖြစ်စေ၊ နာရေးဖြစ်စေ ဘယ်သူမှသွားပြီး ဝင်မကူရဘူး။ သွားပြီး ဝင်ကူရင် အဲဒီဝင်ကူတဲ့သူကိုပါ သူက ဆက်ပြီး သပိတ်မှောက်တော့တာပါပဲ။

ဒါပေမဲ့ ဒါက လုပ်ပိုင်ခွင့်ကို ပြောပြတာပါ။ တကယ်တမ်းကျတော့ အဲဒီအဆင့်ထိ ဘယ်သူကမှ မရောက်ကြပါဘူး။ ရွာသူရွာသား အပျို၊လူပျိုများက သူတို့ရဲ့ နဂိုရှိရင်းစွဲ စေတနာက ရှိပြီးသားလေ။ ဒဏ်ရိုက်မှာ၊ သပိတ်မှောက်မှာကြောက်လို့ မဟုတ်မူဘဲ စည်းလုံးညီညာ အောင်ကြောင်းဖြာဆိုတဲ့စိတ်ဓာတ်ကို အခြေခံပြီး ဘယ်သောအခါမှ မပျက်ကွက်ဘဲ သွားရောက်ကြတာပါပဲ။ အဲဒီလိုစည်းလုံးထားကြလို့လဲ ဒီလောက်ထိ သက်ဆိုးရှည်နေရတာပေါ့။ မြို့ပြရဲ့ အုပ်ချုပ်ရေးကို သွားအားကိုးနေလို့ကတော့ ဟို့·သူခိုးပြေးမှ ထိုးကွင်းထ ဆိုသလိုမျိုး ဖြစ်နေမလားပဲ။

◆◆◆

ဒီနေ့မှာတော့ဖြင့် ရွာလယ်လောက်ကနေပြီး လူပျိုခေါင်းရဲ့ မောင်းထုသံ ကြားရတယ်။ ဒါကတော့ ရှင်းပါတယ်။ ရွာလယ်မှာ လက်ထပ်မင်္ဂလာညှော်ခံပွဲတစ်ခုကျင်းပဖို့ ရှိတယ်ဆိုတာ တစ်ရွာလုံးက သိပြီးသားပါ။ ညနေ(၅)နာရီလောက်ဆိုတော့ အလုပ်တွေကလည်း ပြီးကြပါပြီ။ ကျွဲ၊ နွားတွေလည်း အိမ်ပြန်ရောက်နေကြပါပြီ။ နောက်တစ်နေ့မှာ ကိုသာမြနှင့် မခင်လှတို့ရဲ့ မင်္ဂလာဆောင်ပွဲကို ကူညီညာလုပ်ကိုင်ဖို့ လူပျိုခေါင်းက အပျို၊လူပျိုများကို မောင်းထုလို့ ခေါ်နေခြင်းပါပဲ။

သတို့သားဖြစ်တဲ့ ကိုသာမြရဲ့ အဖြစ်ကလည်း သနားစရာကောင်းတယ် ပြောရမလား။ ဘယ်လိုပြောရမယ်မှန်းကို မသိတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အခုလက်ထပ်မယ့် မခင်လှနှင့်မတိုင်ခင် မခင်လှရဲ့အထက် မတင်လှ ဆိုတာ ရှိသေးတယ်။ အဲဒီ ကိုသာမြဟာ မတင်လှနှင့် ချစ်ကြိုက်ခဲ့ကြတာပါ။ နှစ်ဖက်သော မိဘများကလည်း သဘောတူပြီးသားပါ။ သဘောတူတယ်ဆိုတာက ကိုသာမြဟာ သဘောဖြူအူစင်းပြီး ရိုးရိုးသားသား ကြိုးကြိုးစားစား လုပ်ကိုင်နေလို့ပါပဲ။

နှစ်ဖက်သောမိဘများအပါအဝင် ဆွေမျိုးသားချင်းတွေကလည်း သဘောတူပါတယ်။ နှမဖြစ်သူ ယခုလက်ထပ်မယ့် မခင်လှကလည်း သဘောတူတယ်။ အဲဒီလိုဘက်ပေါင်းစုံ သဘောတူနေကြပေမယ့် စေ့စပ်ကြောင်းလမ်းခြင်းအဆင့်တော့ မရောက်သေးဘူး။ ဒါကလည်း အချိန်အခါကို စောင့်နေကြရခြင်းပဲ ဖြစ်မှာပါ။ စေ့စပ်ကြောင်းလမ်းပြီး လက်ထပ်မင်္ဂလာပွဲ ပြုလုပ်ရတယ်ဆိုတာကလည်း ဖုတ်ပူမီးတိုက်လုပ်လို့ ရကောင်းတဲ့အရာမှ မဟုတ်တာဘဲ။

အဲဒီလို အချိန်ယူနေဆဲကာလမှာ ဆိုပါတော့။ ကျုပ်တို့ ရွာက သောက်သုံးနေတဲ့ နန့်ဆီချောင်းဆိုတာက မိုးတွင်းအခါမှာ သိပ်ပြီးမှ ရေစီးကသန်တာကလား။ မိုးတစ်အားများလာပြီဆိုတာနဲ့ ရေတွေက ဝါးလုံးထိုးစီးဆင်းလာတော့တာပဲ။ တချို့ဆို ကျွဲပါလိုက်၊ နွားပါလိုက်နဲ့တောင် ဖြစ်ကြရတာ။ အဲဒီလို ရေစီးကြမ်းတဲ့ မိုးတွင်းအခါကာလ တစ်ရက်မှာတော့ မတင်လှဟာ ချောင်းထဲကို ရေသွားခပ်တယ်။ ရေခပ်နေရင်း သေနေ့စေ့လို့လားတော့ မသိဘူး။ ခြေချော်လဲပြီး ချောင်းထဲ ပြုတ်ကျသွားတယ်။ ဒီအခါ ရေစီးသန်လှတဲ့ ရေနောက်ထဲ မျောပါသွားပြီး အသက်ဆုံးရှုံးခဲ့ရတယ်။

မိဘဆွေမျိုးသားချင်းတွေက ကြေကွဲခံစားကြရသလို ကိုသာမြမှာလည်း ရူးမတတ် ခံစားခဲ့ရတယ်။

သောသောသူ ကြာရင်မေ့ ဆိုသလို ကာလအားဖြင့် (၂)နှစ်လောက် ကုန်ဆုံးလာခဲ့တဲ့ နောက်ပိုင်းမှာတော့ စိတ်တွေက အနည်ထိုင်လာတယ်။ အဲဒီနောက်ပိုင်းမှာတော့ ကိုသာမြနှင့် အခုလက်ထပ်မယ့် မခင်လှတို့ဟာ ချစ်သူရည်းစားတွေ ဖြစ်လာခဲ့ကြပြန်တယ်။ နှစ်ဖက်သော မိဘဆွေမျိုးသားချင်းတွေကလည်း ယခင် မတင်လှနဲ့ သဘောတူခဲ့ကြသလိုပါပဲ၊ ယခုလည်း သဘောတူကြည်ဖြူပေး



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြတယ် ဆိုပါတော့။

ကိုသာမြဟာ ငါးနှစ်ကောင်ကို တစ်ပြိုင်တည်း ဖမ်းခဲ့တာ မဟုတ်သလို လွတ်သွားတဲ့ငါးကိုလည်း ကြီးတယ်လို့ မြင်ပုံမရတော့ပါဘူး။ ဖြစ်ခဲ့ပြီးသားအရာကို မေ့ထားပြီး နောက်လာမယ့် အနာဂတ်ဘဝကို သာယာအောင် ဆက်ပြီး တည်ဆောက်ချင်ပုံရပါတယ်။

ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ကလေးတစ်သိုက်မှာလည်း အပျို၊လူပျိုတွေနဲ့ရောနှောပြီး မင်္ဂလာဆောင်ပွဲပြုလုပ်မယ့် အိမ်ကို ရောက်လာခဲ့ကြပါတယ်။ ကျုပ်တို့ ကလေးတွေမှာလည်း လူကြီးတွေလောက် မစွမ်းပေမယ့် ကိုယ်နိုင်ရာ၊နိုင်ရာကို ဝိုင်းဝန်းပြီး လုပ်ကိုင်ပေးနိုင်တယ်လေ။ လုပ်ကူကိုင်ကူရင်း စားကြသောက်ကြ ပျော်ပါးကခုန်ကြပေါ့။ ဘာအလှူဖြစ်ဖြစ် ကလေး မပါရင် ပွဲမစည်ပါဘူး။

မင်္ဂလာပွဲကတော့ဖြင့် တစ်ရွာလုံးကို ထမင်းဟင်းနှင့် ကျွေးမွေးဧည့်ခံမယ်လို့ဆိုတယ်။ အခြားရွာက ဆွေမျိုးသားချင်းတွေလည်း လာကြဦးမှာပါ။ ဒါကြောင့် လူပျိုခေါင်းဆောင်၊ အပျိုခေါင်းဆောင်တွေက ဦးစီးပြီး ရေထည့်စရာ ပီပါ(၅)လုံးနှင့် သစ်ထွင်းလှေ သုံးစင်းကိုလည်း သွားသယ်ခဲ့ကြတယ်။ ရေထည့်ရမယ့် ပီပါထဲမှာတော့ ရေတွေ သယ်ခပ်လာပြီး ထည့်ကြသလို သစ်ထွင်းလှေထဲကိုလည်း ဆေးပြီးသားဆန်တွေ လောင်းထည့်တယ်။ ပြီးတော့ ရေထပ်ထည့်ပြီး စိမ်ထားကြတယ်။

အသားငါးခုတ်ထစ်သူတွေလည်း ခုတ်ထစ်နေကြပြီပေါ့။ ထမင်းက ပေါင်းချောင်နှင့်ပေါင်းရမှာမို့ ပေါင်းချောင် (၁၅)လုံးလောက် သွားငှားလာကြတယ်။ ကျုပ်တို့ကလေးတစ်သိုက်ကလည်း လူကြီးတွေခိုင်းတာကို ဝိုင်းလုပ်ကူတာပါပဲ။

မိုးက စချုပ်တာနဲ့ အောက်လင်းမီးလေးလုံးလောက်က စပြီး ထွန်းနေပါပြီ။ တစ်အိမ်လုံး၊ တစ်ခြံလုံး လင်းထိန်နေပါတော့တယ်။

အဲဒီအချိန်မှာ ထမင်းပေါင်းဖို့ မီးဖို(၁၅)ခုကလည်း စပြီးမွေးနေပြီ။ ဟင်းချက်မယ့်သူတွေကလည်း ဒီအတိုင်းပါပဲ။ မိုးဖြဒယ်ကြီးတွေနဲ့ ကြက်သား၊ ဝက်သား၊ ငါး စတာတွေကို ချက်ပြုတ်နေကြပြီ။

ထမင်းတွေကို ပေါင်းချောင်တွေနဲ့ပေါင်းလို့ ကျက်တဲ့အခါမှာ ဖျာပေါ်မှာ ငှက်ပျောရွက်တွေခင်းပြီး အဲဒီအပေါ်မှာ အရင်သွန်ချရတယ်။ အေးသွားတဲ့အခါမှ ခြင်းတောင်းတစ်ခုထဲကို ငှက်ပျောဖက်၊ အင်ဖက်တွေကာပြီး အဲဒီထဲကို တစ်ခါပြောင်းထည့်ရတယ်။ ပူပူလောလောကြီးကို ခြင်းထောင်းထဲ သွားထည့်လို့မရဘူး။ အဲဒီလို သွားထည့်ရင် ချွေးပြန်ပြီး မကြာခင် သိုးတတ်တယ်။ အေးပြီးမှသွားထည့်တဲ့အခါမှာတော့ ချွေးမပြန်တော့ဘူး။ တော်တော်နဲ့လည်း မသိုးနိုင်တော့ဘူးပေါ့။

ထမင်းပေါင်းနေကြတဲ့သူတွေက တစ်အိုးကျက်ပြီးတိုင်း နောက်ထပ်တစ်အိုးဆိုသလို ဆက်ပြီးတည်နေကြတယ်။ ထိုနည်းတူ ဟင်းချက်တဲ့သူတွေကလည်း တစ်ရေခန်းပြီး နောက်တစ်ရေဆိုသလိုထည့်ထည့်ပြီး တည်နေကြတယ်။ ညသန်းခေါင်ကျော်မှပဲ အချက်အပြုတ်ကိစ္စကပြီးပါတော့တယ်။

ချက်ပြုတ်လုပ်ကိုင်ပြီးတဲ့အခါမှာတော့ မိန်းမပျိုတွေက သီးခြားသတ်မှတ်ထားတဲ့ နေရာမှာစုဝေးပြီး အိပ်ကြရတယ်။ လူပျိုနဲ့ ကျုပ်တို့ ကလေးတစ်သိုက်မှာတော့ ကြုံရာမှာ ဖြစ်သလို အိပ်ကြရတယ်။

◆◆◆

နံနက်အရုဏ်တက်ချိန်မှာတော့ တစ်ခါ လှုပ်လှုပ်ရှားရှား ဖြစ်လာပြန်တယ်။ အိမ်ရဲ့အပေါ်ထပ် အောက်ထပ်နှင့် မြေနေရာများပါမကျန် ဖျာတွေ ခင်းကြရတယ်။

(၇)နာရီလောက်မှာတော့ နှစ်ဖက်သော မိဘများနှင့် ရပ်မိရပ်ဖများကို သတို့သားနှင့် သတို့သမီးက ငှက်ပျောပွဲ၊ အုန်းပွဲတွေနဲ့ ထိုင်ကန်တော့ကြတယ်။ နှစ်ဖက်သောမိဘများနှင့် ရပ်မိရပ်ဖများကလည်း ဆုတွေပြန်ပေးပြီး မိရိုးဖလာ ထုံးတမ်းစဉ်လာအတိုင်း လက်ထပ်ပေးလိုက်ကြပါတော့တယ်။

ဒီအခါ သူတို့နှစ်ယောက်ရဲ့ လက်ထပ်ပွဲကတော့ အထမြောက် အောင်မြင်သွားပြီပေါ့။ တစ်နည်းအားဖြင့် အကြင်လင်မယားဘဝကိုရောက်ရှိလို့ သွားခဲ့ပြီပေါ့။ ကျန်တဲ့အပိုင်းကတော့ ကျွေးမွေးဧည့်ခံရမယ့်အပိုင်းပဲ ကျန်တော့တယ်။

ကျွေးမွေးဧည့်ခံတာကတော့ဖြင့် အိမ်ပေါ်မှာရော အိမ်အောက်မှာပါ ကျွေးမွေးဧည့်ခံကြတာပါ။ တစ်ရွာလုံးဆိုတော့လည်း လူတွေက ပျားပန်းခပ်မျှ များလှပါတယ်။ သတို့သားနဲ့ သတို့သမီးများကလည်း ပြုံးပြုံးရွှင်ရွှင်နဲ့ လိုက်

www.burmeseclassic.com

www.burmeseclassic.com

လံလို့ ဧည့်ခံပေးနေပါတယ်။ ဒါပေမဲ့ မခင်လှရဲ့အပြုံးတွေက တစ်မျိုးကြီး ဖြစ်နေသလိုပါပဲ။ တစ်မျိုးတော့တစ်မျိုးပဲ၊ ဘယ်လိုတစ်မျိုးလို့ ပြောရမလဲ မဆိုနိုင်ပါဘူး။

ဒီအခါ ကိုသာမြက–

'မခင်လှရယ်··မျက်နှာကြီးက တစ်မျိုးကြီးပဲ'

အဲလို ပြောလိုက်တော့ 'ဘာ မခင်လှလဲ'ဆိုပြီး ရှုပုပ်တဲ့မျက်နှာနှင့် တစ်ဖက်ကို လှည့်သွားတယ်။

ဒီအခါ ကိုသာမြက–

'ဟောကြည့်··ကြည့်၊ ပျော်ရမယ့်နေ့မှာ အဲလိုကြီး မလုပ်စမ်းပါနဲ့ကွာ'

'ဒါဆို မခင်လှလို့ မခေါ်နဲ့'

'ဒါဆို ဘယ်လိုခေါ်ရမလဲ ပြော၊ ပြောလေ'

'သွား··မသိဘူး။ ခေါင်းမူးလာပြီ။ ခဏသွားအိပ်လိုက်ဦးမယ်'

ပြောပြီး အိမ်ပေါ်ကို တက်သွားတယ်။

ဒီအခါ ကျန်ခဲ့တဲ့ သူငယ်ချင်းတစ်စုက–

'ဟုတ်တာပေါ့ သူငယ်ချင်းရာ၊ မင်းခေါ်ပုံကြီးကလည်း ကဗျာမဆန်လိုက်တာ။ မသကာ လှရယ် ဘာရယ် အဲဒါမျိုး အဖျားဆွတ်ပြီး ခေါ်တာမျိုးပေါ့ တော်သေး။ ခုဟာကတော့ဖြင့် လင်မယားဘဝကိုတောင် ရောက်လာပြီ၊ သူငယ်ချင်းခေါ် သွားခေါ်လို့ကတော့ ဟိုက ကြိုက်ချင်မှ ကြိုက်တော့မှာပေါ့ ကိုယ့်လူရဲ့။ ဟား··ဟား··ဟား'

ပြောပြီး ရယ်တဲ့သူက ရယ်ကြတယ်။

ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်ရဲ့ လက်ထပ်မင်္ဂလာပွဲကြီးကတော့ အထမြောက်လို့ အောင်မြင်ခဲ့ရတာ အမှန်ပါပဲ။

အဲ··ညရောက်ရင်တော့ တစ်ခါရှိသေးတယ်။ အဲဒါကတော့ အပျို၊လူပျိုတစ်သိုက်က သူတို့အိမ်ကိုလာပြီး စားသောက်ကြဦးမှာပါ။ လာပြီး စားသောက်တဲ့အခါမှာ ရိုးရိုးသားသားလာကြမှာ မဟုတ်ပါဘူး။ အခြားတစ်နေရာမှာ သူတို့အဖွဲ့တွေ လူစုထားပြီး အိုးစည်ဗုံမောင်း အတီးအမှုတ်၊ အကအခုန်တွေနဲ့ လာကြမှာပါ။ လာခဲ့ရာလမ်းတစ်လျှောက်မှာ သံချပ်တွေထိုးပြီး လာကြမှာပါ။ သူတို့ထိုးတဲ့ သံချပ်တွေက အခြားအရာတွေနဲ့ မသက်ဆိုင်ဘဲ ကြင်စဦးဇနီးမောင်နှံတွေနဲ့သာ သက်ဆိုင်တဲ့ သံချပ်တွေချည်းပါပဲ။

အဲဒီလို လာနေရင်း အိမ်ရှေ့ ရောက်လာတဲ့အခါမှာ တော်တော်နဲ့ အိမ်ထဲကို ဝင်လေ့မရှိပါဘူး။ ငွေကြေးအချို့ တောင်းတယ်။ ပေးရတယ်၊ မပေးရင် သူတို့က မဝင်ဘူး။ ဒါနဲ့တင် ပြီးလားဆိုတော့ မပြီးသေးဘူး။ ခုနကပြောခဲ့တဲ့ အတိုင်းပဲ လူတစ်ဖက်သား မခံနိုင်အောင် သူတို့ရဲ့ငယ်ကျိုးငယ်နာတွေကိုဖော်ပြီး သံချပ်နဲ့ မခံချင်အောင်ထိုးတယ်။ အားရအောင် အမျိုးမျိုး သံချပ်နဲ့ထိုးတယ်။ တစ်ဆိတ်ကို တစ်အိတ်ဖြစ်အောင် လုပ်တယ်။ ပုံကြီးချဲ့ကားပြီး နားမခံသာအောင် စကြတယ်။

အဲဒီလိုစရင်းနဲ့ တချို့ မင်္ဂလာဧည့်ခံပွဲတွေမှာ တုတ်တပြက် ဓားတပြက် မဖြစ်ရုံတစ်မည်ပါပဲ။ ဖြစ်ချင်ပေမယ့် မဖြစ်ရဲဘူး။ အဲလိုဖြစ်လိုက်တာနဲ့ အပျို၊လူပျိုတွေက တက်မစားတော့ဘူး။ တက်မစားရုံလောက်နဲ့ ပြီးသွားလားဆိုတော့ မပြီးဘူး။ သူ့ရဲ့နောက်ဆက်တွဲအန္တရာယ်က လူပျိုခေါင်းရဲ့ သပိတ်မှောက်ခြင်းကို ခံရမှာဖြစ်ပါတယ်။ လူပျိုခေါင်းကလည်း အပျို၊လူပျိုတွေဘက်က ဘယ်လောက်မှားမှား မပြောဘူး။ အပျိုလူပျိုတွေ မကျေနပ်လို့ကတော့ အလှူရှင်ကိုပဲ သပိတ်မှောက်တယ်။

ဒါက ရပ်ဓလေ့ရွာဓလေ့အရ ပျော်ကြပါးကြတာပဲဆိုပြီး သူ့လူတွေဘက်ကပဲ ရပ်တည်တယ်။ ဒါကြောင့် အလှူရှင်တွေအနေနဲ့ကတော့ ဘယ်လောက်ပဲဒေါသထွက်နေပါစေ၊ အံကြိတ်ပြီးခံရတော့တာပါပဲ။ မချည့်သွားဖြဲလုပ်ပြီး ကဲ··တော်ကြပါတော့။ ဒီမှာ စားစရာတွေက အေးကုန်ပြီ စသည်ဖြင့် ချော့မော့ပြောဆိုရတယ်။ အလှူရှင်တွေကတော့ဖြင့် ဆူးပေါ် ဖက်ကျလည်း ဖက်ပဲပေါက်၊ ဖက်ပေါ်ဆူးကျလည်း ဖက်ပဲပေါက်အထဲကပါပဲ။ ကိုသာမြတို့လည်း ညရောက်ရင်တော့ အနည်းနဲ့အများဆိုသလို ခံရဦးမှာ မလွဲပါဘူး။ နံနက်(၁၁)နာရီကျော်ကျော်လောက်မှာတော့ မခင်လှတစ်ယောက် အိပ်ခန်းထဲကနေ ထွက်လာတယ်။

ထွက်လာပြီး သူ့အမေ ဒေါ်ဖွားရီကို တွေ့တော့ 'မေမေ··သမီးတို့ ဘယ်အချိန် လက်ထပ်ကြမှာလဲ' မေးတော့ ဒေါ်ဖွားရီက ရုတ်တရက် အံ့အားသင့်သွားတယ်။

ပြီးမှ–

'သမီး··ဘာတွေလာပြောနေတာလဲ။ ခုနကပဲ လူကြီးတွေ ရှေ့မှာ လက်ထပ်ပေးခဲ့ကြပြီးပြီလေ



www.burmeseclassic.com

www.burmeseclassic.com

သူတို့သားအမိ ပြောနေကြတဲ့စကားကို ကြားရသူအချို့ပါ စိတ်ဝင်စားလာကြတယ်။ သူ့ရဲ့ဖခင် ဦးသိမ်းမောင် ဆိုရင်လည်း အံ့ဩနေတယ်။

'ဘယ်တုန်းကလဲ အမေရယ်။ သမီး မသိရပါလား'

သူမရဲ့ဖခင်က စိတ်မရှည်တော့ဘဲ-

'ဟဲ့..သမီး၊ ဘာတွေလာပြောနေတာလဲ။ ရူးနေပြီလား'

'သမီးမရူးသေးပါဘူး အဖေရယ်။ သမီးနဲ့ ကိုသာမြ လက်မထပ်ရသေးလို့ မေးနေတာပါ ဖေဖေရယ်' လို့ ရှိုက်ကြီးတငင်နဲ့ ပြောရှာတယ်။

ဒီအခါ အိမ်ထောင့်တစ်နေရာမှာထိုင်နေတဲ့ ဒေါ်ခွေးမက မျက်ထောင့်နီကြီးနဲ့ ကြည့်လာပြီး-

'ဟုတ်ပါတယ် ဖေဖေနဲ့ မေမေတို့ရယ်၊ ညီမလေးနဲ့ ကိုသာမြတို့ လက်မထပ်ရသေးပါဘူး'

ထိုအခါ ဦးသိမ်းမောင်-

'ဟ..ဟ..မင်းက ဘယ်ကလဲ'

'သမီးပါ ဖေဖေ၊ သမီး တင်လှပါ ဖေဖေရဲ့'

'ဟင်..ဒီကို ဘယ်လိုရောက်လာရတာလဲ။ အရင် ဘယ်မှာ ဘာဖြစ်နေတာလဲ'

'သမီးက ကိုသာမြရဲ့ချစ်သူပဲ ဖေဖေရဲ့။ သမီးသေသွားတဲ့အခါ သူ့ကိုစွဲလမ်းလို့ မကျွတ်မလွတ်ဘဲ သရဲမဘဝကို ရောက်နေရပါတယ်။ နေတာကတော့ ချောင်းအောက်က ကုက္ကိုပင်မှာ နေတာပါ'

'ခု ဒီကို ဘာကိစ္စနဲ့ လာရတာလဲ'

'ပြောခဲ့ပြီးပြီပဲ၊ ကိုသာမြက သမီးရဲ့ချစ်သူပါ။ ဒါကြောင့် ကိုသာမြနဲ့ လက်ထပ်ဖို့ ရောက်လာရတာပါပဲ။ ခုနက လက်ထပ်တော့ ညီမလေးနဲ့မဟုတ်ဘူး။ ညီမလေးကိုယ်ထဲကို သမီးက ဝင်ပူးပြီး သမီးနဲ့ ကိုသာမြတို့ လက်ထပ်ကြတာပါ။ ခုတော့ ပြီးပါပြီ'

'ဖြစ်ရလေ သမီးရယ်။ သမီးအတွက် ဖေဖေတို့ ဘာလုပ်ပေးရမလဲ။ ပြောခဲ့ပါ သမီးရယ်'

'ဘာမှလုပ်စရာ မလိုတော့ပါဘူး။ သမီးလိုချင်တဲ့ဆန္ဒလည်း ပြည့်ခဲ့ပါပြီ။ သမီးလိုချင်တဲ့ဆန္ဒ ဆိုတာက ကိုသာမြနဲ့ လက်ထပ်ဖို့လေ။ အခု လက်ထပ်ပြီးပြီပဲ။ ပြီးတော့ သမီးက ကျွတ်ချိန်လည်းတန်နေပါပြီ။ ဒါကြောင့် ဘာမှလုပ်ပေးမနေပါနဲ့တော့။ ညီမလေးလည်း ကိုသာမြနဲ့ ရာသက်ပန် အိုအောင်မင်းအောင် ပေါင်းသင်းနေထိုင်သွားကြပါနော်'

ဒေါ်ခွေးမ ပြောဆိုနေသော အသံနေအသံထားတို့မှာ ဒေါ်ခွေးမ၏ မူရင်းအသံမဟုတ်ကြောင်း အားလုံးက သိကြပါသည်။ သေဆုံးသွားသော မတင်လှ၏ လေသံနဲ့တူနေလေသည်။

ထိုအခါ ကိုသာမြမှာလည်း မနက်ခင်းက ဧည့်သည်တွေကို လိုက်လံပြီး ဧည့်ခံတဲ့အခါမှာ မခင်လှကို မခင်လှလို့ ခေါ်တာမကြိုက်ရတဲ့ အကြောင်းရင်းကို ခုမှသိရပါတော့သည်။

မိသားစုအားလုံး စိတ်မကောင်းဖြစ်ကြရုံမှတစ်ပါး အခြားဘာမှ မတတ်နိုင်ကြပါ။ သေခါနီးဖြစ်ပေါ်လာတဲ့ အစွဲအလမ်းက ကြောက်စရာကောင်းလှပါလားဆိုတဲ့ တရားသံဝေဂကိုတော့ ရခဲ့ကြပါလေရဲ့။

ဒေါ်ခွေးမတစ်ဖြစ်လဲ မတင်လှကို ဆို့နစ်စွာ ကြည့်နေကြစဉ်မှာပဲ-

'ကဲ..ကဲ..ဖေဖေ၊ မေမေ၊ ကိုသာမြနဲ့ ညီမလေးတို့ အားလုံးကိုပါ နှုတ်ဆက်ခဲ့ပါတယ်။ သွားတော့မယ်' ဆိုပြီး ဒေါ်ခွေးမက အရုပ်ကြိုးပြတ်သလို မှောက်ခုံလဲသွားပါတော့တယ်။ ပြန်သတိရလာတော့ သူ မဟုတ်တဲ့အတိုင်း ပြန်ထိုင်နေတာကို တွေ့ရတယ်။

ကိုသာမြနဲ့ မခင်လှတို့ နှစ်ယောက်မှာတော့ ဒုတိယအကြိမ် ပြန်ပြီးလက်ထပ်ကြဖို့ မလုပ်တော့ပါဘူး။ တစ်ရက်တည်းမှာ အခါခါလက်ထပ်နေကြရရင် လူရယ်စရာဖြစ်မှာစိုးတာလည်း ပါမှာပေါ့။

◆◆◆

မည်သို့ဆိုစေ ကိုသာမြနဲ့ မခင်လှတို့၏ လက်ထပ်မင်္ဂလာဧည့်ခံပွဲကြီးကတော့ဖြင့် အောင်မြင်စွာနဲ့ ပြီးဆုံးခဲ့ရပါပြီ။ သို့သော်လည်း အဆိုပါလက်ထပ်မင်္ဂလာဧည့်ခံပွဲကြီးမှာ ကိုသာမြနဲ့ သက်ရှိလူသား မခင်လှတို့၏ လက်ထပ်မင်္ဂလာပွဲလား၊ သို့တည်းမဟုတ် ကိုသာမြနဲ့ သေဆုံးသွားသူ အစိမ်းသရဲမ မတင်လှတို့၏ လက်ထပ်မင်္ဂလာဧည့်ခံပွဲလား ဆိုသည်ကိုတော့မူ စာရှုခဲ့သူများ သိခဲ့ကြပြီး ဖြစ်ပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ချစ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ပုရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ ခေတ်ရှိက်ခေတ်ဆင်ယတြာပညာရှင်

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျေးဇူးကြီးလှသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ဝိယာလာဘ်ဖွင့်

**ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်**

**ဘဝအောင်မြင်မှုကို ရယူပါ။**

သား, သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမကရဏမင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် **အထူးယတြာ** စီရင်ပေးပါသည်။

**Prediction in English Language is offered.**

---

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမထပ်)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သိတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com ✹ ကြိုဆောင်ရက်ချိန်းယူပါ ✹




www.burmeseclassic.com

www.burmeseclassic.com



(၁)

စုန်း (သို့မဟုတ်) ရှာသူ (သို့မဟုတ်) ရှာသမီး။

စုန်းကို ပြုစားတတ်သည်ဆိုသော လောကီပညာသည်ဟု မြန်မာအဘိဓာန်က ဖွင့်ဆိုလေသည်။

ရှေးအခါက စုန်းသည် တစ်ရွာလျှင် တစ်ဦးဆိုသလို ရှိတတ်၏။ အချို့သော ကျေးရွာများတွင် တစ်ဦးထက်ပင် ပိုလေသည်။ ရှာသူဟုလည်းကောင်း၊ ရှာသမီးဟုလည်းကောင်း တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို ခေါ်လေ့ရှိကြ၏။

စုန်းသည် လူတစ်ယောက်ကို ချစ်လျှင်လည်း ပြုစားတတ်၏။ မုန်းလျှင်လည်း ပြုစားတတ်၏။ သူမ၏ အမွေကို လက်ဆင့်ကမ်းပေးလိုလျှင်လည်း ပြုစားတတ်လေသည်။

ပြုစား၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်က ပယောဂပညာဖြင့် သူတစ်ပါး ဒုက္ခရောက်အောင် ပြုသည်ဟု ဖွင့်ဆိုလေသည်။

ကျွန်ုပ်ငယ်စဉ် (၁၅)နှစ်သားလောက်က စုန်းပြုစားခံရဖူးလေသည်။ ကျွန်ုပ်သည် ငယ်စဉ်က ကျန်းမာရေးချူချာ၏။ မကြာခဏဖျား၏။ တစ်ခါသော် အဖျားသည် သုံး, လေးရက်နှင့် မကျချေ။ ဆေးရုံဆေးပေးခန်းနှင့်လည်း မနီးသည်မို့ ဆေးမြီးတိုများနှင့်သာ ကုသရ၏။ ကျွန်ုပ် ဖျားသည်ကို မိခင်ဖြစ်သူက စုန်းဖမ်းသည်ဟု အထင်ရောက်ပြီး ဆန်ခွက်မေးရန် သွားလေသည်။

ဆန်ခွက်မေးသည် ဆိုသည်မှာ ပိုက်ဆံတစ်မတ်(နှစ်ဆယ့်ငါးပြား)နှင့် ဆန်တစ်ပြည်ကို အဖိုးအခအဖြစ်ပေး၍ နတ်မေးခြင်း ဖြစ်လေသည်။

ထိုအချိန်က နတ်ဟောသူများသည် တစ်ရွာ တစ်ယောက်ဆိုသလို ရှိလေသည်။ နတ်ဟောသူက ကျွန်ုပ်အား စုန်းပြုစားထားသည်ဟု ဟောလိုက်လေသည်။ ကြက်သားဟင်းစားချင်၍ ပြုစားခြင်းဖြစ်ကြောင်းနှင့် ယနေ့ည ကြက်သားဟင်းနှင့် ရွာချမည်ဟုလည်း ဟောလိုက်လေသည်။

အမေသည် နတ်မေးပြီး အိမ်ပြန်ရောက်သောအခါ ကျွန်ုပ်အနီးသို့လာ၍ လက်ထဲတွင် ဆန်ခွက်ကလေးကို ကိုင်ရင်း နှုတ်မှလည်း-


"ညကျရင် စားချင်တာကို ကျွေးပါမယ်။ ကလေးကို နေကောင်းအောင် စောင့်မ,ကြည့်ရှုတော်မူပါ"

အမေသည် အထက်ပါအတိုင်းပြောကာ ဆန်ခွက်ကို



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အနီးတွင် ချထားခဲ့လေသည်။ သူတို့အခေါ် ကိုးသည်မှာ ခေါ်၏။

နေဝင်ရီတရောအချိန်တွင် အမေကြီးသည် ဆန်ကောတစ်ချပ်ကိုယူကာ မီးသွေးခဲဖြင့် ဆန်ကောအလယ်၌ စက်ဝိုင်းတစ်ခုရေးဆွဲ၍ ယင်းစက်ဝိုင်းအတွင်း၌ ထမင်းနှင့်ကြက်သားဟင်းတို့ကိုပုံကာ ဆန်ကောကို ကျွန်ုပ်အနီးသို့ယူလာပြီး နှုတ်မှလည်း-

'ယခု အရှင်စားချင်သည်ဆိုသော ကြက်သားဟင်းကို စေတနာသန့်သန့်နှင့် ကျွေးမွေးပါသည်။ ကျွန်တော်မျိုးမတို့မှာ မသိလို့ နေထွက်ပါတယ်။ မသိလို့ နေဝင်ပါတယ်။ မသိလို့ မိုးလင်းပါတယ်။ မသိလို့ မိုးချုပ်ပါတယ်။ ထိုးတဲ့လှံ နုတ်လို့ တုပ်တဲ့ကြိုး ဖြေပါ'

အမေကြီးသည် အထက်ပါအတိုင်း ပြောနေသည်ကို ကျွန်ုပ် ကြားရသောအခါ စဉ်းစားမိ၏။ ထိုအချိန်တွင် ကျွန်ုပ်မှာ အစိုးရအလယ်တန်းကျောင်းတွင် နေထွက်သည့်အကြောင်း၊ နေဝင်သည့်အကြောင်း၊ အီကွေတာအကြောင်း၊ လတ္တီတွဒ်၊ လောင်ဂျီတွဒ်အကြောင်းတို့ကို သင်ကြားနေရပြီဖြစ်၏။

အမေကြီးသည် အသက်(၇၀)ခန့်ရှိပြီး ဆံပင်အချို့ဖြူကာ သွားအချို့ပင် ကျိုးနေလေပြီ။ နေထွက်တာ၊ နေဝင်တာ၊ မိုးလင်းတာ၊ မိုးချုပ်တာကလေးကို ယခုထိ မသိသေးပါလား။ အမေကြီးဟာ သနားစရာကောင်းလိုက်တာဟု တွေးမိလေသည်။

ကျွန်ုပ်က ကျွန်ုပ်တွေးမိသည့်အကြောင်းကို အမေ့အား ပြောပြသောအခါ အမေသည် လွန်စွာစိတ်ဆိုးသွားပြီး-

'ဟဲ့ကောင်လေး··ပါးစပ်ပိတ်ထားစမ်း။ လူကြီးတွေလုပ်နေတာ နင် နေကောင်းဖို့ပဲ။ ဝင်မရှုပ်နဲ့'ဟု ပြောလေသည်။

ထို့နောက် အမေကြီးသည် ကြက်သားဟင်းနှင့် ထမင်းများ ထည့်ထားသော ဆန်ကောကို လက်တစ်ဖက်ဖြင့်ကိုင်ပြီး ကျန်လက်တစ်ဖက်မှ ဓားမတစ်ချောင်းကိုင်ကာ ရွာချရန် အိမ်ရှေ့သို့ ထွက်သွားပါသည်။ ရွာချသည်ဆိုသည်မှာ စုန်းပြုစားခံထားရသူက ပြုစားသူစုန်းအား စားချင်သည်ကို ကျွေးခြင်းဖြစ်ပါသည်။

အမေကြီးသည် အိမ်ရှေ့သို့ ရောက်သောအခါ ဓားမကို မြေတွင် စိုက်ထားလိုက်ပြီး ဆန်ကောအား တစ်နေရာတွင် တရိုတသေချထားကာ အိမ်အတွင်းသို့ လှမ်း၍အော်လေသည်။

'လွတ်ပြီလား ကျွတ်ပြီလားဟေ့'

အိမ်အတွင်းမှ အမေက-

'လွတ်ပြီ၊ ကျွတ်ပြီ'ဟု အော်လေသည်။

အထက်ပါအတိုင်း မေးသူက သုံးကြိမ်သုံးခါမေး ဖြေသူက သုံးကြိမ်သုံးခါ ဖြေပြီးသည့်အခါတွင် ရွာချသည့်ကိစ္စပြီးလေတော့သည်။

နောက်နေ့တွင် ကျွန်ုပ်လည်း နေကောင်းသွား၍ ကျောင်းတက်လေတော့သည်။

စားချင် သောက်ချင်၍ ပြုစားသည်မှာ သူတို့ စားချင်သည့်အရာကို ကျွေးလိုက်ရုံဖြင့် ပြီးသွားလေသည်။ စားချင် သောက်ချင်၍ မဟုတ်ဘဲ အမြင်ကတ်၍ မုန်း၍ ပြုစားခြင်းဆိုပါက ကုရခက်လေသည်။ ရွာချရုံဖြင့် မရတော့ချေ။

ကျွန်ုပ်ငယ်စဉ်ကကြားဖူးသော စုန်းပြုစားသည့် အဖြစ်အပျက်တစ်ခု ရှိလေသည်။ ခရမ်းသီးနှစ်လုံးကို အကြွေးမရောင်းသောကြောင့် စုန်းပညာတတ်သူက ခရမ်းသီးရောင်းသူအား ပြုစားခြင်း ဖြစ်လေသည်။

ထိုအဖြစ်အပျက်ကလေးမှာ စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် ခံစားရေးဖွဲ့ပြီး စာဖတ်သူသို့ တင်ပြလိုက်ပါသည်။

(၂)

လွန်ခဲ့သည့် အနှစ်(၃၀)ခန့်က ဖြစ်လေသည်။

မြို့နှင့်မနီးမဝေး ရွာကလေးတစ်ရွာတွင် ဒေါ်မလှဆိုသူသည် တူမကလေး မသီတာနှင့် အတူနေကာ ခြံစိုက်၍ ထွက်ရှိသော အသီးအရွက်များကို ဈေးပွင် ရောင်းချကာ အသက်မွေးပြီး နေထိုင်လေသည်။

တူမကလေးမှာ မောင်ဖြစ်သူ၏ သမီးဖြစ်ကာ မောင်ဖြစ်သူ ကိုသိန်းသည် အောင်လံတွင် အိမ်ထောင်ကျပြီး အောင်လံတွင် နေလေသည်။

ဒေါ်မလှတွင် အိမ်ထောင်မရှိချေ။

ဒေါ်မလှ၏ခြံသည် ကျယ်ဝန်း၏။ ခြံအတွင်း၌ သီးတ စားပင်များ စိုက်ပျိုးကာ ဘူး၊ သခွား၊ ပဲသီး၊ ခရမ်းသီး ဆူးပုပ်ရွက်မှစ၍ အသီးအရွက်များ ထွက်လေသည်။ ထို အသီးအရွက်များကို ခူးဆွတ်၍ နံနက်ခင်းဈေးတွင် ရောင် ချလေသည်။ ယနေ့တွင် ပဲသီးနှင့် ခရမ်းသီးများကို ရောင် ချရန် ရှိလေသည်။ တူမကလေး မသီတာသည် ကျောင်း တက်နေပြီဖြစ်ကာ သူမအတွက် ကျောင်းစရိတ်ရရန် ရောင် ချခြင်း ဖြစ်လေသည်။ ယနေ့ ရောင်းရငွေဖြင့် တူမလေး



www.burmeseclassic.com

www.burmeseclassic.com

အတွက် စာအုပ်ဝယ်ပေးရမည် ဖြစ်လေသည်။

ဤသို့ဖြင့် နံနက်ခင်းဈေးတွင် ဗန်းကလေးခင်းကာ ပဲသီးနှင့် ခရမ်းသီးများထည့်၍ ရောင်းချလေသည်။

သူတို့ရွာထဲတွင် ဒေါ်စိန်းမြဆိုသော အဘွားကြီးတစ်ဦး ရှိလေသည်။ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးနှင့် ကြည့်ရ ရုပ်ဆိုး၏။ ဆံပင်များကို ဦးခေါင်းပေါ်တွင်စု၍ ဆံထုံး ကလေး ထုံးထားလေသည်။ သွားများမှာလည်း ကျိုးတာ ကျိုး ပွဲတာပွဲဖြင့် အစုံမရှိတော့ချေ။

သူမကို ရွာသူရွာသားများက စုန်းမကြီး ပညာတတ် သည်။ ပြုစားတတ်သည်ဟု ယုံကြည်ကြ၏။ ပြုစားခံရမည် ကိုကြောက်ရွံ့သူများက စားဦးစားဖျားကလေးများကို သူမ အား သွားပေးတတ်၏။ ထိုအခါများတွင် သူမ၏မျက်နှာမှာ ပြုံးပြုံးကြီးနှင့် အလွန်သဘောကျဟန် ပြလေသည်။

အချို့က 'ကိုယ့်ထမင်း ကိုယ်ရှာစားတာ ဘယ်သူ့ကို သွားကျွေးနေရဦးမှာလဲ' ဟုဆိုကာ မပေးမကျွေးဘဲ ဘာသိ ဘာသာ နေသူများလည်း ရှိ၏။

ဒေါ်စိန်းမြကား မပေးမကျွေးသူများကို မှတ်သားထား ကာ ယင်းတို့အား တစ်ချိန်ချိန်တွင် ပြုစားလေသည်။

ယနေ့လည်း ဒေါ်စိန်းမြသည် ဈေးဝယ်ရန်အတွက် ဈေးခြင်းတောင်းကလေးကိုဆွဲကာ ထွက်လာခဲ့လေသည်။

ပထမဦးဆုံး ခရမ်းချဉ်သီး ဝယ်လေသည်။

ဒေါ်စိန်းမြက အစစ်တောင်းရာ ခရမ်းချဉ်သီး ရှားပါး နေချိန်ဖြစ်၍ ဈေးသည်က တောင်းတောင်းပန်ပန်ဖြင့်-

'အရီးရယ်··ခရမ်းချဉ်သီးက ရှားပါးနေချိန်ဖြစ်လို့ အဆစ်မပေးနိုင်တာ စိတ်မရှိပါနဲ့နော်။ ဟောဒီအပေါက်အပြဲ အလုံးကလေးတွေကို ယူသွားပါရှင်'

ဈေးသည်က ခရမ်းချဉ်သီးအပေါက်အပြဲကလေးများ ကို ဒေါ်စိန်းမြ လက်ဆွဲခြင်းထဲသို့ ထည့်ပေးလေသည်။

'အေးပါအေ၊ ပေါတဲ့အချိန်ကျရင်သာ ငါ့ကို သာသာ ထိုးထိုး ရောင်းပေး'

ထို့နောက် ဒေါ်စိန်းမြ ငါးဝယ်လေသည်။ ငါးရောင်း သည့် ဈေးသည်ကလေးသည် သာသာထိုးထိုး ချိန်ပေးလိုက် ၏။ ဒေါ်စိန်းမြက-

'သမာဓိချိန်ခွင်မှာ သွားချိန်မှာနော်။ လျော့နေရင် နင် တော့ မလွယ်ဘူးမှတ်'

ဒေါ်စိန်းမြသည် ဝယ်လာသောငါး အလေးပြည့်၊မပြည့် ကို သမာဓိချိန်ခွင်တွင် သွားရောက်ချိန်ကြည့်လေသည်။

နှစ်ကျပ်ခွဲသား လျော့နေသည်ကို တွေ့ရလေသည်။

ဒေါ်စိန်းမြသည် စိတ်ဆိုးဆိုးနှင့် ငါးရောင်းသူထံ ပြန် လာကာ-

'ကဲ··နှစ်ကျပ်ခွဲသား လျော့နေတယ်။ အဲဒါ ဖြည့်ပေး'

'ဟုတ်ကဲ့ရှင်၊ ဟုတ်ကဲ့'

ဈေးသည်ကလေးသည် ငါးနှစ်ကျပ်ခွဲသားကို အမြန် ချိန်ကာ ဒေါ်စိန်းမြအား ပေးလိုက်၏။

'ရော့ပါ အရီး၊ နှစ်ကျပ်ခွဲသား'

'အေး··ပြီးရော၊ စိန်းမြကို ဒါမျိုး လာမလုပ်နဲ့'

ဒေါ်စိန်းမြသည် ခရမ်းသီးဝယ်ရန် ဒေါ်မလှတို့ ဟင်း ရွက်တန်းဘက်သို့ ရောက်လာလေသည်။

ထိုအချိန်တွင် ဒေါ်မလှမှာ ရောင်းစရာရှိသည်တို့ကို အားလုံးရောင်းချပြီးဖြစ်၍ ခရမ်းသီးနှစ်လုံးသာ ရောင်းရန် ကျန်လေတော့သည်။

'ဒီခရမ်းသီးကလေးတွေ ဘယ်လိုရောင်းသလဲ'

'ဒီနှစ်လုံးပဲ ရှိပါတော့တယ်ရှင်။ တစ်ကျပ်ပဲ ပေးသွား ပါ'

ဒေါ်စိန်းမြသည် ပိုက်ဆံအိတ်ကို ဖွင့်လိုက်၏။

'မဟာ··ငါ ငါးတွေ ဝယ်လိုက်တာ ပိုက်ဆံကုန်သွား ပြီ'

ဒေါ်စိန်းမြသည် ခရမ်းသီးကိုလည်း လိုချင်၏။ ယနေ့ တစ်ဈေးလုံးတွင် ခရမ်းသီးဟူ၍ ဒေါ်မလှထံတွင်သာ နှစ် လုံးရောင်းရန် ကျန်နေခြင်း ဖြစ်လေသည်။

'ဒီလိုလုပ်အေ၊ ဒီခရမ်းသီးနှစ်လုံးကို ငါဝယ်လိုက် မယ်။ ဒါပေမဲ့ ငါပိုက်ဆံကုန်သွားလို့ ခရမ်းသီးဖိုးကို မနက် ဖြန်မှ ယူအေ'

'မရလို့ပါ အဒေါ်ရယ်။ ခရမ်းသီးဖိုးကို လက်ငင်းရမှ ဖြစ်မှာပါရှင်။ တူမကလေး စာအုပ်ဖိုးက တစ်ကျပ်လိုနေလို့ ပါ'

'စာအုပ်ကို မနက်ဖြန်မှ ဝယ်ပေါ့'

'မရလို့ပါရှင်။ စာအုပ်တွေက တစ်တန်းလုံး ကျောင်း သားတွေ ဝယ်ပြီးသွားပြီ။ ကျွန်မတူမကလေးတစ်ယောက် ပဲ ပိုက်ဆံမပြည့်သေးလို့ မဝယ်ရသေးတာပါ။ ဒါကြောင့် ခရမ်းသီးကို အကြွေးမရောင်းနိုင်တာပါရှင်'

'ညည်းက ငါ့ကို ငွေတစ်ကျပ်လောက်တောင် မယုံ ကြည်တော့ဘူးလား'

'မဟုတ်ပါဘူးရှင်၊ ယုံပါတယ်။ ငွေတစ်ကျပ် ဒီနေ့ရမှ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မှာမို့ပါ’

ဘေးမှ ဈေးဝယ်သူများကလည်း ဒေါ်စိန်းမြနှင့် ဒေါ်မလှတို့ အပြန်အလှန်ပြောဆိုနေသည်ကို ကြည့်နေကြ၏။

ဒေါ်စိန်းမြသည် ခရမ်းသီး အကြွေးဝယ်ယူသဖြင့် ရှက်လည်း ရှက်နေ၏။ ဒေါသလည်း ဖြစ်နေ၏။ ဒေါ်မလှအား မျက်လုံးကြီးများ ပြူးလာအောင် စိမ်းစိမ်းကြီးကြည့်လျက် ဒေါ်မလှရင်ဘတ်အား လက်ဖြင့် တွန်းလိုက်၏။

‘အေး..နင် စိန်းမြအကြောင်း ကောင်းကောင်းကြီး သိရမယ်၊ မှတ်ထား’

ဒေါ်မလှတို့ တူအရီးသည် ဈေးရောင်းပြီး ပြန်လာကြ၏။ အိမ်သို့ ရောက်ကြသောအခါ တူမကလေး မသီတာသည် ညကကျန်သော ထမင်းအနည်းငယ်ကို ငါးခြောက်ဖုတ်ဆီဆမ်းဖြင့် ထမင်းထုပ်ကာ ကျောင်းသို့ သွားလေ၏။

ဒေါ်မလှ တစ်ဦးတည်း အိမ်မှာ ကျန်ခဲ့၏။ သူမသည် ထမင်းအိုးတစ်လုံး ချက်လေသည်။ ထို့နောက် ဟင်းအဖြစ် ခြံအတွင်း ရေအိုင်ကလေးတွင်ပေါက်နေသော ကန်စွန်းရွက်များကိုခူး၍ ကြော်လေ၏။ ထမင်းဟင်းများ ချက်ပြီးသော် ဒေါ်မလှသည် အိပ်ချင်စိတ်ပေါ်လာသည်နှင့် ဖျာကလေး ခင်းကာ ခေါင်းအုံးကလေးချ၍ တရေးတမော အိပ်လေသည်။

ဒေါ်မလှသည် အိပ်ရာမှ နိုးလာသည့်အချိန်မှစပြီး တစ်ကိုယ်လုံး ကိုက်ခဲကာ မအီမသာကြီးဖြစ်လျက် ထမင်းစားချင်စိတ်လည်း မရှိဘဲ ဗိုက်ထဲမှ မခံမရပ်နိုင်အောင် အောင့်လာလေသည်။

ဒေါ်မလှသည် ဗိုက်ကိုနှိပ်ကာ,နှိပ်ကာဖြင့် ညည်းညူနေလေသည်။

မသီတာ ကျောင်းက ပြန်လာသောအခါ မသီတာက-

‘သမီး စဉ်းစားမိပြီ။ အဒေါ် မနက်က ဟိုဒေါ်စိန်းမြကြီး ဝယ်တဲ့ ခရမ်းသီးကြောင့်များလား။ မဟုတ်မှလွဲရော အဒေါ့်ကို ရင်ဘတ်ကို တွန်းလိုက်သေးတယ် မဟုတ်လား။ ပြုစားလိုက်ပြီ ထင်တယ်’

‘ဟုတ်တာပေါ့ သမီးရယ်။ အဒေါ် မှတ်မိပြီ။ မနက်ကတော့ ဒီငွေတစ်ကျပ်ကိုရရင် သမီးစာအုပ်ဖိုး ပြည့်ပြီဆိုပြီး သူ့ကို အကြွေးမရောင်းလိုက်တာပါ’

‘နို့မဟုတ်ရင် သမီးကလည်း ပေးလိုက်ပါတယ်။ အတန်းထဲမှာ ဆရာမက အားလုံးမတ်တတ်ထခိုင်းပြီး စာအုပ်ဝယ်ပြီးတဲ့လူ ထိုင်လို့ပြောလိုက်ရင် အားလုံးက ဝယ်ပြီးသားမို့ ထိုင်ကြတယ်။ သမီးတစ်ယောက်တည်း မဝယ်ရသေးတော့ မတ်တတ်ရပ်ကျန်ရစ်ခဲ့တယ်။ အဲဒါ ရှက်လို့ပါ အဒေါ်ရယ်’

‘အေးလေ..အဲဒါကြောင့် ငါကလည်း မပေးလိုက်တာပါ။ သူက စုန်းမကြီးလို့ အရပ်ထဲမှာ ပြောနေကြတယ်။ သူ့ကို အလွန်ကြောက်ရလို့ သူ့အလိုကိုလိုက်တဲ့လူချည်းပဲ။ အေး..ငါကတော့ သူ့အလိုကိုဆန့်ကျင်ပြီး ခရမ်းသီးနှစ်လုံးကို မရောင်းလိုက်မိဘူး’

ဒေါ်မလှသည် အောင့်လွန်းသဖြင့် ဗိုက်ကိုနှိပ်၍သာ နေရလေသည်။ မှောက်၍နေသော်လည်း မသက်သာချေ။ ကိုက်ခဲမှုများမှာလည်း တစ်ကိုယ်လုံးအနှံ့ ကိုက်ခဲနေလေသည်။ လက်လှမ်းမီရာ ဆေးမြီးတိုများနှင့် ကုသော်လည်း သက်သာခြင်း မရှိချေ။

နောက်နေ့တွင်, ဒေါ်မလှ၏မောင်ဖြစ်သူ ကိုသိန်းသည် ဒေါ်မလှတို့ထံ အလည်လာလေသည်။ ကိုသိန်းသည် လူပင်ငယ်သော်လည်း ဘုရား၊ တရား၊ သံဃာကို ရိုသေကိုင်းရှိုင်းသူ ဖြစ်လေသည်။ ဘာသာရေးလုပ်ငန်းများကိုလည်း သူတတ်နိုင်သလောက် စွမ်းစွမ်းတမံ ဆောင်ရွက်လေသည်။

ကိုသိန်းက မေးလေသည်။

‘အစ်မ မလှ ဒီလိုဖြစ်နေတာ ဘာဆေးမှ မသောက်ဘူးလား’

‘ဆေးမြီးတိုတွေတော့ သောက်ပါတယ်ကွယ်။ ဒါပေမဲ့ မသက်သာပါဘူး’

မသီတာက သူမ၏ ဖခင်ဖြစ်သူ ကိုသိန်းအား-

‘အဖေ..သမီးပြောမယ်။ အဒေါ်ဖြစ်တာ ခရမ်းသီးနှစ်လုံးကြောင့်ပဲ သမီးသိတယ်’

မသီတာသည် သူမ၏ ဖခင်ဖြစ်သူအား ဈေးထဲတွင်ဖြစ်ခဲ့သော ခရမ်းသီးနှစ်လုံးအကြောင်းကို ပြောပြလေသည်။

ကိုသိန်းက အနည်းငယ်စဉ်းစားပြီး-

‘ဒါဆိုရင် သမီးခြံထဲမှာ ခရမ်းသီးချောချောနှစ်လုံးကို သွားခူးချည်။ ဒေါ်စိန်းမြကို အဖေ လိုက်ပြီးတောင်းပန်မယ်’

မသီတာသည် ခြံထဲသို့ဆင်း၍ ခရမ်းသီးချောချောနှစ်လုံးကို ခူးလေသည်။ ထို့နောက် ခရမ်းသီးများကိုယူကာ ဖခင် ကိုသိန်းနှင့်အတူ ဒေါ်စိန်းမြအား တောင်းပန်ရန် ထွက်လာခဲ့လေသည်။

ဒေါ်စိန်းမြအိမ်သို့ ရောက်သောအခါ ခြံဝတွင် ဆေးပေါ့လိပ်ကြီးကိုသောက်လျက် ခါးထောက်ကာ မျက်မှောင်ကြီး

www.burmeseclassic.com

ရပ်နေသော ဒေါ်စိန်းမြကို တွေ့ရလေ၏။

မသီတာက ကိုသိန်းအား တိုးတိုးပြောလိုက်သည်။

'အဖေ··အဲဒါ ဒေါ်စိန်းမြပဲ'

ကိုသိန်းသည် ဒေါ်စိန်းမြအား မြင်လျှင်မြင်ချင်း စိတ်တွင်းမှ ကျန်းမာချမ်းသာစေကြောင်း မေတ္တာပို့လွှတ်လိုက်၏။

ထို့နောက် ကိုသိန်းနှင့် မသီတာတို့သည် မြေတွင် ဒူးတုပ်ထိုင်ကာ ဒေါ်စိန်းမြအား လက်အုပ်ချီ၍ ကန်တော့ကြလေသည်။

ကိုသိန်းသည် ဘာသာရေးကိုင်းရှိုင်းသူဖြစ်၍ ကိုသိန်းကန်တော့ခြင်းကို ဒေါ်စိန်းမြ မခံနိုင်ချေ။ ထို့ပြင် ဒေါ်စိန်းမြသည် ကိုသိန်းကို စေ့စေ့ကြည့်မိ၏။

ကိုသိန်း၏မျက်နှာသည် ကြည်လင်သန့်ရှင်းကာ ဘာသာရေးကိုင်းရှိုင်းမှုကြောင့် လူငယ်နှင့်မလိုက်အောင် ကြည်နူးစရာဖြစ်နေ၏။ ဤလိုမျက်နှာမျိုးကို ဒေါ်စိန်းမြ မတွေ့ဖူးချေ။

ဒေါ်စိန်းမြသည် ကိုသိန်း၏ မျက်နှာဟန်ပန်အမူအရာကိုကြည့်ကာ ကြည်နူးလေသည်။ သူမမှာတော့ ရုပ်ကလည်း ဆိုးသေးသည်၊ အကျင့်ကလည်း ဂ်သေးသည်။ သူမ မနှစ်သက်တာ တွေ့လိုက်သည်နှင့် ပြုမားပြီး ဖြစ်နေလေသည်။ ထို့ကြောင့် ရွာထဲမှလူတွေက သူမအား စုန်းမကြီးဟု သမုတ်ထားကြသည်။

သူမ ရထားသော ပြုစားသည့်ပညာသည် သူမအမေထံမှ ရရှိခဲ့ခြင်းဖြစ်ပြီး သူမ၏အမေသည် ဤမျှ လူမုန်းများသော ပညာကို အဘယ်ကြောင့် သူမအား လွှဲပြောင်းပေးခဲ့လေသနည်း။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ ဤမကောင်းသည့် အတတ်ပညာကို စွန့်လွှတ်ရန် ကြိုးစားမည်။ ဘာသာရေးကိုလည်း တတ်နိုင်သမျှ လိုက်စားတော့မည်ဟု ဆုံးဖြတ်နေလေသည်။

ယခု ကိုသိန်း ကန်တော့သည်ကို ခံယူရသည်ကိုက ပူလောင်လှချေပြီ။ ထို့ကြောင့် ကိုသိန်းနှင့် မသီတာတို့အား အထခိုင်းရ၏။

ကိုသိန်းသည် မတ်တတ်ထလိုက်ပြီး-

'အဒေါ်··ကျွန်တော်က အစ်မ မလှရဲ့မောင်ပါ။ မနေ့က ကိစ္စအတွက် ကျွန်တော်ကပဲ တောင်းပန်ပါတယ်။ ခရမ်းသီးနှစ်လုံးကိုလည်း ချောချောကြီးတွေ ရွေးခူးပြီး ယူလာပါတယ်။ အဒေါ့်ကို လက်ဆောင်ပေးပါတယ်။ အစ်မ မလှနဲ့ သမီးတို့က အဒေါ့်အပေါ် ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပေးပါဗျာ။ အခုဆိုရင် အစ်မ မလှ ထမင်းလည်း မစားဘူး၊ ဗိုက်ထဲက တော်တော်လေးအောင့်နေပါတယ်'

မသီတာကလည်း ဝင်ပြီးတောင်းပန်လေသည်။

'အမေရယ်··သမီးတို့ကို ခွင့်လွှတ်ပါရှင်။ အခုဆို ဒေါ်မလှလည်း သေရပါတော့မယ်။ သမီးကိုလည်း သနားပါဦး'

ဒေါ်စိန်းမြက-

'အေးလေ··ငါ နင့်ကို မနေ့က ဈေးမှာ တွေ့ခဲ့တာပဲ။ နင်က စာအုပ်ဖိုး တစ်ကျပ်လိုနေလို့ဆိုပြီး ငါ့ကို ခရမ်းသီး အကြွေးမရောင်းခဲ့တာလေ'

'ဟုတ်ပါတယ် အမေရယ်။ သမီးတို့ မှားသွားပါတယ်။ နောက်ဆိုရင် စားချင်တဲ့ အသီးအနှံရှိရင် ခြံကို လာခူးလှည့်ပါ။ သမီး ခူးပေးပါမယ်။ အခုတော့ သမီး အဒေါ်ကို ကယ်ပါရှင်'

ဒေါ်စိန်းမြသည် ဆေးပေါ့လိပ်ကြီးကိုဖွာရင်း သူမဘေးနားတွင် ပေါက်နေသော ပန်းပင်တစ်ပင်မှ အရွက်သုံးရွက်ကိုခူးကာ ကိုသိန်းကို ပေးလိုက်ပြီး-

'အဲဒီအရွက်သုံးရွက်ကို အရည်ညှစ်ပြီး လူနာကို တိုက်လိုက်'

ကိုသိန်းနှင့် မသီတာတို့သည် ဒေါ်စိန်းမြပေးလိုက်သော သစ်ရွက်ကလေး သုံးရွက်ကိုယူကာ ပြန်လာကြလေသည်။

အိမ်သို့ ရောက်သောအခါ ကိုသိန်းသည် ဒေါ်စိန်းမြပေးလိုက်သော သစ်ရွက်ကလေးသုံးရွက်ကို ချေမွပြီး ထွက်လာသော အရည်များကို ဒေါ်မလှအား တိုက်လေသည်။ ပြီးသော် ဒေါ်မလှအား ဘုရားစင်ရှေ့သို့ ခေါ်လာကာ ထိုင်



www.burmeseclassic.com

စေလျက် ဘုရားရှိခိုးခြင်း၊ ငါးပါးသီလခံယူခြင်း၊ မေတ္တာပို့ အမျှအတန်းဝေခြင်းတို့ကို ဆောင်ရွက်စေလျက် အထူးသဖြင့် ဒေါ်စိန်းမြ ကျန်းမာချမ်းသာစေကြောင်း မေတ္တာပို့စေပါသည်။

သူကိုယ်တိုင်လည်း ဘုရားရှိခိုးခြင်း၊ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ မေတ္တာသုတ်အား ရွတ်ဖတ်ခြင်း၊ ပဋ္ဌာန်း (၂၄)ပစ္စည်းကို ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်လေသည်။

ထို့နောက် ဒေါ်မလှသည် ဘုရားစင်ရှေ့တွင် ဖျာကလေးခင်းကာ ခေါင်းအုံးကလေးချပြီး လှဲနေလိုက်လေသည်။ ခဏကြာလျှင် ဒေါ်မလှ အိပ်ပျော်သွားလေသည်။

ဒေါ်မလှ နိုးလာသောအခါ အရော်မှောင်နေလေပြီ။ ကိုသိန်းသည် ဘုရားတွင် ဆီမီးများ ပူဇော်ခြင်း၊ သောက်တော်ရေများ ကပ်လှူခြင်း၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ခြင်း စသောကောင်းမှုကုသိုလ်များကို ဆောင်ရွက်နေလေသည်။

ခဏကြာသော် ဒေါ်မလှသည် အန်ချင်သည်ဟုဆိုကာ ထထိုင်သဖြင့် တူမကလေးက ထွေးခံယူပေးရလေသည်။ ဒေါ်မလှသည် မည်းမည်းအရည်များကို ထွေးခံအပြည့် အန်ချလေသည်။ အန်ပြီးနောက် ပါးစပ်ကို စင်ကြယ်အောင် ဆေးကြောသန့်စင်ပြီးနောက် ထမင်းစားချင်သည်ဟုဆိုကာ ထမင်းများ စားလေသည်။ ကိုက်ခဲနာကျင်ခြင်း၊ အောင့်ခြင်းများလည်း မရှိတော့ဘဲ ပျောက်ကွယ်သွားလေသည်။

ထိုအချိန်မှစ၍ ဒေါ်မလှသည် နေကောင်းသွားလေသည်။

(၃)

ဤသို့ဖြင့် မကြာမီရက်ပိုင်းအတွင်း သီတင်းကျွတ်ကျောင်းပိတ်ရက်သို့ ရောက်ရှိလာလေသည်။

မသီတာသည် ကျောင်းပိတ်ရက်၌ ခြံထဲဆင်း၍ သီးပင်စားပင်များအား ရေလောင်းခြင်း၊ မြက်နုတ် ပေါင်းလိုက်ခြင်း၊ သီးပွင့်သော အသီးအရွက်များကို ခူးဆွတ်ခြင်း၊ ဒေါ်မလှနှင့်အတူ ဈေးတွင် ရောင်းချခြင်းများကို ဆောင်ရွက်လေသည်။

မသီတာ၏အဖေ ကိုသိန်းသည် ပြန်သွားလေပြီ။

ဒေါ်မလှတို့မြို့၌ မဟာစည်သာသနာ့ရိပ်သာမှ ကြီးမှူးကျင်းပသော တရားစခန်းဖွင့်တော့မည် ဖြစ်လေသည်။ ဒေါ်မလှသည် တရားစခန်း ဝင်လိုလှ၏။

ဘေးခြံမှ အဒေါ်ဖြစ်သူ ဒေါ်စိန်ညွန့်အား ပြောပြရာ ဒေါ်စိန်ညွန့်က-

'မလှရယ်..တရားစခန်းဝင်တယ်ဆိုတာ ကောင်းတာပေါ့။ တို့မှာ နေ့တိုင်း စားဝတ်နေရေးအတွက် ရှန်းကန်နေကြရတာ။ ဒါန၊ သီလအမှုတော့ ရှိတန်သလောက် ရှိပါရဲ့။ ဒါပေမဲ့ ဝိပဿနာအလုပ်စခန်း အားထုတ်ဖို့တော့ လိုသေးတယ်လေ။ ညည်း တရားစခန်းဝင်မယ်ဆိုရင် အားလုံးစိတ်ချမ်းသာသွား။ မသီတာက နင့်တူမဆိုပေမယ့် ငါ့မြေးပါပဲ။ ခြံကိုလည်း စိတ်ချသွား။ အားလုံးစောင့်ရှောက်ပေးမယ်။ ဟုတ်ပြီလား'

ဤသို့ဖြင့် ဒေါ်မလှသည် တရားစခန်းဝင်ဖြစ်သွားလေ၏။ တရားစခန်းဝင်သောနေ့က ညနေ(၃)နာရီတွင် တရားစခန်းဝင်သော ယောဂီများအား ဓမ္မာရုံကြီးပေါ်၌ တရားပြဆရာတော်မှ (၈)ပါးသီလချီးမြှင့်ပြီး တရားမှတ်ရန် နည်းလမ်းများ ဟောပြလေသည်။

တရားစခန်းတွင် ညနေခေတ္တနားချိန်တွင် ယောဂီများ ဓမ္မာရုံကြီးပေါ်မှဆင်း၍ အမှတ်ကိုယ်စီဖြင့် ခပ်ဖြည်းဖြည်း လမ်းလျှောက်လာစဉ်တွင် လမ်းဘေးမှ အလှူရှင်များက စောင့်ကြို၍ အအေးတိုက်ကျွေးသောအစီအစဉ် ပါရှိလေသည်။

ဒေါ်မလှတို့သည် ဓမ္မာရုံကြီးပေါ်မှဆင်း၍ နှစ်ယောက်တစ်တွဲ လမ်းလျှောက်လာစဉ် လမ်းဘေးမှ အလှူရှင်များက အအေးများ တိုက်ကျွေးကြရာ ဒေါ်မလှကို အအေးခွက်ကမ်းပေးသော အလှူရှင်ကို ဒေါ်မလှသည် အမှတ်မဲ့မော်ကြည့်လိုက်ရာ လွန်စွာထူးဆန်းသည့်မြင်ကွင်းကို မြင်တွေ့ရလေသည်။

ဒေါ်မလှ မြင်တွေ့သည်မှာ အခြားမဟုတ်ပါ။ ဖျော်ရည်ခွက် ကမ်းပေးသူသည် ဒေါ်မလှထံမှ ခရမ်းသီးနှစ်လုံးအကြွေးဝယ်မရသောကြောင့် ဒေါ်မလှအား ဗိုက်အောင့်အောင်ပြုစားလိုက်သူ ဒေါ်စိန်းမြ ဖြစ်သောကြောင့်တည်း။

ဒေါ်စိန်းမြ၏မျက်နှာသည် ယခင်ကကဲ့သို့ ရန့်လိုသောတင်းမာခက်ထန်သော အမူအရာများ မရှိတော့ဘဲ ယခုအချိန်မှစ၍ အရာရာကို သည်းခံစိတ်မွေးကာ မည်သူ့ကိုမှမနှောင့်ယှက်တော့ဘဲ ဘာသာရေးကို တတ်နိုင်သမျှ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဖော်ပြနေသကဲ့သို့ ရှိလေတော့သည်။

မင်းသန့်ကျော်(မီးကုန်း



www.burmeseclassic.com

www.burmeseclassic.com


## တောင်တန်းသာသနာပြုဆရာတော်ကြီး၏ အလွယ်ဆုံးမေတ္တာပွားနည်း


စစ်ကိုင်းမြို့နယ် ကျောက်တော်ကျေးရွာ ပုဗ္ဗာရုံဆရာတော်ကြီး ချီးမြှင့်ခဲ့သည့်

ဗုဒ္ဓကွန်ချာ ၊ ဓမ္မကွန်ချာ ၊ သံဃာ့ကွန်ချာ ဂါထာတော်ကြီး

ရသေ့ကြီးဦးခန္တီကိုယ်တော်တိုင် အစဉ်ဆောက်တည်ခဲ့သည့် နှတ်ချစ်ဂါထာ (သို့မဟုတ်)

လာဘ်လာဘပွင့် စီးပွားတက်သော ရုက္ခစိုးဂါထာတော်နှင့်

မဟာစေဒီဗမန္တန်တော်နှင့် ဖြစ်ရပ်ဆန်းများ






သည်တို့ပါရှိသည့်

# အရှင်ကုမာရ (စစ်ကိုင်းတောင်တန်း)

ရေးသားတော်မူသော


# အစွမ်းထက်ဂါထာတော်များနှင့် အံ့ဖွယ်ဖြစ်ရပ်ဆန်းများ

(ထွက်နေပါပြီ)

မြန်မာတစ်ပြည်လုံးဖြန့်ချိရေး

ထွန်းဦးစာပေ(မန္တလေး) ၊ မချိုချို(နေလစာပေ) မိုးဇာရပ်၊ စစ်ကိုင်း။ Ph : 09 2110526 , 072 22600






## ဉာဏ်ခမ်း

# သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပါယ်မကျသော ပုထုဇဉ်လူသား(၇)ယောက်

ဤစာအုပ်သည်..

ကုသိုလ်ပေါင်းမြောက်မြားစွာတို့တွင် သောတာပန်ပုဂ္ဂိုလ်နှင့်တူသည့် နိဗ္ဗာန်ပုညကုသိုလ် (၇)မျိုးတို့ကို ထုတ်နုတ်ပြီး ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သောတာပန်ပုဂ္ဂိုလ်သည် သေလွန်သွားပြီးသည့်နောက်မှာ အပါယ်မကျသောပုဂ္ဂိုလ်ကဲ့သို့ ထိုနည်းတူစွာ နိဗ္ဗာန်ပုညကုသိုလ်(၇)မျိုးတို့တွင် တစ်မျိုးမျိုးရရှိပိုင်ဆိုင်ထားသည့် ပုထုဇဉ်လူသားကလည်း သောတာပန်ပုဂ္ဂိုလ်နှင့် တူသွားသည်။ သေသွားပြီးသည့်နောက်မှာ အပါယ်မကျတော့ပါဟု ဆိုခြင်းဖြစ်သည်။ ထိုသို့ဆိုရာ၌ ဤစာအုပ်က နိဗ္ဗာန်ပုညကုသိုလ်(၇)မျိုးတို့တွင် တစ်မျိုး၊ နှစ်မျိုး ပြုလုပ်၍ နတ်ပြည်ရောက်သွားကြသူများကို ပန်းကုံးငယ်လေးသဖွယ်ဖြစ်အောင် သီကုံး၊စီကုံးထားသည့် စာအုပ်ဖြစ်သည့်အပြင် နမောတဿ၏ သမိုင်းအစကိုလည်း စုံလင်စွာဖြင့် စုစည်းတင်ပြထားသည့် စာအုပ်လည်းဖြစ်သည်။

ထွက်ပြီ

အမြို့မြို့ရှိ စာအုပ်ဆိုင်များနှင့် ကုန်တိုက်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

ဖြန့်ချိရေး

* ပါရမီစာပေ၊ အမှတ်(၂၃၀)၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ (၀၁)၂၄၃၂၄၆
* ပါရမီစာပေ(ကမ္ဘာအေး)၊ ဆိုင်အမှတ်(၆၂/၄)၊ ကမ္ဘာအေးဘုရားဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၅ ၀၆၁၀၀


www.burmeseclassic.com

www.burmeseclassic.com



ဤသည်စားဖွယ်၊ အမယ်မယ်ကို၊
မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊
မသုံးပါဘူး၊ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်
သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမော
ပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်နိုင်ပါစေ၊
ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်
သိမ်းပြစ်ကို၊ မဖြစ်ရအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်
မှီဝဲပါသတည်း။

နံနက်အရုဏ်ဆွမ်း၌ ဆင်ခြင်နိုင်ရန် လင်္ကာကို ယော ဂီများ စုပေါင်းရွတ်ဆိုနေသော်လည်း ကြူကြူ မရွတ် နိုင်။ အာဟာရကိုလည်း တို့ကနန်းဆိတ်ကနန်းသာ မှီဝဲ နိုင်သည်။ အာရုံထဲမှာ ကိုကိုနဲ့ သားလေးဆီသာ စိတ် ရောက်နေသဖြင့် မျက်ရည်မကျအောင် မနည်းဟန်ဆောင် အောင့်အည်းနေရတာကိုက စိတ်ပင်ပန်းဆင်းရဲလှသည်။ အာဟာရသုံးဆောင်ပြီး အများနဲ့အတူ နံနက်ပိုင်း တရား တစ်နာရီ ထိုင်နေရသော်လည်း တရားပြဆရာတော်၏ သွန်သင်မှုတွေကို သူနားမစိုက်နိုင်။ သမာဓိတည်စေရန် မိမိစိတ်ကလေးကို နှာသီးတွင် တည်စေဖို့ဆိုတာကလည်း သူ့အဖို့ အလွန်ခက်ခဲလှသည်။ အချိန်အမြန်ကုန်စေရေး သာ ဆုတောင်းနေမိသည်။

ဤတရားစခန်းသို့ သူရောက်လာရခြင်းမှာလည်း သူငယ်ချင်း နီလာရဲ့ စကားကို မလွန်ဆန်နိုင်၍ ရောက် လာရခြင်းသာ ဖြစ်သည်။ သူ့၏ ဆန္ဒမဟုတ်။ ထို့ကြောင့် အချိန်မြန်မြန်ကုန်ဖို့ အရေးကြီးသည်။ စိတ်ကို သူ့သဘော နှင့်သူ သွားလိုရာသွားတော့ဟု လွှတ်ထားလိုက်သော် လည်း သူ့၏အာရုံတွင် ကိုကိုနဲ့ သားကသာ ပူးကပ်စိုးမိုး နေပြန်သည်။

ကိုကို့နာမည်က ကိုဇော်မြင့်တဲ့။ ကိုကိုနှင့်သူ့ အဆင့် အတန်းက မိုးနဲ့မြေကြီးပမာ ကွာခြားလွန်းလှသည်။ ကိုကို့

www.burmeseclassic.com

# ချစ်ရဲဖွင့်(တောင်စွန်း)

## သံသရာတစ်ကွေ့ဝယ်



နောက် လိုက်ပြေးတုန်းက ခင်မာကြူ ဆယ်တန်းပင် မဖြေရသေး။ ကိုကိုကတော့ တက္ကသိုလ် ဒုတိယနှစ် ရောက်နေပြီ။ ကိုဇော်မြင့်မိဘတွေက ချမ်းသာ ကြွယ်ဝကြသည့်အတွက် သာမန်ဝန်ထမ်းတစ်ဦး၏ သမီး ဖြစ်တဲ့ ကြူနဲ့ သဘောမတူကြ။

'ဘာမှ မစိုးရိမ်နဲ့ကြူ၊ ဖေဖေနဲ့ မေမေက ကိုယ့်ကို အကြာကြီးပစ်ထားမှာ မဟုတ်ပါဘူး' ဟု ကိုကိုက နှစ်သိမ့် စကားဆိုသည်။

သူကတော့ ကိုကို့ကို မဆုံးရှုံးရရင် ပြီးပါတယ်။

'ကိုကို့ကို ပြန်ခေါ်တာတော့ ဟုတ်ပါပြီ။ ကြူ့ကို ထားခဲ့ရင် ဘယ်လိုလုပ်မလဲ ကို'

'မပူပါနဲ့၊ ကြူမပါဘဲ တစ်ယောက်တည်း ကိုကို သွားမှာ မဟုတ်ဘူး'

ကိုကိုက ကြူကြူ၏ ပခုံးလေးကို ဆုပ်ညှစ်ရင်း

www.burmeseclassic.com

www.burmeseclassic.com

နှစ်သိမ့်လိုက်သည်။

'တကယ်နော် ကိုကို'

'တကယ်ပါကွယ်'

ကိုကိုပြောတဲ့အတိုင်း သိပ်မကြာလိုက်၊ မိဘတွေက ပြန်ခေါ်ကြသည်။ ကိုကိုက ကြူကြူမပါလျှင် မလိုက်ဘူးဟု ငြင်းသည့်အတွက် ချွေးမကိုပါ မချစ်သော်လည်း အောင့်ကာ နမ်းရသည်။ ကိုဇော်မြင့်တွင် မွေးရာပါနှလုံး ရောဂါအခံရှိသည့်အတွက် အစစအရာအရာ အလိုလိုက်၍ ပိုမွေးသလို မွေးခဲ့ရတယ် မဟုတ်ပါလား။ ဒါကြောင့် မိဘများက တစ်ဦးတည်းသောသားကို စိတ်ဆင်းရဲမှာကို လုံးဝမလိုလား။ ဤသည်ကလည်း အကြောင်းရှိသည်။ ကိုကိုသည် ဖိုးတုတ်ကုန်းသိုက်မှလာသောကြောင့် ဖြစ်လေသည်။

ဒေါ်လှရွှေ ကိုဇော်မြင့်ကို ကိုယ်ဝန်ရခါစက ထူးဆန်းသည့် အိပ်မက်တစ်ခု မြင်မက်ခဲ့သည်။ အိပ်မက်ထဲတွင် နန်းဝတ်နန်းစားနှင့် မိန်းမတစ်ဦး ကလေးတစ်ဦးကို လက်ဆွဲလျက် သူ၏အိမ်ပေါ် တက်လာသည်။

'ဟောဒီ သားလေးကို ရှင့်ဆီမှာ ခဏပေးနေလိုက်ပါ။ အဲဒီအတွက် ရှင်တို့ကို ကျွန်မ ကူညီစောင့်ရှောက်ပါ့မယ်။ လူ့ပြည်ကို လာချင်လွန်းလို့ ပူဆာတာနဲ့ လာပို့ရတာပါ။ သူ့အတွက် ဖူးစာဖက် ရှိထားပြီးသားမို့ လူ့လောကမှာ အိမ်ထောင်သားမွေး စတဲ့ သံယောဇဉ်တွေ မထားဖို့ ဂရုစိုက်ပါ။ သူ့ရဲ့ မွေးရာပါနှလုံး ရောဂါအတွက် ဘာမှမပူနဲ့။ သူ အိမ်ထောင်မပြု၊ သံယောဇဉ်မထားရင် ဖိုးတုတ်ကုန်းသိုက်ချုပ်ဘိုးဘိုးက သူ့ကို လူ့ပြည်က မိဘတွေနဲ့ သက်တမ်းစေ့ပေးနေမှာပါ။ သူ့ကို စိတ်ချမ်းသာအောင် စောင့်ရှောက်ပါ'ဟုဆိုကာ ကလေးကို ထားပြီး အိမ်ပေါ်က ဆင်းသွားသည်။

ထိုစဉ်မှာပင် ဒေါ်လှရွှေလည်း အိပ်ရာမှ နိုးသွားလေသည်။ ထိုအချိန်မှစ၍ ကိုဇော်မြင့်၏ မိဘများ၏ စီးပွားရေးသည် တရိပ်ရိပ် ထိုးတက်လာလေသည်။

♦♦♦

'နေရာကို ပြင်မထိုင်ကြပါနဲ့။ ထုံတာ၊ ကျဉ်တာ၊ နာတာ၊ ယားတာတွေ စတဲ့ဝေဒနာတွေ ခန္ဓာမှာပေါ်လာရင် ပေါ်လာတဲ့ ဝေဒနာကို ရှုကြပါ'

ခြေထောက်တွေက ပုရွက်ဆိတ်တွေ အုံတက်နေသလို ထုံကျဉ်လာသဖြင့် ပြင်ထိုင်ဖို့ ခြေထောက်ကို ရွှေ့လိုက်တဲ့အတွက် တရားပြမမှုကထိက ဆရာတော်က သတိပေးလိုက်သည်။ ဟန်မပျက် ပြန်ထိုင်လိုက်ရင်း ဝေဒနာကိုလိုက်မှတ်နေပေမယ့် စိတ်က ဝေဒနာမှာ မတည်။ စောစောက အတွေးကိုသာ ပြန်ဆက်တွေးနေမိသည်။

'ကြူရေ..ဖိုးတုတ်ကုန်းကခြံကြီးကို ဈေးချိုချိုနဲ့ ပြန်ရောင်းမယ်တဲ့ကွ။ အချိုအချောင်ရတုန်း ဝယ်ထားရင်ကောင်းမလားလို့'

ဖိုးတုတ်ကုန်းဆိုလို့ ကြူကြူ မျက်လုံးပြူးသွားသည်။ ဖိုးတုတ်ကုန်းဆိုတာ ကိုကိုနဲ့ အဆက်အစပ် ရှိနေမှန်း ယောက္ခမကြီး ပြောပြထား၍ သူသိနေသည်။ ကိုကိုနှင့် ကြူကြူ လက်ထပ်ပြီးဖြစ်၍ တားမရသောကြောင့် မိဘတွေ လက်ပိုက်ကြည့်နေရသည်။ စိုးရိမ်မှုတော့ ရှိနေဆဲ။ သို့သော် ယခုအချိန်အထိ ဘာမှမထူးခြား၍ မိဘများက ကြူကြူကို ကြည်ဖြူလာကြသည်။ ကြူကြူကလည်း ချွေးမအလိမ္မာဖြစ်သောကြောင့် မိဘတွေ၏ စီးပွားရေးကို စိတ်မဝင်စားသည့် ကိုကို့အစား ကြူကြူပင် ဦးစီးဦးဆောင်ပြုနေရသည်။ သူ၏ဝါသနာက ခြံဥယျာဉ်စိုက်ပျိုးရေးဖြစ်သည်။ ယခု ဖိုးတုတ်ကုန်းခြံကြီးကို ကိုကို ဝယ်မည်ဆိုလျှင် ယောက္ခမများက ကြည်ဖြူမည် မဟုတ်ချေ။ သူ့အနေနှင့်လည်း မကြည်ဖြူနိုင်ပေ။

'ကိုကိုရယ်..မြို့စွန်မှာ ခြံတစ်ခြံဝယ်ပြီးလျက်နဲ့ ဘာလုပ်ဖို့ ငွေအမြုပ်ခံမလဲ ကို။ ဝါသနာပါရင် ရှိပြီးသားခြံကိုပဲ အောင်မြင်အောင် လုပ်ပါလား'

'ဟိုခြံက ဒီခြံထက် သုံးဆမကကျယ်တယ်။ ဈေးကသိပ်ချိုတယ်။ ဖိုးတုတ်ကုန်းဘုရားဝတ္တကမြေနဲ့ တစ်ဆက်တည်း။ တောင်ကုန်းပေါ်မှာ ရော်ဘာစိုက်၊ မြေနိမ့်မှာ ဥယျာဉ်စိုက်ရင် သိပ်ကောင်းမှာပဲ'

'အဲဒီမှာ ဥစ္စာစောင့်သိုက်နန်းရှိတယ်။ ညဘက်ဆိုဆူညံနေတာပဲလို့ ဦးပဥ္စင်းကြီးပိဏ္ဍောက ပြောတယ်။ ဖြစ်ပါ့မလား ကိုကိုရယ်'

'အို..ဒါတွေ ငါ အယုံအကြည်မရှိဘူး။ မင်းလည်း မေမေတို့နဲ့ တစ်ဂိုဏ်းတည်းပဲ။ မဟုတ်က ဟုတ်ကတွေ လာမပြောနဲ့။ အစကတည်းက ငါလက်မခံခဲ့လို့ မင်းကို ယူတာပေါ့ကွာ'

ကိုဇော်မြင့် စိတ်တိုသွားဟန်တူသည်။ မင်းတွေ ငါ

www.burmeseclassic.com

www.burmeseclassic.com

တွေ ဖြစ်ကုန်သည်။ စိတ်ကြီးသူဖြစ်၍ စိတ်ဆိုးလျှင် တော်ရုံနှင့်မပြေတတ်။ ထို့ကြောင့် ကြူကြူ ဆက်မပြောဘဲ ငြိမ်နေလိုက်သည်။ ယခု ကိုကိုသည် အိမ်ထောင်မပြုရဟု သူတို့ တောင်းဆိုထားတဲ့ကြားက ချိုးဖောက်ခဲ့သည်။ ဒါကလည်း လူငယ်တို့ဘာဝ အချစ်စိတ်မွှန်နေကြသဖြင့် သူတို့နှစ်ဦးစလုံး မစောင့်စည်းနိုင်ကြ။ သေတာကနောက် လောလောဆယ် ဝေးရမှာကို မလိုလား၍ ဖြစ်သည်။ ထိုတစ်ချက်တင်မက ကလေးမယူရဘူးလို့ ယောက္ခမကြီးက သတိပေးထားတဲ့ကြားက ကိုကို့အလိုကျလိုက်လျော့ခဲ့၍ သားလေးဝေယံကို မွေးဖွားပေးခဲ့သည်။

အဲဒီတုန်းကလည်း ကိုကိုက-

'ဘာဖြစ်လို့ ကလေးမယူရတာလဲ မိန်းမရယ်။ သားသမီးဆိုတာ အိမ်ရဲ့ဆည်းလည်းလေး မဟုတ်လား။ ကိုကိုလည်း အိမ်မှာ ဆည်းလည်းသံ ကြားချင်ပြီကွာ'

'လိုချင်တာပေါ့ ကိုကို။ ဒါပေမဲ့ မေမေက..'

'ဩော်..မေမေပြောတာ ကြူက ယုံကြည်နေတာကိုး။ ဒါတွေ အယုံအကြည်မရှိဘူး။ ကဲ..အခု ကိုကိုကြူနဲ့ လက်ထပ်တာ ဘာဖြစ်လို့လဲ။ မွေးပေးမယ် မဟုတ်လားဟင်'

'ဟုတ်..ဟုတ်ကဲ့ပါ ကိုကိုရယ်'

ကိုကို့ကို စိတ်ချမ်းသာစေချင်လို့ ခေါင်းညိတ်ခဲ့ရသော်လည်း သားသမီးယူဖို့ စိတ်မကူးရဲသေး။ သောက်နေကျပဋိသန္ဓေတားဆေးတွေကို သုံးစွဲနေတုန်း။ တစ်နေ့ အဲဒီဆေးဝါးတွေကို ကိုကိုတွေ့သွားသဖြင့် ဒေါသူပုန်ထတော့သည်။

'မင်း ဒါတွေ ခုထိ သုံးနေတုန်းပဲလား ကြူကြူ။ ငါ့ကို ဘာဖြစ်လို့ လိမ်တာလဲ'

'ကြူ..မလိုချင်လို့ မဟုတ်ဘူး ကိုကို။ ဒီလိုလုပ်တာ ကိုကို့အတွက်ပါ။ ကိုကို့ကို အဆုံးရှုံး..'

ပြောရင်း သူ၏အသံတွေ တိမ်ဝင်သွားသည်။

'အို..မလိုချင်ဘူး။ ဒီလိုသဘာဝကို လွန်ဆန်တာ ငါ မကြိုက်ဘူး။ နောက်တစ်ခါ တွေ့ရင်..'

ကိုကိုသည် စကားကို ဆက်မပြောတော့ဘဲ သူမကို စိမ်းစိမ်းဝါးဝါးကြီးသာ ကြည့်နေသည်။

ဒေါသကြီးလျှင် ဘာဖြစ်တတ်သလဲ ဆိုတာကို သိသဖြင့်-

'ကိုကို..သတိထားလေ။ ကြူကတိပေးပါတယ် ကိုရယ်။ ကိုဖြစ်ချင်တဲ့ ဆန္ဒတွေကို ကြူဖြည့်ဆည်းပေးပါ့မယ် ကိုရယ်'

သူမအဖို့ ဘဝမှာ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ဖူးသည်မို့ ယခုတစ်ကြိမ် ကိုကို့ကို ဆုံးရှုံးရမှာကို စိုးရိမ်မိတာ အမှန်။ သူ ဆယ်နှစ်သမီးအရွယ်က ချစ်ခင်အားကိုးရတဲ့ ဖေဖေ့ကို ဆုံးရှုံးခဲ့ရဖူးလေပြီ။ ထိုနေ့က ဖေဖေနဲ့မေမေ စကားများနေကြသည်။ ဆယ်နှစ်သမီးအရွယ်မို့ မိဘများ၏ ပြဿနာမှာ သူ ဘာမှဝင်ရောက်စွက်ဖက်နိုင်ခြင်းမရှိ။ အိပ်ခန်းဝလိုက်ကာကြားမှ ချောင်းနားထောင်ရင်း ကြိတ်ငိုနေရုံမှတစ်ပါး ဘာမှမတတ်နိုင်။

'မင်းတို့အိမ်ကို ငါ ဘယ်တော့မှ ပြန်မလာတော့ဘူးကွ'

အပြန်အလှန် ဒေါ်ဟစ်ပြောဆိုနေကြရာမှ ဖေဖေသည် စိတ်ဆိုးမာန်ဆိုးနှင့် ပြောဆိုပြီး အိမ်ပေါ်မှ ဆင်းသွားသည်။

'ဖေ..ဖေ'

သူ အာခေါင်ကိုခြစ်ပြီး ဖေဖေ့ကို အော်ခေါ်လိုက်သော်လည်း ဖေဖေသည် ကြားဟန်မတူ။ လှည့်၍ပင် မကြည့်။

ဖေဖေ ခြံဝမှ လမ်းပေါ်အရောက်-

'ဒုန်း'

'အား'

'ဟာ..ဆိုင်ကယ်ဝင်တိုက်သွားပြီဟေ့'

အိမ်ရှေ့မှာ ဆူညံသွားသည်။ ဖေဖေ့ကို ဆိုင်ကယ်တစ်စီးက ဝင်တိုက်သွားတာကြောင့် နေရာမှာပင် ဖေဖေ ပွဲချင်းပြီး သေဆုံးသွားသည်။ သူ့ဘဝတွင် အားအကိုးရဆုံး၊ အချစ်ရဆုံး ဖေဖေ့ကို ထိုနေ့တွင် သူ လက်လွှတ်ဆုံးရှုံးလိုက်ရချေပြီ။ ထို့ကြောင့်ပင် အရှုံးဆိုတဲ့စကားကို သူ ရွံမုန်းသည်။ ဆုံးရှုံးမှုနှင့် သူ ရင်မဆိုင်လိုတော့ပါ။

'ဖိုးတုတ်ကုန်းက ခြံကြီးကတော့ တော်တော်ကြီးကျယ်ပါတယ်။ ရောင်းတဲ့ဈေးနဲ့ တန်ရုံမက ဈေးက အရမ်းချိုနေတယ်။ ဒါပေမဲ့ ဘယ်သူမှ မဝယ်ရဲကြဘူး'

'ဘာကြောင့်များလဲရှင်'

'အဲဒီခြံထဲမှာ သရဲမွေးထားတယ်ပြောတယ်။ အမွေးတောင် အတော်ရှည်နေပြီ။ ဥစ္စာစောင့်တွေရဲ့ သိုက်နန်းနဲ့

www.burmeseclassic.com

မလွတ်မကင်းဘူး ပြောကြတာပဲ။ ခြံရှင်ကလည်း ဗိုက်နာနေလို့ ရောင်းတာမဟုတ်ဘူး။ အနှောင့်အယှက်တွေရှိနေလို့ ရောင်းတာလို့ ပြောသံကြားရတယ်'

ကိုမြင့်အောင်၏ စကားကြောင့် ကိုကို့အတွက် ကြူကြူ စိုးရိမ်သွားသည်။ သူတို့ သိုက်အဆက်တွေ ပြန်တွေ့ပြီး သိုက်နန်းကို ပြန်ခေါ်သွားရင်ဆိုတဲ့ အတွေးကြောင့် ခြံကြီးကို မဝယ်ဖြစ်အောင် တားမည်ဟု စိတ်ပိုင်းဖြတ်လိုက်မိသည်။

'အဲဒီခြံကြီးကို မဝယ်ပါနဲ့လား ကိုကိုရယ်'

'ဟင်··ဘာဖြစ်လို့လဲ'

ကြူကြူက ကိုအောင်မြင့်ဆီက ကြားရသည့်အတိုင်း ပြန်ပြောပြလိုက်သည်။

'လာပြန်ပြီလား ဒီစကား။ မေမေနဲ့ကြူ အတူတူပဲ။ ကိုယ် ဘာလုပ်လုပ် တားဆီးနှောင့်ယှက်နေတာပဲ။ အဲဒါတွေကို ကြူယုံလား၊ ကိုတော့ မယုံဘူး။ ကိုယ့်မှာ အဲဒီအဆက်အသွယ်တွေ ရှိတယ်ဆိုရင်လည်း အခုလာဆက်သွယ်ကြပါလား။ မိန်းမ မယူနဲ့ဆိုလည်း ကိုကိုယူတယ်။ ကလေးမယူနဲ့ဆိုလည်း ယူတယ်။ သားတောင် ကျောင်းတက်နေပြီ။ ကဲ··ခု ဘာဖြစ်သေးလဲ။ ကိုကိုဘာဖြစ်လို့မသေလဲ။ ကိုကို့ကို တားဖို့မကြိုးစားနဲ့ ကြူ။ နေ့လယ်ကပဲ ကိုကို စရန်ငွေ ချေခဲ့ပြီးပါပြီ'

ကိုကိုသည် ပြောပြီးသည်နှင့် သူ့ရှေ့က လှည့်ထွက်သွားသည်။ ဆက်ပြောလို့လည်း ထူးမည်မဟုတ်။ သူလုပ်ချင်တာကိုလုပ်ဖို့ နောက်ဆုတ်မည့်ပုံ မပေါ်။ ယောက္ခမကြီးများလည်း တတ်နိုင်မည် မဟုတ်သဖြင့် ဘာမှမပြောဘဲ ငြိမ်နေတာ ကောင်းမည်ဟု ထင်သည်။

ဖိုးတုတ်ကုန်းခြံကြီးကို ဝယ်ပြီးကတည်းက ကိုကိုအိမ်ကို သိပ်မကပ်တော့။ အလုပ်သမားတွေနဲ့ ခြံထဲသို့ နေ့စဉ်သွားနေသည်။ ခြံကိုဝယ်ပြီး ပြုပြင်နေတာ တစ်နှစ်ပင် ပြည့်တော့မည်။ ထူးခြားမှု ဘာတစ်ခုမှမရှိ။ ကိုကိုသည် ကားတစ်စီးဖြင့် နေ့စဉ်ပုံမှန် သူ့အလုပ်ထဲကို သွားနေဆဲ။ ကြူကြူကတော့ တစ်ခေါက်မှ မရောက်ခဲ့။ သွားရမှာလည်း ခပ်ရွံ့ရွံ့။ ကိုကိုကလည်း ခြံထဲသွားကြရအောင်ဟု တစ်ခါမှမခေါ်။ အလုပ်ကလည်း မအား၍ ဖြစ်လေသည်။

'အမယ်··မလာစဖူး အလာထူးလှချေလား နီလာရဲ့'

'ထူးဆို နင့်ဆီ တမင်ပဲ လာတာဟဲ့'

တစ်နေ့ သူ့ဆီကို သူငယ်ချင်းနီလာ ရောက်လာသည်။

'အတော်ပဲ၊ တို့သူငယ်ချင်းတွေဆုံတုန်း လက်ဖက်သုပ်စားရင်း စကားပြောကြတာပေါ့'

'ဟင့်အင်း··ငါ မစားတော့ဘူး ကြူကြူ။ နင့်ကို ပြောစရာရှိလို့ လာတာကွ'

'ဒါဖြင့် အိမ်ထဲလာကွာ။ ကဲ··ဆိုစမ်း။ ဘာကိတ်'

'ဘာကိတ်တွေဘာတွေ အသာထားဦး။ နင့်ယောကျ်ား ကိုဇော်မြင့်အကြောင်း နင် ဘာသိလဲ'

'အို··ဘာသိစရာလိုလို့လဲ။ သူ နေ့တိုင်း ခြံထဲသွားတယ်။ ငါက စတိုးဆိုင်မှာ ဈေးရောင်းတယ်။ သူက သူ့ခြံကိစ္စကလွဲပြီး ဘာမှစိတ်ဝင်စားတာ မဟုတ်ဘူး'

'ကဲ··ဟုတ်ပါပြီလေ။ ခုတလော ကိုဇော်မြင့် ကားပေါ်မှာ ကောင်မချောချောလေးတစ်ယောက် အမြဲပါတယ်။ ဈေးထဲမှာ ဈေးတွေဘာတွေ တွဲဝယ်လို့။ ရယ်ရွှန်းပတ်ရွှန်းနဲ့ သမီးရည်းစားစုံတွဲကျနေတာပဲ။ မနက်ကတောင် ငါ တွေ့လိုက်သေးတယ်'

နီလာ၏စကားကြောင့် စိတ်တွေ ထောင်းခနဲ ဖြစ်သွားသည်။

'ဟင်··အဲဒီကောင်မက ဘယ်ကလဲ။ နင် သိလားဟင်'

'အေး··ငါ စုံစမ်းကြည့်တော့ အညာကတဲ့။ ဖိုးတုတ်ကုန်းဘုရားပေါ်မှာ ရင်ပြင်တော်ပြုပြင်ဖို့လာကြတဲ့ အလှူရှင်အဖွဲ့ထဲကတဲ့။ ကောင်မလေးက အတော်ချောတယ်။ နာမည်က စောယုနွယ်တဲ့။ ငယ်လည်း ငယ်တယ်။ ပွတ်သီးပွတ်သပ်လုပ်ထားတော့ ကိုဇော်မြင့်ကြီး ဘာခံနိုင်မှာလဲ'

'ဘာ··ဖိုးတုတ်ကုန်း၊ ဟုတ်လား။ ဟင် ဒါကြောင့် ဒင်း နေ့စဉ်ဝတ္တရားမပျက် အဲဒီကို သွားနေတာကိုး။ အခု အဲဒီကောင်မ ဘယ်မှာတည်းလဲ'

'ဘုရားပေါ်က ဘုန်းကြီးကျောင်းမှာ'

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ တို့ လိုက်သွားကြရအောင် နီလာရယ်'

နီလာနဲ့အတူ ဖိုးတုတ်ကုန်းသို့ သွားကြသည်။ အခြား လမ်းတစ်လမ်းမှ ခြံထဲသို့ ရောက်သွားကြသည်။ ခြံကြီး

www.burmeseclassic.com

www.burmeseclassic.com

တွင် သစ်ပင်ကြီးများဖြင့် အုံ့ဆိုင်းနေသည်။ အချစ်စိတ်က မွန်နေသဖြင့် မကြောက်မရွံ့နိုင်အား။ ခြံထဲတွင် ကိုကို့ကားကို တွေ့သဖြင့် ကိုကိုရှိနေမှာ သေချာသည်။

'ဟော..ဟိုမှာ ကိုဇော်မြင့်မဟုတ်လား'

နီလာ ညွှန်ပြရာသို့ သူကြည့်လိုက်သည်။ မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ရင်ထဲက ဒေါသတွေ တလိမ့်လိမ့်လှိုက်တက်လာသည်။ အနန်းဖိုပင်ကြီးတစ်ပင်အရင်းရှိ ကျောက်တုံးတစ်တုံးပေါ်တွင် ဆံပင်ရှည်ရှည်နှင့် မိန်းကလေးတစ်ဦးနှင့်အတူ သူတို့ကိုကျောပေးကာ ကိုဇော်မြင့် ထိုင်နေသည်။ တစ်ဦးနှင့်တစ်ဦး ပခုံးချင်းထိကာ ပူးပူးကပ်ကပ် ထိုင်နေတဲ့ မြင်ကွင်းကြောင့် သူ့ရင်တွေ ဗလောင်ဆူနေသည်။

'ဟဲ့..လင်ခိုးမ'

အသံကုန်အော်လိုက်တဲ့ ကြူကြူ့အသံက ကြမ်းတမ်းလှသည်။

နီလာ လှမ်းမဆွဲလိုက်မီ သူတို့နှစ်ဦးရှိရာသို့ လှစ်ခနဲ ပြေးသွားကာ–

'ဟဲ့ ကောင်မ..နင့်မှာ ဒီလောက် လင်ရှားရသလား'

အံ့အားသင့်နေသော မိန်းကလေး၏ ကို အားကုန်ရိုက်ချလိုက်သည်။

'ဖြန်း'

'ဟင်..ကြူကြူ ဒါ ဘာလုပ်တာလဲ။ မင်း ရိုင်းလှချည်လား'

ကိုကိုသည် နောက်တစ်ချက် ရိုက်ရန်ပြင်နေသော ကြူကြူ၏လက်ကို ဆောင့်ဆွဲ၍ နောက်သို့ တွန်းလွှတ်လိုက်ပြီး ကြားမှ ဝင်ရပ်လိုက်သည်။

'ကြူကြူ..စိတ်ကိုထိန်း၊ ဒီလိုမလုပ်နဲ့'

နောက်သို့ ယိုင်သွားသော ကြူကြူကို နီလာက အလိုက်သင့်ထိန်းရင်း ခါးကို ဖက်ထားလိုက်သည်။ စောယုနွယ်၏ ဖြူဖွေးနုနယ်သော ပါးပြင်မို့မို့တွင် ကြူကြူ၏ လက်ဝါးရာက ရဲရဲနီလျက် အထင်းသားပေါ်လွင်နေသည်။

'နင်..နင်..လင်ခိုးမ၊ မယားကြီး ဝုတ်တုတ်ရှိလျက်နဲ့ သူများလင် ခိုးတဲ့ ကောင်မ'

မိန်းမသားပီပီ မုန့်ကိုသာ ဝေစားနိုင်မည်။ အချစ်ကိုတော့ ဝေမစားနိုင်။ ဒါကြောင့်လည်း ချစ်လင်ကို အပြစ်မမြင်နိုင်ဘဲ စောယုနွယ်ကိုသာ လက်ညှိုးငေါက်ငေါက်ထိုးကာ ရန်တွေ့နေသည်။ စောယုနွယ်သည် သူ့ကို ကြောက်ရွံ့ဟန်မပြ။ ရှုတည်တည်နှင့် စူးစူးရဲရဲစိုက်ကြည့်လိုက်သည်။

'ဒီမှာ..ဘယ်သူက ဘယ်သူ့လင်ကို ခိုးတာလဲ။ ခိုး တာက နင်ပဲ။ ဒီလောက်ဖြစ်တဲ့မိန်းမ နင့်အသည်းနှလုံးတွေကို မကြာခင် နင့်ရင်ကိုခွဲပြီး ငါ ဆွဲထုတ်ပြမယ်။ မယုံရင် စောင့်ကြည့်နေ'

စောယုနွယ်၏ လှပနုနယ်သော မျက်နှာနုနုလေးသည် ဒေါသကြောင့် ခက်ထန်တင်းမာနေသည်။ ငယ်ရွယ်သည့် အရွယ်နှင့် မလိုက်ဖက်စွာ ရင့်သီးစွာ ပြန်ပြောလိုက်ပြီး ချာခနဲ လှည့်ထွက်သွားသည်။

တောင်ပေါ်လမ်းကလေးအတိုင်း တက်သွားသော စောယုနွယ်၏ အချိုးကျသော ခန္ဓာကိုယ်ကောက်ကြောင်းပေါ်မှ ဒူးကောက်ကွေးအထိ ဖုံးလွှမ်းနေသော ဆံနွယ်တို့၏ လှုပ်ယမ်းနေပုံကို ငေးကြည့်ရင်း ကိုဇော်မြင့် ငူငူကြီးရပ်ရင်း သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ ကြူကြူကတော့ ဒေါသတကြီး ဟစ်အော်ရန်းကန်ရင်း နီလာ ဆွဲခေါ်ရာသို့ လိုက်ပါသွားလေသည်။

◆◆◆

'စိတ်ကိုထိန်းစမ်းပါ သူငယ်ချင်းရယ်။ ယောကျ်ားဆိုတာ အသစ်အဆန်းဆို စိတ်ဝင်စားကြတာ ဓမ္မတာပါပဲ။ စောယုနွယ်ကလည်း ငယ်လည်းငယ် ချောလည်းချောတာကိုး။ ကိုဇော်မြင့် စိတ်ဝင်စားမယ်ဆိုလည်း စိတ်ဝင်စားလောက်ပါတယ်'

'အို..အဲဒီကောင်မနာမည် မခေါ်စမ်းပါနဲ့။ လင်ခိုးမကိုများ ငါက ခွင့်လွှတ်ရမလား။ ငါ ကိုကို့ကို ဘယ်လောက်ချစ်သလဲဆိုတာ နင်အသိ။ သူကများ ပြောသွားလိုက်တာ ပြန်လာပါစေဦး။ ပြန်လာရင်တော့ သူနဲ့ငါ အသိပဲ'

'အံမယ်..ကိုယ့်လင်ကိုကိုယ် မနိုင်ဘဲနဲ့များ၊ ဒါကြောင့် ပြောတာပေါ့။ လင်မယားဆိုတာ ချစ်နေရုံ၊ အလိုလိုက်နေရုံနဲ့ မပြီးဘူး။ သူ့အခြေအနေကို အမြဲတမ်း အကဲခတ်တတ်ရမယ်ကွ။ ပြဿနာဖြစ်ရင် ဒေါသနဲ့ အဆောတလျင် မဖြေရှင်းပါနဲ့။ နင့်လင်ကို နင်ကရော ပြတ်နိုင်လို့လား။ ဖျောင်းဖျောင်းဖျဖျနဲ့ လိမ္မာပါးနပ်စွာ ညှိနှိုင်းဖြေရှင်းဖို့ လိုတာပေါ့'

www.burmeseclassic.com

ညနေ ကိုကိုပြန်လာတော့ နီလာ အကြံပေးသည့်အတိုင်း မြွေမသေ တုတ်မကျိုးအနေအထားနှင့် ဟန်မပျက်နေလိုက်သည်။

'ဘုရားပေါ်မှာ ရင်ပြင်ကြွေပြားခင်းဖို့လာတဲ့ အလှူရှင်တွေပါကွာ။ ရွာထဲမှာ ဈေးဝယ်ဖို့ အကူအညီတောင်းလို့ ကိုကိုက ကူညီတာပါ။ ဒီနေ့ပဲ သူတို့ပြန်သွားပါပြီ'

ကိုကိုစကားကို သူယုံလိုက်တာ အေးမည်ဟုထင်၍ ဘာမှစောဒကမတက်တော့ဘဲ ကိုယ်လုပ်ပေးနေကျ ဝတ္တရားတွေ ကျေပွန်အောင် လုပ်ပေးနေသဖြင့် သူတို့ လင်မယား ပိုနေမြဲကျားနေမြဲ အရင်အတိုင်း ပြန်ဖြစ်သွားသည်။

'မေမေရေ..သား ကျောင်းသွားတော့မယ်'

ပါးဖောင်းဖောင်းလေးပေါ်မှာ ပါးကွက်နှစ်ကွက်နှင့် ချစ်စရာကောင်းလှသော သားလေးဝေယံ၏ ပါးပြင်ကို နမ်းလိုက်ရင်း–

'သားသား..စာကြိုးစားနော်။ မေမေ မုန့်တွေ ထည့်ပေးလိုက်မယ်'

ကိုကိုသည် သားသားကိုကျောင်းပို့ရန် ကားပေါ်မှ ထိုင်စောင့်နေသည်။ သားသားသည် မငွေ၏ လက်ကို ဆွဲရင်း သူ့ကို လက်ပြလိုက်သဖြင့် သူ ပြန်၍ လက်ပြန်ပြလိုက်သည်။ ကြည်နူးဖွယ်ကောင်းလေစွ။

'ကိုကို့ခြံကြီးက အတော်ပြီးနေပြီ ကြူရဲ့။ ဒီတစ်ပတ် ကျောင်းပိတ်ရင် မိသားစု ခြံထဲသွားပြီး ပျော်ပျော်ပါးပါး ပျော်ပွဲစားလေး လုပ်ရအောင်ကွာ'

ကိုကိုက ဖိုးတုတ်ကုန်းခြံမှာ ပျော်ပွဲစားသွားဖို့ ပြောလိုက်သည့်အတွက် သူ့ရင်ထဲတွင် စောယုန္တယ် သူ့ကို ပြောခဲ့သောစကားကို ပြန်ကြားယောင်ကာ ထိတ်ခနဲ ဖိုသွားသည်။

'ကာစ်နေ့ နင့်အသည်းနှလုံးကို နင့်ရင်ထဲက ငါခွဲပြီး ဆွဲထုတ်ပြမယ်။ မယုံရင် စောင့်ကြည့်'

ထိုအတွေးတို့ကို ခေါင်းကို ခါယမ်းပြီး မောင်းထုတ်ပစ်ဖို့ ကြိုးစားလိုက်သည်။

'ဟင်..ဘာဖြစ်လို့လဲ၊ မသွားချင်လို့လားဟင်'

ချက်ချင်းဣန္ဒြေကိုပြန်ဆည်ကာ ကိုကို့ကို ပြန်ပြုံးပြလိုက်ရင်း–

'ဟို..ဟို..မ..မဟုတ်ပါဘူး ကို၊ သားလေး ကျောင်းပိတ်ရင်သွားကြတာပေါ့'

စနေနေ့ကျောင်းပိတ်ရက်ရောက်တော့ ခြံကြီးထဲသို့ ပျော်ပွဲစားသွားကြရန် ပြင်ကြသည်။ အလုပ်သမားတွေအတွက်ပါ ချက်ပြုတ်ပြီးသား ထမင်းအိုး၊ ဟင်းအိုးတွေကို ကားပေါ်သို့ တင်ကြသည်။ ပန်းကန်တွေ ခွက်တွေပါ ယူသွားကြသည်။ သားသားသည် ဖိုးတုတ်ကုန်းခြံထဲ သွားရမည်ဆို၍ ခုန်ပေါက်ပျော်ရွှင်နေသည်။

'မိငွေရေ..အသုပ်တွေ၊ ဟင်းချိုတွေအတွက် ထည့်ခဲ့ရဲ့လား။ အဲဒါတွေ ဒီအတိုင်း ယူခဲ့၊ ဟိုကျမှ စီစဉ်မယ်။ ပူပူနွေးနွေး စားရတာပေါ့'

'ကြူတို့သားအမိနဲ့ မိငွေက ကိုကို့ကားနဲ့လိုက်။ မြင့်အောင်ကြီးပါ ခေါ်ထားတယ်။ ဒီကောင်ကြီး ထမင်းစားအမီတော့ ရောက်လာမှာပါ'

ကားလေးသည် မြေနီလမ်းကလေးအတိုင်း ဖိုးတုတ်ကုန်းခြံကြီးထဲသို့ ဝင်လာသည်။ ခြံကြီးထဲရှိ ဆေးရောင်လှလှ ခြယ်ထားသော သစ်လွင်လှပသည့် အိမ်လေးတစ်လုံး ရှေ့တွင် ရပ်လိုက်သည်။ ခြံရှေ့ ပန်းခြံလေးတွင် အရိပ်ရပင်များနှင့် ပန်းပင်လေးများ စိုက်ပျိုးထားသည်မှာ မျက်စိပသာဒ ကျလှသည်။

'မလှဘူးလား ကြူကြူ' ဟု ကိုကိုက မေးလိုက်သည်။

'ကိုကို ဒီလိုလုပ်ထားလိမ့်မယ်လို့ ထင်တောင် မထင်ဘူး'

သူ့စကားကြောင့် ကိုကို ရယ်မောလိုက်သည်။ ကားပေါ်ကဆင်းတော့ ခြံကြီး၏တစ်ဖက်တွင် အလုပ်လုပ်နေသော အလုပ်သမားများ ပြေးလာကာ ပစ္စည်းများကူသယ်ချပေးကြသည်။ ထို့နောက် သူတို့ခြံကြီးထဲတွင် လျှောက်ကြည့်ကြသည်။ တည်း၊ ဒူးရင်း၊ ပိန္နဲ စသော နှစ်ရှည်စားပင်များ၊ သစ်ပင်ကြီးများဖြင့် အုံ့အုံ့ဆိုင်းဆိုင်း ရှိလှသည်။ တောင်ကုန်းတစ်လျှောက်တွင်တော့ ရော်ဘာပင်ပေါက်များ စိုက်ပျိုးထားသည်။ မြေနိမ့်ပိုင်းတွင် တူးလက်စ ရေကန်တစ်ကန်ကို တွေ့ရသည်။ ကန်ပေါင်ပေါ်တွင် ငှက်ပျောပင်များ၊ အရိပ်ရပင်များ စီရရီစိုက်ပျိုးထားသည်။ ကန်ထဲမှာ ရေတွေ ရှိနေသည်။

'ဒါက ဘာလုပ်ဖို့ တူးထားတာလဲ ကိုကို'

'ဩော်..ဒါလား၊ ငါးမွေးမယ်လေ။ အနားယူဖို့လည်း ပါတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'ကဲ..ကိုကိုရေ၊ ကြူနဲ့မိငွေ မီးဖိုချောင်ဝင်ပြီး လုပ်စရာရှိတာလေး လုပ်လိုက်ဦးမယ်။ ကိုကိုက သားကို ကြည့်ထားလိုက်နော်'

'အိုကေ'

ကြူကြူ အိမ်ထဲဝင်ကာ စားဖို့သောက်ဖို့ ပြင်ဆင်နေစဉ် ကိုကိုက အိမ်ဘေးတွင် စားပင်အချို့ စိုက်နေသည်။ သားသည် ကိုကို့အနီးတွင် ပြေးလွှားဆော့ကစားနေသည်။ အတန်လေးကြာတော့ စားဖို့သောက်ဖို့ အသင့်ဖြစ်လေပြီ။

'ကိုကိုရေ..အသင့်ဖြစ်ပြီ။ အလုပ်သမားတွေ ခေါ်လိုက်တော့။ သားသားရေ့..လာဟော့'

ကြူကြူ၏ ခေါ်သံကြားမှ သစ်ပင်စိုက်ရာတွင် အာရုံစိုက်နေရ၍ ယခုမှ သားကို သတိရသွားသည်။ သားငယ်ကို သူ အော်ခေါ်လိုက်သည်။ ထူးသံမကြားရသဖြင့် ခြံထဲတွင် လိုက်ရှာသော်လည်း အစအနပင် မတွေ့။ ရှာရင်း ရေကန်နားသို့ ရောက်သွားသည်။ ကန်စပ်တွင် သားငယ်၏ ဖိနပ်ကလေးတစ်ဖက် ကျန်တစ်ဖက်က ကန်ရေပြင်တွင် မျောနေသည်။ စိုးရိမ်စိတ်ကြောင့် သူ ခေါင်းနားပန်းတွေပင် ကြီးကုန်သည်။

ရင်ဘတ်တစ်ခုလုံး အပူလုံးတွေက ..ကိခနဲ့ လှိုက်ခနဲ ကြွတက်လာကာ-

'သားလေး..ငါ့သားလေး၊ ရေကန်ထဲမှာ အို.. ဒါဆို..ဒါဆို'

ဖိနပ်ကို ကန်စပ်တွင်ချွတ်ခဲ့ကာ ရေကန်ထဲသို့ သူ ခုန်ချလိုက်သည်။ ကန်ထဲမှာ ရေက သူ့ရင်စို့နီးပါးလောက်ရှိနေသည်။ ရေထဲတွင် သားကို လိုက်စမ်းသည်။

'ဟော..ဒါ..ဒါ'

ပျော့စိစိအရာတစ်ခုကို တက်နင်းမိလိုက်သဖြင့် ရေအောက်ကိုငုပ်၍ ဆွဲတင်လိုက်သည်။

'ဟာ..ဒါ..ငါ့သားလေး၊ အမယ်လေး..ငါ့သားလေး သေပါပြီ။ ဖြစ်ရလေ သားရယ်'

သားငယ်၏ အလောင်းကိုဖက်ရင်း ငိုကြွေးနေရာမှ သတိမေ့သွားကာ နှစ်ဦးစလုံး ရေအောက်ကို ပြန်မြုပ်သွားလေတော့သည်။

'ဒီမှာ အဆင်သင့်ဖြစ်မှ သားအဖတွေ ဘယ်ပျောက်သွားပါလိမ့်။ လာ..တို့ လိုက်ရှာကြရအောင် မိငွေ'

မိငွေနှင့်အတူ ကိုကို့ကို အော်ခေါ်ရင်း လိုက်ရှာသည်။ ဘာသံမှ မကြားရ။ ရှာရင်းက ရေကန်နားသို့ ရောက်လာကြသည်။

'အန်တီ၊ ဟိုမှာ ဦးဇော်ဖိနပ် မဟုတ်လား။ ဟင်.. ဒီမှာ သားလေးဖိနပ်၊ ဟိုမှာ ရေထဲမှာ တစ်ဖက်'

မငွေ ပြရာသို့ သူ လှမ်းကြည့်လိုက်မိသည်။ စိုးရိမ်သောကတွေက ရင်ထဲမှာ ဖျတ်ဖျတ်နှင့် လှိုင်းထန်သွားသည်။

'လာကြပါဦးရှင်၊ ကိုကိုနဲ့ သား ရေနစ်သွားပြီလား မသိဘူး'

သူ၏ အော်သံကြောင့် ကိုအောင်မြင့်နှင့် အလုပ်သမားများ ပြေးလာကြသည်။ အလုပ်သမားများက ရေကန်ထဲ ခုန်ဆင်းကာ ရှာကြသည်။

'ဟော..ဒီမှာ တွေ့ပြီဟော့'

'ဒီမှာလည်း တစ်ယောက်ဟ'

အလုပ်သမားတွေက ကိုဇော်မြင့်နှင့် သား၏ ရုပ်အလောင်းများကို ဆယ်ယူလာကာ ကန်ပေါင်တွင် ချထားလိုက်ကြသည်။ ထိုကြေကွဲဖွယ်မြင်ကွင်းကြောင့် ကြူကြူလဲကျကာ သတိမေ့မြောသွားလေတော့သည်။

◆◆◆

အသုဘကိစ္စတွေ ပြီးကတည်းက ကြူကြူ အခန်းအောင်းခဲ့တာ (၃)ရက်ရှိပြီ။ အလုပ်ကိစ္စဟူသမျှကို ဝန်ထမ်းတွေနှင့် လွှဲထားခဲ့သည်။ သူမသည် စိတ်ထောင်းကိုယ်ကြေဖြစ်ကာ လောကကြီး၌ အသက်ရှင်လျက် မနေချင်လောက်အောင်ပင် အကြီးအကျယ် စိတ်ဓာတ်တွေကျနေသည်။

'ကိုကိုနဲ့သား မရှိတော့တဲ့ လောကကြီးမှာ ငါ ဆက်နေလို့ ဘာထူးမှာလဲ'

သူ့စိတ်ကို ဆုံးဖြတ်ချက်ချလိုက်သည်။ အိပ်ရာထက်မှ အားယူ၍ထကာ အဝတ်ကြိုးတန်းလုပ်ထားသော နိုင်လွန်ကြိုးကို ဖြုတ်ယူလိုက်သည်။ ကုလားထိုင်တစ်လုံးကို ယူကာ ခုတင်ပေါ်သို့ တင်လိုက်သည်။ ခုံပေါ်တက်ပြီး ကြိုးတစ်စကို နံရံအထက်ရှိ လေဝင်ပေါက်သံတိုင်တွင် ချည်လိုက်သည်။ တစ်စကို ကွင်းလုပ်ပြီး လည်ပင်းတွင် စွပ်ကာ ခပ်တင်းတင်းလေး ဆွဲလိုက်သည်။ ပြီးတော့မှ ခုံပေါ်တွင် ခြေအစုံကိုရပ်ကာ မျက်လုံးကိုမှိတ် လက်အုပ်ကလေးချီကာ ရတနာသုံးပါးကို အာရုံပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက် သက်ပြင်းရှည်တစ်ခု ဟင်းခနဲချကာ အံကို ကြိတ်လျက် 'ကြူကြူ လိုက်လာပါပြီ ကိုကိုနဲ့ သွားသား ရေ'ဟု ဆိုကာ ကုလားထိုင်ကို ကန်ထုတ်လိုက်သည်။

'ဟော့..ဟော့..ဒါ ဘာလုပ်တာလဲ ကြူကြူ၊ ဒီလို မလုပ်ပါနဲ့'

နီလာက အိပ်ခန်းထဲသို့ ပြေးဝင်လာပြီး ကြူကြူ၏ ခြေအစုံကိုဖက်ကာ အော်လိုက်သည်။ မိငွေက ကြူကြူ ၏ လည်ပင်းမှကြိုးကွင်းကို တက်၍ဖြုတ်ပေးလိုက်သည်။

'မိုက်လှချည်လား သူငယ်ချင်းရယ်။ ဒီလိုလုပ်တာ အဖန်ငါးရာငါးကမ္ဘာ ခံရမယ်ကွဲ့။ မင်း မကြောက်ဘူး လား။ မင်း ဒီလိုလုပ်လို့လည်း ဘာမှဖြစ်မလာနိုင်တော့ဘူး။ သေတဲ့သူတွေလည်း ပြန်ရှင်လာမှာမဟုတ်ဘူး။ တရားနဲ့ ဖြေစမ်းပါကွယ်'

ကြူကြူသည် ခုတင်ပေါ်တွင် ကျောက်ရုပ်အလား ငြိမ်သက်စွာ ထိုင်နေသည်။

'ငါ့အဖြစ်ကို နင်အသိဆုံးပါ နီလာရယ်။ သူ..သူ.. ငါ့ရင်ထဲက အသည်းနှလုံးကို တကယ်ပဲ ဆွဲထုတ်သွားခဲ့ ပြီ။ ခုတော့ ငါ့ဘဝမှာ အရှုံးကြီးပါပဲ။ ရက်စက်လိုက်တာ စောယုနွယ်ရယ်'

'အို..အစွဲအလမ်းတွေ မထားပါနဲ့ကွာ။ ဒါ တိုက် ဆိုင်မှုတစ်ခုလို့ သဘောထားလိုက်စမ်းပါ။ လောကမှာ မင်းတစ်ယောက်တည်း အရှုံးတွေနဲ့ ရင်ဆိုင်ကြရတာ မဟုတ်ပါဘူး။ ရင်ဆိုင်ရတိုင်း စိတ်ဓာတ်ကျနေစရာ မလို ဘူး။ အရှုံးမပေးတမ်း ရင်ဆိုင်ဖို့ သတ္တိမွေးနိုင်မှ အနိုင် ပြန်ရမယ်'

ထို့ကြောင့်ပင် အရှုံးတွေကို အနိုင်တိုက်ပြီး အောင်ပွဲ ခံဖို့ နည်းလမ်းကောင်းတွေကို ညွှန်ပြပေးနိုင်တဲ့ ဤတရား စခန်းသို့ သူ့ကို နီလာက ပို့ဆောင်ပေးခဲ့သည်။ သို့သော် ရင်ထဲမှာ ဖိစီးလောင်မြိုက်နေတဲ့ သောကပရိဒေဝမီးတွေ ကြောင့် တရားကို ထိထိရောက်ရောက် သူ မရှုမှတ်နိုင်၊ တွေးချင်ရာတွေးရင်း အချိန်ကုန်ခဲ့သည်။

'ကိုင်း..တရားရှုမှတ်ချိန် တစ်နာရီပြည့်သွားပါပြီ။ ခေတ္တတရားဖြုတ်ချိန်ရောက်ပြီမို့ ယောဂီများ ခေတ္တအနား ယူ၍ ပြုဖွယ်ကိစ္စတွေ ပြုနိုင်ပါပြီ'

တရားထိုင်ချိန် တစ်နာရီပြည့်သွားသော်လည်း ကြူ ကြူအဖို့ ဘာမျှမရှုမှတ်နိုင်ဘဲ အချည်းအနှီးသာ အချိန် ကုန်ခဲ့လေတော့သည်။ နားနေချိန်အတွင်း ကြူကြူသည် မည်သူ့ကိုမှ အသိမပေးဘဲ ဆရာတော်ကြီး သီတင်းသုံးရာ အခန်းသို့ ထွက်ခဲ့သည်။ အခန်းတံခါးကို အသာဖွင့်၍ အထဲကို ချောင်းကြည့်လိုက်တော့ ဆရာတော်သည် အခန်း ထဲတွင် တစ်ပါးတည်း ငြိမ်သက်စွာ သီတင်းသုံးရင်း တရားရှုမှတ်နေသည်ကို တွေ့ရသည်။ ကြူကြူ အခန်းထဲ သို့ ညင်သာစွာဝင်၍ ဆရာတော်ရှေ့မှောက်၌ ရိုသေစွာ ထိုင်ရင်း မျက်လွှာကို မဖွင့်ဘဲ တရားထိုင်နေသည်ကို အနှောင့်အယှက်မပေးလိုသဖြင့် စောင့်နေလိုက်သည်။

အချိန်အနည်းငယ်ကြာတော့ ဆရာတော်သည် မျက် လွှာကို ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ ရှေ့တွင် ကျုံ့ကျုံ့ လေး ထိုင်နေသော ကြူကြူအား တွေ့မြင်သော်လည်း အံ့သြဟန်မပြ၊ စကားလည်းမဆိုဘဲ စိုက်ကြည့်ရင်း မေတ္တာ ပို့နေလိုက်သည်။

'ဆရာတော်ဘုရား..တပည့်တော်မရဲ့ဘဝမှာ အရှုံး တွေချည်း ရင်ဆိုင်ခဲ့ရပါတယ်ဘုရား။ အနိုင်ရဖို့ တရား စခန်း ဝင်ခဲ့ပေမယ့် အတိတ်က အရိပ်ဆိုးတွေ နှောင့်ယှက် ပြန်တာကြောင့် တရားရှုမှတ်ဖို့ ဘယ်လိုမှ အာရုံမရလို့ အရှုံးတွေနဲ့ပဲ ပြန်ပါရစေတော့ဘုရား။ ရှေ့ဆက်ပြီး ရှုမှတ် လည်း အချည်းအနှီးမို့ အိမ်ပြန်ခွင့်ပြုဖို့ ရိုသေစွာတောင်း ပန်လျှောက်ထားအပ်ပါတယ် အရှင်ဘုရား'

ကြူကြူသည် ဆရာတော်အား ဦးချပြီးနောက် ခေါင်း ကိုင့်ရင်း မျက်ရည်များကို သုတ်လိုက်သည်။ အခန်းတစ်ခု လုံး ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်နေသည်။ ခဏကြာမှ တိတ်ဆိတ်မှုကို ဖြိုခွင်းလျက် ဆရာတော်၏အသံ ပေါ် ထွက်လာသည်။

'ဒကာမလေးကြူကြူရဲ့ အကြောင်းစုံကို ဘုန်းကြီး သိထားနှင့်ပါပြီ။ တစ်ခုလောက်မေးတာ ဖြေစမ်းပါ။ ဈေး ရောင်းတဲ့သူဟာ အရှုံးခံဖို့ ရောင်းတာလား အမြတ်ရဖို့ ရောင်းတာလား'

'အမြတ်လိုချင်လို့ ရောင်းတာပါဘုရား'

'ဒီလိုပဲပေါ့၊ ဘုရားရှင်ရဲ့ သာသနာတော်နဲ့ ကြုံ ကြိုက်ကြတုန်းမှာ လူလာဖြစ်ရတဲ့အခိုက် အရှုံးပေါ်အောင် မရောင်းသင့်ဘူး။ အရင်းလောက်နဲ့ ကျေနပ်ရင်လည်း အကျိုးမရဘူး။ အမြတ်ရမှ လူဖြစ်ရကျိုးနပ်ပါမယ်။ နောက်ဘဝ လူပြန်ဖြစ်ရင်တောင် အရင်းပဲ ရှိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

အပါယ်ကျရင် ရှုံးပြီပေါ့။ အဲ··လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် ရောက်ရင်တော့ အမြတ်ပဲ။ လူ့ဘဝမှာ စုဋ္ဌသောတာပန်လောက်မှ မရရင် အမြတ်ရဖို့ မသေချာဘူး။ တရားမသိရင် လူဖြစ်ရှုံးပြီ။ အဲဒီလူတွေဟာ ဟင်းအိုးမွှေတဲ့ ယောက်မလိုပါပဲ။

ဟင်းအိုးမွှေတဲ့ ယောက်မဟာ ဟင်းနဲ့ အမြဲထိတွေ့နေရပေမယ့် ဟင်းရဲ့အရသာကို မသိဘူး၊ မခံစားရဘူး။ ဘုရားရှင်ရဲ့ သာသနာမှာ လူဖြစ်ပြီး တရားတွေ ရှိနေပါလျက် တရားအရသာကိုမသိရင် ဟင်းအိုးမွှေတဲ့ယောက်မလိုပါပဲ၊ လူဖြစ်ရှုံးပြီ။ လောကမှာ ဘယ်ဟာမြဲတာရှိလို့လဲ။ သစ္စာတရားကလွဲပြီး ဘာမှမမြဲဘူး။ အနိစ္စ၊ အနတ္တ တရားသုံးပါးထဲက မမြဲခြင်းဆိုတဲ့ အနိစ္စကိုရော ဒကာမလေး သိရဲ့လား'

'သိပါတယ် အရှင်ဘုရား'

'ဒကာမလေးသိတာ အပြင်ပန်းအသိ အတွင်းကျကျ သိဖို့ ဝိပဿနာဉာဏ်ကိုရမှ သိမယ်။ ဝိပဿနာဉာဏ်ကို ရရင် အို၊နာ၊သေရေးကို မကြောက်တော့ဘူး။ ဝမ်းနည်းပူဆွေး ငိုကြွေးရတဲ့ ပရိဒေဝမီးတွေ မလောင်တော့ဘူး။ ဒီတော့ ဒကာမလေးရဲ့ သောကဆိုတဲ့မီးကို အနိုင်ယူနိုင်တာ ဝိပဿနာပဲကွယ့်။ အဲဒါကို ညွှန်ပြတဲ့အတိုင်း ဂရုတစိုက် လုပ်ကြည့်လိုက်ပါ။ အနိုင်ရပြီ။ အမြတ်လည်း ရမယ်လို့ ဘုန်းကြီး ရဲရဲကြီး အာမခံနိုင်ပါတယ်'

ဆရာတော် စကားကို ခေတ္တရပ်လိုက်စဉ် ကြူကြူက သူ၏ သံသယကို မေးလိုက်သည်။

'တပည့်တော်မမှာ ဒီလောကီပူဆွေးတောက်လောင်နေတဲ့ကြားက တရားရှုမှတ်လို့ ဖြစ်နိုင်ပါတော့မလား ဘုရား'

'ဖြစ်နိုင်တာပေါ့၊ သိပ်ဖြစ်နိုင်ပါတယ်။ ဘုရားရှင် ဟောထားတာရှိတယ်။ မဟာသမုဒ္ဒရာထဲမှာ ရေပြည့်နေတဲ့ လှေပေါက်ကို ရေပေါက်တွေပိတ်ပြီး ရေတွေ သွန်ပစ်မှ လှေဟာ ပေါ့ပါးပြီး သမုဒ္ဒရာထဲ မနစ်ဘဲ လိုရာဆိပ်ကမ်းကို လျှင်လျှင်မြန်မြန်ရောက်မယ်။ ဒီလိုပဲ ခန္ဓာဆိုတဲ့ လှေမှာလည်း စက္ခုဒွါရ အစရှိတဲ့ အပေါက်တွေကို ဖာထေးပိတ်ဆို့ပြီး မိစ္ဆာဝိတက်ဆိုတဲ့ရေတွေ သွန်ပစ်လိုက်ရင် ပေါ့ပေါ့ပါးပါးနဲ့ သံသရာဝဲဩဃဝဋ်ထဲမှာ မနစ်မြုပ်နိုင်ဘဲ နိဗ္ဗာန်ဆိုတဲ့ ဆိပ်ကမ်းကို လျှင်မြန်စွာရောက်လိမ့်မယ် ဒကာမလေး။ ဒါကြောင့် ဆရာညွှန်ပြတဲ့အတိုင်း ဖြစ်ပျက်မှုတွေကို ရှုမှတ်ပွားကြည့်ပါ။ မကြာခင်အချိန်လေးမှာပဲ အံ့ဩလောက်အောင် ချမ်းသာသုခကို ခံစားရလိမ့်မယ်'

ဆရာတော်၏ တရားအဆုံးတွင် သူမ၏ ပါးပြင်ပေါ်တွင် စီးစွတ်နေသော မျက်ရည်တွေ ခန်းခြောက်သွားပေပြီ။ အနိမ့်ဆုံးသို့ ရောက်နေခဲ့သော စိတ်ဓာတ်ရေချိန်သည် အမြင့်ဆုံးသို့ရောက်လာကာ ရဲရင့်တက်ကြွလာသည်။ သူသည် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချလိုက်နိုင်ပေပြီ။

'တပည့်တော် အိမ်မပြန်တော့ပါဘူးဘုရား။ တရားစခန်းပြီးတဲ့အထိ အမြတ်ရဖို့ အားထုတ်ပါတော့မယ် အရှင်ဘုရား'

'သာဓု··သာဓု··သာဓု၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မိမိကိုယ်သာ ကိုးကွယ်ရာလို့ ဟောထားတယ် မဟုတ်လား။ မိမိကိုယ်ကို အားကိုးရမယ်။ ဝိပဿနာက ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်နေတာကို အနိုင်ယူသွားလိမ့်မယ်။ အဲဒီလို ရှုမှတ်ပွားများရင်း ဒကာမလေးကို ဘယ်တန်ခိုးရှင်ကမှ လက်ဖျားနဲ့ မတို့နိုင်ပါဘူး'

ယင့်နောက် ဆရာတော်သည် ဘာမှ ဆက်လက်မိန့်ကြားခြင်း မပြုတော့ဘဲ မျက်လုံးကိုမှိတ်ကာ မေတ္တာဘာဝနာကို ပွားများနေလိုက်သည့်အတွက် ဆရာတော်ကို ဦးချပြီး အခန်းအပြင်သို့ ထွက်လာခဲ့သည်။ ငှက်တစ်အုပ်သည် ပြာလွင်လွင်ဝေဟင်ထဲတွင် လွတ်လပ်ပေါ့ပါးစွာ ပျံသန်းသွားသည်ကို သူ သတိထားလိုက်ရသည်။ ထို့အတူ ကြူကြူ၏ စိတ်ဓာတ်တို့သည် အချုပ်အနှောင်ပိုက်ကွန်တွင်းမှ လွတ်မြောက်သူနှယ် လွတ်လပ်ပေါ့ပါးလျက် ရှိနေလေသည်။

◆ ◆ ◆

တရားစခန်းမှ ပြန်ရောက်ပြီးနောက် စိတ်ဝေဒနာတွေ အထိုက်အလျောက် သက်သာသွားကာ ပုံမှန်အတိုင်း နေသားတကျဖြစ်လာသည်။ အလုပ်ကိစ္စများကိုပင် ပုံမှန်ပြုနိုင်နေပေပြီ။ နေ့စဉ် ရတနာသုံးပါး အလုပ်ကို လုပ်နိုင်သည်။ တစ်နေ့သုံးကြိမ် အိမ်မှာ တရားထိုင်ဖြစ်သဖြင့် အိပ်ပျော်စားဝင်ကာ ကြည်ကြည်လင်လင် ဖြစ်လာသည်။ ညကတော့ အိပ်မက်တစ်ခုကို ထူးထူးခြားခြား သူမြင်မက်သည်။

သားလေး ဝေယံသည် ဖိုးတုတ်ကုန်းခြံကြီးထဲရှိ ကျောက်တုံးကြီးပေါ်တွင် ထိုင်နေသည်။ ကိုကိုသည်



www.burmeseclassic.com

www.burmeseclassic.com

စောယုနွယ်နှင့် လက်ချင်းတွဲလျက် ကျောက်တုံးအနီးတွင် ရပ်နေသည်။

'သား ဖေဖေတို့နောက် လိုက်လို့ မဖြစ်ဘူးကွယ့်။ မေမေ့ဆီကိုသာ ပြန်ပါ သားရယ်။ သားမေမေရဲ့ရင်ခွင်က သားအတွက် အသင့်လျော်ဆုံးပါပဲ'

ကိုကိုသည် သားကိုပြောလိုက်ပြီး စောယုနွယ်၏ပခုံးကိုဖက်ကာ ဘုရားကုန်းပေါ်သို့ တက်သွားလေသည်။ သားက ထိုင်ငိုနေသည်။ သူ သားကို မကြည့်ရက်သဖြင့် သားဟု ခေါ်လိုက်သည်။ သားက သူ့ကို မြင်သွား၍ ဝမ်းသာသွားဟန်တူ၏။

မျက်ရည်တို့ကို လက်ဖဝါးနှင့် သုတ်လိုက်ပြီး-

'မေမေ..သားကို ခေါ်ပါနော်။ သား မေမေ့ဆီ ပြန်လာပါရစေ'ဟုဆိုကာ ကျောက်တုံးပေါ်မှ ထလိုက်သည်။

'ပြန်လာပါ သားရယ်၊ မေမေ့ရင်ခွင်က သားအတွက် အမြဲအသင့်ကြိုဆိုနေပါတယ်'ဟု သူပြောရင်း လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်းထားကာ သားကို ကြိုလိုက်သည်။

သားသည် ကျောက်တုံးပေါ်မှ ဝမ်းသာအားရ ပြေးဆင်းလာကာ သူ၏ရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်။ သူ အလိုက်သင့် ပြန်ဖက်ထားလိုက်စဉ်မှာပင် အိပ်မက်မှ လန့်နိုးသွားလေတော့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ယနေ့ သူငယ်ချင်းဆရာဝန်မ၏ ဆေးခန်းတွင် သူ ဆေးသွားစစ်ခဲ့သည်။ ဆရာဝန်က သူ့မှာ ကိုယ်ဝန်သုံးလရှိပြီဟု မင်္ဂလာသတင်းစကား ပါးလိုက်၍ ကိုကိုထားခဲ့သော ကိုယ်ပွားလေးသည် သူ့တွင် ရှိနေပေပြီ။ သားကိုယ်စား သားကို ပြန်ရပါတော့မည်။ ထို့ကြောင့် မွေးဖွားလာဦးမည့် ရင်သွေးလေးအတွက် သူ့မှာ ခွန်အားသစ်တွေ တိုးပွားလာလေပြီ။

အခုတော့ ငါ အနိုင်ရပြီ။ ဒါဟာ အရှုံးထဲက အမြတ်ရတာပဲဟု တွေးမိကာ ကြုံကြုံ ပြုံးလိုက်မိသည်။

လောကသတ္တဝါအားလုံးဟာ သံသရာတစ်ကွေ့မှာ အဖန်ဖန်အခါခါ ပြန်လည်ဆုံနေကြရဦးမယ့် ဘုံဓလေ့သားတွေပဲ မဟုတ်ပါလားခင်ဗျာ။

သျှင်ရဲထွဋ်(တောင်စွန်း)


## ဂမ္ဘီရ ဆရာလှမျိုး (B.Sc) (လယ်/ပြ၊ ငြိမ်း)

### ဗေဒင်ဟောင်းမြ (သာကေတ)

ကြိုတိုင်းဆောင် ဗေဒင်ဟောစာန်းနှင့် နဝင်းယတြာစာတ်နန်းမှ (၃)နေ့သားသမီးတို့၏ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ ပညာရေး၊ အကြွေးကိစ္စ၊ အတိုက်အခံ ရန်အနှောက်အယှက် ကိစ္စအဝဝအတွက် အစွမ်းထက် နဝင်းစာတ်ယတြာ၊ ကံပွင့်လာဘ်ပွင့်၊ အန္တရာယ်ကင်း အစီအရင်များ၊ (လက္ခဏာစစ်ဆေး၊ ထီဂဏန်းရွေး၊ အကျိုးပေးအဆောင်နှင့် အလုပ်၊ ဆိုင်လုပ်ငန်း၊ ကလေးအမည်ပေးခြင်း) တစ်နှစ်တာ ဆောင်ရန်၊ ရှောင်ရန် ဟောစာတမ်းရေးပေးခြင်းတို့ကို အထူးဆောင်ရွက်ပေးပါသည်။ နယ်မှ ဟောစာတမ်းမှာပါက ငွေပို့ဖော်စ (၁၈၀၀၀)ကျပ် ကြိုတင်ပေးပို့ပါ။

**ဖုန်းနံပါတ်** - (၁၇) အောင်သပြေအနောက် (၁)လမ်း၊ (၇) အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

• ၀၉ ၄၂၀၀ ၄၇၈၆၉

(အဝေးမှ လာရောက်ပါက ကြိုတင်ဖုန်း ဆက်သွယ် ရက်ချိန်းယူပါ။)

လမ်းညွှန် - ၃၅၊ ၆၅၊ ၃၂၊ ရွှေညောင်သည်(၂)၊ ၄၈၊ ၅၇ အထူး၊ ၁၇၃၊ ၂၁၆၊ ၄၆(စိမ်း)၊ ၁၈၁၊ ၁၄၆၊ ၁၀၄၊ ၁၀၇၊ ၈၉၊ တာမွေ-ကျောက်တန်း ကားများစီး ဂ ဂိတ်မှတ်တိုင်ဆင်း၊ ၁၄၊ ၆၂ စီး ဓမ္မာရုံမှတ်တိုင်ဆင်းပါ။

နေ့စဉ် - နံနက်(၈)နာရီမှ (၂)နာရီအထိ (ဗုဒ္ဓဟူးနေ့တိုင်း နားသည်)




www.burmeseclassic.com

www.burmeseclassic.com

# ညအချိန် ကြွက်တက်သူများအတွက် သက်သာစေမည့် လိမ်းဆေးပြုလုပ်နည်း

ခန္ဓာကိုယ်အလေးချိန် များသူ၊ ဝလွန်းသူ၊ အထိုင်များသူများ ဆောင်းဥတု ညအိပ်ချိန်တွင် ကြွက်တက်လေ့ရှိကြကြောင်း တွေ့ရသည်။ များသောအားဖြင့် အသက်ငါးဆယ်ဝန်းကျင်၌ ပို၍ဖြစ်လေ့ရှိသည်။ ကြွက်တက်ပြီးလျှင် ထိတ်လန့်ခြင်း၊ ညအိပ်မပျော်ခြင်းတို့ ဖြစ်လေ့ရှိသဖြင့် ကြာလျှင် စိတ်ဓာတ်ကျရောဂါပါ ဝင်လာလေ့ရှိသည်။

ကြွက်တက်ခြင်း အကြောင်းအရင်း များစွာရှိသော်လည်း အဓိကကျသော နှစ်မျိုးမှာ (၁) ကြွက်သားများတွင် ဆားဓာတ်ယုတ်လျော့ခြင်းနှင့် (၂) အဆီပိတ်သဖြင့် ကြွက်သားတွင် သွေးထောက်ပံ့မှုနည်းပြီး ညအိပ်ချိန်တွင် ကြွက်တက်ခြင်းတို့ ဖြစ်သည်။

လူငယ်၊ လူလတ်ပိုင်း အားကစားသမားများတွင်ဖြစ်သော ကြွက်တက်ခြင်းသည် နေပူပြင်းသောအချိန် ကစားလျှင် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းမှ သက်စောင့်ဓာတ်ဆားများ ဆုံးရှုံးသွားသောကြောင့် ဖြစ်သည်။ ရှေးဦးသူနာပြုနည်းအဖြစ် ဓာတ်ဆားထုပ်ကို အလျင်အမြန် ရေဖျော်တိုက်ပေးရသည်။ ဓာတ်ဆားမရှိလျှင် မီးဖိုချောင်သုံး ရိုးရိုးဆားကို ရေဖျော်တိုက်နိုင်ပါသည်။

အသက်ငါးဆယ်ကျော် လူကြီးများ ညအိပ်နေရင်း ကြွက်တက်ရခြင်းမှာ ကွေးအိပ်လျှင် တကောက်ကြောအောက်တွင် လက်ဖြင့် ပွတ်စမ်းကြည့်ပါက တွေ့နိုင်သော အကြောဖုလုံးကြောင့် ဖြစ်သည်။ ၎င်းအဖုကို သွေးကြောထုံးများဖြင့် ဖွဲ့စည်းထားသောကြောင့် တကောက်သွေးအိမ်ကြောဟုလည်း ခေါ်သည်။ အဆီအစားများခြင်း၊ လမ်းလျှောက်နည်းခြင်း၊ အထိုင်များခြင်း၊ ကျန်းမာရေးအတွက် သင့်တင့်သော လေ့ကျင့်ခန်း မလုပ်ခြင်းတို့ကြောင့် အကြောအဆီပိတ်နိုင်သည်။ အဆီပိတ်သူတွင် တကောက်ကွေးအောက်ရှိ သွေးအိမ်ကြောကို စမ်းကြည့်လျှင် ဘောလုံးငယ်တစ်လုံးပမာ ဖုဖောင်းနေသည်ကို တွေ့ရတတ်လေသည်။ နှလုံးသွေးကြောကျဉ်းရောဂါရှိသူ၊ အသည်းအဆီဖုံးရောဂါရှိသူ၊ သွေးတိုးနှင့် ဆီးချိုရောဂါ ရှိသူများလည်း တစ်ခါတစ်ရံ ကြွက်တက်ခြင်းဝေဒနာ ဖြစ်လေ့ရှိပါသည်။ သွေးတိုးသမားများသည် အငန်ကို ကြောက်၍ ရှောင်လွန်းရာမှ ကြွက်သားများတွင် ဆားဓာတ်ယုတ်လျော့သွားသောကြောင့် ဖြစ်တတ်သည်။

ဆားနှင့် ရသာ(၆)ပါးတွင် ပါဝင်သော အငန်ဓာတ်သည် လူ့ခန္ဓာကိုယ်တွင် မရှိမဖြစ် လိုအပ်သော သက်စောင့်ဓာတ် ဖြစ်သည်။ ရှောင်လွန်းလျှင်လည်း မကောင်းပေ။ ဥတုဘောဇနေသင်္ဂဟကျမ်းတွင် ရသာ(၆)ပါးကို နေ့စဉ် စုံအောင် စားရမည်ဟု ဖော်ပြထားသည်။ အာယုဗေဒဆေးကျမ်းများ အဆိုအရလည်း အငန်ဓာတ်သည် လေကို နိုင်သည်။ အင်္ဂမင်္ဂ မနုသာရီ ဝါယောဓာတ်ကြောင့် အငန်ကို သင့်တင့်အောင် စားသုံးပေးလျှင် ခန္ဓာကိုယ် အနှံ့အပြားသို့ လေအားကို ရောက်စေနိုင်သည်ဟု ဆိုသည်။ လေအား ယုတ်လျှင် လေဖြတ်နိုင်သည်။ ကြွက်တက်ခြင်းသည် လေပိတ်ခြင်းလက္ခဏာပင် ဖြစ်သည်။

ညအိပ်ရာဝင်ပြီး ကြွက်တက် လန့်နိုးတတ်သူများအတွက် အိပ်ရာမဝင်မီ လိမ်းရမည့် လွယ်ကူသော ဆေးနည်းမှာ အိမ်တိုင်းတွင်ရှိသော မီးဖိုချောင်သုံး နှမ်းဆီပင် ဖြစ်သည်။ ကွမ်းရွက်နှင့် ပရုတ်လုံး အနည်းငယ်လည်း လိုအပ်ပါသည်။

လိမ်းဆေးချက်ရန် နည်းမှာ နှမ်းဆီ(၅)ကျပ်သားခန့်ကို ဇလုံးခွက် (သို့မဟုတ်) ဒန်ခွက်တွင် ထည့်ပြီး မီးအပူပေးပါ။ အငွေ့အသင့်ပူပြီး အမြှုပ်တက်လာသောအခါ ကွမ်းရွက်(၃)ရွက် ထည့်ပါ။ ကွမ်းရွက်များ နွမ်းသွားသောအခါ မီးဖိုပေါ်မှ ချပါ။ အိမ်သုံး အဝတ်ဗီရိုတွင် ထည့်သည့် ပရုတ်လုံး(၁)လုံး (သို့မဟုတ်) (၂)လုံး ထည့်လိုက်ပြီးနောက် အငွေ့မထွက်အောင် ခေတ္တအုပ်ထားလိုက်ပါ။ အချိန်ခေတ္တအုပ်ထားလိုက်ပါ။ အချိန်ခေတ္တစောင့်ပြီးနောက် လိမ်းနိုင်သော ခပ်နွေးနွေး အနေအထားတွင် ခြေသလုံးကြွက်သားများနှင့် ပေါင်ကြွက်သားများ၊ တံကောက်ကွေးရှိ ကြွက်ကြောဖုပါမကျန် စိမ့်ဝင်နိုင်အောင် ပွတ်လိမ်းပေးပါ။ ဆေးလိမ်းပြီးမှ အိပ်ရာဝင်ပါ။

ကြွက်တက်သူများသည် ခြေထောက်ကို ကွေးခေါက်ထားလေ့ရှိသည်။ မကွေး မခေါက်ရပါ။ ကွေးလျှင် သွေးလျှောက်နည်းပြီး ကြွက်သားအကြောများ ရောင်သွားတတ်ပါသည်။ ကြွက်တက်သူ၏ ခြေထောက်နှစ်ဖက်လုံးကို အညီဆန့်ထားပြီး ဖဝါးနှစ်ဖက်ကို ကော့အောင် လှန်တွန်းထားပါ။ ခြေဖဝါးကော့ထားစဉ် ခြေဖဝါးအလယ်မှ အကြောကို လက်မဖြင့် ဖိနှိပ်ပေးပါက ကြွက်တက်ခြင်းမှ ပြန်လျော့ကျလာပါလိမ့်မည်။

[ကြည်လွင်မြင့်(မုံရွာ)၏ ဆေးဆရာမှတ်စု စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။]



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ကွင်းကြီးရွာ၏အနောက်ဘက် လယ်ကွင်းများအဆုံး တောင်ခြေနားတွင် ကညင်ကုန်းမည်သော ရွာငယ်ရွာစုတစ်စုရှိသည်။ ထိုအစုမှ လူများသည် လယ်မဲ့ယာမဲ့ သစ်ခုတ်သမားများချည်းဖြစ်ကြသည်။

ထိုသစ်ခုတ်သမားများထဲတွင် ဦးလူကြီးမည်သော အသက်ငါးဆယ်ကျော် သစ်ခုတ်သမားကြီး တစ်ယောက်လည်းရှိသည်။ ထိုသစ်ခုတ်သမားကြီးသည် ငှက်ဖျားမိပြီး






www.burmeseclassic.com

www.burmeseclassic.com

အပြင်းအထန် နာမကျန်းဖြစ်နေသည်မှာ တစ်လလောက်ရှိသွားပြီဖြစ်၏။ တောဆေး တောင်ဆေး၊ သူတို့ရပ်ဆေးရွာဆေးနှင့် ကုသရင်းက တလိမ်လိမ်တပိန်ပိန်နှင့် အရိုးပေါ် အရေတင်ကာ မစားချင်,မသောက်ချင်ဖြစ်ပြီး တဖြည်းဖြည်းနှင့် ယခုအခါ အိပ်ရာထဲကပင် မထနိုင်သောအခြေအနေရောက်နေသည်။

ထို့ကြောင့် တစ်နေ့ သက်သာနိုး၊ တစ်နေ့ သက်သာနိုး စောင့်ကြည့်လာကြသော သားမယား ဆွေမျိုးများမှာ ယခုအခါတော့ သည်အတိုင်း နေနေကြ၍ မဖြစ်တော့။ သူတို့ရွာပတ်ဝန်းကျင်ရှိ တစ်ရွာရွာမှ တတ်သိလိမ္မာသော ဆေးဆရာတစ်ဦးဦးကို ပင့်ခေါ်၍ ကုသကြတော့မှ ဦးလူကြီး အသက်ကို ရနိုင်တော့မည်ဟု ဆုံးဖြတ်ကြသည်။

သူတို့ ကညင်ကုန်းအစုနှင့် အနီးဆုံးရွာဖြစ်သော ကွင်းကြီးရွာတွင် နာမည်ကျော် မြန်မာသမားတော်တစ်ဦးရှိ၏။ သူ့နာမည်မှာ ဆရာဦးပန်းဖြူ ဖြစ်၏။ သို့သော် ထိုဆရာကြီးမှာ ဆေးဝါးအစွမ်းထက်မြက်သလို လူဖြောင့်စိတ်တို ဖြစ်၏။ ဘုဘောက်လည်း အလွန်ပြောတတ်၏။ ထို့ကြောင့် အများက သူ့နာမည် ဦးပန်းဖြူနှင့် တွဲဖက်ကာ ဆေးဆရာကြီး ဦးဘောက်ဖြူဟုလည်း ကွ ရာတွင် ခေါ်ကြပြောကြသည်။ တော်တော့တန်တန် နာမကျန်းဖြစ်ရုံနှင့်တော့ သူ့ကို မခေါ်ရဲ၊ မပင့်ရဲကြ။ တခြားဆရာတွေနှင့် ဘယ်လိုမှ ကုသ၍မရသော ရောဂါကြီးတွေကျမှ သူ့ကို ခေါ်ကြ၊ ပင့်ကြသည်။

ထို့ကြောင့်လည်း တစ်ခါ,တစ်ခါတွင် ဆေးဆရာကြီး ဦးဘောက်ဖြူက 'ဩော်··မင်းတို့က ငါ့ကို မသာပို့ လာဖိတ်ကြတာလား။ ရက်လည်ဆွမ်းသွတ် လာဖိတ်ကြတာလား။ ပြန်ကြတော့၊ ပြန်ကြတော့။ မင်းတို့လူမမာ မသာဖြစ်နေပြီပဲဟာ' ဟု အမင်္ဂလာစကားနှင့် သူ့အား လာပင့်သူများကို ဆီးဟောက်တတ်သည်လည်း ရှိလေသည်။

ဤသည်မှာလည်း အမှန်ပင်ဖြစ်၏။ ဆရာကြီး ဦးဘောက်ဖြူ ပြောသလို ဆရာလာပင့်သူများ ပြန်မရောက်မီမှာပင် လူမမာကား ဆုံးသွားလေပြီ။ ထို့ကြောင့်လည်း သူ့ပါးစပ်ကို ကြောက်ကြသလို သူ့ကိုလည်း ပိုပြီးအထင်ကြီးကြလေသည်။

ယခု သစ်ခုတ်သမား ဦးလူကြီးအတွက် ဦးဘောက်ဖြူကို သွားပင့်ရန် ပြောတတ်ဆိုတတ် ချဉ်းကပ်တတ်သူကို ရှာကြရသည်။ သူတို့မှာ အိမ်ခြေကလည်း တစ်ဆယ်ကိုးအိမ်သာရှိသော ဇနပုဒ်မှ သစ်ခုတ်သမားချည်းဖြစ်ကြ၍ အိမ်ခြေလေးငါးရာရှိသော ကွင်းကြီးရွာမှ အကျော်ဒေးယျဘုဘောက်လည်းအလွန်ပြောတတ်သော ဦးဘောက်ဖြူကို သွားပင့်ရန် ပြောတတ်ဆိုတတ် ချဉ်းကပ်တတ်သူကို ရှာကြသည်။

လူမမာဦးလူကြီးနှင့် ဆွေရိပ်မျိုးရိပ်မကင်းသော ဦးအောင်ချမ်းမှာ ယခင်ကလည်း သွားပင့်ဖူးသူဖြစ်၍ ဦးအောင်ချမ်းဆိုသူကို ဆေးဆရာပင့် ဆေးဆရာ အခေါ်လွှတ်ရန် ရွေးချယ်လိုက်ကြသည်။ ထို့ကြောင့် ရွာမြောက်ပိုင်းတွင်နေသော ဦးအောင်ချမ်းအား ဆရာပင့်လွှတ်ကြရန် ဦးလူကြီး၏ မြေးကြီးဖြစ်သူ မောင်ကျော်လှအား ကမန်းကတန်း အခေါ်လွှတ်ကြရပြန်၏။

ဦးအောင်ချမ်းအား မောင်ကျော်လှလေးက သွားခေါ်ရန် အပြေးအလွှားသွား၏။ သို့သော် ဦးအောင်ချမ်းကား အိမ်မှာမရှိတော့။

သူ့မိန်းမက 'နင့်အဘိုးလေး ခုလေးတင်ပဲ တောတက်သွားတယ်။ မြန်မြန်လိုက်သွားလိုက်။ နင်တို့ ကလေးခြေနဲ့ဆို စမ်းပေါက်အိုင် မရောက်မီတောင် နင့်အဘိုးလေးကို မီမှာပါ' ဟု ဆိုသဖြင့် အခေါ်လာသူ မောင်ကျော်လှလေးမှာ တောတက်လမ်းဘက် အပြေးလိုက်လာရသည်။

အပြေးလိုက်လာရင်းကလည်း တောတက်လမ်း အစနား ရောက်လာကတည်းက–

'အဘိုးလေးဦးအောင်ချမ်း·· အဘိုးလေးဦးအောင်ချမ်း၊ ဒီမနက် တောမတက်နဲ့တော့ဗျို့။ ဘိုးဘိုးကြီး အသည်းအသန်ဖြစ်နေလို့ ဆရာပင့်လွှတ်ဖို့ အခေါ်လွှတ်လိုက်လို့ပါ အဘိုးလေးချမ်းဗျို့' ဟု အော်ခေါ်ပြောပြီး သစ်ခုတ်သွား တောတက်လမ်းအတိုင်း အပြေးလိုက်ကာ အော်ဟစ်လာသည်။

ကောင်လေး၏သဘောမှာ သူ့အသံကိုကြားက ဦးအောင်ချမ်း ပြန်မထူးသည့်တိုင်အောင် ကြားရာနေရာအရပ်က ရပ်စောင့်နေလိမ့်မည်ဟူသော သဘောကြောင့် အော်ခေါ် အသံပေးလာခြင်း ဖြစ်သည်။

မောင်ကျော်လှလေး ထိုသို့အော်ဟစ်ပြီး တောတက်လမ်းအတိုင်း ပြေးတက်လိုက်လာရာ စမ်းပေါက်နား



www.burmeseclassic.com

www.burmeseclassic.com

အရောက်တွင် သူ့ရှေ့က တောတက်သွားသော မျက်နှာသိ လူကြီး သစ်ခုတ်သမားတစ်ယောက်ကို လမ်းဘေးတွင် ရပ်၍ တွေ့ရသည်။

ထိုလူကြီးက-

'ဟေ့ကောင်လေး··ကောင်လေး၊ တောမှာ တောင်မှာ သောက်မှန်းကန်းမှန်းမသိ ဘာလို့ တကြော်ကြော် အော်ခေါ် ပြေးလာရတာလဲ။ လူမမာအတွက် ဆရာပင့် အခေါ်လွှတ်မယ်ဆို ပိုတောင် ဆင်ခြင်ရမယ့်ဟာ။ အောင်ချမ်း စောစောကတင် ငါ့ရှေ့က တက်သွားတာ။ တွေ့မှာပေါ့။ မြန်မြန်လိုက်သွား။ ပြီး နှုတ်ကတည်းက နှင့်ပါးစပ်ကိုလည်း ပိတ်သွား၊ ကြားလား ကောင်လေး။ အောင်ချမ်း တွေ့မှ တိုးတိုးတိတ်တိတ်-ပြောရတယ်ကွနော်'

လူကြီးကို ဟုတ်ကဲ့ခေါင်းခါစ်ခွန်းသာ ပြောနိုင်ပြီး မောင်ကျော်လှလေးမှာ သူ့ဘိုးဘိုးကြီး လူမမာသောကနှင့် တောတက်လမ်းအတိုင်း ပြေးတက်လိုက်လာ၏။

သစ်ခုတ်သမားလူကြီး မှာကြားလိုက်သလို သူ့အဘိုးလေး ဦးအောင်ချမ်းကို စမ်းပေါက်အတက်လမ်းတွင် မတ်တတ်ရပ်စောင့်၍ တွေ့ရ၏။

ဦးအောင်ချမ်းကလည်း မောင်ကျော်လှလေးကို မြင်သည်နှင့်-

'ငါ ကြားပါတယ်။ အဲဒါကြောင့် မင်းအလာကို ရပ်စောင့်နေတာ။ တောမှာတောင်မှာ အဲသလိုအော်ခေါ်ပြီး မလာကောင်းဘူး ကလေးရယ်။ ရွာလူကြီးတွေကလည်း သောက်သုံးမကျလိုက်ကြတာ။ ဘယ့်နှယ်၊ ကလေးကို ဆေးဆရာပင့် အခေါ်လွှတ်ဖို့ လူရှာခေါ်ခိုင်းရတယ်လို့၊ မသိတတ်လိုက်ကြတာ'

'မ··မဟုတ်ဘူး အဘိုးလေး၊ အဘိုးလေးကို တောမတက်သေးဘူး။ အိမ်မှာရှိမယ်ထင်လို့ ကျွန်တော့်ကို လွှတ်လိုက်ကြတာပါ။ အဘွားလေးက တောတက်သွားပြီဆိုလို့ ကမန်းကတန်း အပြေးလိုက်လာရတာပါ'

'ဟုတ်လား'

'ဟုတ်ပါတယ် အဘိုးလေး'

'အေး··လာ··လာ။ မြန်မြန်ပြန်ကြမယ်။ ခု မင်း ဘိုးဘိုးကြီး ဘယ်လိုနေသေးလဲ'

'လူကြီးတွေကတော့ အခြေအနေမကောင်းဘူး ပြောတယ် အဘိုးလေး'

'အေးကွ··စောစောကတည်းက ဆရာကြီး ဦးဘောက်ဖြူကို ပင့်ပြီး ကုသကြဖို့ကောင်းတာ။ မင်းအဘွားနဲ့ မင်းအဖေကလည်း သိပ်ပေါ့ကြတာကိုး။ အစ်ကိုကြီး ဖြစ်နေတာ ကြာပြီပဲ'

ဦးအောင်ချမ်းနှင့် မောင်ကျော်လှလေးတို့မှာ ရွာဘက်ကို မပြေးရုံတစ်မည် ပြန်လာကြသည်။

◆◆◆

လူမမာ ဦးလူကြီးနားတွင် သားမယား ဆွေမျိုးများ ဝိုင်းနေကြ၏။ ဦးလူကြီးမှာ သတိမရတစ်ချက် ရတစ်ချက်ပင် ဖြစ်လာသဖြင့် ဆရာပင့်သွားသော ဦးအောင်ချမ်းနှင့် ဆရာကြီး ဦးဘောက်ဖြူကိုသာ တမျှော်မျှော် ဖြစ်နေကြသည်။ အချိန်မှာလည်း နေမွန်းစောင်းကြီးအချိန်သို့ပင် ရောက်လာပြီ။ ဦးလူကြီးမှာ ဒီတစ်ညပင်ခံပါဦးမလားဟု အားလုံးမှာ ရင်တထိတ်ထိတ် ဖြစ်နေကြ၏။

ဆေးဆရာ သွားပင့်သူ ဦးအောင်ချမ်းနှင့် ဆေးဆရာ ဦးဘောက်ဖြူကို လည်တဆန့်ဆန့် မျှော်နေကြချိန်မှာပင် ဘယ်ကဘယ်လို ရောက်လာသည်မသိသော လူကြီးတစ်ယောက်သည် ဦးလူကြီးတို့အိမ်ပေါ်ကို တန်းတန်းမတ်မတ် တက်လာလေသည်။ လူကြီးမှာ အသက်ခုနစ်ဆယ်ကျော်ခန့်အရွယ်။ မုတ်ဆိတ်မွေးရှည်ရှည်၊ နှုတ်ခမ်းမွေးကားကား၊ ဥပဓိရုပ်ကောင်းကောင်း၊ ကျေးတစ်ရာခေါင်းပေါင်း၊ ရင်ဖုံးအင်္ကျီ၊ ပုဆိုးကွက်တုံးနှင့် ခံ့ခံ့ညားညားပင်။

မျက်နှာစိမ်း ထိုလူကြီးကို အားလုံးက အံ့ဩတကြီး ဝိုင်းကြည့်နေကြသည်။ ထိုလူကြီးသည် လူမမာဆီ တစ်ချက်လှမ်းကြည့်ပြီး လူမမာနှင့် လူမမာစောင့်လူများကြားထဲ ဝင်ထိုင်လိုက်သည်။ ဣန္ဒြေရရပင် တင်ပျဉ်ခွေထိုင်၏။

'ဘဘကြီးက ဘယ်ကပါလိမ့်။ အဖေ့အသိလား။ အဖေ့သတင်းကြားလို့ လာမေးတာလား ဘဘကြီး'

ဦးလူကြီး၏ သားကြီးက ထိုလူကြီးကို စမေးလိုက်သည်။

'လူလေးအဖေနဲ့ အရင်က သိဟောင်းကျွမ်းဟောင်း မိတ်ဆွေပါ။ အဘက နယ်လှည့်ဆေးကုနေတဲ့ ဆေးဆရာကြီးပါ။ ခု လူလေးအဖေ အသည်းအသန် ဖြစ်နေတယ် ကြားလို့ အသက်ကယ်ရအောင် လာတာပါ'

ဆေးဆရာဟုဆိုသော်လည်း သူ့ကိုယ်ပေါ်တွင် ဆေးလွယ်အိတ်လည်း မပါသော ထိုလူကြီးကို အားလုံးက



www.burmeseclassic.com

www.burmeseclassic.com

အံ့သြကြပြန်၏။ ကျေးတစ်ရာခေါင်းပေါင်း၊ ရင်ဖုံးအင်္ကျီ၊ ပုဆိုးကွက်တုံးတို့က တကယ် ထိုခေတ်က ဆေးဆရာကြီး များ အဆင်အပြင်နှင့်။

'ကျေးဇူးတင်လိုက်တာ ဘဘကြီးရယ်' ဟူသော ဦးလူကြီး၏သားကြီး စကားမဆုံးမီပင် လူမမာမယား၊ ဦးလူကြီး မိန်းမက ထိုဆေးဆရာကြီးရှေ့ ကွမ်းအစ်၊ ရေနွေးကြမ်း လာချပေး၏။

ထိုအချိန်မှာပင် ကွင်းကြီးရွာသို့ ဆေးဆရာပင့် သွားသော ဦးအောင်ချမ်းနှင့် ဆေးဆရာကြီး ဦးဘောက်ဖြူတို့လည်း အိမ်ပေါ်ကို တက်လာကြ၏။ ဦးအောင်ချမ်းနှင့် ဆေးဆရာကြီး ဦးဘောက်ဖြူကို ထိုလူကြီး နယ်လှည့်ဆေးဆရာဆိုသူက မထီတရီ တစ်ချက်လှမ်းကြည့်ပြီး ပြုံး၏။

ပြီးမှ-

'ကဲ..လူနာရှင်များ၊ လူမမာကို ကျုပ်လက်ထဲ အပ်ကြပါ။ ကျုပ် စမ်းသပ်ကြည့်ပါရစေ'

'ဟင်..အောင်ချမ်း၊ မင်း ငါ့ကို လူမမာကုဖို့ လာပင့်တာ မဟုတ်လား။ ခု ဒီဆရာက ဦးလူကြီးကို ကုပေးမယ့် ဆေးဆရာကြီးလား။ မင်းတို့ဟာက ဘယ်လိုလဲ'

ဦးဘောက်ဖြူက စောစောက ရောက်နှင့်နေသော ဆေးဆရာကြီးစကားကို ကြားလိုက်ရသောအခါ သူ့အားလာခေါ်သူ ဦးအောင်ချမ်းကို ဒေါသဖြစ်ဖြစ်နှင့် မေးလိုက်၏။

ရုတ်တရက်မှု ဦးအောင်ချမ်းမှာလည်း ဘာပြောရမှန်းမသိဘဲ ပါးစပ်အဟောင်းသား ဖြစ်သွားစဉ်-

'ဒီလိုပါ ဆရာကြီးရှင့်.. ဆရာကြီးကို ကျွန်မတို့ အပင့်လွှတ်လိုက်တာ အမှန်ပါ။ ဒီဆရာကြီးကလည်း စောစောလေးတင် ရောက်လာပါတယ်။ ဦးလူကြီးရဲ့မိတ်ဆွေ နယ်လှည့်ဆေးကုနေတဲ့ ဆေးဆရာကြီးပါတဲ့။ သူက ဦးလူကြီးရဲ့အသက်ကို ကယ်ချင်လို့ သတင်းကြားနဲ့ လိုက်လာတာလို့ ပြောပါတယ်။ ထိုင်ပါ ဆရာကြီးရှင့်'

ဆေးဆရာကြီး ဦးဘောက်ဖြူသည် ထိုင်လျက်က ဆေးဆရာဆိုသူကို စိုက်ကြည့်လိုက်၏။ ရုပ်နှင့် အဝတ်အဆင်တို့ကမူ တကယ့်ဆေးဆရာကြီး တစ်ဦးပုံပင်။ ထူးဆန်းနေသည်မှာ ဦးဘောက်ဖြူ အဝတ်အဆင်နှင့် နယ်လှည့်ဆေးဆရာကြီးတို့ အဝတ်အဆင်မှာ အတူတူပင် ဖြစ်နေသည်။ ဤသည်ကို ဆေးဆရာကြီး ဦးဘောက်ဖြူက ပို၍အံ့သြသွား၏။

ထို့ကြောင့်-

'ဆရာကြီးက နယ်လှည့်ဆေးကုသနေတဲ့ ဆေးဆရာကြီး။ ဟုတ်လား'

'ဟုတ်တယ်လေကွယ်'

ဦးဘောက်ဖြူ၏အမေးကို နယ်လှည့်ဆေးဆရာကြီးက အပေါ်စီးလေသံနှင့် ဖြေ၏။

'ဆရာကြီးက နယ်လှည့်ဆေးဆရာကြီးသာ ပြောတယ်၊ ဆေးလွယ်အိတ်တို့ ဘာတို့လဲ ဘာတစ်ခုမှမပါ..'

'ဟဲ..ဟဲ.. မောင်ရင့်ဆေးလွယ်အိတ်ထဲမှာတော့ ဆေးပုလင်းတွေ ပါမှာပေါ့နော်'

'ဟုတ်ကဲ့ခင်ဗျာ၊ ပါပါတယ်'

'ဟီ..ဟီ..ဒီနယ်တစ်ဝိုက်မှာ အင်မတန်နာမည်ကြီးတဲ့ အကျော်ဇေယျဆေးဆရာကြီးဆိုတော့ ငါက တကယ့်သမားတော်ကြီး ထင်လိုက်တာ။ လက်စသတ်တော့ ဆရာဖျင်း ဆရာညံ့နဲ့ ကျုပ်လာတွေ့နေရတာကိုး။ ဟား..ဟား'

'ဗျာ..ဘယ့်နယ်၊ ဘယ့်နယ်၊ ကျုပ်ကို ခင်ဗျားက ဆရာဖျင်း ဆရာညံ့လို့ ပြောရတာလဲဗျ'

ဆရာကြီးဦးဘောက်ဖြူက ချက်ချင်း ဒေါသထွက်သွား၏။

'စိတ်မဆိုးပါနဲ့ ငါ့လူရာ၊ မောင်ရင်လည်း ဆေးဆရာဆိုတော့ ကြားဖူးမှာပေါ့။ အနှိပ်ဖျင်းတော့ အနင်းတဲ့၊ ဆရာဖျင်းတော့ ပုလင်းဆို မဟုတ်လား။ ကျုပ်က ဆေးကို ဘယ်တော့မှ ပုလင်းနဲ့ ထည့်ယူလာပြီး ဆေးမကုဘူး။ သွားလေရာ ရောက်လေရာ အရပ်တကာမှာ ဆေးရွက်ဆေးပင်တွေ ပေါလွန်းလို့ကွာ။ ဘာ..အိမ်ကပင် ဆေးပုလင်း ယူလာစရာလိုလို့လဲ။ ဆရာဖျင်းတွေမှ ဆေးပုလင်းဆောင်လာတာကွ။ ဒီ့ထက်ပြောရရင် မင်းလည်း သိပြီးသားပါလေ။ ဘုရားရှင်လက်ထက်တော်က ဆရာဇီဝကကြီး အရှေ့ အနောက် တောင် မြောက် တစ်ယူဇနာဆီကို သူ့ဆရာကလွှတ်ပြီး ဆေးဖက်မဝင်တဲ့အပင် ရှာခိုင်းတာလေ။ ဘယ်မှာမှ ဆေးဖက်မဝင်တဲ့အပင် မတွေ့ဘူးတဲ့။ ဆရာကြီးဇီဝက,က မင်းတို့လို လွယ်အိတ်ကြီးတကားကား ဆေးပုလင်း ဂလုံဂလွမ်တွေနဲ့ ဆေးသွားကုတာ မင်း ကြားဖူးလား။ ရောက်ရာအရပ်မှာ လူမမာကို တွေ့

www.burmeseclassic.com

www.burmeseclassic.com

တဲ့ဆေးပင် ဆေးမြစ်တွေနဲ့ ကုသွားတာပဲ မဟုတ်လား။ ခု မင်းက ဆေးလွယ်အိတ်နဲ့ ဆေးပုလင်းနဲ့ဆိုတော့ ဆရာဖျင်း ဆရာညံ့ပေါ့ကွ။ ဟား..ဟား..ဟီး'

ဤဆရာကြီးပြောသော ဆရာဇီဝက အကြောင်းကိုလည်း ဦးဘောက်ဖြူဆရာ ပြောဖူးသည်မှာ အမှန်ပင်။ သို့သော် ဆေးပုလင်းမဆောင်သော ဆေးဆရာကိုမူ ဦးဘောက်ဖြူ မတွေ့ဖူးသေး၊ မမြင်ဖူးသေး။ ထို့ကြောင့်လည်း ဦးဘောက်ဖြူမှာ ထိုဆရာကြီး၏စကားကို ရုတ်တရက်တော့ ဘယ်လိုပြန်ပြောရမှန်းမသိဘဲ ကြောင်တက်တက်ဖြစ်သွားရ၏။ လူနာရှင်များရှေ့တွင် ရှက်လည်းရှက်သွားမိ၏။

ထို့ကြောင့် ငေးငေးငိုင်ငိုင်ဖြစ်သွားစဉ် နယ်လှည့်ဆေးဆရာကြီးက-

'ကဲ..လူမမာက အရေးကြီးတယ်။ မင်းဆေး ဘယ်လောက်စွမ်းလဲဆိုတာ ငါသိချင်လို့ လူမမာကို စမ်းသပ်ပြီး ငါ့ရှေ့မှာ ဆေးတစ်ခွက် တိုက်ပြစမ်းပါ။ မင်းဆေးစွမ်း ဘယ်လောက်ရှိလဲ ငါကြည့်မယ်။ ကဲ..သွားတိုက်လိုက်ပါ'

သူတို့နယ်တစ်ပိုက်တွင် ပြိုင်စံရှားဆရာကြီးဦးဘောက်ဖြူမှာ ရှက်ရှက်နှင့်ပင် လူမမာနား ထသွားကြည့်ရ၏။ လူမမာမှာ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေ၏။

လူမမာဦးလူကြီး၏ လက်ကိုကိုင်ပြီး သွေးစမ်းကြည့်လိုက်သည်။ ချက်ချင်းပင် သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွား၏။ လူမမာ၏ သွေးခုန်နှုန်းမှာ ပေါ်လိုက်ပျောက်လိုက်နှင့် ပယောဂဆန်နေသည်။

ဆရာဦးဘောက်ဖြူသည် နယ်လှည့်ဆေးဆရာကြီးဘက် တစ်ချက်လှည့်ကြည့်လိုက်၏။ ဆရာကြီးနယ်လှည့်ကလည်း သူ့ကိုကြည့်၍ သရော်ပြုံး ပြုံးနေ၏။

'ရေတစ်ခွက်လောက် ပေးပါ'

ဆရာကြီးဦးဘောက်ဖြူက ရေတစ်ခွက်လှမ်းတောင်းလိုက်ရာ ရေတစ်ခွက်ကို လူမမာသားကြီးက ချက်ချင်းလာပေး၏။ ဦးဘောက်ဖြူသည် သူ့လွယ်အိတ်ထဲက ဆေးတစ်ပုလင်းကို ထုတ်သည်။ လက်ဝါးပေါ်တွင် ရေနှင့် ပုလင်းထဲကဆေးကို သမအောင် မွှေလိုက်၏။ မေးခိုင်၍ ပါးစပ်ဟ,မရဖြစ်နေသော လူနာ၏မေးရိုးကို ပွတ်သိမ်းလိုက်သည်။ ပါးစပ်ကိုလည်း အတင်းဟခိုင်းပြီး လျှာပွတ်ဆေးနှင့် နှိုက်လိမ်းပေးသည်။ သူ့လက်ကို လူမမာက ကိုက်လိုက်သဖြင့် ကမန်းကတန်း လက်ကို ရုပ်လိုက်ရသည်။ လူမမာကား ဘာမှထူးခြားမလာ။

ဆရာကြီးဦးဘောက်ဖြူ လူနာ၏အခြေအနေကို ခဏစောင့်ကြည့်နေစဉ် နယ်လှည့်ဆေးဆရာကြီးက-

'သမားတော်တော်ကြီးဆေးက ဘာမှအစွမ်းမပြပါလား။ ကျုပ်ဆေးသာဆို ပါးစပ်ထဲ ဆေးတစ်စက်ကျရုံနဲ့ လူမမာ ချက်ချင်း ထထိုင်စေရမယ်။ သမားတော်ကြီး ယုံလား'

'ဟုတ်ကဲ့ပါ ဆရာကြီး၊ ဆေးအစွမ်းလည်း မြင်ပါရစေ။ ကြည့်ပါရစေခင်ဗျား'

'ဟဲ..ဟဲ..ကျုပ်ဆေးအစွမ်းကို ပြပါ့မယ်။ ခဏသည်းခံပြီး စောင့်ကြည့်သွားပါဦး'

ပြောပြောဆိုဆိုနှင့်ပင် နယ်လှည့်ဆေးဆရာကြီးသည် အိမ်အောက်ဆင်းသွားပြီး ရေသုံးခန်းဇာပြင်အောက်ရှိ စပါးလင်ပုတ်တစ်ပုတ်မှ စပါးလင်မြစ်တစ်မြစ်ကို လက်နှင့်တူးယက်ယူသည်။ ဤသည်ကို မြင်လိုက်ရသောအခါ ဆေးဆရာကြီး ဦးဘောက်ဖြူမှာ ရုတ်တရက် အထိတ်တလန့်ဖြစ်သွား၏။

လူနာရှင်နှင့် လာကြည့်နေကြသော အိမ်နီးနားကလူများမှာမူ နယ်လှည့်ဆရာကြီး မည်သို့မည်ပုံ အစွမ်းပြကုသမည်ကိုသာ ပါးစပ်အဟောင်းသားနှင့် အသက်ရှူမှားမတတ် တိတ်တိတ်ဆိတ်ဆိတ် ကြည့်နေကြ၏။

နယ်လှည့်ဆေးဆရာကြီး အိမ်ပေါ် ပြန်တက်လာသည်။ စပါးလင်မြစ်တစ်မြစ်ကို သူ့လက်သည်းခွံပေါ်တွင် တံတွေးထွေးချပြီး သွေးလာ၏။

'ဆေးကောင်းတော့ သန်းခေါင်းဆို မဟုတ်ပါလား သမားတော်ကြီးရဲ့။ ကျုပ်ဆေး လူမမာပါးစပ်ထဲ သန်းခေါင်းခန့် ဝင်သွားရုံနဲ့ လူမမာ ချက်ချင်းသတိရလာပြီး ထထိုင်စေရမယ်။ ကြည့်နေ'

'ဟုတ်..ဟုတ်ကဲ့ပါ ဆရာကြီး၊ ဆရာကြီးရဲ့ ဆေးပညာအစွမ်းကို မြင်ပါရစေခင်ဗျား'

လက်သည်းခွံပေါ်တွင် ဆေးသွေးရင်း လူမမာနားကို လျှောက်လာသော ဆရာကြီးနယ်လှည့်ကို ဦးဘောက်ဖြူမှာ မျက်လုံးအပြူးသားနှင့် အံ့ဩတကြီးကြည့်နေ၏။ ဆရာကြီး လူမမာနား ထိုင်လိုက်သောအခါ ဆေးဆရာ



www.burmeseclassic.com

www.burmeseclassic.com

ဦးဘောက်ဖြူမှာလည်း နယ်လှည့်ဆရာကြီးနား တိုးကပ်ကြည့်၏။

ထိုအချိန်မှာပင် နယ်လှည့်ဆေးဆရာကြီးသည် လူနာပါးစပ်ထဲကို လက်သည်းခွံပေါ်က သူ့ဆေးကို ခွံ့ကျွေးလိုက်၏။ လူမမာသည် ချက်ချင်းထထိုင်၏။ ဝိုင်းကြည့်နေကြသူတွေမှာ ဟယ်ခနဲ၊ ဟာခနဲ ဖြစ်သွားကြသည်။

ထထိုင်လိုက်သော လူမမာသည် ဦးဘောက်ဖြူနှင့်တကွ အိမ်သူအိမ်သားများပါမကျန် အားလုံးကို မျက်လုံးပြူးမျက်ဆံပြူးနှင့် ဝေ့ဝိုက်ကြည့်သည်။ တစ်လ၊ နှစ်လ ရောဂါဖြစ်နေသော လူမမာ၏ မျက်တွင်းဟောက်ပက်၊ ပါးရိုးနားရိုးငေါငေါကြီးနှင့် ကြည့်နေသော အကြည့်မှာ သူစိမ်းတစ်စုံရုံဆံကို မဆိုထားနှင့်၊ အိမ်သူအိမ်သားများ အမြင်မှာပင် ကြောက်စရာ ကျော့ချမ်းစရာကြီး ဖြစ်နေ၏။

ဦးဘောက်ဖြူနှင့် အိမ်သူအိမ်သားများကသာ အထိတ်တလန့် ကြည့်နေကြရသော်လည်း နယ်လှည့်ဆေးဆရာကြီးကမူ အပြုံးမပျက်။ ကျုပ်ဆေး ဘယ်လောက်စွမ်းတယ်ဆိုတာ သမားတော်ကြီးနဲ့ ခင်ဗျားတို့ မြင်ကြပြီမဟုတ်လားဟူသော သဘောနှင့် အပြုံးမပျက် လူတွေကို တစ်မျက်နှာပြီး တစ်မျက်နှာ လိုက်ကြည့်နေ၏။

ထိုအချိန်မှာပင် လူမမာက လည်ချောင်းအစ်သံကြီးနှင့် 'ထမင်းစားချင်တယ်၊ ထမင်းစားချင်တယ်။ ထမင်းပေးပါ' ဟု ဆိုလာပြန်၏။

'ကဲ··အယုတ်တမာမိစ္ဆာကောင်။ စားစမ်း ထမင်း၊ စားစမ်း၊ ဖြန်း'

ဆေးဆရာကြီး ဦးဘောက်ဖြူသည် လူမမာ ထထိုင်၍ ထမင်းတောင်းလိုက်သည်နှင့် အရာဝတ္ထုတစ်ခုကို မသိမသာ နှိုက်ယူလိုက်ပြီး အနားတွင်ထိုင်နေသော နယ်လှည့်ဆေးဆရာကြီး၏ ကျောကုန်းကို ဖြန်းခနဲ တစ်ချက်ရိုက်ထည့်လိုက်ရာ-

'အောင်မယ်လေးလေး··သေပါပြီ ဆရာကြီးရယ်။ ကြောက်ပါပြီ၊ တောင်းပန်ပါတယ်။ ဆရာကြီးကို ပြစ်မှားမိပါတယ်။ တောင်းပန်ပါတယ်၊ ခွင့်လွှတ်ပါ'ဟု အော်ဟစ်ကာ နယ်လှည့်ဆေးဆရာကြီး အိမ်ပေါ်က ဆင်းပြေးသွားလေသည်။

ထိုအခါ ထထိုင် ထမင်းတောင်းနေသော လူမမာလည်း အိပ်ရာထဲ ပြန်လဲကျသွားကာ တဟင်းဟင်းညည်းလာသည်။

'တောက်··မိုက်ရိုင်းတဲ့ ပြိတ္တာကောင်။ နင်တော့ တစ်ညလုံး ငိုရပြီသာ မှတ်ပေတော့။ နေ့ခင်းကြောင်တောင်ကြီး အတင့်ရဲလိုက်တာ။ မှတ်လောက်အောင် ဆုံးမမှ'

အိမ်ပေါ်က အော်ဟစ်ဆင်းပြေးသွားသော နယ်လှည့်ဆေးဆရာကြီးကို လှမ်းကြည့်ကာ သမားတော်ကြီး ဦးဘောက်ဖြူက ရေရွတ်ကြိမ်းဝါးလိုက်သည်။ ပြီးတော့မှ လူမမာ ဦးလူကြီးကို ဆေးတစ်ခွက်တိုက်သည်။

ဆေးတိုက်ပြီးမှ-

'ခင်ဗျားတို့ ရေကပြင်အောက်က စပါးလင်ပုတ်ကို ခုချက်ချင်းနုတ်ပြီး နောက်ဘက်က ခြံစည်းရိုးနား ပြောင်းစိုက်လိုက်ကြပါ။ နောက်ကိုလည်း တစ်သက်လုံး မှတ်ထားကြ။ ရေကပြင်အောက်မှာ စပါးလင်ကို ဘယ်တော့မှ မစိုက်ကြပါနဲ့။ အထူးသဖြင့်တော့ စပါးလင်ပုတ်ပေါ် သွားငါးဆေးတဲ့ရေကိုလည်း မလောင်းမိကြပါစေနဲ့'ဟု ပြောလိုက်၏။

ဆေးဆရာကြီး ဦးဘောက်ဖြူသည် ထိုညက လူမမာကို စောင့်ကြည့်ရင်း တစ်ညလုံး ပုတီးစိပ်ကာ ဂုဏ်တော်တွေကို ရွတ်နေ၏။ ဆေးဆရာကြီးဦးဘောက်ဖြူ ဂုဏ်တော်ရွတ်သံကို အိမ်သားတွေက ကြားကြရပြီး တစ်ရွာလုံးရှိ လူများကမူ သစ်ခုတ်သွားလမ်းဘက် တောထဲက တစ်စုံတစ်ယောက်၏ ငိုညည်းနေသံကို တစ်ညလုံး ကြားနေကြရလေသည်။

နောက်တစ်နေ့မနက်မှာ လူမမာဦးလူကြီး သတိရ၍ စကားပြောနိုင်၊ ဆိုနိုင် ဖြစ်လာ၏။ သမားတော်ကြီး ဦးဘောက်ဖြူလည်း လူမမာကို ဆေးဝါးခတ်စာတွေ ပေးထားခဲ့ပြီး သူ့ရွာသူ ပြန်သွားလေသည်။

ဆေးဆရာကြီး ဦးဘောက်ဖြူ သူ့ရွာသူ ပြန်သွားပြီး နောက်နောက်ညတွေမှာတော့ တောတက်လမ်းဘက်က ငိုညည်းနေသံကို မကြားကြရတော့ပေ။

**စာကြွင်း**

ဘိုးစဉ်ဘောင်ဆက် သက်ကြီးစကား သက်ငယ်ကြား လက်ဆင့်ကမ်း ပြောလာခဲ့ကြသော မယုံနိုင်စရာ ပုံပြင်ပမာ အဖြစ်ကို ရေးသားတင်ပြလိုက်ရပေသည်။

**ဝေယံလင်းခေါင်**



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဝေဘ(တားကုန်)

# ကိုယ့်ကြွေမှာကိုယ် မကြည့်မိသော လက္ခဏာဆရာ

'ဟဲ့..လာစမ်း၊ နင့်ကို ငါ လက္ခဏာဆရာနဲ့ တွေ့ပေးမလို့'

လေဒီဝင်ဒါမီယာက မြို့စားကလေး အာသာ၏လက်မောင်းအား လှမ်းဆွဲရင်း ပြောလိုက်သည်။

'ဗျာ..လက္ခဏာဆရာဆိုတာ ဘာလဲဗျ'

'လူတွေရဲ့ လက်ဖဝါးကိုကြည့်ပြီး ရှေ့ဖြစ်နောက်ကြောင်းတွေ ဟောတဲ့သူလေ။ နင်လို လူရွယ်တစ်ယောက်က ကိုယ့်နောင်ရေးကိုယ် သိထားသင့်တယ်ဟဲ့'

'ဪ..ဗေဒင်ဆရာလိုမျိုးပေါ့'

အာသာ၏မှတ်ချက်ကို လေဒီဝင်ဒါမီယာက ဖျာဖျာသလဲ ပြန်ချေလိုက်သည်။

'နိုး..နိုး..မဟုတ်ဘူးဟဲ့၊ သူက ရိုးရိုးဗေဒင်ဆရာထက် သာတယ်။ ပိုပြီးလည်း ခေတ်ဆန်တယ်။ လန်ဒန်မှာ လူတိုင်းလိုလို လက္ခဏာဆရာဆီ သွားနေကြတာ။ ငါတောင် တစ်ပတ်တစ်ခါ သူ့ဆီ သွားနေကျဟဲ့'

'သူက နိုင်ငံခြားသားလားဗျ'

'ဘယ်ကလာ..အင်္ဂလိပ်လူမျိုးစစ်စစ်ကြီး။ နာမည်က မစ္စတာပေါ်ဂျားတဲ့'

'ကောင်းပြီဗျာ၊ မစ္စတာပေါ်ဂျားနဲ့ မိတ်ဆက်ပေးပေတော့။ ဒါပေမဲ့ အနာဂတ်အကြောင်းတွေ မသိချင်ပါဘူး။ အားလုံး အိုကေစိုပြည်နေတဲ့ လက်ရှိဘဝကိုပဲ ပိုကြိုက်တယ်ဗျ'

စကားဆုံးသည်နှင့် နှစ်ယောက်သား လူအုပ်ကြီးကြားထဲသို့ ဝင်သွားကြတော့သည်။

◆◆◆

ခန်းမကြီးထဲတွင် ဧည့်ပရိသတ်များက အပြည့်။

ခေတ်မီအဖိုးတန်ဝတ်စုံများကလည်း ပြိုးပြိုးပြောင်ပြောင်။ လေဒီဝင်ဒါမီယာ၏ မိုးဦးရာသီဧည့်ခံပွဲ ကျင်းပနေခြင်းဖြစ်သည်။ သူမ၏ ဧည့်ခံပွဲများသည် လန်ဒန်မြို့တော်တွင် အကျော်ကြားဆုံးနှင့် ခေတ်အမီဆုံးပင် ဖြစ်သည်။ နှစ်စဉ် ကျင်းပပြီး မြို့တော်တစ်ဝန်းလုံးရှိ လူကုံထံအားလုံးကို ဖိတ်ကြားလေ့ရှိလေသည်။

ယခုဧည့်ခံပွဲတွင်လည်း မြို့စားအတော်များများ ကြွရောက်လာကြသည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးခြောက်ဦးသည် ဂျာမန်တော်ဝင်မင်းသမီးတစ်ပါးနှင့် စကားလက်ဆုံကျနေကြသည်။ အနိုဝန်ကြီးများက အနီးမှ ခပ်သုတ်သုတ်ဖြတ်သွားသည့် လေဒီဝင်ဒါမီယာကို ပြုံးပြနှုတ်ဆက်လိုက်ကြသည်။

ဧည့်ခန်းမကြီးထဲတွင် နိုင်ငံစုံမှ သံတမန်များလည်း ရောက်နေကြသည်။ နာမည်ကျော် ပန်းချီဆရာများ၊ ဂီတပညာရှင်များနှင့် ဆရာဝန်ကြီးများကိုလည်း မပျက်မကွက်တွေ့ရသည်။ သိပ္ပံပညာရှင်တစ်ဦးသည် နိုင်ငံရေးနှင့်စီးပွားရေးအကြောင်းများကို အာပေါင်အာရင်းသန်စွာ ပြောလျက်ရှိသည်။ ရုရှားနန်းတွင်းတော်လှန်ရေးသမားတစ်ဦးကလည်း ဗုံးလက်နက်များအကြောင်း ဝါဒဖြန့်နေပြန်သည်။ ၎င်းတို့နှင့် မလှမ်းမကမ်းတွင် ရပ်နေသူကတော့ လက္ခဏာဆရာကြီး မစ္စတာပေါ်ဂျား။

'ဟိုမှာ သူပဲ၊ အဲဒါ မစ္စတာပေါ်ဂျား။ ပေစလီမြို့စားကတော်နဲ့ စကားပြောနေတာလေ'

လေဒီဝင်ဒါမီယာက ပြောပြောဆိုဆို မေးငေါ့ပြခဲ့သည်။ မြို့စားကလေး အာသာက လှမ်းကြည့်ခဲ့ရာ ပေစလီမြို့စားကတော်၏ လက္ခဏာကို ကြည့်နေသော ပုပုဝဝ လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုသူ၏ ပြုံးပုံက အကြည့်ရဆိုးလှသည်။ ရွှေကိုင်းမျက်မှန်အောက်က မျက်ပေါက်ကျဉ်းကျဉ်းကလေးများက အရောင်တောက်နေကြသည်။ သူသည် မြို့စားကတော်၏ ညာလက်အား စေ့စပ်စွာကြည့်ရင်း ပြောလိုက်သည်။

'လှလိုက်တဲ့ လက်ရာလေးပါလားဗျာ'

www.burmeseclassic.com

www.burmeseclassic.com

အာသာသည် မြို့စားကတော်၏လက်ကို မသိမသာ လှမ်းကြည့်လိုက်သည်။ သေးငယ်ပြီး မပြေပြစ်သည့်လက်ဖဝါး။ သို့ရာတွင် သူမသည် သဘောအလွန်ခွေ့သွားဟန်ဖြင့် ပြုံးလိုက်သည်။ မစ္စတာပေါဂျားကလည်း ဟောကိန်းဆက်ထုတ်လိုက်သည်။

'အင်း..ကတော်ဂုဏ်ရည်နဲ့လိုက်ဖက်အောင် စီးပွားရေးအမြင်ကလည်း ကျယ်ပါပေ့'

'မြို့စားကြီး ပေစလီနဲ့ လက်ထပ်ခဲ့တုန်းက ကျွန်မအသက်ငယ်ငယ်လေးပဲ ရှိသေးတာ။ သူ့မှာ ရဲတိုက်ကြီးတွေ တစ်ဒါဇင်လောက်ရှိပေမယ့် အိမ်တစ်လုံးမှ မရှိဘူး။ ဒါကြောင့် အဲဒါကြီးတွေအားလုံး ရောင်းထုတ်ပစ်ဖို့ နားချခဲ့ရတယ်။ ခုတော့ ကျွန်မ အိမ်ကြီးအိမ်ကောင်းတွေ တစ်ဒါဇင်နီးပါး ပိုင်နေပြီလေ'

သူမကို အနီးဝန်းကျင်တွင် ရှိနေကြသူများက ရယ်မောလျက် ဩဘာပေးလိုက်ကြသည်။ ထို့နောက် သွားကြီး ဖြီးနေသော မစ္စတာပေါဂျားကို ၄င်းတို့၏ လက္ခဏာများ ကြည့်ပေးရန် ဝိုင်းတောင်းဆိုကြတော့သည်။ မြို့စားကလေး အာသာကတော့ အခြေအနေကို အကဲခတ်လျက်ရှိလေသည်။ နာမည်ကျော် စူးစမ်းရှာဖွေသူ ဆာသောမတ်(စ်)က သူ၏လက်ကို ဆန့်ပေးလိုက်သည်။ မစ္စတာပေါဂျားက တစ်ချက်စိုက်ကြည့်ကာ မလှမပပြုံးလျက် ဟောကိန်းထုတ်လိုက်သည်။

'စွန့်စားခန်းတွေ အများကြီး ကြုံခဲ့တာပဲကိုး။ ပင်လယ်ပြင်ခရီးရှည်ကြီးထွက်ခဲ့တာလည်း လေးကြိမ်တောင်ပါလား။ သင်္ဘော နှစ်ခါနစ်ခဲ့တယ်။ အခုလည်း တောင်ဝင်ရိုးစွန်းဘက် ခရီးနှင်ဖို့ ပြင်နေပြန်ပြီ။ အဲ..အသက်ဆယ့်ခုနစ်နှစ်တုန်းက ကျန်းမာရေး တော်တော်ညံ့ခဲ့တာပဲ။ အသက်သုံးဆယ်မှာ သူဌေးဖြစ်ခဲ့တယ်။ ကြောင်တွေကို မုန်းတဲ့ ပုဂ္ဂိုလ်ကြီးပဲဗျ'

'အံ့လောက်ပါပေရဲ့ဗျာ၊ တစ်လုံးမှမလွဲဘူး။ တကယ့်ကို လက်ဖျားခါလောက်တယ်'

ပါးစပ်အဟောင်းသားဖြင့် နားစွင့်နေခဲ့သော ဆာသောမတ်(စ်)က အာမေဋိတ်ပြုလိုက်သည်။ ထိုအခိုက်တွင် လေဒီဝင်ဒါမီယာသည် ဆာသောမတ်(စ်)ဘက်သို့လှည့်၍ စကားညှပ်လိုက်သည်။



www.burmeseclassic.com

'သူက လက်ဖဝါးတွေသာမကဘူး၊ သတင်းစာလည်း အမြဲဖတ်တယ်ရှင့်။ နာမည်ကြီးသူတွေရဲ့သတင်းကို မှတ်ထားပြီး ဟောကိန်းထုတ်တာ ဘာခက်တာ မှတ်လို့'

'အလို..ခင်ဗျားက မယုံဘူးလား။ ဒါဆို ဘာလို့ သူ့ကို ဖိတ်ရတာတဲ့တုံး'

'အပျော်အပြက်သဘောပေါ့ရှင်။ ကျွန်မစည့်သည်တွေ အပျင်းပြေရတာပေါ့'

ထိုစဉ်တွင်ပင် မစ္စတာပေါ်ဂျားရှေ့သို့ လူလေးငါးရှစ်ယောက်ခန့်က လက်များ ထိုးပေးလာကြသည်။

လက္ခဏာဆရာကြီးကလည်း လက်တစ်ချောင်းပြီး တစ်ချောင်း ဆွဲကိုင်ကြည့်ပြီး ဒိုးခနဲ ဒေါက်ခနဲ ဟောပေးလိုက်သည်။ အားလုံး တအံ့တသြဖြင့် တစ်ယောက်တစ်ပေါက် ရယ်မောအော်ဟစ်ပြောလိုက်ကြသံများ ညံသွားတော့သည်။

'မှန်လိုက်တာဗျာ'

'အံ့မခန်းပါပဲရှင်'

'မစ္စတာပေါ်ဂျားကတော့ တကယ့်လူထူးပါပဲ'

'ဘုရားမိုပဲဗျို့'

ထိုအခိုက်တွင် လေဒီဝင်ဒါမီယာက တစ်စခန်းထလာတော့သည်။

'ကဲ..ကဲ..အခု ကိုယ်တော်လေးအာသာရဲ့အလှည့်။ နင့်နောင်ရေးကို ငါသိချင်တယ်'

'ဟာဗျာ၊ လေဒီကြီးကလည်း လုပ်တော့မယ်'

'မနက်ဖြန်ကျရင် နင်နဲ့ စေ့စပ်ထားတဲ့ ဆဲ(လ်)ဗီငါ့ဆီ လာလိမ့်မယ်။ နင့်ရဲ့ ကောင်းသတင်းလေးတွေ သူ့ကို ပေးချင်လို့ဟဲ့'

သူမသည် လက္ခဏာဆရာကြီးဘက်သို့ လှည့်၍ ဆက်ပြောလိုက်သည်။

'ကဲ..မစ္စတာပေါ်ဂျား၊ သူက မြို့စားကလေးအာသာတဲ့။ ကျွန်မအချစ်တော်ကလေးပါ။ နောက်လကျရင် လက်ထပ်တော့မှာ။ သူ့နောင်ရေးလေး တစ်ဆိတ်ကြည့်ပေးစမ်းပါဦး။ ကောင်းတာတွေပဲ ဟောနော်'

'စိတ်ချပါဗျာ'

မစ္စတာပေါ်ဂျားသည် အာသာညာလက်အား ဆွဲယူကြည့်လိုက်သည်။ မျက်နှာကွက်ခနဲပျက်သွားသော်လည်း နှုတ်မှတော့ တစ်ခွန်းမျှမဟ။ တစ်မိနစ်ကျော်ကြာမျှ အာသာလက်အား အနီးကပ် စူးစူးစိုက်စိုက်ကြည့်နေခဲ့သည်။

'မစ္စတာပေါ်ဂျား..တစ်ခုခုပြောဦးလေဗျာ'

အာသာက စိုးရိမ်တကြီး ပြောလိုက်သည်။

'တို့လည်း ကြားချင်နေပြီ'

လေဒီဝင်ဒါမီယာကလည်း ဝင်ထောက်ပေးလိုက်သည်။

မစ္စတာပေါ်ဂျားသည် မကျေနပ်သေးဟန်ဖြင့် အာသာ၏လက်အား ဆွဲယူလိုက်သည်။ ထို့နောက် ရွှေကိုင်းမျက်မှန်နှင့် ထိလုခမန်း အနီးကပ်ဆွဲယူကြည့်လိုက်သည်။ အမူအရာထပ်ပျက်သွားပြန်သည်။ သို့သော် ရုတ်ခြည်းပင် ဣန္ဒြေဆည်ကာ မလှမပပြုံးရင်း ပြောလိုက်သည်။

'အစစပြည့်စုံတဲ့ ခင်မင်စရာ လူရွယ်တစ်ယောက်ရဲ့ လက်မျိုးပါပဲ'

လေဒီဝင်ဒါမီယာက အစာမကြေသံဖြင့် ဝင်ပြောလိုက်သည်။

'ဒီလိုပဲ ဖြစ်ရမှာပေါ့ဟဲ့။ ဒါပေမဲ့ ချစ်ခင်အားကိုးရမယ့် လင်ကောင်းတစ်ယောက်ရော ဖြစ်ပါ့မလားဆိုတာ သိချင်တယ်'

'ဒီလို လူရွယ်တိုင်းလိုလို လင်ကောင်းသားကောင်းဖြစ်လာကြတာချည်းပါပဲဗျာ'

'ငါ သိတယ်။ အခု သူ့နောင်ရေးကို ဟောစမ်းပါ။ ဘယ်လိုအဖြစ်တွေနဲ့ ကြုံရမလဲဆိုတာ သိချင်တယ်'

လေဒီဝင်ဒါမီယာက စွာကျယ်ကျယ်အသံဖြင့် ပြောလိုက်သည်။ မစ္စတာပေါ်ဂျားက ချိန်ချိန်ဆဆဖြင့် ပြန်ပြောခဲ့သည်။

'သိပ်များများစားစား မရှိပါဘူး။ မကြာခင်မှာ ခရီးတစ်ခု ထွက်ဖို့တော့ မြင်တယ်'

'ဒါများ မဆန်းပါဘူး။ နောက်လဆိုရင် သူလက်ထပ်တော့မှာပဲ။ ပြီးရင် ပျားရည်ဆမ်းခရီး ထွက်မှာပေါ့။ အဲဒါကို ပြောတာလား'

'အင်း..ဟုတ်ချင်လည်း ဟုတ်မှာပေါ့။ အဲ..မကြာခင်မှာ သူ့ဆွေမျိုးသားချင်းတစ်ယောက်ယောက် သေဖို့ရှိတယ်ဗျ'

'ဘယ်သူများလဲ။ သူ့ညီမတော့ မဟုတ်လောက်ပါဘူးနော်'

လေဒီဝင်ဒါမီယာက စိုးရိမ်တကြီး ဖြတ်မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။

'နိုး..နိုး..မိသားစုအရင်းထဲက မဟုတ်ဘူး။ ဆွေနီး မျိုးစပ်ထဲက ဖြစ်လိမ့်မယ်'

မစ္စတာပေါ်ဂျားသည် ထိုမျှသာပြောပြီး နှုတ်ဆိတ်နေလိုက်တော့သည်။ လေဒီဝင်ဒါမီယာသည် ဒေါသကြိတ်ဖြစ်နေမိသည်။ သာယာသော ညနေခင်းလေး အကျည်းတန်သွားပြီဟုလည်း ယူဆနေခဲ့လေသည်။ သို့သော် သူမသည် ဣန္ဒြေထိန်းကာ ဧည့်သည်များကို လှမ်းပြောလိုက်သည်။

'ကဲ..ကဲ..အားလုံးလာကြ။ ညစာစားချိန်ရောက်ပြီ။ စားပွဲတွေလည်း အဆင်သင့်ပဲ။ သွားကြမယ်'

သူမသည် စကားဆုံးသည်နှင့် ခန်းမကြီးအတွင်းမှ လှမ်းထွက်သွားသည်။ ဧည့်သည်များသည်လည်း သူမနောက်မှ အလျှို့အလျှို လိုက်သွားကြသည်။ ဧည့်ခန်းမကြီးအတွင်း၌ မြို့စားလေးအာသာနှင့် လက္ခဏာဆရာပေါ်ဂျားတို့နှစ်ဦးသာ ကျန်ခဲ့ကြသည်။

'ခင်ဗျား စကားကုန်မပြောဘဲ ချန်ထားတာတွေရှိတယ် မဟုတ်လား။ ခု ပြောပြပေတော့'

မစ္စတာပေါ်ဂျားက ခေါင်းတည်[illegible] လုပ်နေသဖြင့် အာသာက ဆက်ပြောလိုက်သည်။

'ကျုပ် သူငယ်နုပ်စားလေး မဟုတ်ဘူး။ အမှန်အတိုင်း သိမှဖြစ်မယ်။ ခုချက်ချင်း ပြောပြ။ ပေါင်တစ်ရာ ဆုချမယ်'

မစ္စတာပေါ်ဂျား၏ မျက်ဝန်းများ ဝင်းလက်သွားကြသည်။ ပေါင်တစ်ရာဆိုသောငွေက မက်မောလောက်စရာပင်။

'ကောင်းပါလေ့။ ဟောဒီမှာ ကျုပ်ရုံးခန်းလိပ်စာ၊ ရော့'

လက္ခဏာဆရာကြီးသည် အိတ်အတွင်းမှ ကတ်ပြားကလေးအား ထုတ်ပေးရင်း စကားဆက်လိုက်သည်။

'မနက်ဖြန်ကျရင် ရုံးကို ပေါင်တစ်ရာပို့ပေးလိုက်။ ချန်ထားခဲ့တာကို အခုပြောပြမယ်။ သဘောကျမယ်တော့ မထင်ဘူး'

အာသာသည် လိပ်စာကတ်ကလေးအား လှမ်းယူလိုက်သည်။ ထို့နောက် မစ္စတာပေါ်ဂျားပြောသမျှကို နားစိုက်ထောင်နေခဲ့တော့သည်။

◆◆◆

ဆယ်မိနစ်သာသာခန့် ကြာခဲ့ပြီးနောက်–

မြို့စားကလေး အာသာသည် လေဒီဝင်ဒါမီယာ၏ စံအိမ်ကြီးမှ ပြန်ထွက်လာခဲ့သည်။ အိမ်ကြီးရှင်မကြီးကို နှုတ်ပင်မဆက်ခဲ့တော့။ ညစာစားလိုစိတ်လည်း မရှိ။ သောကဖိစီးကာ ကယောင်ချောက်ချား ဖြစ်နေရသည်။ မကြုံဖူးအောင်လည်း ကြောက်ရွံ့ထိတ်လန့်နေမိပြန်လေသည်။

မစ္စတာပေါ်ဂျား ဟောကိန်းထုတ်ခဲ့သော ကြမ္မာရှင်းစက်ကွင်းမှ ရုန်းထွက်နိုင်ပါမည်လော။ ဖြစ်နိုင်ခြေက မရှိသလောက်ပင်။ သို့သော် အနိဋ္ဌကြမ္မာရှင်းကို လမ်းပြောင်းပေးလိုက်လျှင် ရနိုင်ကောင်းရဲ့ဟူသော အတွေးဝင်လာမိသည်။ လက်တွေ့အကောင်အထည်ဖော်ရန် နည်းလမ်းကိုတော့ ရှာရပေဦးမည်။ သူသည် အတွေးစဉ်အမျှင်တန်းရင်း ဆက်လျှောက်သွားခဲ့သည်။

ရစ်(ချ်)လမ်းထောင့်သို့ ရောက်သောအခါ လူနှစ်ယောက်ကို လှမ်းတွေ့လိုက်ရသည်။ ၎င်းတို့သည် လမ်းထောင့်နံရံပေါ်ရှိ ရဲအဖွဲ့ကြော်ငြာစာကို ဖတ်လျက်ရှိကြသည်။ သူလည်း ထိုနေရာသို့လျှောက်သွားကာ ဖတ်ကြည့်လိုက်သည်။ လူသတ်မှုဟူသော ခေါင်းစီးစာလုံးမည်းကြီးကို ဦးစွာတွေ့လိုက်ရသည်။ ဆိုဟိုရပ်ကွက်တွင် လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့လေသည်။ သတင်းပေးသူကို ဆုငွေချီးမြှင့်မည့်အကြောင်း ရေးသားထားသည်။ လူသတ်သမား၏ ပုံတူကိုလည်း ဖော်ပြထားလေသည်။

တစ်နေ့နေ့ကျရင် ရဲတွေက ငါ့ပုံတူကိုကပ်ပြီး ဒီလိုပဲ ကြော်ငြာကြလိမ့်မယ်ထင်ရဲ့။ ငါ့မှာ လူသတ်သမားဖြစ်ကိန်းရှိတယ်တဲ့ဟု တွေးလိုက်မိသည်။ သူသည် မကြာမီတွင်ပင် လူသတ်မိလိမ့်မည်ဟု မစ္စတာပေါ်ဂျားက ဟောကိန်းထုတ်ခဲ့သည်မဟုတ်လော။ မြို့စားကလေး အာသာသည် စိတ်ဓာတ်ကျစွာဖြင့် သူ၏အိမ်ရှိရာ ဘဲ(လ်)ဂရေဝင်းကြီးဘက်သို့ ခြေဦးလှည့်လိုက်လေတော့သည်။

◆◆◆

နောက်တစ်နေ့မွန်းတည့်ချိန်။

မြို့စားကလေးအာသာသည် နေ့ဝက်ကျိုးမှပင် အိပ်ရာက နိုးလာခဲ့သည်။ ခုတင်ထက်တွင် ဆက်လှဲနေရင်း စေ့စပ်ထားသူ ဆဲ(လ်)ဗီကို သတိရလိုက်သည်။ ခုတင်

www.burmeseclassic.com

ဘေးစားပွဲပေါ်ရှိ သူမ၏ဓာတ်ပုံကိုလည်း ငဲ့စောင်းကြည့်လိုက်မိသည်။ လွန်စွာချစ်ရသောသူမနှင့် တစ်လအတွင်း လက်ထပ်ရတော့မည်ဖြစ်သည်။

မြို့စားကလေးဟာ တစ်ယောက်ယောက်ကို သတ်မိမှာ သေချာတယ်ဗျဟူသော မစ္စတာပေါ်ဂျား၏ ဟောကိန်းကိုလည်း ပြန်လည်ကြားယောင်လာမိသည်။ အနှီလက္ခဏာဆရာကြီး၏စကားကို အဘယ်ကြောင့် ယုံကြည်နေမိမှန်း မသိပေ။ မဖြစ်နိုင်သည့် ကိစ္စကြီးပင်။ သို့သော် မစ္စတာပေါ်ဂျား၏ ဟောချက်ကို ကြားလိုက်ရစဉ်က အတော်ပင် တုန်လှုပ်ချောက်ချားခဲ့ရသည်။ ယခုလည်း ထိုနိမိတ်ဖတ်မှုကို မေ့ပျောက်၍မရ။ ငါ လူသတ်ရဦးမှာပဲ။ ဒါပေမဲ့ ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ သတ်မိမှာပါလိမ့်ဟူသော အတွေးဝင်္ကပါထဲတွင် ချာချာလည်နေတော့သည်။

ထိုအခြေအနေကြောင့် အာသာသည် ဆုံးဖြတ်ချက်နှစ်ခုကို ချလိုက်ရသည်။ ချစ်သောဆဲ(လ်)ဗီနှင့် လက်ထပ်မည့်အရေးကို ယာယီရွှေ့ဆိုင်းထားရန်က ပထမအချက်၊ ဒုတိယဆုံးဖြတ်ချက်သည်ကား တစ်စုံတစ်ယောက်အား သတ်၍ အနာဂတ်ကြမ္မာရိုင်းကို ကိုယ်တိုင် အမြန်ဆုံးပုံဖော်ရန်ပင် ဖြစ်သည်။ ထူးခြားဆန်းပြားသော်လည်း မဖြစ်မနေလုပ်ရန် ခိုင်မာစွာ သန္နိဋ္ဌာန်ချခဲ့တော့သည်။

မကြာခင်မှာ အမျိုးထဲက တစ်ယောက်ယောက်သေလိမ့်မယ်။ ဆွေမျိုးနီးစပ်ထဲကပဲဟုလည်း မစ္စတာပေါ်ဂျား နိမိတ်ဖတ်ခဲ့သည်ကို ပြေး၍သတိရလိုက်မိသည်။ သူ့တွင် ဆွေမျိုးနီးစပ်တော်သူ များများစားစားမရှိပေ။ အဒေါ်နှစ်ဝမ်းကွဲတော်စပ်သည့် လေဒီကလီမင်တီးနား တစ်ဦးတည်းသာ ရှိသည်။ အဘွားကြီးက အသက်ကြီးလှပြီ။ သိပ်နေရတော့မှာမဟုတ်ဘူး။ သူ့ကို သွားရှင်းပစ်ရမယ်။ ပြီးမှ အချစ်ကလေးဆဲ(လ်)ဗီနဲ့ လက်ထပ်မယ်ဟုတွေးကာ အံကြိတ်ရင်း လက်သီးကို ဆုပ်လိုက်မိလေတော့သည်။

◆ ◆ ◆

လန်ဒန်မြို့ရှိ စာကြည့်တိုက်ကြီးတစ်ခုအတွင်း၌ဖြစ်သည်။

မြို့စားကလေးအာသာသည် ဆေးပညာဆိုင်ရာ စာအုပ်စင်တန်းများကြားတွင် ဗျာများနေခဲ့သည်။ နောက်ဆုံးတွင် သူ အပူတပြင်းရှာနေသော အဆိပ်အတောက်ဗေဒစာအုပ်ကြီးကို တွေ့ခဲ့လေသည်။ အနှီစာအုပ်၏ အညွှန်းအရ အကိုနီတင်းဟူသည့် အဆိပ်ပြင်းသည် ညင်သာလျင်မြန်စွာဖြင့် ဇီဝိန်ချွေနိုင်ကြောင်း သိရှိခဲ့ရသည်။ သို့ဖြင့် ထို အဆိပ်အမည်ကို ရေးမှတ်ကာ ဆေးဆိုင်သို့ သုတ်ခြေတင်ခဲ့တော့သည်။ ရောက်လျှင် ဆေးဝါးပညာရှင်နှင့် တွေ့ခွင့်တောင်းကာ သူ၏လိုအင်ကို ပြောပြလိုက်သည်။

'ကျုပ်အိမ်က ခွေးကြီးက ဗွေဖောက်နေလို့ဗျ။ အကိုက်ခံရတဲ့သူတွေ မနည်းတော့ဘူး။ ရှင်းပစ်မှဖြစ်တော့မယ်။ မွေးလာတဲ့ သံယောဇဉ်ကြောင့် ကိုယ်တိုင် ပစ်မသတ်ရက်ဘူးဗျာ။ ကျုပ်ကို ကူညီပါဦး။ ညင်ညင်သာသာနဲ့ အသက်ထွက်သွားမယ့် အဆိပ်မျိုး လိုချင်လို့ပါ။ မိသားစုဆရာဝန်ကတော့ အကိုနီတင်းဆိုတဲ့အဆိပ်ကိုသုံးဖို့ ညွှန်လိုက်တယ်ဗျ'

'ဟုတ်ကဲ့၊ အဲဒါက ရှိတော့ ရှိပါတယ်။ ဒါပေမဲ့ ဒီအတိုင်း အလွတ်ပေးလိုက်လို့ မရဘူးဗျ။ ခင်ဗျားရဲ့ ဆရာဝန်ဆီက ထောက်ခံစာ ယူလာဖို့လိုတယ်'

'ဟုတ်လား၊ ကျုပ်ရဲ့ မိသားစုဆရာဝန်က ဆာမက်သယူးရီးယဒ်လေ။ ကျုပ်က မြို့စားကလေး အာသာပါ။ ထောက်ခံစာ လိုသေးလားဗျာ။ ကျုပ်မှာလည်း နိုင်ငံခြားခရီးစဉ်က ရှိနေတော့ ဒီကိစ္စကို မြန်မြန်လက်စသတ်လိုက်ချင်လို့ပါ'

အာသာပြောလိုက်သည့် ဆာမက်သယူးရီးယဒ်သည် နာမည်ကျော်ဆရာဝန်ကြီးတစ်ဦးပင် ဖြစ်သည်။ ဆေးဝါးပညာရှင်သည် ခေတ္တတွေ၍ စဉ်းစားလိုက်ပြီးမှ ပြန်ပြောလိုက်သည်။

'ကောင်းပြီလေ။ ဒီအဆိပ်ကို ခွေးသတ်ဖို့သာ သုံးပါမည်ဆိုတဲ့ ကတိကိုတော့ ပေးခဲ့ပါ မြို့စားလေး'

'ရတယ်..ရတယ်..ကျုပ် ကတိပေးပါတယ်'

'ဟုတ်ပြီ။ မြို့စားလေးခွေးအတွက် ဆေးတစ်လုံး ပေးလိုက်ပါ့မယ်'

နောက်နာရီဝက်ခန့်အကြာတွင် အာသာသည် စ... ကယ်ဒလီအရပ်ရှိ ဆိုင်တစ်ဆိုင်သို့ ရောက်သွားသည်။ သကြားလုံးဘူးငယ်ကလေး တစ်ဘူးကို ဝယ်ပြီးလျှင် သကြားလုံးများကို ထုတ်ယူလွှင့်ပစ်လိုက်သည်။ ထို့နောက် အဆိပ်ဆေးလုံးကလေးအား အသာပြန်ထည့်ထား...


www.burmeseclassic.com

www.burmeseclassic.com

လိုက်လေသည်။ ထိုအဆိပ်ဆေးလုံးကလေးသည် ရုတ်တရက် ကြည့်လိုက်လျှင် သကြားလုံးဝိုင်းဝိုင်းကလေးနှင့် ခွဲမရအောင် တူနေပေသည်။ သူသည် ကျေနပ်စွာ ပြုံးလိုက်ပြီး လေဒီကလီမင်တီးနား အိမ်ရှိရာ ကာဇနိလမ်းသို့ ဦးတည်ထွက်ခဲ့တော့သည်။

◆◆◆

'ဝမ်းသာလိုက်တာ အာသာရယ်။ ငါ့ကို သတိရသေးတာကိုး'

မြို့စားကလေး အာသာကို မြင်မြင်ချင်း လေဒီကလီမင်တီးနားက အံ့သြဝမ်းသာစွာဖြင့် စကားနာထိုးလိုက်သည်။

'ဒီအဒေါ်တစ်ယောက်ပဲရှိတာ ဘယ်မေ့ပါ့မလဲဗျာ။ ကိစ္စမှန်သမျှ တစ်ယောက်တည်း ဒိုင်ခံလုပ်နေရတော့ စိတ်ရှိတိုင်း ကိုယ်က မလိုက်နိုင်ဘူးလေ။ ခုတောင် ချိန်းထားတာတစ်ခုဖျက်ပြီး လာခဲ့တာဗျ'

'အေး..အေး..ဟုတ်ပါပြီ။ ဆဲ(လ်)ဗီကလေးရော နေကောင်းရဲ့လားဟဲ့။ မင်းတို့ မင်္ဂလာကိစ္စကလည်း အားလုံး အဆင်သင့်ဖြစ်ပြီမဟုတ်လား'

'ဟုတ်၊ ဆဲ(လ်)ဗီကတော့ ဒေါင်[illegible]မြည်ပဲဗျ။ ဒီနေ့ လေဒီဝင်ဒါမီယာဆီ သွားလိမ့်မယ်။ ကျွန်တော်လည်း အဲဒီကို လိုက်သွားမှာ'

'ကောင်းတာပေါ့ကွယ်။ တကူးတကန့် လာဖော်ရတာကို ကျေးဇူးတင်ပါတယ်။ အဒေါ်က အိုပြီး ရောဂါနဲ့ နပန်းလုံးနေရတာ။ အင်း..လူငယ်တွေကတော့ အဒေါ်ကို ဆန့်ကျင်မြေလေး အထီးကျန်ကြီးလို့ ထင်ကြမှာပဲ။ တကယ်တော့လည်း အဒေါ်မှာ ဧည့်သည်ဆိုလို့ ဆရာဝန်တစ်ယောက်ပဲ ရှိတာပါလေ'

'ကျွန်တော်လည်း ရှိပါသေးတယ်ဗျာ။ အဒေါ့်အတွက် ဆေးလည်း ဝယ်လာခဲ့တယ်။ ရော့..ဒီမှာ'

အာသာသည် ဘူးငယ်ကလေးအား ကမ်းပေးလိုက်သည်။ လေဒီကလီမင်တီးနားက လှမ်းယူကာ ဖွင့်လိုက်ပြီး ဆေးလုံးကလေးအား ထုတ်ယူကြည့်လိုက်သည်။

'သကြားလုံးကလေးနဲ့ တူလိုက်တာ။ ဆေးတော့ ဟုတ်ပါတယ်နော်။ အခု သောက်ရမှာလားကွယ့်'

အာသာက ပျာပျာသလဲ ဖြတ်ပြောလိုက်သည်။

'အမေရိက,က နောက်ဆုံးပေါ် ဆေးသစ်လေ အဒေါ်ရဲ့၊ သိပ်စွမ်းတာ။ ခု မသောက်နဲ့ဦး။ အိပ်ခါနီးကျမှ သောက်။ ကောင်းကောင်းအိပ်ပျော်လိမ့်မယ်'

'အေးပါကွယ်၊ သောက်ဖြစ်အောင် သောက်ပါ့မယ်။ အသက်ကြီးလာတော့ ဟိုမေ့ ဒီမေ့နဲ့။ ဒါပေမဲ့ မင်းတို့ လက်ထပ်ပွဲကိုတော့ သတိတရနဲ့ လာမှာပါ'

ခေတ္တအကြာတွင် အာသာသည် နှုတ်ဆက်၍ ပြန်ထွက်ခဲ့သည်။ ထို့နောက် ပတ်(ခ်)လိန်းအရပ်ရှိ ဆဲ(လ်)ဗီတို့အိမ်သို့ ဆက်သွားခဲ့သည်။ သူသည် လက်ထပ်ပွဲကို အချိန်အနည်းငယ်ဆွဲထားလိုပေသည်။ ချစ်ရသူ ဆဲ(လ်)ဗီ စိတ်မကောင်းဖြစ်မည်ကိုလည်း တွေးပူမိပြန်သည်။ သို့ပါသော်ငြား အခြေအနေအရ ဖွင့်မိုက်၍ ပြောလိုက်ရတော့သည်။

'တို့ သေချာပေါက် လက်ထပ်မှာပါကွာ။ အချိန်နည်းနည်းထပ်ပေးပါဦး။ အားလုံး အဆင်ပြေသွားမှာပါ။ ကိုယ့်ကို ယုံနော်'

ဆဲ(လ်)ဗီ၏မျက်နှာကလေး ညှိုးသွားရှာသည်။ အာသာက ထို့ထက်ပို၍လည်း ရှင်းမပြခဲ့ပေ။ သူမအနေဖြင့် စောဒကတက်ခွင့်မရှိ။ ဖွင့်ပြော၍မရသော အရေးကြီးကိစ္စကြောင့်ပင်ဖြစ်မည်ဟု ဖြေတွေးလိုက်ရတော့သည်။ အာသာသည် အတော်လေးညဥ့်နက်သည်အထိ ထွေရာလေးပါးများ ထိုင်ပြောနေခဲ့သည်။ ထို့နောက်တွင် ညဥ့်သန်းခေါင်ရထားဖြင့် အီတလီနိုင်ငံ ဗင်းနစ်မြို့သို့ ထွက်ခွာခဲ့လေသည်။

◆◆◆

နောက်နှစ်ပတ်ခန့်အကြာတွင် ဖြစ်သည်။

မြို့စားကလေးအာသာသည် ဗင်းနစ်မြို့ရှိ သူ၏အစ်ကို မြို့စားဆာဘစ်တန်၏အိမ်တွင် သွားနေခဲ့ခြင်းဖြစ်သည်။ သူသည် တစ်ရက်မျှ မပျော်ခဲ့ပေ။ ရင်တထိတ်ထိတ်ဖြင့် နေမထိထိုင်မသာ ဖြစ်နေခဲ့ရသည်။ အင်္ဂလန်မှ လာသည့် သတင်းစာများကိုလည်း နေ့စဉ် စောင့်ကြည့်ရသည်မှာ အမော။ လေဒီကလီမင်တီးနား၏ နာရေးသတင်းကို ရင်တမမဖြင့် စောင့်မျှော်နေခြင်းပင် ဖြစ်သည်။

ဤသို့ဖြင့် တစ်ခုသောနံနက်တွင် လန်ဒန်မှ ကြေးနန်းတစ်စောင် ရောက်လာခဲ့သည်။ လေဒီကလီမင်တီးနား ကွယ်လွန်သွားသည့်ကိစ္စ အကြောင်းကြားလာခြင်း ဖြစ်သည်။ သနားစရာ အဘွားကြီးသည် သူမ၏စံအိမ်ကြီးကို

www.burmeseclassic.com

တူတော်မောင် အာသာအတွက် အမွေပေးထားခဲ့ရှာလေသည်။

အာသာသည် လန်ဒန်သို့ ချက်ချင်းထပြန်ခဲ့သည်။ ရောက်ရောက်ချင်း ချစ်သူ ဆဲ(လ်)ဗီထံ အပြေးသွား၍ လက်ထပ်ပွဲအတွက် အစီအစဉ်များ ဆွဲခဲ့လေသည်။ ထို့နောက် နှစ်ယောက်သား ပူပူနွေးနွေး အမွေရခဲ့သည့် စံအိမ်ကြီးဆီသို့ သွားခဲ့ကြတော့သည်။ ၎င်းတို့သည် အိမ်ကြီးအနှံ့ တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်ကြည့်ခဲ့ကြသည်။ တွေ့သမျှ အံဆွဲနှင့် ဗီရိုများကိုလည်း ဖွင့်ကြည့်ခဲ့ကြသည်။ ဆဲ(လ်)ဗီသည် အံဆွဲတစ်ခုအတွင်းရှိ သကြားလုံးဘူးကလေးကို နှိုက်ယူဖွင့်ကြည့်ရင်း ပြောလိုက်သည်။

'ဟယ်... သကြားလုံးဘူးလေးက ချစ်စရာလေး။ အထဲမှာ သကြားလုံးတစ်လုံး ကျန်နေသေးတယ်'

အာသာသည် ဖျတ်ခနဲ လှည့်ကြည့်ရင်း မျက်စိမျက်နှာ ပျက်သွားခဲ့သည်။ ထို့နောက် ဆဲ(လ်)ဗီ ကိုင်ကြည့်နေသည့် ဆေးလုံးကလေးအား ပြူးတူးပျာတာဖြင့် ဆွဲယူကာ မလှမ်းမကမ်းရှိ မီးလင်းဖိုအတွင်းသို့ ပစ်ထည့်လိုက်လေသည်။ ဆဲ(လ်)ဗီသည် ကြောင်အမ်းအမ်းဖြစ်သွားကာ လှမ်းမေးလိုက်သည်။

'ရှင့်မျက်နှာကလည်း' ဖြူဖပ်ဖြူရော်နဲ့ နေများမကောင်းလို့လား'

အာသာသည် နှုတ်မှ ပြန်မဖြေနိုင်ဘဲ ခေါင်းကိုသာ တွင်တွင်ယမ်းပြနေခဲ့မိသည်။ လေဒီကလီမင်တီးနားသည် သူ့လက်ချက်ကြောင့် သေဆုံးသွားခြင်း မဟုတ်ကြောင်း သိလိုက်ရလေပြီ။ နောက်ထပ် သားကောင်ကို ရှာရပေဦးတော့မည်။ ပို၍ဆိုးဝါးသည်က လက်ထပ်ပွဲကို ထပ်မံရွှေ့ဆိုင်းရန်ပင်ဖြစ်သည်။ ထိုကိစ္စမပြတ်မချင်း စိတ်ဖြောင့်လက်ဖြောင့်ရှိမည်မဟုတ်ပေ။ အပြန်လမ်းတွင် နှစ်ယောက်သား အတွေးကိုယ်စီဖြင့် နှုတ်ဆိတ်နေကြလေတော့သည်။

◆◆◆

လက်ထပ်ပွဲကို ဒုတိယအကြိမ် ထပ်မံရွှေ့လိုက်ရပြန်လေပြီ။

ဆဲ(လ်)ဗီတစ်ယောက် ဆောက်တည်ရာမရအောင် ခံစားခဲ့ရသည်။ သူမ၏ ဖခင်သည်လည်း ဒေါသမုန်တိုင်းထန်ခဲ့လေသည်။ အာသာကိုယ်တိုင်မူကား မျက်နှာပင် မပြဝံ့တော့။ ကိုယ့်ဝမ်းနာ ကိုယ်သိကာ ကြိတ်၍ ခံစားရချက်က ပိုပြင်းထန်လှသည်။

သူသည် အခြေအနေအရ သားကောင်တစ်ယောက် မဖြစ်မနေ ရှာရတော့မည်ဖြစ်သည်။ ဆွေမျိုးနီးစပ်တော်သူကလည်း မရှိတော့။ သို့ဖြင့် မိသားစုနှင့် အနီးစပ်ဆုံးထဲက စဉ်းစားကြည့်လိုက်သည်။ ဦးလေးတော်စပ်သူ အင်္ဂလန်အသင်းဂိုဏ်းထောက်ဆရာက အာရုံထဲတွင် ပေါ်လာခဲ့သည်။ ချီချက်စတာဘုရားရှိခိုးကျောင်းတွင် အရေးပါ အရာရောက်သူတစ်ယောက်။

အနီဂိုဏ်းထောက်ဆရာကြီးသည် နာရီများကို အရူးအမူးစွဲလမ်းသူဖြစ်သည်။ စုဆောင်းထားသည့် နာရီမျိုးစုံကလည်း တစ်ပုံတစ်ခေါင်း။ သို့ဖြင့် အာသာသည် အကြံတစ်ခု ရလိုက်တော့သည်။ နာရီချစ်သူကြီးထံသို့ ဗုံးတပ်ဆင်ထားသော နာရီတစ်လုံး ပို့ပေးလိုက်ရန်ပင် ဖြစ်လေသည်။ သို့ဆိုပြား အနီးဗုံးမျိုးကို မည်သို့ရနိုင်ပါမည်နည်း။ အာသာသည် အတွေးစဉ်ပွားရင်းက လေဒီဝင်ဒါမီယာ၏ ညစာစားပွဲတွင်ဆုံခဲ့သည့် ရုရှားမှုမတ်သူပုန် ရူဗာလော့(ဖ်)ကို သတိရလိုက်မိသည်။ ၎င်းက ဗုံးများအကြောင်း ပြောခဲ့သည်မဟုတ်လော။ ထိုသူပုန်မှုကလေးသည် ဗြိတိသျှပြတိုက်အနီးတွင် နေထိုင်ကြောင်း အာသာ ကောင်းစွာသိထားခဲ့သည်။ သို့ဖြင့် ထိုပုဂ္ဂိုလ်လေးထံ ခြေဦးလှည့်ခဲ့လေတော့သည်။

◆◆◆

'ဗုံးတစ်လုံး လိုချင်လို့၊ ဟုတ်လား'

ရူဗာလော့(ဖ်)က မျက်မှောင်ကြုတ်လျက် မေးလိုက်သည်။ အာသာက ခေါင်းညိတ်ပြလာသဖြင့် ဆက်ပြောလိုက်ပြန်သည်။

'ခင်ဗျား နိုင်ငံရေးကို စိတ်ဝင်စားလိမ့်မယ်လို့ မထင်ခဲ့မိဘူးဗျ'

'ခုဟာက ကိုယ်ရေးကိုယ်တာကိစ္စအတွက်ပါ။ နိုင်ငံရေးကို စိတ်မဝင်စားပါဘူး'

ရူဗာလော့(ဖ်)တစ်ယောက် အံ့သြသွားရသည်။ သူ၏ အတွေ့အကြုံများအရ သူပုန်များသာ ဗုံးကို သုံးလေ့ရှိကြလေသည်။ ယခု မြို့စားကလေး အာသာကို အကဲခတ်ရသည်မှာ ဆန္ဒပြင်းပြနေပုံရသည်။ ဗုံးကို မရမနေ လိုချင်နေမှန်းလည်း သိလိုက်သည်။ သို့ဖြင့် မိတ်ဆက်စာတစ်စောင် ကောက်ရေးလိုက်သည်။ ထို့နောက် စာရွက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးပေါ်တွင် တစ်စုံတစ်ရာထပ်ရေး၍ ကမ်းပေးရင်း ပြောလိုက်သည်။

'အဲဒါ မိတ်ဆက်စာသွားပေးရမယ့် လျှို့ဝှက်လိပ်စာပဲ။ အလွတ်ရအောင် မှတ်ပြီး မီးရှို့ပစ်လိုက်ပေတော့'

'အဲဒီအတွက်တော့ မပူပါနဲ့၊ စိတ်ချပါ'

အာသာသည် ရှုဗာလော့(ဖ်)ကို လက်ဆွဲနှုတ်ဆက်လိုက်ပြီး ပြန်ခဲ့လေသည်။ သူရလာသည့်လိပ်စာက ဆိုဟိုရပ်ကွက်တစ်နေရာတွင်ဖြစ်သည်။ လန်ဒန်မြို့၏ ဆင်းရဲသားရပ်ကွက်ဖြစ်ပြီး နိုင်ငံခြားသားအတော်များများလည်း နေထိုင်လျက်ရှိကြသည်။ အာသာသည် ထိုရပ်ကွက်ရှိ ဂရိလမ်းအတွင်းသို့ ဝင်သွားခဲ့သည်။ ထို့နောက် အဆောက်အအုံဟောင်းတစ်ခုရှိ တံခါးအား အသာခေါက်လိုက်လေသည်။

လူတစ်ယောက်က တံခါးဖွင့်ပေးကာ ဂျာမန်စကားဖြင့် ပြောလာခဲ့သည်။ အာသာက ရှုဗာလော့(ဖ်) ပေးလိုက်သည့် စာရွက်ထုတ်ပြလိုက်မှ ဝင်ခွင့်ရခဲ့လေသည်။ သူသည် တစ်ချိန်က ဈေးဆိုင်ဖြစ်ခဲ့ပုံရသည့် အခန်းလွတ်ထဲတွင် တစ်ကိုယ်တည်း စောင့်နေခဲ့ရသည်။ မိနစ်အနည်းငယ်ကြာမှ လူတစ်ယောက် ပေါ်လာပြီး လှမ်းပြောလာခဲ့သည်။

'ကျုပ်က ဝင်ကယ်ကော့(ပ်)ပါ။ ခင်ဗျားကို ဘာကူညီပေးရမှာတုံး'

'အဲ..ကျုပ် ဗုံးတစ်လုံး လိုချင်လို့ဗျ'

'ဘယ်လိုဗုံးမျိုး လိုချင်တာလဲ'

'ချိန်ကိုက်ဗုံးဗျာ'

'အာ..အိုဒက်ဆာမြို့စားဆီကို အဲဒါမျိုး တစ်လုံး ကျုပ်ပို့ခဲ့ဖူးတယ်။ ခင်ဗျားက ဘယ်သူ့ဆီ ပို့ချင်လို့လဲ'

'ချီချက်စတာက ဂိုဏ်းထောက်ဆရာဆီပါ'

'ဘုရားရှိခိုးကျောင်းက ပုဂ္ဂိုလ်ပေါ့။ ခင်ဗျားက ဘာသာရေးကို စိတ်ဝင်စားပုံရတယ်'

'နီး..နီး..ကိုယ်ရေးကိုယ်တာကိစ္စသက်သက်ပါ'

'အိုကေ၊ ကျုပ်မှာ နာရီလှလှလေးတစ်လုံးရှိတယ်'

ဝင်ကယ်ကော့(ပ်)သည် ပြောပြောဆိုဆိုဖြင့် နာရီတစ်လုံး ထုတ်ပြလာခဲ့သည်။ နာရီအိမ်ထိပ်တွင် သစ်သားပန်းပုရုပ်နှစ်ရုပ် တပ်ဆင်ထားလျက်ရှိသည်။ အမျိုးသမီးတစ်ဦးနှင့် နဂါးတစ်ကောင်ပုံများ ဖြစ်ကြသည်။ ဝင်ကယ်ကော့(ပ်)က အလေးအနက်ဟန်ဖြင့် ရှင်းပြလာသည်။

'အမျိုးသမီးပုံက လွတ်လပ်ခြင်းကိုယ်စား၊ အဲ..နဂါးကတော့ သက်ဦးဆံပိုင်စနစ်ကို ရည်ညွှန်းထားတာ။ လွတ်လပ်မှုဟာ နိုင်ငံထက်စီးနင်းပြုမှုထက် အင်အားကြီးတယ်ဗျ'

'ဟုတ်ပြီ၊ သဘောပေါက်ပါတယ်။ ဒါပေမဲ့ ကျုပ်က နိုင်ငံရေးသမား မဟုတ်ဘူးဗျ။ ကဲ..ကျုပ်လိုချင်တာကို အမြန်ဆုံး လုပ်ပေးနိုင်မလား'

'လောလောဆယ် မော်စကိုက မိတ်ဆွေတွေအတွက် အရေးကြီးတာတစ်ခု လုပ်ပေးနေရတယ်။ ဒါပေမဲ့ ခင်ဗျားလိုချင်တဲ့ဗုံးကို နှစ်ရက်၊ သုံးရက်အတွင်း လုပ်ပေးနိုင်ပါတယ်။ ဘယ်လိုချိန်ကိုက်ပေးရမယ် ဆိုတာသာပြော'

'လာမယ့် သောကြာနေ့ မွန်းတည့်ချိန်ပဲ။ ကျုပ်ကို စာရွက်လွတ်ပေးစမ်းပါဗျာ'

မြို့စားကလေး အာသာတွင် ဝင်ကယ်ကော့(ပ်) ပေးသည့် စာရွက်ပေါ်တွင် ခပ်သွက်သွက်ရေး၍ လှမ်းပေးရင်း ပြောလိုက်သည်။

'အဲဒီဗုံးကို ချီချက်စတာက ဂိုဏ်းထောက်ဆီ ပို့ပေးလိုက်ပါ။ ဒီမှာ လိပ်စာ'

ဝင်ကယ်ကော့(ပ်)သည် စာရွက်အား ယူကြည့်ပြီး ခပ်တိုးတိုး ရေရွတ်လိုက်သည်။

'သောကြာနေ့ မွန်းတည့်ချိန်။ ချီချက်စတာ ဂိုဏ်းထောက်ဆရာ'

အာသာက ဖြတ်မေးလိုက်သည်။

'အဲဒီအတွက် ငွေဘယ်လောက်ပေးရမှာတုံးဗျ'

ဝင်ကယ်ကော့(ပ်)က နှာခေါင်းရှုံ့လျက် ပြန်ဖြေလိုက်သည်။

'ကျုပ်က ကြေးစားမဟုတ်ဘူး။ သူပုန်တစ်ယောက် လွတ်လပ်ရေးအတွက် လုပ်နေတာ။ ပစ္စည်းဖိုး ငါးပေါင်ပဲပေးပါ'

အာသာသည် ငွေငါးပေါင် ထုတ်ပေးကာ ထိုနေရာမှ ပြန်ထွက်ခဲ့သည်။ ထို့နောက်ပိုင်း မည်သို့မျှမသွားဘဲ အိမ်တွင်းအောင်းနေခဲ့သည်။ သတင်းထူးကို ထိုင်နားစွင့်နေခြင်းပင် ဖြစ်တော့သည်။

◆◆◆

ရက်သတ္တတစ်ပတ် ကုန်သွားခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

အခြေအနေက မထူးခြား။ နောက်ထပ် သောကြာတစ်ပတ် ဆက်စောင့်ခဲ့ပြန်သည်။ ကြားချင်သည့်သတင်းက ထွက်မလာခဲ့။ လုံးဝမမျှော်လင့်ထားသည့် စာတစ်စောင်သာ ရောက်လာခဲ့လေသည်။

*ချစ်စွာသောအာသာ..*

*မင်းတို့လန်ဒန်မြို့ရဲ့ ထွင်လုံးကလေးအကြောင်း မေးချင်လို့ကွ။ ပြီးခဲ့တဲ့ အပတ်က ငါ့ဆီကို နာရီတစ်လုံး ရောက်လာခဲ့တယ်။ ဘယ်သူပို့လိုက်မှန်းလည်း မသိဘူး။ ကလေးကစားစရာနဲ့တူပေမယ့် လုပ်ထားပုံက ပညာသားတော့ ပါသားကွ။ အထဲမှာပါတဲ့ တူသေးသေးကလေးက နာရီသံ ဆယ့်နှစ်ချက်လည်း ခေါက်ရော မီးခိုးငွေ့တွေ အူထွက်လာတော့တယ်။ ပညာအတော်ပါတယ်ကွ။ လန်ဒန်က တခြားသူတွေဆီမှာရော အဲဒီနာရီမျိုး ရှိကြလား။*

*မင်းရဲ့ဦးလေး*

စာဖတ်ပြီးနောက် အာသာတစ်ယောက် အကြီးအကျယ် [illegible]တ်ကျသွားရသည်။ အကြံပျက်သွားခဲ့ပြန်လေပြီ။ ချိန်ကိုက်ဗုံးက အ,သွားပုံရသည်။ စိုးရိမ်စိတ်များက ငယ်ထိပ်အထိ တက်လာတော့သည်။



ငါ ဘာဆက်လုပ်ရမှာလဲ။ ဒီတိုင်းပြည်က ထွက်ပြေးသွားရင် ကောင်းမလား။ ဆဲ(လ်)ဗီကိုလည်း လက်မထပ်နိုင်တော့တဲ့အကြောင်း ဘယ်လိုပြောရပါ့မလဲဟူသော အဖြေရှာမရသည့် ပဟေဠိအတွေးများဖြင့် စိတ်ရှုပ်ထွေးနေလေတော့သည်။

♦ ♦ ♦

ထိုနေ့ ညနေပိုင်း။

အာသာ၏အစ်ကို မြို့စားဆာဘစ်တန်တစ်ယောက် မမျှော်လင့်ဘဲ ပေါက်ချလာခဲ့သည်။ သူ၏ တပည့်သားမြေးလူငယ်တစ်သိုက်လည်း အတူပါလာခဲ့သည်။ ညစာ လိုက်စားရန် အာသာအားဝင်ခေါ်ခြင်းဖြစ်သည်။ ဤသို့ဖြင့် ၄င်းတို့နောက်သို့ ပါသွားခဲ့ရလေသည်။ စားသောက်ဆိုင်ထဲတွင် လူငယ်တစ်သိုက်၏ စိတ်လွတ်ကိုယ်လွတ် ပြောဆိုသံများက ညံစီနေတော့သည်။ အချိန်ကြာလာသည်နှင့်အမျှ စရိုက်ချင်းမတူသော အာသာတစ်ယောက် ပျင်းရိငြီးငွေ့လာခဲ့သည်။ ထို့ကြောင့် ညဆယ့်တစ်နာရီတွင် စားသောက်ဆိုင်အတွင်းမှ မြစ်ကမ်းဘေး လမ်းဘက်သို့ တစ်ကိုယ်တည်း ထွက်ခဲ့တော့သည်။

သိမ်းမြစ်ပြင်ပေါ်တွင် မြူငွေ့များ[illegible]ဖုံးလွှမ်းနေသည်။ ကမ်းနားလ[illegible]းတစ်

www.burmeseclassic.com

www.burmeseclassic.com

လျှောက် မီးတိုင်များ၏ အလင်းရောင်က ဖြာကျနေသည်။ လမ်းသွားလမ်းလာ တစ်ယောက်စ နှစ်ယောက်စကိုလည်း တွေ့ရသည်။ သူသည် ဘလက်ဖရဲရာအရပ်မှ ဖြည်းဖြည်းချင်း လျှောက်လာရာ ဝက်(စ်)မင်စတာအရပ်သို့ ရောက်လာခဲ့သည်။ ထိုအခိုက်တွင် ကမ္ဘာကျော် ဘစ်ဘင်နာရီစင်ကြီး၏ ဆယ့်နှစ်ချက် တီးသံကို ကြားလိုက်ရလေသည်။

အာသာသည် မြစ်ကမ်းဘေးအုတ်နံရံကို မှီရပ်ကာ မြစ်တွင်းသို့ ရည်ရွယ်ချက်မဲ့ ငေးနေမိသည်။ မြူနှင်းများကြောင့် မြစ်ပြင်ကို သဲကွဲစွာမမြင်ရပေ။ ရေစီးကတော့ သန်လှသည်။ တွန့်လိမ်လှုပ်ရှားနေသည့် ဇရာမမြွေမည်းကြီးတစ်ကောင်နှင့် တူသည်ဟု တွေးလိုက်မိသည်။ ထိုစဉ်တွင် လက္ခဏာဆရာပေါ်ဂျား၏ပုံရိပ်က အာသာ၏အတွေးအာရုံထဲတွင် ရုတ်တရက်ပေါ်လာခဲ့သည်။ သူသည် ထိုပုဂ္ဂိုလ်ကို လွန်စွာမုန်းတီးနေမိလေသည်။

ထိုလူကြီး၏ဟောကိန်းကို မကြားရမီအထိ သူ့ဘဝသူ ကျေနပ်ပျော်ရွှင်နေခဲ့သည်။ ငါ့ကို လူသတ်သမားဖြစ်လိမ့်မယ်တဲ့။ ငါ့ဘဝနဲ့ ငါပျော်နေတာ။ နောင်ရေးတွေဘာတွေလည်း မသိချင်ပါဘူး။ ဒီလူကြီးက ဘာကြောင့်အဲဒီလိုပြောခဲ့ရတာလဲဟူ၍ တွေးရင်း ဒေါသထွက်လာမိတော့သည်။

ထိုအခိုက်တွင်ပင် သူ၏ ရှေ့မလှမ်းမကမ်း၌ လှုပ်ရှားမှုတစ်ခုကို သတိထားလိုက်မိသည်။ အသေအချာကြည့်လိုက်ရာ ထူးဆန်းသောအခြင်းအရာကို မြင်လိုက်ရသည်။ လူတစ်ယောက်သည် မြစ်ကမ်းပါး အုတ်တံတိုင်းပေါ်မှ ကုန်း၍ ငုံ့ကြည့်လျက်ရှိသည်။ မြစ်အတွင်းသို့ ခုန်ချတော့မည့်အလားပင်။ အာသာသည် လိုအပ်ပါက ကူညီရန် ထိုသူရှိရာသို့ ခပ်သွက်သွက်လှမ်းလိုက်ပြီးမှ ခြေလှမ်းများ တုံ့သွားရသည်။

လမ်းမီးတိုင်အလင်းရောင်ကြောင့် ထိုသူ၏မျက်နှာကို ကောင်းစွာမြင်လိုက်ရသောကြောင့်ပင်ဖြစ်သည်။ ထိုလူသည် အခြားသူ မဟုတ်၊ လက္ခဏာဆရာ မစ္စတာပေါ်ဂျား ကိုယ်တိုင် ဖြစ်နေလေတော့သည်။ အာသာ၏ရင်ထဲတွင် အမုန်းမီးတောင်ကြီး ရုတ်တရက် ပေါက်ကွဲသွားခဲ့သည်။ ရတောင့်ရခဲ့ အခွင့်အရေးကို လက်လွှတ်မခံတော့။

အာသာသည် ခြေဖော့ကာ ရှေ့သို့ ပြေးထွက်သွားသည်။ ထို့နောက် မစ္စတာပေါ်ဂျား၏ ခြေအစုံအား သိမ်းကြုံးမတင်ကာ မြစ်အတွင်းသို့ တွန်းချလိုက်လေသည်။ ကြောက်လန့်တကြား အော်လိုက်သံနှင့် ရေထဲသို့ကျသွားသံများ ပေါ်လာခဲ့ပြီး ပကတိတိတ်ဆိတ်ငြိမ်သက်သွားတော့သည်။ အာသာသည် ရင်တုန်စွာဖြင့် မြစ်အတွင်းသို့ ငုံ့ကြည့်လိုက်သည်။ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရပေ။ သူသည် ထိုနေရာတွင် အတန်ကြာမျှ ဆက်ရပ်နေခဲ့မိသည်။

'တစ်ခုခုများ ကျသွားလို့လား ဆရာ'

နောက်ကျောဘက်မှ ရုတ်တရက်မေးလိုက်သံကြောင့် အာသာ၏ရင်ထဲတွင် ဒိန်းခနဲမြည်သွားရသည်။ ချာခနဲလှည့်ကြည့်လိုက်ရာ မီးအိမ်ဆွဲကိုင်ထားသည့် ရဲတပ်ကြပ်ကြီးတစ်ယောက်။

'သြော်..အသေးအဖွဲလေးပါ။ အရေးမပါပါဘူး ဆာဂျင်ကြီး။ ကျေးဇူးပဲ'

အာသာသည် အပြုံးစွက်ရင်း ဣန္ဒြေမပျက် ပြန်ပြော[illegible]သည်။ ယခုတော့ သူသည် အမှန်ပင် အူမြူးလျက်ရှိသည်။ တစ်ကိုယ်တည်း ကြိတ်၍ တအုံနွေးနွေး ပွပင်နေရန် အကြောင်းမရှိတော့ပြီ မဟုတ်ပါလော။

◆ ◆ ◆

နောက်နှစ်ရက်အကြာတွင် ဖြစ်သည်။

တိုင်း(မ်စ်)သတင်းစာတွင် ခေါင်းစီးမည်းကြီးဖြင့် အောက်ပါသတင်း ပါလာလေသည်။

**သေကြောင်းကြံသွားသော လက္ခဏာဆရာ**

**နာမည်ကျော်လက္ခဏာဆရာ မစ္စတာစက်တီမတ်(စ်) ပေါ်ဂျား၏ ရုပ်အလောင်းအား သိမ်းမြစ်အတွင်း ယမန်နေ့က တွေ့ရှိခဲ့သည်။**

**မစ္စတာပေါ်ဂျား၏ မိတ်ဆွေများအား ရဲက စုံစမ်းမေးမြန်းခဲ့သည်။ ၎င်းတို့အဆိုအရ မစ္စတာပေါ်ဂျားသည် အလုပ်အလွန်ကြိုးစားသူဖြစ်ကြောင်း သိရသည်။ သူသည် လက္ခဏာဖတ်နည်းစာအုပ်ကို ရေးသားခဲ့သည်။ အလုပ်ဒဏ်ပိမှုကြောင့် စိတ်ကျန်းမာရေး ချို့ယွင်းသွားပုံရကြောင်း သူ၏မိတ်ဆွေများက ပြောကြားခဲ့သည်။**

***မစ္စတာပေါ်ဂျားသည် သိမ်းမြစ်အတွင်းသို့ ခုန်ချ***



www.burmeseclassic.com

www.burmeseclassic.com

ကာ သေကြောင်းကြံခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

မြို့စားကလေး အာသာသည် ဖတ်လက်စ သတင်းစာကို ပစ်ချကာ ထခုန်လိုက်သည်။ ထို့နောက် အိမ်ထဲမှ ပြေးထွက်သွားတော့သည်။ သူ၏ဦးတည်ရာကား ပတ်(ခ်)လိန်းရှိ ဆဲ(လ်)ဗီတို့ အိမ်ဆီသို့။

တိုက်ဆိုင်စွာပင် ထိုအချိန်၌ ဆဲ(လ်)ဗီသည် အပေါ်ထပ်ပြတင်းပေါက်အနီးတွင်ရပ်ကာ လမ်းဘက်သို့ ငေးမျှော်နေခဲ့လေသည်။ သို့ဖြင့် လမ်းမအတိုင်း အပြေးတစ်ပိုင်း လျှောက်လာသည့် အာသာကို မမျှော်လင့်ဘဲ လှမ်းမြင်လိုက်ရသည်။ သူမသည် ပထမတွင် ပါးစပ်ကလေး အဟောင်းသားဖြစ်သွားခဲ့သည်။ ထို့နောက် ထခုန်လုမတတ် ဝမ်းသာသွားရှာသည်။ ပြီးလျှင် အောက်ထပ်သို့ ပြေးဆင်းသွားခဲ့တော့သည်။

အာသာသည် တံခါးဖွင့်ပေးလာသည့် ဆဲ(လ်)ဗီ၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ရင်း လျှာခလုတ်တိုက်မတတ် ပြောလိုက်လေသည်။

'ဆဲ(လ်)ဗီရေ..တို့..တို့ မနက်ဖြန် လက်ထပ်ကြမယ်။ အို..မဟုတ်သေးဘူး။ ဒီနေ့ပဲ သွားလက်ထပ်ကြမယ်ကွာ'

'သွားစမ်းပါ။ ခုမှပေါ်လာတဲ့ လူဆိုး'

ဆဲ(လ်)ဗီက ရှက်ပြုံးကလေး ပြုံးရင်း ပြောလိုက်သည်။ မျက်ဝန်းများတွင်တော့ မျက်ရည်များက ဝဲလျက်။ ထိုအခိုက်တွင် တစ်လောကလုံး ၎င်းတို့နှစ်ဦးထက် ပျော်ရွှင်နိုင်မည့်သူ ရှိမည် မထင်တော့ပေ။

◆◆◆

'မင်းတို့ကိုကြည့်ရတာ အတော်ပျော်နေကြပုံပဲ'

အလည်အပတ်ရောက်လာသည့် အာသာတို့ ဇနီးမောင်နှံ အသစ်စက်စက်ကို လေဒီဝင်ဒါမီယာက ပဋိသန္ဓာရစကား ဆိုလိုက်သည်။

'ဒါပေါ့ဗျာ၊ ကမ္ဘာပေါ်မှာ ကျွန်တော်တို့လောက်ပျော်တဲ့သူ ဘယ်ရှိပါ့မလဲ။ လေဒီကြီးကိုတောင် အပျော်တွေ ကူးလာလိမ့်မယ်နော်'

မြို့စားကလေး အာသာက အရွှန်းဖောက်၍ ပြန်ပြောလိုက်သည်။

'ငါ့မှာ ပျော်ဖို့အချိန်တောင် မရပါဘူးဟယ်။ ညှော်ခံပွဲတွေအတွက် ဘယ်လိုမိတ်သစ်ဆွေသစ်တွေ ရှာဖိတ်ရမလဲလို့ စဉ်းစားနေရတာနဲ့ပဲ အချိန်တွေကုန်လို့ ကုန်သွားမှန်းတောင် မသိလိုက်ဘူး'

'လေဒီကြီးရဲ့လက်စွဲတော် လက္ခဏာဆရာ မစ္စတာ ပေါ်ဂျား သေသွားပြီလို့ သတင်းစာထဲမှာ တွေ့လိုက်ရတယ်'

'အင်..မစ္စတာပေါ်ဂျားလား၊ အခု နည်းသစ်ပေါ်နေပြီဟဲ့။ တယ်လီပသီလို့ခေါ်တယ်။ မနောအာရုံနဲ့ဟောတဲ့နည်း။ လူပြိန်းစကားနဲ့ အကြားအမြင်ပညာပေါ့ကွယ်။ အဲဒီလို အကြားအမြင်ဆရာတစ်ယောက်နဲ့ ငါ ချိတ်မိထားတယ်။ ဟို..မစ္စတာပေါ်ဂျားကို ငါ စိတ်ကုန်သွားပြီ။ ဟုတ်တိပတ်တိ ဘာမှလည်း မဟောနိုင်ပါဘူး။ သူ့ကို ငါ မယုံတော့ဘူးဟဲ့'

'ကျွန်တော်ကတော့ ယုံတယ်ဗျ။ သူဟောကိန်းက တစ်လုံးမှ မလွဲဘူး။ အားလုံးကွက်တိပဲ။ သူ့ကြောင့် ကျွန်တော် ခုလို ပျော်နိုင်တာဗျ'

လေဒီဝင်ဒါမီယာသည် အံ့ဩသွားဟန်ဖြင့် ပြန်မေးလိုက်သည်။

'မင်းပျော်နိုင်အောင် သူက ဘယ်လိုများ လုပ်ပေးခဲ့လို့လဲ။ ဆိုစမ်းပါဦး'

အာသာသည် ဇနီးသည်ကိုစိုက်ကြည့်ရင်း အဓိပ္ပာယ်ပါပါဖြင့် ပြောလိုက်သည်။

'ဆဲ(လ်)ဗီနဲ့ လက်ထပ်နိုင်အောင် အကူအညီပေးခဲ့တယ်လေ'

'တော်စမ်းပါဟယ်။ အဓိပ္ပာယ်မရှိတာတွေ မပြောစမ်းပါနဲ့။ မင်းတို့လက်ထပ်ဖို့က အရင်ကတည်းက စီစဉ်ထားပြီးတဲ့ကိစ္စ။ သူနဲ့ ဘာမှမဆိုင်ဘူး'

မြို့စားကလေးအာသာသည် မည်သို့မျှ ပြန်မပြောတော့။ ကျေနပ်နှစ်ခြိုက်စွာပြုံးရင်း ခေါင်းတညိတ်ညိတ် လုပ်နေလေသည်။ သူ့အပြုံး၏ နောက်ကွယ်ရှိ လျှို့ဝှက်ချက်ကြီးကို သူတစ်ဦးတည်းမှတစ်ပါး မည်သူမျှ သိနိုင်ခြင်း မရှိတော့ပေ။

**ကျော်ဇေဝ(တားကုန်)**

Ref: OSCAR WILDE ၏ LORD ARTHUR SAVILE'S CRIME.

www.burmeseclassic.com

www.burmeseclassic.com

သိမ့်ခနဲ တုံ့ခနဲ ဖြစ်သွားပြီး အသက်ရှုကျပ်တဲ့ အသံမျိုးနဲ့ ရထားရပ်သွားပါသည်။ မှောင်လုလု အပြင်ဘက်ကို ကျွန်မ ရထားပြတင်းပေါက်ကနေ ကြည့်လိုက်ပါတယ်။ ဘယ်ဘူတာ ရောက်နေပါလိမ့်။ ဝက်သစ်ချကုန်း ဆိုပါလား။ ဘူတာအမိုးစွန်းမှာရှိတဲ့ ပျဉ်ပြားများမှာ တွေ့ရတဲ့ နာမည်ပါ။ ကျွန်မ ပင်ပင်ပန်းပန်းနဲ့ သက်ပြင်းချလိုက်မိပါတယ်။ ရထားပေါ်မှာတင် သုံးရက်ကြာခဲ့ပါပြီ။ ယိမ်းလိုက် စောင်းလိုက်၊ မီးခိုးတန်းတွေတွေ့လိုက်၊ တောတွေ၊ လွင်ပြင်တွေ ပြတင်းပေါက်က မြင်လိုက်နဲ့ ငြီးငွေ့စရာတွေချည်းပါပဲ။

ကျွန်မ ချက်ချင်းပဲ ဆုံးဖြတ်ချက်ချလိုက်ပြီး တွဲစောင့်ရှိရာ လျှောက်သွားလိုက်ပါတယ်။ တွဲစောင့်က အဘွားအို တစ်ယောက်ကို ရထားပေါ်က ဆင်းနိုင်အောင် ကူနေပါတယ်။

'ဒီဘူတာမှာ ဘယ်လောက်ကြာကြာ ရပ်မှာလဲရှင့်'

ကျွန်မ ခပ်သွက်သွက် မေးလိုက်တာပါ။



www.burmeseclassic.com

'ဆယ်မိနစ်လောက်ပါ မဒမ်'

ရထားပေါ်ကနေ ကျွန်မ ဆင်းလိုက်ပြီး သဲခင်းထားသော ဘူတာပလက်ဖောင်းပေါ် လမ်းလျှောက်နေလိုက်ပါတယ်။ မြေပေါ်မှာ လမ်းပြန်လျှောက်ခွင့်ရတာ သိပ်ကောင်းတာပါပဲလား။ ဆောင်းလေအေးအေးကို အားပါးတရ ရှူသွင်းလိုက်ရင်း ပလက်ဖောင်းအစွန်ဘက်ကို အညောင်းပြေ လမ်းလျှောက်သွားလိုက်ပါတယ်။ ခပ်သွက်သွက်တိုက်လိုက်တဲ့ လေအေးဟာ ကျွန်မစကတ်ကို ကြိမ်နဲ့ ရိုက်သလို အသံထွက်နေပြီး ဆံပင်တွေကိုလည်း မျက်လုံးတွေပေါ် ဖုံးနေအောင် တွန်းပေးနေပါတယ်။

ဝက်သစ်ချကုန်းဆိုတဲ့ မြို့ငယ်ကလေးကို ကျွန်မ မြင်နိုင်သလောက် ဝေ့ဝဲကြည့်လိုက်ပါတယ်။ မြို့ငယ်ကလေးတို့ အနေအထားအတိုင်းပါပဲ။ တခြားမြို့ငယ်တွေထက် နည်းနည်းအအိပ်ကြီးပုံပေါ်ပေမယ့် နည်းနည်းပိုလှတယ်လို့ ဆိုနိုင်ပါတယ်။

နာရီတကြည့်ကြည့်နဲ့ နည်းနည်းထပ်ပြီး လျှောက်နေရင်းက ဆယ်မိနစ်ဆိုတဲ့အချိန် ပြည့်လုပြည့်ခင် ဖြစ်လာပါတယ်။ အဲဒီအချိန်မှာပဲ ကြောင်ငယ်ကလေး တစ်ကောင်ကို ခွေးနှစ်ကောင်က သဲကြီးမဲကြီးလိုက်ရင်း တစ်စစီဖြစ်အောင် ဆွဲဖြဲပစ်ဖို့လုပ်နေတာ တွေ့လိုက်ရလို့ ခွေးတွေကို ခြောက်ထုတ်ပြီး ကြောင်ကလေးကို ကယ်လိုက်ရပါတယ်။ သူ့ကိုယ်ပေါ်မှာ ခွေးကိုက်ဒဏ်ရာမတွေ့ရဘဲ ခြစ်မိတာလောက်ပဲ ရှိတာကြောင့် လုံခြုံတဲ့ စတိုခန်းတစ်ခုထဲ ပို့လိုက်ရပါတယ်။ ရုတ်တရက် သတိထားလိုက်မိတာက ဆွဲဆွဲငင်ငင် ကြားလိုက်ရတဲ့ ရထားဥသြသံပါ။ ရင်ထဲ ဒိတ်ခနဲခုန်သွားပြီး ဘူတာရှေ့ရောက်အောင် ပြေးသွားလိုက်ပေမယ့် အရှိန်နှေးနှေးနဲ့ ခုတ်မောင်းသွားတဲ့ ရထားနောက်ဆုံးတွဲကိုပဲ မြင်လိုက်ရတော့တာပါ။

ကျွန်မ ဘာလုပ်ရမလဲ။ ဒီအသုံးမကျတဲ့ ဘူတာကလေးကိုမှ ကျွန်မ ဘာကိစ္စ ဆင်းမိတယ် မသိပါဘူး။ ကျွန်မရဲ့ ဝန်စည်စလယ်တွေအားလုံး ပိုက်ဆံအိတ်ကလွဲလို့ ရထားပေါ် ပါသွားပါပြီ။ တစ်ခါမှ မကြားဖူးတဲ့ မြို့ငယ်ကလေးမှာ ကျွန်မ ယောင်ချာချာဖြစ်နေရပါပြီ။

ဝက်သစ်ချကုန်းတဲ့။ နေပါဦး။ ဒီနာမည် ကြားဖူးသလိုလို ရှိပါတယ်။ ဝက်သစ်ချကုန်း။ ဟာ..ဟုတ်ပြီ။ လွန်ခဲ့တဲ့နှစ်နှစ်က ကောလိပ်မှာ ကျွန်မနဲ့ အခန်းဖော်သူငယ်ချင်းက သူ ဝက်သစ်ချကုန်းက လာတက်တာလို့ ပြောဖူးတယ်။ ကျွန်မ ဘူတာထဲကို အပြေးသွားလိုက်ပါတော့တယ်။

'မစ္စမေရီအလီဆန်ဆိုတာ ဒီမြို့မှာ နေပါသလားရှင့်'

ကျွန်မ ဘူတာရုံပိုင်ကို မေးလိုက်တော့ သူက ကျွန်မကို ခပ်ဆန်းဆန်းပြန်ကြည့်နေပါတယ်။ နည်းနည်းကြာမှ 'ရှိပါတယ်မစ္စ' လို့ မဖြေချင့်ဖြေချင်နဲ့ ပြောပါတယ်။

'သူနဲ့ ဆွေမျိုးတော်တာများလား'

'မဟုတ်ပါဘူး'

ကျွန်မ ပြုံးပြီး ပြန်ပြောလိုက်ပါတယ်။

'ကောလိပ်မှာ အတူတက်ခဲ့တဲ့ သူငယ်ချင်းပါ။ ဒီတစ်ည သူ့ဆီ သွားတည်းမလို့ပါပဲ။ အဲ..ကျွန်မ ရထားပေါ်က ခဏရယ်လို့ ဆင်းလိုက်တုန်း ရထားထွက်သွားတာ မမီလိုက်တော့ဘူး။ သူ ကျွန်မ လာလိမ့်မယ်လို့ မျှော်လင့်ထားတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ တည်းခိုခွင့်ပေးလိမ့်မယ် ထင်ပါရဲ့'

အဲ..ရုံပိုင်က ခပ်ဖြည်းဖြည်းပြန်ပြောလိုက်ပါတယ်။

'ဒီမြို့မှာ အတော်အသင့်ကောင်းတဲ့ တည်းခိုရိပ်သာရှိပါတယ် မစ္စ။ အဲဒီသွားတည်းတာ ပိုအဆင်ပြေပါလိမ့်မယ်'

ကျွန်မ မျက်မှောင်ကြုတ်ပြီး စဉ်းစားလိုက်ပါတယ်။ ဝက်သစ်ချကုန်းကို အထင်အမြင်သေးတဲ့ အပြုအမူမျိုး မဆင်မခြင်လုပ်မိရင် ကျွန်မမိတ်ဆွေဟောင်းက ခွင့်လွှတ်နိုင်မယ် မထင်ပါဘူး။ တည်းခိုခန်းမှာ တည်းလိုက်တယ်ဆိုတာက မြို့ကြီးတွေမှာသာ ပြောလို့ကောင်းတာပါ။ ကျွန်မ ရုံပိုင်ကြီးကို ခပ်အေးအေးပြန်ကြည့်လိုက်ပါတယ်။

'ကျွန်မမိတ်ဆွေအိမ်ကိုပဲ လမ်းညွှန်ပေးပါရှင့်'

ပြတ်သားတဲ့လေသံနဲ့ ကျွန်မ ပြောလိုက်ပါတယ်။ သူက လမ်းညွှန်ပေးပါတယ်။ အမူအရာကတော့ မကြိုက်သလို အင်တင်တင်နဲ့ပါပဲ။

မြို့အစွန်မှာရှိတဲ့ အိမ်ဖြူဖြူကြီးရှိရာကို ကျွန်မ သွားပါတယ်။ မေရီအလီဆန်ရဲ့အိမ်ပါ။ သူငယ်ချင်းရဲ့ သွက်လက်ချက်ချာတဲ့ဟန်ပန်နဲ့ ကျွန်မ သူ့ကို နောက်ဆုံး တွေ့ခဲ့တုန်းကပုံကို ခပ်ရေးရေးပြန်သတိရလာပါတယ်။ သူဟာ ကောလိပ်ထက် သူ့မိသားစုကို ပိုပြီးတွယ်တာသံယောဇဉ်ရှိသူပါ။ ကျောင်းမှာတုန်းက စားပွဲပေါ်တင်ထားတဲ့ သူ့



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုရဲ့ဓာတ်ပုံ၊ သူ့မိသားစုတွေနဲ့ သူ့အိမ်တွေအကြောင်းကို ဝိုးတိုးဝါးတား မှတ်မိနေပါတယ်။ သူနဲ့ သူချစ်တဲ့ မိသားစုကို တွေ့ချင်စိတ်တွေများပြီး ကျွန်မ ခပ်သွက်သွက် သွားလိုက်ပါတော့တယ်။

◆◆◆

ကျွန်မ သွားချင်တဲ့နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားပါတယ်။ ကိုလိုနီခေတ်ပုံစံ လုပတဲ့အိမ်အိုကြီးမှာ တိုင်အမြင့်ကြီးတွေနဲ့ပါ။ မြေပြင်မှာတော့ ချုံတွေ၊ ပေါင်းပင်တွေနဲ့ ရှုပ်ထွေးနေပါတယ်။ မြင့်မြင့်မားမား ထိုးထိုးထောင်ထောင်ရှိနေတဲ့ ဝက်သစ်ချပင်ကြီးတွေဟာ အိမ်ကြီးကို ကမ္ဘာနဲ့ မဆက်စပ်မိအောင် ကာကွယ်ပေးထားသလို ဖြစ်နေပါတယ်။ အခုမြင်ရတဲ့ အခြေအနေဟာ ပြုပြင်မွမ်းမံမှုနဲ့ ဥယျာဉ်ခြံမြေကို စောင့်ရှောက်ထိန်းသိမ်းပေးဖို့ တကယ်လိုအပ်နေတာဖြစ်ပေမယ့် တစ်ချိန်တုန်းကတော့ ကြီးကျယ်ခမ်းနားခဲ့မယ်ဆိုတာ သံသယဖြစ်စရာ မရှိပါဘူး။

လှေကားထစ်တွေကို ကျွန်မ တက်လိုက်ပြီး ကြေးလက်ကိုင်ကွင်းကြီးနဲ့ တံခါးကို ခေါက်လိုက်ပါတယ်။ သုံးကြိမ်မြောက် ခေါက်အပြီးမှာ တံခါးကြီး နည်းနည်း ဟသွားပါတယ်။ တံခါးကြားက မြင်ရတာ ကျွန်မကို စကားမပြောဘဲ ရပ်ပြီးစိုက်ကြည့်နေတဲ့ ကျွန်မသူငယ်ချင်းပါပဲ။ ကျွန်မ ပျော်သွားတဲ့စိတ်နဲ့ နှုတ်ဆက်ဖို့ လက်ကို ဆန့်ထုတ်လိုက်ပါတယ်။ သူငယ်ချင်းက မယုံနိုင်တဲ့ မျက်နှာနဲ့ ကျွန်မလက်ကို ဖြည်းဖြည်းဆုပ်ကိုင်ပါတယ်။ သူဟာ ဘာမှမပြောင်းလဲသေးပါဘူး။ အရင်ကရှိခဲ့တဲ့ သူ့ရဲ့ တောက်ပတဲ့ မျက်လုံးပြာပြာတွေဟာတော့ ငေးငေးငိုင်ငိုင် ဖြစ်နေသလို ထင်ရပါတယ်။ ပြီးတော့ သူ့အမူအရာဟာလည်း ငြိမ်သက်နေလိုက်တာ သူ့သဘာဝနဲ့ မကိုက်သလိုပါဘဲ။ တံခါးဝမှာ ရပ်ရင်း မှုန်မှိုင်းမှိုင်း ရီဝေဝေ မျက်လုံးတွေနဲ့ ကျွန်မကို ခပ်ကြာကြာလေး ကြည့်နေပြီးမှ အံ့အားသင့်သွားတဲ့ဟန်နဲ့ ကျွန်မကို စကားစပြောပါတယ်။

'လစ်ဇ်··လစ်ဇ်၊ ဟုတ်ပါတယ်နော်'

သူ ကျွန်မ လက်ကို ပိုပြီး တင်းတင်းဆုပ်လိုက်ပါတယ်။

'ဝမ်းသာလိုက်တာ သူငယ်ချင်းရယ်။ နေပါဦး၊ မင်း ဘာလို့ ဒီကိုရောက်လာတာလဲ'

သူ စိတ်ရှုပ်နေတဲ့ပုံနဲ့ မေးလိုက်တာပါ။

'အင်း··အမှန်တော့ ရထားပေါ်က ကိုယ် ခဏလေး ဆင်းလိုက်တုန်း ရထားက ကိုယ့်ကိုထားခဲ့ပြီး ဆက်ထွက်သွားလို့ပါပဲ'

ကျွန်မ စိတ်မသက်မသာနဲ့ ပြောလိုက်ရပါတယ်။

'ဒါပေမဲ့ ဒီမှာ မင်းရှိတယ်ဆိုတာ သတိရသွားပြီး ဝမ်းသာအားရ လာခဲ့တာပေါ့။ အခု ရောက်လာပြီလေ'

သူကတော့ ကျွန်မကို ခပ်ဆန်းဆန်း မျက်လုံးတွေနဲ့ စိုက်ကြည့်နေတုန်းပါပဲ။ ကျွန်မ ဆက်ပြောပါတယ်။

'အတ္တလန္တာကို မနက်ဖြန်ဆယ်နာရီမတိုင်ခင် ဘာရထားမှ မရှိတော့ဘူး'

ပြီးတော့ ကျွန်မ ရယ်လိုက်ရင်းနဲ့-

'ကဲ··သူငယ်ချင်း၊ ကိုယ့်ကို အိမ်ထဲ ဝင်ခွင့်မပေးတော့ဘူးလား' လို့ မေးလိုက်ပါတယ်။

'အာ··အင်း··ဟုတ်တာပေါ့'

မေရီ ဘာတွေတွေးနေတယ် မသိ၊ ကျွန်မ ပြောမှပဲ အိမ်ထဲ ခေါ်ပါတယ်။

'လာပါ၊ ဝင်ပါ'

ခန်းမကြီးထဲ ကျွန်မ ဝင်လိုက်ပါတယ်။ သူ့အမူအရာကိုလည်း နားမလည်နိုင်သေးပါဘူး။ ကောလိပ်မှာတုန်းက သူဟာ ကျွန်မရဲ့ အခင်ဆုံး သူငယ်ချင်းတွေထဲက တစ်ယောက်ပါ။ ဒါပေမဲ့ အခု သူ ဘာကြောင့်တွန့်ဆုတ်သလို ဖြစ်နေရတာလဲ။ ကျွန်မကို အိမ်မလာစေချင်တာမျိုးတော့ မဟုတ်ပါဘူး။ ကျွန်မဟာ တခြားဂြိုဟ်ကမ္ဘာတစ်ခုက ရောက်လာတဲ့ လူစိမ်းတစ်ယောက်လို ဖြစ်နေပုံပါပဲ။ သူ့အိမ်ကို ကျွန်မ ဘာကြောင့်လာချင်တာလဲလို့ နားမလည်နိုင် ဖြစ်နေပုံရပါတယ်။ မမျှော်လင့်ဘဲ ကျွန်မရောက်လာခဲ့ရပုံကို ပြောပြခဲ့ပေမယ့် ကျွန်မစိတ်ထဲကတော့ ကျွန်မ အကြောင်းပြချက်ဟာ မလုံလောက်သေးသလို ခံစားရပါတယ်။

'အိမ်ကြီးက လှလိုက်တာကွာ'

သူ့အတွေးတွေ ရှုပ်မနေအောင် ကျွန်မ ပြောလိုက်တာပါ။ ဒါပေမဲ့ အိမ်ကြီးနဲ့ မလိုက်အောင် တိတ်ဆိတ်နေသလိုဖြစ်တာကြောင့် သူ့ကို ဆက်မေးလိုက်ပါတယ်။

'ဒီမှာ မင်းတစ်ယောက်တည်း နေတာတော့ မဟုတ်ပါဘူးနော်'


www.burmeseclassic.com

www.burmeseclassic.com

သူ ကျွန်မကို ပြန်ကြည့်ပုံက တစ်မျိုးကြီးပါ။ ကျွန်မ နားမလည်နိုင်လောက်အောင် ဆန်းနေပါတယ်။ ပြီးမှ အသံတိုးတိုးနဲ့ ပြန်ဖြေတာကို ကြားရအောင် မနည်းနားထောင်ရပါတယ်။

'မဟုတ်ပါဘူးကွာ'

ကျွန်မရယ်ရင်း 'ဒါပေါ့၊ ကိုယ်မေးပုံကိုက အချိုးမကျတာပါ။ တခြားအိမ်သားတွေရော' လို့ ဆက်မေးလိုက်ပါတယ်။

ကျွန်မ ဦးထုပ်ကိုချွတ်ပြီး ခန်းမထဲ လှည့်ပတ်ကြည့်ပါတယ်။ ကိုလိုနီခေတ် ပရိဘောဂတွေနဲ့ နံရံပေါ်မှာ ဖယောင်းတိုင်တွေ ထိန်နေအောင် ထွန်းထားတဲ့ အလင်းတိုင်ကြီးကို တွေ့ရပါတယ်။ အခန်းထဲမှာ လင်းနေတာ အဲဒီဖယောင်းတိုင်တွေက အလင်းရောင်ကြောင့်ပါပဲ။ ခေတ်မီ ဖန်ချောင်း၊ မီးဆိုင်း စသည်ဖြင့်တော့ ဘာကိုမှ မတွေ့ရပါဘူး။ ဖယောင်းတိုင်တွေရဲ့ နံရံပေါ်မှာ ယိမ်းထိုးလှုပ်ရှားနေတဲ့အရိပ်တွေ ပေါ်လာစေပါတယ်။ အဲဒါတွေက ကြောက်စရာလိုလို ဖြစ်နေပေမယ့် အိမ်ကြီးမှာ နွေးထွေးမှု၊ ငြိမ်းချမ်းမှု၊ ရောင့်ရဲသက်သာမှုတို့ ရှိနေတာ အမှန်ပါပဲ။ တစ်ချိန်တည်းမှာပဲ မရှင်းမလင်းနဲ့ ပဟေဠိဖြစ်နေသလိုမျိုး။ မမြင်ရတဲ့ အရိပ်ကျနေတဲ့ အခန်းထောင့်တွေက တိတ်တိတ်စောင့်ကြည့်ခံနေရသလိုမျိုး စိတ်ထဲ ဖြစ်လာရပါတယ်။

'ကျန်တဲ့အိမ်သားတွေ အိပ်ကုန်ကြပြီလား' လို့ ကျွန်မ မေးလိုက်ပေမယ့် သူကြားပုံမရပါဘူး။

ခဏနေမှ 'ဟိုမှာလေ' လို့ အသံတိမ်တိမ်နဲ့ပြောရင်း လက်ညှိုးနဲ့ ညွှန်ပါတယ်။ သူညွှန်တဲ့နေရာ လှမ်းကြည့်လိုက်တော့ ကျွန်မ ထိတ်ခနဲဖြစ်သွားပါတယ်။ ကျွန်မ ဝင်လာတုန်းက အဲဒီနေရာမှာ လူစုစုရှိနေတာကို မမြင်ခဲ့မိလို့ပါ။ ဖယောင်းတိုင်အလင်းရောင် မရောက်တဲ့နေရာမှာ ငြိမ်ငြိမ်လေးရပ်နေကြတာ ကျွန်မနဲ့ ဆယ်ပေလောက်ထက် ပိုမဝေးပါဘူး။

ကျွန်မ မေရီကို ပြုံးပြလိုက်တော့ သူက အသံတိုးတိုးနဲ့ပဲ 'အဲဒါ ငါ့အမေ' လို့ တစ်ယောက်ကိုညွှန်ရင်း ပြောပါတယ်။

ကျွန်မ ရှေ့တိုးလိုက်ပြီး အရပ်မြင့်မြင့် မျက်နှာအေးအေးနဲ့ အမျိုးသမီးကြီး နှုတ်ဆက်ဖို့ ကျွန်မ လက်ဆန့်ပေးလိုက်ပါတယ်။ သူ မြင်ပုံမရပါဘူး။

ကျွန်မကို အသာအယာပြုံးပြပြီး မေရီလို အသံတိုးတိုးနဲ့ပဲ 'မင်းဟာ ငါ့သမီးရဲ့ မိတ်ဆွေဆိုတော့ ကြိုဆိုပါတယ်ကွယ်' လို့ ပြောပါတယ်။

ကျွန်မ မေရီကို အမှတ်တမဲ့ ပြန်ကြည့်လိုက်မိတော့ သူ့မျက်နှာမှာ တွန့်ဆုတ်နေပုံမျိုး မရှိတော့ဘဲ စိတ်သက်သာရာရသွားပုံပေါ်ပါတယ်။

'ဟောဒါက ငါ့အဖေ'

ဒီတစ်ခါ မေရီအသံက ပိုပြီး ရွှင်ရွှင်လန်းလန်း ရှိလာပါတယ်။ အသက်လေးဆယ်လောက်ရှိပြီး အရပ်မြင့်မြင့် တည်ကြည်ခံ့ညားတဲ့ မျက်နှာနဲ့ အမျိုးသားကြီး ရှေ့ထွက်လာပြီး ကျွန်မကို ပြုံးပြပါတယ်။ သူလည်း ကျွန်မရဲ့ ဆန့်ထားတဲ့လက်ကို မမြင်ဘဲ အေးအေးဆေးဆေးနဲ့ တရင်းတနှီး နှုတ်ဆက်စကားပြောပါတယ်။

'တွေ့ရတာဝမ်းသာတယ် ကလေး။ သမီးကတော့ မင်းအကြောင်း မကြာခဏ ပြောတတ်တယ်'

ကျွန်မလည်း သူတို့နှစ်ယောက်ကို လေးလေးစားစားနဲ့ ပြန်ပြီးနှုတ်ဆက်ပါတယ်။

အဲဒီနောက် မေရီက 'ဒါ..လုံနီလေ။ သူ့ဓာတ်ပုံကို မင်း မှတ်မိတယ်မဟုတ်လား' လို့ မေးပါတယ်။

ကျွန်မ သူ့ဓာတ်ပုံကို မှတ်မိနေပါတယ်။ ရုပ်ချောတဲ့ လူငယ်ဟာ ရှေ့နည်းနည်းထွက်ပြီး အပြုံးနဲ့ နှုတ်ဆက်ပါတယ်။

'လစ်ဇ်ဆိုတာပေါ့နော်။ ကြွက်တစ်ကောင်ကို မကြောက်ဘူးဆိုတဲ့ မိန်းကလေးကို တွေ့ဖူးချင်နေတာကြာပြီ။ မှတ်မိတယ် မဟုတ်လား။ ပါမောက္ခရဲ့ စားပွဲထဲကို ကြွက်တစ်ကောင် သွားထည့်ထားတာ မေရီပြောလို့ သိထားရတယ်'

တခြားလူတွေလိုပဲ သူကလည်း စကားကို တိုးတိုးပြောတာပါ။ ဒါကြောင့် ကျွန်မလည်း သူတို့ လုပ်သလိုပဲ အသံတိုးတိုးနဲ့ ပြောရပါတော့တယ်။ သူတို့ဟာ ပျော်ရွှင်တဲ့ မိသားစု ဖြစ်နေတာတောင် အတော်ငြိမ်သက်အေးဆေးကြတယ်လို့ ဆိုရမှာပါ။ မေရီရဲ့ အသံတိုးတိုးနဲ့ အမူအရာတွေဟာ ကျွန်မအတွက် ပဟေဠိဖြစ်နေပါတယ်။ ကျောင်းမှာတုန်းက သူဟာ အသံအကျယ်ဆုံးနဲ့ ယောက်ျားလေးဆန်ဆန် နေခဲ့တဲ့သူပါ။

www.burmeseclassic.com

www.burmeseclassic.com

'ဟောဒါက ဘက်တီ'

မေရီ ဆက်ပြောပါတယ်။ သူ့မျက်နှာ နည်းနည်း လင်းလက်လာသလို ရှိပါတယ်။ ဆယ့်နှစ်နှစ်လောက် ရှိမယ့် မိန်းကလေးငယ်တစ်ယောက် ရှေ့ထွက်လာပြီး ကျွန်မကို ရှေးဆန်ဆန်နှုတ်ဆက်ပါတယ်။

'ပြီးတော့ ဘီလ်'

ဝတုတ်တုတ်လေးတစ်ယောက် သူ့အစ်မရဲ့ဝတ်စုံကို ကွယ်ပြီး အသံထွက်အောင် ရယ်ပြနေပါတယ်။

'ချစ်စရာကောင်းလိုက်တဲ့ ကလေးတွေပဲ'

ကျွန်မ ပြောလိုက်မိပါတယ်။ ကလေးငယ်က သူ့အစ်မ ဘက်တီရဲ့ နောက်ကနေ မျက်လုံးပြာပြာ ဝိုင်းဝိုင်းတွေနဲ့ ကျွန်မကို ရပ်ကြည့်နေပါတယ်။ သူ့ခေါင်းကို တစ်ဖက် နည်းနည်းစောင်းရင်းနဲ့ပါ။ ကျွန်မ မနေနိုင်ဘဲ ရှေ့တိုးပြီး ကလေးငယ်ရဲ့ ဆံပင်ခွေခွေလေးတွေကို ပွတ်ပေးမယ် အလုပ်မှာ ကလေးက အတော်သွက်သွက်ပဲ ကျွန်မနဲ့ ဝေးရာကို ရောက်သွားပါတယ်။ ကျွန်မ စိတ်မကောင်း မဖြစ်မိပါဘူး။ ကလေးက ကျွန်မကို ချစ်ခင်ကြောင်း မျက်နှာအမူအရာနဲ့ ပြနေလို့ပါပဲ။ ကလေးငယ်ဆိုတော့ လူစိမ်းနဲ့တွေ့ရင် ဒီလိုပဲ ဖြစ်တတ်ပါတယ်။

◆ ◆ ◆

ခဏလောက် စကားပြောဆိုအပြီးမှာ မေရီက ညစာမစားခင် ကျွန်မအခန်းကိုသွားပြီး ရေချိုးသန့်ရှင်းရေးလုပ်ဖို့နဲ့ ခဏအမောပြေနားဖို့ အကြံပေးပါတယ်။ အပေါ်ထပ်ကို သူ့နောက်ကနေ လှေကားအတိုင်း တက်သွားနေတုန်းမှာ ကျွန်မစိတ်ထဲ မေရီကလွဲလို့ ကျန်တဲ့မိသားစုတွေဟာ ကျန်းမာရေးကောင်းပုံမရဘူးလို့ တွေးနေမိပါတယ်။ အဖေကနေ ကလေးငယ်လေးအထိ သူတို့ အသားအရေတွေက ဖြူဖပ်ဖြူရော်တွေပါ။ အသားဝါတယ်လို့တောင် ပြောလို့မရပါဘူး။ ရုံးတွေမှာရှိတဲ့ မှန်အနောက်တွေလို အရောင်မျိုး ရှိနေကြတာပါ။ ဖယောင်းတိုင်အလင်းရောင်ထဲမှာမို့ သူတို့ပုံတွေဟာ အဟောင်းအဆွေး ရုပ်ရှင်ကားတစ်ခု ကြည့်ရသလို မှုန်မှိုင်းမှိုင်းဖြစ်နေကြတယ် ထင်ပါတယ်။

'ညစာစားချိန် ခြောက်နာရီနော်'

မေရီက ပြုံးပြီး ကျွန်မကို ပြောပါတယ်။ သူ ပြန်ထွက်သွားပြီး ကျွန်မ လုပ်စရာရှိတာတွေလုပ်ရင်း ခဏနားပါတယ်။ ညစာစားချိန်မတိုင်ခင် နည်းနည်းစောပြီး ကျွန်မ အောက်ထပ်ဆင်းခဲ့ပါတယ်။ ခန်းမထဲမှာ ဘယ်သူမှ မတွေ့ရဘဲ ရှင်းနေပါတယ်။ ခန်းမနံရံမှာ ဘဲဥပုံ မှန်ဝိုင်းတစ်ခုတွေ့တာနဲ့ မိန်းမပီပီ မှန်ရှေ့ သွားရပ်လိုက်ပါတယ်။ မှန်ကြီးက အကြီးကြီးမို့ တစ်ခန်းလုံးလောက်ကို မြင်နေရတာပါ။ ဖယောင်းတိုင်အလင်းရောင်နဲ့ဆိုတော့ ခပ်မှိန်မှိန်ပါပဲ။ နောက်ကျောဘက်ကိုရော အဆင်ပြေ၊ မပြေ သိရအောင် ကျွန်မ နောက်လှည့်လိုက်ပါတယ်။ အဲဒီအချိန်မှာ မျက်လုံးဝိုင်းဝိုင်းတွေ ပုတ်ခတ်၊ပုတ်ခတ် လုပ်ပြီး ကျွန်မဘေးနားရပ်နေတဲ့ ဘီ(လ်)ကလေးကို တွေ့ရပါတယ်။

'ဟလို··မိတ်ဆွေလေး' လို့ ကျွန်မ ပြုံးပြီးနှုတ်ဆက်လိုက်ပါတယ်။ ပြီးတော့ 'ဘယ့်နှယ်လဲ။ အစ်မ ကြည့်ကောင်းရဲ့လား' လို့ မေးရင်း မှန်ထဲကို တစ်ခါပြန်ကြည့်လိုက်တော့ ရုတ်တရက် ကျွန်မ ထိတ်ခနဲ ဖြစ်သွားရပါတယ်။

မှန်ထဲမှာ ကျွန်မရုပ်ပုံကို ကောင်းကောင်းမြင်ရတဲ့အပြင် ခန်းမရဲ့ နေရာအတော်များများကိုလည်း လင်းတဲ့ နေ ... ရာ၊ မှောင်တဲ့နေရာပါ မှန်ထဲမှာ ပေါ်ပါတယ်။ ဒါပေမဲ့ ကလေးရဲ့ပုံဟာတော့ မှန်ထဲမှာ လုံးဝမပေါ်ပါဘူး။ ကျွန်မ ကြက်သီးထပြီး နည်းနည်းနောက်ဆုတ်လိုက်မိပါတယ်။ ကျွန်မပုံကို ရှင်းရှင်းလင်းလင်း မြင်နေရပေမယ့် ကလေးကတော့ ကျွန်မဘေးမှာ ရှိမနေသလိုဘဲ သူ့ပုံ မှန်ထဲမှာ မမြင်ရပါဘူး။

အဲဒီအချိန်မှာပဲ မေရီက ညစာအသင့်ဖြစ်ပြီလို့ လှမ်းခေါ်ပါတယ်။ ကျွန်မ မှန်ထဲမှာ ပဟေဠိဖြစ်နေတာကို မေ့လိုက်ပြီး ကျွန်မမျက်စိမှာ ချို့ယွင်းချက်တစ်ခုခုရှိလို့ပဲလို့ မှတ်ယူလိုက်ပါတယ်။ ညစာ သွားစားဖို့ ကလေးကို လက်လှမ်းလိုက်ပေမယ့် သူက တခစ်ခစ်ရယ်ရင်း ကျွန်မရှေ့ကနေ ပြေးသွားပါတော့တယ်။

◆ ◆ ◆

ကျွန်မ မှတ်မိသလောက် အကောင်းဆုံးညစာလို့ ပြောရမှာပါပဲ။ အစားအစာတွေကကောင်းပြီး ပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်း စကားပြောနိုင်ခဲ့ကြပါတယ်။ စားပွဲအစွန်ဘက်ကနေ ခပ်တိုးတိုးပြောတဲ့ သူတို့စကားတွေကိုတော့ ကျွန်မ အာရုံစိုက် နားထောင်ရပါတယ်။ သူတို့အသံ တိုးတိုးတွေထဲမှာ ကျွန်မအသံက ကျယ်နေပြီး

www.burmeseclassic.com

www.burmeseclassic.com

မလိုက်ဖက်သလို ဖြစ်နေတော့တာပါ။

မေရီက ကျွမ်းကျွမ်းကျင်ကျင် စားပွဲထိုးပေးပါတယ်။ မီးဖိုခန်းနဲ့ ထမင်းစားပွဲကို အခေါက်ခေါက်အပြန်ပြန်သွားရင်း စားစရာတွေ သယ်ပို့နေတာပါ။ သူတို့မိသားစုမှာ ဟိုတုန်းကလောက် အခြေအနေမကောင်းတော့တာကြောင့် အိမ်အကူ မငှားနိုင်တော့တာလို့ ကျွန်မ နားလည်လိုက်မိပါတယ်။ လုံနီနဲ့ မေရီတို့ကို ကျွန်မတရင်းတနှီး စကားပြောရတာပါ။ အငယ်လေးနှစ်ယောက်ကတော့ ရယ်ရယ်ပြုံးပြုံးနဲ့ လူကြီးတွေပြောတာကို စိတ်ဝင်တစား နားထောင်ကြပါတယ်။ မေရီရဲ့ မိဘတွေဟာ တစ်ခါတစ်ရံ ကျွန်မတို့ စကားပြတ်တိုင်း ဝင်ပြောကြပါတယ်။

ကြည်နူးစရာကောင်းတဲ့ ညစာစားပွဲတစ်ခုပါပဲ။ စကားတိုးတိုးလေး ပြောကြတာကလွဲလို့ပေါ့။ ကျွန်မနဲ့ မေရီတို့က အစားအစာတွေကို နှစ်နှစ်ခြိုက်ခြိုက် စားကြပေမယ့် ကျန်တဲ့သူတွေက ဟန်လုပ်နေကြသလို တို့ကနန်းဆိတ်ကနန်းပဲလို့ သတိထားမိပါတယ်။ ကလေးတွေကလည်း အစားထက် ကျွန်မတို့ ပြောနေကြတာတွေကိုသာ ရယ်ရင်း ပြုံးရင်း အာရုံစိုက်နေကြတာပါ။

ညစာစားပြီးကြတော့ စာကြည့်ခန်းထဲမှာ ကျွန်မနဲ့ မေရီတို့ အတိတ်အကြောင်းတွေ စကားလက်ဆုံကျကြပြန်ပါတယ်။ မစ္စတာအလီဆန်နဲ့ ဇနီးတို့က စာဖတ်ရင်းနဲ့ ကျွန်မတို့ ပြောဆိုနေကြတာတွေကို ကြည့်လိုက် ပြုံးလိုက်လုပ်နေကြပါတယ်။ လုံနီက သူ့ညီလေးကို ပေါင်ပေါ်မှာ ပွေ့ထားရင်း ဘက်တီက ကုလားထိုင်လက်တန်းကို မှီထိုင်ရင်း ကျွန်မတို့ ကျောင်းတုန်းက ဇရတ်ကျခဲ့တာတွေ နားထောင်ပြီး တသောသောရယ်နေကြပါတယ်။

ဆယ့်တစ်နာရီလောက်မှာ ကျွန်မ တိတ်တိတ်ကလေး သမ်းလိုက်တာကို မေရီတွေ့သွားပြီး အိပ်ရာဝင်ခိုင်းတော့တာပါပဲ။ ကျွန်မ မငြင်းလိုက်ပါဘူး။ ဖယောင်းတိုင်လေး တစ်တိုင် ဘေးစားပွဲပေါ် ထွန်းထားတဲ့ ကျွန်မအတွက် အိပ်ရာပေါ်မှာ ဝင်လှဲလိုက်ပါတော့တယ်။

♦ ♦ ♦

ကျွန်မ ချက်ချင်းပဲ အိပ်ပျော်သွားတယ် ထင်ပါတယ်။ ရုတ်တရက် နိုးလာတော့ ဘေးစားပွဲပေါ်က ဖယောင်းတိုင် လင်းနေတုန်းပါ။ အဲဒါကိုငြိမ်းပြီး ပြန်အိပ်မယ်အလုပ်မှာ အသံတစ်ခု ကြားလိုက်ရတာကြောင့် အိပ်ချင်စိတ် ပျောက်သွားရပါတယ်။

ကျွန်မ အိပ်ခန်းတံခါးလက်ကိုင်ကို အသာလေးလှည့်ဖွင့်နေတဲ့အသံပါ။ ကျွန်မ အိပ်ပျော်နေဟန်ဆောင်ပြီး မျက်လုံးတွေကို မသိမသာလေး ဖွင့်တယ်ဆိုရုံ ဖွင့်ထားတာကြောင့် တံခါးဆီက လှုပ်ရှားမှုရှိလာရင် သိနိုင်နေပါတယ်။ တံခါးဖြည်းဖြည်းချင်း ပွင့်လာတာကိုလည်း မြင်ရပါတယ်။ ဝင်လာတဲ့သူက မစ္စအလီဆန်ပါ။ ဘာသံမှ မကြားရဘဲ လုံးဝတိတ်တိတ်ဆိတ်ဆိတ် လျှောက်လာရင်း ကျွန်မ အိပ်ရာဘေးနားရပ်ပြီး ကျွန်မကို ဂရုတစိုက် စောင့်ကြည့်နေပါတယ်။ ကျွန်မမျက်လုံးတွေကို တင်းတင်းပိတ်ထားလိုက်တာမို့ မျက်ခွံတွေ လုံးဝမလှုပ်ကြပါဘူး။ ခဏနေလို့ ဖြည်းဖြည်းပြန်ဖွင့်ကြည့်လိုက်တော့ သူ တံခါးဝဆီ ပြန်သွားနေတာ တွေ့ရပါတယ်။ ကျွန်မ အိပ်ပျော်နေပြီလို့ စိတ်ချသွားပုံပါပဲ။ သူ ပြန်ထွက်သွားတော့မယ် ထင်ပေမယ့် ထွက်မသွားဘဲ အပြင်က တစ်ယောက်ယောက်ကို လက်ယပ်ပြခေါ်လိုက်ပါတယ်။

အသံလုံးဝမထွက်ဘဲ ဖြည်းဖြည်းချင်း ကျွန်မအခန်းထဲ ဝင်လာသူတွေကတော့ မစ္စတာအလီဆန်၊ လုံနီ၊ ဘက်တီနဲ့ ကလေးငယ်တို့ပါပဲ။ ကျွန်မ ခုတင်ဘေးမှာ အားလုံး လာရပ်ကြပြီး ကျွန်မကို ကြင်နာတဲ့ မျက်လုံးတွေနဲ့ ဝိုင်းကြည့်နေကြတာမို့ ကျွန်မစိတ်ထဲ အတော်ပဲ ထိခိုက်ခံစားလိုက်ရပါတယ်။

ဒီလိုအချိန်ကြီးမှ သူတို့တွေ ဘာလာလုပ်ကြတာလဲလို့ မျက်စိဖွင့်ပြီး မေးလိုက်ချင်စိတ်ကို အတင်းမျိုသိပ်ပြီး ကျွန်မ စောင့်ကြည့်နေဖို့ပဲ ဆုံးဖြတ်လိုက်ပါတယ်။ ညသန်းခေါင်ချိန်ကြီးမှာ ဒီလိုအဖြစ်မျိုး ကြုံနေရပေမယ့် ကျွန်မ ကြောက်စိတ်တော့ လုံးဝဝင်မလာပါဘူး။ အဲဒီအစား ငြိမ်းချမ်းလုံခြုံမှု အပြည့်အဝရအောင် အကြင်နာတွေနဲ့ တမန်တော်တစ်ဦးဦးက စောင့်ရှောက်ပေးနေတယ်လို့ ခံစားနေရတာပါ။

သူတို့တွေ စကားတစ်ခွန်းမှ မပြောကြဘဲ အကြာကြီး ရပ်နေကြပါတယ်။ အဲဒီနောက် ကလေးမလေး ကျွန်မ ကိုယ်ပေါ် ခါးကိုင်းလိုက်ပြီး ကျွန်မလက်ကို အသာလေး ဆုပ်ကိုင်လိုက်ပါတယ်။ ရုတ်တရက် ထအော်သွားမလိုဖြစ်တာကို မနည်းထိန်းလိုက်ရပါတယ်။ ကလေးမလေးရဲ့လက်ဟာ ရေခဲတုံးလို အေးစက်နေပါတယ်။

www.burmeseclassic.com

အေးစက်တဲ့လေတွေ တိုက်လာသလိုလည်း ခံစားလာရပါတယ်။ သူ့လက်ကလေး ကျွန်မလက်ပေါ် လာတင်ထားတာ ဖြစ်ပေမယ့် ဘာမှအလေးချိန် မရှိသလိုပါဘဲ။

အဲဒီနောက် စကားတစ်ခွန်းမှ မပြောကြပေမယ့် မျက်နှာပေါ်မှာ အပြုံးတွေနဲ့ သူတို့အားလုံး ပြန်ထွက်သွားကြပါတော့တယ်။ သူတို့လှုပ်ရှားမှုတွေကို ပြန်စဉ်းစားရင်း နောက်ဆုံးမှာ ကျွန်မ ငြိမ်းငြိမ်းချမ်းချမ်း အိပ်မောကျသွားပါတယ်။

◆◆◆

နောက်တစ်နေ့မနက်မှာ မေရီက နံနက်စာ လင်ပန်းနဲ့အတူ ကျွန်မဆီ ရောက်လာပါတယ်။ ကျွန်မ စားနေတုန်းပဲ စကားပြောကြပါတယ်။ အေးအေးဆေးဆေး အဝတ်အစားလဲရင်း ကျွန်မလိုက်ရမယ့် ဆယ်နာရီရထားအတွက် ပြင်ဆင်ရပါတယ်။ အချိန်နီးလာတဲ့အခါကျတော့ မေရီကို သူ့မိသားစု ဘယ်မှာရှိသလဲလို့ မေးလိုက်ပါတယ်။ အိမ်ထဲမှာ သူတို့ကို တစ်မနက်လုံး မတွေ့ရလို့ပါ။ သူတို့တွေဟာ သိပ်ခင်တွယ်စရာကောင်းပြီး ဒီကိုလာရတာ သိပ်ပျော်ပါတယ်လို့လည်း ပြောလိုက်ပါတယ်။ သူငယ်ချင်းရဲ့ မျက်နှာမှာ ဝမ်းသာရိပ်ကိုတွေ့ရပါတယ်။ ဒါပေမဲ့ ကျွန်မ ထပ်ပြောလိုက်တဲ့အခါမှာတော့ သူ့မျက်နှာဟာ စိုးရိမ်ထိတ်လန့်သွားဟန်ကို ပြောင်းသွားတော့တာပါပဲ။ ကျွန်မပြောတာက သူ့မိသားစုကို နှုတ်ဆက်ချင်တယ် ဆိုတာလောက်ပါ။

နားမလည်နိုင်စရာအမူအရာ သူ့မျက်နှာပေါ်မှာ ဖြစ်လာတာကို တစ်ကြိမ်ထပ်ပြီး တွေ့လိုက်ရပြန်ပါတယ်။

'သူတို့…သူတို့ သွားကြပြီ' လို့ အသံတိုးတိုးနဲ့ အားယူပြီး သူပြန်ပြောပါတယ်။

ကျွန်မ စိတ်ရှုပ်သွားတဲ့ဟန်နဲ့ ပြန်ကြည့်နေမိတော့ သူက ထပ်ရှင်းပြပါတယ်။

'ငါဆိုချင်တာက သူတို့ အဝေးကို ရောက်နေတယ်ဆိုတာပါ။ ဟို ညကျမှ ပြန်လာကြမှာလေ'

သူ နောက်ဆုံးပြောလိုက်တဲ့အသံက တိုးလွန်းလို့ ကောင်းကောင်းမကြားရလောက်အောင်ပါဘဲ။

ဒါကြောင့် ကျွန်မ နှုတ်ဆက်သွားတဲ့အကြောင်း၊ ကျေးဇူးတင်တဲ့အကြောင်း ပြောပေးပါလို့ပဲ မှာလိုက်ရပါတယ်။ ဘူတာကိုလည်း သူ လိုက်မပို့တော့ဘူးဆိုတာကြောင့် ကျွန်မတစ်ယောက်တည်း ပြန်ခဲ့ပါတယ်။ ရထားက နောက်ကျနေတာကြောင့် ကျွန်မ ဘူတာရုံပိုင်ကြီးနဲ့ စကားပြောရင်း စောင့်နေလိုက်ပါတယ်။

'မစ္စအလီဆန်ရဲ့ မိသားစုဟာ တကယ်ခင်ဖို့ကောင်းတာပဲနော်' လို့ ကျွန်မ စပြောပါတယ်။

'သူတို့အချင်းချင်းလည်း အတော်ကို သံယောဇဉ်ကြီးကြတယ်'

ရုံပိုင်ကြီးကို ကြည့်လိုက်တော့ သူက ကျွန်မကို ရူးသွားသလားလို့ထင်တဲ့မျက်နှာနဲ့ ကြည့်နေတာတွေ့ရပါမဲ့ခြောက်တွေနဲ့ သူ့မျက်နှာဟာ ဖြူဖပ်ဖြူရော်နဲ့ပါ။

'မနေ့ညက မင်း အဲဒီမှာ အိပ်ခဲ့တာလား'

အသံအက်အက်နဲ့ သူ မေးပါတယ်။

'ဟုတ်ပါတယ်'

ကျွန်မ သူ့အမူအရာကြောင့် အံ့သြရင်း ပြန်ဖြေလိုက်ပါတယ်။

'ဘာလို့လဲရှင့်'

'မင်း သူတို့ကို မြင်ခဲ့ရတယ်ပေါ့'

သူ့အသံဟာ ပြောရင်း တိမ်ဝင်သွားပါတယ်။

'မေရီရဲ့မိသားစုကို ပြောတာလား'

ကျွန်မ နည်းနည်း စိတ်အနှောင့်အယှက်ဖြစ်လာပြီး မေးလိုက်ပါတယ်။

'ဟုတ်တယ်။ ကျွန်မ မြင်ခဲ့တာပေါ့။ အဲဒါ ဘာထူးဆန်းလို့လဲ။ ဘာများမှားနေလို့လဲ'

ကျွန်မ စီးရမယ့်ရထား လာနေပြီဆိုတာ အတော်ဝေးဝေး ဥဩသံကြောင့် သိရပါတယ်။ ဒါပေမဲ့ ကျွန်မ မသွားနိုင်သေးဘဲ ရုံပိုင်ကြီးရဲ့အဖြေကို စောင့်နေလိုက်ပါတယ်။ ခဏအကြာမှာ မပြောချင် ပြောချင်နဲ့ တွန့်ဆုတ်ဆုတ် သူပြန်ပြောတာ ကြားရတော့တာပါ။

'သူတို့ မနှစ်က ဆုံးသွားခဲ့ကြတယ်။ မေရီ တစ်ယောက်ပဲကျန်ပြီး အားလုံးဆုံးသွားကြတယ်။ ရှေ့ဆင့်နောက်ဆင့်ပဲ။ ကျောက်ရောဂါနဲ့လေ'

ကျော်ကျော်

50 Ghost stories စာအုပ်မှ Mary Elizabeth Counselman ရေးသားသော The House of shadows ဝတ္ထုတိုကို ဘာသာပြန်ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ ရွှေရင်အေးစေတီတော်ကြီး တည်ရှိရာ ကျုံးစုရွာ၊ နတ်စင်လမ်း ကန်တော်မင်္ဂလာရှေ့ရှိ အိမ်သို့ လွယ်အိတ်အစင်းကြားကြီးအား လွယ်လျက်ဆံပင်က ကုပ်ဝဲ၊ နှုတ်ခမ်းမွေးရေးရေးနှင့် အသားညိုညို၊ အရပ်ငါးပေရှစ်လက်မခန့်ရှိသော ကျွန်ုပ်ထံသို့ အရောက်အပေါက်နည်းသော်လည်း ငယ်စဉ်က ရင်းနှီးသော ဟသ်ာတနယ်ဘက်တွင်နေသော သစ်ပင်သာဘော်ဟု တစ်နယ်လုံးခေါ်ဝေါ်သမုတ်သော နာမည်ဖြင့် ထိုသူကား အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေတော့၏။

ဆယ်စုနှစ်တစ်ခုသာသာ ကွဲကွာနေသူလည်းဖြစ်သောကြောင့် သူသည် ဘယ်မှာနေ၍ ဘာလုပ်သည်တော့ မသိရပေ။

'ဟော့··ဆရာဆန်း၊ အိမ်မမှားပါဘူးနော်။ နာမည်ရဗေဒင်ဆရာနဲ့ ဂမ္ဘီရစာရေးဆရာဆိုတော့ ရှာရတာ တယ်မခဲယဉ်းပါဘူး'

'အေး··သာဘော်ကြီး၊ ဝလာသလိုပဲ။ မင်းကလေးတွေကြီးကုန်ပြီလားဟ။ ဘယ်နှစ်ယောက်ရှိလဲ'

'အင်း··သမီးအကြီးနဲ့ အလတ်က အိမ်ထောင်သည်တွေ။ အိမ်မှာ ကျောင်းပြီးခါနီး သမီးတစ်ယောက်ပဲ ကျန်တယ်။ သူ့အမေနဲ့



# ပရလောကသားနှင့် ကိုသာဘော်

## ဆန်းဝင်း(အောင်မြေ)

www.burmeseclassic.com

www.burmeseclassic.com

အားလုံး အိမ်မှာ သုံးယောက်ပဲ ကျန်တယ်။ သူတို့သား အမိက ကုန်စုံဆိုင်ဖွင့်ထားတယ်။ ကျုပ်ကတော့ ဆရာ ဆန်းဆီ မရောက်တာလည်းကြာလို့ ပုစွန်ခြောက် လာပို့ရင်း ဝင်လာတာ။ နေတာကတော့ ဒီလှိုင်သာယာ သမကုန်း နားမှာပါ'

'သြော်··ဒါဖြင့် အရင်တုန်းကလုပ်တဲ့ အလုပ်တွေ မလုပ်တော့ဘူးလား'

'အသက်ကလေး ရလာတော့ မလုပ်တော့ပါဘူး။ နား လို့လည်းရပြီဆိုတော့ ဘုရားတရားဘက်လှည့် ဥပုသ်သီလ စောင့်ရတာပေါ့'

'အေး··ကဲ၊ ရေနွေးသောက် လက်ဖက်လည်းစား။ အရင်က သာဘော်ကြီး သစ်ပင်ခုတ်တဲ့အလုပ် လုပ်တာနော်'

'ဟုတ်ပါ့ဗျာ။ ဒါနဲ့ပဲ ကလေးတွေကို ကျောင်းပြီး အောင် ထားခဲ့ရတာ။ သုံးယောက်လုံးက ဘွဲ့ရပြီးသား ဖြစ်မှာပဲလေ'

'ကြိုးစားခဲ့ရတဲ့ အတွေ့အကြုံက တော်တော်ခက်ခဲ ကြမ်းတမ်းခဲ့မှာပဲ'

'ကြမ်းသလား မပြောနဲ့၊ ကျုပ်ဘဝမှာ ထူးထူးဆန်း ဆန်း မှတ်မှတ်ရရတွေ အများကြီး။ ကြောက်စရာကောင်း အောင်လည်း ကြုံတွေ့ရသဗျား'

'ဟာ··အိုကေ၊ အဲဒီအထဲက တစ်ခုလောက် ပြောစမ်း ပါ သာဘော်ကြီးရ'

'စာရေးဆရာအတွက် ဇာတ်လမ်းကတော့ ကောင်း ကောင်းရပြီဗျာ။ အဲဒီတုန်းက အိမ်ထောင်ကျခါစပဲ ရှိသေး တာလေ'

သာဘော်ကြီးကား လက်ဖက်တစ်ဖွန်းစား ရေနွေးတစ် ကျိုက် သောက်လိုက်ပြီးနောက် သူသောက်နေကျ ဆေးတံ အား ဆေးအိုးဖြည့်လျက် ကျွန်ုပ်အိမ်ရှေ့တွင်ရှိသော ကြာ များဖူးပွင့်နေသော ရေကန်ကြီးအားကြည့်လျက် ဟိုးအတိတ် ကာလဆီသို့ လွင့်မျောသွားလေတော့၏။

◆◆◆

သာဘော်တို့နေသော ကျောက်စရစ်ကုန်းရွာကား ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ရခိုင်ရိုးမတောင်ခြေ အနီး ယခု ပုသိမ်-မုံရွာ ကားလမ်းဘေးတွင် တောင်- မြောက် တန်းနေသော သရက်ကုန်းရွာ၊ မြို့ကုန်းရွာ၊ သဲန ကုန်းရွာ၊ မန်ကျည်းကုန်းရွာ၊ ဘုရားကုန်းရွာ၊ ဘန့်ဘွေး ကုန်းရွာ စသည်ဖြင့် ကုန်း(၉)ကုန်း၊ တွင်း(၉)တွင်းရှိသော ထူးဆန်းသည့် ရွာနာမည်ဆန်းများ စီတန်းနေသော လေး မျက်နှာအနောက်။ ထိုနယ်တစ်ဝိုက်တွင်သာရှိသော ထောက် ကြံ့ကွင်း၊ ပိန္နဲကွင်း၊ ဝါးတောကွင်း စသည့် ကွင်းနှင့် ကုန်း အမည့်အဆုံးသတ်များတွင် ကုန်းပါဝင်သော ကျောက် စရစ်ကုန်းရွာတွင် နေသည်။ လယ်ဧက(၁၅)ဧကခန့် ပိုင် ဆိုင်၍ နွား(၆)ကောင်၊ လှည်း၊ လယ်ယာသုံးပစ္စည်း အား လုံးရှိသည်။ ဆန်ကောင်း(၈ကျွဲ)ကိုသာ ဝမ်းစာစပါးနှင့် ထည့်၍ စားကြသည်။

တစ်နေ့သောအခါ သာဘော်တို့အိမ်သို့ မြို့ကုန်းရွာမှ ဦးသိန်း ရောက်လာလေတော့သည်။ ဦးသိန်းကား ရှမ်းကြီး သိုင်း၊ တုတ်သိုင်း၊ လက်သိုင်း၊ ဗန်ဒို ကျွမ်းကျင်လှသော သိုင်းဆရာကြီးဖြစ်၍ နဂါးပေါ်၊ အသားဖြူ၊ ပိန်ပါးပါး၊ သျှောင်တစောင်းနှင့် ဗိန္ဓောဆေးရောင်းသည်။ စာရေးသူ၏ အဖေဘက်မှ ဦးလေးတော်သူဖြစ်ပြီး သာဘော်ဖခင် ဦးထွန်း တင်နှင့် လွန်စွာရင်းနှီးလေသည်။

'ဟာ··မောင်သိန်း၊ လာ··လာ··သာဘော်ရေ၊ မင်း ဦးလေး လာသကွ။ ရေနွေးလုပ်။ ငါးရံ့ခြောက် ပဲဆီဆမ်း ခဲ့ သား'

'ဟုတ်ကဲ့ အဖေ၊ ဦးလေး··ထိုင်၊ အမောဖြေ၊ ကျွန် တော် ရေနွေးအိုး အသစ်လဲလိုက်မယ်။ ခဏလေး'

'ဖြည်းဖြည်းလုပ်ပါ သားရယ်။ ဆေးရောင်းရင်းနဲ့ မရောက်တာလည်းကြာလို့ ဝင်လာတာ။ အစ်ကို့လယ်တွေ အဆင်ပြေကောင်းရဲ့လား။ စပါးထွက် အဆင်ပြေရဲ့လား'

'မှန်မှန်ထွက်နှုန်းပါပဲ မောင်သိန်းရယ်။ ဆုတ်တော့ မဆုတ်သွားဘူး ဆိုရမှာပေါ့'

'ကျွန်တော် တောင်ယာနည်းနည်း ချုံခုတ်ချင်တယ်။ ကျွန်တော်နဲ့အတူ တစ်ပတ်၊ နှစ်ပတ်လောက် သာဘော်ကြီး ခေါ်သွားချင်တယ်။ အစ်ကို ဒီမှာ အလုပ်အခြေအနေ ပြီး တန်သလောက် ရှိပြီလား'

'အေး··ပြီးတန်သလောက် ပြီးပါပြီ။ ရပါတယ်၊ ခေါ် သွားလေ'

'ဟုတ်ကဲ့ အစ်ကို။ ကျေးဇူးတင်ပါတယ်'

ထို့နောက် တစ်ပတ်အကြာတွင်တော့ သာဘော်နှင့် ဦးသိန်းတို့ မြို့ကုန်းရွာအနောက်ဘက် ဦးသိန်း၏ယာဟောင်း နှင့်စပ်လျက်တွင် နောက်ထပ်နှစ်ဧကခန့် သစ်ပင်များ ခုတ် ထွင်ရှင်းလင်းလျက် ရှိလေတော့၏။

ဦးလေးသိန်းကား လူထူးဆန်းထဲတွင်ပါသောလူဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ သိုင်းပညာလည်း ကျွမ်းကျင်၏။ အထူးသဖြင့် တုတ်ရှည်သိုင်းအား လွန်စွာကျွမ်းကျင်လှ၏။ မြို့ကုန်းရွာတွင် လူငယ်များအား အခမဲ့သိုင်းသင်ပေးသောကြောင့် တက်ရောက်သင်ကြားသူ လူငယ်(၂၅)ယောက်မျှရှိကြောင်း တွေ့ရ၏။ ဓားနှစ်လက်သိုင်း၊ ဓားတစ်လက်သိုင်း၊ တုတ်သိုင်း၊ တုတ်ရှည်သိုင်း၊ လက်သိုင်း၊ ကြိုးသိုင်း စုံလှသည်။ ဦးသိန်း သိုင်းသင်တန်း ပြီးဆုံးထားပါက လူငါးယောက်နှင့် လက်လက်ချင်း၊ ဆယ်ယောက်ခန့်အား လှဲသိပ်နိုင်သော ထူးခြားသွက်လက်သော သိုင်းဆရာပင်။

'တူလေးသာဘော်'

'ဟုတ်ကဲ့ ဦးလေး၊ ပြော'

'ဆန်ထုပ်၊ ငါးပိ၊ ဆီ၊ ငါးခြောက်၊ ဆား၊ အချိုမှုန့်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ အဲ..ငံပြာရည်၊ ခေါက်ဆွဲထုပ်တွေလည်း ပါပြီ။ ကဲ..သေချာထည့်ဟေ့'

တောင်ယာအသစ် ချုံထွင်ခုတ်ရမည်ဖြစ်သောကြောင့် လိုအပ်သော ရိက္ခာပစ္စည်းများ ပြည့်စုံအောင် စစ်ဆေး၍ တောင်ယာဟောင်းရှိ တဲအိမ်ငယ်သို့ သယ်ကြရလေသည်။ ပစ္စည်းတချို့အား ဦးလေးသိန်း၏ သိုင်းသင်တပည့်များလည်း လိုက်လံပို့ဆောင်ကြလေသည်။ ပုသိမ်-မုံရွာ ကားလမ်း ဖောက်သောအခါ ဦးသိန်း နောက်ချုံထွင် ယာခင်းကား ထိုကားလမ်းဘေးအထိ ရောက်သောကြောင့် မိမိမြေတချို့အား ဈေးဆိုင်၊ ကား၊ စက်ဘီးဆိုင်နှင့် ထမင်းဆိုင်များက ဝယ်ယူသောကြောင့် ဦးလေးသိန်း မြေရိုင်းမှ ဧက အနည်းငယ် အမြတ်အစွန်းရသည်။

မောင်သာဘော် နံနက်စောစောထပြီး ထမင်းချက်၊ ဟင်းစီစဉ်၍ သစ်မြစ်များ တူးဖော်ခြင်း၊ သစ်ကိုင်းများ နေရာတကျ စုပုံခြင်း၊ ခြံလည်း နည်းနည်းစီ အရံအတား ကာရလေသည်။ အမြစ်တူးဖော်သော တချို့သစ်ပင်များကား လက်တစ်ဖက် လူကြီးတစ်ဖက်ခန့် ရှိသည်ကို တွေ့ရပြီး ဤသစ်ပင်ကြီးများအား ဦးလေးသိန်း အန္တရာယ်ကင်းအောင် မည်သို့ခုတ်လှဲသနည်း။ သစ်ပင်ကြီးလျှင် ရုက္ခစိုးနတ်ရှိ၏ဟု စာပေများ ဖတ်ရှုမှုအရ သိရသောကြောင့် တချို့သစ်ပင်စောင့်နတ်တို့သည် ဆိုးသွမ်းသည်လည်းရှိ၏၊ ကောင်းသည်လည်းရှိ၏။ ကောင်းသည်က နည်း၏၊ ဆိုးတတ်သည်က များ၏ဟု သိရ၏။ အမှန်က သစ်ပင်ကိုစောင့်သည် မဟုတ်ဘဲ ထိုသစ်ပင်ကို အမှီပြု၍ ဗိမာန်ပေါက် ကံအား လျော်စွာ နေထိုင်ကြသည်။ ၎င်းဗိမာန်နှင့် သစ်ပင်ကား အုတ်မြစ်သဖွယ်ဖြစ်၏။ သစ်ပင်လှဲပါက ဗိမာန်ပျက်မည်၊ နေစရာမရှိ ဖြစ်မည်ဟု ဗုဒ္ဓဝင်ကျမ်း ငါးရာ့ငါးဆယ်ဝတ္ထုတို့တွင် တွေ့ရှိဖတ်ရှုထားသောကြောင့် သစ်ပင်ကြီးများ (အများကြီး) ခုတ်လှဲထားသော တောင်ယာခင်းအား ကြည့်၍ ဦးလေးသိန်းအား အံ့ဩမိ၏။ လျှို့ဝှက်ချက်ရှိပေလိမ့်မည်။ စုံစမ်းမည်ဟု သာဘော် ဆုံးဖြတ်မိ၏။

သာဘော် သစ်ကိုင်းများအား အသေးအမွှား သီးသန့် အလတ်၊ အကြီး သီးသန့်ပုံသည်။ ထိုအလတ်၊ အကြီးကိုင်းတို့ကား အိမ်သို့သယ်ရမည်ဖြစ်ပြီး မိုးတွင်းစာ ထင်းအတွက် ဆောင်ရွက်ရမည်ဟု သိရလေသည်။

◆ ◆ ◆

'သာဘော်ရေ'

'ဗျာ..ဦးလေးသိန်း'

'ခြောက်ပြီးသား သစ်ကိုင်းတွေ မီးရှို့ကြစို့။ ပြီးရင် ထမင်းစားကြစို့။ နေတော်တော်မြင့်နေပြီ'

'ဟုတ်ကဲ့ ဦးလေးသိန်း'

တောင်ယာခုတ်သည်မှာ တစ်ပတ်ကျော်ပေပြီ။ သာဘော်အား သစ်ပင်ငယ်နှင့် ချုံပုတ်များကိုသာ ခုတ်စေ၍ ဦးသိန်းကား သစ်ပင်ကြီးများကိုသာ ခုတ်သည်။ သာဘော်ကို အခုတ်မခိုင်းပေ။ ထူးဆန်းသော အပြုအမူကိုလည်း တွေ့ရသေးသည်။ ဦးသိန်း သစ်ပင်ကြီးတစ်ပင်အား ခုတ်တော့မည်ဆိုလျှင် အပင်ခြေရင်းတွင်ရပ် သစ်ပင်ကို လက်နှစ်ဖက်နှင့်လည်းကိုင်၍ တစ်စုံတစ်ခုကို ပြောနေပုံရသည်။ ထို့နောက် တစ်စုံတစ်ခုကို ကျောပိုးသကဲ့သို့ပြုလုပ်၍ မိမိအခင်းအစပ်ရှိ အခြားပိုင်ရှင်မဲ့ သစ်ပင်သို့ကပ်ကာ ကျောမှီလိုက်ပြီး ပါးစပ်မှလည်း တစ်စုံတစ်ခုပြောသည်ကို သာဘော် တွေ့ရသည်။ သစ်ပင်ငယ်များတွင် ဤသို့မလုပ်။ ပေါင်လုံးခန့်သစ်ပင်နှင့် ၎င်းအထက်ကြီးသော သစ်ပင်တိုင်း ဦးလေးသိန်း အပင်တိုင်း အမြဲလုပ်သည်။ ထိုထူးဆန်းသော မြင်ကွင်းအား သာဘော်အမြင်ဖြင့် ထူးဆန်းနေသည်မှာ အမှန်။

တစ်နေ့ ထမင်းစားချိန်တွင်-

'ဦးလေးသိန်း'

'ဟေ..သာဘော်၊ ဘာလဲ သား။ ပြော'

'ကျွန်တော် အထူးအဆန်းလိုဖြစ်နေလို့၊ ဦးလေး သစ်ပင်ခုတ်ခါနီး လုပ်တဲ့ပုံစံ မမြင်ဖူးဘူး။ အဲဒါ ဘာကြောင့် လုပ်ရတယ်၊ အကျိုးသွားက ဘယ်လိုရှိတယ်ဆိုတာ သိပါ

www.burmeseclassic.com

www.burmeseclassic.com

ရစေ ဦးလေး'

'ဪ··အေး၊ မင်းတော့ သိလို့ရပါတယ်။ တခြားလူ တော့ လက်ဆင့်မကမ်းပါဘူး။ ကတိပေးနိုင်ရင် ဦးလေး ပြောပြမှာပေါ့ကွာ'

'ကတိပေးနိုင်ပါတယ် ဦးလေး။ ကျွန်တော့်ကို ရှင်း ပြပါ'

'တခြားမဟုတ်ပါဘူး၊ သစ်ပင်တွေမှာ ရုက္ခဒေဝအမျိုး အစားနတ်တွေ ရှိကြတယ်ဆိုတာ သား ယုံကြည်လား'

'အာ··ယုံကြည်တာပေါ့ ဦးလေးသိန်းရယ်။ ဘုရား ဟောပါဠိတွေ တော်တော်များများ ဖတ်ရှုတဲ့အခါမှာ နတ် တွေအကြောင်း၊ နောက် ပေတဝတ္ထုမှာလည်း ပြိတ္တာအမျိုး မျိုးအကြောင်း ဒေသနာတော်အရ ဖတ်ဖူးတော့ ယုံကြည် တာပေါ့'

'အေး··အဲဒါပဲ၊ သစ်ပင်တိုင်းမှာ သူတို့ရှိတယ်။ လူ့ ပြည်က လူတွေထက် ပရလောကနယ်ပယ်မှာ နေစရာ၊ စားစရာ ရှားတယ်။ အဲဒီလောကကြီးတစ်ခုလုံးက ကုသိုလ် ကံ၊ အကုသိုလ်ကံနဲ့ သက်ဆိုင်တဲ့အတွက် ကွာခြားမှုတွေ တော့ ရှိတာပေါ့လေ'

'ဟုတ်ကဲ့ ဦးလေး'

'ကိုယ်က မမြင်ရပေမယ့် သစ်ပင်တ···ပင် ခုတ်ခါနီး ဒီအပင်မှာ တစ်စုံတစ်ယောက်တော့ရှိတယ်လို့ သတ်မှတ်ပြီး လူမှုဆက်ဆံရေးအရပြောရရင် တောင်းပန်တယ်။ လေးလေး စားစား ပြောဆိုပြီးတော့ ပိုင်ရှင်မဲ့အပင်တွေကို ရွှေ့ပြောင်းနေ ထိုင်ပေးဖို့ တောင်းလည်းတောင်းဆို ကိုယ်တိုင်လည်း ဝန် ဆောင်မှုလုပ်တဲ့အနေနဲ့ ဒီလိုလုပ်တာပဲ။ ဟာ··ငါပိုင်တဲ့ခြံ ထဲကသစ်ပင် ငါခုတ်ချင်သလိုခုတ်တာ ဘာဖြစ်လဲ ဒီလိုလုပ် လို့ မရဘူး သားရဲ'

'အင်း··ဟုတ်ပါတယ်။ ရှေးလူကြီးတွေရဲ့ နည်းပေး လမ်းပြမှုထဲမှာ တချို့ဟာတွေက တော်တော်နက်နက် ဂမ္ဘီရ ဆန်ဆန်တွေနော် ဦးလေး'

အေး··ကဲ၊ မင်းကို လက်တွေ့ ဦးလေး သင်ပေးလိုက် မယ်။ လာ'

◆◆◆

သာဘော် အသက်(၂၆)နှစ်တွင် ကျောင်းနေဖက် သူ ငယ်ချင်းတစ်ဦးနှင့် အိမ်ထောင်ကျပြီး သားသမီး(၃) ယောက်မြောက် ထွန်းကားတဲ့အထိ သစ်ပင်ကြီးများခုတ်လို လျှင် သာဘော်ကို လာခေါ်ရသည်။ လုပ်ထုံးလုပ်နည်းများ လုပ်ပြီးပါက သာဘော်၏ တပည့်များက ခုတ်ကြလေတော့ သည်။ ဤသို့နှင့် သစ်ပင်ကြီးငယ်ခုတ်ရာ၌ ဘာပြဿနာမှ မကြုံဘဲ နှစ်(၂၀)ခန့် တစ်ဖက်က လယ်လုပ်ရင်း ဦးလေး သိန်း အမွေပေးသောပညာဖြင့် အသက်မွေးဝမ်းကျောင်း သဖွယ် အကျိုးပေးလေတော့သည်။ ကြာသော် သာဘော်၏ နာမည်ရှေ့တွင် သစ်ပင်ဖြင့် နာမည်ရသောကြောင့် သစ် ပင်သာဘော်ဟူ၍ နာမည်ကြီးလေတော့၏။

တစ်နေ့ အလယ်ကုန်းရွာမှ သာဘော်ကြီး၏ အမေ ဘက်မှတော်သော ဦးအောင်သိန်း အိမ်ပြန်ဆောက်ရာ အိမ် အားလုံးဖျက် မြေနေရာများရှင်း၍ ထောင့်မလွတ်သော ကြောင့် ကလေးကိုယ်လုံးခန့်ရှိသော စက်ကတုံးပင်ကြီးအား ခုတ်ရပေတော့မည်။

'သာဗျောရေ'

'ဗျာ··ဦးလေး'

'ဒီနေ့တော့ နားလိုက်တော့ကွာ။ မနက်ဖြန် မနက်ကျမှ မင်းတို့ စက်ကတုံးပင်ကြီး ခုတ်ပေးကွာ။ ခုတ်ခ ထပ်ပေးရ မှာပေါ့။ ဟုတ်လား'

'ဟုတ်ကဲ့ ဦးလေး'

သို့နှင့် အိမ်ဖျက်ရှင်းလင်းရေးကြောင့် ဦးအောင်သိန်း စောစီးစွာ အိပ်ပျော်သွားလေတော့၏။ တစ်စုံတစ်ယောက် က ခြေထောက်ကို လှုပ်နှိုးသောကြောင့် လန့်နိုးသကဲ့သို့ ရှိသောအခါ ခြေရင်းဘက်တွင် ခေါင်းပေါင်းထားသော အသက်(၄၀)ခန့် အညိုရောင်အင်္ကျီလက်ရှည်နှင့် လူက လက်ယပ်ခေါ်သဖြင့် ပေါ့ပါးစွာ ထလိုက်သွားမိ၏။

ခဏအကြာတွင်တော့ စက်ကတုံးပင်ကြီးနားရောက် လျှင် ထိုခေါင်းပေါင်းနှင့်လူက 'ငါ့အပင် ခုတ်လို့ကတော့ အသေပဲမှတ်' ဟူ၍ ဒေါသမျက်နှာနှင့်ပြောပြီး ဖျတ်ခနဲ ပျောက်သွားလေတော့၏။

ထိုအချိန် ဦးအောင်သိန်းလည်း ဖျတ်ခနဲ နိုးသွားလေ တော့၏။ ရင်ထဲ ကတုန်ကယင်ဖြစ်ပြီး ရေထသောက်၊ ဆေးလိပ်သောက်ပြီး ထိုင်စဉ်းစားမိတော့၏။ မနက်ဖြန် လက်သမားသာဗျောတို့ ခုတ်ကြတော့မည်။ ခုတ်လို့ကတော့ အသေပဲဟု ကြိမ်းသွားသည်။ ဒါ တိုက်ဆိုင်တာ မဖြစ်နိုင်။ တစ်စုံတစ်ရာ ဒီအပင်တွင် ရှိပေလိမ့်မည်။ ဒီအပင် မခုတ် ပါက အိမ်ဆောက်၍မရပေ။ ဘယ်လိုလုပ်ရင်ကောင်းမလဲ စဉ်းစားမရ။

တစ်နာရီခန့် ကြာသောအခါ ဖြုန်းခနဲ ကျေ···ရေ


www.burmeseclassic.com

www.burmeseclassic.com

ကုန်းရွာက တူမောင် သာဘော်ကို သတိရမိ၏။

'ဟာ..ဟုတ်ပြီ'

နောက်နေ့ မနက်တွင်တော့ သစ်ပင်ခုတ်မည့်ဆဲဆဲကိစ္စအား ရပ်ဆိုင်းထားပြီးနောက် လှည်းတပ်၍ သုံးမိုင်ခန့်သာ ဝေးသော ကျောက်စရစ်ကုန်းရွာသို့ သွားလေတော့၏။ ရောက်သောအခါ သာဘော်အား အကျိုးအကြောင်းပြောပြရာ အားလုံး ကျွန်တော် တာဝန်ယူပါတယ်ဆိုပြီး လိုက်ပါလာလျက် နောက်နေ့ နံနက်တွင်တော့ ပွဲပြင်နိုင်းသောကြောင့် ပွဲတစ်ပွဲပြင်ပြီးလျှင် အမွေးတိုင်များ တစ်ခြံလုံးထွန်း၍ သာဘော် စက်ကတုံးပင်ကြီးဖက်၍ လိုအပ်သည်များ ပြောဆိုလျက် အိမ်ရှေ့ခြံပြင် မိမိတို့ပိုင် ခရေပင်ဝါးတစ်ရိုက်ခန့်ရှိရာသို့ ရွှေ့ပြောင်းပြီးနောက်-

'ကဲ..ဦးလေး၊ လက်သမားဆရာတွေ ခုတ်လို့ရပြီ'

'ဟုတ်ပါ့မလား သာဘော်ရယ်၊ ငါတော့ နည်းနည်းလန့်လို့'

'ဦးလေး..သာဘော် လုပ်ပေးတာပါ။ ကျွန်တော် ဒီမှာတစ်ညအိပ်တာ သူတို့ကျေနပ်ဖို့ ဆွေးနွေးတာ အောင်မြင်မှုရှိ၊မရှိ သိချင်လို့ အိပ်တာ၊ ရှင်းပြီလား။ ခုတ်ပါတော့တဲ့။ အိမ်တက်မှာ အမျှပေးဝေပါတဲ့'



'အင်း..ဟုတ်ရဲ့လား သာဘော်ရယ်'

'သြော်..ဦးလေးနှယ်၊ သာဘော့်ဘဝမှာ များလှပါပြီဗျာ'

ဤသို့နှင့် သာဘော်တို့ဦးလေးအိမ် ဆောက်ပြီး ထိုအပင်ပြောင်း ပရလောကသားအား မေတ္တာပို့သောအခါ နောက်နေ့နံနက်တွင် ခရေပန်းများ အပင်နှင့်မမျှပွင့်၍ တစ်အိမ်လုံး မွှေးကြိုင်လျက်ရှိလေတော့သည်။

◆ ◆ ◆

ဤတွင် သာဘော်၏ သစ်ပင်ခုတ်ခါနီး ဆောင်ရွက်သော ဦးလေးသိန်း အမွေပေးခဲ့သောနည်းမှာ ခုတ်မည့်သစ်ပင်အား အခြားတစ်ပင်သို့ ပြောင်းပေးပါရန် မေတ္တာသုတ် ရွတ်ဖတ်၍ မေတ္တာပို့ရင်း အပင်ကြီးလျှင် ကြီးသလိုပွဲပေး အမွေးတိုင်ပေး၍ နှစ်သက်ရာဘုရားကို လှူစေပြီး ခုတ်မည့်အပင်အား ကျောကုန်းကပ်၍ အောက်ပါစကားကို ပြောရလေသည်။

'ဤသစ်ပင်၌နေသောပုဂ္ဂိုလ်..ကျွန်ုပ် အနူးအညွတ်တောင်းပန်ပါသည်။ အပင်ပြောင်းပေးပါမည်။ ကျွန်ုပ်၏ကျောပေါ်တွင် စီးပိုးလိုက်ပါပေးပါ၊ ထမ်းခေါ်ပါရစေ။ ကြွပါ'ဟု လူတစ်ယောက်အား ထမ်းခေါ်သကဲ့သို့ပြုလုပ်ပြီးလျှင် ပြောင်းရွှေ့ရန် သတ်မှတ်ထားသော အပင်ကိုကပ်၍ကျောမှီပြီး 'ဤအပင်ပေါ်၌ နေထိုင်တော်မူပါ။ ဤအပင်ကား ကျွန်ုပ်ပိုင်အပင် ဖြစ်ပါသည်။ အေးချမ်းစွာ နေတော်မူပါလော့'ဟူ၍ ပြုလုပ်ခြင်းဖြစ်၏။

အတိုချုပ်ရင်းရလျှင် လူတစ်ဦးအား ကျောပိုး၍ ဒီဘက်အဆင့်မှ ဟိုဘက်အဆင့်သို့ သယ်ပိုးသလိုဟန် ပြုလုပ်ခြင်းဖြစ်သည်။ ဤသည့်နည်းဖြင့် သာဘော်မှာကား မည်သည့်ပြဿနာမှ မကြုံခဲ့ဖူးသည့်အပြင် စီးပွားတိုးတက်မှုပင်ရချေသေး၏။

'အေး..သာဘော်ကြီး၊ မင်း နည်းစနစ်က ခပ်ဆန်းဆန်းပဲနော်။ သစ်ပင်ဘယ်လောက်ကြီးကြီး ခုတ်ဖူးလဲကွ'

'အာ..ဆရာနှယ်၊ လက်တစ်ဖက်လောက်တွေပါ ပါတာပေါ့။ ဇချို့ဆိုရင် တင်းခံနေတာ သဘောမတူဘူး။ ခုတ်ခွင့်မပေးဘူး။ အဲဒီမယ် မေတ္တာသုတ်ပဲရွတ်၊ မေတ္တာပို့ရတာပါပဲ'

'အင်း..မေတ္တာစာတ် ပါဝင်လုပ်ဆောင်ရတာပေါ့၊ တို့အင်းစိန်က ပေါက်တောဝလမ်းဖောက်တော့ ကုက္ကိုပင်ကို ညောင်ပင်က မှီထားတဲ့ အပင်ကြီးကွ။ လမ်းအလယ်တည့်

www.burmeseclassic.com

တည့်ဖြစ်နေတော့ ဘယ်လိုမှ ချန်ထားလို့မရဘူး။ ဒါပေမဲ့ ဘယ်သူမှ ခုတ်လို့လည်း လက်မခံဘူး။ တော်တော်ကြမ်းကြမ်း။ အဲဒီနားကလူ တစ်ရပ်ကွက်လုံး အမှတ်ရနေလောက်တယ်။ ဆရာတွေနဲ့ အို··ပွဲတွေပြင်၊ မနက်ကျ ပြန်ကျဲနေတာတဲ့။ နောက်ဆုံးတော့ စစ်ကားနှစ်စီး ထိုးဆိုက်လာပြီး နိုင်ငံတော်စစ်ဦးစီး အမိန့်စာနဲ့ ဗိုလ်ကြီးတစ်ဦးက အမိန့်ပြန်ချိန်သစ်ပင်ကို စစ်သားတွေဝိုင်းပြီး သေနတ်နဲ့ ချိန်ထားတယ်။ အမိန့်လည်း ပြန်ပြီးရော အပေါ်ထောင်ပြီး သေနတ်ထောင်ဖောက်လိုက်တယ်။ ဒါ ညနေဘက် လုပ်လိုက်တာ အဲ·· မနက်လည်းကျရော အရွက်တွေ တစ်ပင်လုံး ညှိုးကျသွားတော့မှ စက်ကြီးနဲ့ ကော်တော့တာ။ နောက် ပေါက်တောဝ ဈေးရှေ့ဘက် ညောင်ပင်ကြီးတစ်ပင်လည်း အဲဒီမယ် အမြစ်ကြီးကျန်မှ တော်တော်နဲ့ လုပ်လို့မရဘူးကွ'

'ဩော်··အဲဒီလောက် ဆိုးဆိုးတွေလား'

'သူ့ဘက်က ကြည့်တော့လည်း သူ့အသိုက်အမြုံ ဖျက်တာကိုး။ တန်ခိုးမြင့်ရင် မြင့်သလောက် ပြဿနာပေးကြတော့တာပေါ့လေ'

'အင်းလေ··အစိုးရအမိန့်ဆိုတော့လည်း ဖယ်ရတော့တာပေါ့'

'ဒါပေမဲ့ ပဒ်ရှာက မန်ကျည်းပင်ကြီးကျတော့လည်း ဒီအတိုင်း လမ်းလယ်ထားခဲ့ရတော့တာ အခုအထိ ဘာမှ လုပ်လို့မရဘူး'

'အင်း··ပရလောကကိစ္စတွေကတော့ ထူးထူးဆန်းဆန်း အံ့ဩစရာတွေပါပဲ ဆရာဆန်းရယ်'

'မင်းနည်းပဲညာက မှတ်သားစရာလည်းကောင်း၊ ကိုယ်တိုင်လုပ်လာခဲ့တဲ့လူက ပြောပြတာဆိုတော့ မှတ်သားစရာ ရှားရှားပဲ။ အဲဒီတော့ သာဘော်··'

'ဗျာ··ဆရာဆန်း'

'ငါ အများသိအောင် စာရေးချင်တယ်ကွာ။ ဘယ့်နှယ်··အများသူငါ ဗဟုသုတရအောင်၊ မင်းလိုလူ ရှားလို့လေ'

'ဟား··ဟား··ဟား··ရေးဗျာ၊ ရေး။ ဒါဆို သာဘော်က ဓာတ်လိုက်ကြီးပေါ့။ ဟုတ်လား ဆရာ'

'အမှန်ပေါ့ ဟော့ကောင်ရ'

'အဟား··လုပ်လိုက်လေ ဆရာ၊ ကြာသလားလို့'

ဆန်းဝင်း(အောင်မြေ)


# ဆရာရန်အောင်ဟိန်း(B.Sc)

## (ခရစ်ရှနားမူတီး ရှေ့ဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကေ.ပီ စနစ်အား ဆရာတစ်ဆူ့ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကေ.ပီ စနစ်၊ ဂြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိုဂရမ် (Softwar) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

ဆက်သွယ်ရန်လိပ်စာ

အမှတ်-၂၁၃(ပ-ထပ်)၊ ၃၂-လမ်း(အထက်)၊ (CLOVER ဟိုတယ်အနီး)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့


ဖုန်း - ၀၉ ၇၃၁ ၁၉၈ ၂၆ ၊ ၀၉ ၂၆၁ ၄၄ ၇၇ ၆၆ ၊ ၀၉ ၇၉၁ ၄၂၀ ၃၉၄


www.burmeseclassic.com

www.burmeseclassic.com

# မောင်ဒဿန (ထင်ရှားချမ်း)

## ဥပါဒါန်အစွဲအလမ်းများတွင် စွမ်းအင်တစ်ရပ်ရှိနိုင်သလော



မှန်းဆပြီး အရိုးအရှင်းဆုံးနှင့် နီးနီးစပ်စပ် ဖြေရလျှင် ဥပါဒါန်အစွဲလမ်းများတွင် စွမ်းအင်သဖွယ် သက်ရောက်စေနိုင်သော အားတစ်ခုခုရှိနေသည်မှာ သေချာသလောက်ပင် ဖြစ်၏။ စိတ်ပညာသဘောတရားအရ လူတစ်ယောက်သည် အကြောင်းအရာတစ်ခုကို စွဲစွဲလမ်းလမ်းစိတ်တွင် ပြဋ္ဌာန်းပြီး အစဉ်အမြဲ စူးစိုက်နေခဲ့ပါလျှင်



www.burmeseclassic.com

www.burmeseclassic.com

အတွင်းစိတ်၊ အဝင်စိတ် (သို့မဟုတ်) မသိစိတ်တွင် စွဲထင်မှတ်သားသွားပြီး တစ်ချိန်ချိန်၌ ပြီးမြောက်အောင်မြင်ခြင်းသို့ ရောက်ရှိသွားတတ်ကြသည်။ ထိုကဲ့သို့သော ဖြစ်စဉ်ကို Auto Suggestion ဟု ခေါ်ကြပြီး အကြောင်းအရာတစ်ခုကို လူအများစုက နှစ်ရှည်လများ စွဲစွဲလမ်းလမ်း ယုံကြည်ပြဌာန်းလာပြီဆိုလျှင်တော့...။

(၁)

<u>ခုနှစ်အားဖြင့် (၁၉၆၀)ပြည့်နှစ်၊</u>
<u>လအားဖြင့် မေလပိုင်းလောက်က-</u>

မိုးကောင်းကင် တစ်ခုလုံးတွင် မည်းမှောင်နေသော တိမ်စိုင်တိမ်လိပ်ကြီးများ ရွေ့လျားလျက်ရှိသည်။ တဖြောင်းဖြောင်းရွာသွန်းနေသော မိုးပုလဲပန်း၊ မိုးစိန်စက်များတို့သည် မနားတမ်း ရွာသွန်းလျက်ရှိ၏။ တစ်ခါ,တစ်ခါ လျှပ်စီးကလည်း ဖြန်းခနဲ,ဖြန်းခနဲ ပြက်လိုက်သေး၏။ အာဖရိကတောင်ပိုင်းကမ်းခြေ နိုင်ဂျီးရီးယားနိုင်ငံ၏ မြို့တော် လေးဂို့(စ်)မြို့မှာ မိုးသက်မုန်တိုင်းများကြားတွင် တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိနေ၏။ တကယ်တော့ နိုင်ဂျီးရီးယားနိုင်ငံသည် လူမည်းများ အများဆုံးနေထိုင်ရာဖြစ်ပြီး သဘာဝသယံဇာတ ပေါကြွယ်ဝသော နိုင်ငံ တစ်နိုင်ငံဖြစ်သည်။

ထိုအခိုက် မြို့တော်၏ ဆင်ခြေဖုံးအစွန်အဖျားဘက်ရှိ လေယာဉ်ကွင်းတစ်ခု၌ ပြင်သစ်နိုင်ငံမှ လေယာဉ်တစ်စင်း ဆိုက်ရောက်လာ၏။ ခရီးသည်များသည် လေယာဉ်ရုံးရှိရာဆီသို့ အမိုးအကာအောက်မှ သွားနေကြ၏။ လေယာဉ်ရုံးအတွင်း၌ ခရီးသည်များကိုစောင့်၍ သက်ဆိုင်ရာနေရာများသို့ ပို့ဆောင်ပေးသော ခရီးသည်ဧည့်ကြိုကားများ ရှိသလို အချို့မှာ (Imperial) အင်ပီရီယယ်(လ)ဟိုတယ်ကြီးမှ စေလွှတ်ထားသော ဧည့်ကြိုကားများကလည်း ရှိလေသည်။ သဲကြီးမဲကြီးရွာနေသောမိုးသည် လေနုအေးများကို ထွေးပွေ့၍ တဟူးဟူး ခြင်းစပ်အောင် တိုက်ခတ်နေတော့သည်။

ပြင်သစ်နိုင်ငံမှ လိုက်ပါလာခဲ့သော မစ္စတာမာတင်ဒီလာနီသည် (Imperial) အင်ပီရီယယ်(လ)ဟိုတယ်ကြီးမှ ဧည့်ကြိုကားကို ရှာဖွေနေ၏။ တစ်နေရာအရောက်တွင် ထီးကလေးဆောင်းလျက် လူတစ်ယောက် အနားသို့ ရောက်လာကာ ထီးမိုးပေးပြီး 'ဆရာ..ဆရာ..ဆရာက ပြင်သစ်နိုင်ငံက မစ္စတာမာတင်ဒီလာနီ မဟုတ်လားဆရာ။ အင်ပီရီရယ်ဟိုတယ်ကြီးက ဆရာ့ကို ကြိုခိုင်းထားပါတယ် ဆရာ'

'အေး..ဟုတ်..ဟုတ်တယ်'

အကယ်စင်စစ် Imperial ဟိုတယ်ကြီးမှာ ကမ္ဘာ့စီးပွားရေးသမားများ စတည်းချရာ တည်းခိုရာ ဘူမိနက်သန် နေရာမှန်ဖြစ်၏။ ပတ်ဝန်းကျင်တစ်ခုလုံး မိုးသက်မုန်တိုင်း ထန်နေသောကြောင့် လမ်းမများပေါ်တွင် လူသွားလူလာ ပြတ်နေသကဲ့သို့ ကားများလည်း အသွားအလာ ကင်းမဲ့နေသလို ဖြစ်နေတော့၏။ သို့သော် လေယာဉ်ရုံးအတွင်း၌ ဥဒဟိုသွားလာလှုပ်ရှားလျက် ပွဲတော်ကြီးတမျှ စည်ကားနေ၏။

'လာပါ ဆရာ၊ ကျွန်တော့်ကားက ဒီဘက် လက်ယာဘက်မှာ ရှိပါတယ် ဆရာ'ဟု ပြောဆိုရင်းမှ မစ္စတာဒီလာနီကို ထီးမိုးပေးရင်း လက်တစ်ဖက်မှလည်း ဒီလာနီ၏ ခရီးဆောင်အိတ်ကိုဆွဲလျက် ကားရှိရာသို့ ခေါ်ဆောင်သွားတော့၏။

နှစ်ယောက်လုံး ကားပေါ်သို့ရောက်သော် ကားဒရိုင်ဘာလေးသည် သဲကြီးမဲကြီးရွာနေသော မိုးစက်မိုးပွင့်များကြားမှ အင်ပီရီယယ်(လ)ဟိုတယ်ဆီသို့ မောင်းနှင်လျက် တဖြည်းဖြည်း ပျောက်ကွယ်သွားတော့၏။

မိုးသက်မုန်တိုင်းသည် ပိုမိုသည်းထန်လျက်။

(၂)

<u>အာဖရိကတိုင်းရင်းသား လူမည်းများ၏</u>
<u>ရှေးဟောင်းရိုးရာအယူအဆ ရိုးရာဓလေ့စရိုက်များ</u>

အာဖရိကတိုင်းရင်းသားများ၏ အသားရောင်သည် ချောကလက်ရောင် အညိုရင့်ရင့်နှင့် အမည်းရောင်များဖြစ်ကြ၏။ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ပုံမှာ တောက်တောက်ပြောင်ပြောင်၊ အရောင်ရင့်ရင့်၊ အနီလွင်လွင်၊ အဝါရွှန်းရွှန်းများကို ကန့်လန့်အစင်းများအဖြစ်ထားရှိပြီး ထဘီအဖြစ် ဝတ်ဆင်လေ့ရှိကြပြီး အချို့မှာ ရောင်စုံကွက်ကျားများ ဝတ်ဆင်လေ့ရှိ၏။ သူတို့၏ ခွေလိပ်နေသော ဆံပင်များကိုမူ အဖြူရောင်အဝတ်ဖြင့် စည်းထားလေ့ရှိသည်။ သူတို့သည် အသားမည်းသလောက် အရုပ်မောင်းကောင်းကြပြီး ထွားကျိုင်းသန်မာကြသူများဖြစ်၏။ ယောက်ျားများကမူ အချို့က နံငယ်ပိုင်းများ ဝတ်ဆင်ပြီး အပေါ်

www.burmeseclassic.com

www.burmeseclassic.com

ပိုင်းတွင် စောင်များ ခြုံထားတတ်ကြ၏။ အချို့က ဘောင်းဘီတို၊ ဘောင်းဘီရှည်များ၊ လုံချည်များဝတ်ဆင်ကြ၏။ နေပူထွက်လျှင် အမြဲတမ်း ခေါင်းပေါင်းအဖြူ ပေါင်းလေ့ရှိ၏။ အချို့ကလည်း ဦးထုပ်ဆောင်းကြသည်။

ထိုအာဖရိက လူမည်းအုပ်စုများသည် ရိုးရာဓလေ့ ကိုးကွယ်သော နတ်ဆရာ၊ ဝိညာဉ်ဆရာ(Medium) သမားတော် ဆေးဆရာများကို အလွန်အလေးထား ယုံကြည်ကြ၏။ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများကို ပြုလုပ်လိုလျှင်လည်းကောင်း၊ အန္တရာယ်များကို တားဆီးလိုသည့်အခါမျိုးတွင်လည်းကောင်း ယတြာချေသည့် သဘောမျိုး နတ်ဆရာများကို ပင့်ဖိတ်၍ မေးမြန်းတွက်ချက်ပြီး ယတြာချေတတ်ကြ၏။

နတ်ဆရာတို့၏ အိမ်တွင်မူ ထူးခြားသော ဆေးပင်၊ ဆေးမြစ်မျိုးစုံ၊ ခွေးခေါင်း၊ မျောက်ခေါင်း၊ လူခေါင်းရိုးအခွံများနှင့် ဆေးဖက်ဝင် တိရစ္ဆာန်မျိုးစုံတို့၏ ဦးခေါင်းခွံများလည်း ရှိ၏။ သက်ဆိုင်ရာ နတ်ရုပ်တုများ၊ တစ္ဆေရုပ်များနှင့် သူတို့ကိုးကွယ်သော အကြီးအကဲတို့၏ ရုပ်တုများ ရှိလေသည်။ အချို့ရုပ်တုများကို မြင့်မြတ်သော နေရာတွင် ထားရှိပြီး အနီးတစ်ပိုက်တွင် အမွှေးနံ့သာရေများ ပက်ဖျန်းနိုင်ရန် နံ့သာသွေးသော ကျောက်ပျဉ်ကလေးတစ်ချပ် ရှိနေတတ်၏။ အိမ်တစ်ခုလုံးများလည်း ဆေးပင်၊ ဆေးမြစ်များ၊ တိရစ္ဆာန်ခေါင်း ခွံများ၊ အရိုးများ၊ ရှေးဟောင်းသေတ္တာများ၊ မီးပူဖော်ထားသော ဖယောင်းတိုင်များ၊ ဖဲချပ်များ၊ ဆေးဖက်ဝင် မော်စားများ၊ ဆီမီးခွက်များ၊ ဆေးစာအုပ်များ၊ မှော်ဝင်စာအုပ်များ၊ နက္ခတ်စာအုပ်များဖြင့် ပြည့်ညပ်နေ၏။ ထို့ပြင် လက်ကိုင်ပါရှိသော ဆီမီးခွက်ကဲ့သို့ ခွက်တွင် မီးကျီးခဲများ ထည့်၍ မီးခိုးနှင့် အနံ့တစ်မျိုးထွက်စေသော သစ်ဆေးမှုန့်များကို ဖြူးထားကာ အန္တရာယ်များကာကွယ်သည့်သဘောမျိုး တစ်အိမ်လုံး မီးခိုးမှိုင်းတိုက်ထားလေ့ရှိ၏။

အာဖရိကန်တိုင်းရင်းသား လူမည်းတို့၏ နိမိတ်လက္ခဏာ အယူအဆများမှာလည်း ထူးခြားလှ၏။ ဥပမာ- ကြက်ဖအနက်တစ်ကောင် ဖြတ်သွားသည်ဖြစ်စေ၊ ကြောင်အနက်တစ်ကောင် ဖြတ်သွားသည်ဖြစ်စေ အန္တရာယ်များ ဆိုက်ရောက်လာမည်ဟု ယုံကြည်ယူဆကြ၏။ ထို့နည်းအတူ မိမိကြည့်နေကျမှန် ကျကွဲလျှင်လည်းကောင်း၊ အိမ်အတွင်းတွင် အနက်ရောင်ထီးကို ဖွင့်၍ဆောင်းမိလျှင်လည်းကောင်း၊ စားသောက်နေစဉ် ရုတ်တရက် ပန်းကန်မှောက်သွားပြီး အစားအစာများ ဖိတ်စဉ်သွားလျှင်လည်းကောင်း၊ လူတစ်ဦးတစ်ယောက်ကို ပြတ်ရှစေနိုင်သော လက်နက်ကိရိယာ ကတ်ကြေး၊ ဓား စသည်တို့ ပေးမိလျှင်လည်းကောင်း ဘေးအန္တရာယ်များကို လက်ယပ်ဖိတ်ခေါ်သကဲ့သို့ ဖြစ်သည်ဟု ယုံကြည်ကြသည်။ ထိုသို့ဖြစ်ပြီဆိုလျှင် နတ်ဆရာများ နတ်ဝင်သည်(Medium) များကို ပင့်ဖိတ်၍ ယတြာချေသည့်သဘောမျိုး အန္တရာယ်ရှင်းအောင် ပြုလုပ်ကြလေ့ရှိသည်။

အချို့ကလည်း တောထဲတွင် ပေါက်လေ့ရှိသော အရွက်လေးရွက်ဆိုင်လျက် ပါရှိသည့် ပဲပင်တစ်မျိုးမှ အရွက်များ၊ အကိုင်းအခက်များကို အန္တရာယ်ရှင်းပြီး လာဘ်ကောင်းအောင် ဆောင်ထားလေ့ရှိကြသည်။ အချို့ကလည်း ယုန်ဖြူတစ်ကောင်၏ ဝဲဘက်ခြေထောက်ကို ဆောင်ထားတတ်ကြ၏။ သက်ဆိုင်ရာ လက်နက်များကို စောင့်ရှောက်သော ဝိညာဉ်နတ်ဘုရားများ၊ တောကို စောင့်ရှောက်လေ့ရှိသော ဝိညာဉ်နတ်ဘုရားများ၊ ရွှေ၊ ငွေ၊ ကြေးသံ စသည့် သတ္တုများကို စောင့်ရှောက်သော နတ်ဘုရားများ စသည်ဖြင့် စုံလင်လှ၏။ ကြီးကျယ်သော ရောဂါဘယကပ်ဆိုးကြီးများ ကျရောက်လာပြီဆိုလျှင် နတ်ဘုရားများက စေလွှတ်လိုက်သော တစ္ဆေများ၊ ဘီလူးများက ဝင်ရောက်ပူးကပ်ခြင်း ဖြစ်သည်ဟု စွဲစွဲလမ်းလမ်း ယုံကြည်ကြလေသည်။

ဤကဲ့သို့သော အစွဲအလမ်းများ အယူသီးမှုများသည် သိပ္ပံပညာရှင်များအဖို့ မည်သို့မှ ဆက်စပ်ဖော်ထုတ်၍ မရနိုင်သော လက်ခံနိုင်ဖွယ်မရှိသော ပြဿနာများပင် မဟုတ်ပါလော်

(၃)

<u>ပြဿနာ၏ အရင်းအမြစ်အစ</u>

အာဖရိကတောင်ပိုင်းကမ်းခြေ ရာသီဥတုသည် မိုးဦးအစတွင် မိုးသက်မုန်တိုင်း ကျစမြဲဖြစ်၏။ မိုးကြီးသည်းသည်းထဲတွင် အင်ဂလိုရီယယ်(လ)ဟိုတယ်ကြီး၏ ဧည့်ခန်းဆောင်၌ မစ္စတာမာတင်ဒီလာနီသည် လေးဂို့(စ်)မြို့ ဆင်ခြေဖုံးရှိ ဗြိတိသျှအမျိုးသားပိုင် သစ်တောထွက်ပစ္စည်းထုတ်လုပ်ရေး ကုမ္ပဏီကြီး၏ လူမည်းတိုင်းရင်းသား

www.burmeseclassic.com

www.burmeseclassic.com

မန်နေဂျာဖြစ်သူနှင့် တွေ့ဆုံရန် စောင့်ဆိုင်းလျက်ရှိ၏။ တကယ်တော့ ဗြိတိသျှအမျိုးသားပိုင် သစ်တောထွက်ပစ္စည်းထုတ်လုပ်ရေး ကုမ္ပဏီကြီး၏ အကြီးဆုံး ချယ်ယာမင် သဘာပတိမှာ မစ္စတာမာတင်ဒီလာနီပင်ဖြစ်၏။ မာတင်ဒီလာနီသည် ခွင့်ရက်ရှည်ယူထားသော်လည်း ဗြိတိသျှပိုင် သစ်စက်ကြီးတွင် ထူးခြားဆန်းကြယ်သော ပြဿနာများ ပေါ်ပေါက်နေခြင်းကြောင့် ပြင်သစ်မှ ပြန်လည်ရောက်ရှိလာခြင်းဖြစ်၏။

လေးဂို့(စ်)မြို့ရှိ သစ်စက် အလုပ်သမားများသည် အလုပ်မဆင်းဝံ့သော အခြေအနေသို့ ရောက်ရှိနေပြီး လုပ်ငန်းများ ရပ်တန့်သွားကာ သစ်စက်ကို ပိတ်ရတော့မည့် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် ချယ်ယာမင် လူကြီးဖြစ်သူ မစ္စတာမာတင်ဒီလာနီကို ဒါရိုက်တာအဖွဲ့မှ မှာကြားရခြင်း ဖြစ်၏။

ချယ်ယာမင်ဒါရိုက်တာ မစ္စတာဒီလာနီသည် လုပ်ငန်းကျွမ်းကျင်၏။ လူပေါင်းများစွာနှင့် ဆက်ဆံရေးပြေပြစ်သူဖြစ်ပြီး အသက်အရွယ်အားဖြင့် (၅၀)ဝန်းကျင်ခန့်ရှိ၏။ ပြင်သစ်ဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားနှင့် အာဖရိကတိုင်းရင်းသားများ၏ ဘာသာစကား၊ ဓလေ့ထုံးတမ်းစဉ်လာများကိုလည်း သိကျွမ်းနားလည်လေသည်။ ကုမ္ပဏီ၏ အားအထားရဆုံး ပုဂ္ဂိုလ်လည်းဖြစ်၏။ ထို့ကြောင့် ယခုဖြစ်ပေါ်နေသော ပြဿနာများကို မစ္စတာဒီလာနီ ကိုင်တွယ်ဖြေရှင်းနိုင်မည်ဟု ဒါရိုက်တာ အများစုက မျှော်လင့်ထားကြသည်။

ပြဿနာ၏ အရင်းအမြစ်သည် မစ္စတာဒီလာနီ ခွင့်ဖြင့် ပြင်သစ်နိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အာဖရိကတောင်ပိုင်းကမ်းခြေ လေးဂို့(စ်)မြို့ရှိ ဗြိတိသျှပိုင် သစ်စက်ကြီးအတွင်း၌ ဖြစ်ပွားခဲ့သော ထူးခြားသည့် ပြဿနာပင်ဖြစ်၏။ အလုပ်သမားပေါင်း(၇၀၀)ကျော်ရှိသော သစ်စက်ကြီးအတွင်း၌ အလုပ်ဆင်းနေကြချိန်တွင် ယာကွင်းပြင်သစ်တစ်ခုမှ ပျံတက်လာသော ကြက်အနက်တစ်ကောင်သည် အရှိန်နှင့် လည်နေသော သစ်ခွဲနေသည့် လွှဝိုင်းကြီးအတွင်းသို့ ကျရောက်သွားပြီး အစိတ်စိတ်အမွှာမွှာ ဖြစ်သွား၏။ သွေးများမှာလည်း လွှဝိုင်းတွင် စွန်းထင်းနေသကဲ့သို့ လွှစင်ပေါ်တွင်လည်း ပေကျံသွားတော့၏။

ကြီးကြပ်နေသော မန်နေဂျာလေးသည် စက်ကို ရပ်တန့်လိုက်ပြီး အလုပ်သမားများ၏ အကူအညီဖြင့် သွေးများကို ဆေးကြောသန့်စင်လိုက်၏။ သို့သော် အလုပ်သမားများသည် မျက်နှာများပျက်နေကြပြီး တစ်စုံတစ်ရာကို ကြောက်ရွံ့နေဟန် ရှိလေတော့သည်။ မန်နေဂျာလေး၏စိတ်တွင် ထူးခြားနေသည်ဟု ထင်သော်လည်း တိုက်ဆိုင်မှုတစ်ရပ်ဟုသာ မှတ်ယူထားလေ၏။ မန်နေဂျာလေးသည် ပြင်သစ်နိုင်ငံသား တစ်ယောက်ဖြစ်ပြီး စက်မှုတက္ကသိုလ်ကျောင်းဆင်း တစ်ယောက်လည်း ဖြစ်၏။ သိပ္ပံကျောင်းသားတစ်ယောက် ဖြစ်နေခြင်းကြောင့်လည်း ပရလောကနှင့် အာဖရိကန်တို့၏ ဓလေ့စရိုက်များကို လွယ်ကူစွာ လက်ခံမည့်သူများ မဟုတ်ပေ။

သို့သော် အာဖရိကန်လူမည်း အလုပ်သမားအများစုကမူ စက်ကိရိယာများကို စောင့်လှော့ရှိသော ဝိညာဉ်နတ်ဘုရားများက စိတ်ဆိုးသဖြင့် မကြာမီအချိန်အတွင်း အန္တရာယ်များ ကျရောက်နိုင်ကြောင်း သတိပေးခြင်း ဖြစ်နိုင်သည့်နိမိတ်ဟု ယူဆကြလေသည်။ ထို့ကြောင့် အာဖရိကန်တိုင်းရင်းသား လူမည်းကြီးကြပ်ရေးမှူး တစ်ဦးသည် အလုပ်သမားများနှင့် ကုမ္ပဏီကို အန္တရာယ်များ ကျရောက်စေနိုင်သောကြောင့် နတ်ဆရာတစ်ဦးကို ပင့်ဖိတ်၍ ရိုးရာဓလေ့များအတိုင်း ပြုလုပ်ပေးပါရန် သွားရောက်အကြံဉာဏ် တောင်းဆိုလေ၏။

သို့သော်...။

(၄)

<u>အန္တရာယ်၏ ဒုတိယနိမိတ်</u>

သို့သော် (၃)ရက်ခန့်အကြာတွင် ပထမအကြိမ် ဖြစ်ပွားခဲ့သည့်အတိုင်း ဒုတိယအကြိမ် ကြက်အနက်တစ်ကောင်သည် သစ်များ သယ်ယူနေသော အလုပ်သမားများကြားမှ ဖြတ်ပြေးလာပြီး သစ်ခွဲနေသော လွှဝိုင်းကြီးအတွင်းသို့ ခုန်ပျံကျရောက်သွားပြန်တော့သည်။ ကြက်အနက်မှာလည်း အစိတ်စိတ်အမွှာမွှာ ပြတ်တောက်သွားကာ စက်လွှဝိုင်းကြီးများလည်း သွေးများ စွန်းထင်းသွားပြန်တော့၏။ ကြက်မွေးများလည်း မြင်၍မကောင်းအောင် ပြန့်ကျဲနေ၏။ ဒေသခံတိုင်းရင်းသား အများစုမှာ ယခုတစ်ကြိမ်ဖြစ်ရပ်သည် ဒုတိယအကြိမ်ဖြစ်၍ နတ်ဘုရားများ၏ နောက်ဆုံးသတိပေးခြင်း ဖြစ်နိုင်သည်ဟု မှတ်ယူ

www.burmeseclassic.com

www.burmeseclassic.com

ကြပြီး အလွန့်အလွန် တုန်လှုပ်ချောက်ချားနေကြလေတော့၏။ တစ်ချိန်မဟုတ် တစ်ချိန်ချိန်တွင် အန္တရာယ်ကြီးများ ကျရောက်လာတော့မည်ဟု စွဲစွဲလမ်းလမ်း ယုံကြည်နေကြတော့၏။

ထိုနေ့နံနက်ပိုင်း အဖြစ်အပျက်အပြီး နေ့လယ်ပိုင်းတွင် သစ်လုံးကြီးများ ကားပေါ်တင်နေရာမှ ရုတ်တရက် သစ်လုံးများ ပြိုကျလာပြီး အလုပ်သမားတစ်ယောက်အား ပိသွားပြန်သဖြင့် ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိသွားပြန်သည်။ ဤဗြိတိသျှပိုင် သစ်စက်ကြီးတွင် နောက်ဆုံးပေါ် စက်ကိရိယာများ တပ်ဆင်ထားပြီး ထိခိုက်မှုမရှိစေရန် စနစ်တကျအကာအကွယ်ပေးထားသည့် နည်းစနစ် နည်းပညာများကို အသုံးပြုထား၏။ ထို့ကြောင့်လည်း အစဉ်အလာ ကြီးမားပြီး နာမည်ကောင်းရရှိခဲ့သည် မဟုတ်ပါလော။

တစ်ကြိမ်၊ နှစ်ကြိမ် မဟုတ်တော့သောအခါ တိုက်ဆိုင်မှုဟူ၍ ကင်ပွန်းတပ်အမည်ပေး၍ မရနိုင်တော့ပေ။ မည်သို့ပင်ဆိုစေကာမူ ပထမဦးဆုံး ကြက်ဖအနက်တစ်ကောင် သေဆုံးပြီးကတည်းက မကြာခဏဆိုသလို ထိခိုက်မှုများ ရှိလာသည်မှာ အမှန်ပင် ဖြစ်လေတော့သည်။ ထို့ကြောင့်ပင်လျှင် ပြင်သစ်နိုင်ငံတွင် အနားယူနေသော ကုမ္ပဏီအကြီးအကဲ ချယ်ယာမင်ဒါရိုက်တာကြီး မစ္စတာမာတင်ဒီလာနီကို အကြောင်းကြားကာ ဒေသခံတိုင်းရင်းသား ကြီးကြပ်ရေးမှူး မန်နေဂျာကြီးနှင့် တွေ့ဆုံဆွေးနွေးရသော အခြေအနေသို့ ဆိုက်ရောက်ခဲ့ခြင်းဖြစ်၏။

မစ္စတာမာတင်ဒီလာနီအပါအဝင် ပြင်သစ်နှင့် ဗြိတိသျှလူမျိုးတို့သည် ခေတ်နောက်ပြန်သော သိပ္ပံနည်းမကျသော ပရလောကနှင့် နတ်ဆရာများကို မယုံကြည်ကြပေ။ သို့သော် နတ်ဆရာကိုခေါ်၍ ရိုးရာဓလေ့ကိစ္စများ ပြုလုပ်ပေးလျှင်လည်း သစ်စက်ကို ပိတ်ရတော့မည့် အခြေအနေသို့ ဆိုက်ရောက်နေတော့၏။

အင်္ဂလန်နိုင်ငံနှင့် ဘာမင်ဂန် ဈေးကွက်တို့မှ အော်ဒါရရှိသော သစ်များကို အချိန်မီ မပို့နိုင်ဘဲ ပျက်ကွက်ခဲ့လျှင်လည်း လျော်ကြေးငွေအမြောက်အမြား ပေးရပေတော့မည်။ ထို့ကြောင့် မာတင်ဒီလာနီနှင့် အင်ဂျင်နီယာများ သေချာစွာစစ်ဆေးပြီး လိုအပ်သော ကိစ္စများကို ပြုလုပ်ပေးမည်ဟု တိုင်းရင်းသား လူမည်း ကြီးကြပ်ရေးမှူးကို ကတိပြုလိုက်ရလေတော့သည်။

(၅)

**တတိယအကြိမ်အန္တရာယ် ဖြစ်ရပ်ဆန်း**

အာဖရိကတောင်ပိုင်းကမ်းခြေဒေသသည် အလွန်ပူအိုက်သော နေရာဒေသဖြစ်၏။ သို့သော် မိုးဦးကျ မိုးသက်မုန်တိုင်း ထန်နေသောကြောင့် စိမ့်အေးနေပေတော့သည်။ ထို့ကြောင့် သတ္တလောကကြီးတစ်ခုလုံး နေးကွေးလေးလံနေကြ၏။ လေးဂို့(စ်)မြို့၏ ဆင်ခြေဖုံးတစ်နေရာတွင်ရှိသော ဗြိတိသျှပိုင် သစ်စက်ကြီးအတွင်း၌ ဗြိတိသျှ၊ ပြင်သစ်အင်ဂျင်နီယာများနှင့်အတူ မစ္စတာမာတင်ဒီလာနီ တစ်ယောက်လည်း စစ်ဆေးရေးအဖွဲ့နှင့်အတူ ပါရှိလာ၏။ စက်ရုံအတွင်း စက်ကိရိယာများကို စစ်ဆေးနေစဉ် ဒေသခံလူမည်းတိုင်းရင်းသား ဖိုမင်ကြီး ရောက်ရှိလာပြီး နောက်ဆုံးတပ်ဆင်ထားသော လွှစက်ကြီးရှိ လွှဝိုင်းကြီးမှာ ရုတ်တရက် ရပ်တန့်သွားခဲ့သည်။ သူကိုယ်တိုင် စစ်ဆေးကြည့်ရာ မည်သည့်အပြစ်မျှ ရှာဖွေ၍ မတွေ့ပါကြောင်း တင်ပြလေသည်။

ဗြိတိသျှအင်ဂျင်နီယာများ၊ ပြင်သစ်အင်ဂျင်နီယာများသည် ထိုသစ်ခွဲစက်ကို သွားရောက်ကာ အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သော်လည်း မည်သည့်အပြစ်မျှ ရှာဖွေမတွေ့ရှိခဲ့ကြပေ။ အင်ဂျင်နီယာများအားလုံးပင် စိတ်ညစ်ပြီး ဦးနှောက်ခြောက်လျက် ရှိနေကြ၏။

ထိုသို့စစ်ဆေးနေစဉ်အချိန်တွင် ရုတ်တရက်ချက်ချင်း ရှူးရှူးဝါးဝါး အော်ဟစ်သံများ ဆူညံသွားတော့၏။ မွတ်မွတ်လည်နေသော လွှဝိုင်းရှိရာသို့ အားလုံး အပြေးအလွှား ရောက်ရှိသွားကြတော့၏။ အင်ဂျင်နီယာများလည်း အံ့သြတုန်လှုပ်စွာဖြင့် ကြောင်တက်တက်ဖြစ်နေကြ၏။ မစ္စတာမာတင်ဒီလာနီလည်း မျက်လုံးအပြူးသား၊ ပါးစပ်ကြီးအဟောင်းသားဖြင့် အံ့သြမှင်တက်မိနေ၏။ မန်နေဂျာတစ်ယောက်လည်း ရုတ်တရက် လွှဝိုင်းကြီး လည်ပတ်မှုကြောင့် လက်နှစ်ဖက်လုံး ပြင်းပြင်းထန်ထန် ထိခိုက်သွားပြီး သွေးများနှင့် ခြင်းခြင်းနီ ရဲရဲတောက် ပေကျံလျက်ရှိ၏။ လွှစက်မှာလည်း ရုတ်ခြည်းလည်ပတ်လိုက်ပြီး ရုတ်တရက် ရပ်တန့်သွားခြင်းကြောင့် မစ္စတာမာတင်ဒီလာနီသည် သူ့မျက်လုံးများကိုပင် သူ မယုံကြည်နိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင် ပင်မ

www.burmeseclassic.com

www.burmeseclassic.com

လျှပ်စစ်မိန်းခလုတ်ကို ချထားခဲ့၊ ပိတ်ထားခဲ့ခြင်းကြောင့် ဖြစ်၏။

(သို့ကလို ပင်မလျှပ်စစ်လိုင်းကို ဖြတ်တောက်ထားခဲ့သော်လည်း အဘယ်ကြောင့် လွှဝိုင်းကြီး လည်ရပါသနည်း။)

ပြဿနာသည် သာမန်တော့မဟုတ်၊ ထူးခြားဆန်းပြားနေ၏။ ထို့ကြောင့် ချက်ချင်းပင် လျှပ်စစ်အင်ဂျင်နီယာများကို ခေါ်ယူပြီး စစ်ဆေးစေ၏။ လျှပ်စစ်အင်ဂျင်နီယာများကလည်း သေချာစွာစစ်ဆေးပြီး အပြစ်အနာ ရှာဖွေ၍ မတွေ့ပါကြောင်း ပင်မလျှပ်စစ်မိန်းချထားလျှင် လျှပ်စီး(Current) မှာ လုံးဝစီးဝင်ရန် အကြောင်းမရှိပါကြောင်း နောက်ဆုံးအနေဖြင့် ဖြစ်တောင့်ဖြစ်ခဲ ကောက်ချက်ဆွဲရလျှင် ယခုကဲ့သို့ မိုးဦးတွင် မိုးသက်မုန်တိုင်း ကျရောက်သောအခါ လျှပ်စီးညို့အားကောင်းသော တိမ်တိုက်များကြောင့် လျှပ်စီးဝင်နိုင်သည်ဟု ခန့်မှန်းပါကြောင်း၊ ထို့ကြောင့် ရုတ်တရက် ခဏလေးလည်ပတ်ပြီး ရပ်တန့်သွားခြင်း ဖြစ်နိုင်ပါကြောင်း၊ သို့သော် ဤသို့ဖြစ်ရန် မလွယ်ကူပါကြောင်း၊ အခြားမည်သည့်တစ်စုံတစ်ရာမျှ မတွေ့ပါကြောင်း ပြောကြားပြီး ပြန်[illegible]ကြလေတော့သည်။

လျှပ်စစ်ပညာရှင်များ၏ ပြောကြားချက်များကြောင့် စက်ရုံအင်ဂျင်နီယာများက မတော်တဆထိခိုက်မှုဟု ထင်မြင်မှတ်ယူထားသော်လည်း မစ္စတာမာတင်ဒီလာနီကတော့ သံသယများစွာဖြင့် ကျန်ရစ်ခဲ့၏။

အာဖရိကတောင်ပိုင်း၏ မိုးသက်မုန်တိုင်းမှာ ဒေါသပြင်းထန် အငြိုးအတေးကြီးစွာ ရှာသွန်းလျက်။

(၆)

**နတ်ဘုရားများ၏ ဒေါသပေါက်ကွဲသွားသလော**

ဤသို့ဖြင့် (၉)ရက်မြောက်သောနေ့။

ယခင်ဖြစ်ရပ်များကို သာမန်တိုက်ဆိုင်မှုအဖြစ် မှတ်ယူပြီး မေ့ပျောက်နေသောအချိန် သစ်စက်ရုံကြီးကို ဖွင့်လှစ်ကာ လုပ်ငန်းများ လည်ပတ်နေစဉ်ကာလတွင် ထူးခြားဆန်းကြယ်ပြီး စိတ်မချမ်းမြေ့ဖွယ်ရာ အနိဋ္ဌာရုံမြင်ကွင်းကြီးတစ်ခုနှင့် ကြုံတွေ့ရလေတော့၏။

အင်ဂျင်နီယာများနှင့်အတူ စစ်ဆေးထားသော လွှစက်အသစ်ကြီးမှာ သစ်ခွဲနေစဉ်အတွင်း လွှပြားဝိုင်းကြီး



သည် ပြင်းထန်စွာ လည်ပတ်နေရင်းမှ ရုတ်တရက် ပြုတ်ထွက်သွားပြီး အတော် ခပ်လှမ်းလှမ်းတွင် ထိုင်နေသော စက်ဆရာ ဖိုမင်ကြီးအား ပြင်းထန်သောအရှိန်ဖြင့် ထိမှန်သွားတော့၏။ လူမည်း ဖိုမင်ကြီးမှာလည်း ပွက်ပွက်စိုင်းနေသော သွေးအိုင်ထဲတွင် တစ်ခါတည်း ပွဲချင်းပြီး သေဆုံးသွားတော့သည်။ အားလုံးသော အလုပ်သမားများသည်လည်း ဝိုင်းလျက် ကြည့်ရှုရင်းမှ တစ်ယောက်တစ်မျိုး နည်းမျိုးစုံ ပြောကြ ဆိုကြ မှတ်ချက်ပေးကြနှင့် ရှိနေကြ၏။

မည်သို့ပင် တိကျစွာ စစ်ဆေးထားပါသည်ဆိုသော စက်သည် ယခု လူတစ်ယောက်၏ အသက်ကို နီဂုံးချုပ်စေ၏။ အလုပ်သမားများသည် သူတို့ထောင်းဆိုခဲ့သော ရိုးရာဓလေ့ဖြင့် ပူဇော်ခြင်း မပြုလုပ်လျှင် နောက်ထပ် အလုပ်ဆင်းကြတော့မည် မဟုတ်တော့ကြောင်း သိရှိနေသူ မစ္စတာမာတင်ဒီလာနီသည် အလုပ်သမားများ၏ စိတ်ကြိုက်ကို လုံးဝလိုက်လျောလိုက်ရတော့၏။

ချက်ချင်းဆိုသလိုပင် အလုပ်သမားများကို ကြီးကြပ်သော လူမည်းတိုင်းရင်းသား ကြီးကြပ်ရေးမှူးကြီးသည် လောကီပညာတတ်ကျွမ်းသော နတ်ဆရာကြီးရှိပင့်၍



www.burmeseclassic.com

www.burmeseclassic.com

စက်ရုံအနီးတွင် မဏ္ဍပ်ထိုးပြီး နတ်ဆရာကြီး၏ အစီအမံများဖြင့် ရိုးရာဓလေ့အတိုင်း ပူဇော်ပွဲပြုလုပ်ရန် စီစဉ်နေကြ၏။

နတ်ဆရာကြီး၏ အမိန့်အရ မိတ်မလိုက်သေးသော ချောမောလှပသည့် အပျိုစင် ခွေးနက်မလေးတစ်ကောင်ကို ရှာဖွေစေခဲ့ပြီး ရိုးရာနတ်ဘုရားများ ကြိုက်နှစ်သက်သော အသားချက်ပြုတ်၍ ပူဇော်ပ,သခြင်း၊ အပျိုစင် ခွေးနက်မလေးကိုလည်း ကောင်းမွန်သော အစားအစာများ ကျွေးမွေးခြင်း ပြုလုပ်ကြလေသည်။ ထို့နောက် အလွန်သန့်ပြန့်သော ဇလုံကြီးတစ်ခုအတွင်းသို့ ခွေးနက်မလေး၏ လည်ချောင်းသွေးများကို ခံယူလိုက်ပြီး စက်ကိရိယာများကို ပက်ဖျန်းစေ၏။

ဤသို့ ခွေးနက်မလေးတစ်ကောင်ကို ရိုးရာအစီအမံများအတိုင်း ယဇ်ပူဇော်ပြီးသည့် အချိန်မှစ၍ သစ်စက်ကြီးတစ်ခုလုံး၏ လုပ်ငန်းများမှာ ချောမွေ့အဆင်ပြေလာတော့၏။ အလုပ်သမားများလည်း ပျော်ရွှင်လာကြ၏။ ထိုကဲ့သို့ ပြဿနာများ ကင်းရှင်းအောင် နိုက်ဂျီးရီးယားအစိုးရနှင့် ဖက်စပ်ကုမ္ပဏီဖြစ်သော အာဖရိက စုပေါင်းကုမ္ပဏီများ ပင်လျှင် လောကီပညာရှင်များ နတ်ဆရာများ ပင့်ဖိတ်ပြီး ရိုးရာဓလေ့ပူဇော်ပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရှိရလေ၏။

* အစွဲအလမ်းတစ်ခုကို လူမျိုးစုတစ်စု အစဉ်အဆက် နှစ်ပေါင်းများစွာ စူးစိုက်သောစိတ်များဖြင့် ထုံမွမ်းထားခဲ့လျှင် ထိုအစွဲအလမ်းကို ဥပါဒါန်ဟု ခေါ်နိုင်မည်လော။
* ထိုစိတ်အစွဲအလမ်း ဥပါဒါန်များတွင် စွမ်းအင်တစ်ခုခု ရှိနိုင်သလော။

ဖြေဖို့ရန် အလွန်ခဲယဉ်းပြီး ယနေ့ထက်တိုင် သိပ္ပံပညာဖြင့် ဖြေရှင်း၍ မရနိုင်သော ပြဿနာအဖြစ် တည်ရှိနေဆဲ ဖြစ်နေလေတော့၏။

**မောင်ဒဿန(ဆင်ဖြူကျွန်း)**

ကျမ်းကိုး

* The Super Natural By Colin Wilson
* Zombies By S.Jomes တို့ကို ကိုးကား၍ ဆီလျော်အောင် ရေးဖွဲ့သည်။






www.burmeseclassic.com

www.burmeseclassic.com



## ကချင်ဆေးဆရာမကြီး ဒေါ်ကော့၏ သမီး

# ကချင်ဆေးဆရာမကြီး

# ဒေါ်နန်းဇာ

**လေမဖြတ်၊ အကြောရောဂါကြိုတင်ကာကွယ်လိမ်းဆေး**

ယာယီတိုင်းရင်းဆေးမှတ်ပုံတင်အမှတ်-၀၁၀၁/၁၀၇၄

လေဖြတ်၊ လေဖြန်း၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ အာရုံကြောအားနည်းခြင်းများ၊ ဇက်ကြော နောက်ကြောတက်ခြင်း၊ ခါးကြောတစ်လျှောက် အမြောင်းထပြီးတက်ခြင်း၊ အကြောကပ်၊ အကြောလွှဲ၊ အကြောရောင်ရမ်းကာ ကိုက်ခဲခြင်းနှင့် အကြောရောဂါအမျိုးမျိုး။

လူကြီးလူငယ်မရွေး အကြောရောဂါ အမျိုးမျိုးနှင့် ၊ လေဖြတ်ခြင်းမခံရအောင် ကြိုတင်ကာကွယ်လိုသူများ ဆရာမနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**အစွမ်းထက်သော ကချင်ရိုးရာနည်းစနစ်အတိုင်း ကုသပေးသည်။**

**ဆရာမနှင့်တွေ့ရှိနိုင်**

**❁ မြစ်ဆွာဆေးတိုက် ❁** အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၉၄၀၃
(နံနက် ၁၂ နာရီမှ ညနေ ၄ နာရီထိ) "တနင်္ဂနွေနေ့ပိတ်သည်"

**❁ နေအိမ်ဆေးခန်း ❁** အမှတ်(၃၁၆)၊ စိမ်းကိန်း (၁)လမ်း၊ သခင်ဖိုးလှကြီးလမ်း၊ တောင်ဥက္ကလာပမြို့။
(နံနက် ၇ နာရီမှ ၁၁ နာရီထိ) တဆင့်/ဖုန်း - ၅၆၃၄၁၅



www.burmeseclassic.com

www.burmeseclassic.com

ကိုမောင်သန်းဝင်း

# အမျိုးသမီး ဒရက်ကူလာ
# (DRACULA WAS A GIRL)

အယ်လီဇဘက်ဘတ်သိုရီ အမည်ရှိ မြို့စားကတော်ကြီးသည် သွေးစုပ်ကောင်တစ်ဦးဖြစ်ကြောင်း သတင်းစာများက ဖော်ပြလျက်ရှိသည်။

သူမသည် နှိပ်စက်ညှဉ်းပန်းမှု၊ နှိပ်စက်မှုတို့ကို ခုံမင်နှစ်သက်ပြီး လူသားစားခြင်း ဓလေ့ကိုလည်း ဘဝင်ကျစွာ ကျင့်သုံးခဲ့သည်။ ထို့အပြင် အမျိုးသမီးချင်း အချစ်တော် ဇာတ်လမ်းဖွင့်ခြင်းတို့၏ ဝဲဩဃသံသရာဝယ် နစ်မွန်းလျက်ရှိနေသူတစ်ဦးလည်း ဖြစ်ပေသည်။

**မကောင်းဆိုးဝါး**

ဒရက်ကူလာ ဇာတ်လမ်းများကို ရေးသားခဲ့သည့် ဝတ္ထုပါ အချက်အလက်များမှာ မြို့စားကတော် အယ်လီဇဘက်သိုရီ၏ ဖောက်ပြန်ယုတ်ညံ့သော အကျင့်စရိုက်တို့ကို ကက်ဝက်မျှပင် မမီပါဟု ဝန်ခံပြောကြားခဲ့သည်။

အယ်လီဇဘက်ဘတ်သိုရီသည် (၁၅၀၀)ပြည့်နှစ်ကုန်ဆုံးခါနီးတွင် မွေးဖွားခဲ့သူဖြစ်ရာ ၎င်းအချိန်၌ နိုင်ငံတစ်ခုလုံးမှာ အခြေမလှ ထကြွပုန်ကန်မှုများ အားကောင်းနေသည့်ကာလ ဖြစ်ပေသည်။ တောင်သူလယ်သမားများအား ခန္ဓာကိုယ် အပိုင်းပိုင်းဖြတ် သတ်ဖြတ်မှုများ၊ အရှင်လတ်လတ် မီးရှို့သတ်မှုများနှင့် တံကျင်လျှို၍ သတ်ဖြတ်မှုများကို သူမသည် ကောင်းစွာတွေ့မြင်ခဲ့ဖူးသူဖြစ်သည်။

**ဖောက်ပြန်သွေဖည်မှု**

အယ်လီဇဘက်သည် အလွန်ပင် တန်ခိုးအာဏာနှင့်ပြည့်စုံလှသည့် မိသားစုမှ ပေါက်ဖွားလာသူတစ်ဦး ဖြစ်ပေသည်။ သူမတို့ မိသားစုအတွက် လုပ်ငန်းဆောင်တာများ အမျိုးမျိုးဆောင်ရွက်ပေးနေသည့် ကျေးကျွန်များအား အမျိုးမျိုးသော ယုတ်ညံ့လှသည့် နှိမ့်ချမှုများနှင့် လူမဆန် အောက်ကျို့နှိမ့်ကျမှုများကို သူမက ကောင်းစွာမြင်တွေ့ခဲ့ရသူဖြစ်သည်။

အယ်လီဇဘက်မှာ အားလုံးကပင် ယုယပိုက်ထွေး စည်းစိမ်အမျိုးမျိုးခံစားနေရသည့်ဘဝတွင် နေခဲ့ရပြီး အကောင်းဆုံးကျောင်းသို့ တက်ရောက်ပညာသင်ကြားခဲ့ရပေသည်။ ကျောင်းတွင် လက်တင်ဘာသာ၊ ဂရိဘာသာ၊ ဟန်ဂေရီဘာသာများကို သင်ကြားခဲ့ရသူ ဖြစ်သည်။

သူမဘဝအား မှောက်မှားသည့်ပုံသဏ္ဍာန်သို့ ရောက်ရှိစေသည့် ဖြစ်ရပ်တစ်ခုသည် သူမ၏ မိသားစုရဲတိုက်ကြီးတွင် ပါတီတစ်ခုပေးစဉ်က ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပေသည်။ သူ၏ ဖခင်ကြီးက ဂျစ်စပီကြီးတစ်ယောက်အား မခံချိမခံသာဖြင့် သူ၏ မွေးခါစကလေးငယ်ကို ရောင်းချခဲ့သည်ဟု စွပ်စွဲခဲ့သည်။

ဂျစ်စပီကြီးက မဟုတ်ရပါကြောင်း ပြောဆိုခဲ့သော်ငြားလည်း သူ့မှာ အသတ်ခံရရန် သေချာနေပြီ ဖြစ်သည်။ အယ်လီဇဘက်မှာလည်း ဖြစ်ရပ်ကြီးတစ်ခုလုံးကို စိတ်ပါဝင်စားစွာ ကြားသိမြင်တွေ့ခဲ့ရပေသည်။

သို့ဖြင့် ဂျစ်စပီကြီးအား သတ်ဖြတ်မှုကို စောင့်စားကြည့်ရှုနိုင်ရန် သူမသည် နံနက်စောစော အိပ်ရာမှ ထခဲ့သည်။

နောက်ပိုင်းတွင်လည်း သူမသည် တောင်သူလယ်သမား (၅၄)ဦးအားသတ်၍ လှီးဖြတ်တောက်မှုများကို မျက်ဝါးထင်ထင် တွေ့ခဲ့ရပေသေးသည်။ ၎င်းတို့အား သူတို့၏ နားရွက်၊ နှာခေါင်းများကို ခုတ်ထစ်ပြီးနောက် ကြိုးပေး၍ အဆုံးသတ်ခဲ့ပေသည်။ သို့ရာတွင် သူမ၏ အတွင်းစိတ်ရောဂါကို နားလည်ရန်မှာ ကျွန်တော်တို့အနေဖြင့် သူ၏မိသားစု အနေအထားကို စိစစ်ကြည့်ရပေမည်ဟု သတင်းသမားတို့က ဆိုသည်။

သူတို့မိသားစုမှာ မောင်လည်း နှမလည်း လက်ဆက်အိမ်ထောင်ပြုထားကြသူများဖြစ်လေရာ မိသားစုတစ်ခုလုံးမှာ စိတ်ထားမမှန် မှောက်မှားဖောက်ပြားမှုရောဂါ စွဲနေသူများ ဖြစ်နေကြသည်ကို စုံစမ်းသိရှိရသည် ဟူ၏။

သူမ၏ ဦးရီးတော်မှာ ရူးသွပ်နေပြီး မကောင်းဆိုးဝါးကို ပူဇော်ပ,သမှုများအား အလေးပေးဆောင်ရွက်နေသူတစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဦးဖြစ်သည်။ သူမ၏ အဒေါ်မှာလည်း မိန်းမချင်း အချစ်တော်မွေးခြင်းကို နှစ်ခြိုက်ကာ ပျော်ပွဲစားကျင်းပလေ့ရှိသည်။ အစေခံများကိုလည်း အမြဲတမ်း ညှဉ်းပန်းနှိပ်စက်မှုများလည်း ပြုနေသူတစ်ဦးဖြစ်သည်။

ဤသို့သော အမှားများ၊ မကောင်းမှုများကို ကုစားရန်မှာ ကျန်းမာသန်စွမ်းလျက်ရှိသော လူတို့၏ သွေးများကို သောက်သုံးစေခြင်းအားဖြင့် သူတို့တွင်ရှိသော မကောင်းသည့်သွေးများ ပြန်လည်ကောင်းလာမည်ဟု ထင်မှတ်ထားကြသည်။

မကြာမီတွင်ပင် အယ်လီဇဘက်မှာ သွေး၏ အရသာကို ခံစားခဲ့ရပြီးနောက် သူမ၏ အဒေါ်ဖြစ်သူက လူတို့အား မည်သို့မည်ပုံ ညှဉ်းပန်းနှိပ်စက်ရမည့် နည်းနာနိဿယများကို သိရှိနိုင်ရန် မျက်စိများ ဖွင့်ပေးခဲ့ပေသည်။

<u>အချစ်တော်ညှဉ်းပန်းပျော်ပိုက်မှု</u>

အယ်လီဇဘက်သည် မကြာမီ လက်ထပ်ထိမ်းမြားပြီးနောက် သူတို့၏ အိမ်အသစ်အဖြစ် ဆာဗာရဲတိုက်တွင် နေထိုင်ခဲ့ကြလေ၏။ ဤရဲတိုက်ကြီးတွင် နေထိုင်ရင်း သူမသည် အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုများနှင့် ချစ်ဗျူဟာခင်းပွဲကြီးများကို လှုံ့လရှိရှိ ဖွဲ့အပြည့်ဖြင့် ဆင်နွှဲခဲ့လေ၏။

ဤရဲတိုက်ကြီးအတွင်း သူမသည် အချစ်တော်စည်းစိမ်ခံစားမှုကြီးကို နှစ်ခြိုက်စွာ ခံစားနေခဲ့ရပြီးနောက် အမြင်ရိုင်းလှပြီး ပုံပန်းမလှပသည့် ကိုးရိုးကားရား အနေအထားဖြင့် အချစ်တော်စည်းစိမ်အား ညှို့ယူထားနိုင်ခဲ့ပေသည်။

သူမသည်လည်း ကျေးကျွန်များအား ရိုက်နှက်ညှဉ်းပန်းမှုများတွင် ပို၍ပြင်းထန်လာခဲ့ပေ၏။

သူမသည် အမျိုးသားကျွန်များ၏ လက်သည်းခွံအောက်တွင် သစ်သားပင်အပ်ကလေးများကို စိုက်ထားလေ၏။ အကယ်၍ နာကျင်လွန်းသည့်အတွက် လက်သည်းခွံအောက်က သစ်သားပင်အပ်ကလေးများကို ကုတ်ထုတ်မိခဲ့ပါလျှင်ဖြင့် သူတို့၏ လက်များကို ဖြတ်ပစ်လေ့ရှိပါ၏။

သူမ၏ ရူးသွပ်မှုသည် တဖြည်းဖြည်း ကြီးမားလာသည်နှင့်အမျှ သူမသည် သူ့ကိုယ်သူ အစဉ်အမြဲ လှပစေရန်အတွက်ဟု ယူဆကာ လူ၏ သွေးများနှင့်ပင်



အယ်လီဇဘက်ဘတ်သိုရီအား
[illegible]

www.burmeseclassic.com

ရေချိုးရန် ရူးမိုက်စွာ ဆုံးဖြတ်ချက်ချခဲ့လေတော့၏။

နောက်ပိုင်းရက်စက်မှုများမှာ အံ့ချီးလောက်ဖွယ်ပင်။ ကိုယ်လုံးတီးချွတ်ထားသော ငယ်ရွယ်လှပသည့် အမျိုးသမီးငယ်လေးများကို ရေခဲနေသည့် ရာသီဥတုအတွင်း အတင်းဆွဲထုတ်ကာ ၎င်းတို့၏ ကိုယ်ပေါ်၌ ရေများကို လောင်းချစေခဲ့မှုသည် သွေးခဲ၍ သေသည်အထိ ဖြစ်လေ၏။



ယင်းကဲ့သို့ ပြုလုပ်ထားခြင်းအားဖြင့် ၎င်းတို့၏ သွေးများမှာ ရက်ပေါင်းများစွာ လတ်လတ်ဆတ်ဆတ် ထားနိုင်ခဲ့သည်ဟူ၏။ မကြာခင်မှာပင် သူမသည် သေသူ၏ အသားတွေကို ကိုက်ဖဲ့စားသောက်လေတော့၏။ အရင်တုန်းဆီက သေသွားသူများ၏ အသားတွေကို ဤသို့နည်းအတိုင်း စားသောက်ခဲ့သည် ဟူ၏။

သူမ၏ နေ့စဉ် စားသောက်နေကျ ဟင်းအမည်စာရင်းအရဆိုလျှင် လူ့အသားဟင်းသည် အဓိကဟင်းပွဲကြီးအဖြစ် အမြဲပါဝင်နေသည်ဟု ဆိုသည်။

အစိုးရအာဏာပိုင်များအနေနှင့်လည်း သူမရဲ့ မင်းမဲ့စရိုက်ဆန်ဆန် ပြုလုပ်နေသည့် လုပ်ရပ်များကို လျစ်လျူရှုထားခြင်း မရှိတော့ပြီ။

**အကျဉ်းချလေပြီ**

သူမရဲ့ ရဲတိုက်ကြီးကို အစိုးရအာဏာပိုင်များက ဝင်ရောက်စီးနင်း သိမ်းပိုက်ခဲ့လေ၏။ ယင်းသို့ ဝင်ရောက်စီးနင်းနေချိန်တွင် သူမသည် အစေခံ၏သွေးကို ထုတ်ယူနေစဉ် လက်ပူးလက်ကြပ် ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

အယ်လီဇဘက်သည် ကျန်ရှိသည့် သူမ၏ အသက်အပိုင်းအခြားကို သန့်ရှင်းလိုတည်ဆောက်ထားသည့်အကျဉ်းထောင်အခန်းထဲတွင် ကုန်ဆုံးစေရန် အမိန့်ချမှတ် အပြစ်ပေးခြင်းကို ခံခဲ့ရလေ၏။

သူမအား ချုပ်နှောင်ထားသည့် အခန်းမှာ လွန်စွာကျဉ်းမြောင်းလှပြီး အစားအစာ ပေးပို့နိုင်ရန်နှင့် လေဝင်လေထွက် အပေါက်ငယ်တစ်ခုသာ ထားရှိထားလေ၏။

အယ်လီဇဘက်သည် (၁၆၁၄)ခုနှစ်အတွင်း သေဆုံးခဲ့ပါ၏။ သူမသည် ယခင်ကကဲ့သို့ လူ့သွေးဖြင့် ရေချိုးခြင်း မပြုလုပ်ရသည့်အတွက် သူမ သေဆုံးသည့်အခါ အလွန်တရာ ကြောက်ဖွယ်ကောင်းလောက်အောင်ပင် အရုပ်ဆိုးအကျည်းတန်လျက် အနေအထားသို့ တွေ့မြင်ကြရသည်ဟူ၏။

ကိုမောင်သန်းဝင်း

Ref: "Sun", Dec 20, 1944.

www.burmeseclassic.com